
www.burmeseclassic.com




www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၀၁၁၅၀၆၀၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၅၀၇၀၅၀၇ |

ပုံနှိပ်မှတ်တမ်း - ပထမအကြိမ်
၁၉၉၀ ခုနှစ်၊ ဇွန်လ (?) ဖက်တင်ဘာလ
(ထာဝရစာပေ)
ဒုတိယအကြိမ်
၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ
(သီဟရတနာစာအုပ်တိုက်)

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ - ဦးသိမ်းစိုး
(မြ-၀၃၉၀၂)
သီဟရတနာစာပေ
အမှတ် (၁၀၆ - ဗီ)၊ အင်းလျားလမ်း
ကမာရွတ်မြို့နယ်။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ် - ဇော်ခင်အေးမြင့်
(ရာပြည့်အော့ဖ်ဆက်)
၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်

ကွန်ပျူတာစာစီ - သီဟရတနာစာပေ

မျက်နှာဖုံးပန်းချီ - THIHA GROUP

တန်ဖိုး - ၄၀၀၀ ကျပ်


## သီဟရတနာစာပေမှ ထုတ်ဝေပြီး စာအုပ်များ

၁။ ဂျာနယ်ကျော်မမလေး၏ သူမ
၂။ ဂျာနယ်ကျော်မမလေး၏ ရင်မှတရှိုက်
၃။ ဂျာနယ်ကျော်မမလေး၏ မေတ္တာ
၄။ ဂျာနယ်ကျော် ဦးချစ်မောင်၏ သူ
၅။ ဂျာနယ်ကျော်မမလေး၏ နတ်ရေးငယ်ရွှေစာ
၆။ ဂျာနယ်ကျော်မမလေး၏ ကမ္ဘာမြေဝယ်
၇။ ဂျာနယ်ကျော်ဦးချစ်မောင်၏ အိမ်ကြီးမာယာ
၈။ ဂျာနယ်ကျော်မမလေး၏ စိတ်
၉။ ဆောင်းဝတ်လတ်၏ လွမ်းလောက်ပေသည်
၁၀။ ဂျာနယ်ကျော်မမလေး၏ သူလိုမိန်းမ
၁၁။ မောင်သိန်းတန်၏ သည်အရွယ်
၁၂။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ သေခြင်းနှင့်အားမာန်(Dead of not proud)
၁၃။ ပါရဂူ၏ ဘုရားကျောင်းတံမြက်လှည်းသမား
၁၄။ ဒေါက်တာခင်လေးမြင့်၏ ကျွန်ုပ်၏သဒ္ဒါ
၁၅။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ မုန်တိုင်း (Watts Hurricane)
၁၆။ ဂျာနယ်ကျော်မမလေး၏ ရွှေလင်းယုန်
၁၇။ ဂျာနယ်ကျော်မမလေး၏ ပုဂ္ဂလပညတ်
၁၈။ မြတ်ဆွေ၏ စာရေးဆရာတို့၏ အနီးအဝေးပုံရိပ်များ
၁၉။ မင်းဆွေ၏ နာမည်
၂၀။ မိချမ်းဝေ၏ အလွမ်းပင်ဆင့် ကျွမ်းရင်နှင့်
၂၁။ ဦးလှမိုး၏ ရဟန္တာအစ ကောင်္ကာည
၂၂။ လှထုစိန်ဝင်း၏ ပထမအမျိုးသမီးလမ်းထွင်သူများ
၂၃။ ဂျာနယ်ကျော်မမလေး၏ ရဲဘော်ဖခွင်မှတ်တမ်း
၂၄။ မင်းခိုင်ဦး၏ ပန်းတို့သည်လည်း ရနံ့ချင်းပြိုင် ခညီနိုင်
၂၅။ ဇော်နောင်၏ အာရှမျက်လုံးများဖြင့် အနောက်ကမ္ဘာကိုကြည့်ခြင်း
၂၆။ ဟိန်းလတ်၏ သိစိတ်ရေစီးကြောင်း ဖြစ်တည်မှုသစ် ပဥ္စလက်သရုပ်မှန်နှင့်
စာပေအနုပညာရေးရာ
၂၇။ ဂျာနယ်ကျော်မိသားစု၏ ဂျာနယ်ကျော်စီးဆင်းမှု
၂၈။ ရွှေဥဒေါင်း၏ အေဗရာဟင်လင်ကွန်း
၂၉။ ဒဂုန်တာရာ၏ မေ
၃၀။ နတ်နွယ်၏ ရင်သွေးနှင့် မိုးရေစီးယံ့ဝတ္ထုတိုများ
၃၁။ ဂျာနယ်ကျော်မမလေး၏ သုခုမအနုပညာရှင်
၃၂။ ဂျာနယ်ကျော်မမလေး၏ အဖြူ
၃၃။ ချစ်ဦးညို၏ လက်ဘီဝချစ်သူ
၃၄။ ဂျာနယ်ကျော်မမလေး၏ တွေးတစ်မှိတ်စိမ့်
၃၅။ မန္တလေးကလောင်စုံ၏ မဆုံဖြစ်ကြသူများ

www.burmeseclassic.com

၃၆။ လူထုဒေါ်အမာ၏ ငွေနှင့် လက်နက်
၃၇။ ဒဂုန်တာရာ၏ မြိုင်
၃၈။ ရွှေဥဒေါင်း၏ ရှိတ်စပီးယားဝတ္ထုတိုများ
၃၉။ မိချမ်းဝေ၏ လှိုင်းနှစ်ထပ်ပင်လယ်
၄၀။ လူထုစိန်ဝင်း၏ အရှေ့ကိုမျှော်၍ အနောက်ကိုကြည့်ခြင်း
၄၁။ မြသန်းတင့်၏ ကံကောင်း
၄၂။ ချစ်ဦးညို၏ သုဝဏ္ဏဘူမိဝေဒနာ
၄၃။ မင်းသုဝဏ်၏ ပုန်းနှင့် ပင်စည်
၄၄။ ဂျာနယ်ကျော်မမလေး၏ မုန်း၍မဟူ
၄၅။ ဂျာနယ်ကျော်မမလေး၏ သွေး
၄၆။ ဟိန်းလတ်၏ ကမ္ဘာကျော်စာရေးဆရာများနှင့် သူတို့၏စာများ
၄၇။ အောင်ဝေး၏ အေးမြမြမီးလျှံ
၄၈။ မောင်ဝံသ၏ ကမ္ဘာ့ထိပ်တန်းနိုင်ငံများ၏နိုင်ငံရေး စီးပွားရေးမြင်ကွင်းကျယ် လေ့လာချက်
၄၉။ ဆောင်းဝင်းလတ်၏ မီးပြတိုက်
၅၀။ ဂျာနယ်ကျော်မမလေး၏ သူလိုလူ
၅၀။ ဒေါက်တာခင်လေးမြင့်၏ Let Us Speak French
၅၂။ လူထုဒေါ်အမာ၏ မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ
၅၃။ ဂျာနယ်ကျော်မမလေး၏ မြန်မာ့ဆေးပညာ
၅၄။ ကျော်ဝင်း၏ လူများ ဖြစ်ရပ်များ တွေ့ရှိချက်များ (နိုင်ငံတကာအိုင်ဒီယာ မိတ်ဆက်)
၅၅။ ချစ်ဦးညို၏ အချစ်ဖြင့် လောင်ကျွမ်းတောက်ပသူများ
၅၆။ ရွှေဘိုမိမိကြီး၏ ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်ကျော် အနာဂါရိကဓမ္မပါလ
၅၇။ ဝသုန်၏ သားကလေးအမည်မသိနှင့် ဝတ္ထုတိုများ
၅၈။ ချစ်ဦးညို၏ ချစ်သူ သုန္ဒရီ
၅၉။ မြသန်းတင့်၏ အညတရရုပ်ပုံလွှာများ
၆၀။ တက်တိုး၏ မေတ္တာမှန် (Silas Marner)
၆၁။ မောင်ပေါ်ထွန်း၏ အကြီးအကဲ (The Haj - Leon Uris)
၆၂။ ချစ်ဦးညို၏ ပန်းမှုန်ဝေ
၆၃။ ကြည်ဦး၏ လွမ်းပင်တိုင်စံနှင့် နန်းတော်သီတာဘွေ
၆၄။ စံတင့်ထွန်း(လှကွန်)၏ ရွှေမည်း တိုယိုတာစီးရီးနှင့် အီကွေတာယဉ်ကျေးမှု
၆၅။ ဒဂုန်တာရာ၏ စန္ဒရားဆရာ (သို့) မဟာအချစ်
၆၆။ အောင်ပွင့်ဦး၏ ပညတ်အမှတ် (၁၁) သင့်အား မဖမ်းမိစေရ (Jeffrey Archer - The Eleventh Commandment)
၆၇။ ချစ်ဦးညို၏ သစ္စာတပရဝိုင်နှင့် ကာဠုဗ္ဗရက္ခိတ
၆၈။ မောင်မိုးသူ၏ ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်
၆၉။ မောင်ဝံသ၏ နိုင်ငံတကာအတွေး၊ နိုင်ငံတကာအမြင်
၇၀။ ချစ်ဦးညို၏ တရားရှင်နှင့် ရာဟုလာ
၇၁။ မောင်ပေါ်ထွန်း၏ ပက်တီဟက်စ်နှင့် အက်စ်အယ်အေဂိုက်း
၇၂။ တက်တိုး၏ ကမ္ဘာကျော်သူလျှိုမယ် မာတာဟာရီ
၇၃။ ဂျာနယ်ကျော်မမလေး၏ မာလာရီ
၇၄။ နတ်နွယ်၏ တက္ကသိုလ်နှင့် ပြင်ပကမ္ဘာ
၇၅။ ဒေါက်တာခင်လေးမြင့်၏ မင်းသားလေး (Le Petit Prince)
၇၆။ မောင်ဝဏ္ဏ၏ ချစ်တဲ့သူငယ်လေ
၇၇။ သန်းမြင့်အောင်၏ ငိုချင်း၊ ရယ်ခြင်း၊ နိုးခြင်း ဝေးခြင်း . . . ဝတ္ထုတိုများ
၇၈။ ချစ်ဦးညို၏ လက်ရွေးစင်ဝတ္ထုတိုများ
၇၉။ ပါရဂူ၏ နေရှုရာ
၈၀။ လူထုဒေါ်အမာ၏ သက်တန့်ရောင် (The Rainbow)
၈၁။ မောင်ဝံသ၏ စတီးလ်ဝဲလ်နှင့် မြန်မာပြည် စစ်မျက်နှာ (D.D. Rooney)
၈၂။ မောင်မိုးသူ၏ စိန့်ပီတာစဘတ်မှ လူ (Ken Follett - The Man From Saintpetersperg)
၈၃။ ချစ်ဦးညို၏ စတ္တရုန်နှင့် ဘဒ္ဒါ
၈၄။ မောင်သန်းဆွေ၏ အိမ်ရှေ့စံလှိုင်မင်းမှသည် ဂျွန်စီလီယံမောင်လတ်သို့
၈၅။ ရွှေဥဒေါင်း၏ လက်ထောက်တော်ကြီး
၈၆။ မိုးဟိန်း(သားဂျာနယ်ကျော်) ၏ ဆင့်၍ဆင့်၍ ဆက်၍ဆက်၍
၈၇။ ဒေါက်တာခင်လေးမြင့်၏ အိမ်မက်ဆန်သောဘဝ
၈၈။ ချစ်ဦးညို၏ မိမိနှင့် အဝိဇ္ဇာတကများ
၈၉။ မောင်ဝဏ္ဏ၏ ရယ်စရာကောင်းနေမလား မသိဘူး ဒီလိုလေး . . .
၉၀။ ဂျာနယ်ကျော်မမလေး၏ လောကီရတနာ
၉၁။ ညိုပုလေး၏ လီဒိုဟူးကောင်းမင်ခြစ်မှတ်စုများ
၉၂။ မောင်မိုးသူ၏ အထွတ်အထိပ် (Ken Follett - Lie Down With Lions)
၉၃။ ချစ်ဦးညို၏ အီဂျစ်နဲ့ အင်္ဂလန် နိုင်ငံခြားကို မောင်သွားထားလေမလား
၉၄။ ဂျာနယ်ကျော်မမလေး၏ မေ့အိပ်မက်
၉၅။ ဗိုလ်အေးမောင်၏ မြားနက် (The Blake Arrow)
၉၆။ မောင်မိုးသူ၏ သော့ကြီးမဲကြီး (Ken Follett - The Key to Rebecca)
၉၇။ ဒဂုန်တာရာ၏ မှန်ကွဲစများပေါ်တွင် လမ်းလျှောက်ခြင်း
၉၈။ မြသန်းတင့်၏ မြောက်ဘက်တောင်ကုန်းဒေသမှအပြန်
၉၉။ မောင်မိုးသူ၏ သူနိုင်ကိုယ်နိုင်
၁၀၀။ စာရေးဆရာ ၃၀၀ ၏ ၂၀ ရာစု မြန်မာဝတ္ထုတို ၁၀၀
၁၀၁။ သုမောင်၏ ပီကင်းမှပေးစာ (Pearl S. Buck - Letter from Beijing)
၁၀၂။ မောင်မိုးသူ၏ ကျားကုတ်ကျားခဲ (Ken Follett - Eye of the Needle)
၁၀၃။ ဂျာနယ်ကျော်မမလေး၏ လက်ရွေးစင်ဝတ္ထုတိုများ
၁၀၄။ မင်းလူ၏ အသပြာလုလင်

www.burmeseclassic.com

www.burmeseclassic.com

၁၀၅။ ချစ်ဦးညို၏ မှုန်မှတ်များနှင့် တွေ့ဆုံခြင်း
၁၀၆။ ခင်မျိုးချစ်၏ စွန့်ခဲ့ရကျွန်မဘဝပါရှင် (Carve her name with Pride)
၁၀၇။ မောင်မိုးသူ၏ ကြေးစား (Wilbur Smith - The Dark of The Sun)
၁၀၈။ မောင်ဝဏ္ဏ၏ ရင်တွေခုန်နေသည်
၁၀၉။ မြသန်းတင့်၏ ဆယ်ကြိမ်မြောက်အလည်ရောက်ခြင်း
၁၁၀။ ဖုကူယားမား သိုမစလေးခေါ် လီ၊ အီဒီအာမင်နှင့် မျက်မှောက်ကမ္ဘာရေးရာ အဖြာဖြာ
၁၁၁။ မောင်မိုးသူ၏ မာဖီးယားနှင့် ပေါ်ပီပန်း (Robert Wilder - Fruit of the Poppy)
၁၁၂။ ချစ်ဦးညို၏ လောကဓံနှင့် လမ်းလျှောက်ခြင်း
၁၁၃။ ဂျာနယ်ကျော်မမလေး၏ ဘဝပုံရိပ်
၁၁၄။ မောင်ပေါ်ထွန်း၏ မင်တကွန် (Juan Bosch - Pentagonism)
၁၁၅။ မောင်မိုးသူ၏ သက်စွန့်ဆံဖျား (Jack Higgins - Day of Judgement)
၁၁၆။ စိုးသိန်း၏ အလှည့်အပြောင်း (Sidney Sheldon - The Sands of Time)
၁၁၇။ မင်းသုဝဏ်၏ မောင်ခွေးဖို့ ကဗျာပေါင်းချုပ်
၁၁၈။ မောင်မိုးသူ၏ သေနေ့ (Selly - E.V Cunningham)
၁၁၉။ ချစ်ဦးညို၏ ရတနာဂီရိအကျဉ်းသား
၁၂၀။ သခင်တင်မြ၏ ဘဝဘဝမှာဖြင့် ထပ်ကြုံမကွာ
၁၂၁။ ဇော်ဂျီ၏ ဂျရပ်နှင့် မာဂရက်ဝတ္ထု (Charles Reade)
၁၂၂။ ညီပုလေး၏ ဆူးရစ်ပစုမှာ၊ ကျားလျှာ၊ ထနောင်းဝတ္ထုတိုပေါင်းချုပ်
၁၂၃။ ကျော်အောင်၏ သူရဲကောင်းတံဆိပ်နီ (The Red Badge of Courage)
၁၂၄။ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး
၁၂၅။ ဂျာနယ်ကျော်မမလေး၏ ယဉ်ကျေးမှုခရီးသည်
၁၂၆။ မင်းသုဝဏ်၏ ကလေးများအဖို့ ပုံပြင်ဝတ္ထုတိုများ
၁၂၇။ မြသန်းတင့်၏ လွမ်းမောဖွယ်ကမ္ဘောဇ၊ သံလွင်၊ ဒုဋ္ဌဝတီ၊ ရွှေလီရုပ်ပုံလွှာ

## သွေးချင်းသားချင်း

### ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၁၂၈။ မောင်ခင်မင်(ဓနုဖြူ)၏ မိန်းမငယ်တကျိုး ထိုစကား
၁၃၀။ တက်တိုး၏ သုတ္တအတွေးအခေါ် မှတ်စုတိုများ
၁၃၁။ ချစ်ဦးညို၏ မယဒေဝလင်္ကာသစ်မှ မန်လည်ဆရာတော်ဘုရားကြီး ညွှန်ပြတော်မူသော လောကသဘာဝ၊ လူ့သဘာဝများ
၁၃၂။ ရဲမြလွင်၏ သေမင်းနှင့် လက်တစ်ကမ်းအလို
၁၃၃။ ဝမ်းအိုဝမ်းကျော်ဝင်းမောင်၏ ဝမ်းအိုဝမ်းနဲ့ မြန်မာ့မြေအောက်တော်လှန်ရေး
၁၃၄။ မောင်ဝဏ္ဏ၏ စေ့စပ်ကြောင်းလမ်း၊ ထိမ်းမြား၊ လက်ထပ်ကွာရှင်းပြတ်စဲပြီးစီးခြင်း
၁၃၅။ သခင်တင်မြ၏ ဖက်ဆစ်တော်လှန်ရေးဌာနချုပ်နှင့် စစ်တိုင်းကြီး ဆယ်တိုင်း

## မူရင်းစာရေးသူ ဒေးဗစ်မိုရဲလ်

ဒေးဗစ်မိုရဲလ်သည် ကနေဒါနိုင်ငံ၊ အွန်တေရီယိုမြို့ဇာတိဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ၎င်း၏ ဖခင်ဖြစ်သူမှာ ဗြိတိသျှလေတပ်မတော်၌ အမှုထမ်းခဲ့စဉ်၊ ထိုမြို့၌ နေထိုင်ကြီးပြင်းလာခဲ့သည်။ အမေရိကန်ပြည်ထောင်စု ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ ပါရဂူဘွဲ့ရယူခဲ့သည်။ ယခုအခါ အိုင်အိုဝါပြည်နယ် တက္ကသိုလ်၌ အမေရိကန်စာပေဌာနတွင် ပါမောက္ခအဖြစ် အမှုထမ်းရင်း ဇနီး၊ ကလေးနှစ်ယောက်တို့နှင့် ထိုပြည်နယ်၌ နေထိုင်လျက်ရှိ၏။

၎င်း၏ပွဲဦးထွက်ဝတ္ထုမှာ ရုပ်ရှင်မင်းသား ဆီဗက်စတာ စတော်လုန်းအား ကမ္ဘာကျော်သွားစေသည့် ဇာတ်ကောင် 'ရမ်ဘို'ပါဝင်သော First Blood ဖြစ်ပြီး အမေရိကန်စာရေးဆရာများအသင်း၏ အသိအမှတ်ပြု ဝတ္ထုထူးချွန်ဆုကို ဆွတ်ခူးခဲ့သည်။

ထို့နောက် Testament, Last Reville Totem (စိုးသိဏ်းမြန်မာပြန် - လပြည့်ညမိစ္ဆာ)၊ The Brotherhood of the Rose, Fraternity of the Stone နှင့် The League of Night and Fog (စိုးသိဏ်းမြန်မာပြည် - အကုသိုလ်အမွေခံ)၊ Desperate Measures (စိုးသိဏ်းမြန်မာပြန် - ပြင်းပြင်းထန်ထန်)၊ The Covenant of The Flame (စိုးသိဏ်းမြန်မာပြန် - မိစ္ဆာမီးလျှံ) ဝတ္ထုတို့ကို ဆက်လက်ရေးသားခဲ့သည်။

ယခု ပြန်ဆိုထားသော ဝတ္ထု၏ မူရင်းစာအုပ်မှာ မိုရဲလ်အား ထိပ်တန်းလျှို့ဝှက်သည်းဖိုဝတ္ထုဆရာ (ဘက်ဆဲလားအဆင့်)အဖြစ်သို့ ပို့ဆောင်ပေးခဲ့သည့် ဝတ္ထုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

# အဲဘလက်သဘောတူညီချက်

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံးချုပ်ခြင်း

ပါရီ။ စက်တင်ဘာ၊ အေဒီ ၁၃၁၈ ခုနှစ်။

နော်တာဒိမ်း ဘုရားရှိခိုးကျောင်းတော်ကြီးမှ ရုပ်ရည်ချောမောသော ဘုန်းတော်ကြီးပီတာအဲဘလတ်သည် သူ၏ဆွဲဆောင်မှုရှိသော ဒါယိကာမလေး ဟဲလိုဝီအား မြူဆွယ်သည်။ သူမ၏ ဦးရီးတော် ဖူးလ်ဘတ်သည် သူမ ကိုယ်ဝန်ရရှိခြင်းအတွက် ဒေါသူပုန်ထကာ အဲဘလတ်ကို ကလဲ့စားချေလိုသည်။

တစ်ခုသော တနင်္ဂနွေ နံနက်ခင်းစောစောတွင် ဖူးလ်ဘတ် ငှားရမ်းထားသော ကြေးစားလူသတ်သမားသုံးဦးသည် ဝတ်ပြုဆုတောင်းပွဲသို့လာသော အဲဘလတ်အား လမ်းခုလတ်၌ ရန်မူတိုက်ခိုက်ကာ သင်းကွပ်ပြီး ဒဏ်ရာများဖြင့် သေရွာအောင်ပစ်ထားရစ်ခဲ့ကြသည်။

အဲဘလတ်ကား အသက်မပျောက်ခဲ့သော်လည်း နောက်ထပ် ရန်မူခံရမည်စိုးသဖြင့် ကာကွယ်စောင့်ရှောက်မှုကို လိုက်ရှာသည်။ ပထမဦးစွာ ပါရီမြို့အနီးရှိ စိန်ဒင်းနစ္စဘုန်းကြီးကျောင်းသို့ ပြေးသွားသည်။ ထိုကျောင်း၌ ဒဏ်ရာများ ပျောက်အောင် ကုသ၍ နာလန်ထူအောင် ကြိုးစားနေစဉ် ဖူးလ်ဘတ်၏ ခွင့်ပြုချက်ကိုရယူကာ မိမိအား ထပ်မံလုပ်ကြံမည့်သူများသည် ပုန်းပေါင်းကြံစည်လျက်ရှိကြောင်း အဲဘလတ် သတင်းကြားရသည်။

ထို့ကြောင့် နိုဂင့်မြို့အနီး ကွင်းစိအရပ်သို့ သူ ထွက်ပြေးပြန်လေသည်။

ထိုအရပ်၌ လုံခြုံစိတ်ချရသော ဂေဟာတစ်ခုကို ရှာဖွေကာ တည်ဆောက်ပြီး 'ပါရာကလိ'ဟု ကင်ပွန်းတပ်လိုက်သည်။ သန့်စင်သော ဝိညာဉ်တော်အားရည်စူးပြီး 'ပြုစုယုယသူ'ဟူ၍ အဓိပ္ပာယ်ထွက်၏။

အဲဘလတ်သည် 'ဘေးမဲ့တော'ကို ရှာတွေ့သွားလေပြီ။

◆



www.burmeseclassic.com

www.burmeseclassic.com

## လှို့ဝှက်သောအိမ်များ အခြေခံစည်းကမ်းများ

ပါရီ။ ၂၈ ရက်၊ စက်တင်ဘာ၊ ၁၉၃၈။

တာနက်နွေးနွေး။

ထိုနေ့တွင် ပြင်သစ်အစိုးရ ကာကွယ်ရေးဝန်ကြီး အက်ဒွပ်ဒါလဒီယေး သည် ပြင်သစ် ပြည်သူများအား အောက်ပါကြေညာချက်ကို ရေဒီယိုမှ ထုတ်ပြန် ကြေညာလိုက်လေသည်။

'ဒီနေ့မွန်းလွဲပိုင်းကပဲ ကျွန်တော့်ကို အမ်ိပတီကြီး ဟစ်တလာ၊ မစ္စတာ မူဆိုလိုနီ၊ မစ္စတာ နဗီးလ်ချိန်ဘာလိန်တို့နဲ့အတူ မြူးနစ်မြို့၌တွေ့ဆုံဖို့ ဂျာမန် အစိုးရက ဖိတ်ကြားခြင်း ခံရပါတယ်၊ သူတို့ရဲ့ ဖိတ်ကြားချက်ကို ကျွန်တော် သဘောတူ လက်ခံလိုက်ပါတယ်'

နောက်တစ်နေ့ မနက်ခင်းတွင် မြူးနစ်၌ အစည်းအဝေးကျင်းပနေစဉ် ဂက်စတာပိုအဖွဲ့မှ ဆေးပညာသည်တစ်ဦးသည် လမ်းထောင့်ရှိ ဂုဏ်းပိုင်ဆေး ဆိုင်ထဲမှနေ၍ ဘာလင်မြို့၊ အမှတ် ၃၆၊ ဘာဂင်နာလမ်းရှိ တိုက်ကြီးရှေ့သို့ ၁၉၃၈ ခုနှစ်ထုတ် အနက်ရောင် မာစီးဒီးကားကြီးငါးစီးအနက် နောက်ဆုံးကား ဆိုက်ရောက်လာပြီဖြစ်ကြောင်းကို အချိန်မှတ်စာအုပ်လေးထဲတွင် ရေးမှတ် လိုက်လေသည်။

ထိုကားနက်ကြီးတစ်စီး ဆိုက်ရောက်လာတိုင်း ရိုးရိုးစင်းစင်းဝတ်စား ဆင်ယင်ထားသော ကိုယ်လုံးထွားထွားကျိုင်းကျိုင်းနှင့် ဒရိုင်ဘာတစ်ယောက် သည် ကားပေါ်မှဆင်းကာ လူရှုပ်သော လမ်းပေါ်မှ ခြေကျင်လျှောက်သူများကို မသိမသာ အကဲခတ်ပြီးနောက် သားနားသပ်ရပ်စွာ ဝတ်ဆင်ထားသော အသက်ခပ်ကြီးကြီး လူတစ်ယောက်အား ကားပေါ်မှဆင်းရန် ကားတံခါးကို ဆွဲဖွင့်ပေးလိုက်လေသည်။

ယင်းကားနက်ကြီးများပေါ်တွင် ခရီးသည်တစ်ဦးစီသာ ပါရှိ၏။





ဒရိုင်ဘာသည် မိမိခရီးသည် ပုဂ္ဂိုလ်ကြီးအား သုံးထပ်တိုက်၏ ပူထပ်သောမှန် တံခါးပေါက်မှနေ၍ အတွင်းသို့ ချောချောမောမောရောက်အောင် လိုက်ပို့ပြီး သောအခါ ထိုတိုက်နှင့် သုံးဘလောက်အကွာရှိ ကုန်လှောင်ရုံသို့ ကားမောင်း သွား၍ နောက်ထပ် အမိန့်ညွှန်ကြားချက်မလာမချင်း ထိုင်စောင့်နေရ လေသည်။

နောက်ဆုံးရောက်လာသောလူကြီးသည် သူ၏ အိုဗာကုတ်နှင့် ဦးထုပ် တို့ကို တံခါး၏ညာဘက်၊ နံရံချိုင့်ခွက်အတွင်းရှိ သတ္တုစားပွဲကောင်တာတွင် ထိုင်နေသော အစောင့်ထံ ပေးအပ်လိုက်၏။

သူ့အား ရှာဖွေစစ်ဆေးခြင်းမပြုသော်လည်း သူ၏ လက်ဆွဲအိတ်ကြီး ကို အပ်နှံထားခဲ့ရန် အစောင့်ကပြောသည်။ မည်သူမျှ ရေးမှတ်ခွင့်မရှိသဖြင့် သူ့အနေနှင့် လက်ဆွဲအိတ်ကို လိုအပ်မည်မဟုတ်ချေ။

အစောင့်သည် ထိုပုဂ္ဂိုလ်ကြီး၏ သက်သေခံစာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုပြီး စားပွဲအောက်ဖက်သူ၏ လူဝါခြေသနတ်နံဘေးရှိ ခလုတ် တစ်ခုကို နှိပ်လိုက်လေသည်။

နောက်ထပ် ဂက်စတာပို အေးဂျင့်တစ်ဦးသည် ကောင်တာ နောက်ဘက်ရုံးခန်းထဲမှထွက်လာပြီး ဧည့်သည် ပုဂ္ဂိုလ်အား စင်္ကြံလမ်းရှည် အဆုံးရှိအခန်းသို့ ခေါ်သွားသည်။ ထိုအခန်းထဲသို့ ဧည့်သည်လူကြီး ဝင်သွားသည်နှင့် ဂက်စတာပို အေးဂျင့်က အပြင်မှ တံခါးပိတ်လိုက်သည်။

ဧည့်သည်အမည်မှာ ဂျွန်တက်ဇ်ဓအော်တွန်ဖြစ်သည်။ အသက် ငါးဆယ့်ငါးနှစ်၊ အရပ်မြင့်မြင့်၊ ယောကျ်ားပီပီသသ ရုပ်ချောသူဖြစ်သည်။ နှုတ်ခမ်းမွှေးက မီးခိုးရောင်ဖြစ်သည်။

သူသည် လက်ရှိကိစ္စကို ဆောင်ရွက်ရန် အဆင်သင့်ဖြစ်ထားပြီးသား ဖြစ်သည့်အလျောက် နောက်ဆုံး ကျန်သော ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်ထိုင်ပြီး မိမိအရင် ရောက်နေသော လူကြီးလေးယောက်အား ခေါင်းဆတ် ပြ၍ နှုတ်ဆက်လိုက်သည်။

ထိုသူတို့နှင့် မိတ်ဆက်နေစရာမလို။ တက်ဇ်က သူတို့ကို သိပြီးသား။

သူတို့လေးဦးကား ဝီလ်ဟာမ်စမဲလ်ဇာ၊ အင်တွန်ဂျရက်၊ ဖါစီဗယ်လင်း ဖစ်ရှ်နှင့် ဗလာဒီမာလာဇင်ဆိုကော့ဗ်တို့ ဖြစ်သည်။ ၎င်းတို့သည် ဂျာမနီ၊ ပြင်သစ်၊ အင်္ဂလန်နှင့် ဆိုဗီယက်ယူနီယံမှ သူလျှိုအဖွဲ့အစည်း ညွှန်ကြားရေးမှူး များဖြစ်ကြသည်။ တက်ဇ်ဓအော်တွန်ကိုယ်တိုင်ကလည်း အမေရိကန်နိုင်ငံခြား ရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းထဲတွင် ကုလားထိုင်များနှင့် ပြာခွက်များမှအပ အခြားဘာပစ္စည်းပစ္စယမျှမရှိချေ။

ပရိဘောဂ၊ ပန်းချီကား၊ စာအုပ်စင်၊ ခန်းဆီး၊ ကော်ဇော၊ ဖန်မီးပန်းဆိုင်း၊ ဘာဆိုဘာမျှမရှိ၊ ဗလာနတ္ထိ။

အခန်းကို ဗလာကျင်းထားခြင်းဖြင့် အသံဖမ်း လျှို့ဝှက်မိုက်ခွက်များ မထားရှိကြောင်း ဤပုဂ္ဂိုလ်ကြီးများအား သက်သေပြရန် စမဲလ်ဇာက တမင်ကြံစည်ခဲ့ခြင်းဖြစ်သည်။

"လူကြီးမင်းများခင်ဗျား၊ ဘေးချင်းကပ်အခန်းတွေအားလုံးလဲ ဟောင်းလောင်းချည်းပါပဲ"

စမဲလ်ဇာက ပြောသည်။

"မြူးနစ်"

လင်းဒစ်ရှိကပြော၏။

စမဲလ်ဇာက ရယ်၍

"ခင်ဗျားက အင်္ဂလိပ်တစ်ယောက်ပီပီ လိုရင်းကို တဲ့တိုးပြောတတ်ပါကလား"

"ခင်ဗျား ဘာလို့ရယ်တာလဲ၊ အခုအချိန်မှာ ဟစ်တလာဟာ ကျုပ်တို့နိုင်ငံရယ်၊ အင်္ဂလန်ရယ်၊ ချက်ကိုစလိုဗက်၊ ပိုလန်နဲ့ ဩစတြီးယားတို့ကို ကာကွယ်စောင့်ရှောက်ဖို့ အာမခံချက်မပေးဖို့ တောင်းဆိုနေတယ်ဆိုတာ ကျုပ်တို့အားလုံး သိနေတယ်"

ဂျူရတ်က စမဲလ်ဇာအား ပြောလိုက်သည်။

အမေရိကန်ကြီးပါ နားလည်စေရန် သူက အင်္ဂလိပ်ဘာသာဖြင့်ပြော၏။

စမဲလ်ဇာက ဂျူရတ်အမေးကို ပြန်မဖြေဘဲ စီးကရက်တစ်လိပ် မီးညှိလိုက်သည်။

"ဟစ်တလာက ချက်ကိုစလိုဗက်ကို ကျူးကျော် တိုက်ခိုက်မယ်လို့ ကြံထားသလား"

လာဇင်ဆိုကော့ဇ်က မေးသည်။

စမဲလ်ဇာက မီးခိုးငွေ့များ မှုတ်ထုတ်ရင်း ပုခုံးတွန့်ပြလိုက်ပြီး

"ကျုပ်တို့က လုပ်ငန်းချင်း အတူတူဖြစ်ကြတဲ့အလျောက် ဖြစ်ပေါ်လာမယ့်ပြဿနာဟူသမျှကို အသင့်ပြင်ဆင်ထားနိုင်အောင်လို့ ခင်ဗျားတို့ကို ဒီကိုလာဖို့ ကျုပ်ခေါ်ခဲ့တာပဲ"





တက်ဇ်အော်တွန်က မျက်မှောင်ကြုတ်လိုက်၏။

စမဲလ်ဇာက ဆက်ထက်၍

"ကျုပ်တို့က တစ်ယောက်ရဲ့ စိတ်ကူးစိတ်သန်းကို တစ်ယောက်က သိပ်အလေးထားကြတာမဟုတ်ဘူး။ ဒါပေမယ့် ကျုပ်တို့အားလုံး တူတာတစ်ခုရှိတယ်၊ ကျုပ်တို့တွေဟာ ကျုပ်တို့အလုပ်ရှုပ်ထွေးမှုတွေကို ကြိုက်နေကြတယ်"

သူတို့အားလုံး ခေါင်းညိတ်လိုက်ကြသည်။

"ခင်ဗျားတင်ပြစရာ ပြဿနာအရှုပ်အထွေ အသစ်တစ်ခုခုရှိနေလို့လား"

ရှုရှုကြီး လာဇင်ဆိုကော့ဇ်က မေးသည်။

"ခင်ဗျားတို့တွေ ခေါင်းထဲရှိတာ ဘာလို့ဖွင့်မပြောကြတာတုံးဗျာ"

အော်တွန်က အာလေးလျှာလေးကြီးနှင့် ပြောသည်။

အခြားသူများ ခစ်ခနဲရယ်ကြ၏။

"ဘွင်းဘွင်းပြောရင် အရသာ ပျော့သွားမှာပေါ့"

ဂျူရတ်က အော်တွန်အားပြောပြီး စမဲလ်ဇာ ဘာဆက်ပြောမလဲဟု လှည့်ကြည့်လိုက်သည်။

"မကြာခင်ဖြစ်လာနိုင်တဲ့ စစ်ကြီးရဲ့ရလဒ်ဟာ ဘယ်လိုပဲဖြစ်နေပါစေ၊ ကျုပ်တို့ရဲ့ ကိုယ်စားလှယ်တွေအနေနဲ့ ကာကွယ်မှုရရှိဖို့ အခွင့်အလမ်းတွေပေးဖို့ ကျုပ်တို့အချင်းချင်း တစ်ဦးကိုတစ်ဦး အာမခံချက်ပေးဖို့ လိုအပ်တယ်"

"မဖြစ်နိုင်လိုက်တာ"

လာဇင်ဆိုကော့ဇ်က ပြော၏။

"ဘယ်လိုကာကွယ်စောင့်ရှောက်မှုမျိုးလဲဗျ"

ပြင်သစ်ကြီးက မေးသည်။

"ငွေကြေးနဲ့ ကာကွယ်ဖို့လား"

တက္ကဆပ်ပြည်နယ်သားကြီး အော်တွန်ကလည်း မေးသည်။

"ငွေကြေးဆိုတာ မတည်ငြိမ်ဘူး၊ ရွှေဖြစ်ဖြစ်၊ စိန်ဖြစ်ဖြစ်ပေါ့"

အင်္ဂလိပ်ကြီးကပြောသည်။

ဂျာမန်ကြီးက ခေါင်းညိတ်ပြီး

"နောက်ပြီး တိတိကျကျပြောရရင် အဲဒါတွေကို သိမ်းထားဖို့ လုံခြုံတဲ့ နေရာတွေလိုမယ်၊ ဥပမာအားဖြင့် ဇူးရစ်၊ လန်ဒန်နဲ့ နယူးယောက် တိုက်ကြီးတွေမှာ ထားမလား"

"အရင်းရှင်ကုန်စည်ဖြစ်တဲ့ ရွှေကို ကျုပ်တို့ ဘာလုပ်သင့်တယ် ထင်

www.burmeseclassic.com



သလဲ”

ရှုရှုကြီးက မကျေမချမ်းမေးသည်။

“လုံခြုံတဲ့အိမ်တွေ အများကြီးထားတဲ့ စနစ်တစ်ခုကို ထူထောင်ကြတာပေါ့”

စမဲလ်ဇာက ပြန်ပြောသည်။

“အဲဒါ ဘာဆန်းသလဲ၊ ဖာခုလဲ အဲဒီအိမ်တွေရှိသားပဲ”

အော်တွန်က စောဒကတက်သည်။

အခြားသူများက သူ့ကို လျစ်လျူရှုထား၏။

“အနားယူစခန်းတွေပါ ဖွင့်ကြဦးမှာလား”

ဂျူရတ်က စမဲလ်ဇာအား မေးသည်။

“ကောင်းသားပဲ၊ ကျုပ်ရဲ့ မိတ်ဆွေ အမေရိကန်ကြီး သဘောပေါက်အောင် ရှင်းပြပါရစေလား၊ ကျုပ်တို့ရဲ့ တော်လှန်ရေးအဖွဲ့အစည်းတိုင်းမှာ လုံခြုံရဲ့ အိမ်တွေ သီးခြားရှိပြီးသားဆိုတာ မှန်ပါတယ်။ ကျုပ်တို့အဖွဲ့ဝင် အေးဂျင့်တွေအတွက် ကာကွယ်မှု လိုအပ်တဲ့အခါဖြစ်စေ၊ ရှင်းလင်းစစ်ဆေးရေး လုပ်ချင်တဲ့အခါဖြစ်စေ၊ ဒါမှမဟုတ် သတင်းပေးသမားတစ်ယောက်ကို စစ်ဆေးမေးမြန်းချင်တဲ့အခါဖြစ်စေ၊ အဲဒီ လုံခြုံစိတ်ချရတဲ့ အိမ်တွေကို အသုံးပြုလေ့ရှိကြပါတယ်။

ဒါပေမယ့် သက်ဆိုင်ရာ အဖွဲ့အစည်းတွေက ဒီနေရာတွေကို လျှို့ဝှက်ထားပေမယ့်လဲ တစ်ချိန်မဟုတ်တစ်ချိန်မှာ ပြိုင်ဘက်အဖွဲ့အစည်းတွေက ဒီအိမ်တွေ ဘယ်မှာ ရှိသလဲဆိုတာ သိသွားတာပါပဲ။ ဒီတော့ အဲဒီအိမ်တွေဟာ မလုံခြုံတော့ဘူးပေါ့။ အဲဒီအိမ်တွေမှာ လက်နက်ကိုင် အစောင့်တွေချထားပေမယ့် အင်အားသာတဲ့အုပ်စုက ဝင်တိုက်ခိုက်ပြီး အဲဒီမှာ ပုန်းခိုနေတဲ့လူကို သတ်ပစ်လို့ ရတာပဲ”

“ဒီလို စွန့်စားမှုမျိုးကိုတော့ ဘယ်ရှောင်ရှားလို့ ရမလဲ”

အော်တွန်က ပခုံးတစ်ချက်တွန့်၍ ပြောသည်။

“အေးဗျ၊ ဟုတ်သားပဲ၊ ဒါပေမယ့် ကျုပ်တင်ပြမယ့်အဆိုက တစ်မျိုးဆန်းသစ်တယ်၊ လက်ရှိ စိတ်ကူးကို ထပ်မံတိုးချဲ့တဲ့သဘော၊ ပိုကောင်းအောင် မွမ်းမံပြုပြင်တဲ့သဘောပါ။ အဆိုးရွားဆုံး အခြေအနေတစ်ရပ်မှာ ကျုပ်တို့အဖွဲ့အစည်းထဲက အေးဂျင့်တစ်ဦးအတွက် အသေအချာ ရွေးချယ်ထားတဲ့ ကမ္ဘာ့မြို့ကြီးတစ်မြို့ဖေါ်က လုံခြုံတဲ့ဂေဟာမှာ ပုန်းခိုခွင့်ပေးမယ်ဗျာ။ အဲဒီအတွက် မြူနီခ်အေရီး၊ ပေါ်စဒမ်၊ လန်ဒန်နဲ့ ဘော်စလိုမြို့တွေကို ကျုပ်





ရွေးထားတယ်။ အဲဒီမှာ ကျုပ်တို့ လုပ်ငန်းတွေ ရှိပြီးသား မဟုတ်လား”

“အလက်ဇန်းဒရီးယားမြို့ရော”

အင်္ဂလိပ်ကြီးက အကြံပေးသည်။

“ကောင်းသားပဲ”

“မွန်ထရီရယ်ရော မကောင်းဘူးလား၊ ဒီစစ်ကြီးမှာ ကျုပ်တို့ မျက်နှာသာမရရင် ကျုပ်တော့ အဲဒီမှာ သွားနေချင် နေရလိမ့်မယ်”

ပြင်သစ်ကြီးကပြောသည်။

“နေစမ်းပါဦး၊ စစ်ဖြစ်နေတဲ့အခါကျရင် ကျုပ်ရဲ့ အေးဂျင့်တစ်ယောက်က ခင်ဗျားရဲ့ အေးဂျင့်ကို အဲဒီမြို့တွေမှာ မသတ်ဘူးလို့ ပြောနိုင်မလားဗျ”

အော်တွန်ကမေးသည်။

“ပြိုင်ဘက် အေးဂျင့်တွေဟာ ကိုယ့်ရဲ့ ဂေဟာထဲမှာ ခိုလှုံနေသရွေ့ အန္တရာယ်ကင်းပါတယ်။ ကျုပ်တို့အဖို့ မြူဆွယ်မှုတွေလိုအပ်လိမ့်မယ်”

ပြင်သစ်ကြီးကပြောရာ ဂျာမန်ကြီးက

“ကျုပ်မျှော်လင့်ထားတဲ့ အခြေအနေတွေ ဖြစ်ပေါ်လာခဲ့ရင် ကျုပ်တို့ လိုအပ်သမျှ မြူဆွယ်မှုတွေကို ရရှိမှာပါ။ ဘာပဲပြောပြော ကျုပ်က အမြော်အမြင် ရှိတဲ့လူပါ။ ကဲ အားလုံး သဘောတူတယ်မဟုတ်လား”

“အဲဒီလုံခြုံတဲ့ ဂေဟာတွေမှာ ကျုပ်တို့ တပည့်တွေ အသတ်မခံရပါဘူးလို့ ဘယ်လိုအာမခံချက်ပေးမှာလဲ”

အင်္ဂလိပ်ကြီးကမေးလိုက်သည်။

“လုပ်ဖော်ကိုင်ဖက် အချင်းချင်း ကတိပေးကြရမှာပေါ့”

“ပြစ်ဒဏ်တွေရော မရှိဘူးလား”

“ရှိတာပေါ့ဗျ”

“ကောင်းပြီ၊ ကျုပ်သဘောတူတယ်”

အင်္ဂလိပ်ကြီးက ပြောသည်။

အမေရိကန်ကြီးနှင့် ရှုရှုကြီးတို့က နှုတ်ဆိတ်နေ၏။

နိုင်ငံအသစ်တွေက ကျုပ်တို့ အကြံကို သိပ်လက်မခံချင်ဘူးနဲ့ တူတယ်”

ဂျာမန်ကြီးကပြောရာ ရှုရှုကြီးက

“အခြေခံစည်းမျဉ်းကို ကျုပ်သဘောတူပါတယ်။ သင့်လျော်တဲ့ ရုံးပုံငွေတွေ ထည့်ဝင်နိုင်အောင် ကျုပ် ကြိုးစားပါမယ်။ ဒါပေမယ့် စတာလင်က ပူးပေါင်းဆောင်ရွက်ဖို့တော့ ကျုပ် ကတိမပေးနိုင်ဘူး။ သူ့အနေနဲ့ ဆိုဗီယက်



www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်မှာ နိုင်ငံခြား အေးဂျင့်တွေကို ခုခံကာကွယ်ပေးဖို့ ဘယ်တော့မှ သဘောတူနိုင်မယ်မထင်ဘူး"

"နို့၊ အေးဂျင့်တစ်ယောက်ကို သူ့အတွက် သတ်မှတ်ပေးထားတဲ့ လုံခြုံတဲ့ ဂေဟာထဲမှာ နေနေသမျှ ဘယ်တော့မှ အန္တရာယ်မပြုပါဘူးလို့ ခင်ဗျား ပဲ ကတိပေးထားတယ် မဟုတ်လား"

ဗိုလ်ချုပ်ကြီးက ခေါင်းကြီးကို လေးတွဲ့စွာ ညိတ်လိုက်၏။

"မစ္စတာ အော်တွန်ရော၊ ဘယ်လိုလဲ"

"ကျုပ် သဘောတူပါတယ်၊ ဗိုက်ဆံလဲထည့်ပါ့မယ်၊ ဒါပေမယ့် ဒီဂေဟာတွေကို အမေရိကန် ပိုင်နက်ပေါ်မှာ မထားစေချင်ဘူးဗျာ"

"ကောင်းပြီ၊ ဒါဖြင့် ကျန်တာအားလုံးကို ကျုပ်တို့ သဘောတူတယ် ပေါ့"

ကျန် သုံးဦးက ခေါင်းညိတ်ပြသည်။

"ဒီအစီအစဉ်အတွက် ကျုပ်တို့ စကားဝှက်တစ်လုံးတော့ လိုအပ်မယ်"

လင်းဒစ်ရှိက အကြံပြုသည်။

"ဇရပ်လို့ ပေးရအောင်"

စမဲလ်ဂျာက ပြောသည်။

"သိပ်မကောင်းဘူး၊ ကျုပ်တို့ဆီက ဆေးရုံတစ်ဝက်လောက်ကို ဇရပ် လို့ခေါ်လေ့ရှိကြတယ်ဗျ"

လင်းဒစ်ရှိက ငြင်းသည်။

"ကဲ ဒါဖြင့် ကျုပ် အကြံပေးမယ်ဗျာ၊ ကျုပ်တို့အားလုံး ပညာတတ်တွေ ပဲ၊ သမိုင်းအမှောင်ခေတ်တုန်းက ပီတာအဲတလက်ဆိုတဲ့ ပြင်သစ်လူမျိုးတစ် ယောက်အကြောင်း ခင်ဗျားတို့ ကြားဖူးလား"

ပြင်သစ်ကြီး ဂျရက်က ပြောသည်။

"ဘယ်သူလဲ"

အော်တွန်ကမေးသဖြင့် ဂျရတ်က ရှင်းပြလိုက်သည်။

"အဲဒါနဲ့ သူက ဘုရားရှိခိုးကျောင်းသွားပြီး အကာအကွယ် ယူလိုက် ရောလား"

အော်တွန်ကမေးသည်။

"ဘေးမဲ့မြေကို သူ ရောက်သွားတာ"

"ကျုပ်တို့တွေ ဒီအစီအစဉ်ကို ခွင့်ပြုသဘောတူညီချက်လို့ ခေါ်ကြရ အောင်၊ 'အဲတလတ် သဘောတူချက်' ပေါ့ဗျာ"





နောက် နှစ်ရက်အကြာ၊ အောက်တိုဘာလ ၁ ရက်နေ့၊ ဗုဒ္ဓဟူးနေ့၌ ပြင်သစ် ကာကွယ်ရေးဝန်ကြီး ဒါလဒီယေးသည် မြူးနစ်မြို့၌ ဟစ်တလာနှင့် တွေ့ပြီး ပါရီမြို့ နေအိမ်သို့ လေယာဉ်ဖြင့် ပြန်လာသည်။

သူ၏ လေယာဉ်သည် လေဘူဂေးလေဆိပ်၌ ဆင်းသက်သည်။

လေယာဉ်ပေါ်မှ ဆင်းဆင်းချင်း သူ့အား ပရိသတ် ထောင်ပေါင်း များစွာက ကြွေးကြော်သံများဖြင့် အော်ဟစ် သီးကြိုကြသည်။

"ပြင်သစ်ပြည် အစွန့်ရှည်ပါစေ၊ အင်္ဂလန် အစွန့်ရှည်ပါစေ၊ ငြိမ်းချမ်း ရေးအစွန့်ရှည်ပါစေ"

လူအုပ်ကြီးသည် ပန်းစည်းများ၊ အလံများ ဝှေ့ယမ်းကာ ရဲများ တားဆီးသည့်ကြားမှ ထိုးဖောက် ထွက်သွားကြသည်။ သတင်းထောက်များ ကလည်း ဒါလဒီယေးရှေ့သို့ အလုအယက် ချဉ်းကပ်သွားကြသည်။

ဒါလဒီယေးကား မှင်တက်မိနေ၏။

သူသည် ရိုက်တာသတင်းဌာနမှ သတင်းထောက် ဖူးကော့ ဘက်လှည့်၍ ဤသို့ ရေရွတ်လိုက်သည်။

"ငြိမ်းချမ်းရေး အစွန့်ရှည်ပါစေ၊ ဟုတ်လား၊ ဟစ်တလာ ဘာတွေ ကြံနေသလဲ သင်းတို့ မသိကြဘူးလား၊ အတော်တုံးတဲ့ ငမိုက်သားတွေပဲ"

*

ပါရီမြို့။

၁၉၃၉၊ စက်တင်ဘာလ (၃) ရက်။

တနင်္ဂနွေနေ့။

မက်ချလင် ပြဇာတ်ကို ရေဒီယိုမှ အသံလွှင့်နေစဉ် သတင်းကြေငြာ သူ တစ်ဦးက ကြားဖြတ်၍ ကြေညာလိုက်သည်။

"ပြင်သစ်နိုင်ငံဟာ ဂျာမနီနိုင်ငံနဲ့ စစ်တိုက်ဖို့ တရားဝင် စစ်ကြေညာ လိုက်ပါပြီ"

ရေဒီယိုမှ အသံတိတ်သွား၏။

မြူနီအော့ရီး၊ ပေါ့စဒမ်၊ လစ္စဘွန်း၊ အော်စလို၊ အလက်ဇန်းဒရီးယားနှင့် မွန်ထရီယယ်မြို့တို့၌ ကမ္ဘာ့အကြီးမားဆုံး သူလျှိုအဖွဲ့အစည်းကြီးများ၏ အပြည်ပြည်ဆိုင်ရာ လုံခြုံရေး ဂေဟာများကို စတင်တည်ဆောက် ဖွင့်လှစ်လိုက် ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၃ ခုနှစ်တွင် ဂျပန်နိုင်ငံနှင့် ၁၉၅၃ ခုနှစ်တွင် တရုတ်နိုင်ငံတို့လည်း ဝှင်းအစီအစဉ်၌ ပါဝင်လာကြသည်။

"ဘေားမဲ့နယ်မြေ" ကို ဖွဲ့စည်းလိုက်ကြလေပြီ။

◆

အပိုင်း (၁)

# ဘေးမဲ့နယ်မြေ

www.burmeseclassic.com

www.burmeseclassic.com

# အကျင့်ပါနေသော လူတစ်ဦး

## ( ၁ )

ကော်လိုရာဒိုပြည်နယ်။

ဗေးလ်မြို့။

နှင်းတွေ သဲသဲမဲမဲ ကျနေသဖြင့် ဆောလ်မျက်စိထဲ ဘာမှမမြင်ရ။

သူသည် ထူထပ်သော နှင်းမှုန်နှင်းခဲထုပေါ်မှ မြွေလိမ် မြွေကောက် စကီးစီး၍ လျှောဆင်းသွားသည်။

မိုးကောင်းကင်၊ လေထု၊ မြေကြီး၊ အားလုံးဖြူဖွေးနေ၏။ သူ့ရှေ့ ခပ်လှမ်းလှမ်းကိုပင် သဲသဲကွဲကွဲ မမြင်ရ။ နှင်းငွေ့များသာ ပိတ်ဆို့နေသည်။

အန္တရာယ်က မသေးလှ။ သစ်ပင်တစ်ပင်ကို ဖြန်းခနဲ ဝင်ဆောင့် မလား၊ သို့မဟုတ် ကြိုတင်မမြင်ရသော ချောက်ကမ်းပါး အစွန်းမှ ချော်ကျသွား မလား။

သို့သော် သူဂရုမစိုက်။

သူ့စိတ်က တက်ကြွပျော်ပါးနေသည်။

သူပါးပြင်နှစ်ဘက်ကို လေတစ်ိုးဝှီး ပွတ်တိုက် တိုးဝှေ့သွားစဉ် သူ ပြုံးလိုက်သည်။

တောင်ကုန်းလျှောက ပြေပြစ်လာပြီမို့။ သူဘယ်ယိမ်း ညာယိမ်း လုပ်ပြီး မြေပြင်ညီဆီသို့ တန်း၍ လျှောဆင်းသွားသည်။ နောက်ကုန်းလျှောက ပို၍ မတ်စောက်လိမ့်မည်။

ဖြူဖွေးလင်းထိန်သော ပတ်ဝန်းကျင်၌ အရှိန်မြှင့်ရန် သူ့လက်ကိုင် တုတ်နှစ်ချောင်းကို အားစိုက်တွန်းထိုးသွားသည်။

သူ့ရင်ထဲမှာ ပူသွား၏။ ဒါကို သူသဘောကျသည်။ ဝမ်းဗိုက်ထဲမှာ ဗလာနတ္ထိ၊ သူ့ရှေ့ရော နောက်မှာပါ ဘာမှမရှိ။ အတိတ်နှင့် အနာဂတ်သည်



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖို့ ဘာအဓိပ္ပာယ်မျှမရှိ။ ပဏ္ဏုပွန်းသည်သာ အဓိက။

လက်ရှိ အခြေအနေက အံ့သြဖွယ်မြောက်စရာ အတိပြီးနေသည်။

သူ့ ရှေ့နားမှာ မည်းမည်းသဏ္ဌာန်တစ်ခု ဘွားခနဲပေါ်လာသည်။

ဆတ်ခနဲ ဘောတိမ်းပြီး အရှိန်သတ်လိုက်သည်။ သူ့နားထင်ကြောတွေ တဒိန်းဒိန်းခုန်နေသည်။

မည်းမည်းသဏ္ဌာန်သည် သူ့ရှေ့နားတွင် ညာမှဘယ်သို့ ရွှတ်ခနဲဖြတ်သန်း၍ နှင်းတောထဲ၌ ပျောက်ကွယ်သွားသည်။ ဆောလ်က နှင်းကာမျက်မှန်ထပ်လျက် ကြည့်သည်။ လေတိုက်နေသည့်ကြားမှ ခေါ်သံတစ်ခုကြားလိုက်ရသည်။

သူ မျက်မှောင်ကုတ်ရင်း စကီးဖြင့် ရှေ့တိုးကပ် သွားသည်။

နှင်းမုန်တိုင်းကြား၌ အရိပ်တွေ စုပြုံလာသည်။ သစ်ပင်တန်းတစ်တန်း ပါလား။

ညည်းညူသံတစ်ချက် ပေါ်ထွက်လာ၏။ စကီးသမားတစ်ယောက် သစ်ပင်ခြေရင်း၌ ကိုးရိုးကားရား လဲကျ နေသည်ကို ဆောလ်တွေ့ရသည်။

နှင်းထုပေါ်မှာ သွေးစက်တွေ။ နှင်းကာ မျက်နှာဖုံးစွပ်ထားသော ဆောလ်က နှုတ်ခမ်းကို ဖိကိုက်လိုက်မိ၏။ စကီးသမား၏ နဖူးမှ ကြက်သွေးရောင် သွေးများ ယိုစိမ့်ပျံ့နှံ့လာနေဆဲ။ ပြီးတော့ သူ့ခြေထောက်တစ်ဖက်က ပုံပျက်ပန်းပျက် လိမ်နေ၏။

ယောက်ျားတစ်ယောက် ဖြစ်သည်။ မုတ်ဆိတ်မွေးထူထူ၊ ရင်အုပ်ကျယ်ကျယ်။

နှင်းမုန်တိုင်း ကျနေသဖြင့် ဆောလ် အကူအညီသွားခေါ်ပေးလို့ မဖြစ်။ သည်နေရာကို ပြန်ရှာဖို့ ခက်မည်။ အကူအညီ သွားခေါ်လို့ ရသည်ပဲ ထားဦး၊ မိမိတို့ ပြန်ရောက်လာသည့်အခါ ဒဏ်ရာနှင့်လူသည် အအေးမိပြီး သေသွားနိုင်သည်။

အခွင့်အလမ်း တစ်ခုတည်းရှိသည်။

နဖူးဒဏ်ရာနှင့် ခြေကျိုးခြင်းကို ဆောလ် ကုသပေးဖို့ စဉ်းစားမနေတော့။

အချိန်က လုံးဝမရှိ။ အကြောင်းလည်း မထူး။

မိမိ စကီးများကို ချွတ်ပြီး ဒဏ်ရာ ရထားသောလူ၏စကီးများကိုပါ ချွတ်ပေးလိုက်သည်။ ပြီး ထင်းရှူးပင် တစ်ပင်ဆီပြေးသွားကာ အခက်များများ ပါသော ထင်းရှူးကိုင်းကြီး တစ်ကိုင်းကို ချိုးယူလိုက်သည်။





လူနာကို ထင်းရှူးကိုင်းကြီးပေါ် ပက်လက်တင်ကာ ဆောလ်က ကိုင်းဖျားမှ ဆုပ်ကိုင်၍ နောက်ပြန်ဆွဲယူသွားသည်။

နှင်းတ ပိုကျလာသည်။ အအေးဓာတ်က သူ့လက်ကိုင်အိတ်များကို ထိုးဖောက်စိမ့်ဝင်လာသည်။ သစ်ကိုင်းနှင့် လူနာကို ကုန်းလျှောအောက်သို့ တဖြည်းဖြည်းချင်း ဆွဲချသွားသည်။ ကျောက်ခဲတစ်တုံးနှင့် ဆောင့်မိသဖြင့် လူနာက တစ်ချက်အော်လိုက်ပြီး သစ်ကိုင်းပေါ်တွင် လူလွန့်သဖြင့် နှင်းထုပေါ် ချော်ကျလုနီးပါး ဖြစ်သွားသည်။

ဆောလ်က လူနာဆီ ကမန်းကတန်းပြေးပြီး နေရာတကျ ပြန်ထားပေးစဉ် သူ့ပခုံးကို တစ်စုံတစ်ယောက်က လာကိုင်သဖြင့် ချာခနဲ လှည့်ကြည့်လိုက်သည်။

“စကီးလှည့်ကင်းအဖွဲ့” ဟူသော စာလုံးနက် ရိုက်နှိပ်ထားသည့် အဝါရောင် နှင်းကာ ဂျာကင်ဝတ်ထားသော လူတစ်ယောက်ပါလား။

“ကုန်းအောက် ကိုက်တစ်ရာလောက်မှာ ဂိုဒေါင်တစ်လုံးရှိတယ်၊ အဲဒီကိုသွား”

လှည့်ကင်းအဖွဲ့ဝင်က ဆောလ်ကို ဝင်ကူရင်း အော်ပြောသည်။

သူတို့နှစ်ဦး လူနာကို တောင်ကုန်းအောက်သို့ ဖြည်းဖြည်းချင်း ဆွဲယူလာကြသည်။ နီရဲသွပ်ပြားနှင့် ဝင်ဆောင့်မိမှ မိမိတို့ ဂိုဒေါင်ရှေ့ ရောက်မှန်း ဆောလ်သိရသည်။

သော့ခတ်မထားသော တံခါးကို ဆွဲဖွင့်ပြီး အတွင်းသို့ ဒယီးဒယိုင်နှင့် ဝင်သွားသည်။ အထဲမှာတော့ စူးစူးဝါးဝါး လေတိုးသံမကြားရ၊ ငြိမ်သက်တိတ်ဆိတ်နေသည်။

ဘာမျှမရှိသော ဂိုဒေါင်လွတ်အတွင်း၌ နောက်ပြန်လှည့်ကာ သွေးထွက်နေသော စကီးသမားအား လှည့်ကင်းအဖွဲ့ဝင်နှင့်အတူ အထဲသို့ ဆွဲသွင်းပေးသည်။

“ခင်ဗျားရော ဘာဖြစ်သေးလဲ ကျွန်တော် အကူအညီသွားတောင်းတုန်း ခင်ဗျား သူ့နားမှာပဲနေပါ။ နှင်းခဲလျှောစီးယာဉ်ငယ်လေးတွေနဲ့ ဆယ့်ငါးမိနစ်အတွင်း ကျွန်တော် ပြန်လာပါ့မယ်”

လှည့်ကင်းအဖွဲ့ဝင်လူကပြောရာ ဆောလ်က ခေါင်းညိတ်လိုက်သည်။

“ခင်ဗျား ခုလိုလုပ်ပေးလိုက်တာ တော်သေးတယ်။ ခင်ဗျားဟာ အာဂလူပါပဲဗျာ၊ ဒီမှာစောင့်နေ၊ ခင်ဗျား နွေးထွေးအောင် ကျွန်တော်တို့ လုပ်ပေးပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ထိုလူအပြင်ထွက်ကာ တံခါးပိတ်လိုက်သည်။

ဆောလ်က နံရံမှီပြီး မြေကြီးပေါ် လျှောချလိုက်သည်။ ညည်းတွားနေသော စကီးသမားကို သူစိုက်ကြည့်နေသည်။ ထိုသူက မျက်ခွံခေါင်းပုတ်ခတ် ပုတ်ခတ်လုပ်နေသည်။

ဆောလ်က အသက်ပြင်းပြင်းရှူပြီး

"ခင်ဗျား ခြေထောက်မလှုပ်နဲ့"

ထိုလူက မျက်နှာ ရှုံ့မဲ့၍ ခေါင်းညိတ်ပြသည်။

"ကျေးဇူးပဲ"

ဆောလ်က ပခုံးတွန့်လိုက်သည်။

"ကျွန်တော် အကြီးအကျယ်မှားသွားတာယ်ဗျာ"

ဖော်ရာနှင့်လူက လှမ်းပြောသည်။

သူ့ခမျာ ဝေဒနာကြောင့် မျက်လုံး မနည်းဖွင့်ကြည့်နေရရှာ၏။

"ဒါမျိုးဖြစ်တာတတ်ပါတယ်"

"မဟုတ်ဘူး၊ ခုဟာက အလွယ်လေးဗျ"

ဆောလ်က နားမလည်။ ထိုလူ ကယောင်ကတမ်းပြောနေခြင်းဖြစ်မည်။

"နှင်းမုန်တိုင်းကျမယ်လို့ မထင်ထားဘူး၊ ကျွန်တော်ကိုက တုံးလွန်းပါတယ်"

စကီးသမားက ရှုံ့မဲ့၍ပြောသည်။ သူ့နားထင် နှစ်ဖက်မှာ ရဲတက်နေသည်။

ဆောလ်က နားစွင့်ကြည့်ရာ အဝေးမှ ချဉ်းကပ်လာနေသော နှင်းခဲလျှောစီးယဉ်ငယ်များ၏ စက်သံများကို ခပ်သဲ့သဲ့ကြားရသည်။

"သူတို့လာကြပြီ"

"ခင်ဗျား အာဂျင်တီးနားမှာ စကီးစီးဖူးသလား"

ဆောလ်ရင်ထဲ တစ်ဆို့ဆို့ကြီး ဖြစ်သွားသည်။

သည်လူ ကယောင်ကတမ်းပြောနေခြင်းတော့မဟုတ်။

"တစ်ခါက စီးဖူးတယ်၊ ကျွန်တော် နှာခေါင်းသွေးတွေတောင် ယိုတယ်ဗျ"

"အက်စပရင်သောက်ပေါ့"

"အက်စပရင်က ခေါင်းကိုက်ပျောက်ဆေးပဲ"

ဆောလ် စကားဝှက်ဖြင့် အပြန်အလှန် ဆက်သွယ်မှုကို အပြီးသတ်





ပြောလိုက်သည်။

"ဒီနေ့ည ဆယ်နာရီ၊ တော်တော်ဒုက္ခပေးတဲ့ နှင်းမုန်တိုင်းဗျာ၊ အဲဒါကြောင့် အားလုံး ကမောက်ကမဖြစ်ကုန်မယ်လို့ ဘယ်သူထင်မလဲ"

လူနာက ညည်းရင်းပြောသည်။

နှင်းခဲ လျှောစီးယာဉ်ငယ်များ၏အသံမှာ ဂိုဒေါင်ရှေ့အရောက်တွင် ပို၍ ကျယ်လောင်လှ၏။

တံခါးပွင့်လာပြီး စကီးလှည့်ကင်းအဖွဲ့ဝင်သုံးဦး ဝင်လာကြသည်။

"ခင်ဗျားရော အိုကေရဲ့လား"

တစ်ယောက်က ဆောလ်အား မေးလိုက်သည်။

အိုကေပါတယ်။ ဒီလူကတော့ ကယောင်ကတမ်းတွေ လျှောက်ပြောနေတယ်ဗျာ"

ဟု ဆောလ်က ပြောလိုက်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

# ( ၂ )

အသည်း ပုံစံအကွက်တစ်ခုခုကို လက်ကိုင်ထားရမည်။

နေ့စဉ်နေတိုင်း ဆောလ် ပုံမှန်အစီအစဉ်အရသာ လှုပ်ရှားသည်။ သတ်မှတ်ထားသည့် အချိန်များ၌ သတ်မှတ်ထားသော နေရာများသို့ သူ ရောက်အောင်သွားလေ့ရှိသည်။

မနက်ရှစ်နာရီခွဲ၌ သူ့ဟိုတယ်ရှိ ကဖီးဆိုင်တွင် မနက်စာ စားသည်။ နာရီဝက်ကြာ လမ်းလျှောက်သောအခါ၌လည်း သူ့လမ်းကြောင်းမှာ အပြောင်းအလဲလုံးဝမရှိ။ စာအုပ်ဆိုင်တစ်ဆိုင်၌ မိနစ်နှစ်ဆယ်ကြာမျှ လျှောက်မွှေသည်။

မနက် ဆယ့်တစ်နာရီတွင် တောင်ကုန်းလျှောများပေါ်၌ လမ်းကြောင်းအပြောင်းအလဲမရှိဘဲ စကီးလျှောက်စီးသည်။

အကြောင်းနှစ်ခုရှိသည်။

နံပါတ် (၁)။ သူ့ကို တစ်ယောက်ယောက်က ဆက်သွယ်လိုသည့်အခါ ဘယ်အချိန် ဘယ်နေရာမှာ ရှိမှန်းသိအောင် ဤသို့ ပုံမှန်အချိန်ဇယား ဆွဲပေးထားခြင်းဖြစ်သည်။ သို့သော် ယနေ့ ဖြစ်ပျက်သည့် မတော်တဆဖြစ်မှုက အစီအစဉ်ကို တလွဲတချော် ဖြစ်စေနိုင်ကြောင်း လက်တွေ့သိလိုက်ရလေပြီ။

နံပါတ်(၂)။ အကယ်၍ ဆောလ်ကို တစ်စုံတစ်ယောက်က အကဲခတ်စောင့်ကြည့်နေခဲ့လျှင် သူ၏ ပုံမှန် အစီအစဉ်များကြောင့် ပျင်းရိငြီးငွေ့ပြီး ထိုရှုဒိုးငနဲအား အမှားအယွင်းများလုပ်မိစေနိုင်သည်။

ယနေ့မူ တစ်ပါးသူတို့ မိမိအား သံသယမဖြစ်အောင် ခါတိုင်းထက် ပို၍ ရှောင်ရှားဖို့ လိုအပ်သည်။ ဇာက်ရာနှင့်လူအား ဆေးရုံကားပေါ် သို့ ဆောလ် လိုက်ပို့ပေးခဲ့သည်။

တည်းခိုခန်း ပြန်ရောက်သောအခါ စကီးလှည့်ကင်းအဖွဲ့နှင့် စကား





ပြောပြီး လစ်ပြေးဖို့ ကြံခဲ့သည်။ မိမိအခန်းထဲ ပြန်ရောက်သည်နှင့် စကီးဝတ်စုံကို ချွတ်ကာ ဂျင်းနဲ့ဘောင်းဘီနှင့် ဆွယ်တာတို့ကို လဲဝတ်သည်။ သူသောက်နေကျ ဘားခန်းကို ခါတိုင်းအချိန်၌ အရောက်သွားပြီး၊ ဆေးလိပ်မီးခိုးများမွှန်နေသော လူအုပ်ကြား၌ ဝင်ထိုင်ကာ ကိုကာကိုလာ တစ်ဘူးသောက်ရင်း ရောမရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသည့် ကာတွန်းအစီအစဉ်ကို ငေးကြည့်နေသည်။

ညခုနစ်နာရီတွင် သူ့ဟိုတယ်ရှိ ထမင်းစားခန်းမကြီးထဲ၌ ထုံးစံအတိုင်း ညစာဝင်စားသည်။ ရှစ်နာရီ၌ ဘတ်ရေးနောလ်ပါသည့် မော်တော်ကားတရကြမ်းမောင်းသော အက်ရှင် ရုပ်ရှင်ကားကို သွားကြည့်သည်။ ဤဇာတ်ကားကို သူကြည့်ပြီးသားဖြစ်ရာ ည ကိုးနာရီလေးဆယ့်ငါးမိနစ်၌ ရုပ်ရှင်ပြီးကြောင်း သူသိသည်။

ယောက်ျားအိမ်သာထဲ၌ တယ်လီဖုန်းတပ်ထားခြင်းကြောင့် ဤရုပ်ရှင်ရုံကို သူတမင်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အိမ်သာခန်းများထဲ၌ လူရှိမရှိ စစ်ဆေးပြီးနောက် လိုအပ်သော ငွေအကြွေစေ့များထည့်ကာ၊ ဒဏ်ရာရသော စကီးစီးသမားပေးခဲ့သည့် တယ်လီဖုန်းနံပါတ်ကို ဆယ်နာရီတိတိတွင် ကောက်လှည့်လိုက်သည်။

အက်ကွဲကွဲ ကြမ်းတမ်းတမ်း ယောက်ျားအသံကြီး တစ်ခုက ဘော့စ်ဘောလ်ကစားပွဲ အမှတ်များကို ရွတ်ပြသည်။ ကစားသည့် အသင်းနာမည်များကို ဆောလ် လိုက်မမှတ်ဘဲ အမှတ်များကိုသာ အလွတ်မှတ်သွားသည်။

ဂဏန်းဆယ်လုံးရသည်။ ယင်းကား အဝေးပြော တယ်လီဖုန်းနံပါတ်တစ်ခုဖြစ်၏။

ဆောလ်စိတ်ထဲ၌ အလွတ်ပြန်ရွတ်ကြည့်သည်။

အိမ်သာထဲမှ ထွက်ပြီး ဧည့်ခန်းထဲ၌ မိမိအား စောင့်ကြည့်နေသူ ရှိမရှိ မသိမသာ အကဲခတ်သည်။ စောင့်ကြည့်သူ တစ်ဦးမျှမတွေ့။

သို့တစေ ကျွမ်းကျင်သော ရှုဒိုးသမားတစ်ဦးသည် ဘယ်တော့မှ လူမြင်ခံအောင် လုပ်မည်မဟုတ်။

ရုပ်ရှင်ရုံထဲမှ သူထွက်သည်။ နှင်းမုန်တိုင်း ကျနေဆဲဖြစ်သဖြင့် သူ ဝမ်းသာသွားသည်။

လူတွေ ရှုပ်ရှက်ခတ်ပြီး မှောင်နေသည့်ကြားမှ သူ အသာလျှိုထွက်ခဲ့၏။ လမ်းသွယ်နှစ်ခုကို ဖြတ်ဝင်ကာ နောက်ဖေးလမ်းကြား တစ်ခုထဲ၌ ချိုး လိုက်လာသူရှိမရှိ စစ်ဆေးရန် ခေတ္တရပ်စောင့်နေလိုက်သည်။

နှင်းမုန်တိုင်းကြောင့် ဝေးဝေးမြင်ခွင့်မရနိုင်သဖြင့် ရှုဒိုးငနဲသည် မိမိ



www.burmeseclassic.com

www.burmeseclassic.com



အား ခြေရာခံလိုက်လိုလျှင် နောက်ဖေးလမ်းကြားထဲအရောက် နောက်မှ ကပ်လိုက်လာမှ ဖြစ်ပေလိမ့်မည်။

သို့သော် ဘယ်သူမှ ပါမလာ။

ဆောလ်သည် လမ်းတစ်ဘက်ဖြတ်ကူးပြီး နှစ်ဘလောက်အကွာရှိ ဘားထဲမှ အများသုံး တယ်လီဖုန်းဆီ သွားသည်။ ဗွီဒီယိုဂိမ်း ကစားစက်များမှ အသံဗလံများကို ကြားနေရသည်။

မိမိအား ပေးထားသည့် ဖုန်းနံပါတ်ကို လှည့်လိုက်၏။

"အေသုံးလုံး ဘယ်လီဖုန်းဖြေကြားရေးဌာနကပါရှင်"

စွဲမက်ဖွယ်ကောင်းသော မိန်းမတစ်ယောက်၏ အသံကို ကြားရသည်။

"ရှိမြူးလပ်ပါ"

"ရှင့်ကို ချိန်းထားတာရှိတယ်။ အင်္ဂါနေ့၊ မနက်ကိုးနာရီ၊ ဒင်ဗာမြို့၊ အမှတ် ၄၇၊ ကိုဒီလမ်းကို လာခဲ့"

ဆောလ်က ဖုန်းချပြီး ဘားဆိုင်ထဲမှ ပြန်ထွက်သည်။

ရုပ်ရှင်ပြီးအောင်ကြည့်ပြီး ထုံးစံအတိုင်း နာရီဝက် ခြေကျင်လျှောက်ခဲ့ရာ ပြန်ရောက်ရမည့် အချိန်အတိုင်း သူ ဟိုတယ်သို့ ပြန်ရောက်သွားသည်။

ဟိုတယ်စာရေးအား ဆောလ်က မေးသည်။

"အခန်း ၂၁၁ က ဂရစ္စမင်းအတွက် ဘယ်သူ့ဘာများမှာသေးလဲ"

"ဘယ်သူမှ မမှာပါဘူးခင်ဗျာ"

"ဒါဖြင့်လဲ ပြီးတာပဲ"

ဓာတ်လှေကားမစီးဘဲ သူ့အခန်းသို့ နိုးရိုးလှေကားမှ တက်သွားသည်။

အခန်းမှ ထွက်ခွာစဉ်က တံခါးအောက်ခြေ၌ ကပ်ထားခဲ့သော ဆံချည်မျှင်လေးမှာ နဂိုအတိုင်း ရှိနေသည်။ မိမိမရှိခိုက် အခန်းထဲ ခိုးဝင်သူ မရှိကြောင်း အသေအချာသိရသည်။

ပုံမှန် တစ်နေ့တာ ကုန်ဆုံးသွားပြန်ပြီ။ သို့သော် ခြွင်းချက်နှစ်ခုတော့ ရှိ၏။

## ( ၃ )

စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းအတိုင်း လိုက်လုပ်ရမည်။

မနက်မိုးလင်းသောအခါ ဆောလ်သည် ကားလက်မှတ်ကို အနား ကပ်ပြီးမှ ဝယ်ယူလိုက်သည်။

ဒရိုင်ဘာက ဘတ်စ်ကား စက်ကို နှိုးမှ သူကားပေါ် တက်သည်။ ကား နောက်ဆုံးခုံမှာထိုင်ရင်း မိမိနောက်မှ တက်လာမည့် ခရီးသည်များအား စောင့် ကြည့်နေလိုက်၏။

သို့သော် မည်သူမျှ တက်မလာတော့။ မိမိနောက်ဆုံးဖြစ်၏။

ကားဂိတ်မှ ဘတ်စ်ကားကြီး ထွက်သည်နှင့် သူကျေနပ်စွာဖြင့် ထိုင်ခုံကို အားရပါးရ မှီချပြီး ဗေးလ်မြို့ရှိ မိုးထိတိုက်ကြီးများနှင့် နှင်းခဲဖုံး တောင်တန်းများပေါ်၌ စကီးစီးနေသော သူများကို ငေးကြည့်သွားမိသည်။

ဘတ်စ်ကားစီးရတာ သူ စိတ်ချမ်းသာသည်။ မိမိအား ရှဲဒိုးလိုက်သူ ရှိမရှိ နောက်လှည့်ကြည့်လို့ရသည်။ ဘတ်စ်ကား လက်မှတ်ရောင်းချခြင်းကို ကွန်ပျူတာထဲတွင် နာမည်တွေ၊ လိပ်စာတွေ မှတ်ထားလေ့မရှိ။ ထို့ကြောင့် သူ လေယာဉ်ပျံမစီးခြင်း၊ အငှားကားတစ်စီး ငှားရမ်း မမောင်းခြင်း ဖြစ်သည်။ စာရွက်စာတမ်းများအပေါ်၌ မိမိနာမည် တန်းလန်း အမှတ်မခံနိုင်ပါ။ နောက် တစ်ချက် ကောင်းတာရှိသေးသည်။

ဘတ်စ်ကား ခရီးစဉ်တစ်လျှောက် မှတ်တိုင်တွေ အများကြီးရပ်လေ့ ရှိသည်။ မည်သူမျှ အာရုံမစိုက်မိစေဘဲ ကြိုက်သည့် မှတ်တိုင်၌ အပြီးဆင်းနေခဲ့ လို့ရသည်။

ဆော့လိပ်စီးတီးအထိ ကားလက်မှတ်ယူထားသော်လည်း ထိုမြို့အထိ သူသွားဖို့ ရည်ရွယ်မထားချေ။

ဗေးလ်မြို့အနောက်ဘက် တစ်နာရီ ခရီးခန့်ဝေးသော ပလေစပရင်း



www.burmeseclassic.com

www.burmeseclassic.com



မြို့တွင် သူဆင်းလိုက်သည်။ မိမိနောက်မှ ဆင်းလိုက်လာသူမရှိမှန်း အသေအချာသိရမှ အရှေ့စူးဘူးသို့ သွားမည့် ဒင်တာမြို့ခရီးစဉ် ဘတ်စ်ကားလက်မှတ် ဝယ်ယူ၍ တက်လိုက်သွားသည်။ နောက်ဆုံးခုံ၌ပင် ခါးလျှောထိုင်၍ ငိမ်နှင့် စီးသွားသည်။

မိမိလုပ်ခဲ့သမျှကို ချက်ချင်း ဆန်းစစ်ကြည့်ရာ အမှားတစ်ခုမျှ မလုပ်မိကြောင်းတွေ့ရသည်။ အကယ်၍ သူ့ကို တစ်စုံတစ်ယောက်က စောင့်ကြည့်နေခဲ့လျှင်လည်း ထိုနေ့သည် မျက်စိလည်ပြီး စိတ်ဂနာမငြိမ်ဖြစ်ကာ အရေးတကြီး ဖာယ်လီဖုန်းတွေ လျှောက်ဆက်လိမ့်မည်။

ဆောလ် ဂရုမစိုက်ပါ။ သူလိုချင်သော လွတ်လပ်မှုကို ရရှိသွားပြီ။ သူ့အလုပ်ကို လုပ်ဖို့ အဆင်သင့်ဖြစ်နေပြီ။

◆

( ၄ )

အင်္ဂါနေ့ နံနက် ၉ နာရီ။

ဒင်တာမြို့၏လေက သူ့အား မျက်ရည်ကျစေသည်။ တောင်တန်းများပေါ်၌ အုံ့ဆိုင်းမှိုင်းဝေနေသော တိမ်ညိုများက နံနက်ခင်းကို ညဝင်နေစောင်းနှင့် မှားစေသည်။ ကုတ်အင်္ကျီထူကြီး ဝတ်ထားသော်လည်း သူ့ ခိုက်ခိုက်တုန်အောင် ချမ်းနေသည်။

ဆင်ခြေဖုံးရပ်ကွက်ထောင့်တွင် မတ်တတ်ရပ်လျက် လမ်းအလယ်ပိုင်းရှိ တိုက်ကြီးကို မျက်ခြောရှုံ့မျှ စိုက်ကြည့်နေသည်။

တိုက်ကြီးက ရှည်လျားပြီး အရောင်မွဲခြောက်ခြောက်။ ဆိပ်ပြီး မမြင့်မားလှ။ ၄၈၊ ကိုဒီလမ်းဆိုတာ ဤတိုက်ပဲဖြစ်မည်။ ထိုတိုက်ဆီသို့ ရွှံ့ရည်များပေါ်မှ သူ နင်းလျှောက်သွားသည်။

ဤနေရာ ရောက်ဖို့ မြို့တွင်း ပြေးဆွဲသည့် ဘတ်စ်ကားများ အဆင့်ဆင့်ပြောင်းစီးခဲ့သည့်တိုင် သူ့နောက်ကို လှည့်ကြည့်မိသေးသည်။

ရှိုဒ်းသမားကို မတွေ့မိ။ မော်တော်ကားအချို့ တွေ့ရသော်လည်း သူ မြင်ဖူးသော ကားတစ်စီးမျှ မပါ။

ရေ့ပြန်လှည့်ပြီး တံခါးပေါ်မှ ဂျူးလူမျိုးတို့၏ ခြောက်ထောင့်ပါသော ဒေးဗစ်ကြယ်ပုံကို မြင်သောအခါ သူ ဖုံ့အားသင့်သွားသည်။ ကြေး ဂျူးဘုရားကျောင်းများလား။

သူကိုယ်တိုင်က ဂျူးတစ်ယောက်ဖြစ်ရာ အထက်မှ ညွှန်ကြားချက်များကို မိမိနားကြားလွဲခဲ့လေသလားဟု တွေးမိပြန်သည်။

သမားရိုးကျမဟုတ်သော နေရာများ၌ ချိန်းတွေ့မှုများကို သူကြုံဖူးခဲ့ကြပါပဲ။ ဒါပေမယ့် ကြုံကြုံဖန်ဖန် ဂျူးဘုရားရှိခိုးကျောင်းမှာမှ ချိန်းရသလဲလား။ သူကျောစိမ့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မဝ့်မရဲနှင့် သူ အထဲဝင်သွားသည်။

မှောင်ရိပ်ကျသော ဥပစာအခန်းငယ်လေးကို တွေ့ရ၏။ ဖုန်မှုန့်များ ရှူရှိုက်မိသဖြင့် သူ့နှာခေါင်း ရှုံ့ချည်ပွချည် ဖြစ်သွားသည်။

သူ တံခါးပြန်ပိတ်လိုက်သောအခါ ဂျိမ်းခနဲ မြည်သံက ပဲ့တင်ထပ် ရိုက်ခတ်သွားသည်။ အတွင်း၌မူ ငြိမ်သက်တိတ်ဆိတ်မှုအတိပြီး၏။ စားပွဲခုံ တစ်လုံးပေါ်မှ ဗလီဦးထုပ်လေးကိုယူ၍ ခေါင်းပေါ်ဆောင်းပြီး နှုတ်ခမ်းတင်း တင်းစေ့လျက် နောက်တံခါးတစ်ချပ်ကို ဆွဲဖွင့်လိုက်သည်။

ဝတ်ပြုကျောင်းဆောင်ထဲသို့ ရောက်သွား၏။ ဤအခန်းထဲမှာတော့ လေထုက သိပ်သည်း လေးလံနေသလို ခံစားရသည်။

လေထုက သူ့ကို ဖိညှစ်နေသလိုလို။

သူ့ရှေ့ တစ်လှမ်းတိုးလိုက်သည်။

ရှေ့ထိုင်ခုံပေါ်၌ အဘိုးကြီးတစ်ယောက် ထိုင်ကာ ပန်းညွှန့်ခွေ သေတ္တာ ကြီးကို ဖုံးကွယ်ထားသည့် ခန်းဆီးဖြူကို စိုက်ကြည့်နေသည်။ အဘိုးကြီး ခေါင်း ပေါ်မှ ဗလီဦးထုပ်ကလေးမှာ ဟောင်းနွမ်းစုတ်ပြတ်နေသည်။ အဘိုးကြီးသည် လက်ထဲမှ ဘုရားရှိခိုးစာအုပ်ကို ငုံ့ကြည့်လိုက်သည်။

ဆောလ် အသက်အောင့်ထား၏။

ရှေ့ခုံမှ အဘိုးကြီးမှလွဲ၍ ကျောင်းဆောင်ထဲမှာ မည်သူမျှ မရှိ။

တစ်ခုခုတော့လွဲသွားပြီ။

အဘိုးကြီးက သူ့ကိုလှည့်ကြည့်သည်။ ဆောလ်တစ်ကိုယ်လုံး အကြောတွေ တဲ့ဆိုင်းတောင့်တင်းသွားသည်။

"ရှလုံ"

အဘိုးကြီးက ဂျူးလို ဆလံဟု နှုတ်ဆက်လိုက်သည်။

မဖြစ်နိုင်လိုက်တာ။

အဘိုးကြီးကား . . .။

◆

(၅)

"အဲလိယော့" ဖြစ်လေသည်။

၄င်းက မတ်တတ်ထလိုက်သည်။

သူ့ထုံးစံအတိုင်း အနက်ရောင်ဝတ်စုံနှင့် ဝေ့စ်ကုတ်တို့ကို ဝတ်ထား သည်။ အနက်ရောင် အိုဗာကုန်နှင့် ဦးထုပ်နက် တစ်လုံးကိုတော့ သူ့ဘေးခုံ ပေါ်၌ တင်ထားသည်။

အဘိုးကြီးသည် ဂျူးလူမျိုးမဟုတ်။ သူ့အသက်က ခြောက်ဆယ့် ခုနစ်နှစ်။ အရပ်မြင့်၍ ပိန်သွယ်သည်။ အသားက မဖြူမညို။ မျက်လုံးက နက်မှောင်ပြီး လက်ပြင်ကုန်းနေ၏။ သူ့မျက်နှာပေါ်မှာ ဆွေးရိပ်သန်းနေသည်။

ဆောလ်က ရှလုံဟု ဖြေ၍ ပြန်နှုတ်ဆက်သည်။

အဘိုးကြီးထံ ချဉ်းကပ်သွားစဉ် သူ့ရင်ထဲမှာ တင်းကျပ်နေသည်။

သူတို့နှစ်ဦး အချင်းချင်း သိုင်းဖက်လိုက်ကြသည်။

ပြီး တစ်ယောက်ပါးကို တစ်ယောက်နမ်းကြသည်။

တစ်ဖန် တစ်ယောက်ကိုတစ်ယောက် ခြေဆုံးခေါင်းဆုံး ကြည့်လိုက် ကြသည်။

"အဖေ နေကောင်းပုံရတယ်"

"မင်းညာပြောတာ၊ ဒါပေမယ့် ငါလက်ခံပါတယ်။ မင်းလဲ ကျန်းကျန်း မာမာပဲမဟုတ်လားကွ"

"လေ့ကျင့်ခန်း မှန်မှန်လုပ်တယ်လေ"

"မင်းဒဏ်ရာတွေရော"

"ကောင်းသွားပါပြီ"

"မင်းဗိုက်မှာထိတာဆို၊ မင်းသတင်းကြားရတော့ ငါ မင်းဆီလာတွေ့ ဦးမလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အဖေလာလို့ မရဘူးမဟုတ်လား၊ ကျွန်တော် နားလည်ပါတယ်"

"မင်းကို ဂရုစိုက်ကြရဲ့လား"

"စိုက်ကြပါတယ်၊ အဖေလဲသိသားနဲ့၊ အဖေပဲ အတော်ဆုံး လူတွေ လွှတ်ပေးလိုက်တယ်မဟုတ်လား"

"အေး၊ အတော်ဆုံးလူတွေကို အတော်ဆုံးလူတွေကပဲ ပြုစုသင့်တာပေါ့"

ဆောလ် အနည်းငယ်ရှက်သွားသည်။

လွန်ခဲ့သော တစ်နှစ်လောက်တုန်းကတော့ မိမိသည် အတော်ဆုံး၊ အကောင်းဆုံးဖြစ်ခဲ့သည်။

အခုတော့ရော. . . ။

"အဖေညာပြောတာ၊ ကျွန်တော့်အတွက် အဲ ဂိုလောက် မလိုပါဘူး"

"မင်း မသေသေးဘူးလေ"

"ကံကောင်းလို့ပါ"

"မင်းကျွမ်းကျင်လို့ပါ။ မင်းလောက်မတော်တဲ့ လူဆိုရင် မြေးလွတ်မှာမဟုတ်ဘူး"

"ကျွန်တော် ထွက်ပြေးစရာကို မလိုဘူးထင်တယ်။ ဒီစစ်ဆင်ရေးကို ကျွန်တော်ပဲ ရေးဆွဲခဲ့တာ။ အကုန်စုံအောင်စုံထည့်တွက်ခဲ့ပြီးသားလို့ ထင်တယ်။ ကျွန်တော် မှားသွားတယ်။ မထင်မှတ်တဲ့ သန့်ရှင်းရေးအလုပ်သမကြီး ရောက်လာတာကို၊ တာကယ်ဆို သူက အောက်ထပ်မှာ ရှိရမှာ၊ အဲဒီအခန်းကို သူ အဲဒီလောက် စောစောဝင် ရစ်ဆေးလေ့မရှိဘူး"

အဲလိယော့က လက်နှစ်ဖက်ဖြန့်ပြီး

"ငါပြောချင်တာ အဲဒီအချက်ပဲကွ၊ ကျပန်းအခြေအနေ တစ်ရပ်ပေါ့၊ ဒါမျိုးကို ဘယ်သူမှ ချုပ်ထိန်းလို့ ရမှာမဟုတ်ဘူး"

"အဖေ ပိုသိမှာပါ၊ 'မတော်တဆ' ဆိုတဲ့ ဝေါဟာရကို ပျော့ညံ့တဲ့ လူတွေက သူတို့ အမှားတွေကို ဖုံးကွယ်ဖို့ တီထွင်ခဲ့တာလို့ အဖေပြောလေ့ရှိတယ်လေ။ ပြည့်စုံမှုရှိအောင် ကြိုးစားဖို့ ကျွန်တော်တို့ကို အဖေ အမြဲပြောခဲ့တယ်"

"ဟုတ်တယ်၊ ဒါပေမယ့် ပြည့်စုံမှုကို ဘယ်တော့မှ ရယူလို့ မရနိုင်ဘူး"

"ကျွန်တော် ရတော့မလို့ဘဲ၊ လွန်ခဲ့တဲ့ တစ်နှစ်ကပေါ့၊ ဘယ်လိုဖြစ်





သွားမှန်း ကျွန်တော် စဉ်းစားမရဘူး"

သို့သော် သူ့အားနည်းချက်ကို သူသိပြီးသား။

သူ့အရပ်က ခြောက်ပေရှိပြီး ကိုယ်အလေးချိန် ပေါင်နှစ်ရာရှိသည်။ သို့သော် သူ့အသက်က သုံးဆယ့်ခုနစ်နှစ်ရှိပြီ။ ငါ အိုပြီပဲဟု သူတွေးမိသည်။

"ကျွန်တော် အလုပ်ထွက်သင့်ပြီ၊ ဒီကိစ္စကြောင့်တင်မဟုတ်ဘူး၊ အဲဒီအရင် အလုပ်နှစ်ခုလဲ မအောင်မြင်ခဲ့ဘူး"

"အဲဒါ ခုနပြောတဲ့ ကျပန်း အခြေအနေကြောင့်ပဲပေါ့ကွာ၊ ငါလဲ အစီရင်ခံစာတွေ ဖတ်ကြည့်ပြီးပြီ၊ အဲဒါမင်း အပြစ်မဟုတ်ပါဘူး"

"အဖေက ကျွန်တော့်ကို ညာလိုက်တာပဲ"

"ဘာလဲ၊ မင်းနဲ့ငါ ဆက်ဆံရေးကြောင့်လား၊ မဟုတ်ပါဘူး၊ အဲဒါနဲ့ မဆိုင်ဘူး၊ ငါလဲ ဒါကို ခေါင်းထဲမထည့်ထားဘူး။ တစ်ခါတလေကျတော့ ရှုံးနိမ့်ခြင်းကြောင့် တို့အတွက် အကျိုးထူးနိုင်တယ်။ အဲဒီအတွက် တို့ ပိုပြီး ကြိုးစားကြရတယ်"

အဲလိယော့က ခေါင်းခါ၍ပြောရင်း သူ့ကုတ်အကျႌအတွင်း အိတ်ကပ်ထဲမှ စာရွက်ပိုင်းလေးနှစ်စကို နှိုက်ယူလိုက်သည်။

ပထမ စာရွက်ပိုင်းပေါ်မှ ဆပ်ရစ်သော လက်ရေးကို ဆောလ်ဖတ်လိုက်သည်။ တယ်လီဖုန်း နံပါတ်တစ်ခုဖြစ်၏။ ခေါင်းညိတ်ရင်း ထိုနံပါတ်ကို သူအလွတ်မှတ်ထားလိုက်သည်။

အဲလိယော့က ဒုတိယစာရွက်လေးကို ပြလိုက်ပြန်သည်။

ညွှန်ကြားချက်။ နာမည်ခြောက်လုံး။ ရက်စွဲတစ်ခု။ လိပ်စာတစ်ခု။ ဆောလ် ခေါင်းညိတ်လိုက်ပြန်၏။

အဲလိယော့က စာရွက်များကို ပြန်သိမ်းပြီး သူ့ဦးထုပ်နှင့် အိုဗာကုတ်ကြီးတို့ကို ကောက်ယူကာ ကျောင်းဆောင်ထဲမှ ထွက်၏။ ထို့နောက် ဥပစာခန်းငယ်လေးကိုဖြတ်ကာ အိမ်သာထဲသို့ ဝင်သွားသည်။ စက္ကန့်သုံးဆယ် အကြာ၌ အိမ်သာရေဆွဲချသံကို ဆောလ်ကြားရသည်။

အဲလိယော့သည် စာရွက်များကို မီးရှို့ပြာချပြီး အိမ်သာကြွေခွက်ထဲ ပစ်ချလိုက်ခြင်းဖြစ်ကြောင်း ဆောလ်တာပ်အပ်သိသည်။

အကယ်၍ ဝတ်ပြုကျောင်းဆောင်ခန်းအတွင်း၌ တစ်စုံတစ်ယောက်က လျှို့ဝှက်အသံဖမ်းမိုက်ခွက်ကလေးများ တပ်ဆင်ထားခဲ့လျှင်လည်း မိမိတို့နှစ်ဦးပြောဆိုခဲ့သောစကားများထဲတွင် စာရွက်ပိုင်းကလေးပေါ်မှ ကိစ္စများကို ရှာတွေ့နိုင်လိမ့်မည် မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အဲလီယော့ပြန်ထွက်လာပြီး အိတ်ဘာကုတ်ကို ချွတ်လိုက်သည်။

"ငါ နောက်ပေါက်က ပြန်ထွက်မယ်"

"နေဦး၊ ပြန်လှချည်လား၊ ကျွန်တော်တို့စကားပြောစရာတွေ ရှိသေးတယ်မဟုတ်လား"

"နောက်တော့ပြောမှာပေါ့၊ အလုပ်ပြီးတဲ့အခါကျ ပြောမယ်ကွာ"

"အဖေ့ပန်းတွေရော၊ ဘယ်လိုလဲ"

"ပန်းတွေမဟုတ်ဘူး၊ နှင်းဆီတွေပါကွာ၊ ဒီလောက်ကြာတာတောင် မင်းက ငါ့နှင်းဆီတွေကို ပန်းတွေလို့ နှိမ့်ပြောချင်တုန်းပါပဲလားကွ"

အဲလီယော့က ဆောလ်အား ကလေးတစ်ယောက်ကို ကြိမ်းသည့် ဟန်မျိုးဖြင့် ပြောလိုက်သည်။

ဆောလ်က ပြုံးလိုက်သည်။

"အခု ငါ နှင်းဆီတစ်မျိုးစိုက်ထားတယ်။ နှင်းဆီပြာကွ၊ ဒီအရောင် ဘယ်သူမှ မစိုက်သေးဘူး၊ မင်း ငါ့ဆီလာလည်တဲ့အခါ ငါပြပါ့မယ်"

"ကျွန်တော် လာခဲ့ပါဦးမယ်"

သူတို့ တရင်းတနှီး ပွေ့ဖက် နှုတ်ဆက်လိုက်ကြသည်။

"တကယ်တော့ မင်းအခုလုပ်ရမယ့်အလုပ်ဟာ ယောဒါတွေအားလုံးကို ကာကွယ်မှုပေးဖို့ စီမံထားတာကွ"

အဲလီယော့က ဝတ်ပြုကျောင်းဆောင်ဘက် ငေ့ယမ်းပြကာ ပြောလိုက်သည်။

"ခြော် နောက်တစ်ခုရှိသေးတယ်"

အဲလီယော့သည် အိတ်ဘာကုတ်ထဲမှ သကြားပြား တစ်ချပ်ကို နှိုက်ယူလိုက်သည်။

ဆောလ်က သကြားပြားကို လှမ်းယူရင်း ရင်းထဲ၌ တင်းကျပ်သွားသည်။ ဘေဘီရှသ်ကုမ္ပဏီမှ ထုတ်လုပ်သည့် သကြားပြားဖြစ်၏။

"အဖေ မမေ့သေးဘူးနော်"

"ဘယ်တော့မှ မမေ့ဘူး"

အဲလီယော့ မျက်လုံးများ စမ်းနည်းနေသလိုလို။

ဆောလ်က တွေးမျှချလိုက်သည်။ နောက်ဖေးပေါက်မှ ထွက်သွားသော အဲလီယော့ကို ငေးကြည့်နေသည်။ သူ့ရင်ထဲသိပ်မကောင်းလှ။ တံခါး ပြန်ပိတ်သံက ပဲ့တင်ထပ်သွား၏။

လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ရမည်ဆိုလျှင် ဆောလ်အနေနှင့်





ဆယ်မိနစ်စောင့်ပြီး ရှေ့ပေါက်မှ ပြန်ထွက်ရပေမည်။

ဤ စစ်ဆင်ရေး၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ အဲလီယော့က တဇုက်ဆန်ဆန်ပြောသွားပုံကြောင့် ဆောလ်စိတ်ထဲ စနိုးစနောင့်ဖြစ်နေသည်။ သို့သော်လည်း အဲလီယော့ကိုယ်တိုင် ညွှန်ကြားချက်တွေလာပေးခြင်းမှာ တကယ်ကို အရေးကြီးလွန်းသောကြောင့်သာ ဖြစ်ရမည်ဟု ကောက်ချက် ဆွဲနိုင်သည်။

သူ စိတ်ပြတ်သားစွာဖြင့် လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။ သည်တစ်ခါတော့ သူရှုံးနိမ့်လို့မဖြစ်။

မိဘမဲ့ တစ်ယောက်ဖြစ်သော သူ့အဖို့ ရှားရှားပါးပါး ရထားသော ဖခင်ကြီး စိတ်ပျက်အောင်တော့ ဘယ်နည်းနှင့်မှ မလုပ်သင့်ပါ။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၆ )

နှုတ်ခမ်းမွေးနှင့်လူသည် မက္ကဆီကန်အစားအစာ တာကိုမုန့်ကို တမြုံ့မြုံ့ ဝါးနေသည်။ ဆောလ်က သူ့အလုပ်ကိစ္စကို ရှင်းပြနေသည်။

သူတို့အချင်းချင်း တစ်ယောက်နာမည်တစ်ယောက် ခေါ်ဝေါ်ခြင်း မပြုကြ။ သည်လူကို ဆောလ် တစ်ခါမှ မမြင်ဖူးသလို နောင်လည်း ထပ်တွေ့စရာ အကြောင်းမရှိ။

နှုတ်ခမ်းမွေးနှင့်လူသည် ရှုရှုပြေးသမားများ ဝတ်နေကျ အားကစား ဝတ်စုံကို ဝတ်ထားသည်။ သူ၏ မေးစေ့မှာ ချိုင့်ကလေးရှိသည်။

သူ့နှုတ်ခမ်းမွေးကို လက်သုတ်ပဝါဖြင့် သုတ်လိုက်သည်။

အဲလီယော့နှင့်တွေ့ပြီးနောက် သုံးရက်အကြာ ဘာလ်တီမိုးမြို့၌ နွေခင်း နှစ်နာရီတွင် သူတို့ တွေ့ဆုံကြခြင်းဖြစ်သည်။

မက္ကဆီကန် စားသောက်ဆိုင်မှာ လူရှင်းနေ၏။ သို့တစေ သူတို့ နှစ်ယောက်သားချောင်အကျဆုံး လူအရှင်းဆုံး အခန်းထောင့်စားပွဲ၌ ထိုင်ကြသည်။

နှုတ်ခမ်းမွေးနှင့်လူက ဆောလ်ကို အကဲခတ်ရင်း စီးကရက်တစ်လိပ် မီးညှိလိုက်သည်။

"ကျုပ်တို့ လူအင်အား အများကြီး လိုလိမ့်မယ်ဗျ"

"လိုချင်မှလိုမှာပါဗျာ"

"သိတာမန်ရေရာ လုပ်ထုံးလုပ်နည်းကို ခင်ဗျားသိသားနဲ့ဗျာ"

ဆောလ်က ခေါင်းညိတ်ပြသည်။

နည်းလမ်းကို ဖော်ထုတ် တင်ပြပြီးပြီ။

အဖွဲ့သား ဆယ့်လေးယောက်ပါမည်။ အများစုက စောင့်ကြည့်ခြင်း တာဝန်ထမ်းကြရမည်ဖြစ်ပြီး၊ အခြား သူများကတော့ ပစ္စည်းကိရိယာများ ရယူခြင်း၊ လက်ဆင့်ကမ်းသတင်းပို့ခြင်း၊ အခင်းဖြစ်ပွားချိန်၌ မိမိတို့ အခြားတစ်နေ





ရာ၌ရှိကြောင်း သက်သေအထောက်အထားပြရန် စီစဉ်ခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။ သူတို့သည် တစ်ယောက်အကြောင်း တစ်ယောက် သိပ်မသိကြ။ အထူး ကျွမ်းကျင်သူများ ရောက်မလာမီ တစ်နာရီအလိုတွင် သူတို့အားလုံး ခြေရာဖျောက်ကြရမည်။

အားလုံး ထိရောက်စွာ လုပ်ရမည်။ စိတ်ချရမည်။

"ကောင်းပြီ၊ အခုဟာက အလုပ်ခြောက်ခုထောင် ဖြစ်နေတယ်ဗျ၊ အလုပ်တစ်ခုအတွက် အရန်အင်အား ဆယ့်လေးယောက်စီလိုတော့ ခြောက်ခုအတွက် ရှစ်ဆယ့်လေးယောက်လိုမယ်၊ အဲဒါဆို ကျုပ်တို့ လူထုစည်းဝေးပွဲလုပ်တာနဲ့ အတူတူပဲ၊ ကြော်ငြာတွေဘာတွေ ထည့်ပါလား"

"အဲဒီလောက် လိုမယ်မထင်ပါဘူး"

"ဘာလို့လဲ"

"သော့ချက်ကတော့ အားလုံး တစ်စုတည်းတည်းဖြစ်ဖို့ပဲ၊ တစ်ချိန်တည်း၊ တစ်နေရာတည်းပေ့"

"အဲဒါ ဘယ်တော့ဖြစ်မှာလဲ၊ ဒီလိုဖြစ်ဖို့ ကျွန်တော်တို့ တစ်နှစ်လောက် စောင့်ရမယ်"

"ဒီနေ့ကစပြီး သုံးပတ်တိတိပြည့်တဲ့နေ့ကျ၊ အဲဒီလိုဖြစ်မှာ"

နှုတ်ခမ်းမွေးက စီးကရက်မီးသတ်ပြီး

"ဆက်ပြောပါဦး"

"စောင့်ကြည့်ဖို့ လူဦးရေ အနည်းဆုံးပဲသုံးမယ်၊ သူတို့ ခြောက်ယောက်စလုံး အစည်းအဝေးတက်မတက် သေချာပေါက် သိရရင်တော်ပြီ"

"ထားပါတော့၊ ဆက်သွယ်ရေး ကိရိယာတွေ လိုဦးမယ်၊ အဲဒါတွေ ဘယ်သူယူပေးမလဲ"

"ခင်ဗျားယူပေး"

"အိုကေ၊ ဒါပေမယ့် တိုက်ထဲကို အဲဒါတွေခိုးသွင်းဖို့ မလွယ်ဘူး"

"အဲဒါကတော့ ခင်ဗျားမပူနဲ့"

"ကောင်းပြီ၊ ဒီအလုပ်ကို ကျုပ်သိပ်သဘောမကျဘူး၊ ဒါပေမယ့် ခင်ဗျားဒီနည်းပဲလုပ်ချင်သပဆိုလဲ ကျုပ်တို့လူနှစ်ဆယ်နဲ့ ဖြစ်အောင် လုပ်ကြတာပေါ့"

"မှန်တယ်၊ ကျုပ် ဒီလိုပဲလုပ်ချင်တယ်"

"ဘာဖြစ်လို့ပါလိမ့်"

"ကျုပ်ရဲ့ အရင် အလုပ်တချို့မှာ ကျုပ်စိတ်တိုင်းကျ မလုပ်ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတချို့တွေ့ခဲ့ဖူးလို့ လူ့သဘော သဘာဝကို ကျုပ်အယုံအကြည်နည်းနေပြီ"

"ရယ်စရာကောင်းလိုက်တာ"

"အဲခုအလုပ်အတွက် တတ်နိုင်သမျှ ကျုပ် ကိုယ့်အားကိုယ်ကိုးပြီး လုပ်ချင်တယ်"

"ကျုပ်ကိုလဲ အားကိုးတယ်မဟုတ်လား၊ ခင်ဗျားအလုပ်က ကျုပ်အပေါ် အများကြီးမှုတည်နေတယ်နော်"

ဆောလ်က သူ့ကို စိုက်ကြည့်နေသည်။

စားပွဲထိုးမလေးက ငွေပြေစာရွက်ကို လာပေးသည်။

"ကျုပ်ရှင်းလိုက်ပါ့မယ်"

ဆောလ်ကပြောလိုက်သည်။

◆

( ၃ )

မြဝင်းနှင့်တိုက်အိမ်ကြီးမှာ တောင်ကြားဒေသတစ်ခုလုံးကို နေရာယူထား၏။ တိုက်မှာ သုံးထပ်တိုက်ဖြစ်ပြီး ရေကူးကန်၊ တင်းနစ်ကွင်း၊ စိမ်းစိုစိုမြက်ခင်းပြင်ကျယ်၊ အပန်းဖြေဥယျာဉ်ကဲသို့ သစ်တောအတွင်းမှ ဖြတ်သန်း၍ ဖောက်ထားသည့် မြင်းစီးရန် လမ်းကြောင်းများ၊ ဝမ်းဘဲများရှိသည့် ရေကန်တို့လည်း ပါရှိသည်။

ထိုခြံနှင့် မိုင်ဝက်ခန့်အကွာရှိ သစ်တောအုပ်အနီး တောင်ကုန်းပေါ်ရှိ မြက်တောထဲတွင် သူ ဝမ်းလျားမှောက်ကာ မှန်ပြောင်းနှင့် လှမ်းကြည့်လျက်ရှိသည်။

တိုက်အိမ်တွေရှေ့မှ အစောင့်များမသင်္ကာမဖြစ်မိစေရန် မိမိ မှန်ပြောင်းနေရောင်ထိ၍ ဖျပ်ခနဲ ရောင်ပြန်လက်မသွားအောင်လည်း သတိထား၍ ကိုင်ရသေးသည်။ သူ့ကျောပြင်ပေါ် ထိုးကျနေသော နေရောင်ခြည်ကြောင့် ပူနွေးနေသည်။

ကျောက်စရစ်ခဲခင်းထားသည့် ကားလမ်းပေါ်မှနေ၍ ခြံထဲရှိ တိုက်သို့ ချဉ်းကပ်သွားနေသော မော်တော်ကား တစ်စီးကြောင့် ဖုန်တွေ အလိပ်လိပ် ထက်သွားပုံကို သူမြင်နေရသည်။ တိုက်၏ ဘယ်ဘက်ရှိ ကားခြောက်စီးဆံ့သော ဂိုဒေါင်ရှေ့တွင် ဇိမ်ခံကားကြီး လေးစီးရပ်ထား၏။

ယခု မော်တော်ကားသည် အိမ်ရှေ့၌ ရပ်လိုက်ရာ သက်တော်စောင့်တစ်ဦးက ကားပေါ်မှ ဆင်းဆင်းချင်း ကားဆီသို့ ချဉ်းကပ်သွားသည်။

"သူ အဲဒီကို ရောက်လောက်ပြီ"

ဆောလ်နံဘေးတွင် ချထားသော ဝေါ်ကီတော်ကီမှ အသံထွက်လာသည်။ အသံရှင်ကား ဘယ်တီမိုးမြို့၌ သူတွေ့ဆုံခဲ့သော နှုတ်ခမ်းမွှေးနှင့်လူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေါ်ကီတော်ကီကို အသုံးပြုရန်အတွက် လူသုံးနည်းသည့် အသံလှိုင်းကို ရွေးချယ်ထားပြီးဖြစ်သည်။ သို့တစေ မိမိတို့ ပြောဆိုချက်များကို မတော်တဆ မဆိုင်သူ တစ်ဦးဦးက ကြားသွားမှာ စိုးသဖြင့် အသံဖျက်ကိရိယာကိုပါ တပ်ဆင်ထားခဲ့ရသည်။

မိမိတို့အချင်းချင်း နဂိုအတိုင်း ကြားနိုင်သော်လည်း မဆိုင်သူများ ခိုးနားထောင်လျှင် လျှပ်စစ်အသံများသာ ကြားရလိမ့်မည်။ သို့မဟုတ်ပါက မိမိတို့သုံးနေသည့် အသံလှိုင်းမီတာကို ချိန်ပြီး သံဖျက်ကိရိယာတစ်ခု ပါရှိသူ တစ်ဦးကသာလျှင် အနှောင့်အယှက်မရှိ ပီပီသသ ကြားနိုင်ပေလိမ့်မည်။

"အဲဒါ နောက်ဆုံးလူပဲ၊ ကိုယ့်လူ ဟုတ်မဟုတ် သေသေချာချာစစ်ကြည့်၊ အဲဒီအိမ်ရှင်ပါ ထည့်တွက်ရင် အားလုံး ခြောက်ယောက်ပြည့်ပြီ"

နှုတ်ခမ်းမွေးက လှမ်းပြောသည်။

ဆောလ်က စကားပြောခလုပ်ကိုနှိပ်၍

"ကဲ ကျုပ်ဆက်လုပ်လိုက်မယ်၊ ခင်ဗျား ပြန်တော့"

သူက တယ်လီစကုပ်မှန်ပြောင်းဖြင့် အိမ်ကို ကြည့်လိုက်သည်။ ညသည်က အိမ်ထဲဝင်သွားပြီး ၄င်း၏ ကားကြီးမှာ ဂိုဒေါင်ရှေ့အခြားကားများနှင့် ခဏတွင် သွားရပ်တော့မည်။

ဆောလ်က လက်ပတ်နာရီကိုကြည့်လိုက်သည်။

အားလုံး အစီအစဉ်အတိုင်း အတိအကျဖြစ်နေသည်။

ဤခြံဝင်းကို ယခုအခါ အစောင့် တင်းကျပ်စွာ ချထားသော်လည်း ယခင်တစ်ပတ်ကတော့ အစောင့်သုံးဦးသာရှိနေခဲ့သည်။ ဂိတ်ဝမှာတစ်ယောက်၊ ခြံဝင်းထဲ ကင်းလှည့်သူ တစ်ယောက်နှင့် အိမ်ရှေ့တွင်စောင့်သူ တစ်ယောက်သာဖြစ်သည်။

စတားလိုက် တယ်လီစကုပ်ကို အသုံးပြု၍ ခြံကို သုံးညဆက်တိုက် အကဲခတ်လေ့လာခဲ့ပြီးပြီ။ အစောင့်များ၏ တာဝန်ချိန်ဇယားကို မှတ်သားထားခဲ့သည်။ ဘယ်အချိန် ဂျူတီချိန်းသလဲ၊ ဘယ်အချိန်မှာ ပေါ့ပေါ့ပေါ့ဆ နေတတ်သလဲဆိုတာ ဆောလ်သိရ၏။

မနက် ၄ နာရီတွင် ခြံဝင်းထဲ ခိုးဝင်ဖို့ အကောင်းဆုံး ဖြစ်သည်ဟု သူဆုံးဖြတ်ခဲ့သည်။

ဆောလ်သည် မှောင်ထဲတွင် သစ်တောထဲမှ ဖြတ်ကာ ခြံနောက်ဘက်သို့ ချဉ်းကပ်သွားခဲ့၏။ မနက် ၄ နာရီတိတိတွင် ဆောလ်အဖွဲ့သား နှစ်ယောက်က ကားပြိုင်ပွဲ ဝင်မောင်းသကဲ့သို့ မော်တော်ကား အစုတ်နှစ်စီးကို ဆူညံစွာ





တရကြမ်းမောင်း၍ ဂိတ်ဝသို့ ချဉ်းကပ်လာခဲ့သည်။

အစောင့်များ အာရုံပြောင်းသွားစဉ် ဆောလ်က သံတံခါးကြီးကို စတ်ထားသည့် သော့ကို ဖျက်ကာ မြေအောက်ခန်းသို့ ဆင်းသည်။

သူ့ခိုးဖမ်း အချက်ပေး ကိရိယာများ အသံမြည်မှုကို ဆောလ်မစိုးရိမ်ပါ။ အိမ်ကိုစောင့်ရန် တာဝန်ကျသည့် အစောင့်သည် အိမ်ထဲဝင်တိုင်း အချက်ပေးခလုတ်ကို ဘယ်တော့မှ ပိတ်လေ့မရှိကြောင်း ဆောလ်သတိထားမိခဲ့ပြီးသားဖြစ်သည်။

မြေအောက်ခန်းတွင် လက်နှိပ်ဓာတ်မီးငယ်ကို အသုံးပြုကာ မီးဖိုဖိုက်လိုင်းတစ်လိုင်းအတွင်း ပလတ်စတစ်ဗုံးကို ထိုးထည့်၍ ရေဒီယို အသံလှိုင်းဖြင့် ဖောက်ခွဲရမည့် စနက်တံကိရိယာလေးကို ပူးတွဲတပ်ဆင်ပေးလိုက်သည်။

နောက်နှစ်ရက်အကြာ၌ လုံခြုံရေးအဖွဲ့ အင်အားအပြည့်ရောက်လာပြီး ခြံဝင်းတစ်ခုလုံးကို အလုံပိတ်ဆို့လိုက်ကြသည်။

အိမ်ကို မြေလှန်ရှာကြလျှင် ဗုံးကို တွေ့သွားကြလိမ့်မည်။ သို့သော် ဆောလ်မြင်ရသမျှတော့ ရုတ်ရုတ်သဲသဲမတွေ့ရ။ အစောင့်များသည် ခြံဝင်းပတ် ပတ်လည်လုံခြုံရေးကိုသာ အထူး အာရုံစိုက်နေကြပုံရ၏။

ပလတ်စတစ်ဗုံး ရှိပါဦးမလားဆိုတာကိုတော့ မကြာခင် သူသိရလိမ့်မည်။

လက်ပတ်နာရီကို သူကြည့်လိုက်ပြန်သည်။ မိနစ်နှစ်ဆယ်ရှိသွားပြီ မားစေချိုင့်ကလေးနှင့် ကိုနှုတ်ခမ်းမွေးတစ်ယောက်တော့ လွတ်သွားလောက်ပြီ။

ဝေါ်ကီတော်ကီနှင့် မှန်ပြောင်းကို ကျောပိုးအိတ်ထဲ ထည့်သိမ်းပြီး မိမိရှေ့တည့်တည့်ရှိ မြက်ပင်လေးတစ်ပင်ကို စူးစိုက်ကြည့်နေမိသည်။

သူ့အာရုံထဲမှာ ထိုမြက်ပင်လေးမှလွဲ၍ ဘာမျှ မရှိတော့။ ခံစားချက်ကင်းမဲ့ပြီး ပကတိ တည်ငြိမ်မှုကို သူရရှိသောအခါ ရေဒီယို အသံလွှင့်စက်ကလေးကို ကောက်ယူပြီး ခလုတ်ကို နှိပ်ချလိုက်သည်။

တိုက်အိမ်ကြီးမှာ အောက်ခြေမှနေ၍ အထက်သို့ ပွင့်အန်ပေါက်ကွဲသွားသည်။ နံရံများ အစိတ်စိတ်အမွှာမွှာဖြစ်သွား၏။ အုတ်ခဲကျိုးများ၊ ကြမ်းခင်းတစများ လွှင့်စဉ်ထွက်ကုန်သည်။ ခေါင်းမိုးကျွံကျပြီး ဖုန်များထကာ တစ်အိမ်လုံး မီးစွဲလောင်သွားသည်။

ဗုံးပေါက်ကွဲမှုကြောင့် တုန်ခါမှုလှိုင်းများက ဆောလ်ရှိရာအထိ ရိုက်ခတ်သွားသည်။ သူက ဂရုမစိုက်ဘဲ ရေဒီယိုစက်ကို ကျောပိုးအိတ်ထဲ ထိုးထည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

မိုးချုန်းသံလို အသံကြီးကို ကြားရသော်လည်း သူ လှည့်မကြည့်အား။

တောင်ကုန်းကိုကျော်၍ခိုင်းထွက်ပြေးရင်း ရေမှော်ပင်များ ဖုံးအုပ်နေသည့် လမ်းပေါ်၌ ရပ်ထားသော မော်တော်ကားတစ်စီးဆီ ဦးတည်ချဉ်းကပ်သွားလျက်ရှိသည်။

ကားသက်တမ်းက ရှစ်နှစ်ရှိပြီ။ သယ်ယူပို့ဆောင်ရေးတာဝန်ကျသော မိမိအဖွဲ့ဝင်တစ်ဦးက ဘာလ်တီမိုးမြို့သတင်းစာ ကြော်ငြာဖတ်ပြီး နာမည်တု အသုံးပြုကာ ငွေသားဖြင့် ပေးချေ ဝယ်ယူခဲ့ခြင်းဖြစ်သည်။

မည်သူမျှ မိမိထံသို့ ခြေရာခံလိုက်လို့ရမည်မဟုတ်။

သတ်မှတ်မိုင်နှုန်း မကျော်အောင် သူ စိတ်တည်ငြိမ်စွာဖြင့် ကား မောင်းသွားသည်။ သူ့အဖေခိုင်းသည့်အတိုင်း လုပ်ပေးနိုင်ခဲ့သည့်တိုင် သူ ကျေနပ်အားရခြင်းမရှိချေ။

◆

# ( ၈ )

## ပေါက်ကွဲမှုကြောင့် လူခြောက်ဦးသေဆုံးခြင်း

ကော်စတီဂန်မြို့၊ ဗာကိုးနီးယားပြည်နယ်။

ကြာသပတေးနေ့ညက အမေရိကန်သမ္မတကြီး၏ စွမ်းအင်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ရေနံသူဌေးကြီးအင်ဒရူးဆော့ဂ်၏ ခြံဝင်းအတွင်း၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခြင်းကြောင့် ၎င်း၏ နေအိမ်တစ်ခုလုံး ပျက်စီးသွားခဲ့သည်။ ၎င်း ပေါက်ကွဲမှုကြောင့် ဆော့ဂ်နှင့် အမည်မသိ ဧည့်သည်ငါးဦး ပွဲချင်းပြီး သေဆုံးသွားသည်။

၎င်းတို့ငါးဦးမှာ မကြာသေးမီက ဆော့ဂ်တည်ထောင်ခဲ့သော 'ပါရာဒိုင်ဖောင်ဒေးရှင်း'အဖွဲ့အစည်းကြီး၏ အဖွဲ့ဝင်များအဖြစ်ပါဝင်သည့် ရေနံ အမေရိကန်ကော်ပိုရေးရှင်းကြီးများ၏ ကိုယ်စားလှယ်ကြီးများ ဖြစ်နိုင်ဖွယ်ရာ ရှိကြောင်း အထက်တန်းလွှာ အသိုက်အဝန်းမှ ထင်ကြေးပေးကြသည်။

'ဒီကိစ္စနဲ့ပတ်သက်ပြီး မစ္စတာဆော့ဂ်ရဲ့ မိသားစုက ဘာမှ ဖွင့်ပြောလိုတဲ့ဆန္ဒ မရှိကြပါဘူး၊ ကျွန်တော်တို့သိရသလောက်တော့ မစ္စတာဆော့ဂ်ဟာ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးပြဿနာကိုဖြေရှင်းနိုင်ဖို့အတွက် စက်မှုလုပ်ငန်းဆိုင်ရာ အစည်းအဝေးမျိုးကို ကျင်းပနေခဲ့ပုံရပါတယ်၊ သမ္မတကြီးကတော့ အင်မတန်မှ တုန်လှုပ်အံ့ဩနေပါတယ်၊ သူ့အဖို့ အယုံကြည်ရဆုံး အကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်သလို အခင်မင်ဆုံး မိတ်ဆွေတစ်ဦးကိုပါ ဆုံးရှုံးသွားရသလိုပါပဲ'

ဟု သတင်းစာရှင်းပွဲတစ်ခု၌ အက်ဖ်ဘီအိုင်အဖွဲ့ဝင်တစ်ဦးက ပြောသွားသည်။

ပေါက်ကွဲမှုဖြစ်ပွားချိန်၌ ဆော့ဂ်မိသားစုမှာ ၎င်းနေအိမ်၌ ရှိမနေခဲ့ကြချေ။ ၎င်း၏အစောင့်အကြပ်အတော်များများမှာ ပျက်စီးသွားသောတိုက်၏ အပိုင်းအစများ လွင့်စဉ်ထိမှန်ခြင်းခံရပြီး ဒဏ်ရာများရရှိသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းစစ်ဆေးသူများသည် ပေါက်ကွဲမှုဖြစ်ပွားခြင်း၏ အကြောင်းရင်းကို ရှင်းတိုက်အိမ်ပျက်တစ်ဝိုက်၌ ဆက်လက်ရှာဖွေစုံစမ်းနေကြဆဲ ဖြစ်သည်။

◆

( ၉ )

ဆောလ်က သတင်းစာမျက်နှာဖုံးသတင်းကို တစ်ခေါက်ပြန်ဖတ်ပြီး သတင်းစာကို ခေါက်သိမ်းကာ ကုလားထိုင်ကိုပြန်လည်ကျောမှီချလိုက်သည်။

ကော့တေးလ်အရက်ဆိုင်မှ ရင်ထွားထွား၊ တင်ကားကားနှင့် စားပွဲထိုးမလေးတစ်ယောက်က သူ့စားပွဲနားမှ ဖြတ်လျှောက်သွားသည်။ သူက ဆူညံနေသော ကာဆီနိုခန်းမကြီးကိုဖြတ်၍ ညှို့ခန်းဆောင်ကြီးထဲ၌ စန္ဒရားတီးနေသော စန္ဒရားဆရာဆီကို လှမ်းကြည့်နေရာမှ ဖဲဝိုင်းများတွင် ဖဲရိုက်နေသူများအား အကဲခတ်နေသည့် လောင်းကစားဝိုင်း ကြီးကြပ်သူဆီ အာရုံပြောင်းလိုက်သည်။

ဆောလ်စိတ်တဲ နိုးလိုးခွလု ဖြစ်နေသည်။ မျက်မှောင်ကုတ်ရင်း ကိုယ့်ဘာသာကိုယ် ပြန်ဆန်းစစ်လိုက်၏။

အလုပ်က ချောချောမောမော အောင်မြင်ခဲ့ပြီ။ အထစ်အငေါ့မရှိ ထွက်ပြေးလွတ်မြောက်ခဲ့၏။ ဝါရှင်တန်မြို့တော်ရှိ ဧရာမကုန်ပဒေသာတိုက်ကြီးတစ်ခုရှေ့တွင် ကားကိုရပ်ထားခဲ့ပြီး အက်လန်တာစ်စီးတီးသို့ ဘတ်စ်ကားစီးသွားသည်။

မိမိနောက် ရှဒိုးလိုက်လာသူ မရှိသည်မှာလည်း သေချာသည်။

နို့၊ ဘာလို့ သူ စိုးရိမ်နေရသလဲ။

လောင်းကစားစက်များမှ အသံဗလံများ မြည်နေစဉ် သူ မျက်မှောင်ကြုတ်နေဆဲ။

အဲလိယော့က ဗုံးနှင့်ခွဲခိုင်းခဲ့၏။ သို့သော် သည်နည်းမှသုံးဘဲ လုပ်လို့ရမှန်း ဆောလ်သိသည်။ ဤ အစည်းအဝေးသို့မလာမီ ထိုလူခြောက်ယောက်အား အမေရိကန်နိုင်ငံရှိ အခြားမြို့များတွင် သွေးရိုးသားရိုးနည်းများဖြင့် ဘာသီးတခြားစီ အလျှိုလျှိုသေဆုံးကုန်အောင်လုပ်လျှင် ရသည်မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးရောဂါ၊ လေသင်တုန်းရောဂါ၊ သွေးကြောင်းကြွခြင်း၊ ကားတိုက်မှု စသဖြင့် နည်းအမျိုးမျိုးကို သုံးနိုင်သည်။ ၎င်းတို့အတွင်း လူများကတော့ ရိုပ်မိကြမည်။ ဘာ အဓိပ္ပာယ်လဲဆိုတာ သဘောပေါက်ကြမည်။ သို့သော် သတင်းစာများမှာ ပါမည်မဟုတ်။ လူသိရှင်ကြားမဖြစ်နိုင်။

သို့ဆိုလျှင် ဤအလုပ်ကို လုပ်ခိုင်းခြင်းမှာ အများပြည်သူသိအောင် လုပ်ချင်လို့ပဲ ဖြစ်ရမည်ဟု ဆောလ် ကောက်ချက်ဆွဲမိသည်။

'ဘာလို့လဲ'

ဆောလ် စိတ်ထဲ ဘဝင်မကျ။ လူသိရှင်ကြား လုပ်ခြင်းသည် သူ့အား လေ့ကျင့်သင်ကြားပေးသော ပညာရပ်၏ ယုတ္တိဗေဒနှင့် ဆန့်ကျင်နေသည်။ အဲလီယော့သည် သိမ်မွေ့နူးညံ့မှုကို တောင်းဆိုလေ့ရှိသူဖြစ်၏။

ဘာကြောင့် အဲလီယော့ ရုတ်တရက်ပြောင်းလဲသွားသလဲ။

ဆောလ် ဘဝင်မကျတာ နောက်တစ်ခု ရှိသေးသည်။ မိမိ ယခု ရောက်ရှိနေသည့်အရပ်ဒေသနှင့် ပတ်သက်သည်။

အက်လန်တစ်စီးတီး။

အလုပ်တစ်ခုပြီးတိုင်း ကြိုတင်ရွေးချယ်ထားသည့် ကြားနယ်မြေတစ်ခုခုသို့ သူသွားလေ့ရှိ၏။ ယခုကိစ္စတွင် ဝါရှင်တန်ရှိ အားကစားရုံတစ်ခုအတွင်းမှ သံဗီရိုတစ်လုံးကို သွားဖွင့်ကာ မိမိကိုယ်ရောင်ဖျောက်နေရမည့်နေရာနှင့်ပတ်သက်၍ ညွှန်ကြားချက်နှင့်သုံးရန် ငွေစက္ကူများကို ထုတ်ယူခဲ့ရသည်။

ဆောလ်ကြိုက်တတ်သောနေရာဒေသများကို အဲလီယော့သိ၏။ အထူးသဖြင့် ဝိုင်ယိုမင်းနှင့် ကော်လိုရာဒို ပြည်နယ်ကဲ့သို့ တောင်တန်းဒေသမျိုးကို ကြိုက်သည်။ ထို့ကြောင့် အဲလီယော့သည် ဆောလ်အား အမြဲတမ်းအလိုလိုက်ခဲ့သည်။

ဒါဖြင့် ဘာကြောင့် သူ့ကို အက်လန်တစ်စီးတီးသို့လွှတ်လိုက်ရသလဲ။ ဒီမြို့ကို သူတစ်ခါမှမရောက်ဖူးသေး။ သူက လူအုပ်တွေကြားမှာ မနေတတ်။

စကီးစီးချင်လွန်း၍သာ လူတွေကြားမှာ အောင့်အည်းသည်းခံပြီး သူရောနေလေ့ရှိသည်။ သည်မှာတော့ လူတွေက ခြင်တွေယင်တွေလို အုံခဲနေသည်မဟုတ်လား။

တစ်ခုခုတော့ မှားပြီ။

ဗုံးတွေဖောက်ခိုင်းခြင်း၊ အက်လန်တစ်စီးတီးကို သွားခိုင်းခြင်းတို့သည် အစဉ်အလာကို ပြောင်းကျကျ ချိုးဖောက်ခြင်းဖြစ်သည်။

ရှူးလက်ကစားဝိုင်းမှ ဘောလုံးလေးက တချောက်ချောက် မြည်





နေသည်။

ဆောလ် လက်ဝါးတွေယားနေ၏။ ကော့တေးလ်ဘားခန်းထဲမှ ထွက်ပြီး ဖဲဝိုင်းသို့သွားသည်။

လူစုလူဝေးကြားမှာ သူမနေချင်။ သိပ်မုန်းသည်။ သို့သော် အားကစားရုံထဲက သံဗီရိုအတွင်းမှ ဒေါ်လာနှစ်ထောင်နှင့်အတူ ဖဲရိုက်ဖို့အမိန့်ကိုပါ တွေ့ရှိခဲ့သည်။

ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်ထိုင်ပြီး ဒေါ်လာငါးရာဖိုး တိုကင်များ ဝယ်ယူလိုက်၏။

ဒေါ်လာနှစ်ဆယ်တန် ဘိုကင်တစ်ပြားကို လောင်းကြေးအဖြစ် ချပေးလိုက်သည်။ ကင်းနှင့်ကွင်း တစ်ချပ်စီရသည်။

ဒိုင် စားသွား၏။

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၀ )

'အလကား ခွေးသူတောင်းစားတွေ'

သမ္မတကြီးက သူ့လက်ဝါးကို လက်သီးနှင့် ဖြန်းခနဲထိုးရင်း ရေရွတ်လိုက်သည်။

သူ မအိပ်ရသေး။ လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုထက် ပို၍ တုန်လှုပ်ချောက်ချားစရာကောင်းသည့် သတင်းများကြောင့် ချက်ချင်း သူ ရုပ်ကျသွားသည်။

ပင်ပန်းနွမ်းနယ်မှုကြောင့် တစ်ကိုယ်လုံး တုန်ခါနေသည်။ မျက်နှာမှာ ဖမ်းနည်းကြေကွဲမှုနှင့် အမျက်ဒေါသတို့ ရောပြွမ်းဖုံးလွှမ်းနေသည်။

'ကျုပ် သူငယ်ချင်းကို သတ်တဲ့ကောင်ကို လိုချင်တယ်၊ အဲဒီ ခွေးမသားတွေကို ကျုပ် . . .'

သမ္မတကြီး စကားပြတ်သွား၏။

သူ့အရင် သမ္မတများကဲ့သို့မဟုတ်ဘဲ နှုတ်ဆိတ်ခြင်း၏ တန်ဖိုးကို သူ ကောင်းကောင်း နားလည်ထားသည်။

သူမပြောသောစကားကိုသုံး၍ သူ့ကို မည်သို့မျှ ပြန် အရေးယူစွပ်စွဲလို့မရနိုင်။ သူ၏အဲဥပုံ ရုံးခန်းကျယ်ကြီးအတွင်း၌ သူပြောသမျှစကားများကို အသံဖမ်းထားသော တိပ်ခွေများကို မီးတွယ်ပွားလျက်ရှိကြောင်း သမ္မတကြီးသိပါ့မလားဟု အဲလီယော့ တွေးမိသည်။

အဲလီယော့အား၌ စီအိုင်အေ ညွှန်ကြားရေးမှူးချုပ် ထိုင်နေ၏။

'ကေဂျီဘီက ကျွန်တော်တို့ကို ချက်ချင်း ဆက်သွယ်ပါတယ်၊ အဲဒီကိစ္စဟာ သူတို့နဲ့လုံးဝမဆိုင်ဘူးလို့ အပြတ်ငြင်းလိုက်တယ်'

'သူတို့မငြင်းဘဲ ဘယ်နေမှာလဲ'

သမ္မတကြီးက ပြောသည်။





'ဒါပေမယ့် ကျွန်တော် သူတို့ကိုယုံတယ်၊ ဒီကိစ္စက သိပ်ပြီး စိတ်လှုပ်ရှားစရာ ကောင်းလွန်းတယ်၊ သူတို့ ဒီပုံစံမျိုး လုပ်လေ့မရှိဘူး'

'သူတို့က ကျုပ်တို့ အဲဒီလိုထင်အောင် တမင်လုပ်တာ၊ ကျုပ်တို့ မျက်စိလည်အောင်လို့ သူတို့နည်းဗျူဟာတွေကို ပြောင်းလိုက်ကြပြီ'

'ကျွန်တော်တော့ အဲဒီလိုမထင်ပါဘူး သမ္မတကြီးခင်ဗျာ၊ ဆိုဗီယက်တွေဟာ ကျွန်တော်တို့အနေနဲ့ ဂျူးတွေကို မျက်နှာလွှဲပြီး အာရပ်တွေကို မျက်နှာသာပေးတဲ့ အခွင့်အလယ်ပိုင်းမူဝါဒ အပြောင်းအလဲကို သိပ်မကြိုက်ကြပါဘူး၊ ဆိုဗီယက်တွေဟာ ကျွန်တော်တို့ရဲ့အစွန်းရောက်လိုက်မှုကိုပဲ သဘောတူကြပါတယ်၊ ဒါကိုအသုံးချပြီး အာရပ်တွေကို ကျွန်တော်တို့နဲ့ ရန်တိုက်ပေးခဲ့ကြတာပဲ၊ အခု ကျွန်တော်တို့က သူတို့လုပ်တဲ့အတိုင်း လုပ်နေကြပြီ၊ အဲဒီတော့ သူတို့ စိတ်ဆိုးသွားတယ်'

စီအိုင်အေညွှန်မှူးက ရှင်းပြသည်။

'အဲဒီတော့ သူတို့ကြားဝင်ရှုပ်ဖို့ အကြောင်းပြစရာရတာပေါ့လေ၊ အာရပ်တွေနဲ့ ကျုပ်တို့ သဘောတူချက်က ကျုပ်တို့က အစ္စရေးကို ဥပေက္ခာပြုလိုက်ရင် အာရပ်တွေက ကျုပ်တို့ကို ရေနံတွေ ဈေးပေါပေါနဲ့ရောင်းမယ်။

' . . . ပါရာဒင်ဖောင်ဒေးရှင်းကို ဖွဲ့စည်းတဲ့ ရည်ရွယ်ချက်က အာရပ်တွေနဲ့ ကျုပ်တို့ညှိနှိုင်းဆွေးနွေးမှုတွေကို ဖန်တီးပေးဖို့ပဲ၊ အစိုးရအချင်းချင်း အခပေးတယူ လုပ်မယ့်အစား စီးပွားရေးလုပ်ငန်းရှင်တွေကို အစားထိုးလုပ်ခိုင်းတဲ့ နည်းပဲ၊ ပါရာဒင်ဖောင်ဒေးရှင်းကို ဖျက်ဆီးလိုက်ရင် အဲဒီညှိနှိုင်းမှုတွေပါ ပျက်စီးကုန်မှာပဲ၊ ဒီကိစ္စတွေပြန်မပေါ်ဖို့ ကျုပ်တို့ကို ခင်ဗျား ကြိုတင်သတိပေးဖူးသားပဲ'

'ဟုတ်ပါတယ်၊ ဒါဟာ သိပ်အစီပွာယ်ရှိတယ်၊ ရုရှတွေဟာ ကျွန်တော်တို့က သူတို့အပေါ် အပြစ်ပုံချမယ်ဆိုတာ သိပြီးသား၊ သူတို့ ကြားဝင်ရှုပ်ချင်ရင် အစကတည်းက သူတို့ခြေရာမထင်အောင် ဖုံးဖိဖျောက်ဖျက်ခဲ့ကြမှာပါ၊ သူတို့ ဒီလောက်မညံ့ပါဘူး'

ညွှန်မှူးက ပြောသည်။

'ကဲ ဒါဖြင့် တရားခံဘယ်သူလဲ၊ အင်ဒရူးရဲ့ လက်မောင်းပြတ်တစ်ဖက်ကို သူ့အိမ်နဲ့ မိုင်ဝက်လောက်အကွာမှာ အက်ဖ်ဘီအိုင်က ကောက်ရခဲ့သတဲ့၊ တရားခံအပေါ် ကျုပ် လက်စားချေချင်တယ်၊ ဘယ်သူလဲ ပြောစမ်း၊ ကဂျီဘီလား၊ ကတ်စထရိုလား'

'ကျွန်တော်တော့ သိပ်မထင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ညွန့်မှူးကပြောရာ အဲလီယော့က

'ကျွန်တော်တို့လုပ်တာပါ'

ဟု ပြောလိုက်သည်။

အဲလီယော့သည် သင့်တော်မည့် အချိန်ကိုစောင့်ရင်း နှုတ်ဆိတ်နေခဲ့၏။

သမ္မတကြီး ၎င်းဘက်သို့ မှင်တက်မိစွာဖြင့် လှည့်ကြည့်ပြီး

'တျုပ်တို့ . . . ဘာလုပ်တယ်'

'သွယ်ဝိုက်တဲ့နည်းအားဖြင့် ကျွန်တော်တို့ လုပ်လိုက်တာပါပဲ၊ ကျွန်တော်တို့ လူတစ်ယောက်ရဲ့ လက်ချက်ပေါ့လေ၊ အဲ . . . ဒါပေမယ့် သူ့ကို တရားဝင် ခွင့်ပြုချက်မပေးခဲ့ပါဘူး'

'တုရားရေ'

'ကျွန်တော်တို့ အဲဒီကိစ္စကို မမျှော်လင့်ဘဲ မတော်တဆ သိခဲ့ရပါတယ်'

အဲလီယော့၏ အထက်လူကြီးဖြစ်သူ စီအိုင်အေ ညွှန်မှူးကလည်း ၎င်းအား စူးစိုက်ကြည့်လိုက်သည်။

'ခင်ဗျား တျုပ်ကို အဲဒါမပြောပါလား'

'ကျွန်တော် ပြောခွင့်မရလိုက်လို့ပါ၊ အဲဒီကိစ္စကို အခုအစည်းအဝေး တက်ခါနီးကျမှ ကပ်ပြီး ကျွန်တော်တို့သိခဲ့ရလို့ပါ ဒီလူကို ကျွန်တော်တို့ စောင့်ကြည့်နေတာ အတော်ကြာပြီ၊ သူဟာ သူ့ရဲ့တာဝန်တွေကို တလွဲတချော်လုပ်ပစ်ခဲ့ပါတယ်၊ သူဟာ အမှားအယွင်းတွေချည်းလုပ်နေတယ်၊ သူ့ကိုထုတ်ပစ်ဖို့ ကျွန်တော်တို့ စဉ်းစားနေတယ်၊ အဲဒီပေါက်ကွဲမှုမဖြစ်ခင်ရက်သတ္တသုံးပတ်လောက်အလိုက သူခြေရာပျောက်သွားခဲ့တယ်၊ ဒီနေ့ သူ ပြန်ပေါ်လာတယ်။ သူ့ရဲ့ လှုပ်ရှားမှုအားလုံးကို ကျွန်တော်တို့ နောက်ကြောင်းပြန် ခြေရာခံလိုက်လို့ ရခဲ့ပါတယ်၊ ပေါက်ကွဲမှုဖြစ်ချိန်မှာ သူဟာ အဲဒီအနီးအနားမှာ ရှိနေခဲ့ပါတယ်'

သမ္မတကြီးမျက်နှာ သွေးဖျော့သွား၏။

'ဆက်ပြောပါဦး'

'အခု သူ့ကို အက်လန်တစ်စီးတီးမှာ စောင့်ကြည့်နေကြပါတယ်၊ သူ ပိုက်ဆံအတော်ပေါနေပုံရတယ်၊ အခု သူ ဖဲဝိုင်းမှာ ရှုံးနေတယ်'

'သူ အဲဒီပိုက်ဆံတွေ ဘယ်ကရသလဲ'

သမ္မတကြီးက မျက်မှောင်ကုတ်၍ မေးလိုက်သည်။

'သူဟာ ဂျူးတစ်ယောက်ပါ၊ သူ့ကို ကျွန်တော်တို့ သင်တန်းပေးတော့ မော့ဆတ်ဒ် အဖွဲ့ကြီးက ကူညီခဲ့တယ်၊ သူဟာ အကောင်းကြိုက်သူဖြစ်ပြီးသူ့ကို





ကျွန်တော်တို့ အလုပ်ထုတ်ပစ်လိုက်ရင် သူ အဲဒီလို အထက်တန်းကျကျနေနိုင်တော့မှာမဟုတ်ဘူး၊ သူ့ကို အစ္စရေးတွေက ငွေပေးပြီး သစ္စာဖောက်ခိုင်းလိုက်တယ်လို့ ကျွန်တော်တို့ ယူဆထားပါတယ်'

'အဲဒါတော့ ဖြစ်နိုင်တယ်'

ညွှန်မှူးက မျက်နှာပုပ်သိုးလျက်ပြောသည်။

သမ္မတကြီးက လက်သီးဆုပ်ပြီး

'ဒါပေမယ့် ခင်ဗျား သက်သေပြနိုင်မလား၊ အစ္စရေးအစိုးရကို ရန်တွေ့ဖို့ ခင်ဗျား အထောက်အထားတစ်ခုခု ပေးနိုင်ပါ့မလား'

'ကျွန်တော် သူနဲ့စကားပြောရဦးမယ်၊ သူနဲ့စကားပြောဖို့ နည်းတွေရှိပါတယ်'

'ပြီးရင် နှစ်ဖက်လွှသူလျှိုတွေကိုဆုံးမဖို့ ကျုပ်တို့မှာ လုပ်ထုံးလုပ်နည်းတွေကောရှိရဲ့လား'

သမ္မတကြီးက ဝိနည်းလွတ်အောင်ပြောလိုက်၏။ သူ ပြောသော စကားလုံးများကို ဖမ်းယူလျက်ရှိသည့် တိပ်ခွေများကို တစ်ပြိုင်တည်း မိတ္တူပွားထားကြောင်း ၎င်းသိနေလေသလားဟု အဲလီယော့တွေးမိပြန်လေသည်။

အဲလီယော့က အကင်းပါးစွာဖြင့် ခေါင်းညိတ်ပြပြီး

'အဲဒီ လုပ်ထုံးလုပ်နည်းတွေကို ခင်ဗျား အသုံးချစေချင်တယ်၊ အခု တော့ ထူးမှာမဟုတ်ဘူး၊ ဒါပေမယ့် ကျုပ်ဘဝင်ကျအောင် မေးစမ်းပါရစေ၊ သူ့နာမည်ဘယ်လိုခေါ်သလဲ'

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၁ )

ဟော်တယ်ကဖေးဆိုင်အတွင်း စားသောက်ခန်းမှ ထွက်မည်အပြု လူအုပ်ထဲမှ လူတစ်ယောက်က ဆတ်ခနဲလှည့်ပြီး ဆန့်ကျင်ဘက်သို့ လျှောက်သွားသည်ကို ဆောလ်မြင်လိုက်သည်။

မေးရှေ့ချွန်ချွန်လေးနှင့် နှုတ်ခမ်းမွေးပါသောလူတစ်ယောက်ဖြစ်၏။

နောက်ကကြည့်သောအခါ ထိုလူ၏ ပိန်သွယ်သောကိုယ်လုံးမှာလည်း အတူတူဖြစ်သည်။ ၎င်း၏ ဆံပင်အရောင်နှင့် ဆံပင်ပုံစံမှာလည်း အတူတူ။ ၎င်းကား ဘလ်လ်တီမိုးမြို့၌ တွေ့ဆုံခဲ့ရသော လူပင်ဖြစ်သည်။

ဆောလ်၏အလုပ်ကို ပါဝင်ကူညီခဲ့သောသူပါပဲ။

ဆောလ်၏ကြွက်သားများ တင်းမာသွား၏။ မိမိ လူမှားတာပဲဖြစ်သင့်သည်။

အလုပ်တစ်ခုပြီးလို့ အဖွဲ့ဝင်များ လူစုခွဲကြသည့်အခါ အေဂျင်စီ (စီအိုင်အေ)သည် ရှောင်စရာနေရာတစ်ခုတည်းသို့ အဖွဲ့သားနှစ်ဦးကို အတူစေလွှတ်ရိုး ထုံးစံမရှိ။ အန္တရာယ်ကင်းစေရန်အတွက် အဖွဲ့သားများသည် ဘယ်တော့မှ တစ်ယောက်ကိုတစ်ယောက် ပြန်တွေ့ခွင့်မရှိ။ မည်သည့်နည်းနှင့်မျှလည်း အဆက်အသွယ်မလုပ်ရ။

သို့ဆိုလျှင် ကိုနှုတ်ခမ်းမွေးတစ်ယောက် ဒီမှာ ဘာလာလုပ်နေပါလိမ့်။

စိတ်အေးအေးထားစမ်း၊ မင်းအမှားတစ်ခုလုပ်မိပြီ။ ဒီလူနောက်က လိုက်သွားပြီး သေသေချာချာကြည့်ဦး။ ကျေနပ်အောင် စစ်ဆေးပါဦး။

ဆောလ် ကိုယ့်ကိုယ်ကိုယ် သတိပေးသည်။

နှုတ်ခမ်းမွေးသည် လူအုပ်နှင့်ရောလိုက်ပြီး စကြံလမ်းမှ ဖြတ်ကာ တံခါးတစ်ချပ်တွန်းဖွင့်၍ ဝင်သွားသည်။ ဆောလ်သည် မိန်းမတစ်ယောက်ကို ရှောင်ကာ ဟောင်းကစားစက်များတန်းစီထားသည့်ကြားမှ ဖြတ်သွားသည်။





ထိုလူကိုမြင်ရစဉ်က အခိုက်အတန့်ကို အာရုံထဲ၌ သူ ပြန်ဖော်မိသည်။ ၎င်းက ရုတ်တရက် လှည့်ထွက်သွားပုံမှာ တစ်စုံတစ်ခုမေ့ကျန်ခဲ့သည့် ဟန်ပန်မျိုးဖြစ်သည်။ ဟုတ်ချင်လည်းဟုတ်မည်။

သို့မဟုတ်လည်း ဆောလ်မှတ်မိသွားမှာ စိုးလို့ ၎င်းက မျက်နှာလွှဲပစ်လိုက်ခြင်းများလား။

ဆောလ်က တံခါးကိုဆွဲဖွင့်လိုက်ရာ လူရှင်းပြီး မီးမှိန်မှိန်ထွန်းထားသည့် ဇာတ်ရုံကို တွေ့ရသည်။ ဇာတ်ပွဲက တော်တော်နှင့် စဦးမည်မဟုတ်။

စားပွဲတွေမှာ လူတစ်ယောက်မျှမရှိ။ ဇာတ်စင်ပေါ်၌ ကားလိပ်ချထားသည်။

ကားလိပ်၏ ညာဘက်အနားစ လှုပ်ခါသွား၏။

ဆောလ်က သားနားသပ်ရပ်သည့် လှေကားပေါ်မှ ပြေးဆင်းသွားသည်။

စားပွဲများကြားမှဖြတ်ကာ ဇာတ်ခုံပေါ် ပြေးတက်ပြီး ကားလိပ်၏ ညာဘက်အစပ်သို့ ခြေဖွဖွနင်း၍ ချဉ်းကပ်သွား၏။

တောက် . . . ။

ပစ္စတိုကို ဟိုတယ်ခန်းမှာ မေ့ကျန်ခဲ့ပြီ။

မတတ်နိုင်။

အက်လန်တစ်စီးတီးမှာ လက်နက်ပုန်းတွေ ဘယ်လိုပဲ ကိုယ်ပေါ်ဝှက်ထားထား လူတိုင်းအလွယ်တကူ မြင်နိုင်သည်မဟုတ်လား။

ကားလိပ် လှုပ်ခါနေရာမှ ရပ်သွား၏။

တံခါးတစ်ချပ်ဒိုင်းခနဲပွင့်သွားသဖြင့် သူ တုတ်တုတ်မလှုပ်ဘဲ ရပ်နေလိုက်ရသည်။

'ထွက်ပေါက်'ဟု မီးထွန်းထားသော ဆိုင်းဘုတ်အောက်ရှိ တံခါးပေါက်မှ စားပွဲထိုးတစ်ယောက် စားပွဲခင်းများ အထပ်လိုက်ကိုင်လျက် ဝင်လာသည်။

သူက ဆောလ်အား မျက်မှောင်ကုတ်၍ လှမ်းကြည့်ပြီး ခါးမတ်လိုက်သည်။

'ခင်ဗျား ဒီထဲဝင်ခွင့်မရှိဘူး'

မမျှော်လင့်ထားတာဖြစ်ပြန်ပြီ။

ဟိုကိစ္စတုန်းက သန့်ရှင်းရေးအလုပ်သမကြီး သူမ မဝင်သင့်သည့်အခန်းထဲ ဝင်သွားသလိုမျိုးပေါ့။

သောက်ကျိုးနည်း။

ဆောလ်က ကြမ်းပြင်ပေါ် လှဲချပြီး ကားလိပ်ကြီးအောက်သို့ လှိမ့်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

'ဟေး'

ကားလိပ်နောက်ကွယ်မှ စားပွဲထိုး၏အော်သံကို သူ ခပ်အုပ်အုပ်မျှသာ ကြားလိုက်ရသည်။ ဇာတ်စင်ပေါ်၌ ဆက်လိုမ့်သွားပြီး ဂရင်းပီယာနိုကြီး၏ နံဘေးတွင် ဆတ်ခနဲကုန်းထလိုက်သည်။

ဇာတ်ခုံပေါ်၌ မှောင်ရိပ်များ လွှမ်းနေ၏။ ဒရမ်ဆက်၊ ဂစ်တာများ၊ မိုက်ခွက်များ၊ ဂီတသင်္ကေတ စာရွက်ချိတ်သည့် ထောက်တံလေးများကို တွေ့ရ၏။

သူ့မျက်လုံးက မှောင်ထဲ၌ ကျင့်သားရလာသည်။ ဇာတ်ခုံညာဘက်ခြမ်းသို့ တိုးကပ်သွားသည်။ ခပ်စောင်းစောင်းတပ်ထားသော ထရံများကြားမှ ဖြတ်ဝင်သွားရာ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံး၊ အဝတ်အစားများချိတ်သည့် စင်များ၊ ပြီးတော့ မောင်းတံများနှင့် ခလုတ်များရှေ့သို့ သူရောက်သွားပြန်သည်။

ဘယ်သူမှမရှိ။

'သူ အဲဒီကြားထဲဝင်သွားတယ်'

စားပွဲထိုး၏အော်သံ ကြားရပြန်သည်။

ဆောလ်က မီးလောင်လျှင်သုံးရမည့် အရေးပေါ် ထွက်ပေါက်ဆီ ခြေလှမ်းသည်။

အာရုံပျက်ပြားစရာများကို လျစ်လျူရှုဖို့ သူလေ့ကျင့်ထားပြီးသားဖြစ်၏။ သူ၏ အာရုံစူးစိုက်မှုအားကောင်းခြင်းကြောင့်လည်း ယနေ့အထိ သူ အသက် ရှင်နေခြင်း ဖြစ်သည်။

ယခုလည်း သူ အသက်ဘေးမှ လွတ်သွားပြန်ပြီ။

ကားလိပ်နောက်ဘက် ဇာတ်ခုံပေါ် သို့ ပြေးတက်လာသော ခြေသံများကို သူ ဂရုမစိုက်ဘဲ တံခါးလက်ကိုင်ဘုသီးကို သူ ဆုပ်ကိုင်လိုက်သည်။ နောက် ပြီး သူ့နောက်နားမှ ရွှတ်ခနဲ အဝတ်စမြည်သံကို သူ ကြားလိုက်ရသဖြင့် ၎င်း ရှောင်လိုက်သည်။

ဓားမြှောင်တစ်ချောင်း ပြန်ကန်ပြီး ကြမ်းပေါ် ဒေါက်ခနဲကျသွား၏။

ထင်ရှူးသေတ္တာကြီးတစ်လုံးနောက်မှ အရိပ်သဏ္ဌာန်တစ်ခု သူ့ဆီ ခုန်ဝင်လာသည်။ ထိုနေရာကိုတော့ ဆောလ် မစစ်ဆေးလိုက်မိပါ။

ရန်သူဆီ သွားနဲ့။ ကိုယ့်ဆီကို ရန်သူလာပါစေ။

ဆောလ် ကိုယ်တွင်းရှိ အေဒရီနလင်သွေးများက သူ့အား လျင်မြန်စွာ လှုပ်ရှားဖို့ တွန်းအားပေးလိုက်သည်။

ကိုယ်ကိုဝပ်၊ ဒူးနှစ်ဖက်ကို ဟန်ချက်ရအောင် ကွေးထားပြီး ရန်သူ့





တိုက်ခိုက်မှုကို ရင်ဆိုင်ဖို့ အသင့်ပြင်သည်။ ရန်သူက ဆောလ်အား လက်ဝါး အပြားလိုက်ထောင်၍ လက်ဖနောင့်နှင့် ဆောင့်ထိုးလိုက်သဖြင့် သူ အံ့အား သင့်သွား၏။

သည်လိုတိုက်ခိုက်နည်းကို ခုခံကာကွယ်ဖို့ ဆောလ် လေ့ကျင့်ပြီးသား။

ထို့ကြောင့် သူကလည်း ရန်သူ၏ နံရိုးစုနှင့် နှလုံးသားတည်ရာသို့ ချိန်ရွယ်၍ လက်ဖနောင့်ဖြင့် အားပြင်းစွာ ဆောင့်ရိုက်ထည့်လိုက်သည်။

နံရိုးတွေ ဂျွတ်ခနဲကျိုးသွား၏။ အွန့်ခနဲအော်ရင်း ရန်သူ နောက်သို့ လန်သွားသည်။ ဆောလ်က ၎င်းအားနောက်မှ ချုပ်ကိုင်ကာ ကိုယ်ကို ဆွဲလှည့် ပြီး အရေးပေါ်တံခါးပေါက်ကို တွန်းဖွင့်၍ အပြင်ဆွဲထုတ်သွားသည်။

ငါးစက္ကန့်သာ ကြာလိုက်သည်။

တံခါးပြန်ပိတ်စဉ် ဇာတ်ခုံပေါ် တက်လာသော စားပွဲထိုးနှစ်ယောက် ကို ရိပ်ခနဲ မြင်လိုက်ရ၏။ ဆောလ်က တံခါးတွေ တန်းစီနေသည့် စင်္ကြံလမ်း ဘက် ချာကနဲလှည့်လိုက်သည်။ စင်္ကြံလမ်းအဆုံးတွင် အစောင့်တစ်ယောက်က မိမိဘက်ကျောပေးလျက် တယ်လီဖုန်းပြောနေသည်။

ဆောလ်သည် ဒဏ်ရာရထားသောလူကို ဆန့်ကျင်ဘက်သို့ ဆွဲခေါ် သွားပြီး 'လေ့ကားသို့'ဟူသော စာရေးထားသည့် တံခါးကို ဖွင့်ကြည့်လိုက်၏။ သို့ရာတွင် ထိုအပေါက်မှ မဝင်ဘဲ ရှေ့ဆက်သွားကာ၊ ကြယ်နီကြီးတစ်ခု ပြထား သည့် တံခါးဆီပြေးသွားသည်။ လက်ကိုင်ကို လှည့်ကြည့်သည်။ သော့ခတ် မထား။

အဝတ်လဲခန်းဖြစ်၏။ အထဲဝင်ပြီး ရန်သူကို ကြမ်းပြင်ပေါ် လွှတ်ချ ကာ တံခါးပြန်ပိတ်၊ သော့ခတ်လိုက်သည်။

ပြီး မိမိကိုယ်ကို ကာကွယ်ရန် ဆတ်ခနဲ လှည့်ရင်း ဟန်ပြင်လိုက် သည်။ အခန်းထဲမှာ ဘယ်သူမှမရှိ။

အသက်အောင့်ပြီး တံခါးနားကပ်၍ နားထောင်ကြည့်သည်။

'ဟေ့၊ ဒီနားက ဘယ်သူဖြတ်သွားသေးလဲ'

စားပွဲထိုးတစ်ယောက်က အော်မေးသည်။

အစောင့်၏ ပြန်ဖြေသံကို ဆောလ်မကြားရ။

'လှေကားဆင်းတဲ့ အပေါက်ကိုသွား'

ဒုတိယ စားပွဲထိုးက အော်လိုက်သည်။

၎င်းတို့ ပြေးသွားသံကို ဆောလ်ကြားရပြန်သည်။ ခြေသံများ တိုးသွား၏။

ကြမ်းပေါ်မှ လူကို သူ ငုံ့ကြည့်သည်။ သတိလစ်နေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အသက်မျှဉ်းမျှဉ်း ရှူနေဆဲ။ နှာခေါင်းပေါက်နှင့် ပါးစပ်မှ နီရဲရဲအမြှုပ်များ ထွက်နေသည်။

ကျိုးသွားသော နံရိုးများက ခန္ဓာကိုယ်တွင်း၌ သွေးများစွာ ထွက်စေသည်။ အဆုတ်နှင့်နှလုံး ထိခိုက်ပျက်စီးမှုဒဏ်ကြောင့် မိနစ်ပိုင်းအတွင်း သူသေရတော့မည်။

နှုတ်ခမ်းမွေးနှင့် လူတစ်ယောက်။

ဘာလ်တီမိုးမြို့၌ ဆောလ်တွေ့ဆုံခဲ့သော လူပါပဲ။ ဘာမှ သံသယဖြစ်နေစရာမလို။

သင်းသည် မိမိအား ဤနေရာအထိ ရှိုးလိုက်လာခဲ့ခြင်းဖြစ်သည်။ သူ ဘယ်လို လိုက်သလဲ။

မိမိအနေနှင့် ရှိုးလိုက်သူမရှိဟု ယုံကြည်ခဲ့မိသည်။

ဤငနဲသည် ရှိုးလိုက်သည့် အတတ်ပညာ၌ တစ်ဖက်ကမ်းခတ်သူ ဖြစ်ရမည်။

စားသောက်ခန်းအပြင်ဘက်၌ ၎င်းက ရုတ်တရက် လှည့်ထွက်သွားခြင်းမှာ ဆောလ်မှတ်မိသွားမှာ စိုးသောကြောင့် မဟုတ်နိုင်။

ဆောလ်ကို ဦးနှောက်ခြောက်အောင်လုပ်ပြီး တိတ်ဆိတ်သော နေရာတစ်ခုသို့ နောက်ယောင်ခံလိုက်လာဖြစ်အောင် တမင်တကာ မျှားခေါ်လာခဲ့ခြင်းသာ ဖြစ်သည်။

ပြီးတော့ မိမိကို ၎င်းက သတ်ပစ်မည်။

ဘာကြောင့်လဲ။

သူ ဘဝင်မကျတာတစ်ခု ရှိနေသည်။ နည်းနည်းသံသယဖြစ်၏။

အကယ်၍ မိမိသာ နီးကြားဖျတ်လတ်မှုမရှိခဲ့ပါက စားမြောင်စိုက်၍ သေသွားမှာ သေချာသည်။

သို့သော် ရန်သူက မိမိ၏နံရိုးစုဆီ ချိန်ရွယ်ဦးတည်၍ လက်ဖနောင့်ဖြင့် ဆောင့်ထိုးရန် ခုန်ဝင်လာခဲ့သည်။

ဤနည်းက ထူးခြားသည်။ သူများနှင့်မတူ။ အစ္စရေးမှာ သင်တန်းတက်ခဲ့ဖူးသူသာလျှင် ဤနည်းကို သုံးတတ်၏။

မော့ဆတ်ဒ်။ အစ္စရေး ထောက်လှမ်းရေးအဖွဲ့ကြီး။ ကမ္ဘာပေါ်၌ အကောင်းဆုံး။

ဆောလ်သည် မော့ဆတ်ဒ်၌ သင်တန်းတက်ခဲ့၏။ ထို့အတူ ယခု ကြမ်းပေါ်မှာ ပက်လက်လဲနေသောသူလည်း ၎င်းသင်တန်း တက်ခဲ့သည်။





သို့ဆိုလျှင် သူတို့ ဘာကြောင့်များ . . . ။

မည်သည့် ဝါရင့်သုတ်သင်ရေးသမားမျှ တစ်ဦးတည်း လုပ်ကိုင်လေ့မရှိ။ အနီးအနားမှာ သုတ်သင်ရေးအဖွဲ့ဝင်များ စောင့်ဆိုင်းနေဖွယ်ရာရှိသည်။

ဆောလ် အဝတ်လဲခန်းထဲမှထွက်ပြီး စကြံလမ်းကို လှမ်းကြည့်သည်။ အစောင့်မရှိတော့။

တံခါးများပေါ်မှ လက်ဗွေရာများကို သုတ်သင်ဖျက်ပြီး လာလမ်းအတိုင်း ပြန်သွားသည်။ ဇာတ်ခုံပေါ်တက်၍ ကားလိပ်နောက်မှထွက်ကာ လူမရှိသော ဇာတ်ရုံကြီးထဲမှ ဖြတ်သည်။

ကာဆီနိုထဲတွင် လူအုပ်ကြီး၏အသံက ဆူညံနေသည်။

လောင်းကစားစက်များမှအသံများ တချွင်ချွင်မြည်နေ၏။

ဆောလ် လက်ပတ်နာရီကို ကြည့်လိုက်သည်။

အသံချဲ့စက်မှနေ၍ အိမ်ရှေ့မင်းသမီး ဖာတီမာထံ တယ်လီဖုန်းလာနေကြောင်း ကြေညာပေးနေသည်။ အမိပ္ပာယ်ကတော့ ကာဆီနို၌ အရေးပေါ်ကိစ္စတစ်ခု ဖြစ်နေသည်ဟု ဆိုလိုသည်။

လုံခြုံရေးဝန်ထမ်းအားလုံး ရုံးခန်းသို့ ချက်ချင်းလာကြရမည် ဖြစ်သည်။

ကာဆီနိုထဲမှ ဟန်မပျက်ထွက်ပြီး ကမ်းစပ်ကုန်းဘောင်ကြီးနားသို့ လျှောက်လာသည်။ ဆည်းဆာရောင်ခြည်အောက်မှာ သူ့မျက်လုံးတွေ ကျင့်သားမရသေး။

ကမ္ဘာလှည့်ခရီးသည်များသည် ကုန်းဘောင်ကြီး၏ လက်ရန်းများတွင် မှီရပ်ကာ ပင်လယ်ရေလှိုင်းဖွေးဖွေးများ လိမ့်ဝင်လာပုံကို ငေးမျှော်ကြည့်နေကြသည်။ အေးစက်သော ပင်လယ်လေက ၎င်းတို့၏ အဝတ်အစားများကို တဖျပ်ဖျပ် လွင့်ခါစေလျက်ရှိသည်။

ဆောလ်သည် ထိုလူများအနားမှ ဖြတ်လျှောက်ပြီး လက်ပတ်နာရီကို ကြည့်လိုက်ပြန်သည်။ အခုလောက်ဆို ဟိုငနဲတော့ သေလောက်ပေပြီ။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၂ )

ဖန်လုံအိမ်အတွင်းရှိ မီးရောင်များက မှန်ချပ်များပေါ်မှ ရောင်ပြန် လင်းလက်နေသဖြင့် ညအမှောင်ထုကို ဖုံးကွယ်ထားကြသည်။

အဲလီယော့သည် လူသွားလမ်းကြားအတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း သူ့နှင်းဆီပန်းများကိုသာ ကြိုးစား၍ အာရုံစိုက်ကာ နှင်းဆီပန်းရနံ့များကို မက်မောနှစ်ခြိုက်စွာ ရှူရှိုက်လျက်ရှိသည်။

နှင်းဆီပန်းများက အမျိုးအမည် စုံလင်လှသည်။ အရွယ်အစား၊ အရောင်အသွေးအမျိုးမျိုးရှိ၏။ နှင်းဆီပန်းများသည် အလွန်နူးညံ့သောကြောင့် အလွန်ဂရုတစိုက်ပြုစုပျိုးထောင်ရန် လိုအပ်ပေသည်။

မိမိထိန်းချုပ်ထားသည့် လူများကဲ့သို့ပင် ဖြစ်သည်ဟု သူတွေးမိသည်။

တကယ်တော့လည်း သူ့လူများသည် သူ့နှင်းဆီပန်းများကဲ့သို့ပင် နူးညံ့ပြီး လှပကြပေသည်။ ပြီးတော့ နှင်းဆီပန်းများကဲ့သို့ပင် ဆူးခက်များလည်း ၎င်းတို့မှာ ပါရှိကြ၏။

သို့သော် တစ်ခါတရံမှာတော့ အကောင်းဆုံး နှင်းဆီပွင့်များကိုပင် ခူးယူပြီး ဘေးဖယ်ထားရတတ်သည်။

ကြက်သွေးရောင်သမ်းနေသည့် နှင်းဆီနီတစ်ပွင့်ကို သူ ခဏရပ်ပြီး အကဲခတ်လိုက်သည်။ နှင်းဆီပွင့်ကို သွေးအိုင်ထဲ နှစ်ထားသကဲ့သို့ဖြစ်၏။ ရှာမှရှားသည့် နှင်းဆီတစ်ပွင့်ပါပဲ။

ဒင်ဗာမြို့မှာတုန်းက ဆောလ်ကို သူပြောပြခဲ့သည့် နှင်းဆီပြာကို သူ အာရုံပြောင်းလိုက်သည်။

လက်ပတ်နာရီကို မျက်မှောင်ကုတ်၍ ငုံ့ကြည့်လိုက်သည်။ ညဆယ့်နှစ်နာရီထိုးခါနီးပါရောလား။

ဖန်လုံအိမ်အပြင်ဘက်တွင် ဧပြီလ၏ ညလေက ခြောက်ကပ်အေး





စက်နေသည်။ သို့သော် အတွင်းမှာတော့ ပူနွေးစိုထိုင်းနေ၏။ အဲလီယော့သည် ချွေးပြန်နေသော်လည်း သူ့ဝေ့စ်ကုတ်နှင့် ကုတ်အင်္ကျီတို့ကို ဝတ်ဆင်ထားသည်။

သူ့နှုတ်ခမ်းလွှာဟသွားပြီး နဖူးကြောများ ရှုံ့သွားသည်။ တစ်ခုခုတော့ ဖြစ်ချေပြီ။

လွန်ခဲ့သောတစ်နာရီက စစ်ဆင်ရေးမှာ အောင်မြင်မှုမရှိခဲ့ကြောင်း သူသတင်းရခဲ့သည်။

ဆောလ် လွတ်သွား၏။

သုတ်သင်ရေးအဖွဲ့သည် အလောင်းကို အက်လန်တစ်စီးတီးမှ လုံခြုံရေးသမားမတွေ့ခင် သွားမကောက်နိုင်ခဲ့ချေ။ ထိုကိစ္စလေးကိုတော့ ဖြတ်တောင်ရှင်းရပေဦးမည်။

ထိုစဉ် တယ်လီဖုန်းမြည်သံကြားရ၏။

ဖန်လုံအိမ်ထဲ၌ ထားရှိသည့် တယ်လီဖုန်းနှစ်လုံးအနက် အစိမ်းရောင်အထူးတယ်လီဖုန်း မြည်ခြင်းဖြစ်သည်။ အခြားတစ်လုံးကား အနက်ရောင်ဖြစ်သည်။

အစိမ်းရောင်တယ်လီဖုန်း၏ နံပါတ်ကိုသိသူကား လက်တစ်ဆုပ်စာမျှသာရှိသည်။ ယခုဖုန်းဆက်သူသည် ထိုလူစုထဲမှ တစ်ယောက်ဖြစ်ပါစေဟု သူ ဆုတောင်းမိသည်။

သို့တစေ တယ်လီဖုန်းခေါင်းလောင်း နှစ်ခါမြည်အောင် စောင့်နေပြီးမှ သူကောက်ကိုင်သည်။

"ဟဲလို"

လည်ချောင်းရှင်း၍ သူထူးလိုက်သည်။

"ရိုးမြူးလစ်ပါ။ အလံနက်"

တစ်ဘက်မှ အသံရှင်က အမောတကောပြောသည်။

ဖန်လုံအိမ်နှင့် တယ်လီဖုန်းများကို လျှို့ဝှက်အသံဖမ်းထားလိမ့်မည်ဟု အဲလီယော့ ကျိန်းသေတွက်ထားသည်။ ထို့ကြောင့် သူ့လူများနှင့် ဖုန်းပြောသည့်အခါ ကြိုတင်သတ်မှတ်ထားသည့် စကားဝှက်များကို သုံးကြသည်။

ရိုးမြူးလစ်သည် ဆောလ်ဖြစ်၏။

အလံနက်၏ အဓိပ္ပာယ်က အရေးပေါ်ကို ဆိုလိုသည်။ တိတိကျကျပြောရလျှင် သူ ဘယ်သူဘယ်ဝါမှန်း ရန်သူသိရှိသွားပြီ၊ နောက်ပြီး တစ်ယောက်လည်း သေဆုံးသွားသည်ဟု ပြောခြင်းဖြစ်သည်။

အဲလီယော့က



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို နံပါတ်ပြောစမ်း၊ ဆယ့်ငါးမိနစ်အတွင်း ငါပြန်ဆက်မယ်"

"ဟင့်အင်း" ဆောလ်က ငြင်းသည်။

အဲလိယော့က လျှာကိုကိုက်ပြီး

"ဒါဆို မင်းဘယ်လိုလုပ်ချင်သလဲ ပြောလေ"

"ကျွန်တော်ခရီးဆက်ရဦးမယ်၊ ကျွန်တော့်ကိုသာ နံပါတ်တစ်ခုပေးပါ"

"ဆယ်စက္ကန့်လောက်စောင့်ကွာ"

အဲလိယော့သည် သူ့ကုတ်အင်္ကျီထဲမှ ဖောင်တိန်နှင့် မှတ်စုစာအုပ်လေးကို နှိုက်ယူပြီး ဆောလ်အလွတ်မှတ်ထားကြောင်း သိပြီးဖြစ်သည့် နံပါတ်ကို ရေးချသည်။

၉၆၇-၈၇၆-၉၉၈၈။

ထိုနံပါတ်အောက်၌ လုံခြုံစိတ်ချရသော အများပြည်သူသုံး တယ်လီဖုန်းတစ်လုံး၏ နံပါတ်ကို ရေးချပြန်သည်။

၇၀၃-၃၃၈-၉၀၂၂

ပထမဂဏန်းများထဲမှ ဒုတိယဂဏန်းများကို နှုတ်လိုက်သည်။

၂၆၄-၅၃၈-၀၉၆၆။

ရလဒ်ကို ဆောလ်အား ရွတ်ပြလိုက်သည်။

ဆောလ်က သူ အလွတ်ကျက်ထားသော ဖုန်းနံပါတ်ထဲမှ အခု အဲလိယော့ ရွတ်ပြသည့် နံပါတ်ကို နှုတ်ယူလိမ့်မည်။

၉၆၇-၈၇၆-၉၉၈၈

၂၆၄-၅၃၈-၀၉၆၆ (အနှုတ်)

၇၀၃-၃၃၈-၉၀၂၂ (ရလဒ်)

ထိုအခါ အဲလိယော့ အသုံးပြုမည့် အများသုံးတယ်လီဖုန်း၏ နံပါတ်ကိုဆောလ်ရရှိမည်။

"နာရီဝက်" ဆောလ်က ကမန်းကတန်းပြောလိုက်၏။

ဆောလ် ဖုန်းချသံကို အဲလိယော့ ကြားလိုက်ရသည်။ သူကိုယ်တိုင်လည်း ဖုန်းချလိုက်ပြီး မိမိစိတ်ငြိမ်အောင် ထိန်းချုပ်နိုင်သည်အထိ ခေတ္တစောင့်ဆိုင်းနေလိုက်သည်။

ဆောလ်က မိမိထံ တယ်လီဖုန်းဆက်ခြင်းကြောင့် ထိခိုက်နစ်နာမှု အကြီးအကျယ်ဖြစ်မသွားသော်လည်း လုံးဝ မျှော်လင့်မထားသော ကိစ္စဖြစ်ပေသည်။





ဘာပဲဖြစ်ဖြစ် မိမိသည် ဤနေရာမှ စွန့်ခွာ၍ စိတ်ချရသော တယ်လီဖုန်းဆီသို့ သွားဖို့လိုလိမ့်မည်။

အကယ်၍ ဆောလ်က ဖုန်းနံပါတ် ပေးခဲ့လျှင် ၄င်း ဘယ်နေရာက ဖုန်းဆက်သလဲ သိရအောင် ဖော်ထုတ်နိုင်းလို့ရသည်။ ထိုအခါ မိမိက ထိုနေရာသို့ အဖွဲ့တစ်ဖွဲ့ စေလွှတ်လိုက်ရုံသာရှိ၏။

ယခု မိမိတစ်နည်းတစ်လမ်းကြံရတော့မည်။

အဲလိယော့သည် သူ့နှင်းဆီပန်းများကို ပြန်အာရုံစိုက်ရင်း အဖြေတစ်ခု ခေါင်းထဲ ဘရေးရေးပေါ်လာသဖြင့် ခေါင်းညိတ်လိုက်သည်။

လက်ပတ်နာရီကို ကြည့်လိုက်ရာ ဆောလ်နှင့် ဖုန်းပြောပြီး ဆယ်မိနစ်ကြာသွားခဲ့ပြီဖြစ်ကြောင်း သိရသဖြင့် အံ့အားသင့်သွားသည်။

သို့သော် မိမိအသုံးပြုမည့် အနီးဆုံး စူပါမားကက် ကုန်တိုက်ကြီးရှေ့ရှိ တယ်လီဖုန်းဆီသို့ ကားမောင်းသွားဖို့ အချိန်ရသေးသည်။

ညသန်းခေါင်းကျော်လျှင် ထိုအနီးတဝိုက်၌ မည်သူမျှရှိမည်မဟုတ်။ ထိုတယ်လီဖုန်းကို သုံး၍ ကပ္ပာကယာ ဆောင်ရွက်ဆင်ရလိမ့်မည်။ညွှန်ကြားချက်များရှင်းပြဖို့ တစ်မိနစ်လောက်ပဲ ကြာမည်။ ပြီးတော့ မိမိအား ဆောလ် ဖုန်းဆက်သည်အထိ စောင့်ရုံသာရှိ၏။

ဖန်လုံအိမ်အတွင်း မီးခလုတ်အားလုံးကိုပိတ်ပြီး အဲလိယော့ခဏဆိုင်းငံ့နေမိသည်။

ဆောလ်သည် အလွန့်အလွန်တော်လွန်းသော လူတစ်ယောက်ဖြစ်သောကြောင့် ၄င်းအား သုတ်သင်ပစ်ရာမှာ နှမြောစရာကောင်းသည်ဟု သူ စမှာင်ထဲတစ်ယောက်တည်းရပ်ရင်း တွေးမိပြန်သည်။

သို့တစေ အဲလိယော့လက်ထဲမှာ သူ့လို လူတော်တွေ အများကြီးရှိသေးသည်ပဲ။ တစ်ယောက်လျော့သွားလို့ ဘာမျှ မဖြစ်နိုင်။

သည်တစ်ယောက်ကြောင့် နစ်နာဆုံးရှုံးနိုင်တာတွေက ပိုများသည်မဟုတ်လား။

သို့သော် စိတ်ထဲမှာ ဘဝင်မကျတာ တစ်ခုရှိနေသည်။

အက်တလန်တစ်စီးတီးမှာ ဆောလ် ဘယ်လိုလုပ်ပြီး ဆောင်ချောက်ဆက အလွတ်ရုန်းခဲ့သလဲ။

တကယ်လို့များ ဆောလ်ဟာ မိမိထင်ထားထက် ပိုတော်နေရင် ဘယ့်နှယ်လုပ်မလဲ။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၃ )

ဘိုး(လ်)လင်း ဘောလုံးပစ်ကစားရုံအတွင်း၌ ဘောလုံး လှိမ့်ပစ်သံများဖြင့် ဆူညံနေသည်။ ဘောလုံးပစ်သည့် လမ်းကြောင်းသုံးခု၌သာ ကစားသူများရှိသည်။

ဆောလ်သည် လက်ဖက်ရည်ဆိုင် ကောင်တာကို ကျောပေးထိုင်ရန် ဆုံလည် ကုလားထိုင်ကို တစ်ပတ်လှည့်လိုက်၏။ သူက ဘောလုံးပစ်ကစားပွဲကို စိတ်ဝင်စားဟန်ဖြင့် ကြည့်နေသော်လည်း ရုံဝင်ပေါက်ကိုသာ သူအာရုံစိုက်နေသည်။

လမ်းပေါ်မှာ မနေနဲ့။ ရန်သူမြင်သွားဖို့ သိပ်နီးစပ်သည်။ အန္တရာယ်ရှိသည်။

အများပြည်သူများရှိသည့် နေရာတစ်ခုကို ရွေးရမည်။ ရဲတွေက ပြဿနာရှာမည်မဟုတ်။

လူတွေ ပြွတ်သိပ် ကျပ်ခဲနေသည့် နေရာကို ရှောင်ရမည်။ မိမိအလှည့်အပြောင်း လှုပ်ရှားလို့ရမည့်နေရာမျိုးရမှဖြစ်မည်။ ပြီးတော့ ထွက်ပေါက်လည်းရှာထားဦး။

ယခု လက်ဖက်ရည်ဆိုင်ကောင်တာ၏ နောက်ဘက်တွင် အလုပ်သမားများသုံးသည် တံခါးပေါက်တစ်ပေါက်ရှိသည်။

"ကော်ဖီ ယူဦးမလားရှင်"

သူ့နောက်မှ စားပွဲထိုး အမျိုးသမီးက လှမ်းမေးသည်။

သူက တွန့်ကြေနေသော ဝတ်စုံနှင့် ပင်ပန်းနေပုံရသော စားပွဲထိုးအမျိုးသမီးအား လှမ်းကြည့်သည်။ သူမ လက်ထဲ၌ ကော်ဖီကရားကိုင်ထား၏။

"တော်ပါပြီ၊ ကျွန်တော် သူငယ်ချင်းကို စောင့်နေတာ သူမလာသေးဘူးထင်ပါရဲ့"

"ဆိုင်ပိတ်တော့မယ်၊ ငါးမိနစ်ပဲ လိုတော့တယ်"





သူမက နွမ်းနိုင့်ငှဲ့သည့် စက်ကြိုးပေါ်ရှိ တိုင်ကပ်နာရီကို မျှတ်ခနဲ မော့ကြည့်၍ပြောသည်။

ကျွန်တော် ဘယ်လောက် ရှင်းပေးရမလဲ"

"ဆင့် ရှစ်ဆယ်ကျပါတယ်"

သူက တစ်ဒေါ်လာပေးလိုက်သည်။

"ပြန်မအမ်းနဲ့၊ ကျွန်တော် သူငယ်ချင်းဆီ ဖုန်းဆက်လိုက်ဦးမယ်၊ ဒီကောင် ဘာများဖြစ်သလဲမသိဘူး"

"တယ်လီဖုန်း ဟောဟိုမှာ"

သူမက ရောင်နုံမည့် ဘောလုံးများ ထည့်ပြထားသည့် မှန်ဗီရိုနံဘေးရှိ အများသုံးတယ်လီဖုန်းဆီ လက်ညှိုးထိုးပြသည်။

ဆောလ်က ဟန်ဆောင်ပြုံးပြုံးကာ တယ်လီဖုန်းဆီ လျှောက်သွားသည်။

အဲလီယော့အား နာရီဝက်အတွင်း ပြန်ဆက်မည်ဟု သူပြောထားသည်။ ထို့ကြောင့် နာရီဝက်တိတိတွင် သူ တယ်လီဖုန်းထဲ အကြွေစေ့တစ်စေ့ထည့်ပြီး အော်ပရေတာကိုခေါ်၍ အဲလီယော့ပေးလိုက်သည့် နံပါတ်ကို တောင်းသည်။ တာကျီးနီးယားမြို့နယ် အညွှန်းနံပါတ်ဖြစ်၏။

မိမိခေါ်မည့် ဖုန်းမှာ အဲလီယော့ နေထိုင်ရာ ဖောလ်ချပ်မြို့အနီးတွင်ရှိရမည်။ အဲလီယော့သည် ဝေးဝေးလံလံ ကားမောင်းသွားဖို့ အချိန်မရှိ။

အော်ပရေတာက သုံးမိနစ်အတွက် ကျသင့်ငွေကို ထပ်ထည့်ခိုင်းသည်။

တစ်အောင့်အကြာ၌ အဲလီယော့က ကမန်းကတန်း ထူးသံကို ကြားရသည်။

"ဟုတ်ကဲ့"

ဤ တယ်လီဖုန်းလိုင်းကို လျှို့ဝှက်အသံဖမ်း ခိုးနားထောင်ခြင်းမရှိသော်လည်း အော်ပရေတာကတော့ ကြားနိုင်သည်။ ဆောလ်က ဘာတွေဖြစ်ပျက်ခဲ့ကြောင်း သွယ်ဝိုက်သော နည်းဖြင့် ခပ်သွက်သွက်ပြောပြသည်။

"အစွရေးက ကျွန်တော်တို့ မိတ်ဆွေတွေပဲ ဖြစ်မယ်၊ သူတို့ လုပ်နည်းလုပ်ဟန်ကို ကျွန်တော် မှတ်မိတယ်။ သူတို့က ကျွန်တော့်ကို မဂ္ဂဇင်းမှာ မလုပ်စေချင်ဘူး၊ ဘာလို့လဲ"

"အယ်ဒီတာကို ငါမေးကြည့်ပေးပါ့မယ်၊ သူတို့ရဲ့ စာရင်းကိုဌာနက လူရေတွ မျက်စိလည်သွားလို့ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံး ရေးလိုက်တဲ့ ကျွန်တော့်ရဲ့ ဆောင်းပါးကြောင့်များလား၊ ကျွန်တော်ရဲ့ သုတေသန အရာရှိတစ်ယောက်က ကျွန်တော့်ကို အဲဒီဆောင်းပါးမျိုး ထပ်မရေးအောင် တားဆီးချင်ပုံရတယ်"

"မြိုင်ဘက် မဂ္ဂဇင်းအတွက် မင်းဝင်လုပ်ပေးနေတယ်လို့ သူတို့ထင်လို့ ဖြစ်နိုင်တယ်"

"ဒါမှမဟုတ် သူက သူများမဂ္ဂဇင်းမှာ ဝင်လုပ်ပေးနေလို့ နေမှာပေါ့"

"ဒါလဲဖြစ်နိုင်တယ်၊ ဒီလုပ်ငန်းက အမြိုင်အဆိုင်သိပ်များတာ"

"ခေါင်းပုံဖြတ်ချင်တဲ့ လူတွေချည်းပဲ၊ ကျွန်တော့်အတွက် အလုပ်အာမခံချက် လိုအပ်တယ်"

"နောက်ပြီး သာရေးနာရေးအကျိုးခံစားခွင့်တွေလဲ မင်းလိုတယ်၊ ငါသဘောတူတယ်၊ မင်းဘယ်မှာသွားနားနိုင်သလဲ ငါသိတယ်၊ အရာရှိတွေရဲ့ အပန်းဖြေစခန်းတစ်ခုခုပေါ့"

"သိပ်မဝေးပါစေနဲ့၊ အခုမိုးချုပ်နေပြီ၊ ခြေကျင်သွားရင် ကျွန်တော်ရိုက်လုခံရဦးမယ်"

"မင်းတို့ရပ်ကွက်ထဲမှာ ဟိုတယ်တစ်ခုရှိတယ်"

အဲလီယောတ္တ စကားစုက်ဖြင့် လိပ်စာကို တစ်ပါတည်းပြောပြီး

"မင်းအတွက် အခန်းကြိုငှားပေးပါ့မယ်၊ ရှင်းရှင်းပြောရရင် ငါလဲစိတ်မကောင်းဘူး၊ မင်းကို ငါကိုယ်ချင်းစာတယ်၊ သူတို့ ဘာလို့ စိတ်ဆိုးနေလဲ ငါစုံစမ်းပေးပါ့မယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ အဖေ့ကို အားကိုးလို့ရမယ်ဆိုတာ ကျွန်တော်သိပါတယ်"

"ဖခင်တွေရဲ့ အလုပ်ဟာ ဒါပဲပေါ့"

ဆောလ်သည် တယ်လီဖုန်းကို ပြန်ချလိုက်၏။

ဘောလုံးပစ် ကစားရုံ ဝင်ပေါက်ကို သူကြည့်နေခဲ့သည်။ ဘောလုံးတစ်လုံးလိမ့်သွားသံကို ကြားနေရသည်။ မြိုင်ဘက်ကစားသမားတစ်ဦးက ရယ်လိုက်သည်။

'ရုံးခန်း' ဟု စာရေးထားသော ဟောင်းလောင်းပွင့်နေသည့် တံခါးနောက်တွင် ဆံပင်ပြောင်နှင့် လူတစ်ယောက် နံရံပေါ်မှ ခလုတ်များကို လိုက်ပိတ်နေသည်။ မီးရောင်များ မှိန်သွား၏။

"ဆိုင်ပိတ်ပြီ"

စားပွဲထိုး အမျိုးသမီးက အော်လိုက်သည်။





ဆောလ်က အဖြင်ဘက် ကားရပ်စခန်းဆီသို့ ပြတင်း မှန်ချပ်ကိုကျော်၍ လှမ်းကြည့်လိုက်သည်။

မီးဆလိုက်ကြီးများ ထိန်လင်းနေ၏။ ၎င်းတို့နောက်၌ အမှောင်ရိပ်များ စိုးမိုးနေသည်။ မိမိတခြားနည်းလမ်း ရှာစရာမရှိတော့။

ဆောလ် ကြွက်သီးမွေးညင်းထလျက် ကားရပ်စခန်းကွက်လပ်ကို ဖြတ်ကူးသွားသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

( ၁၄ )

လူသူကင်းမဲ့သည့် တိုက်ကွက်၏ အစွန်းရှိ မှောင်ရိပ်အောက်မှနေ၍ သူသွားရမည့်ဟိုတယ်ကို လှမ်းမြင်ရသည်။ အဲလိယော့က အခန်းကြိုတင်ငှားပေးထားမည်ဟု ပြောလိုက်သည်။ အဲလိယော့ နောက်လိုက်ခြင်းဖြစ်သည်၊ ဆောလ် ပြုံးမိ၏။

လမ်းပေါ်၌ ခပ်စုတ်စုတ် ဟိုတယ်ဆီသို့ တက်သွားရသည့် အုတ်လှေကားထစ်များ အပေါ်ဘက်ရှိ နီယွန်ဆိုင်းဘုတ်၏ မီးရောင်သာလင်းနေသည်။

'. . . အေဖဲယားဟိုတယ်'

နီယွန်ဆိုင်းဘုတ်၌ ကျွမ်းနေသည့် ရှေ့ဆုံးစာလုံးမှာ 'အမ်' သို့မဟုတ် 'ဒဗလျူ' ဖြစ်နိုင်သည်။ ဟိုတယ်နာမည်မှာ မေဖဲယားလား၊ ဝေးဖဲယားလား။

တစ်ခုခုဖြစ်မည်ဟု ဆောလ်ယူဆသည်။

ဘာပဲဖြစ်ဖြစ် အကြောင်းမဟုတ်၊ အရေးကြီးတာက ဆိုင်းဘုတ်၌ စာလုံးတစ်လုံးပျောက်နေခြင်းအားဖြင့် ဤဟိုတယ်သည် မိမိအတွက် လုံခြုံမှုရှိကြောင်း အားလုံးအသင့်လုပ်ပေးထားကြောင်း အချက်ပြထားခြင်းဖြစ်သည်။

အကယ်၍ စာလုံးအားလုံး မီးလင်းနေလျှင် မိမိအား ဤဟိုတယ်မှ ရှောင်ပြေးရန် အချက်ပြခြင်းဖြစ်မည်။

ပတ်ဝန်းကျင်ကို သူ သိမ်းကျုံးအကဲခတ်လိုက်သည်။ ဘယ်သူမျှ မတွေ့။ မတွေ့သဖြင့် လမ်းအတိုင်း စတင်လျှောက်သွားသည်။ ရပ်ကွက်က ဆင်းရဲသားရပ်ကွက်ဖြစ်သည်။ ပြတင်းပေါက်မှန်တွေ ကွဲနေသည်။ တိုက်ခန်းများမှာ လူမရှိဟုထင်ရသည်။

သိပ်ကောင်း။

မနက်သုံးနာရီမှာ ဤရပ်ကွက်၌ မိမိတစ်ယောက်တည်းဖြစ်သော်လည်း မည်သူကမျှ အာရုံစိုက်မည်မဟုတ်။ မိမိအား စစ်လားဆေးလား





လုပ်မည့် ကင်းလှည့်နေသော ရဲကားလည်း တစ်စီးတစ်လေမျှမရှိ။

ဤရပ်ကွက်၌ နေသူများသည် မစပ်စုတတ်ကြပေ။

သူ့ခြေသံများက ပဲ့တင်ထပ်သွားသည်။

တက္ကစီကားထဲ၌ ပိတ်မိခံရမှာစိုးသောကြောင့် နာရီပေါင်းများစွာ ခြေကျင်လျှောက်ခဲ့ရာ သူ့ခြေထောက်တွေ ညောင်းပြီး ပခုံးတွေလည်း ကိုက်ခဲနေပြီ။ မိမိအား ရှဲဒိုးလိုက်သူရှိမရှိ စစ်ဆေးရန် တိုက်ကွက်တစ်ခုလုံးကို နောက်ကြောင်းပြန်၍ တစ်ပတ်ပတ်ခဲ့ပြီ။ ရှဲဒိုးကိုမတွေ့။

သို့သော် လုံးဝဥဿုံစိတ်ချလို့တော့မဖြစ်။ ရှိချင်လည်း ရှိနိုင်သည်။

ဟိုတယ်နှင့် နီးလာလေ နီယွန်မီးဆိုင်းဘုတ်က ပို၍ ကြီးလာလေဖြစ်သည်။

ညက အေးစိမ့်နေသော်လည်း ခေါင်းစွပ်ဆွယ်တာ လက်ရှည်နှင့် ကျည်ကာအကျႌကို ဝတ်ထားသဖြင့် သူ့ကျောနှင့် ရင်ဘတ်မှာ ချွေးရွှဲနေသည်။ အလုပ်တစ်ခုပြီးတိုင်း ရက်အတော်ကြာကြာအထိ ကျည်ကာအကျႌကို သူခံဝတ်လေ့ရှိ၏။

သူ့လက်တွေ ထုံကျဉ်လာသည်။

ခပ်သုတ်သုတ်လျှောက်လိုသော်လည်း သူ့စိတ်ကို ထိန်းထားရသည်။ နောက်သို့ လှည့်ကြည့်ပြန်၏။ မည်သူ့မှမတွေ့။

ဟိုတယ်ဆီသို့ လမ်း၏ ဆန့်ကျင်ဘက်ခြမ်းမှ သူချဉ်းကပ်ရင်း တိုက်ကွက်ကို တစ်ပတ်ပတ်ကာ ရပ်ကွက် ပတ်ဝန်းကျင်တစ်ခုလုံးကို သူစစ်ဆေးချင်သေးသည်။ သို့မှသာ သူစိတ်အေးမည်။

သို့သော် သူသည်ကိုလာမှန်း ရန်သူများ သိမည်မဟုတ်သဖြင့် ယင်းသို့လုပ်စရာမလိုပါ။

အနားယူဖို့၊ ဦးနှောက်ကြည်အောင်လုပ်ဖို့နှင့် မိမိအား ဘာကြောင့် လိုက်သတ်နေကြောင်း ဖော်ထုတ်ဖို့သာ သူဆန္ဒရှိသည်။

သူ့ကို အဲလိယော့က စောင့်မျှော်လိမ့်မည်။

လမ်းကူးရန် သူပလက်ဖောင်းပေါ်မှ ဆင်းလိုက်သည်။ ပြတင်းပေါက်များ မှောင်မည်းနေသော ဟိုတယ် အစုတ်ပလုတ်လေးသည် သူ့ကို စောင့်ကြိုနေ၏။

ဖင်းဟိုတယ်အတွင်း၌ ကယ်ဆယ်ရေးအဖွဲ့က သူ့အတွက် စားသောက်စရာများ အသင့်ထားပေးကြလိမ့်မည်။ သူတို့က သူ့ကို အကာအကွယ်ပေးကြလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ရင်တွေခုန်နေသော်လည်း ခြေလှမ်းမှန်မှန် လှမ်းသွားသည်။

ဟိုတယ်ဝင်ပေါက် သစ်သားတံခါးပေါ်မှ အက်ကွဲကြောင်းများကို မြင်ရ၏။

သို့သော် သူ့စိတ်ထဲမှာ ခိုးလိုးခုလုဖြစ်နေသည်။

လုပ်ထုံးလုပ်နည်း။

ဘာပဲဖြစ်ဖြစ် လုပ်ထုံးလုပ်နည်းတွေကို မချိုးဖောက်နဲ့ဟု အဲလီယော့ အမြဲပြောသည်။

မိမိအသက်ရှင်ရေးအတွက် ဤအချက်က အာမခံချက်ပေးသည်။ ကိုယ်သွားမယ့်နေရာကို တစ်ပတ်ပတ်ကြည့်။ နယ်မြေ ပတ်ဝန်းကျင်ကိုစစ်ဆေး။ လုံးဝ စိတ်ချရအောင်၊ သေချာအောင်လုပ်။

ထို့ကြောင့် သူ ချာခနဲလှည့်ထွက်ပြီး သူဆင်းခဲ့သည့် ပလက်ဖောင်းပေါ် ပြန်တက်သည်။

ဤအပြုအမူကြောင့် အကယ်၍ ရှိုးလိုက်လာသူ ရှိခဲ့လျှင် ထိုသူမှာ ကြောင်အမ်းအမ်းဖြစ်ပြီး လူမိခံရမှာ သေချာသည်။

ထိုအခိုက် သူ့နှလုံးတည်ရာ ရင်အုံ ဘယ်ဘက်ခြမ်းအထက်နားဆီသို့ အားပြင်းပြင်းနှင့် ဆောင့်ထိုးခံရသဖြင့် သူ ဘေးသို့ ယိုင်ထွက်သွားသည်။

ဘာဖြစ်မှန်း သူမသိလိုက်ပါ။ ပြီးတော့မှ သူ ရိပ်မိသွားသည်။ သူ သေနတ်ပစ်ခံရပြီ။

အသံတိတ်ကိရိယာတပ်ထားသော လက်နက်ဖြင့် ပစ်လိုက်ခြင်းဖြစ်သည်။

သူ အသက်ရှူကျပ်သွားသည်။

သူ့အမြင်အာရုံ ဝိုးတဝါးဖြစ်သွား၏။

လမ်းမပေါ် လဲကျသွားပြီး မြောင်းထဲသို့ လိမ့်ချလိုက်သည်။ ကျည်ဆန်က သူ့အထက်နားဆီမှ လာခြင်းဖြစ်သည်။ ဟိုတယ်နှင့် မျက်နှာချင်းဆိုင် တိုက်ပေါ်မှ ဖြစ်နိုင်သည်။

ကျည်ကာအင်္ကျီဝတ်ထားပါလျက် ဘာကြောင့် မိမိ သွေးတွေ ထွက်လာရသလဲ။

သူ အူကြောင်ကြောင်နှင့် ကုန်းရုန်းထပြီး အမှိုက်တွေပွနေသည့် ပလက်ဖောင်းပေါ်မှ ဒယီးဒယိုင်ပြေးသွားသည်။ သူ့ရင်ဘတ်မှာ ပူလောင်နေ၏။

နောက်ဖေးလမ်းကြားတစ်ခုထဲပြေးဝင်ပြီး တိုက်နံရံကို ပြေးကပ်ကာ အမှောင်ထဲ၌ ချောင်းကြည့်လိုက်သည်။





သူ့ရှေ့နားမှာ မှောင်မည်းနေသော အဆောက်အအုံများ ထီးထီးမားမားတည်ရှိနေသည်။ ဟိုဘက်အစွန်းတွင် လမ်းတစ်ခုတွေ့ရသည်။ ထိုလမ်းကို သူ သွားလို့မဖြစ်။

မိမိနောက်သို့ ရှိုးလိုက်သူရှိသည်ဆိုလျှင် တစ်ယောက်တည်း မဟုတ်နိုင်။ လုပ်ဖော်ကိုင်ဖက်တွေ ပါလာလိမ့်မည်။ အခြား သုတ်သင်ရေးအဖွဲ့ဝင်များသည် အနီးအနားရှိ လမ်းများကို စောင့်ကြည့်နေကြမှာသေချာသည်။

နောက်ဖေးလမ်းကြားအဝသို့ ထွက်လိုက်သည်နှင့် သူ့ဦးခေါင်း၊ သို့မဟုတ် လည်မျိုကို သေနတ်နှင့် ပစ်ထည့်ကြလိမ့်မည်။

မိမိဘာသာ ထောင်ချောက်ထဲ သွင်းလိုက်မိပါရောလား။

အရေးပေါ် လှေကားတစ်ခုနှင့် ပုပ်စော်နံနေသော အမှိုက်ပုံးများကြားမှ သူ ယိမ်းယိုင်လျက် ဖြတ်ကျော်သွားသည်။ သူ့နောက်တွင် လမ်းကြားထဲသို့ ခြေသံပြင်းပြင်းနှင့် လိုက်လာသော လူတစ်ယောက်၏ သဏ္ဌာန်ကို ဟိုတယ်၏ နီယွန်မီးရောင်ကြောင့် မြင်လိုက်ရသည်။

ထိုလူက ခါးအနည်းငယ်ကိုင်း၍ လျှောက်လာရာ ရပ်ပြီး အသံတိတ်ကိရိယာတပ်ထားသည့် ပစ္စတိုလေးဖြင့် ဆောလ်အား လှမ်းချိန်သည်။

မှောဆတ်ဒ်မှလူတစ်ယောက်ဖြစ်ရမည်ဟု ဆောလ်တွက်လိုက်သည်။

ထိုလူ၏ ဟန်ချက်မပျက်အောင် ထိန်း၍ လမ်းလျှောက်ဟန်က ထူးကဲသည်။ ဒဏ်ရာရထားသည့်တိုင် ယိုင်လဲကျမသွားအောင် လျှောက်သည့်နည်းဖြစ်သည်။ ဆောလ်ကိုယ်တိုင်လည်း ထိုဟန်ဖြင့်လျှောက်နည်းကို လေ့ကျင့်သင်ယူခဲ့ပြီးသား။

သုတ်သင်ရေးသမားသည် နောက်ဖေးလမ်းကြားထဲဝင်လာကာ မှောင်မည်းမည်းနံရံကို ကျောကပ်၍ အမှောင်ထုနှင့် ရောနှောရင်း ရှေ့သို့ တဖြည်းဖြည်းတိုးလာသည်။

သူ သတိထားလုပ်နေတာပဲ။ ငါ့သေနတ် ထားရစ်ခဲ့တာ သူမသိဘူး။ ဒီတော့ သူ ငါ့ဆီ ဖြည်းဖြည်းလာလိမ့်မယ်။

ဆောလ်က လမ်းကြားတစ်ဘက်ထိပ်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ နောက်တစ်ယောက်ဝင်လာပြန်ပြီ။

ထွက်ပေါက်မရှိ။ မရှိလို့တော့မဖြစ်။

အရေးပေါ်လှေကားမှတက်ရကောင်းမလား။ မဖြစ်သေး။ လှေကားပေါ် တွယ်တက်လိုက်သည်နှင့် ရန်သူက သေနတ်နှင့် လှမ်းပစ်လိမ့်မည်။

ရန်သူနှစ်ယောက်က တဖြည်းဖြည်း တိုးကပ်လာလျက်ရှိကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောလ်မမြင်ဘဲနှင့် သိနေသည်။

အရေးပေါ် လှေကားအောက်ရှိ တံခါးပေါက်မှ ဝင်ရကောင်းမလား။ ဆောလ်က တံခါးကို ဆွဲဖွင့်ကြည့်သည်။ သော့ခတ်ထား၏။ တံခါးဘေးရှိ ပြတင်းမှန်ချပ်ကို တံတောင်နှင့် ဆောင့်ရိုက်လိုက်သည်။ မှန်ကွဲသံကြောင့် ရန်သူများ ပြေးလာကြမှာ သေချာသည်။

ဆောလ်က မှန်ကွဲသွားသည့် ပြတင်းပေါက်မှ အိမ်ထဲသို့ အတင်းတိုးဝင်သည်။ သူ့ရင်ဘတ်က မခံနိုင်လောက်အောင် အောင့်နေသည်။

ကြမ်းပြင်ပေါ် ဘိုင်းခနဲကျသွားသည်။ လက်ရန်းတစ်ခုနှင့်ဝင်ဆောင့်မိသဖြင့် သူ့ရင်ဘတ်နာသွားပြန်သည်။ သူ့မျက်နှာမှာ ချွေးဒီးဒီးကျနေသည်။

သူ မှောင်ထဲ၌ လက်ဖြင့် လျှောက်စမ်းကြည့်ရာ အပေါ်တက်သော လှေကားတစ်ခုနှင့် အောက်ဆင်းသော လှေကားတစ်ခုရှိကြောင်း သိရသည်။

သူ အံကြိတ်လျက် ကုန်းရုန်းထရပြန်သည်။ စကြီလမ်းမှာ ကျင်ငယ်နံ့ နံနေသည်။

ကြမ်းပေါ် ဒိုင်ဗင်ထိုးချလိုက်ရာ ကလေးလက်တွန်းလှည်းဘီးများနှင့် သူ့ဦးခေါင်း ဆောင့်မိသွားသည်။

သူ့လက်မောင်းမှာ သွေးတွေစီးကျနေသည်။ ကလေးလက်တွန်းလှည်းကို လှေကားထိပ်သို့ တွန်းသွားသည်။ လက်တွန်းလှည်းဘီးများက တကျွီကျွီ မြည်သဖြင့် သူရပ်လိုက်သည်။

ဘာသံမှ ထွက်လို့မဖြစ်။

ပြတင်းပေါက်နားတွင် အရိပ်မည်းတစ်ခု ချဉ်းကပ်လာသည်။

ရန်သူ မည်သို့တွက်ကြောင်း ဆောလ်သိသည်။

တိုက်ထဲသို့ ဤပြတင်းပေါက်မှသာ ဝင်လို့ရသည်။ သို့သော် ပြတင်းပေါက်သည် ထောင်ချောက်လည်း ဖြစ်နိုင်သည်။

အရိပ်သည် ခဏရပ်တန့်သွား၏။

သို့သော် ဆောလ်သည် ကျည်ဆန်မှန်ထားပြီး အသက်ကို ဖတ်နှင့်ထုပ်၍ ပြေးနေရသည်။ ထို့ကြောင့် ရန်သူသည် အတော်လေးအားတက်နေဖွယ်ရာရှိ၏။

မှန်၏။ ရန်သူက မှန်ကွဲနေသော ပြတင်းပေါက်မှ ဒိုင်ဗင်ထိုးဝင်ကာ ကြမ်းပေါ် ကိုယ်တစ်ပတ်လှိမ့်၍ မှောင်ထဲ၌ ရပ်လိုက်သည်။

၄င်းသည် လှေကားနှစ်ခုကို တွေ့မည်။

ဘယ်လှေကားကို သုံးမလဲ။





ဆောလ် ဘယ်ကိုသွားသလဲ။

ထုံးစံအားဖြင့် အပေါ်ကိုသာ တက်မည်။ အထက်စီးကနေရာယူလျှင် ခုခံကာကွယ်ရတာ ပိုလွယ်မည်မဟုတ်လား။

ပြဿနာတော့ရှိသည်။ ဆောလ်သည် စည်းကမ်းအတိုင်းလိုက်နာလုပ်ဆောင်မလား။ သို့မဟုတ် ရန်သူကို အရှုပ်လုပ်ရန် အောက်ထပ်သို့ ဆင်းမလား။ သုတ်သင်ရေးသမား၏ စိတ်ထဲမှ ခေါင်းလား ပန်းလား လှန်ကြည့်ရတော့မည်။

တိုက်ခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။

သေနတ်သမားသည် ရုတ်တရက် အောက်ထပ်သို့ ဆင်းချလာသည်။

ဆောလ်က လက်တွန်းလှည်းဖြင့် ၄င်း၏မျက်နှာကို ရိုက်ထည့်လိုက်သည်။ လူရော တွန်းလှည်းပါ ပြုတ်ကျသွားသည်။ ဆောလ်က ရန်သူ၏ မေးရိုးပြုတ်အောင် ဆောင့်ကန်ထည့်လိုက်သည်။

ညည်းသံတစ်ချက် ကြားရပြီး လူသတ်သမား၏ ဆွယ်တာကို ဆောလ်က ဖမ်းဆုပ်ကာ အောက်သို့ ဆောင့်ဆွဲရင်း အခြားလက်တစ်ဖက်ဖြင့် လည်မျိုကို ဆောင့်ထိုးလိုက်သည်။ လည်ချောင်းရိုး ဖြောင်းခနဲကျိုးပြီး သေနတ်သမားမှာ အသက်ရှူကျပ်လျက် ဆန့်ငင်ဆန့်ငင်နှင့် ကြမ်းပေါ် လဲကျသွားသည်။ သူ့ပစ္စတိုလည်း လွတ်ကျသွား၏။

ဆောလ်က ဝေဒနာခံစားနေရသည့်ကြားမှ ပစ္စတိုကို လိုက်စမ်းသည်။ ပစ္စတိုကို လက်ထဲကိုင်မိသည်နှင့် သူသိလိုက်သည်။ သည်သေနတ်မျိုး သူမကြာခဏ သုံးဖူးသည်။

အသံတိတ်ကိရိယာတပ်လို့ရအောင် ပြောင်းရှည်ရှည် တပ်ပေးထားသည့် ဘာရက်တာ ပစ္စတိုတစ်လက်ဖြစ်သည်။ အထူးအော်ဒါပေး ပြုလုပ်ထားသော ဒသမ ၂၂ ကျည်ဆန်ကို ထည့်သုံးသောအခါ ယမ်းအား လျော့သော်လည်း ပစ်မှတ်ကို တည့်တည့်ထိမှန်ဖို့ စိတ်ချရသည်။ သည်ပစ္စတိုမျိုးကို မော့ဆတ်ဒ်က သုံးလေ့ရှိသည်။

ဆောလ်သည် မှန်ကွဲနေသော ပြတင်းပေါက်မှ အပြင်သို့ ချောင်းကြည့်လိုက်သည်။

လမ်းကြားထဲတွင် ဒုတိယသေနတ်သမားဝင်လာလျက်ရှိ၏။ ဆောလ်က ထိုသူအား ဘာရက်တာဖြင့် မသေမချင်း ဆက်တိုက်လှမ်းပစ်ထည့်လိုက်သည်။

ပြီးတော့ ဆောလ်က နံရံကို ကျောကပ်၍ ဟန်ချက်ကို ပြန်ထိန်းထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

မှုဆိုးတွေ ရှိချင်ရှိဦးမည်။ မိမိအနေနှင့် သည့်လိုပဲ တွက်ထားရမည်။ မိမိအသက်ရှင်ရေးသည် ယင်းသို့ တွေးဆချက်များအပေါ်၌ မူတည်နေသည် မဟုတ်လား။

သည်နေရာက လစ်မှပဲ။ သူလှေကားမှ ပြေးတက်သွားသည်။

တိုက်ခန်းတစ်ခန်းအတွင်းမှ ကလေးငိုသံကြားရသည်။

လှေကားထိပ်ရောက်ရောက်ချင်း သတ္တုတံခါးကို တွန်းဖွင့်၍ ထွက်လိုက်ရာ ခေါင်မိုးပေါ် ရောက်လာသည်။

ခေါင်မိုးပေါ်၌လေထွက်ပေါက်များ၊ အဝတ်ကြိုးတန်းများ ရေပိုက်များ ရှုပ်မြင်သဲကြား အင်တင်နာ တိုင်များသာရှိသည်။

သူ ပစ္စတိုဖြင့် အရပ်ရှစ်မျက်နှာကို ချိန်၍ စစ်ဆေးသည်။ ဘယ်သူမှမရှိ။ ဆက် လှုပ်ရှားစမ်း။

နှုတ်ခမ်းကိုက်၊ အံတင်း၍ မှောင်ရိပ်များကြားမှ တရွေ့ရွေ့သွားသည်။ ဝေဒနာက နှိပ်စက်နေပြီ။

အောက်တစ်ထပ်သို့ အသာဆင်းသည်။

ကြွယ်လေးတွေက မှိတ်တုတ်မှိတ်တုတ်။

တိုက်ခေါင်မိုး အစပ်သို့ ရောက်သွား၏။ ဟိုဘက်တိုက်ကို ခုန်ကူးဖို့က အတော်လှမ်းနေသည်။ ဘေးဘီလှည့်ကြည့်ရာ ခေါင်မိုးမှ ထိုးထွက်နေသော ထောင့်မှန်စတုဂံပုံ အစိတ်အပိုင်း တစ်ခုကို တွေ့ရသည်။

ယင်းကား တံခါးပေါက် တစ်ပေါက်ဖြစ်သဖြင့် သူက ဆွဲဖွင့်ကြည့်ရာ မှောင်မည်းနေသော လှေကားကို တွေ့ရသည်။

ဘုရား၊ ဘုရား. . .၊ နာလိုက်တာ။

သူ လှေကား တစ်ထစ်ပြီး တစ်ထစ်၊ တစ်ထပ်ပြီး တစ်ထပ် ဆင်းချသွားသည်။ နောက်ဆုံး၌ ထွက်ပေါက်ဆီ ချောင်းကြည့်သည်။ အပေါက်ဝမှာ တစ်ယောက်ယောက်စောင့်ချင်စောင့်နေနိုင်သည်။ သို့သော် မိမိအရဲစွန့်ရမည်သာ။

လမ်းမှာ မှောင်မည်းနေ၏။

သူ အပေါက်ဝမှ လျှိုထွက်သည်။ အသက်အောင့်ထားရ၏။

ပလက်ဖောင်းပေါ် ရောက်လာသည်။ သေနတ်သံမကြားရ။ သူဆီ ပြေးဝင်လာသောသူမရှိ။

တော်ပါသေးရဲ့။





သူဘယ်သွားရပါ့။ မိမိဒဏ်ရာ မည်မျှကြီးမားမှန်း မသိရသေး။ လူမြင်ကွင်းမှာ ကြာကြာနေလို့မဖြစ်။ နို့မို့ သူတို့ ရှာတွေ့သွားမည်။

ဟိုတယ်အကြောင်း သူ ပြန်စဉ်းစားသည်။

သေနတ်သမားများက သူ့အား ဟိုတယ်သို့ မသွားနိုင်အောင် ကြားဖြတ်ဟန့်တားခဲ့ကြသည်။ ဟိုတယ်မှာ ဘာကြောင့် မိမိအား ကူညီမည့်သူတွေ ရှိမနေခဲ့ပါလိမ့်။

သေနတ်သမားများသည် အသံတိတ်ကိရိယာများ အသုံးပြုခဲ့ကြ၏။ ကယ်ဆယ်ရေးအဖွဲ့သည် မိမိသေနတ်ပစ်ခံရမှန်း မသိကြသေးသောကြောင့်လည်း ဖြစ်နိုင်သည်။

သို့သော် ဟိုတယ်ရှေ့ လမ်းမပေါ်၌ မိမိသေနတ်ပစ်ခံရသည် မဟုတ်လား။ ကယ်ဆယ်ရေးအဖွဲ့သည် ဟိုတယ်ထဲမှ စောင့်မကြည့်ဘဲ နေမည်မဟုတ်။ သူတို့ ဘာကြောင့် ပြေးထွက်လာပြီး မကယ်တင်ကြပါလိမ့်။

မိမိ ဘယ်ရောက်သွားမှန်း သူတို့ မသိသောကြောင့်ဖြစ်မည်။ သူတို့သည် ဟိုတယ်၏ လုံခြုံမှု တန်ဖိုးကို အထိပါးမခံနိုင်။ သူတို့ဆီ မိမိရောက်လာဖို့ မျှော်လင့်လျက် နေရာမရွေ့ စောင့်နေခဲ့ကြဟန်တူသည်။

သည်တော့ ဟိုတယ်ကိုပဲ ရောက်အောင်သွားသင့်သည်။

ပလက်ဖောင်းဘေး၌ ရပ်ထားသော ပလိုင်းမောက် ကားဟောင်းကြီး တစ်စီးကို ဆောလ်တွေ့သွားသည်။ မှောင်ရိပ်လွှမ်းသော ဤရပ်ကွက်၌ မော်တော်ကားဆိုလို့ ဤတစ်စီးသာရှိ၏။

သည်ကားကို သော့ခတ်မထားပါစေနဲ့၊ စက်ရောနှိုးလို့ရပါ့မလား။

သူက ကားတံခါးကို ဆွဲဖွင့်လိုက်သည်။ တံခါးပွင့်သွား၏။ ကားသော့ကို တန်းလန်းတပ်မထား။

သူက ရင်ဘတ် အောင့်နေသည့်ကြားမှ ကား ဒက်ရှ်ဘုတ် အောက်ကန့်ဝင်က ဝါယာကြိုးနှစ်စကို ပူး၍ ကားစက်ကို နှိုးလိုက်သည်။

လက်ကိုင်ဘီးကို ဆုပ်ကိုင်ကာ လီဗာကို ဆောင့်နင်းလိုက်သည်။ ပလိုင်းမောက် ဒပ်စတာ မော်တော်ကားကြီး ပလက်ဖောင်းဘေးမှ ဝူးခနဲ ထွက်သွားသည်။ လမ်းထောင့်၌ ကွီခနဲမြည်အောင် တအား ချိုးကွေ့လိုက်သည်။ ဘေးမှတိုက်များ သူ့မြင်ကွင်း၌ ဝါးသွားသည်။ နောက်လမ်းထောင့်ကို ချိုးလိုက်သောအခါ သစ်ပင်များ အဝေး၌ ကျန်ရစ်ခဲ့ကြပြီ။

ရှေ့နားတွင် ဟိုတယ်ကို မြင်ရသဖြင့် ပလက်ဖောင်းဆီသို့ ဦးတည်သွားသည်။ နီယွန်မီးရောင်များရှိသဖြင့် မှုဆိုးများ ညကြည့်မှန်ပြောင်းကို သုံးလို့



www.burmeseclassic.com

www.burmeseclassic.com



မရ။ ညကြည့်မှန်ပြောင်း၏ မှန်ဘီလူးများက အလင်းရောင်ကို အဆပေါင်းများစွာ ပိုလင်းအောင် ပြုလုပ်ပေးနိုင်သဖြင့် ထိုမှန်ပြောင်းဖြင့် ကြည့်သည့် သေနတ်သမားအား မျက်စိ ကျိန်းစပ်သွားစေနိုင်သည်။

ပလိုင်းမောက်ကားကို ပလက်ဖောင်းနံဘေး ကပ်လျက် ဘရိတ်ဆောင့်အုပ်၍ ရပ်လိုက်သည်။ သူ တစ်ကိုယ်လုံး လှုပ်ခါသွား၏။ တံခါးကို ပခုံးနှင့် တိုက်၍ ဖွင့်လိုက်သည်။ မော်တော်ကားဖြင့် အကာအကွယ်ယူပြီး ဟိုတယ်လှေကားမှ ပြေးတက်ကာ တံခါးကို တိုက်၍ အတွင်းသို့ ဒရောသောပါး ဝင်သွားသည်။ အထဲရောက်သည်နှင့် ကြမ်းပြင်ပေါ် ဝပ်ချပြီး ပစ္စတိုဖြင့် လမ်းမဘက်သို့ ပြန်လှည့်ချိန်ထားလိုက်သည်။

ဟိုတယ်ကို ရောက်သွားပြီ။

လုံခြုံသွားပြီ။

တိတ်ဆိတ်မှုကြောင့် သူ ကြက်သေသေသွားသည်။ ကယ်ဆယ်ရေးအဖွဲ့ ဘယ်မှာလဲ။

နောက်ဘက်သို့ လှည့်ကြည့်သော်လည်း အမှောင်ထုကိုသာ မြင်ရသည်။

"ရှိုးမြူးလပ်"

သူက အော်လိုက်ရာ ပဲ့တင်သံကြားရပြီး ပြန်ထူးသံ ပေါ်ထွက်မလာပေ။

သူ မှိုနံ့၊ ဖုန်မှုန့်နံ့များကို ရှူရှိုက်ရင်း ရှေ့တိုးသွားသည်။ သောက်ရေးထဲ ဘယ်ရောက်နေကြပါလိမ့်။ ဟိုတယ်ထဲမှာ လူတစ်ယောက်မျှ မရှိ။

ညစ်ထေး မှုန်မှိုင်းသော ဧည့်ခန်းထဲ သူလိုက်ရှာသည်။ ရုံးခန်းနှင့် စကြိုလမ်းတလျှောက်ရှိ အခန်းများကို လျှောက်စစ်ဆေးသည်။ ဝင်ပေါက်သို့ ဖျတ်ခနဲ ဖျတ်ခနဲ လှည့်ကြည့်သည်။ ခြေသံကြားရလိုကြားငြား နားစွင့်ထားသည်။ လူတစ်ယောက်မျှမရှိ၊ သူ့ကို ကြိုဆိုလက်ခံဖို့ ဘာအစီအစဉ်မျှ လုပ်မထားကြ။

သို့ဆိုလျှင် ဤအရပ်သည် လုံခြုံမှုမရှိ။

ဘုရားရေ၊ သူ့ကို ထောင်ချောက်ဆင်ဖို့ သည်ဟိုတယ်ကို လွှတ်လိုက်တာပါလား။ တကယ်တော့ သူတို့က သူ့ကို ဟိုတယ်ထဲ အရောက်ဝင်နိုင်ဖို့ မျှော်လင့်မထား။

ဟိုတယ်ထဲ၌ စောင့်နေသော လူများသည် အပြင်သို့ ထွက်လာခဲ့ကြပြီးဖြစ်ကြောင်း သူရိပ်မိသည်။ သူ့ကို ကယ်ဖို့မဟုတ်၊ သူ့ကို လိုက်ရှာပြီး





သတ်ပစ်ဖို့။

ယခု သူတို့တွေ သူ့ကို လမ်းကြိုလမ်းကြား၌ လိုက်ရှာနေဆဲ။

ဟိုတယ်ရှေ့ရှိ မော်တော်ကားကြီးက သူဘယ်မှာရှိကြောင်း ညွှန်ပြလိမ့်မည်။

တံခါးဝသို့ သူပြေးသွားသည်။ လှေကားမှ ပြေးဆင်းသွားစဉ် လမ်းထောင့်မှ ထွက်လာသော သေနတ်သမားတစ်ယောက်ကို တွေ့ရသည်။ ၎င်းက အူဇီစက်သေနတ်ဖြင့် ချိန်နေ၏။

ဆောလ်က ပြေးရင်းနှင့် သူ့ကို လှမ်းပစ်ထည့်ရာ ထိုသူက လက်မောင်းကို ဆုပ်ကိုင်ကာ တိုက်ထောင့်သို့ ဆတ်ခနဲ ပြန်ဆုတ်သွားသည်။

ဆောလ်သည် ကားပေါ်တက်၍ ဝါယာနှစ်ချောင်းပူးကာ မြန်မြန်ဆန်ဆန် ကားစက်နှိုးလိုက်သည်။ သူ့ဘေးမှ ကားတံခါးကိုပင်ဆွဲမပိတ်အား။ ဂီယာဆောင့်ထိုးပြီးကားကို ဝူးခနဲအရှိန်ပြင်းစွာ မောင်းထွက်သွားသည်။ ကားဘီးတစ်ခြမ်းက ပလက်ဖောင်းပေါ် ခုန်တက်သွားပြီး ဖင်ယမ်းသွားသည်။

သူ့ကား နောက်မှန်ချပ်ကို စက်သေနတ်ကျည်ဆန်များထိမှန်ပြီး ကွဲသွားသည်။ သူ့ကိုယ်ပေါ်မှ မှန်ကွဲစတွေ လွင့်စဉ်ကျလာသည်။ ကိုယ်ကို ဝပ်လျက် ကားမောင်းသွားရသည်။

ရှေ့လမ်းထောင့်မှ သေနတ်သမားတစ်ယောက် ထွက်လာပြန်သည်။ ဆောလ်က ကားခေါင်းကို ၎င်းဆီဦးတည်ပြီး လီဗာကို ဖိနင်းချသည်။ ပေသုံးဆယ် ပေနှစ်ဆယ်သာ ကွာတော့သည်။

သေနတ်သမားက ပစ္စတိုနှင့် ချိန်နေသည်။

ဆယ်ပေလိုသေးသည်။

ရုတ်တရက် သေနတ်သမား ကြောက်အား လန့်အားနှင့် တံခါးပေါက်တစ်ခုဆီ ဒိုင်ဗင်ထိုး၍ ရှောင်လိုက်သည်။

ဆောလ်က မီးသတ်ပိုက်ခေါင်းကိုရှောင်၍ ဘေးတိမ်းပြီး သေနတ်သမားနံဘေးမှာ ဝုန်းခနဲ ဖြတ်ကျော်သွားသည်။

သူ့ကားကို ကျည်ဆံတွေ လာမှန်ပြန်သည်။

လမ်းဆုံတစ်ခု၌ သူ ဘီးချော်သွားပြီး နောက်လမ်းသွယ် တစ်ခုထဲသို့ တရကြမ်းမောင်းဝင်သွားသည်။

နောက်ကြည့်မှန်ကိုကြည့်ပြီး ရှေ့သို့လှမ်းစစ်ဆေးသည်။ သေနတ်သမားတွေ မတွေ့ရတော့။ သူလွတ်သွားပြီ။

သို့သော် သေနတ်မှန်သည့်နေရာမှ သွေးတွေထွက်နေဆဲ။ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းမှန်ကို ရိုက်ခွဲခဲ့၍ တံဆောင်ဆစ်မှာလည်း သွေးရွဲနေ၏။

လွတ်သွားပြီ။

ဘယ်လောက်ကြာအောင်ပြေးလွတ်နိုင်မှာလဲ။

အသည်းအသန် ပြေးနေရသော်လည်း အရှိန်ကို တဖြည်းဖြည်း လျှော့ချမိသည်။ မီးနီကို ဖြတ်မမောင်းနဲ့။ သတ်မှတ်မိုင်နှုန်းအတိုင်းမောင်း။ ယာဉ်စည်းကမ်းကို မချိုးဖောက်နဲ့။

နောက်မှန်ချပ်ကြီးကွဲနေပြီး ကားကိုယ်ထည်မှာ ကျည်ဆန်ပေါက်ရာ အပြည့်ဖြစ်နေသည့်အတွက် လမ်းခုလတ်မှာ ဘယ်နည်းနဲ့မှ ရဲအဖမ်းခံလို့ မဖြစ်။

သည်ကားကို တစ်နေရာရာမှာ ပစ်ထားခဲ့ရမည်။

ဤကိစ္စ အမြန်ဆုံးလုပ်ဖို့လိုသည်။

◆

( ၁၅ )

ကုန်ကားရပ်နားစခန်း တစ်ခုရှေ့မှ သူဖြတ်ကျော်သွားသည်။ ဓာတ်ဆီဆိုင်နှင့် စားသောက်ဆိုင်တို့မှ မီးရောင်များ စူးရှလွန်းသဖြင့် သူ မျက်ကြောရှုံ့သွား၏။ မြစ်ကပ်နှစ်စီးနှင့် နောက်တွဲချိတ်သည့် ထရပ်ကားသုံးစီးရပ်ထားသည်။ နှစ်ဖာလုံခန့် ရှေ့ဆက်သွားပြီး နောက်တွဲယာဉ်များရပ်သည့် ကွက်လပ်ဘက်သို့ ကားကို ကွေ့သွားသည်။

မနက် ၄း၃၀ နာရီ။

နောက်တွဲယာဉ်များမှာ မီးမှောင်ကျနေ၏။ ကားနှစ်စီးကြားတွင် သူ ကားကို ဝင်ရပ်ပြီး ရှေ့မီးကြီးများကိုမှိတ်ကာ ဒက်ရှ်ဘုတ်အောက်ရှိ ဝါယာကြိုး နှစ်ချောင်းကို ပြန်ဖြုတ်လိုက်သည်။

ဝေဒနာကြောင့် သူမျက်နှာ ရှုံ့မဲ့သွား၏။ မိမိအား အာရုံစိုက်နေသူ ရှိမရှိ ဘေးဘီစစ်ဆေးပြီးနောက် သူမျက်ခုံးပေါ်မှ ချွေးသီးချွေးပေါက်များကို သုတ်လိုက်သည်။ ကုတ်အင်္ကျီကို ချွတ်ပြီး ခေါင်းစွပ် ဆွယ်တာလက်ရှည်နှင့် ကျည်ကာအင်္ကျီတို့ကိုပါ ဆွဲချွတ်လိုက်သည်။

လုပ်ထုံးလုပ်နည်းကို ဘယ်တော့မှ မချိုးဖောက်ဖို့ အဲလိယော့ အမြဲ ပြောတတ်သည်။ အလုပ်တစ်ခု ပြီးသွားလျှင် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရမည်တဲ့။ ကျည်ကာ အင်္ကျီကို လိုရမည်ရ ဝတ်ထား။

မိမိလုပ်ခဲ့သည့် အလုပ်က ရှုပ်ထွေးမှုများ၊ ပြဿနာများ ပေါ်လာနိုင်သည်မဟုတ်လား။ ထို့ကြောင့် မိမိ အသက်ရှင်ရေးအတွက် နည်းလမ်းများကို အကောင်အထည်ဖော်ဖို့လိုသည်။

ကျည်ကာအင်္ကျီကြီးက ထုထည်ကြီးမားသည်။ လေးပိုင်းတစ်ပိုင်း လက်မထူပြီး တစ်ပေါင်ခွဲလေးသည်။ သံမဏိထက်ငါးဆပို၍ ခိုင်ခံ့သော နိုင်လွန်လို ဖိုင်ဘာသားအတုဖြစ်သည့် ကက်ဗလာ အသားဖြင့် ခုနစ်ထပ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားခြင်းဖြစ်သည်။

သို့သော် ဆောလ်သည် အရိုးအဆစ်ကြီးမား၍ ထွားကျိုင်းသူဖြစ်သောကြောင့် ဤ အင်္ကျီကြီးဝတ်လျှင် ပို၍ အလေးချိန်စီးသလိုဖြစ်နေသည်။

ကာဆီနိုထဲမှာတုန်းက မိမိသေနတ်ကို သယ်ဆောင်ခြင်းမပြုခဲ့သော်လည်း ကျည်ကာအင်္ကျီဝတ်ထားကြောင်း မည်သူမျှ ရိပ်မိမည်မဟုတ်ဟု ယုံကြည်ထားခဲ့မိသည်။

ဘာပဲဖြစ်ဖြစ် မိမိ၏ အကျင့်တစ်ခုကြောင့် အသက်ဘေးမှ လွတ်သွားပြန်လေပြီ။

သို့တစေ ကျည်ဆန်က မိမိအား အငိုက်မိစေရုံမျှသာ ထိမှန်သင့်၏။ အင်္ကျီကို ဖောက်ထွင်းစရာမလို။ ဒဏ်ရာရစရာ အကြောင်းမရှိ။

ဆောလ်မျက်မှောင်ကုတ်ရင်း ကျည်ဆန်ပေါက်ရာကို လိုက်စမ်းကြည့်သည်။ ရင်ဘတ်တစ်ခုလုံး သွေးတွေ ရွှဲနေ၏။

ရင်ဘတ်အတွင်း နံရိုးနှစ်ချောင်းကြားတွင် လက်မတစ်စိတ်ခန့် နစ်ဝင်နေသော ကျည်ဆန်ကို သွားစမ်းမိသည်။ ကျည်ကာအင်္ကျီခံထားသဖြင့် ကျည်ဆန်၏ အရှိန်နှုန်းမှာ လျော့ကျသွားခဲ့ခြင်းဖြစ်သည်။

အံကြိတ်ပြီး ကျည်ဆန်ကို လက်နှင့် ဆွဲနှုတ်လိုက်သည်။ သက်ပြင်းမှုတ်ထုတ်ရင်း အော့အန်ချင်စိတ်ပေါက်လာသည်။

အမှောင်ထုအောက်၌ မော်တော်ကားကြီး ချာရပတ်လည်သွားသလား အောက်မေ့ရသည်။ ထိုစဉ် ချာရပတ်လည်တာ ရပ်သွားပြီး အန်ချင်စိတ်လည်း ပျောက်သွားသည်။

ကျည်ဆန်ကို သန့်အောင် လက်နှင့် သုတ်လိုက်သည်။

စဉ်းစားလို့ ကိုမရ။ အဓိပ္ပာယ်မရှိ။ သည်ကျည်ဆန်မှာ ကျည်ကာအင်္ကျီကို ဖောက်ထွက်စရာမလို။

ကျည်ဆန်က ထိပ်ချွန်ပြီး ရှည်သွယ်သည်။ ကျည်ကာအင်္ကျီနှင့် ထိသဖြင့် ထိပ်ချွန်မှာ တုံးသွားရမည်။

အရဲစွန့်၍ တံခါးကိုဖွင့်ပြီး ကားတွင်းရှိ မီးရောင်ဖြင့် ကျည်ဆံကို ဆန်းစစ်လေ့လာကြည့်ရာ သူပိုပြီးစိတ်ညစ်သွား၏။

ကျည်ဆန်မှာ အစိမ်းရောင်ဖြစ်ပြီး တက်ဖလွန်ဖြင့် အုပ်ထားသောကြောင့် ကျည်ကာအင်္ကျီကို ဖောက်ထွက်နိုင်စွမ်းရှိသည်။ ဤကျည်ဆန်မျိုးကို လက်ရွေးစင် ထောက်လှမ်းရေးအဖွဲ့အစည်းများ ကြိုက်နှစ်သက်ကြသည်။ မော့ဆတ်ဒ်အဖွဲ့လည်း ပါဝင်၏။





ဆောလ်က ဘာရက်တာ ပစ္စတိုတွင်တပ်ထားသည့် အသံတိတ်ကိရိယာကို စစ်ဆေးပြန်သည်။ ဤအသံတိတ်ကိရိယာမျိုး လက်ဝယ်ထားရှိခြင်းသည် စက်သေနတ်တစ်လက် သို့မဟုတ် လောင်ချာတစ်လက် ကိုင်ဆောင်ခြင်းကဲ့သို့ပင် တရားဥပဒေနှင့် ငြိစွန်းသည်။

သေနတ်သမားများသည် အသံတိတ်ကိရိယာများကို မှောင်ခိုဈေး၌ သွားဝယ်မည့်အစား သို့မဟုတ် လက်ဝယ်တွေ့ရှိ၍ အဖမ်းခံရမည့်အစား မိမိဘာသာ ပြုလုပ်လေ့ရှိကြသည်။ ၎င်းပစ္စည်းအင်္ဂါအစိတ်အပိုင်းများကို တစ်စစီဖြုတ်ထားလျှင် ဘာမျှမသင်္ကာဖြစ်စရာမလို။

အသုံးပြုပြီး တစ်စစီဖြုတ်ကာလွှင့်ပစ်လိုက်လို့လည်းရသည်။ ယင်းအပိုင်းအစများကို တွေ့လျှင်လည်း အသံတိတ်ကိရိယာ၏ အစိတ်အပိုင်းများဟု မည်သူမျှ မထင်နိုင်ပါ။ လွယ်လွယ်ကလေးပဲ။ သည်နည်းကို မော့ဆတ်ဒ်အဖွဲ့ဝင်များ ကြိုက်ကြ၏။

ဘာတွေဖြစ်ကုန်ပြီလဲ။

ရန်သူများသည် မေဖဲယားဟိုတယ်သို့ မိမိလာမှာ ဘယ်လိုကြိုသိကြသလဲ။ မိမိ ကိုယ်တိုင်နာရီပိုင်းအလိုကမှ ကပ်ပြီးသိခဲ့ရသည်ပဲ။

မိမိနောက်က ရန်သူလိုက်လာခြင်းမဟုတ်။ သုတ်သင်သူအဖွဲ့ဝင်သည် မိမိလှုပ်ရှားမှု၊ မိမိခြေလှမ်းကို ကြိုတွက်နိုင်ကြ၏။

သူတို့က မိမိအား စောင့်မျှော်နေခဲ့ကြသည်။ မိမိအတွက် အဲလိယော့ကအားလုံးစီစဉ်ပေးလိုက်သည်။

အဲလိယော့ အမှားတစ်ခုခု လုပ်လိုက်လို့များလား။ ကော့ဗ္ဗ ၎င်း၏ တယ်လီဖုန်းကို ခိုးနားထောင်သူ ရှိခဲ့လိမ့်မည်။

အဲလိယော့သည် ဘယ်တော့မှ အမှားမလုပ်တတ်၊ ဒါဖြင့် အဲလိယော့ကို ရှုဒိုးလိုက်ပြီး ၎င်းပြောသမျှစကားကို အဝေးမှ အသံဖမ်းယူနားထောင်ခဲ့ကြလို့ဖြစ်မည်။

အဲလိယော့က လူတော်တစ်ယောက်ပါ။ မိုက်ခွက်ဖြင့် ဖမ်းယူနားထောင်လို့မရအောင် အသံလှိုင်းကို အနှောင့်အယှက်ပေးသည့် ကိရိယာငယ်တစ်ခုခု သူ အမြဲဆောင်ထားသည် မဟုတ်လား။

အဲလိယော့ တပည့်တစ်ယောက်သည် နှစ်ဖက်လွှသူလျှိုဖြစ်နိုင်သည်။ တယ်သူ့ဘက်တော်သားလဲ။ မော့ဆတ်ဒ် ဘက်ကလား။

ဆောလ် ကားတံခါး ပိတ်လိုက်သည်။ မီးမှိတ်သွား၏။ ရင်ဘတ်မှ သွေးများကို လက်ကိုင်ပဝါနှင့် သုတ်လိုက်သည်။ သူ့စွမ်းနယ်ပြီး ချမ်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်မှုများကို သူလက်မခံနိုင်။

အဲလီယော့သည် မိမိအားအက်လန်တစ်စီးတီးသို့ လွှတ်လိုက်သည်။ သည်မြို့ကို ရွေးချယ်ခြင်းမှာ သိပ်သဘာဝမကျ။ အက်လန်တစ်စီးတီးမှာ မိမိ၏ လုပ်ဖော်ကိုင်ဖက်တစ်ယောက်က မိမိအား လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားခဲ့၏။

ဆောလ် ကြက်သီးဖြန်းဖြန်း ထသွားသည်။

ပြီးတော့ အဲလီယော့သည် လူမသုံးဘဲ စွန့်ပစ်ထားသည့် ဟိုတယ်ပျက်ကြီးတစ်လုံးသို့ မိမိအား လွှတ်လိုက်ပြန်သည်။ ၎င်းဟိုတယ်သို့အသွား မိမိအား လုပ်ကြံကြဖို့ ကြိုးစားကြပြန်သည်။

သည်ပြဿနာထဲမှာ အစအဆုံး ပါဝင်ပတ်သက်နေသော လူတစ်ယောက်ကား . . . အဲလီယော့။

အဓိပ္ပာယ် သက်ရောက်မှုက မတွေးဝံ့စရာ။

ဆောလ်ရဲ့ ခွေးစားဖခင် အဲလီယော့သည် ၎င်းအား သုတ်သင်ဖို့ အမိန့်ထုတ်ပြန်လိုက်သတဲ့လား။

အိုမဟုတ်တာ။

ဆောလ်သည် ဆွယ်တာလက်ရှည်ကို ကောက်စွပ်ပြီး စပို့ကုတ်အကျႌကို ထပ်ဝတ်ကာ ကားပေါ်မှ ဆင်းလိုက်သည်။

မနက်ငါးနာရီထိုးပြီမို့ အခရှမိုးကောင်းကင်က မီးခိုးရောင်သမ်းလာသည်။

နောက်တွဲယာဉ်စခန်းကို ကျော်ခိုင်း၍ အဝေးပြေးကားလမ်းမကြီးတစ်လျှောက် နာကျင်ကိုက်ခဲစွာဖြင့် တရွေ့ရွေ့ လျှောက်လာသည်။

ထရပ်ကား ရပ်နားစခန်းသို့ ရောက်သောအခါ နောက်တွဲယာဉ်ကိုကွယ်၍ ရပ်ကာ စားသောက်ဆိုင်ထဲမှ ယာဉ်မောင်းသူ ပြန်ထွက်မလာမချင်း စောင့်နေလိုက်၏။

ယာဉ်မောင်းက သူ့ကိုမြင်သောအခါ လန့်သွားသည်။

"ကားကြုံလိုက်ပါရစေ၊ ငါးဒေါ်လာပေးပါ့မယ်"

ဆောလ်ကပြောသည်။

"ခရီးသည် မတင်ရဘူးလို့ စည်းကမ်းထုတ်ထားတယ်ဗျ၊ ဟိုမှာဆိုင်းဘုတ်မတွေ့ဘူးလား၊ ကျုပ် အလုပ်ပြုတ်သွားဦးမယ်"

"ဒေါ်လာ တစ်ရာပေးမယ်ဗျာ"

"ဘာလဲ၊ လမ်းခုလတ်ကျ ကျုပ်ကို ခင်ဗျားရိုက်လုမယ်မဟုတ်လား၊





ဒါမှမဟုတ် ခင်ဗျား အပေါင်းအသင်းတွေက ကျုပ်ကားကို လုပြေးမယ်လေ"

"နှစ်ရာပေးပါ့မယ်"

ယာဉ်မောင်းကလက်ညှိုးထိုး၍

"ခင်ဗျားအကျႌမှာ သွေးတွေနဲ့၊ ခင်ဗျားရန်ဖြစ်လာသလား၊ ဒါမှမဟုတ် ပုလိပ်လိုက်ဖမ်းလို့ ထွက်ပြေးလာတာလား"

"ကျွန်တော် မုတ်ဆိတ်ရိတ်ရင်း ဓားရှသွားလို့၊ ကဲ သုံးရာပေးမယ်"

"ဆောရီးပဲ ကျုပ်မှာ သားနဲ့မယားနဲ့ဗျ"

"လေးရာပေးမယ်၊ အဲဒါ အစွမ်းကုန်ပဲ"

"နည်းသေးတယ်"

"ဒါဖြင့် ကျွန်တော် နောက်ကားစောင့်စီးမယ်"

ဆောလ်က အခြား ထရပ်ကားဆီလှည့်ထွက်သွားသည်။

"ဟေ့လူ"

ဆောလ်လှည့်လိုက်၏။

"ခင်ဗျား ဒီလောက် ပေးတယ်ဆိုတော့ ခင်ဗျား ဒီမြို့က သိပ်ပြေးချင်ပုံရတယ်"

"ကျွန်တော့်အဖေ အသည်းအသန်ဖြစ်နေလို့"

ဒရိုင်ဘာက ရယ်၍

"အေး၊ ကျုပ်လဲ ဘိုင်ကျနေတယ်၊ ခင်ဗျား ငါးရာလောက်ပေးမလားလို့"

"မပါဘူးဗျာ"

"အက်လန်တာကို ရောက်ဖူးလား"

"ဟာဝ့်အင်း"

ဆောလ်က ညာပြောလိုက်သည်။

"ဒါဆို အခု ခင်ဗျားရောက်တော့မယ်။ ကဲပိုက်ဆံပေး"

ဒရိုင်ဘာက လက်ဖြန့်တောင်းသည်။

"အခု တစ်ဝက်ယူထား"

"ကောင်းသားပဲ၊ ခင်ဗျား လမ်းမှာ ကုလီကူမာမလုပ်နဲ့နော်၊ ကြိုပြောထားမယ်။ ကျုပ်က မရိုးတပ်သားဟောင်းဗျ၊ ကရာတေးတတ်တယ်"

"ဪ ဟုတ်လား"

"ကဲ၊ ခင်ဗျားကို ရှာရဦးမယ်၊ သေနတ်တွေ၊ ဓားမြှောင်တွေ ပါမလာစေချင်ဘူး၊ လက်ရော ခြေရောကားပြီး မော်တော်ကားဘက် မျက်နှာလှည့်ရပ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဆောလ်သည် အသံတိတ် ကိရိယာကို လွှင့်ပစ်ခဲ့ပြီး ဘာရက်တာ ပစ္စတိုကိုတော့ အောက်ခံဘောင်းဘီ ခွကြားတွင် ဝှက်ယူလာခဲ့သည်။ သေနတ်ကြောင့် ခိုးလိုခုလုဖြစ်နေ၏။

လက်နက်ပုန်းရှာသည့်အခါ မသက်သာသူအား ကိုယ်တုံးလုံးချွတ်၍ ရှာတာ အသေချာဆုံးဖြစ်သည်။

ယခုဒရိုင်ဘာကြီးကတော့ သူ့လက်မောင်း၊ ခြေထောက်နှင့် ကျောပြင်တို့ကိုသာ စမ်းကြည့်လိမ့်မည်။ ၎င်းသည် မိမိအား ပေါင်ခွကြားကို စမ်းမည်မထင်။ အကယ်၍ ယင်းနေရာကို စမ်းကြည့်မည်ဆိုလျှင်တော့ . . .။

"ခင်ဗျား ကျွန်တော့်ကို ရှာလဲ ဒေါ်လာလေးရာပဲ တွေ့မယ်၊ အက်လန်တာ ရောက်လို့ ကျွန်တော့်ကို ရဲတွေလိုက်ရှာရင် ကျွန်တော်က ခင်ဗျားရဲ့ သူဌေးဆီဖုန်းဆက်ပြီး ခင်ဗျားနဲ့ ကျွန်တော် ဘယ်လိုအပေးအယူ လုပ်ခဲ့တယ်ဆိုတာ တိုင်ပြောလိုက်မယ်၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားအလုပ်ပြုတ်သွားတာ ကြားရရင် ကျွန်တော်ဝမ်းသာမှာပဲ"

ဆောလ်က ခြိမ်းခြောက်သည်။

"သူငယ်ချင်းတစ်ယောက်ကို ခင်ဗျားဒီလို ပြောရသလား"

ဒရိုင်ဘာ သွားဖြဲပြပြီး ဆောလ် ထင်သည့်အတိုင်း ၎င်းအား သာမန်ကာလျှံကာမျှသာ စမ်းသပ်ရှာဖွေသည်။

နေရောင်အောက်၌ အဝေးပြေး လမ်းမကြီးပေါ်မှ အရှိန်မှန်မှန်ဖြင့် ထရပ်ကားကြီး မောင်းနှင်သွားစဉ် ဆောလ်သည် အိပ်ချင်ယောင်ဆောင်ပြီး ဖြစ်ပျက်ခဲ့သမျှကို စားမြုံ့ပြန်နေသည်။

အဲလိယော့ . . . အဲလိယော့။

တစ်ခုခုတော့ အကြီးအကျယ်မှားသွားပြီ။

သို့သော် မိမိ ဆက်ပြေးနေလို့ချည်းမဖြစ်။ တစ်သက်လုံး ပုန်းနေလို့လည်းမရ။

အဲလိယော့ ဘာကြောင့် ငါ့ကို သတ်ချင်ရသလဲ။

ဘာလို့ မော့ဆတ်ဒ်အဖွဲ့က လိုက်သတ်နေသလဲ။

သေချာတာ တစ်ခုပဲ ရှိသည်။

မိမိ အကူအညီလိုနေပြီ။

ဘယ်သူ့ကို ယုံရမလဲ။

ကားရှေ့လေကာမှန်ကို နေရောင်ခြည်က ထိုးဖောက်ဝင်လာသည်။ ဆောလ် ချွေးတွေ ပြန်ရင်း ဖျားချင်သလိုလို ဖြစ်လာသဖြင့် ရင်ဘတ်





ကို လက်နှင့် ဖိထားမိသည်။

ခရစ္စကို သတိရသည်။

မွေးစားညီငယ် ခရစ္စ။

နာမည်ဝှက်က 'ရိုးမက်' . . .။

◆

www.burmeseclassic.com

www.burmeseclassic.com

# လစန္ဒာ ဘုရားရှိခိုးကျောင်းတော်

## ( ၁ )

ဆူညံပူအိုက်လှသည့် ဆီလုံလမ်းမကြီးပေါ်ရှိ အရှေ့တိုင်းသား လူအုပ်ကြီးကြားတွင် အရပ်မြင့်မြင့် ဥရောပသား တစ်ဦးအား တော်ရုံတန်ရုံ မည်သူကမျှ သတိမထားဖြစ်ပေ။ သူသည် လူအုပ်ကြီး၏ ရွေ့လျားမှုနှုန်းနှင့်အညီ နရီစည်းချက်ကျကျ သိမ်မွေ့စွာဖြင့် အလိုက်သင့်ရွေ့လျားလျက်ရှိသည်။ သူ့ကို တစ်စုံတစ်ယောက်က သတိထားမိကြောင်း သိလိုက်သည်နှင့် သူ ကိုယ်ရောင် ဖျောက်သွားတော့သည်။

အကဲခတ်ကျွမ်းကျင်သူတစ်ဦးမှအပ သူ့ကို မည်သည့်လူမျိုးမှန်း မည်သူမျှတပ်အပ်ခွဲခြားပြောဖို့မလွယ်ပါ။ သူသည် ပြင်သစ် သို့မဟုတ် အင်္ဂလိပ်တစ်ယောက်ဖြစ်နိုင်သည်။ သို့မဟုတ် ဂျာမန်တစ်ယောက်လား။

သူ့ဆံပင်က အညိုရောင်။ သို့သော် အညိုရင့်လား၊ အညိုဖျော့လား ပြောရခက်သည်။ သူ့မျက်လုံးကလည်း အညိုလိုလို၊ စိမ်းပြာလိုလို။

သူ့မျက်နှာကလဲ ဘဲဥပုံလည်းမဟုတ်၊ လေးထောင့်လည်း မကျ။ သူ့ကိုယ်လုံးက မပိန်မဝ။ သူ့အဝတ်အစားကလည်း နိုးရိုးစင်းစင်း အရောင်အသွေးက တောက်ပခြင်း၊ ထိုင်းမှိုင်းခြင်းမရှိ၊ ကြားအရောင်တစ်ရောင်။ အသက်က သုံးဆယ်ကျော်ကျော်ရှိမည်။ သည့်ထက်ပိုကြီးချင်လည်း ကြီးမည်၊ ပိုငယ်ချင်လည်းငယ်မည်။ သူ့မျက်နှာမှာ အမာရွတ်တွေ၊ အမွေးအမှင်တွေ ကင်းစင်၏။ သူ၏ တစ်ခုတည်းသော ထူးခြားမှုကား သူသည် လူပုံအလယ်၌ ကိုယ်ဖျောက်နေခြင်းပင်တည်း။

စင်စစ်တွင် သူသည် အမေရိကန်တစ်ယောက်ဖြစ်၏။ သူသည် နာမည်အမျိုးမျိုးနှင့် ခရီးသွားလေ့ရှိသော်လည်း၊ သူ့နာမည်ရင်းမှာ ခရစ္စတီလ်

www.burmeseclassic.com



မွန်းနီးဖြစ်သည်။ သူ့အသက်က သုံးဆယ့်ခြောက်နှစ်။ သူ့အမာရွတ်များကို ပလတ်စတစ် ခွဲစိတ်မှုပညာဖြင့် ဖျောက်ဖျက်ခဲ့သည်။ တကယ်တော့ သူ့မျက်နှာမှာကို အကြိမ်ကြိမ် ပြုပြင်ပြောင်းလဲပေးခဲ့ပြီးပြီ။

သူသည် သူ့အဝတ်အစားများပေါ်မှ အထည်တိုက်ကုမ္ပဏီတံဆိပ်များကို ဖြုတ်ထားၿပီး ကုတ်အင်္ကျီ အောက်ခံသားအတွင်း၌ ဒေါ်လာ ငါးထောင်တန်ဖိုးရှိသည့် နိုင်ငံခြားသုံး ငွေစက္ကူအရွက်ကြီးများကို လျှို့ဝှက်စွာ ထည့်ချုပ်ထားသည်။

သူပိုင်ဆိုင်သည့် အရေးပေါ်သုံးရန် ရံပုံငွေအဖြစ် ဒေါ်လာ တစ်သောင်းခွဲဖိုးကို ရွှေနှင့် ကျောက်မျက်ရတနာများ အဖြစ် ပြောင်းလဲထားသည်။ ဥပမာအားဖြင့် ၁၈-ကာရက်ရွှေဖြင့် ပြုလုပ်ထားသော နိုးလက်စ် လက်ပတ်နာရီနှင့် လူမမြင်အောင် ဝှက်၍ဆွဲထားသည့် အဖိုးတန် ဆွဲကြိုးတစ်ကုံး။

သူသည် ဘဏ်တိုက်များကို အားကိုးစရာမလိုဘဲ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ အမြန်ဆုံး ကူးသန်းသွားလာနိုင်သူဖြစ်သည်။

သူ့ဥစ္စာစနစ်ကို သူ့ခိုးခိုးမှာ သူမစိုးရိမ်ပါ။ သူ့ကုတ်အင်္ကျီအောက် ဘောင်းဘီ ခါးပတ်ကြား၊ မြီးညှောင့်ရိုးနားတွင် ၇. ၆၅ မီလီမီတာ မော်ဇာ ပစ္စတိုတစ်လက်ကို အမြဲဆောင်ထား၏။ သို့သော် ယင်းလက်နက်ထက် ခရစ္စ၏ မျက်လုံးက ပို၍ ကြောက်စရာကောင်းသည်။ သည်မျက်လုံးများက ရန်မူလိုသော သူစိမ်းတစ်ယောက်အား ဝေးဝေးရှောင်သွားအောင် သတိပေးနိုင်စွမ်းရှိသောကြောင့်ဖြစ်သည်။

လမ်းတစ်ဝက်လောက် အရောက်တွင် လှပသော စွန်များ၊ ပိုးဝိုဝါများနှင့် ကျွန်းပန်းပုရုပ်လေးများကို အပြိုင်အဆိုင် အော်ဟစ်ရောင်းချနေသည့် လမ်းဘေးဈေးသည်များ၏ ဝါးတဲဆိုင်တန်းလေးများရှေ့၌ ခရစ္စ ခဏရပ်လိုက်သည်။

ခရစ္စသည် မျောက်သားကင် အော်ရောင်းနေသော တွန်းလှည်းနှင့် ဈေးသည်ကြီးကို ဥပက္ခာပြုကာ စက်ဘီးများ၊ မိုဘက်(စက်ဘီးဆိုင်ကယ်များ) ရှုပ်ထွေးဆူညံနေသည့်ကြားမှ အိုရီယင်တယ် ဟိုတယ်နှင့် သံအဖွဲ့ရုံးတစ်ရုံးကြားရှိ နွယ်ပင်များ တွယ်ကပ်နေသော နှစ်ထပ်တိုက် ဘုရားရှိခိုးကျောင်းကြီးဆီသို့ မျှော်ကြည့်လိုက်သည်။

ဤနေရာမှနေ၍ ဘုရားရှိခိုးကျောင်း နောက်ဘက်တွင် တွဲလျက်တည်ရှိသော နှစ်ထပ်ဗိုလ်တဲလေးတစ်လုံးကိုလည်း မြင်နိုင်သည်။ ၎င်းမှာ ဘုန်းကြီးကျောင်းဖြစ်၏။





ထိုကျောင်း နောက်ကွယ်၌ သချိုင်းမြေနှင့် မိကျောင်းပေါသော မြစ်ရေပြင်သို့ လျှောဆင်းသွားသည့် ငရုတ်ကောင်းစိုက်ခင်းပြင်တို့ကို တွေ့ရသည်။

ဟိုးအဝေးတွင်ကား တောရိုင်းမြေနှင့် ဆက်စပ်နေသော စပျစ်စိုက်ကွင်းများရှိနေသည်။

ခရစ္စ စိတ်ဝင်စားသောအရာကား ဘုရားရှိခိုးကျောင်း၏ ထိပ်ချွန်အောက်ရှိ မှန်ကူကွက်ပါသော ခြောက်ပေမြင့်သည့် ပြတင်းပေါက်ဖြစ်သည်။

မနှစ်တုန်းက မုန်တိုင်းကျသဖြင့် ထိုပြတင်းပေါက်မှ တစ်ပေအရှည်ရှိ မှန်ကူကွက်တစ်ချပ် ကွဲသွားခဲ့ကြောင်း ခရစ္စသိသည်။

ဗန်ကောက်မြို့ ရှေးမြို့ဟောင်းရပ်ကွက်ဖြစ်သည့် ဆာဝမ်ကာနီဝပ်ရှိ ဤဘုရားကျောင်းမှာ ရန်ပုံငွေချို့တဲ့သောကြောင့် လခြမ်းကွေးနှင့်တူသော မှန်ကူကွက် အကွဲနေရာ၌ အပေါ်စား သတ္တုအရောတစ်ချပ်ဖြင့်သာ ပြန်ဖာထားနိုင်ခဲ့သည်။

ဘုရားကျောင်းထိပ်ဖျား အောက်တည့်တည့်ရှိ ဤလခြမ်းကွေးလေးက ထင်ရှားလှသောကြောင့် 'လစန္ဒာ ဘုရားရှိခိုးကျောင်းတော်' ဟူသော အမည်သစ် တွင်လာခဲ့တော့သည်။

ရုရှ ကေဂျီဘီ အဖွဲ့ကြီး၏ မေတ္တာရပ်ခံချက်ဖြင့် ဤဘုရားကျောင်းကို ၁၉၅၉ ခုနှစ်၌ မည်သည့် သူလျှိုအဖွဲ့အစည်းဝင်မဆို ခိုလှုံရန်အတွက် ဗဲဘလတ် သဘောတူညီချက်အရ လုံခြုံဂေဟာအဖြစ် ပြောင်းလဲအသုံးပြုခဲ့ကြောင်း၊ ၎င်းသူလျှိုများအနေဖြင့် နိုင်ငံရေး သဘောထား မည်သို့ပင် ခြားနားသည်ဖြစ်စေ ခိုလှုံခွင့်ပေးကြောင်းတို့ကိုလည်း ခရစ္စသိထားပြီးဖြစ်လေသည်။

မော်တော်ကားရှင်းအောင်စောင့်ပြီး ဘုရားကျောင်းရှိရာ ပလက်ဖောင်းဘက်သို့ ဖြတ်ကူးသွားစဉ် အခြားသူလျှိုအဖွဲ့အစည်းများမှ အေးဂျင့်များက အနီးအနားရှိတိုက်များမှ မိမိအား ချောင်းကြည့်နေမှာ သေချာသည်ဟု ခရစ္စ တစ်ထစ်ချ ယုံကြည်မိ၏။

ဘာမှ စိုးရိမ်စရာမလို။ ဤဘုရားကျောင်းနှင့် ဝတ္တကမြေပေါ်၌ မိမိအား ကင်းလွတ်ခွင့် အပြည့်ပေးထား၏။

သူက ယိုင်နဲ့နေသော ပျဉ်တံခါးချပ်ကြီးကို ဖွင့်၍ ဘုရားကျောင်းဘေးရှိ စိုရွှဲနေသော ကျောက်စရစ်ခင်း လူသွားလမ်းကလေးအတိုင်း လျှောက်သွားသည်။ သူ့နောက်တွင် လမ်းမပေါ်မှ အသံဗလံများက အနည်းငယ်တိုးသွားပြီ။ သူက ချွေးရွှဲနေသော ရှပ်အင်္ကျီရင်ဘတ်စကို ဆွဲမလိုက်သည်။

အပူချိန်က ၉၅ ဒီဂရီ ဖာရင်ဟိုက်။ စိုထိုင်းဆများလှသည်။ မိုးရွာဖို့



www.burmeseclassic.com

www.burmeseclassic.com



တစ်လလိုသေးသော်လည်း တောရိုင်းမြေပေါ်၌ တိမ်မည်းများ ထူထပ်စွာ အုံ့ဆိုင်းနေကြပြီ။

ဆေးသုတ်မထားသည့် ခပ်ဆွေးဆွေး လှေကားထစ်များပေါ်မှ တက်သွားပြီး ဘုန်းကြီးကျောင်းတံခါးကို ခေါက်လိုက်သည်။

အရှေ့တိုင်းသားအစေခံတစ်ဦး ထွက်လာသည်။ ခရစ္စက ဘုန်းတော်ကြီးနှင့် တွေ့လိုကြောင်း ထိုင်းဘာသာစကားဖြင့် ပြောလိုက်သည်။

တစ်မိနစ်အကြာ၌ ဘုန်းတော်ကြီးထွက်လာပြီး ခရစ္စကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။

"အိုင်း ဘာ"

ဟု ခရစ္စကပြောလိုက်သည်။

၎င်း ဓဝါဟာရမှာ ထိုင်းဘာသာ၌ ညစ်ပတ်သော၊ သို့မဟုတ် ကြီးမားသောမျောက်တစ်ကောင်ကို ခေါ်ခြင်းဖြစ်သည်။ ဆဲဆိုရာ၌ သုံးစွဲသည်။ ထိုမြင်ကျောက်ပြားဟုလည်း အဓိပ္ပါယ်ထွက်သေးသည်။

ဤဘုရားရှိုးကျောင်း၌ ခိုလှုံရန်အတွက် ခရစ္စအနေနှင့် ဤမျှသာ ပြောလိုပေသည်။ ဘုန်းတော်ကြီးက နောက်တစ်လှမ်းဆုတ်ပြီး ခေါင်းညိတ်လိုက်သည်။

ခရစ္စ အာထဲဝင်သွားပြီး စင်္ကြံလမ်းအတွင်း၌ မှောင်နေသဖြင့် မျက်ကြောရှုံ့ကြည့်လိုက်သည်။ ငရုတ်ကောင်းမှုန့်နံ့သင်းနေသည်။

"မင်း ဘာစကားပြောတတ်. . ."

"အင်္ဂလိပ်လိုပြောတတ်ပါတယ်"

ခရစ္စကပြန်ဖြေသည်။

"ကျုပ်တို့ရဲ့ အစီအစဉ်တွေကို သိပြီးသားမဟုတ်လား"

"ဟုတ်ကဲ့ ကျွန်တော် အရင်တစ်ခါ ဒီကိုရောက်ဖူးပါတယ်"

"ကျုပ်မမှတ်မိဘူး"

"၁၉၆၇ ခုနှစ်ကပါ"

"ဟင့်အင်း၊ ကျုပ်လုံးဝမမှတ်မိဘူး"

"အဲဒီတုန်းက ကျွန်တော် ဒီရုပ်မဟုတ်ဘူး၊ ကျွန်တော့်မျက်နှာ ပုံပျက်သွားတယ်"

ဘုန်းတော်ကြီး ခဏတုံ့ဆိုင်းပြီး

"အဲဒီတုန်းက မင်းဖူးအတက်ပေါက်နေတယ်မဟုတ်လား နောက်ပြီး ခါးရိုးကျိုးသွားတယ်လေ"





ခရစ္စက ခေါင်းညိတ်ပြသည်။

"အေး ကျုပ်မှတ်မိပြီ၊ မင်းတို့ အေဂျင်စီကို ခိုးကျူးသင့်တယ်။ သူတို့ရဲ့ ခွဲစိတ်ဆရာဝန်က သိပ်တော်တာပဲ"

ခရစ္စက စောင့်နေဆဲ။

"ဒါပေမဲ့ မင်း ဒီကိုလာတာက ရှေးဟောင်းနှောင်းဖြစ်တွေပြောဖို့ မဟုတ်ဘူး။ ကျုပ်ရုံးခန်းထဲမှာ စကားပြောလို့ ပိုကောင်းတယ်၊ လိုက်ခဲ့"

ဘုန်းကြီးက ဘယ်ဘက်သို့လှည့်ပြီး အခန်းတစ်ခန်းထဲ ဝင်သွားသည်။

ခရစ္စလည်း နောက်ကလိုက်သွား၏။ ဤဘုန်းကြီး၏ ကိုယ်ရေး ရာဇဝင်မှတ်တမ်းကို သူဖတ်ထားပြီးပြီ။

ဖာသာ ဂေဘရီယယ်ဂျာနင်သည် အသက် ခုနစ်ဆယ့်နှစ်နှစ် ရှိပြီဖြစ်၏။ သူ၏ တိုကပ်ကပ်ဆံပင်ဖြူများနှင့် မုတ်ဆိတ်ဖြူတိုနံ့နံ့တို့မှာ လိုက်ဖက်မှုရှိသည်။ ဖာသာဂျာနင်သည် ပိန်လှီ၍ အသားအရေများ ရှုံ့တွကာ ခါးကိုင်းနေပြီး ရွှ့ပေနေသည့် ကင်းဗတ်ဖိနပ်စီး၍ ပုံးပန်းမကျသော သက်နံ့ဝတ်ရုံရှည်ကြီးအောက်တွင် ညစ်ထေးထေးဘောင်းဘီရှည်ကို ဝတ်ဆင်ထား၏။ သူ့အသက်အရွယ်နှင့် မသပ်ရပ်သော သူ့ရုပ်ရည် ပုံပန်းသဏ္ဌာန်ကိုကြည့်ပြီး အကဲဖြတ်ဖို့ မလွယ်လှ။

၁၉၂၉ ခုနှစ်မှ ၁၉၃၄ ခုနှစ်အထိ သူသည် ပြင်သစ်နိုင်ငံခြားတပ်ဖွဲ့ဝင်အဖြစ် အမှုထမ်းခဲ့သည်။ ထို့နောက် ၁၉၃၅ ခုနှစ်တွင် စီတိုးမြို့ရှိ စစ္စတာစီယင်ဂိုဏ်းဝင် ရဟန်းတစ်ပါးအဖြစ် ဘဝပြောင်းခဲ့သည်။

နောက်လေးနှစ်အကြာတွင် ထိုကျောင်းမှထွက်ပြီး ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေစဉ်ကာလအတွင်း သာသနာပြု ဘုန်းတော်ကြီးအဖြစ် အမှုထမ်းရန် ယင်တန်းတက်ခဲ့သည်။ စစ်ကြီးပြီးသောအခါ သူ့အား ဆိုင်ဂုံမြို့သို့ စေလွှတ်လိုက်သည်။ ၁၉၅၄ ခုနှစ်တွင် ဗန်ကောက်သို့ ပြောင်းခဲ့ရသည်။

၁၉၅၉ ခုနှစ်တွင် ထိုင်းအမျိုးသမီးငယ်လေးများကို နှစ်မြှိုက်တတ်သောကြောင့် ၎င်းအား ကေဂျီဘီက အကျပ်ကိုင်ခြိမ်းခြောက်ကာ အဲဒါလတ်သဘောတူညီချက်အရ သတ်မှတ်ထားသည့် နိုင်ငံတကာသူလျှိုများအတွက် လုံခြုံရေးဂေဟာကို ထိန်းသိမ်းစောင့်ရှောက်ခိုင်းခဲ့သည်။

သူ၏ ဓည့်သည်များကို ကာကွယ်စောင့်ရှောက်ရာတွင် ဖာသာဂျာနင်သည် ရန်ပြုလာသူမှန်သမျှကို သတ်ဖြတ်ဖို့ လက်နှေးမည်မဟုတ်ကြောင်း ခရစ္စသိ၏။

ရုံးခန်းမှာ ကျဉ်းမြောင်း၍ ရှုပ်ပွနေသည်။ အနံ့အသက်ကလည်း သိပ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်း။

ဖာသာဂျာနင်က တံခါးပြန်ပိတ်ပြီး

"ဘာသုံးဆောင်မလဲ၊ လက်ဖက်ရည်သောက်မလား"

ခရစ္စက ခေါင်းခါပြသည်။

"မင်းကို ကျုပ်ဘယ်လို ကူညီရမလဲ"

"သွားနှုတ်ပေးပြီး၊ နှုတ်လုံလုံနေမယ့် သွားဆရာဝန်တစ်ယောက်ရဲ့ နာမည်ကို ကျွန်တော် သိချင်ပါ- သ်ဖာသာ"

ခရစ္စက အာပတ်ဖြေသကဲ့သို့ တိုးတိုးလေးပြောသည်။

ဖာသာဂျာနင် မျက်နှာပျက်သွား၏။

"ဘာဖြစ်လို့လဲ"

ခရစ္စကမေးရာ သူက

"မင်းတို့အဖွဲ့ကြီးက အဲဒါမသိဘူးလား၊ သူတို့လက်ထဲမှာ ကိုယ်ပိုင် သွားဆရာဝန်တွေရှိသားပဲ"

"ဟင့်အင်း၊ ဖာသာနဲ့သိတဲ့လူကိုပဲ ကျွန်တော်လိုချင်ပါတယ်"

ဆုန်းတော်ကြီးက မျက်မှောင်ကုတ်၍ ရှေ့သို့ကုန်းပြီး

"အဲဒါမင်းပူစရာလား၊ ဘာလို့ ဒီကိုလာသလဲ၊ ငါတဲ့တိုး ပြောတတ်တာ မင်းခွင့်လွှတ်ကွာ၊ အဲဒီသွားဆရာဝန်က ဘယ်သူ့ကို ဒုက္ခပေးလို့လဲ၊ ဒါမှမဟုတ် အေးဂျင့်တစ်ယောက်ရဲ့ ဇာတိရုပ်ကို ဖော်ထုတ်လိုက်လို့လား၊ သူများကိုယ်စား မင်းက သူ့ကိုရှင်းပစ်ပေးမလို့လား"

"သူများကို ကူညီတာမဟုတ်ပါဘူး၊ ကျွန်တော့်အလုပ်ရှင်တွေဟာ ကျွန်တော်တို့အဖွဲ့အစည်းထဲက သတင်းပေါက်ကြားမှုတွေနဲ့ပတ်သက်ပြီး စိုးရိမ်နေကြပါတယ်။ ဒီတော့ တစ်ခါတစ်လေ ကျွန်တော်တို့က အပြင်လူတွေကို ချဉ်းကပ်ရပါတယ်"

ဖာသာဂျာနင်က စဉ်းစားနေသည်။

မျက်မှောင်ကုတ်လျက် ခေါင်းတဆတ်ဆတ်ညိတ်ရင်း

"ငါနားလည်ပါတယ်၊ ဒါပေမယ့်လဲ. . ."

ဂုင်းက စားပွဲကို လက်နှင့်ခေါက်လိုက်သည်။

"စုံစမ်းပေးတဲ့အခါ ကျွန်တော့်ရဲ့ နာမည်ဝှက် ရိုးမတော်ကို သုံးနိုင်ပါ တယ်ဖာသာ"

ဂျာနင်၏ လက်ချောင်းများ စားပွဲကို ခေါက်နေရာမှ ရပ်သွား၏။

"ကဲ ဒီလိုဆို မင်း ဒီမှာ တစ်ညအိပ်ရင် မနက်ကျ ငါမင်းအတွက်





ဇာမြေရအောင် ကြိုးစားကြည့်ပါ့မယ်"

မနက်အထိ စောင့်ရမှာ ကြာလွန်းသည်ဟု ခရစ္စ စိတ်ထဲက ပြန်ပြော မိလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

ခရစ္စသည် ထိုင်းလူမျိုးတို့အကြိုက် ချက်ထားသော ငရုတ်ကောင်းမှုန့်များများ ခပ်ထားသည့် ကြက်သားခေါက်ဆွဲကြော်ကို ထမင်းစားခန်းအတွင်းရှိ စားပွဲ၌ ထိုင်စားနေသည်။ ရေခဲမပါသော ကိုကာကိုလာ သံဘူးကို သောက်ရင်း နောက် ဖေးပြတင်းပေါက်သို့ လှမ်းကြည့်နေ၏။

တိမ်တိုက်များသည် ဗန်ကောက်မြို့ပေါ်သို့ ရောက်လာပြီး ခဲရည်များ သွန်းလောင်းသကဲ့သို့ မိုးသည်းထန်စွာ ရွာချနေလေပြီ။ သချိုင်းအတွင်းရှိ ယက် ဝါးကပ်တိုင်ဖယ်များကိုပင် မမြင်ရတော့။

ဖာသာဂျာနင်၏ စိတ်မပါမှုကို ခရစ္စသိပ်ဘဝင်မကျ။ ယခုလောက် ဆို သူသည် မိမိအကြောင်း စုံစမ်းစစ်ဆေးရန် တယ်လီဖုန်း ဆျောက်ဆက်နေ လောက်ပြီ။ သူ့၏ တယ်လီဖုန်းကို ခိုးနားထောင်သူမရှိ။ ထို့အတူ ဤ လုံခြုံဂေ ဟာဖြစ်သည့် ကျောင်း၌လည်း လျှို့ဝှက်မိုက်ခွက်များ တပ်မထား။

ဤနေရာသည် ဘက်မလိုက်နယ်မြေဖြစ်၏။

ဤနေရာ၏ စင်ကြယ်မှုကို ထိပါးသူအား ၎င်း၏ အဖွဲ့အစည်းမှ ထုတ်ပယ်ပစ်ပြီး တစ်ကမ္ဘာလုံးရှိ ထောက်လှမ်းရေးအဖွဲ့များက လိုက်ရှာ၍ ကွပ်မျက်ပစ်ကြပေလိမ့်မည်။

သို့တစေ ခရစ္စ စိတ်အိုက်သွား၏။

မိမိ ဤနေရာမှာရှိနေမှန်း စီအိုင်အေက သိသွားသည်နှင့် ဗန်ကောက် ရုံးခွဲအကြီးအကဲက သူဘာလာလုပ်ကြောင်း စုံစမ်းချင်လိမ့်မည်။

၎င်းက အထက်လူကြီးကို သတင်းပို့မည်။

ရီးမတ် နာမည်ဝှက်မှ ရှေ့ဆုံးစာလုံးနှစ်လုံး အာရ်နှင့် အီးသည် စီအိုင်အေဌာနချုပ်ရှိ အဲလီယော့ တစ်ယောက်မှလွဲ၍ မည်သူမျှ ခရစ္စအား မေးမြန်းစစ်ဆေးခွင့်မရှိကြောင်း သတ်မှတ်ချက်တစ်ခုဖြစ်သည်ကို ရုံးခွဲအကြီး





အကဲ သိရှိလာပေလိမ့်မည်။

မကြာမီ၌ အဲလီယော့ထံသို့ ခရစ္စတစ်ယောက် ဗန်ကောက်ရှိ လုံခြုံ ဂေဟာသို့ ဆိုင်းမဆင့်ဗုံမပါ ရောက်ရှိခဲ့ကြောင်း သတင်းရောက်သွားမည်။

ခရစ္စအား အဲလီယော့က ဗန်ကောက်သို့ စေလွှတ်လိုက်ခြင်း မဟုတ် သဖြင့် ၎င်းလည်း မျက်စိလည်သွားမည်။

ဤကားပြဿနာဖြစ်၏။

မိမိလှုပ်ရှားမှုများကို အဲလီယော့ ခြေရာခံမလိုက်စေချင်ပါ။ ခရစ္စ ရည်ရွယ်ထားသည့် လုပ်ဆောင်ချက်များကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက် များကို အဲလီယော့ မသိစေချင်။

အဲလီယော့အား ဝမ်းနည်းခြင်း၊ စိတ်ညစ်ခြင်းလည်း မဖြစ်စေချင်။

မိမိအနေနှင့် စိတ်မရှည်ကြောင်းကိုတော့ လူသိခံလို့မဖြစ်။ အခွင့် အလမ်းပေါ်သည်နှင့် ဖာသာ ဂျာနင်ဆီသွားပြီး သွားဆရာဝန်၏ နာမည်ကို တောင်းယူရမည်။

အဲတွေးထဲ နစ်နေရာမှ ပြတင်းပေါက် အပြင်ဘက်ရှိ မိုးရေစက်များ ကို မျက်နှာလွှဲလိုက်သည်။

ခွေးများစီးဝင်နေသဖြင့် အမြင်အာရုံ မသဲကွဲသည့် မျက်လုံးအစုံကို လက်နှင့်ပွတ်ကာ၊ လွန်ခဲ့သော ဆယ့်ခုနစ်နှစ်က နောက်ဆုံးတွေ့ဆုံခဲ့ရသော လူတစ်ဦးအား သူမယုံနိုင်စွာဖြင့် တအံ့တဩကြည့်မိသည်။

ထမင်းစားခန်းထဲသို့ ဝင်လာသောလူသည် တရုတ်လူမျိုးတစ်ယောက် ဖြစ်၏။ ပိန်ပိန်သွယ်သွယ်၊ မျက်နှာဝိုင်းဝိုင်း၊ သိမ်သိမ်မွေ့မွေ့။ သပ်ရပ်ကျော့ ရှင်းသော ရင်စေ့အင်္ကျီလက်ရှည်ကို လည်ပင်းအထိ ကြယ်သီးအပြည့် တပ်ထား သည်။ မော်စီတုန်းအင်္ကျီပုံမျိုးဖြစ်၏။ သို့အသက်က ခြောက်ဆယ့်နှစ်နှစ်ရှိ ပြီဖြစ်သော်လည်း သူ့မျက်နှာက နုပျိုပြီး ဆံပင်က ထူထပ်နက်မှောင်သည်။

သူ့နာမည်က ချင်ကင်ချန်း။ ဉာဏ်ရည်အဆင့်ရမှတ် တစ်ရာ့ရှစ် ဆယ်ရှိ၏၊ တရုတ်စကားအပြင် ရုရှား၊ ပြင်သစ်နှင့် အင်္ဂလိပ်လိုလည်း ပြော တတ်သည်။ သူ့အကြောင်း ခရစ္စကောင်းကောင်းသိသည်။

ချန်းသည် ၁၉၃၉ ခုနှစ်မှ ဒုတိယကမ္ဘာစစ်ကြီးပြီးသည်အထိ မအောက်စ်ဖို့ဒ်တက္ကသိုလ်၌ ပညာသင်ခဲ့သည်။ ထိုကာလအတွင်း ၎င်းအား အောက်စ်ဖို့ဒ်နှင့် ကိန်းဘရစ်တက္ကသိုလ်များမှ ကွန်မြူနစ် အဖွဲ့ဝင်များက ဖြား လှမ်းခဲ့ပြီး စစ်ကြီးအပြီးတွင် မော်စီတုန်းကို ကူညီပံ့ပိုးရန်အတွက် ရုရှားသူလျှို ဗြိတိသျှလူမျိုး ဂိုင်းဘားဂျက်စ်က အလွယ်တကူ စည်းရုံးသိမ်းသွင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချန်းသည် လိင်တူဆက်ဆံသူဖြစ်သောကြောင့် တရုတ်ထောက်လှမ်းရေးအသိုက်အဝန်းတွင် ဗိုလ်မှူးကြီးအဆင့်ထက် ရာထူးပိုမတက်ခဲ့ပေ။ သို့သော် သူသည် မော်စီတုန်း ဝါဒလှုပ်ရှားမှုတွင် အဖိုးတန်သော စိတ်ကူးဝါဒီတစ်ဦးဖြစ်ပြီး လူပုံပန်းက နွမ်းဖတ်ဖတ်ဖြစ်သော်လည်း သုတ်သင်ရေးသမားများအနက် အတော်ဆုံးတစ်ယောက်ဖြစ်သည်။ သူသည် ဝါယာကြိုးနှင့် လည်ပင်းညှစ်သတ်ရာ၌ ကျွမ်းကျင်၏။

ချန်းက ခရစ္စအား အလေးမထားသလို ဖျတ်ခနဲ လှမ်းကြည့်ပြီး အခြားစားပွဲတစ်လုံးဆီသို့ လျှောက်သွားသည်။

ငင်းက စတိုင်ကျကျထိုင်ကာ အင်္ကျီကြယ်သီးနှစ်လုံးကြားမှ သူ့ကိုယ်ပိုင်တူတစ်စုံကို ဆွဲထုတ်လိုက်သည်။

ခရစ္စသည် အံ့ဩမှုကို ဖုံးကွယ်ထားကာ မိမိညစာကို တမြုံ့မြုံ့ဝါးနေသည်။

"နှင်းတောကျားသစ်"

ခရစ္စကရေရွတ်လိုက်ရာ ချန်းခေါင်းထောင်ကြည့်သည်။

"နှင်းတော ကျားသစ်ဟာ နှင်းတောထူထူကို လွမ်းနေသလား"

ချန်းက ခေါင်းညိတ်ပြသည်။

"အရှေ့တိုင်းမှာ နှင်း သဲသဲမဲမဲမကျတာ ဆယ့်သုံးနှစ် ရှိသွားပြီ"

"ကျွန်တော် လွန်ခဲ့တဲ့ ဆယ့်ခုနစ်နှစ်ကို ပြန်စဉ်းစားနေတာ၊ အဲဒီတုန်းက လောနိုင်ငံမှာ နှင်းတွေကျခဲ့တယ်ထင်တာပဲ"

ချန်းက သိမ်မွေ့စွာပြုံးပြီး။

"အဲဒီနှစ်က နှင်းတောထဲမှာ အမေရိကန်နှစ်ယောက်ပဲ ရှိခဲ့တယ်။ သူတို့ နှစ်ယောက်က ညီအစ်ကိုပဲ၊ ဒါပေမယ့် တစ်မအေတည်း၊ တစ်ဖအေတည်းကမွေးခဲ့တာတော့မဟုတ်ဘူး"

"ဒီတစ်ယောက်ကတော့ ခင်ဗျားကျေးဇူး တစ်သက်မမေ့ပါဘူး"

"မင်း ခရစ္စမဟုတ်လား"

ခရစ္စ ခေါင်းညိတ်လိုက်သည်။ သူ့ရင်မှာ ဆို့နင့်နေ၏။

"တွေ့ရတာ ဝမ်းသာတယ်ချန်း"

သူကရင်ခုန်စွာဖြင့် ပြုံးပြရင်း မတ်တတ်ထရပ်လိုက်သည်။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပြေးဖက်လိုက်ကြသည်။

◆

( ၃ )

ဖာသာဂျာနင်စိုးရိမ်နေသည်။

သူ၏ ကပ္ပိယက ချော့သည်အမေရိကန်အား ထမင်းစားခန်းထဲ ခေါ်သွားသည်နှင့် သူက စားပွဲပေါ်မှ ဖုန်းကို ကမန်းကတန်းကောက်ကိုင်ကာ ဒိုင်ခွက်ကို ခပ်သွက်သွက်လှည့်လိုက်သည်။

"ရီးမက်"

သူက သည်တစ်လုံးတည်းပြောပြီး တယ်လီဖုန်းပြန်ချကာ ဘရန်ဒီတစ်ခွက်မော့၍ မျက်မှောင်ကုတ်လျက် စောင့်ဆိုင်းနေသည်။

တိုက်ဆိုင်မှုတွေကို သူမကြိုက်။

လွန်ခဲ့သော နှစ်ရက်က အရှေ့တောင်အာရှသို့ ကေဂျီဘီ၏ ဘိန်းတင်သွင်းရေးတာဝန်ခံ ညွှန်ကြားရေးမှူး ရုရှလူမျိုး ဂျူးဆက်မာလင်နော့ဗ်အား သူခိုလှုံခွင့်ပေးခဲ့ရ၏။

မာလင်နော့ဗ်သည် သူ့အခန်းထဲ၌ အောင်းနေပြီး သဘောတူညီချက်ယူထားသည့်အတိုင်း ဖာသာဂျာနင်က ၎င်း၏ အမျက်ဒေါသစိတ်နှင့် သွေးတိုးရောဂါတို့ကို ကုစားရန်အတွက် ဗိုင်လန်တွင် စိတ်ငြိမ်ဆေး မီလီဂရမ် ၃၀၀ ကို နေ့တိုင်း တိုက်ပေးနေရသည်။ ရောဂါအခြေအနေက အတော်လေးသက်သာလာပြီ။

မနေ့က ဂျာနင်သည် တရုတ်ကွန်မြူနစ်သူလျှို ဗိုလ်မှူးကြီး ချင်ကာင်ချန်းအား ခိုလှုံခွင့်ပြုခဲ့ရပြန်သည်။ ချန်းသည် ကေဂျီဘီအတွက် နှစ်ဘက်လွှသူလျှိုလုပ်ပေးရန် မာလင်နော့ဗ်နှင့် ဤကျောင်း၌ လာတွေ့ဆုံခြင်းဖြစ်ကြောင်း သတင်းပေးသမားများက ဂျာနင်ထံ သတင်းပို့ထားသည်။

ယင်းသို့သော စီစဉ်မှုမျိုးသည် အဆန်းမဟုတ်။ အဲဘာလတ်သဘောတူချက်ဖြင့် ထားရှိသည့် လုံခြုံရေးဟာ တစ်လုံးတွင် ပြိုင်ဘက်သူလျှိုအချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ရန် တစ်ခါတစ်ရံ ဘက်ပြောင်းရန်အတွက် ဘက်မလိုက်နယ်မြေကိုမကြာခဏ အသုံးချလေ့ရှိကြသည်။

သို့သော် ဖာသာဂျာနင်သည် ချန်း၏ ရည်ရွယ်ချက်ကို သိပ်မယုံကြည် တရုတ်အစိုးရသည် အရှေ့တောင်အာရှသို့ ဆိုဗီယက်တို့ ဘိန်းမှောင်ခိုသွင်းခြင်းကို မကြိုက်ကြောင်း သူသိထားသည်။

ရုရှတို့၏ ဘိန်းတင်ပို့မှုများကို နှစ်အတော်ကြာကြာနှောင့်ယှက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သော ချန်းတစ်ယောက် ယင်းလုပ်ငန်းညွှန်ကြားသူအတွက် သူလျှိုလုပ်ပေးမည့်အဖြစ်ကို ဖာသာဂျာနင် နားမလည်နိုင်ပါ။

ပေါ၊ ယနေ့ အမေရိကန်သူလျှို ရောက်လာပြန်ပြီ။

သွားနှုတ်ပေးပြီး နှုတ်လုံအောင်နေမည့်သွားဆရာဝန်တစ်ဦးကို ရှာပေးပါတဲ့။ အလောင်းတစ်လောင်းကို ဘယ်သူဘယ်ဝါမှန်း ဖော်ထုတ်လို့ မရအောင် လုပ်ချင်သည့် ရည်ရွယ်ချက်ပင်ဖြစ်မည်။

ဘယ်သူ့အလောင်းလဲ။ ရုရှကြီး မာလင်နေဒွစ် အလောင်းလား။

ဖာသာဂျာနင်က တယ်လီဖုန်းကို ကောက်နားထောင်လိုက်သည်။ တစ်မိနစ်အကြာ၌ ပို၍ ဦးနှောက်ခြောက်သွားပြီး တယ်လီဖုန်းကို ပြန်ချလိုက်သည်။

ရိုးမတ်သည် ခရစ္စတိုဖာ ကီလမ္ဗနီး၏ နာမည်ဝှက်ဖြစ်၏။ အမေရိကန်အထူးတပ်ဖွဲ့မှ ဗိုလ်တစ်ဦးဖြစ်ခဲ့ဖူးသည်။ ၁၉၆၅ ခုနှစ်က ရုရှတို့၏ ဘိန်းတင်ပို့ရေးလမ်းကြောင်းကို ဖျက်ဆီးရန် နှင်းတောထူထူအမည်ရှိ စစ်ဆင်ရေးကို စီအိုင်အေနှင့် ပူးတွဲပါဝင်ဆောင်ရွက်ခဲ့ဖူးသည်။

၁၉၆၆ တွင် ခရစ္စသည် တပ်မှထွက်ပြီး စီအိုင်အေအဖွဲ့ထဲ ဝင်လိုက်သည်။ ၁၉၇၆ တွင် စစ္စတာစီယံဂိုဏ်းသို့ဝင်ကာ ဘုန်းကြီးဝတ်ခဲ့သည်။ ၁၉၈၂ တွင် စီအိုင်အေသို့ ပြန်ဝင်သည်။ ဘာသာရေးနှင့် နိုင်ငံရေး ပေါင်းစည်းမှုကား ဆန်းကြယ်လှ၏။ သို့တစေ မိမိကိုယ်တိုင်လည်း ယင်းသို့ ပေါင်းစည်းခဲ့သည်မို့ ဖာသာဂျာနင် နားလည်သဘောပေါက်နိုင်ပါသည်။

သို့တစေ ဤပုဂ္ဂိုလ်သုံးဦးစလုံး ဘိန်းကုန်ကူးမှုနှင့် ပတ်သက်၍ တစ်နည်းမဟုတ် တစ်နည်းဆက်စပ်နေခြင်းကြောင့် သူ စိတ်ညစ်မိသည်။

နောက် ဆက်စပ်မှုတစ်ခုရှိသေးသည်။ ၁၉၆၅ ခုနှစ်က အမေရိကန်အေးဂျင့် ခရစ္စတစ်ယောက် သူပြောသည့်အတိုင်း မျက်နှာ စုတ်ပြတ်၊ အူအတက်ပေါက်၊ ခါးရိုးကျိုးလျက် ဤဂေဟာသို့ ရောက်ရှိလာခဲ့စဉ်က ၎င်း၏အဖော်မှာ ချင်ကင်ချန်းပင်ဖြစ်ကြောင်း ဖာသာဂျာနင် ကောင်းကောင်းမှတ်မိနေ





သေးသည်။

တိုက်ဆိုင်မှုများကို သူဘဝင်မကျချေ။

◆

www.burmeseclassic.com

## (၄)

ခရစ္စသည် ဘုန်းကြီးကျောင်း ခွေးကတက်၌ မတ်တတ်ရပ်နေသည်။ ခေါင်မိုးသွပ်ပြားပေါ်သို့ မိုးစက်များ သဲသဲမဲမဲ ရွာချနေသည်။ သချိုင်းကို ကောင်းကောင်းမမြင်နိုင်သေး။ သူ့ဘေး၌ ချန်းသည် လက်ရန်းကိုမှီ၍ အပြင်ဘက်သို့ မျက်နှာမူရပ်နေသည်။

ဘုန်းကြီးကျောင်း၌ လျှို့ဝှက်အသံဖမ်းမိုက်ခွက်များ မရှိသော်လည်း မိမိတို့ပြောသည့်စကားများကို သူများမကြားနိုင်ရန် မိုးရွာသံကို အကာအကွယ်ယူ၍ ပြောဆိုနေကြသည်။ သူတို့ရွေးချယ်ထားသည့်နေရာမှာ ပြတင်းပေါက်မရှိသည့် ထောင့်စွန်းတစ်ခုဖြစ်၏။

"နှစ်ချက်ရှိတယ်"

ချန်းကပြောရာ ခရစ္စက စောင့်နားထောင်နေသည်။

"မင်း ဒီကအမြန်ဆုံးလစ်ပေတော့၊ မာလင်နေ့ဝှစ် အပေါ်ထပ်မှာရှိနေတယ်"

ချန်းစကားကို ခရစ္စ သဘောပေါက်သွား၏။

သူတို့လုပ်ငန်းမှာ စကားတစ်ခွန်းသည် မူလအနက် အဓိပ္ပါယ်အတိုင်း ထွက်ချင်မှ ထွက်တတ်သည်။ သင့်တော်သလို လုပ်ကိုင်တတ်ဖို့လိုသည်။ ချန်းအနေနှင့် ယခုကဲ့သို့ တိုက်ရိုက်ပြောဆိုခြင်းမှာ သမားရိုးကျမဟုတ်။ ခရစ္စက ချန်း၏စကားတစ်ခွန်းနှင့်တစ်ခွန်းကို မိမိဘာသာ ဖြည့်စွက် ဆက်စပ်ယူသည်။

သူတုန်လှုပ်သွား၏။

သူတို့၏ဘဝမှာ တင်းကျပ်သော စည်းကမ်းကာလနားများကို အခြေခံသည်။ အဲဒါလတ်လုံခြုံရေးဟာ၏ သန့်စင်မှုကို လုံးဝထိပါးစေတ်ကားလို့မဖြစ်။ အကြီးမားဆုံး အပြစ်ဖြစ်နိုင်သည်။





ချန်းသည် အဲကုသိုလ်တစ်ခုကို ပြုလုပ်ဖို့ ရည်ရွယ်ထား၏။

"ဒါမျိုး အရင်က တစ်ခါမှ မလုပ်ဖူးဘူး"

ခရစ္စက ပြောသည်။

"ဘယ်ဟုတ်မလဲ၊ မင်းဘုန်းကြီးဝတ်နေတုန်းက"

"ခင်ဗျားက ကျွန်တော့်လှုပ်ရှားမှုတွေကို လိုက် အနံ့ခံနေခဲ့တာကိုး"

"မင်းအသက်ကို ငါကယ်ခဲ့တယ်၊ မင်းကိုငါ တာဝန်ယူခဲ့တယ်။ မင်းဘုန်းကြီးဝတ်နေတုန်း စည်းကမ်းနှစ်ခါချိုးဖောက်ခဲ့တယ်။ ဩစတြီးယား နိုင်ငံဖားလက်မြို့မှာ တစ်ခါ၊ မွန်ထရီယယ်မြို့မှာ တစ်ခါ"

ခရစ္စ ကြက်သီးထသွား၏။

ချန်းအကြည့်က အာရုံပြောင်းလဲမှုမရှိ။

"ဒါဖြင့် တစ်ကမ္ဘာလုံး ရှုးသွားပြီ"

ခရစ္စက ပြောလိုက်သည်။

"အဲဒါကြောင့်မို့ မင်း တို့ကိုစွန့်သွားတာလား၊ ဘုန်းကြီးကျောင်းမှာ ပိုပြီးဂုဏ်ရှိတဲ့ စည်းကမ်းတွေရသလား"

"ဟင့်အင်း၊ အဲဒီတုန်းက ကိုယ့်အလုပ်သာ အဓိကဖြစ်တယ်။ ဒီအလုပ်မှာ အရေးနိမ့်လို့ ကျွန်တော် ထွက်သွားတာ ခင်ဗျားပြောသလိုမဟုတ်ဘူး"

"ငါ နားမလည်ဘူး"

"ကျွန်တော်လဲ ရှင်းမပြတတ်ဘူး၊ အဲဒီအကြောင်း ကျွန်တော် မပြောချင်ဘူး၊ အဲဘလတ်က သဘောတူညီချက်ဟာ အဓိပ္ပာယ် မရှိတော့ရင် ကျွန်တော်တို့ ဘယ်ဟာကို အားကိုးလို့ရဦးမှာလဲ၊ အင်း ဘယ်ဟာမှ တန်ဖိုးမရှိတော့ပါလား၊ မမှန်မြတ်တော့ပါလားဗျာ"

ခရစ္စက စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်သည်။

"အားလုံး ပိုဆိုးကုန်ပြီ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကဆိုရင် ဒီနေ့ဝါစီစဉ်တာမျိုး စဉ်းစားဝံ့မှာတောင်မဟုတ်ဘူး"

ချန်းကပြောသည်။

"အခုကျတော့ရော"

"အခုတော့ ငါ့မှာ အချုပ်အချယ်မရှိတော့ဘူး၊ မာလင်နေ့ဝှစ်ဟာ စိတ်မမှန်တော့ဘူးကွ၊ ပြီးခဲ့တဲ့ လအနည်းငယ်အတွင်း သူဟာ ဘိန်းတင်သွင်းမှုကို တို့သည်းခံနိုင်တာထက်ပိုပြီး တိုးမြှင့်တင်သွင်းခဲ့တယ်။ သူ့ကို တားဆီးမှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သူ့ကို အပြင်မှာ သတ်လိုက်ပေါ့"

"အပြင်မှာ သူ့အစောင့်အကြပ်တွေ ဝိုင်းဝိုင်းလည်နေတယ်"

"ခင်ဗျားကို သူတို့လိုက်ရှာမှာပဲ"

"ဟုတ်တယ်၊ သူတို့အားလုံး လိုက်ကြမယ်၊ နန်းတော်ကျားသစ်မှာ လှည့်ကွက်တွေရှိပါသေးတယ်"

"ဖားလက်နဲ့ မွန်ထရီရယ်မှာ ဘာတွေဖြစ်ခဲ့သလဲ"

"စည်းကမ်းပျက်တဲ့ကောင်တွေကိုရှာပြီး သတ်ပစ်ခဲ့တယ်၊ ဒါလဲ တစ်နေ့နေ့အသတ်ခံရမှာပါ၊ ဒါပေမယ့် ငါက အချိန်ဆွဲထားမယ်"

"ဒီဥစ္စာမလုပ်ဖို့ ကျွန်တော် တောင်းပန်ချင်တယ်"

"ဘာလို့လဲ"

"ခင်ဗျားအပေါ် ကျွန်တော် တာဝန်ရှိတယ်ထင်လို့"

"ဘယ်ဟုတ်မလဲ၊ ငါက အကြွေးဆပ်ရမယ့်သူပါ၊ မင်းရဲ့ ကံလို့ လက်ခံထားတဲ့ဟာကိုငါက ဝင်နှောင့်ယှက်ခဲ့တယ်၊ ဒါပေမယ့် ဝဲ့ကံကြမ္မာကို ငါ့ဘာသာ ရင်ဆိုင်ရမယ်၊ ငါ့အိုမင်းလာတာနဲ့အမျှ မင်းတို့ အနောက်တိုင်းသား တွေက သိက္ခာယို့ခေါ်ပြီး ငါတို့က ဂုဏ်သရေလို့ခေါ်တဲ့ ဆိုတဲ့ဟာနဲ့သေဖို့ ငါအသင့်ပြင်ထားရမယ်၊ ငါ့ရဲ့ကံကြမ္မာကို ငါရင်ဆိုင်ရမယ်၊ ဒီအခွင့်အရေးကို ငါစောင့်နေတာ နှစ်ပေါင်းမနည်းတော့ဘူး၊ ဘိန်းကုန်ကူးတာ မကောင်းဘူးကွ၊ မှားတယ်၊ အဲဒီဟာကို တားမြစ်မှုဖြစ်မယ်"

"ဒါပေမယ့် မာလင်နော့ဗ်အစား ကောဂျီဘီက နောက်တစ်ယောက် ထပ်လွှတ်လိုက်မှာပေါ့"

ချုန်းက လက်ရန်းကို တင်းတင်းဆုပ်ထားပြီး

"မာလင်နော့ဗ်မရှိရင်ပြီးတာပဲ၊ သူဟာ မကောင်းဆိုးဝါးတစ်ကောင်ပဲ၊ သူသေမှဖြစ်မယ်"

ချုန်းမျက်နှာမှာ ချွေးပြန်လာသည်။

ခရစ္စသည် ချုန်း၏ ပွင့်လင်းမှုကြောင့် စိတ်ရှုပ်မိသည်။

"မနက်ကျ ကျွန်တော်သွားတော့မယ်"

"ငါ မနက်အထိ မစောင့်နိုင်ဘူး၊ မာလင်နော့ဗ်က မနက်ကျ သွားမှာ"

"ဘုန်းတော်ကြီးဆီက ကျွန်တော် သတင်းယူစရာ ရှိသေးတယ်ဗျ"

"ဒါဆို မြန်မြန်လုပ်၊ ငါလုပ်တဲ့ကိစ္စက မင်းနဲ့ငါရဲ့ ရင်းနှီးမှုကို လျစ်လျူရှုထားမှာမဟုတ်ဘူး၊ ဒီလောက် နှစ်ကြာခဲ့ပေမယ့် မင်းနဲ့ ငါရဲ့ ဆုံစည်းမှုကို မသက်ဘဖြစ်လိမ့်မယ်၊ ကံတရားပေါ့ သူငယ်ချင်းရယ်၊ ဟိုးတစ်ချိန်က





မင်းကို ငါကယ်တင်ခဲ့တာဟာ ငါ့ကြောင့် အခုမင်းသေရဖို့အတွက် မဟုတ်ပါဘူး၊ ကဲ မင်းသွားပေတော့၊ ငါတောင်းပန်ပါတယ်"

မိုးက ဝိုသည်းလာသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၅ )

ခရစ္စ လန့်နိုးသွား၏။

သူ့အခန်း အမှောင်ထုအတွင်း၌ လှဲအိပ်ရင်း သူ့လက်ပတ်နာရီ မီးစုန်းဒိုင်ခွက်ကို မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။ မနက်သုံးနာရီ။

သူ ခေါင်းရှုပ်နေသဖြင့် ငြိမ်ငြိမ်လေးနေပြီး အာရုံကြည်လင်အောင် လုပ်သည်။ မုန်တိုင်းမရှိတော့။ ခေါင်မိုးတံစက်မြိတ်များမှ မိုးစက်လေးများ တစ်ပေါက်ပေါက် ကျနေဆဲ။ ဟောင်းလောင်းဖွင့်ထားသော ပြတင်းပေါက်မှ လ ရောင်ထိုးကျနေ၏။ အောက်ဘက်ဥယျာဉ်မှ မြေဆီမြေနံ့နှင့် မြစ်ရေပြင်၏ ရွှံ့ပုပ်ရေနံ့တ သူ့နှာခေါင်းထဲ တိုးဝင်လာသည်။

အိပ်တန်းတက်ရာမှ နိုးလာပြီဖြစ်သော ငှက်ကလေးများ၏ တေးသီ သံကိုသာ နားစွင့်မိသည်။ ပထမတော့ အကျင့်ပါနေသည့်အတိုင်း နိုးလာခြင်း ဖြစ်မည်။ တခြားဘာကြောင့်မှ မဟုတ်နိုင်ဟု သူထင်မိသည်။ ဘုန်းကြီးဝတ်နေခဲ့ သည့် ခြောက်နှစ်တာအတွင်း မနက်အရုဏ်ဦးအချိန်၌ တရားထိုင်ဖို့ သူ လေ့ကျင့်ခဲ့ရ၏။

ထုံးစံအားဖြင့် တစ်အောင့်လောက်နေလျှင် သူနိုးလာတော့မည်သာ။

ထိုစဉ် သူ့အခန်းတံခါးနှင့် ကြမ်းပြင်ကြားမှ ဝင်လာသော စင်္ကြံလမ်း မှ မီးရောင်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ အရိပ်တစ်ခုဖြတ်သွား၏။

ထိုလူသည် မည်သူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်တစ်ကောင်လို လမ်းလျှောက် တတ်သူဖြစ်သည်။ သားကောင်ကို တိတ်တဆိတ်ချောင်းဖမ်းမည့် ကြောင်တစ် ကောင်အလား လှုပ်ရှားနိုင်စွမ်းရှိ၏။

စင်္ကြံလမ်း၌ ကင်းလှည့်နေသော အစေခံတစ်ယောက်ဖြစ်ချင်ဖြစ် မည်။ သို့မဟုတ် ချန်းလည်းဖြစ်နိုင်သည်။ သို့မဟုတ် ချန်းကို ရှဲဒိုးလိုက်နေသူ ဖြစ်နိုင်သည်။





ဒါမှမဟုတ် မိမိကိုလာချောင်းနေသူများလား။ ချန်းနှင့် မိမိတို့ မိတ် ဆွေဖြစ်ကြသောကြောင့် ရန်ရှာလိုခြင်းဖြစ်နိုင်သည်။

သူက နံဘေးမှ မော်ဇာပဖွတိုကို ကောက်ကိုင်ပြီး စောင်ကို ဆွဲခွာ ကာ ကုလားထိုင်တစ်ခုကို အကာအကွယ်ယူရန် အဝတ်ဗလာဖြင့် အမှောင်ထဲ ၌ ချဉ်းကပ်သွားသည်။ အသက်အောင့်ပြီး သတိနှင့် စောင့်ဆိုင်းနေသည်။ တံခါးဆီသို့ သေနတ်ပြောင်းနှင့် ချိန်ထားသည်။

တံခါးနောက်ကွယ်မှ ခေါင်းအုံးကို လက်သီးနှင့်ထိုးသံလိုမျိုးကြားလိုက် ရသည်။ အသံက ခပ်အုပ်အုပ်ဖြစ်သော်လည်း အလွန် အားပြင်းကြောင်း သိသာသည်။

လူတစ်ယောက်ညည်းတွားသံနှင့် ကြမ်းပေါ်သို့ အရာဝတ္ထုတစ်ခုပြုတ် ကျသံတို့ ဆက်တိုက်ပေါ်ထွက်လာသည်။

ခရစ္စက ကုလားထိုင်နောက်မှထွက်ကာ တံခါးပေါက်နံဘေးဆီသို့ ခြေဖွ၍ နင်း၍ သွားသည်။ နံရံကို နားကပ်နားထောင်ကြည့်ရာ စင်္ကြံလမ်းရှိ တံခါးဂျက်ဖြုတ်သံကို ကြားရသည်။

"ခင်ဗျားဘယ်နှယ်လုပ်လိုက်တာလဲ"

ရှုရှုလိုမေးသံတစ်ခု။

ဖာသာဂျာနင်၏ ရှုရှုလို ပြန်ဖြေသံကိုလည်း ခရစ္စကြားရ၏။

"သူက ခင်ဗျားအခန်းထဲဝင်မလို့၊ သူ့လက်ထဲက လူသတ်လက်နက် ကြီးယာကြီးကို မတွေ့ဘူးလား၊ ခင်ဗျားကိုလည်းပင်းညှစ်သတ်မှာ၊ ကျုပ်သူ့ကို မသတ်မဖြစ်လို့ သတ်လိုက်ရတာ"

ခရစ္စက တံခါးဖွင့်လိုက်သည် တံခါးမဖွင့်ဘဲနေလျှင် အပြင်မှ အသံ ပလံများကြောင့် လန့်မနိုးခြင်းအတွက် မိမိအား ဘုန်းကြီးက သံသယဖြစ်နိုင် သည်။ ဤကိစ္စတွင် ခရစ္စလည်းပါဝင် ပတ်သက်နေသည်ဟု ၄င်းကယူဆသည်။

စင်္ကြံလမ်းတွင်းရှိ မီးရောင်ထိန်ထိန်ကြောင့် ခရစ္စမျက်စိကျိန်းသွား သည်။

ခရစ္စတံခါးဖွင့်သံကြောင့် ဖာသာဂျာနင်က အသံတိတ်ကိရိယာတပ် ရှုရှုလုပ်တိုကာရက်ဗ်ပစ္စတိုနှင့် လှည့်ချိန်လိုက်သည်။

ခရစ္စ တုတ်တုတ် မလှုပ်ဝံ့။

လက်မြှောက်လိုက်သည်။ သို့သော် မော်ဇာသေနတ်ကိုတော့ လက်ထဲ၌ ဆုပ်ထားဆဲ။

"ခင်ဗျားတို့အသံတွေကြောင့် ကျွန်တော် လန့်နိုးသွားတယ်ဗျာ၊ ဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ ဘာမှမဆိုင်အားထင်တယ်”

သူက ပခုံးတွန့်ပြလိုက်သည်။

ဖာသာဂျာနင်က ဘာမျှပြန်မပြောသဖြင့် သူအခန်းထဲပြန်ဝင်ပြီး တံခါးပိတ်လိုက်သည်။

အင်မှောင်ထုကို သူစိုက်ကြည့်နေ၏။ အပြင်တံခါးဝ၌ အခြားလူတစ်ယောက်ကိုလည်း တွေ့လိုက်ရသည်။ အသက်ခြောက်ဆယ့်ငါးနှစ်ခန့်ရှိမည်။ အသားအရေရှုံ့တွပိန်ချုံးပြီး ဖြူဖတ်ဖြူရော်ဖြစ်နေသည်၊ မျက်ကွင်းတွေညိုနေသည်။ ဆံပင်ဖုတ်သိုက်။ တစ်ချက်တစ်ချက် အကြောဆွဲနေသည်။ ချွေးရွှဲနေသည့် ပိုးသားညဝတ်အင်္ကျီဘောင်းဘီတို့ကို ဝတ်ထားသည်။

ဂျိုးဆက်မာလင်နော့ဗ်ဆိုသူပင်ဖြစ်မည်။

၎င်းအား ခရစ္စ လူကိုယ်တိုင်မမြင်ဖူးသော်လည်း သူ့ဓာတ်ပုံတွေကို တွေ့ဖူးသည်။ မာလင်နော့ဗ်သည် သူ ခိုးသွင်းသော ဘိန်းများတို့ရှုရင်း ဘိန်းစွဲနေကြောင်း ခရစ္စသိသည်။

ကြမ်းပေါ်တွင် မာလင်နော့ဗ်နှင့် ဖာသာဂျာနင်တို့နှစ်ယောက်ကြား၌ ချန်း၏ အလောင်းကို တွေ့ရသည်။ ၎င်း၏ နောက်စေ့တွင် ရုရှပစ္စတိုမှ ၇.၆၂ မမ ကျည်တစ်တောင့်စိုက်ဝင်သွားခဲ့သည်။ ကြမ်းပေါ်မှာ သွေးနှင့်ကျင်ငယ်ရည်တို့ ရွှဲနေသည်။ ချန်းအသက်ရှိသေးသလားဟု စစ်ဆေးနေစရာမလို။

ခရစ္စ ဒေါသအမျက်ခြောင်းခြောင်းထွက်သွားသည်။ တံခါးအောက်ခြေရှိ အလင်းရောင်ကို အရိပ်များက ပိတ်ဆို့ထား၏၊ တစ်စုံတစ်ယောက်၏ စောင်ဖြန့်ခင်းသံကို သူကြားရသည်။ လူနှစ်ယောက်ထက်မက ရောက်ရှိလာပြီး ချန်း၏ အလောင်းကို စောင်ဖြင့်ပတ်ကာ သယ်ထုတ်သွားကြကြောင်း ခရစ္စ အသံကြားရုံနှင့်သိသည်။ ၎င်းတို့ တိတ်တဆိတ်လုပ်သော်လည်း ချန်းကိုတော့မမီ။

အနံ့အသက်များပျောက်အောင်၊ တစ်စုံတစ်ယောက်က အမွှေးတိုင်များထွန်းပြီး ကြမ်းပေါ် လွှစာမှုန့်များ ဖြူးချပေးသည်။

ပြတင်းပေါက်နားသို့ ခရစ္စသွားသည်။ မိမိကို မြင်လို့မဖြစ်။ ငှက်များသည် ဝေလီဝေလင်း လှုပ်ရှားနေသော လူများကြောင့် လန့်ဖျပ်ပြီး သစ်ပင်များပေါ်မှ ထပျံကုန်ကြသည်။

လရောင်အောက်တွင် ဘုန်းကြီးကျောင်း ခွေးကာတက်ပေါ်မှ လေးလံသော အရာဝတ္ထုတစ်ခုကို စောင်ဖြင့်ထုပ်၍ သယ်ယူသွားသည့် အရှေ့





ကိုင်းသား အစေခံနှစ်ဦး၏ သဏ္ဌာန်ကို မြင်လိုက်ရသည်၊ တတိယ အစေခံတစ်ယောက်က လက်နှိပ်ဓာတ်မီးဖြင့် လမ်းပြကာ သချိုင်းဆီသို့ ခေါ်သွားသည်။

၎င်းတို့သည် မြစ်ကြီးရှိရာ တောင်ကုန်းလျှောမှ ဆင်းသွားကြသည်။ ချန်းအလောင်းကို မိကျောင်းစာကျွေးမလို့လား၊ သို့မဟုတ် တောနက်ထဲသို့ လှေဖြင့် သယ်သွားမလို့လား။

ငါ့မိတ်ဆွေကြီး ချန်းတစ်ယောက် သွားရှာပြီ၊

ခရစ္စရင်ထဲ ဆို့နင့်သွား၏။

လက်ထဲမှ မော်ဇာပစ္စတိုကို တင်းတင်းဆုပ်လိုက်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၆ )

ဖာသာဂျာနင်သည် ဘုရားရှိခိုးကျောင်းအတွင်း၌ ဝတ်ပြုဆုတောင်းနေသည်။ မှောင်ထဲ၌ ဖယောင်းတိုင်မီးက မှိတ်တုတ်မှိတ်တုတ် ပျားဖယောင်းနှင့် အမွှေးတိုင်နံ့တို့ သင်းပျံ့နေသည်။

မနက် ငါးနာရီ၌ ဘုရားရှိခိုးကျောင်းအတွင်း ပကတိ တိတ်ဆိတ်ငြိမ်သက်နေသည်။

ဤကား လုံခြုံစိတ်ချရသော ဂေဟာတည်း။

ဖာသာဂျာနင်သည် ဝတ်ပြုစင်ရှေ့၌ မတ်တတ်ထရပ်လိုက်သည်။ မိမိအား ခွင့်လွှတ်တော်မူရန် ဘုရားသခင်ထံဆုတောင်း ခွင့်ပန်ခဲ့ပြီးပြီ။

ဤဂေဟာကို စောင့်ကြပ်ရန် သန္နိဋ္ဌာန်ချထားသည့်အလျောက် မိမိတာဝန်မကျေလျှင် မိမိဝိဉာဉ် ဆုံးရှုံးရလိမ့်မည်ဟု ယုံကြည်ထားသည်။ ကေဂျီဘီကသူ့ကို စည်းရုံး သိမ်းသွင်းခဲ့သော်လည်း သူလျှိုအဖွဲ့အစည်းအားလုံးအပေါ် သစ္စာရှိသင့်သည်ဟု သူဆဘောထားသည်။

ကမ္ဘာပေါ်ရှိ သူလျှိုအားလုံးသည် မိမိ၏ ဒကာ၊ ဒကာမများပင်ဖြစ်သည်။ နိုင်ငံရေး၊ သို့မဟုတ် ဘာသာရေးခြားနားမှုများ၊ သို့မဟုတ် ယင်းသို့ခြားနားမှုများမရှိခြင်း စသည်တို့မှာ အကြောင်းမဟုတ်။

ဗိဋ္ဌိများမှာလည်း အသက်ဝိဉာဉ်ရှိသည်။

ပင်ပန်းနွမ်းနယ်သော သူများသည် ဤနေရာသို့ ထွက်ပြေး ခိုလှုံကြသည်။ ဘုန်းကြီးတစ်ပါးဖြစ်သည့်အလျောက် မိမိက သူတို့အား ယက်ညာစွာ ကူညီစောင့်ရှောက်ရမည်။

အကယ်၍ ဤဂေဟာ၏ သန့်ရှင်းစင်ကြယ်မှုကို ကာကွယ်ဖို့ လူသတ်ရမည်ဆိုလျှင် မိမိအပေါ် ဘုရားသခင် နားလည်ပါစေဟု သူဆုတောင်းသည်။

သည်ထက် တရားမျှတမှု ရှိနိုင်ပါဦးမလား။





မှောင်ထဲ၌ ဖယောင်းတိုင်မီးများ လူးလွန့်လှုပ်ခါနေကြ၏။ ဖာသာဂျာနင်သည် ဘုရားသခင်ရှေ့မှ လှည့်ထွက်လိုက်ရာ လှုပ်သွားသော အရိပ်တစ်ခုကိုမြင်ရသဖြင့် ကြက်သေသေသွားသည်။

သူနှင့် အနီးဆုံး ဝတ်ပြုခုံတန်းကြား အမှောင်ရိပ်အောက်မှ လူတစ်ယောက်ထွက်လာသည်။

ခရစ္စဆိုသော အမေရိကန်သူလျှိုပါလား။

ဖာသာဂျာနင်သည် သက်န်းဝတ်ရုံကြီးအတွင်း လက်လျှိုကာ ဘောင်းဘီခါးပတ်ကြားမှ ပစ္စတိုကို ဆွဲထုတ်၍ ဝတ်ရုံလွှာအောက်မှပင် ချိန်ရွယ်ထားသည်။

ခရစ္စက ခပ်လှမ်းလှမ်း၌ ခွာရပ်လိုက်သည်။

"မင်းဝင်လာတာ ငါမကြားလိုက်ဘူး"

"ဖာသာ ဝတ်ပြုနေလို့ ကျွန်တော် အသံမြည်အောင် မလျှောက်တာပါ"

"ဘာလဲကွ၊ မင်းဆုတောင်းမလို့ လာတာလား"

"အကျင့်ကမပျောက်ဘူးလေ၊ ကျွန်တော် စစ္စတာစီယံဂိုဏ်းဝင်ဖြစ်ခဲ့ဖူးတယ်ဆိုတာ ခုလောက်ဆို ဖာသာ သိပြီးရောပေါ့နော်"

"မင်းရဲ့ မိတ်ဆွေရော၊ သူ့အတွက် မင်းကလဲစားမချေချင်ဘူးလား"

"သူရော ဖာသာပါ ကိုယ်လုပ်စရာရှိတာ လုပ်ခဲ့ကြတာပဲ၊ ကျွန်တော်တို့ စည်းကမ်းချက်တွေ နားလည်ပြီးသား မဟုတ်လား"

ဖာသာဂျာနင်သည် ဝတ်ရုံအောက်မှ ပစ္စတိုကို ဆုပ်ထားဆဲ။

"သွားဆရာဝန် နာမည်ရခဲ့ပြီလား ဖာသာ"

ခရစ္စကမေးလိုက်သည်။

"အေး၊ ငါသိရတာ မကြာသေးဘူး၊ မင်းအတွက် ငါစာရွက်နဲ့ မှတ်လာခဲ့တယ်"

ဖာသာဂျာနင်သည် ဘုရားရှိခိုးစာအုပ်ကို ခုံတန်းပေါ် ချလိုက်ပြီး အခြား လက်တစ်ဖက်ဖြင့် သက်န်းဝတ်ရုံဘေး ကွဲကြားမှ စာရွက်ပိုင်းလေးတစ်ပိုင်း နှိုက်ယူလိုက်သည်။ ဘုရားရှိခိုးစာအုပ်ပေါ်သို့ ထိုစာရွက်ပိုင်းလေးကို တင်လိုက်ပြီး သတိနှင့် နောက်ဆုတ်သွားသည်။

ဘုရားရှိခိုးကျောင်းမှာ တိတ်နေဆဲ။

ခရစ္စက ပြုံး၍ စာရွက်ပိုင်းလေးကို ကောက်ယူလိုက်သည်။

မှောင်ထဲ၌ သူဖတ်ကြည့်ဖို့ မကြိုးစားတော့။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတွေ့ချင်တဲ့လူက အဝေးကြီးမှာနေတယ်"

ဘုန်းကြီးအိုကြီးကပြောသည်။

"ပိုကောင်းတာပေါ့"

ခရစ္စက ပြုံးလိုက်ပြန်သည်။

"ဘာဖြစ်လို့လဲ"

သို့သော် ခရစ္စက ပြန်မဖြေ။

ဘုရားကျောင်းနောက်ဘက်သို့ တိတ်တဆိတ် လှည့်ထွက်သွားသည်။ သူ့အရိပ်လည်း ပျောက်သွား၏။ တံခါးဖွင့်သံ ကျွီခနဲ ကြားလိုက်ရသည်။ အပြင်ဘက်မှ အရုဏ်ဦး ဝေလီဝေလင်း အရောင်ကို ဖာသာဂျာနင် လှမ်းမြင်ရသည်။ တံခါးဝ၌ အမေရိကန်က ပိတ်ရပ်နေသည်။

ပြီးတော့ တံခါးက ဂျိမ်းခနဲ ပြန်ပိတ်သွားပြီး ဘုရားကျောင်းမှာ စောစောကအတိုင်း ကြက်သီးမွေးညင်းထစရာကောင်းအောင် တိတ်ဆိတ်သွားပြန်သည်။

ဖာသာဂျာနင်မှာ အသက်အောင့်ထားခဲ့ရာမှ သက်ပြင်းရှည်ကြီးချလိုက်သည်။ ပစ္စတိုကို ခါးပတ်ကြား ပြန်ထည့်သည်။ သူ့နဖူးမှာ ချွေးသီးနေ၏။

ဘုရားကျောင်းနောက်ဘက် အမိုးချွန်ထိပ်ဖျားအောက်ရှိ မှန်ကူကွက် ပြတင်းပေါက်ကို သူ မျက်မှောင်ကုတ်လျက် မော့ကြည့်လိုက်မိသည်။ ဖျော့တော့တော့ နေရောင်ခြည်က ပြတင်းပေါက်မှ ဖောက်ဝင်လာသည်။

ထိုအလင်းရောင်ကြောင့် လခြမ်းကွေးပုံ သင္တူပြားလေး၏ အရိပ်သဏ္ဌာန်က ပို၍ ပီပြင်ထင်ရှားစွာ ပေါ်လွင်နေသည်။

◆

( ၇ )

ရုရှကြီး မာလင်နော့ဗ်။

ဖာသာဂျာနင်ကို ခရစ္စ အပြစ်မတင်။ ၄င်းအား မှီမီ အမှန်အတိုင်း ပြောခဲ့ခြင်းဖြစ်သည်။ ဘုန်းတော်ကြီးသည် စည်းကမ်းလိုက်နာ၍ လုပ်ဆောင်ခြင်းဖြစ်သည်။

ဖာသာဂျာနင်သည် လုံခြုံရေးဟာ၏ သန့်စင်မှုနှင့် အဲဘာလတ် သဘောတူညီချက်တို့ကိုပါ ထိပါးခြင်း၊ ချိုးဖောက်ခြင်းပြုသော ညှို့သည်တစ်ဦးကြောင့် အခြားညှို့သည်၏ လုံခြုံရေးအတွက် အန္တရာယ်ရှိလာလျှင် ယင်း အပြစ်ရှိသူ ညှို့သည်အား သတ်ပစ်ရမည်သာ ဖြစ်သည်။ ဤကား သူ၏ ဝတ္တရားတည်း။

ရုရှကြီး မာလင်နော့ဗ်။

ခရစ္စသည် ဘုရားရှိခိုးကျောင်းထဲမှ ထွက်ကာ အာရုဏ်ဦး နေခြည်အောက်ရှိ ရေအိုင်ငယ်လေးများကို ရှောင်ရှားကာ နောက်ဘက်ရှိ ဘုန်းကြီးကျောင်းဆီသို့ ဦးတည်သွားရင်း ရုရှကြီးအကြောင်း တွေးနေသည်။

သူ့စိတ်ထဲမှ အခဲမကျေသော်လည်း မျက်နှာ အမူအရာကတော့ ခပ်တည်တည်။ သူ့စိတ်က တင်းမာပြတ်သားသော်၊ သူ့ပုံပန်းက ပို၍ စိတ်လက်ပေါ့ပါးသလိုဖြစ်လာသည်။ ဤကားသူ့အကျင့်။

သူ့လမ်းလျှောက်နှုန်းက မနက်စောစော သစ်ပင်ပေါ်က ငှက်ကလေးတွေကိုကြည့်ရင်း ငြိမ်သက်မှုကို အရသာခံရင်း လမ်းလျှောက်ထွက်လာသလောက်သာရှိသည်။

ရုရှကြီးမာလင်နော့ဗ်။

သူ့အကြောင်းကိုသာ တွေးနေဆဲ။

မှုန်ဝါးဝါး အလင်းရောင်အောက်၌ သူ ဘုန်းကြီးကျောင်းနောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်သွားပြီး မြစ်ရေပြင် ရှုခင်းကို အရသာခံကြည့်ဟန်ဆောင်ရင်း ချင့်ချိန်တွက်ဆလျက် ရှိသည်။

ချန်းသည် မာလင်နော့ဗ်ကို တိုက်ခိုက်နေခဲ့သည်မှာ နှစ်ပေါင်းမနည်းတော့ပေ။ ယခု ၎င်းကို သတ်ခွင့်ရဖို့အတွက် မိမိအသက်ကို ပဓာနမထားဘဲ အရဲစွန့်၍ လာခဲ့သည်။ ၁၉၆၅ ခုနှစ်က ခရစ္စသည် ချန်းနှင့်အတူ မာလင်နော့ဗ်ကိုလက်တွဲတိုက်ခိုက်ဖူး၏။ တောင်ဗီယက်နမ်နိုင်ငံသို့ လောနိုင်ငံမှ ဘိန်းတင်ပို့မှုကို စီအိုင်အေနှင့် တရုတ်အစိုးရတို့ ပူးပေါင်းဟန့်တားသည့် စစ်ဆင်ရေးဖြစ်သည်။

တိုက်ပွဲတစ်ပွဲ အရေးနိမ့်ပြီးခရစ္စတစ်ယောက် ပသက်လော လူမျိုးတို့စခန်း၌ အဖမ်းခံ၊ အနှိပ်စက်ခံခဲ့ရစဉ် ချန်းက ကယ်ဆယ်ရေးအဖွဲ့ငယ်ကို ဦးဆောင်ကာ ခရစ္စအသက်ကို ကယ်တင်ခဲ့သည်။ ထိုစဉ်က ခရစ္စမျက်နှာ ပျက်စီးကြေမွပြီး အူအတက်ပေါက်၊ ခါးရိုးကျိုးသွားခဲ့သည်။

ချန်းက ခရစ္စအား လုံခြုံဂေဟာသို့ သယ်ယူလာခဲ့ပြီး အမေရိကန်ခွဲစိတ်ဆရာဝန်များမရောက်မချင်း အနားမှ မခွာဘဲ ကိုယ်ဖိရင်ဖိ ပြုစုကုသပေးခဲ့၏။

ယခု ချန်းသေသွားပြီ။

ခရစ္စအား အသက်ပြန်ရှင်အောင် ချန်းက ပြုစုကယ်တင်ခဲ့သည့် နေရာ၌ပင် ၎င်းသေဆုံးရခြင်းဖြစ်၏။

ဘိန်းကြောင့် ချန်းသေရခြင်းတည်း။

ထို့ကြောင့် မာလင်နော့ဗ်လည်း သေရလိမ့်မည်။

အန္တရာယ်ကို ခရစ္စသိပြီးသား။ မိမိသည် အပယ်ခံတစ်ယောက်ဖြစ်ကာ လူတိုင်းက မိမိအား အမဲလိုက်သလို လိုက်ခြင်းကို ကြုံတွေ့ရမည်။ မိမိဘယ်လောက်ပဲတော်တော်၊ တစ်နေ့ မဟုတ်တစ်နေ့ ၎င်းတို့က ရှာတွေ့သွားမည်သာ။

မိမိ မကြာခင်သေရတော့မှာပါလား။

ကိစ္စမရှိ။

သွားဆရာဝန်ကို တွေ့လိုသော မိမိ၏ မူလရည်ရွယ်ချက်၊ မိမိပြုလုပ်မည့်အကြံအစည်တို့အရလည်း မိမိသေရတော့မည်ပင်။ ဘာထူးဦးမလဲ။ သို့သော် မိမိဆုံးရှုံးခံဖို့ အသင့်ပြင်မထားသည့်အရာများကို မဆုံးရှုံးစေရဘဲ မိမိမိတ်ဆွေကြီးအား ကျေးဇူး ပြန်ဆပ်နိုင်လိမ့်မည်ထင်သည်။

ဤကိစ္စသည် အဲဘလတ်သဘောတူညီချက်သာမက အခြားအရာ





တားလုံးထက် ပိုအရေးကြီးသည်။ အဓိက အကျဆုံးဖြစ်သည်။ ဂုဏ်သိက္ခာကိုင်ပြီး မိမိအကြွေးကို ပြန်ဆပ်သင့်သည်။ သို့မဟုတ်ပါက မိမိအရှုံးကွဲမည်။

ခွင့်ပြုသဘောတူညီချက်ကို နှစ်ကြိမ်မြောက်ဖောက်ခဲ့ပြီးဖြစ်သည့်အလျောက် မိမိ ကိုယ်ပိုင်စည်းကမ်းဥပဒေ၌သာလျှင် အဓိပ္ပာယ်တစ်ခုတည်း ကျန်ရှိတော့၏။

မြစ်ရေပြင်မှ သချိုင်းကုန်းဘက်ဆီသို့ သူမျက်ကြောရှုံ့ကြည့်လိုက်သည်။ ဖာသာဂျာနင်ပေးလိုက်သော စာရွက်လေးကို သတိရ၍ ထုတ်ကြည့်ပြီးဖတ်လိုက်သည်။ သွားဆရာဝန်၏ နာမည်နှင့် လိပ်စာပါသည်။ သူ့မျက်လုံးတွေ အေးစက်မာကျောသွားသည်။

မျက်နှာမှိုင်မှိုင်နှင့် ခေါင်းညိတ်ရင်း ခွေးကာတက်ပေါ်တက်၍ ဘုန်းကြီးကျောင်းထဲပြန်ဝင်လာသည်။

သူ့အခန်းထဲရောက်သောအခါ ခရီးဆောင်အိတ်ငယ်ကို ပြင်ဆင်ထုပ်ပိုးသည်။ သားရေအိတ် တစ်လုံးထဲမှ ဆေးထိုးအပ်နှင့် ဆေးဖန်ပြွန် တစ်တောင့်တို့ကို နှိုက်ယူသည်။ အိတ်ကို ဆွဲကာ အခန်းထဲမှပြန်ထွက်သွား၏။

စင်္ကြံလမ်းမှာ တိတ်ဆိတ်နေသည်။

မာလင်နော့ဗ် အခန်းတံခါးကို သူခေါက်လိုက်၏။

"ဘာလဲ"

တံခါးနောက်ကွယ်မှ အသံက ခပ်မာမာ။

ခရစ္စက ရှုရှုလိုပြောသည်။

"ခင်ဗျားထွက်ခဲ့၊ ဟိုတရုတ်ကြီးမှာ တပည့်တစ်ယောက်ပါသေးတယ်ဗျ"

အတွင်းမှ သော့ခလောက် ကမန်းကတန်းဖွင့်သံကြားရသည်။ တံခါးပွင့်သွား၏။ မာလင်နော့ဗ် ချွေးတွေပြန်လျက်၊ ပစ္စတိုကိုင်ကာ မျက်လုံးဒီဝေစွာဖြင့် ထွက်လာသည်။ ဆေးမှုန်နေပုံရသည်။

ခရစ္စက လက်ညှိုးနှင့် လက်မကြားရှိ အရေပြားဖြင့် ၎င်း၏ လည်မျိုကိုဆောင့်ထိုးပြီး အသံထွက်စေသည့် လည်ပင်းအကြောမျှင်များကို ဖိခြေ ဖြတ်တောက်ပစ်လိုက်သည်။

မာလင်နော့ဗ် အသက်ရှူကျပ်ပြီး အော်လို့လည်းမရ၊ ကြမ်းပေါ်၌ ဆန့်ငင်ဆန့်ငင်ဖြစ်နေသည်။ လက်နှစ်ဖက်ဖြင့် ရင်ဘတ်ကို ဖိဖို့ကြိုးစားနေဆဲ။

ခရစ္စက ဆေးထိုးအပ်ဖြင့် ဆေးတောင့်ထဲမှ ဆေးရည်ကို စုပ်ယူလိုက်သည်။ မာလင်နော့ဗ်၏ ဘောင်းဘီကို ဆွဲချွတ်ကာ ပိုတဲက်ဆီယမ်ကလိုရိုက်



www.burmeseclassic.com

www.burmeseclassic.com



ထိုးဆေးကို ၄င်း၏ ယေကျ်ားတန်ဆာ အကြောထဲသို့ ထိုးပေးလိုက်သည်။ ပိုတက်ဆီယမ်ဓာတ်က ဦးနှောက်သို့ရောက်သွားပြီး ကလိုရိုက်က ဆီးပြွန်ထဲသို့ ဝင်သွားမည်။ မာလင်နော့စ် လေသင်တုန်းရောဂါနှင့် အသက်ထွက်လိမ့်မည်။

ယခုပင် မာလင်နော့စ်မျက်နှာမှာ ပြာနေရာမှ မီးခိုးရောင်ပြောင်းသွားပြီ။ တော်ကြာ အဝါရောင်ပြောင်းတော့မည်။

ခရစ္စသည် ဆေးထိုးအပ်နှင့် ဆေးတောင့်တို့ကို ခရီးဆောင်အိတ်ထဲ ထည့်လိုက်သည်။ မာလင်နော့စ်၏ တုန်ခါနေသော ခန္ဓာကိုယ်ကြီးကို ဆွဲမပြီး ကုလားထိုင် တစ်လုံးတွင် မှီပေးထားလိုက်သည်။ လည်ပင်းနှင့် ကုလားထိုင် လက်ရန်းက တစ်တန်းတည်း။

ထို့နောက် ခရစ္စက ကုလားထိုင်ကိုလှဲလိုက်ရာ ရုရှကြီး၏ ကိုယ်ပေါ် လဲကျသွားသည်။ ၄င်း၏ လည်ပင်းဇက်ရာမှာ ထိုင်ခုံပေါ်မှ လဲကျစဉ် ရရှိသည်ဟု ယူဆကြလိမ့်မည်။

ချန်းအတွက် ကလဲ့စားချေလိုက်ပြီ။

ခရစ္စက အိတ်ကို ကောက်ဆွဲ၍ အခန်းထဲမှ ထွက်သွားသည်။

စင်္ကြံလမ်းထဲမှာ ဘယ်သူမျှမရှိ။

မာလင်နော့စ်၏ သော့ဖြင့် တံခါးကို သော့ခတ်ပြီး အောက်ထပ်သို့ ဆင်းကာ ဘုန်းကြီးကျောင်းမှ ထွက်၍ ယချိုင်းဘက်လျှောက်သွားသည်။

အရုဏ်တက်ချိန်မို့ ဝေလီဝေလင်း။

ရေ့ပေါက်က ထွက်လျှင် အခြားသူလျှိုအဖွဲ့ ပေါင်းစုံမှ အေးဂျင့်များက ရှိုးိုးလိုက်လာကြမှာသေချာသည်။ ထို့ကြောင့် သူမြစ်ဘက်သို့ ဆင်းသွား၏။ နွံပုပ်ရေနံ့ရှူရင်း ရပ်ထားသော လှေသုံးစင်းထဲမှ အကောင်းဆုံး လှေတစ်စင်းကို ရွေးယူကာ တစ်ယောက်တည်းလှော်ခတ်၍ ကမ်းမှခွာသွားသည်။

ပါးစပ်ကြီးဖြဲဟထားသည့် မိကျောင်းတစ်ကောင်ကို သူဂရုမစိုက်အား ချေ။

◆

# ( ၈ )

နောက် နှစ်နာရီအကြာ၌ ဖာသာဂျာနင်သည် မာလင်နော့စ်၏ အခန်းတံခါးကို အထပ်ထပ်ခေါက်လျှက်ရှိ၏။ ခေါ်မရသည့်အဆုံး၌ အစေခံများကိုခေါ်ပြီး တံခါးကို ချိုးဖွင့်ခိုင်းလိုက်လေသည်။

၄င်းတို့သည် အခန်းထဲသို့ ဝရုန်းသုန်းကား ရောက်သွားသောအခါ လဲကျနေသော ကုလားထိုင်အောက်မှ မာလင်နော့စ်အလောင်းကြီးကို တွေ့ကြရလေသည်။ ဖာသာဂျာနစ် သက်ပြင်းရှိုက်လိုက်၏။ လုံခြုံရေးဟာကို ထိန်းသိမ်းရသူဖြစ်သည့်အလျောက် မိမိသည်များ၏ အထက်လူကြီး အရှင်သခင်များအား ရှင်းပြရန်တာဝန်ရှိသည်။

ချန်းကို မိမိသတ်ပစ်ခြင်းနှင့် ပတ်သက်၍ ရှင်းပြနိုင်သော်လည်း ယခု ရုရှကြီးသေဆုံးခြင်းနှင့်ပတ်သက်၍ ရှင်းရခက်မည်။ အဖြစ်အပျက်များစွာ တပြိုင်တည်း ဖြစ်နေပါကလား။

မိမိညံ့ဖျင်းလွန်းသည်ဟု ကေဂျီဘီက ဆုံးဖြတ်လျှင် မလွယ်တော့။

ဖာသာဂျာနင်သည် အံ့ဩတုန်လှုပ်စွာဖြင့် မာလင်နော့စ် အလောင်းကိုစစ်ဆေးသည်။ သွေးရိုးသားရိုး သေဆုံးခြင်းဖြစ်ပါစေဟု ဆုတောင်းမိသည်။ အကြမ်းဖက်မှုလက္ခဏာများမတွေ့ရ။ လည်မျိုဇက်ရာသာ တွေ့ရပြီး ကုလားထိုင်ပိခြင်းကြောင့် ဖြစ်နိုင်သည်။

သူက ပျာကယာ ဓွက်ဆကြည့်သည်။

မာလင်နော့စ်သည် သွေးတိုးရောဂါနှင့် ဖေါ်သကြီးသော စိတ်ဓေဒနာကို ကုစားဖို့ဆေးများ တောင်းခံရန်အတွက် စိတ်ချောက်ချားစွာဖြင့် ဤနေရာသို့ ရောက်ရှိလာခဲ့သည်။ သူသည် လုပ်ကြံသတ်ဖြတ်ခံရလုနီးပါး ကြုံခဲ့ရသည်။ သူစွဲနေသောဆေးဝါးများနှင့် စိတ်ဖိစီးမှုဝေဒနာ ထပ်ပေါင်းလိုက်သောအခါ နှလုံးရောဂါ ရသွားတန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခု အမေရိကန်သူလျှို့ပျောက်သွားပြီ။

အဖြစ်အပျက်တွေကတော့ စုံလို့ပါပဲ။

ဖာသာဂျာနင် တယ်လီဖုန်းဆီပြေးသွားသည်။ ကေဂျီဘီရုံးခွဲသို့ ဖုန်းဆက်သည်။ ဗန်ကောက်ရုံးခွဲ ဌာနမှူးက သူ့အထက်လူကြီးထံသို့ ထပ်ဆင့်ဖုန်းဆက်သည်။

အဲဒီဘလတ်ဝေဟာ၌ အရေးပေါ် ကိစ္စတစ်ခုဖြစ်သည်။ အေးဂျင့်တစ်ယောက်ဘာကြောင့်မှန်းမသိဘဲသေသွားပြီ။ ချက်ချင်း စုံစမ်းစစ်ဆေးရန် လိုအပ်သည်။

မာလင်နော့ဗ်အလောင်းကို ဖာသာဂျာနင်တွေ့ရှိပြီး တစ်နာရီအကြာ၌ မြောက်ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်မြို့မှ ဆိုဗီယက် ကုန်တင်လေယာဉ်ကြီး တစ်စင်းသည် မိုင် ၆၀၀ ဝေးကွာသည့် ထိုင်းနိုင်ငံသို့ နှစ်ရာရီအတွင်း၌ ပျံသန်းဆိုက်ရောက်လာခဲ့သည်။

ကျွမ်းကျင်သော သမားတော် အဖွဲ့နှင့်အတူ ကေဂျီဘီမှ စစ်ဆေးရေးအရာရှိသည် အလောင်း၏ အနေအထားကို အကဲခတ်လေ့လာကာ ဓာတ်ပုံများရိုက်ယူသည်။ ထို့နောက် အလောင်းကို လေယာဉ်ပေါ် ခပ်မြန်မြန်တင်ပြီး မိနစ်ကိုးဆယ်အတွင်း ဟန္နိုင်မြို့သို့ ပြန်ရောက်သွားသည်။ အပြန်ခရီးမှာ လေစုန်ခရီးဖြစ်၏။

အလောင်း ရင်ခွဲစစ်ဆေးမှုသည် ခုနစ်နာရီကြာ၏။

လေသင်တုန်းရောဂါဖြင့် မာလင်နော့ဗ်သေဆုံးသည်ဟု ပထမ ယူဆကြသည်။ အဏုကြည့်မှန်ဘီလူးဖြင့် အလောင်းကို နှံ့နှံ့စပ်စပ် စစ်ဆေးကြည့်ရှုသောအခါ မာလင်နော့ဗ်၏ ယောက်ျားတန်ဆာပေါ်မှ ဆေးထိုးအပ်ရာလေးကို မှူခင်းဆရာဝန်ကြီးတွေ့သွားသည်။

ပိုတက်ဆီယမ်ကလိုရိုက်ထိုးပေးပြီး လေသင်တုန်း ရောဂါဖြစ်အောင် လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း ဖြစ်နိုင်သည်ဟု ၎င်းက မသင်္ကာဖြစ်မိသည်။ ထိုအချက်ကို စစ်ဆေးရေးအရာရှိထံ အစီရင်ခံသည်။

နောက်တစ်နာရီအကြာ၌ ဗန်ကောက်မြို့၊ ကေဂျီဘီရုံးခွဲ ဌာနမှူးအား လစန္ဒာ ဘုရားရှိခိုးကျောင်းသို့ စေလွှတ်လိုက်သည်။

ဖာသာဂျာနင်အား ဌာနမှူးက စေ့စေ့ပေါက်ပေါက် မေးမြန်းစစ်ဆေးသည်။ ဘုန်းကြီးကျောင်း၌ ချန်း၏ မိတ်ဆွေ အမေရိကန်တစ်ယောက် လာတည်းနေကြောင်း ဖာသာဂျာနင်ကဖွင့်ပြောသည်။

"သူ့နာမည်နဲ့ သူ့အကြောင်း ပြောပါဦး"





ဌာနမှူးက တောင်းဆိုသည်။

ဘုန်းကြီးအိုလည်း ကြောက်ကြောက်နှင့် ဖြေသည်။

"အမေရိကန် အေးဂျင့်က ဘာလိုချင်သတဲ့လဲ"

ဖာသာဂျာနင်က ဆက်မေးကြားသည်။

"အဲဒီသွားဆရာဝန် ဘယ်မှာနေလဲ"

ဖာသာဂျာနင်ထံမှ အဖြေကိုရရှိသောအခါ ဌာနမှူးသည် စားပွဲတစ်ဘက်ခြမ်းရှိ ဘုန်းတော်ကြီးအား စေ့စေ့ကြည့်လိုက်သည်။

"ဝေးလှချည်လား၊ မာလင်နော့ဗ် သေတဲ့အချိန်က မနက် ၆ နာရီလောက်ဖြစ်မယ်လို့ ဟန္နိုင်က ကျုပ်တို့ရဲ့ မှူခင်းဆရာဝန်ကြီးကပြောလိုက်တယ်။ အဲဒါ လွန်ခဲ့တဲ့ ဆယ့်ငါးနာရီက ဖြစ်ခဲ့တာ။ ခင်ဗျား ဘာလို့ အမေရိကန်အေးဂျင့်အကြောင်း ချက်ချင်းမပြောလိုက်သလဲဗျာ"

ကေဂျီဘီဌာနမှူးက ပြတင်းပေါက်အပြင်ဘက် ညအမှောင်ထုဆီ လက်ဝှေ့ယမ်းပြရင်း ပြောလိုက်သည်။

ဖာသာဂျာနင်သည် ဘရန်ဒီတစ်ခွက်ငှဲ့ပြီး တစ်ကျိုက်တည်း မော့ချလိုက်သည်။ သူ့မုတ်ဆိတ်မွေးဖြူဖြူပေါ်မှ ဘရန်ဒီ စက်လေးများ စီးကျလာသည်။

"ကျုပ် ကြောက်လွန်းလို့ပါ၊ မနက်တုန်းက ဒီကိစ္စမှာ အမေရိကန်အေးဂျင့် ပတ်သက်လိမ့်မယ်လို့ ကျုပ်မထင်ခဲ့ဘူး၊ တကယ်လို့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ သူ့ကို ကျုပ်သတ်ပစ်လိုက်ရင် စီအိုင်အေနဲ့ ပြဿနာတက်နိုင်တယ်။ နောက်ပြီး ဒီအမေရိကန်အေးဂျင့်ကို စွပ်စွဲဖို့ ကျုပ်မှာ ဘာအထောက်အထားမှ မရှိဘူး"

"ဒီတော့ ခင်ဗျားက ကျုပ်တို့ကိုပဲ ရှင်းပြချင်တယ်ပေါ့"

"ကျုပ်အမှားလုပ်မိတာ ဝန်ခံပါတယ်၊ ကျုပ်သူ့ကို သတိထားကြည့်နေသင့်တယ်၊ ဒါပေမယ့် သူက ခင်ဗျားတို့လူကို အန္တရာယ်ပြုမယ့် အရိပ်အယောင်လုံးဝမပြခဲ့ဘူး။ အလောင်းကို ကျုပ်တွေ့တော့ သွေးရိုးသားရိုးသေတာလို့ပဲ ကျုပ်ထင်ခဲ့တယ်၊ ကျုပ်အနေနဲ့ အမှားကို ဝန်မခံသင့်ဘဲနဲ့ ဝန်ခံလိုက်ရင် ဘာအဓိပ္ပာယ်ရှိဦးမှာလဲ၊ ကျုပ်အခက်အခဲကို ခင်ဗျားနားလည်ပါဗျာ"

"နားလည်ပါတယ်"

ဌာနမှူးသည် တယ်လီဖုန်းကိုမပြီး ဒိုင်ခွက်ကို လှည့်၍ စောင့်နေသည်။ သူ့အထက်လူကြီးအား ဤသို့ပြောလိုက်၏။

"အဲဘလတ် သဘောတူညီချက်ကို ချိုးဖောက်လိုက်ကြပြီ၊ ချိုးဖောက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူက ခရစ္စတိုဖာကီလ်မွန်းနီး၊ သူ့နာမည်ဝှက်က ရီးမတ်၊ သူ့အဖွဲ့က စီအိုင်အေ"

ဌာနမှူးက ဖာသာဂျာနင်ပြောပြထားသည့်အတိုင်း ခရစ္စ၏ ပုံပန်းသဏ္ဌာန်ကို ထပ်ဆင့်အစီရင်ခံလိုက်ပြီး

"သူ အခု ဂွာတီမာလာနိုင်ငံကိုသွားပြီ"

ခရစ္စသွားမည့်လိပ်စာကိုလည်း ဌာနမှူးက တစ်ပါတည်း ပေးလိုက်၏။

"သူ အဲဒီသွားမယ်ပြောတာပဲ၊ ဒါပေမဲ့ အခုဖြစ်ခဲ့တာတွေကိုကြည့်ရင် သူဟာ သူများမထင်တာကိုပဲ လုပ်လိမ့်မယ်၊ ဟုတ်ကဲ့ ကျွန်တော်သိပါတယ်၊ သူက ကျွန်တော်တို့ထက် ဆယ့်ငါးနာရီ အချိန်ပိုရထားတယ်"

ဌာနမှူးသည် တစ်မိနစ်ခန့် ဆက်လက်နားထောင်ပြီး တယ်လီဖုန်းကို ချလိုက်သည်။

ထိုနောက် ဖာသာဂျာနင်ဘက်လှည့်ပြီး သေနတ်နှင့် ပစ်ထည့်လိုက်၏။

◆

( ၉ )

"ဟုတ်ရဲ့လား"

စီအိုင်အေ ညွှန်ကြားရေးမှူးက တယ်လီဖုန်းကိုင်လျက် မေးလိုက်သည်။

"သိပ်သေချာပါတယ်"

ကေဂျီဘီ ညွှန်မှူးက အရေးပေါ် အဝေးပြောတယ်လီဖုန်းထိုင်းမှ တစ်ဆင့် ပြန်ဖြေသည်။ မိမိနှင့် ရာထူးအဆင့် အတူတူဖြစ်သော အမေရိကန်ကြီးသည် ရုရှစကားမတတ်သောကြောင့် သူက အင်္ဂလိပ်လိုသာ ပြောသည်။

"ခင်ဗျား တစ်ခုသဘောပေါက်ထားစေချင်တယ်၊ ကျုပ်က ခင်ဗျားဆီက ခွင့်တောင်းဖို့ ဖုန်းဆက်တာမဟုတ်ဘူး၊ ဒီလူရမ်းကားဟာ ခင်ဗျားတို့လူဖြစ်နေလို့ ကျုပ်က ကျုပ်ရဲ့ ရည်ရွယ်ချက်ကို သိရအောင် လုပ်ထုံးလုပ်နည်းနဲ့အညီ အကြောင်းကြားတာပါ"

"သူဟာ ကျုပ်အမိန့်အရ လုပ်နေတာမဟုတ်ဘူး"

"ဟုတ်ခဲ့ရင်လဲ အကြောင်းမထူးတော့ပါဘူး၊ ကျုပ်ကြေးနန်းတွေ ပို့လိုက်ပြီ၊ ခုလောက်ဆို ခင်ဗျားတို့ရဲ့ ဆက်သွယ်ရေးစခန်းတွေဆီ အဲဒီကြေးနန်းဝင်လာရောပေါ့၊ အဲဒါလတ် သဘောတူညီချက်ရဲ့ စည်းကမ်းချက်တွေအရ ကျုပ် ထောက်လှမ်းရေးအဖွဲ့အားလုံးကို နှိုးဆော်လိုက်ပြီ၊ နောက်ဆုံးဝါကျသုံးကြောင်းကို ကျုပ်ဖတ်ပြမယ်၊ 'ရီးမတ်ကိုရှာပါ၊ နိုင်ငံတကာ သတ်မိန့်၊ သင့်တော်သလိုရှင်းပစ်ပါ'၊ ခင်ဗျားတို့အဖွဲ့အစည်း အရှက်ကွဲသွားပြီမို့ တခြားသူတွေထက် ခင်ဗျားတို့က ပိုပြီး ဇွဲကောင်းကောင်းနဲ့ သူ့ကိုလိုက်ရှာသင့်တယ်လို့ ကျုပ်ထင်တယ်ဗျာ"

"ဟုတ်တယ်၊ အဲဒီအတွက် စိတ်ချပါ၊ ကျုပ်ကတိပေးပါတယ်"

စီအိုင်အေ ညွှန်မှူးက တံတွေးမျိုချပြီး တယ်လီဖုန်း ပြန်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အင်တာကွမ် ခလုတ်ကိုနှိပ်၍ ခရစ္စတိုဖာ ပက်ထရစ်ကီလ်မွန်းနီး၏ မှတ်တမ်းကို တောင်းလိုက်၏။

နာရီဝက်အကြာ၌ ခရစ္စသည် စီအိုင်အေ၏ အဆင့်အမြင့်ဆုံး အတော်ဆုံး အေးဂျင့်များအနက် တစ်ဦးဖြစ်ပြီး လျှို့ဝှက်စစ်ဆင်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေရသော အေးဂျင့်ဖြစ်ကြောင်း ညွှန်မှူးသိရှိရသည်။ ၎င်းအုပ်စုကို ဂျီအိုက်စ် ၁၃ ဟု သတ်မှတ်ခေါ်ဝေါ်သည်။

ညွှန်မှူး တစ်ချက်ညည်းလိုက်မိသည်။

ရမ်းကားသော အေးဂျင့်တစ်ယောက်ကြောင့် မိမိတို့အရှက်ကွဲတာ မဆန်း။ ယခုဟော့ လူရမ်းကား အေးဂျင့်သည် ကမ္ဘာ့ထိပ်တန်း သုတ်သင်ရေး သမားတစ်ဦးဖြစ်နေခြင်းမှာ ပိုဆိုးသည်။ လုပ်ထုံးလုပ်နည်းအရ ၎င်းအားကွပ် မျက်လိုပါက ညွှန်မှူးအနေနှင့် ဘဝတူ၊ လက်ရည်တူ ဂျီအက်စ် ၁၃ အုပ်စုဝင် အေးဂျင့်အဖွဲ့ငယ် တစ်ဖွဲ့ကိုသာ တာဝန်ပေးရမည်ဖြစ်သည်။

ရိုးမတ်၏ မှတ်တမ်းထဲတွင် ထူးခြားချက် တစ်ခုကိုလည်း ညွှန်မှူး တွေ့ရှိရသေးသည်။ ထို့ကြောင့် သူ ဒေါပွပြီး ရုံးခန်းထဲမှ ဆောင့်ဆောင့် အောင့် အောင့်နှင့် ထွက်သွားသည်။

အဲလိယော့သည် ရိုးမတ်၏ ထိန်းချုပ်သူ ဖြစ်၏။

◆

( ၁၀ )

"ကျုပ်ဘာမှမသိဘူး"

အဲလိယော့ကပြောသည်။

"ခင်ဗျားမှာ တာဝန်ရှိတယ်၊ ခင်ဗျားသူ့ကို တွေ့အောင်ရှာ"

ညွှန်မှူးက ဒေါနှင့်မောနှင့်ပြောပြီး အဲလိယော့ရုံးခန်းထဲမှ ပြန်ထွက် သွားသည်။

ဟောင်းလောင်းပွင့်နေသော တံခါးပေါက်သို့ အဲလိယော့ ပြုံး၍ ကြည့်နေသည်။ စီးကရက်တစ်လိပ်မီးညှိပြီး ကုတ်အင်္ကျီပေါ်မှ ပြာမှုန့်များကို ခါချလိုက်သည်။ မိမိအားလာတွေ့ဖို့ ဆင့်မခေါ်ဘဲ ညွှန်မှူးက မိမိထံ လာတွေ့ ခြင်းကြောင့် အဲလိယော့ ဝမ်းသာနေသည်။

ညွှန်မှူးက ဒေါသတကြီးလာတွေ့ခြင်းသည် ၎င်း၏ အားနည်းချက် တစ်ခုဖြစ်သည်။ ဤ ဘန်ခိုးဩဇာမျိုးကို အဲလိယော့ သိပ်အရသာတွေ့၏။

ဆံလည်ကုလားထိုင်ကို ပြတင်းပေါက်ဘက်လှည့်ပြီး မျက်နှာကို နေရောင်ခြည်နှင့် ထိတွေ့ခံလိုက်သည်။ အောက်ဘက်တွင် ဗာဂျီးနီးယားပြည် နယ် လင်ဂလေမြို့ရှိ စီအိုင်အေဌာနချုပ်နှင့် ပိုင်းခြားထားသော အဝေးပြေးကား လမ်းမကြီးအထိ ဖြန့်ကျက်တည်ရှိသည့် ရောမကားရပ်စခန်းကွက်လပ်ကြီးနှင့် သစ်ပင်တန်းများကို မြင်နိုင်သည်။ အင်္ဂလိပ်စာလုံး အိပ်ချ်ပုံသဏ္ဌာန် အ ဆောက်အအုံကြီးကို ပတ်လည်ဝိုင်းထားသည့် ကားအစီးရေ တစ်သောင်း၏ အစိတ်အပိုင်းမျှသာ အဲလိယော့၏ ရှုထောင့်မှ တွေ့ရ၏။

သူ့မျက်နှာပေါ်မှ အပြုံးပျောက်ကွယ်သွားသည်။

ဆောလ်ကို လိုက်ရှာသည့် အလုပ်ဖြင့် မအားမလပ်ဖြစ်နေခိုက် ဗန် ကောက်မြို့ အဲဘလတ်လုံခြုံရေးဟာသို့ ခရစ္စရောက်ရှိလာကြောင်း မနေ့က သတင်းကြားကြားချင်း သူ စိတ်နောက်ကျိသွားရသည်။ ခရစ္စအား ဗန်ကောက်



www.burmeseclassic.com

www.burmeseclassic.com



သို့သွားဖို့ မိမိ အမိန့်မပေးခဲ့။

လွန်ခဲ့သော ရက်သတ္တအတော်ကြာကြာက ခရစ္စတစ်ယောက် ရောမမြို့မှ အမိန့်မရဘဲ စွန့်ခွာသွားကတည်းက မိမိထံ လုံးဝ အစီရင်ခံခြင်းမပြုဘဲ နေခဲ့သည်။ ခရစ္စအသတ်ခံလိုက်ရပြီဟု မိမိတို့ ယူဆခဲ့သည်။

ယခု သူ့ရုတ်တရက်ပြန်ပေါ် လာပြီ။

ဗန်ကောက်လုံခြုံဧဟာသို့ မရောက်မချင်း ၎င်းထွက်ပြေးနေခဲ့ရလေသလား။ သည့်မတိုင်မီက မိမိအား တစ်နည်းနည်းနှင့် ဆက်သွယ်ကြည့်ဖို့ကောင်းသည်။ သို့မဟုတ်လည်း ဘာပဲဖြစ်ဖြစ် လံစန္ဒာဘုရားကျောင်းသို့ ရောက်ရောက်ချင်း မိမိအား ဆက်သွယ်သင့်သည်။

အဓိပ္ပာယ်မရှိ။

စီအိုင်အေနှင့် လုံးဝမပတ်သက်သော သွားဆရာဝန် တစ်ဦးကို ခရစ္စကလိုချင်သတဲ့။

ရုရှအေးဂျင့်တစ်ဦးကို သတ်ပြီး စည်းကမ်းချိုးဖောက်လိုက်သတဲ့။

ဘာတွေဖြစ်ကုန်ပြီလဲ။

ခရစ္စသည် စည်းကမ်းဥပဒေကို သိပြီးသား။

သူ့ကို ထောက်လှမ်းရေးအဖွဲ့တိုင်းမှ အတော်ဆုံး သုတ်သင်ရေးသမားများက သဲသဲမဲမဲလိုက်ရှာကြတော့မည်။ သူ ဘာလို့ ဒီလောက် မိုက်မဲရပါလိမ့်။

အဲလိယော့ စုတ်သပ်လိုက်သည်။

သွေးသား မတော်စပ်သည့် မွေးစားညီအစ်ကိုနှစ်ယောက်စလုံး ရှောင်တိမ်း ပြေးလွှားနေကြပါကလား။ ဖြစ်စဉ် ပုံပန်းကျနမှုကို အဲလိယော့ သဘောကျသည်။

ကားရပ်စခန်းအတွင်းရှိ မော်တော်ကားများမှာ နေရောင်ကြောင့် ဖိတ်ဖိတ် တောက်နေသည်။

အဲလိယော့ ပြုံးလိုက်၏။ ပြဿနာအတွက် အဖြေရှာတွေ့သွားပြီ။

ဆောလ်နှင့် ခရစ္စ။

မိမိကို ဘာကြောင့် လိုက်ရှာနေကြောင်း မှန်းဆ၍ မရမီ၌ပင် ဆောလ်အား သတ်ပစ်ရမည်။

ဆောလ်သည် ဘယ်မှာ ပုန်းမှန်း သူ့လုပ်ဖော်ကိုင်ဘက်ကသာ ကောင်းကောင်းသိမည်။

သို့သော် သွားဆရာဝန်ကိစ္စ ကျန်သေးသည်။

အဲလိယော့ ကျောစိမ့်သွား၏။ သည်အချက်ကိုတော့ သူ သိပ်ဘဝင်





မကျ။

ရုရှကြီးကို မသတ်ပစ်မီ ကတည်းက ခရစ္စက ဘာကြောင့် သွားဆရာဝန်တစ်ယောက်ကို လိုချင်ရတာလဲ။

အဲလိယော့ ကြက်သီးတဖြန်းဖြန်းထသွား၏။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၁ )

"မင်္ဂလာဆီကို စီးတီးကို အမြန်ဆုံးထွက်မယ့် လေယာဉ်လက်မှတ် ဝယ်ချင်လို့"

ခရစ္စကပြောလိုက်သည်။

လေယာဉ် လက်မှတ်အရောင်းဌာန၊ ကောင်တာနောက်ရှိ ဟာဝေယံ လူမျိုး အမျိုးသမီးက ကွန်ပျူတာ ခလုတ်များကို နှိပ်လိုက်သည်။

"ဘယ်နှစ်စောင် လိုချင်ပါသလဲရှင်"

"တစ်စောင်"

"ပထမတန်းလား၊ ရိုးရိုးလား"

"ဘယ်အတန်းကဖြစ်ဖြစ် ရပါတယ်"

စာရေးမသည် ကွန်ပျူတာ ဖန်သားပြင်ကို ကြည့်လိုက်သည်။ လူရှုပ်နေသည့် လေဆိပ်အဆောင်အတွင်း၌အသံချဲ့စက် စပီကာများမှ အသံများပေါ်ထွက်နေသည်။

ခရစ္စသည် မိမိနောက်၌ တန်းစီရပ်နေသော အခြားသူများကို သတိထား မိ၏။

"လေယာဉ်ခရီးစဉ် ၁၂၂ မှာ ရိုးရိုးတန်းက တစ်ခုံ လွတ်ပါတယ်ရှင်၊ ဆယ့်ငါးမိနစ်အတွင်း ထွက်လိမ့်မယ်၊ ရှင် မြန်မြန် လုပ်ရင် အဲဒီလေယာဉ်ပေါ် ပါအောင် ကျွန်မတို့ တင်ပေးပါ့မယ်။ နာမည်လေး တစ်ဆိတ်လောက် ပြောပါ"

ခရစ္စက သူ့ပတ်စ်ပို့ထဲမှ နာမည်တုကို ပြောလိုက်၏။ စာရေးမက အကြွေးဝယ်ကတ်ပြားကို တောင်းသောအခါ သူက ငွေသားဖြင့် လက်ငင်းပေးချေလိုက်သည်။ ဤနည်းအားဖြင့် မိမိသွားလေရာသို့ မှတ်တမ်းများမှ ခြေရာခံလိုက်ဖို့ သိပ်မလွယ်တော့။

"လက်ဆွဲတန်ဆာတွေဘာတွေ ပါဦးမလားရှင်"





"ဟင့်အင်း ဟောဒီအိတ်တစ်လုံးပဲပါတယ်"

"လေယာဉ်လက်မှတ်စစ်ကို ခဏစောင့်ပေးဖို့ ကျွန်မလှမ်းအကြောင်းကြားပေးထားပါ့မယ်၊ စိတ်ချမ်းသာပါစေရှင်"

"ကျေးဇူးတင်ပါတယ်"

စာရေးမအား ပြုံးပြရင်း လေဆိပ်အဆောင်အတွင်းမှ ခပ်သုတ်သုတ်ထွက်ရန် နောက်လှည့်လိုက်စဉ် သူ့ကြွက်သားများ တောင့်တင်းသွားသည်။

မိမိအား စောင့်ကြည့်နေသူ ရှိမလားဟု လူအုပ်ကြီးကို မသိမသာစစ်ဆေးလိုက်သည်။

သတ္တုပစ္စည်း စမ်းသပ်ရှာဖွေရေး ကိရိယာရှေ့သို့ သူရောက်သွားသည်။ လေဆိပ် လုံခြုံရေးအဖွဲ့ဝင်က သူ့ကို အကဲခတ်နေသည်။ ခရစ္စသည် သူ့ မော်ဇာပစ္စတိုကို ဗန်ကောက်မြို့ မြောင်းတစ်ခုထဲသို့ လွှင့်ပစ်ခဲ့ပြီး ဖြစ်သည်။

သတ္တုပစ္စည်း စမ်းသပ်ရှာဖွေရေးကိရိယာဖြင့် စစ်ဆေးပြီး ပြန်ထွက်လာသောအခါ မိမိလက်ဆွဲအိတ်ကို ကောက်ယူကာ စကြီလမ်းအတိုင်း ခပ်သုတ်သုတ်လျှောက်၍ လေယာဉ်ပေါ် တက်သည့်တံတားဆီ ဦးတည်သွားသည်။

လေယာဉ်မယ်လေးတစ်ယောက်က လေယာဉ်ပျံ ဝင်ပေါက်အဝမှ သူ့ကို လှမ်းကြည့်နေသည်။

"စောင့်ပေးတာ ကျေးဇူးပါပဲ"

"ရပါတယ်ရှင်၊ သူတို့လဲ လေယာဉ်ပေါ် စားသောက်စရာတွေ တင်တာနောက်ကျသွားလို့ အတော်ပဲ"

သူမက ခရစ္စ၏ လက်မှတ်ကို သိမ်းလိုက်သည်။ ခရစ္စသည် ပထမတန်းကို ဖြတ်၍ နောက်ဘက် ရိုးရိုးတန်းသို့ သွားသည်။ ခုံလွတ်တွေ အတော်များသည်။

လေယာဉ်ခရီးသည် နေရာချထားရေး တာဝန်ခံက ခရစ္စအား ဆေးလိပ်သောက်ခွင့်မပြုသည့် အခန်းကို ယူမလားဟု မေးခဲ့သည်။

ခရစ္စက ဆေးလိပ်လုံးဝမသောက်တတ်။ သို့သော် ဆေးလိပ်သောက်ခွင့်ပြုသည့်အခန်းမှာ လေယာဉ်နောက်ပိုင်းတွင် ရှိသောကြောင့် သူက နောက်ဘက် အကျဆုံး ထိုင်ခုံကို ရွေးချယ်ခဲ့သည်။ လေယာဉ်ပေါ် ပါသော ခရီးသည်များ၊ မင်းလမ်းနှင့် ထံခါးပေါက်တို့ကို သူ မျက်ခြည်မပြတ်စောင့်ကြည့်နိုင်ဖို့ လိုအပ်သည်မဟုတ်လား။

သူ့ခုံမှာ အိမ်သာအနီး၌ရှိပြီး လူဝကြီးတစ်ဦးနှင့် အဘွားကြီးတစ်ဦးတို့



www.burmeseclassic.com

www.burmeseclassic.com



၏ အလယ်တွင်ဖြစ်သည်၊ ခရစ္စက မိမိထိုင်ခုံ၌ ဝင်ထိုင်လိုက်၏။ ထို့နောက် ဇိတ်ကို ရှေ့ခုံ၏ အောက်သို့ ထိုးထည့်၍ ခါးပတ်ပတ်ကာ မင်းလမ်းကို ဝေး ကြည့်နေလိုက်သည်။

ခရစ္စအနေနှင့် အဆိုးဆုံးအခြေအနေကို စဉ်းစားဖို့လိုသည်။ မာလင်နော့ဗ်ကိုယ်ပေါ်မှ ဆေးထိုးအပ်ရာလေးကို တွေ့ရှိရသဖြင့် မိမိအား တွေ့ရာသချိုင်း မားမဆိုင်းလိုက်ဖို့ ကမ္ဘာတစ်ဝန်းရှိ ထောက်လှမ်းရေး အဖွဲ့အစည်းအားလုံးသို့ နှိုးဆော်လိုက်သေပြီလား။

သွားဆရာဝန်ကိုရှာဖို့ မိမိရည်ရွယ်ချက်က အပြောင်းအလဲမရှိသော်လည်း၊ ဖာသာဂျာနင် ညွှန်လိုက်မည့်သူဆီသို့ သွားလို့ မဖြစ်ပေ။ ဇင်းပေးသော လိပ်စာမှာ ဂွါတီမာလာနိုင်ငံ၌ ဖြစ်သည်။ သို့သော် ဇင်းသည် ကေဂျီဘီမှ စစ်ဆေးရေး အရာရှိများအား မိမိဘယ်သွားမည်ဖြစ်ကြောင်း ဖွင့်ပြောပြီး လောက်ပြီ။ ထိုအခါ ကေဂျီဘီ အရာရှိများသည် ဂွါတီမာလာရှိ အေးဂျင့်များအား မိမိရောက်အလာကို စောင့်ကြည့်ခိုင်းထားမည်။

ထို့ကြောင့် မိမိ အခြားတစ်နိုင်ငံကို ရွေးချယ်ရမည်။ မိမိ၏ အဆက်အသွယ်များကို အသုံးပြု၍ ယုံကြည်စိတ်ချရသော သွားဆရာဝန်တစ်ဦးကို ရှာပြီး ခြေရာဖျောက်လို့ ရနိုင်မည့်နိုင်ငံမျိုးဖြစ်ဖို့လိုသည်။

မက္ကဆီကိုနိုင်ငံက သိပ်မဆိုးလှ။ သို့သော် ဗန်ကောက်နှင့် စင်္ကာပူ နိုင်ငံတို့မှ ထွက်ခွာစဉ်က လေယာဉ်ခရီးက နှောင့်နှေးကြန့်ကြာခဲ့သေးသည်။ ဟိုနိုလူလူကျွန်းသို့ မိနစ်လေးဆယ် နောက်ကျပြီး လေယာဉ်ဆိုက်ခဲ့သည်။ မက္ကဆီကိုစီးတီးသို့ ပထမလေယာဉ် မမီလိုက်သဖြင့် ယခု လေယာဉ်နှင့် လိုက်ခဲ့ရခြင်းဖြစ်၏။

အစတုန်းကတော့ ဆယ့်နှစ်နာရီ အသာစီးရဖို့ မျှော်လင့်ခဲ့သည်။ ယခု ရုရှကြီးကိုသတ်ပြီး ဆယ့်ခြောက်နာရီကြာရှိသွားခဲ့လေပြီ။

သူစိတ်တင်းကျပ်စွာဖြင့် စောင့်နေခဲ့၏။

ဗန်ကောက်မှာ ယခု ညမိုးချုပ်ပြီ။ သို့သော် အရှေ့ဘက် မိုင် ၈၀၀၀ အကွာရှိ ဟိုနိုလူလူကျွန်းတွင် မနက်မိုးလင်းနေပြီ။

လေယာဉ်ပြူတင်းပေါက်များမှ နေရောင်ခြည်ဝင်လာသည်။

လေယာဉ်၏ လေအေးစက်များမှ တရှဲရှဲမြည်သံကို နားထောင်ရင်းသူ ခွေးပြန်နေသည်။ လေယာဉ် အင်ဂျင်စက်ကြီးများ၏ တုန်ခါသံများသည် လေယာဉ်၏ ကိုယ်ထည်မှ တစ်ဆင့်ပျံ့နှံ့ရိုက်ခတ်လာသည်။

ခရစ္စအောက်တည့်တည့် လေယာဉ်ကုန်တင်ခန်းတံခါး ဗိန်းခန်





ဆောင့်ပိတ်သံကြားရသည်။ နောက်ဆုံးပိတ် တန်ဆာပစ္စည်းကို ကမန်းကတန်း တင်ပေးလိုက်ခြင်းဖြစ်မည်။ ကုန်တင်ယာဉ်ငယ်နှစ်စီး လေယာဉ်နားမှ မောင်း ထွက်သွားသည်ကို ခရစ္စပြူတင်းပေါက်မှ မြင်လိုက်ရသည်။

မင်းလမ်းတစ်လျှောက် သူလှမ်းကြည့်လိုက်၏။ လေယာဉ်မယ်တစ်ဦး ကခရီးသည်ဝင်သည့် တံခါးကို အသေ ဆွဲပိတ်လိုက်သည်။

တစ်မိနစ်အကြာ၌ ဂျက်လေယာဉ်ကြီးသည် ပြေးလမ်းမပေါ်သို့ စတင်တီးလိမ့်သွားပေတော့မည်။

ခရစ္စ သက်ပြင်းရှည်ချပြီး စိတ်ကိုလျှော့လိုက်သည်။ သူ့ဗိုက်ထဲက ရှုတ်ခြည်းပူလောင်လာသဖြင့် သူ့တစ်ကိုယ်လုံးတောင့်သွားသည်။ လေယာဉ် မယ်လေးက တံခါးဖွင့်လိုက်သည်။

လူနှစ်ယောက် ဝင်လာသည်။

လေယာဉ်မယ်က တံခါးပြန်ပိတ်စဉ် ထိုလူနှစ်ယောက် မင်းလမ်း အတိုင်း လျှောက်လာကြသည်။

ခရစ္စက ဇင်းတို့ နှစ်ယောက်ကို အကဲခတ်နေသည်။ အသက် နှစ်ဆယ်ကျော်အစိတ်ဝင်းကျင်။ ကိုယ်လုံးကိုယ်ပေါက်က ကျစ်လျစ်သွယ်လျ သည်။ ရှပ်အင်္ကျီ ဘောင်းဘီများမှာ အရောင်ခပ်မှိုင်းမှိုင်း။

သူတို့က တခြားခရီးသည်များကို တစ်ချက်မျှမကြည့်ဘဲ လေယာဉ် လက်မှတ်များကိုင်လျက် ထိုင်ခုံ လိုက်ရှာနေကြသည်။ သူတို့ နှစ်ဦး ခရစ္စ၏ ရှေ့ဘက် ထိုင်ခုံတန်းဆယ်တန်းအကွာ၌ လူခွဲသွားသည်။

ခရစ္စသည် ဤလေယာဉ်၌ နောက်ဆုံးခရီးသည် ဖြစ်လိုသောကြောင့် အချိန်ဆွဲပြီး လေယာဉ်ထွက်ခါနီးမှ ကပ်ပြီး လက်မှတ်ဝယ်ခဲ့သည်။ နောက်ပိုင်း မှထိုင်ကာ မိမိ၏နောက်မှ လေယာဉ်ပေါ်တက်လာသည့် ခရီးသည်မှန်သမျှကို စောင့်ကြည့်ဖို့ ကြံစည်ထား၏။

ယခုလူရွယ်နှစ်ယောက် ဇင်းတို့ခုံများ၌ဝင်ထိုင်ရန် ကိုယ်တစောင်း လှည့်လိုက်စဉ် ခရစ္စက ဘေးခုံမှလူဝကြီးရှေ့ ကန့်လန့်ဖြတ်ခါးကိုင်းထားကာ မင်းလမ်းဆီ ချောင်းကြည့်လိုက်သည်။ ဇင်းတို့၏ ဖိနပ်များကို သတိထားကြည့် သောအခါ လက်နက်အဖြစ် အသုံးပြု၍ရသော ဖိနပ်မျိုးစီးမထားကြောင်း တွေ့ ရသည်။ ကရာတေးပညာနှင့် ပတ်သက်၍ အယူများတစ်ခုရှိသည်။ ကရာတေး တတ်သော အေးဂျင့်များသည် ခြေနင့်ကန်တတ်သည်တဲ့။ ခြေနင့်ကန်တာ နေ လွန်းသည်။ ထို့ကြောင့် ပို၍ အရေးပါမည့် လက္ခဏာတစ်ခုကို ခရစ္စလိုက်ရှာ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအမျိုးသားနှစ်ယောက်စလုံး ခြေကျင်းဝတ်တို ဖုံးအုပ်ထားသည့် နောက်ခံပြားမြင့်မြင့်ပါသည့် ရှူးဖိနပ်များ စီးထားကြသည်။ ဤဖိနပ်စီးထားခြင်းအားဖြင့် အပြေးအလွှား အသက်အပုတ်လုပ်သည့်အခါ မတော်တဆချော်မလဲနိုင်။ ခရစ္စလည်း ထိုဖိနပ်မျိုးစီးထား၏။

မိမိကို ရှာတွေ့သွားကြပြီ။ ဘယ်သူတွေလဲတော့မသိ။ ရုရှတွေလား။ အင်္ဂလိပ်တွေလား။ ပြင်သစ်တွေလား။ သို့မဟုတ် စီအိုင်အေလည်းဖြစ်နိုင်သည်။

ယခုအခိုက်အတန့်၌ တစ်စုံတစ်ယောက်သည် မက္ကဆီကိုစီးတီးသို့ အရေးတကြီး တယ်လီဖုန်းဆက်နေလောက်ပြီ။ မက္ကဆီကိုသို့ လေယဉ်ဆိုက်သည်နှင့် မိမိအား သုတ်သင်ရေးအဖွဲ့တစ်ဖွဲ့၊ သို့မဟုတ် အဖွဲ့ပေါင်းများစွာက စောင့်ကြိုနေလိမ့်မည်။

လေယာဉ်ပျံက စတင်ရွေ့လျားပြီး လေဆိပ်အဆောင်နားမှ ထွက်ခွာစပြုပြီ။ အင်ဂျင်စက်သံကြီးများက ကျယ်သည်ထက်ကျယ်လာသည်။

လေယာဉ်ခန်းထဲ၌ ခေါင်းလောင်းသံလေးမြည်ပြီး လေ ယာဉ်မယ်တစ်ယောက်က မင်းလမ်းအတိုင်းလျှောက်လာကာ ခရီးသည်များ ထိုင်ခုံခါးပတ်ပတ်ထားခြင်းရှိမရှိ လိုက်စစ်ဆေးသည်။

ခရစ္စက ထိုင်ခုံလက်တန်းကိုဆုပ်ကာ တံတွေးမြိုချပြီး ဘေးမှ အဘွားကြီးဘက်လှည့်၍

"တစ်ဆိတ်လောက်ခင်ဗျာ၊ အဒေါ့်မှာ စက္ကူလက်သုတ်ပဝါလေးများ ပါသလား"

အဘွားကြီးက မျက်နှာပုပ်စွာဖြင့် လက်ကိုင်အိတ်ထဲမှ စက္ကူလက်သုတ်ပဝါစလေး အတော်များများ ထုတ်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ခရစ္စက ယင်းစက္ကူများကို ဆုတ်ဖြဲ၍ နားထဲသို့ လုံးထွေးထည့်လိုက်သည်။ အဘွားကြီးက သူ့ကို တအံ့တဩကြည့်နေသည်။

လေယာဉ်အတွင်းမှ အသံများ ဗလုံးဗထွေးဖြစ်သွားသည်။ မင်းလမ်းထိပ်တွင် လူရွယ်နှစ်ယောက်စကားပြောနေကြသည်။ ၎င်းတို့ နှုတ်ခမ်းများလှုပ်နေသော်လည်း စကားလုံးများကိုတော့ ခရစ္စမကြားရ။

လေယာဉ်ပျံ ရပ်သွား၏။

လေယာဉ်အရှိန်ယူပြေးတက်မည့် ပြေးလမ်းကို ပြတင်းပေါက်မှ လှမ်းမြင်နေရသည်။ လေယာဉ်တစ်စင်း မြင်ကွင်းထဲမှ ရွှတ်ခနဲ ပျောက်သွားပြီး ၎င်း၏အစား နောက်လေယာဉ်တစ်စင်း ဝင်လာသည်။





မိမိတို့ လေယာဉ်ရှေ့တွင် အခြားလေယာဉ်နှစ်စင်းသာရှိသည်။

ခရစ္စ မျက်လုံးမှိတ်လိုက်၏။ လေယာဉ်နှင့်အတူ တစ်ကိုယ်လုံးတုန်ခါနေသည်။ သူ့ရင်ဘတ် တင်းကျပ်လာ၏။

ဂျက်လေယာဉ်ကြီး ရှေ့တိုးသွားပြန်သည်။ ခရစ္စမျက်လုံးဖွင့်လိုက်သောအခါ ပြေးလမ်းနှင့် မိမိတို့လေယာဉ်အကြား၌ အခြားလေယာဉ်ပျံတစ်စင်းသာရှိတော့ကြောင်းတွေ့ရသည်။

သူက ထိုင်ခုံခါးပတ်ကို ဆတ်ခနဲ ဆွဲဖြုတ်ပစ်လိုက်သည်။ ဘေးမှ လူဝကြီးကိုကျော်ကာ မင်းလမ်းထဲသို့ ကမန်းကတန်းထွက်သည်။

လေယာဉ်မယ်တစ်ယောက်က သူ့ကို ဖမ်းဆွဲသည်။

"ကိုယ့်နေရာကိုယ် ထိုင်နေပါရှင့်၊ ထိုင်ခုံခါးပတ်ပတ်ထားပါ"

သူက သူမအား တွန်းထုတ်ပစ်လိုက်သည်။ ခရီးသည်များ သူ့ကို အလန့်တကြားလှည့်ကြည့်ကြသည်။

အော်သံတစ်ခု ခပ်အုပ်အုပ်ကြားလိုက်ရသည်။

ရှေ့ပိုင်းမှ လူရွယ်နှစ်ယောက် သူ့ကို တအံ့အဩလှည့်ကြည့်ပြီး တစ်ယောက်က ကုန်းရုန်းထသည်။

ခရစ္စက အရေးပေါ် ထွက်ပေါက်တံခါးကို ဆွဲဖွင့်သည်။ တံခါးပွင့်ပွင့်ခြင်း လေတွေတိုးဝင်လာသည်။ လေယာဉ်ဂျက်အင်ဂျင်သံကြီးများ၏ တုန်ခါမှုက သူ့ခန္ဓာကိုယ်အတွင်းထဲသို့ ပို၍ ပြင်းထန်နက်ရှိုင်းစွာ ဝင်ရောက်လာကြသည်။

လေယာဉ်က ပြေးလမ်းဆီသို့သွားနေသည်။ သူ့ကို လေယာဉ်မယ်လေးက ဖမ်းဆွဲမည်အပြု သူက တံခါးဘောင်အောက်နှုတ်ခမ်းကို ဆုပ်ကိုင်ပြီး ဗလဟာနယ်ထဲသို့ ခုန်ချလိုက်သည်။ သူတွဲလောင်းခိုရင်း လေယာဉ်ထဲသို့ လှမ်းကြည့်သည်။ ထိတ်ထိတ်ပျာပျာဖြစ်နေသော ခရီးသည်များနှင့် သူ့ဆီပြေးလာနေသော လူသတ်သမားတို့ကို မြင်ရ၏။

ခရစ္စသည် ရွေ့လျားနေသော လေယာဉ်ပျံကြီးပေါ်မှ ခုန်ချ လိုက်သည်။

ကတ္တရာလမ်းပေါ် ကျသွားပြီး လေထီးသင်တန်းမှာ သင်ကြားခဲ့သည့်အတိုင်း ဒူးကွေး၊ တံတောင်ဆစ်နှစ်ဘက်ကိုယ်ပေါ် ပူးကပ်လျက် ကိုယ်ကို လှိမ့်ချသွားသည်။

နားထဲ၌ စက္ကူများ ဆို့ထားသော်လည်း လေယာဉ်အင်ဂျင်စက်သံများက စူးရှကျယ်လောင်စွာ တိုးဝင်လာကြသည်။ လေယာဉ်ပျံကြီး၏ အိပ်ဇောအ



www.burmeseclassic.com

www.burmeseclassic.com



ငွေ့နှင့် အာပူငွေ့က သူ့ကို ရိုက်ခတ်သွားသည်။

နောက် ဂျက်လေယာဉ်ပျံတစ်စင်း သူ့အနားသို့ရောက်လာသည်။

သူ ထပြေးသွားသည်။

◆

( ၁၂ )

အခန်းက ကျယ်ဝန်းကြီးမားလှသည်။ သန့်ပြန့်သည်။ အပူချိန်ကို လိုသလို အလျှော့အတင်း လုပ်နိုင်သည်။ နံရံများတစ်လျှောက် ကွန်ပျူတာများ တန်းစီနေသည်။ မီးချောင်းများ ထိန်လင်းစွာ ထွန်းထားသည်။

အာရုံစူးစိုက်မှုကြောင့် အဲလီယော့ နဖူးကြောများ တွန့်ရှုံ့နေသည်။

"လေယာဉ်ခရီးသည်တွေကို စစ်ဆေးစမ်းကွာ"

အဲလီယော့က စာရေးကို ပြောလိုက်သည်။

"ဘယ်မြို့လဲ"

"ဗန်ကောက်က ထွက်ခွာတဲ့သူတွေကို စစ်ကြည့်၊ လွန်ခဲ့တဲ့ ဆယ့်ခြောက်နာရီအတွင်းပေါ့ကွာ"

စီအိုင်အေမှစာရေးက ခေါင်းညိတ်၍ ကွန်ပျူတာ ခလုတ်များကို နှိပ်လိုက်သည်။

အဲလီယော့က စီးကရက်တစ်လိပ် မီးထပ်ညှိသည်။ ကွန်ပျူတာပုံနှိပ်စက်ငယ်မှ စာလုံးများ ရိုက်နှိပ်သံ တချောက်ချောက်မြည်နေ၏။

ခရစ္စတစ်ယောက် ထိုင်းနိုင်ငံမှာပဲ ပုန်းချင်လည်း ပုန်းနေဆဲဖြစ်မည်။ သို့သော် အဲလီယော့ သံသယဖြစ်မိ၏။ မိမိ၏တပည့်များအား အလုပ်တစ်ခုပြီးသည်နှင့် အန္တရာယ် ဇုန်နယ်မြေအတွင်းမှ အမြန်ဆုံးထွက်ခွာဖို့ သင်ပေးထားသည်။

မာလင်နော့ဗ် အလောင်းကိုမတွေ့ခင် ခရစ္စက အချိန်တွေအများကြီး အသာစီးရယူထားလိုဟန်တူသည်။ နာမည်အတုတစ်ခုနှင့် ပတ်စ်ပို့အတုတစ်ခုကို သူအသုံးပြုလိမ့်မည်။ သို့သော် စာရွက်စာတမ်း အတုပြုလုပ်သူများမှာ သိပ်စိတ်မချရ။ ထို့ကြောင့် အဲလီယော့ ကြိုတင်ထုတ်ပေးထားသော ပတ်စ်ပို့တစ်ခုကို သုံးဖွယ်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



စာရွက် တစ်ထပ်ကြီးပိုက်လျက် စာရေးပြန်လာသောအခါ အဲလိယော့သည် ကောင်တာပေါ် ကုန်း၍ စာရင်းကို လက်ညှိုးထောက်ကာ စစ်ဆေးလိုက်သည်။ ဗန်ကောက်မှ စင်္ကာပူသို့ သွားမည့် ယူနိုက်တက်လေကြောင်းမှ လေယာဉ်ခရီးသည်နာမည်စာရင်းတွင် ခရစ္စ၏ နာမည်တုတစ်ခုကို တွေ့သောအခါ သူစိတ်တက်ကြွစွာဖြင့် ကိုယ်ကို ပြန်မတ်လိုက်သည်။

"ပြီးခဲ့တဲ့ ဆယ့်သုံးနာရီအတွင်း စင်္ကာပူကထွက်တဲ့ လေယာဉ်ခရီးသည်စာရင်း လိုချင်တယ်"

သူက စာရေးကို ပြောပြီး ထပ်မံစောင့်ဆိုင်းပြန်သည်။

စာရေးက ဒုတိယစာရင်းကို ယူလာသောအခါ အဲလိယော့က စီးကရက်တစ်လိပ် မီးညှိ၍ အာရုံစိုက်စစ်ဆေးသည်။

ခရစ္စသည် မူလ ပတ်စ်ပို့ကိုသာ ဆက်သုံးလိမ့်မည်။ သူ့လက်ဆွဲတန်ဆာများထဲတွင် နာမည် အမျိုးမျိုးနှင့် ပတ်စ်ပို့အတုများကို အကောက်ခွန်အရာရှိများ တွေ့ရှိမည့်အဖြစ်ကို ၄င်းရင်ဆိုင်ရဲမည်မဟုတ်ချေ။

အဲလိယော့ သက်ပြင်းမှုတ်ထုတ်လိုက်သည်။

ဟော တွေ့ပြီ။ စင်္ကာပူမှ ဟိုနိုလူလူသို့ သွားသော ထရန်စ်ဝေါလ်လေကြောင်းကုမ္ပဏီပိုင် လေယာဉ်ပေါ်၌ သူ့နာမည် ပါလာပြန်သည်။

"လွန်ခဲ့တဲ့ ငါးနာရီအတွင်း ဟိုနိုလူလူက ထွက်ခွာတဲ့ လေယာဉ်ခရီးသည်စာရင်းကို ရှာပေးပါဦး"

အဲလိယော့က စာရေးကို တောင်းဆိုလိုက်၏။

စာရေးထံမှ တတိယ စာရင်းကို လက်ခံယူစဉ် ကွန်ပျူတာ အခန်းတံခါး ရွှီးခနဲမြည်လျက် ပိတ်သွားသံကို အဲလိယော့ ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ သူ့ထံလျှောက်လာနေသော လက်ထောက်ကို တွေ့ရလေသည်။

၄င်း လက်ထောက်အရာရှိသည် ၁၉၇၀ ခုနှစ်တွင် ယေးလ်တက္ကသိုလ်မှ ဘွဲ့ရခဲ့သူဖြစ်ပြီး အဲလိယော့ကဲ့သို့ပင် သားသားနားနား ဝတ်ဆင်ထားသည်။

"အမ်အိုင် ၆ က ဖုန်းဆက်တယ်၊ ရီးမတ်ကို ဟိုနိုလူလူ လေဆိပ်မှာ ရှာတွေ့သွားပြီးထင်တယ်လို့ ပြောတယ်"

အဲလိယော့က နာမည်စာရင်းအသစ်ကို ပြန်ငုံ့ကြည့်လိုက်သည်။ ဟာဝေယံ လေကြောင်းကုမ္ပဏီ၏ လေယာဉ်ခရီးသည် စာရင်းတွင် ခရစ္စနာမည်အတုကို ရှာတွေ့သွား၏။

"သူ မက္ကဆီကိုစီးတီးကိုသွားပြီ"

"ဟင့်အင်း၊ လေယာဉ်ပျံပေါ် တက်လိုက်လာတဲ့ သူ့အထိန်းတော်ကို





တွေ့သွားပုံရတယ်၊ လေယာဉ်ပျံတက်ခါနီး သူ့အရေးပေါ် အပေါက်က ခုန်ချခဲ့တယ်"

လက်ထောက်အရာရှိက ပြောသည်။

"ပြေးလမ်းပေါ် မှာလား"

အဲလိယော့ကမေးရာ ၄င်းက ခေါင်းညိတ်ပြသည်။

"ကောင်းကွာ"

"စောင့်ကြည့်အဖွဲ့က သူ့ကို ဖမ်းမမိလိုက်ဘူး"

"ဖမ်းမိသွားရင်တော့ ငါ အံ့ဩမှာ အမှန်ပဲကွ၊ သူက အတော်ဆုံးတစ်ယောက်ပဲ၊ ငါပဲသင်ပေးထားတာ၊ ဒီတော့ သူ အခု ဟိုနိုလူလူမှာ ပြေးနေရပြီပေါ့၊ စဉ်းစားရမှာက တကယ်လို့ ငါသာ ရီးမတ်ဖြစ်ခဲ့ရင် အခု ဘာလုပ်မလဲ၊ ကျွန်းဆိုတာမျိုးဟာ ပုန်းလို့အောင်းလို့ သိပ်ကောင်းတာမဟုတ်ဘူး၊ အဲဒီက အမြန်ဆုံးလစ်သင့်တယ်"

"ဘယ်လို လစ်မလဲ၊ ဘယ်ကိုသွားမလဲ၊ သူမသွားမယ့်နေရာတော့ ကျွန်တော်တို့သိထားတယ်၊ ဂွာတီမာလာ၊ ဒါမှမဟုတ် မက္ကဆီကို ကိုသွားရင် သူမိုက်တာပဲ၊ အဲဒီမှာ ကျွန်တော်တို့ လူတွေ စောင့်နေမှန်း သူသိမှာပါ"

"ဒါမှ မဟုတ်လဲ အဲဒီနိုင်ငံတွေက သိပ်ထင်ပေါ် လွန်းလို့ ငါတို့ စောင့်မနေဘူးလို့ သူတွက်ချင်တွက်မယ်၊ အပြန်ပြန်အလှန်လှန် စစ်ဆေးတာ အကောင်းဆုံးပဲ၊ သိပ်စိတ်လှုပ်ရှားစရာကောင်းတဲ့ ပုစ္ဆာတစ်ပုဒ်ကွ။ ခရစ္စနေရာမှာ ငါရောက်နေရင် ဟာဝိုင်ယီကျွန်းကနေ ဘယ်လို ထွက်ခွာမလဲ၊ ဆရာက တပည့်ဘာလုပ်မယ်ဆိုတာ ကြိုတွက်တတ်ရမယ်"

သို့ဆိုလျှင် မိမိဘာကြောင့် ဆောလ်အကြံအစည်ကို ကြိုတင်မှန်းဆ၍ မရနိုင်ခဲ့ပါလိမ့်ဟု တွေးရင်း အဲလိယော့အပြုံးမှာ အားပျော့ ကွယ်ပျောက်သွားလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၃ )

အက်လန္တာတြင္ အဇာလီယာပန္းတို႔ ပြင့္လန္းေနၾကၿပီ။ သို႔ေသာ္ ေဆာလ္သည္ အက်လန္တာၿမိဳ႕သို႔ ဦးတည္သြားေနစဥ္ မီမီထရပ္ကား ေရွ႕မီးေရာင္ေအာက္မွ ရိပ္ခနဲမွ်သာ ျမင္လိုက္ရေလသည္။ သူ႔ရင္ဘတ္ ၾကည္ဆန္ဒဏ္ရာက တဒုတ္ဒုတ္ႏွင့္ ကိုက္ေနေသးေသာ္လည္း ေသြးတိတ္သြားၿပီ။ အဖ်ားကမက်ေသး။

"ကဲ၊ ခင္ဗ်ား ဒီမွာဆင္းခဲ့ေတာ့၊ က်ဳပ္ဂိတ္ဆုံးဖို႔ တစ္မိုင္လိုေသးတယ္။ ခင္ဗ်ားကို လူျမင္မခံေစခ်င္ဘူး၊ က်ဳပ္ေျပာထားတယ္၊ ခနီးသည္တင္ရင္ က်ဳပ္အလုပ္ျပဳတ္လိမ့္မယ္"

ဒရိုင္ဘာက တံတားတစ္ခု၌ ကားကို ဘရိတ္အုပ္ရပ္ရင္းေျပာလိုက္သည္။

"ဒီေလာက္ဆိုရပါၿပီ၊ ေက်းဇူးပါပဲ"

ေဆာလ္က တံခါးဖြင့္ရင္းေျပာသည္။

ဒရိုင္ဘာက ေခါင္းခါၿပီး

"ဘယ္ဟုတ္မလဲ၊ ခင္းဗ်ားတစ္ခုေမ့ေနတယ္"

ေဆာလ္က မ်က္ေမွာင္ကုတ္၍ ကတ္တရာလမ္းေပၚ ေျခခ်လိုက္သည္။

"မေမ့ပါဘူးဗ်ာ"

"စဥ္းစားပါဦး၊ ခင္ဗ်ားပိုက္ဆံတစ္ဝက္ေပးဖို႔ က်န္ေသးတယ္ေလ၊ ေပါ္လာႏွစ္ရာေပးရဦးမယ္"

ေဆာလ္က ေခါင္းညိတ္လိုက္သည္။ ကိုယ့္အပူႏွင့္ကိုယ္မို႔ ဒရိုင္ဘာႏွင့္ သေဘာတူခဲ့သည့္ကိစၥကို သူေမ့သြားျခင္းျဖစ္၏။ ထိုကိစၥက သိပ္မေရးမႀကီးသလို ျဖစ္ေနသည္။

ဒရိုင္ဘာက ထိုင္ခုံေအာက္သို႔ လက္ႏိႈက္လိုက္သည္။





"မပူပါနဲ႔ဗ်ာ"

ေဆာလ္က ေျပာသည္။ တကယ္ေတာ့ လက္ထဲရွိသမွ် ေငြအားလုံးကို မီမီလိုအပ္၏။ သို႔ေသာ္ ဒရိုင္ဘာအေပၚ ကတိမပ်က္ခ်င္။ ပခုံးတစ္ခ်က္တြန္႔ကာ ေဒၚလာႏွစ္ရာ ကမ္းေပးလိုက္သည္။

"ခင္ဗ်ား မိန္းမကို သားေမြးအက်ႌတစ္ထည္ ဝယ္ေပးလိုက္"

ေဆာလ္ကေျပာသည္။

"ဟုတ္ပ၊ ၿပီးေတာ့ က်ဳပ္က အငတ္ခံေနရမွာလား"

ဒရိုင္ဘာက ၿပဳံးၿဖီးၿဖီးေျပာရင္း ေငြစကၠဴမ်ားကို အိတ္ထဲ ထည့္လိုက္သည္။

ထရပ္ကားႀကီး၏ ေလဘရိတ္မ်ား ရွဴးခနဲ ျမည္သြားၿပီး ပလက္ေဖာင္းေဘးမွ ထြက္ခြာသြားသည္။

ေဆာလ္က တံတားေအာက္ အေမွာင္ထုအတြင္း၌ မတ္တတ္ ရပ္လ်က္ တျဖည္းျဖည္း ေဝးသြားေသာ ထရပ္ကား၏ ေနာက္မီးလုံးမ်ားကို ေငးၾကည့္ေနမိသည္။ တံတားေပၚမွ ျဖတ္သန္းသြားေသာ ေမာ္ေတာ္ကားသံမ်ားကို ၾကားေနရ၏။ ေမွာင္ရိပ္လႊမ္းသည့္ ကားလမ္းမအတိုင္း သူ စတင္ေလွ်ာက္သြားသည္။

အက်လန္တာသို႔ ေနာက္ဆုံးတစ္ေခါက္ေရာက္ခဲ့စဥ္က မီမီအသုံးလိုလွ်င္သုံးဖို႔ ဟိုတယ္အေတာ္မ်ားမ်ားကို ႀကိဳတင္စစ္ေဆးထားခဲ့ဖူးသည္။

ဒဏ္ရာကို စစ္ေဆးဖို႔ လိုအပ္ေနသည္။ ေရလည္း ခ်ိဳးခ်င္သည္။ အဝတ္အစားေတြလဲရမည္။ ေညႇသည္ေတြ အဆင့္အတန္းကို အေလးထားသည့္ ဟိုတယ္မ်ိဳးမွာ ဝင္တည္းလို႔မျဖစ္။

ပီခ်္ထရီလမ္းကဲ့သို႔ အထက္တန္းက်ေသာ ေနရာမ်ိဳးႏွင့္ ေဝးေဝးသြားတည္းရမည္။ မီမီသြားသင့္သည့္ေနရာကို ေဆာလ္ေရြးလို႔ ရသြားသည္။

အေဝးမွ ရထားဥၾသဆြဲသံကို ၾကားရသည္။ ေဘးႏွစ္ဖက္၌ တိုက္ေဟာင္းႀကီးမ်ား ဝန္းရံထား၏။ သူ ခါးကိုင္းထားၿပီး ရင္ဘတ္ဒဏ္ရာ အနာသက္သာေအာင္ လုပ္ရသည္။ ဖ်ားေနေသာ္လည္း သူ႔ေသာတအာ႐ုံက ခၽြတ္ယြင္းမႈမရွိေသး။

ေသြးရြဲေနေသာ အဝတ္အစားႏွင့္ ဒယီးဒယိုင္၊ ကုန္းကုန္းကြကြသြားေနရေသာ သူ႔ပုံစံက အခ်ဥ္တစ္ေကာင္ ပုံစံေပါက္ေနသည္။

ေမွာင္ထဲ၌ သူတို႔က သူ႔ကို ဝန္းရံလိုက္၏။ သူတို႔က ေလးေယာက္။ မီးေလာင္ပ်က္စီးေနေသာ ထိုက္ပ်က္ႀကီးအလြန္ ကြက္လပ္ထဲတြင္ျဖစ္၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုမြင်တော့ လွန်ခဲ့သော နှစ်ပေါင်းများစွာက မိဘမဲ့ကလေးများဂေဟာ၌ ခရစ္စနှင့် မိမိတို့အား ဝိုင်းရိုက်ခဲ့သည့် အုပ်စုကို ပြေးသတိရမိသည်။

"မင်းတို့နဲ့ကစားဖို့ ငါစိတ်မပါဘူး"

သူကပြောလိုက်ရာ အရပ်အမြင့်ဆုံး ကောင်လေးက ပြုံးလိုက်သည်။

"ငါပြောနေတယ်နော်"

"ကျွန်တော်တို့ ခင်ဗျားကို ဘာမှမလုပ်ဘူး။ ခင်ဗျားပိုက်ဆံပဲ လိုချင်တယ်၊ ကတိပေးပါတယ်ဗျာ၊ ဟဲဟဲ"

အခြားကောင်လေးများက ဝိုင်းဟားကြ၏။

"တကယ်လား၊ မင်းတို့နောက်ဆုတ်"

သူတို့က တခစ်ခစ်ရယ်ရင်း သူ့ကို ဝိုင်းလာကြသည်။

"ပိုက်ဆံမရှိလို့ဗျ"

အရပ်မြင့်မြင့်ကောင်လေးက ထပ်ပြောသည်။

"ဒီပြင်လူဆီ သွားတောင်း"

"ဒီနားမှာ ဘယ်သူမှမရှိဘူး၊ ခင်ဗျား ဘယ်သူတွေ့လို့လဲ"

ကောင်လေးက မောင်းချဓားကို ခလုတ်နှိပ်လိုက်သည်။

"မင်းညှို့သေးတယ်၊ ဓားကိုပြောင်းပြန်မကိုင်ရဘူးကွ"

ကောင်လေး မျက်မှောင်ကုတ်သွား၏။

သူက သူ့အဖော်များကို ဖျတ်ခနဲ ကြည့်ပြီး ဆောလ်အား ဓားနှင့် ပြေးထိုးသည်။

ဆောလ် လက်ချက်ဖြင့် သူတို့လေးယောက် လမ်းမပေါ် အတုံး အရုံး မှောက်သွား၏။

"ငါပြောသားပဲ၊ မင်းတို့လူမှားနေပြီလို့"

သူထွက်သွားမည်အပြု သတိရ၍ သူတို့ကိုယ်ပေါ် လိုက်စမ်းရာ ဒေါ်လာ ခုနစ်ဆယ်ရသွားသည်။

◆

( ၁၄ )

"အဲဒီထိုင်ခုံမအားဘူး၊ လူရှိတယ်"

ဘားကောင်တာပေါ်ရှိ ဘီယာ ဖန်ခွက်ကို မေးရိုးလေးထောင့်နှင့် လူကြီးက လက်ညှိုးထိုး၍ အာလုပ်သံကြီးနှင့် ပြောလိုက်သည်။ ထိုဖန်ခွက်ရှေ့ ခွေးခြေရှည်တစ်လုံးမှာ လွတ်နေသည်။ ခရစ္စက ပခုံးတွန့်ပြီး ထိုင်ချတာ ဆိုင်ထဲ၌ ဖွင့်ထားသော ဓာတ်ပြားသီချင်းကို လက်ချောင်းလေးများ တဖောက်ဖောက်ခေါက်ကာ စည်းချက်လိုက်နေသည်။

ဇာတ်ခုံပေါ်တွင် ကချေသည်မလေးတစ်ယောက်သည် အနောက်ပိုင်းကျေးလက်သီချင်းနှင့် ကလျက်ရှိသည်။

မေးရိုးလေးထောင့်နှင့်လူသည် အရောင်မှေးမှိန်ဖျော့တော့သည့် ဂျင်းန်ဘောင်းဘီနှင့် ပန်းပွင့်ရိုက် ရှပ်အင်္ကျီကို အပြင်ထုတ်ဝတ်ထားသည်။ သူက စီးကရက်ကို မီးသတ်ပြီး မတ်တတ်ထကာ ခရစ္စကို ဘုကြည့် ကြည့်လိုက်သည်။

"မင်း ဒီခုံမှာ သိပ်ထိုင်ချင်တယ်ပေါ့ ဟုတ်လား၊ မင်းကို အဲဒီခုံနဲ့ ခေါင်းရိုက်ခွဲလိုက်ရမလား၊ ပြော"

"ခင်ဗျား ဆိုင်ဂုံမှာတုန်းက အဲဒီလိုလုပ်ခဲ့သေးတယ်၊ ဒါပေမယ့် အကြံမအောင်ဘူး"

"အေး၊ အခု တို့ရောက်နေတာ ဖိုနိုလူလူကျွန်းကွ၊ မင်းကို ငါ ဆော်ထည့်လို့ရတယ်"

"ခင်ဗျား စမ်းကြည့်ဖို့ ကျွန်တော် အချိန်မပေးနိုင်ဘူး၊ ဗိုလ်ဆရာ ဟောဗီက ကျွန်တော့် မိတ်ဆွေကြီးအတွက် ဘီယာတစ်ခွက် ထပ်ပေးစမ်းပါဦး၊ ကျွန်တော့်ကိုတော့ ကိုကာကိုလာပဲ ပေးပါ"

ခရစ္စက အရက်ရောင်းသူအား တစ်ဆက်တည်း လှည့်ပြောသည်။

"မင်းအရက် မသောက်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ရိုက် အင်္ကျီနှင့်လူက မေးသည်။

"ဟင့်အင်း၊ ဒီနေ့ မသောက်ချင်ဘူး"

"အလုပ်အကိုင် မကောင်းလို့လား"

"အင်း၊ ခင်ဗျားနဲ့ အဲဒီအင်္ကျီနဲ့ အကြည့်ရဆိုးလိုက်တာ"

"ယူနီဖောင်းဝတ်နေကျဆိုတော့ မင်းမျက်စိထဲ တစ်မျိုးကြီး ဖြစ်နေမှာပေါ့၊ ငါက အပန်းဖြေခရီးထွက်တဲ့အခါ အရောင်စုံဝတ်လေ့ရှိတယ်။ မင်းအံ့ဩသွားမယ်၊ မိန်းမတွေက အဲဒါမျိုး ကြိုက်တယ်ကွ"

"ခင်ဗျားဟာ ဗိုလ်မှူးပါလို့ ပြောလိုက်ပေါ့၊ အဲဒါဆို ခင်ဗျားရှပ် အင်္ကျီထက်ပိုပြီး ခင်ဗျားကို စိတ်ဝင်စားကြမှာ"

"ဟာ အဲဒီနည်းက မမိုက်ဘူးကွ"

ရှတတအသံနှင့်လူက ဘီယာတစ်ကျိုက်မော့လိုက်သည်။

"ဘာလဲကွ၊ မင်းအခု အထူးတပ်ဖွဲ့ဝင်တွေ ကျက်စားတဲ့ အရက်ဆိုင်တွေကို လှည့် စစ်ဆေးနေတာလား"

ခရစ္စက ခေါင်းညိတ်သည်။

"သူငယ်ချင်းတွေ လိုက်ရှာနေတာလား"

ခရစ္စက ခေါင်းညိတ်သည်။

"မင်းကို အကြွေးဆပ်ရမယ့်သူရှိလား"

ခရစ္စက ပန်းတွန့်၍ တံခါးပေါက်ဘက် လှမ်းကြည့်လိုက်သည်။

"ခင်ဗျား သူများကို အတော် မယုံသင်္ကာဖြစ်တတ်ပါလား"

"မင်းတောင်းဘီ ဖူးပြနေတယ်"

"ကျွန်တော် ကာမန်းကတာန်းလာခဲ့ရတာ ဘောင်းဘီအသစ်တစ်ထည် လဲဝတ်ဖို့ အချိန်မရဘူး"

"မင်း ဒီထဲမှာ လုံခြုံတယ်၊ မင်းကို ဘယ်သူမှ ဒုက္ခမပေးဘူး၊ အထူးတပ်ဖွဲ့ဝင်တွေ အများကြီးရှိတယ်"

"အပြင်ထွက်ရင်တော့ နာပြီ၊ ကျွန်တော် ခရီးသွားမလို့၊ ဟောဒီကျွန်းကလစ်မလို့ဗျာ"

"ဘယ်ကိုသွားချင်လဲ"

"ခင်ဗျားက ကျွန်တော့်ရဲ့ ခရီးသွားလုပ်ငန်းကိုယ်စားလှယ်တာဝန်ယူပါလား၊ ဟာဝိုင်ယီကျွန်းမဟုတ်ရင်ပြီးတာပဲ"

လည်ပင်းတုတ်တုတ်နှင့်လူက ကချေသည်မလေးဆီ မျက်လုံးဝေ့ကြည့်လိုက်သည်။





"တို့ နက်ဖြန်လေယာဉ်နဲ့ သွားတာပေါ့"

"စစ်လေယာဉ်နဲ့လား"

"ဘူးမြောင်းဇုန်လေယာဉ်နဲ့ ဟုတ်ပြီလား"

"ကျွန်တော့်ကို ခေါ် သွားမှာလား"

"ရပါတယ်၊ ငါ့ကို ကျေးဇူးဆပ်စရာရှိတဲ့ ငနဲနှစ်ကောင်ရှိတယ်"

"ကျွန်တော်လဲ ခင်ဗျားကျေးဇူး မတင်းတော့ဘူး"

"ငါ ဒါတွေမှတ်မနေပါဘူးကွာ"

ခရစ္စက ရယ်သည်။

"ငါ့မှာ ပြဿနာတစ်ခုရှိတယ်"

ဗိုလ်မှူးကပြောသည်။

"ဘာများပါလိမ့်"

"ခုန ငါနဲ့အတူပါလာတဲ့ငနဲ ဒီမှာထိုင်သွားတဲ့ကောင်၊ သူပြန်ရောက်ဖို့ကောင်းပြီ ဒီကောင် အရမ်းမူးနေတယ်။ အိမ်သာထဲ မူးလဲနေပြီလား မသိဘူး"

သီချင်းတစ်ပုဒ်ပြောင်းသွားသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၅ )

ခရစ္စချွေးပြန်နေသည်။

မြေကြီးခဲများကိုဘေးသို့ ထမ်းပုံလိုက်သည်။

အပူပိုင်းသစ်တော အတွင်းတစ်နေရာ၌ သူ ရောက်ရှိနေသည်။ သူ့ပတ်ဝန်းကျင်မှာ သစ်ပင်ပန်းပင်များဖြင့် စိမ်းလန်းသာယာနေသည်။

အရောင်တောက်ပသော ငှက်ပေါင်းစုံတို့ တေးသီကျူးနေကြသည်။

သူ့နားမှာ ခြင်တွေဝဲနေသော်လည်း သူ့ကို ကိုက်ခဲခြင်းမပြုသေး။ ဖျားနာမှာတော့ သူမစိုးရိမ်ပါ။

ဗိုလ်မှူးက ပနားမားနိုင်ငံသို့အသွား ဤနေရာသို့ ခဏဝင်ပြီး သူ လိုအပ်မည့်ဆေးဝါးများ ပေးသွားခဲ့သည်။ အထူးတပ်ဖွဲ့ဝင်များသုံးနေကျ ဝမ်းချူ ဆေးတောင့်တစ်မျိုးဖြစ်ပြီး ခြင်များမခံနိုင်သည့်အနံ့တစ်မျိုးကို မိမိကိုယ်တွင်းမှ ထွက်စေသည်။ မိမိကျင်ငယ်မှာ အစိမ်းရောင်ပြောင်းသွားသဖြင့် ၎င်းဆေးမှာ အာနိသင်ပြလျက်ရှိကြောင်း ခရစ္စသိရသည်။

အပူရှိန်ပြင်းသောနေရောင်ခြည်အောက်၌ ခရစ္စတစ်ယောက်တည်း ကျင်းဆက်တူးနေသည်။ ကျင်းက အပေါက်ကျယ်သည်ထက် ကျယ်လာသည်။

ဗီယက်နမ်စစ်ပွဲမှာတုန်းက ဗီယက်ကောင်းတို့၏ လူထောင်ချောက်မျိုး ကို သူ အတုခိုး၍ လုပ်နေခြင်းဖြစ်သည်။

ခပ်နက်နက်တူးထားသည့် ဤကျင်းပေါက်ကို သွပ်ပြားဖြင့် ဖုံးပြီး အပေါ်မှမြေကြီးခဲချ၊ ဒရင်ကောက်ပင်များဖြင့် ထပ်ဖုံးပေးရမည်။ စစ်သားတစ် ယောက် တက်နင်းမိလျှင် ကျွံကျပြီး အောက်မှာစိုက်ထားသော ဝါးချွန်များ တစ်ကိုယ်လုံးစိုက်၍ ပွဲချင်းပြီးသေနိုင်သည်။

ဗီယက်ကောင်းတို့က ပန်ဂျီတုတ်များဟုခေါ်၏။ ခရစ္စသည် ယင်း ဝါးချွန်များကို သုံးမည်မဟုတ်။ သို့တစေ ကျင်းကိုတော့ မရဏအတွက် ရည်





ရွယ်ထား၏။

ဤကျင်းကို တစ်မနက်လုံးတူးခဲ့ရသည်။

ယခု အလျားခုနစ်ပေ၊ အနံသုံးပေ၊ အနက်လေးပေတူးပြီးပြီ။

သင်္ချိုင်းကျင်းတစ်ခုနှင့် အတော်တူသည်။

"နောက်နှစ်ပေ ထပ်တူးရဦးမယ်"

ခရစ္စစိတ်ထဲက ရေရွတ်ကာ နဖူးမှ ချွေးကို သုတ်၍ ဂေါ်ပြားနှင့် ဆက်တူးပြန်သည်။

ပြီးစီးသွားသောအခါ သစ်တောစပ်သို့သွားကာ လေးပေအရှည်ရှိ သောသစ်ကိုင်းလေးချောင်းကို ရှာသည်။ နဖူးချွေးကို ထပ်သုတ်ပြီး၊ ကျင်းထဲသို့ ဆင်းသည်။ နေ ချစ်ချစ်တောက်ပူနေသော်လည်း ကျင်းထဲမှာတော့ အေးနေ သည်။

ဘေးမှာချထားသော ထင်းရှူးပြားကိုလှမ်းယူသည်။ ထင်းရှူးပြား ခုနစ်ပေ၊ သုံးပေရှိပြီး လက်မဝက်ထူသည်။ ဤထင်းရှူးပြားကို သစ်တောထဲမှ ဖြတ်၍ ခဲရာခဲဆစ် ဆွဲယူလာခဲ့ရ၏။

သည်အရပ်မှာ နေထိုင်သောလူအချို့သာရှိသည်။ မိမိနောက်က လိုက်ချောင်းသူရှိမရှိ စစ်ဆေးခဲ့ပြီးပြီ။

တုတ်ချောင်း လေးချောင်းဖြင့် ထင်းရှူးချပ်၏ ထောင့်လေးထောင့်ကို ထောက်ကာ ကျင်းပေါက်ကို ဖုံးလိုက်သည်။ ပြီးတော့ သူတူးထားသည့် လိုဏ် ခေါင်းထဲမှ တိုးထွက်သွားသည်။ မြေကြီးပေါ် ပြန်ရောက်သောအခါ ထင်းရှူးပြား ပေါ်မှ မြေကြီးခဲ၊ ကျောက်ခဲ၊ သစ်ခက် သစ်ရွက်များဖြင့် ဖုံးပေးလိုက်၏။

နောက်သို့ဆုတ်ပြီး မိမိလက်ရာကို စစ်ဆေးသည်။ မိမိကျဲချထားသည့် မြေကြီးခဲများက ဘေးပတ်ဝန်းကျင်ရှိ မြေလွှာအရောင်ထက်ပိုရင့်နေသည်။ ကိစ္စ မရှိ နက်ဖြန်လောက်ဆို အရောင်အသွေးအတူတူဖြစ်သွားမည်။

ခရစ္စကျေနပ်သွား၏။ ကျောက်ခဲတစ်လုံးကို လိုဏ်ခေါင်းဝ၌ သွားချ ထားလိုက်သည်။

သူ အသင့်ဖြစ်နေပြီ။

သူ လုပ်စရာတစ်ခုသာ ကျန်သည်။

သွားဆရာဝန်ဆီ အရင်သွားသည်။ သို့သော် သွားဆရာဝန်ဆီက အပြန် မှူးနောက်နေသည့် အခြေအနေ၌ ဤနေရာသို့ ထင်းရှူးချပ်ကြီး ဆွဲလာ ပြီး ကျင်းတူးနိုင်လောက်အောင် သူ့မှာ ခွန်အား ရှိတော့မည်မထင်။

ကိစ္စဝိစ္စများကို ကျကျနန စီစဉ်ရမည်။ ပနားမားစီးတီးရှိ သွားဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထံမှ ပြန်ရောက်လာသည့်အခါ ဗိုလ်မှူးပေးခဲ့သည့် ဝမ်းချုပ်ဆေးတောင့်ကလေးများကို မိမိလိုအပ်တော့မည်မဟုတ်။

ငှက်ဖျားရောဂါကိုလည်း ကြောက်စရာမလိုတော့ပေ။

◆

( ၁၆ )

"မစ္စတာ ဘာသလိုမြူးရှင့်၊ ဆရာ့လက်ရှိလူနာကို ကုရတာ မှန်းတာထက် ပိုကြာလိမ့်မယ်၊ ရှင် နည်းနည်းပိုစောင့်ရမယ်နော်"

သူနာပြုဝတ်စုံ ဖြူဖြူဖွေးဖွေး ဝတ်ထားသည့် အသားညိုညို ပနားမားနိုင်ငံသူ ဆရာမလေးက ခရစ္စအား ပြောလိုက်သည်။

ခရစ္စက ခေါင်းညိတ်ပြသည်။

ပနားမားနိုင်ငံမှာ စပိန်နှင့် အင်္ဂလိပ်ဘာသာစကား နှစ်မျိုးလုံးသုံးသည်။ ခရစ္စသည် စပိန်ဘာသာစကားအပြင် အခြားဘာသာစကားသုံးမျိုးလည်းပြောတတ်သည်။ သို့တစေ လွန်ခဲ့သောနှစ်ရက်က သွားဆရာဝန်ထံလာတွေ့ပြီး မိမိလုပ်ချင်တာကို ပြောပြစဉ်က အင်္ဂလိပ်လိုပြောရတာ ပိုအဆင်ပြေကြောင်း သူတွေ့ခဲ့ရသည်။

"ခင်ဗျား အဲဒီလို လုပ်စရာ မလိုပါဘူးဗျာ"

ဆရာဝန်ကပြော၏။

"ခင်ဗျားနဲ့ မဆိုင်ပါဘူး၊ ခင်ဗျား ဟောဒါတွေရရင်ပြီးရော မဟုတ်လား"

ခရစ္စက ၁၈ ကာရက် ရွှေပါသော ရှိုးလက်စ် လက်ပတ်နာရီကို ဆရာဝန်အား ပေးလိုက်သည်။

"ဒီနာရီက ဒေါ်လာ လေးထောင်တန်တယ်၊ ပိုက်ဆံလဲပေးဦးမယ်၊ နောက်ပြီး ဟောဒါပါပေးမယ်၊ ခင်ဗျားအလုပ်ပြီးတဲ့အခါကျရင်ပေါ့"

ခရစ္စက အဖိုးတန်လည်ဆွဲကိုထုတ်ပြလိုက်သည်။

"တရားဥပဒေနဲ့ မလွတ်ကင်းတဲ့ကိစ္စမှာ ကျုပ် မပါပါရစေနဲ့"

"ဒီဟာ သွားဆရာဝန်တစ်ယောက်က သွားနုတ်ပေးတာ ဘာအဆန်းလဲ"

ဆရာဝန်က ပခုံးတွန့်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က လူထူးဆန်းတစ်ယောက်ပေါ့၊ ခင်ဗျားကျေပ်ကို ဟား ချင်ဟား၊ နောက်နှစ်ရက်နေရင် ကျွန်တော် ပြန်လာမယ်၊ ကျွန်တော်လာတာကို ခင်ဗျားမှတ်တမ်းထဲမှာ လုံးဝမှတ်မထားနဲ့နော်၊ နောက်ပြီး ကျွန်တော့်သွားတွေ ကိုလဲ ဓာတ်မှန်လုံးဝမရိုက်ရဘူး"

"ဟာ ဓာတ်မှန်မရိုက်ရင် ကျွန်တော် အလုပ်နဲ့ပတ်သက်ပြီး အာမမခံ နိုင်ဘူး၊ ပြဿနာ တက်လာနိုင်တယ်"

"ကိစ္စမရှိဘူး"

ဆရာဝန် မျက်လုံးပြူးသွား၏။

ယခု လူနာစောင့်ဆိုင်းခန်းထဲ၌ ခရစ္စတိုင်စောင့်နေသည်။ အပေါ်စား သစ်သားကုလားထိုင်နှင့် ကွဲနေသော ပလတ်စတစ်စဖြင့်ဖုံးထားသည့်ဆိုဖာကြီး တစ်လုံးတို့ကို သူစိုက်ကြည့်နေ၏။

တခြားလူနာမရှိ။ မီးချောင်းက မှိတ်တုတ်မှိတ်တုတ်။ စပိန်ဟာသအဖြစ် ထုတ်ဝေသည့် မဂ္ဂဇင်းများကိုလှမ်းကြည့်ပြီး မျက်လုံးမှိတ်၍ စိတ်ငြိမ်အောင် လုပ်သည်။

သိပ်မကြာတော့။

သစ်တောထဲသို့ ပြန်မသွားမီ ယနေ့ည ဤရုံးခန်းကို ပြန်လာပြီး ဖျက် ဆီးပစ်ရမည်။

သွားဆရာဝန်က မည်သို့ပင် ကတိပေးပေး၊ မိမိအား မေ့ဆေးပေးထား ခိုက် မှတ်တမ်းများရေးမှတ်ခြင်း၊ သွားဓာတ်မှန်ရိုက်ယူခြင်းတို့ကို လုပ်ချင် လုပ် လိုက်မည်။

အထောက်အထား လုံးဝမရှိဖို့ အရေးကြီး၏။

ပြီးလျှင်၊ သစ်တောထဲပြန်သွားပြီး အစာငတ်ခံရမည်။

ရက်ပေါင်းခြောက်ဆယ်သာကြာမည်။ သို့သော် ခြင်ကိုက်ခံရပါက ငှက်ဖျားရောဂါရပြီး မြန်မြန်သေမည်။ ရက်သုံးဆယ်နှင့် ကိစ္စချောနိုင်သည်။ အလွန်ဆုံး ရက်ခြောက်ဆယ်ပေါ့။

သူ တရားထိုင်မည်။ သူ့အပြစ်တွေကို ခွင့်လွှတ်ဖို့ ဘုရားသခင်အား အသနားခံ ဆုတောင်းမည်။

သူသတ်ခဲ့သည့် လူတွေက မရေမတွက်နိုင်အောင် များသည်။ သို့ သော်ချန်းအတွက် ကလေ့စားချေသည့်အနေနှင့် ရုရှသူလျှိုကို သတ်ဖြတ်ခြင်းမှာ တရားမျှတသည်။ ဒီပြင်လူတွေက ရာဇဝတ်သားတွေ သက်သက်မျှသာဖြစ် သည်။





သူ စိတ်ဝေဒနာ ပြင်းထန်စွာ ခံစားနေရစဉ် သူတို့၏ နာမည်များ၊ သူတို့၏ရုပ်များကို ပြန်မြင်ယောင်သည်။ သူတို့က သူ့ကို အသနားခံခဲ့ကြ၏။ ယခုတော့ မိမိကိုယ်မိမိ အသနားခံရတော့မည်။

ဝိညာဉ်ကို သန့်စင်အောင် ဆေးကြောရဦးမည်။

အစာငတ်ခံရာမှ သူ့စိတ်တွေ ကယောင်ချောက်ချားဖြစ်လာမည်။ လူမှန်းသူမှန်း မသိနိုင်တော့။ အာရုံများမှုတွေ ဖြစ်လာမည်။

သူ သတိကောင်းနေစဉ် နောက်ဆုံးလုပ်ရှုပ်အနေနှင့် သူတူးထားသည့် သင်္ချိုင်းထဲသို့ လိုဏ်ခေါင်းမှတစ်ဆင့် တွားသွား၍ ဆင်းသွားမည်။

ကျင်းအတွင်းရှိ အမှောင်ထုထဲ၌ တုတ်လေးချောင်းကို ခြေနှင့်ကန် လိုက်သည့်အခါ ထင်းရှူးပြားနှင့်မြေကြီးများ ပြုတ်ကျကာ သူ့ကို မြေဖို့ပြီးသား ဖြစ်သွားမည်။

သူ့အလောင်း ပျောက်သွားမည်။ ဘယ်သူမှ မတွေ့နိုင်။

အလောင်းက တဖြည်းဖြည်း ရုပ်ပျက်သွားမလား။ တိရစ္ဆာန် ငတွေက တူးဖော်ပြီး ကိုက်စားကြမလား။ သူတို့က မိမိအရိုးများကို လျှောက်ဖြန့်ပစ်ကြ မည်။ သူ့ဦးခေါင်းခွံပဲ နေရာမရွေ့ ကျန်ရစ်မည်။

သို့သော် သူ့မှာ သွားတွေမရှိတော့သဖြင့် အာဏာပိုင်များက သူဘယ် သူမှန်း စုံစမ်းဖော်ထုတ်၍ ရမည်မဟုတ်။

ဤအချက်ကအရေးကြီးသည်။

သူ အညတရ တစ်ယောက်အဖြစ်သာ သေချင်သည်။ ဆောလ်နှင့် အဲလိယော့တို့ကို ငဲ့လိုသောကြောင့်ဖြစ်သည်။ မိမိ စည်းကမ်းချိုးဖောက်လိုက် ခြင်းကြောင့် သူတို့ အဲ့ဩတုန်လှုပ်သွားမှာ သေချာသည်။

သို့သော် မိမိအား မည်သူမျှ ဖမ်းမမိခြင်းအတွက် သူတို့အရှက်ကွဲ စရာအကြောင်းမရှိ။ မိမိဘယ်ရောက်သွားသလဲဟု သူတို့သိလိုကြမည်။

သူတို့ ဦးနှောက်ခြောက်လို့ ဆုံးမည်မဟုတ်။ သို့သော် မိမိကိုယ်မိမိ အဆုံးစီရင်သွားကြောင်း ၎င်းတို့သိရှိရသဖြင့် ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ ကြေကွဲ ခြင်းဖြစ်မည့်အစား ယင်းသို့ ဦးနှောက်ခြောက်ကြရခြင်းက တော်ပေဦးမည်။

ဤကိစ္စကို ကျင်းကင်းရှင်းရှင်း လုပ်ချင်သည်။

မိမိ၏ မွေးစားအဖေနှင့် မွေးစားအစ်ကိုဖြစ်သော အရင်းနှီးဆုံး လူသားနှစ်ဦးအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေချင်။

ကက်သလစ်ဘာသာအရ အစာငတ်ခံ၍သေကြောင်းကြံခြင်းတစ် နည်းသာ ခွင့်ပြုထားပေသည်။ မိမိ၏ အကုသိုလ်ပြစ်မှုများကို ဆောက်ချင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပါက ဤနည်းဖြင့်သာ ကောင်းကင်ဘုံသို့ သွား၍ ရနိုင်မည်ဟု ခရစ္စထင်ထား၏။

"ဆရာနဲ့တွေ့လို့ရပါပြီ မစ္စတာ ဘာသလိုမြူးရှင့်"

ဆရာမလေးက ခရစ္စအား ခေါ်လိုက်သည်။

ခရစ္စက ခေါင်းညိတ်ပြီး ဆရာဝန်အခန်းထဲသို့ ဝင်သွားသည်။ အခန်းထဲ၌ ဆရာဝန်ကို မတွေ့ရသော်လည်း ပိတ်ထားသော တံခါးချပ်နောက်မှ ရေကုံဘိုင် ဖွင့်ထားသည့် အသံကို ခရစ္စကြားရသည်။

"ကျွန်မက မေ့ဆေးပေးခွင့်ရှိပါတယ်"

ဆရာမလေးက ပြောသည်။

ခရစ္စက ထိုင်ခုံပေါ်၌ ထိုင်လိုက်သည်။

ဆရာမက ဆေးထိုးအပ်ကို ပြင်ဆင်နေသည်။

"ဘာဆေးလဲ"

"အက်ထရိုပင်းနဲ့ ဗစ္စတာရီးလ်"

ခရစ္စ ခေါင်းညိတ်လိုက်သည်။

မေ့ဆေးအစား မှုသားဖော်ဆေးဖြစ်သည့် ဆိုဒီယမ်အမ်မတယ်လ်ဆေး ထိုးပေးမှာပဲ သူစိုးရိမ်သည်။

ဗင်းဆေးအထိုးခံရပါက စိတ်ညို့အိပ်မွေ့ချ ခံထားရသူတစ်ဦး ဖြစ်ပြီး မိမိပြောခွင့်မရှိသော အချက်အလက်များကို အမေးခံရပါက အမှန်အတိုင်း ဖွင့်ပြောမိမည်ဖြစ်ပေသည်။

"ကဲ တစ်ရာကနေ နောက်ပြန်ရေပါ"

ဆရာမကပြောသည်။

ခရစ္စက တစ်ရာမှစ၍ နောက်ပြန်ရေရာ ကိုးဆယ့်ငါးသို့ အရောက်တွင် သူ့မျက်လုံးတွေဝါးလာသည်။

ဘုန်းကြီးဘဝကို ပြန်စဉ်းစားသည်။ စစ္စတာစီယံဂိုဏ်းဝင် ဘုန်းတော်ကြီးများသည် စကားမပြောရ၊ လက်ဟန်ခြေဟန် သင်္ကေတသုံး၍ ဆက်သွယ်ပြောဆိုကြရသည်။ နေ့တိုင်း တရားထိုင်ပြီး အလုပ်လုပ်ကြရသည်။ သူဝတ်ခဲ့သည့် သင်္ကန်းဝတ်ရုံက အဖြူရောင်ဖြစ်သည်။ ထိုဘုန်းကြီးကျောင်း၌ သူခြောက်နှစ်မျှ နေခဲ့၏။

ဘုန်းကြီး ဆက်ဝတ်ဖို့ ခွင့်တောင်းရသည့် အသက်အရွယ်ဖြစ်သော သုံးဆယ့်ငါးနှစ်ကို ကျော်လွန်ခဲ့ပြီး အသက်သုံးဆယ့်ခြောက်နှစ် ပြည့်သောအခါ ကျောင်းထိုင်ဘုန်းတော်ကြီးများက သူ့အားလူထွက်ခိုင်းခဲ့ကြသည်။ ထိုသို့ မဖြစ်





ခဲ့ပါက ယူခုတိုင် သူ ဘုန်းကြီးဘဝဖြင့် အေးချမ်းစွာနေရဆဲဖြစ်မည်။

လူ့ဘဝမှာလည်း မနေချင်၊ ဘုန်းကြီးလည်း ဝတ်ခွင့်မရတော့သဖြင့် သူသေကြောင်းကြံဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အစာငတ်ခံ၍ သေမည်။

ဝိညာဉ်ကို ဆေးကြောပစ်မည်။

ပကတိပြည့်စုံမှုကို ရယူမည်။

သူ့ခေါင်းထဲ ချာချာလည်မူးနောက် လာသည်။ သူ့အာခေါင်ခြောက်လာသည်။ အသက်ကို မနည်းရှူနေရသည်။

"အက်ထရိုပင်းမဟုတ်ပါလား၊ ဘာဆေးလဲဗျ"

သူ မပွင့်တပွင့်ပြောသည်။

ထိုင်ခုံပေါ်မှ ထပြေးဖို့ သူကြိုးစားသည်။ ဆရာမက သူ့ကို အတင်းပြန်ထိုင်ခိုင်းသည်။

"ဟင့်အင်း"

သူ ထိတ်ထိတ်ပျာပျာဖြစ်လာသည်။

သူ့အာရုံထဲမှ ချာချာလည်နေသော အဖြူရောင်က ပုံသဏ္ဌာန်တစ်မျိုးပြောင်းလာသည်။

တံခါးပွင့်လာသည်ကို သူ မသဲမကွဲမြင်ရသည်။ အဖြူရောင်ဝတ်ထားသော လူတစ်ယောက်က တစ္ဆေတစ်ကောင်လို သူ့ဆီ ပေါ့ပါးစွာ ချဉ်းကပ်လာသည်။

"အို"

ထိုလူ၏ မျက်နှာကြီးက သူ့အနားတိုးကပ်ပြီး ကြီးထွားလာသည်။

အိုမင်း၍ အရေတွန့်နေသော မျက်နှာကြီး ဖြစ်သည်။

ခရစ္စ ပါးစပ်ဟောင်းလောင်းဖြစ်သွား၏။

သွားဆရာဝန်တော့မဟုတ်။

သူ ရှန်းကန်သည်။

သူ အမှောင်ထဲပြန်ရောက်သွားစဉ် အတွေးတစ်ခု ဖျတ်ခနဲ ပေါ်လာသည်။

လုံးဝ မဖြစ်နိုင်ပါ။

သွားဆရာဝန်သည် အဲလီယော့ဖြစ်၏။

◆

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၂)

# ရှာဖွေဖျက်ဆီးခြင်း

www.burmeseclassic.com

www.burmeseclassic.com

# မဟူရာ အိမ်ရှေ့မင်းသားများ

## (၁)

ခရစ္စ၏ သွေးခုန်နှုန်းကို စမ်းကြည့်ရင်း အဲလိယော့မျက်ကြောရှုံ့နေသည်။

ပြီးမှ ခေါင်းတစ်ချက်ညိတ်ကာ ဆရာမလေးအား လှည့်ပြောသည်။

"ဒေါက်တာကတော့ လမ်းဆောင့်က အရက်ဆိုင်မှာ ရှိနေတယ်၊ မင်း သူ့ဆီလိုက်သွားရင် ကောင်းမယ်"

ဆရာမလေးက သူ့ကို မျက်လုံးပြူးကြည့်ရင်း တံခါးဝမှ နောက်ပြန် ဆုတ်သွားသည်။

"ခြော် တစ်ခု ကျန်သေးတယ်။ ရော့ မင်းအတွက် ပိုက်ဆံ၊ အပြင် ထွက်ရင် ဟိုတံခါးပါ သော့ခတ်သွား"

အဲလိယော့က သွားဆရာဝန်ဝတ်သည့် ဂျူတီကုတ် အိတ်ကပ်ထဲမှ တစ်အိတ်ပြီးတစ်အိတ်နှိုက်ရင်း သူမအား လှမ်းပြောသည်။

သူမ တံတွေးမျိုချပြီး ဆရာဝန်အလုပ်ခန်းထဲမှ ထွက်ပြေးသွားသည်။

အပြင်မှ တံခါးသော့ခတ်သံကို ကြားရမှ အဲလိယော့က အလုပ်ခန်း နှင့် လူနာစောင့်ဆိုင်းခန်းကြားရှိ တံခါးကို ပိတ်ပြီး သွားရောဂါကုသမှုတွင်သုံး သည့် ကိရိယာတန်ဆာပလာများ ထည့်ထားသည့် လင်ဗန်းတစ်ချပ်ကို စိုက်ကြည့်နေသည်။

ခရစ္စကား ထိုင်ခုံကြီးပေါ်တွင် ဆိုဒီယမ်အမ်မတယ်လ် ထိုးဆေး ကြောင့် သတိလစ်ကာ အသက်ကို ခပ်မှျဉ်းမှျဉ်း ရှုနေသည်။

ထိုဆေးပြယ်သည့်အထိ အဲလိယော့စောင့်ရဦးမည်။ ခရစ္စလုံးဝသတိ လစ်အောင်ထိုးပေးဖို့ ဆရာမအား ညွှန်ကြားခဲ့သည်မဟုတ်လား။

အဲလိယော့သည် ခရစ္စ၏ လက်မောင်း သွေးကြောတစ်ခုထဲသို့ ဆေး ထိုးအပ်ဖျားပါသော ပြွန်တစ်ချောင်းကို ထိုးသွင်းပေးပြီး အဲဆွဲတန်ခုကို ဖွင့်၍



www.burmeseclassic.com

www.burmeseclassic.com



ဆိုဒီယမ်အမ်မတယ်လ်ထိုးဆေးတောင့်နံဘေးတွင် အသင့်ထားရှိသည့် ဆေးထိုးအပ် နှစ်ချောင်းကို နှိုက်ယူလိုက်သည်။

ယင်းဆေးမှာ ၅၀၀ မီလီဂရမ် အမှုန့်များဖြစ်ရာ မိုးရေ ၂၀ မီလီမီတာနှင့် ရောစပ်ရသည်။ ဆေးထိုးအပ်တစ်ချောင်းကို ပြွန်တန်းလန်းစိုက်ထားသည့် ခရစ္စ၏ လက်မောင်းတွင် ထိုးထည့်လိုက်သည်။ ဆေးထိုးအပ်ထိုးတံကို ဖိချလိုက်သောအခါ ဆေးရည်စီးဝင်မှုကို ပြွန်တွင်းရှိအခင်ဖြင့် ထိန်းချုပ်ပေးနိုင်သည်။

ဒုတိယ ဆေးထိုးအပ်ကို လိုရမည်ရ နံဘေး၌ အသင့်ဆောင်ထားသည်။ နာရီဝက်မက ကြာမည်ဆိုလျှင်တော့ ဤအပ်ကို သုံးရလိမ့်မည်။ အပ်မတယ်လ်ဆေးရည်မှာ လျှင်မြန်စွာ အာနိသင်ပြယ်တတ်၏။

ငါးမိနစ်အကြာ၌ အဲလိယော့ မျှော်လင့်ထားသည့်အတိုင်း ခရစ္စ၏ မျက်တောင်များ ပုတ်ခတ်ပုတ်ခတ်ဖြစ်လာသည်။

အဲလိယော့က ပြွန်ထဲမှ အခင်ကိုဖွင့်၍ အမ်မတယ်လ်ဆေးရည် အနည်းငယ်ကို ခရစ္စ သွေးကြောထဲသို့ လွှတ်ပေးလိုက်သည်။

ခရစ္စ စကားများ ဗလုံးဗထွေးဖြစ်လာလျှင် အဲလိယော့က အခင်ကိုပိတ်ပြီး ခရစ္စ နိုးနိုးကြားကြားဖြစ်သည့် လက္ခဏာပြသည်အထိ စောင့်ရမည်။ ထို့နောက် အခင်ကိုဖွင့်၍ ငြိမ်သက်သွားအောင် လုပ်ပေးရမည်။

ဤအလုပ်က ဂရုတစိုက်လုပ်တတ်ဖို့လိုသည်။ နိုးနိုးစင်းစင်းစတင်တာ အကောင်းဆုံးပါပဲ။

"ငါဘယ်သူလဲသိလား"

ခရစ္စက ပြန်မဖြေသဖြင့် အဲလိယော့က ထပ်မေးသည်။

"အဲလိယော့"

"ဟုတ်ပြီ၊ မှန်တယ် ငါဟာ အဲလိယော့ပဲ"

သူက ခရစ္စကို အကဲခတ်လိုက်သည်။

လွန်ခဲ့သော သုံးဆယ့်တစ်နှစ်က စတင်တွေ့ရှိခဲ့သည့် ခရစ္စ၏ အသွင်သဏ္ဌာန်ကို ရိပ်ခနဲ ပြန်မြင်ယောင်မိသည်။

ထိုစဉ်က ခရစ္စအသက်က ငါးနှစ်သာ ရှိဦးမည်။ စုတ်စုတ်ပြတ်ပြတ်၊ ညစ်တီးညစ်ပတ်နှင့် ကောင်းလေးတစ်ယောက်ဖြစ်နေသည်။ သူ့အဖေဆုံးသွားပြီး သူ့အမေ မိန်းမပျက်က သူ့ကို စွန့်ပစ်သွားသည်။

ဗီလာဗယ်ဖီးယားမြို့ရှိ သူ့အိမ်ထဲမှာ စားပွဲခုံတွေချည်းပြည့်နေသည်။ စားပွဲတစ်လုံးစီပေါ်၌ ခရစ္စ သားရေကွင်းနှင့် ပစ်သတ်ထားသော ယင်ကောင်





တသေများကို သပ်ရပ်စွာ စုပုံ၍ တင်ထားသည်။

"မင်းမှတ်မိသားပဲ၊ ငါမင်းကို စောင့်ရှောက်ခဲ့တယ်၊ မင်းနဲ့ငါဟာ ယိပ်ကို ရင်းနှီးခဲ့ကြတာ၊ သားအဖလိုပါပဲ၊ ကဲ၊ ရှုတ်ပြစမ်း"

"အဖေ. . . သား. . ."

ခရစ္စက မပွင့်တပွင့်ပြောသည်။

"မင်း ငါ့ကိုချစ်တယ်"

"ချစ်တယ်"

ခရစ္စက အသံအတက်အကျမရှိဘဲပြောသည်။

"မင်း ငါ့ကိုယုံတယ်၊ မင်းအပေါ် ဘယ်သူမှ မကောင်းခဲ့ဘူး၊ မင်းအခု လုံခြုံသွားပြီ၊ ဘာမှ ကြောက်စရာမလိုတော့ဘူး"

ခရစ္စ သက်ပြင်းချလိုက်၏။

"မင်း ငါ စိတ်ချမ်းသာအောင် လုပ်ပေးချင်သလား"

ခရစ္စ ခေါင်းညိတ်လိုက်၏။

အဲလိယော့က ပြုံးလိုက်၏။

"ဟုတ်တာပေါ့၊ မင်းငါ့ကိုချစ်တယ်လေ၊ သေသေချာချာ နားထောင်စမ်း၊ ငါမေးတာ နည်းနည်းဖြေစေချင်တယ်၊ ဆောလ်ဆီက မင်း ဘာသတင်းကြားသလဲ"

ထိုစဉ် အခန်းထဲမှ ပူရှိန်းနံ့ကို ရုတ်တရက် သတိထားမိသည်။

ခရစ္စ တော်တော်နှင့်မဖြေ။

အဲလိယော့ စိတ်မရှည်ချင်တော့။

"ဟင့်အင်း"

ဟု ခရစ္စကဖြေသည်။

"သူ ဘယ်မှာလဲ မင်းသိလား"

"မသိဘူး"

ဟု တိုးတိုးလေးပြောသည်။

"မင်းကိုငါ ဝါကျတစ်ကြောင်း ပြောပြမယ်၊ အဓိပ္ပာယ်ကို ပြောပြစမ်း"

လွန်ခဲ့သည့် လေးရက်က အက်တလန်တာမှ ရောမမြို့ စီအိုင်အေရုံးခွဲဖြစ်သော မြေထဲပင်လယ်ပန်းဆိုင်ရှိ ခရစ္စဆီသို့ ကြေးနန်းတစ်စောင်ပို့လိုက်သည်။

ခရစ္စတစ်ယောက် ခြေရာပျောက်မသွားခင်အထိ ၄င်းသည် ရောမမြို့ရုံးခွဲ၏ လက်ထောက် အကြီးအကဲဖြစ်သည်။ ဘုန်းကြီးကျောင်း၌ ခရစ္စ၏ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်များကြောင့် ပေါ်ပေါက်လာသော ဆိုးကျိုးများနှင့် ပတ်သက်၍ အဲလိယော့က စစ်ဆေးသုံးသပ်နေဆဲဖြစ်သည်။

ကြေးနန်းပို့သူ၏ လက်မှတ်ပါမလာချေ။ ဤကားမဆန်းပါ။ သို့သော် ကြေးနန်းရောက်သည့်အချိန်နှင့် ဆောလ်ပျောက်သွားသည့်အချိန်မှာ တိုက်ဆိုင်နေပေသည်။

ဆောလ်သည် ခရစ္စအား ဆက်သွယ်ဖို့ ကြိုးစားမည်ဟု အဲလိယော့ ယူဆထားသည်။ ထို့အပြင် ခရစ္စထံသို့ ပေးပို့ခဲ့သော အခြားကြေးနန်းစာပေါင်းများစွာနှင့် တစ်မူကွဲသော အချက်ကိုတွေ့ရသည်။ ထိုအချက်မှာ အဆိုပါ ကြေးနန်းတွင် စီအိုင်အေ၏ လက်စွဲစကားဝှက်များ လုံးဝမပါရှိခြင်းပင်ဖြစ်လေသည်။

"ခြင်းတောင်းထဲမှာ ကြက်ဥတစ်လုံးရှိတယ်"

အဲလိယော့က ပြောလိုက်သည်။

"အဲဒါ ဆောလ်ဆီက ကြေးနန်း"

ခရစ္စက မူးနောက်ရီဝေစွာဖြင့် မျက်လုံးမှိတ်ကာ ပြောလိုက်၏။

"ဆက်ပြောပါဦး"

"သူ ဒုက္ခရောက်နေတယ်၊ ကျွန်တော့်အကူအညီ သူလိုတယ်"

"အဓိပ္ပါယ်က ဒါပဲလား"

"အာမခံသေတ္တာတစ်လုံးရှိတယ်"

အဲလိယော့က ခရစ္စအနားတိုးကပ်၍

"ဘယ်မှာလဲ"

"ဘဏ်တိုက်တစ်ခုမှာ"

"ဘယ်ဘဏ်တိုက်လဲ"

"ဆန်တာဖီမြို့မှာ၊ ကျွန်တော်တို့ နှစ်ယောက်စလုံးမှာ သော့တစ်ချောင်းစီရှိတယ်၊ ဝှက်ထားတယ်၊ သေတ္တာထဲမှာ၊ ကြေးနန်းပို့ရဦးမယ်"'

"စကားဝှက်နဲ့လား"

အဲလိယော့က ထိုင်ခုံကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

ခရစ္စက ခေါင်းညိတ်၍

"အဲဒီစကားဝှက်ကို ငါအဓိပ္ပာယ်သိပါ့မလား"

"ကိုယ်ပိုင်စကားဝှက်"

"ငါ့ကိုပြောပြစမ်း"

"အများကြီးပဲ"





အဲလိယော့ စိတ်မကျေမချမ်းဖြင့်ရင်မှာ တင်းကျပ်နေသည်။ ခါးမတ်ရပ်လိုက်သည်။ ခရစ္စအား စကားဝှက်များစွာနှင့် ပတ်သက်၍ ရှင်းပြခိုင်းလို့ရသည်။ သို့သော် တကယ့် သော့ချက်ကျသည့် မေးခွန်းကို မမေးဖြစ်လျှင် မိမိ သိချင်သည့်ကိစ္စကို မသိလိုက်ရဘဲဖြစ်မည်။

ခရစ္စသည် ၎င်း၏ အာမခံသေတ္တာကို ၎င်းအယောင်ဆောင်၍ ခိုးဖွင့်မည့်ရန်သူအား ဟန့်တားရန် ကြိုတင်ကာကွယ်မှု မလုပ်ဘဲ နေမည်မဟုတ်။

ဟော၊ ဘယ်မှာလဲ။ သီးခြားစကားဝှက်ရှိသလား။ သည်မေးခွန်းတွေက သမားရိုးကျ မေးခွန်းများသာဖြစ်သည်။ အဲလိယော့ ဦးနှောက်ခြောက်ရသည်မှာ ဘာမေးရမှန်းမသိခြင်းဖြစ်သည်။

လွန်ခဲ့သော တစ်ဆယ့်သုံးနှစ်က ခရစ္စနှင့် ဆောလ်တို့ မိဘမဲ့ကလေးများဂေဟာ၌ စတွေ့ကတည်းက သူတို့သူငယ်ချင်းဖြစ်ခဲ့ကြသည်။ ထို့ကြောင့် သူတို့နှစ်ယောက်တည်းသာ သိနိုင်သည့် အချက်ပြသင်္ကေတတွေ အများကြီးထားရှိကြသည်။

ယင်းသင်္ကေတတစ်ခုခုကို သဲ့ဘောမပေါက်နိုင်လျှင် ဆောလ်ကို ထောင်ချောက်ဆင်ဖို့ အခွင့်အရေး လက်လွတ်သွားမည်။

စီအိုင်အေ၏ ကွန်ပျူတာများက သူတို့၏ ကိုယ်ပိုင်စကားဝှက်များကို အဓိပ္ပာယ်ဖော်၍ ရနိုင်သည်။ သို့သော် အချိန်ဘယ်လောက်ကြာမှာလဲ။

အဲလိယော့ ယခုပင် လှုပ်ရှားရတော့မည်။

အရေတွန့်နေသည့် မေးစေ့ကို လက်နှင့်ပွတ်ပြီး

"မင်းသွားတွေကို ဘာဖြစ်လို့ အကုန်နုတ်ပစ်ချင်ရတာလဲ"

ခရစ္စက အဖြေပေးလိုက်သည်။

အဲလိယော့ ကြက်သီးမွေးညှင်းထသွား၏။

သူသည် ဘယ်အရာကိုမှ တုန်လှုပ်တတ်သူမဟုတ်ဟု ထင်ထားသူဖြစ်သည်။

ယခု ခရစ္စ၏ အဖြေစကားကို ကြားရတော့ သူမတုန်လှုပ်ပဲ မနေနိုင်တော့ချေ။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

"ဘောဂီရှယ် ချော့ကလက်လေးပါလား၊ အဖေ မမေ့သေးဘူးနော်"

ခရစ္စက ချော့ကလက်ပြားကို လက်ထဲကိုင်ရင်း ကျေနပ်အားရစွာဖြင့် ပြောလိုက်သည်။

"ငါ ဘယ်တော့မှ မမေ့ပါဘူးကွာ"

အဲလိယော့မျက်လုံးများက ဝမ်းနည်းမှုကို ဖော်ပြနေ၏။

"ကျွန်တော့်ကို ဘယ်လို ရှာတွေ့သလဲ"

"ဟာ၊ ဒါတော့ ဘယ်ပြောလို့ဖြစ်မလဲ"

ခရစ္စက ဂျက်လေယာဉ်ပျံကြီး၏ ပြတင်းပေါက်အမြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ လေယာဉ် အင်ဂျင်သံကြီးများကို ခပ်အုပ်အုပ်မျှသာကြားရသည်။ နေရောင်ကြောင့် သူ့မျက်ကြောရှုံ့သွား၏။ လေယာဉ်အောက်ဘက်ရှိ နှင်းထုကဲ့သို့သော တိမ်စိုင် တိမ်ခဲကြီးများကို ငုံ့ကြည့်မိသည်။

"ပြောမြပါလား"

သူ့ မွေးစားအဖေကို စိုက်ကြည့်ရင်း အက်ကွဲကွဲအသံနှင့် ပြောလိုက်သည်။

အဲလိယော့က ပခုံးတွန့်၍

"မင်းကို ငါအမြဲပြောတဲ့စကားတစ်ခွန်းရှိတယ်၊ မှတ်မိလား၊ ကိုယ့်ရဲ့ ပြိုင်ဘက်ရဲ့ ရှေ့ခြေလှမ်းကို ကြိုသိချင်ရင် ကိုယ်က သူ တွေးသလို တွေးတတ်ရတယ်၊ ခန့်မှန်းတတ်ရတယ်၊ မင်းကို ငါ သင်ပေးခဲ့တာလေ၊ မမေ့နဲ့၊ မင်း အကြောင်း ငါ အုမချေးခါးမကျန် သိတယ်တွ"

"အကုန်လုံး မသိနိုင်ပါဘူး"

"အေး၊ အဲဒါကို တစ်အောင့်ကြာတော့ တို့ ဆွေးနွေးကြမယ်၊ မင်းဘဝမှာ ဘယ်သူ့ကို မင်း အားကိုးမလဲ၊ ဘယ်သူ့ကို အားကိုးခဲ့သလဲ၊ မေးရမယ့်မွေးခွန်း





တွေကို ငါသိတဲ့အခါမှာ အဖြေတွေကို ငါ ကြိုတွက်လို့ရခဲ့တယ်၊ အဲဒီအဖြေ တစ်ခုကတော့ ဟိုနိုလူလူကျွန်းက အထူးတပ်ဖွဲ့ဝင်တွေကျက်စားတဲ့ အရက်ဆိုင်တွေကို ငါ့လူတွေစောင့်ကြည့်ခိုင်းထားဖို့ပဲ"

"တော်လိုက်တာဗျာ"

"မင်းလဲတော်တာပဲ"

"အဖေ့လောက်တော့ မတော်သေးပါဘူး၊ ကျွန်တော့်ကို အရက်ဆိုင်မှာ ရှာတွေ့သွားတာကိုး၊ ပြီးတော့ နောက်ကလိုက်ချောင်းခဲ့တယ် မဟုတ်လား"

"မင်းဟာ ကိုယ့်ဆရာသမားနဲ့ ယှဉ်ပြိုင်ကစားနေတယ်ဆိုတာ မေ့ထား လို့မရဘူး၊ ဒီပြင်လူတွေကတော့ မင်း ဘာဆက်လုပ်မယ်ဆိုတာ မှန်းတတ်မယ် မထင်ဘူး"

"ဒါဖြင့် ဟိုနိုလူလူမှာကတည်းက ဘာဖြစ်လို့ ကျွန်တော့်ကိုဖမ်းဖို့ အမိန့်မပေးခဲ့သလဲ၊ ကျွန်တော်က သဘောတူညီချက်ကို ချိုးဖောက်ခဲ့တာပဲ၊ တခြား သူလျှို အဖွဲ့အစည်းတွေကလဲ ကျွန်တော့်ကို လိုက်ရှာနေကြပြီ၊ ကျွန်တော့်ကို အဖေဖမ်းပေးရင် သူတို့က အဖေ့ကို အမှတ်ပေးလိမ့်မယ်၊ အထူးသဖြင့် ရုရှတွေက ကျေးဇူးတင်ကြလိမ့်မယ်"

"မင်း အရှင်ဖမ်းခံမှာ မဟုတ်ဘူးလို့ တို့ထင်ထားတယ်"

ခရစ္စက အဲလိယော့အား စိုက်ကြည့်နေသည်။

အဲလိယော့၏ လက်ထောက်က ပယ်ရီယေး သဘာဝရေပုလင်း၊ ရေခဲနှင့် ဖန်ခွက်တို့ကို လင်ဗန်းဖြင့် ယူလာပြီး လေယာဉ်ပျံဧည့်ခန်းအတွင်းရှိ စားပွဲပေါ်၌ လာချပေးသည်။

အဲလိယော့က၊ သူ့လက်ထောက် ပြန်ထွက်သွားမှ စကားဆက်ပြောသည်။

"နောက်ပြီးတော့လဲ မင်း ဘာကြောင့် သွားဆရာဝန် တစ်ယောက်နဲ့ တွေ့ချင်ရသလဲဆိုတာ ငါ သိပ်သိချင်နေလို့ပါ"

အဲလိယော့သည် ဖန်ခွက်နှစ်ခွက်ထဲသို့ ပယ်ရီယေး သဘာဝရေကို ငှဲ့ထည့်ရင်း စကားလုံးကို ရွေး၍ပြောသည်။

"ကိုယ်ရေးကိုယ်တာ ကိစ္စရှိလို့"

"အခုတော့ ဒါတွေမလိုတော့ပါဘူး၊ မင်းကိုသွားဆရာဝန်ဆီမှာ သတိမေ့အောင်လုပ်ပြီး ငါ သိချင်တာတွေ မေးခဲ့ပြီးပြီ မင်းကိုယ်မင်းသတ်သေဖို့ ရည်ရွယ်ထားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အဲလိယော့က ဖန်ခွက်ကိုတစ်လုံး လှမ်းပေးလိုက်သည်။

"မင်း ဘာလို့ ဒီလိုလုပ်ချင်ရသလဲ၊ မင်းသေရင် ငါ စိတ်ထိခိုက်လိမ့်မယ်ဆိုတာ မင်းသိသားနဲ့၊ မင်း သေကြောင်းကြံတယ်ဆိုရင် ပိုဆိုးမှာပေါ့"

"အဲဒါကြောင့် ကျွန်တော့်သွားတွေ အကုန် နုတ်ပစ်ချင်တာပေါ့၊ ကျွန်တော့်အလောင်းကို တစ်နေ့နေ့ ရှာတွေ့သွားတဲ့အခါ ဘယ်သူလဲဆိုတာ ဖော်ထုတ်လို့မရအောင်"

"ဒါဖြင့် မင်းဘာလို့ ဟိုဘုန်းကြီးကိုမေးလဲ၊ ဘာလို့ လုံခြုံရေးဟာကို သွားလဲ"

"သူလျှိုတွေနဲ့ အလုပ်လုပ်ပေးဖူးပြီး အမေးအမြန်းမထူတဲ့ သွား ဆရာဝန်တစ်ယောက်ကို လိုချင်လို့ပါ"

အဲလိယော့က ခေါင်းခါလိုက်သည်။

"ဘာဖြစ်လို့လဲ"

"မဟုတ်သေးပါဘူးကွာ၊ ဒီလို သွားဆရာဝန်မျိုးကို မင်းဘာသာ နည်းနည်းအပင်ပန်းခံရှာလဲရတာပဲ၊ တို့လုပ်ငန်းနဲ့ ထိတွေ့ဖူးတဲ့လူကို မင်း မလိုအပ်ပါဘူး၊ နုတ်လုံအောင် တောင်းသလောက် ငွေဆို့လိုက်ရုံပဲ၊ မင်းက ဟိုဘုန်းကြီးကို သွားမေးတာ တခြားအကြောင်းရှိလို့ ဖြစ်ရမယ်"

"အဖေက အဖြေတွေအားလုံး သိနေလျက်နဲ့များ"

"ဘုန်းကြီးဆီ မင်းသွားတဲ့အကြောင်းက သူက မင်းသိချင်တာမပြောခင် လျှောက်ပြီးစုံစမ်းရဦးမယ်ဆိုတာ မင်းသိထားလို့ပဲ၊ မင်း ဘယ်မှာရှိမှန်း ငါ သိမှာပေါ့၊ မင်းတောင်းဆိုချက်ကို ငါ နားမလည်တော့ မင်းကို ကြားဖြတ်ဖမ်းမယ်လေ"

"အဲဒါ ဘာအကျိုးထူးမှာလဲ၊ ကျွန်တော်က အတားအဆီး မခံချင်ဘူးလေ"

"ဟုတ်လား၊ ဘုန်းကြီးကို မင်းတောင်းဆိုတာဟာ ကယ်ကြပါလို့အော်တာနဲ့ အတူတူပဲ၊ သေကြောင်းမကြံခင် နောက်ဆုံးမှာတမ်းလေး ရေးပြသလိုပဲ၊ မင်း ဘယ်လောက် ဝေဒနာခံစားနေရသလဲဆိုတာ ငါ့ကို မင်းပြောပြချင်လို့ပေါ့"

ခရစ္စက ခေါင်းခါလိုက်သည်။

"မဟုတ်ဘူးလား၊ ဘာဖြစ်လို့လဲ၊ ငါ နားမလည်ဘူး"

အဲလိယော့က မျက်မှောင်ကုတ်၍ ရှေ့ကုန်းလိုက်သည်။

"ကျွန်တော် ရှင်းပြနိုင်မယ်မထင်ဘူး၊ ကျွန်တော် အားလုံးကို စိတ်ကုန်သွားပြီပဲဆိုပါစို့"

ခရစ္စက စိတ်ပျက်လက်ပျက် ပြောလိုက်သည်။





"ဘုန်းကြီးဝတ်လိုက်လို့ မင်း ပြောင်းလဲသွားတာပဲ"

"မဟုတ်ဘူး၊ အဲဒီမတိုင်ခင်ကတည်းက အားလုံးကို စိတ်ကုန်နေတာ"

"ပယ်ရီယေး ဆောက်လိုက်ဦး၊ အယ်မတယ်လ်ကြောင့် မင်း အာခေါင် ခြောက်နေတယ်"

ခရစ္စက သဘာဝရေကို မဆိုင်းမဆွ မော့ချလိုက်သည်။

အဲလိယော့က ခေါင်းညိတ်၍

"ဘယ်လိုစိတ်ကုန်တာမျိုးလဲ"

"ရှက်လို့"

"ဘာလဲ၊ မင်းလုပ်ခဲ့တဲ့ လုပ်ရပ်တွေကြောင့်လား"

"ကျွန်တော့် ခံစားချက်ပါ၊ လိပ်ပြာမသန့်ဘူး၊ မျက်နှာတွေကို မြင်ရတယ်၊ အသံတွေကြားရတယ်၊ လူသေကောင်တွေ၊ ကျွန်တော့်အာရုံထဲက ဖျောက်ပစ်လို့ကိုမရဘူး၊ ကျွန်တော့်ကို စည်းကမ်းရှိဖို့ အဖေသင်ပေးခဲ့တယ်၊ အခု အဲဒီသင်ခန်းစာတွေက ဘာမှအသုံးမဝင်တော့ဘူး၊ ကျွန်တော် သိပ်ရှက် တယ်ဗျာ"

"ငါပြောတာ နားထောင်စမ်း"

အဲလိယော့က ပြောလိုက်ရာ ခရစ္စက နဖူးကို လက်နှင့်ပွတ်နေသည်။

"မင်းဟာ စွန့်စားမှုကြီးမားတဲ့ အထက်မွေးဝမ်းကျောင်းမှုလုပ်နေရတဲ့ လူတစ်ယောက်ပဲ၊ အန္တရာယ်က စိတ်ရောကိုယ်ပါထိခိုက်နိုင်တယ်၊ ဒါကို မင်းသိခဲ့ရပြီ၊ တို့တွေ တစ်ခါတလေ လုပ်ရတဲ့အလုပ်တွေက လူသားမဆန်တာ မျိုးရှိတတ်တယ်"

"ဒါဖြင့် ကျွန်တော်တို့ ဘာလို့ အဲဒါတွေလုပ်သလဲ"

"မင်း ဒီလောက်မတုံးပါဘူးကွာ၊ မင်းလဲ ငါ့နည်းတူ အဖြေကို သိသားနဲ့၊ ဘာလို့လဲဆိုတော့ တို့ယုံကြည်တဲ့ဘဝကို တို့ ကာကွယ်ဖို့ တိုက်ခိုက်ပေးနေကြတာပဲ၊ သူများတွေရဲ့ဘဝအေးချမ်းသာယာစေဖို့ ငါတို့က အနစ်နာခံနေကြတာ၊ မင်းလုပ်သင့်လုပ်ထိုက်လို့ လုပ်ခဲ့ရတာတွေအတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်နဲ့၊ ရန်သူကိုပဲ အပြစ်တင်၊ မင်းဘုန်းကြီးသွားဝတ်တော့ အဲဒီ စစ္စတာစီယံ ဂိုဏ်းဝင်ဘုန်းကြီးတွေက မင်းရဲ့စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်တွေကို ကူညီဖြည့်ဆည်း မပေးခဲ့ကြဘူးလား၊ မင်းကို ဘာလို့ လူထွက်ခိုင်းလဲ၊ တာလဲကွာ၊ မင်းဝစီပိတ်ကျင့်ခဲ့ရလို့လား၊ ခြောက်နှစ်ဆက်တိုက်ပြီး မင်း ခံနိုင်ရည်မရှိတော့ လို့လား"

"ခြောက်နှစ်လုံးလုံး ငြိမ်းချမ်းမှုတွေ အဆမတန်ရရှိခဲ့ပါတယ် အဖေ"



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စက မျက်မှောင်ကုတ်၍ ပြောလိုက်သည်။

"ငါတော့ နားမလည်ဘူး"

"စစ္စတာစီယံဂိုဏ်းရဲ့ စည်းကမ်းတင်းကျပ်မှုကြောင့် ကျွန်တော်တို့ကို ခြောက်လတစ်ခါ စိတ်ကုဆရာဝန်တစ်ယောက်က လာစစ်ဆေးပေးပါတယ်၊ အကျိုးရလဒ်မရှိတဲ့ စရိုက်အပြုအမူတွေနဲ့ ပတ်သက်တဲ့ လက္ခဏာတွေကို သူက လိုက်ရှာတယ်၊ စစ္စတာစီယံဘုန်းကြီးတွေဟာ အလုပ်သိပ်လုပ်တဲ့ သူတွေပါ၊ ကျွန်တော်တို့ဟာ ကိုယ့်ဘာသာ လယ်ထွန်ပြီးရပ်တည်ခဲ့ကြရတယ်၊ သူများကို မှီခိုစားသောက်တဲ့သူတွေ၊ အလုပ်မလုပ်ချင်တဲ့သူတွေကို ဒီဂိုဏ်းထဲမှာ လက်မခံဘူး"

အဲလိယော့က ခေါင်းညိတ်ရင်း စောင့်နေသည်။

"တစ်နေ့တော့ ပန်းခြံထဲမှာ ကျွန်တော်တစ်ယောက်တည်း ငြိမ်ငြိမ်လေးထိုင်ပြီး ကျောက်ခဲတစ်လုံးကို ကသိုဏ်းရှုနေတာ၊ အဲဒီဆရာဝန်တွေ့သွားတယ်၊ ကျွန်တော့်ကို ကြီးကြပ်တဲ့ဘုန်းကြီးဆီ သတင်းပို့လိုက်တယ်၊ ကျွန်တော့်မှာ စိတ်ကစဉ့်ကလျားရောဂါတစ်မျိုး စွဲနေသတဲ့၊ ကျွန်တော့်ကို ကျောင်းက ထွက်ခိုင်းလိုက်ကြတယ်၊ တကယ်တော့ ကျွန်တော့်အပြစ်၊ ကျွန်တော့်အကုသိုလ်က ငြိမ်းချမ်းမှုကို တစ်မက်လွန်းခြင်းပါပဲ"

လင်ဗန်းပေါ်ရှိ ပယ်ရီယေးပုလင်းနံဘေးတွင် ပန်းအိုးတစ်လုံး၌ အရိုးတံရှည်ရှည်နှင့် ကြက်သွေးရောင် နှင်းဆီပန်းတစ်ပွင့်စိုက်ထားသည်။

အဲလိယော့က နှင်းဆီပွင့်ကို လှမ်းယူပြီး

"မင်းက ကျောက်ခဲကိုကြိုက်တယ်၊ ငါက ငါ့နှင်းဆီပန်းတွေကို ချစ်တယ်၊ တို့အလုပ်မှာ အလှအပလိုတယ်ကွ၊ ငါဘာလို့ နှင်းဆီတွေကို ရွေးခဲ့သလဲဆိုတာ မင်းစဉ်းစားဖူးသလား"

အဲလိယော့က နှင်းဆီနံ့ကိုရှူပြီး ခရစ္စအား လှမ်းပေးလိုက်သည်။

ခရစ္စက ပခုံးတွန့်၍

"ပန်းပွင့်တွေ အဖေကြိုက်တတ်လို့နေမှာပေါ့"

"မဟုတ်ဘူးလေ၊ နှင်းဆီပန်းတွေကို တမင်ရွေးကြိုက်တတ်တာကို ပြောတာ"

ခရစ္စက ခေါင်းခါပြသည်။

"နှင်းဆီဟာ တို့အလုပ်ရဲ့ အမှတ်တံဆိပ်တစ်ခုပဲကွ၊ အဓိပ္ပာယ်နှစ်မျိုး ထွက်တာကို ငါ သဘောကျတယ်၊ ဂရိဒဏ္ဍာရီထဲမှာ အချစ်နတ်ဘုရားက တိတ်ဆိတ်မှုနတ်ဘုရားကို လာဘ်ထိုးတဲ့အနေနဲ့ နှင်းဆီပန်းတစ်ပွင့်ပေးခဲ့သတဲ့၊





ဗီပြင် နတ်ဘုရားတွေရဲ့ အားနည်းချက်တွေကို ဖွင့်မပြောအောင် နှုတ်ပိတ်တဲ့သဘောနဲ့ လာဘ်ထိုးလိုက်တာ၊

"...တဖြည်းဖြည်းနဲ့ နှင်းဆီဟာ တိတ်ဆိတ်မှုနဲ့ လျှို့ဝှက်မှုတို့ရဲ့ သင်္ကေတဖြစ်လာခဲ့တယ်၊ သမိုင်း အလယ်ခေတ်မှာတော့ နှင်းဆီပန်းတစ်ပွင့်ကို ဘုရင့်ညီလာခံ ခန်းမဆောင်ရဲ့ မျက်နှာကြက်ကနေ တွဲလောင်းချိတ်တဲ့ ဓလေ့ပေါ်လာခဲ့တယ်၊ ဝန်ကြီးတွေဟာ ဒီနှင်းဆီပွင့်အောက်တည့်တည့်မှာ ဆွေးနွေးပြောဆိုသမျှကို အပြင်မှာ ဖွင့်မပြောပါဘူးလို့ ကျမ်းကျိန်သစ္စာဆိုကြရတယ်"

"အဖေဟာ စကားပရိယာယ်သိပ်ကြွယ်တဲ့သူပဲ၊ ခက်တာက အဖေ့စကားတွေကို ကျွန်တော်မယုံတော့ဘူးဗျာ"

ခရစ္စက နှင်းဆီပွင့်ကို ပြန်ပေးလိုက်သည်။

"ငါ ဆုံးအောင်ပြောပါရစေဦး၊ နှင်းဆီပန်းတွေကို ငါ ကြိုက်တတ်တဲ့အကြောင်းတစ်ခုကတော့ နှင်းဆီတွေ အမျိုးအမည် အများကြီးရှိတာကြောင့်ပဲ၊ ပုံသဏ္ဌာန်အမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုးပေါ့၊ ငါ အကြိုက်ဆုံးက လေဒီအိပ်ဇ်နဲ့ နတ်သမီးမျက်နှာဆိုတဲ့ နှင်းဆီတွေ"

"...ဒီနာမည်နှစ်ခုကို ငါရဲ့အမျိုးသမီး အေးဂျင့်နှစ်ယောက်အတွက် နာမည်ဝှက်အဖြစ်သုံးခဲ့တယ်၊ ငါ့ တပည့်မလေးတွေ၊ အမေရိကန် တိုင်လုံးနဲ့ ဂလိုရီယာမွန်ဒီဆိုတဲ့ နာမည်မျိုးတွေလဲ ငါ ကြိုက်သကွ၊ ဒါပေမယ့် နှင်းဆီဝါသနာအိုးတွေအားလုံးရဲ့ ရည်မှန်းချက်ပန်းတိုင်ကတော့ နှင်းဆီပန်းမျိုးသစ်တစ်ခုကို ဖန်ဆင်းပေးဖို့ပဲ၊

"...ကိုင်းချင်းဆက်ပြီး မျိုးသစ်ပွားမလား၊ ဝတ်မှုန်ကူပြီး ပွားမလား၊ လတ်ဆတ်တဲ့မျိုးစေ့ကို နွေဦးရာသီအထိ သဲထဲမှာ မြှုပ်ထားရတယ်၊ ပြီးတော့ ဗယ်ပြားတွေထဲမှာ ပြောင်းစိုက်ရတယ်၊ ပထမနှစ်မှာ အရောင်ပဲထွက်လာတယ်၊ နောက်တော့ ပွင့်လာတယ်၊ အဲဒီမျိုးသစ်ဟာ မျိုးစပ်ထားတာပဲ၊ တခြား နှင်းဆီပန်းတွေထက် ပိုမြင့်မားတဲ့ ပုံပန်းကျတဲ့ နှင်းဆီပွင့်ကြီးတစ်ပွင့်ရဖို့ လိုအပ်တယ်၊

"...ဒီနှင်းဆီပွင့် အစွမ်းကုန်ပွင့်အာအောင်လို့ အကိုင်းသေးက အညှောင့်တွေကို ဖြတ်ပေးရတယ်၊ မင်းနဲ့ ဆောလ်ဟာ ငါ မျိုးစပ် ဖန်ဆင်းပေးခဲ့တဲ့ နှင်းဆီတွေလိုပဲ၊ မင်းတို့နှစ်ယောက်စလုံး မိဘမဲ့ကလေးများဂေဟာမှာ မိဘတွေ၊ ညီအစ်ကိုမောင်နှမတွေမရှိဘဲနဲ့ ကြီးပြင်းခဲ့ကြရတယ်၊ မင်းတို့ဘေးက ထွက်လာတဲ့ အညှောက်တွေမရှိဘူး၊ အညှောက်တွေ ငါဖြတ်ပေးစရာမလိုတော့ဘူး၊ သဘာဝက မင်းတို့ကို ဖန်ဆင်းပေးလိုက်တာ၊

"...မင်းတို့ကို ပြင်းပြင်းထန်ထန် စည်းကမ်းတကျ လေ့ကျင့်သင်



www.burmeseclassic.com

www.burmeseclassic.com



ကြားပေးခဲ့လို့ မင်းတို့ဖူးပွင့်ခဲ့ကြတယ်၊ မင်းတို့ရဲ့စရိုက်တွေ ခိုင်မာ ပီပြင်စေချင်လို့ တချို့ ခံစားမှုတွေကို စွန့်ပယ်ခိုင်းခဲ့ရတယ်၊ မင်းတို့ရဲ့စရိုက်မှာ မျိုးချစ်စိတ်ကို အခြေခံ ထည့်သွင်းပေးခဲ့ရတယ်၊ စစ်သားအတွေ့အကြုံနဲ့ တိုက်ပွဲအတွေ့အကြုံတွေလဲ ထပ်လောင်းပေးခဲ့တယ်၊ မင်းတို့ဟာ ဒီပြင် နှင်းဆီတွေထက် ပိုမြင့်တဲ့ မျိုးစပ် နှင်းဆီပွင့်သစ်တွေလိုပဲပေါ့၊

". . . အခုအချိန်မှာ မင်း ခံစားနေရတာဟာ အပြစ်မဟုတ်ဘူး၊ မာနပဲ ဖြစ်ရမယ်၊ မင်းတို့ကို နှင်းဆီမျိုးနွယ်သစ်ရဲ့ နာမည်အသစ်မှည့်ပေးလို့ရတယ်၊ ဒါပေမယ့် မင်းတို့နှစ်ယောက်ကို အခု ငါ့လက်ထဲ ကိုင်ထားတဲ့ နှင်းဆီပွင့်လိုပဲ မြင်တယ်၊ သဘာထားတယ်၊ ဒီနှင်းဆီဟာ ကြက်သွေးရင့်ရောင်ပေမယ့် အနက်ရောင်က အားများလွန်းနေတယ်၊ သူ့ကို မဟူရာအိမ်ရှေ့မင်းသားလို့ ခေါ်တယ်၊ အေး မင်းနဲ့ဆောလ်ကို ငါ ဒီလိုပဲ မြင်တယ်၊ မင်းတို့ဟာ ငါ့ရဲ့ မဟူရာအိမ်ရှေ့မင်းသားနှစ်ပါးပဲကွ"

"ဒါပေမယ့် ဆောလ်က အရေးမနိမ့်ပါဘူး၊ သူ့ကား . . . နေဦး နေဦး၊ ကျွန်တော့်ကို အဖေ ဒါတွေ လျှောက်ပြောပြနေတာဟာ . . ."

အဲလီယော့က လက်ဝါးနှစ်ဖက်ဖြန့်၍

"မင်း သိပြီလား"

"ဘာဖြစ်လို့လဲ၊ ဆောလ် ဘာများဖြစ်လို့လဲ"

အဲလီယော့က သူ့ကို စေ့စေ့ကြည့်ပြီး

"မင်းအစ်ကိုကိုချစ်ရင် မင်းကိုယ်မင်းသေကြောင်းမကြံဖို့ ငါ ထပ်တောင်းပန်ပါရစေ"

"ဘာဖြစ်တာလဲ၊ ဆောလ်ဘယ်လိုဖြစ်လို့လဲ"

ခရစ္စက ရှေ့သို့ကုန်း၍ စိတ်တင်းမာစွာဖြင့် မေးသည်။

"လွန်ခဲ့တဲ့ ငါးရက်က သူ ငါခိုင်းတဲ့အလုပ်တစ်ခုကို လုပ်ပေးတယ်၊ ပြီးတော့ သူ့အဖွဲ့ဝင်တစ်ယောက်က သူ့ကို သတ်ဖို့ကြံတယ်၊ သူက ငါ့ကို ဆက်သွယ်တယ်၊ ငါက သူ့ကို လုံခြုံတဲ့နေရာသွားခိုင်းတယ်၊ အဲဒီရောက်တော့ သူ့ကို နောက်တစ်ဖွဲ့က သတ်ဖို့ကြိုးစားပြန်တယ်၊ ဒါနဲ့ သူထွက်ပြေးနေရတယ်"

"ဘုရားရေ၊ ဒါဖြင့် သူ့ကို ပြန်ခေါ်လိုက်ပေါ့"

"မရဘူး၊ သူက ငါ့ကိုမဆက်သွယ်ရဲတော့ဘူး"

"အဖေ့ကိုတောင် သူ မဆက်သွယ်ရဲဘူးတဲ့လား"

"ပွေးကောင်သူလျှိုတစ်ယောက် တို့အဖွဲ့ထဲမှာ ရှိတယ်လို့ ငါ အမြဲပြောတယ်၊ စီအိုင်ဧအဖွဲ့ကြီးစပြီး တည်ထောင်ကတည်းကပေါ့၊ အဲဒီကတည်း





က တို့အဖွဲ့ထဲစိမ့်ဝင်ခဲ့တဲ့ လူတစ်ယောက်၊ ဖို့အနီးနားက လူတစ်ယောက်ဟာ ဖို့ကို ဆောလ် ပြောပြတဲ့အချက်တွေကို အသုံးချပြီး ဆောလ်ကို အမိဖမ်းဖို့ ကြိုးစားနေတယ်"

"ဘာဖြစ်လို့ပါလိမ့်"

"ဆောလ်ဟာ အသတ်ခံရလောက်အောင် ဘယ်လောက်များ အရေးပါနေသလဲဆိုတာ ငါလဲ မသိဘူး၊ သူ တွေ့ရှိတဲ့ ကိစ္စတစ်ခုခုကြောင့်လား၊ ဒါမှမဟုတ် တစ်ယောက်ယောက်ကို သူခြိမ်းခြောက်ခဲ့လို့လား၊ အဲဒီသစ္စာဖောက် ပွေးကောင်ကို ဖမ်းမိမှပဲ ငါလဲသိရမယ်၊ မလွယ်ဘူးကွ၊ ဒီငနဲကို ၁၉၄၇ ခုနှစ်ကတည်းက ငါရှာနေတာ၊ ဒါပေမယ့် ဆောလ်ကိုတော့ ငါ ရှာတွေ့မှဖြစ်မယ်၊ သူ့လုံခြုံရေးအတွက် ငါ အာမခံချက်ပေးရမယ်"

"ဘယ်လိုပေးမလဲ၊ အဖေ့ကို သူ မဆက်သွယ်ခဲ့ရင်၊ သူ့ပို့တဲ့သတင်းကို ဟိုပွေးကောင် သူလျှိုက ကြားဖြတ်နားထောင်ခဲ့ရင် သူ ဆက်သွယ်ရဲပါ့မလား"

အဲလီယော့က နှင်းဆီပွင့်ကို လင်ဗန်းပေါ် ပြန်ချလိုက်သည်။

"ခြင်းတောင်းထဲမှာ ကြက်ဥတစ်လုံးရှိတယ်"

ဂျက်ကီလေယာဉ်က တုံ့ခနဲ လှုပ်ခါသွားသည်။

"အဲဒီကြေးနန်းက ရောမမြို့ကို လွန်ခဲ့တဲ့လေးရက်က ရောက်လာတယ်၊ မင်းဆီကို ပို့လိုက်တာ၊ ဆောလ်ဆီကလို့ ထင်တာပဲ"

ခရစ္စက ခေါင်းညိတ်လိုက်သည်။

"ငါတော့ အဓိပ္ပာယ်မသိဘူး၊ မင်းမပြောချင်လဲ နေပေါ့၊ ဒါပေမယ့် ဟောဒီ နှင်းဆီပွင့်လေးမှာ နားရွက်ရှိပါတယ်၊ ဒါပေမယ့် ဆောလ်ဆီက ကြေးနန်းဟုတ်လို့ သူ့ကို ဘယ်မှာ လာရှာလို့ရမလဲဆိုတာ အသိပေးလိုက်ရင် မင်းလိုက်သွားပြီး သူ့ကိုကယ်တင်ပါ၊ တို့ဆီ ပြန်ခေါ်ခဲ့ပါ၊ သတိတော့ထား"

"ခြော်၊ မဟူရာမင်းသားအချင်းချင်း ကူညီကြရမယ်လား"

"မှန်လိုက်လေ၊ မင်းရဲ့ မွေးစားအဖေက မင်းရဲ့ မွေးစားအစ်ကိုကို ကယ်တင်ဖို့ တောင်းပန်နေတာပဲ၊ မင်းကိုယ်မင်း သတ်မသေသင့်တဲ့အကြောင်း ပြချက်ဟာ ဒါပဲပေါ့"

ခရစ္စက ပြတင်းပေါက်ဘက် လှည့်လိုက်သည်။ နေရောင်ကြောင့် မျက်စိကျိန်းခြင်းထက် သူ့မျက်လုံးတွေ ပိုပြီးကြဲ့သွားသည်။ သူ့မျက်နှာက သုန်မှုန်နေ၏။ သူ့အစ်ကိုကြောင့် သူ သေကြောင်းကြံလို့ မဖြစ်တော့။ သူ့နှလုံးခုန်နှုန်း မြန်လာသည်။

ဆောလ် အကူအညီလိုနေပြီ။ ဤကိစ္စမှအပ ဘယ်အရာမှ အရေး



www.burmeseclassic.com

www.burmeseclassic.com



မကြီး။ သူ့အစ်ကိုက သူ့ကို လိုအပ်နေသည်။

မိမိ အသက်ရှင်နေချင်စရာ တစ်ခုတည်းသော အကြောင်းရင်းကို ရှာတွေ့သွားပြီ။

ထို့ကြောင့် သူက အဲလီယော့ဘက်လှည့်ပြီး

"အဲဒီသဘောပါပဲ"

"ရယ်စရာကောင်းသားကွ၊ ဆောလ်ကို သုတ်သင်ရေးအဖွဲ့တစ်ဖွဲ့က လိုက်နေသလို မင်းကိုလဲ ငှုလျှိုအားလုံးက ဝိုင်းလိုက်နေကြတယ်လေ"

"ဒီရှုပ်ထွေးမှုကို အဖေ သဘောကျတယ် မဟုတ်လား"

"အို၊ ဆောလ်တစ်ယောက် ဘေးရန်ကင်းသွားမှပဲ ငါ စိတ်ချမ်းသာမယ်၊ ကဲ လေယာဉ်မျှုကို ဘယ်နိုင်ငံမှာ ဆင်းခိုင်းရမလဲ"

"အိမ်ပြန်မယ်"

"ဘယ်မြို့လဲ"

ခရစ္စ စဉ်းစားသည်။ အာမခံသေတ္တာလေးမှာ ဆန်တာဖီမြို့၌ရှိ၏။ သို့သော် တိုက်ရိုက်သွားလို့မဖြစ်။ ဆန်တာဖီမြို့နှင့် သိပ်မဝေးသောမြို့မှာ ဆင်းရမည်။ သို့သော်လည်း ရှဲဒိုးတွေကို မျက်ခြည်ဖြတ်လို့ ရမှဖြစ်မည်။

ယခု မိမိနှင့် အဲလီယော့ပြောဆိုသမျှကို လျှို့ဝှက်အသံဖမ်းနားထောင်နေခြင်း ရှိနိုင်သည်မို့ စကားကိုသတိထား၍ ထိန်ချန်ပြောသင့်သည်။

"အယ်လ်ဘာကာကြူမြို့ကို သွားမယ်"

အဲလီယော့ ခါးမတ်လိုက်သည်။ သူ့မျက်လုံးများ တောက်ပသွားသည်။

◆

( ၃ )

ဆန်ဂါဒီခရစ္စတို တောင်တန်းကြီးက အဝေး၌ မားမားမတ်မတ်တည်ရှိနေသည်။ တောင်ထိပ်များမှာ နှင်းခဲဖုံးနေပြီး တောင်စောင်း တောင်နံရံများမှာ ဝက်သစ်ချနှင့် ထင်းရှူးပင်များဖြင့် မည်းမှောင်နေသည်။

နေက ခပ်ကျဲကျဲပူနေသော်လည်း လေက ခြောက်ကပ်ကပ်။

ခရစ္စသည် လမ်းကျဉ်းကလေးထဲမှ လျှောက်သွားလျက်ရှိသည်။ အနီရောင်ကျောက်ပြားခေါင်မိုးနှင့် အုတ်တိုက်အိမ်ပုပုကလေးများ၊ ပန်းဥယျာဉ်များ လမ်းတစ်ဖက်တစ်ချက်စီ၌ တည်ရှိသည်။ ဂိတ်ဝတစ်ခု၏နောက်ကွယ်၌ ရေပန်းတစ်ခုတွေ့ရသည်။ ထင်းရှူးပင်တစ်မျိုးဖြစ်သည့် ပင်ယွန်ပင်ကြီးများ၏ စိမ်းစိုစို အခက်အလက်များက အရိပ်အာဝါသ ကောင်းကောင်း ရရှိစေသည်။

ခရစ္စက လမ်းထောင့်စွန်း၌ ခဏရပ်ပြီး နောက်လှည့်ကြည့်လိုက်သည်။

ယာဉ်အသွားအလာကျဲ၍ ခြေကျင်လျှောက်သူ အနည်းငယ်မျှသာရှိသော ဆန်တာဖီမြို့၏ အထက်တန်းစား ရပ်ကွက်ဖြစ်သည့် ဤအပိုင်းကို သူ ရွေးချယ်ခဲ့ခြင်းမှာ တိတ်ဆိတ်မှုရှိခြင်းကြောင့်ဖြစ်သည်။

မိမိဘာသာ တစ်ယောက်တည်းဖြစ်နေခြင်းအားဖြင့် ရှဲဒိုးလိုက်သူကို အလွယ်တကူရှာတွေ့နိုင်သည်။

အကယ်၍ ကေဂျီဘီ၊ သို့မဟုတ် အမ်အိုင် (၆)၊ သို့မဟုတ် မိမိအား လိုက်ရှာနေသည့် အခြားသူလျှိုအဖွဲ့များက မိမိအား တွေ့သွားခဲ့လျှင်လည်း မိမိ ဤမျှ ခရီးပေါက်အောင် လမ်းသလားခွင့် ရစရာအကြောင်းမရှိပါချေ။ မြင်မြင်ချင်း သတ်ပစ်လိုက်ကြမှာသေချာ၏။ ထို့ကြောင့် ယခုချိန်ထိတော့ ရန်သူက မိမိအနားသို့ ရောက်မလာခဲ့သေးဟု ကောက်ချက်ဆွဲလို့ရသည်။

ဆောလ်ကတော့ အရဲစွန့်ဖို့ ဝန်လေးမည်မဟုတ်။

ခရစ္စမျက်လုံးများ တောက်ပရွှန်းလဲ့လာသည်။ မိမိသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



နောင်တော်ကြီးအတွက် မည်သည့်နည်းနှင့်မဆို အရဲစွန့်ရမည်သာ။ မိမိ၏ မှုဆိုးများအပြင် အခြားသူများကို ဖော်ထုတ်ဖို့ မိမိကိုယ်မိမိ တည်ကြက်လုပ်ဖို့ ဝန်မလေးပါ။

ပွေးကောင်သူလျှိုဟာ ဘယ်သူလဲ။

ဆောလ်ဆီ အဲလီယော့ပေးဖို့တဲ့သတင်းကို ဘယ်သူကြားဖြတ်နားထောင်ခဲ့သလဲ။ ဆောလ်ကို သတ်ပစ်ချင်တာ ဘယ်သူလဲ။

သည်မေးခွန်းတွေကို ခရစ္စဘဝင်မကျ။ ဆောလ်ဘာတွေလုပ်ခဲ့ပါလိမ့်။ ဘာတွေသိခဲ့ပါလိမ့်။ သေချာတာတစ်ခုရှိသည်။

ခရစ္စသည် ပွေးကောင် မကြားမိစေရန် အဲလီယော့ထံ တိုက်ရိုက်ဆက်သွယ်တော့မည် မဟုတ်သဖြင့် ရင်းအနေနှင့် ဆောလ်ကို ဖမ်းချင်ပါက ခရစ္စနောက်မှ လိုက်ဖို့ပဲ ရှိတော့သည်။

ယခုထိတော့ မိမိအား အကဲခတ်ထောက်လှမ်းသည့် သဲလွန်စတစ်ခုမျှ မတွေ့မိသေး။

ခရစ္စသည် နောက်တစ်ချက် ထပ်မံလှည့်ကြည့်ပြီး နောက်ဖေးကွက်လပ်နှင့် ထင်းရှူးပင်များ တစ်စိတ်တစ်ပိုင်းကွယ်နေသည့် ဝရန်တာပါရှိသော အိမ်တစ်လုံးရှေ့မှ ဖြတ်သွားသည်။ တောင်တန်းများဆီ မျှော်ကြည့်ပြီး လမ်းဖြတ်ကူးကာ စပိန် ဘုရားရှိခိုးကျောင်းတစ်ကျောင်းဆီ ချဉ်းကပ်သွားသည်။

ကျောက်လှေကားထူထူကြီးများပေါ်မှနင်းတက်ကာ ရောမစက်သစ်ချသားတံခါးကြီး၏ လက်ကိုင်သံကွင်းကို ဆွဲဖွင့်၍ အေးစက်မှောင်မည်းသည့် ဘုရားကျောင်း ဥပစာခန်းမဆောင်ကြီးထဲသို့ ဝင်သွားသည်။

ဤကျောင်းကို ၁၉၇၃ ခုနှစ်က နောက်ဆုံးရောက်ခဲ့သည်။ ထိုနှစ်က ဘုရားကျောင်းသက်တမ်း နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဘုရားကျောင်းကို အကြီးအကျယ် မွမ်းမံပြင်ဆင်ခဲ့သည်။ ထို့နောက်ပိုင်းတွင် ခရစ္စမျှော်လင့်သည့်အတိုင်း ဘုရားကျောင်းမှာ အများကြီးပြောင်းလဲခဲ့၏။

ပရိတ်တရားရေအေးထားရှိသည့် ကျောက်ရေပန်းတိုင်ဆီသို့ ခရစ္စလျှောက်သွားပြီး လက်ကို ရေထဲနှစ်လိုက်သည်။ ဘုရားစင်ရှေ့ရှိ ရွှေရောင်ဂန္ဓကုဋီတိုက်ဆီလှမ်းကြည့်၍ ကြည်ညိုသည်။

ရင်ဘတ်ပေါ် လက်ဖြင့် လက်ဝါးကပ်တိုင်ပုံလုပ်ပြီး ဘုရားကျောင်းအနောက်ဘက်၊ ခမ္ဗတေးသီဆိုသည့် စင်မြင့်အောက်ဘက်နားရှိ အာပတ်ဖြေသည့် ရှုံငယ်လေးများ တန်းစီနေရာသို့ သူ ချဉ်းကပ်သွားသည်။ ချောမွတ်သည့် ကျောက်သား ကြမ်းပြင်ပေါ်မှ သူ့ခြေသံများက ဘုရားရှိခိုးကျောင်းထဲ၌ ပဲ့တင်





ထပ်သွားသည်။

ထောင့်စွန်းရှိ အာပတ်ဖြေ ရှုံငယ်လေးကို သူ ရွေးလိုက်သည်။ ထိုရှုံငယ်လေးအနီးရှိ ဝတ်ပြုခုံတန်းများ၌ မည်သူမျှမရှိ။ ရှုံငယ်အတွင်းမှ စကားပြောသံများလည်း ထွက်မလာ။

ထို့ကြောင့် သူ အထဲဝင်ကာ တံခါး ပြန်ပိတ်လိုက်သည်။ ဘုရားကျောင်းက အမှောင်ရိပ်လွှမ်းနေသော်လည်း အာပတ်ဖြေရှုံငယ်လေး အတွင်းမှာတော့ ပိန်းပိတ်အောင် မှောင်နေ၏။ ပြီးတော့ အနံ့အသက်ကလည်း ဆို့ဝါးသည်။

သူက အကျင့်ပါနေသည့်အတိုင်း တိတ်ဆိတ်စွာဖြင့် စိတ်ထဲမှ ရေရွတ်လိုက်သည်။

"အို ယေရှုခရစ်တော်၊ တပည့်တော် အကုသိုလ်ပြုလုပ်မိသည့်အတွက် ခွင့်လွှတ်တော်မူပါ"

စစ္စတာစီယံဘုန်းကြီးကျောင်း၊ မိမိအကုသိုလ်များ၊ မိမိကိုယ်ကို သေကြောင်းကြံစည်မည့် အစီအစဉ်များကို သူ ပြန်စဉ်းစားသည်။

ပြီးတော့ သူ ရပ်လိုက်၏။

သူ့ မေးရိုးတွေ တင်းမာသွားသည်။

မိမိ အာရုံထွေပြားလို့ မဖြစ်။

ဆောလ်တစ်ယောက်သာ အရေးကြီးဆုံး။

ရှုံငယ်အတွင်း သံဆန်ခါနှင့် ခန်းဆီးကာထားသည့် တစ်ဖက်ခြမ်းတွင်ရှိနေမည့် ဘုန်းကြီးအား ဒူးထောက်၍ မျက်နှာမူရမည့်အစား သူက ရှုံငယ်၏ ညာဘက်အပေါ်ထောင့်ကို လက်နှင့်စမ်းလိုက်သည်။ မှောင်ထဲမှာ သူ လိုက်ရှာသည်။

နှစ်ပေါင်းအတော်ကြာသွားပြီ။

သူ ချွေးပြန်လာသည်။ မိမိမိုက်မဲရာ ကျလေမလား။ ဤရှုံငယ်လေးကို ပြုပြင်မည့် လက်သမားဆရာတစ်ယောက်ယောက်တွေ့သွားလျှင် မခက်ပေလား။ ဘုတ်နံရံနှင့် ရှုံငယ်၏အမိုးတို့ ထိတွေ့သည့်နေရာရှိ ချိုင့်ခွက်ထဲ လက်နှိုက်၍ သူ ဝှက်ထားသည့် သော့ချောင်းလေးကို ယူလိုက်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com



အသံမြည်လာသည်။ ရီးမတ်ကို လမ်းပေါ်မှာ တွေ့သွားပြီးဟု အချက်ပေးခြင်းဖြစ်၏။

သူက ဘဏ်တိုက်အဝင်ဝကို လှမ်းကြည့်နေသည်။ နေပူလွန်းသဖြင့် သူ့မျက်စိကျိန်းသွား၏။

မိန်းမတစ်ယောက် နေရောင်ကို လက်နှင့်ကာ၍ ဘဏ်တိုက်ထဲမှ ထွက်လာသည်။ အရောင်ခပ်မှိုင်းမှိုင်း ဝတ်ထားသည့် ယောကျ်ားတစ်ယောက် သူမ နံဘေးမှ ဖြတ်ကာ ဘဏ်တိုက်ထဲဝင်သွားသည်။

စားပွဲထိုးမလေးတစ်ယောက်က ဟင်းလျာစာရင်းကတ်ပြားကို ယူလာပေးသောအခါ အရာရှိသည် ကုတ်အကျႌထဲ လက်နှိုက်၍ ရေဒီယိုစက်ကို ခလုတ်နှစ်ချက်နှိပ်လိုက်သည်။

ဘဏ်တိုက်ထဲ ရီးမတ်ဝင်သွားပြီ။

◆

( ၄ )

ဘဏ်တိုက်ကြီးမှာ အမေရိကန်လူရိုင်းတို့၏ နေအိမ်တန်းလျားနှင့် ခပ်ဆင်ဆင်ပုံစံထုတ် တည်ဆောက်ထားခြင်းဖြစ်သည်။ ခေါင်မိုးက ပြားချပ်ချပ်။ အဆောက်အအုံက စတုရန်းပုံဖြစ်ပြီး သဲကျောက်သားအတု နံရံများ ထိပ်ဖျားမှ ယက်မကြီးများမှာ အပြင်သို့ ထိုးထိုးထောင်ထောင်ထွက်နေကြသည်။

ဘဏ်တိုက်ဝင်ပေါက် ဘေးတစ်ဖက်စီ၌ ယူကာ အပင်များ စိုက်ထားသည်။ လမ်းမပေါ်ရှိ မော်တော်ကားများ ဆူညံနေ၏။

မျက်နှာချင်းဆိုင်စားသောက်ဆိုင်အတွင်းရှိ စားပွဲတစ်လုံးတွင် ထိုင်နေသော အရာရှိတစ်ယောက်သည် ပြတင်းပေါက်ကို မျက်နှာမူလျက် ယင်းဘဏ်တိုက်ကြီးကို ကြည့်နေသည်။ ၎င်းသည် ငွေရှင်းပြီး ဆိုင်ထဲဝင်လာသော အခြား အရာရှိတစ်ဦးအား လျစ်လျူရှုကာ ဆိုင်ထဲမှထွက်သွားသည်။ ဒုတိယ အရာရှိကလည်း ၎င်း၏ စားပွဲ၌ပင်ဝင်ထိုင်ကာ ဘဏ်တိုက်ဖြင့် ပြတင်းပေါက်ကို မျက်နှာမူထားသည်။

လမ်းမတစ်လျှောက်တွင် စောင့်ကြည့်အဖွဲ့ဝင်များသည် သမားရိုးကျပုံစံအတိုင်း အသီးသီး နေရာယူထားကြသည်။

လူငယ်တစ်ယောက်သည် လက်ကမ်းကြော်ငြာစာရွက်များ ဖြန့်ဝေလျက်ရှိသည်။ ကုန်ကား မောင်းသမား တစ်ဦးသည် တိုက်တစ်တိုက်အတွင်းသို့ ဂျပ်ဘူးများ သယ်ယူသွားလျက်ရှိသည်။ မိန်းမတစ်ယောက်သည် ဓာတ်ပြားဆိုင်၏ ပြတင်းပေါက်နားတွင်ရပ်ကာ ဓာတ်ပြားများကို လျှောက်ကြည့်နေသည်။ ၎င်းတို့သည် သူများ မသင်္ကာဖြစ်လောက်သည်အထိ မနေကြဘဲ အခြားအဖွဲ့ဝင်များနှင့် လူချင်းလဲရန် ထွက်သွားကြသည်။

စားသောက်ဆိုင်အတွင်း၌ အရာရှိကြီးသည် စီးကရက်တစ်လိပ် မီးညှိလိုက်သည်။ သူ့အိတ်ကပ်အတွင်းရှိ စကားပြောစက်ငယ်လေးမှ 'တီတီ"ဟု



www.burmeseclassic.com

www.burmeseclassic.com

## ( ၅ )

ခရစ္စသည် ငွေသွင်းဌာနနှင့်အပေါင်ဌာနဟု စာတန်းချိတ်ထားသည့် သံလှောင်အိမ်များရှေ့မှ လုံခြုံရေးဝန်ထမ်းတစ်ဦးကို ဖြတ်ကျော်ပြီး ဘဏ်တိုက်အနောက်တက်ခြမ်းရှိ လှေကားမှ ဆင်းသွားသည်။ နံရံများပေါ်တွင် လျှပ်စစ်မီးစိုင်း ပန်းချီကားများ ချိတ်ထားသည်။

ခရစ္စက ကောင်တာတစ်ခုသို့ရောက်သောအခါ စာရေးအား သူ့သော့ကိုပေး၍ ပုံစံစာရွက်တွင် သူ့အမည်ကို ဂျွန်ဟစ်ဂင်းစ် ဟု ရေးဖြည့်လိုက်သည်။

သူနှင့်ဆောလ်တို့ ၁၉၇၃ ခုနှစ်က ဤဘဏ်တိုက်၌ ဓါးလှောတစ်ထောင် အပ်နှံထားခဲ့ကြပြီး အာမခံသေတ္တာ ငှားရမ်းခကို ထိုငွေထဲမှ နုတ်ယူသွားရန် ညွှန်ကြားခဲ့သည်။ ခရစ္စတစ်ယောက် ဤဘဏ်သို့ ယခုမှ ပြန်ရောက်သော်လည်း ဆောလ်ကတော့ အာမခံသေတ္တာငှားရမ်းခနှင့် ဘဏ်လက်ကျန်ငွေတို့ ကွာဟမှု မရှိစေရန် နှစ်စဉ်နှစ်တိုင်းဆက်သွယ်စုံစမ်းခဲ့မည်ဟု ယုံကြည်မိသည်။

စာရေးသည် ပုံစံစာရွက်ကို တံဆိပ်နှိပ်ပြီး လက်မှတ်ထိုးကာ ဘဏ်ရှိ ခရစ္စ၏ လက်မှတ်နမူနာမူရင်းနှင့် တိုက်ကြည့်သည်။

"မစ္စတာဟစ်ဂင်းစ်ခင်ဗျား၊ စကားဝှက်ကို မေးခွင့်ပြုပါ"

"ကမ်းမလော့"

ဟု ခရစ္စက ပြောလိုက်သည်။ စာရေးက ခေါင်းညိတ်၍ နာမည်တေးတွင် ကြက်ခြေခတ် ခြစ်လိုက်ပြီးနောက် ၎င်းက ကောင်တာတံခါးကို ဖွင့်လိုက်၏။

ထို့နောက် အာမခံသေတ္တာငယ်များထားရှိသည့် ရှည်လျားမြင့်မားသော နံရံကြီးတစ်ခုရှိရာ သိုလှောင်တိုက်ခန်း၏ တံခါးမကြီးကိုဖွင့်၍ ခရစ္စအား ခေါ်ဆောင်သွားသည်။ ထိုအခန်းထဲမှာ မီးတွေ ထိန်ထိန်လင်းနေသည်။

စာရေးက ဘဏ်တိုက်ရှိ သော့တူနှင့် ခရစ္စအား ပေးထားသော





သော့တို့ကိုသုံး၍ အာမခံသေတ္တာတစ်လုံးကို ဖွင့်နေစဉ် ခရစ္စသည် စကြံလမ်းအဆုံးရှိ မျက်နှာကြက်မှ ကြမ်းပြင်အထိရှည်သော ကြေးမုံချပ်ကြီးကို လှမ်းကြည့်လိုက်မိသည်။ ခုန်တွေကို သူမကြိုက်။

ထို့ကြောင့် ကြေးမုံချပ်ကြီးကို ကျောခိုင်းကာ စာရေးကမ်းပေးသည့် တံဆွဲကို လှမ်းယူ၍ ရုံငယ်လေးတစ်ခုဆီသို့ သူ သွားသည်။

တံခါးပိတ်ပြီးပြီးချင်း လျှို့ဝှက်ကင်မရာရှိမရှိ မျက်နှာကြက်ကို သူ စစ်ဆေးသည်။ ကျေနပ်သွားမှ အံဆွဲအဖုံးကို လှန်လိုက်၏။

လက်ရေးနှင့်ရေးပို့ခဲ့သော စာမှာ စာဝှက်များပါရှိသည်။

"ဆန်တာဖီတယ်လီဖုန်းရုံ၊ ရှာမင်နှင့် ဂရန့်"

ဟူ၍ အဓိပ္ပာယ်ထွက်သည်။

တယ်လီဖုန်းနံပါတ်ကိုအလွတ်ကျက်ပြီး စာရွက်ကိုဆုတ်ဖြဲကာ အံဆွဲထဲ ပစ်ထည့်၍ အတွင်းမှ မော်ဇာသေနတ်ကိုထုတ်ယူပြီး ခါးကြား ထိုးထည့်လိုက်သည်။ ထို့ပြင် အရေးပေါ်သုံးရန်ထားရှိသည့် ဒေါ်လာငွေနှစ်ထောင်ကိုပါ နှိုက်ယူလိုက်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

( ၆ )

အရာရှိသည် ဟင်းရွက်စိမ်းအသုပ်စုံပွဲကိုစားရင်း ဘဏ်တိုက်ကို စိုက်ကြည့်နေသည်။ ပလက်ဖောင်းနံဘေးသို့ ဖို့ဒ်ဗင်ကားတစ်စီး ထိုးရပ်လိုက်သဖြင့် သူမြင်ကွင်း ကွယ်သွားသည်။ ဗင်ကား၏ လေကာမှန်ချပ်မှ နေရောင်က ရောင်ပြန်လက်နေသည်။

အရာရှိသည် စိတ်ဂနာမငြိမ်စွာဖြင့် တံတွေးမျိုချလိုက်သည်။ သောက်ရေးထဲ၊ ဒီကားကလည်း လာပိတ်နေပြန်ပါပြီ။ မြန်မြန် ထွက်သွားစမ်းကွာ။

သူ မတ်တတ်ထပြီး ဗင်ကားနောက်ပိုင်းမှ ချောင်းကြည့်ကာ ရေဒီယိုစက်ကို ခလုတ်သုံးခါ နှိပ်လိုက်သည်။

ရီးမတ် ဘဏ်တိုက်ထဲက ပြန်ထွက်လာပြီ။

◆

( ၇ )

ခရစ္စသည် ဆန်တာဖီမြို့မြေပုံကို အိတ်ထဲထည့်လျက် ရှာမင်နှင့် ဂရန့်လမ်းဆုံရှိ အများသုံး ဖုန်းရုံလေးထဲသို့ ဝင်သွားသည်။

ဖုန်းရုံလေးဘေးမှ မော်တော်ကားများ တဝှီးဝှီး ဖြတ်သန်းလျက်ရှိသည်။ ခေတ်မီသားနားသော အလှပစ္စည်းနှင့် အထည်ဆိုင်ငယ်လေးများ၏ ပြတင်း ပေါက်များရှေ့တွင် ဈေးဝယ်သူများ ခဏတဖြုတ် ရပ်ငေးနေကြသည်။

တယ်လီဖုန်းရုံ၏ တံခါးကို ပြန်ပိတ်လိုက်သည်နှင့်ဘေးပတ်ဝန်းကျင်မှ အသံများ တိုးသွားသည်။

ဤလမ်းနှစ်လမ်းမှာ အမေရိကန်ပြည်တွင်းစစ်ကြီးတွင် ပါဝင်တိုက်ခိုက်ခဲ့သည့် ဗိုလ်ချုပ်ကြီးနှစ်ယောက်၏ နာမည်များကို အစွဲပြုမှည့်ထားခြင်းဖြစ်သည်။ ဤလမ်းဆုံရှိဖုန်းရုံကို ဆောလ်က နောက်ပြောင်သလို တမင်ရွေးခဲ့ခြင်း ဖြစ်မည်ဟု ခရစ္စတွေးမိသည်။ စိတ်ထဲက သူ ရယ်ချင်သော်လည်း မျက်နှာထားက ခပ်တည်တည်။

ငါနဲ့သူနဲ့ ပြန်ဆုံစည်းကြဦးမှာပါလား။

သူ ပင့်သက်ရှိုက်လိုက်သည်။ စိတ်ဖောကြီးမှုကြောင့် မိမိအာရုံ ပျက်ပြားလို့မဖြစ်။ အကြွေစေ့များထည့်ပြီး အလွတ်မှတ်ထားသည့် ဖုန်းနံပါတ်ကို လှည့်လိုက်သည်။

၂း ၄၆ နာရီရှိပြီဖြစ်ကြောင်း တိပ်ခွေထဲမှ အသံတစ်ခုက ကြေငြာသည်။

မိမိအား နောက်ယောင်ခံလိုက်ခဲ့သော ရှဲဒိုးသည် မိမိအား အတင်းအဓမ္မအကျပ်ကိုင်၍ ဘဏ်တိုက်အာမခံသေတ္တာထဲမှ ငွေကြေနန်းနှင့်ပတ်သတ်၍ ဖွင့်ပြောခိုင်းမည်ဆိုပါက တယ်လီဖုန်းမှ နာရီသံကို ကြားရသဖြင့် ဦးနှောက်ခြောက်သွားပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စအား ဆက်လက်မေးမြန်းနိုင်ရန် အရှင်ဖမ်းထားမည်ဆိုမှသာ ထိုနာရီ၏ အဓိပ္ပာယ်အမှန်ကိုသိအောင် ဖော်ထုတ်ခိုင်း၍ ရပေလိမ့်မည်။

ဘယ်နှစ်နာရီပဲဖြစ်ဖြစ် ခရစ္စအဖို့တော့ အရေးကြီးပေသည်။ တယ်လီဖုန်းရုံ၏နံရံများကို သေသေချာချာကြည့်ရန် သင်္ကေတပြခြင်းတည်း။ နံရံပေါ်တွင် ရေးခြစ်ထားသည့် ပေါက်ကရစာများကြားတွင် မိဘမဲ့ကလေးများ ဂေဟာမှာတုန်းက သူနှင့် ဆောလ်တို့သိခဲ့ဖူးသည့် ရှိုင်းပလတ်စကီးဆိုသည့် ကောင်လေးအား အသိပေးထားသည့်စာကို ခရစ္စရှာတွေ့သွားသည်။

သူက ဘေးသို့ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ သတိကြီးစွာ ထားနေသည့်ကြားမှ မတော်တဆ မိမိအား တစ်စုံတစ်ယောက်က စောင့်ကြည့်နေခဲ့သော်၊ မိမိ စိတ်တက်ကြွကာ မျက်နှာထားပြောင်းလဲသွားပုံကိုတော့ အမြင်မခံနိုင်ပါ။

ထိုညစ်ညမ်းစာတန်းမှာ ဆောလ် ဘယ်မှာရှိကြောင်းရေးပြထားသည့် စာဝှက်ဖြစ်ပေသည်။

◆

( ၈ )

"သူ တယ်လီဖုန်းဆက်တယ်၊ သူ့ကို ညွှန်ကြားချက်တွေပေးလိုက်မှာပေါ့၊ ကျွန်တော်တို့ သူ့ကို အခု ဝင်ဖမ်းလို့ရပြီ"

အရာရှိက လုံခြုံစိတ်ချရသည့် အဝေးပြော တယ်လီဖုန်းလိုင်းမှ ပြောသည်။

"မလုပ်နဲ့၊ သူ ဖုန်းဆက်တာ သိပ်သိသာလွန်းတယ်"

တာဂျီးနီးယားပြည်နယ်၊ ဖောလ်ချပ်မြို့ရှိ မှန်လုံအိမ်အတွင်းမှ တဲလိယော့က ပြန်ပြောသည်။

"သူတို့နှစ်ယောက်က ငါးနှစ်သားအရွယ်ကတည်းက သူတို့ကိုယ်ပိုင်စကားဝှက်တွေ တီထွင်ထားခဲ့ကြတာကွ၊ အခု သူ ဖုန်းဆက်တာ မောင်ရင်တို့ ထွက်လာအောင် တမင်အကွက်ဆင်တာဖြစ်နိုင်တယ်၊ သူ ဖုန်းဆက်တော့ နောက်တစ်နေရာကိုသွားဖို့ လမ်းညွှန်တာဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ အဲဒီနေရာကနေ တခြားတစ်နေရာကို ထပ်ပြီး ညွှန်ဦးမှာ၊ သူ့ကို ဝင်မဖမ်းနဲ့၊ ရိုးမြူးလပ်ကို ဖမ်းမိဖို့က ရီးမတ်နောက်ကလိုက်ဖို့ တစ်လမ်းပဲ ရှိတယ်၊ ဒီမယ်မင်းတို့ကို ရီးမတ် မမြင်စေနဲ့နော်"

◆

www.burmeseclassic.com

www.burmeseclassic.com

( ၉ )

ခရစ္စသည် တီမ်တိုက်ကြီးတစ်ခုကို ကွေ့ရှောင်ကာ အောက်ဘက်ရှိ တောင်တန်းကို ငုံ့ကြည့်ရင်း ယေယာဉ်ပျံကို မြင့်သည်ထက်မြင့်အောင် မောင်းနှင် ပျံသန်းသွားလျက်ရှိသည်။

နှင်းခဲဖုံးနေသည့် တောင်ထိပ်များက မျက်စိတစ်ဆုံး တန်းစီနေ၏။ တောင်ကြားများကလည်း အရပ် ရှစ်မျက်နှာ အနှံ့တည်ရှိကြသည်။ ငှားရမ်းလာသော စက်စ်နာ လေယာဉ်ငယ်ကို အော်တိုပိုင်းလော့ ခလုတ်ပြောင်း၍ ပျံသန်းနေစေပြီး မြေပုံကို လေ့လာသည်။ တောင်ကြားများ၊ တောင်တန်းများကို တစ်လှည့်စီ တွေ့ရသည်။ စမ်းချောင်းများက တောင်ပေါ်မှ စီးဆင်းနေကြ၏။

တယ်လီဖုန်းရုံလေး၏ နံရံပေါ်မှ စာတန်းထဲတွင် လှောင်ကျွံတွင်နှင့် လတ္တီတွဒ်မျဉ်းများအပြင် ထိုနေရာသို့လာရန် နည်းလမ်းကိုပါ စာဝှက်ဖြင့် ဖော်ပြခဲ့သည်။

ခရစ္စသည် ဆန်တာဖီ စာကြည့်တိုက်သို့ သွားကာ ဆောလ်ညွှန်ပြသည့် နေရာကို လိုက်ရှာသည်။ ကော်လိုရာဒို ပြည်နယ်၊ မြောက်ပိုင်း တောင်တန်းဒေသ တစ်ခုဖြစ်ကြောင်း သိရသည်။

ဆန်တာဖီ လေဆိပ်၌ လေယာဉ် ငှားရတာ သိပ်မခက်။ လေယာဉ်မောင်းလိုင်စင်တွင်ပါသော သူ့နာမည် အတုကို သုံးပြီး စပေါ်ငွေပေးချေ၍ အာမခံစာချုပ်ကိုပါ ဝယ်ယူခဲ့သည်။ ဒင်ဗာမြို့သို့ပျံသန်း၍ သုံးရက်အကြာ၌ ပြန်လာပါ့မည်ဟု လေဆိပ်အာဏာပိုင်များအား အကြောင်းကြားခဲ့သည်။

သို့သော် ဝေဟင်ထဲရောက်သည်နှင့် အနောက်မြောက်စူးစူးသို့ လမ်းကြောင်းပြောင်းကာ ဆောလ်ညွှန်ပြထားသည့်တောင်တန်းဒေသအတွင်းရှိ နေရာသို့ ဦးတည်ပျံသန်းသွားလေသည်။

ကောင်းကင်က ကြည်လင်နေသည်။ သူ့စိတ်ကလည်း ပေါ့ပါးနေ





ရာသည်။ လေယာဉ်စက်ခန်းအတွင်း၌ အင်ဂျင်မြည်သံကို ခပ်အုပ်အုပ်သာ ကြားရ၏။

မိမိ သွားလိုသောနေရာသို့ ရောက်ခါနီးပြီ။ ထိုနေရာမှာ တောင်ကြားတစ်ခုအနီး ရေကန်တစ်ကန်၏ နံဘေးဖြစ်သည်။ ကောင်းကင်ပြင်ကို စစ်ဆေးရာ အနီးအနား၌ အခြားလေယာဉ်များ မတွေ့ရသဖြင့် သူ ပြုံးမိသည်။

ဆောလ်ကိုလည်း သတိရသည်။ ထို့နောက် သူ့အလုပ်ကို ချက်ချင်း စတော့သည်။ လေထီးကို ကိုယ်ပေါ် စွပ်လိုက်၏။ လေယာဉ်က တောင်ကြားနှင့် နီးသည်ထက် နီးလာသည်။

ရေကန်နောက်ဘက်ရှိ တောင်တစ်လုံးဆီ ဦးတည်ပြီး စက်ခလုတ်အားလုံးကို ပိတ်သေချိန်ကာ တံခါးဖွင့်၍ လေယာဉ်ပေါ်မှ ခုန်ထွက်လိုက်သည်။

လေအဟုန်က ဝှီးခနဲ တိုးသွားသည်။

လေထီးဖွင့်သည့် ကွင်းကို သူ ဆောင့်ဆွဲလိုက်သည်။ သူ့နောက်ကျောမှ လေထီးပွင့်သွား၏။ လေထီးအတွက် သူ မစိုးရိမ်ပါ။

သူကိုယ်တိုင်ဝယ်ယူပြီး သေသေချာချာ စစ်ဆေးခဲ့ပြီးပြီ။ သူက ကိုယ့်သေနတ်ကိုယ့်ဘာသာ ဆေးကြောသန့်စင်ပြီး ကိုယ်တိုင်ကျည်ဆန်ထည့်ရမှ စိတ်ချတတ်သူ ဖြစ်၏။

လေထီးဖြင့်ဆင်းရင်း လေထဲ၌ သူ့ခန္ဓာကိုယ်ကြီး ဘယ်ယိမ်းညာတိမ်းယိမ်းနွဲ့နေသည်။ ရေကန်နောက်ဘက်တောင်ထိပ်ဆီ သူ လှမ်းကြည့်လိုက်၏။

အော်တို ပိုင်းလော့ဖြင့် လွှတ်လိုက်သော သူ့ လေယာဉ်ကလေးသည် ထိုတောင်ဆီသို့ ချဉ်းကပ်သွားနေဆဲ။

သူက လေထီးကြိုးများကို ဆုပ်ကိုင်ကာ ညာသို့ တိမ်းစောင်း၍ စားကျက်မြက်ခင်းဆီသို့ ဆင်းချသွားသည်။ ထင်းရှူးတော အထက်နား၊ တောင်ကမ်းပါးနှစ်ခုကြားတွင် တဲအိမ်တစ်လုံးကို တွေ့ရသည်။

စားကျက်မြက်ခင်းက ရုတ်ခြည်းကြီးထွားလာသည်။

မြေကြီးပေါ်သို့ သူဖုတ်ခနဲပြုတ်ကျသွားသည်။ ဒူးကွေးပြီး ကိုယ်ကို တစောင်းလှဲချလိုက်သည်။

ဆောင့်ရိုက်သည့်ဒဏ်က လျော့သွားသည်။

လေထီးက လေနှင့်အတူ လွင့်သွားရာ သူလည်း မြက်ခင်းပေါ် ဒရွတ်တိုက် ပါသွားသည်။

မတ်တတ်ထရပ်ပြီး လေထီးကြိုးများကို ဆောင့်ဆွဲကာ လေထီးကို ပြန်သိမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မလုပ်တာကြာလို့ မေ့ကုန်ပြီ"

ထင်းရှူးပင်အရိပ်အောက်မှ ရှတတအသံတစ်သံထွက်လာသည်။

အသံရှင်ကိုမှတ်မိသဖြင့် ခရစ္စက စိတ်တိုဟန်ဖြင့် လှည့်ပြောလိုက်သည်။

"အဲဒါဘာဖြစ်လဲ၊ မင်းက ငါ့ထက်ပိုတော်တယ် ထင်လား"

"ဟုတ်ပါ့၊ မင်းကျွမ်းက ခွေးကျ ကျတာပဲကွ"

"ရေလဆန်ဖြစ်နေတာကိုး"

"အပျော်တမ်းသမားတစ်ယောက်ပီပီ ဆင်ခြေဆင်လက်တွေ ပေးမနေနဲ့"

"ကျေးဇူးမသိတဲ့ခွေးသားတွေဟာ ဒီလိုပဲ၊ ဝေဖန်တတ်တယ်၊ အဲဒီလိုပြောနေမယ့်အစား ငါ့ကို လာကူညီပါလား"

"မင်းအရွယ်လို မကြမ်းတော့ပါဘူးလား"

"ကြမ်းကြမ်း မကြမ်းကြမ်း၊ မင်းမှာ ညီအစ်ကိုဆိုလို့ ငါ တစ်ယောက်တည်းရှိတယ်"

"ဟုတ်သားပဲ၊ မင်းညံ့တာတွေရှိပေမယ့် ငါ မင်းကို ချစ်ပါတယ်ကွာ"

ခရစ္စရင်ထဲ ဆို့နင့်သွားသည်။

"အဲဒီလောက် စိတ်ပျော့ရင် မင်းဘာလို့ ပုန်းနေတာလဲ"

ရှတတအသံ၊ ဆံပင် နက်နက်နှင့် လူသည် သစ်တောထဲမှ ဖြည်းဖြည်းထွက်လာသည်။ သူ့အရပ်က ခြောက်ပေမြင့်ပြီး ခန္ဓာကိုယ်က ကြွက်သားများဖြင့် ကျစ်လျစ် တောင့်တင်းနေသည်။

သူသည် နဖူးရေဒူးရေကောင်းသူ ဖြစ်သည်။

သူကပြုံးလိုက်သည်။ သူ့မျက်လုံးနက်များကတောက်ပြောင်နေသည်။

ဂျင်းနီ ဖျော့ဖျော့၊ အစိမ်းရောင် သိုးမွေးရှပ်အင်္ကျီ၊ လည်ရှည်ဘွတ်ဖိနပ်တို့ကို ဝတ်ဆင်ထား၏။ သူ့လက်ထဲမှာ စပရင်းဖီးလ်ရိုင်ဖယ်တစ်လက်ပါသည်။

"မင်းနဲ့ငါ ဘာကြောင့်များ ရှစ်နှစ်လုံးလုံး ကွဲသွားရတာလဲ ခရစ္စရယ်"

"အလုပ်ကြောင့်ပေါ့"

"အလုပ်ကြောင့် ဟုတ်လား၊ အလုပ်ကြောင့် တို့ ဘဝပျက်သွားတာကွ"

ဆောလ်က စိတ်ပျက်စွာ ပြောလိုက်သည်။

ခရစ္စက ခေါက်ထားသည့် လေထီးကိုပိုက်လျက် ဆောလ်ဆီပြေးကပ်သွားသည်။

"ဘာဖြစ်တာလဲ၊ ဘာ်လို့ မင်းကို သူတို့သတ်ချင်ရတာလဲကွာ"





"အလုပ်ကြောင့်ပေါ့ကွ၊ သူက ငါ့ကိုကျော်နိုင်းသွားပြီ"

"ဘယ်သူလဲ"

"မင်းမသိဘူးလား၊ ဒီလိုမျိုး ဘယ်တော့မှ လုပ်လိမ့်မယ်လို့ ငါတို့ ထင်မထားတဲ့ လူတစ်ယောက်လေကွာ"

"မဖြစ်နိုင်တာ"

"ငါ မင်းကို သက်သေပြမယ်"

သို့သော် ထိုတစ်ဒင်္ဂ၌ ထူးခြားသော အရာတစ်ခုကို ခရစ္စသတိထားမိသည်။ လေထီးကိုလွှတ်ချပြီး ယောကျ်ားပီပီသသ ချောသည့် ဆောလ်၏ မျက်နှာကို သူ စိုက်ကြည့်မိသည်။

သူ့အသက်ပင် ဝအောင်မရှူနိုင်ဘဲ ဆောလ်ကို အားရပါးရဖက်လိုက်မိသည်။ ဆောလ်ကလည်း သူ့ကို တင်းတင်းကျပ်ကျပ် သိုင်းဖက်ထား၏။

တစ်ယောက်၏ အသက်ဝိညာဉ်ကို တစ်ယောက်က စုပ်ယူသကဲ့သို့ ဖြစ်သည်။

ခရစ္စ ငိုချင်သည်။

သို့သော် သူတို့ကြာကြာ ဖက်ခွင့်မရလိုက်ပါ။

ခရစ္စ၏ လေယာဉ်ပျံလေး တောင်နှင့် တိုက်မိပြီး ဝုန်းခနဲ မီးလောင်ပေါက်ကွဲသံကြီး ပေါ်ထွက်လာသဖြင့် ထင်းရှူးပင်များကြားမှ တိုနေရာဆီသို့ နှစ်ယောက်သား ပြိုင်တူ လှည့်ကြည့်မိကြသောကြောင့် ဖြစ်လေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၀ )

"မင်း မှားနေပြီ သူဟာ မင်းရဲ့ရန်သူမဟုတ်ဘူး၊ မင်းကိုရှာဖို့ ငါ့ကို သူလွှတ်လိုက်တာ"

ခရစ္စက လေထီး၊ ခမောက်နှင့် မျက်မှန်များကို ဖွေ့ပိုက်ကာ ထင်းရှူးတောအတွင်းရှိ လူသွားလမ်းအတိုင်း ပြေးတက်သွားသည်။

"ဘာဖြစ်လို့လဲ"

"မင်းကို ကူညီဖို့၊ မင်းကိုပြန်ခေါ်ဖို့"

"ဘာလို့လဲ"

ဆောလ်က ထပ်မေးသည်။

"ရှင်းသားပဲ၊ ပွေးကောင်ဟာ မင်းဆီ အဲလိယော့ ညွှန်ကြားသမျှကို ကြားဖြတ်နားထောင်နေတယ်"

"ပွေးကောင် . . . ဟုတ်လား၊ အဲလိယော့က မင်းကို အဲဒီလိုပြောလိုက် သလား"

ဆောလ်က မဲ့ရွဲ့ကာ ပြောလိုက်သည်။

"မင်းကို ပြန်ခေါ်ဖို့ စိတ်ချရတဲ့နည်းက ငါ့တစ်ယောက်တည်း လုပ်ဖို့ပဲ ရှိတယ်တဲ့"

"သူက ငါ့ကိုရှာလို့မရဘူး၊ ဒါပေမယ့် မင်းကို ငါဆက်သွယ်ဖို့ ကြိုးစားမယ်ဆိုတာ သူ သိတယ်၊ ငါ့ဆီရောက်အောင် မင်းကို သူ အကွက်ဆင်လိုက်တာပဲ"

ထင်းရှူးတောထဲမှနေ၍ ဗွီ ပုံသဏ္ဍာန် တောင်ကမ်းပါးစောင်းနှစ်ခု ကြားတွင် တည်ဆောက်ထားသည့် တဲအိမ်ကလေးကို နေရောင်ခြည်အောက် တွင် ဖွေးလက်စွာ မြင်နိုင်သည်။

"မင်း ဒီနေရာကို ဘယ်လိုများရှာခဲ့သလဲကွာ"

ခရစ္စကမေးရာ ဆောလ်က





"ငါ့ဘာသာဆောက်ထားတာလေ၊ မင်းက ဘုန်းကြီးကျောင်းကို ရွေး တော့ ငါက ဒီတဲအိမ်ကလေးကို ရွေးလိုက်တာပေါ့"

"မင်း ဒီအိမ်ဆောက်တာကြာမှာပဲ"

"ဟုတ်တယ်၊ လပေါင်းမနည်းဘူး၊ အားတဲ့အချိန်မှာ လာလာပြီး ဆောက်တာ၊ အလုပ်တစ်ခုပြီးလို့ အဲလိယော့က ငါ့ကို ဝိုင်ယိုမင်း ဒါမှမဟုတ် ကော်လိုရာဒိုကို လွှတ်လိုက်တဲ့အခါ ငါက သူမသိအောင် ဒီကို လစ်ပြေးလာလေ့ ရှိတယ်၊ ဒါဟာ ငါ့အိမ်ပဲပေါ့ကွာ"

ခရစ္စက မြက်ရိတ်ထားသည့်မြက်ခင်းပြင်ကို ဖြတ်လျှောက်သွားသည်။

"ဒီနေရာကို ဘယ်သူမှမသိတာ သေချာရဲ့လားကွ"

"သေချာပါတယ်"

"ဘယ်လိုပြောနိုင်သလဲ"

"အခုထိ ငါမသေသေးလို့ပေါ့၊ ကဲ မြန်မြန်လုပ်၊ တို့အချိန် သိပ်မရဘူး"

ဆောလ်က တောင်ကြားဒေသ၏ မိုးကုပ်စက်ဝိုင်းအစပ်ဆီသို့ ဖျတ် ခနဲကြည့်ပြီး ပြောလိုက်သည်။

"ဘာအတွက်လဲကွ၊ မင်းဟာက အဓိပ္ပာယ်မရှိဘူး"

ခရစ္စက အူကြောင်ကြောင်နှင့် တဲအိမ်လေးထဲ ဝင်လိုက်သွားသည်။ အထဲမှာ မှောင်ကုပ်ကုပ်။ ဆောလ်ကိုယ်တိုင်မြှုလုပ်ထားသည့် ပရိဘောဂ ပစ္စည်းများ၏ အလှကိုပင် သူ ဂရုတစိုက်ကြည့်ခွင့်မရ။

ဆောလ်ကကြမ်းပေါ်ရှိ မွေ့ရာအိတ်ကြီးကို ကျော်လွှားကာ နောက် ဖေးတံခါးပေါက်သို့ ခေါ်သွားသည်။

တံခါးဝမှ ဥမင်လိုဏ်ခေါင်းတစ်ခု၏ အေးစိမ့်သောလေက တိုးဝင် လျက်ရှိသည်။

"ဒါက မိုင်းတစ်ခုရဲ့လိုဏ်ခေါင်းကွ၊ ဒါကြောင့် ငါ့အိမ်ကို ဒီမှာ ရွေးဆောက်ခဲ့တာ၊ သားရဲတွင်းဆိုတာ အပေါက်နှစ်ပေါက်ရှိရတယ်"

ဆောလ်က မီးလင်းဖိုကို မီးမွှေးလိုက်သည်။ မီးခိုးခေါင်းတိုင်မှ မီးခိုး များတက်သွားသည်။

"မီးခိုးတွေ ငါမလိုပါဘူး၊ သတိဆိုတာ ပိုတယ်လို့ မရှိဘူး၊ ကဲ မင်း လေထီးကြီး ထားခဲ့ကွာ၊ ရော့ ဟောဒီမယ် လက်နှိပ်ဓာတ်မီး"

ဆောလ်က ခရစ္စအား လိုဏ်ခေါင်းထဲခေါ်သွား၏။

လက်နှိပ်ဓာတ်မီး အလင်းတန်းထဲတွင် ခရစ္စသည် မိမိ၏ အသက်ရှူ ငွေ့များကိုပင် မြင်ရသည်။ လိုဏ်ခေါင်းအမိုးကို ပျဉ်ချပ်များဖြင့် ဆောက်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘယ်ဘက်နံရံတွင် ပေါက်တူးနှင့် ဝေါ်ပြားတစ်လက်စီ ထောင်ထားသည်။ ဆောလ်က သတ္တုနံရံကို လက်နှင့်တို့ပြသည်။

"ငွေထွက်တဲ့သတ္တုတွင်းကွ။ ဒါပေမယ့် သိပ်မကျန်တော့ပါဘူး"

လက်နှိပ်ဓာတ်မီးဖြင့် လိုဏ်ခေါင်းအဆုံးကို ထိုးပြသည်။

"ကဲ တို့ အပေါ်တက်ရအောင်"

ဆောလ်က ကျောက်သားထုအတွင်း ချိုင့်ခွက်တစ်ခုကြားမှ ကိုယ်ကို ကျုံ့ဝင်ကာ အက်ကွဲကြောင်းတစ်ခုကြားတွင် ဘွတ်ဖိနပ်ကို ထိုးသွင်း၍ ကုတ်တွယ်တက်သွားသည်။

ခရစ္စလည်း နောက်က လိုက်သွား၏။ ကျောက်သားအစွန်းနှင့် သူ့ကျောကုန်း ခြစ်မိသွားသည်။ ကျောက်သားပြင်က ချောကျိကျိ။ အိတ်ထဲသို့ လက်နှိပ်ဓာတ်မီး ထည့်လိုက်သည်။ တကယ်တော့ လက်နှိပ်ဓာတ်မီး မလိုအပ်တော့။

အပေါ်တွင် အလင်းရောင်ဝင်သော အပေါက်ကလေးတစ်ပေါက်ရှိသည်။ အတော်မြင့်မြင့် တက်ရမှာပါလား။

ဆောလ်က သူ့အပေါ်ရှိ ကျောက်တုံးချွန်တစ်ခုဆီ ကုန်းလိုက်ရာ အလင်းရောင်ကွယ်သွားသည်။

ဆောလ်ဖယ်လိုက်မှ ခရစ္စလည်း အလင်းရောင်ကို ပြန်မြင်ရသည်။

"ငါ့နောက်လိုက်လာတဲ့လူရှိတယ်ထင်နေလား"

"အေး၊ ထင်တယ်"

ခရစ္စက ကျောက်တုံးချွန်ဆီ လက်လှမ်းလိုက်သည်။

"ငါတော့ မထင်ဘူး"

"မင်းနောက်လိုက်ချောင်းမယ့်အုပ်စုက အတော်ဆုံးတွေဖြစ်ရမယ်"

ခရစ္စလက်ထဲမှ ကျောက်ခဲ ပဲ့သွားသည်။ ခရစ္စငြိမ်နေလိုက်၏။

"ဒါပေမယ့် မင်းကို ငါလိုက်ရှာနေမှန်း ဘယ်သူမှမသိပါဘူး"

"အဲလီယော့သိတယ်"

"မင်းက အဲလီယော့ကိုပဲ စွပ်စွဲနေတယ်၊ မင်းကလွဲလို့ ငါယုံတာ သူပဲရှိတယ်"

"ဟုတ်တယ်၊ အဲဒါ မင်းရောငါပါ မှားတာပဲ"

ဆောလ်က ခါးသီးစွာပြောလိုက်သည်။ ကျဉ်းမြောင်းသော အလင်းရောင်တန်းနောက်ကွယ်၌ သူ့သဏ္ဍာန် ပျောက်သွား၏။

ခရစ္စက အပေါ်သို့ဆက်၍ ကုပ်တွယ်တက်နေဆဲ။





အလင်းရောင်က ပိုကျယ်ပြန့်လာသည်၊ ပိုတောက်ပလာသည်။ အပေါက်ဝနားအရောက်တွင် သူ ခဏနားလိုက်သည်။ တစ်ကိုယ်လုံး ချွေးတွေရွှဲနေ၏။

ဆောလ်ကို သူချောင်းကြည့်သည်။ ဆောလ်သည် ခြုံနွယ်များကို ကွယ်လျက် တောင်ကြားဒေသကို အကဲခတ်နေသည်။

"ငါ တခြားလေယာဉ်ဖျံတွေ မတွေ့မိဘူးကွ"

"မင်းဘေးမှာမရှိပေမယ့် မင်းရဲ့အပေါ်မှာရှိခဲ့ရင်ကောကွာ၊ ဥပမာ ပေလေးသောင်း အမြင့်က လိုက်လာတဲ့ ယာဉ်ထောက်လေယာဉ်တစ်စင်း မရှိနိုင်ဘူးလား၊ သူတို့က မင်း မမြင်အောင် နောက်က ခပ်လှမ်းလှမ်းခွာပြီး လိုက်မယ်၊ အမိန့်မရမချင်းစောင့်မယ်ဆိုရင်ကော"

ခရစ္စက ဆောလ်ရှိရာ ခြုံဖုတ်အနားသို့ လေးဖက်ထောက်သွားသည်။

"မင်း ငါ့ကို သက်သက် အကွက်ဆင်တာပဲကွာ၊ ငါ့ကို တခြားနေရာမှာ ချိန်းတွေ့လို့ရသားနဲ့"

သူက ဒေါနှင့်မောနှင့် ပြောလိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် ဒီမှာ သေသေချာချာ ကြိုတင်ကာကွယ်မှုတွေလုပ်ထားမှ မင်းယုံမယ်၊ မင်းယုံအောင် ငါ သက်သေပြရမယ်"

"ဘာကို သက်သေပြမှာလဲ"

"ငါက မင်းသိမယ်မှတ်တာ"

ထိုအခိုက် တောင်ကမ်းပါးကြီးများမှ ပဲ့တင်ရိုက်ခတ်၍ တဖြည်းဖြည်းကျယ်လောင်လာသော အင်ဂျင်စက်သံကြီးများကို ကြားရသည်။

ရဟတ်ယာဉ်လေးစင်း။ ဟျူဝီအမျိုးအစား ရဟတ်ယာဉ်များဖြစ်သည်။

ဒီယက်နမ်ကို သူ ဖျတ်ခနဲ သတိရသည်။

"ဘုရား ဘုရား"

အောက်ဘက်တွင် ဆောလ်၏ တဲအိမ်လေးမှ မီးခိုးတလူလူ ထွက်နေသည်။ တောင်ကြား တစ်ဘက်ခြမ်းတွင် ရဟတ်ယာဉ်လေးစင်းက တိုက်ခိုက်ရန်အတွက် ပူးကပ်၍ အသင့်နေရာယူလိုက်ကြပြီ။

ခေါင်းဆောင် ရဟတ်ယာဉ်က ဒုံးကျည်တစ်စင်း ပစ်လွှတ်လိုက်သည်။

တဲအိမ်ရှေ့ ကွက်လပ်ကလေးပေါ် ကျရောက်ပြီး ဝုန်းခနဲ ပေါက်ကွဲသွားသည်။

အခြား ရဟတ်ယာဉ်များကလည်း တဲအိမ်အနားသို့ ဖျံဝဲကပ်လာပြီး ဒုံးကျည်များဖြင့် ဝိုင်းပစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒိုးကျည်ပေါက်ကွဲသံများကြားမှ ၅၀ ကယ်လီဘာ စက်သေနတ်များ ပစ်ခတ်သံကိုလည်း ခရစ္စကြားရသည်။

တဲအိမ်လေး တစ်စစီဖြစ်သွား၏။

တုန်ခါလှိုင်းများက တောင်ကြားဒေသတစ်ခုလုံးကို ရိုက်ခတ်လှုပ်ခါသွားသည်။

ရဟတ်ယာဉ်များက ရှေ့တိုးလာပြီး တဲအိမ်တည်ခဲ့သည့် မြေတွင်းချိုင့်ခွက်ကြီးကို စက်သေနတ်များနှင့် ဝိုင်းပစ်နေကြဆဲ။

တောင်ကုန်းပေါ်မှာရှိနေသည့်တိုင် ခရစ္စနားတွေ အူသွားသည်။

"ငါ့ကိုလုပ်ကြံတာ နှစ်ခါရှိပြီ၊ မအောင်မြင်ဘူး၊ ဒီတစ်ခါတော့ သေချာအောင် လုပ်လိုက်ကြတာပဲ"

ဆောလ်က အံကြိတ်၍ ပြောသည်။

ရဟတ်ယာဉ်များ နောက်ပြန်လှည့်၍ ဆုတ်ခွာသွားကြပြီး စားကျက်မြက်ခင်းအထက် ပေနှစ်ဆယ်အမြင့်၌ ဝဲနေကြသည်။

ရဟတ်ယာဉ်တစ်စင်းပေါ်မှ ကြိုးလှေကားနှင့် လူတစ်ယောက် ဆင်းလာသည်။ အရောင်ဖျော့ဖျော့ အဝတ်အစားများ ဝတ်ဆင်ထားသည်။

ကျောပေါ်၌ အော်တိုမက်တစ် ရိုင်ဖယ်တစ်လက် လွယ်ထားသည်။

အခြား ရဟတ်ယာဉ်များပေါ်မှလည်း ရင်းကဲ့သို့ပင် ရိုင်ဖယ်နှင့်လူများ အသီးသီး ဆင်းလာကြသည်။

ပုစဉ်းများပေါ်မှ ပင့်ကူများဆင်းလာပုံနှင့်တူ၏။ စားကျက်မြက်ခင်းပေါ်ရောက်သောအခါ ရေကန်ကြီးကို ကျောပေးလျက် ရိုင့်ဖယ်များလက်ထဲကိုင်ကာ ဂ ယ်ပုံ နေရာယူကြသည်။

"စာအုပ်ကြီးအတိုင်းပဲ"

ခရစ္စက မှတ်ချက်ချသည်။

"အိမ်ထဲမှာ တို့ရှိမရှိ သူတို့အသေအချာမသိဘူး၊ တို့အန္တရာယ်ရှိတုန်းပဲလို့ သူတို့ယူဆထားတယ်၊ ဘယ်နှစ်ယောက်ပါသလဲ"

"ဆယ်ခြောက်ယောက်"

"ဟိုမှာကြည့်စမ်း"

ဆောလ်က လက်ညှိုးထိုးပြသည်။

ရဟတ်ယာဉ်တစ်စင်းပေါ်မှ လူတစ်ယောက်က ခွေးတစ်ကောင်ကို ပုခက်ဖြင့်ချပေးနေသည်။ ဂျာမန်သိုးထိန်းခွေးကြီးတစ်ကောင်ဖြစ်၏။ အခြားယာဉ်ပေါ်မှလည်း နောက်ခွေးတစ်ကောင် ချပေးကြသည်။





မြေပြင်ပေါ်မှ လူနှစ်ယောက် ရိုင်ဖယ်များ မြန်လွယ်ပြီး ခွေးများကို ပုခက်ပေါ်မှ ဆင်းခိုင်းသည်။ ရဟတ်ယာဉ်နှစ်စင်း တောင်ကြား အစွန်အဖျားဘက် ပြန်ဆုတ်သွားကြသည်။

လက်ရွေးစင် ကွန်မန်ဒို တပ်ဖွဲ့တိုင်းသည် ခွေးတစ်မျိုးစီ စိတ်ကြိုက်မွေးထားကြပေသည်။ ရေတပ်မှ ဆီးလ်တပ်ဖွဲ့သည် အုမ်လိုက်သည့် ပူဒယ်လ်ခွေးများကိုသုံးပြီး ရိန်းဂျားတပ်ဖွဲ့က ဒိုဘာမင် ခွေးကြီးများကို မွေးထားကြသည်။

"ဂျာမန် သိုးထိန်းခွေးတွေ ခေါ်လာပုံ ထောက်တော့ သူတို့ဟာ အထူးတပ်ဖွဲ့ဝင်တွေဖြစ်ရမယ်"

ခရစ္စက ရေရွတ်လိုက်သည်။

ခွေးကြီးများသည် လူနှစ်ယောက်နှင့်အတူ သစ်ပင်များဆီပြေးသွားသည်။ အခြားစစ်သားများက ကာပစ် ပစ်ပေးဖို့ သေနတ်များကို အသင့်ကိုင်ထားကြသည်။

စစ်သားလေးယောက်အုပ်စုတစ်စု သစ်တောထဲ ပြေးဝင်သွားသည်။ ပြီးတော့ ငါးယောက်အုပ်စု နှစ်စု ဆက်လိုက်သွားသည်။

ခရစ္စက သစ်ပင်များကြားမှ စစ်သားများ ထွက်အလာကို စောင့်ကြည့်နေသည်။

"ငါတို့ မလွယ်ဘူးကွာ၊ ငါ့မှာ ဟောဒီ မော်ဇာပစ္စတိုတစ်လက်ပဲ ပါတယ်၊ မင်းမှာလဲ စပရင်းဖီးလ်ရိုင်ဖယ်တစ်လက်ပဲ ရှိတယ်၊ တို့မှာ ဒီထက်ကောင်းတဲ့ လက်နက်အင်အား အပြည့်အစုံရှိရင်တောင် . . ."

"အို သူတို့နဲ့ ငါတို့ တိုက်ခိုက်စရာမလိုပါဘူး"

"ခွေးတွေက ငါတို့ကို လိုဏ်ဂူထဲအထိ အနံ့ခံလိုက်လာလိမ့်မယ်။ အဲဒါဆို သူတို့က တို့ဘယ်သွားလဲဆိုတာ သိသွားမယ်၊ ရဟတ်ယာဉ်တွေကို ဟောဒီချောက်ကမ်းပါးကြီး ဖြိုချဖို့ အကြောင်းကြားလိုက်မယ်၊ ပြီးတော့ သူတို့ ဒီပေါ်တက်လာပြီး ငါတို့ကို အပြတ်ရှင်းလိုက်ရုံပဲ"

ခရစ္စက သူတွယ်တက်လာခဲ့သည့် လိုဏ်ခေါင်းပေါက်ဝဆီ လှည့်ကြည့်ရင်းပြောသည်။

"မပူပါနဲ့၊ ငါတို့ လုံခြုံပါတယ်ကွ"

ခရစ္စက စောဒကတက်မည်အပြု ဆောလ်က သစ်ပင်များဆီ ဆတ်ခနဲ လက်ဝှေ့ယမ်းပြလိုက်သည်။

လူတစ်ယောက်ထွက်လာပြီး ဆောလ်တို့ရှိသည့်နေရာ သို့မြအောင် သေနတ်ဖြင့် ရမ်းသန်းပစ်ခတ်လိုက်သည်။ ထိုလူက မီးလောင်နေသော



www.burmeseclassic.com

www.burmeseclassic.com



တဲအိမ်နားသို့ ချဉ်းကပ်သွားစဉ် နောက်လူနှစ်ဦး ထွက်လာသည်။

"သူတို့ကိုယ် သူတို့ ဟုတ်လှပြီထင်နေတယ်၊ ခွေးတွေက အိမ်ကို တန်းပြီး လိုက်လာကြတာပဲ"

ခေါင်းဆောင်က သစ်သားစအကျိုးအပဲ့များ နောက်ဘက်ကျောက်နံရံသို့ လက်ညှိုးထိုးပြသည်။

"လိုဏ်ခေါင်းတွေကို တွေ့သွားပြီ"

"ငါတို့လစ်မှ"

"နေဦး"

"ဟာ ခုက္ခပါပဲ"

ခေါင်းဆောင်ဆီသို့ လူငါးယောက်ရောက်လာသည်။ သူတို့က ချောက်ကမ်းပါးအနားသို့ တိုးကပ်သွားသည်။ ကမ်းပါးထိပ်မှာရှိသော ခရစ္စလည်း ကောင်းကောင်းမမြင်ရတော့။

ရဟတ်ယာဉ်များကား တောင်ကြားအစွန်းတွင် ဝဲနေကြဆဲ။

ဆောလ်က နောက်ဆုတ်ပြီး လိုဏ်ခေါင်းပေါက်ဝမှ နားစွင့်ကြည့်လိုက်သည်။ ခရစ္စကတော့ နားမလည်သဖြင့် မျက်မှောင်ကုတ်နေသည်။

ဆောလ်က သူ့ကို ပြုံးပြပြီး လိုဏ်ခေါင်းထဲမှ အသံများကို လက်ညှိုးထိုးပြသည်။

ဆောလ် ဘာတွေသဘောကျနေပါလိမ့်။ ခရစ္စ စဉ်းစားလို့မရ၊ ထိုအချိုက် ဆောလ်က ရေဒီယိုစက်ကလေးကို အိတ်ထဲမှ နှိုက်ယူပြီး ခလုတ်နှိပ်ချလိုက်သည်။

ခရစ္စသည် မြေကြီးတုန်ခါမှုကို ရင်ဆိုင်ဖို့ အသင့်ပြင်ထားသည်။

လိုဏ်ခေါင်းအောက်၌ ဝုန်းခနဲ ပေါက်ကွဲသွားသည်။

မြေကြီးပေါ် လှိမ့်ပြီး ကမ်းပါးအောက်ဘက်ရှိ တဲအိမ်ဖျက်ကလေးကို ငုံ့ကြည့်သည်။ မြက်ခင်းကွက်လပ်ပြင်ဆီသို့ ကျောက်တုံး ကျောက်ခဲအပိုင်းအစများ လွင့်စဉ်ထွက်လာသည်။ ဖုန်အလိမ်းလိမ်း ထသွားသည်။

"ခြောက်ယောက် ကျသွားပြီ ဆယ်ယောက်ကျန်သေးတယ်"

ဆောလ်က ပြောသည်။

"လိုဏ်ခေါင်းထဲမှာ မင်း ဗုံးထောင်ခဲ့တာကိုး"

"ထွက်ပြေးမယ့်လမ်းကို ကာကွယ်ထားဖို့ အဲလိယော့က အမြဲပြောတယ်၊ အခု သူ့နည်းနဲ့သူ့ကို ငါ ပြန်ဆော်လိုက်တာလေ၊ ငါ့ကို သူသတ်ချင်နေတယ်ဆိုတာ မင်းယုံသွားပြီလား"





ခရစ္စက စိတ်ပျက်စွာဖြင့် ခေါင်းညိတ်ပြပြီး အောက်ဘက်သစ်ပင်များဆီ စိုက်ကြည့်လိုက်သည်။ ထင်းရှူးတောထဲမှ အခြားလူများသည် ကျောက်ခဲများပြိုကျနေသည့်လိုဏ်ခေါင်းဆီသို့ ပြေးလာကြသည်။

"မင်းကို ငါ လိုက်ရှာတာ ဘယ်သူမှမသိဘူး၊ လက်စသတ်တော့ သူ ငါ့တို့ အသုံးချလိုက်တာပဲ၊ သူက ငါ့ကိုလဲ သတ်ဖို့ကြံခဲ့သေးတယ်၊ တောက် ဘာလို့လဲကွာ၊ သူဟာ ငါတို့အတွက် . . ."

"ငါသိတယ်၊ သူဟာ ငါတို့ရဲ့အဖေရင်းတစ်ယောက်လိုပါပဲ"

ကွက်လပ်ထဲတွင် လူတစ်ယောက်က စစ်ထပ်သုံး ရေဒီယိုစက်ဖြင့် စကားပြောနေသည်။

ရဟတ်ယာဉ်များ ကွက်လပ်ဆီသို့ ပျံသန်းချဉ်းကပ် လာကြ၏။

သစ်တောအစပ်တွင် ဂျာမန်သိုးထိန်းခွေးကြီးများက အစောင့်တာဝန်ယူထားကြဆဲ။

"တဲ ဟိုနားနဲ့တွေ လိုဏ်ခေါင်းနားရောက်နေပြီ၊ ငါတို့ ဒီက လစ်ကြစို့"

ဆောလ်ကပြောပြီး နောက်ပြန်ဆုတ်သည်။

ခရစ္စက သူ့နောက်ကလိုက်သည်။ ဆောလ်က ရေဒီယိုစက်၏ခလုတ်ကို ထပ်နှိပ်လိုက်ပြန်၏။

"မျက်လှည့်တစ်ကွက် ထပ်ပြလိုက်ဦးစို့"

ခရစ္စနောက်ဘက် တောင်ကမ်းပါးဆီမှ ပေါက်ကွဲသံကြီးကြောင့် ဆောလ်စကားကိုပင် သဲသဲကွဲကွဲ မကြားလိုက်ရ၊ တုန်ခါလှိုင်းများက သူ့ကို ရှေ့သို့ ယိုင်သွားစေသည်။ သူ့နားနှစ်ဘက်ကို လက်နှင့်ဖိအုပ်ထားလိုက်ရသည်။

တော်လဲသံလို အသံကြီးမြည်ဟည်းလာပြီး အောက်ဘက်ရှိ စစ်သားများပေါ်သို့ တောင်ကမ်းပါးကြီးပြိုကျသွားသည်။ လူအော်သံများကို ခရစ္စကြားရသည်။

"ဒီလောက်ဆို ကျန်တဲ့ကောင်တွေ ဖြန့်သွားလောက်ပြီ"

ဆောလ်ကပြောပြီး ရေဒီယိုစက်ကို လွှင့်ပစ်ကာ ပြေးထွက်သွားသည်။

"ရဟတ်ယာဉ်တွေကို ဘယ်လို လုပ်မလဲ"

"ငါ့တာဝန်ထားစမ်းပါ"

သူတို့နှစ်ယောက် မြူတောထဲမှ တိုးသွားသည်။ ပါးစပ်ထဲ ဖုန်တွေဝင်လာသည်။ နေပူလွန်းသဖြင့် သူ မျက်စိကျိန်းနေသည်။

ရဟတ်ယာဉ်များက လျင်မြန်စွာ ချဉ်းကပ်လာကြသည်။

ဆောလ်က သူ့ကို အခြားတောင်ကြားတစ်ခုသို့ သစ်ပင်ရှုထပ်သည်



www.burmeseclassic.com

www.burmeseclassic.com



ကုန်းလျှောအတိုင်း လမ်းပြခေါ်သွားသည်။ သစ်ပင်ရိပ်များအောက်၌ မိမိနဖူးမှ ချွေးစို့နေကြောင်း ခရစ္စသတိထားမိ၏။

"ရဟတ်ယာဉ်တွေ ဘယ် ဗျူဟာနည်းကို သုံးမလဲဆိုတာ ထုစ်မိနစ် လောက်အတွင်း ဆုံးဖြတ်လိမ့်မယ်၊ တစ်စင်းကတော့ ဒဏ်ရာရတဲ့သူတွေကို ဆင်းရှာမှာပဲ"

ဆောလ်က အသက်ပြင်းပြင်းရှူရင်းပြောသည်။

"ဒါဆို သုံးစင်းကျန်မယ်"

"ငါတို့ အဲဒီ့ တောင်ကုန်းပေါ်မှာရှိဦးမယ်လို့ သူတို့ထင်မှာပဲ၊ သူတို့ ဒီတောင်ကြားဘက် လာကြလိမ့်မယ်"

"သူတို့ စစ်ကူတွေမလာခင် ငါတို့ခြေကျင်ပြေးလို့ လွတ်မယ်မထင်ဘူး၊ အနံ့ခံခွေးတွေနဲ့ လိုက်ကြမှာ"

"မှန်တယ်"

ဆောလ်က ကုန်းလျှောအောက်ရောက်သောအခါ စမ်းချောင်းတစ်ခု ကိုဖြတ်၍ ချောင်းရိုးအတိုင်း ပြေးသွားသည်။ ခရစ္စက နောက်ကလိုက်သွား သည်။ ဘောင်းဘီရေစိုသဖြင့် ခြေထောက်တွေ အေးလာသည်။

ရွှံ့နားတွင် သစ်လုံးများပုံထားရာ၌ ဆောလ်က ရပ်လိုက်သည်။

သစ်လုံးကြီးတစ်လုံးနှင့် ချုံဖုတ်များကို သူကဆောင့်ဆွဲသည်။

"ငါ့ကိုလာကူစမ်း"

ခရစ္စက သစ်လုံးကို ဝိုင်းမပေးသည်။

"ဘာလုပ်ဖို့လဲ"

ဆွဲနေသည့် သစ်လုံးကြီးကို ဖယ်လိုက်သောအခါ ပလတ်စတစ်စဖြင့် ဖုံးအုပ်ထားသည့်အရာဝတ္ထုတစ်ခုကို တွေ့ရသည်။

ဘာကြီးလဲဟုမမေးခင် ဆောလ်က ပလတ်စတစ်စကို ဆွဲလှန်လိုက် သည်။

ခရစ္စရယ်ချင်သည်။

ဘီးလုံးကြီးများပါသော ဆိုင်ကယ်တစ်စီးဖြစ်သည်။ ကြမ်းတမ်းသော မြေမျက်နှာပြင်ပေါ်၌စီးရန် သင့်လျော်သည်။

"မင်း ဘယ်လိုများ . . ."

"ငါ ဒီတောထဲ အဝင်အထွက်လုပ်တဲ့အခါ ဒီဆိုင်ကယ်ကို သုံးနေ ကျပဲ၊ ဒါပေမယ့် ငါ့ရဲ့အိမ်ကလေးနားမှာ သိမ်းမထားဘူး၊ သူများမသင်္ကာဖြစ်မှာ စိုးလို့"





ဆောလ်က ဆိုင်ကယ်ကိုမပြီး သစ်ကိုင်းခြောက်များကြားမှဆွဲထုတ် လာသည်။ သစ်တောအတွင်း လက်ညှိုးထိုးပြပြီး

"ဟောဟိုတောင်ကြားကို ဖြတ်တဲ့လမ်းတစ်ခုရှိတယ်၊ ရဟတ်ယာဉ် တွေက အဲဒီတောင်ကြားကို နှစ်ပိုင်းခွဲပြီး ရှာကြလိမ့်မယ်"

"ဒါပေမယ့် သူတို့စက်သံတွေကြောင့် ငါတို့ဆိုင်ကယ်သံကို ကြားမှာ မဟုတ်ဘူး၊ ငါတို့ သစ်ပင်တွေကြားက ပုန်းလျှိုး ကွယ်လျှိုးသွားရင် သူတို့ ဘယ်နည်းနဲ့မှ မမြင်နိုင်ဘူး"

ခရစ္စက ပြောသည်။

"ကဲ ဆိုင်ကယ်ပေါ်တက်"

ဆောလ်က ဆိုင်ကယ်သော့လှည့်ပြီး စက်နှိုးလိုက်သည်။

နောက်တစ်ချက်ခြေနှင့်နှိုးမှ ဆိုင်ကယ်စက်နိုးပြီး အသံညက်လာ သည်။

"ရော၊ ငါ့ရိုင်ဖယ်ယူထား"

"ဒီရိုင်ဖယ်က ရဟတ်ယာဉ်ကို ဘယ်ယှဉ်လို့ရမှာလဲ"

ဆောလ်က ဘာမျှပြန်မပြော။

ဂီယာကိုနင်း၊ ကလပ်ကိုလွှတ်ကာ စက်ရှိန်မြှင့်၍ မောင်းထွက် လိုက်သည်။

ဆိုင်ကယ်က အဖုအထစ်များသည့် မြေပြင်ပေါ်မှ ခုန်ဆွ ခုန်ဆွ ပြေးသွားသည်။ ဝက်ပါဆန်သော သစ်ပင်များကြားမှ ကွေ့ပတ်ဖြတ်သန်းသွား ကြသည်။ သစ်ပင်ရိပ်များက လင်းလိုက် မှိန်လိုက်ဖြစ်နေသည်။

လူသွားလမ်းလေးပေါ်ရောက်သောအခါ ဆောလ်က ဆိုင်ကယ် အရှိန်ကို ထပ်မြှင့်သည်။ မျက်နှာလေတိုးခံရသဖြင့် ငယ်ငယ်ကအကြောင်းတွေ သတိရပြီး ခရစ္စရယ်ချင်စိတ်ပေါက်လာသည်။

မိမိတို့ ခေါင်းပေါ်တည့်တည့်မှ မိုးချုန်းသံလို အသံကြီးတစ်ခုကို ကြားလိုက်ရသဖြင့် ခရစ္စလန့်သွားသည်။

ကြောက်မက်ဖွယ်ကောင်းသော အစိမ်းသဏ္ဍာန်ကြီးတစ်ခု သစ်ပင်များ ပေါ်မှ ရွှတ်ခနဲဖြတ်ကျော်သွားသည်ကို မြင်လိုက်ရသည်။

လမ်းကလေးက ကုန်းလျှောပေါ်မြင့်တက်လာသည်။ ကုန်းလျှောထိပ် ရောက်သောအခါ ဆောလ်က ကွက်လပ်လေးတစ်ခုဆီသို့ ဦးတည်မောင်းသွား သည်။ ခရစ္စက ကျန်ရစ်ခဲ့သော တောင်ကြားသို့ နောက်ပြန်လှည့်ကြည့်မိသည်။

ရဟတ်ယာဉ်နှစ်စင်းသည် တောင်ကြားအလယ်ပိုင်းနှင့် အစွန်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်တို့တွင် ရှာဖွေရန် လမ်းခွဲလိုက်ကြပြီ။ သည်ဘက်ခြမ်းမှာတော့ ခုနက ခေါင်းပေါ်မှ ဖြတ်ပျံသွားသည့် ရဟတ်ယာဉ်မှာ မိမိတို့ကို မမြင်လိုက်ချေ။

လမ်းကြောင်းက အောက်သို့ နိမ့်ဆင်းသွားပြန်သည်။ ဆောလ်က ဆိုင်ကယ်ကို လမ်းအတိုင်းမြွေလိမ်မြွေကောက် ထိန်း၍ ဆင်းချသွားသည်။

ရဟတ်ယာဉ်သံကို ကြားရပြန်သည်။

ခရစ္စက

"ပြန်လှည့်လာပြီကွ၊ သေချာအောင် ပြန်စစ်မလို့ထင်တယ်"

အမဲလိုက်သမားများသုံးသည့် ဤလမ်းကလေးမှာ တောင်ကြားနှစ်ဘက်ခြမ်းနှင့် ဆက်စပ်နေသော မြက်ခင်းပြင်ကျယ်အစပ်နားအထိ ရောက်နေသည်။

ဆောလ်က ဆိုင်ကယ်ကိုရပ်ပြီး

"ငါတို့ အဲဒီကဖြတ်ရင် သူတို့မြင်သွားလိမ့်မယ်၊ တို့ ဒီမှာလဲနေလို့ မဖြစ်ဘူး၊ ညအထိတို့စောင့်နေရင် သူတို့ခွေးတွေနဲ့ နောက်တစ်ဖွဲ့ခေါ်ဖို့ အချိန်ရသွားဦးမယ်"

အပေါ်မှ ရဟတ်ယာဉ်ကြောင့် အနီးအနားရှိ သစ်ပင်များ လှုပ်ခါယိမ်းနွဲ့သွားကြသည်။

၅၀ ကယ်လီဘာ စက်သေနတ်ကျည်ဆန်များ ထိမှန်ခံရဖို့ ခရစ္စက အသင့်ပြင်ထားရှိသည်။

ဆောလ်က ခရစ္စလက်ထဲမှ စပရင်းဖီးလ်ရိုင်ဖယ်ကြီးကို ပြန်ယူလိုက်ပြီး

"သူတို့ ငါ့ဆီဘယ်လိုလာကြမလဲ မပြောတတ်ဘူး၊ ခြေကျင်လား ရဟတ်ယာဉ်နဲ့လား"

သူက ရိုင်ဖယ်မောင်းကိုဖြုတ်၍ အတွင်းမှခုန်ထွက်လာသော ကျည်ဆန်ခွံကိုလက်နှင့်ဖမ်းကာ အိတ်ထဲမှ ကျည်ဆန်တစ်တောင့်ထည့်လိုက်သည်။ ပြီးတော့ မောင်းတင်လိုက်၏။

ထို့နောက် ဆိုင်ကယ်ကို အရှိန်ခပ်မျှားမျှားတင်ကာ စားကျက်မြက်ခင်းပေါ်မှ ဖြတ်မောင်းသွားသည်။

ခရစ္စက နောက်လှည့်ကြည့်လိုက်ရာ မိမိတို့ဘက်ဆီသို့ လှည့်ပျံဝဲလာသော ရဟတ်ယာဉ်ကို မြင်လိုက်ရလေသည်။

"ငါတို့ကို တွေ့သွားပြီ"

ဆောလ်က ဆိုင်ကယ်လက်ကိုင်ကို ဆွဲလှည့်ပြီး သစ်တောဘက် ပြန်ဦးလှည့်သည်။





မြေပြင်ပေါ်သို့ စက်သေနတ်ကျည်ဆန်များ ကျရောက်လာကြသည်။

ရဟတ်ယာဉ်က သူတို့ခေါင်းပေါ်မှ ရွှတ်ခနဲဖြတ်ပြေးသွားသည်။

ဆောလ်ကားဆိုင်ကယ်ကို သစ်တောဆီ မောင်းဝင်သွားသည်။ ဆိုင်ကယ်ပေါ်မှ ခုန်ဆင်းပြီး မြက်ခင်းအထက်ဝဲပောင်ထဲ၌ ပြန်တွေ့နေသည့် ရဟတ်ယာဉ်ဆီသို့ သစ်ကိုင်းများကြားမှ ရိုင်ဖယ်နှင့် လှမ်းချိန်လိုက်သည်။

"စပရင်းဖီးလ်ရိုင်ဖယ်နဲ့ အဲဒီရဟတ်ယာဉ်ကို ပစ်ချလို့ ဘယ်ရမှာလဲကွ"

"ငါ့ရိုင်ဖယ်နဲ့ဆို ရပါတယ်"

ရဟတ်ယာဉ်က ဦးမော့လျက် သစ်တောဆီသို့ တစ်ရှိန်ထိုးချဉ်းကပ်လာသည်။

ဆောလ်က သေနတ်မောင်းခလုတ်ကို ဆွဲညှစ်လိုက်သည်။

ရဟတ်ယာဉ်၏ ဆီတိုင်ကီပေါက်ကွဲသွားသည်။ ခရစ္စက အကာအကွယ်ယူ၍ ဝပ်ချလိုက်သည်။ သူ့မျက်လုံးများကို လက်နှင့် ကာထားလိုက်၏။

ရဟတ်ယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ မြက်ခင်းပြင် အထက်ထွင် အရပ်ရှစ်မျက်နှာအနှံ့ လွင့်စဉ်ထွက်သွားသည်။ တဟုန်းဟုန်းမီးတောက်လောင်နေသည့် ရဟတ်ယာဉ်ပင်မကိုယ်ထည်ကြီးမှာ မြေကြီးပေါ်သို့ ဝုန်းခနဲ ပြုတ်ကျလာသည်။

"အဲဒီကျည်ဆန်ထဲမှာ မီးစုန်းဓာတ်ငွေ့ ဖြည့်ထားတယ်ကွ"

ဆောလ်က ခရစ္စအား ဖွင့်ပြောသည်။

"တခြား ရဟတ်ယာဉ်တွေ ကျန်သေးတယ်"

"သူတို့ ဒီဘက်ကိုလာကြလိမ့်မယ်၊ ငါတို့ ဟိုဘက်ကသွားရအောင်၊ အဲဒီနေရာကို သူတို့ရှာပြီးပြီကွ"

ဆောလ်က ဆိုင်ကယ်ပေါ်ပြန်တက်ရာ ခရစ္စလည်း ကမန်းကတန်း နောက်က ခုန်တက်လိုက်သည်။

စောစောက လမ်းအတိုင်း သူတို့ပြန်မောင်းသွားသည်။ စက္ကန့်နှစ်ဆယ်အကြာ၌ အခြားရဟတ်ယာဉ်များသည် မြက်ခင်းပေါ်၌ မီးလောင်ပျက်စီးနေသော ရဟတ်ယာဉ်ပေါ်မှ အရှိန်အဟုန်ပြင်းစွာဖြင့် ဖြတ်ကျော်ပျံသန်းသွားကြလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၁ )

အဲလိယော့သည် ဖန်လုံအိမ်အတွင်းရှိ တယ်လီဖုန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ အရပ်မြင့်၍ သွယ်လျသော သူ့ခန္ဓာကိုယ်ကြီးက ခါးကိုင်းနေသည်။ သူ့ခေါင်းလည်း ကိုက်နေသည်။

"ငါ နားလည်တယ်၊ ဘာမှ ဆင်ခြေပေးမနေနဲ့ မင်းမအောင်မြင်ဘူး၊ အဓိက က ဒါပဲ၊ ဘာကြောင့် မအောင်မြင်သလဲဆိုတာ အကြောင်းမဟုတ်ဘူး၊ မင်း ဖွတဲ့အမှိုက်သရိုက်တွေ ပြန်သိမ်းဦး၊ သူတို့နောက်ကို ဆက်လိုက်"

အဲလိယော့သည် သူဝတ်နေကျ အနက်ရောင် ဝတ်စုံနှင့် ဝေ့စ်ကုတ်တို့ကို ဝတ်ထားပြီး ခါးစည်းပိတ်စဖြူလေးကို ခါးတွင် ချည်ထားသည်။

"မင်းတို့အုပ်စုထဲ သူတို့နဲ့ လက်ရည်အတူတူလောက်ရှိတယ်ဆိုတာ ငါသိသားပဲ၊ ငါ့ဆုံးဖြတ်တာ မှားသွားသလား မသိဘူး၊ ငါ စိတ်မကောင်းပါဘူးကွာ"

အဲလိယော့က တယ်လီဖုန်းချပြီး ပန်းအိုးတင်သည့် စားပွဲကို မေးရပ်နေလိုက်သည်။

သူ သိပ်နွမ်းနေသဖြင့် ဒူးတွေချောင်နေသည်။

အားလုံး တလွဲတချော်တွေဖြစ်ကုန်ပြီ။

ပါရာဒင် ဖောင်ဒေးရှင်းကို ဖောက်ခွဲမှုမှာ လွယ်ကူသော ကိစ္စဖြစ်သင့်သည်။

လူတစ်ယောက်တည်း အပြစ်ပုံချစရာ ရှိသည်။

ထိုလူက ၎င်းအား ဖမ်းဆီးသူများအား ခုခံတိုက်ခိုက်ရင်း အသတ်ခံလိုက်ရလျှင် အထက်အမိန့်အရ လုပ်ခဲ့ခြင်းပါဟု ပြောခွင့်ရတော့မည်မဟုတ်။

ရိုးရိုးလေး။

အပိုင်ကြံထားသည့် အစီအစဉ်ဖြစ်သည်။





ဆောလ်ကို မိမိ ရွေးချယ်ခဲ့ခြင်းမှာ ၎င်းသည် ဂျူးသွေးပါသောကြောင့် ဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အဲလိယော့အစား အခြားတစ်ဦးဦး စွပ်စွဲမည်ဆိုလျှင် အစ္စရေးတို့ကို စွပ်စွဲသင့်၏။

အဲလိယော့သည် ယခင်က ဆောလ်အလုပ်တချို့ မအောင်မြင်အောင်၊ လွဲချော်အောင် တမင်လုပ်ပစ်ခဲ့ပြီးပြီ။ ဥပမာ၊ မမျှော်လင့်ဘဲ သန့်ရှင်းရေးလုပ်သားကြီးတစ်ယောက် ဗုံးထောင်ထားသည့် အခန်းထဲဝင်သွားအောင် အကွက်ဆင်ခဲ့သည့်ကိစ္စမျိုး။

ထိုအဖြစ်များကြောင့် ဆောလ်တစ်ယောက် အထိန်းအကွပ်မဲ့နေပြီဟု ထင်မှတ်စရာဖြစ်လာခဲ့သည်။ အက်လန်တစ်စီးတီးသို့ ဆောလ်ကို လွှတ်ပြီး လောင်းကစားပွဲ ဝင်ကစားခိုင်းခြင်းသည်လည်း ၎င်းအား ချောက်ချခြင်းတစ်ကွက်ဖြစ်သည်။

ဆောလ်သည် စရိုက်ဆိုးဝင်သွားသော၊ အဖတ်ဆည်မရနိုင်တော့သည့် အေးဂျင့်တစ်ဦးပုံစံ ဝင်လာဖို့လိုသည်။

အင်မတန် ပြောင်မြောက်လှသည့်အကြံပါပဲ။

သို့ဆိုလျှင် ဘာကြောင့်လွဲချော်သွားရသလဲ။

မိမိဘဝတစ်လျှောက်လုံး အမှားမရှိအောင် ရှောင်သွားနိုင်ခဲ့ပြီးမှ ယခုအမှားတွေ စတင်လုပ်နေမိပြီလား။

မိမိ တကယ်အိုမင်းချည့်နဲ့သွားပြီလား။

ဆောလ်၏တာဝန်သုံးခုကို မအောင်မြင်အောင် ဖျက်ဆီးခဲ့ရုံမျှဖြင့် ဆောလ်တစ်ယောက် သုံးမရတော့ဟု မိမိထင်မှတ်နေခဲ့ခြင်းလား။

ဘာပဲပြောပြော မိမိစိမ်ကိန်းကလုံးဝ ပျက်သုဉ်းခါနီးနေပြီ။

ဆောလ်လွတ်မြောက်သွားခြင်းကြောင့် အားလုံး ကမောက်ကမဖြစ်သွားရသည်။ ပြဿနာအသစ်တွေ ပေါ်လာသည်။ ပါရာဒင်ဖောက်ခွဲမှုကို အာရုံပိုစိုက်ချင်စရာဖြစ်လာသည်။

လွန်ခဲ့သော တစ်နာရီက အိမ်ဖြူတော်မှ သမ္မတကြီးကိုယ်တိုင် အဲလိယော့ထံ ဖုန်းဆက်ပြီး ၎င်း၏မိတ်ဆွေကို သတ်ဖြတ်သည့် လူသတ်ကောင်အား ဖမ်းမမိရကောင်းလားဟု ဒေါနှင့်မောနှင့် ကြိမ်းမောင်းခဲ့သည်။

အစီအစဉ်အတိုင်း ချောချောမောမောဖြစ်ခဲ့လျှင်၊ ဆောလ်ကို နှုတ်ပိတ်နိုင်ခဲ့လျှင် သမ္မတကြီး ကျေနပ်သွားမည်။ အစ္စရေးတွေဘက် အာရုံလှည့်သွားမည်။

ပါရာဒင် လုပ်ကြံမှုကြီးအတွက် အစ္စရေးတို့အား မြစ်ထင်ရှုတ်ချမည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ မိမိလိုချင်သော အဖြေကိုမရမီ သမ္မတကြီးက မိမိကို စေ့စေ့ပေါက်ပေါက်မေးလားမြန်းလားလုပ်လာချေပြီ။

ယင်းကိစ္စကို မည်သူ အမိန့်ပေးခဲ့ကြောင်း ၎င်း သိသွားခဲ့လျှင် . . .။

ရယ်စရာကောင်းတာ တစ်ခုရှိသေးသည်။

ခရုစ္စသည် အဲဘလတ်စည်းကမ်းကို ချိုးဖောက်ခဲ့သည်မှန်၏။ သို့သော် ဆောလ်က သူ့ထက်ကြီးမားသောအပြစ်ကို ကျူးလွန်ခဲ့ကြောင်း ၎င်း ဘာသာ မသိရှာသေး။

လျှို့ဝှက်ချက်ကိုတော့ ဖုံးဖိထားရဦးမည်။ အဲလိယော့က တယ်လီဖုန်းမကာ စီအိုင်အေဌာနချုပ်ရှိ မိမိလက်အောက်အရာရှိအား ခေါ်လိုက်သည်။

"ကဲ ကြေနန်းရိုက်ပေးစမ်း၊ ထောက်လှမ်းရေးအဖွဲ့အစည်းအားလုံးကို ဖြန့်ဝေပေးလိုက်၊ ကေဂျီဘီတို့ အမ်အိုင် (၆)တို့ အားလုံးပေါ့ကွာ၊ အကြောင်းအရာ အဲဘလတ်သဘောတူညီချက်၊ ရည်ညွှန်းချက် လစ္စဘွန်ရုံးရှိနိုးကျောင်း၊ ဗန်ကောက်မြို့၊ စည်းကမ်းချိုးဖောက်သူ စီအိုင်အေအဖွဲ့ဝင် ရိုးမတ်အား အမေရိကန်ပြည်ထောင်စု၊ ကော်လိုရာဒို ပြည်နယ်၌တွေ့မိ၊ ကွပ်မျက်မှုကို ရှောင်ထွက်၊ အကူအညီပေးရန် မေတ္တာရပ်ခံသည်၊ ရိုးမတ်ကိုကူညီသူ စီအိုင်အေ အေးဂျင့်သစ္စာဖောက် ဆောလ်ဂရစ္စမင်း၊ နာမည်ဝှက် ရိုးမြူးလပ်၊ ရိုးမြူးလပ်အား ရိုးမတ်နှင့်အတူ တစ်ပါတည်းသုတ်သင်ရန် စီအိုင်အေမှမေတ္တာရပ်ခံလိုက်သည်"

ဟု အဲလိယော့က ကြေးနန်းစာကို နှုတ်တိုက်ချပေးသည်။

"ကောင်းလိုက်တာ"

သူ့ လက်ထောက်က ပြောသည်။

သို့သော် အဲလိယော့သည် တယ်လီဖုန်းချပြီး သူ့လက်ထောက်ပြောသလို တကယ်ကောင်းနိုင်ပါ့မလားဟု တွေးမိသည်။

ကော်လိုရာဒိုမှသတင်းများကြောင့် သူနည်းနည်းတော့ တုန်လှုပ်မိသည်။ ဒေါသလည်း ထွက်သွားသည်။ ဆောလ်တစ်ယောက်တည်း ထွက်သွားခြင်းမဟုတ်။ ခရုစ္စပါ သူနှင့်အတူ ထွက်ပြေးသွားသတဲ့။ အဲလိယော့ မျက်နှာမဲ့သွားသည်။

ခရုစ္စဘာလုပ်နေမှန်း မှီမိကလွဲ၍ မည်သူမှ မသိသဖြင့် သူတို့သည် မိမိအား မသင်္ကာဖြစ်လာနိုင်သည်။ သူတို့ကို ဘာလို့ မိမိဆန့်ကျင်သလဲဆိုတာကို သိချင်ရှာကြမည်။

သူတို့ ဝါ့ဆီလိုက်လာကြလိမ့်မယ်။

အဲလိယော့သည် တုန်ယင်သောလက်ဖြင့် ဒိုင်ခွက်ကို လှည့်လိုက်၏။





တစ်ဘက်တွင် တယ်လီဖုန်းအတော်ကြာကြာ မြည်နေသဖြင့် ကိုင်မည့်သူရှိပါ့မလားဟု သူ စိုးရိမ်မိသည်။ ထိုစဉ် ရှတတအသံတစ်ခုဖြင့် တယ်လီဖုန်းထဲမှ ပြန်ထူးသံကို အဲလိယော့ကြားရသည်။

"ကာစတာ၊ ပိုလပ်ဇ်ကို ငါ့ဆီခေါ်လာခဲ့၊ ငါ မှန်လုံအိမ်ထဲမှာရှိတယ်၊ မင်းတို့အဖေက မင်းတို့ကို အလိုရှိနေတယ်"

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၂ )

လထွက်လာသောအခါ သူတို့နှစ်ယောက် လှိုဏ်မြောင်တစ်ခုကြား၌ ဆိုင်ကယ်ကို ကျောက်ခဲ၊ မြေကြီး၊ သစ်ကိုင်းခြောက်များဖြင့် ဖုံးအုပ်ဖျောက်ဖျက်၍ ထွက်ခွာလာကြသည်။ ဆိုင်ကယ်ကို ရှေ့ဆက်သုံးစရာမလိုတော့။

ညက မှောင်သည်ထက်မှောင်လာသဖြင့် သစ်ပင်များကြား၌ ဆိုင်ကယ်ကို လွတ်လွတ်ကင်းကင်းမောင်းနှင်၍ ရနိုင်မည်မဟုတ်။

နောက်ထပ် သုတ်သင်ရေးအုပ်စုတစ်စု ထပ်မံရောက်လာပြီး ဝှက်ထားသည့် ဆိုင်ကယ်ကိုရှာတွေ့သွားချိန်၌ ဆောလ်နှင့်ခရစ္စတို့ကား ဝေးဝေးလံလံ ရောက်သွားလောက်ပေပြီ။

လရောင်အောက်တွင် သူတို့နှစ်ဦး တတ်နိုင်သမျှ ကိုယ်ကိုဝပ်လျက် စားကျက်မြက်ခင်းပေါ်မှ ဖြတ်သန်းသွားကြရသည်။

သူတို့အချင်းချင်း ၊စကားလုံးဝမပြော။ နောက်တစ်ချက်လှည့်မကြည့်ဘဲ ကျောက်သားထူသည့် လှိုဏ်ကြီးတစ်ခုပေါ်သို့ တွယ်တက်ကြပြန်သည်။ အောက်ဘက်ရှိ တောင်ကြားချိုင့်ဝှမ်းဆီမှ မသင်္ကာဖွယ်အသံများကို နားစွင့်ထား၏။

ဆော်လ်၏ တဲအိမ်ကလေး တိုက်ခိုက်ဖျက်ဆီးခံရပြီးနောက် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည့် တောင်ကြားသုံးခုမှ မိုင်နှစ်ဆယ်ခရီးနှင်ခဲ့ကြပြီးပြီ။

ဆိုင်ကယ်ခရီးက ကြမ်းလွန်းသဖြင့် ခရစ္စ ခါးတွေနာနေသည်။ တောင်တက်ရတာကိုတော့ သူကြိုက်သည်။ တင်းမာနေသည့် ကြွက်သားများကို ပြေလျော့စေသောကြောင့် ဖြစ်သည်။

လှိုဏ်ကြီး၏ထိပ်သို့ရောက်သောအခါ သူတို့ခဏနားကြသည်။ လရောင်ကြောင့် ချွေးသီးနေသည့် သူတို့မျက်နှာများ အဆီတစ်ဝင်းဝင်းဖြစ်နေသည်။

"ဗီယက်နမ်မှာသာဆိုရင် ငါတို့မချောင်ဘူး၊ သူတို့ကအပူငွေ့ကိုရှာတဲ့





ကင်းထောက်လေယာဉ်တစ်စင်းလွှတ်လိုက်ကြမှာ သေချာတယ်"

ဆောလ်က အမောဖြေရင်း ခပ်တိုးတိုးပြောသည်။

ခရစ္စသဘောပေါက်သည်။ သို့သော် အပူငွေ့ရှာကိရိယာ၏ အားနည်းချက်ကား တိရစ္ဆာန်နှင့် လူသားတို့၏ကိုယ်အပူချိန်ကို မခွဲခြားနိုင်ခြင်း ဖြစ်သည်။

ထို့ကြောင့် ဗီယက်နမ်၌ ၎င်းကိရိယာကို ထိရောက်စွာ အသုံးချနိုင်ရန် အတွက် တောတွင်းရှိ တိရစ္ဆာန်အားလုံးကို လေယာဉ်ပျံပေါ်မှ အဆိပ်ငွေ့ဖြန်း၍ အလျင်ဆုံးသတ်ပစ်ရသည်။ ထို့နောက် အပူငွေ့ရှာ ကိရိယာကို သုံးသောအခါ အပူငွေ့ရှိကြောင်း အချက်ပြမီးလုံးလင်းလျှင် လူသားတစ်ဦးရှိနေပြီဟု ကျိန်းသေသိနိုင်သည်။

တိရစ္ဆာန်များ လုံးဝမရှိသည့် တောနက်အတွင်းမှ သဘာဝမကျသော တိတ်ဆိတ်မှုကို ခရစ္စ ပြန်သတိရသည်။ ယခု မိမိတို့ရောက်နေသည့်အရပ်မှာ အပူငွေ့ရှာကိရိယာကို သုံးဖို့မလွယ်။ သားရဲတိရစ္ဆာန်မျိုးစုံပေါသည်မဟုတ်လား။

သစ်တောအတွင်းမှ အသံဗလံများကို အဆက်မပြတ်ကြားနေရ၏။

သစ်ရွက် သစ်ကိုင်းတို့ လှုပ်ခတ်သံများ၊ သမင်များ မြက်စားသံ၊ ဖြုကောင်များနှင့် ခွေးတူဝက်တူများ အစာလိုက်ရှာသံစသည်တို့ကြားနေရသဖြင့် ခရစ္စ စိတ်အေးမိသည်။

ထိုအသံများ တိတ်သွားခဲ့လျှင်တော့ တိရစ္ဆာန်များက တစ်စုံတစ်ခုကို ကြောက်လန့်သလိုဖြစ်နေကြောင်း ခရစ္စ သိရမည်။

"သူတို့ စစ်ကူလွှတ်ဦးမှာ သေချာတယ်"

ခရစ္စက ပြောသည်။

"ဟုတ်တယ် ငါတို့တွေပုန်းရှောင်နေရာက ထွက်လာအောင် လုပ်ဖို့ပဲ၊ တကယ့် ထောင်ချောက်က တောင်ခြေမှာ ရှိမယ်၊ ရိန်းဂျားတပ်ဖွဲ့စခန်း အားလုံးကိုရော ဟောဒီနားတစ်ဝိုက်က ကားလမ်းနဲ့မြို့အားလုံးကိုပါ သူတို့ စောင့်ကြည့်နေလိမ့်မယ်၊ ငါတို့တွေ အောက်ကို ပြန်မဆင်းဘဲနေလို့ မရဘူးကွ"

"အို၊ ဒီတောင်တန်းကြီးတစ်ခုလုံးကို သူတို့ ပိုင်မထားနိုင်ပါဘူး၊ နေရာရွှေ့ဖို့လိုမယ်၊ အနီးဆုံးတောင်ခြေက ဒီနေရာရဲ့ အနောက်နဲ့ တောင်ဘက်ပိုင်းပဲ"

"ဒါဆို ငါတို့ မြောက်ဘက်သွားရအောင်"

"ဘယ်လောက်ဝေးသလဲ"

"သွားနိုင်သလောက်သွားတာပေါ့၊ ဒီအရပ်က ငါတို့အိမ်ပဲ၊ ငါတို့ရှမ်းတဲ့ နယ်မြေလေ၊ အခြေအနေကောင်းပုံမရရင် ငါတို့ မြောက်စူးစူးကို ဆက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

"ငါတို့ ရှိင်ဖယ်နဲ့ အမဲပစ်လို့တော့ မဖြစ်ဘူး၊ သေနတ်သံကြား သွားရင် ဒုက္ခရောက်မယ်၊ ငါတို့ ငါးမျှားလို့တော့ရမယ်၊ နောက်ပြီး သစ်သီး သစ်ဥတွေ ရှာစားလို့ရတယ်"

ဆောလ် မျက်နှာမဲ့သွား၏။

"ဘာပဲဖြစ်ဖြစ် ဒီလောက်မတ်စောက်တဲ့ တောင်ကမ်းပါးကြီးတွေပေါ် ကိုတော့ အနှံ့ခံခွေးတွေ တက်လိုက်မလာနိုင်ပါဘူးကွာ"

"မင်း ဒုက္ခခံနိုင်ပါ့မလားကွာ"

ခရစ္စက ခပ်ထေ့ထေ့ပြောလိုက်သည်။

"မင်းရော၊ ဘုန်းကြီးဝတ်လိုက်လို့ မင်းပျော့သွားပြီလား"

"အို၊ စစ္စတာစီယံဂိုဏ်းဟာ ကက်သလစ်ဘာသာမှာ အကြမ်းတမ်းဆုံး ဂိုဏ်းပါကွ"

ခရစ္စက ရယ်၍ ပြောသည်။

"သူတို့ လုံးဝ စကားမပြောကြဘူးလား"

"စကားမပြောရုံတင် ဘယ်တမလဲ၊ နေ့တိုင်း ကြမ်းကြမ်းတမ်းတမ်း အလုပ်လုပ်ကြရသေးတယ်၊ ဒါဟာ သူတို့ရဲ့ယုံကြည်မှုကွ၊ အထူးတပ်ဖွဲ့မှာ ငါ နောက်ခြောက်နှစ်လောက် ဆက်နေလိုက်တာက ပိုသက်သာဦးမယ်"

ဆောလ်က ခေါင်းခါလိုက်သည်။

"အင်း၊ မင်းဘဝဟာ ဘုံစနစ်နဲ့နေတဲ့ ဘဝပါလားကွာ၊ မင်း စဉ်းစား ကြည့်စမ်း၊ ပထမ မိဘမဲ့ကလေးဂေဟာမှာ နေခဲ့ကြရတယ်၊ ပြီးတော့ စစ်တပ်ထဲ ရောက်တယ်၊ နောက် စီအိုင်အေ၊ နောက်ပြီးတော့ ဘုန်းကြီးကျောင်း၊ ဒါတွေ အားလုံးမှာ တူညီတဲ့အချက်တစ်ခု ရှိနေသကွ"

"ဘာလဲကွ"

"စည်းကမ်းသေဝပ်ပြီး သီးသန့်ခွဲခြားထားတဲ့ ကေဗါတွေလေကွာ၊ မင်းမှာ အဲဒီစရိုက်က စွဲနေတယ်"

"မင်းလဲပါတာပဲ၊ ခြားနားတာက. မင်းဟာ ဘယ်တော့မှ ငါ့ထက် ခြေတစ်လှမ်းပိုမလှမ်းတာပဲ၊ မင်းက ဂျူးဘာသာရေးဂိုဏ်းဝင် ဘုန်းကြီးဝတ်ဖို့ လုံးဝဆန္ဒမရှိခဲ့ဘူး"

"အဲဒီ စစ္စတာစီယံ ဘုန်းကြီးတွေက မင်းကို သင်မပေးလိုက်ဘူးလား ကွ၊ ဂျူးဘုန်းကြီးကျောင်းဆိုတာမျိုး ငါတို့မှာမရှိဘူး၊ ငါတို့ဟာ လူ့လောကကြီးကို ရှောင်မပြေးတတ်ပါဘူး"





"ဒါကြောင့်မို့ မင်း စီအိုင်အေမှာ ဆက်နေခဲ့တာကိုး၊ အဲဒါဟာ မင်းအဖို့ ဘုန်းကြီးကျောင်းနဲ့ အနီးစပ်ဆုံး တူတဲ့နေရာမဟုတ်လား"

"ပြည့်စုံမှုကို ရှာဖွေခဲ့တာလေ၊ ကဲ ငါတို့သွားကြစို့"

ဆောလ်က အိတ်ထဲမှ လမ်းညွှန်အိမ်မြှောင်ကို ထုတ်ကြည့်လိုက်သည်။

"မင်းကို အဲလီယော့က ဘာကြောင့် သတ်ချင်ရတာလဲ"

ခရစ္စက မေးလိုက်သည်။ ဆောလ်မျက်နှာမှာ ဒေါသရိပ်ယှက်သန်း သွား၏။

"ငါလဲ စဉ်းစားလို့မရဘူး၊ ငါ့မှာ အဖေနဲ့တူတာဆိုလို့ သူ တစ်ယောက် တည်းရှိတာ၊ အခု ဒီမအေပေးကြီးက ငါ့အပေါ် သစ္စာဖောက်သွားပြီ၊ သူခိုင်းလို့ ငါလုပ်ပေးတဲ့ အလုပ်တစ်ခုလဲပြီးရော အခုလို ဖြစ်တော့တာပဲ၊ ဘာကြောင့်များ ပါလိမ့်ကွာ"

"သူကတော့ ကာကွယ်မှုတွေအပြည့်ယူထားမှာပဲ၊ ငါတို့တွေ သူ့ဆီ တန်းတန်းမတ်မတ်သွားတွေ့ပြီး မေးကြည့်လို့တော့ရမှာမဟုတ်ဘူး"

ဆောလ်က အံကြိတ်လိုက်ပြီး

"ဒါဆို ကွေ့ပတ်ပြီးသွားမယ်"

"ဘယ်လိုသွားမလဲ"

အဝေးတစ်နေရာမှ တုန်ခါသံကြီးတစ်ခု ပေါ်ထွက်လာသဖြင့် သူတို့နှစ်ယောက် ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

"တစ်ခုခုပေါက်ကွဲသံပဲကွ"

ဆောလ်က ရေရွတ်လိုက်သည်။

"ငတုံး"

ခရစ္စက ရယ်လိုက်၏။

ဆောလ်က သူ့ကို အံ့ကြောင်ကြောင် ကြည့်နေသည်။

"မိုးချုန်းသံပါကွ"

နောက်ထပ် နာရီဝက်အကြာ၌ အချွန်အတက်ပေါ်များသည့် ချောက်ကမ်းပါးခြေရင်းသို့ ၎င်းတို့ တွယ်တက်သွားစဉ် ကောင်းကင်ယံရှိလကို တိမ်မည်းများက ဖုံးကွယ်လိုက်ကြသည်။

ရုတ်တရက် လေက အရှိန်ပြင်းစွာ တိုက်ခတ်လာသည်။

ဆောလ်က ကျောက်ဆောင် နှုတ်ခမ်းကို အကာအကွယ်ယူထားလိုက် ရသည်။ မိုးရွာချပြီမို့ သူ့အောက်နားမှာ ခရစ္စတစ်ယောက် ကျုံ့ကျုံ့ပုံ့ပုံ့လေး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲလိယော့ဆီ ကွေ့ပတ်ပြီး သွားမယ်ဟုတ်လား၊ ဘယ်လိုလုပ်သွားမှာလဲ"

ခရစ္စက ထပ်မေးသည်။

သို့သော် ဆောလ်၏ အဖြေမှာ မိုးထစ်ချုန်းသံကြီးများကြား၌ ရောထွေးပျောက်ကွယ်သွားလေသည်။

◆

## ကာလတာနှင့် ပိုလပ်ဖ်

### ( ၁ )

ဆောလ် ငြိမ်သွားသည်။

မှောင်ရိပ်ခိုကာ ခေါင်မိုးပေါ်၌ လေးဘက်ထောက်ရင်း အောက်ဘက်ကားလမ်းကို သူ ငုံ့ကြည့်လိုက်သည်။ ပလက်ဖောင်းများနံဘေး၌ မော်တော်ကားများရပ်ထားသည်။ အိမ်ပြတင်းပေါက်များ၏ ခန်းဆီးများနောက်ကွယ်၌ မီးရောင်လင်းနေသည်။

လမ်းတစ်ဘက်ရှိ တိုက်တစ်တိုက်၏ အိမ်ရှေ့တံခါးပွင့်လာတာကို သူမြင်ရသည်။ မိန်းမတစ်ယောက်ထွက်လာသည်။ အရပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်သွယ်။ ကျော့ကျော့မော့မော့။ ဆံပင်က မည်းနက် ရှည်လျားသည်။ အပြာနုရောင် ဘောင်းဘီရှည်၊ နီညိုရောင် တလောက်စ်အင်္ကျီ၊ အညိုရောင် သားရေကျာ့ကင်တို့ကို ဝတ်ထားသည်။

တံခါးပေါက်အပေါ်ရှိ မီးရောင်အောက်မှ သူမ၏မျက်နှာကို ဆောလ်စေ့စေ့ကြည့်မိသည်။ သူမ၌ အသားအရေက နူးညံ့ညက်ညောပြီး အနည်းငယ်ညိုသည်။ နှဖူးရေဒူးရေကောင်းသည့် ဥပမာရုပ်ကို ပိုင်ဆိုင်ထား၏။ လည်တိုင်ကပြေပြစ်နူးညံ့သည်။ ထို့ကြောင့် သူမအား ဖက်ရှင်ကိုယ်ဟန်ပြမယ်တစ်ဦးနှင့် မကြာခဏ မှားတတ်သည်။

ဆောလ်ကတော့ သူမအကြောင်း သိပြီးသား။

ဆောလ်သည် ခေါင်မိုးအစပ်ရှိ ခါးလောက်မြင့်သည့် နံရံပေါ်မှ ပြန်ဆင်းလာပြီး ပြုပြင်ထိန်းသိမ်းရေး အလုပ်သမားများသုံးသည့် တံခါးပေါက်ကို ဆွဲဖွင့်၍ လှေကားမှ ပြန်ဆင်းသွားသည်။

အက်လန်တစ်စီးတီးရှိ တိုက်ခန်းမှ မိမိထွက်ပြေးခဲ့ရပုံကို သူ ရုတ်တရက် ပြန်မြင်ယောင်မိသည်။ ထိုစဉ်က ခေါင်မိုးပေါ်မှ လှေကားအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြေးဆင်းပြီး လမ်းမပေါ်ရှိ ဒုပ်စတာကားကြီးကို ခိုးပြေးခဲ့ရသည်။ ယခု တစ်ခေါက်တော့ သားနားလှပသည့် ဤတိုက်ခန်းမှ မသိမသာပြန်ထွက်ပြီး လမ်းဖြတ်ကူးကာ ရပ်ထားသော မော်တော်ကားများနံဘေးမှ ဖြတ်ကျော်၍ အမျိုးသမီးနောက်မှ ရှဲ့ဒိုးလိုက်သွားသည်။

သူမက ဆောလ်၏ ဘယ်ဘက်သို့ချိုးပြီး လမ်းမီးတိုင် တစ်တိုင်နား အရောက်တွင် လမ်းထောင့်သို့ ဝင်သွားသည်။

သူမ၏ ဒေါက်မြင့်ဖိနပ်ခွာသံကို ဆောလ်ကြားနေရသည်။ သူမချိုးသည့်အတိုင်း သူလည်း လိုက်သွားသည်။ ခပ်မှန်မှန်မောင်းနှင်လျက်ရှိသော တက္ကစီတစ်စီးကြောင့် သူရင်ထိတ်သွားသည်။ ချွေးနှင့် လမ်းလျှောက်ထွက်နေသော အဘိုးကြီးကို သူ သိပ်မသက်ာ။

လမ်းအလယ်နလောက်အရောက်တွင် အမျိုးသမီးသည် တံခါးပေါက်တစ်ပေါက်မှ ဝင်သွားသည်။ ဆောလ်လည်း ထိုတံခါးပေါက်နား ရောက်လာသည်။ မှန်ပြတင်းမှ ချောင်းကြည့်ရာ အတွင်းမှ အီတာလျံစားသောက်ဆိုင်ငယ်လေး၏စားပွဲများကို မြင်ရသည်။

ဝင်ပေါက်နံဘေး၌ ချိတ်ဆွဲထားသည့် ဟင်းလျာစာရင်းဆိုင်းဘုတ်ကို ဖတ်ကြည့်ချင်ယောင်ဆောင်၍ ခဏရပ်နေလိုက်၏။

သူမ ပြန်ထွက်အလာကို စောင့်နေလို့ရသည်။ သို့သော် အနီးအနား၌ ပုန်းစရာနေရာမရှိ။ ဤလမ်းထဲရှိ တိုက်အားလုံး စီးပွားရေးလုပ်ငန်းလုပ်ကြသည်။ နောက်ဖေးလမ်းကြားထဲဝင်ပြီး တိုက်ခေါင်မိုးတစ်ခုခုပေါ် တက်ဖို့ နောက်ဖေးတံခါးသော့ကို ဖျက်ဝင်မည်ဆိုလျှင် ရဲနှင့်ပက်ပင်းတိုးသွားနိုင်သည်။

နောက်ပြီး သူမအား လမ်းမပေါ်မှာ မျက်နှာချင်းမဆိုင်ချင်သေး။ သိပ်အန္တရာယ်များလွန်းသည်။

စားသောက်ဆိုင်ထဲ သူမဝင်သွားခြင်းကြောင့် သူ့ပြဿနာကို ဖြေရှင်းပေးသလို ဖြစ်သွား၏။

ဆိုင်ထဲသို့ သူဝင်သွားသောအခါ အကော်ဒီယံသံကို ကြားရသည်။ အရောင်တင်ဆီ ပြောင်လက်အောင် တိုက်ထားသည့် ဝက်သစ်ချသားနံရံများမှာ ဖယောင်းတိုင်မီးကြောင့် ရောင်ပြန်လက်နေသည်။ မတိုးမကျယ်ပြောဆိုသည့် စကားသံများကြားမှ ငွေပန်းကန် ခွက်ယောက်များမြည်သံလည်း ပေါ်ထွက်နေသည်။

လူရှုပ်နေသည့် စားသောက်ခန်းကို သူ အကဲခတ်လိုက်၏။ ထောပတ်နှင့် ကြက်သွန်ဖြူနံ့ကို နှာခေါင်းထဲရသည်။





လင်ဗန်းတစ်ချပ်သယ်သွားသည့် စားပွဲထိုးတစ်ယောက်ကို ကျော်၍ အခန်းနောက်ပိုင်းထောင့်စွန်းစားပွဲများကို လှမ်းရှာကြည့်သည်။

သူထင်သည့်အတိုင်း နံရံကိုကျောပေးလျက်၊ ဆိုင်ဝင်ပေါက်ကို မျက်နှာမူကာ မီးဖိုဝင်ပေါက်အနီးရှိ စားပွဲတစ်လုံးတွင် သူမထိုင်နေသည်။ သူမ တစ်ယောက်တည်း ညစာ စားမှာမို့ အတော်ပဲ ဖြစ်သွားသည်။

စားပွဲထိုးဦးစီးက ဆောလ်အနား ကပ်လာပြီး

"စားပွဲ ကြိုတင်ယူထားပါသလားဆရာ"

"ကျွန်တော်က ဟိုထောင့်စားပွဲက မစ္စတန်းစတိုင်းနဲ့အတူ လိုက်လာတာပါ"

ဆောလ်က ပြုံး၍ပြောကာ အမျိုးသမီးဆီသို့ တန်းသွားသည်။

စားပွဲရှေ့အရောက်တွင် သူမျက်နှာထားတ ခပ်တည်တည်ဖြစ်သွား၏။

"အဲရစ်ကာ"

သူမက သူ့ကို မော့ကြည့်သည်။ သူမ လန့်ဖျပ်သွား၏။

သူက ကုလားထိုင်ဆွဲပြီး သူမဘေး၌ ဝင်ထိုင်သည်။

"မင်းကိုယ့်ကို အဲဒီလို စိုက်မကြည့်ပါနဲ့၊ ရိုင်းတယ်၊ မင်းရဲ့ လက်တွေကို စားပွဲအစွန်းမှာတင်ထား၊ ကျေးဇူးပြုပြီး ခက်ရင်းနဲ့ ဝေးဝေးထားနော်"

"ရှင်နော်"

"ဟော့ မင်း တိုးတိုးပြောကွာ"

"ရှင် ဒီကိုဘာလာလုပ်တာလဲ၊ ရူးနေလား၊ ရှင့်ကို လူတိုင်း လိုက်ရှာနေတယ်"

"အေး၊ ကိုယ်လဲ အဲဒီကိစ္စ ပြောမလို့ပဲ"

ဆောလ်က သူမမျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

ပါးပြင်က ချောမွတ်၍ မျက်လုံးက အညိုရင့်ရောင်ဖြစ်ပြီး နှုတ်ခမ်းများက ခပ်ထူထူလေးဖြစ်သည်။ သူမ၏အသားကို လက်ညှိုးလေးနှင့် လျှောက်ပွတ်ချင်စိတ်ပေါက်သွားသော်လည်း စိတ်ကို ထိန်းထားလိုက်ရ၏။

"မင်းဟာ တစ်နေ့တခြား လှလာပါလား"

အဲရစ်ကာ ခေါင်းယမ်းခါလိုက်၏။

"ဘယ်လောက် ကြာသွားခဲ့ပြီလဲ၊ ဆယ်နှစ်လား၊ အဆိုးဆုံး အခြေအနေရောက်နေမှ ရှင်က ပေါ်တော်မူတယ်၊ ပြီးတော့ ရှင် ဒီစကားတစ်ခွန်းပဲ ပြောတတ်သလား"

"ဘာလဲ မင်း ပိုရုပ်ဆိုးလာတယ်လို့ ပြောရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အို တော်စမ်းပါ"

"လိမ္မာတဲ့ ဂျူးမလေး တစ်ယောက်အနေနဲ့ ဒီလိုမပြောအပ်ဘူး"

သူမက စိတ်ပျက်ဟန်ဖြင့် လက်တစ်ဖက်မြှောက်လိုက်သည်။

ဆောလ်တစ်ကိုယ်လုံး တောင့်သွား၏။

"ဟေး မင်းလက်တွေ စားပွဲနှုတ်ခမ်းပေါ် တင်ထားနော်"

သူမက သက်ပြင်းရှိုက်ရင်း ဆောလ်အမိန့်ကို လိုက်နာသည်။

"ဒီဥစ္စာ တိုက်ဆိုင်မှုမဟုတ်နိုင်ဘူး၊ ရှင် ဒီဆိုင်မှာစားဖို့ ရွေးခဲ့တာ မဟုတ်ဘူး"

"မင်း အိမ်ကထွက်ကတည်းက ငါ နောက်က လိုက်လာတာ"

"ဘာလို့လဲ၊ အိမ်ပေါ်တက်လာလဲ ရသားနဲ့"

"မင်းအိမ်မှာ အခန်းဖော်တစ်ယောက် ဒါမှမဟုတ် ငါ့ကို ကြိုတင်စောင့်နေတဲ့ လူတစ်ယောက်ရှိနေရင် ဘယ့်နှယ်လုပ်မလဲ၊ မင်းကိုငါ ဆက်သွယ်ဖို့ ကြိုးစားမယ်လို့ သူတို့က တွက်ချင်တွက်ထားမှာ၊ ဒီနေတော့ ကြားနယ်မြေတစ်ခုက ပိုကောင်းမယ်လို့ ငါ ဆုံးဖြတ်ခဲ့တယ်၊ ငါ့နောက်ကို သူတို့ ဘာလို့ လိုက်နေကြတာလဲ"

သူမ အံ့အားသင့်စွာဖြင့် မျက်မှောင်ကုတ်လိုက်သည်။

"ရှင် တကယ်မသိဘူးလား၊ ဗန်ကောက်ကိစ္စပေါ့၊ ခရစ္စက စည်းကမ်းချိုးဖောက်ခဲ့တယ်လေ"

သူမအသံက ခပ်တိုးတိုးဖြစ်သော်လည်း မာကျောနေသည်။ သူမ စားပွဲအနီး၊ မီးဖိုချောင်မှ အသံဗလံများကြောင့် သူမအသံကို အခြားဧည့်သည်များ မကြားနိုင်ပေ။

"ဗန်ကောက်ကိစ္စက နောက်ပိုင်းမှဖြစ်တာပါ၊ ကိုယ်နဲ့ဘာဆိုင်လို့လဲ"

"ဘယ်ဟာရဲ့နောက်ပိုင်းလဲ၊ ရှင်ပြောတာ ကျွန်မနားမလည်ဘူး"

"ကဲ မင်းအရင်ပြောပြစမ်းပါဦး"

"ခရစ္စက ရုရှတစ်ယောက်ကို သတ်ပစ်လိုက်တယ်၊ ဒါနဲ့ ကေဂျီဘီက သူ့ကိုသတ်ဖို့ အမိန့်ထုတ်လိုက်တယ်၊ အဲဒါလတ်သဘောတူညီချက်အရ တခြားအဖွဲ့အစည်းတွေကပါ ဝိုင်းကူညီကြရတယ်"

"ဒါတွေအားလုံး ကိုယ်သိတယ်၊ ဒါပေမယ့် ကိုယ်နဲ့ဘာဆိုင်လို့လဲ၊ အက်လန်းတစ်စီးတီးကိစ္စက ဗန်ကောက်ကိစ္စမတိုင်ခင်ဖြစ်ခဲ့တာကွ"

"ရှင် ဘာတွေလာပြောနေတာလဲ၊ လွန်ခဲ့တဲ့ ငါးရက်က ကျွန်မတို့ဆီ ရှင်တို့စီအိုင်အေက ကြေးနန်းပို့လိုက်တယ်၊ သတ်မိန့်ကို ဖြည့်စွက်ထားတာ၊





ခရစ္စကို ကော်လိုရာဒိုမှာ တွေ့လိုက်သတဲ့၊ ရှင်က သူ့ကို ကူညီနေသတဲ့၊ ရှင့်ကို စီအိုင်အေက သစ္စာဖောက်လို့ ကြေညာလိုက်တယ်၊ ဒါကြောင့် ရှင့်ကို ခရစ္စနဲ့ အတူ သတ်ပစ်ဖို့ တောင်းဆိုထားတယ်"

"အဲလိုယော့ လက်ချက်ပဲ"

ခရစ္စက ရေရွတ်လိုက်သည်။

"ဘာတွေ ဘယ်လိုဖြစ်ကုန်ပြီလဲဆိုတာ ကျွန်မကိုပြောပြစမ်းပါဦး၊ နေဦး၊ ကျွန်မတို့ ဒီမှာပြောလို့ မဖြစ်ဘူး"

သူမက အနီးအနားရှိ ဧည့်သည်များဝိုင်းကြည့်နေသဖြင့် ရုတ်တရက် စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

"ဒါဖြင့် ဘယ်မှာပြောကြမလဲ"

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

မှောင်ထဲတွင် အဝေးရှိ ဝါးရှင်တန်ကျောက်တိုင်ကြီး၏ မီးရောင်များကို ဆောလ်က ပြတင်းပေါက်မှ ငေးကြည့်နေသည်။

"ဒီနေရာလေး ကောင်းသားပဲ"

"ကျွန်မတို့သံရုံးနဲ့ ဆယ်ဘလောက်ပဲ ဝေးတယ်"

အဲရစ်ကာက သူ့နောက်တွင်ရပ်လျက် ဝင်ပြောသည်။

တကယ်တော့ ရှုမျှော်ခင်းကို ဆော်လ်အရသာခံလို၍မဟုတ်။ သူမအား စမ်းသပ်လိုသောကြောင့် ပြတင်းပေါက်နား သွားရပ်နေခဲ့ခြင်း ဖြစ်သည်။

မိမိအား သူမသတ်ဖို့ကြိုးစားမည့် အခိုက်အတန့်ကို သူ သတိနှင့် စောင့်နေသည်။

သူမက ဘာမှမလုပ်သဖြင့် သူလည်း ခန်းဆီးကို ဆွဲစေ့ပြီး မီးတိုင်ကို ဖွင့်၍ မိမိနှင့်အဲရစ်ကာတို့၏အရိပ်များ ခန်းဆီးပေါ် မကျအောင် မီးတိုင် အနေအထားကို မြှုပြင်လိုက်သည်။

ရိုးရိုးရှင်းရှင်းနှင့် သားနားကျော့ရှင်းသော ပရိဘောဂများကို ဆောလ် လှမ်းကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

ရေချိုးခန်း၊ မီးဖိုနှင့် အိပ်ခန်းတို့ကို သူ ဝင်ရှာပြီးပြီ။ သူမကတိပေးထားသည့်အတိုင်း သူမအခန်းထဲ၌ လူပိုတစ်ယောက်မျှ မရှိ။

"လျှို့ဝှက်မိုက်ခွက်တွေရှိလား"

"ကျွန်မ မနက်တုန်းက စစ်ပြီးပြီ"

"အခု ညရောက်နေပြီ"

ဆောလ်က ရုပ်မြင်သံကြားစက်ကို ဖွင့်လိုက်သည်။ မိမိတို့ နှစ်ယောက် ပြောသောစကားများကို ဗလုံးဗထွေးဖြစ်သွားအောင် လုပ်လိုသောကြောင့် မဟုတ်။ စမ်းသပ်မှုအတွက် ပုံမှန်အသံတစ်ခု လိုအပ်သောကြောင့် ဖြစ်သည်။





မီးဖိုခန်းထဲမှာ လက်ဆွဲရေဒီယိုတစ်လုံးတွေ့သည်။ ဆောလ်က ထိုရေဒီယိုကိုသွားယူပြီး ဖွင့်လိုက်သည်။ အက်ဖ်အမ်လှိုင်းတိုမီတာခလုတ်ကို ချိန်ပြီး ဧည့်ခန်းကို လေးပိုင်း ပိုင်းကာ ရေဒီယိုမီတာလှိုင်းဖမ်းဒိုင်ခွက်ကို ဖြည်းညင်းစွာလှည့်ပေးရင်း အပိုင်းတစ်ပိုင်းစီ၌ ဝှက်ထားနိုင်ဖွယ်ရှိသော လျှို့ဝှက် ဒိုင်ခွက်များကို လိုက်ရှာသည်။

ယင်းမိုက်ခွက်ကလေးများသည် အသံလွှင့်ဌာနများ အသုံးမပြုသည့် အက်ဖ်အမ် မီတာတစ်ခုခုကို ချိန်ထားလေ့ရှိတတ်သည်။

အသံခိုးနားထောင်သူတစ်ဦးအနေဖြင့် အနီးအနားရှိ လုံခြုံသော နေရာတစ်နေရာမှ ၎င်းရွေးချယ်ထားသော အက်ဖ်အမ်မီတာကို ရေဒီယိုဖြင့် ဖမ်းယူနားထောင်ရုံသာရှိသည်။ ဆောလ်သည် ၎င်းနည်းတူ ပြုလုပ်နိုင်၏။

ယင်းသို့ ရေဒီယို[illegible]ခွက်ကိုလှည့်၍ ရှာနေစဉ် ရုပ်မြင်သံကြားမှ အသံက ရေဒီယိုထဲမှ ထွက်လာလျှင် ဤအခန်းထဲ၌ မိုက်ခွက်တစ်ခု ရှိနေပြီဟု မှတ်ယူနိုင်သည်။ ယခု ရုပ်မြင်သံကြားမှ မည်သည့်အသံကိုမျှ အက်ဖ်အမ်မီတာဖြင့် ဖမ်းယူ၍မရချေ။

ဆောလ်သည် မျက်နှာကြက်နံရံများ၊ ပရိဘောဂနှင့် ကြမ်းပြင်တို့ကို လိုက်စစ်ဆေးပြန်သည်။ ကျေနပ်မှုရမှ ရုပ်မြင်သံကြားနှင့် ရေဒီယိုကို ခလုတ်ပိတ်လိုက်သည်။

ဧည့်ခန်းမှာ သာယာဝကျစွာ ငြိမ်သက်လွန်းနေ၏။

"အဲ့ဒါလတ် သဘောတူချက်ကို ချိုးဖောက်လို့ဟုတ်လား၊ အဲဒါကြောင့် ကိုယ့်ကိုလိုက်သတ်နေကြတာလား၊ ခရစ္စကို အကူအညီပေးနေလို့တဲ့လား"

ဆောလ်က စားသောက်ဆိုင်မှ စကားကို ပြန်ကောက်သည်။

"တခြား ဘာအကြောင်းရှိရဦးမှာလဲ၊ ကျွန်မတို့က ရုရှတွေကို ဘယ်ကူညီချင်ပါ့မလဲ၊ ဒါပေမယ့် အဲ့ဒါလတ်သဘောတူညီချက်ကိုတော့ လိုက်နာရမယ်၊ ဒါဟာ ဝိနည်းတစ်ခုပဲ၊ ဒီဝိနည်းကို သူချိုးဖောက်ရင် ကျွန်မတို့အားလုံး ရေတိမ်နစ်ပြီ"

အဲရစ်ကာက စိတ်ရှုပ်ဟန်နှင့် ပြောလိုက်သည်။

"ဒါဖြင့် မင်းက အခွင့်သာရင် ကိုယ့်ကိုသတ်မယ်ပေါ့၊ မင်းရဲ့ ရည်းစားဟောင်းဖြစ်ပြီး မင်းလိုပဲ ဂျူးလူမျိုးဖြစ်တဲ့ ကိုယ့်ကို မင်းသတ်ရက်သလားကွာ"

အဲရစ်ကာက ပြန်မဖြေ။

သားရေဂျာကင်ကို ချွတ်လိုက်သည်။

"ခုန ရှင်ပြတင်းပေါက်မှာ သွားငေးနေတုန်း ကျွန်မ ရှင့်ကို သတ်လို့



www.burmeseclassic.com

www.burmeseclassic.com



ရသွားပဲ၊ ဒါပေမယ့် ကျွန်မ မလုပ်ဘူး"

"မင်း ဘယ်လို တုံ့ပြန်မလဲဆိုတာ စမ်းကြည့်ချင်လို့ ကိုယ် တမင်တကာ အဲဒီနားသွားရပ်နေခဲ့တယ်ဆိုတာ မင်းသိလိုပေါ့"

သူမက ပြုံးလိုက်၏။

သူမမျက်လုံးများ ရွှန်းလက်မှုကြောင့် ဆောလ်လည်း ပြုံးမိသည်။ လွန်ခဲ့သော ဆယ်နှစ်တုန်းကလိုပင် သူမကို သူ စွဲမက်နေဆဲ။ မိမိနှင့်ကွဲသွားပြီး နောက်ပိုင်း သူမဘာတွေဖြစ်ခဲ့သလဲ၊ ဘယ်လိုနေခဲ့သလဲဟု မေးကြည့်ချင်သည်။

သို့သော် သူ အောင့်ထားလိုက်၏။

သူညီ ခရစ္စကလွဲလို့ ဘယ်သူမှ သူမယုံပါ။

"အပြင်မှာ ခရစ္စရှိနေသေးတယ်၊ ကိုယ့်ကို မင်းသတ်လိုက်ရင် . . ."

"ရှင့်မှာ အဖော်ပါမယ်ဆိုတာ ကျွန်မသိတယ်၊ ရှင့်ကိုသတ်ရင် သူက ကျွန်မကို လက်စားချေမှာပဲ၊ ရှင်တို့နှစ်ယောက်စလုံးကို ပြိုင်တူသတ်ပစ်နိုင်မှ ဖြစ်မယ်"

"ကိုယ်သိချင်တာတွေ ရှိနေတယ်၊ အဲလိယော့က ကိုယ့်ကို အတင်းလိုက်နေတယ်၊ ခရစ္စကြောင့်မဟုတ်ဘူး၊ အဲဒါက အဲလိယော့ တမင်အကြောင်းပြတာ၊ ခရစ္စ စည်းကမ်းချိုးဖောက်ပြီးတော့မှ ကိုယ့်ကိုရှာဖို့ ခရစ္စကို လွှတ်လိုက်တာ"

"ဒို၊ အဓိပ္ပာယ်မရှိလိုက်တာ"

"ဟုတ်တယ်၊ တကယ်လို့ ခရစ္စကို မသတ်ဘဲ အဲလိယော့က အကူအညီတောင်းခဲ့တယ်ဆိုတာ ရှရှတွေသိသွားရင် သူတို့က သတ်မိန့်တစ်ခု ထပ်ထုတ်ကြဦးမှာ၊ အဲလိယော့ဟာ ကိုယ့်ကို ရှာတွေ့ဖို့ သူ့အသက်ကို စွန့်ခဲ့တယ်"

"ဘာဖြစ်လို့လဲ"

"သတ်ဖို့ပေါ့"

"ကျွန်မ ယုံမယ် ထင်သလား၊ အဲလိယော့ဟာ ရှင့်ကို သား တစ်ယောက်လို ချစ်တာ"

ဆောလ်က ကိုက်ခဲနေသော နားထင်ကို လက်နှင့်ပွတ်လိုက်ပြီး

"သူနဲ့ ကိုယ်ရဲ့ဆက်ဆံရေးထက်၊ အဲလဘာတ်သဘောတူချက်ထက် ပိုပြီးအရေးကြီးတာတစ်ခုရှိတယ်၊ အဲဒီဟာကြောင့် ကိုယ့်ကို ရှင်းပစ်ချင်တာ၊ ဘာလဲဆိုတာတော့ ကိုယ်မသိဘူး၊ ဒါကြောင့် မင်းဆီလာတွေ့တာ"

"ဝန်ကောက်မှာ ခရစ္စပြဿနာမဖြစ်ခင် အက်လန်တစ်စီးတီးမှာကတည်းက ကိုယ့်ကို မော့ဆတ်ဒ်က လိုက်သတ်တယ်၊ မင်းတို့အဖွဲ့က အဲလိယော့





ကို ကူညီနေတယ် မဟုတ်လား"

"ပေါက်ကရ"

"ဟုတ်တယ်၊ ဒါ တကယ်ဖြစ်ခဲ့တာကွ"

အဲရစ်ကာ မျက်လုံးတွေ ဝင်းသွားသည်။

"ကျွန်မတို့ အဲလိယော့ကို ကူညီနေတယ်ဆိုရင် ကျွန်မသိရမှာပေါ့၊ ရှင်နဲ့ကျွန်မ ကွဲသွားကတည်းက အများကြီးပြောင်းလဲသွားတယ်၊ ကျွန်မတို့ သံရုံးမှာ ကျွန်မ စာရေးမလုပ်တော့ဘူး၊ ခုတော့ ကျွန်မ မော့ဆတ်ဒ်အဖွဲ့မှာ ဗိုလ်မှူးကြီးဖြစ်နေပြီ၊ အရှေ့ကမ်းရိုးတန်းမှာရှိတဲ့ သူလျှိုအဖွဲ့တွေကို ကျွန်မ ကွပ်ကဲနေတယ်၊ ကျွန်မခွင့်ပြုချက်မရဘဲ ကျွန်မအဖွဲ့က ရှင့်ကို သတ်လို့မရဘူး"

"ဒါဆို သတ်မိန့်ပေးတဲ့လူဟာ မင်းကိုလိမ်ပြောပြီး ဖုံးကွယ်ထားလို့ပေါ့၊ မော့ဆတ်ဒ်အဖွဲ့ဝင် တစ်ယောက်ယောက်ဟာ အဲလိယော့ခိုင်းသမျှ လုပ်ပေးနေတယ်"

အဲရစ်ကာက ဆောလ်ကို စူးစူးရဲရဲကြည့်နေဆဲ။

"ကျွန်မ လက်မခံဘူး၊ ရှင်ပြောတာမှန်လို့ရှိရင် . . . နေဦး နေဦး အခု ဖြစ်သမျှဟာ အဓိပ္ပာယ်ကိုမရှိဘူး၊ ကျွန်မ ဘာမှမသိဘဲ ရှင်နဲ့ငြင်းခုံနေတာပဲ၊ ဖြစ်ပျက်ခဲ့သမျှကို ကျွန်မကို အသေးစိတ်ပြောပြစမ်းပါ"

အဲရစ်ကာက ကတုန်ကယင်နှင့် ပြောလိုက်သည်။

ဆောလ် ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"လွန်ခဲ့တဲ့ ဆယ်ရက်က အဲလိယော့က ကိုယ့်ကို တာဝန်တစ်ခု ပေးလိုက်တယ်၊ ပါရာဒင်ဖောင်ဒေးရှင်းကိစ္စ"

အဲရစ်ကာ မျက်လုံးပြူးသွား၏။

"သမ္မတကြီးရဲ့မိတ်ဆွေ အင်ဒရူးဆော့ဂ်ျရဲ့ အဖွဲ့အစည်းကြီး မဟုတ်လား၊ အဲဒါ ရှင့်လက်ချက်လား၊ သမ္မတကြီးက ကျွန်မတို့ကို စွပ်စွဲနေတယ်"

"ဘာလို့လဲ"

"ပါရာဒင် ဖောင်ဒေးရှင်းဟာ သမ္မတကြီးအတွက် အလုပ်လုပ်ပေးနေတာ၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက အစ္စရေးအပေါ် သစ္စာမရှိတော့တဲ့အခါ အာရပ်တွေဆီက ရေနံဈေးပေါပေါနဲ့ရအောင် ညှိနှိုင်းမယ့် သန်းကြွယ်သူဌေးတွေပါဝင်တဲ့ အဖွဲ့အစည်းပေါ့၊ ဒီအဖွဲ့ကြီးကို ဖျက်ဆီးခြင်းအားဖြင့် ကျွန်မတို့ အကျိုးစီးပွားကို ကာကွယ်မှုရယူတယ်လို့ ရှင်တို့ သမ္မတကြီးက ထင်နေတယ်"

"အဲဒီတော့ အာရပ်တွေနဲ့လဲ ဆက်ပြီး ညှိနှိုင်းလို့မရတော့ဘူးပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



အခုင်း ဒီတစ်ခါတော့ တို့သမ္မတကြီးက ယုတ္တိရှိရှိတွေးနိုင်သားပဲ"

"ဆက်ပြောပါဦး"

"မင်း အတော် စိတ်ဝင်စားလာပြီလား၊ ကဲ နေ့တွေပြီမဟုတ်လား၊ ကိုယ့်ကို မင်းကူညီရင် မင်းတို့ မော်ဆတ်ဒ်အဖွဲ့ အတွက်လဲ အကျိုးထူးမှာပါ"

"အက်လန်တစ်စီးတီးမှာ ဘာဖြစ်ခဲ့သလဲ"

"ပါရာဒင်ကိစ္စလုပ်ပြီးတော့ အဲလိယော့က ကိုယ့်ကို အဲဒီမှာ ခဏ သွားရှောင်နေခိုင်းတယ်"

"အစီပွာယ်မရှိလိုက်တာ၊ အဲဒီမြို့မှာ မပုန်းသင့်ဘူး"

"ဟုတ်တယ်၊ ဒါပေမယ့် ကိုယ်က အဲလိယော့စကား အမြဲနားထောင်တယ်၊ စောဒကတက်လေ့မရှိဘူး၊မော့ဆတ်ဒ်အဖွဲ့ဝင်တစ်ဦးကကိုယ့်ကိုကာဆီနိုထဲမှာ သတ်ဖို့ကြံတယ်၊ ကိုယ်က အဲလိယော့ကို အကာအကွယ်ပေးဖို့ လှမ်းတောင်းတယ်၊ သူက နောက်ထပ်မော့ဆတ်ဒ်အဖွဲ့ငယ်တစ်ဖွဲ့ထောင်ချောက်ဆင်ထားတဲ့ ဟိုတယ်တစ်လုံးကို သွားခိုင်းပြန်တယ်၊ ကိုယ် ဘယ်သွားမယ်ဆိုတာ အဲလိယော့တစ်ယောက်ပဲသိတယ်၊ ဒီတော့ အဲဒီလုပ်ကြံရေးအဖွဲ့ဟာ အဲလိယော့ရဲ့ လူတွေပဲ ဖြစ်ရမှာပေါ့"

"ဒါတော့ လုံးဝမဖြစ်နိုင်ဘူး"

"ဘာလဲ မင်း မသိလိုက်လို့လား၊ မင်း မသိချင်ယောင်ဆောင်နေတာပါ"

"မဟုတ်ဘူး၊ တစ်ခုရှိတယ်၊ အဲလိယော့ကို ကူညီနေတဲ့လူဟာ ပါရာဒင်ဖောင်ဒေးရှင်းကို ဖျက်ဆီးချင်တဲ့လူကို ကူညီနေတဲ့လူပဲဖြစ်ရမယ်၊ အာရပ်တွေနဲ့ ညှိနှိုင်းရေးကို ကျွန်မတို့ ဘယ်လောက်ပဲ ဟန့်တားချင်ပေမယ့် သမ္မတကြီးရဲ့ မိတ်ဆွေကို သတ်ပစ်ရလောက်အောင်တော့ ကျွန်မတို့ မမိုက်မဲသေးပါဘူး၊ အခု ဖြစ်ခဲ့တဲ့အတိုင်း ကျွန်မတို့ကို သမ္မတကြီးက အရင်ဆုံး လက်ညှိုးထိုးစွပ်စွဲမှာပဲ၊ ပါရာဒင် ဖောက်ခွဲမှုကြောင့် ကျွန်မတို့ အကျိုးမရှိတဲ့ အပြင် ဒုက္ခတောင်ရောက်သွားသေး၊ အစ္စရေးကို ဘယ်လို မော့ဆတ်ဒ်အုပ်စုမျိုးက ဆန့်ကျင်ဝံ့မှာလဲရှင်"

"ကိုယ့်ကို အဲလိယော့ ဘာကြောင့် သတ်ချင်သလဲဆိုတာ သူတို့ သိချင်မှ သိမယ်ပေါ့၊ ပါရာဒင် လုပ်ကြံမှုကြီးနဲ့ ကိုယ်နဲ့ အဆက်အစပ်ရှိမှန်း သူတို့မသိလို့လဲ ဖြစ်နိုင်တယ်"

"နေစမ်းပါဦး၊ ရှင်က ဘာကြောင့် မော့ဆတ်ဒ်လို့ချည်း တစ်ထစ်ချ ပြောနေရတာလဲ၊ ကျွန်မဖြင့် နားကို မလည်နိုင်ဘူး"





"မင်း စဉ်းစားကြည့်၊ သတ်ပုတ်တဲ့အခါ သူတို့က လက်ဖနောင့်ကို သုံးတယ်၊ သေနတ်နဲ့ပစ်တဲ့အခါ ဘာရက်တာ ပစ္စတိုတွေနဲ့ အူဇီစက်သေနတ်တွေကို သုံးကြတယ်၊ လမ်းလျှောက်တဲ့အခါ ဟန်ချက်မိအောင် ကိုယ်ကိုဝပ်၊ ခြေဖဝါး အပြားလိုက်ချနင်းပြီး လျှောက်တယ်၊ ဒါမျိုး ဘယ်သူတွေ လုပ်တတ်သလဲ။ နောက်ပြီး သူတို့က မင်းတို့ မော့ဆတ်ဒ်အဖွဲ့ဝင်တွေလိုပဲ အသံတိတ် ကိရိယာတွေ ကိုယ့်ဘာသာ လုပ်ယူတတ်တယ်လေ"

အဲရစ်ကာကာ ဆောလ်အား မျက်လုံးမျက်ဆန်ပြူးလျက် စိုက်ကြည့်နေမိလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၃ )

ခရစ္စသည် ရော်ဘာအောက်ခံ ရှူးဖိနပ်များဖြင့် ခြေဖွဖွနင်းကာ လှေကားမှ တက်သွားလျက်ရှိသည်။ လှေကားထိပ်မှ ငုံ့ကြည့်သူရှိပါက မိမိအားမမြင်နိုင်ရန် နံဘေးကပ်၍ တစ်ထပ်ပြီးတစ်ထပ်သတိနှင့် တက်သွားသည်။

မိမိအထက်မှ အသံများကို သူ နားစွင့်ထားသော်လည်း မီးချောင်းများ၏ အသံကိုသာ ကြားရသည်။ ငါးထပ်စလုံး စစ်ဆေးကြည့်ရာ လူတစ်ယောက်မှ မတွေ့ရသဖြင့် စတုတ္ထထပ်သို့ ပြန်ဆင်းကာ အရေးပေါ် တံခါးကိုမဖွင့်မီ စကြံလမ်းကို အကဲခတ်လိုက်သည်။

စကြံလမ်းတစ်ဘက်စီ၌ အခန်းနံပါတ်များ တပ်ထားသည့် အခန်းများ တန်းစီနေသည်။

ခရစ္စက မိမိဘေးချင်းကပ်ရှိ ဓာတ်လှေကားကို ခလုတ်နှိပ်ခေါ်ယူလိုက်သည်။ ဓာတ်လှေကားတံခါးထိပ်ရှိ နံပါတ်များတစ်ခုပြီးတစ်ခု မီးလင်းလာသည်။ နံပါတ် ၅ ပြီးတော့ နံပါတ် ၄ အရောက်တွင် ခေါင်းလောင်းသံနှင့် အတူ တံခါးပွင့်သွား၏။

ခရစ္စက ကုတ်အင်္ကျီအတွင်း၌ မော်ဇာပစ္စတိုကို လက်နှင့် အုပ်ထားရင်း ဓာတ်လှေကားအတွင်းကို ကြည့်လိုက်သည်။ လူတစ်ယောက်မှ မရှိ။

ကောင်းလိုက်တာ။ ခရစ္စစိတ်ထဲက ရေရွတ်မိသည်။

ဤတိုက်ကြီးသည် အတော်လေး လုံခြုံစိတ်ချရသည့် အခြေအနေမှာ ရှိသော်လည်း အပြင်တံခါးများမှာ အညံ့စားသော့များတပ်ထားခြင်းနှင့် ဧည့်ခန်းမ၌ အစောင့်မထားရှိခြင်းတို့ကိုတော့ သူ ဘဝင်မကျလှချေ။ သည်တိုက်ကြီးကို လမ်းမပေါ်မှ ဆက်ပြီး စောင့်ကြည့်နေရကောင်းမလား။

သူ စောင့်ကြည့်ခဲ့သည့် ရှုထောင့်၏ အားနည်းချက်မှာ တိုက်နောက်ဖေးကို မမြင်နိုင်ခြင်းနှင့် တိုက်ထဲဝင်သွားသော သူတစ်ဦးဦးသည် ဤတိုက်၌





နေထိုင်သူလား၊ ဆောလ်အား လိုက်ရှာနေသူလား ခွဲခြားဖို့ မလွယ်ခြင်းတို့ပင် ဖြစ်သည်။

နောက်ပြီး ယခုလက်ရှိအခိုက်အတန့်၌ပင် ပြဿနာတက်နေပြီလား မပြောတတ်။

အဲလိယော့၏ လူများအပါအဝင် ထောက်လှမ်းရေးအဖွဲ့ပေါင်းစုံမှ အေးဂျင့်များသည် မိမိနှင့်ဆောလ်တို့ အကူအညီတောင်းလိမ့်မည်ဟု ယူဆရသောသူများကို စောင့်ကြည့်နေကြမည်ဟု ခရစ္စ တွက်ထား၏။

အဲရစ်ကာသည် မိမိတို့နှစ်ဦး၏မိတ်ဆွေဖြစ်သည်။ သို့သော် ၁၉၇၃ ခုနှစ်ကတည်းက သူမအား မတွေ့ဖြစ်တော့ပေ။

မိမိတို့နှစ်ဦးနှင့် အဲရစ်ကာတို့ မည်မျှရင်းနှီးကြောင်း စေ့စေ့ပေါက်ပေါက် သိသူမရှိနိုင်ပါ။ သို့သော် ယခု သူမထံမှ အကူအညီကို မိမိတို့လိုအပ်နေသဖြင့် ခရစ္စ စေ့စပ်သေချာအောင်လုပ်ချင်သည်။ ယခု အဲရစ်ကာတို့တိုက်ကို မိမိလိုက်စစ်ဆေးပြီးသွားပြီမို့ နည်းနည်းစိတ်အေးသွားရသည်။ အဲရစ်ကာ၏ အခန်းက စတုတ္ထထပ်၊ စကြံလမ်းဘယ်ဘက်ခြမ်း၌ တည်ရှိပြီး အကာအကွယ်ပေးထားသည်။ မိမိ မသိဘဲနှင့် စတုတ္ထထပ်သို့ လှေကားမှသော်လည်းကောင်း၊ ဓာတ်လှေကားဖြင့်သော်လည်းကောင်း မည်သူမျှ တက်လာလို့မရ။

ခရစ္စသည် လှေကားထိပ်သို့ ပြန်သွားပြီး ဓာတ်လှေကားခေါင်းလောင်းသံနှင့် အောက်ဘက်မှ ခြေသံများကို နားစွင့်ကြည့်သည်။

စောစောပိုင်းက ဆောလ်နှင့်အတူ ခေါင်မိုးပေါ်၌ ပြုံးမိခဲ့သေးသည်။ လမ်းလျှောက်သွားသည့် အဲရစ်ကာ၏ ကိုယ်လုံးလေးကို မြင်ရတော့ ၁၉၆၆ ခုနှစ်က အစ္စရေးသို့ ဆောလ်နှင့်အတူ သင်တန်းသွားတက်စဉ် သူမနှင့် စတင်တွေ့ခဲ့ပုံလေးကို ပြန်လည် မြင်ယောင်ခဲ့မိသည်။ ထိုစဉ်ကလိုပင် သူမ၏ လှပကျော့ရှင်းမှုက ယခုတိုင် လှည့်စားနိုင်စွမ်း ရှိနေဆဲပါလား။

၁၉၆၇ ခုနှစ်က အစ္စရေးနိုင်ငံ၏ ခြောက်ရက်စစ်ပွဲနှင့် ၁၉၇၃ ခုနှစ်က အောက်တိုဘာလစစ်ပွဲတို့တွင် ပါဝင်တိုက်ခိုက်ခဲ့ဖူးသော အဲရစ်ကာသည် ယောကျ်ားတစ်ယောက်ကဲ့သို့ စွမ်းရည်ထက်ပြီး သတ်ရဲဖြတ်ရဲသူတစ်ဦး ဖြစ်လေသည်။

ရယ်စရာတော့ အကောင်းသား။ အမေရိကန်နိုင်ငံ၌ အားကောင်းမောင်းသန် မိန်းမများကို နူကွဲပေးသူများအဖြစ် သဘောထားကြသော်လည်း အစ္စရေးနိုင်ငံ၌ သည်လိုမိန်းမမျိုးကို သိပ်တန်ဖိုးထားကြသည်။ စင်စစ် အစ္စရေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ ရှင်သန်ရေးအတွက် လိင်ခွဲခြားနေစရာအကြောင်းမရှိချေ။ အောက်ထပ်မှ ကျွီခနဲ တံခါးပွင့်သံကြောင့် သူ ထိတ်ခနဲ ဖြစ်သွားသည်။

လက်ရန်းသို့ပြေးပြီး ငုံ့ကြည့်လိုက်သည်။ လှေကားရင်း၌ အရိပ်များ တွေ့ရသည်။ တံခါးပြန်ပိတ်လိုက်စဉ် ခရစ္စသည် မော်ဇာကို ဆွဲထုတ်ပြီး အပေါ်ထပ်သို့ ပြေးတက်ကာ ကြမ်းပေါ်သို့ အသာလေး ဝမ်းလျားမှောက်ချလိုက်သည်။

အရိပ်ပိုင်ရှင်များမှာ ဤတိုက်၌ နေတိုင်သူများ ဖြစ်ပြီး အညောင်းအညာပြေအောင် ဓာတ်လှေကားမစီးဘဲ ရိုးရိုး လှေကားမှ တက်လာခြင်းလည်း ဖြစ်နိုင်သည်။ အပေါ်ဆုံးထပ်သို့ တန်းပြီးတက်လာပါက မိမိလက်ထဲမှ မော်ဇာ သေနတ်ကြီးကို မြင်ကာ လန့်ဖျပ်ကုန်လိမ့်မည်။

သို့ဖြစ်လျှင်တော့ မိမိထွက်ပြေးဖို့ပဲရှိသည်။

မီးချောင်းများက တဝီးဝီးအသံမြည်နေ၏။ တဖြည်းဖြည်း တက်လာသည့် သိမ်မွေ့ညင်သာသော ခြေသံများကိုပင် ကောင်းကောင်းမကြားရ။

ဒုတိယထပ်ရောက်လာကြပြီ။ မဟုတ်သေး။ တတိယထပ်ရောက်ပြီပဲ။ ဟော ရပ်သွားကြပြီ။ မိမိထင်ထားတာ မှန်သားပြီမှတ်ပြီး သက်ပြင်းချမည်အပြု . . .

ခရစ္စအောက်တည့်တည့် စတုတ္ထထပ်၌ ခြေသံများ ခဏရပ်သွားသည်။ သူက မော်ဇာကို မြဲမြဲဆုပ်ကိုင်ပြီး အပေါ်သို့ ထိုးတက်လာသည့် ပုံသဏ္ဍာန် ယိမ်းထိုးနေသည့် အရိပ်များကို စိုက်ကြည့်နေသည်။

ခရစ္စက သေနတ်နှင့်ချိန်လိုက်သည်။

သူတို့ လူငှားတွေလား။ သူတို့အပေါ်သို့ တဖြည်းဖြည်း တက်လာမှုရေ၏။ တစ်အောင့်အကြာ၌ သူတို့ မျက်နှာများကို မိမိမြင်ရမည်။

ခရစ္စက သေနတ်မောင်းခလုတ်ပေါ် လက်ညှိုးကွေးထားသည်။

ချက်ချင်းဆုံးဖြတ်ချက်ချဖို့ အသင့်ပြင်ထားသည်။

အရိပ်များ ရပ်သွား၏။ အောက်ထပ်မှ တံခါး ကျွီခနဲ ပွင့်ပြီး ပြန်ပိတ်သွားသည်။

သူ မုဆိုးထိုင်ထထိုင်ပြီး လှေကားအောက်သို့ သေနတ်ပြောင်းချိန်လိုက်သည်။ လူရိပ်လူခြည်မတွေ့သဖြင့် ခပ်သုတ်သုတ် ဆင်းသွားသည်။ တံခါးကို ဆွဲဖွင့်ပြီး လှမ်းကြည့်သည်။

စင်္ကြံလမ်းအလယ်ကောင်လောက်တွင် အဲရိစ်ကာ၏ အခန်းတံခါးရှေ့၌ လူနှစ်ယောက်ရပ်နေသည်။ တစ်ယောက်က အူဇီစက်သေနတ်တစ်လက်





ကိုင်ထားပြီး နောက်တစ်ယောက်က လက်ပစ်ဗုံးမှ ပင်ကို ဆွဲဖြုတ်နေသည်။

ခရစ္စ နောက်ကျသွား၏။

ပထမလူက စက်သေနတ်နှင့် ပစ်လိုက်သည်။

နားကွဲမတတ်ဆူညံသွားသည်။ အဲရစ်ကာ၏ အခန်းတံခါး ပဲ့ထွက်ကုန်သည်။ ကျည်ဆန်ခွံများ ကြမ်းခင်းကော်ဇောပေါ်သို့ တဖြောက်ဖြောက်ကျလာသည်။

စင်္ကြံလမ်းထဲ၌ ကော်ဒိုက်ယမ်းနံ့တွေ ညှော်လာသည်။ သေနတ်သမားက စက်သေနတ်ပြောင်းကို တံခါးပေါက်နံဘေးဆီ ရွှေ့ပြီး ဆက်ပစ်နေသည်။

ဒုတိယလူက ပျက်သွားသော တံခါးသော့ကို ခြေနှင့်ဆောင့်ကန်ပြီး လက်ပစ်ဗုံးကို အဲရစ်ကာ အခန်းထဲ ပစ်သွင်းရန် ဟန်ပြင်လိုက်သည်။

ခရစ္စက မော်ဇာဖြင့် နှစ်ချက် လှမ်းပစ်သည်။

လက်ပစ်ဗုံးသမား ဦးခေါင်းနှင့် ပခုံးကို ကျည်ဆန်မှန်ပြီး လက်ထဲမှ ဗုံးကို လွှတ်ချလိုက်သည်။

ပထမလူက ခရစ္စအား လှည့်ပစ်သည်။ အသံများ ဆူညံနေသည့်ကြားမှ ခေါင်းလောင်းသံတစ်ခုကို ခရစ္စကြားရသည်။ သူက လှေကားရင်းသို့ ငုံ့ဝင်သွားသည်။ ဓာတ်လှေကားထဲမှ ခြေသံများ ထွက်လာသည်။ သေနတ်သမားက ဆက်ပစ်နေဆဲ။

လူအော်သံများ၊ သေနတ်သံများ ရောထွေးသွားပြီး ကျည်ဆန်မှန်သော ခန္ဓာကိုယ်များ ကြမ်းပြင်ပေါ် တဗုန်းဗုန်းလဲကျကုန်သည်။

လက်ပစ်ဗုံး ဒိုင်းခနဲ ပေါက်ကွဲသွားသည်။ စင်္ကြံလမ်းထဲမှာမို့ အသံက ပိုကျယ်သည်။ ဗုံးဆန်တွေ ပလူပျံသွားသည်။

ကော်ဒိုက်နံ့တွေ ခရစ္စနှာခေါင်းထဲ မွှန်နေ၏။ နားတွေလည်း အူသွားသည်။ စင်္ကြံလမ်းထဲမှ အသံများကို သူကြိုးစားနားစွင့်နေ၏။

လှေကားရင်းမှ ချောင်းကြည့်သည်။ သူ့ညာဘက် ဓာတ်လှေကားရှေ့တည့်တည့်တွင် အူဇီနှင့် လူနှစ်ယောက် သွေးအိုင်ထဲ၌ တုပ်တုပ်မလှုပ်လဲနေသည်။

သည်အထပ်ကိုတက်သည့် လမ်းကြောင်းနှစ်ခုလုံးကို စောင့်ကြည့်ပိတ်ဆို့ဖို့ နှစ်ယောက်တစ်တွဲပုံစံဖြင့် နှစ်စုလိုအပ်၏။

သို့သော် ၎င်းတို့ ချိန်သား လွဲသွားသည်။

ဓာတ်လှေကားက နည်းနည်း နောက်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအတွဲက သေနတ်သံများ ကြားသောအခါ ဓာတ်လှေကားထဲမှ ပြေးထွက်လာသော်လည်း သူတို့ကူညီချင်သည့် လူ၏လက်ချက်ဖြင့် မသာပေါ်ကုန်သည်။

ခရစ္စက ဘယ်ဘက်လှည့်လိုက်သည်။

အဲရစ်ကာ၏အခန်းကို အူဇီနှင့် ပစ်ခတ်ခဲ့သော လူလည်း အလောင်းကောင် ဖြစ်သွားရှာသော သူ့အဖော် နံဘေးတွင် မှောက်နှာပွင့်ထွက်ကာ သေနေရှာပြီ။

တိုက်ခန်းများမှ အထိတ်တလန့် အော်သံများ ကြားသဖြင့် ခရစ္စသည် စင်္ကြံလမ်းအတိုင်း ပြေးသွားသည်။

အဲရစ်ကာ၏တံခါးမှာ ပျက်စီးသွားပြီ။ ပတ္တာမှာ တွဲလောင်းကြီးပြုတ်ကျနေသဖြင့် ဧည့်ခန်းကို အတိုင်းသား မြင်ရသည်။

အူဇီစက်သေနတ်ကျည်ဆန်များက ပရိဘောဂပစ္စည်းများနှင့် ရုပ်မြင်သံကြားစက်တို့ကို ဖျက်ဆီးပစ်လိုက်၏။ ခန်းဆီးများလည်း စုတ်ပြတ်သွားသည်။

"ဆောလ်"

သို့သော် အလောင်းတစ်လောင်းမျှ ခရစ္စမတွေ့ရ။

သူတို့ ဘယ်ရောက်သွားကြပါလိမ့်။

◆

(၄)

တံခါးကိုဖောက်ထွင်း၍ ကျည်ဆန်များဝင်လာသည်နှင့် ဆောလ်ရော အဲရစ်ကာပါ ကြမ်းပေါ် မှောက်ချလိုက်ကြသည်။

မီးဖိုချောင်၊ သို့မဟုတ် အိပ်ခန်းထဲ လေးဘက်ထောက်ဝင်ဖို့ ဆောလ် စိတ်ကူးမိသည်။ သို့သော် ကျည်ဆန်များသည် တံခါးအစား နံရံကို ဖောက်ထွင်း၍ ဝင်လာကြပြန်သည်။ လူ့ခါး အမြင့်လောက်မှ အောက်သို့ထောင့်တန်း ဆွဲပစ်ခြင်း ဖြစ်သည်။

ဆောလ်လေးဘက်ထောက်ဖြတ်သွားရမည့် ကြမ်းခင်းကော်ဇောကြီးမှာလည်း ကျည်ဆန်မှန်၍ လွင့်တက်သွားသည်။ ကော်ဇောချုပ်၏ အစိတ်အပိုင်းများ လွင့်စဉ်ထွက်ကုန်သည်။ အချို့လည်း သူဝပ်နေရာနား လာကျသည်။

သူနှင့် အဲရစ်ကာတို့ ကျည်ဆန်တွေ တရစပ် ဖောက်ဝင်လာသည့် နံရံနားမှ လိမ့်ထွက်ပြေးကြသည်။

နံရံကြီး တုန်ခါသွား၏။ အင်္ဂတေစများ သူ့ကို လာမှန်သည်။ ကော်ဇောကြီး သူ့အနား ရွေ့လာသည်။

သေနတ်သမားသည် သေနတ်ပြောင်းဝကို ယခုထက်ပို၍ နှိမ့်ချလိုက်မည် ဆိုပါက . . . ။

တံခါး ဝုန်းခနဲ ပွင့်သွားသည်။

ဆောလ်က ဘာရက်တာနှင့် လှမ်းချိန်လိုက်သည်။ ပစ္စတိုပစ်သံနှစ်ချက်၊ လူတစ်ယောက် ဗုန်းခနဲလဲကျသံ၊ အော်ဟစ်သံများ၊ ပေါက်ကွဲသံကြီးတစ်ခုတို့ကို ဆက်တိုက်ကြားလိုက်ရ၏။ ပြီးတော့ တိတ်ဆိတ်သွားသည်။

နံရံများတွင်ကပ်လျက် သူ မတ်တတ်ကုန်းထသည်။ အဲရစ်ကာလည်း ဝိဝိကဲ့သို့ လိုက်ထကြောင်း သိနေသည်။

အပြင်ဘက်မှ အော်သံများ ကြားရသည်။ ဘာရက်တာပြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



တံခါးဝရှိ အရိပ်ဆီသို့ လှည့်ချိန်ထားသည်။

"ဆောလ်"

တစ်စုံတစ်ယောက်က သူ့နာမည်ကို အော်ခေါ်လိုက်သည်။

အရိပ်တစ်ခု ဝင်လာသည်။

ဆောလ်က သေနတ်မောင်းခလုတ်ပေါ်မှ လက်ညှိုးဖိအားကို လျှော့လိုက်၏။

ခရစ္စက ဘေးလှည့်ကာ နံရံတစ်လျှောက် ကဲကြည့် လိုက်သည်။

"မင်း ထိသွားလား"

ဆောလ်က ခေါင်းခါပြသည်။

"ဘာဖြစ်တာလဲ"

"အချိန် မရှိဘူးကွ၊ ငါတို့ ဒီက လစ်မှဖြစ်မယ်"

စင်္ကြံလမ်းတစ်လျှောက် တံခါးတွေ တဝုန်းဝုန်းပွင့်လာသည်။

မိန်းမတစ်ယောက် အော်လိုက်သည်။

"ရဲကို ခေါ်လိုက်"

ယောက်ျားတစ်ယောက် အော်သံ။

ခရစ္စက ကြက်သေ သေသွားပြီး ဆောလ်ကိုကျော်၍ အခန်းထဲမှ တစ်စုံတစ်ခုကို လှမ်းကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ဆော်လ်က အဲရစ်ကာဘက် ချာခနဲ လှည့်မေးလိုက်သည်။ သူမထိသွားမှာ စိုးရိမ်သည်။

သူမက သူတို့နှစ်ယောက်ကို မျက်နှာချင်းဆိုင်ကာ ကုလားထိုင်အောက်၌ ဝှက်ထားသည့် ပစ္စတိုကိုကိုင်လျက် နောက်ဆုတ်သွားသည်။

သူမ ပစ္စတိုက ဘာရက်တာအမျိုးအစားပင် ဖြစ်၏။

"မလုပ်နဲ့"

သူမက ခရစ္စအားချိန်ထားသည်။

စောစောက သူမစကားကို ဆောလ်ပြန်သတိရသည်။ ခရစ္စကိုပါ သတ်လို့ရမှသာ ဆောလ်ကို သူမ သတ်လို့ဖြစ်မည်ဟု ပြောခဲ့သည်မဟုတ်လား။

"မလုပ်နဲ့"

နောက်ကျသွားပြီ။

သူမက ခလုတ်ဆွဲလိုက်၏။

လူ့အသားစိုင်ထဲသို့ ကျည်ဆန်တစ်တောင့် ဖောက်ခနဲ ဝင်သွားသံကို





ဆောလ်ကြားရသည်။ ညည်းတွားသံတစ်ချက် ဆင့်ကဲ ပေါ်ထွက်လာ၏။

ဆောလ် နောက်သို့ ချာခနဲ လှည့်လိုက်ပြန်သည်။

ခရစ္စနောက်ဘက် စင်္ကြံလမ်းအတွင်းရှိ နံရံကို ကျောမှီလျက် လည်ပင်းမှ သွေးများ ပန်းထွက်နေသော ပစ္စတိုနှင့် လူတစ်ယောက်ကို တွေ့ရသည်။

ခရစ္စ သူ့နားထင် နှစ်ဖက်ကို လက်နှင့်အုပ်လိုက်ပြီး

"ဘုရား ဘုရား"

ဟု တ လိုက်သည်။

"ကျွန်မ ရှင့်ကိုပစ်တာ လွဲသွားတယ်"

"ဟုတ်တယ် လက်မတစ်စိတ်လေး ကပ်လွဲသွားတာ၊ သီသီလေးမဲ့"

"သူ့ကို ကျွန်မ ပစ်သတ်တာ၊ ရှင်သဘောမကျဘူးလား"

မှန်ကွဲနေသည့် ပြတင်းပေါက်များ နောက်ကွယ်မှ ရဲကားအရေးပေါ် ဥသြသံများ ပျံ့လွင့်လာလျက်ရှိသည်။

"ဒီငနဲက ဘယ်ကရောက်လာပါလိမ့်"

အဲရစ်ကာက တံခါးဝဆီပြေးသွားရာ ဆောလ်က နောက်က လိုက်လာပြီး မေးလိုက်သည်။

စင်္ကြံလမ်းထဲအရောက် ကြမ်းပေါ်မှ အလောင်းများကို ခွကျော်လိုက်သောအခါ သူ့အဖြေကို ရသွားသည်။

စင်္ကြံလမ်းအတွင်းရှိ အဲရစ်ကာနှင့် ဘေးချင်းကပ် အခန်းထဲမှ အူဇီစက်သေနတ်ဖြင့် ချိန်လျက် လူတစ်ယောက်ထွက်လာသည်။ ၎င်းအား အဲရစ်ကာက ပစ်ထည့်လိုက်၏။

ဆောလ်နှင့် ခရစ္စတို့က သူမထက် တစ်စက္ကန့်နေဝက်ကျပြီး ပြိုင်တူ ပစ်လိုက်ကြသည်။

သေနတ်သမား အားခနဲအော်ရင်း ခေါင်းငိုက်စိုက်ကျသွားသည်။ လက်ထဲမှ အူဇီကို မလွှတ်သေး။ အကြောဆွဲပြီး ခလုတ်ကို ညှစ်မိသဖြင့် ကြမ်းပြင်ကို ကျည်ဆန်တွေ ထိမှန်ကုန်သည်။ သူ့လက်ထဲမှာ အူဇီစက်သေနတ် တဆတ်ဆတ်ခုန်နေ၏။

အဲရစ်ကာက ဓာတ်လှေကားဆီပြေးသွားသည်။

"မသွားနဲ့၊ တို့အားလုံး ဓာတ်လှေကားထဲ ပိတ်မိလိမ့်မယ်"

ဆောလ်က လှမ်းတားသည်။

"လှေကားမရှည်စမ်းနဲ့"

သူမက အလောင်းများပတ်ပတ်လည်ရှိ သွေးအိုင်သွေးကွက်များကို



www.burmeseclassic.com

www.burmeseclassic.com



ချောင်ရှားရင်း ဓာတ်လှေကားခလုတ်ကို နှိပ်လိုက်သည်။ တံခါးပွင့်သွားသည်။

ဆောလ်နှင့် ခရစ္စအား အထဲတွန်းပို့လိုက်ပြီး နံပါတ် (၅)ခလုတ်ကို နှိပ်လိုက်သည်။

တံခါး ပြန်ပိတ်သွား၏။

ဓာတ်လှေကား အပေါ်တက်သွားသည်နှင့် ဆောလ် ရင်ထဲ ပို၍တက်သွားသည်။

"ကျွန်မတို့ အောက်ဆင်းလို့ မဖြစ်ဘူး၊ အောက်ထပ် ဧည့်ခန်းမထဲမှာ ဘယ်သူရှိမှန်း မသိနိုင်ဘူး၊ ရဲတွေရောက်ချင်လဲ ရောက်နေမှာ"

သူမက ဓာတ်လှေကားမျက်နှာကြက်တစ်ချပ်ကို လှမ်းဆွဲလိုက်သည်။ …ငင်း မျက်နှာကြက်အပေါ်၌ အံဖုံးလေးရှိကြောင်း ဆောလ်တွေ့ရသဖြင့် သက်ပြင်းချလိုက်သည်။

"အရေးပေါ် ထွက်ပေါက်ပါလား"

"ဟုတ်တယ်၊ ကျွန်မ ဒီတိုက်ခန်းငှားတဲ့နေ့မှာပဲ ဒီအပေါက်ကိုရှာထားခဲ့တာ၊ ကျွန်မအတွက် အရေးပေါ်ထွက်ပေါက်လိုရင် သုံးရအောင်လို့ပေါ့"

ဆောလ်က အံဖုံးတံခါးလေးကို လှန်ဖွင့်သည်။ ဓာတ်လှေကား ရပ်သွား၏။ ခရစ္စက ဓာတ်လှေကားတံခါး အလိုအလျောက် မပွင့်အောင် ခလုတ်ကို နှိပ်ပေးထားသည်။

ဆောလ်က အပေါ်ထပ်သို့ တစ်ချက်ခုန်ကာ ဓာတ်လှေကား ခေါင်မိုးပေါက် နှုတ်ခမ်းဝကို ဖမ်းဆုပ်၍ ခေါင်မိုးပေါ်သို့ တွယ်တက်သွားပြီး မှောင်ထဲ၌ ဒူးထောက်ချလိုက်သည်။

ထို့နောက် အဲရစ်ကာ့လက်ကို ဖမ်းဆွဲသည်။

နံဘေးရှိ ဓာတ်လှေကားကြိုးကြီးများပေါ်မှ ချောဆီနံ့က သူ့နှာခေါင်းထဲ ဝင်လာသည်။

"သူတို့ ကျွန်မအခန်းထဲ အသံဖမ်းမိုက်ခွက် လာထားစရာမလိုဘူး၊ တပြင်က စောင့်ကြည့်စရာလဲ မလိုဘူး၊ ရှင် တွေ့သားပဲ။ ဟိုဘက်ခန်းမှာ သူတို့ လူနှစ်ယောက် ထားထားတာ ရှင်လဲ ရောက်လာရော သူတို့က စစ်ကူ လှမ်းတောင်းလိုက်ရော"

ခရစ္စက အောက်မှနေ၍ မျက်နှာကြက်ပြားကို ဆောလ်ထံ လှမ်းပေးသည်။ သူကိုယ်တိုင် ခေါင်မိုးပေါ် တွယ်တက်ပြီး ထိုမျက်နှာကြက်ပြားကို ပြန်တပ်ကာ အံဖုံးတံခါးလေးကို ပြန်ပိတ်လိုက်သည်။

"က အဲဒီဆက်လုပ်ကြမလဲ၊ တောက်၊ ဖုန်တွေကလဲ ထူပါ့မွ။





အသက် ရှူလို့ မဝဘူး ဟေ့"

ခရစ္စက ညည်းလိုက်သည်။

"ကျွန်မတို့အပေါ်တည့်တည့် တိုက်ခေါင်မိုးပေါ်မှာ ဓာတ်လှေကား မောင်းတဲ့ ကိရိယာတွေထားတဲ့ အဆောင်ကလေးရှိတယ်"

အဲရစ်ကာ၏အသံက မှောင်မိုက်သည့် လိုဏ်ခေါင်းထဲ၌ ပဲ့တင်ထပ်နေသည်။ သူက ဖိနပ်မချွတ်ဘဲ လိုဏ်ခေါင်းနံရံပေါ် ကုပ်တွယ်တက်သွားသည်။

ဆောလ်က အပေါ်မှ သံတူချောင်းကြီး တစ်ချောင်းကို လှမ်းဆွဲသည်။ ဓာတ်လှေကားခေါင်မိုးနှင့် သူ့ခြေထောက်လွတ်သွားသည်နှင့် ဝေါခနဲ မြည်သံကြီးတစ်ခုကို သူကြားရသည်။

ဟိုက် . . . ၊ ဓာတ်လှေကား အောက်ပြန်ဆင်းသွားပြီ။ သူ တွဲလောင်းကြီး ဖြစ်နေသည်။

"ခရစ္စ"

"ဘေးမှာ"

ချော်ကျိကျိသံတူချောင်းကြီးပေါ်မှ ဆောလ်လက်ချောင်းများက ကျွတ်ထွက်လုလု ဖြစ်နေသည်။

ဓာတ်လှေကားက မြေညီထပ်အထိဆင်းသွားပြီး မီမီပြုတ်ကျသွားလျှင်တော့ မတွေးဝံ့စရာ။ ထို့ကြောင့် သံတူချောင်းကို အားတင်း၍ မြဲမြဲဆုပ်ထားရပြန်သည်။

အဲရစ်ကာက သူ့ လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်သည်။ သူ အပေါ်သို့ ကုန်းရုန်းတက်သည်။

"ခေါင်းငုံ့ထား၊ ဓာတ်လှေကားမောင်းတဲ့ ဂီယာတွေက ရှင့်အပေါ်တည့်တည့်မှာရှိတယ်"

အဲရစ်ကာက အမိန့်ပေးသည်။

လျင်မြန်စွာရွေ့လျားသွားသော ကြိုးများနှင့် လွတ်အောင် ဆောလ် ကွန်ကရစ် ခါးပန်းလေးပေါ်၌ တွယ်ကပ်နေလိုက်ရသည်။ အပေါ်မှ ပင်နီယံများ လည်ပတ်သံကို ကြားနေရသည်။

"ငါ့ကုတ်အကျီ ပင်နီယံတွေကြားညပ်သွားပြီ"

ခရစ္စက လှမ်းပြောသည်။

လိုဏ်ခေါင်းထဲ၌ ဓာတ်လှေကားမောင်းသည့် စက်ကိရိယာများ၏ တုန်ခါမြည်ဟည်းသံများမှာ ပဲ့တင်ထပ်နေ၏။

ဆောလ်က မှောင်ထဲ၌ ခရစ္စဘက်ဆတ်ခနဲ လှည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တုန်ခါသံကြီးရပ်သွား၏။ ထိန်းကြိုးများ မရွေ့လျားဘဲ လှုပ်ခါ နေကြသည်။

အသံအားလုံး ပြန်တိတ်သွားသည်။

ဗျိုခနဲ အကျိုးပြုသံကို ကြားလိုက်ရသည်။

"ငါ့ကုတ်အကျီ လက်မောင်းစုပြသွားပြီ၊ ငါ အကျီအမြန်ချွတ်မှပဲဟော့"

ခရစ္စက ပြောသည်။

ဝေါခနဲ မြည်သံကြီးပြန်ပေါ်လာသဖြင့်၊ ခရစ္စစကားသံများလုံးဝွေး သွားသည်။

ဆောလ်က သူ့ကို လှမ်းဆွဲသည်။ ဟန်ချက်ပျက်ပြီး မိမိပါ အောက်သို့ ချော်မကျအောင် မနည်း သတိထားရသေးသည်။

"ရပြီ . . . ရပြီ ငါ့ကုတ်အကျီချွတ်လိုက်ပြီ"

သူတို့အောက်၌ ဓာတ်လှေကားကြီး ရပ်သွားသည်။

ပြန် တိတ်ဆိတ်သွားစဉ် ဓာတ်လှေကား တံခါးပွင့်သံကို ဆောလ်ကြား ရသည်။ တစ်စုံတစ်ယောက် မသက်မသာ ညည်းညူသံ ပေါ်ထွက်လာ၏။

"သူတို့ပြောလိုက်တာထက် ပိုဆိုးပါလားကွ၊ ဒီမှာကြည့်စမ်းပါဦး . . . သားသတ်ရုံကျနေတာပဲ၊ ခန်းကို ဖုန်းဆက်စမ်း၊ အမြန်ဆုံးလာခဲ့ကြလို့၊ အကူ အညီ လိုနေတယ်"

ဓာတ်လှေကားအတွင်းမှ ပြေးထွက်သွားသော ခြေသံများ ကြားရ ပြန်သည်။

တံခါး ပြန်ပိတ်သွား၏။

ဓာတ်လှေကား အောက်သို့ ဆင်းသွားပြန်သည်။

"သူတို့ ဒီတိုက်ကို ပိတ်ဆို့ပစ်လိမ့်မယ်"

အဲရစ်ကာက ပြောသည်။

"ဒါဖြင့် လစ်ကြစို့"

"လစ်မလို့ပါပဲ ရှင်၊ ခေါင်မိုးပေါ်မှာ အရေးပေါ် တံခါးပေါက်ရှိတယ်၊ ဒါပေမယ့် သော့ခတ်ထားတယ်"

အဲရစ်ကာ မင်းတုပ်ကို ဆောင့်ဆွဲနေသံ ဆောလ်ကြားရသည်။

"ကိုယ်တို့ ချောင်ပိတ်မိပြီထင်တယ်"

ဓာတ်လှေကား ရပ်သွား၏။

သတ္တုချင်း ပွတ်တိုက်သံကို ဆောလ်ကြားရသည်။

"ရပြီ ရပြီ၊ ပတ္တာတစ်ခု ဖြုတ်လို့ရပြီ"

အဲရစ်ကာက ခပ်တိုးတိုးပြောသည်။





တဂျစ်ဂျစ်မြည်သံတွေ ဆက်ထွက်လာ၏။

"ကိုယ့်ဓားမြှောင်ယူဦးမလား"

"နေပါစေ၊ အိုကေပဲ၊ ရပြီ"

သူမက ပတ္တာအူတိုင်ကိုဆွဲဖွင့်လိုက်ရာ မြို့၏ မီးအလင်းရောင်များကို မြောင်းလေးကြားမှ ဆောလ် လှမ်းမြင်ရသဖြင့် ဝမ်းသာသွားသည်။

သူက ရှေ့ကုန်းပြီး လတ်ဆတ်သောလေကို ရှူသွင်းလိုက်သည်။

"သူတို့တွေ ခေါင်မိုးကို တက်စစ်ဆေးမှာပဲ၊ သူတို့စစ်ဆေးပြီးတဲ့အထိ ကျွန်မတို့စောင့်ရင် ကောင်းမယ်"

ဆောလ်သည် ဤနေရာမှ အမြန်ဆုံး ထွက်ပြေးချင်သော်လည်း သူမ ပြောတာမှန်ကြောင်း သူ သိသည်။ ထို့ကြောင့် စောဒကတက်မနေတော့။

"ခေါင်မိုးပေါ်ထွက်တဲ့တံခါးကို ကျွန်မ မြင်ရတယ်၊ အဲဒီတံခါးဖွင့်လို့ ရရင် အံဖုံးကို ပြန်ပိတ်လို့ရမယ်"

ဓာတ်လှေကားက ဂျိမ်းခနဲမြည်၍ အပေါ်ပြန်တက်လာပြန်သည်။ ယောကျ်ားသံတစ်ခု ခပ်အုပ်အုပ် ပေါ်ထွက်လာသည်။

"မှုခင်းဆရာဝန်ကြီး လာနေပြီ၊ ဒီတိုက်ကို ကျုပ်တို့ရှာမလို့၊ အဲဒီ တိုက်ခန်းထဲမှာ ဘယ်သူနေသလဲ"

"အဲရစ်ကာဘန်းစတိုင်းဆိုတဲ့ မိန်းမတစ်ယောက်"

"သူ အခု ဘယ်ရောက်သွားလဲ၊ သူ့အခန်းထဲ ကျုပ်တို့ရှာပြီးပြီ၊ အလောင်းတစ်လောင်းမှ မတွေ့ဘူး"

ဆယ်မိနစ်အကြာ၌ ရဲသားနှစ်ယောက် ခေါင်မိုးပေါ်သို့ တံခါးဖွင့် တက်လာကြသည်။ လက်ထဲမှာ ခြောက်လုံးပြူးနှင့် လက်နှိပ်ဓာတ်မီးများပါ သည်။ အဲရစ်ကာက အံဖုံးတံခါးချပ်လေးကို ပိတ်ကာ ပတ္တာအူတိုင်များကို အသံမထွက်အောင် ပြန်ထည့်လိုက်သည်။

ခြေသံနှင့် စကားသံများကို ဆောလ်ကြားနေရသည်။

"ဒီအပေါ်မှာ ဘယ်သူမှမရှိဘူး"

"ဓာတ်လှေကားပေါ် ဆင်းတဲ့ အံဖုံးရော ဖွင့်ကြည့်ပြီးပြီလား"

အံဖုံးသံဆန်ခါပေါက်မှ လက်နှိပ်ဓာတ်မီးရောင် ထိုးကျလာသဖြင့် ဆောလ်တို့ သုံးယောက်သား မှောင်ရိပ်ထဲသို့ ကျုံ့ကျုံ့ယုံ့ယုံ့ တိုးဝင်နေလိုက်ကြ ရသည်။

"သော့ခတ်ထားတယ်"

"စစ်ကြည့်ဦး၊ သော့ကို ဖျက်ချင်ဖျက်ထားမှာ"



www.burmeseclassic.com

www.burmeseclassic.com



ခြေသံများ ပိုနီးကပ်လာသည်။

"သတိထား၊ ကျွန်တော်နောက်နားက စောင့်ကြည့်ပေးမယ်"

သော့ခလောက်ကို တဂျောက်ဂျောက်မြည်အောင် ဆောင့်ဆွဲကြည့်သံ ကြားရသည်။

"ကျေနပ်ပြီလား"

"ရဲအုပ်ကြီးကတော့ စေ့စေ့စပ်စပ်လုပ်ဖို့ မှာလိုက်တယ်"

"ဘာထူးမှာလဲ၊ သူကိုယ်တိုင်လဲ သူများလုပ်ပြီးသမျှ တစ်ခေါက် ထပ်စစ်ဆေးနေကျပဲ၊ ပြီးရင် ကျွန်တော်တို့ကို သုံးကြိမ်မြောက် စစ်ဆေးခိုင်းပြန်ရော"

ခြေသံများ ဝေးသွားသည်။

ခေါင်မိုးသို့ ထွက်သည့်တံခါး ကျွီခနဲ ပြန်ပိတ်သွားသည်။

ဆောလ် သက်ပြင်းရှည်ကြီး ချလိုက်သည်။ နဖူးမှ ချွေးများ သူ့မျက်လုံးထဲ စီးဝင်လာသည်။

နှစ်ခါပြန် သုံးခါပြန် စစ်ဆေးကြမယ်တဲ့လား။

အင်း၊ ငါတို့တော့ ဒီထဲမှာ ပိတ်မိကုန်ပြီပေါ့ဟု ဆောလ်စိတ်ပျက်စွာ တွေးမိသည်။

◆

(၅)

ထိုနေ့ည တစ်ညလုံး ဓာတ်လှေကားက ဆင်းလိုက်တက်လိုက်ဖြစ်နေသည်။ ဖုန်တွေ တထောင်းထောင်းထသဖြင့် သူတို့မျက်နှာမှာ ဖုန်တွေကပ်ပြီး နှာခေါင်းထဲ ဖုန်မှုန့်များ ပိတ်ဆို့ကုန်၏။ အသက်ရှူပါ ကျပ်လာသည်။

အဲရစ်ကာက ပြုပြင်ထိန်းသိမ်းရေး အလုပ်သမားများ သုံးသည့် အံဖုံးတံခါးလေးကို ဖွင့်ပေးလိုက်သောအခါ တစ်ယောက်တစ်လှည့်စီ လေကောင်းလေသန့်ကို တက်ရှူကြသည်။

ဆောလ် လက်ပတ်နာရီတကြည့်ကြည့် ဖြစ်နေသည်။

မနက်ခြောက်နာရီ ထိုးပြီးခါစတွင် အရှေ့ဘက်ဦး လင်းရောင်ခြည်က အံဖုံးသံဆန်ခါပေါက်မှဝင်လာသဖြင့် သူတို့၏ ညစ်ပတ်ပေရေပြီး ထိုင်းမှိုင်းကြမ်းတော်သည့် ရုပ်အင်္ဂါလက္ခဏာများက ပို၍ ပီပြင်လာလေသည်။

ပထမတော့ နေရောင်ခြည်ကိုဆောလ်ကြိုဆိုမိသည်။ သို့သော် နေမြင့်လာသည့်အလျောက် ဓာတ်လှေကားလိုဏ်ခေါင်းထဲမှာ ပို၍ လှောင်အိုက်လာသဖြင့် ပေါင်းအိုးထဲ ဝင်နေရသလို ဖြစ်လာသည်။

ဆောလ်မှုန်းကျပ်လာ၏။

ထို့ကြောင့် ကုတ်အင်္ကျီကို ဆွဲချွတ်ပစ်လိုက်သည်။ မနက်ဆယ့်တစ်နာရီလောက်တွင် ရှပ်အင်္ကျီကိုပါ ချွတ်လိုက်၏။

သူတို့သုံးယောက်သား အတွင်းခံအဝတ်အစားများဖြင့် နုံးချွေနေကြသည်။

သူ့မ နွမ်းနယ် မောဟိုက်နေသည့်မျက်နှာထားကို လှမ်းကြည့်ရင်း သူ့မအတွက် ဆောလ် စိုးရိမ်လာသည်။ သို့သော် နောက်ဆုံးတွင် သူမသည် မိမိတို့ညီအစ်ကိုနှစ်ယောက်ထက် ပို၍ ခံနိုင်ရည်ရှိသူဖြစ်ကြောင်း ဆောလ် နိုင်မိသွား၏။

မိမိတို့ထက်ပင် သက်ဆိုးရှည်မည့် သူဟာလေးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မွန်းတည့်ချိန်လောက်တွင် ဓာတ်လှေကားက မနက်ပိုင်းကထက် အဆင်းအတက် လျော့နည်းသွားသည်။ သူနာပြုအဖွဲ့နှင့် ပြစ်မှုဆိုင်ရာ ဆေးပညာသည်အဖွဲ့တို့ လာပြီး သွားကြပြီ။ အလောင်းများကို ညကတည်းက သယ်သွားကြ၏။

အောက်ဘက်မှ မသဲမကွဲ စကားသံများအရ အဲရစ်ကာအခန်းကို ရဲနှစ်ယောက်၊ မြေညီထပ် စည့်ခန်းဆောင်မှာ နှစ်ယောက် စောင့်ကြည့်နေကြကြောင်း ဆောလ်သိရသည်။

သို့တစေ ဒီတိုက်မှ ထွက်ဖို့ စိတ်မချရသေး။

နေ့ခင်းကြောင်တောင်ကြီး ဖုန်အလိမ်းလိမ်းနှင့် ပုံပျက်ပန်းပျက် ဖြစ်နေသော မိမိတို့အဖို့ လူတောထဲ ဘယ်လိုထွက်လို့ ဖြစ်ပါ့မလဲ။

ထို့ကြောင့် ခဲရာခဲဆစ်အသက်ရှူရင်းနှင့် သူတို့ ဆက်လက် စောင့်ဆိုင်းကြရသည်။ နေဝင်သွားသောအခါ ဆောလ် မျက်လုံးတွေ ဝါးလာသည်။ သွေလက်မောင်းတွေ လေးလာသည်။

ခန္ဓာကိုယ်အတွင်း ရေဓာတ်ခန်းခြောက်ခြင်းကြောင့် ဆောလ် ဗိုက်အောင့်နေ၏။

သူတို့သုံးယောက် မူလက သဘောတူထားခဲ့သည့် အချိန်အတိုင်း အတာသို့ ရောက်လာပြီ။

တိုက်ခိုက်ခံရပြီး နှစ်ဆယ့်လေးနာရီ တင်းတင်း ပြည့်သွားပြီ မဟုတ်လား။

အားရော့ာ နွမ်းလျစွာဖြင့် ကျဉ်းမြောင်းလှသည့် အံဖုံးပေါက်ကလေးမှ တိုးထွက်ပြီး ခေါင်မိုးပေါ်၌ ဖယီးဖယိုင်နှင့် မတ်တတ်ထကြသည်။

ညလေအေးကို တစ်ဝရှူရင်း အဝတ်အစားများ ပြန်ဝတ်ကြသည်။ အာခေါင်တွေ ခြောက်ကပ်နေ၏။

မှုနောက်နောက်ဖြစ်နေလျက် ဟိုးအဝေးမှ ကက်ပီဘယ် (လွှတ်တော်) အဆောက်အအုံကြီး၏ မီးရောင်များကို ငေးကြည့်မိကြသေးသည်။

"လုပ်စရာတွေ အများကြီးပဲ"

ခရစ္စက ပြောသည်။

သူဆိုလိုရင်းကို ဆောလ် အဓိပ္ပာယ်ပေါက်သည်။ မော်တော်ကား၊ သောက်ရေ၊ အစားအစာ၊ ရေမိုးချိုးစရာ၊ သန့်ပြန့်သော အဝတ်အစားများ ရယူရန်နှင့် အနားယူစရာနေရာစသည်တို့ကို မိမိတို့လိုအပ်သည်။

နောက်ပြီး အရေးကြီးဆုံးက အိပ်ရေးဝဝအိပ်ဖို့။

အိပ်ပြီးလျှင် အဖြေရှာရဦးမည်။





"ကျွန်မ မော်တော်ကား ယူပေးမယ်"

အဲရစ်ကာက သူမ၏ နက်မှောင်ရှည်လျားသော ဆံပင်များကို ကျောပြင်ဆီသို့ လွှဲချလိုက်သည်။

"ဘာလဲ၊ ခင်ဗျားတို့သံရုံးကကားလား၊ ခင်ဗျားကိုယ်ပိုင်ကားလား၊ မလွယ်ဘူး၊ အန္တရာယ်များတယ်၊ ခင်ဗျား ဘယ်သူလဲဆိုတာ ရဲတွေသိသွားပြီ၊ ခင်ဗျားရဲ့အလောင်းကို သူတို့ ရှာမတွေ့တော့ ခင်ဗျားလဲ ဒီကိစ္စမှာ ပတ်သက်နေတယ်လို့ ယူဆကြမယ်၊ တိုက်အောက်က ကားရပ်စခန်းကို သူတို့ စောင့်ကြည့်နေမှာပဲ၊ ခင်ဗျား ဘယ်မှာ အလုပ်လုပ်သလဲဆိုတာ စုံစမ်းပြီးရင် သံရုံးကို စောင့်ကြည့်ကြဦးမယ်"

ခရစ္စက အဲရစ်ကာအဖြေကိုမစောင့်ဘဲ ခေါင်းယမ်းပြယင်း ပြောလိုက်သည်။

"ကျွန်မမှာ ကားအပိုတစ်စီးရှိသေးတယ်။ ဗိုဖြင် နာမည်တစ်ခုနဲ့ ဝယ်ထားတာ။ သံရုံးကထုတ်ပေးထားတဲ့ ငွေနဲ့လက်ငင်းဝယ်ခဲ့တာပါ၊ ဒီကားတစ်ဆင့် ကျွန်မအကြောင်းစုံစမ်းလို့မရနိုင်ဘူး၊ မြို့ရဲ့ ဟိုတက်အခြမ်းက ဂိုဒေါင်ထဲမှာ သိမ်းထားတယ်"

အဲရစ်ကာ ဘလောက်စ်အကျီ ပြန်ဝတ်၍ ကြယ်သီးတပ်လိုက်သည်။

"ပြဿနာတစ်ခု ကျန်သေးတယ်။ ဘယ်ကိုသွားမလဲ၊ ခင်ဗျားတိုက်ခန်းရှေ့မှာ ကျွန်တော်တို့ကို မြင်လိုက်တဲ့ လူတွေက ရဲကို ကျွန်တော်တို့ ပုံပန်းသဏ္ဍာန်ဖွင့်ပြောမှာပဲ ကျွန်တော်တို့ ဘယ်ဟိုတယ်မှ သွားတည်းလို့မဖြစ်ဘူး၊ ယောကျ်ားနှစ်ယောက်နဲ့ မိန်းမတစ်ယောက် တစ်စုတစ်ဝေးတည်း သွားလို့ကတော့ ရှာတွေ့သွားမှာပဲ"

ခရစ္စက ပြောလိုက်၏။

"တို့ကို လိုက်ရှာတဲ့လူတွေက မင်းရဲ့ မိတ်ဆွေတွေကို လိုက်မေးခွင်းကြဦးမှာ အဲရစ်ကာရဲ့"

ဆောလ်က ထောက်ပြသည်။

"ဟိုတယ်လဲ တည်းစရာမလိုဘူး၊ ကျွန်မ မိတ်ဆွေတွေဆီလဲ မသွားဘူး"

"ဒါဖြင့် ဘယ်သွားမလဲ"

"မျက်မှောင်ကုတ်မနေစမ်းပါနဲ့ ဆောလ်ရယ်၊ ရှင့်ကို အံ့အားသင့်အောင် ကျွန်မ လုပ်ပြပါရစေလား"

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၆ )

လူသတ်မှုစုံစမ်းရေးဌာနခွဲမှ ရဲအုပ်ကြီးသည် ၎င်း၏ ရုံးခန်းအတွင်းရှိ တယ်လီဖုန်းကို ကိုင်လျက် ရှုပ်ပွနေသော စားပွဲပေါ်မှ စားလက်စ တန်းလန်း မုန့်ပန်းကန်ကို စိုက်ကြည့်နေသည်။

တယ်လီဖုန်းကို နားထောင်ရင်း သူ စားချင်စိတ် ကုန်သွား၏။ ရင်ထဲမှာ ပူလာသည်။

တံခါးဖွင့်ထားသည့် ပြတင်းပေါက်အပြင်ဘက် ဝါရှင်တန် ညအမှောင်ထုထဲမှ ရဲကား ဥသြသံများ ပျံ့လွင့်လာလျက်ရှိသည်။

"ဟုတ်ကဲ့ဆရာ၊ ဟုတ်ကဲ့၊ ကျွန်တော် ကြည့်လုပ်လိုက်ပါ့မယ်၊ ဘာမှ မဖြစ်စေရပါဘူး၊ စိတ်ချပါဆရာ"

ဟု ရဲအုပ်ကြီးက သက်ပြင်းချ၍ ပြောလိုက်သည်။

ထို့နောက် စိတ်ပျက်လက်ပျက်ဖြင့် တယ်လီဖုန်းကို ချပြီး တယ်လီဖုန်းမှ ရောဂါပိုးမွှားများကူးစက်ခံရမှာ စိုးသည့်အလား ချွေးစေးနေသည့် သူ့လက်ဝါးကို အထပ်ထပ်အခါခါ သုတ်နေမိသည်။

သူ့အခန်းထဲသို့ လူတစ်ယောက် ဝင်လာသည်။ မိမိစားပွဲရှေ့တွင် ကုတ်အင်္ကျီချွတ်၊ လည်စည်းကိုလျှော့၊ တွန့်ကြေနေသည့် အင်္ကျီလက်မောင်းစကို ခေါက်တင်လျက် စီးကရက် မီးညှိကာ ထိုင်နေသည့် ဒုရဲအုပ်အား ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

မျက်နှာသွယ်သွယ်နှင့် ဒုရဲအုပ်၏နောက်ကွယ်၌ တယ်လီဖုန်းတွေ တဝွမ်းဝွမ်းမြည်နေသည်။ လက်နှိပ်စက်ရိုက်သံ တဖြောင်းဖြောင်းကြားနေရသည်။

"ဆရာ့မျက်နှာကြီး ရှုံ့မဲ့နေပုံက အထက်က ကာယလေ့ကျင့်ခန်းလုပ်ဖို့ အမိန့်ပေးလိုက်သလိုပဲ"

ဒုရဲအုပ်က ပြောလိုက်သည်။





"ငါ့ကို မီလွှာသိမ်းခိုင်းလို့ကွ"

ရဲအုပ်ကြီးက တကျွိကျွိမြည်နေသည့် ဆုံလည်ကုလားထိုင်အဆွေးကြီးပေါ် ခြေပစ်လက်ပစ် မှီထိုင်လိုက်သည်။

"ဘာဖြစ်လို့လဲဆရာ"

"မနေ့ညက သတ်ကြဖြတ်ကြတဲ့ ကိစ္စပေါ့၊ နိုင်ငံငယ်လေးတစ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်နိုင်လောက်တဲ့ လက်နက်တွေနဲ့ ငနဲခြောက်ယောက် အသေမိလို့၊ တိုက်ခန်းတစ်ခန်းမှာ အပြတ်ရှင်းခံလိုက်ရတာလေကွာ"

"သဲလွန်စတွေ မရဘူးလား"

"ဟုတ်တယ်၊ ဒါမျိုးတစ်ခါမှ မဖြစ်ဖူးဘူး"

ဒုရဲအုပ် စီးကရက်မီးခိုး သီးသွား၏။

"ဆရာ, ဘာတွေပြောနေတာလဲ"

၎င်းက အခန်းထဲရှိဗိုင်ဗီရိုများရှေ့မှ ဖြတ်လျှောက်သွား၏။

"ခုပဲ ငါ့ဆီ ဖုန်းလာတယ်၊ ထိပ်ဆုံးက လာတာကွ၊ ဘယ်သူလဲဆိုတာတော့ မင်းကို ငါပြောခွင့်မရှိဘူး၊ အဲဒီလောက်ဆို သဘောပေါက်၊ ငါ အဲဒီကိစ္စ စဉ်းစားရင် သိပ်စိတ်ညစ်တယ်၊ ဒီကိစ္စ ငါ မရှင်းနိုင်ရင် ငါတော့ ပတ္တရောင်လှည့် ရဲသားဘဝ ပြန်ရောက်သွားလိမ့်မယ်၊ ယောဒီမြို့ဟာ စကြဝဠာရဲ့ စအိုဝနဲ့ တူတယ်လို့ တစ်ခါတစ်ခါ ငါတွေးမိသကွ"

ရဲအုပ်ကြီးက သူ့ဗိုက်ကိုနှိပ်ကာ ရှုံ့မဲ့၍ ပြောလိုက်သည်။

"ကျွန်တော့်ကို ပြောပြစမ်းပါဦး အာစရိရဲ့"

"အဲဒီအလောင်းခြောက်လောင်းကို အစိုးရက သိမ်းသွားတယ်"

"အစိုးရ"ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို ဒုရဲအုပ်အား မိမိရှင်းပြနေစရာမလိုကြောင်း ရဲအုပ်ကြီး သိသည်။ လျှို့ဝှက်ကိစ္စများနှင့် ပတ်သက်သည့်အခါ ယင်းဝေါဟာရကို အစားထိုးသုံးလေ့ရှိကြောင်း ဝါရှင်တန်မှာ အလုပ်လုပ်တာ သက်တမ်းရင့်နေကြပြီဖြစ်သော သူတို့နှစ်ဦးစလုံး သိပြီးသား။

"လုံခြုံရေးအရ ဒီအလောင်းတွေ ဘယ်သူလဲဆိုတာ မပြောနိုင်ဘူးတဲ့၊ ဖါ အစိုးရတရားဝင်ကိစ္စတဲ့၊ ပြည်သူကိုလဲ အသိမပေးရဘူး၊ အခုကိစ္စနဲ့ပတ်သက်လို့ အစိုးရက အားလုံးနီးပါး တာဝန်ယူထားတယ်"

"အားလုံးနီးပါး ဟုတ်လား၊ ဆရာ့ဟာ အဓိပ္ပာယ်မရှိလိုက်တာ"

ဒုရဲအုပ်က စီးကရက်ကို ပြာခွက်ထဲ ဖိချေလိုက်သည်။

"ယောကျ်ားနှစ်ယောက်နဲ့မိန်းမတစ်ယောက်၊ မိန်းမရဲ့နာမည်တော့ တို့သိရတယ်၊ အဲရစ်ကာဘန်းစတိုင်းတဲ့၊ အသေးစိတ်အချက်တွေလဲ ရထား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူတို့ သုံးယောက်ကို ရှာတွေ့ရင် ငါ ဖုန်းဆက်အကြောင်းကြားဖို့ နံပါတ်တစ်ခု ပေးထားတယ်၊ ဒါပေမယ့် သူတို့ကို တို့ ရှာတွေ့တာ သူတို့သိလို့ မဖြစ်ဘူးတဲ့၊ နောက်ပြီး သူတို့ကို ငါတို့ ဖမ်းခွင့်လဲမရှိဘူးကွ"

"အတော် ကြောင်တာပဲ၊ လူခြောက်ယောက်ကို ပစ်သတ်သွားတဲ့ သူတို့ သုံးယောက်ကို ဖမ်းလို့မရဘူး၊ ဟုတ်လား"

"ဘယ်လိုလုပ်ဖမ်းမလဲ၊ ဟိုအလောင်းတွေကို အစိုးရသိမ်းသွားပါတယ် ဆိုမှပဲ၊ သဘောကတော့ အဲဒီအမှုမှာ ဘယ်သူမှ အသေအပျောက် မရှိဘူးပေါ့။ တို့ရှာပေးရမှာက လုံးဝမဖြစ်ပျက်တဲ့အစုအပြုလိုက် သတ်ဖြတ်မှုတစ်ခုနဲ့ ပတ်သက်တဲ့ လူသတ်သမား မဟုတ်တဲ့ လူသုံးယောက်ပဲ"

◆

( ၇ )

အဲရစ်ကာက ထိုက်ထဲမှပထမဦးဆုံးထွက်သည်။ ထို့နောက် ခရစ္စနှင့် ဆောလ်တို့ သီးခြားထွက်ပေါက်တစ်ခုစီမှ မရှေးမနှောင်းတစ်ယောက်စီ လိုက်ထွက်ကြသည်။

မှောင်ရိပ်လွှမ်းသည့် လမ်းများအတိုင်း မဆုတ်မနွံမီ အမှောင်ထုကို အကဲခတ်စစ်ဆေးကြရသေးသည်။

နောက်မှလိုက်သူမရှိမှန်း အသေအချာသိရမှ ငင်းရပ်ကွက်နှင့် ခပ်လှမ်းလှမ်းအရောက်တွင် တက္ကစီတစ်စီးတား၍ ဝါရှင်တန်မြို့တော်၏ အခြားတစ်ဖက်ခြမ်း မြို့နယ်တစ်ခုသို့ မောင်းပို့ခိုင်းသည်။

အဲရစ်ကာက ဂိုဒေါင်ထဲမှ သူမ၏ကိုယ်ပိုင်ကားကို သွားထုတ်နေစဉ် ခရစ္စက ကြိုတင်ရွေးချယ်ထားသည့် ဗီဇာမုန့်ဆိုင်၌ သွားစောင့်နေသည်။

ဆောလ်ကတော့ ဗီဒီယိုဂိမ်းကစားရုံတစ်ရုံ၌ ဝင်ကစားရင်း သူတို့ ရွေးထားသည့် ကားလမ်းပေါ် သို့ပြတင်းပေါက်မှ မကြာမကြာလှမ်းကြည့်နေသည်။

ဗီဒီယိုဂိမ်း ရုံပိတ်ခါနီး၊ ညဉ့် ဆယ်နာရီ ထိုးခါနီးလောက်တွင် ပလက်ဖောင်းဘေးသို့ အရှိန်ခပ်မှန်မှန်ဖြင့် ချဉ်းကပ်၍ ရပ်လိုက်သော အပြာရောင် ကမာရို မော်တော်ကားတစ်စီးကို ဆောလ်မြင်ရသည်။ အဲရစ်ကာမောင်းလာမှန်း တွေ့ရသဖြင့် လမ်း၏ဝဲယာကိုလျှင်မြန်စွာ စစ်ဆေးကာ ကားတံခါးကို ဖွင့်လိုက်သည်။

"ရှင်တို့နှစ်ယောက် နောက်ခန်းမှာ သိပ်ကျပ်မနေပါဘူးနော်"

သူမ ဘာပြောမှန်း ဆောလ် နားမလည်။

ထို့နောက် နောက်ခုံအောက် ကြမ်းပြင်ပေါ်၌ လူမမြင်အောင် ဆောင့်ကြောင့်ထိုင်နေသော ခရစ္စကို ဆောလ်တွေ့ရသည်။

"ခတ်လှေကားလိုဏ်ခေါင်းထဲက ဝင်ကျွတ်ရှိရှိသော လာပြန်ပြီ

နောက်တစ်မျိုး"

ဆောလ် ပွစိပွစိပြောရင်း နောက်ခန်းထဲဝင်လိုက်သည်။

အဲရစ်ကာက ကားကို ပလက်ဖောင်းဘေးမှ မောင်းထွက်လိုက်စဉ် ဆောလ်သည် ခရစ္စဘေး၌ ဆောင့်ကြောင့်ဝင်ထိုင်လိုက်လေသည်။

"ရှင်တို့ သိပ်ကြာကြာ ဒုက္ခမခံရပါဘူး"

အဲရစ်ကာက ပြောသည်။

ကားသွားနေစဉ် လမ်းမီးတိုင်မှ မီးရောင်များကို ဆောလ် အဆက်မပြတ်မြင်နေရသည်။

"ဘယ်လောက်ကြာမလဲ၊ အတိအကျပြောစမ်း"

"တစ်နာရီ"

ဆောလ် ညည်းလိုက်ပြန်၏။

ခရစ္စကို ဆောင့်တွန်းပြီး

"ဟော့ကောင်၊ မင်းခြေထောက်ကြီးဖယ်စမ်း"

အဲရစ်ကာက ရယ်သည်။

"ရဲတွေက ယောကျ်ားနှစ်ယောက်နဲ့ မိန်းမတစ်ယောက်ကို လိုက်ရှာနေတာ၊ ကျွန်မတို့သုံးယောက်ကိုတွေ့ရင် သူတို့ ကားရပ်ခိုင်းပြီး စစ်ဆေးမှာသေချာတယ်"

"ကိုယ်တော့ သိပ်မထင်ပါဘူး"

ဆောလ်က ပြောသည်။

"သတိဆိုတာ ပိုတယ်မရှိဘူး"

"မဟုတ်ဘူးလေ၊ ပီဇာမုန့်ဆိုင်ထဲမှာ ငါ စောင့်နေတုန်းက သတင်းစာဖတ်ခဲ့ပြီးပြီ၊ လူသတ်မှုသတင်း ပါမလာသေးဘူး"

"မနေ့က သတင်းစာ ဖြစ်မှာပေါ့ရှင်"

"မဟုတ်ဘူး၊ ဒီနေ့သတင်းစာပါ လူခြောက်ယောက် သေတယ်၊ မင်းအခန်းသေနတ်နဲ့ အပစ်ခံရတယ်၊ ကိုယ်တို့အကြောင်း မျက်နှာဖုံးသတင်းအပြည့်အစုံပါမယ်လို့ ထင်ထားတာ၊ တခြား သတင်းစာတွေလဲ ရှာကြည့်သေးတယ်၊ ဘာမှ မပါဘူး"

"သတင်းထည့်ဖို့ အချိန်မမီလိုက်ဘူး ထင်တယ်"

"တို့ကို တိုက်ခိုက်တာ မနေ့ည ဆယ်နာရီဆယ့်ငါးမိနစ်က သတင်းစာထဲထည့်ဖို့ အချိန်အများကြီးရတယ်"

အဲရစ်ကာက ကားကို လမ်းထောင့်တစ်ခု၌ ချိုးကွေ့လိုက်သည်။





မျက်နှာချင်းဆိုင်မှ ကားတစ်စီး သူမအား ဘေးမှ ဖြတ်သွားသည်။

"တစ်ယောက်ယောက်က သတင်းစာထဲ ထည့်ခွင့်မပြုလို့ဖြစ်မယ်"

"အဲလိယော့ လက်ချက်ပဲပေါ့၊ သူက အလောင်းတွေကို ကောက်သွားပြီး၊ နိုင်ငံတော် လုံခြုံရေးလို့ အကြောင်းပြပြီး ရဲတွေကို ရေငုံထားခိုင်းထားလိမ့်မယ်၊ သတင်းစာတွေက ဒီအမှုကို လုံးဝသိမှာမဟုတ်ဘူး"

ဆောလ်က ပြောလိုက်သည်။

"ဘာကြောင့်ပါလိမ့်၊ အဲလိယော့က ငါတို့နောက်ကို လိုက်နေတာပဲ၊ တကယ်လို့သတင်းစာတွေထဲသာပါခဲ့ရင် တို့ကို လူတွေ တစ်မြို့လုံးကြီးလိုက်ရှာနေလောက်ပြီ၊ ဒါဆိုရင် တို့ကိုမိဖို့ အခွင့်အရေး အများကြီး ပိုရနိုင်တာပေါ့"

ခရစ္စက ပြောလိုက်သည်။

"သူက လူသိရှင်ကြား မဖြစ်စေချင်လို့နေမှာပေါ့၊ အခုကိစ္စက ဘာပဲဖြစ်ဖြစ် သူ့အနေနဲ့ ဖုံးဖိထားချင်ပုံရတယ်"

"ဒီလို ဖုံးဖိထားရလောက်အောင် ဘာတွေများ အရေးကြီးနေလို့ပါလိမ့်ကွာ"

ခရစ္စက လက်သီးဆုပ်၍ မကျေမချမ်းပြောလိုက်လေသည်။

◆

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## ( ၈ )

ကမာရွံ ကားကြီးကွေ့လိုက်သည်ကို ဆောလ် သိသည်။

ညအမှောင်အောက်၌ ပြေပြစ်သော အဝေးပြေးလမ်းမသည် ချိုင့်ခွက်ထူသည့် လမ်းသွယ်တစ်ခုအဖြစ်သို့ ရုတ်တရက် ပြောင်းလဲသွားသည်။ ဆောလ်က ကားနောက်ခန်း ကြမ်းပြင်ပေါ်၌ ဝပ်နေရင်း ထိုင်ခုံကို ဖမ်းကိုင်ထားသည်။

"မင်းကားမှာ ရှော့အိုင်ဇောဘား မပါဘူးလား"

ဟု ဆောလ်ကမေးလိုက်ရာ အဲရစ်ကာက ပြုံး၍

"ကျွန်မတို့ရောက်ခါနီးပြီ၊ ရှင်တို့ ထထိုင်နိုင်ပါပြီ"

ဆောလ် ဝမ်းသာစွာဖြင့် ထိုင်ခုံပေါ် တက်ထိုင်လိုက်သည်။ ကျောမှီကာ ညောင်းတွနေသည့် ခြေထောက်နှစ်ချောင်းကို ဆန့်ထုတ်ရင်း ရှေ့ လေကာမှန်ချပ်ကို ဖောက်ထွင်း၍ ကဲကြည့်လိုက်သည်။ ကားရှေ့မီးတန်းအောက်၌ ကျဉ်းမြောင်းသောလမ်းကလေး၏ ဘေးတစ်ဖက်တစ်ချက်စီရှိ ချုံပုတ်ထူကြီးများကို မြင်ရသည်။

"ကိုယ်တို့ ဘယ်ရောက်လာပြီလဲ"

"ဝါရှင်တန်တောင်ပိုင်း၊ မောင့်ဗားနွန်နားမှာ"

ဆောလ်က ခရစ္စပခုံးကိုတို့ကာ သစ်ပင်အုပ် တစ်အုပ်ဆီ လက်ညှိုးထိုးပြလိုက်သည်။ ထိုသစ်ပင်အုပ်နောက်ကွယ်၌ လရောင်ဖြာကျနေသည့် အုတ်နီတိုက်အိမ်ကြီးတစ်လုံး ရှိသည်။

"ကိုလိုနီယယ်တိုက်အိမ်လား"

ခရစ္စကမေးရာ အဲရစ်ကာက

"ဟင့်အင်း၊ ၀၈၀၀ ပြည့်နှစ်ကမှ ဆောက်ခဲ့တာ"

အဲရစ်ကာက ကျယ်ပြန့်သည့် ခွေးကတက်တစ်ခုရှေ့ရှိ မြက်ခင်းပြင်နားတွင် ကားရပ်လိုက်သည်။





ကားရှေ့မီးတန်းက နောက်ဘက်နားမှ သစ်ပင်အုပ်ဆီ ထိုးထားသည်။

"ဒီမှာ ဘယ်သူနေလဲ ခင်ဗျားသိလို့လား၊ ခင်ဗျား မိတ်ဆွေတွေဆီ မသွားဖို့ ကျွန်တော်တို့ သဘောတူထားပြီးသားနော်"

ခရစ္စက ပြောလိုက်သည်။

"သူက သူငယ်ချင်းမဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"ဒီလူက ဂျူးတစ်ယောက်ပါ၊ အစ္စရေးမှာ သူ့သားနဲ့အတူ ကျွန်မ စစ်တိုက်ခဲ့ဖူးတယ်၊ ကျွန်မ ဒီအိမ်ကိုတစ်ခါပဲ ရောက်ဖူးတယ်၊ သူ့သား တိုက်ပွဲမှာ ကျဆုံးသွားတဲ့သတင်း လာပြောတုန်းကပေါ့၊ သူ့သားရဲ့သချိုင်းဓာတ်ပုံလေးကို ကျွန်မ သူ့ကို ပေးလိုက်တယ်၊ နောက်ပြီး သူ့သားသေပြီးမှ ချီးမြှင့်ခံရတဲ့ သူရသတ္တိ ဆုတံဆိပ်ကလေးကိုပါ ပေးအပ်လိုက်တယ်၊ ကျွန်မအကူအညီလိုတဲ့ အခါ အချိန်မရွေးလာပါလို့ သူပြောခဲ့ဖူးတယ်"

အဲရစ်ကာ အသံက ဆို့ဆို့နင့်နင့်နှင့်အက်ကွဲလာသည်။

သူမ ထိမ်ချန်ခဲ့သည့်စကားကို ဆောလ်သိ၏။

"သူ့သားကို မင်းကောင်းကောင်းသိလား"

"သိတာပေါ့၊ သူ့သားမသေခဲ့ရင် ကျွန်မ အစ္စရေးမှာပဲ ဆက်နေဖြစ်မှာ"

ဆောလ်က သူမပခုံးကိုကိုင်၍ နှစ်သိမ့်သည်။ တိုက်အိမ်ကြီးက မှောင်မည်းနေဆဲ။

"သူအိပ်ပျော်နေလား၊ အပြင်သွားလားမသိဘူး"

ခရစ္စက ခန့်မှန်းသည်။

"သူက သိပ်သတိထားတာ၊ ဒီလို ညဉ့်နက်ချိန်မှာ ဧည့်သည်လာတယ် ဆိုရင် သူ့အိမ်မီးတွေ မှိတ်ထားမှာပဲ"

"ငါတို့လိုပါပဲလား"

"သူက ဒါချောင်အကျဉ်းစခန်းက မသေဘဲ လွတ်လာခဲ့တဲ့ လူပေါ့၊ အဲဒီတုန်းက ဒဏ်တွေကို သူ မမေ့သေးဘူး၊ အခုလောလောဆယ် သူဟာ ကျွန်မတို့ ဘယ်သူတွေပါလိမ့်လို့ စဉ်းစားရင်း အိမ်ထဲက ချောင်းကြည့်နေ လိမ့်မယ်"

"ဒါဖြင့် သူ့ဆီကိုပြီး စောင့်မနေရအောင် တို့သွားတွေ့ကြဦးစို့"

သူမ ကားပေါ်မှဆင်းကာ ကားရှေ့မီးတန်းများမှ ဖြတ်လျှောက်သွားသည်။

ကားနောက်ခန်းတွင်ထိုင်နေသော ဆောလ်မှာ ညအမှောင်ထုအတွင်း



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားသည့် အဲရစ်ကာအား ဝေးစိုက်ကြည့်နေမိသည်။ ငါးမိနစ်စောင့်ပြီး သူလည်း စိတ်လှုပ်ရှားစွာဖြင့် တံခါးဖွင့်ရန် လက်လှမ်းလိုက်သည်။

မှောင်ရိပ်ကြားမှ အဲရစ်ကာပြန်ထွက်လာသည်။ သူမ ကားပေါ် ပြန်တက်လိုက်၏။

ဆောလ် သက်ပြင်းချလိုက်သည်။

"သူ အိမ်မှာရှိသလား၊ တို့ကို ကူညီမယ်တဲ့လား"

သူမက ခေါင်းညိတ်ပြီး အိမ်ရှေ့မျက်နှာစာကို ကားဖြင့် ဖြတ်ကျော်သွားသည်။ လမ်းသွယ်လေးတစ်ခုက အိမ်နောက်ဖေးဘက် မှောင်ကုပ်ကုပ် သစ်တောဆီသို့ ရောက်သည်။

"ကျွန်မနဲ့ မိတ်ဆွေတစ်စု ခဏဝင်တည်းချင်တယ်လို့ ကျွန်မ သူ့ကို ပြောထားတယ်၊ သူက ဘာမှမမေးဘူး၊ သူ နားလည်တယ်"

အဲရစ်ကာက အစီရင်ခံသည်။

မော်တော်ကားက ချိုင့်ခွက်ထူသည့်လမ်းလေးအတိုင်း ရွေ့လျားဆဲ။

"နို့ ဘာလို့ တို့ သူ့အိမ်ထဲမဝင်လဲ"

ဆောလ်က နောက်လှည့်ကြည့်ရင်း မေးလိုက်သည်။

"ကျွန်မတို့ အဲဒီအိမ်မှာ မတည်းဘူး"

ကားရှေ့မီးများက သစ်ပင်များကြားသို့ ထိုးထားသည်။ ကားပြတင်းမှန်များဖွင့်ထားသဖြင့် အရှက်ဦး ငှက်ကလေးများ၏ တေးဆိုသံများ ကားထဲ ပျံ့လွင့်လာသည်။ မြူနှင်းငွေ့များက တဝေ့ဝေ့၊ တဝဲဝဲ။ လေထုက စိုစွတ်စွတ်မို့ သူလက်ပိုက်ထားမိသည်။

"ဖားအော်သံတွေကြားရတယ်"

ခရစ္စကပြောသည်။

"ရှေ့နားမှာ ပိုတိုမက် မြစ်ကြီးရှိတယ်လေ"

နွယ်များဖြင့် တစ်ဝက်တပျက် ဖုံးအုပ်နေသည့် တိုက်အိမ်ဟောင်းကလေးတစ်လုံးနှင့် မြေကွက်လပ်တစ်ခုနားသို့ ရောက်ရှိလာကြသည်။

"အဲဒါ သူ့ရဲ့ဧည့်ရိပ်သာလို့ပြောလိုက်တယ်၊ မီးရောရေရောအပြည့်အစုံရှိတယ်တဲ့"

အဲရစ်ကာက ကားရပ်၍ အောက်ဆင်းကာ တိုက်အိမ်ကလေးကို အကဲခတ်ပြီး ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်သည်။

ဆောလ်နှင့်သူမတို့ အိမ်ထဲအတူဝင်သွားစဉ် ခရစ္စက အိမ်နောက်ဖေးနှင့်ပတ်ဝန်းကျင်ကို လိုက်လံစစ်ဆေးအကဲခတ်သည်။





မြူခိုးဝေနေသည့် မြစ်ဆီသို့ဆင်းရန် မတ်စောက်သည့် ကုန်းလျှောပေါ်၌ သစ်သားလှေကားထစ်များ တပ်ပေးထားသည်။ မှောင်ထဲ၌ မြစ်ကမ်းနဖူးမှ လှိုင်းပုတ်သံများကို ခရစ္စကြားရသည်။ ပုပ်စော်နံသည့်အရာတစ်ခု လေထဲ ရောပါလာသည်။

ခရစ္စနောက်ဘက်တိုက်အိမ်လေး၏ ပြတင်းပေါက်တစ်ပေါက်မီးလင်းလာသည်။

သူ လှည့်ကြည့်ရာ ဆွေးမြည့်နေသည့် မီးဖိုချောင်ထဲမှ ဗီရိုများနှင့် ကြောင်အိမ်များကို လိုက်ဖွင့်ကြည့်နေကြသော ဆောလ်နှင့် အဲရစ်ကာအား မြင်ရသည်။

ပြတင်းမှန်ချပ်ပိတ်ထားသဖြင့် သူတို့ ဘာတွေပြောနေမှန်းမကြားရ။ သို့သော် သူတို့နှစ်ယောက် ဖော်ဖော်ရွေရွေရှိပုံကြောင့် သူ အံ့သြရသည်။ သူတို့နှစ်ယောက် လွန်ခဲ့သော ဆယ်နှစ်က ချစ်သူများ ဖြစ်ခဲ့ကြဖူး၏။ ခရစ္စသည် အဲရစ်ကာနှင့် မချစ်ဖူးပေ။ ယင်းသို့သော အတွေ့အကြုံမျိုးလည်း မရှိခဲ့ဖူးပေ။

ဆောလ်က အဲရစ်ကာအား သိမ်မွေ့စွာ ကုန်းနမ်းလိုက်ပုံကို မြင်ရတော့ ခရစ္စရင်ထဲ တင်းကျပ်သွားသည်။ မျက်စိရှက်သဖြင့် သူ မျက်နှာလွှဲပစ်လိုက်မိသည်။

အိမ်ထဲသို့ဝင်ခါနီး ချောင်းဟန့်သံပြုလိုက်၏။ ဧည့်ခန်းမှာ ကျယ်စန်းသည်။ နံရံနှင့်ကြမ်းကို ပျဉ်ခင်းပျဉ်ကာ လုပ်ထားသည်။

မျက်နှာကြက်အောက်မှ သစ်သား ယက်မကြီးများကို မြင်ရသည်။ ဘယ်ဘက်၌ စားပွဲတစ်လုံး၊ ညာဘက် မီးလင်းဖိုရှေ့၌ ဆိုဖာတစ်လုံးကို တွေ့ရပြီး ပရိဘောဂပစ္စည်းများကို ပိတ်စများဖြင့် ဖုံးအုပ်ထားသည်။

ရှေ့တည့်တည့်တွင် တံခါးနှစ်ပေါက်နှင့် မီးဖိုဝင်ပေါက်တို့ရှိသည်။

ခရစ္စနှာခေါင်းထဲ ဖုန်တွေဝင်လာသည်။

"ပြတင်းပေါက်တွေဖွင့်လိုက်ရင် ကောင်းမယ်"

အဲရစ်ကာက ဆောလ်နှင့်အတူ ဧည့်ခန်းထဲဝင်လာရင်း ပြောသည်။

ပရိဘောဂပစ္စည်းများပေါ် ဖုံးထားသည့် ပိတ်စများကို သူမက ဆွဲခွာလိုက်သည်။ ဖုန်တွေ ထသွား၏။

"ကြောင်အိမ်တွေထဲမှာ စည်သွပ်ဘူးတွေရှိတယ်"

ခရစ္စဗိုက်ဆာနေ၏။

သူက ပြတင်းပေါက်တံခါးကိုအပေါ် တင်ဖွင့်ပြီး လတ်ဆတ်သောလေကို ရှူသွင်းကာ မျက်နှာချင်းဆိုင်ရှိ တံခါးများကို စစ်ဆေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိပ်ခန်းရယ် ရေချိုးခန်းရယ် ရှိတယ်၊ ကျွန်တော် ဟင်းချက်မယ် ခင်ဗျားတို့ရေအရင်ချိုးနှင့်ကြ"

"သိပ်ကောင်းတာပေါ့ရှင်"

အဲရစ်ကာက သူမ ဆံပင်ကိုလက်နှင့်သပ်ရင်း ဘလောက်စ်အင်္ကျီ ကြယ်သီးဖြုတ်ကာ ရေချိုးခန်းထဲဝင်သွားလေသည်။

ရေချိုးခန်းမှ ရေပန်းဖွင့်သံကို ဆောလ်နှင့်ခရစ္စတို့ကြားရပြီး မီးဖိုထဲသို့ ဝင်ကာ အမဲသားဖြုတ်ကြော်စည်သွတ်ဘူး သုံးဘူးကိုဖောက်၍ ချက်ပြုတ်သည်။ ဟင်းနံ့ရသဖြင့် ခရစ္စ၏ဗိုက်က တဂွီဂွီမြည်လာသည်။

ရေသံတိတ်သွားပြီး ခေါင်းပေါင်းကြီးပေါင်းကာ ရေချိုးခန်းထဲမှ ရေချိုးဝတ်ရုံကြီးဝတ်၍ ထွက်လာသော အဲရစ်ကာ့အား တွေ့ရသည်။

"မင်း သိပ်လှတာပဲ" ဆောလ်ကပြောသည်။

"ရှင်လည်း လှသွားအောင် ရေသွားချိုးတော်မူပါအုံး" သူမက နောက်လိုက်သည်။

ဆောလ်က မျက်နှာပေါ်မှဖုန်များကို လက်နှင့်သုတ်ရင်း ရယ်လိုက်သည်။ တကယ်တော့ ခုချိန်မှာ ရယ်စရာမရှိ။

သုံးယောက်သား စားပွဲ၌ထိုင်စားခါစ၌ စကားတစ်ခွန်းမျှ မပြောဖြစ်ကြ၊ နောက်ဆုံး၌ ဆောလ်က လက်ထဲမှဇွန်းကို ချလိုက်သည်။

"မင်း အိမ်ကိုလိုက်လာတာ ခရစ္စမဟုတ်ဘဲ ကိုယ်ပဲဖြစ်မယ်ဆိုတာ မင်းရဲ့ဘေးချင်းကပ်အခန်းက နေ့တွေ ကျိန်းသေသိခဲ့ပုံပဲ။ ဒါတောင် သူတို့က သုတ်သင်ရေးအဖွဲ့ကို လွှမ်းခေါ် လိုက်တယ်၊ ခရစ္စကို ကိုယ်အကူအညီပေးနေ တာတော့ ဟုတ်တယ်၊ စည်းကမ်းချိုးဖောက်သွားတဲ့လူက သူလေ၊ တကယ့် အဓိကပစ်မှတ်က သူဖြစ်ရမယ်၊ ဒါပေမယ့် ကိုယ့်ကိုပဲ ဝိုင်းဆော်နေကြတယ်၊ ဘာကြောင့်လဲ"

"ကော်လိုရာဒိုကကိစ္စဟာ အဲဘလတ်သဘောတူချက်နဲ့ ဘာမှ မဆိုင် ဘူး၊ သူတို့မှာ ဘာရည်ရွယ်ချက်ပဲရှိရှိ မင်းကိုဝါ ရှာတွေ့ပြီးမှ သူတို့တိုက်ခိုက် ကြတာကွ၊ သူတို့အလိုရှိတာ ငါမဟုတ်ဘူး၊ မင်း"

ခရစ္စက ပြောလိုက်သည်။

ဆောလ်က ခေါင်းညိတ်လိုက်သည်။ သူ့စိတ်ထဲမှာ လေးနေ၏။

"အက်လန်တစ်စီးတီး၊ ပြီးတော့ မော့ဆတ်ဒ်အဖွဲ့"

"ကျွန်မအခန်းကို လာတိုက်ခိုက်တဲ့လူတွေက မော့ဆတ်ဒ်ကမဟုတ်ဘူး၊ ဟုတ်ခဲ့ရင် အဲဒီကိစ္စ ကျွန်မ ကြိုသိမှာပေါ့၊ ရှင့်ကို သူတို့မသတ်ခင် ကျွန်မ





လွတ်အောင် သူတို့က စီစဉ်ပေးကြမှာပဲ"

အဲရစ်ကာက ပြောသည်။

"ဒါပေမယ့် သူတို့လှုပ်ရှားပုံက အစ္စရေးတွေလိုပဲ"

"ဘာလဲ ဘာရက်တာပစ္စတိုနဲ့ အူဇီစက်ကွင်းရှိနဲ့ သူတို့ မော့ဆတ်ဒ် အဖွဲ့က ဖြစ်ရောလား"

"အေးလေ၊ ထားပါတော့၊ အဲဒီလက်နက်တွေကို ရုရှတွေလဲ တစ်ခါ တလေသုံးကြတာပဲ၊ ဒါပေမယ့် တခြားဟာတွေရှိသေးတယ်၊ လက်နက်မဲ့တိုက် ခိုက်တဲ့အခါမှာ လက်ဖနောင့်သုံးတဲ့နည်း သူတို့ သုံးကြသေးတယ်"

"နောက်ပြီး အသံတိတ်ကီရိယာတွေကို သူတို့ဘာသာ လုပ်တတ်တယ်၊ နောက်ပြီး ရှင့်ကို လိုက်ချောင်းတော့ သူတို့ ခြေထောက် အပြားလိုက်ချနင်းတဲ့ ပုံစံရှိသေးတယ်၊ ကျွန်မသိတယ်၊ ရှင်ပြောပြီးပြီ၊ ဒီဗျူဟာတွေက ဘာမှ သက် သေမခံနိုင်ဘူး"

ဆောလ် စိတ်မရှည်သဖြင့် မျက်နှာကြီး နီရဲလာသည်။

"မင်း ဘာတွေပြောနေတာလဲ၊ ဒီလို သင်တန်းပေးထားတဲ့လူ ဘယ်သူ ရှိလဲ"

"ရှင်ပြောတာ မဟုတ်သေးဘူး"

သူတို့နှစ်ယောက် သူမအား စိုက်ကြည့်နေသည်။

"ဘယ်သူရှိသေးလဲ"

သူတို့က သူမအဖြေကို စောင့်နေ၏။

"အဲလိုယော့နဲ့ သူတို့တွေ ပူးပေါင်းလှုပ်ရှားနေပုံရတယ်လို့ ရှင်ပြော တယ်၊ ဒါပေမယ့် သူတို့ကို မော့ဆတ်ဒ်အဖွဲ့က သင်တန်းပေးထားတာတဲ့"

အဲရစ်ကာက ပြောသည်။

သူတို့က ခေါင်းညိတ်သည်။

"သေသေချာချာ စဉ်းစားပါဦး"

"ဘုရားရေ၊ လက်စသတ်တော့ ခင်ဗျားပြောတဲ့ လူတွေက ကျွန်တော် တို့ နှစ်ယောက် ဖြစ်နေပါကလား"

ခရစ္စက ရေရွတ်လိုက်လေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

( ၉ )

ခရစ္စ အိပ်လို့မပျော်ပါ။

ဆိုဖာကြီးပေါ် ပက်လက်လှဲကာ ပြတင်းပေါက်အပြင်ဘက်မှ အုံ့ရုံ့ဦးမြင်ကွင်းကို စိုက်ကြည့်နေသည်။

သူ မျက်လုံးမှိတ်ပြီး အသံဗလံများကို မကြားချင်ယောင်ဆောင်ကာ အတိတ်ကို ပြန်စဉ်းစားသည်။

၁၉၆၆ ခုနှစ်။

သူနှင့် ဆောလ်တို့ အထူးတပ်ဖွဲ့ဝင်များအဖြစ် ဗီယက်နမ်၌ အမှုထမ်းခဲ့ကြပြီးနောက် အဲလီယော့က 'နောက်ဆုံးအချောသတ်အရောင်တင်ခြင်း' ဟု ခေါ်ဆိုသည့် အထူးသင်တန်းကို တက်ခိုင်းခဲ့သည်။

ထို့ကြောင့် သူတို့နှစ်ယောက် လန်ဒန်မြို့ ဟိသ်ရိုးလေဆိပ်သို့ လေယာဉ်တစ်စင်းစီဖြင့် လှူခဲ့ပြီး အရောက်သွားကာ တန်ဆာဆွေးဌာန၌ ပြန်ဆုံကြသည်။

ကြိုတင်ပေးအပ်လိုက်သည့် သော့များဖြင့် လေဆိပ်အငှားသံဗီရိုများကို ဖွင့်ကာ အဖိုးတန်ပြင်သစ်အဝတ်အစားများပါရှိသည့် လက်ဆွဲသေတ္တာများကို သွားထုတ်ယူကြသည်။ ၎င်းသေတ္တာများအတွင်း၌ ဂျူးလူမျိုးတို့ ဘုရားကျောင်းတက်သည့်အခါ ဆောင်းသည့် ဗလီဦးထုပ်ကလေးတစ်လုံးစီလည်း ပါရှိသည်။

တယ်လာဗီးမြို့သို့ လေယာဉ်ဖြင့်အသွားတွင် သူတို့နှစ်ယောက် လေယာဉ်ပျံအိမ်သာထဲ၌ အဝတ်အစားလဲကြသည်။ လေယာဉ်မယ်တစ်ဦးက ၎င်းတို့ချွတ်ပစ်လိုက်သည့် အဝတ်အစားဟောင်းများကို လေယာဉ် နောက်မြီးပိုင်းရှိ စားနပ်ရိက္ခာထည့်သည့် သေတ္တာလွတ်တစ်လုံးထဲ၌ ထည့်သိမ်းပေးလိုက်သည်။

တယ်လာဗီးမြို့လေဆိပ်ရောက်၍ အကောက်ခွန်ဌာန၌ အစစ်ဆေး





ခံပြီးသောအခါ သူတို့အား အသက်လေးဆယ်ကျော် ခပ်ဝဝမိန်းမကြီး တစ်ယောက်က တွေ့ဆုံနှုတ်ဆက်သည်။

ဗလီဦးထုပ်ဆောင်း၍ ပြင်သစ်အဝတ်အစားများ ဝတ်ထားသဖြင့် သူတို့နှစ်ယောက်စလုံး ပါရီမြို့သားဂျူးလူမျိုးနှစ်ယောက်ပုံပေါက်နေကြသည်။ ထိုပုံစံဖြင့်ပင် တယ်လာဗီးမြို့ပြင်သို့ သွားမည့် ဘတ်စ်ကားပေါ် တက်လိုက်သွားကြ၏။

နာရီ အနည်းငယ်ကြာသောအခါ သူတို့အား အမေရိကန်နိုင်ငံရှိ ဝိုင်အမ်စီအေကဲ့သို့သော အားကစားရုံနှင့်အဆောင်တွဲထားသည့် တိုက်ကြီး၌ အခန်းများပေးအပ်၍ နေရာချပေးကြသည်။

မဆိုင်းမတွပင် ခန်းမကြီးထဲသို့ သွားခိုင်းသည်။

ခန်းမကြီးအတွင်း၌ အွန်ဒရေးရော့သ်ဘာဂ်ဆိုသူ အဘိုးကြီးတစ်ဦးအား ကျောင်းသား အယောက်နှစ်ဆယ်နှင့်အတူ သူတို့ တွေ့ကြရသည်။

သူ၏ ဖေးဆေးသောဟန်ပန်မှာ သူကိုယ်တိုင်ဖန်တီးခဲ့သည့် ဇာတ်ရာရီဆန်သည့် သူ့အသွင်နှင့် တခြားစီဖြစ်နေသည်။ ထိပ်ပြောင်၍ အသားအရေများတွန့်ရှုံ့နေကာ ဖိနပ်ဖြူ၊ ဘောင်းဘီဖြူ၊ ရှပ်အင်္ကျီအဖြူတို့ကို ဝတ်ဆင်ထားသဖြင့် အားကစားသမားတစ်ဦးပုံစံ ပေါက်နေ၏။

သို့သော် သူ့နောက်ကြောင်းရာဇဝင်မှာ တစ်မျိုးတစ်ဘာသာ ကွဲပြားလှပေသည်။

သူ့ဖခင်မှာ နောက်ဆုံးရုရှားဘုရင်၏ ဓားခုတ်နည်းဆရာကြီးဖြစ်ခဲ့သည်။ မျက်လုံးနှင့်လက် ပူးတွဲမှု၊ လျင်မြန်ဖျတ်လတ်မှုနှင့်ပတ်သက်၍ ဖခင်ကြီး၏ သင်ကြားပြသမှုကြောင့် သူသည် ၁၉၃၀ ပြည့်လွန်နှစ်များအတွင်းက ကိန်းဘရစ် တက္ကသိုလ်၌ ထူးချွန်သော အားကစားသမားတစ်ယောက် ဖြစ်ခဲ့သည်။

ထိုအရည်အချင်းကြောင့်ပင် ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှရေတပ်ထောက်လှမ်းရေးနှင့် ၁၉၄၈ ခုနှစ် အစ္စရေးနိုင်ငံစစ်ပြေငြိမ်းမှုပြုလုပ်အပြီး အစ္စရေးထောက်လှမ်းရေး လောကတို့တွင် ထင်ရှားကျော်စောသူတစ်ဦးဖြစ်လာခဲ့သည်။

သူသည် ဂျူးတစ်ယောက်ဖြစ်သော်လည်း ဗြိတိသျှနိုင်ငံသားခံယူထားသဖြင့် အစ္စရေးနိုင်ငံ၏ အတွင်းအကျဆုံး ဩဇာအာဏာ အသိုက်အဝန်းကြီးသို့ တိုးဝင်ခွင့်မရခဲ့ချေ။

သို့သော် သူ မမှုချေ။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အလွန်တိကျစေ့စပ်သော ကိုယ်ခံပညာ နည်းစနစ်တစ်ရပ်ကို တီထွင်ခြင်းဖြင့် အစွန်းရောက်အတွက် အဖိုးတန်သော ပုဂ္ဂိုလ်တစ်ဦးဘဝ ရောက်အောင် ကြိုးပမ်းခဲ့လေသည်။

'လူသတ်သမားဏ်၏ ပကတိဉာဏ်သင်တန်း'ဟု ရှောသ်ဘာ့ဂ်က ထိုနည်းစနစ်ကို ကင်ပွန်းတပ်ထား၏။

ထိုနေ့က ၎င်း၏ သရုပ်ပြကွက်ကို မျက်ဝါးထင်ထင်တွေ့ရသော ခရစ္စနှင့် ဆောလ်တို့နှစ်ယောက်စလုံး မှင်တက်မိသွားကြလေသည်။

မျက်နှာကြက်မှ သံချိန်းကြိုး စက်သီးဖြင့် ချိတ်ထားသည့် တွန်းလှည်းဖြင့် ရှောသ်ဘာ့ဂ်၏ တပည့်တစ်ဦးက လူသေအလောင်းတစ်လောင်းကို အခန်းကျယ်ကြီးအတွင်းသို့ တွန်းယူလာသည်။ အလောင်းမှာ မကြာခင်ကမှ သေဆုံးသူဖြစ်ပြီး အသက်နှစ်ဆယ်ဝန်းကျင်၊ ကိုယ်လုံးတောင့်တောင့်၊ အရပ်မြောက်ပေမြင့်သော ယောကျ်ားတစ်ယောက်ဖြစ်သည်။

ရှောသ်ဘာ့ဂ်၏ တပည့်က ကိုယ်တုံးလုံးဖြစ်နေသော အလောင်းကြီးကို မတ်တတ်ဖြစ်အောင် သိုင်းကြိုးများဖြင့် မျက်နှာကြက်မှ တွဲလောင်းချိတ်ဆွဲပေးသည်။

ရှောသ်ဘာ့ဂ်က အလောင်းနံဘေး၌ရပ်ပြီး ခွဲစိတ်ခန်းသုံးဓားမကြီးတစ်ချောင်းဖြင့် ရင်အုပ်တစ်ဖက်စီတွင် တစ်ချက်စီနှင့် တင်ပါးတို့ကို ဆယ်လက်မခန့် ခွဲဖြတ်ပစ်လိုက်သည်။ နောက်ထပ် ဓားဖြင့် အနည်းငယ်စီထပ်လှီးကာ အရေပြားကိုချန်၍ အတွင်းမှ အရိုးများကို ပြသသည်။

သူ့တပည့် ကျောင်းသားများအား အနီးကပ် လေ့လာစစ်ဆေးခိုင်းပြီးနောက် ဓားနှင့်လှီးထားသည့်နေရာများကို ပြန်ပိတ်ကာ ပလတ်စတာများဖြင့် ဖုံးအုပ်ပေးလိုက်သည်။ အလောင်း၏ နံရိုးများမှာ မပျက်စီးသေးကြောင်း ကျောင်းသားအားလုံးမြင်လိုက်ရသည်။

ရှေ့ဆက်မြင်ရသည့်ပြကွက်ကို ခရစ္စတစ်သက်လုံး မမေ့နိုင်ပါ။ ရှောသ်ဘာ့ဂ်သည် အလောင်းကို ကျောခိုင်း ရပ်လိုက်၏။ သူက ခြေနှစ်ချောင်းကား၍ လက်နှစ်ဖက်ကို ဆန့်ထုတ်ကာ လက်ဝါးကို မှောက်ခုံထားလိုက်သည်။ သူ့တပည့်က ပိုက်ဆံအကြွေတစ်စေ့စီ သူ့လက်ဖမိုးပေါ် တင်ပေးသည်။

တပည့်က 'တစ် နှစ် သုံး' ဟု အော်ပေးလိုက်၏။

ရှောသ်ဘာ့ဂ်လက်ဝါးနှစ်ဖက် မှောက်ထားရာမှ ပက်လက်လှန်၍ အကြွေစေ့များကို ဖမ်းဆုပ်ထားလိုက်သည်။

တစ်ချိန်တည်း၌ သူ့နောက်ရှိ အလောင်းကြီးနောက်သို့ ဆတ်ခနဲ





လွင့်သွားသည်။ မျက်နှာကြက်ရှိ သံချိတ်တွင် ချိတ်ဆွဲထားသည့် သိုင်းကြိုးလည်း ကျွီခနဲ ခုန်သွားသည်။

ရှောသ်ဘာ့ဂ်က သူ့လက်သီးဆုပ်ကို ဖြန့်၍ ပိုက်ဆံအကြွေစေ့များကို ပြလိုက်သည်။ အကြွေစေ့နှစ်စေ့ကို သူ့အိတ်ကပ်ထဲထည့်ပြီး အလောင်းဘက်ပြန်လှည့်ကာ ပလတ်စတာများကို ဆွဲခွာ၍ ဓားနှင့်ခွဲထားသည့် အရေပြားကိုလှန်သည်။ လူသေကောင်၏ နံရိုးနှစ်ခုစလုံး ကျိုးသွားလေပြီ။

ရှောသ်ဘာ့ဂ်သည် လက်ဖဝါးနှစ်ဖက်လှန်၍ အကြွေစေ့များကိုမိအောင်ဖမ်းပြရုံသာမက မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ သူ့အနောက်ရှိ အလောင်း၏နံရိုးများကို တံတောင်ဆစ်နှစ်ဘက်ဖြင့် တွက်ထည့်နိုင်ခဲ့ပေသည်။

ဤမျှ မြန်လှသည့် ရှောသ်ဘာ့ဂ်ပါတည်း။

တော်ရုံတန်ရုံလူတစ်ဦးအနေနှင့် ဤမျှမြန်ဆန်ဖို့ဆိုတာ သိပ်မလွယ်။

ရှောသ်ဘာ့ဂ်လို အသက်ခြောက်ဆယ်ကျော် အဘိုးကြီးတစ်ဦးဆိုတော့ အံ့ဩကုန်နိုင်ဖွယ် ဖြစ်ရလေသည်။

မိမိနံဘေးရှိ အခြားကျောင်းသားများ အံ့အားသင့်စွာဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြစဉ် ခရစ္စက ဘေးဘီလှည့်ကြည့်ရာ အဲရစ်ကာအား ပထမဦးဆုံး သတိထားမိလိုက်လေသည်။

"ကဲ တွေ့လား၊ ပေဘာဒီက တို့မိတ်ဆွေက အခုထိအသက်ရှိနေတုန်း ဆိုရင်လဲ သူ့ရဲ့ကျိုးသွားတဲ့နံရိုးတွေက သူ့ရဲ့အဆုတ်ကို ဖောက်ထွင်းဖစ်လိုက်မှာ သေချာတယ်၊ သူဟာ အလွန်ဆုံး ဆယ့်ခြောက်မိနစ်ပဲခံမယ်၊ ဘယ်နည်းနဲ့မှ ဆေးမမီနိုင်ဘူး၊ မင်းတို့ခန္ဓာကိုယ်မှာ အဓိကလက်နက်သုံးခုရှိတယ်၊ တံတောင်ဆစ်ရယ်၊ လက်ညှိုးနဲ့လက်မကြားက အရေပြားရယ်၊ ပြီးတော့ . . . လက်ဖနောင့်ရယ်၊ ဒီဟာတွေကို အားအပြင်းဆုံးနဲ့ အသုံးပြုတိုက်ခိုက်လို့ရတယ်၊

". . . မကြာခင်မှာ မင်းတို့အားလုံး အဲဒီလက်နက်သုံးမျိုးစလုံးကို ပူးပေါင်းလှုပ်ရှားမှု၊ အရှိန်အဟုန်နဲ့သင့်လျော်တဲ့ ဟန်ချက်အနေအထားတို့နဲ့ တွဲဖက်ပြီး အသုံးချဖို့ လေ့ကျင့်ကြရမယ်၊ ကဲ လောလောဆယ် တို့ ညစာစားကြရအောင်၊ ပြီးရင် ဒီနေ့ည သင်ခန်းစာအဖြစ် ဝါယာကြိုးနဲ့လည်မျိုညှစ်သတ်နည်းနဲ့ ဓားမြှောင်နဲ့ ထိုးသတ်နည်းတွေကို ငါ သရုပ်ပြမယ်၊ လာမယ့် ရက်ပိုင်းအတွင်းမှာတော့ အားလုံး လက်တွေ့ပြရင်း သင်ပေးမယ်"

ဟု ရှောသ်ဘာ့ဂ်က ပြောသည်။

၎င်းက ရက်ပိုင်းဟု ပြောသော်လည်း ရက်သတ္တနှစ်ပတ်ကြာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နေထွက်ချိန်မှနေဝင်ချိန်အထိ ခရစ္စနှင့်ဆောလ်တို့နှစ်ယောက်စလုံး ဂျူးဘာသာဝင်တို့ ဥပုသ်နေ့မှအပ နေ့စဉ်ရက်ဆက် အထူးတပ်ဖွဲ့သင်တန်း အပါအဝင် ၎င်းတို့တက်ဖူးသည့် သင်တန်းများအနက် အပင်ပန်းဆုံး သင်တန်းကို တက်ကြရလေသည်။

သရုပ်ပြမှုပြီးတိုင်း လေ့ကျင့်ခန်းများကို အသားကုန်လုပ်ကြရသည်။ ဘဲလေးအကနှင့် ဓားခုတ်ပညာရပ်များကိုလည်း သင်ကြရသည်။

ခရစ္စနှင့် ဆောလ်တို့သည် အားကစားရုံ၊ သို့မဟုတ် စာသင်ခန်းထဲ၌ မရှိသည့်အခါ မိမိတို့အခန်းများအတွင်း၌ နာရီပေါင်းများစွာ လေ့ကျင့်ကြသည်။ အရည်အသွေးပိုထက်မြက်အောင် လုပ်ကြသည်။

ရှောသ်ဘာ့ဂ်၏ အကြွေစေ့ဖမ်းဆုပ်ရင်း တံတောင်ဆစ်နှင့် နောက်ပြန်တွက်သည့် လှုသတ်နည်းကိုလည်း ပိုင်အောင် လေ့ကျင့်ကြသည်။

ထိုလေ့ကျင့်ခန်းကို ပိုင်ပြီဆိုသောအခါ ရှောသ်ဘာ့ဂ်က လက်ဖနောင့်နှင့် ဆောင့်ရိုက်နည်းကို ထပ်သင်ပေးသည်။

ဆောလ်နှင့်ခရစ္စတို့က ထိုလေ့ကျင့်ခန်းကို မိမိတို့ဘာသာ လေ့ကျင့်သောအခါ စားပွဲ၌ ခဲတံများကို စိုက်ထောင်ထားပြီး လက်ဖမိုးလှန်၍ လက်ဝါးဖြင့် အကြွေစေ့ကို မဖမ်းမီ ခဲတံကို လက်ဖနောင့်နှင့် ရိုက်ထုတ်ခြင်းဖြင့် လျင်မြန်သွက်လက်မှုကို လေ့ကျင့်ယူကြသည်။

တတိယပတ်တွင် ထိုနည်းနှစ်ခုစလုံးကို သူတို့ ကျွမ်းသွားပြီ။

သို့သော် အရှိန်အဟုန်နှင့် မျက်လုံး၊ လက်တို့ ပူးပေါင်းလှုပ်ရှားမှုတို့ အပြင် တိကျမှုလည်း လိုအပ်သေးသည်။

စာရွက်လွတ်တစ်ရွက်ပေါ် စက်ဝိုင်းတစ်ခုရေးကာ နံရံပေါ်၌ ၎င်းစာရွက်ကို ချိတ်ထားသည်။ ခရစ္စနှင့်ဆောလ်တို့ လက်ဝါးပေါ် မင်သုတ်ပြီး အကြွေစေ့ကို လက်ဝါးဖြင့် ပြန်မဖမ်းမီ စက်ဝိုင်းပေါ် မိမိတို့လက်ဖနောင့်ရာ ထင်အောင် ရိုက်ပြရသည်။

ပဉ္စမအပတ်ရောက်သောအခါ ထိုလေ့ကျင့်ခန်းကို သူတို့ အောင်မြင်စွာ လုပ်နိုင်သွားသည်။

၎င်းတို့အနေနှင့် လူဆိုးကောင်များနှင့် လေ့ကျင့်နိုင်အောင် ကျွမ်းကျင်လာပြီဟု ရှောသ်ဘာ့ဂ်က ဆုံးဖြတ်သည်။

နောက်ဆုံးအပတ်တွင် ရှောသ်ဘာ့ဂ်က

"အဲဒီ အကြွေစေ့တွေ အိတ်ထဲ ထည့်သိမ်းလိုက်ကြတော့၊ ဟောဒီ ကျည်ကာအကျီထူကြီးတွေဝတ်ပြီး မင်းတို့နှစ်ယောက်တည်း လေ့ကျင့်ကြကွာ"





ဟု ပြောလိုက်လေသည်။

*

ခရစ္စသည် တိုက်အိမ်လေးအတွင်းရှိ ဆိုဖာကြီးပေါ်၌လှဲရင်း ပြတင်းပေါက်မှဝင်လာသော မနက်ခင်းနေရောင်ခြည်ကို ငေးကြည့်နေသည်။ ပိုတိုမက်မြစ်ရေစီးသံကို ကြားနေရသည်။ လေတိုးသဖြင့် သစ်ကိုင်းများ လှုပ်ခါသွားသည်။ ငှက်ကလေးများ တေးဆိုနေပြီ။

အစ္စရေးရှိ ကီဘွတ်ဇ်အခန်းတွင် ငှက်များမရှိကြောင်း သူ သတိရလာသည်။ အပူရှိန်ရယ်၊ သဲရယ်၊ ရက်သတ္တခုနစ်ပတ်ကြာသည့် စေဗနာရယ်၊ အာရုံစူးစိုက်မှုရယ် ပြီးတော့ ချွေးရယ် ဒါတွေပဲရှိသည်။

ထိုသင်တန်းပြီးဆုံးသောအခါ မိမိသည် အဲလိယော့ဖြစ်စေချင်သော ကမ္ဘာ့အကောင်းဆုံးနှင့် ကြောက်စရာအကောင်းဆုံး အေးဂျင့်တစ်ယောက် ဖြစ်လာခဲ့သည်။

အဲဒါ ၁၉၆၆ ခုနှစ်တုန်းက . . .

ငါ ငယ်ငယ်ပေါ့ဟု ခရစ္စ တွေးမိ၏။

ယခုတော့ အောင်ပွဲများ၊ ရှုံးနိမ့်မှုများ၊ သစ္စာဖောက်များကို ကြုံတွေ့ခဲ့ရပြီးနောက် ကြားကာလများကို ခရစ္စ စားမြုံ့ပြန်မိပြန်သည်။

စီအိုင်အေ၊ ဘုန်းကြီးကျောင်း၊ စီအိုင်အေ၊ ရောမမြို့ လစန္တာဘုရားကျောင်းတော်၊ ပနားမားနိုင်ငံ၌ ကိုယ့်သေတွင်းကိုယ်တူးခဲ့ပုံတို့ အာရုံတွင် အစီအရီပေါ်လာကြသည်။

တွေ့မြင်ရသော အဆင်ပုံစံကွက်မှာ ကြိုတင်ရေးဆွဲပေးထားသကဲ့သို့ ဖြစ်နေသည်။

ယခု အသက်သုံးဆယ်ခြောက်နှစ်အရွယ်မှာ မိမိတတ်သင့်တာ အားလုံးတတ်ခဲ့ပြီဟု ထင်သည်။

အစ္စရေးမှာနေခဲ့ရသော ရက်သတ္တခုနစ်ပတ်ကို ပြန်ဆန်းစစ်သည်။

အဲရစ်ကာ၏စကားတစ်ခွန်းကိုလည်း သူ့နားထဲ ပြန်ကြားယောင်လာသည်။

အက်လန်တစ်စီးတီးမှာ ဆောလ်အား လုပ်ကြံဖို့ကြိုးစားခဲ့သောလူများသည် သူမ ပြောသကဲ့သို့ပင် မိမိတို့ ညီအစ်ကိုနှစ်ယောက်နှင့် တူနေသည်။ မော့ဆတ်ဒ်အဖွဲ့က လေ့ကျင့်ပေးပြီး အဲလိယော့နှင့်ဆက်နွယ်ပတ်သက်နေကြသူများ မဟုတ်လား။

သို့တစေ ရှောသ်ဘာ့ဂ် သင်တန်းမှာ အခြား အမေရိကန်သင်တန်း



www.burmeseclassic.com

www.burmeseclassic.com



သား တစ်ဦးတစ်ယောက်မျှမတွေ့ခဲ့။ ခရစ္စ ဘယ်လိုမှ စဉ်းစား၍မရ။ တွေးလေ စိတ်ညစ်ရလေဖြစ်၏။

ထိုကိစ္စနှင့်ပတ်သက်၍လည်း အဲလီယော့သည် မိမိတို့အား လိမ်ပြော ခဲ့ပြန်လေသလား။

မိမိနှင့်ဆောလ်သည် ပြိုင်စံရှားသူနှစ်ဦးဖြစ်သည်ဆိုပါလျက်နှင့် အခြားအချိန်များ၌ အခြားသူများအား အဲလီယော့က ရှော့သ်ဘော့ဂ်ထဲ့စေလွှတ် ခဲ့သေးသလား။ ဘာကြောင့်များ အဲလီယော့ ဒီကိစ္စကို လိမ်ပြောချင်ရပါလိမ့်။

ခရစ္စ တစ်ခု သတိရလာပြန်သည်။

အိပ်ခန်းတံခါးနောက်ကွယ်မှ ဆောလ်နှင့် ချစ်ထင်းနှောနေသော အဲရစ်ကာ၏ မိန်းမောညည်းညူသံများကို ကြားနေသည်။ လွန်ခဲ့သော ဆယ့် ခြောက်နှစ်က အစ္စရေး၌ သူမအား ပထမဆုံးအကြိမ်တွေ့ခဲ့ပုံကို ပြန်မြင်ယောင် မိသည်။

ရှော့သ်ဘော့ဂ် သင်တန်းသို့တက်ပြီး မကြာခင်၌ ဆောလ်အား ခရစ္စတို့ အုပ်စုထဲမှ ခွဲထုတ်၍ အဲရစ်ကာတို့အုပ်စုထဲ ထည့်ပေးလိုက်၏။ အချိန်ပြည့် ပင်ပန်းခက်ခဲစွာ သင်တန်းတက်နေကြရသည့်ကြားမှ သူတို့နှစ်ဦး ချစ်သူများ ဖြစ်လာကြသည်။ ခရစ္စရင်ထဲမှာ တင်းကျပ်သွားသည်။

ထိုအချိန်က အဲလီယော့အား ကျေနပ်အောင်လုပ်ပေးလိုသည့် ဆန္ဒ ပြင်းပြလွန်းသောကြောင့် မိမိအစ်ကိုနှင့် ဖခင်တို့အပေါ် သစ္စာထားခြင်းမှလွဲ၍ အခြားခံစားချက်အားလုံးကို ဖယ်ရှားပစ်ခဲ့သည်။

အဲလီယော့ခွင့်ပြုချက်မရဘဲ စိတ်ဆန္ဒပြည့်ဝအောင် ဖြည့်ဆည်းမှုများ လုံးဝ လုပ်ရဲ့မရှိ။ လိင်ကိစ္စကို ရသေ့စိတ်ဖြေသဘောအဖြစ် ခွင့်ပြုထားသည်။ သို့သော် နှလုံးသားဇာတ်လမ်းခင်းဖို့ကား လုံးဝမစဉ်းစားခဲ့။

"ခံစားချက်ဟာ ရရန်ပိုင်ခွင့်တစ်မျိုးပဲ၊ မင်းရဲ့အာရုံစိုက်မှုကို အတားအဆီးလုပ်တတ်တယ်၊ တာဝန်ထမ်းနေတဲ့အခါ အဲ့ချစ်ကြောင့် မင်း သေသွားနိုင်တယ်၊ နောက်ပြီး မင်းရဲ့ချစ်သူဟာ မင်းအပေါ် သစ္စာဖောက်ချင် ဖောက်သွားနိုင်တယ်၊ ဒါမှမဟုတ် မင်းရဲ့ရန်သူက မင်းချစ်သူကို ဓားစာခံလုပ်ပြီး တို့အဖွဲ့အပေါ် မင်းကို သစ္စာဖောက်ခိုင်းလို့ရတယ်၊ မင်းချစ်ဖို့၊ ယုံကြည်ဖို့ အားကိုးဖို့ဆိုလို့ ငါနဲ့ဆောလ်ပဲ ရှိတယ် ခရစ္စရဲ့"

ဟု အဲလီယော့က ပြောခဲ့ဖူးသည်။

ခရစ္စရင်မှာ ပို၍တင်းကျပ်လာသည်။ ခါးသီးမှုက ပူလောင်လှသည်။ သူ့မှာ ခံစားချက် မရှိမဟုတ်၊ ရှိခဲ့ဖူးသည်။ သို့သော် မိန်းမတစ်ယောက်





အား ချစ်မိခြင်းမဟုတ်။ သူ လုပ်ခဲ့သော အလုပ်အတွက် လိပ်ပြာမသန့်ခြင်းနှင့် သူ့အဖေ၏ဆန္ဒကို မဖြည့်ဆည်းနိုင်ခြင်းအတွက် အရှက်ရခြင်းတို့ ဖြစ်သည်။

သူ့စိတ်တွေ ရှုပ်ထွေးနောက်ကျိလာသည်။

သူသည် မနုဿလူသားတို့၏ အခြေခံ လိုအပ်ချက်များကို သူ့အဖေ၏ အလိုကိုလိုက်ပြီး အနစ်နာခံစွန့်လွှတ်ခဲ့ကြောင်း ယခုမှ သူ သဘောပေါက်သည်။

ယခုတော့ အဖေက သူ့အပေါ် သစ္စာဖောက်သွားပြီ။

အဲလီယော့သည် အခြားလှည့်စားမှုများကဲ့သို့ပင် အချစ်နှင့် ပတ် သက်၍လည်း လိမ်ပြောခဲ့သည် မဟုတ်လား။ မိမိရရှိသင့်သည့်ဘဝကို နှမြော ရင်း ခံပြင်းမိသည်။ ရှက်ခြင်းနှင့် လိပ်ပြာမသန့်ခြင်းတို့ကြောင့် ထိုဘဝကို သူ ရနိုင်တော့မည်မဟုတ်။

အကယ်၍သာ ဆောလ်ကို မိမိကူညီဖို့ မလိုအပ်ခဲ့လျှင် မိမိကိုယ်ကို မသတီသည့် စိတ်ဝေဒနာ ပျောက်ကင်းသွားအောင် ကိုယ့်ကိုယ်ကိုယ် အဆုံး စီရင်လိုက်မှာ သေချာသည်။

ခိုင်းလည်း ခိုင်းရက်တဲ့ အဲလီယော့ပါပဲ။

ခရစ္စ လက်သီးဆုပ်ထားလိုက်မိသည်။ သာမန် လူ့ဘဝကို အဲလီယော့ က မိမိအား ခံစားခွင့်မပေးခဲ့။

ဆောလ်ကိုလည်း စိတ်မဆိုးရက်။ ဆောလ်သည် အဲလီယော့အပေါ် သစ္စာရှိပြီး ၎င်းစိတ်ဆန္ဒပြည့်ဝအောင် လုပ်ယူနိုင်ခဲ့သဖြင့်လည်း ခရစ္စ အားကျ မိသည်။ သို့တစေ အဲလီယော့ကိုတော့ သိပ်စိတ်ဆိုးသည်။ နောင်တရစွာဖြင့် မျက်လုံးဖွင့်မှိတ် ထားရင်း သူ့အသားတွေ တဆတ်ဆတ်တုန်လာသည်။

အကယ်၍ အစ္စရေး၌ ဆောလ်အစား မိမိအား အဲရစ်ကာတို့အုပ်စုထဲ ထည့်ပေးခဲ့မည်ဆိုလျှင် အခြေအနေများမှာ တစ်မျိုးပြောင်းပြီး ယခုအိပ်ခန်းထဲ၌ အဲရစ်ကာအား ဖက်ထားသူမှာ မိမိဖြစ်နေပေလိမ့်မည်။

◆

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၀ )

အဲရစ်ကာက မှန်တင်ခုံမှ ကြေးမုံချပ်ကို ကြည့်လိုက်သည်။ မှန်တရုတ်ကတ်များနောက်ကွယ်မှ အရောင်းစာရေးမနှစ်ယောက်၏ စကားပြောသံများကို သူမကြားနေရသည်။ ကုန်တိုက် ဖွင့်ဖွင့်ချင်း မနက် ဆယ်နာရီကတည်းက သူမရောက်လာခဲ့သည်။

ကုန်တိုက်ထဲဝင်မည့် ဈေးဝယ်သူအချို့လည်း သူမ အလျင်ရောက်နှင့်ပြီး ရပ်စောင့်နေကြသည်။ ထို့ကြောင့် လူအုပ်ကြား၌ ညစ်ပတ်ပေရေနေသော သူမ် အဝတ်အစားများကို မည်သူမျှ သတိမထားမိချေ။

အမျိုးသမီးအသုံးအဆောင်အရောင်းဌာနသို့ သွားပြီး ဘရာစီယာ၊ ပင်တီဘောင်းဘီ၊ ကော်ဂျူရွိုင်း ကုတ်အကျီ၊ ပန်းပွင့်ရိုက် ဘလောက်စ်အကျီ၊ ဂျင်းန် ဘောင်းဘီ၊ လည်ရှည်သားရေ ဘွတ်ဖိနပ်တို့ကို သူမဝယ်ယူသည်။ အဝတ်လဲခန်း၌ အဝတ်အစားလဲဝတ်လိုက်သည်။

အဝတ်ဟောင်းများကို ပိုက်ထွေးကာ တံခါးဖွင့်၍ အပြင်ကို ချောင်းကြည့်သည်။

အနားရှိ အခြားဈေးဝယ်သူများ မရှိ။ သူမ ချဉ်းကပ်လာသောအခါ အရောင်းစာရေးမ နှစ်ယောက်က လှည့်ကြည့်သည်။

"ကားဘီးပေါက်တာ ကိုယ်တိုင်လဲတော့ ကျွန်မ အဝတ်အစားတွေ အကုန်ပေကုန်တယ်လေ၊ ဒါကြောင့် ဒီမှာ အသစ်ဝင်ဝယ်ပြီး လဲဝတ်ရတာ၊ ကျွန်မ အဝတ်ဟောင်းတွေ ဘယ်မှာ ထားပစ်ခဲ့လို့ရမလဲ"

အဲရစ်ကာက စာရေးမ နှစ်ယောက်အား ပြောလိုက်သည်။

"ဒီမှာ နေရာရှိပါတယ်"

ခပ်ငယ်ငယ် စာရေးမက ကောင်တာနောက်ဘက်ရှိ အမှိုက်ပုံးထဲသို့ အဲရစ်ကာ့ အဝတ်ဟောင်းများကို ပစ်ထည့်ပေးလိုက်သည်။





အသက်ပိုကြီးသော အရောင်းစာရေးမက အဲရစ်ကာ့အဝတ်အစားသစ်များပေါ်မှ ဈေးနှုန်းကတ်ပြားလေးများကို ဆွဲဖြုတ်ပေးစဉ် သူမက ကျသင့်ငွေရှင်းပေးပြီး ပြေစာပေါ်မှ သူမ နာမည်ကို ကြည့်ကာ ပြုံးလိုက်မိသည်။

ဂျူးနာမည်ဆန်ဆန် ဂိုးလ်ဘာလွန်းဟု ပေးလိုက်ခြင်းကြောင့်ဖြစ်သည်။

အမျိုးသားအသုံးအဆောင် အရောင်းခန်းတွင် ဆောလ်နှင့် ခရစ္စတို့အတွက် ၎င်းတို့ စာရေးမှာလိုက်သော ကိုယ်တိုင်းနှင့် အဝတ်အစားများကို သူမ ဝယ်ယူပေးသည်။

ဆောလ်အတွက် ပေါ်ပလင် ဘောင်းဘီရှည်၊ စပို့ရှပ်၊ အပေါ်စားသားရေဂျာကင်တို့ဝယ်ပြီး ခရစ္စအတွက် အညိုရောင်ရှပ်နှင့် နွေရာသီဝတ်အပြာန...ာင်ဝတ်စုံတို့ကို ဝယ်ပေးသည်။

အချိန်ကိုက်ဖြစ်၏။

ဆယ်နာရီခွဲတိတိတွင် သူမသည် ကုန်တိုက်ထွက်ပေါက်အနီးရှိ ပစ္စည်းပျောက်ထိန်းသိမ်းရေးဌာန နံဘေးမှ တယ်လီဖုန်းကို သုံးကာ ဗါရှင်တန်မြို့တော်ရှိ နံပါတ်တစ်ခုကို အော်ပရေတာအား ခေါ်ခိုင်းသည်။ ကျသင့်မည့် တယ်လီဖုန်းဆက်ခကို အကြွေစေ့လုံလောက်စွာ ထည့်ပေးလိုက်သည်။

တစ်အောင့်အကြာ၌ အမျိုးသမီးတစ်ဦး၏ ထူးသံကို ကြားရသည်။

"မက်လာန်နက်ခင်းပါရှင်၊ အစ္စရေးသံရုံးကပါ"

"ကျွန်မ ဝရုစိုက်ရမှာလား"

ဟု အဲရစ်ကာက ဟီးဘရူးဘာသာဖြင့် ပြန်ပြောလိုက်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၁ )

ထိုစကားဝှက်မှာ အစ္စရေးသံရုံး၊ ဗဟိုဆက်သွယ်ရေးဌာန ရုံးခန်း တယ်လီဖုန်းစက်ခလုတ်ခုံကြီးရှေ့ နံရံပေါ်၌ တပ်ထားသော ကြော်ငြာပိုစတာပေါ်မှ ဟီးဘရူးဘာသာဖြင့် ရေးထားသည့် ကြော်ငြာစာတန်းတစ်ခု ဖြစ်လေသည်။

၎င်းပိုစတာတွင် ခဝါသည် မိန်းမကြီးတစ်ယောက်က အရှုံးပေးသလို၊ စိတ်ပျက်သလို အမူအရာမျိုးဖြင့် လက်နှစ်ဖက်အပေါ် မြှောက်ပြထားပုံကို ဖော်ပြထားသည်။

အော်ပရေတာအမျိုးသမီးက အဲရစ်ကာ၏ စကားဝှက်အရ သံရုံးမြေအောက်ထပ်ရှိ အရေးပေါ် တယ်လီဖုန်း ခလုတ်ခုံသို့ ချက်ချင်းဆက်သွယ်ပေးလိုက်သည်။

အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းရိုးတန်း ဒေသဆိုင်ရာ မော့ဆတ်ဒ်အဖွဲ့၏ စစ်လက်နက်ပစ္စည်း စုဆောင်းရေးတပ်မှူးဖြစ်ပြီး အသက် ၃၅ နှစ်ရှိ နှုတ်ခမ်းမွှေးနှင့် ထိပ်ပြောင်ပြောင်လူတစ်ဦးဖြစ်သူ မီရှာပလက်ဇ်သည် တယ်လီဖုန်းဂျက်တံကို ကောက်ထိုးလိုက်ပြီး

"ခဏလေးနေဦး"

ဟု ပြောလိုက်သည်။

၎င်းက စားပွဲပေါ်ရှိ မီတာခလုတ်ကိုဖွင့်ပြီး ဒိုင်ခွက်ကို ကြည့်နေသည်။ထိုတိုင်းကိရိယာမှာ တယ်လီဖုန်းလိုင်း၏ လျှပ်စစ် ဗို့အားစီးကြောင်းကို တိုင်းထွာသည့် ကိရိယာဖြစ်သည်။

အကယ်၍ တယ်လီဖုန်းလိုင်းကို ခိုးနားထောင်နေပါက ဒိုင်ခွက်ထဲမှ မြားတံကလေးက မူလနေရာမှ ဘေးသို့ ယိုင်သွားပေလိမ့်မည်။ ယခု မြားတံကလေးမှာ မူလနေရာ၌ပင် ရပ်နေသည်။

"ရှလို"





ပလက်ဇ်က ဟီးဘရူးလို နှုတ်ဆက်လိုက်သည်။

"ဘယ်သူ ဖုန်းဆက်ဆက် နားမထောင်နဲ့၊ တစ်ထောင့်လေးရာ သုံးဆယ်၊ ဒါပဲ"

ဆွဲဆောင်မှုရှိသည့် ရှတတအမျိုးသမီးအသံတစ်ခုက တယ်လီဖုန်းထဲမှ ဖြည်းညှင်းစွာ ပြောလိုက်သည်။

ခေါင်းလောင်းသံတစ်ခု ချက်ချင်းမြည်သည်။ တယ်လီဖုန်းအဆက်အသွယ် ပြတ်သွားကြောင်း အချက်ပေးခြင်းဖြစ်သည်။

ပလက်ဇ်က ဂျက်တံကို ဆွဲဖြုတ်လိုက်သည်။ ပြီးတော့ စက်ခလုတ်ခုံ၏ ဘယ်ဘက်နံရံပေါ်ရှိ အညွှန်းစာရွက်ကို လက်ညှိုးထောက်၍ စစ်ဆေးရှာဖွေသည်။ ယနေ့အတွက် သတ်မှတ်ထားသည့် အညွှန်းကတ်ပြားလေးကို ဆွဲထုတ်ပြီး နံပါတ်များပါသည့် စာရင်းတစ်ခုကို သူ စိုက်ကြည့်လိုက်သည်။

တယ်လီဖုန်းက ဆယ်နာရီခွဲ၌ လာသည်။

အရေးပေါ် ကီးစွရှိချျင် ထိုအချိန်၌ မိမိတို့ထံ ဖုန်းဆက်ခွင့်ပေးထားသော မော့ဆတ်ဒ် အေးဂျင့်၏ အမည်ကို သူ ရှာလို့ရသွား၏။

အဲရစ်ကာ ဘန်းစတိုင်းတဲ့။

ပလက်ဇ် မျက်မှောင်ကုတ်သွား၏။

အဲရစ်ကာ၏ တိုက်ခန်းကို တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် သုံးဆယ့်ခြောက်နာရီလုံးလုံး သူမ သေလား ရှင်လား၊ ဘယ်မှာရှိမှန်း မိမိတို့သံရုံးမှ မသိရသေး။

မနေ့မနက် စောစောပိုင်းက ရဲတွေရောက်လာပြီး ဖြစ်ပျက်ပုံကို ပြောပြကာ သူမအကြောင်း မေးကြသည်။

၎င်းတို့အား ဝန်ထမ်းရေးရာဌာန ညွှန်ကြားရေးမှူးက လက်ခံတွေ့ဆုံပြီး လုပ်ကြံသတ်ဖြတ်မှုနှင့် ပတ်သက်၍ အလွန်ဖွဲ့အားသင့်မိကြောင်း၊ တတ်နိုင်သမျှ ကူညီမည့် အကြောင်းပြောသည်။ ညွှန်မှူးက သံရုံးရှိ အဲရစ်ကာ၏ ကိုယ်ရေးရာဇဝင်မှတ်တမ်းကို ရဲများအား ထုတ်ပြလိုက်သည်။

၎င်းမှတ်တမ်းတွင် အဲရစ်ကာသည် မော့ဆတ်ဒ်အဖွဲ့မှ ဗိုလ်မှူးကြီးတစ်ဦးဖြစ်ကြောင်းကို လုံးဝထိန်ချန်ထားပြီး စာရေးမတစ်ဦးဖြစ်ကြောင်းမျှသာ ဖော်ပြထားသည်။

အဲရစ်ကာသည် အပေါင်းအသင်းနည်းသူ တစ်ဦးဖြစ်ကြောင်း၊ တစ်ယောက်တည်း အေးအေးနေတတ်ကြောင်း ညွှန်မှူးက ပြောပြသည်။ သူမ လူငယ်ချင်းအချို့၏ နာမည်များကိုလည်း ပြောပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရဲစုံထောက်များ အားမလိုအားမရဖြစ်ပြီး ပြန်သွားကြသည်။

ရင်းတို့သည် သံရုံးသို့ အဲရစ်ကာ လာလိုလာငြား စောင့်ကြည့်နေဖွယ်ရှိကြောင်း ပလက်ဇ် ယူဆထားသည်။ သို့သော် ယင်းအမှုစုံစမ်းရေးကို ရပ်စဲလိုက်ပြီဖြစ်ကြောင်း ပလက်ဇ်၏ သတင်းပေးသမားများက မနေ့ညကတည်းက အကြောင်းကြားခဲ့သည်။ ထိုအချိန်မှစ၍ ပလက်ဇ် စောင့်ဆိုင်းနေခဲ့သည်။

အဲရစ်ကာအနေနှင့် မိမိထံ အမြန်ဆုံး ဆက်သွယ်သင့်သည်။ သုံးဆယ့်ခြောက်နာရီလုံးလုံး အဆက်အသွယ်မရသဖြင့် သူမ သေပြီဟု ယူဆမိသည်။

ယခုမှ သူမဖုန်းဆက်၏။

ပလက်ဇ် စိတ်ပျက်သွားပြီးမှ ရင်ခုန်လာသည်။

"ဘယ်သူဖုန်းဆက်ဆက် နားမထောင်နဲ့"

ဟု သူမပြောသွားသည်။

အမေရိကန်နိုင်ငံအပါအဝင် မည်သည့်နိုင်ငံခြား ထောက်လှမ်းရေးအဖွဲ့နှင့်မှ ပူးပေါင်းဆောင်ရွက်မှုမလုပ်နှင့်ဟု အဓိပ္ပာယ်ထွက်၏။ တစ်ထောင့်လေးရာ သုံးဆယ်နာရီမှာ မွန်းလွဲ ၂း ၃၀ နာရီ ဖြစ်၏။

ထိုအချိန်ကျမှ လုံခြုံသော တယ်လီဖုန်းတစ်လုံးဖြင့် သူမ ထပ်မံဆက်သွယ်မည့်သဘောဖြစ်သည်။ နောက် လေးနာရီ လိုသေးသည်။

ပလက်ဇ်က စောင့်ဆိုင်းရတာ ဝါသနာမပါ။

ဘာတွေဖြစ်ကုန်ပြီလဲ။

◆

( ၁၂ )

"သူတို့နှစ်ယောက်စလုံး ဟိုအမျိုးသမီးနဲ့အတူ နေကြလိမ့်မယ်"

အဲလိယော့က ပြောသည်။

"ဟုတ်မယ်၊ ဒါမှ သူတို့ကိုယ်သူတို့ ကာကွယ်ဖို့ အခွင့်ပိုသာမယ်"

သူ့ လက်ထောက်က ပြောသည်။

"နောက်ပြီး အဲရစ်ကာရဲ့ အဆက်အသွယ်တွေကို သူတို့အသုံးချကြလိမ့်မယ်"

အဲလိယော့သည် လုံခြုံရေးကိုငဲ့ပြီး သူ့ရုံးခန်းကို အတတ်နိုင်ဆုံး မသုံးဘဲနေသည်။ ထို့ကြောင့် ယခုလည်း သူ့နှင်းဆီပန်းများထားသည့် မှန်လုံအိမ်ထဲ၌ ရောက်ရှိနေပြီး 'အမေရိကန်အလှနှင်းဆီ' အမည်ရှိ နှင်းဆီတစ်ပွင့်ကို သူ အနီးကပ် အကဲခတ်နေသည်။

"အဲရစ်ကာဟာ သူတို့သံရုံးကို ဖုန်းဆက်မှာပဲ၊ ဒါပေမယ့် သူတို့ ရုံးက အဆံဖျက်ကိရိယာ (စကရင်မ်ကလာ)က သိပ်ကောင်းလွန်းနေတော့ ငါတို့ကြားဖြတ် နားထောင်လို့ မရနိုင်ဘူး"

သူ့လက်ထောက်က မှန်လုံအိမ်ဖဝင်ပေါက်တစ်ပေါက်စီရှေ့၌ ရပ်နေသော မျက်နှာလေးထောင့်စပ်စပ်နှင့် ဗလတောင့်တောင့် အစောင့်နှစ်ယောက်အား ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

အဲလိယော့အနေနှင့် စီအိုင်အေမှ သမားရိုးကျ အေးဂျင့်များကိုခေါ်၍ အစောင့်တာဝန်ပေးလို့လည်းရသည်။ သို့သော် ကာစတာနှင့် ပိုလပ်ဇ်ဟူသော ခပ်ဆန်းဆန်း နာမည်ဝှက်များပေးထားသည့် လူနှစ်ယောက်ကို အဲလိယော့က ရွေးချယ်ခဲ့သည်။ ရင်းတို့အကြောင်း အဲလိယော့လက်ထောက်အရာရှိ မကြားဖူးချေ။

အဲလိယော့၏ အိမ်၊ မြို့နှင့်လမ်းတို့ကို စောင့်ကြပ်ရမည့်သူများကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဒုဋ်းက ရွေးချယ်ခဲ့သည်။

အဲလိယော့၏ အတွင်းခန်းကို စောင့်ရန်အတွက် ကာစတာနှင့် ပိုလပ်စ်ဆိုသူ ဤကနေ့နှစ်ဦးကိုသာ ယုံကြည်စိတ်ချပုံရပေသည်။

အဲလိယော့၏ လက်ထောက် နားမလည်ပါ။

"ဒါပေမယ့် သူတို့သံရုံးကို အဲရစ်ကာ ဘာပြောမယ်ဆိုတာ ငါတို့ မှန်းကြည့်လို့ရတယ်၊ ခုချိန်မှာငါဟာ အဲရစ်ကာနေရာမှာဆိုရင် ခွေလိုတယ်၊ သက်သေခံကတ်ပြားဖြစ်တဲ့ ပတ်စ်ပို့၊ ယာဉ်မောင်းလိုင်စင်၊ အကြွေးဝယ်ကတ်ပြားတွေကို နာမည်တုအမျိုးမျိုးနဲ့ လိုချင်မှာပဲ၊ အစိုးရတွေဟာ ပြင်ပအကူအညီကိုမယုံဘူး၊ ဒါမျိုးကိစ္စကို သူတို့ သံရုံးတွေမှာပဲ လုပ်ပေးလေ့ရှိတယ်"

အဲလိယော့က နှင်းဆီပင်ပေါ်မှ မှိုများကို တုန်ယင်နေသောလက်ဖြင့် ဓာတုဗေဒဆေးရည်တို့ပေးရင်း ပြောလိုက်သည်။

သူ့လက်ထောက်က လက်သုတ်ဖို့ အဝတ်စတစ်စ ကမ်းပေးသည်။

"ဒီတော့ သူတို့က အဲရစ်ကာဆီ အထုပ်သွားပို့ပေးရမှာပေါ့"

အဲလိယော့က သူ့ကို ခါတိုင်းနှင့်မတူတဲ့ စောနပ်အားရဟန်နှင့် ကြည့်လိုက်ပြီး

"ဟုတ်တယ်၊ မင်း ဂျိ ဆိုလိုရင်းသိသွားပဲ၊ အစိုးရသံရုံးက ထွက်တဲ့ လူနောက်ကိုလိုက်ဖို့ မင်းစီစဉ်လိုက်တော့"

"လူအများကြီး လိုမယ်ဆရာ"

"အဲဘာလတ်သဘောတူစွင့်ပြုချက်ကို အကြောင်းပြပြီး အသုံးချကွာ၊ အဲဒီပစ္စည်းပို့သူဟာ ရီးမတ်ဆီ လမ်းပြနိုင်လိမ့်မယ်လို့ ကေဂျီဘီနဲ့ တခြားသူလျှို အဖွဲ့တွေကို အကြောင်းကြားလိုက်၊ ဒီကောင့်ကို ဖမ်းမိဖို့ နီးစပ်နေပြီလို့ပြော"

"ကောင်းတယ်"

"အင်း အခြေအနေတွေ ထိန်းမနိုင်သိမ်းမရ ဖြစ်ပုံကတော့ အံ့စရာ အကောင်းသား၊ ရိုးမြူးလပ်ကို အက်လန်တစ်စီးတီးမှာ သတ်ပစ်ခဲ့ရင် တခြား ပြဿနာတွေ ပေါ်လာစရာ အကြောင်းမရှိဘူး"

"ဒါပေမယ့် ရီးမတ်က စည်းကမ်းချိုးဖောက်မှာပဲ၊ ရိုးမြူးလပ်သေတာနဲ့ ဘာမှ မဆိုင်ဘူး"

"အို ဒီကောင်က အကြောင်းမဟုတ်ဘူး၊ ရိုးမြူးလပ်က အရေးကြီးတာ၊ ပါရာဒင် ဖောင်ဒေးရှင်းကို ဖျက်ပစ်ရမယ်ကွ၊ အစိုးရတွေ လက်ချက်ဆိုတာ သမ္မတကြီးယုံကြည်အောင် လုပ်ရမယ်၊ ဒါပေမယ့် ကော်လိုရာဒို[illegible]ကပြီးတော့ သူတို့ ဘယ်သူ့ဆီ အကူအညီတောင်းမလဲလို့ တို့ တွက်ဆနိုင်ပါလျက်နဲ့ အဲရစ်ကာ





အခန်းမှာ တို့လက်လွှတ်မသွားသင့်ဘူး၊ ငါတို့က ခြေတစ်လှမ်း နောက်ကျနေ တယ်၊ မဖြစ်သင့်ဘူး၊ ဆောလ်ကို ငါ ရွေးခဲ့တာက သူ့အရည်အချင်း သက်တမ်း ကုန်ဆုံးတဲ့ အရွယ်ရောက်လာလို့ပဲ၊ မီးစာကုန် ရေခန်းပေါ့ကွာ၊ သူ ပြန်လာလိမ့် မယ်လို့ . . ."

"ဘယ်တုန်းကမှ ထင်မထားဘူး မဟုတ်လား ဆရာ"

အဲလိယော့က ဖဆိုးတွန့်လိုက်သည်။

"ဟုတ်တယ်၊ ခရစ္စလဲ ဒီလိုပဲ၊ သူ့ရဲ့ထူးကဲတဲ့ အသိဉာဏ်နဲ့ ဆောလ်ကို တွေ့အောင် ရှာမယ်ဆိုတာ ငါ ကျိန်းသေသိတယ်၊ ဒါပေမယ့် သူ ဘွန်းကြီးဝတ် ခဲ့ပြီး၊ ဗန်ကောက်မှာ ပြဿနာဖြစ်ပြီးတဲ့နောက်ပိုင်း ဒီလောက်ကြာကြာ သူ အသက်ရှင်နိုင်ဦးမယ်လို့ ငါ မထင်ခဲ့ဘူး၊ အခြေအနေက မကောင်းတော့ဘူး၊ အမှန်ကို သူတို့သိသွားရင် ခက်မယ်"

"ဘယ်လို သိနိုင်မှာလဲဆရာ"

"လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကတော့ သူတို့မသိနိုင်ဘူးလို့ ငါ ပြောခဲ့ တယ်၊ အခုလိုသာ သူတို့ ကံဆက်ကောင်းနေရင်တော့ ငါလဲ မပြောနိုင်ဘူး၊ ဝါမှမဟုတ်လဲ သူတို့ကံကောင်းတာ တစ်ခုတည်းကြောင့် ဟုတ်ချင်မှလဲ ဟုတ်မယ်"

အဲလိယော့က မျက်နှာအိုစွာဖြင့် ပြောလိုက်လေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၃ )

"နက်ဖြန်ကျ နင့်ကို အစွရေးအရောက် ပို့ပေးမယ်၊ ဒီကိစ္စ တို့ဖြေရှင်းတုန်း နင် စိတ်ချလက်ချနေနိုင်တယ်"

ပလက်ဇ်က အသံဖျက်ကိရိယာ တစ်ဆင့်ခံထားသည့် သူ့ရုံးခန်းထဲမှ တယ်လီဖုန်းဖြင့် အဲရစ်ကာအား ပြောလိုက်သည်။

"ဟင့်အင်း၊ ကျွန်မ သွားလို့မဖြစ်ဘူး၊ ခရစ္စတို့ ဆော်လ်တို့နဲ့အတူ နေပေးရဦးမယ်"

အဲရစ်ကာက စိုးရိမ်ဟန်ဖြင့်ပြောသည်။

"နင့်မိတ်ဆွေတွေကိုတော့ ငါတို့အကာအကွယ်မပေးနိုင်ဘူး၊ စည်းကမ်းချိုးဖောက်တဲ့လူကို ငါတို့ကူညီနေတာ တခြားသူလျှိုအဖွဲ့တွေသိသွားရင် . . ."

"အို၊ အဲဒါအရေးမကြီးပါဘူး၊ သူတို့ဟာ ကျွန်မမိတ်ဆွေတွေတော့ မှန်ပါတယ်၊ ဒါပေမယ့် သူတို့ဟာ အဲဘလတ် သဘောတူညီချက်နဲ့ မဆိုင်ပေမယ့် သူတို့ အသတ်ခံရလောက်အောင် သိပ်အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ ပတ်သက်နေတယ်၊ အခန့်မသင့်ရင် ကျွန်မပါ အသတ်ခံရနိုင်တယ်၊ ဘာကိစ္စလဲ ဘာပြဿနာလဲဆိုတာ ကျွန်မ စုံစမ်းဖော်ထုတ်ချင်တယ်၊ သေချာတာတစ်ခု ပြောမယ်၊ အဲဒီကိစ္စဟာ မော့ဆတ်ဒ်နဲ့ဆက်စပ်နေတယ်"

ပလက်ဇ် အသက်ရှူတစ်ချက် ရပ်သွားသည်။

"ဘယ်လို ဆက်စပ်လို့လဲ၊ နင့်ကို ငါတို့သတ်ဖို့မကြံခဲ့ဘူးဆိုတာ နင်သိသားပဲ"

"ရှင်တို့ လက်ချက်လို့ မသင်္ကာဖြစ်အောင် တစ်ယောက်ယောက်က တမင်လိုပ်ပြချင်တယ်"

"ဟာ ပေါက်ကရ၊ ဘာလို့များပါလိမ့်"





"ကျွန်မလဲ အဲဒါကို သိပ်သိချင်တာပေါ့၊ ကဲ ကျွန်မစကားကြာကြာ ဆက်ပြောလို့မဖြစ်ဘူး၊ အခု ကျွန်မ ဘယ်ကဖုန်းဆက်နေလဲဆိုတာ သူတို့ ခြေရာခံနေပြီထင်တယ်၊ ကျွန်မတောင်းထားတဲ့ ယာဉ်မောင်းလိုင်စင်၊ အကြွေးဝယ်ကတ်ပြားစတဲ့ သက်သေခံစာရွက်စာတမ်းတွေ လုပ်ပေးပါဦး၊ အဲ နောက်တစ်ခု ကျန်သေးတယ်"

"ငါ သိပါတယ်၊ ပိုက်ဆံလေ"

"မဟုတ်ဘူး၊ ဒီထက်အရေးကြီးတာ တစ်ခုရှိတယ်"

"ဘာလဲဟ"

ပလက်ဇ်က မေးလိုက်သည်။

အဲရစ်ကာ၏ အဖြေကိုကြားရသောအခါ သူ ဘုရားတမိလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၄ )

သားနားသပ်ရပ်စွာ ဝတ်ဆင်ထားသော သားရေလက်ဆွဲအိတ်နှင့်လူသည် သံရုံးထဲမှထွက်လာပြီး နေရောင်ကြောင့်မျက်ကြော ရှုံ့သွားသည်။ မိမိအား စောင့်ကြည့်နေကြမည်ဖြစ်ကြောင်း တပ်အပ်သိသည်။

တစ်နေ့ခင်းလုံး မိမိတို့ သံရုံးပတ်ဝန်းကျင်၌ မသင်္ကာဖွယ်ကောင်းလောက်အောင် စောင့်ကြည့်သူများ တိုးပွားလာကြောင်း သံရုံးလုံခြုံရေးအဖွဲ့က သတိထားခဲ့မိပေသည်။

ခြေကျင်ပဲလျှောက်လျှောက် မော်တော်ကားပဲ စီးစီး သံရုံးထဲမှ ထွက်ခွာသူမှန်သမျှ နောက်က ရှုဒိုးလိုက် ခံကြရသည်။

ထို့ကြောင့် လုံခြုံရေးအဖွဲ့သည် ပလက်ဖ်နှင့် ပူးပေါင်းကာ သံရုံးထဲမှ ဆက်သားအမြောက်အမြားကို အပြင်သို့ထွက်သွားခိုင်းခဲ့လေသည်။ ထိုသို့ လူဝင်လူထွက်ရှုပ်ရှက်ခတ်နေခြင်းကြောင့် အဲရစ်ကာထံပစ္စည်းသွားပို့သော ဆက်သားမှာ ၎င်း၏တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ဖို့ အခွင့်သာသွားလေသည်။

၎င်းသည် စာအုပ်ဆိုင်တစ်ဆိုင်ကို ဦးစွာဝင်ပြီး စတီဖင်ကင်း၏ ဝတ္ထုတစ်အုပ်ကိုဝယ်သည်။ တစ်ဘလောက်ခန့် လျှောက်သွားပြီးဂျူးစားသောက်ကုန်ဆိုင်မှာ စားစရာအချို့ ဝင်ဝယ်ပြန်သည်။ ထို့နောက် အရက်ဆိုင်ထဲဝင်ပြီး ဝိုင်အဖြူတစ်ပုလင်း ဝယ်လိုက်သည်။

နောက် တစ်ဘလောက်တွင် သူ့ရည်းစား၏ တိုက်ခန်းသို့တက်သည်။

ဂျူးစားသောက်ဆိုင်၌ ပုံစံတူ လက်လွဲအိတ်တစ်လုံးနှင့် သူ့အိတ်ကို လဲလှယ်ခဲ့၏။ ဆိုင်ရှင်က သူ့အိတ်ထဲမှ အထုပ်ကို ထုတ်ယူပြီး 'ဆာလမွန်ငါးကင်' ဟု စာတန်းပါသည့်စာရွက်ဖြင့် ၎င်းအထုပ်ကိုပတ်ပြီး စည်သွတ်ဘူးများ၊ အမဲသားတုံးများ ထည့်ထားသည့် စက္ကူဂုပ်ပုံးကြီး၏ အောက်ပိုင်းတွင် ဝှက်ထားပေးသည်။





သူ့ဇနီးက ဆိုင်စောင့်ပေးနေစဉ် ဆီလ်ဗာစတိုင်း အမည်ရှိ ဆိုင်ရှင်ကြီးသည် ၎င်း ဂျပ်ပုံးကြီးကို နောက်ဖေးလမ်းကြားရှိ ကိုယ်ပိုင်ထရပ်ကားကြီးဆီ သယ်သွားသည်။

၎င်းဂျပ်ပုံးကို အခြားဂျပ်ပုံးများထပ်တင်၍ ဝှက်ပေးလိုက်ပြန်၏။ ထို့နောက် မာရင်ဂိုးလ်မုန့်တိုက်သို့ ကားမောင်းသွားသည်။

နောက်နေ့မနက်တွင် မာရင်ဂိုးလ်မုန့်တိုက်က ဂျော့တောင်းရပ်ကွက်ရှိ ဒေါက်တာဘင်ဂျမင်ရှုတ်နာ၏နေအိမ်သို့ မုန့်ပုံးများ သွားပို့ပေးသည်။ ရှုတ်နာ၏ ညစာခံပွဲရှိသဖြင့် ဧည့်သည်များ မကြာမီရောက်လာတော့မည်။ ရှုတ်နာ၏သား အသက် ၁၃ နှစ်ပြည့်သဖြင့် ဂျူးထုံးစံအရ လူပျိုဖော်ဝင်ခြင်း အထိမ်းအမှတ်ပွဲ ပြုလုပ်ကြခြင်း ဖြစ်သည်။

ညစာခံပွဲပြီးသောအခါ ဘာနီကတိဖ်အမည်ရှိ ဧည့်သည်တစ်ဦးသည် သူ့မိသားစုအား မောင့်ဗာနွန်အရပ်ရှိ ကွယ်လွန်သူသမ္မတ ဂျော့ဝါရှင်တန်၏ မြို့ဝင်းသို့ ကားနှင့်လိုက်ပို့ပေးသည်။ ထိုခြံမှာ ဂျော့တောင်းရပ်ကွက်မှ မိုင်နှစ်ဆယ် ကွာဝေးသည်။ ကက်ဖ်၏ကလေးများ ယခင်ကတစ်ခါမျှမရောက်ဖူးသေးပေ။

ညနေ သုံးနာရီခွဲတွင် ကက်ဖ်၏ဇနီးသည် ဂျော့ဝါရှင်တန်ခြံဝင်းအတွင်းရှိ အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်၏ နှီးကော်ဖျာကြမ်းပြင်ပေါ်၌ လက်ကိုင်အိတ်ကြီးကို ချခဲ့သည်။ သူမ၏နံဘေးတွင် အဲရစ်ကာသည် ရောင်စုံဓာတ်ပုံ ဆလိုက်များကို ကြည့်နေသည်။

ကက်ဖ်က သတ္တုပုံလောင်းထားသည့် ဝါရှင်တန်ကျောက်တိုင်ပုံစံငယ်ကိုယူပြီး ပန်းစက္ကူဖြင့် ထုပ်ခိုင်းနေစဉ် အဲရစ်ကာက သူ့ဇနီး၏ လက်ကိုင်အိတ်ကို ကောက်ယူပြီး ခြံထဲသို့ ထွက်ခွာသွားသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



## ( ၁၅ )

ဿာဉ်မောင်းလိုင်စင်များ၊ အကြွေးဝယ်ကတ်ပြားနှင့်အတူ ပါလာသော ကွန်ပျူတာ ပုံနှိပ်စာရွက်ရှည်ကြီးမှာ ထမင်းစားပွဲတစ်ခုလုံးကို နေရာယူထားလေသည်။

သူတို့အားလုံး ပိုတိုမက်မြစ်အနီးရှိ တစ်ထပ်တိုက်အိမ်ကလေးထဲမှာ ပင် ရှိကြသည်။

ဆည်းဆာရောင်ခြည်က ပြတင်းပေါက်မှမိုးကျနေစဉ် မြစ်ရေစီးသံကို ခပ်တိုးတိုးလေး ကြားနေရသည်။

ဆောလ်၊ ခရစ္စနှင့် အဲရစ်ကာတို့သည် ကွန်ပျူတာထဲမှ ထုတ်ပေး လိုက်သည့် စာရွက်ရှည်ကြီးကို ငုံ့ကြည့်နေကြ၏။

၎င်းစာရွက်ပေါ်တွင် မော့ဆတ်ဒ်နှင့်မပတ်သက်ဘဲ အစ္စရေးရှိ အွန်ဒရေး ရှော့သ်ဘာ့ဂ်၏ သင်တန်းကို တက်ရောက်ခဲ့ဖူးသော အမေရိကန်နိုင်ငံသား အားလုံး၏ နာမည်စာရင်းကို ဖော်ပြထားသည်။

အဲရစ်ကာ၏ တောင်းဆိုချက်ကို ပလက်ဇ် နားမလည်သော်လည်း ၎င်းက သံရုံးရှိ ကွန်ပျူတာများမှ ဤစာရင်းကိုရအောင် စုစည်းပေးလိုက်သည်။

၁၉၆၅။ တပ်ကြပ်ကြီး (ပထမတန်း) ကက်ဗင်မက်အဲလ္လိုင်း
အမေရိကန်ကြည်းတပ်၊ အထူးတပ်ဖွဲ့။
တပ်ကြပ်ကြီး (ပထမတန်း) သောမတ်ကွန်လင်၊
အမေရိကန်ကြည်းတပ်၊ အထူးတပ်ဖွဲ့။
၁၉၆၆။ ဒုဗိုလ်ဆောလ် ဂရစ္စမင်း
အမေရိကန်ကြည်းတပ်၊ အထူးတပ်ဖွဲ့။
ဒုဗိုလ်ခရစ္စတိုဖာကီလ်မွန်းနီး
အမေရိကန်ကြည်းတပ်၊ အထူးတပ်ဖွဲ့။





၁၉၆၇။ တပ်ကြပ်ကြီးစာရေး နီးလ်ပရက်
ရိန်းဂျားတပ်ဖွဲ့။
တပ်ကြပ်ကြီးစာရေး ဘားနတ်ဟောလီးဒေး
ရိန်းဂျားတပ်ဖွဲ့။
၁၉၆၈။ ဒုဗိုလ်တင်မိုသီဒရူး
ကြည်းတပ်၊ အထူးတပ်ဖွဲ့။
ဒုဗိုလ်အဲင်ဒရူးဟာစ်
ကြည်းတပ်၊ အထူးတပ်ဖွဲ့။
၁၉၆၉။ ဒုအရာခံဗိုလ် ဂျိန်းသောမတ်
မရိန်းတပ်၊ ထောက်လှမ်း။
အရာခံဗိုလ် ဝီလျံဖလက်ချာ
မရိန်းတပ်၊ ထောက်လှမ်း။
၁၉၇၀။ တပ်ကြပ်ကြီးစာရေး အာနိုးလ်ဟက်ကတ်
ရေတပ်၊ ဆီးလ်တပ်ဖွဲ့
တပ်ကြပ်ကြီးစာရေး ဒေးဗစ်ပြူး
ရေတပ်၊ ဆီးလ်တပ်ဖွဲ့

စာရင်းမှာ ကိုးနှစ်အတွက် နာမည်ဆယ့်ရှစ်လုံး ဆက်လက် ဖော်ပြ ထားသည်။

“မယုံနိုင်စရာပဲ”

ခရစ္စက ပြောသည်။

အဲရစ်ကာက သူ့ကို ဖျတ်ခနဲကြည့်ပြီး

“ရှင့်လိုလူစားအများကြီးဆိုတာ တွေ့ပြီလား”

“အင်း၊ အဲလိယော့က ဘယ်သူမှ မရှိဘူးလို့ ပြောခဲ့တယ်၊ ကျွန်တော်တို့ နှစ်ယောက်ကို ထူးခြားအောင် လုပ်ချင်တယ်လို့ သူပြောတယ်၊ ကျွန်တော်တို့ရဲ့ ရှားရှားပါးပါး အစွမ်းအစမျိုးရှိတဲ့ ဒေါ်ဂျင့်ဆိုလို့ တစ်ကမ္ဘာလုံးမှာ ကျွန်တော်တို့ နှစ်ယောက်တည်း ရှိတယ်တဲ့လေ”

သူမက ပခုံးတွန့်၍

“ရှင်တို့က လူတော်တွေ ဖြစ်လာတော့ ရှင်တို့လိုလူတွေ သူ နောက် ထပ် မွေးထုတ်ချင်စိတ်ပေါက်သွားလို့လားမှ မသိဘဲ”

ဆောလ်က ခေါင်းခါလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကိုယ်တို့က အစွန်ရေးကို ၆၆ခုနှစ်က သွားတာ၊ ဒီစာရင်းအရ ကိုယ်တို့အရင်သွားတဲ့ လူနှစ်ယောက်ရှိသေးတယ်၊ ကိုယ်တို့နှစ်ယောက်ပဲ လွတ်တာပါလို့ အဲလီယော့က လိမ်ပြောခဲ့တာပဲ"

"နောက်ပိုင်းလဲ သူ ဆက်လိမ်ခဲ့တာပဲ၊ ၇၀ ပြည့်လွန် နှစ်တွေမှာ အဲဒီလူတွေ အစွန်ရေးမှာ သင်တန်းသွားတက်ပြီးတာတောင် သူက ငါတို့မှာ ပြိုင်ဘက်မရှိဘူးလို့ချည်း အမြဲပြောလေ့ရှိတယ်"

ခရစ္စက ပြောသည်။

အဲရစ်ကာက စာရင်းကို ပြန်ကြည့်ပြီး

"ရှင်တို့ကို အဲဒီလိုစိတ်ထဲစွဲနေအောင် သူလုပ်ထားချင်လို့လားမှ မသိတာ"

ခရစ္စက ခေါင်းညိတ်၍

"ကျွန်တော် ဒီလောက်လဲ အတ္တစိတ်မကြီးမားလှပါဘူးဗျာ၊ ကျွန်တော်တို့လို သင်တန်းမျိုး နောက်ထပ် ဘယ်နှစ်ယောက်ပဲတက်တက် ကျွန်တော် ဂရုမစိုက်ဘူး၊ ကျွန်တော့်တာဝန်ကျေအောင် လုပ်ချင်တဲ့စိတ်ပဲ ရှိတယ်"

"နောက်ပြီး အဲလီယော့ကိုလဲ ကျေနပ်အောင်လုပ်ချင်လို့"

ဆောလ်က ဝင်ထောက်သည်။

ခရစ္စက ခေါင်းညိတ်သည်။

"ဒါကြောင့်မို့လဲ ကျွန်တော်တို့ရဲ့ အလုပ်တွေကို အမြဲအောင်မြင်အောင်၊ ကောင်းအောင် လုပ်ခဲ့ကြတာပါ၊ အဲဒီလူတွေကိစ္စ သူ ဘာကြောင့် လိမ်ပြောချင်ရပါလိမ့်"

"ရှေ့သဘာဂ်သင်တန်းတက်ဖို့ ဒီလူတွေကို လွှတ်ပေးတာ အဲလီယော့ ဟုတ်မဟုတ် ကျွန်မတို့ ကျိန်းသေမသိသေးဘူး"

"ဟုတ်တယ်လို့ပဲ ယူဆကြစို့"

"အို လောလောဆယ်မလုပ်ပါနဲ့ဦး၊ ယူဆချက်တွေနဲ့လုပ်လို့ မဖြစ်ဘူးရှင့်၊ အဲလီယော့နဲ့အကြံတူတဲ့ လူတစ်ဦးဦး ရှိချင် ရှိဦးမယ်၊ အခုတော့ ဟောဒီစာရင်းထဲမှာ ဒါတွေကို ကျွန်မတို့ သိရပြီ၊ ဒီစာရင်းအရ ကျွန်မတို့ ဘယ်လိုကောက်ချက်ချလို့ ရမလဲ"

"ဒီလူတွေကို နှစ်ယောက်တစ်တွဲစီ လွှတ်လေ့ရှိတယ်ဆိုတာ တွေ့ရတယ်"

ဆောလ်က ပြောသည်။

"ဟုတ်တယ်၊ ကျွန်တော်တို့တုန်းကလိုပဲ"

ခရစ္စက ဖြည့်ပြောသည်။





"ဒီအတွဲတစ်တွဲမှာ ပါတဲ့လူနှစ်ဦးဟာ ရာထူး အဆင့်ချင်း အတူတူပဲ"

ဆောလ်က စာရင်းကို လက်ညှိုးဖြင့် ထောက်ပြရင်း ရှင်းပြသည်။

"နောက်ပြီး အတွဲတိုင်းမှာပါတဲ့ လူနှစ်ယောက်စလုံးဟာ တပ်ဖွဲ့တစ်ဖွဲ့တည်းကချည်း ဖြစ်တယ်၊ မက်အဲလ္လိုင်းနဲ့ ကွန်လင်အတွဲဟာ အထူးတပ်ဖွဲ့က ဖြစ်တယ်"

ခရစ္စက ပြောသည်။

"ဟုတ်တယ်၊ ငါတို့လိုပဲ"

ဆောလ်က ထောက်ခံသည်။

"ဒါပေမယ့်၊ တပ်ဖွဲ့အားလုံး မတူဘူး၊ လေးမျိုးလေးစားဖြစ်နေတယ်၊ အထူးတပ်ဖွဲ့၊ ရိန်းဂျားတပ်ဖွဲ့၊ မရိန်းတပ်ဖွဲ့၊ ဆီးလ်တပ်ဖွဲ့၊ လေးမျိုးနော်"

အဲရစ်ကာက ပြောလိုက်၏။

"သူတို့ဟာ တပ်ဖွဲ့ခြားနားပေမယ့်အတူတူပါပဲ"

ခရစ္စကပြောရာ အဲရစ်ကာ မျက်စိလည်သွားသည်။

"သူတို့အားလုံး လက်ရွေးစင်တွေပေါ့၊ အကောင်းဆုံးလေ့ကျင့်ထားတဲ့ ကေဒါတွေပဲ"

ဆောလ်က ရှင်းပြသည်။

"ဟုတ်သားပဲ"

အဲရစ်ကာက ပြောသည်။

ဆောလ်အနေနှင့် သည့်ထက် ပိုရှင်းနေစရာ မလိုပါ။ အမေရိကန်တပ်မတော်သည် ပိရမစ်ကြီးတစ်ခုလို ဖွဲ့စည်းထားကြောင်း သူမ သိပြီးသား။

လေ့ကျင့်မှုကောင်းလေ တပ်သားအရေအတွက်လျော့နည်းလေဖြစ်သည်။ ထိပ်ဆုံးနားတွင် ကြည်းတပ်မှ ရိန်းဂျားကွန်မန်ဒိုတပ်သားများနှင့် မရိန်းတပ်မှ ကင်းထောက်တပ်ဖွဲ့ဝင်များ ရှိကြသည်။ တပ်သားအင်အားနည်းသော်လည်း အလွန် အစွမ်းထက်သည်။ စစ်ဆင်ရေးအတွက် အမြဲအဆင်သင့် ဖြစ်နေသည်။

သို့သော် ကြည်းတပ်၏ အထူးတပ်ဖွဲ့မှာ ၎င်းတို့ထက် တပ်သားပိုနည်းပြီး ပို၍ ထက်မြက်ကြသည်။ ထိပ်ဆုံး၌ကား ရေတပ်၏ ဆီးလ်ကွန်မန်ဒိုတပ်ဖွဲ့ရှိသည်။ ၎င်းတို့သည် တပ်အင်အားအနည်းပါးဆုံးနှင့် အတော်ဆုံးများ ဖြစ်ကြသည်။

ဤသို့ အဆင့်ဆင့်ဖွဲ့စည်းထားခြင်းအားဖြင့် အမေရိကန်အစိုးရက စစ်တပ်မှအာဏာသိမ်းမှုကို စစ်ဆေးခြင်း၊ ဟန့်တားခြင်း ပြုလုပ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ နိုင်းလူးတပ်ဖွဲ့၊ သို့မဟုတ် မနိုင်းတင်းတောက်တပ်ဖွဲ့က အာဏာသိမ်းရန်ကြံလျှင် အထူးတပ်ဖွဲ့ကိုခေါ်၍ ဟန့်တားခိုင်းမည်။ ထို့အတူ အကယ်၍ အထူးတပ်ဖွဲ့က အာဏာသိမ်းရန်ကြံလျှင် ဆီးလ်တပ်ဖွဲ့ကို ဟန့်တားခိုင်းမည်။

သို့သော် အကယ်၍ ဆီးလ်တပ်ဖွဲ့က အာဏာသိမ်းရန် ကြံစည်ခဲ့လျှင် မည်သူ့ ဟန့်တားမလဲဟု မေးစရာရှိနေသည်။

"ဒီတပ်ဖွဲ့တွေဟာ တစ်ခုနဲ့တစ်ခု မတူကြပေမယ့် သာမန်စစ်တပ်တွေနဲ့ နှိုင်းယှဉ်ရင် သူတို့ဟာ အတော်ဆုံး အကောင်းဆုံးတပ်ဖွဲ့တွေ ဖြစ်ကြတယ်"

ခရစ္စက ပြောသည်။

"အင်း၊ နည်းနည်းတော့ အဓိပ္ပာယ်ပေါ်လာပြီ၊ အကောင်းဆုံး အမေရိကန်စစ်သားတွေကို ရွေးချယ်ပြီး အစ္စရေးမှာ အဆင့်မြင့်သင်တန်း သွားတက်ခိုင်းတာဟာ ဘာသဘောလဲ"

"အဲဒီလူတွေကိုမှ ဘာကြောင့်ရွေးချယ်သလဲ၊ ဘာဖြစ်လို့ ဒီလောက်လူနည်းနည်းလေးပဲ သင်တန်းပေးခဲ့သလဲ၊ ဒီရွေးချယ်မှုရဲ့ အခြေခံစည်းမျဉ်းက ဘာလဲ"

ဆောလ်က မေးလိုက်သည်။

အဲရစ်ကာက မျက်မှောင်ကုတ်၍

"ယူဆချက်တွေမလုပ်ဖို့ ကျွန်မ ပြောထားတယ်၊ ဒါပေမယ့် အခုတစ်ခါတော့ ကျွန်မ ယူဆချက်တစ်ခု ပြောပါရစေ၊ အဲဒီလူတွေကို ၁၉၆၅ ခုနှစ်ကနေ ၁၉၇၃ ခုနှစ်အတွင်းမှာ အစ္စရေးကိုလွှတ်ခဲ့တယ်၊ သူတို့ဟာ တိုက်ပွဲမှာ သူများထက်ပိုတော်နေလို့များလားဟင်"

သူမက သူတို့နှစ်ယောက်၏ မျက်နှာများကို အကဲခတ်ရင်း မေးလိုက်သည်။

"ဘယ်တိုက်ပွဲလဲ၊ ဗီယက်နမ်မှာလား၊ ကျွန်တော်တို့လိုပဲလား"

ခရစ္စက မေးသည်။

"ခုနှစ်သက္ကရာဇ်တွေက ဗီယက်နမ် စစ်ဖြစ်ချိန်နဲ့ တိုက်ဆိုင်နေတယ်၊ ၆၅ခုနှစ်မှာ အမေရိကန်အစိုးရဟာ ဗီယက်နမ်စစ်ပွဲမှာ သဲသဲမဲမဲ ဝင်တိုက်ခိုက်နေရပြီ၊ ၇၃ ခုနှစ်မှာ အမေရိကန်တွေ ထွက်သွားတယ်၊ ကေန္တအဲဒီလူတွေဟာ သူရဲကောင်းစစ်သည်တွေဖြစ်ချင်ဖြစ်မယ်၊ အကောင်းဆုံးတွေထဲက အကောင်းဆုံးတွေပေါ့၊ တိုက်ပွဲမှာ သူတို့ အစွမ်းအစကို ပြသခဲ့ပြီးပြီဆိုတော့ ဘာလိုသေးလဲ၊ လူသတ်သမားရဲ့ ပကတိဉာဏ် လေ့ကျင့်ခန်းပဲ လုပ်ဖို့လိုတော့တာပေါ့"



"သူတို့ဟာ ဆီးလ်တပ်သားတွေထက် ပိုတော်မယ့်လူတွေဖြစ်လာမှာပေါ့"

"ဟုတ်တယ်၊ အဲဒီလူတွေက ရှင်တို့နှစ်ယောက်ပဲ"

ခရစ္စနှင့် ဆောလ်တို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

"တစ်ခုရှိဦးမယ်၊ ကျွန်တော့်စိတ်ထဲက သိနေတယ်၊ အရေးကြီးတာတစ်ခုပဲ၊ ဒီလူတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ထပ် စုံစမ်းမှဖြစ်မယ်"

ခရစ္စက ပြောလိုက်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၆ )

ဆမ်ပတ်ကားသည် မှန်နှင့်ခရိုမီယံသတ္တုတို့ဖြင့် ပေါင်းစပ်တည်ဆောက်ထားသည့် အဆောက်အအုံကြီးထဲမှထွက်ကာ မြူခိုးနှင့် မီးခိုးများ ကင်းမဲ့သည့် တနင်္ဂနွေနေ့ လေညင်းကို အရသာခံ ရှူရှိုက်လိုက်သည်။

သူသည် 'အင်ဒီအေ'ခေါ် အမျိုးသား ကာကွယ်ရေးအေဂျင်စီ၏ အထက်တန်း ကွန်ပျူတာ အစီအစဉ် အရာရှိဖြစ်၏။

ပတ်ကားသည် တစ်နေ့တာ၏ နာရီပေါင်းများစွာကို ပြတင်းပေါက်မရှိ၊ လေအေးစက်တပ်၊ ပိုးမွှားကင်းစင်သည့် အခန်းများထဲ၌သာ နေရသူဖြစ်လေသည်။

ထိုသို့ နေရခြင်းကို သူ စိတ်မညစ်ပါ။ မည်သို့ဖြစ်စေ ကွန်ပျူတာကို ကာကွယ်စောင့်ရှောက်ဖို့ လိုအပ်၏။ သူ့အလုပ်က ဥာဏ်ထက်မြက်မှုစေသော်လည်း တနင်္ဂနွေရုံးပိတ်ရက်၌ သူနားရက်ရခြင်းကိုတော့ သိပ်တာဝင်မကျချေ။

တစ်ဖက်ကမ်းခတ် ကျွမ်းကျင်သူတစ်ဦးဖြစ်ခြင်း၏ ဆိုးကျိုးကား မိမိလက်အောက်ငယ်သားများက မိမိတို့၏ အမှားအယွင်းများကို မိမိထံအဆက်မပြတ် ပေးပို့တင်ပြနေကြခြင်းပင် ဖြစ်လေသည်။

ဝါရှင်တန်ဒီစီမြို့တော်မှနေ၍ ပိုတိုမက်မြစ်ကြီးကို ဖြတ်ကာ တံတားနီးယား ပြည်နယ်နှင့် ပင်တဂွန် စစ်ဌာနချုပ်ကြီးတို့ဆီ သူဖျတ်ခနဲ လှမ်းမျှော်ကြည့်လိုက်မိသည်။ ပင်တဂွန်၏ ကားရပ်စခန်းကြီးမှာလည်း မိမိတို့ အင်ဒီအေ၏ ကားရပ်စခန်းကဲ့သို့ပင် ခြောက်ကပ်နေသည်။

ဧအေးလေ၊ တကယ်တော့ ငါလည်း သူတို့လိုပဲ အိမ်မှာ မာတနီထိုင်သောက်၊ အမဲသားကင်စားရင်း နားနေရမှာဟု တွေးရင်း သူ၏ ဆီစား သက်သာသည့် အမေရိကန်ပြည်လုပ် အညိုရင့်ရောင် မော်တော်ကားကြီးဆီသို့ လျှောက်သွားလေသည်။





စင်စစ် ပတ်ကားသည် အရက်သောက်တတ်သူ မဟုတ်။ သို့သော် သူ့ရှေ့မှာ သူများ အရက်သောက်လျှင်တော့ မကန့်ကွက်တတ်ပါ။

တနင်္ဂနွေနေ့ ဖြစ်လင့်ကစား သူရုံးသို့လာခြင်း ဖြစ်သဖြင့် ကုတ်အင်္ကျီနှင့် လည်စည်းတို့ကို အပြည့်အစုံ ဝတ်ထားသည်။ သူက သင့်တင့်လျောက်ပတ်စွာ ဝတ်စားဆင်ယင်မှုကို ကြိုက်သည်။ သူ့မျက်နှာပေါ်မှ မှဲ့ခြောက်များနှင့် သူ၏ နီရဲသော ဆံပင်ကြောင့် လူတောထဲမှာ အမြဲတမ်း ထင်ရှားပေါ်လွင်နေခြင်းအတွက် သူ ရှက်တတ်သည်။ အသက် ငါးဆယ့်ငါးနှစ်ရှိပြီမို့ သူ့ ဆံပင်နီများ မြန်မြန်ဖြူကျန်ပါစေဟု သူ ဆုတောင်းနေလေ့ရှိသည်။

ကားရပ်စခန်းထဲမှ ကားမောင်းထွက်သွားစဉ် သူ့ကားနောက်သို့ လိုက်လာသော ပင်တိုကားကြီးကို သတိမထားမိလိုက်ချေ။

နောက် ငါးမိနစ်ခန့်အကြာတွင် တိုယိုတာ ကားတစ်စီးက သူ့ကားဘေးမှ ကျော်တက်ပြီး သူ့ကားရှေ့ဘီးအကာကိုပွတ်တိုက်ကာ ရှေ့မှ ကန့်လန့်ဖြတ် ပိတ်ရပ်လိုက်သည်။ တနင်္ဂနွေနေ့ ကားလျှောက်မောင်းတဲ့ ငနဲတွေ ဒီလိုချည်းပဲ။ ကေန္ဒီ ကမ္ဘာလှည့်ခရီးသည်တစ်ယောက်ပဲ ဖြစ်ရမယ်ဟု သူ့ စိတ်ထဲက ဒေါနှင့်မောနှင့် ရေရွတ်မိသည်။

လမ်းဘေးသို့ သူ့ကားကို ထိုးရပ်ပြီး စက်သတ်လိုက်စဉ် တိုယိုတာ ကားမောင်းသူ ကားပေါ်မှ ဆင်းလာသည်ကို သူ တွေ့ရသည်။

အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ပေါက်လှလှ၊ ဂျင်းနံဘောင်းဘီ၊ ဘွတ်ဖိနပ်တို့ကို ဝတ်ဆင်ထားသည့် ရှည်လျားသော ဆံပင်နက်နှင့် အမျိုးသမီးတစ်ယောက်။

သူမက သူ့ဆီပြုံးပြုံးလေး ချဉ်းကပ်လာသည်။

သူက ကားပေါ်မှဆင်းပြီး

"ခင်ဗျား ယာဉ်တိုက်မှုအာမခံလုပ်ထားရဲ့လား၊ အမျိုးသမီး"

သူမက သူ့ပခုံးကို လှမ်းကိုင်လိုက်သည်။

"ကျွန်မ ဃန်သွားတာပဲ၊ ဘယ်လိုဖြစ်သွားမှန်းတောင် မသိလိုက်ဘူးရှင့်"

သူမက သူ့ကိုဖက်လိုက်သည်။

သူမ ရွှေရင်အစုံက သူ့ရင်ဘတ်ကို လာဖိထားသည်။

ထိုအခိုက် မော်တော်ကားတစ်စီးရပ်သံကို သူ ကြားလိုက်ရသည်။ ဗလတောင့်တောင့် ဂျူးတစ်ယောက်နှင့် အိုင်းရစ်ရှ်လူမျိုးနှင့်တူသော လူတစ်ယောက်တို့က သူ့ကို ရုတ်တရက် ဝိုင်းညှပ်လိုက်ကြသည်။

"ဘယ်သူ ထိသွားသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းရစ်ရှိအမျိုးသားက မေးသည်။

ဂျူးအမျိုးသားက အနားသို့ ကုန်းလိုက်သည်။ ပတ်ကားလက်မောင်း ထူးခနဲ ဖြစ်သွားသဖြင့် သူမျက်နှာရှုံ့မဲ့သွား၏။

သူမျက်လုံးတွေ ဝိုးလာသည်။

◆

## ( ၁၇ )

သူတို့ လျှင်မြန်စွာလုပ်ကြသည်။

ဆောလ်က ပျော့ခွေသွားသော ပတ်ကား၏ ခန္ဓာကိုယ်ကြီးကိုထိန်း၍ သူ့ကားထဲပြန်ထည့်ပြီး ၎င်းဘေး၌ ဝင်ထိုင်ကာ ဘေးမှ ဖြတ်သွားသော အခြား ကားသမားများ လာမစပ်စုနိုင်မီ ပတ်ကား၏ကားကို မောင်းထွက်လိုက်သည်။

အဲရစ်ကာက ထိုယိုတာကားဖြင့်လည်းကောင်း၊ ခရစ္စက ပင်တိုကား ဖြင့်လည်းကောင်း နောက်ကလိုက်သွားကြသည်။

ထို့နောက် သူတို့ လမ်းခွဲလိုက်ကြသည်။

ရှဲဒိုးလိုက်သူရှိမရှိ သေချာအောင် စစ်ဆေးပြီးနောက် တိုက်အိမ် ကလေး၌ ပြန်ဆုံရန် တောင်ဘက်သို့ ဦးတည်သွားကြသည်။

ထိုအိမ်သို့ရောက်သောအခါ ပတ်ကား သတိရနေပြီ။

ဆောလ်က ဧည့်ခန်းထဲရှိ ကုလားထိုင်ပေါ်၌ သူ့ကို ကြိုးတုပ်ထား သဖြင့် သူ ရုန်းထွက်သည်။

"မင်းတို့မျက်နှာကို ငါမှတ်မိသွားပြီ၊ ဒီကိုလာဖို့ မင်းတို့သုံးခဲ့တဲ့ ကား လမ်းတွေကို ငါသိတယ်၊ ပြန်ပေးဆွဲတာ ရာဇဝတ်မှုမြောက်တယ်၊ ဒီအမှုနဲ့ မင်းတို့ ထောင်ကျလိမ့်မယ်"

ဆောလ်က သူ့ကို မျက်ကြောရှုံ့၍ လှမ်းကြည့်နေသည်။

"ငါ့ကိုမသတ်ပါနဲ့၊ ငါ နောက်ထပ်ဘာမှမပြောတော့ပါဘူး"

ပတ်ကားက သဘောပေါက်စွာဖြင့် ပြောလိုက်၏။

ခရစ္စက သူ့အနားကပ်သွားသည်။

"ငါ့မိန်းမက ညနေလေးနာရီထိုးလို့ ငါ အိမ်ပြန်မရောက်ရင် ကိုမြရေး ကို ဖုန်းဆက်လိမ့်မယ်"

ပတ်ကားက သတိပေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ ဖုန်းဆက်ပြီးပြီ၊ အခု လေးနာရီကျော်သွားပြီ၊ ဒါပေမယ့် ခင်ဗျားကို သူတို့ ဘယ်လိုရှာလို့ရမှာလဲ"

"အို ဟုတ်လား၊ မင်းတို့ ဘာလိုချင်လို့လဲ"

ပတ်ကားက တစ်ချက်ညည်းကာ ကြိုးများပြေအောင် ရုန်းလိုက်ပြန်သည်။

"ခင်ဗျား မသိဘူးလား၊ ကျုပ်တို့ လိုချင်တာက သတင်းအချက်အလက်ပဲ"

"ငါ့ကို မနှိပ်စက်ပါဘူးလို့ မင်းတို့ကတိပေးရင် ငါ အကုန်ပြောပါ့မယ်"

"ခင်ဗျား ညာပြောမှာပေါ့"

"မပြောပါဘူး၊ ငါ မင်းတို့ကို ကူညီပါ့မယ်"

"ကျုပ်တို့ သိသားပဲ"

ခရစ္စက ပတ်ကား၏ ရှပ်အင်္ကျီလက်မောင်းစကို လိပ်တင်လိုက်ပြီး ဆေးထိုးအပ်ကို လက်မောင်းပေါ် စိုက်သွင်းလိုက်သည်။

ပတ်ကားအား စစ်ဆေးမေးမြန်းမှုမှာ နာရီဝက်သာ ကြာသည်။

အစ္စရေးသံရုံးက ရှိသမျှသတင်းအားလုံးကို ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ခရစ္စအနေနှင့် အခြား သတင်းဇစ်မြစ်တစ်ခုကို လိုချင်သေးသည်။ သူ စိတ်ဝင်စားသည့်လူအားလုံးမှာ အမေရိကန်တပ်မတော်သားများဖြစ်ကြရာ ၎င်းတို့၏ နောက်ကြောင်းရာဇဝင်ကို အင်ဒီအေကွန်ပျူတာများမှ တောင်းခံ၍ ရနိုင်မည်ဟု ယုံကြည်သည်။

ထို့ကြောင့် ၎င်းကွန်ပျူတာများကို မေးခွင့်ရရှိဖို့ အဓိကလိုအပ်သည်။ မေးခွန်းများကို ကွန်ပျူတာက လက်ခံဖြေကြားစေရန် အဖွင့်စကားဝှက်များကို သိရှိခွင့်ရအောင် ပထမဆုံး လုပ်ရသည်။

စကားဝှက်မှားသွားလျှင် ကွန်ပျူတာက အချက်ပေးသဖြင့် အင်ဒီအေ လုံခြုံရေးအဖွဲ့သည် ကွန်ပျူတာအချက်အလက်ဘဏ်ကို မဆိုင်သူတစ်ဦးက အခွင့်မရှိဘဲ မေးမြန်းဖို့ ကြိုးစားနေကြောင်း သိရှိသွားပေလိမ့်မည်။

စစ်ဆေးမေးမြန်းရာ၌ နှိပ်စက်ညှဉ်းပန်းနည်းမှာ ခေတ်မမီတော့ပါ။ အချိန်သိပ်ကုန်၏။ နောက်ပြီး အမေးခံရသူသည် တစ်ခါတစ်ရံ၌ တစ်ဖက်သား ယုံကြည်အောင် လိမ်ပြောတတ်သည်။ သို့မဟုတ်လည်း အမှန်တရား၏ အစိတ်အပိုင်းမျှသာ ဖွင့်ပြောတတ်သည်။

ပနားမားနိုင်ငံရှိ သွားဆရာဝန်ရုံးခန်းထဲ၌ ခရစ္စအား အဲလီယော့ထိုးပေးခဲ့သည့် ဆိုဒီယမ်အမ်မတယ်သည် မြန်ဆန်ပြီး စိတ်ချရသည်၊ အားကိုးလောက်သည်။





ပတ်ကားသည် အာလေး လျှာလေးကြီးနှင့် ခရစ္စမေးသမျှအားလုံးကို ဗလုံးဗထွေးဖြေခဲ့သည်။

စကားဝှက်များကို အပတ်စဉ် ပြောင်းလဲလျက် ရှိသည်။ စကားဝှက်သုံးမျိုးကို ပတ်ကားက ပြောပြသည်။

အင်ဒီအေမှ ကွန်ပျူတာများနှင့် ဆက်သွယ်၍ရတော့မည်ဟု သိရသဖြင့် ကျေနပ်သွားပြီး ပတ်ကားအား ဝါရှင်တန်သို့ ကားနှင့် ပြန်ပို့ပေးလိုက်ကြသည်။ လမ်း၌ ပတ်ကား သတိလည်လာပြီး အာခေါင်ခြောက်သည်ဟု ပြောသည်။

"ရော့ ကိုကာကိုလာသောက်"

ခရစ္စက ပြောသည်။

"ငါ့ကို ပြန်လွှတ်ပေးမလို့လား"

ပတ်ကားက မေးသည်။

'လွှတ်ပေးမှာပေါ့၊ ခင်ဗျားဆီက ကျုပ်တို့ လိုချင်တာရပြီလေ"

ကိုကာကိုလာထဲတွင် စကိုပိုလာမိုင်း ဆေးရောထားသည်။

ဝါရှင်တန်သို့ ပြန်ရောက်သောအခါ ပတ်ကားသည် ကယောင်ကတမ်းဖြစ်နေသည်။ လှုံ့ဆော်မှုမဲ့ အာရုံများဝေဒနာဖြစ်လာပြီး ပင့်ကူတွေကို လက်နှင့် လျှောက်ခါချနေသည်။ ခရစ္စက သူ့ကို အပြာရုပ်ရှင်ရုံနှင့် အပြာစာအုပ်ဆိုင်များရှိသည့် ရပ်ကွက်တစ်ခုထဲ ကားပေါ်မှ ချထားရစ်ခဲ့သည်။

ရှုးကြောင်ကြောင်နှင့် အော်ဟစ်ရင်း လက်ကားရား ခြေကားရား လျှောက်သွားနေသည့် ပတ်ကားအား နံဘေးမှ ပြည့်တန်ဆာမများ ရှောင်ပြေးကုန်ကြ၏။

နောက်နေ့တွင် စကိုပိုလာမိုင်းဆေး အာနိသင်ပြယ်သွားပေလိမ့်မည်။ ပတ်ကားတစ်ယောက် စိတ္တဇဆေးရုံသို့ ရောက်သွားသည်။ သူ၏ အာရုံများမှ ဝေဒနာပျောက်သွားသော်လည်း စကိုပိုလာမိုင်းဆေး၏ နောက်အကျိုးဆက်တစ်ခု ကျန်ရှိဦးမည်။ ပြီးခဲ့သော နှစ်ရက်တာအတွင်း ဖြစ်ပျက်သမျှအားလုံးကို သူ လုံးဝ မှတ်မိတော့မည်မဟုတ်။

သူ ပြန်ပေးဆွဲခံရပုံကိုလည်း လုံးဝမမှတ်မိနိုင်တော့။

သူ့အား စစ်ဆေးမေးမြန်းခြင်း၊ တိုက်အိမ်ကလေး၊ ခရစ္စ၊ ဆောလ်နှင့် ဇဲရစ်ကာ စသည်တို့အားလုံးကို သူ မေ့သွားမည်။

ပတ်ကားဇနီးက ခင်ပွန်းပျောက်ဆုံးကြောင်း တိုက်ချက်ဖွင့်ထားသဖြင့် ၎င်းအား ပြန်ရှာတွေ့သွားသော ရဲအဖွဲ့ဝင်များသည် စိတ်အေးသွား



www.burmeseclassic.com

www.burmeseclassic.com

လိမ့်မည်။ ပတ်ကားသည် ကြောင်သူတော်တစ်ဦးသာ ဖြစ်သည်ဟု ၎င်းတို့က ကောက်ချက် ချကြလိမ့်မည်။

ကြည့်လေ။ သူ့ကို အပြာရုပ်ကွက်မှာ ရှာတွေ့ခဲ့သည်မဟုတ်လား။

အာဏာပိုင်များက ပတ်ကားအမှုကို ဆက်လက်၍စုံစမ်းဖြစ်ချိန်၌ ဆောလ်နှင့် အဲရစ်ကာတို့သည် ၎င်းတို့အလုပ်ကို ပြီးအောင် လုပ်ပြီးသွားလောက်ပေပြီ။

◆

( ၁၈ )

ဟေဗင်မိုတယ်သည် ဝါရှင်တန်မြို့စွန်ရပ်ကွက်ရှိ ရုပ်ရှင်ရုံ၊ အမဲသားဆိုင်နှင့် အရက်ဆိုင်တို့နောက်တွင် ကွယ်ပျောက်နေသည်။

ဆောလ်က မိုတယ်ရုံးခန်းအနီးတွင် ကားကိုရပ်လိုက်သည်။

၎င်းမိုတယ်မှာ အပေါစားဖြစ်ပုံရသဖြင့် မိမိနှင့် အဲရစ်ကာတို့ နာရီပိုင်းမျှသာ အခန်းငှားရမ်းခြင်းနှင့် ပတ်သက်၍ စာရေးက မေးလားမြန်းလား လုပ်မည်မထင်ရပေ။ ထို့ကြောင့် ဤမိုတယ်ကို ရွေးလိုက်ကြခြင်းဖြစ်သည်။

သို့သော် ရဲတွေမကြာခဏ လာစစ်ဆေးရလောက်အောင် အောက်တန်းကျသည့် မိုတယ်မျိုးတော့လည်း မဟုတ်ချေ။

အဲရစ်ကာက ကားပေါ်၌ ထိုင်စောင့်နေစဉ် ဆောလ်က ရုံးခန်းထဲ ဝင်သွားသည်။ အဖျော်ယမကာ စက်ကြီးပေါ်၌ 'စက်ပျက်နေသည်"ဟု ဆိုင်းဘုတ်ချိတ်ထားသည်။ သားရေဆိုဖာကြီးမှာ စုတ်ပြတ်နေ၏။ ပလတ်စတစ်ပန်းများ ဖုန်တက်နေသည်။

ကောင်တာနောက်ရှိ အမျိုးသမီးက ရုပ်မြင်သံကြားမှာပြနေသည့် ကလင့်အိစ်ဝုဒ် ရုပ်ရှင်ကားတစ်ကားကို ထိုင်ကြည့်နေသည်။ သူမသည် အခန်းငှားမည့် ဆောလ်ကို သိပ်စိတ်မဝင်စား။

ဆောလ်က မစ္စတာနှင့် မစ္စက်ဟယ်ရိုလ်ကိန်း အမည်ဖြင့် မှတ်ပုံတင်စာရင်းသွင်းလိုက်သည်။ စာရေးမသည် ဆောလ်ပေးသည့် အခန်းခကိုသာ စိတ်ဝင်စားပုံရပေသည်။

ဆောလ်သည် [illegible]ပေါ် ပြန်တက်ပြီး မိမိငှားထားသည့် မိုတယ်တဆောင်လေးဆီသို့ မောင်းနှင်သွားသည်။

မိုတယ်အခန်းလေးထဲတွင် အဖြူအမည်း ရုပ်သံစက်တစ်လုံး၊ ဗီရိုတစ်လုံး၊ ကွန့်ကြြနေသည့် အိပ်ရာခင်းဖုံးထားသည့် ခုတင်တစ်လုံး၊ ရေပိုက်


www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမှ ရေယိုနေသည့် ရေချိုးဇလုံကြီးတို့ကို တွေ့ရ၏။

သူတို့နှစ်ယောက် ဂျပ်စက္ကူပုံးများကို အခန်းထဲ ယူလာကြသည်။ မီရှာ ပလက်ဖ်လုပ်ပေးလိုက်သည့် အကြွေးဝယ် ကတ်ပြားတစ်ခုကိုသုံးကာ 'ရေဒီယိုရှိုင်ဒေါင်' အမည်ရှိ လျှပ်စစ်ပစ္စည်းဆိုင် တစ်ဆိုင်မှ ကွန်ပျူတာတစ်လုံး၊ ပုံနှိပ်စက်ငယ်တစ်လုံး၊ တယ်လီဖုန်းမိုဒမ်းတစ်လုံးတို့ကို ဝယ်ယူခဲ့သည်။

၎င်းပစ္စည်းများကို ခပ်သွက်သွက်ထုတ်ယူကာ တပ်ဆင်၍ စမ်းသပ်ကြည့်ကြသည်။

ဆောလ်က အပြင်ပြန်ထွက်ပြီး အမှိုက်ပုံနောက်၌ ဝပ်ကာ မိုတယ်၏ ကားရပ်စခန်းထဲသို့ ဝင်ပေါက်များကို အကဲခတ်နေသည်။ အကယ်၍ ရန်သူများ ဝင်လာသည်ကို တွေ့လျှင် ယခုတစ်ပါတည်း ဝယ်ယူလာသည့် ဝေါကီတော်ကီစက်ဖြင့် အဲရစ်ကာအား သတိပေးလိုက်မည်။

အခန်းထဲ၌ကား အဲရစ်ကာသည် တယ်လီဖုန်းကို မ၍ ပတ်ကားဖွင့်ပြောခဲ့သည့် နံပါတ်များကို နှိပ်လိုက်သည်။ ထိုနံပါတ်အရ အင်ဒီဇာအနှင့် ဆက်သွယ်နိုင်သည်။ တယ်လီဖုန်းထဲမှ တီခနဲ မြည်သံလေးကြားရသည်။ အင်ဒီအေ ကွန်ပျူတာသည် အဲရစ်ကာထံမှ ညွှန်ကြားချက်ကို လိုက်နာရန် အဆင်သင့် စောင့်နေလေပြီ။

သူမက 'နေရောင်ခြည်'ဟူသော စာလုံးကို ကွန်ပျူတာဖြင့် နှိပ်လိုက်သည်။ တီခနဲမြည်သံလေး ထပ်ကြားရ၏။

အင်ဒီအေ ကွန်ပျူတာသည် သတင်းအချက်အလက်များ စုစည်းပေးဖို့ အသင့်ဖြစ်နေပြီ။ ယခု ဆက်သွယ်နည်းမှာ ရပ်ဝေးမှ အချက်အလက်များ အလဲအလှယ်လုပ်ရန်အတွက် အသင့်တော်ဆုံးဖြစ်အောင် တီထွင်ထားခြင်း ဖြစ်သည်။

ဥပမာအားဖြင့် ဆန်ဒီယေးဂိုးမြို့ရှိ ပတ်ကားနှင့် ရာထူးအဆင့်တူသော ကွန်ပျူတာအစီအစဉ်မှူးသည် အင်ဒီအေကွန်ပျူတာကို သုံးလိုပါက ဝါရှင်တန်သို့ လာစရာမလို။ ထို့ပြင် ၎င်းလိုချင်တာတောင်းယူဖို့အတွက် ပတ်ကားကို တကူးတက ဆက်သွယ်နေစရာလည်း မလိုချေ။

တယ်လီဖုန်း တိုက်ရိုက် ဆက်လိုက်ရုံသာ ရှိပေသည်။

ရိုးစင်းလွယ်ကူ၍ စိတ်ချရသောနည်း ဖြစ်သော်လည်း စကားဝှက်များကိုတော့ သိထားဖို့လို၏။

အဲရစ်ကာသည် တယ်လီဖုန်းစကားပြောခွက်ကို ကွန်ပျူတာနှင့် ဆက်ထားသည့် မိုဒမ်းတယ်လီဖုန်း ကိရိယာလေးပေါ် တင်ပေးလိုက်သည်။





စကားပြောခွက်တင်ရန် ပုံစံခွက် အဆင်သင့်ပါရှိ၏။

အဲရစ်ကာက ကွန်ပျူတာခလုတ်များကို နှိပ်၍ ညွှန်ကြားချက်များ ရိုက်သွင်းလိုက်သည်။

ညွှန်ကြားချက်မှာ မိုဒမ်းနှင့် တယ်လီဖုန်းမှတစ်ဆင့် အင်ဒီအေ ကွန်ပျူတာ၏ အချက်အလက်ဘဏ်တိုက်ကြီးသို့ ရောက်သွားသည်။ 'ဖမ်းယူပါ" ဟူသော စကားဝှက်ကို မပြောနိုင်ပါက မိမိကွန်ပျူတာက ဘာမျှ ဖြေကြားမည် မဟုတ်ဟု ပတ်ကားက ပြောထားသည်။

ထို့ကြောင့် သူမက ဖမ်းယူပါဟု နှိပ်လိုက်သည်။

သူမနံဘေးရှိ ကွန်ပျူတာ ပုံနှိပ်စက်ကလေးသည် တယ်လီဖုန်းမှတစ်ဆင့် ဝင်လာသည့် အီလက်ထရွန်းနစ်ဆစ်ဂနယ်လေးများကို စာလုံးများအဖြစ် အဓိပ္ပါယ်ပြန်ကာ တချောက်ချောက်နှင့် စတင်ရိုက်နှိပ်ပေးလေသည်။

အင်ဒီအေ၏ လုံခြုံရေးအဖွဲ့က မိမိဖုန်းဆက်သည့် နေရာကို လိုက်မရှာကြပါစေနှင့်ဟု ဆုတောင်းရင်း သူမ စောင့်နေသည်။

ပုံနှိပ်စက် ရပ်သွား၏။

သူမ ခေါင်းညိတ်ပြီး ခွေးလိမ္မာလေးဟူ၍ အပိတ်စကားဝှက်ကို ရိုက်သွင်းကာ ကွန်ပျူတာကို ခလုတ်ပိတ်လိုက်သည်။ ထို့နောက် စကားပြောခွက်ကို တယ်လီဖုန်းပုခက်ပေါ် ပြန်တင်၍ ပုံနှိပ်စာရွက်များကို ဆွဲယူကြည့်လိုက်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၉ )

ခရစ္စသည် ဆိုဖာကြီးပေါ်၌ စိတ်ဓာတ်ကျစွာဖြင့် ခြေပစ်လက်ပစ်ထိုင်နေသည်။ ညပိုင်းရှာချနေသော မိုးစက်မိုးပေါက်များက တိုက်အိမ်ခေါင်မိုးပေါ်၌ တဝုန်းဝုန်း မြည်နေသဖြင့် သူ ပို၍ စိတ်ထိုင်းမှိုင်းလာသည်။

မီးခိုးခေါင်းတိုင်မှ စီးကျလာသည့် မိုးရေစက်များသည် မီးလင်းဖိုအတွင်းမှ မီးဖွဲလောင်နေသည့် ထင်းတုံးများပေါ် ကျသွားတိုင်း ညှော်နံ့ထွက်လာသည်။

"နောက်ပုံစံတစ်ခုခု ရှိဦးမလား၊ ကျွန်တော်တော့ မမြင်မိဘူး"

ခရစ္စ ပြောလိုက်ရာ အဲရစ်ကာနှင့် ဆောလ်တို့က စားပွဲပေါ်ရှိ ကွန်ပျူတာပုံနှိပ်စာရွက်များကို မျက်မှောင်ကုတ် ကြည့်လိုက်မိကြသည်။ အဓိကလိုအပ်မည့်အချက်များကိုသာ သူမ တောင်းခံခဲ့၏။

မွေးသက္ကရာဇ်၊ ဇာတိ၊ ဘာသာရေး၊ ပညာအရည်အချင်း၊ အထူးကျွမ်းကျင်မှု အရည်အချင်း၊ တပ်ရင်းမှူးများ၊ တိုက်ပွဲအတွက် ချီးမြှင့်ခံရသော ဂုဏ်ပြုဆုတံဆိပ်များ စသည်တို့ပါဝင်သည်။

"သူတို့အားလုံး မွေးသက္ကရာဇ်၊ မွေးဇာတိ တစ်ခုမှ မတူကြဘူး၊ ကိုးကွယ်တဲ့ဘာသာလဲ အမျိုးမျိုးပဲ၊ သူတို့ဟာ တစ်ယောက်တစ်မျိုးစီ ကျွမ်းကျင်ကြတယ်၊ သူတို့ရဲ့ တပ်ရင်းမှူးတွေကလဲ သပ်သပ်စီဖြစ်တယ်၊ သူတို့ဟာ အရှေ့တောင်အာရှမှာ တစ်ယောက်တစ်နေရာစီ အမှုထမ်းခဲ့ကြတာ၊ ဘယ်လို ဆက်သွယ်မှုရှိသလဲ၊ ဘာပဲပြောပြော သူတို့အားလုံးကို ဆက်သွယ်ပေးတဲ့ အရာတစ်ခုခုတော့ ရှိရလိမ့်မယ်"

အဲရစ်ကာက ပြောလိုက်သည်။

ခရစ္စက နုံးချည့်စွာဖြင့် မတ်တတ်ထရပ်ပြီး စားပွဲဆီလျှောက်လာသည်။





အဲရစ်ကာဘေး၌ ခဏရပ်ကာ မှတ်တမ်းများကို တစ်ခေါက် ထပ်ဖတ်ကြည့်လိုက်ပြန်သည်။ စာရွက်၏ ဘယ်ဘက်ခြမ်းကို သူက လက်ညှိုးထောက်ပြပြီး

"ဟောဒီမှာကြည့်၊ သူတို့ တစ်တွဲစီဟာ တစ်မြို့တည်းမှာ ပညာသင်ခဲ့ကြတယ်၊ ဒါပေမယ့် အတွဲတွေအားလုံး မြို့တွေမတူကြဘူး၊ အိုမာဟာ၊ ဖီလာဒယ်လ်ဖီးယား၊ ဂျွန်စတောင်း၊ အက်စရွန်မြို့တွေ၊ စဉ်းစားလို့မရဘူး၊ ဟောဒီမှာကြည့်ဦး"

ခရစ္စက ညာဘက်ခြမ်းကို ထောက်ပြပြန်သည်။

"သူတို့အားလုံးမှာ နာမည်ဝှက်တွေရှိတယ်၊ ဒါပေမယ့် တခြား အဆင့်ပုံစံတစ်ခုမှ ကျွန်တော်ရှာမရတော့ဘူး၊ မြူတီးနဲ့ အီရက်သီးယပ်တဲ့၊ ဘာအဓိပ္ပာယ်တုံးဗျာ"

ခရစ္စက မှတ်တမ်းကို မကြည့်တော့ဘဲ ခေါင်းရှုပ်စေသည့် ပဟေဠိကို အာရုံစိုက်၍ အဖြေညှိနေမိသည်။

| ပညာသင်ခဲ့သည့်မြို့ | နာမည်ရင်း | နာမည်ဝှက် |
|---|---|---|
| အိုမာဟာ (နီဘရာဆကာပြည်နယ်) | ကက်ဗင်မက်အဲလ္လိုင်း | ကာစတာ |
| အိုမာဟာ (နီဘရာဆကာပြည်နယ်) | သောမတ်ကွန်လင် | ပိုလပ်စ် |
| ဖီလာဒယ်လ်ဖီးယား (ပင်ဆယ်ဗေးနီးယား) | ဆောလ်ဂရစ္စမင်း | ရိုးမြူးလပ် |
| ဖီလာဒယ်လ်ဖီးယား (ပင်ဆယ်ဗေးနီးယား) | ခရစ္စတိုဖာကီလ်မွန်နီး | ရီးမတ် |
| ဂျွန်စတောင်း (ပင်ဆယ်ဗေးနီးယား) | နီးလ်းပရက် | ကက်ဗ်မတ် |
| ဂျွန်စတောင်း (ပင်ဆယ်ဗေးနီးယား) | ဘားနတ်ဟောလီးဒေး | ဗီးလစ် |
| အက်စရွန် (အိုဟိုင်ယို) | တင်မိုသီဇရူး | အမ်ပီယွန် |
| အက်စရွန် (အိုဟိုင်ယို) | အင်ဒရူးဝီလစ် | ဇီးသင် |



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ရှိတ်ဂတ် (ပင်ဆယ်ဗေးနီးယား) | ဂျိန်းသောမတ် | ဖြူတီး |
| ရှိတ်ဂတ် (ပင်ဆယ်ဗေးနီးယား) | ဝီလျံဖလက်ချာ | အီရက်သီးယပ် |
| ဂယ်ရီ (အင်ဒီယားနား) | အန်ထော်နီဟက်ကက် | အက်တလတ် |
| ဂယ်ရီ (အင်ဒီယားနား) | ဒေးဗစ်ပြူးစ် | ပရိုမက်သီးရပ် |

ငှင်းစာရင်း၌ စုစုပေါင်း အတွဲကိုးတွဲ၊ နာမည်တစ်ဆယ့်ရှစ်လုံး ပါရှိသည်။

"ပင်ဆယ်ဗေးနီးယားက အတော်ပါတာပဲ"

ဆောလ်က ပြောလိုက်သည်။

"နီဘရာဆကား၊ အိုင်ဟိုယို၊ အင်ဒီယားနား ပြည်နယ်တွေနဲ့ ဘယ်လို ပတ်သက်မလဲ"

"နေဦး၊ နာမည်ဝှက်တွေကို လေ့လာကြည့်ကြရအောင်၊ အင်္ဂလိပ် နာမည်မဟုတ်ဘူး၊ ဂရိနဲ့ ရောမ နာမည်တွေ မဟုတ်လား၊ ဒဏ္ဍာရီထဲကလေ"

အဲရစ်ကာကပြောသည်။

"အတန်းအစားခွဲခြားဖို့က သိပ်မလွယ်ဘူး၊ ဥပမာ. . . အိုမာဟာနဲ့ ဖီလာဒယ်လ်ဖီးယား ပြည်နယ်တွေဟာ အမေရိကန်ပြည်ထောင်စုမှာ တည်ရှိတယ်ဆိုတာမျိုးဟာ ဘာထူးခြားမှာလဲ ပိုပြီးထူးခြားတဲ့ ဆက်စပ်မှုတစ်ခုခုကို တွေ့အောင်ရှာမှဖြစ်မယ်၊ ကက်ဒ်မတ်နဲ့ စီးလစ်၊ အင်ဖီရွန်နဲ့ ဇီးသပ်တဲ့ သူတို့ဟာ ဘယ်သူတွေလဲ၊ သူတို့ ဘာလုပ်ခဲ့သလဲ၊ ကျွန်တော်တော့ မသိဘူး၊ သူတို့အချင်းချင်း ဘယ်လို ပတ်သက်နေလဲ ဆိုတာတော့ ပိုတောင်သိရခက်ဦးမယ်"

ခရစ္စ ပြောသည်။

"ဒါဖြင့် ရှင် သိပြီးဖြစ်တဲ့ အတွဲကို အရင်ဆုံးစပြီး ဆန်းစစ်ကြည့်ပေါ့၊ ရိုးမြူးလပ်နဲ့ ရီးမတ်ဆိုတဲ့ ရှင်တို့နှစ်ယောက်လေ"

အဲရစ်ကာက အကြံပေးသည်။

"ဒါတော့ လူတိုင်းသိတယ်၊ သူတို့နှစ်ဦးဟာ ရောမမြို့ကို တည်ခဲ့တဲ့ ညီနောင်ပဲ"





ဆောလ်က ပြောသည်။

"ဒါပေမယ့် ငါတို့ဘယ်ဟာမှ မတည်ထောင်ခဲ့ဘူး၊ ပြီးတော့ ငါတို့ နှစ်ယောက်ဟာ ညီအစ်ကိုမဟုတ်ဘူး"

ခရစ္စက ထောက်ပြသည်။

"ညီအစ်ကိုပဲထားလိုက်ပါတော့"

ဆောလ်က အဲရစ်ကာဘက်လှည့်ပြီး

"ကာစတာနဲ့ ပိုလပ်ဇ်ဆိုတဲ့နာမည်နှစ်လုံးကိုတော့ ကိုယ်ကြားဖူးသလိုလိုရှိတယ်၊ နက္ခတ် တာရာတွေနဲ့ ဆိုင်သလိုပဲ"

အဲရစ်ကာက ခေါင်းညိတ်၍

"ကျွန်မ သင်တန်းဆရာပြောဖူးတယ်၊ ညဘက်လမ်းပျောက်တဲ့အခါ ရှေးစစ်သူကြီးတွေကို လမ်းပြနိုင်းပါတဲ့၊ ကာစတာနဲ့ ပိုလပ်ဇ်ဟာ စစ်သူကြီးနှစ်ယောက်ပဲ သူတို့ဟာ မနက်နဲ့ ညနေခင်း ကြယ်ပွင့်တွေဖြစ်ပြီး ဂျဲမနိုင်လို့ခေါ်ကြတယ်"

"ဂျဲမနိုင်ဆိုတာ အမွှာညီအစ်ကိုပဲ"

ခရစ္စကပြောသည်။

"ကြားဖူးနားဝရှိတဲ့ တခြားနာမည်တွေရှိဦးမလား ကြည့်ဦး၊ ပော့စီ အောက်နားမှာ အက်တလတ်တဲ့"

"သူက ကမ္ဘာလုံးကြီးပေါ်က မိုးကောင်းကင်ကို ပင့်မထားတဲ့ လူသန်ကြီးပေါ့"

"ပရိုမက်သီးယပ်ကရော"

"သူက နတ်ဘုရားတွေဆီကမီးကို ခိုးယူပြီး လူသားတွေကို ပေးခဲ့တဲ့ နတ်ဘုရား"

"ဒါပေမယ့် သူတို့အချင်းချင်း ဘာမှ အဆက်အစပ်မရှိပါကလား"

"ရှိချင်ရှိမှာပေါ့"

အဲရစ်ကာက ပြောလိုက်သည်။

ခရစ္စနှင့် ဆောလ်က သူမအား မော့ကြည့်လိုက်ကြသည်။

"ကျွန်မတို့ လိုအပ်တာက ဒဏ္ဍာရီအညွှန်းပဲ၊ ပုံစံကွက်ကို ကျွန်မ နည်းနည်းမြင်လာပြီ၊ ဒါပေမယ့် ကက်ဒ်မတ်နဲ့ စီးလစ်နဲ့ တခြားဟာတွေ ဘယ်သူတွေလဲဆိုတာ ဖော်ထုတ်ရမယ်"

"ဒီမှာ အဘိဓာန်စာအုပ်တစ်အုပ်ရှိတယ်"

ခရစ္စက မီးလင်းဖိုဘေးရှိ စာအုပ်စင်များပေါ်မှ စာအုပ်များကို



www.burmeseclassic.com

www.burmeseclassic.com



လျှောက်မေးကြည့်သည်။

"ဝတ္ထုစာအုပ်ကောင်းတွေကတော့ အများကြီးပဲ၊ ဒီမှာတွေ့ပြီ၊ ရှုံးသုံး စွယ်စုံကျမ်း နှစ်တွဲ"

ခရစ္စက ပထမတွဲကို ဆွဲထုတ်ပြီး အနားများ တွန့်ကြေနေသည့် စာမျက်နှာများကို လျှောက်လှန်သည်။

"အက်တလတ်"

ဟု ဆိုကာ သူဖတ်ကြည့်ပြီး ကောင်းကွာဟု ရေရွတ်လိုက်သည်။

"ဘာဖြစ်တာလဲ"

ဆောလ်က မျက်လုံးပြူးလျက် လှမ်းမေးသည်။

"အေနဲ့ စတဲ့နာမည်ဝှက် နောက်တစ်လုံးက ဘာလဲ"

ဆောလ်က စာရင်းကို ကမန်းကတန်းကြည့်ပြီး

"အင်ဖီယွန်တဲ့၊ သူနဲ့ တွဲထားတာက ဇီးသပ်ကွ"

ခရစ္စက စွယ်စုံကျမ်းကို ခပ်သွက်သွက် လှန်၍ ဖတ်သွားသည်။

"ဘုရား . . . ဘုရား . . . ၊ မယုံနိုင်စရာပဲ၊ နေဦး . . . ကျန်တဲ့နာမည်တွေပြောစမ်းပါဦး"

"အက္ခရာစဉ်အလိုက်လား၊ ဗြူတီးကို အီရက် သီးယပ်နဲ့ တွဲထားတယ်၊ ကက်ဒ်မတ်ကို စီးလစ်နဲ့ တွဲထားသကွ"

ခရစ္စသည် စာရွက်များကို ဆက်လှန်နေရင်း အမောတကောဖတ်ကြည့်လျက်ရှိ၏။

"ပုံစံကွက်ကို ငါသိပြီ၊ သူတို့ ဘယ်လို ဆက်စပ်သလဲဆိုတာ မြင်ရပြီ"

အခန်းထဲ၌ ပကတိ တိတ်ဆိတ်သွားသည်။

"သူတို့ဟာ အခြေခံအကျဆုံးနည်းနဲ့ ဆက်စပ်နေမှာပေါ့"

အဲရစ်ကာက ခန့်မှန်း၏။

"အက်တလတ်နဲ့ ပရိုမက်သီးယပ်ဟာ ညီအစ်ကို တော်တယ်၊ အင်ဖီယွန်နဲ့ ဇီးသပ်ဟာ အမြွှာညီအစ်ကို"

"ကာစတာနဲ့ ပိုလပ်ဇ်တို့လိုပဲပေါ့"

"ဗြူတီးနဲ့ အီရက်သီးယပ်၊ ကက်ဒ်မတ်နဲ့ စီးလစ်၊ ရိုးမြူးလပ်နဲ့ ရီးမတ်၊ သူတို့အားလုံး ညီအစ်ကိုအတွဲတွေချည်းပဲ"

"နေဦး၊ ကာစတာနဲ့ ပိုလပ်ဇ်ဟာ အမြွှာညီအစ်ကိုဖြစ်ပေမယ့် အဲဒီနာမည်ဝှက်ပေးထားတဲ့ မက်လွှိုင်းနဲ့ ကွန်လင်တို့ဟာ အမြွှာမဟုတ်ဘူး"

ဆောလ်က စာရင်းကို ပြန်လှည့်ကြည့်ကာ ပြောလိုက်သည်။





"မှန်တယ်၊ ဟောဒီမှာ ပရက်နဲ့ ဟောလီးဒေးတို့လဲ သွေးသား မတော်စပ်ဘူး၊ ဒါပေမယ့် သူတို့ရဲ့ နာမည်ဝှက်အရ ညီအစ်ကိုဖြစ်နေတယ်၊ ကျန်တဲ့အတွဲအားလုံးလဲ အဲဒီအတိုင်းပဲ၊ သူတို့ ဘာမှမတော်စပ်ဘဲနဲ့ ဘာကြောင့် ညီအစ်ကိုဖြစ်တဲ့ နာမည်ဝှက်တွေ ပေးထားရသလဲ"

"သူတို့တွေဟာ အိမ်ထောင်ပျက်တဲ့ မိသားစုကလာတဲ့သူတွေ ဖြစ်လို့များလား သူတို့ မိဘတွေက ကွာရှင်းပြီး တခြားလူတွေနဲ့ လက်ထပ်လိုက်မယ်ဆိုပါစို့၊ မက်အဲလွှိုင်းနဲ့ ကွန်လင်တို့ဟာ နာမည်မတူပေမယ့် တစ်နည်းနည်းနဲ့ ဆွေမျိုးတော်စပ်နေတာလဲ ဖြစ်နိုင်တယ်"

ခရစ္စကပြောသည်။

"တစ်တွဲတလေတော့ ဟုတ်မှာပေါ့၊ ဒါပေမယ့် ကျန်တဲ့လူအားလုံးရဲ့ မိဘတွေဟာ ကွာရှင်းပြတ်စဲပြီး နောက်အိမ်ထောင်ပြုသူတွေ ဖြစ်နိုင်ပါ့မလား"

အဲရစ်ကာက ထောက်ပြသည်။

"ဟုတ်တယ်၊ သိပ်တော့ မဖြစ်နိုင်ဘူး"

ခရစ္စက သဘောတူလိုက်သည်။

"ရှင်နဲ့ ဆောလ်ဟာ အဲဒီလို မိဘမျိုးက မွေးခဲ့တာမဟုတ်ဘူး၊ ရှင်တို့နှစ်ယောက် ဘာမှမတော်စပ်ဘူးဆို၊ နေဦး . . . ညီအစ်ကိုဖြစ်ချင်လဲ ဖြစ်မှာပေါ့လို့ ရှင်ခုနပြောလိုက်သေးတယ်၊ ဘာလို့ ဒီလိုပြောတာလဲ"

အဲရစ်ကာက ခရစ္စကိုပြောနေရာမှ ဆောလ်ဘက်လှည့်ပြီး မေးလိုက်သည်။

ဆောလ်က ပခုံးတွန့်၍

"ကိုယ်နဲ့ ခရစ္စဟာ ငါးနှစ်သား အရွယ်ကတည်းက ပေါင်းခဲ့ကြတာ၊ ညီအစ်ကိုလိုပဲ တစ်ယောက်အကြောင်း တစ်ယောက်ကောင်းကောင်းသိကြတာပေါ့၊ ဟုတ်တယ်မဟုတ်လားခရစ္စ"

ခရစ္စကပြုံး၍

"မင်းဟာ ငါ့ရဲ့ အချစ်ဆုံး သူငယ်ချင်းပဲ"

"ဘာကြောင့်လဲ၊ ရှင်တို့နှစ်ယောက် သူငယ်ချင်းဖြစ်တာကို ကျွန်မပြောတာမဟုတ်ဘူး၊ ရှင်တို့နှစ်ယောက် ဒီလောက်ကြာကြာ ဘယ်လို ပေါင်းမိခဲ့ကြတာလဲ၊ တစ်ရပ်ကွက်တည်း အတူနေခဲ့ကြ၊ ကြီးပြင်းခဲ့ကြလို့လား"

"ဟုတ်တယ်ဆိုပါတော့၊ ကိုယ်တို့နှစ်ယောက် ကျောင်းမှာ သိခဲ့ကြတာပါ"

"ဘယ်ကျောင်းလဲ"

အဲရစ်ကာက မျက်မှောင်ကုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖိလာဒယ်လ်ဖီးယားမြို့က ဖရန်ကလင် ယောက်ျားလေး သီးသန့်ကျောင်းလေ၊ ကိုယ်တို့တွေ အဲဒီမှာပဲ ကြီးခဲ့ရတယ်၊ ကိုယ်တို့မိဘတွေ အိမ်ထောင်ကွဲသွားလို့ မဟုတ်ဘူး၊ တကယ်တော့ ကိုယ်တို့မှာ အိမ်လဲမရှိဘူး၊ မိသားစုလဲမရှိဘူး၊ ကိုယ်တို့ဟာ မိဘမဲ့ကလေးတွေပါ"

ခရစ္စက ပြတင်းပေါက် အပြင်ဘက်မှ မိုးရေစက်များကို စိုက်ကြည့်နေသည်။

အဲရစ်ကာက

"ဒီပုံစံအကွက်ထဲမှာ စဉ်းစားမရတဲ့ အချက်တစ်ခုရှိသေးတယ်၊ အတွဲတစ်တွဲစီမှာပါတဲ့ လူနှစ်ယောက်စလုံးဟာ တစ်မြို့တည်းမှာ ပညာသင်ခဲ့ကြတယ်၊ မက်အဲလ္လိုင်းနဲ့ ကွန်လင်က အိုမာဟာမှာ၊ ရှင်နဲ့ ခရစ္စက ဖီလာဒယ်လ်ဖီးယားမှာ၊ ကျန်တဲ့ အတွဲတွေက အက်စရွန်လို၊ ရှိုက်ဂတ်တို့မှာ စသဖြင့်ပေါ့လေ၊ သူတို့ရဲ့ နာမည်ဝှက်တွေဟာ ပုံစံကွက်တစ်ခု ဖြစ်နေသလိုပဲ၊ အဲဒီမြို့တွေကရော. . . ပုံစံတစ်ခုခုဖြစ်မနေနိုင်ဘူးလား"

"ဖြစ်နိုင်တယ်၊ ယောက်ျားလေးဂေဟာတွေလေ"

ခရစ္စက ပြတင်းပေါက်ကို ကြည့်နေရာမှ ဒေါသသံနှင့် လှည့်ပြောလိုက်သည်။

"ဘာ. . ."

ဆောလ် အံ့အားသင့်သွား၏။

ခရစ္စက အသားဆတ်ဆတ်တုန်လျက် အဲရစ်ကာနှင့် ဆောလ်အနားသို့ လျှောက်သွားပြီး

"ဟောဒီစာရင်းထဲက မြို့တွေဟာ အမေရိကန်ပြည်ထောင်စုမှာ အကောင်းဆုံး ယောက်ျားလေးကျောင်း ဆယ်ကျောင်းလိုပဲ၊ အားလုံးမိဘမဲ့ကလေးဂေဟာတွေချည်းပဲ၊ ကျောင်းနာမည်တွေသာ ကွဲပြားတာ၊ အဓိပ္ပာယ်က အတူတူပဲ"

ခရစ္စက အံကြိတ်၍ ဆက်ပြောသည်။

"ဟောဒီစာရင်းထဲက လူအားလုံးမှာ ဆောလ်နဲ့ ကျွန်တော်တို့နဲ့ တူတာတစ်ချက်ရှိတယ်၊ သူတို့လဲ မိဘမဲ့ ကလေးတွေပဲ၊ အတွဲတိုင်းဟာ တစ်ကျောင်းတည်း ဂေဟာတစ်ခုတည်းမှာ အတူကြီးပြင်းခဲ့ကြတယ်၊ ဒါကြောင့် သူတို့နာမည် မတူပေမယ့် ညီအစ်ကိုလိုဖြစ်နေတာမို့ အဲဒီ နာမည်ဝှက်တွေ ပေးထားတာပေါ့"

ခရစ္စက ဆို့နင့်စွာဖြင့် အသက်ပြင်းပြင်းရှူရင်း





"ဒီအတွဲမှာပါတဲ့ ကောင်လေးတစ်ယောက်ဟာ သူနဲ့တွဲရမယ့် တခြားကောင်လေးနဲ့လဲတွေ့ရော သူတို့ရဲ့ အထီးကျန်ဆန်မှုကြောင့် သွေးစည်းမိကြတယ်၊ သူတို့ရဲ့ ရင်းနှီး ခင်မင်မှုဟာ အားကောင်းလှတဲ့အတွက် နောက်ဆုံးတော့ သူတို့နှစ်ယောက်ဟာ တစ်အူတုံဆင်းညီရင်းအစ်ကိုတွေလို ဖြစ်သွားကြတော့တာပဲ၊ ကြည့်စမ်းဆောလ်၊ ငါတို့နှစ်ယောက်ကို သူ ဘယ်လိုလုပ်ပစ်ခဲ့သလဲ မင်း သဘောပေါက်ပြီလား"

ဆောလ်က ခေါင်းညိတ်လိုက်သည်။

အဲလိယော့ဟာ ငါတို့ကို အခြေခံအကျဆုံးနည်းနဲ့ လိမ်ပြောခဲ့တာပဲကွ၊ ငါတို့ကို သူ ဘယ်တုန်းကမှ မချစ်ခဲ့ပါဘူး၊ အစကတည်းက သူဟာ ငါတို့ကို သက်သက်အသုံးချခဲ့တာပါပဲ"

အဲရစ်ကာက ဆောလ်နှင့် ခရစ္စတို့၏ လက်မောင်းတစ်ဘက်စီကို တင်းတင်းဆုပ်လိုက်ပြီး

"နေကြစမ်းပါဦး၊ ရှင်တို့ ဘာတွေပြောနေကြတာလဲ၊ ကျေးဇူးပြုပြီး ကျွန်မကို ရှင်းပြကြစမ်းပါဦးလား"

"အဲဒီအတွက် ကျွန်တော်တို့ ဘဝတစ်ခုလုံးကို နောက်ကြောင်းပြန်ပြောရလိမ့်မယ်ဗျာ"

ဟု ခရစ္စက အားလျော့စွာပြောရင်း ဆိုဖာကြီးပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်လေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၀ )

မိုးက ပိုသည်းလာသည်။ မနက်ခင်းမှာ ညနေနှင့် တူနေ၏။

အဲလီယော့သည် ပြတင်းပေါက်နား၌ ရပ်နေသော်လည်း သုန်မှုန်နေသဖြင့် မှန်တိုင်းထန်နေသော တာဂျီးနီးယားပြည်နယ်၏ ရှုခင်းကို မျက်စိထဲ မမြင်ချေ။

သူ့အသားအရေက မိုးရေကဲ့သို့ မီးခိုးရောင်သန်းနေသည်။

သူ့ကျောဘက်ရှိ ရုံးခန်းတံခါးခေါက်သံကြားရသည်။ ဝင်လာသူအား သူ လှည့်မကြည့်။

"တစ်ခုတော့ ထူးခြားတယ်ဆရာ၊ ကျွန်တော်လဲ ဘယ်လိုအဓိပ္ပါယ်ကောက်ရမှန်းမသိဘူး၊ ဒါပေမယ့် ဆရာ့ကို အသိပေးသင့်တယ်ထင်လို့ လာပြောတာ"

အသံရှင်ကား အဲလီယော့၏ လက်ထောက်ဖြစ်သည်။

"အမင်္ဂလာသတင်းမဟုတ်လား"

အဲလီယော့က မေးလိုက်သည်။

"အင်ဒီအေမှာ လုံခြုံရေး ဟာကွက်ဖြစ်သွားလို့တဲ့၊ မနေ့က သူတို့ရဲ့ ကွန်ပျူတာအစီအစဉ်မှုကို အပြာရုပ်ကွက်မှာ ရှာတွေ့လို့တဲ့၊ အဲဒီလူက ကယောင်ကတမ်းဖြစ်နေသတဲ့၊ ဝက်ရူးပြန်သလိုလိုဆိုလား၊ ရဲတွေကတော့ မူးယစ်ဆေးတွေ ဘာတွေချထားတယ်လို့ ယူဆသတဲ့၊ ဒါကြောင့် သူ့ကို စိတ္တဇဆေးရုံပို့လိုက်တယ်၊ အဲ မနက်ကတော့ သူ ပြန်ကောင်းသွားတယ်၊ ဒါပေမယ့် အပြာရုပ်ကွက်ကို သူသွားတာ မမှတ်မိတော့ဘူး၊ သူ ဘာဆေးတွေ သောက်မှန်းလဲ မပြောနိုင်ဘူး၊ သူလိမ်ပြောတာ ဖြစ်မှာပေါ့"

"စကိုပိုလာမိုင်းကြောင့် အဲဒီလိုဖြစ်တာကွ၊ လိုရင်းကိုပြော"

အဲလီယော့က သူ့ကို လှည့်ကြည့်လိုက်သည်။





"မနေ့ညက သူ စိတ်ရောဂါ အဆောင်မှာ ရောက်နေတုန်း တစ်ယောက်ယောက်က သူ့ရဲ့ စကားဝှက်တွေသုံးပြီး အင်ဒီအေရဲ့ ကွန်ပျူတာ အချက်အလက်ဘဏ်ကို ဆက်သွယ်မေးမြန်းခဲ့တယ်၊ သူတို့ဆီမှာက ဘယ်သူက ဘာတွေ တောင်းခံသလဲဆိုတာ ပြန်စစ်ဆေးလို့ရတဲ့ စနစ်တစ်ခု တွင်ထားပြီးသား၊ အဲဒီမှာ ကျွန်တော်တို့နဲ့ ပတ်သက်လာရော၊

". . . မသင်္ကာသူဟာ ကွန်ပျူတာဆီက လျှို့ဝှက်အချက်အလက်တွေ မမေးဘဲနဲ့ လူဆယ့်ရှစ်ဦးရဲ့ အဓိကအချက်အလက်စာရင်းဇယားတွေပဲ နတောင်းခံတယ်၊ အဲဒီလူတွေရဲ့ လေ့ကျင့်မှုကို ဆရာက ကြီးကြပ်ခဲ့တဲ့အတွက် နလို သတင်းပေါက်ကြားမှုကို ဆရာသိသင့်တယ်လို့ အင်ဒီအေက ဆုံးဖြတ်ခဲ့တယ်၊ အဲ. . . ပိုပြီးထူးခြားတာက အဲဒီလူ ဆယ့်ရှစ်ယောက်ထဲမှာ ရိုးမြူးလပ်နဲ့ ရီးမတ်ဆိုတဲ့ နာမည်နှစ်လုံးပါနေတယ်ဆရာ"

အဲလီယော့ နွမ်းလျစွာဖြင့် စားပွဲနောက်၌ ဝင်ထိုင်ချလိုက်သည်။

"ပြီးတော့ ကာစတာနဲ့ ပိုလပ်ဇ်တို့၊ ကုက်ဒ်မတ်နဲ့ စီးလစ်တို့လဲ ပါတယ် မဟုတ်လားကွ"

"ဟုတ်တယ်ဆရာ၊ ဟုတ်တယ်၊ ဆရာ ဘယ်လိုသိလဲဟင်"

သူ့ လက်ထောက်က ခေါင်းရှုပ်ဟန်ဖြင့် မေးလိုက်သည်။

မိမိရုံးခန်းတံခါးဝ၌ စောင့်ကြပ်နေကြသော ကာစတာနှင့် ပိုလပ်ဇ်တို့အကြောင်း အဲလီယော့ တွေးမိသည်။ ထို့နောက် ဆောလ်နှင့် ခရစ္စအကြောင်း ဆက်တွေးသည်။

"သူတို့ တဖြည်းဖြည်း နီးလာကြပြီ၊ သူတို့ ဘယ်ဟာကို လိုက်ရှာရမလဲဆိုတာ သိသွားပြီဆိုတော့ အဖြေအားလုံးရဖို့ သိပ်မကြာတော့ဘူး"

ပြတင်းမှန်ချပ်ပေါ်၌ စီးဆင်းနေသော မိုးရေစက်များဘက်သို့ အဲလီယော့ ဝမ်းနည်းစွာဖြင့် လှည့်ကြည့်လိုက်မိသည်။

"အဲဒီလို သူတို့အဖြေရတဲ့အခါမှာ ငါ့ကို ဘုရားသခင် ကယ်တော်မူပါစေ"

ဟု သူရေရွတ်လိုက်သည်။

ထို့ပြင် တို့အားလုံးကို ဘုရားသခင်ကယ်တော်မူပါစေဟုလည်း စိတ်ထဲက ဖြည့်စွက်ဆုတောင်းလိုက်မိလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၃)

# သစ္စာဖောက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

## သူလျှိုတစ်ယောက်အား တရားဝင်ပညာသင်ကြားပေးခြင်း

### ( ၁ )

၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့၊ ၁၇း၀၀ နာရီတွင် အလက်စကားပြည်နယ်၊ နုံးမ်မြို့ရှိ အမေရိကန် ပြည်ထောင်စု စစ်ဘက်ထောက်လှမ်းရေး အဖွဲ့သည် ရုရှပြည်၏ သဘော်ဆိပ်ကမ်းမြို့များဖြစ်သည့် ဗလာဒီဗော့စတော့၊ အိုခေါ့နှင့် မာဂဒန်တို့မှ ထုတ်လွှင့်သော မိုးလေဝသ ကြေညာချက်များကို ဖမ်းယူရရှိခဲ့သည်။

အမေရိကန်လေတပ်မတော်သည် ၎င်း၏ ဘီ-၅၀ လေယာဉ်ပျံများ ညပိုင်း အစမ်းပျံသန်းမှုများကို စီစဉ်ရန်အတွက် ဂျပန်နိုင်ငံ သဘော်ဆိပ်ကမ်းမြို့များမှ မိုးလေဝသသတင်း ကြေညာချက်များနှင့် ရုရှမှ ကြေညာချက်များကို ပေါင်းစပ် အသုံးပြုလျက်ရှိသည်။ ရုရှ မိုးလေဝသ ကြေညာချက်အရ ရာသီဥတုအခြေအနေ စိုးရိမ်စရာမရှိ၊ ကောင်းမွန်ကြောင်း သိရသည်။

နောက်ခုနစ်မိနစ်အကြာတွင် ဗလာဒီဗော့စတော့ရှိ ရုရှ ရေတပ်စခန်းမှ ပင်လယ်ပြင်ရှိ ရုရှ ရေငုပ်သဘော်တစ်စင်းထံ ကြေးနန်းရိုက်လိုက်ရာ အခြားရေဒီယိုအသံလှိုင်းများအားလုံး ပျက်သွားလေသည်။

ရုရှဘာသာစကားဝှက်ဖြင့် ရှည်လျားစွာ ပေးပို့သည့် ၎င်းကြေးနန်းကို နုံးမ်မြို့၊ ရှက်ပတ်ဖီးလ် အရပ်ရှိ အမေရိကန် စစ်ဘက်ထောက်လှမ်းရေးစခန်းက အပင်ပန်းခံ အဓိပ္ပာယ်ပြန်ဆိုခြင်းမပြုဘဲ ဂျပန်ပြည်မှ မိုးလေဝသ သတင်းများကိုသာ ဖမ်းယူနားထောင်နေခဲ့ကြသည်။ ၎င်းတို့သည် ပုံမှန်အတိုင်း ဘီ-၅၀ လေယာဉ်ပျံ လေးစင်းအား အလွန်မြင့်မားစွာ ပျံသန်းရမည့် စမ်းသပ်မှုတစ်ခုအတွက် ပျံသန်းခွင့်ပြုလိုက်ကြသည်။

၁၉၀၀ နာရီတွင် ထိုလေယာဉ်လေးစင်းစလုံး ရေမိုင်နှုန်း ၅၀ ကျော်ကျော်ရှိသော ဆိုက်ဘေးရီးယား ဆောင်းလေပြင်းတိုက်ခတ်မှုနှင့် ပက်ပင်းတိုး



www.burmeseclassic.com

www.burmeseclassic.com



ကုန်ကြလေသည်။

ငှင်းလေယာဉ်ပျံများပေါ်၌ ပါရှိသည့် ရေခဲခာတ် ပျက်ပြယ်စေသော ကိရိယာအားလုံး ပျက်သွားသည်။

အခြေစိုက်စခန်းသို့ လေယာဉ်တစ်စင်းမျှ ပြန်ရောက်မလာကြပေ။

ဦးဆောင်လေယာဉ်ကို မောင်းနှင်သူကား ဗိုလ်မှူး ဂျရယ်ကီလ်မွန်းနီး ဖြစ်လေသည်။ ၎င်း ပျောက်ဆုံးသွားသော သတင်း အာရီဇိုးနားပြည်နယ် တူဆန်မြို့ရှိ အမှတ် ၈ လေတပ်စခန်းသို့ ရောက်ရှိလာသောအခါ ဗိုလ်ချုပ် မက်ဇ်ဝဲလ်လီပေ့ဂျ်သည်ဖီလာဒယ်လ်ဖီးယားမြို့ရှိရိုမင်ကက်သလစ်ဘာသာဝင် တရားဟောဆရာဟူးကောလင်းအား ဖုန်းဆက်၍ ကျန်ရစ်သူဇနီး မစ္စက် ဒေါ်ရော်သီကီလ်မွန်းနီးနှင့် သူမ၏သုံးနှစ်အရွယ်သားလေး ခရစ္စတိုဖာ အကြောင်းကြားခိုင်းလိုက်သည်။

အမေရိကန်နိုင်ငံ၏လက်အတည့်ဆုံး လေသေနတ်သမား တစ်ဦး ဆုံးရှုံးသွားရပြီဖြစ်ကြောင်း မစ္စက် ကီလ်မွန်းနီးအား ပြောပေးရန်လည်း ဗိုလ်ချုပ် လီပေ့ဂျ်က တရားဟောဆရာ ကောလင်းအား မှာကြားလိုက်လေသည်။

◆

( ၂ )

နောက်နှစ်နှစ်အကြာဖြစ်သော ၁၉၅၀ ခုနှစ်။

ဖီလာဒယ်လ်ဖီးယားမြို့ရှိ ကယ်လ်ကန်လင်းလမ်းထဲတွင် အိမ်ခန်း ပေါင်း သုံးဆယ်ပါသော တိုက်တန်းလျားကြီးတစ်ခု တည်ရှိလေသည်။

ထိုတန်းလျားမှာ ကလေးများ ကစားရန် လုံ့ဝမသင့်လျော်သော နေရာ ဖြစ်၏။ လမ်းက ကျဉ်းပြီး မှောင်မည်းသည်။ ပြာပုံများ သံပုံးများက လမ်းပေါ် ရှိ ကြွက်ချေး၊ မှန်ကွဲစများ၊ သံတိုသံစများကို ဖုံးအုပ်ထားကြသည်။

ကတ္တရာလမ်းပေါ်မှ ချိုင့်ခွက်များနှင့် ပလက်ဖောင်းပေါ်မှ အက်ကွဲ ကြောင်းများမှာ မြက်ပင်များ နွယ်ပင်များ ဖုံးလွှမ်းနေခြင်းကြောင့် ပို၍ကွဲပြ ကုန်ကြသည်။

ထိုတိုက်တန်း၏ အလယ်လောက်ရှိ အမှောင်ဆုံးအပိုင်းတွင်ကား မစ္စက်ဒေါ်ရော်သီကီလ်မွန်းနီး၏ အိမ်စုတ်ကလေး ရှိလေသည်။

သူမ၏ အိမ်ထဲတွင် စားပွဲများဖြင့် ပြည့်နေသည်။ ထမင်းစားပွဲ၊ လက်ဖက်ရည်စားပွဲ၊ ကော်ဖီစားပွဲ စသဖြင့် စားပွဲ အမျိုးစုံရှိသည်။ စားပွဲတိုင်း ၏မျက်နှာပြင်ပေါ်၌ ယင်ကောင်အသေများ အပုံလိုက်တင်ထား၏။ ယင် ကောင်အသေများ၏ နံဘေး၌ ခြောက်ကပ်နေသည့် ဝက်အူချောင်း အပိုင်း အစကလေးများ ပြန့်ကျဲနေသည်။

ပူလောင်သော ဩဂုတ်လ၏ ထိုမနက်ခင်းက ခရစ္စ ပထမဦးဆုံး ပြုလုပ်သည့် ကိစ္စကား ညှော်ခန်းပြတင်းပေါက် ခြင်လုံသံဆန်ကာကို ဖွင့်ပြီး ပြတင်းပေါက်ဘောင်ပေါ်၌ ငါးသေတ္တာထဲမှ ငါးတစ်ကောင်ကို တင်ထားခြင်း ဖြစ်လေသည်။

ဇူလိုင်လက သူ့အမေက အက်လန်တစ်စီးတီးမြို့ရှိ ဆော့ဒ်များထဲ နွေရာသီအပန်းဖြေသွားခါနီးတွင် သူ့ကို အိမ်မှာ တစ်ယောက်တည်း ထားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



မှာမို့ ကြောင်အိမ်ထဲ၌ ငါးသေတ္တာများ၊ စည်သွတ်ဘူးများ၊ စွတ်ပြုတ်ဟင်းများ၊ ခရင်ခရက်ကာ ဘီစကွတ်ပုံးများကို ထည့်ထားပေးခဲ့ပြီး ဝက်အူချောင်းကြီးကိုတော့ ရေခဲသေတ္တာထဲ၌ ထားခဲ့လေသည်။

အမေသည် ခရစ္စအား စောင့်ရှောက်ပေးရန် အိမ်နီးချင်းများအား မှာကြားခဲ့ပြီး ခရစ္စအတွက် ငွေအချို့ကိုပေးအပ်ခဲ့သည်။ သို့သော် ဇူလိုင်လကုန်သောအခါ အိမ်နီးနားချင်းများသည် ထိုငွေများကို ၎င်းတို့ဘာသာသုံးစွဲပစ်ကြပြီး ခရစ္စအား သူ့အမေ ထားရစ်ခဲ့သည့် စားနပ်ရိက္ခာများနှင့်အတူ တစ်ယောက်တည်း ပစ်ထားလိုက်ကြလေသည်။

ခရစ္စသည် ဝက်အူချောင်းကို မကြိုက်ပေ။

ထို့ကြောင့် ဝက်အူချောင်းကို အိမ်ထဲသို့ ယင်ကောင်များဝင်လာအောင် မြှားခေါ်ရန်အတွက် အသုံးချခဲ့၏။

သို့သော် ယင်ကောင်များသည် ၎င်းကဲ့သို့ပင် ဝက်အူချောင်းကို ကြိုက်ပုံမရ။ လမ်းပေါ်မှ ကျူးလူခဲ့သော ကြွက်ချေးများကလည်း ဝက်အူချောင်းထက်ပို၍ အခြောက်မြန်သည်။ ငါးသေတ္တာကိုတော့ ယင်ကောင်များ ကြိုက်၏။

မနက်ကိုးနာရီလောက်တွင် ယင်ကောင်အတော်များများကို သူ သားရေကွင်းနှင့် ပစ်သတ်နိုင်ခဲ့ပြီမို့ သူကျေနပ်နေလေသည်။

မိမိ သားရေကွင်းနှင့် ပစ်ခါနီးတိုင်း ပါးနပ်စွာဖြင့် ထပျံတတ်သည့် ယင်ကောင်တစ်ကောင်ကို စားပွဲငယ်လေးပေါ်တက်၍ လိုက်ချိန်ရွယ်နေစဉ် အိမ်ရှေ့၌ ကားနက်ကြီးတစ်စီးထိုးဆိုက်လိုက်သည်ကို ပြတင်းပေါက်မှ ခရစ္စ လှမ်းမြင်လိုက်ရလေသည်။

ခရစ္စသည် အသက်ငါးနှစ်သာရှိသေးသော်လည်း မော်တော်ကားအမျိုးအစားကို ကောင်းစွာခွဲခြားနိုင်စွမ်း ရှိသူဖြစ်သည်။

ယခု သူ့အိမ်ရှေ့၌ ရပ်ထားသော ကားနက်ကြီးမှာ ၁၉၄၉ ခုနှစ်ထုတ် ပက်ကတ်ကားကြီးဖြစ်သည်။ ကား၏ ကြီးမားသောကိုယ်ထည်က ကတ္တရာလမ်းမကို ပိတ်ဆို့ထား၏။

ယာဉ်မောင်းသူ ထိုင်ခုံဘက်မှ ကိုယ်လုံးတုတ်ခိုင်သော စစ်ဝတ်စုံနှင့် လူကြီးတစ်ယောက်ဆင်းလာသည်။ ၎င်းက ခါးမတ်၍ရပ်ပြီး သူ့ခေါင်းအိတ်ပါးစကို လက်နှင့်သပ်ရင်း ရှုပ်ပွစုတ်ပြဲနေသည့် ရပ်ကွက်ကလေးကို အကဲခတ်နေသည်။

၎င်းက ပက်ကတ်ကားကြီး၏ ဖင်ပိုင်းမှ ကွေ့ပတ်လျှောက်ပြီး ကားရှေ့ခန်း ပါဆင်ဂျာဘက်မှ တံခါးကို ယို့ကျိုးစွာ သွားဖွင့်ပေးလိုက်သည်။





တွန့်ကြေနေသည့် မိုးကာအင်္ကျီဝတ်ထားသော အရပ်မြင့်မြင့်၊ ပိန်သွယ်သွယ်၊ မှိုင်တွေတွေမျက်နှာနှင့် လူကြီးတစ်ယောက် ကားပေါ်မှ ဆင်းလာသည်။ ထိုလူကြီး၏ နှာတံမှာ အောက်သို့ ကောက်နေပြီး ပါးရိုးသွယ်ကာ နှုတ်ခမ်းပါးလှသည်။

သူတို့နှစ်ယောက် ဘာတွေပြောနေမှန်း ခရစ္စ မကြားရ။ သို့သော် မိမိအိမ်သို့ သူတို့ စိုက်ကြည့်နေပုံက စိတ်တုန်လှုပ်စရာကောင်းလှသည်။

လူကြီးနှစ်ယောက် မော်တော်ကားအနားမှ ခွာကာ မိမိအိမ်ရှေ့ဗာတ်ခဲခင်းလမ်းကလေးအတိုင်း လျှောက်လာကြသောအခါ ခရစ္စလန့်ပြီး ထွက်ပြေးသည်။ မြေအောက်ခန်းတံခါးကိုဖွင့်ဝင်ပြီး မီးဖိုကို ဖြတ်၍ ဧည့်ခန်းထဲသို့ တန်းမြင်နိုင်လောက်အောင် တံခါးကိုဟ၍ ချောင်းကြည့်နေသည်။

မြေအောက်ခန်းဆင်းသည့် လှေကားထိပ် အမှောင်ထဲ၌ ရပ်နေစဉ် သူ့နှလုံးခုန်သံကို ကြားသဖြင့် သူပုန်းနေသည့် နေရာကို လူကြီးနှစ်ယောက် သိသွားပြီး လာဖမ်းမှာကိုလည်း သူစိုးရိမ်သည်။

အိမ်ရှေ့တံခါးခေါက်နေပြီ။

ခရစ္စ အသက်အောင့်ကာ ဧည့်ခန်းနှင့် မီးဖိုကိုဖြတ်၍ ဥုံလှေကားအထိသွယ်တန်းထားသော ကြိုးတစ်ချောင်းကို သူလှမ်းဆွဲလိုက်သည်။ အိမ်ရှေ့တံခါး သော့ခတ်ဖို့ အချိန်မရလိုက်သော်လည်း သူ့ကိုယ်သူ ကာကွယ်ဖို့ တခြားနည်းတွေရှိသည်။

သူက ကြိုးကို လက်ထဲဆုပ်ထားလိုက်သည်။

အိမ်ရှေ့တံခါး နည်းနည်းဟသွား၏။

"အိမ်ရှင်တို့ ရှိပါသလား"

ခပ်ဩဩ ယောက်ျားသံကြီးတစ်ခုကို ကြားရသည်။

အိမ်ထဲဝင်လာသော ခြေသံကြီးများ ဆက်လက်ပေါ်ထွက်လာသည်။

"ကောင်လေးကို ပြတင်းပေါက်နားမှာ ကျွန်တော် တွေ့လိုက်တယ်"

ဧည့်ခန်းထဲသို့ ၎င်းတို့၏ အရိပ်များ ကျရောက်လာသည်။

"စားပွဲတွေ များလှချည်လား။ အို့ . . ဘုရားရေ့ . . . ယင်ကောင်တွေ . . ယင်ကောင်တွေ"

ခရစ္စသည် လှေကားပေါ်၌ ကုန်းကာ တံခါးအောက်မှနေ၍ ဧည့်ခန်းကြမ်းပြင်ပေါ်ရှိ ပိုက်ကွန်ဆီ စိုက်ကြည့်လိုက်သည်။ ဤပိုက်ကွန်ကို သူကိုက်ကောက်လို့ရသမျှ ကြိုးပေါင်းစုံနှင့် ရက်လုပ်ထားခဲ့ခြင်းဖြစ်သည်။

သူ့အမေက ပြန်လာမည်ဟု ကတိပေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ တကယ်အိမ်ပြန်လာသည့်အခါ သူမအား ဤပိုက်ဖြင့် ဖမ်းအုပ်ပြီး နောက်နောင် ဘယ်မှမသွားတော့ပါဟု ကတိပေးဖို့ တောင်းဆိုရန် ကြံစည်ထားသည်။

စည့်ခန်းထဲသို့ ဝင်လာသော လူနှစ်ယောက်သည် သူ့ပိုက်ကွန်ပေါ်၌ ရပ်နေကြကြောင်း သူမြင်ရသည်။ အမေ့ကို ဤပိုက်ဖြင့် ဖမ်းလို့ ရမည်ဆိုလျှင် . . .။

"ကြမ်းပေါ်က ဒီကြိုးတွေက ဘာလုပ်တာပါလိမ့်"

ခရစ္စက ကြိုးကို ဆောင့်ဆွဲလိုက်သည်။

စည့်ခန်းအတွင်းရှိ စားပွဲများပေါ်တွင် ဆင့်ထားသော ကုလားထိုင်များနှင့် ထိုကြိုးကို တွဲချည်ထားသည်။ ကုလားထိုင်များ ပြုတ်ကျသောအခါ မျက်နှာကြက်မှ မီးလုံးသွယ်သည့် သံကြိုးမှတစ်ဆင့် ပိုက်ကွန်၏ ထောင့်လေးဘက်ကို ဆွဲမသွားမည်ဖြစ်သည်။

ကုလားထိုင်များ ဝုန်းခနဲ ပြုတ်ကျသွားသည်။

"ဟဲ့ . . ၊ သောက်ခွေး"

ခရစ္စ အားရဝမ်းသာနှင့် အော်မည်အပြု သူ ချက်ချင်းမျက်နှာမဲ့သွား၏။

လူကြီးနှစ်ယောက် အူနိုပ်၍ ရယ်နေကြသည်။

စစ်ဝတ်စုံနှင့် လူကြီးက ပိုက်ကွန်ကြိုးထုံးများကို ဆွဲဖြုတ်လျက်ရှိကြောင်း သူ တံခါးကြားမှ မြင်ရ၏။

သူ့ပါးပြင်ပေါ် ပူနွေးသော မျက်ရည်ဥကလေးများ လိမ့်ဆင်းလာသည်။

သူ ဒေါသထွက်စွာဖြင့် မှောင်မိုက်သော မြေအောက်ခန်းထဲသို့ ပြေးဆင်းသွားသည်။ ဒေါသအမျက် ခြောင်းခြောင်းထွက်လွန်းသဖြင့် သူ့လက်တွေ တဆတ်ဆတ် တုန်နေသည်။ သင်းတို့ကို ကျောင်းမှန်ကန်မှန်းသိအောင် လုပ်ပြရဦးမည်။ အားရအောင် ရယ်ထားကြဦးပေါ့။

မြေအောက်ခန်းတံခါး ကျွီခနဲ ပွင့်လာသည်။

လှေကားရင်းသို့ အလင်းရောင်ကျလာ၏။ မီးသွေးခဲထည့်သည့် ပုံးနံ့ရှိ အပေါက်ကလေးမှ သူချောင်းကြည့်နေသည်။ လူကြီးနှစ်ယောက် ဆောက်ဆင်းလာကြပါကလား။

သူတို့နှစ်ယောက် ရယ်လို့မဆုံးသေး။

တစ်ယောက်ယောက်က မိမိအကြောင်း သူတို့ကို တိုးပြောလိုက်လို့





ဖြစ်မည်။ ကြိုးတွေလိုက်စုပြီး ပိုက်လုပ်ခဲ့ပုံ မိမိပုန်းအောင်းတတ်သောနေရာစသည်တို့ကို ပြောလိုက်မည်။

မြေအောက်ခန်း မီးခလုတ်ဖျက်နေသည်။ ဓါလည်း သူတို့ သိမှာပါပဲ။

သူတို့လက်ထဲမှာ လက်နှိပ်ဓာတ်မီးအဆင်သင့်ပါလာသည် မဟုတ်လား။

သူက မီးသွေးပုံး၏ ထောင့်စွန်းသို့ ဆုတ်သွားသည်။ နွေရာသီ၌ မီးသွေးပုံးမှာ တောင်းလောင်းဖြစ်၏။ သို့တစေ မီးသွေးခဲ အကျိုးအပဲ့လေးများကို သူ့ဖိနပ်ဖြင့် နင်းမိသဖြင့် အသံထွက်သွားသည်။

သူ့ဆီ လက်နှိပ်ဓာတ်မီးရောင် ဖျတ်ခနဲ ထိုးကျလာသဖြင့် သူ တိမ်းရှောင်လိုက်ရာ မီးသွေးတစ်ခဲကို တက်နင်းမိသည်။

သူ ခြေသပွတ်တိုင်လည်ပြီး နံရံနှင့် ဝင်ဆောင့်မိသည်။

လက်နှိပ်ဓာတ်မီးရောင်က ပိုနီးကပ်လာသည်။

ခြေသံများက ပိုသွက်လာသည်။

သူ့ကို လက်ဝါးကြီးတစ်ခုက ဖမ်းဆွဲသည်။

သူ မီးသွေးပုံးထဲက ကုန်းရုန်းထွက်စဉ် နောက်လက်တစ်ဖက်က သူ့ပခုံးကို ဖမ်းဆုပ်လိုက်သည်။ သူ ငိုယိုရင်း ခြေနှင့် ကန်သည်။ လေကိုသာထိ၏။ လက်နှင့် ပုတ်ထုတ်သည်။

သို့သော် သူ့ကို တစ်စုံတစ်ယောက်က ဆွဲမသွားသည်။

"ကဲ . . မင်းကို မီးရောင်အောက် ခေါ်သွားရမယ်"

သူက အကြောက်အကန်ရုန်းထွက်သည်။

သို့သော် သူ့လက်နှင့်ခြေများ ချုပ်နှောင်ခံထားရ၏။

သူ့အား လှေကားမှ ဆွဲခေါ်သွားစဉ် သူ့ကို ချုပ်ထားသော လူကြီး၏ ရင်ဘတ်ကို ခေါင်းနှင့် နောက်ပြန်ဆောင့်လျက်ရှိသည်။ သည့်ထက် ဘာမှ ပိုလုပ်လို့မရ။

မီးဖိုခန်းပြတင်းပေါက်မှ ဝင်လာသော နေရောင်ကြောင့် သူ မျက်စေ့ကျိန်းသွားသည်။ သူငိုနေဆဲ။

"မင်း ဘာမှ မကြောက်နဲ့"

စစ်ဝတ်စုံနှင့် လူကြီးက အမောဖြေရင်း သူ့ကို ချော့သည်။

မိုးကာ အင်္ကျီနှင့်လူကြီးက ကတ္တရာစေးပေနေသည့် ခရိုကင်မျိုး၊ ညစ်ပတ်သော ဘောင်းဘီ၊ ဖုန်အလိမ်းလိမ်း ကပ်နေသည့် ဆံပင်ဖွတ်လိုက်နှင့် ခရစ္စအား မျက်မှောင်ကုတ်၍ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းက လက်ကိုင်ပဝါကို ထုတ်ကာ ခရစ္စ ချက်နှာပေါ်မှ မျက်ရည်နှင့် မီးသွေးမှုန့်များကို သုတ်ပေးသည်။

ခရစ္စက ငှင်းလက်ကိုပုတ်ထုတ်ပြီး ရင်ကော့၍ ရပ်လိုက်သည်။

"ဘာ ရယ်စရာရှိလဲ"

"ဟော. . ."

ခရစ္စက ညည့်ခန်းထဲမှ သူ့ပိုက်ကွန်ကို စူးစိုက်ကြည့်နေသည်။

"သြော်. . . ငါသိပြီ၊ တို့ရယ်သံ မင်းကြားသွားတာကိုး"

မိုးကာနှင့်လူကြီးက ပြောသည်။

သူ့မျက်နှာက လူမမာရုပ်ပေါက်ပြီး မျက်လုံးများမှာ အေးစက်နေသော်လည်း သူ့အသံက ချိုသာသည်။

"ရယ်စရာမဟုတ်ဘူးဗျ"

ခရစ္စအသံက ပိုကျယ်လာသည်။

"ဟုတ်ပါတယ်ကွာ၊ မင်းက တို့ကို အထင်လွဲနေတာပဲ၊ တို့က မင်းကို ရယ်တာမဟုတ်ပါဘူး၊ အင်း မင်းလုပ်ထားတဲ့ ပိုက်က ကောင်းသားပဲ၊ ဒါပေမယ့် မင်းဒီ့ထက်ကောင်းတဲ့ပစ္စည်းတွေနဲ့ လုပ်ပြီး လူမမြင်နိုင်အောင် ဖုံးကွယ်ထားနိုင်ရင် [illegible]ကောင်းမယ်၊ တို့ရယ်တာက မင်းရဲ့စိတ်ကူးကို ရယ်တာပါကွ၊ မင်းကို ချီးကျူးတဲ့သဘော၊ လေးစားတဲ့သဘောပါ၊ မင်းဟာ မင်းအဖေဂျယ်ရီနဲ့ ရုပ်ချင်းသိပ်မတူပေမယ့် မင်းအရည်အချင်းကို ကြည့်ရုံနဲ့ ဖအေ့ခြေရာနင်းမယ့် ကောင်လေးမှန်း ငါသိပါတယ်"

စစ်ဗိုလ်ကြီးကပြောလိုက်သည်။

ငှင်း၏ စကားလုံးအတော်များများကို ခရစ္စ နားမလည်ပါ။ စစ်ဝတ်စုံနှင့် လူကြီးက မိမိအား လှည့်စားဖို့ ကြံစည်နေသည်ဟု ခရစ္စထင်သည်။

ရှေးတစ်ချိန်တုန်းက သူ့မှာအဖေရှိခဲ့ဖူးကြောင်း တစ်စုံတစ်ယောက်က ပြောပြခဲ့တာကို သူသတိရလာသည်။ သို့သော် ဂျယ်ရီဆိုသော နာမည်နှင့် လူတစ်ယောက်မျှ သူမကြားဖူးပါ။

"မင်းငါ့ကို မယုံဘူး မဟုတ်လားကွ၊ ငါသိပါတယ်၊ ကဲ. . . ငါ့ကိုယ်ငါ မိတ်ဆက်ပါရစေ၊ ငါ့နာမည် မက်ဇ်ဝဲလ်လီပေ့ဂျ်ပါ"

စစ်ဗိုလ်ကြီးက ခြေနှစ်ဘက်ကား၍ ခါးထောက်ရပ်လိုက်သည်။

သူ့နာမည်ကလည်း ဂျယ်ရီကဲ့သို့ပင် ခရစ္စအဖို့ ဘာအဓိပ္ပာယ်မျှ မရှိချေ။

ခရစ္စက သူ့ကို မသက်သာသော မျက်လုံးနှင့် စိုက်ကြည့်နေသည်။





လီပေ့ဂျ်ဆိုသော လူကြီး အူကြောင်ကြောင်ဖြစ်သွားပုံရ၏။

"မင်းအဖေရဲ့ အချစ်ဆုံးသူငယ်ချင်း ဗိုလ်ချုပ် မက်ဇ်ဝဲလ်လီပေ့ဂျ်ဆိုတာ ငါပဲပေါ့"

ခရစ္စက စူးစူးရဲရဲ မော့ကြည့်နေဆဲ။

"ဘာလဲ. . . မင်းငါ့နာမည် မကြားဖူးဘူးလား"

လီပေ့ဂျ်သည် အံ့အားသင့်စွာဖြင့် ပြောပြီး မိုးကာနှင့် လူကြီးဘက်လှည့်ကာ

"ကျွန်တော်တော့ ဒါမျိုးမကျွမ်းဘူးဗျ၊ ခင်ဗျားပြောကြည့်စမ်းပါဦး"

မိုးကာနှင့်လူကြီးက ခေါင်းညိတ်ကာ ရှေ့တစ်လှမ်းတိုး၍ ခရစ္စအား ပြုံးပြလိုက်သည်။

"သားလေး ဦးနာမည် တက်ဒ်အဲလီယော့လို့ ခေါ်တယ်ကွ၊ ဒါပေမယ့် မင်း အဲလီယော့လို့ပဲခေါ်နိုင်ပါတယ်၊ ဦးမိတ်ဆွေ အားလုံးက ဦးကို ဒီလိုပဲ ခေါ်ကြတယ်"

ခရစ္စက သူ့ကို မယုံသင်္ကာနှင့် ကြည့်နေဆဲ။

အဲလီယော့ဆိုသောလူကြီးက မိုးကာအင်္ကျီထဲမှ တစ်စုံတစ်ခုကို နှိုက်ယူလိုက်သည်။

"ချာတိတ်တိုင်း ချော့ကလက်ကြိုက်မှန်း ဦးသိတယ်၊ အထူးသဖြင့် တေဘီရှ္သ် ချော့ကလက်လေးတွေကို ပိုကြိုက်ကြတယ်၊ ဦးကို မင်းသူငယ်ချင်းအဖြစ် လက်ခံစေချင်တယ်"

အဲလီယော့က သူ့လက်ကို ကမ်းပေးလိုက်သည်။

ခရစ္စက ငှင်းလက်ဝါးပေါ်မှ ချော့ကလက်ပြားများကို စိတ်မဝင်စားသလို မျက်စိလွှဲထားသည်။

"ယူလေကွာ. . . ဦးတောင် တစ်ပြားစားပြီးပြီ၊ သိပ်ကောင်းတယ်ကွ"

ခရစ္စ ဘာလုပ်ရမှန်းမသိ။

သူစိမ်းများထံမှ သကြားလုံးတွေမယူဖို့ သူ့အမေ သတိပေးခဲ့ဖူးသည်။

ဒီလူကြီးနှစ်ယောက်ကို သူမယုံပါ။ သို့သော် ပြီးခဲ့သော ခုနစ်ရက်လုံးလုံး ဘီစကွတ်ကလွဲ၍ သူ ဘာမှ မစားခဲ့ရသေး။

သူ့ခေါင်းက ရီဝေဝေ။ သူ့ဗိုက်က တဂွီဂွီ။

ချော့ကလက်ပြားကို သူ ဆတ်ခနဲ လှမ်းယူလိုက်၏။

အဲလီယော့ဆိုသော လူကြီးက ပြုံးလိုက်သည်။

"ငါတို့ မင်းကို ကူညီဖို့လာတာ၊ မင်းအမေ ထွက်သွားမှန်း ငါတို့



www.burmeseclassic.com

www.burmeseclassic.com



သိတယ်"

လီပေ့ဂျ်က ပြောလိုက်သည်။

"အမေပြန်လာမှာပါဗျ"

"မင်းကို တာဝန်ယူ စောင့်ရှောက်ဖို့ တို့လာခဲ့တာပဲ"

လီပေ့ဂျ်က ယင်ကောင်အသေများကို စိတ်ပျက်စွာ လှမ်းကြည့်ရင်း ပြောလိုက်သည်။

အဲလိယော့ ဘာကြောင့် ပြတင်းပေါက်များ သွားပိတ်မှန်း ခရစ္စ စဉ်းစား၍ မရ။

မိုးရွာတော့မလား။

လီပေ့ဂျ်က သူ့လက်မောင်းကို လာကိုင်မှ မိမိလက်နက်ဖြစ်သော သားရေကွင်းကို လွှတ်ချထားပြီးဖြစ်ကြောင်း ခရစ္စသတိထားမိသည်။

သူတို့က သူ့ကို အိမ်ရှေ့ ခွေးကတက်သို့ တွဲခေါ်သွားသည်။ လီပေ့ဂျ်က သူ့ကို ကိုင်ထားစဉ် အဲလိယော့က အိမ်ရှေ့တံခါးကို သော့ခတ်လိုက်သည်။ ဘေးခန်းပြတင်းပေါက်မှ မစ္စက်ကယ်လီ ချောင်းကြည့်နေပြီး ရုတ်ခနဲ ပြန်ဝင်သွားသည်ကို ခရစ္စတွေ့လိုက်သည်။ သူမတစ်ခါမျှ ဤသို့ မလုပ်ခဲ့ဖူးပါ။

ခရစ္စရုတ်တရက် ကြောက်စိတ်ဝင်လာသည်။

◆

◆

( ၃ )

ခရစ္စသည် မော်တော်ကားရှေ့ခန်းတွင် လူကြီးနှစ်ယောက်ကြားၖ်ထိုင်ရကာ ပထမဦးစွာ လီပေ့ဂျ်၏ ရှူးဖိနပ်ကြီးများ၊ ထို့နောက် အဲလိယော့၏ မီးခိုးရောင်အစင်းပါ လည်စည်းနှင့် နောက်ပိတ်ဆုံး ကားတံခါးလက်ကိုင်တို့ကို ကြည့်လိုက်မိလေသည်။

မော်တော်ကားစတင်မောင်းထွက်သည်နှင့် သူထွက်ပြေးဖို့ စိတ်ကူးပျောက်သွားပြီး လီပေ့ဂျ် ဂီယာထိုးပုံကို စိုက်ကြည့်ရင်း သူ စိတ်တက်ကြွလာသည်။ သူတစ်သက်မှာ မော်တော်ကား တစ်ခါမျှ မစီးဖူးသေးချေ။ ကားခက်ရှိ တုတ်ပေါ်မှ မီးလုံးများ၊ ခိုင်ခွက်များ၊ လမ်းမပေါ်မှ လူများနှင့် အခြားယာဉ်များ၏ လှုပ်ရှားမှုများကို သူတအံ့တဩဖြစ်နေသည်။

မကြာမီ လီပေ့ဂျ်သည် စာတိုက်နှင့်တူသော တိုင်လုံးကြီးများရှိသည့် ရောမ တိုက်ကြီးတစ်လုံး၏ရှေ့၌ ကားကိုရပ်လိုက်သည်။

ထို့နောက်လီပေ့ဂျ်က ခရစ္စ၏ပခုံးကို ညင်သာစွာကိုင်၍ ခုံတန်းလျားများ တန်းစီထားပြီး ကျောက်သားဖြင့်တည်ဆောက်ထားသော စင်္ကြံလမ်းကျယ်ကြီးများမှ အဲလိယော့နှင့်အတူ ခေါ်ဆောင်သွားသည်။

ဘုရားရှိခိုးကျောင်းတက်လျှင် ဝတ်သည့် ဝတ်စုံမျိုး ဝတ်ဆင်ထားသော ယောကျ်ားနှင့် မိန်းမများသည် စက္ကူထုပ်များနှင့် လက်ဆွဲသေတ္တာအသေးစားလေးများကို ကိုင်လျက် သွားလာလျက်ရှိကြသည်။

အလင်းပိတ်မှန်ချပ်တပ်ထားသည့် တံခါးတစ်ချပ် နောက်ကွယ်၌ မိန်းမပျိုတစ်ယောက် စားပွဲတွင်ထိုင်နေသည်။ သူမက တယ်လီဖုန်းဘေးရှိ ဘူးကလေးကို စကားပြောပြီး ခရစ္စတို့ သုံးဦးဝင်ရန် တံခါးတစ်ချပ်ဖွင့်ပေးလိုက်သည်။

၎င်းအတွင်း ရုံးခန်းထဲ၌ ဆံပင်ဖြူဖြူ နှုတ်ခမ်းမွေးရေးရေးနှင့် လူတစ်ယောက် စားပွဲ၌ ထိုင်နေသည်။ သူ့စားပွဲက ပိုကြီး၏။ စားပွဲနောက် နံရံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် အမေရိကန်နိုင်ငံအလံကို ချိတ်ထားပြီး သားရေဖုံးစာအုပ်ထူကြီးများ တင်ထားသည့် စာအုပ်စင် အပြည့်တပ်ဆင်ထားသည်။

ခရစ္စက ၄င်း စားပွဲကြီးရှေ့၌ ရပ်လိုက်သောအခါ လူကြီးက မော့ကြည့်ပြီး စာရွက်များကို လျှောက်လှန်၍ တစ်စုံတစ်ခုကို လိုက်ရှာသည်၊ လည်ချောင်းရှင်းသံပြုပြီးနောက်

"အင်း. . . ဒီမှာ တွေ့ပြီ ခရစ္စတိုဖာ ပက်ထရစ်ကီလ်မွန်းနီးတဲ့"

ခရစ္စက ကြောက်နေသဖြင့် ဘာမျှမဖြေ။

လီပေ့ဂျ်နှင့် အဲလီယော့တို့က ဟုတ်ပါတယ်ဟု ပြိုင်တူပြောလိုက်ကြရာ ခရစ္စ မျက်မှောင်ကုတ်သွား၏။

လူကြီးက ခရစ္စကို ခြေဆုံးခေါင်းဆုံးကြည့်ကာ လီပေ့ဂျ်နှင့် အဲလီယော့အား လှမ်းပြောသည်။

"လွန်ခဲ့တဲ့ ငါးဆယ့်တစ်ရက်က သူ့အမေက သူ့ကို စွန့်ပစ်သွားတယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ဇူလိုင်လ လေးရက်နေ့ သီတင်းပတ်သုံးရက်မှာ ယောကျ်ားလေး အဖော်တစ်ယောက်နဲ့ သူ့အမေလိုက်သွားတာ ဒီနေ့အထိ ပြန်မလာတော့ဘူး"

အဲလီယော့က ပြောသည်။

ခရစ္စသည် လူကြီးသုံးယောက် ဘာတွေ ပြောဦးမလဲဟု စောင့်ကြည့်နေသည်။

စားပွဲနောက်မှ လူကြီးက သူ့ပါးကို လက်နှင့်ကုတ်ရင်း ပြက္ခဒိန်ကို မော့်ကြည့်နေသည်။

"အလုပ်သမားနေ့*တောင် ရောက်ခါနီးနေပြီပဲ၊ သူ့ကို တာဝန်ယူမယ့် မောင်နှမတွေ ဆွေမျိုးတွေရှိလား"

"ဟင့်အင်း"

"ဒီတစ်နွေလုံး သူဘယ်လိုစားသောက်ပြီး အသက်ရှင်နေခဲ့သလဲ"

"ငါးသေတ္တာနဲ့ ဝက်အူချောင်းတွေပဲ သူစားရင်း ယင်ကောင်တွေ သတ်ပစ်နေခဲ့တယ်"

လူကြီး မင်တက်မိသွား၏။

---

* အမေရိကန်အလုပ်သမားနေ့မှာ နှစ်စဉ် စက်တင်ဘာလ၏ ပထမဆုံး တနင်္လာနေ့ဖြစ်ပြီး အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်သည်။





"ယင်ကောင်တွေ သတ်ပစ်တယ် ဟုတ်လား၊ သူ့အမေရော အဲ. . . သူ့အမေမှာ အလုပ်ရှိသလား"

"သူ့အမေက ပြည့်တန်ဆာတစ်ယောက်ပါ တရားသူကြီးမင်းခင်ဗျား"

"ပြည့်တန်ဆာ" ဆိုသော ဝေါဟာရသည် ခရစ္စအဖို့စကားလုံးအသစ် အဆန်းတစ်ခုဖြစ်သည်။ သူသိပ်သိချင်သည်။ ဤရုံးခန်းထဲရောက်ရှိခဲ့ပြီးနောက် သူပထမဆုံးအကြိမ် အသံထွက်လာသည်။

"ပြည့်တန်ဆာဆိုတာ ဘာလဲဗျ"

သူတို့က သူ့မေးခွန်းကို မဖြေဘဲ မျက်နှာလွှဲထားလိုက်ကြသည်။

"သူ့အဖေကရော"

လူကြီးက မေးသည်။

"လွန်ခဲ့တဲ့ နှစ်နှစ်က ဆုံးသွားပြီ၊ အဲဒါတွေအားလုံး ဒီကလေးရဲ့ မှတ်တမ်းထဲမှာ ဖော်ပြထားပါတယ်။ သူ့ကို ဒီမြို့တော်က မိဘမဲ့ကလေးအဖြစ် တာဝန်ယူဖို့ လူမှုဝန်ထမ်းဌာနက ညွှန်ကြားရတဲ့ ရည်ရွယ်ချက်က ရှင်းပါတယ် ခင်ဗျာ"

လီပေ့ဂျ်က ပြောသည်။

တရားသူကြီးဆိုသောလူက စားပွဲမှန်ကို လက်နှင့်ခေါက်နေ၏။

ဒါပေမယ့် ကျုပ်ကသာ ဆုံးဖြတ်ချက်ချရမှာဗျ၊ ဒါပေမယ့် လူမှုဝန်ထမ်းဌာနက ကိုယ်စားလှယ်တစ်ယောက် လွှတ်ရမယ့်အစား ခင်ဗျားတို့ကို ဘာလို့လွှတ်လိုက်မှန်း ကျုပ်နားမလည်ဘူး၊ ဒီကိစ္စမှာ အစိုးရနဲ့ ဘယ်လို ပတ်သက်နေလို့လဲ"

လီပေ့ဂျ်က ဤသို့ဖြေသည်။

"သူ့အဖေက လေတပ်က ဗိုလ်မှူးတစ်ယောက်ပါ၊ တာဝန်ထမ်းရင်း ကျဆုံးသွားပါတယ်၊ သူဟာ ကျွန်တော့်မိတ်ဆွေပါ၊ မစ္စတာ အဲလီယော့နဲ့ ကျွန်တော်နဲ့ ဒီကလေးကို တရားဝင် မဟုတ်သေးဘဲနဲ့ မွေးစားလိုက်ရသလိုပါပဲ။ သူ့အမေကို ထည့်မစဉ်းစားရင် ကလေးအတွက်အနီးစပ်ဆုံးဆွေမျိုးဆိုလို့ ကျွန်တော်တို့ နှစ်ယောက်တည်းရှိပါတယ်၊ ကျွန်တော်တို့ အလုပ်တာဝန်အရ ဒီကလေးကို ကျွန်တော်တို့ဘာသာ ပြုစုပျိုးထောင်ပေးဖို့ မဖြစ်နိုင်တဲ့အတွက် သင့်လျော်မယ့်သူ တစ်ဦးဦးလက်ထဲ လွှဲအပ်ချင်ပါတယ်"

လူကြီးက ခေါင်းညိတ်ပြီး

"သူ့ကို ဘယ်ပို့ရမလဲဆိုတာ ခင်ဗျားတို့ သိမှာပါ"

"ဟုတ်ကဲ့၊ သိပါတယ်၊ ကျွန်တော်တို့ လက်ခံပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လူကြီးက ခရစ္စအား စေ့စေ့ကြည့်နေရာမှ သက်ပြင်းရှည်ကြီး ချလိုက်သည်။

"ကောင်းပြီလေ"

၎င်းက စာရွက်ပေါ် လက်မှတ်ထိုးပြီး အခြားစာရွက်များနှင့်အတူ ဖိုင်တွဲထဲထည့်၍ ဖိုင်တွဲကို လီပေ့ဂျ်အား လှမ်းပေးလိုက်သည်။

"ခရစ္စ. . ."

လူကြီးက တစ်ဆို့ဆို့ အသံကြီးနှင့် စကားစလိုက်သည်။

"ဟိုရောက်တော့မှ ကျွန်တော်သူ့ကို ရှင်းပြပါ့မယ်"

ဟု အဲလီယော့က ဖြတ်ပြောလိုက်သည်။

"ဘာ ရှင်းပြမှာလဲ"

ခရစ္စက မေးလိုက်သည်။

သူ့အသားတွေ တုန်နေပြီ။

"ကျေးဇူးတင်ပါတယ်"

လီပေ့ဂျ်က တရားသူကြီးအား ပြောသည်။

ထို့နောက် လီပေ့ဂျ်သည် ခရစ္စအား တံခါးဝဘက် ဆတ်ခနဲ ဆွဲလှည့်ကာ အပြင်သို့ ခေါ်ထုတ်သွားသည်။ မိမိတို့ ရပ်ကွက် လမ်းထောင့် ကုန်စုံဆိုင်နားမှ ဘဏ်တိုက်နှင့် ကြေးနန်းရုံတို့၏ တံခါးများနှင့်တူသော အစိမ်းရောင် မှန်တံခါးများ တန်းစီနေသည့် စင်္ကြံရှည်ကြီးထဲမှ ဖြတ်လျှောက်သွားရသည်။

မိမိ ယခု ဘယ်ရောက်နေလဲ။ ဘယ်သွားရဦးမလဲ။

◆

( ၄ )

ဂိတ်တံခါးကြီးက မည်းနက်ပြီး ဧကကျယ်၍ မြင့်မားသည်။ သံတိုင်များမှာ ခရစ္စ၏ လက်ကောက်ဝတ်လောက် လုံးပတ်ရှိသည်။ သံတိုင် တစ်ချောင်းနှင့် တစ်ချောင်းမှာ ပူးကပ်လွန်းသဖြင့် သံတိုင်များကြားမှ မိမိဘယ်တော့မှ တိုးထွက်၍ ရနိုင်မည်မဟုတ်မှန်း ခရစ္စ သိလိုက်သည်။

ဘယ်ဘက်နားတွင် သံဆိုင်းဘုတ်ပြားကြီးတစ်ချပ်ချိတ်ဆွဲထားသည်။

ဘင်ဂျမင်ဖရန့်ကလင်

ယောက်ျားလေး သီးသန့်ကျောင်း

ညာဘက်ရှိ ဆိုင်းဘုတ်ပေါ်တွင် ဤသို့ ရေးထား၏။

"သူတို့၏သားများ ဆေးပညာနှင့် သင်္ချာပညာ သင်ယူနိုင်ခွင့် ရရှိစေရန် သူတို့အား နိုင်ငံရေးနှင့် စစ်ပညာ သင်ကြားပေးကြလော့"

ဂျွန်အာဒမ်စ်

အဆုံးအစမရှိ ရှည်လျားပုံမရသော အုတ်တံတိုင်းမြင့်ကြီးပေါ်ရှိ ၎င်းဆိုင်းဘုတ် အောက်တည့်တည့်တွင်ကား တံခါးထူထူ တစ်ချပ်ရှိပြီး ထိုတံခါးပေါက်မှ ဝင်သွားသောအခါ သံတင်းစာများ၊ ချောစာထည့်သည့်အိတ်များ၊ ပါဆယ်ထုပ်များ ပြည့်နေသည့် ဂိတ်စောင့်ခန်းလို အခန်းတစ်ခန်းထဲသို့ ရောက်သည်။

လက်ပြတ်ဆွယ်တာဝတ်ထားသော လူတစ်ယောက်သည် လက်မှတ်စစ်များဆောင်းသည့် ဦးထုပ်ကို အပေါ်လှန်၍ မြီးချိုစွာနှုတ်ဆက်ပြီး ပါဆယ်ထုပ်များ ဆက်လက်ရွေးချယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လီပေ့ဂျ်နှင့် အဲလီယော့တို့က ဘာမှ မပြောဘဲ ခရစ္စအား လက်တွဲလျက် အစောင့်ခန်းမှထွက်ကာ မြက်ခင်းပြင်ကို ဖြတ်၍ ရောမ တိုက်ကြီးတစ်တိုက်ဆီသို့ လျှောက်သွားကြသည်။

"အဲဒီတိုက်ဟာ တစ်နေ့ကျရင် မင်းနေရမယ့် အထက်တန်းကျောင်းပေါ့ကွ၊ လောလောဆယ်တော့ မင်းကို တို့က အဲဒီမှာ လက်မှတ်ထိုး အပ်နှံခဲ့ရုံပဲ"

လီပေ့ဂျ်က ခရစ္စအား ပြောလိုက်သည်။

ရင်းတိုက် ဝင်ပေါက်အပေါ် တည့်တည့်တွင် ကျောက်သားပေါ်၌ စာတန်းနှစ်တန်း ထွင်းထားသည်။

စည်းကမ်းလိုက်နာခြင်းသည် ဉာဏ်ပညာဖြစ်၏။ အရှက်အကြောက်ရှိခြင်းသည် ပြည့်စုံမှုဖြစ်၏။

နေ့ခင်း ဆယ့်နှစ်နာရီခွဲသာရှိသေးသည်။ ထို့ကြောင့် သူတို့ အရောင်တင်ဆီ ပြောင်အောင်တိုက်ထားသည့် ခုံတန်းလျားဟောင်းကြီးပေါ်၌ ခဏ ထိုင်စောင့်ကြသည်။ ခုံတန်းလျားက မာတောင့်တောင့်ကြီး ဖြစ်သော်လည်း ဖင်ထိုင်ခုံကို ခွက်ထားသဖြင့် ခရစ္စသည် ခါးကွေးကျောမှီပြီး ခြေနှစ်ချောင်းကို တွဲလောင်းချ ထိုင်နေလိုက်ရသည်။

သူ စိတ်မသက်သာစွာဖြင့် တိုင်ကပ်နာရီကြီးကို ငေးကြည့်နေမိသည်။ စက္ကန့်ပြ လက်တံကလေး ဆတ်ခနဲ တစ်ချက်ရွေ့သွားတိုင်း သူ့ပို၍ စိတ်တင်းကျပ်လာသည်။ နာရီမြည်သံကြောင့် အမဲသားဆိုင်ထဲမှ အမဲသားတုံးခုတ်သံကို သူ့နားထဲ ကြားယောင်မိသည်။

မွန်းလွဲ တစ်နာရီတိတိတွင် မိန်းမတစ်ယောက် ရောက်လာသည်။ သူမသည် ဆွယ်တာဝတ်ထားပြီး ပြောင်စကတ်တစ်ထည်ဝတ်ကာ ရိုးရိုးဖိနပ်တစ်ရံ စီးထားသည်။ ခရစ္စအမေကဲ့သို့ နှုတ်ခမ်းနီ ဆိုးမထားဘဲ သူမ၏ကောက်နေသော ဆံပင်ကို နောက်သို့လှန်ကာ ဆံထုံး ထုံးထားသည်။

သူမသည် ခရစ္စအား သာမန်ကာ လျှံကာမျှသာ တစ်ချက်ကြည့်ပြီး လီပေ့ဂျ်နှင့်အတူ သူမ၏ ရုံးခန်းထဲ ဝင်သွားသည်၊ အဲလီယော့က ခရစ္စနှင့်အတူ ဆက်ထိုင်နေသည်။

"မင်းကို ဦးတို့ ဝယ်ကြွေးတဲ့ ဟန်ဘာဂါနဲ့ မင်း ဗိုက်မဝသေးဘူးဆိုရင် ဦးပေးထားတဲ့ ချောကလက်တွေ ထပ်စားပေါ့ကွာ"

အဲလီယော့က ပြုံး၍ ပြောသည်။

ခရစ္စက လက်ပြင်နှကြာကုန်း၍ထိုင်ကာ ရှေ့တည့်တည့် နံရံကိုသာ





စိုက်ကြည့်နေသည်။

"ဘာလဲ. . . မင်း နောက်တစ်ခါ ဗိုက်ဆာရင်စားဖို့ သိမ်းထားချင်သလား၊ မပူပါနဲ့ကွ၊ ဒီမှာ မင်းကို တစ်နေ့သုံးခါ ကျွေးမှာ၊ ဟေး. . . ချောကလက်တွေ စားချင်ရင်တော့ မင်းကို ဦးလာတွေ့မှ ထပ်ယူခဲ့မယ် ဟုတ်လား၊ မင်း တခြား ဘာတွေကြိုက်တတ်သေးလဲ"

ခရစ္စသည် အဲလီယော့အား ဖြည်းညှင်းစွာ လှည့်ကြည့်လိုက်သည်။

ဆွေးရိပ်သမ်းသောမျက်လုံး၊ ညိုမှောင်သော အသားအရေနှင့် ပိန်ပိန်ရှည်ရှည်လူကြီးကို သူနားလည်၍ ခက်နေ၏။

"မင်းကို ဦးမကြာမကြာလာတွေ့ပါ့မယ်လို့တော့ ကတိမပေးနိုင်ဘူးကွာ၊ ဒါပေမယ့်ဦးဟာ မင်းရဲ့မိတ်ဆွေဆိုတာတော့ မင်းသိထားစေချင်တယ်၊ ဦးကို မင်းအဖေ ကိုယ်စား နေရာယူထားတဲ့လူ၊ အဲ . . . အစားထိုးအဖေလို့ ခေါ်ချင်ခေါ်နိုင်တယ်၊ မင်း အခက်အခဲရှိတဲ့အခါ အားကိုးရမယ့် လူတစ်ယောက်၊ မင်းကိုခင်တဲ့လူ၊ မင်းအတွက် အကောင်းဆုံးဖြစ်စေချင်တဲ့ လူပေါ့ကွာ၊ တချို့ကိစ္စတွေက ရှင်းပြရခက်တယ်၊ ဦးကိုမင်းယုံပါ၊ တစ်နေ့တော့ မင်းနားလည်မှာပါ"

ခရစ္စ မျက်လုံးတွေ ပူလာသည်။

"ကျွန်တော်ဒီမှာ ဘယ်လောက်လောက် ကြာကြာနေရမှာလဲ"

"နည်းနည်းတော့ ကြာမယ်ကွ"

"ကျွန်တော့်အမေ လာခေါ်တဲ့ အထိလား"

"ငါတော့ မထင်ဘူး၊ အဲ . . . မင်းအမေက မင်းကို ဒီမြို့က လူကြီးတွေလက်ထဲ အပ်ခဲ့တာလေ"

ခရစ္စ မျက်လုံးတွေ ဖူးရောင်လာသလို ခံစားရသည်။

"သူ ဘယ်မှာလဲ"

"တို့လဲ မသိဘူး"

"သူ သေပြီလား"

ခရစ္စသည် အဖြေကို သိပ်သိချင်နေသည်။ သူ့ငိုနေမှန်း သူ့ဘာသာ မျက်ချင်း သတိမထားမိလိုက်။

အဲလီယော့က သူ့ကို ဖက်လိုက်သည်။

"ဟင့်အင်း၊ ဒါပေမယ့် မင်း သူ့ကို တွေ့ရတော့မှာ မဟုတ်ဘူး၊ တို့သိသလောက်တော့ သူ အသက်ရှင်တုန်းပါပဲ၊ ဒါပေမယ့် သူသေပြီလို့ပဲ မင်းသဘောထားလိုက်ပါတော့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စ ဝမ်းနည်းပက်လက်ဖြစ်သွားသည်။

"ဒါပေမယ့် မင်း ဘာမှ မပူနဲ့၊ ဦးတို့ရှိသေးတယ်၊ ဦးက မင်းကို ဂရုစိုက်မှာပါ၊ မင်းအနားမှာ ဦးအမြဲရှိနေမယ်၊ တို့နှစ်ယောက် မကြာခဏ တွေ့ကြတာပေါ့၊ မင်းမှာ ဆွေမျိုးဆိုလို့ ဦးပဲရှိတယ်လေ"

ရုံးခန်းတံခါး ဖွင့်လိုက်သဖြင့် ခရစ္စ လန့်သွားသည်။

လီပေ့ဂျ်သည် အမျိုးသမီးနှင့် လက်ဆွဲ နှုတ်ဆက်ရင်း ပြန်ထွက်လာသည်။ အမျိုးသမီးသည် မျက်မှန်တပ်ထားပြီး ခရစ္စ၏ ဗိုင်တွဲကို လက်ထဲ၌ ပိုက်ထားသည်။

"ခုလို ကူညီတာ ကျေးဇူးတင်ပါတယ်"

လီပေ့ဂျ်က ပြောပြီး အဲလီယော့ဘက်လှည့်ကာ

"အားလုံး စီစဉ်ပြီးသွားပြီ"

ဟု ပြောလိုက်သည်။

ထို့နောက် လီပေ့ဂျ်သည် ခရစ္စအား လှမ်းကြည့်ပြီး

"ကဲ . . . ၊ မင်းကို ဦးတို့က ဟောဒီက မစ္စဟာယ်လတန်နဲ့ ထားခဲ့တော့မယ်နော်၊ သူက သိပ်သဘောကောင်းတာ၊ မင်းကို သူတို့ သဘောကျမှာပါ"

လီပေ့ဂျ်က ခရစ္စအား လက်ဆွဲနှုတ်ဆက်လိုက်သည်။

ခရစ္စသည် လီပေ့ဂျ်၏ လက်ညှစ်အားကို မခံနိုင်သဖြင့် မျက်နှာရှုံ့မဲ့သွား၏။

"လူကြီးတွေစကားကို နားထောင်နော်၊ မင်းအဖေ ဂုဏ်ယူစရာဖြစ်အောင်လုပ်စမ်းကွာ"

အဲလီယော့က ခရစ္စအနားသို့ ခါးကိုင်း၍ ပခုံးကိုကိုင်ကာ

"ဒီ့ထက် အရေးကြီးတာရှိသေးတယ်၊ မင်းအတွက် ဦးဂုဏ်ယူစရာဖြစ်အောင်လုပ်နော်"

သူ့အသံက ခပ်တိုးတိုးမျှသာ။

အဲလီယော့နှင့် လီပေ့ဂျ်တို့ စင်္ကြံလမ်းမှ ပျောက်သွားသောအခါ ခရစ္စသည် အူကြောင်ကြောင်ငေးရင်း မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။

သူ မျက်ရည် ဝဲနေဆဲ။

သို့သော် သူ့အင်္ကျီအိတ်ထဲရှိ ချော့ကလက်ပြားလေးများကို လက်နှင့်စမ်းကြည့်ရင်း သူ စိတ်အား တက်မိလေသည်။

◆

# (၅)

ရှင်းလင်းစရာတွေ အများကြီးရှိသည်။

လေးဆယ့်ရှစ်ဧက ကျယ်သော ကျောင်းဝင်းကို ကားလမ်းတစ်လမ်းဖြင့် ထက်ခြမ်းပိုင်းထားသည်။ ဘော်ဒါဆောင်မှ စာသင်ကျောင်းသို့ အတော်ဝေးဝေး ခြေကျင်လျှောက်သွားဖို့လိုကြောင်း မစ္စဟာယ်လတန်က ခရစ္စအား ရှင်းပြသည်။

သူမခြေလှမ်းကို ခရစ္စ မီအောင် မနည်းလိုက်နေရသည်။ လမ်းမှာ ပကတိ ရှင်းလင်းနေ၏။

လမ်းဘေး ဝဲယာရှိ သစ်ပင်များက နေပူလွတ်အောင် ခရစ္စအား အရိပ်ပေးထားကြသည်။ မစ္စ ဟာယ်လတန်က အသေးစိတ်ရှင်းပြသော်လည်း ခရစ္စ နားမျက်စေ့ လည်ကုန်သည်။ သူမက ဘယ်နားမှာ ဘာအဆောက်အအုံရှိကြောင်း ပြောပြသွား၏။

သည်ကျောင်းဝင်းထဲမှာ ထမင်းစားဆောင်၊ လူနေဆောင်၊ ဘုရားဝတ်ပြုဆောင်၊ ဆေးရုံငယ် စသည်တို့ အားလုံးရှိသည်။

ကျောင်းဝင်း၏ အလယ်ဗဟိုရှိ အားကစားရုံကြီးရှေ့မှ ဖြတ်လျှောက်သွားစဉ် လမ်းတစ်ဘက် တစ်ချက်စီရှိ ကစားကွင်းများပေါ်မှ ဖြတ်တိုက်လာသည့် လေပူရှိန်က သူ့ကို တိုးဝှေ့သွားသည်။ ဘောလုံး ဂိုးတိုင်များနှင့်ဘော့စ်တော စည်းများ၊ တန်းများကို တွေ့ရသည်။ သို့သော် ဘယ်နေရာကြည့်ကြည့် မြက်ခင်းအစား သမံတလင်းခင်းထားသည်ကို တွေ့ရသဖြင့် သူ အံ့အားသင့်သွားသည်။

မီးခိုးခေါင်းတိုင်ကြီးများနှင့် မီးသွေးပုံကြီးများရှိသည့် ဖွမ်းအင်ဂျင်ရုံနှင့် 'လက်နက်တိုက်' ဆိုသော အဆောက်အအုံများအနီးမှလည်း ခရစ္စ ဖြတ်သန်းသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းဆုံးသို့ ရောက်သောအခါ သူ့ ခြေထောက်တွေ ကျဉ်နေပြီ။ အဆောင်ဟုခေါ်သော မွဲခြောက်ခြောက် မီးခိုးရောင် တိုက်ကြီးကို စိုက်ကြည့်ရင်း သူစိုးရိမ်စိတ်ဝင်လာသည်။

မစ္စဟယ်လတန်က သူ့လက်ကို အတင်းဆွဲကာ ထိုတိုက်ကြီး၏ မြေအောက်ထပ်သို့ ခေါ်ချသွားသည်။ အရောင်တင်ဆီနံ့က သင်းပျံ့နေသည်။ သူ့လို ခပ်စုတ်စုတ်အဝတ်အစားများ ဝတ်ထားသည့် ကောင်လေး တစ်ဒါဇင်ခန့်ကို တွေ့ရသည်။ တချို့က သူ့ထက်ကြီးသည်။

တချို့က သူ့ထက်ငယ်၏။

"မင်းရောက်လာတာ အချိန်မီရုံလေးပဲ၊ အပတ်စဉ် 'သွတ်သွင်းပွဲ' လုပ်တော့မှာလေ၊ နို့မို့ မင်းတစ်ယောက်တည်းအတွက် သတ်သတ် ထပ်လုပ်နေရဦးမှာ"

မစ္စ ဟယ်လတန်က ပြောသည်။

ခရစ္စ နားမလည်။ "သွတ်သွင်းပွဲ" ဆိုတာဘာလဲ။ သူမကြားဖူးသေး။ ဒါပေမယ့် သိပ်တော့ ဘဝင်မကျ။

ခပ်နွဲ့နွဲ့ ကုလားထိုင် တစ်လုံးပေါ် သူထိုင်ချလိုက်သည်။ အခြားကောင်လေးများလည်း မိမိနည်းတူ တစ်ယောက်နှင့် တစ်ယောက် ခပ်ခွာခွာ နေကြကြောင်း သူသတိထားမိသည်။

ခန်းမကြီးမှာ အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ် နေ၏။

ကာကီအကျီ၊ ဘောင်းဘီနှင့် သံလွင်သီးရောင် ဖျော့ဖျော့ လည်စည်းတို့ကို ဝတ်ဆင်ထားသော အဘိုးကြီးတစ်ယောက်က စင်မြင့်အလယ်ဆီသို့ လျှောက်လာသည်။

၎င်းက မိန့်ခွန်းပြောသည့် စားပွဲမြင့်ကလေး နောက်တွင် ဝင်ရပ်လိုက်သည်။

အဘိုးကြီးက လက်ကိုင်တုတ် တစ်ချောင်းကို ချိုင်းကြားညှပ်ကာ မိမိသည် ဤကျောင်း၏ ကျောင်းဝင်ခွင့်ဌာန၊ ညွှန်ကြားရေးမှူးနှင့် အဆောင်မှူး ဗိုလ်မှူးကြီး ဒေါက်ဂလပ်ဒိုလ်တီ ဖြစ်ကြောင်း သူ့ကိုယ်သူ မိတ်ဆက်သည်။

သူ့မိန့်ခွန်းတွင် တိရစ္ဆာန်နှင့် အားကစားဆိုင်ရာ ပြက်လုံးများ ထည့်ပြောသွားသည်။ ကောင်လေးတချို့ ရယ်ကြ၏။ အားကစားလောကမှ ထူးချွန်သူ ပုဂ္ဂိုလ်အတော်များများသည် ဤကျောင်းသို့ လာလည်တတ်ကြောင်းလည်း ဗိုလ်မှူးကြီးက ပြောသည်။

ခရစ္စ စိုးရိမ်နေသော်လည်း အဘိုးကြီးမိန့်ခွန်းကို စိတ်ဝင်စားသွားသည်။ မျက်ရည်တွေ ခြောက်သွားသဖြင့် သူ့ပါးနှစ်ဘက်မှာ အကြောတွေ တင်းနေသည်။





ရှေးခေတ် ဂရိဆိုသော နိုင်ငံ၌ စပါတန်ဟုခေါ်သော စစ်သား သုံးရာက သာမိုပိုင်လေးအမည်ရှိ တောင်ကြားလမ်းတစ်ခုတွင် ပါရှင်းစစ်တပ်များကို ခုခံတိုက်ခိုက်ရင်း အသေခံသွားခဲ့ပုံကိုလည်း အဘိုးကြီးက ပြောပြသည်။

"ရဲဘော်တို့၊ ဒီကျောင်းဟာ ဘယ်လိုကျောင်းမျိုးလဲဆိုတာ မင်းတို့သိအောင် ငါပြဦးမယ်"

ဟု အဘိုးကြီးက နိဂုံးချုပ်လိုက်သည်။

ထို့နောက် ကောင်လေးများအား နှစ်ယောက်တစ်တွဲစီ တန်းစီခိုင်းကာ သက်မွေးမှုပညာ သင်ကြားရေး အဆောင်သို့ ခေါ်သွားသည်။

ထို အဆောင်၌ သံရည်ကျို၍ ပုံသွင်းခြင်း၊ ကျောင်းသွား သတင်းစာ ပုံနှိပ်ထုတ်ဝေခြင်း၊ လက်သမားပညာ၊ စက်မှုလက်မှုပညာ လက်တွေ့သင်ကြားခြင်းပြုလုပ်နေသည့် အခြားကောင်လေးများအား ကျောင်းသားသစ်များဖြစ်ကြသော ခရစ္စတို့အုပ်စု တွေ့မြင်ကြရလေသည်။ ထို့ပြင် အပ်ချုပ်ဆိုင်၊ ဖိနပ်ဆိုင်နှင့် ပင်းမင်းဆိုင်တို့ကိုလည်း တွေ့ရသည်။

မိမိတို့ကဲ့သို့ ဘဝတူ ရွယ်တူကလေးများ၏ လုပ်ဆောင်ချက်ကြောင့် ပေါ်ထွက်နေသော အသံဗလံများနှင့် ၎င်းတို့၏ အရေးပါမှုတို့ကို ခရစ္စတို့ တစ်အုပ်စုလုံး သိပ်အားကျသွားကြသည်။

သူတို့ကိုယ်တိုင် ဝင်လုပ်ကြည့်ချင်စိတ် ပေါက်လာသည်။ သို့သော် ဗိုလ်မှူးကြီးက သူတို့အား နောက်ဆုံးကျမှ လက်နက်တိုက်ထဲ ခေါ်ပြသည်။

နောက်တစ်နေ့၌ ခရစ္စတို့ ကိုင်ဆောင်ရမည့် သေနတ်နှင့် ဓားရှည်များ၊ ဝတ်ဆင်ရမည့် ယူနီဖောင်းများကို ဗိုလ်မှူးကြီးက ပြုံးရွှင်စွာ လိုက်ပြသည်။

ဤအဆောင်ထဲ၌ ခရစ္စမှာ ပါးစပ်အဟောင်းသားဖြစ်နေ၏။

ဘယ်ကလေးမှ စကားမပြောနိုင်သလို နောက်လားပြောင်လားလည်း မလုပ်နိုင်ကြ။

သေနတ်ပြောင်းဆေးသည့် ဆီနံ့နှင့်အရောင်တင်ဆီနံ့တို့ကို ခရစ္စ ရှူရှိုက်ရသည်။

လေတာပ်၊ သို့မဟုတ် အမှတ် (၂) မရိန်းတပ်ခွဲတွင် အမှုထမ်းရန် လက်မှတ်ထိုးကြသည့်နေ့၌ သူတို့သည် ဗိုလ်မှူးကြီးအား ယခုနည်းတူပင် လေးစားကြည်ညိုနေကြပေလိမ့်မည်။ လေးစားမှုသည် ချစ်မြတ်နိုးမှု ဖြစ်လာလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဘင်ဂျမင် ဖရန့်ကလင်ကျောင်းတွင် ကျယ်ဝန်း သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ဗိုသတ္တဝါချည်းရှိသည့် စနစ်တို့ကိုအခြေခံခြင်းကြောင့် ချစ်ခြင်း မေတ္တာသည် မျိုးချစ်စိတ်နှင့် မာနအဖြစ် ပြောင်းလဲသွားဦးမည်တည်း။

ထိတ်လန့်ခြင်းကို ရှုံးအီသွားပြီး နောက်ဆုံး၌ မေ့ပျောက်သွားကြလိမ့်မည်။

သူရဲကောင်းစိတ်ဓာတ်နှင့်သစ္စာရှိမှုတို့ကို ပေါင်းစပ်ပေးကာ ဖရန့်ကလင်ကျောင်းမှ ကျောင်းသားများအား ပြင်ပကမ္ဘာသို့ မွေးထုတ်စေလွှတ်ပေးလျက်ရှိ၏။

"မင်းတို့ ဒီပုံစံအတိုင်း ကြည့်မကောင်းဘူးကွာ၊ ဒီလိုနေလို့ ဘယ်ဖြစ်မလဲ ဟုတ်လား"

ဗိုလ်မှူးကြီးက ပြောပြီး ပြုံးချိုစွာဖြင့်ပင် ၎င်းတို့အား နောက်အဆောင်တစ်ခုသို့ ခေါ်သွားပြန်သည်။ ထိုအဆောင်၌ ကျောင်းသားတစ်ယောက်လျှင် စစ်ဖိနပ်နှင့်တူသော ဘွတ်ဖိနပ်နှစ်ရံစီနှင့် ရောင်စုံရှပ်အင်္ကျီသုံးထည်၊ ရှပ်ဖြူတစ်ထည်၊ ဘောင်းဘီလေးထည်၊ ခြေစွပ်၊ အောက်ခံဘောင်းဘီ၊ စွပ်ကျယ်၊ လက်ကိုင်ပဝါလေးထည် တို့ကို ချည်သား ညဝတ်အင်္ကျီရှည်ကြီးဖြင့် ထုပ်ပိုးလျက် ပေးအပ်လိုက်သည်။

ဘွတ်ဖိနပ်များကို လည်ပင်းတွင်တွဲလောင်းချိတ်ပြီး အဝတ်ထုပ်များ ရင်ခွင်ပိုက်ကာ အဆောင်ဆီသို့ နေပူကျဲတဲ ကွင်းပြင်ထဲမှ တန်းစီလျက် ပြန်ပြေးသွားကြသော သူတို့အုပ်စုသည် လေထီးစစ်သား အသေးစားကလေးများနှင့် တူနေပေသည်။

◆

( ၆ )

ခရစ္စ ဆံပင်ကို ခေါင်းတုံးဆံတောက်ပုံစံ ညှပ်ပစ်လိုက်ရသည်။ ထို့ကြောင့် သူ့စိတ်ထဲက ရှက်ပြီး အနည်းငယ် ချောက်ချားနေသည်။

တခြားကောင်လေးများအား သူအကဲခတ်လိုက်ရာ ၎င်းတို့ကလည်း သူ့ကို ဝိုင်းကြည့်နေကြသည်။ သူက ခါးမတ်ပြီး မှန်ကြည့်လိုက်သည်။ အားကစားသမားတစ်ဦးရုပ်မျိုးပေါက်နေသည်ကို မထင်မှတ်ဘဲ တွေ့ရသဖြင့် သူ အားတက်သွားသည်။ မိမိကိုယ်ကို ယုံကြည်မှု ပိုရှိလာသည်။

ထို့နောက် ရေချိုးကြရသည်။ ရေချိုးခန်းမှာ ကြွေပြားခင်းထားသည့် အခန်းကျဉ်းလေးဖြစ်ပြီး ရေဘုံဘိုင်ခေါင်းမပါဘဲ မိန်းမကြီးတစ်ယောက်က အပေါက်ကလေးတစ်ပေါက်မှ ချောင်းကြည့်ကာ ရေပိုက်မှ အဖွင့်အပိတ်လုပ်ပေးသည်။ ယောကျ်ားအစောင့်တစ်ယောက်က ခရစ္စတို့အား အဝတ်ဟောင်းအားလုံးချွတ်၍ အခန်းထောင့်ရှိ ကင်းဗတ်အိတ်ကြီးထဲ စုပြုံထည့်ခိုင်းသည်။

ခရစ္စသည် ကိုယ်တုံးလုံးချွတ်ရသဖြင့် ရှက်နေသည်။ သူ့အမေကလွဲ၍ သူများရှေ့မှာ တစ်ခါမျှ ကိုယ်တုံးလုံး မချွတ်ဘူးပေ။

အမေ့အကြောင်း စဉ်းစားရင်း သူ့မျက်လုံးတွေ ပူလာသည်။ သူက ဘရှက်ကို လက်နှင့် ဖုံးလိုက်ရာ အခြား ကောင်လေးများလည်း သူ့လိုလိုက်လုပ်ကြတာ တွေ့ရသည်။ သို့သော် အစောင့်နှင့် မိန်းမကြီးတို့ကတော့ သူတို့ကို မယိကျိုးကျွန်ပြုနေသဖြင့် သူနားမလည်နိုင်ပေ။

ရေချိုးခန်းထဲ အားလုံး စုပြုံဝင်ကာ ဆပ်ပြာခဲ ကိုယ်စီကိုင်လျက် မှုန်ဖွေး၍ အားပြင်းလှသော ရေပန်းများအောက်တွင် ရေချိုးကြရာ တစ်ယောက်နှင့်တစ်ယောက် မတိုက်မိအောင် မနည်း သတိထားကြရလေသည်။ ရေပန်းအားက ကောင်းလွန်းသောကြောင့် နံဘေးမှ ကောင်လေးများကိုပင် ခရစ္စ မမြင်ရချေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရေပန်းရုတ်တရက် ရပ်သွား၏။

ခရစ္စလည်း ကောင်လေးများနှင့်အတူ ရေချိုးခန်းထဲမှ ထွက်သွားသည်။

သူတို့ ချမ်းနေ၏။ အစောင့်အမျိုးသားက သူတို့အား မျက်နှာသုတ်ပဝါတစ်ထည်စီဝေပေးပြီး သံပုံးကြီးတစ်ပုံးထဲမှ ခရင်မ်များကို ကိုယ်ပေါ် လိမ်းခိုင်းလိုက်သည်။

မိမိတို့ အဝတ်ဟောင်းများထည့်ထားခဲ့သော ကင်းဗတ်အိတ်ကြီး မရှိတော့ကြောင်း ခရစ္စ ရုတ်တရက် သတိထားမိသည်။ မိမိ၏ ကတ္တရာပေနေသော ဝေါကင်းရှူးနှင့် ဖုန်လူးနေသည့် ရှပ်အင်္ကျီတို့ကို ဘယ်တော့မှ ပြန်မတွေ့ရတော့ပေ။

ထို့အတူ သူ့ချောကလက်များလည်း သူ့အဝတ်များနှင့်အတူ ပါသွားလေသည်။

အလှည့်စားခံလိုက်ရပြီဟု ထင်မှတ်ကာ သူ ညည်းညူရှိက်ငင်ချင်စိတ်ပေါ်လာသည်။

သူ့မှာ ချောကလက်များစားဖို့ မျှော်လင့်ချက်ကလွဲလို့ ဘာမျှမရှိ။
သို့သော် ဝမ်းနည်းနေဖို့ အချိန်မရလိုက်။

အစောင့်က သူတို့၏ မျက်နှာသုတ်ပဝါများကို ပြန်သိမ်းပြီး နှစ်ထပ်ခုတင်များ နံရံတစ်လျှောက်တန်းစီထားသည့် အခန်းကြီးတစ်ခန်းထဲသို့ ခေါ်သွားသည်။

အိပ်စင်များနှင့်တွဲလျက် သံဗီရိုများထားပေးသည်။ ပြတင်းပေါက်များတွင် သံတိုင်များ တပ်ထားသည်။

ခရစ္စ စိတ်ဓာတ်ကျစွာဖြင့် အဝတ်အစားများ ဝတ်လိုက်သည်။ အင်္ကျီ၊ ဘောင်းဘီ အသစ်ကျပ်ချွတ် ဝတ်ထားရသဖြင့် မနေတတ် မထိုင်တတ်ဖြစ်နေရာမှ အခြားကောင်လေးများအား သူ တအံ့တသြ လှမ်းကြည့်လိုက်သည်။

သူ၏ အသားအရေနှင့် ဆံပင်အရောင်များ ကွာခြားခြင်းမှလွဲ၍ သူတို့အားလုံး ခပ်ဆင်ဆင်ဖြစ်နေသောကြောင့်တည်း။ ဘာကြောင့်မှန်း မပြောတတ်သော်လည်း ထိုထူးခြားချက်ကြောင့် သူ နည်းနည်းတော့ ဘဝင်ကျသွားသည်။

အစောင့်က သူတို့၏ အချိန်ဇယားကို ရှင်းပြသည်။

မနက် ခြောက်နာရီ အိပ်ရာထ။ ၇ နာရီ မနက်စာစား။ ၈ နာရီမှ ၁၂ နာရီအထိ စာသင်။ ၁၂ နာရီမှ ၁၂း၄၀ နာရီအထိ နေ့လယ်စာစား။





မွန်းလွဲ ၁ နာရီအထိ ခဏနား။ ၅ နာရီအထိ စာသင်။ ၆ နာရီအထိ ကစား။ ပြီးတော့ ညစာစား။ စာကျက်။ ၈ နာရီ၌ အိပ်ရာဝင်ကြရမည် ဖြစ်သည်။

"မင်းတို့ကိုယ်ပေါ် ယားတာတွေ ဘာတွေ . . ၊ နေလို့ထိုင်လို့ မကောင်းရင် သွားဖုံးသွေးယိုရင် ငါ့ကိုလာပြော၊ ဟုတ်လား၊ မနက်ဖြန်ကျ မင်းတို့ကို အိပ်ရာခင်းနည်း ငါသင်ပေးမယ်။ ပထမရက်သတ္တပတ်တွေမှာတော့ အိပ်ရာပေါ် သာရေအခင်းခံပြီး အိပ်ကြရမယ်၊ သေးတွေဘာတွေ မစိုအောင်လို့ပေါ့ကွာ"

ထို့နောက် အစောင့်က သူတို့အား စားသောက်ခန်းမကြီးသို့ ခေါ်သွားသည်။

ထိုခန်းမကြီးထဲ၌ ဆံပင် ပုံပျက်ပန်းပျက် ညှပ်ထားသော မီးခိုးရောင်ဝတ်စုံများနှင့် အရွယ်အစားမျိုးစုံရှိသော ကောင်လေးပေါင်း ရာနှင့်ချီ၍ ရှိသည်။ ၎င်းတို့သည် အတန်းဆင်းခဲ့သူများ ဖြစ်သည်။

ခရစ္စတို့ ကျောင်းသားအုပ်စုက လင်ဗန်းကိုယ်စီကိုင်လျက် စားစရာများ တန်းစီယူကြရသည်။

ဤမျှ ကျောင်းသားဦးရေများသော်လည်း ခန်းမကြီးမှာ ပကတိ တိတ်ဆိတ်နေသည်။

ခရစ္စသည် ကျောင်းမှကျွေးသည့် အစားအစာများကို မြင်မြင်ချင်း စားချင်စိတ် ကုန်သွားသည်။ တူနာငါးဟင်းဖြစ်ကြောင်း ဘေးမှ ကောင်လေးတစ်ယောက်က ပြောသည်။ စားပွဲပေါ်ရှိ ဆားဘူးကလေးကို သူစိုက်ကြည့်နေရာ သူ့အပေါ်သို့ အရိပ်မည်းကြီးတစ်ခု ကျလာပြီး

"မစားတဲ့လူ ဒဏ်ပေးခံရမယ်၊ စားကြ၊ စားကြ"

ဟု အသံနက်ကြီးဖြင့် လာပြောသည်။

ခရစ္စက ခက်ရင်းကို ဖြည်းညှင်းစွာ ကောက်ယူပြီး ဖျော့ဖွေးသော ခရင်မ်များ အုပ်ထားသည့် ဟင်းကို ကြိတ်မှိတ်၍ မျိုချလိုက်ရသည်။

ညစာစားပြီးလျှင် ရုပ်ရှင်ပြမည်ဟု ပြောကြသည်။

ခရစ္စသည် မော်တော်ကား တစ်ခါမျှမစီးဖူးခဲ့သလို ရုပ်ရှင်လည်း မကြည့်ဖူးပေ။ မျက်လှည့်ပြသလို ပိတ်ကားပေါ် လှုပ်ရှားနေသော အဖြူအမည်း ပုံရိပ်များကို ကြည့်ရင်း သူ အရမ်းပျော်သွားသည်။

'ပင်လယ် ပျားဂိတုံး စစ်သည်များ' အမည်ရှိ ရုပ်ရှင်ကားကို ပြသသည်။ သေနတ်ပစ်ခန်း၊ ဗုံးပေါက်ခန်းများစွာပါဝင်သည့် စစ်ကားဖြစ်သည်။ မင်းသားမှာ ဂျွန်ဝိန်းဖြစ်ကြောင်း အခြားကောင်လေးများက ပြောသဖြင့် ခရစ္စ သိရသည်။ ကောင်းခန်းရောက်တိုင်း ကောင်လေးများ လက်ခုပ်တီး အော်ဟစ်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ခရစ္စ သိပ်ကြိုက်သွား၏။

ထိုနေ့ညက အမှောင်ထဲ အိပ်စင်အောက်ထပ်မှာ သူလှဲရင်း သူ့အမေ ဘယ်ရောက်နေပါလိမ့်ဟု တွေးမိသည်။

မိမိ သည်မှာ ဘာလုပ်နေတာလဲ။ တာဝန်ထမ်းရင်း မိမိအဖေကျဆုံးသွားသည်ဟု လီပေ့ဂျ်ကပြောခဲ့သည်။

အောနုတင်မှ ကောင်လေးတစ်ယောက်၏ငိုသံ သဲ့သဲ့ကြားရ၏။

ခရစ္စ မျက်ရည်ဝဲနေသည်။

"ငိုမနေနဲ့ ငါအိပ်မရဘူးကွ"

ဟု ခပ်ကြီးကြီးကောင်လေးတစ်ယောက်က ထအော်သည်။

ခရစ္စ ရှက်ပြီး ငြိမ်သွား၏။

အောမှ ကောင်လေးကို အော်ခြင်းဖြစ်ကြောင်း သိရမှ သူ့ မျက်လုံးရှတ်မှိတ်ကာ မငိုသော ကောင်လေးတစ်ယောက်အဖြစ် သတ်မှတ်ခံရန် စိတ်ကို ပြန်တင်းလိုက်သည်။ သို့သော် အမေ့ကို ဘာကြောင့် 'ပြည့်တန်ဆာ" ဟု ခေါ်ကြောင်း လီပေ့ဂျ်အား ရှင်းပြနိုင်းချင်သည်။

အက်လန်တစ်စီးတီးမှ သူမပြန်လာပြီး မိမိအား လာခေါ်ပါစေဟု ဆုတောင်းမိသည်။

ဝမ်းနည်း ယူကျုံးမရဖြစ်ခြင်းကြောင့် သူ့ရင်မှာ ဆို့နင့်တင်းကျပ်နေသည်။

အိပ်မက်ထဲ၌ သူ့အား အဲလီယော့က ဘေဘီရှယ် ချော့ကလက်များ ပေးနေပုံကို မြင်မက်လေသည်။

◆

(၇)

"ငါကတော့ ဖီလီအသင်းဘက်ကကွ"

ခရစ္စ၏ ညာဘက်မှ ကောင်လေးက ပြောသည်။

ခရစ္စသည် ပထမတန်း စာသင်ခန်း၏ နောက်ဘက်နားရှိ ကြမ်းပြင်ပေါ်၌ သူတို့အုပ်စုဝင် ကောင်လေးများနှင့် အရုပ်ဆက်တမ်းကစားနေကြသည်။ ရုပ်ပုံကားချပ်များမှာ အမေရိကန်ပြည်ထောင်စု မြေပုံများဖြစ်ကြပြီး စက်ရုံများ၊ သတ္တုတွင်းများ၊ ပြောင်းဖူး၊ ပန်းသီး၊ ရေနံတွင်းတို့ကို ကာတွန်းရုပ်များအဖြစ် ဖော်ပြထားသည်။

အချို့မြေပုံများမှာ ခရစ္စ မကြားဖူးသည့် တရုတ်ပြည်၊ ရုရှား စသောတိုင်းပြည်တို့၏ မြေပုံများဖြစ်သည်။ အရုပ်ဆက်ကစားရသော ရုပ်ပုံကားချပ်များမှာ တောက်ပသော အရောင်များ ပါရှိရာ ခရစ္စလည်း အချိန်အနည်းငယ်အတွင်း ပုံပေါ်အောင် အရုပ်ဆက်တတ်သွားလေသည်။

သူ့တစ်သက်မှာ တစ်ခါမှ ကျောင်းမတက်ဖူးသေး။ တခြားကောင်လေးတွေ ညည်းညူကြသော်လည်း သူ ကျောင်းမှာ ပျော်လိမ့်မည်ဟု ထင်သည်။

အချိန် အတိုင်းအတာ တစ်ခုအထိဆိုပါစို့။

အဲလီယော့က သူ့အမေကို မေ့ပစ်ဖို့ ပြောသွားသော်လည်း အမေလာခေါ်မည်ဟု သူ ကျိန်းသေ တွက်ထားသည်။

ဖီလီ အသင်းဘက်ကဟု ပြောလိုက်သော ကောင်လေးသည် ခရစ္စထက် ပိုပိန်ပုံရပြီး မျက်နှာက သွယ်လွန်းသဖြင့်မျက်လုံးပိုပြူးသကဲ့သို့ ဖြစ်နေသည်။ ကောင်လေးက သူ့အား ထောက်ခံမည့်သူများကို စောင့်ရင်း ပြုံးလိုက်သည်။ သူ့မှာ သွားအတော်များများ ကျိုးနေကြောင်း ခရစ္စ သတိထားမိ၏။

သို့သော် တခြားကောင်လေးများက ဘာမျှ ပြန်မပြောသောအခါ သွားကျိုးကလေးရှက်ပြီး မျက်နှာ ပြန်တည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ခရစ္စ၏ ဘယ်ဘက်မှ ကောင်လေးတစ်ယောက်က စကားပြော ပြန်သည်။ အခြားကောင်လေးများနှင့် အသက်တူတူ ဖြစ်သော်လည်း ၎င်းက အနည်းငယ်ပိုဝပြီး အရပ်ပိုမြင့်သည်။ သူတို့အုပ်စုထဲတွင် သူ့ဆံပင်က အနက်ဆုံး၊ အသားအညိုဆုံး၊ မျက်နှာက လေးထောင့်ပုံအကျဆုံး အသံအဩဆုံး ဖြစ်သည်။ သူ့နာမည် ဆောလ်ဂရစ္စမင်း ဟုခေါ်သည်။

မနေ့ညက အဆောင်မှာ အသက်ပိုကြီးသော ကောင်လေးတစ်ယောက်က ဂရစ္စမင်းသည် ဂျူးတစ်ယောက်ဖြစ်ကြောင်း တိုးတိုးပြော၍ ခရစ္စကြားလိုက်ရသည်။ "ဂျူး" ဆိုတာ ဘာမှန်း ခရစ္စမသိချေ။

"ငါကတော့ ဘေ့စ်ဘော အသင်းအားလုံးကို အားပေးတယ်ကွ၊ ငါ့မှာ ဘေ့စ်ဘော ကတ်ပြားလေးတွေရှိတယ်"

ဟု ဆောလ်က ပြောပြီး သူ့ ရှပ်အင်္ကျီအောက်မှ ဖဲချပ်လို ဘေ့စ်ဘော ကတ်ပြားလေးများကို နှိုက်ထုတ်လိုက်သည်။

အခြားကောင်လေးများ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ အရုပ်ဆက်ကစားခြင်းကို ခဏရပ်ကာ စာအုပ် ထိုင်ဖတ်နေသော အထိန်းတော် မိန်းမကြီးဆီ ဖျတ်ခနဲလှမ်းကြည့်လိုက်ကြသည်။

ဆောလ်က ဘေ့စ်ဘော ကတ်ပြားလေးများကို တစ်ချပ်ချင်း ချပြသွားသည်။ ခရစ္စ တစ်ခါမျှ မကြားဖူးသော ယိုဂီဘဲရား၊ ဂျိုးဒီမက်ဂျီယို၊ ဂျက်ကီ ရော်ဘင်ဆင် စသော ကမ္ဘာကျော် ဘေ့စ်ဘော သမားကြီးတို့၏ ရုပ်ပုံများနှင့် ၎င်းတို့၏ အတ္ထုပ္ပတ္တိအကျဉ်း၊ အားကစားသမား အောင်ပွဲမှတ်တမ်း စသည်တို့ ထိုကတ်ပြားလေးများပေါ်၌ ပါရှိသည်။

ဆောလ်သည် ၎င်းတန်ဖိုးထားပြီး တယုတယ သိမ်းထားသည့် ကတ်ပြားလေးများကို ထုတ်ပြကာ သိပ်ပီတိဖြစ်နေသည်။ သို့သော် သူ့ကတ်ပြား တစ်ချပ်မျှ သူများ ကိုင်ခွင့်မပေးချေ။

"သူကတော့ ဟိုလူတွေ မကစားခင်ကတည်းက ကစားခဲ့တာကွ၊ သူက ဝါအရင့်ဆုံးပေါ့၊ ပိုပြီးတော်တယ်"

ဆောလ်က ကတ်ပြားတစ်ချပ် ဆွဲထုတ်ရင်း ပြောသည်။

ခရစ္စက ထိုကတ်ပြားပေါ်မှပုံကို ကြည့်လိုက်သည်။ ၎င်း နာမည်က 'ဘေ့ရုသ်' တဲ့။

ဘေ့စ်ဘောအကြောင်း မိမိ နကန်းတစ်လုံး မသိသော်လည်း အခြားကောင်လေးများ အထင်ကြီးအောင် သူ စိတ်ကူးထုတ်၍ ပြောလိုက်သည်။

"ဟုတ်တယ်၊ သူ့နာမည်နဲ့တောင် ချော့ကလက်တွေ ထုတ်ထားသေး





တယ်လေ"

အဲလိယော့အမည်ရှိ လူကြီးကို သူ မျက်လုံးထဲပြေးမြင်မိသည်။

ဆောလ်က မျက်မှောင်ကုတ်၍

"ဘာပြောတယ်"

"ဘေ့ရုသ်ဆိုတဲ့ ချော့ကလက်ပြားလေကွာ"

"အဲ့ဒါက ဘေဘီရုသ်ပါကွာ"

"အေးလေ၊ ငါလဲ အဲ့ဒါပြောတာပဲ"

"မတူဘူးကွ၊ ချောကလက်က ဘေဘီရုသ်၊ ဒီလူ့နာမည်က ဘေ့ရုသ်"

"အဲဒါဘာဖြစ်လဲ"

"ချော့ကလက်က ရုသ်ဆိုတဲ့ကလေးတစ်ယောက်ရဲ့ နာမည်ကို မှည့်ပြီး ထုတ်တာပါ"

ခရစ္စ ရှက်ပြီး မျက်နှာရဲသွားသည်။

အခြားကောင်လေးများက သူ့ကို ဝိုင်းဟားကြသည်။

အထိန်းတော် မိန်းမကြီးက သူတို့ကို စိုက်ကြည့်လိုက်ရာ သူတို့ အားလုံး လန့်သွားကြသည်။

ဆောလ်က သူ့ကတ်ပြားကို ရှပ်အင်္ကျီအတွင်းသို့ ကမျာကယာ ထိုးထည့်လိုက်သည်။ ကောင်လေးများလည်း အရုပ်ဆက်တမ်း ပြန်ကစားကြသည်။

မိန်းမကြီးက သူတို့နား လျှောက်လာသည်။ ခရစ္စ ကြောက်နေ၏။ ခပ်ကြာကြာ ကြည့်နေပြီးမှ သူမစားပွဲသို့ ပြန်သွားသည်။

"ဒီကတ်ပြားတွေ မင်းဘယ်လို သိမ်းထားလဲ"

နေ့လည်စာ သွားစားသောအခါ ကောင်လေးတစ်ယောက်က ဆောလ်အားမေးလိုက်သည်။ ဤကျောင်းသို့ ရောက်သည်နှင့် ကျောင်းသားသစ်တိုင်း မိမိတွင် ပါလာသမျှ ပစ္စည်း အားလုံးကို အပြီးအပိုင် စွန့်လွှတ်လိုက်ကြရသည်။

နောက်မှ စားဖို့သိမ်းထားသည့် ခရစ္စ၏ ချော့ကလက်တွေလည်း အသိမ်းခံလိုက်ရပြီးပြီမဟုတ်လား။

ဆောလ်က အဖြေမပေး။ ပြုံးရုံသာ ပြုံးပြသည်။

ဘေ့စ်ဘောကတ်ပြားကလေးများ လက်ဝယ်ရှိခြင်းကြောင့် ဆောလ်ကို ပေါင်းသင်းချင်သူ မိတ်ဖွဲ့ချင်သူတွေများလာသည်။ 'ဘေ့ရုသ်" အကြောင်း မသိဘဲ ဝင်ဖြီးသော ခရစ္စကို သူတို့က တုံးဟု သတ်မှတ်၍ ခပ်ရှောင်ရှောင် နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေပြန်လာခေါ်ဖို့ သူ ပို၍ ဆုတောင်းမိသည်။ ကျောင်းကို သူမုန်းသွားပြီ။

ညနေစောင်း၌ အားကစားရုံ၏ မြေအောက်ထပ်ရှိ ရေကူးကန်သို့ အထိန်းတော်ကြီးက သူတို့ကို ခေါ်သွားသောအခါ ကျောင်းကို သူ ပို၍ စိတ်ကုန်သွားသည်။ သူတို့ကို ကိုယ်တုံးလုံးချွတ်ပြီး ရေချိုးခိုင်းသည်။ လူမြင်ကွင်းမှာ ကိုယ်တုံးလုံးချွတ်ရပြန်သဖြင့် ခရစ္စရှက်သွားပြန်၏။ သူ ရှက်လို့ မဆုံးသေးနည်းပြ ဆရာက သူတို့ကို ရေထဲ ခုန်ချခိုင်းသောအခါ သူလန့်သွားလေသည်။

သူရေနစ်မှာကြောက်သည်။ ဤမျှ ကြီးမားသော ရေကန်မျိုး သူ မတွေ့ဖူးသေး။ တစ်ခါက သူ့အမေက သူ့ကို ရေချိုးပေးစဉ် သူ ရေမွန်းဖူးသည်။

ဆရာက သူ့ကို အတင်းခုန်ချခိုင်းသဖြင့် သူ ခုန်ချလိုက်သည်။ တာပဲ ဖြစ်ဖြစ် ရေထဲမှာဆိုတော့ သူ့ခန္ဓာကို သူများတွေ မမြင်ရတော့ဘူးပေါ့။

ရေက သူ့ခါးလယ်လောက်သာ နက်သဖြင့် သူ အံ့အားသင့်သွားသည်။ တခြားကောင့်လေးတွေလည်း ခရစ္စကဲ့သို့ပင် ရေထဲ မဆင်းချင်ဆင်းချင်နှင့် ခုန်ချကြသည်။ သို့သော် ဆောလ်တစ်ယောက်သာ ရေကန်ထဲ ဆင်းရတာ အားတက်သရော် ရှိပုံရသည်။ သူက ရေငုပ်လိုက်သေးသည်။

"ဟေ့ကောင် မင်းနာမည်ပြောစမ်း"

ဆရာက ဆောလ်အား လက်ညှိုးထိုး ခေါ် လိုက်သည်။

"ဆောလ်ဂရစ္စမင်းပါဆရာ"

ဤကျောင်းမှာ သူတို့အားလုံး လူကြီးများနှင့် စကားပြောသည့် အခါ "ဆရာ" ဟု အမြဲထည့်ပြောဖို့ စည်းကမ်းထုတ်ထားသည်။

"မင်း အရင်က ရေကူးဖူးလား"

ဆောလ်က

"မကူးဖူးပါဘူးဆရာ"

"ရေကူးသင်ဖူးသလား"

"မသင်ဖူးပါဘူးဆရာ"

ဆရာက ဆောလ်ကို အထင်ကြီးသွားဟန်ဖြင့် မေးစေ့ကို လက်နှင့် ပွတ်နေသည်။

"မင်းက ပါရမီပါတယ်ထင်တယ်"

ဆောလ်အား ဆရာက သဘောကျသွားပုံကို တွေ့သဖြင့် ကောင့်လေးများ ဆောလ်အနား အလုအယက် တိုးသွားကြသည်။

ဆရာက သူတို့ကို ခြေထောက်ယက်နည်း လက်တွေ့ပြသည်။





"ဟုတ်ပြီ. . . ဆောလ်ကို ကြည့်ကြ၊ သူ သဘောပေါက်သွားပြီ"

ဆောလ်နှင့် အဝေးဆုံးသို့ ရောက်ကာ ရေလွှာပြင်ပေါ် ခေါင်းကို မနည်းဖော်ရင်း ရေထဲ၌ ကိုးရိုးကားရား ခြေယက်နည်းကျင့်နေရသော ခရစ္စသည် အလွန်အားငယ်ကာ အထီးကျန်စိတ်ဝင်လာလေသည်။

သို့သော် ကစားဖော် သူငယ်ချင်းများရှိသည့် ရပ်ကွက်နှင့် မိမိ၏ အိမ်တွင် တစ်ယောက်တည်းနေရင်း တစ်နေ့လုံး အမေပြန်အလာကို စောင့်မျှော်နေခဲ့စဉ်က ယခုလောက် အထီးကျန်မဖြစ်ခဲ့ချေ။

တကယ်တော့ အမေက သူ့ကို ပစ်သွားသည်မှာ သည်တစ်ကြိမ်သည် ပထမဆုံးအကြိမ်မဟုတ်၊ သူတစ်ယောက်တည်း နေတတ်ခဲ့တာကြာပြီ။ သို့ တစေ အမေ ထွက်သွားတိုင်း အမေ့ကို သူလွမ်းတတ်စမြဲ။

ယခု မိမိနှင့်စိမ်းလွန်းသည့် ပတ်ဝန်းကျင်တွင် အခြားကလေးများ၏ ဝိုင်းပယ်ခြင်းခံရပြီး ဆောလ်ကို မနာလိုဖြစ်လျက် အေးစက်သော ရေထဲ စိမ်နေရစဉ် အထီးကျန်ခြင်းဝေဒနာကို ခံစားနေရ၏။ ထိုဝေဒနာက သူ့ရင်ကို နာကျင်စေပြီး ဤကျောင်းကြီးကို သူစက်ဆုပ်မုန်းတီးမိလေတော့သည်။

သူ့အဖို့ စိတ်ဝင်စားစရာ ကိစ္စတစ်ခု နောက်နေ့ကျမှ ပေါ်လာသည်။

အိပ်ရာခင်းနည်း၊ ဖိနပ်ကြိုးချည်နည်း၊ ဖိနပ်ဆေးတိုက်နည်း၊ လည်စည်းချည်နည်းတို့ကို တစ်နေ့လုံး လေ့ကျင့်ရပြီးနောက် ကျောင်းသားအားလုံးနှင့်အတူ သူ ရုပ်ရှင်သွားကြည့်ရသည်။

သူ ပထမဆုံးကြည့်ရသော ဝေါ့ဒစ္စနီ စိစ်ရုပ်ရှင်ကားကို သူစားမြုံပြန်မိသည်။ ယခုဇာတ်ကား နာမည်မှာ 'စစ်တလင်း' ဖြစ်၏၊ စစ်တိုက်ခန်းတွေ အများကြီးပါသဖြင့် ကောင်လေးများ လက်ခုပ်တဖြောင်းဖြောင်း တီးကြသည်။

အုပ်စု စိတ်ဓာတ်ဖြင့် စစ်တိုက်ကြသည့် အမေရိကန်စစ်သားတစ်စု၏ ဇာတ်လမ်းကို ခရစ္စကြိုက်သွားသည်။ စစ်ချီသီချင်းများက သူ့ရင်ကို ခုန်စေသည်။

ထိုနောက်တွင် ရုပ်ရှင်နှင့် ပတ်သက်၍ ခရစ္စ၏ သဘောထားကို မည်သူကမျှ ဂရုမစိုက်ကြချေ။

သူတို့သည် ဆောလ်၏ သဘောထားကို သိလိုကြသည်။

ခရစ္စ ငိုပြီး အိပ်ပျော်မတတ်ဖြစ်သွားသည်။ ဘယ်တော့မှ မငိုဟု သန္နိဋ္ဌာန်ချထားသောကြောင့် အမှောင်ထဲ၌ သူ အံကြိတ်ကာ ကျောင်းမှ ထွက်ပြေးဖို့ အကြံထုတ်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၈ )

မနက် ခြောက်နာရီတိတိ၌ မီးများလင်းလာသဖြင့် သူ နိုးသွားသည်။ ယနေ့ တနင်္ဂနွေနေ့ဟု တစ်စုံတစ်ယောက်က ပြောသည်။

အိပ်မှုန်စုံမွှားနှင့်ထကာ အခြားကောင်လေးများနှင့်အတူ ရေချိုးခန်းသို့သွားသည်။ ဘယ်လက်ဖြင့် သွားပွတ်တံကိုင်ကာ ညာလက်ဝါးဖြန့်၍ ကြီးကြပ်ရေးမှူးပေးသော သွားတိုက်ဆေးမှုန့်ကို လက်ခံယူကြရသည်။ ကြီးကြပ်ရေးမှူး ပြထားသည့်အတိုင်း အံသွားအားလုံး မကျန်အောင် သွားတိုက်ရသည်။ ကိုလ်ဂိတ်သွားတိုက်ဆေးတွင်ပါသော ပူရှိန်းအနံ့ကို သူမကြိုက်ချေ။ အန်ချင်စိတ်ပေါက်လာသည်။

အိမ်သာများရှိသည့်ဘက်မှ ရေဆွဲချသံများကို ကြားနေရသည်။ အိမ်သာကမုတ်ပေါ်မှ ပြန်ထလာသော ကောင်လေးများကို မကြည့်မိအောင် သူ မျက်စိလွှဲထားမိသည်။

အိမ်သာများမှာ အကာအရံ လုံးဝမရှိ။ ကမုတ်များကို ယောင်းလောင်းတန်းစီထားသည်။ ခရစ္စ ရှက်လွန်းသဖြင့် အိမ်သာ မသွားမဖြစ်မှသာ သွားသည်။ အိမ်သာတက်သောအခါ သူ့ကို ဘယ်သူမှ မကြည့်သဖြင့် သူ အံ့ဩရသည်။

အဝတ်အစားလဲ မနက်စာစားပြီးနောက် သူတို့ကို ကြီးကြပ်ရေးမှူးက ဘုရားဝတ်ပြုဆောင်သို့ ခေါ်သွားသည်။

ဘုရားဝတ်ပြုဆောင်မှာ ရောင်စုံမှန်ပြတင်းများ တပ်ထားသော်လည်း လက်ဝါးကပ်တိုင်၊ သို့မဟုတ် အခြား ဘာသာရေး သင်္ကေတများ လုံးဝမတွေ့ရချေ။ ကျောင်းသားများသည် သတ်မှတ်ထားသော ဝတ်ပြု ခုံတန်းများ၌ ဝင်ထိုင်ကြရသည်။

မစ္စတာ အက်ပဲလ်ဂိတ်အမည်ရှိ တရားဟောဆရာက စင်မြင့်ပေါ်မှ





နေ၍ အမေရိကန်ပြည်ထောင်စု၏ အမျိုးသားသီချင်း နှစ်ပုဒ်ကို လိုက်ဆိုနိုင်းသည်။

ထို့နောက် တစ်ဒေါ်လာတန် ငွေစက္ကူတစ်ရွက်ကို ဆွဲထုတ်၍ သမ္မတ ဂျော့ဝါရှင်တန်ရုပ်ပုံ၏ နောက်ကျော်ဘက်မှ စာတမ်းကို အော်ဖတ်လိုက်သည်။

“ 'အမေရိကန်ပြည်ထောင်စု၊ ဘုရားသခင်အား၊ ကျွန်ုပ်တို့ ယုံကြည်သည်' တဲ့၊ မင်းတို့အားလုံး အဲဒီစာတန်း နှစ်တန်းကို ကောင်းကောင်း မှတ်ထားကြ၊ ဘုရားသခင်ကို တို့ယုံကြည်တယ်၊ ဘုရားသခင်ကလဲ တို့ကို ယုံကြည်တယ်ကွ၊ အဲဒါကြောင့်မို့ တို့နိုင်ငံဟာ ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံး အချမ်းသာဆုံးနဲ့ ဩဇာတိက္ကမအရှိဆုံးနိုင်ငံဖြစ်တယ်၊ ဘာလို့လဲဆို ဘုရားသခင်က တို့ကို ယုံကြည်လို့ပေါ့၊ တို့ဟာ ဘုရားသခင်ကိုယ်တော်ရဲ့ ရန်သူတွေကို တိုက်ခိုက်မယ့် စစ်သည်တော်တွေဖြစ်ရမယ်၊ ဘုရားသခင်ပြဋ္ဌာန်းတဲ့ ဘဝအတိုင်း နေထိုင်ကြရမယ်၊ တို့နိုင်ငံရဲ့ ကြီးမြတ်မှုနဲ့ ဂုဏ်ရှိန်ဝါအတွက် တိုက်ခိုက်ခြင်းထက်ပိုပြီး ဂုဏ်ရှိတဲ့အလုပ် မရှိဘူး၊ အမေရိကန်ပြည်ကို ဘုရားသခင် စောင့်ရှောက်ပါစေ”

တရားဟောဆရာက ကျောင်းသားများအား လိုက်ဆိုရန် လက်ပြလိုက်သည်။

“အမေရိကန်ကို ဘုရားသခင်စောင့်ရှောက်ပါစေ. . .”

ကောင်လေးအားလုံး ပြိုင်တူ အော်ဟစ်ကြသည်။ သူက နောက်တစ်ကြိမ်ထပ်အော်ရာ ကျောင်းသားများက လိုက်အော်ကြပြန်သည်။ ဘုရားဝတ်ပြုဆောင်အတွင်း၌ တဖြည်းဖြည်း ပြန်လည် တိတ်ဆိတ်သွားသော်လည်း ခရစ္စနားထဲ၌ အော်သံများ ပဲတင်ထပ် ကျန်ရစ်နေဆဲဖြစ်သည်။

မစ္စတာအက်ပဲလ်ဂိတ် စကားကို သူ နားမလည်သော်လည်း ကြောက်စရာကောင်းလောက်အောင် သူ စိတ်ထက်ကြွ လှုပ်ရှားနေသည်။

ထို့နောက် မစ္စတာ အက်ပဲလ်ဂိတ်က သမ္မာ ကျမ်းစာထဲမှ အခန်းတစ်ခန်းကို ဖတ်ပြသည်။

အမျိုးသားသီချင်းကို နောက်တစ်ခေါက် သံပြိုင် သီဆို၍ အခမ်းအနား ရုပ်သိမ်းလိုက်၏။

ခရစ္စက ကစားဖို့ မျှော်လင့်နေစဉ် ဘုရားကျောင်းမှ မထွက်မီ ကျောင်းသားများအား ဘာသာဂိုဏ်းအလိုက် အုပ်စုခွဲပေးပုံကို သူ တွေ့ရသည်။ လူသာရန်၊ အင်္ဂလိကင်၊ ပရက်ဘိုင်တဲရီးယဲ ဘာသာဂိုဏ်း စသည်တို့ဖြစ်၏။ ခရစ္စနားမလည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အုပ်စု ပါဝင်ရမှန်း သူမသိ။ သူမှာ ကိုးကွယ်ရသည့် ဘာသာဆိုတာကော ရှိရဲ့လား။ ရှိသည်ခင်သျှင်လည်း ဘယ် ဘာသာရေးဂိုဏ်းလဲ။

အခြားကောင်လေးများနှင့်အတူ ဘုရားကျောင်းထဲမှ ယောင်ချာချာ ပြန်ထွက်လာစဉ် နေလောင်ခံထားရသကဲ့သို့သော မှဲ့ခြောက်များသည့် မျက်နှာ၊ နီရဲရဲဆံပင်နှင့် ကြီးကြွပ်ရေးမှူးတစ်ဦးက သူ့ပခုံးကို လှမ်းကိုင်လိုက်ပြီး

"မင်း ငါနဲ့လိုက်ခဲ့ ကီလ်မွန်းနီး"

၄င်း၏ အသံက လွင်သည်။ ၄င်းနာမည် အိုဟားယား ဖြစ်ကြောင်း ဖွင့်ပြောသည်။

"ငါလဲ မင်းလို အိုင်းရစ်ရှ်တစ်ယောက်ပဲကွ၊ မင်းတို့ ငါတို့ဟာ အာရ်စီတွေပေါ့"

အာရ်စီဆိုတာ ဘာမှန်း ခရစ္စမသိ။ မျက်မှောင်ကုတ်နေ၏။

ထို့ကြောင့် အိုဟားရားက ရှင်းပြသည်။ မိမိသည် ရိုမန်ကက်သလစ်ဘာသာဝင်တစ်ဦး ဖြစ်နေပါကလား။

ထို့ပြင် ထိုနေ့ကမှ 'ဂျူး' ဆိုတာ ဘာမှန်းလည်း သူသိသွားသည်။ သက်ဆိုင်ရာ ဘာသာဂိုဏ်းအရ ဝတ်ပြုကြရမည့် ဘုရားကျောင်းများဆီသို့ သွားရန် သတ်မှတ်ထားသည့် ဘတ်စ်ကားကြီးများပေါ် ကောင်လေးများ အုပ်စုလိုက် တက်သွားကြသော်လည်း ဆောလ်တစ်ယောက်တည်း အဆောင်သို့ ခြေကျင်ပြန်လျှောက်သွားလျက်ရှိသည်ကို ခရစ္စတွေ့ရသည်။

"ဆောလ် ဘာလို့မလိုက်သလဲ"

သူက တဲ့တိုးမေးလိုက်သည်။

"ဘာ. . .၊ ဩော်. . . အဲဒါ ဂရစ္စမင်းပေါ့၊ သူက ဂျူးကွ၊ သူ့တနင်္ဂနွေ ဥပုသ်နေ့က တို့နဲ့မတူဘူး၊ စနေနေ့ကျတယ်"

အိုဟားယားက ရှင်းပြသည်။

ခရစ္စ မျက်မှောင်ကုတ်လျက် ဘတ်စ်ကားပေါ် တက်သည်။ တနင်္ဂနွေနေ့က စနေနေ့ကျသတဲ့ ဘယ်လိုကြီးပါလိမ့်။ ဘတ်စ်ကားသည် ကျောင်းဂိတ်ဝမှ မောင်းထွက်သွားသည်။

ဒီကျောင်းရောက်တာ ရက်ပိုင်းမျှသာ ရှိသေးသော်လည်း သူ မျက်စေ့လည်နေပြီ။ မနေ့ညက အိပ်ခါနီး ထွက်ပြေးဖို့ အကြံထုတ်ခဲ့သေး၏။ ယခု ပြင်ပကမ္ဘာကြီးသည် မိမိနှင့်သိပ်စိမ်းနေပြီ။ ကြောက်စရာလည်း ကောင်းသလို ဖြစ်နေ၏။

ဘတ်စ်ကားကြီးပေါ်မှ ထူးဆန်းသော တိတ်ဆိတ်မှုကြောင့် ခရစ္စ





ရင်ထဲ ဟာတာတာဖြစ်ကာ မနေ့တတ်မထိုင်တတ် ဖြစ်လာပြီး ကျောင်းထဲသာ ပြန်သွားချင်စိတ် ပေါက်လာသည်။

ဘတ်စ်ကားသည် ရဲတိုက်နှင့်တူသော ဘုရားရှိခိုးကျောင်းတစ်ကျောင်း ရှေ့၌ရပ်လိုက်သည်။ သားသားနားနား ဝတ်စားထားသောလူများ ဘုရားကျောင်းထဲသို့ ဝင်သွားလျက်ရှိသည်။

ခေါင်းလောင်းထိုးသံကြားရ၏။ မစ္စတာ အိုဟားယားက ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တန်းစီခိုင်းပြီး ဘုရားကျောင်းထဲသို့ ဝင်ခိုင်းသည်။ ဘုရားကျောင်းထဲမှာ မှောင်မည်းနေ၍ အေးနေသည်။

မစ္စတာအိုဟားယားက သူတို့ကို အေးဘက်မစ်းလမ်းမှ ခေါ်သွားသည်။ လူတွေကြားထဲမှာ ခရစ္စမနေတတ်။ ကိုယ်ပျောက်နေချင်သည်။ ဘုရားကျောင်းက ကြီးမားကျယ်ဝန်းလှသောကြောင့် သူ ပို၍သေးငယ်သွားသည်ဟု အောက်မေ့သည်။

ဘုရားဝတ်ပြုစင်၏နောက်တွင်ချိတ်ထားသော ရုပ်တုတစ်ခုကို မြင်သောအခါ သူ တုန်လှုပ်ချောက်ချားသွားသည်။ သူ့တစ်သက်မှာ တစ်ခါမျှ ယခုလောက် မကြောက်လန့်ဖူးခဲ့ပါ။

ပိန်ချုံး၍ တွန့်လိမ်နေသော လူတစ်ယောက်။ သူ ဝေဒနာခံစားနေရသည်။ သူ့လက်ဝါးနှင့်ခြေထောက်တို့ကို လက်ဝါးကပ်တိုင်ပေါ်တွင် သံနှင့်ရိုက်ထားသည်။ သူ့ခေါင်းပေါ် သံချွန်များနှင့်တူသော အရာဝတ္ထုဖြင့် ပြုလုပ်ထားသော သရဖူတစ်ခုစွပ်ထားသဖြင့် ဦးခေါင်းမှသွေးများ စီးကျနေသည်။

ခရစ္စ အလန့်တကြားနှင့် အေးတိသို့ လှည့်ကြည့်သည်။

ဒီရုပ်တုကြောင့် တခြားကောင်လေးတွေ ဘာကြောင့်မတုန်လှုပ်ပါလိမ့်။ 'အပြင်လူများ'ကရော . . .။ မိမိတို့ကျောင်းသားများမှအပ တခြားသူများကို သူ့စိတ်ထဲ၌ 'အပြင်လူများ'ဟု သတ်မှတ်ထားသည်။

သူတို့တွေ ဘာလို့ အထိတ်တလန့်မဖြစ်ကြသလဲ။ ဒီနေရာက ဘယ်လိုနေရာကြီးပါလိမ့်။

မစ္စတာအိုဟားယားက လက်ဖြောက်နှစ်ချက်တီးလိုက်ရာ အကြီးကောင်များ ဒူးထောက်နေရာမှထပြီး ဝတ်ပြုခုံတန်းများ၌ ထိုင်ကြသည်။ ခရစ္စလည်း သူတို့လို လိုက်လုပ်သည်။

အော်ဂင်သံ ပေါ်ထွက်လာသောအခါ သူ ပိုကြောက်လာသည်။

မြွတေးအဖွဲ့က သီချင်း စတင်ဆိုကြသည်။ တယ်တာဘာစကားနှင့် ဆိုကြမှန်း သူမသိ။ တစ်လုံးမှလည်း နားမလည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အရောင်လွင်သော ဝတ်ရုံရှည်ကြီးနှင့် ဘုန်းတော်ကြီးတစ်ပါးသည် ဝတ်ရုံဖြူဝတ်ထားသောကောင်လေးနှစ်ယောက်ခြံရံလျက် ဘုရားစင်ရှေ့သို့ ထွက်လာသည်။ ၎င်းတို့သုံးဦးသည် ပရိသတ်အားကျောပေးကာ နံရံပေါ်မှ ရုပ်တုကြီးကို စကားလှမ်းပြောကြသည်။ ထိုလူကြီးကို ဘာကြောင့် သံနှင့်ရိုက်ထားသလဲဆိုတာကို ခရစ္စအနေနှင့် တစ်ယောက်ယောက်အား ရှင်းပြနိုင်ချင်သည်။

သို့သော် ဘုန်းကြီးရွတ်နေတာကိုလည်း သူတစ်လုံးမှ နားမလည်။ ဘာစကားတွေလည်းမသိ။

ကျောင်းသို့ အပြန်ခရီးတွင် သူ စိတ်ရှုပ်နေသည်။ ဘုန်းတော်ကြီးသည် ပရိသတ်အား အင်္ဂလိပ်လို စကားအနည်းငယ်ပြောကြားသည်။ နံရံပေါ်မှာ သံနှင့်ရိုက်ထားသောလူကို ဆိုလိုဟန်တူသော ယေရှုအကြောင်းကို ပြောခြင်းဖြစ်သည်။

'ယေရှု'ဆိုတာ ဘယ်သူမှန်း ခရစ္စမသိသေး။ လာမည့်အပတ်တွင် 'တနင်္ဂနွေနေ့သင်တန်း' စတက်ကြရမည် ဟုတော့ မစ္စတာအိုဟားယားက ပြောသည်။ အဲဒီကျမှပဲ ယေရှုဆိုတာဘယ်သူလဲသိရမယ် ထင်ပါရဲ့။

ဘတ်စ်ကားကြီး ကျောင်းဝင်းထဲပြန်ဝင်လာသောအခါ သူ သက်ပြင်းချလိုက်သည်။

အော့နှလုံးနာစရာကောင်းသည့် ရုပ်တုကြီးနှင့် ကြက်သီးထစရာကောင်းသော ဘုရားရှိခိုးကျောင်းကြီးတို့ကို စွန့်ခွာလာရသဖြင့် ကိုယ့်ကျောင်းကိုယ် ပြန်လာရတာ ခရစ္စပျော်သွားသည်။

ကောင်လေးတစ်ချို့ကို သူ မှတ်မိသည်။ အိပ်စင်ပေါ်မှာ ထိုင်ချင်လှပြီ။

ဘယ်အချိန်မှာ ဘာလုပ်ရမလဲဆိုတာ သိနေခြင်းကြောင့် သူ စိတ်အေးသည်။ လုံခြုံသည်။ မျက်စေ့လည်ခြင်းမရှိ။

နေ့လယ်စာကို အချိန်မီကျွေးသည်။

ဗိုက်ဆာဆာနှင့် ဟမ်ဘာဂါ၊ အာလူးကြော်နှင့် နွားနို့တွေ အားရပါးရ စားသောက်ပစ်လိုက်သည်။

ကိုယ့်အိမ် ကိုယ်ပြန်လာရတာ အကောင်းဆုံးပါပဲလေ။ နေဦး . . . အိမ် . . . ဟုတ်လား။ ကယ်ကန်လင်လမ်းက ဟိုအိမ်က ငါ့အိမ်မဟုတ်ဘူးလား။ ငါ့အမေရော ဘယ်ရောက်နေလဲ၊ သူ ခေါင်းရှုပ်သွား၏။

ဘာကြောင့်မှန်းတော့မသိ။ ဒီကျောင်းမှာ အကြာကြီးဆက်နေရဦး





မည်ဆိုတာ သူ သဘောပေါက်သွားသည်။ စားပွဲ၏ အလယ်ပိုင်း၌ထိုင်နေသော ဆောလ်အား နိုးကြည့်ရင်း ဤကျောင်းသည် မိမိအိမ်ဖြစ်ရမည်ဆိုလျှင် ရေလိုက်ငါးလိုက်နေတတ်အောင် လေ့လာသင့်သည်ဟု သူတွေးမိသည်။

သူငယ်ချင်းတွေ သူ လိုချင်သည်။

ဆောလ်၏ သူငယ်ချင်း ဖြစ်ချင်သည်။

သို့သော် ဆောလ်သည် ပိုထွား၊ ပိုမြန်ဆန်၊ ပိုအားသန်သူဖြစ်ပြီး သူ့လက်ထဲမှာသာ ဘောစ်သော ကတ်ပြားများ ရှိနေသဖြင့် သူ့သူငယ်ချင်းဖြစ်အောင် ဘယ်လို လုပ်ရပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com

## (၉)

နောက်နေ့ ရေကူးသင်တန်း၌ ခရစ္စ လိုချင်သောအဖြေကို ရသွားသည်။ ယခုအခါ အခြား ကောင်လေးများရှေ့၌ ကိုယ်လုံးတီးနေရသည့်အခါ ယခင်လောက် သူ မရှက်တတ်တော့ပေ။

"ဟုတ်ပြီ ကီလ်မွန်းနီး၊ မင်းခြေထောက်တွေ ဆန့်ထုတ်လိုက်၊ အားရပါးရ ယက်စမ်း၊ မှန်မှန်လေးလုပ် . . . ဂရစ္စမင်း လုပ်သလိုသာလုပ်ကွ"

နည်းပြဆရာက ခရစ္စနာမည်ကိုခေါ်၍ ဂရုတစိုက်ညွှန်ကြားနေသဖြင့် အခြား ကောင်လေးများ သူ့ကို တအံ့တဩ ငိုင်းကြည့်ကြသည်။ သူတို့က ခရစ္စကို ရှိသည်ဟု မထင်ကြသူများ မဟုတ်လား။

ခရစ္စအားတက်ပြီး ပို၍ ခပ်သွက်သွက်လေး ယက်သည်။ တန်း၏အဆုံးသို့ ခရစ္စလှမ်းကြည့်ရာ ကီလ်မွန်းနီးဆိုတာ ဘယ်သူလဲဟု သိလိုစိတ်ဖြင့် မီမီဘက် လှည့်ကြည့်နေသော ဆောလ်အား တွေ့ရလေသည်။

အခြားကောင်လေးများ ရေသံ တဗွမ်းဗွမ်းနှင့် လေ့ကျင့်နေကြစဉ် ခရစ္စနှင့် ဆောလ်တို့ တစ်ဦးကိုတစ်ဦး စိုက်ကြည့်လိုက်ကြသည်။ ခရစ္စထင်တာ မှားချင်လည်းမှားမည်။ သို့သော် မိမိတို့အချင်းချင်းသာ လျှို့ဝှက်ချက်တစ်ခုကို သိရှိထားဟန်ဖြင့် ဆောလ်က ပြုံးစေ့စေ့ လုပ်ပြနေပုံရသည်။

ရေကူးသင်တန်းပြီးသောအခါ သူတို့ချမ်းနေကြသည်။ သူတို့အားလုံး အဝတ်လဲခန်းသို့သွားပြီး မိမိတို့ချွတ်ထားသော အဝတ်များကို ပြန်ဝတ်ရသည်။

ခရစ္စက လက်ပိုက်ပြီး အေးစက်သောကြမ်းပြင်ပေါ်၌ ခုန်ဆွခုန်ဆွလုပ်ရင်း အခန်းထောင့်မှ မျက်နှာသုတ်ပဝါတစ်ထည်ကို လှမ်းဆွဲ၍ ရေသုတ်လိုက်သည်။

ခါနှင့်မောနှင့် မေးလိုက်သော အသံကြီးကြောင့် သူ လန့်သွားသည်။

"ငါ့ကတ်ပြားတွေ ဘယ်မှာလဲ"





ခရစ္စကြောင်အမ်းအမ်းနှင့် လှည့်ကြည့်လိုက်ရာ ၎င်း၏အဝတ်အစားများကို ကပျာကယာနှိုက်ရှာနေသော ဆောလ်အားတွေ့ရသည်။ အခြားကောင်လေးများ မျက်လုံးပြူးကြည့်နေကြ၏။

"မရှိတော့ဘူး၊ ဘယ်သူ ခိုးထားသလဲကွ"

ဆောလ်က ကောင်လေးများဘက်လှည့်မေးလိုက်စဉ် နည်းပြဆရာက

"စကား မပြောရဘူး"

"ကျွန်တော့် ကတ်ပြားတွေ အိတ်ထဲထည့်ထားတာ မရှိတော့ဘူး၊ တစ်ယောက်ယောက် . . ."

"စကားမပြောရဘူးလို့ ငါပြောနေတာ မကြားဘူးလား ဂရစ္စမင်း"

"ကျွန်တော့်ကတ်ပြားတွေ ပြန်လိုချင်တယ်ဗျာ"

နည်းပြဆရာက ဆောလ်ထံလျှောက်လာပြီး ဆောလ်ရှေ့၌ ခြေနှစ်ဘက်ထား ခါးထောက်ရပ်လိုက်သည်။

"ကျွန်တော့် ကတ်ပြားတွေ ပြန်လိုချင်တယ်ဆရာလို့ ပြောစမ်း"

နည်းပြဆရာက အမိန့်ပေးလိုက်သည်။

ဆောလ် လန့်သွားပြီး ပါးစပ်ဖွင့်ချည်ပိတ်ချည် လုပ်လိုက်၏။ အသံမှ ထွက်မလာ။

"ပြောလေကွာ ဂရစ္စမင်း၊ ဆရာလို့ ပြောစမ်း"

ဆောလ်က ကြမ်းပြင်ကို ငုံ့ကြည့်လိုက်သည်။ သူ ခေါင်းသိပ်ထွက်နေသည်။ ခေါင်းလည်း ပူနေသည်။

"ဆရာ"

"ဟုတ်ပြီ၊ ကဲ . . . ဆိုစမ်း မင်းဘာပျောက်လို့လဲ"

"ကျွန်တော့် ဘေ့စ်ဘောကတ်ပြားလေးတွေပါ ဆရာ၊ ကျွန်တော် ဝှက်ထားတာ"

"ဘေ့စ်ဘောကတ်ပြားဟုတ်လား၊ တို့ကျောင်းမှာ အဲဒါတွေ ထုတ်မပေးထားပါဘူး၊ မင်း ဘယ်ကရသလဲ"

နည်းပြဆရာက နှုတ်ခမ်းကိုတွန့်၍ ပြောသည်။

"ကျွန်တော် ဒီကျောင်းကိုလာကတည်းက ယူလာခဲ့တာပါ ဆရာ၊ ကျွန်တော့် ဘောင်းဘီအိတ်ထဲမှာ ထည့်ထားတာ၊ အခု . . . အခု . . ."

ဆောလ် တံတွေးမျိုချလိုက်၏။ သူ့မျက်လုံးတွေပြူးထွက်နေ၏။

"ဒီကျောင်းကို ယူလာသမျှပစ္စည်းကို မင်းသိမ်းထားခွင့်မရှိဘူး ဂရစ္စမင်း၊ ဒီမှာ ကစားစရာတွေ ဘာတွေလဲ မရှိရဘူး၊ ဒီမှာ မင်း ဘာမှ ပိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မရှိဘူး၊ မင်းမှာ ဘာရှိသင့်တယ်ဆိုတာ တို့ပြောမယ် ရှင်းလား"

ဆောလ်အတွက် ခရစ္စစိတ်မကောင်းဖြစ်မိသည်။ သူ့ရင်ထဲမှာ တင်းကျပ်သွား၏။

ဆောလ်က ခေါင်းညိတ်ရင်း ကြမ်းကို ငုံ့ကြည့်ရင်း ငိုသည်။

အခြားကျောင်းလေးများ အာမေဋိတ် တကြ၏။

"နောက်ပြီး ငါမေးဦးမယ် ဂရစ္စမင်း၊ မင်းရဲ့အဖိုးတန် ဘော့စ်ဘော ကတ်ပြားတွေကို မင်းရဲ့အတန်းဖော်တွေက ခိုးတယ်ဆိုတာ မင်းဘာကြောင့် တပ်အပ်ပြောနိုင်သလဲ၊ မင်းကတ်ပြားတွေက တရားမဝင်တဲ့ပစ္စည်းတွေကွ၊ ငါ ခိုးထားတာရော မဖြစ်နိုင်ဘူးလား"

ဆောလ် မျက်ရည်စက်လက်နှင့် မော့ကြည့်ပြီး

"ဆရာ ခိုးထားသလားဟင်"

တိတ်ဆိတ်ငြိမ်သက်မှုကြောင့် ခရစ္စအသည်းထဲ ယားကျိကျိ ဖြစ်နေသည်။ အတန်ကြာမှ ဆရာက

"ဒီကျောင်းမှာ အားလုံးအေးချမ်းအောင်လို့ ငါခိုးထားသင့်တာပေါ့၊ ဒါပေမယ့် ငါမခိုးပါဘူး၊ အဲဒီကတ်ပြားတွေ ငါ့လက်ထဲရှိခဲ့ရင် မင်းကို လုံးဝ ပြန်ပေးမှာမဟုတ်ဘူး၊ သူခိုးက မင်းသူငယ်ချင်းတစ်ယောက်ပဲ ဖြစ်မယ်"

ဆောလ်သည် နီရဲသော မျက်လုံးများကို မျက်ကြောရှုံ့ကာ ကောင်လေးများအား မုန်းတီးမှုအပြည့်နှင့် လှည့်ကြည့်လိုက်သည်။ ခရစ္စကား ဆောလ်၏ ကတ်ပြားများကို ခိုးမထားသော်လည်း ဆောလ်နှင့် မျက်လုံးချင်းဆုံမိသောအခါ သူ လိပ်ပြာမလုံချင်သလို ဖြစ်သွားသည်။ ဆောလ်က ကောင်လေးများအား တစ်ယောက်ပြီးတစ်ယောက် လိုက်ကြည့်နေသည်။ သူ့နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေ၏။

"မင်းတို့တွေ စည်းကမ်း အတော်ချိုးဖောက်လိုက်ကြပြီပဲကွာ၊ ဂရစ္စမင်း မင်းဟာ ဒီကတ်ပြားတွေသိမ်းထားခွင့်မရှိဘူး၊ ဒါပေမယ့် မင်းလုံအောင် ဖွက်မထားနိုင်ခဲ့ဘူး မင်း လျှို့ဝှက်ချက်ကို သူများတွေသိသွားအောင် မလုပ်ရဘူး၊ ဒါ စည်းကမ်းချက်တစ်ခုပဲ၊ ဒါထက်အရေးကြီးတာရှိသေးတယ်၊ ဒီအချက်က အားလုံးနဲ့ သက်ဆိုင်တယ်၊ မှတ်ထားကြ၊ ကိုယ့်အဖွဲ့သားဆီက ဘယ်တော့မှ မခိုးရဘူး မင်းတို့အချင်းချင်းမှ မယုံရရင် ဘယ်သူ့ကို မင်းတို့ယုံရမလဲ၊ မင်းတို့ ထဲက တစ်ယောက်ယောက်ဟာ သူခိုးဖြစ်ရမယ်၊ သူခိုးကို ငါဖော်ထုတ်မယ်၊ ကဲ. . . မင်းတို့အားလုံး တန်းစီစမ်း"

ဆရာက အမိန့်ပေးလိုက်၏။





သူတို့အားလုံး ဒူးတုန်နေကြသည်။ ဆရာက သူတို့ အဝတ်အစားများကို စမ်းသပ်ရှာဖွေသည်။

ဆောလ်၏ ကတ်ပြားများကို မတွေ့။

"မင်းကတ်ပြားတွေ ဘယ်မှာလဲ ဂရစ္စမင်း၊ ဘယ်သူမှ ယူမထားပါ လား၊ မင်း သက်သက် ဒုက္ခပေးတာပဲ၊ မင်းဘာသာ မင်း အပြင်မှာ ကျပျောက် ခဲ့တာနေမှာပေါ့"

ဆောလ် အငိုတိတ်သွားပြီ။

"ကျွန်တော့် ဘောင်းဘီအိတ်ထဲမှာရှိတာ သေချာပါတယ်"

"သေချာပါတယ် ဆရာလို့ ပြောစမ်း"

ဆောလ် တုန်သွား၏။

"နောက်တစ်ခါ အဲဒီကတ်ပြားတွေကို ငါမြင်ရ ကြားရရင် မင်းကို ဒီကျောင်းမှာ အပြင်းထန်ဆုံး အပြစ်ဒဏ်ပေးရလိမ့်မယ်၊ ကျန်တဲ့ကောင်တွေ ဘာလုပ်နေတာလဲ၊ သွား . . . အဝတ်ပြီးအောင် ဝတ်ကြ"

ကောင်လေးများ အဝတ်များ ဝတ်ကြသည်။

ခရစ္စက ဘောင်းဘီ ကောက်စွပ်ရင်း ဆောလ်အား ခိုးကြည့်သည်။ ဆောလ်သည် ရှပ်အင်္ကျီကြယ်သီးတပ်ရင်း ကောင်လေးအားလုံးကို ဘုကြည့် ကြည့်နေသည်။

တစ်စုံတစ်ယောက်၏ အဝတ်အစားများ ဖောင်းထွက်နေတာ တွေ့လို တွေ့ငြား သူ သံသယမျက်လုံးနှင့် ကြည့်နေမှန်း ခရစ္စရိပ်မိသည်။ ဆရာ ရှာဖွေ သွားပုံကို ဆောလ် သိပ်အားရပုံမပေါ်။

ရေကူးကန် ဝင်ပေါက်တံခါးကို ဆရာက သော့ခတ်ပိတ်လိုက်စဉ် ဆောလ်က သူ့ဘေးမှ ကောင်လေးအနား ပြေးကပ်ပြီး ဖောင်းနေသော ရှပ်အင်္ကျီ အိတ်ကပ်ကို ကြည့်လိုက်သည်။ ကောင်လေးက အိတ်ကပ်ထဲမှ လက်ကိုင်ပဝါ ကို ဆွဲထုတ်၍ နှပ်ညှစ်လိုက်သည်။

ဆရာက တံခါးသော့ခတ်နေရာမှ နောက်လှည့်ပြီး အော်မေးလိုက်သည်။

"မင်း အင်္ကျီမဝတ်ရသေးဘူးလား ဂရစ္စမင်း"

ဆောလ် ဘောင်းဘီ ကပျာကယာကောက်စွပ်ပြီး ဖိနပ်ကြိုးချည်လိုက် သည်။ မျက်ရည်စက်များ သူ့ရှပ်အင်္ကျီပေါ် စီးကျလာသည်။

"တန်းစီကြ"

ဆရာက အမိန့်ပေးလိုက်သည်။

*



www.burmeseclassic.com

www.burmeseclassic.com



ညစာ စားသောအခါ ဆောလ်သည် ခါတိုင်း သူ့အတွက် ဂုဏ်ပြုသည့်သဘောဖြင့် သီးသန့်သတ်မှတ်ပေးထားသည့် စားပွဲအလယ်ခုံ၌ ဝင်မထိုင်တော့ဘဲ အစွန်း၌ သွားထိုင်သည်။ ဘယ်သူနှင့်မှလည်း စကားမပြော။ အားလုံးက သူ့ကို ဝိုင်းကျဉ်ထားတာလား။ သူက အားလုံးကိုကျဉ်ခြင်းဟု ခရစ္စ သဘောပေါက်သည်။

ဆောလ်သည် သူများထက်အရပ်ပိုမြင့်သည်။ ပိုသန်မာသည်။ သို့သော် သူ့တော့စ်ဘောကတ်ပြားလေးများမရှိတော့သဖြင့် သူ့မှာ ဩဇာမရှိတော့။ ဆောလ်သည် သူများတွေနှင့် သိပ်မခြားနား။ သူလည်း ငိုတတ်သည်မဟုတ်လား။ သူငိုခြင်းကြောင့် အခြားကောင်လေးများ စိတ်ပျက်သွားသည်။

မကြာမီ သူတို့အတန်းမှာ လူစွမ်းကောင်းတွေ ထပ်ပေါ်လာသည်။ ရေကူးသင်တန်း၌ ဆောလ်က ယခင်ကလို အားတက်သရောမလုပ်တော့သဖြင့် သူနှင့်ရင်ပေါင်တန်းနိုင်သော ရေကူးချန်ပီယံလေးတချို့ ပေါ်ထွက်လာသည်။

ဆောလ် ကတ်ပြားပျောက်မှုနှင့်ပတ်သက်၍ ခရစ္စကတော့ လုံးဝ ဘဝင်မကျ။

တစ်နေ့၌ ခရစ္စအကြံတစ်ခုရပြီး ဆောလ်ကို ချက်ချင်းသွားပြောချင်သည်။

သို့သော် ဘောဘီရှသ် ချော့ကလက်ပြားနှင့် ဘော့စ်ဘောသမားဘော့ရှသ်ကို မှားပြောတုန်းကလို ဖြစ်သွားလျှင် ထပ် အရှက်ကွဲဦးမည်။

မိမိသောက်ဖြစ်မှုကို အထောက်အထားပြနိုင်ရန် အခွင့်အရေးကို စောင့်နေလိုက်သည်။ နောက်တစ်နေ့၌ အတန်းဆင်း၍ အဆောင်သို့ ပြန်သွားကြသောအခါ သူ့ ကျောင်းရှေ့မှာ နေရစ်ခဲ့သည်။

အားကစားရုံ၏ မြေအောက်ထပ်ရှိ အဝတ်လဲခန်းသို့ တိတ်တဆိတ်ဆင်းသွားပြီး ခုံတန်းလျားများနှင့် သံဗီရိုများနောက် လိုက်ရှာဖွေသည်။

လက်ဆေးခွက်အောက်ဘက် ရေပိုက်နှင့် အုတ်နံရံကြားတွင် ကတ်ပြားလေးများကို သူ ရှာတွေ့သွား၏။ ကတ်ပြား ခိုးသူသည် အရှာခံရမည်မှန်းသိသည့်အလျောက် ဤနေရာ၌ ခဏဝှက်ထားခဲ့ခြင်းဖြစ်မည်။

ခရစ္စသည် ကတ်ပြားထုပ်ကို အိတ်ထဲ ထိုးထည့်ကာ ဆောလ်အား အမြန်ဆုံး ပြန်ပေးအပ်လိုသဖြင့် အဆောင်သို့ သုတ်ခြေတင်ပြေးသွားသည်။

ဆောလ် ဘယ်လောက် ဝမ်းသာရှာမလဲ။

ဆောလ်နှင့်မိမိ သူငယ်ချင်းတွေဖြစ်ရတော့မည်။

အဆောင်သို့ ရောက်သောအခါ ခရစ္စစိတ်ထဲ ဒွိဟဖြစ်လာသည်။





ကတ်ပြားတွေအခိုးခံရတာ တစ်ပတ်ပြည့်သွားခဲ့ပြီ။ သူခိုးသည် ဘာကြောင့် ကတ်ပြားများကို ပြန်လာမယူသလဲ။

လှေကားပေါ်၌ရပ်ရင်း ခရစ္စ အဖြေကို ရှာတွေ့သွားသည်။ သူခိုးသည် ထိုကတ်ပြားများကို လူရှေ့သူရှေ့ ထုတ်မပြရဲသောကြောင့်ဖြစ်မည်။ သူ့ဘာသာ တစ်ယောက်တည်း တိတ်တိတ်ပုန်းကစားရမည်။ သတင်းပေါက်ကြားသွားလျှင် ဆောလ်နှင့် ပြဿနာတက်ဖို့ သေချာသည်။

မိမိအိတ်ကပ်ဖောင်းနေသဖြင့် ခရစ္စစိုးရိမ်သွားသည်။ မိမိအား ဆောလ်က သူခိုးဟု စွပ်စွဲလေမလား။ ခရစ္စ ခိုးမထားဘဲနှင့် ကတ်ပြားများ ဝှက်သည့်နေရာကို ဘယ်လိုသိနိုင်ပါ့မလဲဟု ဆောလ်က ပြောလာဦးမည်။

ထို့ကြောင့် ကတ်ပြားထုပ်ကို ဘော်ဒါဆောင် မြေအောက်ထပ်ရေချိုးခန်း၏ ရေနွေးငွေ့ပိုက်ကြား၌ တက်၍ ဝှက်ထားလိုက်သည်။

ယခု မိမိသူခိုးဟု အစွပ်စွဲမခံစေရဘဲ ဆောလ်လက်ထဲ ကတ်ပြားများ ပြန်ရောက်အောင် လုပ်ပေးဖို့ အကြံထုတ်ရဦးမည်။

ထိုကိစ္စတွေးရင်း သူ တစ်ညလုံး အိပ်မပျော်။

နည်းလမ်းတစ်ခုတော့ ရှိကိုရှိရမည်။

နောက်နေ့တွင် ခရစ္စသည် နေ့လယ်စာစားပြီးနောက် ထမင်းစားဆောင်အပြင်ဘက်ရှိ ဆောလ်အနား ချဉ်းကပ်သွားသောအခါ ရင်းမျက်နှာစူပုပ်နေဆဲဖြစ်ကြောင်း တွေ့ရလေသည်။

"မင်းကတ်ပြားတွေ ဘယ်သူခိုးသလဲ ငါသိတယ်"

"ဘယ်သူလဲ"

ဆောလ်က ဒေါနှင့်မောနှင့်မေးသည်။

"ရေကူးနည်းပြဆရာပေါ့"

"သူ မယူဘူးလို့ ပြောပြီးပြီ"

"သူ လိမ်ပြောတာ၊ တို့ဆရာမကို သူ ကတ်ပြားတွေလွှဲပေးတာ ငါမြင်လိုက်တယ်၊ ဆရာမက အဲဒါတွေ ဘယ်နားသွားထားသလဲဆိုတာ ငါသိတယ်"

"ဘယ်မှာလဲ"

ကြီးကြပ်ရေးမှူးတစ်ဦး သူတို့အနားရောက်လာပြီး

"မင်းတို့ နားတဲ့အချိန်ဆို ကိုယ့်အခန်းကိုယ် ပြန်နေရမယ်လေ"

ရင်းက ခရစ္စတို့နှင့်အတူ အဆောင်သို့ ပြန်လိုက်လာသည်။

"ငါ နောက်တော့ ပြောပြမယ်"

ခရစ္စက ကြီးကြပ်ရေးမှူးအလစ်တွင် ဆောလ်အား တိုးတိုးပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ကျောင်းလွှတ်သောအခါ ဆောလ်က ခရစ္စဆီ ပြေးလာပြီး

"ဘယ်မှာလဲ၊ ပြောစမ်းကွာ"

"သူ့စားပွဲထဲမှာ သိမ်းထားတယ်ကွ"

"သူ့စားပွဲ သော့ခတ်ထားတာပဲ"

"ငါ ဖွင့်တတ်ပါတယ်"

ခရစ္စက ဆောလ်အား စာသင်ကျောင်းစင်္ကြံလမ်းထဲ၌ ထားရစ်ခဲ့သည်။

အတန်းထဲမှ ဆရာမထွက်သွားတာ သူ မြင်လိုက်၏။ ထို့ကြောင့် သူက စာသင်ခန်းထဲဝင်ပြီး ဆရာမစားပွဲကို ခိုးဖွင့်ချင်ယောင်ဆောင်ကာ တစ်အောင့်အကြာ၌ ဆောလ်ဆီ ပြန်လာသည်။

"ရခဲ့ပြီလား"

ဆောလ်က စိုးရိမ်တကြီး မေးလိုက်သည်။

ခရစ္စက ဘာမျှမပြောဘဲ လှေကားအတိုင်း အောက်ဆင်းလိုက်ခဲ့ရန် ဆောလ်ကို ခေါ် သွားသည်။

အနီးအနား၌ ဘယ်သူမျှမရှိခိုက် သူ ဘောင်းဘီခါးကြားမှ ကတ်ပြားထုပ်ကို ဆွဲထုတ်လိုက်သည်။ ကတ်ပြားများကို စောစောကတည်းက မြေ အောက်ထပ် ရေချိုးခန်းရှိ သံပိုက်ကြားမှ သူ ကြိုတင် သွားယူထားခဲ့ပြီးသားဖြစ်သည်။

ဆောလ် ဝမ်းသာလုံးဆို့သွား၏။

ထို့နောက် သူ မျက်မှောင်ကုတ်ပြီး

"ဆရာမစားပွဲထဲက မင်းဘယ်လိုရအောင်ယူသလဲ"

"နောက်တော့မှ မင်းကို ငါပြမယ်၊ မင်းကတ်ပြားတွေ ပြန်ရပြီလေ၊ တွေ့အောင် ရှာပေးတဲ့လူက ငါပဲ၊ မင်းကို ဘယ်သူကူညီလဲ မှတ်ထားပေါ့ ဟုတ်လား"

ခရစ္စက ထွက်ပေါက်ဆီ လှမ်းမည်အပြု

ဆောလ်က

"ကျေးဇူးပဲ"

ဟု လှမ်းပြောသည်။

"မလိုပါဘူးကွာ"

ခရစ္စက ပခုံးတွန့်၍ ပြောလိုက်သည်။

"နေပါဦး"

ခရစ္စလှည့်လိုက်သည်။ ဆောလ်သည် တစ်စုံတစ်ခု ဆုံးဖြတ်ဖို့





ကြိုးစားဟန်ဖြင့် မျက်မှောင်ကုတ်နေဆဲ။

သူ့ကတ်ပြားထုတ်ထဲမှ ကတ်ပြားလေးတစ်ချပ်ကို ဆွဲထုတ်၍ ခရစ္စအား ပေးလိုက်သည်။

"ရော့ . . . မင်းအတွက်"

"ဟာ . . . နေပါစေ"

"ယူပါကွာ"

ခရစ္စက ကတ်ပြားကို ကြည့်လိုက်သည်။

ဘေ့စ်ဘော သူ့ရဲကောင်း ဘေ့ရုသ်၏ရုပ်ပုံ ဖဲချပ်လေးပါလား။ သူ့ ဖူးတွေ တုန်သွား၏။

"မင်း ဘာလို့ ငါ့ကို ကူညီတာလဲ"

မင်းနဲ့သူငယ်ချင်းဖြစ်ချင်လို့ပေါ့ဟု သူ ပြောရမလို။

"ဘာကြောင့်လဲဆိုတော့ . . ." ဟုသာ ပြောဖြစ်သည်။

ဒီလောက်ဆို ဆောလ် သဘောပေါက်ရောပေါ့။

ဆောလ်က ကြမ်းပြင်ကို ငုံ့ကြည့်နေသည်။

"မင်းကို ရေကူးသင်တန်းကျ အခုထက် ပိုတော်အောင် ရေယက်နည်း ငါ သင်ပေးချင်သေးတယ်"

ခရစ္စက ခေါင်းညိတ်လိုက်သည်။

သူ့ရင်တွေ ခုန်နေ၏။

သည်တစ်ခါ သူ မျက်မှောင်ကုတ်ရသည့်အလှည့်။

အိတ်ထဲ လက်နှိုက်ပြီး ဆောလ်အား သကြားပြားတစ်ခု လှမ်းပေးသည်။ ဘေဘီရုသ် သကြားပြားလေးဖြစ်၏။

ဆောလ် အံ့အားသင့်ကာ မျက်လုံးပြူးသွားသည်။

"ဒီဟာတွေ စားခွင့်မပေးထားဘူးကွ၊ မင်း ဘယ်ကရလဲ"

"မင်းရော ဟိုကတ်ပြားတွေ ကျောင်းကို ဘယ်လို ယူလာသလဲ"

"အဲဒါ ငါ့လျှို့ဝှက်ချက်"

"အေး၊ ဒီသကြားပြားဘယ်ကရသလဲဆိုတာ မင်းမ [illegible]နဲ့၊ ဒါလဲ ငါ့လျှို့ဝှက်ချက်ပဲ၊ ဒါပေမယ့် မင်းလျှို့ဝှက်ချက်ကို ဖွင့်ပြောရင် ငါ့လျှို့ဝှက်ချက်ကိုလဲ ဖွင့်ပြောပါ့မယ်"

သူတို့ တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၀ )

ခရစ္စမှာ လှို့ဝှက်ချက် အမှန်တကယ်ရှိ၏။

တိုနေ့ စောစောပိုင်းက အထိန်းတော်အမျိုးသမီးကြီးသည် ခရစ္စအား စာသင်ခန်းထဲမှ လာခေါ်ထုတ်ပြီး အုပ်ချုပ်ရေးဌာနသို့ ခေါ်သွားသည်။

မိမိဒဏ်ပေးခံရမည်ဟုထင်ကာ ခရစ္စ ရင်တုန် မန်းတုန်ဖြစ်သွား၏။

သူ့ကို ရုံးခန်းအလွတ်ထဲမှာ တစ်ယောက်တည်း ထားခဲ့သည်။

"ဟဲလို . . . ခရစ္စ၊ မင်းနဲ့ပြန်တွေ့ရတာ ဝမ်းသာသကွာ"

အသံရှင်ကို သူ လှည့်ကြည့်လိုက်သည်။

ပိန်ပိန်ရှည်ရှည်၊ မှိုင်တွေတွေမျက်နှာနှင့် ဝတ်စုံအနက်ဝတ်ထားသော လူကြီးတစ်ယောက်ဖြစ်သည်။ ရင်းကပြုံးလျက်

"ငါ့ကို မင်း မှတ်မိတယ်မဟုတ်လား၊ အဲလိယော့လေ"

ခရစ္စ ခေါင်းညိတ်လိုက်သည်။

"အေးပေါ့၊ မင်းမှတ်မိမှာပါ၊ မင်း ဒီမှာနေရတာ အဆင်ပြေရဲ့လားလို့ ငါ လာကြည့်တာ၊ ပထမတော့ ကျောင်းနေရတာ မင်း တစ်မျိုးကြီးဖြစ်မှာပေါ့ ကွာ၊ နောက်တော့လဲ အသားကျလာတာပေါ့"

အဲလိယော့က ခရစ္စအနား တိုးကပ်ပြီး ရပ်လိုက်သည်။

"မင်း ဒီမှာ ခံတွင်းတွေ့ပုံရတယ်၊ မင်းကြည့်ရတာ နှစ်ပေါင်လောက် တိုးလာသလိုပဲနော်၊ ဟား . . . ဟား . . . ဟား"

အဲလိယော့ဆိုသော လူကြီးက ဖူးတောက်ထိုင်ချလိုက်ပြီး

"ငါ ဒီကိုလာတာ တခြားအကြောင်းတစ်ခုရှိသေးတယ်"

သူက ခရစ္စမျက်လုံးကို စိုက်ကြည့်လိုက်၏။

ခရစ္စ ခြေဂနာမငြိမ်နိုင်စွာ ရပ်နေသည်။

"မင်းကို ငါ ပြန်လာတွေ့မယ်လို့ ပြောထားတယ်မဟုတ်လား၊ ငါ





ကတိတည်တယ်ဆိုတာ မင်းသိစေချင်တယ်လေ၊ နောက်ပြီး မင်းအတွက် ဟောဒါတွေလဲ ထပ်ယူခဲ့ဦးမယ်လို့ ငါ ကတိပေးခဲ့တယ်"

အဲလိယော့က ခရစ္စပခုံးကို လက်နှင့်ကိုင်ထားရာမှ အိတ်ထဲသို့ တစ်စုံတစ်ခု နှိုက်ယူလိုက်သည်။

သူ့လက်ထဲမှာ ဘောဘီရှသ်သကြားပြား နှစ်ပြား ပါလာသည်။

ခရစ္စ ရင်တွေ ပိုခုန်လာသည်။

ယခုအခါ ကျောင်းမှာ သကြားပြားတစ်ပြားသည် မည်မျှ တန်ဖိုးရှိမှန်း သူသိနေပြီ။ သကြားပြား စားချင်လျှင် ခိုးသွင်းမှပဲ ဖြစ်မည်။ သူက အဲလိယော့လက်ထဲမှ သကြားပြားများကို ငုံ့ကြည့်နေသည်။

အဲလိယော့က သူ့ကို တရိုတသေ ပေးလိုက်သည်။

"ငါ မင်းကို ကတိပေးထားတာတစ်ခု ရှိသေးတယ်၊ မင်းဆီ ငါ လာတွေ့တိုင်း ဒါတွေ ယူခဲ့ပါ့မယ်ဆိုတာလေ၊ အဲဒါ မင်း မှတ်ထား၊ စိတ်ချ၊ မင်းမှာ သူငယ်ချင်းတစ်ယောက်ရှိတယ်ဆိုတာ သိစေချင်တယ်၊ တကယ်တော့ ငါဟာ သူငယ်ချင်းထက် ပိုပါတယ်၊ မင်းအဖေလိုပါပဲ၊ ငါ့ကိုယုံပါ၊ ငါ့ကို အားကိုးပါ"

ခရစ္စက သကြားပြားတစ်ပြားကို အိတ်ထဲထည့်ပြီး အဲလိယော့ကို လှမ်းကြည့်နေသည်။

အဲလိယော့က ထပ်ပြုံးပြီး

"စားလေကွာ အရသာခံပြီး စားပစ်လိုက်ပါ"

အဲလိယော့မျက်လုံးများ တောက်ပနေ၏။

သွားရည်ယိုနေသော ခရစ္စလည်း စက္ကူပတ်ကိုခွာကာ ချော့ကလက် သကြားပြားကို ကိုက်ချလိုက်သည်။

သူ့ရင်မှာ အောင့်လာသည်။

အဲလိယော့ကိုဖက်ပြီး သူ့ရှိုက်ကြီးတငင် ငိုချလိုက်လေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

( ၁၁ )

တစ်ခါတစ်ရံ၌ အဲလီယော့သည် တစ်ပတ်တည်းနှစ်ခါလာလည်တတ်သည်။ တစ်ခါတစ်ရံတော့ သူခြောက်လလောက် ပျောက်နေတတ်သည်။ သို့သော် ခရစ္စထံလာသည့်အခါတွင် သူ့ကတိအတိုင်း ဘေဘီရှသ် သကြားပြားများ အမြဲပါလာ၏။

ကျောင်းက မိမိအပေါ်ကောင်းအောင်၊ မကောင်းကောင်း မိမိအားကိုးရလောက်သော ဂရုစိုက်မှုနှင့် သဘောထားဖြူစင်မှုရှိသည့် လူကြီးတစ်ဦးရှိနေကြောင်း ခရစ္စ တွေ့လာရသည်။

အဲလီယော့သည် ခရစ္စအား လက်ဝှေ့ပွဲနှင့် တင်းနစ်ပွဲများ လိုက်ပြရန် ကျောင်းအုပ်ချုပ်သူများနှင့် စီစဉ်ညှိနှိုင်း၍ ခေါ်ထုတ်သွားသည်။

နာမည်ကျော် 'ဟောင်းဝပ်ဂျွန်ဆင်' ချော့ကလက် ရေခဲမုန့်များ သွားစားကြသည်။ အဲလီယော့သည် ခရစ္စအား စစ်တုရင်ထိုးနည်းကိုလည်းသင်ပေး၏။ တာဂျီးနီးယားပြည်နယ်၊ ဖောလ်ချပ်ရှိ အဲလီယော့၏ ရောမတိုက်အိမ်ကြီးသို့လည်း ခေါ်သွားသည်။ မှန်လုံအိမ်ထဲ၌ စိုက်ပျိုးထားသည့် အဲလီယော့၏ နှင်းဆီပန်းများကိုလည်း ဝင်ကြည့်ခွင့်ရသည်။

ခရစ္စနှင့် အဲလီယော့တို့ ဆက်ဆံရေး တိုးတက်လာသလို တစ်ဘက်မှာလည်း သူနှင့်ဆောလ်၏ ဆက်ဆံရေး တိုးတက်လာခဲ့သည်။ သူတို့နှစ်ယောက် တတွဲတွဲနှင့် ခွဲမရအောင် ဖြစ်နေပြီ။

ခရစ္စက သူ့သကြားပြားများကို ဆောလ်အား ခွဲဝေပေးသည်။ ဆောလ်က သူ ကျွမ်းကျင်သည့် အားကစားနှင့် ကာယပညာများကို ခရစ္စအား သင်ပေးသည်။ ဘောလုံး၊ ဘေ့စ်ဘော၊ ဘတ်စကက်ဘောတို့၏ လျှို့ဝှက်ချက်များ ဖောက်သည်ချသည်။

အားကစားပါရမီပါသော ဆောလ်သည် ဘာသာစကားနှင့် သင်္ချာ





ပညာတို့တွင် အခက်အခဲတွေ့သည့်အခါ စာတော်သော ခရစ္စက စာမေးပွဲအောင်အောင် ကူညီသင်ကြားပေးသည်။ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် ကျေးဇူးတင်စကားပြောသည်။ ချီးမွမ်းကြသည်။ တစ်ယောက်မလုပ်နိုင်သည့်အရာကို တစ်ယောက်က ဝင်လုပ်နိုင်သည်။ သူတို့နှစ်ယောက်ပေါင်းစည်းလိုက်သည့်အခါ ဘယ်သူမှ မယှဉ်ဝံ့တော့။

သူတို့အတန်း၊ သူတို့အုပ်စုထဲမှာ ဆောလ်ကိုသာမက ခရစ္စကိုပါ မနာလို ဖြစ်လာကြတော့သည်။

ရာနှုန်းပြည့် ပြီးပြည့်စုံဖို့ တစ်ခုပဲ လိုသည်။

ဇူလိုင်လ၊ ပထမရက်သတ္တပတ် ကုန်ဆုံးရက်တွင် အဲလီယော့ လာလည်သည်။

"မနက်ဖြန် တို့ အမေရိကန်ပြည်ထောင်စု လွတ်လပ်ရေးနေ့လေ ခရစ္စရဲ့၊ မင်းကို မြို့ထဲခေါ်သွားပြီး မီးရှူးမီးပန်းအလှပစ်ဖောက်ပွဲကို လိုက်ပြချင်တယ်"

ဟု အဲလီယော့က ပြောသည်။ ခရစ္စပျော်သွားသည်။

သို့သော် အဲလီယော့သည် အနည်းငယ် မျက်နှာပျက်နေသည်။

"မင်းကို ငါမေးမယ်၊ မှန်မှန် ပြောနော်၊ မင်း ငါနဲ့ချည်း လျှောက်လည်နေရတာ မငြီးငွေ့သေးဘူးလား၊ မင်း သူငယ်ချင်း တစ်ယောက်ယောက်ကိုပါ မင်းနဲ့ အတူခေါ်ပြီး မလည်ချင်ဘူးလား၊ မင်းမှာ ညီအစ်ကိုလို ခွေမျိုးလိုချစ်ရ ခင်ရတဲ့ သူငယ်ချင်းတစ်ယောက် မရှိဘူးလား ရှိရင်ခေါ်ကွာ၊ ငါ ခွင့်ပြုပါတယ်"

"သိပ်ရှိတာပေါ့"

ခရစ္စက အားရဝမ်းသာ ပြောလိုက်သည်။

"ဒါဖြင့် သွားခေါ်လေကွာ"

အဲလီယော့က ပြုံး၍ပြောလိုက်၏။

"ထွက်မသွားနဲ့နော်"

"အေးပါ၊ ငါ ဒီမှာပဲ စောင့်နေမယ်"

လက်နက်တိုက်အနီးရှိ ခုံတန်းလျားတွင် အဲလီယော့နှင့်အတူ ထိုင်နေရာမှ ခရစ္စ ပြေးသွားသည်။

"ဆောလ်၊ မင်းကို သတင်းထူးပြောမလို့"

သူ့နောက်နားမှ အဲလီယော့၏ ရယ်သံကို ကြားလိုက်ရ၏။

ထိုအချိန်မှစ၍ အဲလီယော့နှင့် ခရစ္စတို့ ထွက်လည်တိုင်း ဆောလ်



www.burmeseclassic.com

www.burmeseclassic.com



လည်း အတူပါလာသည်။

"ဟုတ်တယ်ခရစ္စ၊ ဆောလ်ဟာ သူများနဲ့မတူဘူးကွ၊ မင်း သူငယ်ချင်း အရွေးတော်သားပဲ၊ မင်းအတွက် ငါ ဂုဏ်ယူပါတယ်"

ဟု အဲလီယော့က ချီးမွမ်းသည်။

ယခု အဲလီယော့သည် နှစ်ယောက်စလုံးအတွက် သကြားပြားများ ဝယ်လာပေးလျက်ရှိ၏။ 'ကျေးဇူးတော်နေ့'ပွဲရက်တွင် အဲလီယော့က သူတို့ကို သူ့အိမ်ခေါ်၍ ကျွေးမွေးသည်။ လေယာဉ်ပျံ အပျော်စီးဖို့လည်း သူတို့ကို ခေါ်သွားသည်။

"ခရစ္စ . . . ၊ ဆောလ်ကို ငါ ဂရုစိုက်တဲ့အတွက် မင်းမနာလိုဖြစ်မှာ ငါစိုးရိမ်တယ်၊ ငါက မင်း စိတ်ချမ်းသာစေချင်လို့ပါ၊ သူဟာ မင်းသူငယ်ချင်း၊ မင်းဆွေမျိုးလိုပဲမဟုတ်လား"

"ကျွန်တော် ဆောလ်ကို မနာလိုမဖြစ်ပါဘူး"

"ဒါဆို မင်းငါ့အပေါ် နားလည်တယ်ပေါ့၊ အင်း . . . ငါလဲ အဲဒီလို ထင်သားပဲ၊ မင်း ဖို့ကို ယုံတယ်နော်"

ခရစ္စတို့ကျောင်း၌ စနေနေ့ညနေတိုင်း ရုပ်ရှင်ပြသည်။ ရုပ်ရှင်ကား ထုပ်တွေ တစ်ကားပြီးတစ်ကား လဲပြသော်လည်း ၎င်းတို့အားလုံး အတူတူလို ဖြစ်နေသည်။ အကြောင်းကား ထိုဇာတ်ကားအားလုံး စစ်ကားများချည်း ဖြစ်သောကြောင့်တည်း။

သမိုင်းဘာသာသင်ကြားသောအခါ အလက်ဇန္ဒားဘုရင်၏ အောင်ပွဲများနှင့် ဆီဇာဘုရင်တို့၏ စစ်ပွဲများအကြောင်း သင်ယူကြရသည်။ အမေရိကန် သမိုင်းနှင့်ပတ်သက်၍ လွတ်လပ်ရေးတိုက်ပွဲ၊ ၁၈၁၂ ခုနှစ်စစ်ပွဲ၊ ပြည်တွင်း စစ်တို့အကြောင်း သင်ယူကြရသည်။

စာပေပညာဘာသာရပ်တွင် အနီရောင် ရဲသတ္တိ ရင်ထိုးတံဆိပ်၊ ခေါင်းလောင်းထိုးသံဘယ်သူ့ထံ၊ သေးမျှင်သော အနီရောင် မျဉ်းကြောင်အမည်ရှိ စစ်နောက်ခံစာအုပ်များကို ဖတ်ရှုလေ့လာကြရသည်။ အကြောင်းအရာများ ထပ်နေသော်လည်း သူတို့ မငြီးငွေ့ကြ။ အမြဲစိတ်တက်ကြွ လှုပ်ရှားစရာကောင်းသော သူရဲကောင်းဆန်ဆန် လှုပ်ရှားမှုများနှင့် စစ်တိုက်ခန်းများအပြည့်ပါသော စာအုပ်များဖြစ်သည် မဟုတ်လော။

ထိုအတူ ကောင်လေးများသည် စစ်သင်တန်း တက်ရခြင်းတိုလည်း နှစ်မြို့က်ကြသည်။ စာသင်ခန်းမှာရော အားကစားမှာပါ သူတို့အချင်းချင်း လက်ရုံးရည်နှလုံးရည်ယှဉ်ပြိုင်ကြရသည်။





သို့တစေ၊ တစ်ခါတစ်ရံ စစ်ယူနီဖောင်း ဝတ်ထားပြီး တစ်ခါတစ်ရံ အရပ်ဝတ်အရပ်စားဝတ်ထားသော လူစိမ်းများသည် အားကစားရုံ၊ သို့မဟုတ် စာသင်ခန်း၏ နောက်ဘက်နားတွင် တိတ်ဆိတ်စွာ ရပ်ကြည့်နေကြသည်ကိုလည်း ၎င်းတို့ သတိထားမိခဲ့ကြပေသည်။ ထိုလူစိမ်းများသည် ကျောင်းသားများအား ယှဉ်းသို့ကြည့်ရှုရင်း နှိုင်းယှဉ်မှု အကဲဖြတ်မှုများကို စိတ်ဝင်တစား ပြုလုပ်ကြ၏။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၂ )

၁၉၅၉ ခုနှစ်တွင် ချော့ကလက်ပြားအတွက် ခရစ္စ၏အသက်ကို ဆောလ်က ကယ်တင်လိုက်လေသည်။

သူတို့ အသက်ဆယ့်လေးနှစ်ရှိပြီဖြစ်သော်လည်း မိမိတို့သည် စွန့်စားခန်းတစ်ခုကို အတိုးသတ်၍ စွန့်စားခန်းအသစ်ကို စတင်ရတော့မည်ဖြစ်ကြောင်း မသိကြရှာသေးပေ။

အဲလိယော့ပေးထားသည့်ငွေဖြင့် သူတို့နှစ်ယောက် ကျောင်း၌ ချော့ကလက်များ မှောင်ခိုသွင်းကာ မိမိတို့ တာဝန်ကျသည့် အလုပ်များကို မလုပ်လိုသည့်အခါ အခြား ကောင်လေးများအား သကြားပြားပေး၍ ကိုယ်စား ဝင်လုပ်နိုင်းကြလေသည်။

ဒီဇင်ဘာ ၁၀ ရက်နေ့ည။

အဆောင်မီးများ ပိတ်ပြီးသည်နှင့် နှင်းဖုံးနေသည့် နောက်ဘေး တံတိုင်းမြင့်ကြီးဆီသို့ သူတို့အဆောင်ထဲမှ ခိုးထွက်ကြသည်။ ဆောလ်က ခရစ္စပခုံးကိုနင်းကာ တံတိုင်းပေါ် တက်သည်။ ပြီး ခရစ္စ၏လက်မောင်းကို ဆုပ်ကိုင်၍ ဆွဲတင်ပေးသည်။

တံတိုင်းပေါ် မှာထိုင်ရင်း မှောင်မည်းနေသည့် အောက်ဘက်လမ်းမကို ငုံ့ကြည့်လိုက်သည်။

လူသွားလူလာမရှိသဖြင့် သူတို့လမ်းမပေါ် သို့ ဆင်းကြသည်။ ဆောလ်က ပထမဦးဆုံး ခုန်ဆင်းရာ လမ်းမပေါ် ပက်လက်လန်ကျသွားသည်။ အွန့်ခနဲ အော်သံကို ခရစ္စကြားရသဖြင့် လန့်သွားသည်။

ဆောလ်ကို ကူညီလိုဇောဖြင့် သူ ခုန်ချလိုက်သည်။

နှင်းခဲပေါ်၌ သူခြေချော်ပြီးလဲကျကာ ဦးခေါင်းနှင့်ပလက်ဖောင်း ရိုက်မိသွားသည်။ နှင်းခဲများမှာ နေ့ခင်း၌ အရည်ပျော်သွားသော်လည်း ညဗိုင်း





ရေခဲပြင်လို ခဲနေကြောင်း သူ သတိထားမိသည်။ ထို့ကြောင့် သူ ရေခဲပြင်ပေါ်၌ ပက်လက်လန်ကာ ဆောလ်ဆီသို့ ခြေထားရား လက်ကားရားနှင့် လျှောထွက်သွားသည်။ သူ့ဘွတ်ဖိနပ်ဖြင့် ဆောလ်အား ကန်မိပြီး ဆောလ်အား အဝေးသို့ ထပ်လွင့်သွားစေသည်။

ရုတ်တရက် ခေါင်းလောင်းသံတစ်ခု ကြားရသည်။

လမ်းထောင့်မှ ဓာတ်ရထားတစ်စီး ကွေ့ဝင်လာသည်။ ရှေ့မီးကြီးများ ထိန်လင်းနေ၏။ ယာဉ်မောင်းက ခေါင်းလောင်းကြိုးကို ဆောင့်ဆွဲပြီး ဘရိတ်မောင်းတံကို ဆွဲလိုက်သည်။

ဘရိတ်များ ကျွီခနဲ မြည်သွားသော်လည်း ဘီးများက သံလမ်းပေါ်မှ ဆက်လိမ့်နေဆဲ။

ခရစ္စ ကုန်းထသည်။ သူ့ခေါင်းဒဏ်ရာကြောင့် မူးနောက်နောက် ဖြစ်နေရာမှ ယိုင်ပြီး ပြန်လဲသွားပြန်သည်။

ဓာတ်ရထား ရှေ့မီးများကြောင့် သူ့မျက်စိ ကျိန်းနေ၏။ ဆောလ်က သူ့ဆီဒိုင်ဗင်ထိုးကာ သူ့ ကုတ်အင်္ကျီကို ဖမ်းဆုပ်၍ ပလက်ဖောင်းပေါ် ဆွဲချလိုက်သည်။

ဓာတ်ရထားကြီး သူတို့ဘေးမှ ရွှတ်ခနဲ ဖြတ်သန်းသွားသည်။ လေဟပ်ခံရသဖြင့် ခရစ္စ ကြက်သီးထသွားသည်။

"မျောက်မသားလေးတွေ"

ယာဉ်မောင်းက ပြတင်းပေါက်မှ ခေါင်းပြူ၍ အော်ဆဲသွားသည်။

ဓာတ်ရထားမှာ ခေါင်းလောင်း တဒေါင်ဒေါင်တီးကာ ဆက်မောင်းသွား၏။

ခရစ္စသည် ရေခဲဖုံးနေသည့် ပလက်ဖောင်းပေါ်၌ ထိုင်ရင်း ခေါင်း ငိုက်စိုက်ချကာ အသက်ပြင်းပြင်းရှူနေသည်။

ဆောလ်က သူ့ခေါင်းကို စမ်းကြည့်သည်။

"သွေး သိပ် ထွက်နေတယ်၊ ငါတို့ အဆောင်ကို ပြန်မှဖြစ်မယ်"

ခရစ္စ တံတိုင်းပေါ် မနည်းအားခဲပြီး ပြန်တက်ရသည်။ အဆောင် လှေကားရင်းတွင် ကြိုးကြပ်ရေးမှူးနှင့် ပက်ပင်းတိုးမလိုလို ဖြစ်သွားသေးသည်။

မှောင်ရိပ်လွှမ်းသော ရေချိုးခန်းထဲတွင် ဆောလ်က ခရစ္စဒဏ်ရာကို ကြိုးစားပမ်းစား ဆေးကြောပေးသည်။ နောက်နေ့ စာသင်ခန်းထဲ၌ ဆရာက ခရစ္စဒဏ်ရာ ဘယ်လိုရသလဲဟုမေးရာ သူက လှေကားပေါ်မှလိမ့်ကျလို့ဟု ဖြေသည်။ ကိစ္စက ဤမျှနှင့် ပြီးလောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆောလ်က ခရစ္စအသက်ကို ကယ်တင်လိုက်ခြင်းကြောင့် သူတို့သံယောဇဉ်က ပိုကြီးသွားသည်။

သို့တစေ ပေါ်ပေါက်လာမည့် ဂယက်များကို သူတို့နှစ်ယောက်စလုံး ကြိုမတွေးထားမိသကဲ့သို့ မိမိတို့နှစ်ဦးသား မည်သို့ဖြစ်သွားနိုင်ကြောင်းကိုလည်း မရိပ်မိကြချေ။

နောက်ဆယ်ရက်အကြာ၌ တံတိုင်းကိုကျော်၍ ကျောင်းအပြင်သို့ ခိုးထွက်ကြပြန်သောအခါ ကုန်စုံ ဆိုင်တန်းဆီသို့ အသွားဖဲယားမောင့်ပန်းခြံဘက်ခြမ်းမှ လမ်းသရဲအုပ်စုတစ်စုက သူတို့ကို လမ်းပိတ်၍ မိုက်ကြေးခွဲလေသည်။

အကြီးဆုံး ကောင်လေးက ခရစ္စ၏အိတ်များကို လှမ်းကိုင်သည်။

ခရစ္စ ဒေါသထွက်ပြီး ၎င်းအား တွန်းထုတ်လိုက်၏။ သူ့ဝမ်းဗိုက်ဆီ ဝင်လာသော လက်သီးကို မမြင်လိုက်၊ သူ့မျက်လုံးတွေပြာသွားစဉ် ဆောလ်အား အခြားလမ်းသရဲ နှစ်ယောက်က လက်မောင်းနှစ်ဖက်မှ ဖမ်းချုပ်လိုက်သည်ကို သူ မြင်ရသည်။ စတုတ္ထကောင်လေးက ဆောလ်မျက်ခွက်ကို လက်သီးနှင့် ထိုးထည့်လိုက်သည်။

သွေးတွေ ဖြာထွက်သွား၏။

ခရစ္စ အသက်ရှူလို့မရသော်လည်း ဆောလ်ကို ကူညီဖို့ကြိုးစားသည်။ သူ့မျက်နှာကို တစ်စုံတစ်ယောက်က လက်သီးနှင့်ထိုးသဖြင့် နှုတ်ခမ်းကွဲသွားသည်။ သူလဲကျသွားသောအခါ သူ့ပခုံးကို ဘွတ်ဖိနပ်နှင့် အကန်ခံရသည်။ ထို့နောက် အခြားသူများကပါ သူ့ရင်ဘတ်၊ သူ့နံစောင်း၊ သူ့ကျောပြင်တို့ကို ဖိနပ်နှင့် ဝိုင်းကန်ကြသည်။

သူ မြေကြီးပေါ်မှာ လူးလိမ့်နေသည်။

ဆောလ်ကိုဝိုင်းထိုးကာ သူ့ကိုယ်ပေါ် တွန်းချလိုက်ကြသည်။

ရိုက်နှက်ထိုးကြိတ်မှု အဆုံးသတ်သွား၏။ လမ်းသရဲဂိုဏ်းက သူတို့ ပိုက်ဆံများကိုယူပြီး ထွက်ပြေးသွားသည်။

ခရစ္စနှင့် ဆောလ်တို့နှစ်ယောက် ကျောင်းသို့ ဒယီးဒယိုင်နှင့်ပြန်သွားစဉ် ရဲကားတစ်စီးက ဆေးရုံအရေးပေါ်ဌာနသို့ပို့ပေးပြီး ကျောင်းတွင်းရှိ ဆေးရုံသို့ ဆက်ပို့ပေးလိုက်သည်။

လမ်းသရဲဂိုဏ်းဝင်များသည် လူဝယ်များနှင့်သိပ်မတူ။ ဘွတ်ဖိနပ်၊ ဂျင်းန်ဘောင်းဘီ၊ သားရေကုတ်အသစ်များဝတ်ထားကာ ဆံပင်တိုတို သပ်သပ်ရပ်ရပ်ညှပ်ထားသူများ ဖြစ်သည်။

သူတို့သည် တန်ဖိုးကြီးသည့် မော်တော်ကားကို မောင်း၍ ထွက်သွား





ကြလေသည်။

ငါတို့မှာ ပိုက်ဆံပါတာ သူတို့ကျိန်းသေ ဘယ်လိုသိလဲဟု ခရစ္စတွေးမိသည်။

ယခင်တစ်ခေါက် ဓာတ်ရထားအတိုက်မခံရအောင် ဆောလ်က မိမိအား ကယ်တင်ခဲ့စဉ်ကလည်း သူတို့ကြိုစောင့်နေခဲ့ကြသေးသလား။

ကျောင်းဆေးရုံ ခုတင်ပေါ်၌ နှုတ်ခမ်းများရောင်လျက် လဲလျောင်းရင်းတွေးနေစဉ် အဲလိယော့ ဝင်လာသည်။ အဲလိယော့သည် ဦးထုပ်နှင့် ကုတ်အင်္ကျီအနက်တို့ကို ဝတ်ထားသည်။ သူ့ကိုယ်ပေါ်မှာ နှင်းမှုန်တွေကပ်နေသည်။

"ငါ ကြားကြားချင်းပြေးလာခဲ့တာ၊ ငါ့ကို ချက်ချင်း သတင်းမပေးကြဘူး၊ အို . . . ဘုရား . . . ဘုရား . . . မင်းတို့ မျက်နှာတွေ ကြည့်စမ်းပါဦး၊ ဟိုကောင်တွေမင်းတို့ကို တုတ်တွေနဲ့ ဝိုင်းရိုက်သွားတယ်ထင်တယ်၊ မင်းတို့ နှစ်ယောက်စလုံး မသေတာ ဘုရားမလို့ပဲဟေ့"

အဲလိယော့က ခရစ္စနှင့်ဆောလ်အား တအံ့တသြကြည့်ကာ အမောတကော ပြောလိုက်သည်။

သူတို့ကို သေသေချာချာကြည့်ရင်း သူအတော်စိတ်ပျက်သွားမိသည်။

"သူတို့ တုတ်မကိုင်ဘဲ ဆော်သွားတာပါ"

ဆောလ်က အားလျော့စွာ ပြောလိုက်သည်။ သူ့မျက်နှာတစ်ခုလုံး ရစရာမရှိ၊ ဒဏ်ရာအပြည့်နှင့် ညိုမည်း ဖူးရောင်နေသည်။

"ငါ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် မင်းတို့က အန္တရာယ်ကို ဖိတ်ခေါ်သလိုပဲ၊ မင်းတို့တာထွက်လုပ်သလဲဆိုတာ ကျောင်းအုပ်ကြီးက ငါ့ကိုပြောပြတယ်၊ ကျောင်းကခိုးထွက်ပြီး ဈေးကလက်တွေ သွားဝယ်တာဆို၊ ငါပေးတဲ့ ပိုက်ဆံနဲ့ ဝယ်တာပေါ့လေ၊ ဟုတ်လား"

အဲလိယော့က မေးလိုက်သည်။

ခရစ္စ ရှက်သွား၏။

"ထားပါတော့ကွာ၊ ခုချိန်မှာ ချော့ဖြောက်ရေးနေလို့ အပိုပဲ၊ မင်းတို့ကို တရားဟောနေမယ့်အစား နှစ်သိမ့်သင့်တယ်၊ အဲဒီလိုဖြစ်ကြမှတော့ သူတို့ကို ပြန်မဆော်လိုက်ကြဘူးလား"

"ကျွန်တော်တို့ လက်ဖျားနဲ့တောင် မတို့လိုက်ရဘူး"

ဆောလ်က မပွင့်တပွင့် ပြောလိုက်သည်။ အဲလိယော့က အံ့အား သင့်ဟန်ဖြင့်

"ဒီကျောင်းမှာ မင်းတို့ကို လက်ဝှေ့ သင်ပေးထားတယ် မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ မင်းတို့ လူပျော့လူညံ့တွေ မဟုတ်ဘူး၊ ငါ မင်းတို့ ဘောလုံးကန်တာ ကြည့်ဖူးတယ်၊ ဟိုကောင်တွေကို မင်းတို့ တကယ်ပဲ လက်သီးနဲ့ တစ်ချက်လေးတောင် မထိုးလိုက်ရဘူးလား"

ခရစ္စက ခေါင်းခါပြပြီး

"ကျွန်တော်တို့ အငိုက်မိသွားတယ်၊ လက်ငှေ့ထိုးဖို့မပြောနဲ့ ကျွန်တော် လက်သီးဆုပ်ဖို့အချိန်တောင် မရလိုက်ဘူး၊ သူတို့က လူအုပ်လိုက်ဝိုင်းချတာ"

"ဒီကောင်တွေ သိပ်သွက်တယ်၊ လက်ငှေ့ယှဉ်ထိုးလဲ အပိုပဲ၊ သူတို့ ပိုတော်တယ်၊ သူတို့က . . . ဟို . . ."

ဆောလ်စကားလုံးရှာမရ။

"ကျွမ်းကျင်တဲ့လူတွေလား"

ဆောလ် ခေါင်းညိတ်လိုက်၏။ သူ့ တစ်ကိုယ်လုံးကိုက်ခဲနေ၏။

အဲလိယော့က သူတို့ကိုကြည့်ကာ မျက်မှောင်ကုတ်နေသည်။

ပြီးတော့ တစ်စုံတစ်ခုကို စဉ်းစားနေပုံရသည်။

"မင်းတို့ နောက်နှောင် ကျောင်းက ခိုးမထွက်ရဲတော့ဘူး မဟုတ်လား၊ အေး . . . ခိုးထွက်မယ်ဆိုရင်လဲ အန္တရာယ်ကို မမျှော်လင့်ဘဲရင်ဆိုင်နိုင်ဖို့ အသင့်ပြင်ထားသင့်တယ်၊ မင်းတို့ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်တတ်ရမယ်၊ မင်းတို့ ရုပ်ပျက်ဆင်းပျက်ဖြစ်တာမျိုး ငါ မမြင်ချင်ဘူးကွာ"

အရေးကြီးသော ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သလို အဲလိယော့ သူ့ဘာသာ ခေါင်းညိတ်လိုက်သည်။

ဘာများပါလိမ့်ဟု ခရစ္စ တွေးမိသည်။

◆

( ၁၃ )

ဆောလ်၏ ဆယ့်ငါးနှစ်မြောက် မွေးနေ့မှာ ၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့ ဖြစ်သည်။ ထိုနေ့တွင် အဲလိယော့က ဆောလ်နှင့် ခရစ္စအား ဝါရှင်တန်သို့ ကားနှင့် ခေါ်သွားသည်။

ပထမဦးစွာ မနက်စာ စားသောက်ပြီး အဲလ်ဗစ္စပရက်စလေ ပါဝင်သော 'ဂျီအိုင်ဘလူး' ရုပ်ရှင်ကားကို ဝင်ကြည့်ကြသည်။ ဝါရှင်တန်၌ လည်ပတ်ပြီး ကျောင်းသို့ ပြန်ပို့သောအခါ အဲလိယော့က အဖြူရောင်ဖဲစုံဝတ်လျက် တစ်ယောက်ကိုတစ်ယောက် ခြေဖြင့်ကန်နေသော၊ ကိုင်ပေါက်နေသော လူပုံများ ပါရှိသည့် စာအုပ်များကို လက်ဆောင်ပေးလိုက်သည်။

ထိုအချိန်က အမေရိကန်နိုင်ငံသားများသည် ကိုယ်လုံသိုင်းပညာနှင့် ပတ်သက်၍ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်စစ်သားများထံမှတစ်ဆင့်သာ ကြားဖူးနားဝရှိကြသည်။ ဓာတ်ပုံများမှာ ကြေးစား နပန်းသတ်ခြင်းတစ်မျိုး ဖြစ်မည်ဟု ဆောလ်နှင့် ခရစ္စတို့ ထင်မှတ်ကြ၏။

နောက်တစ်ပတ်၌ အဲလိယော့လာလည်သောအခါ ထိုစာအုပ်များကို သူတို့ လေ့လာခွင့်ရသည်။ အဲလိယော့က မိုးချစ်စိတ်နှင့် ရဲစွမ်းသတ္တိအကြောင်း ပြောကာ ကျောင်းမှ အခြားအားကစားနည်းအားလုံးကို စွန့်လွှတ်ပြီး စာမေးပွဲကြီး ပြီး၍ အောင်လက်မှတ်ရသည့်အချိန်အထိ တစ်ပတ်ခုနှစ်ရက်၊ တ ကြိက်လျှင် သုံးနာရီ မိမိတို့ဘာသာ လေ့ကျင့်ရန် ညွှန်ကြားလိုက်သည်။

ကောင်လေးနှစ်ယောက်စလုံး အခွင့်အရေးကို လက်လွှတ်မခံနိုင်ကြပေ။

တစ်နည်းအားဖြင့် ဖရန်ကလင်ကျောင်းမှ ပုံမှန်လေ့ကျင့်ခန်းများကို ရှောင်ရှားခွင့် ရစေသည်။ နောက်တစ်နည်းမှာ ယခုထိ ဒဏ်ရာများက ကောင်းကောင်း မပျောက်သေးသဖြင့် နောက်ထပ် ထိုသို့မခံစားရအောင်လုပ်ဖို့လည်း သန္နိဋ္ဌာန်ချထားပြီးဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ သန္နိဋ္ဌာန်ချမှတ်မှုက နောင်အခါ၌ မည်မျှအထိ အစွန်းရောက်လာမည်ဖြစ်ကြောင်း သူတို့ မရိပ်မိကြရှာချေ။

ဖေဖော်ဝါရီလ၊ ဒုတိယပတ် သီတင်းပတ်ဆုံးရက်တွင် အဲလိယော့က သူတို့ကို နည်းပြဆရာများဆီ ခေါ်သွားသည်။

အဲလိယော့သည် အစိုးရ အရာရှိတစ်ဦး ဖြစ်ကြောင်း သူတို့ သိထားပြီးသားဖြစ်ရာ လွန်ခဲ့သော ခုနစ်နှစ်ဖြစ်သော ၁၉၅၃ ခုနှစ်က စီအိုင်အေအဖွဲ့ကြီးက ကမ္ဘာ့ဂျူဒိုချန်ပီယံဟောင်း ဂျပန်လူမျိုး ယူကီယိုအီရှိဂုရိုနှင့် တောင်ကိုရီးယားတပ်မတော်မှ အထက်တန်း ကရာတေး နည်းပြဆရာဟောင်းဖြစ်သူ ဗိုလ်မှူး ဆူးကူးလီတို့အား စည်းရုံးသိမ်းသွင်းခဲ့ကြောင်း သိရသောအခါ သူတို့ သိပ်မအံ့ဩကြတော့ချေ။

အစွန်ရောက်ဆုံး ရှော့ဘော့ဂ်၏ သတ်ဖြတ်နည်းသင်တန်းသို့ မတက်မီ စီအိုင်အေအဖွဲ့ဝင်များအား အကောင်းဆုံးလက်နက်မဲ့ တိုက်ခိုက်နည်းသင်တန်း ပေးရန်အတွက် ထိုဆရာနှစ်ယောက်အား အမေရိကန်ပြည်ထောင်စုသို့ ခေါ်ယူခဲ့ကြခြင်း ဖြစ်သည်။

သင်တန်းပေးသည့်နေရာကား ဖရန်ကလင်ကျောင်းမှ တစ်မိုင်ခန့်ဝေးသော ဖီလာဒယ်လ်ဖီးယားမြို့လယ်ပိုင်းရှိ ဂိုဒေါင်ကြီး၏ ပဉ္စမထပ်၊ အားကစားရုံကြီးထဲတွင်ဖြစ်သည်။

ထိုရုံကို ဂျပန်လို ဒိုဂျိုဟု ခေါ်၏။ ပဉ္စမထပ်သို့ တက်လျှင် စီးရသော ဓာတ်လှေကားကြီးမှာ သံချေးတက်နေသည့် ရေချိုးခန်းတစ်ခုနှင့်တူသည်။ လူသုံးယောက်ပင် ကောင်းကောင်းမဆံ့။ ချွေးနံ့နှင့် ကျင်ငယ်နံ့လည်း နံသေးသည်။ နံရံပေါ်မှာ ညစ်ညမ်းသည့်စာများ လက်ဆော့ရေးခြစ်ထား၏။

ဒိုဂျိုကတော့ ကျယ်ဝန်းသည်။ မျက်နှာကြက်မှာ သံမဏိယက်မကြီးများခံထားပြီး မီးဆလိုက်များ ထိန်လင်းစွာ ထွန်းထားသည်။ ကြမ်းပြင်တစ်ခုလုံး နီးပါးမျှ တာတာမိခေါ် သုံးလက်မထူသည့် အစိမ်းရောင်ဖျာများများ ခင်းထား၏။ နောက်ဘက်နားတွင် နံရံပြည့် ကြေးမုံချပ်ကြီးများရှေ့၌ ဝက်သစ်ချသားဖြင့် စည်းချ ကာရံထားသည်။

အဲလိယော့နှင့်အတူ ဆောလ်တို့ ဝင်သွားကြသောအခါ အဝတ်လဲခန်းနှင့် ဖျာခင်းထားသောနေရာကြားတွင် ကစားခုံအတော်များများကို တွေ့ကြရသည်။

စားပွဲတစ်လုံးတွင် အီရှိဂုရိုနှင့် လီတို့နှစ်ယောက် အဖြူနှင့်အနက် ကျောက်တုံးကလေးများသုံး၍ အရှေ့တိုင်းကစားနည်းတစ်ခုကို ကစားနေကြ





သည်။ ထိုကစားနည်းကို 'ဂို'ဟု ခေါ်ကြောင်း အဲလိယော့က ရှင်းပြသည်။

ဆရာနှစ်ယောက်စလုံး ဥရောပဝတ်စုံများ ဝတ်ဆင်ထားကြသည်။ အီရှိဂုရို၏ဝတ်စုံက အပြာရောင်ပိုးသားဖြင့် ချုပ်ထားသည်။ လီ၏ဝတ်စုံက မီးခိုးရောင်ငါးမန်းရေခွံဖြင့် ချုပ်ထား၏။ သူတို့နှစ်ယောက်စလုံး ဖိနပ်ချွတ်ထားသည်။ သူတို့ခြေစွပ်များက ဖြူဖွေးသန့်စင်နေသည်။ ရှပ်အင်္ကျီများမှာ ကော်ခပ်များများတင်ထားသဖြင့် မာတောင့်နေပြီး လည်စည်းများကို သပ်သပ်ရပ်ရပ်ချည်ထားကြသည်။

ခေါင်းတုံးပြောင်ပြောင်၊ ဗိုက်ပူပူနှင့် အီရှိဂုရိုသည် တရုတ်ဘုံးတော်ကြီးနှင့် တူနေသည်။ သို့သော် ရင်းမတ်တတ်ရပ်လိုက်သောအခါ ခြောက်ပေသုံးလက်မမြင့်သော အရပ်နှင့် ပေါင်နှစ်ရာ့ကိုးဆယ်ရှိသော ကိုယ်ထည်တို့က သူ့အား လူထွားကြီးတစ်ယောက်အဖြစ် ပေါ်လွင်ထင်ရှားစေသည်။

လီကား အရပ်ငါးပေလေးလက်မရှိပြီး အီရှိဂုရိုနှင့် ယှဉ်လျှင် ကိုယ်လုံးအတော်ညှက်သူဖြစ်သည်။ မည်းနက်သော နှုတ်ခမ်းမွှေးပါးပါးထားရှိပြီး ဆံပင်ကနက်မှောင်ပြောင်လက်နေသည်။ သူ့ကြွက်သား ဖွဲ့စည်းမှုက သံမဏိ စပရိန်များဖြင့် ပေါင်းစပ်ထားသလား အောက်မေ့ရလောက်သည်။

သူတို့က ကစားပွဲကို ချက်ချင်းရပ်ပစ်လိုက်သည်။ အဲလိယော့အား ဦးညွှတ်အရိုအသေပြုကာ ကောင်လေးနှစ်ယောက်အား လက်ဆွဲနှုတ်ဆက်ကြသည်။

*

ဒိုဂျိုသို့ ဒုတိယတစ်ခေါက်သွားကြသောအခါ ခရစ္စနှင့် ဆောလ်တို့အား 'ဂင်ပုကု'ခေါ် လူကြီးအရာသွင်းသည့် ထုံးတမ်းစဉ်လာ အခမ်းအနားလေးကို သင်တန်းဆရာနှစ်ဦးက ပြုလုပ်ပေးသည်။

သမားရိုးကျ ခါးရှည်တစ်ချောင်းနှင့် ခါးတို တစ်ချောင်းအစား ဂျူဒိုဝတ်စုံနှင့် ကရာတေးဝတ်စုံတို့ကို ရင်းတို့အား ပေးအပ်ကြသည်။ ခရစ်တို့နှစ်ယောက် ယင်းဝတ်စုံများကို သိပ်စိတ်ဝင်စားသွား၏။ ဂျူဒို 'ဂိ' ဝတ်စုံမှာချည်သားထူထူဖြင့် ရက်လုပ်ထားပြီး ကရာတေး 'ဂိ'ဝတ်စုံမှာ ပေါ့ပါးသည်။ ပွယောင်းယောင်းဝတ်စုံများသည် ဝတ်ထားသူ၏ကိုယ်လုံး ကိုယ်ပေါက်ကို ဖုံးကွယ်ထားပေးသည်။

အီရှိဂုရိုက ဤသို့ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာလီနဲ့ငါဟာ မင်းတို့ကို 'ရှိုဂိုက'လို့ခေါ်တဲ့ ဆာမူရိုင်းသူရဲကောင်း စစ်သည်မျိုးဆက်တွေအဖြစ် လက်ခံဖို့ ဆုံးဖြတ်ခဲ့ပြီးပြီ၊ ဒါဟာ မင်းတို့ အတွက်ရော မင်းတို့ရဲ့မိတ်ဆွေကြီး မစ္စတာအဲလီယော့အတွက်ပါ ထူးခြားတဲ့အဓိပ္ပာယ်ရှိတယ်၊ မင်းတို့အစော်ကားမခံရအောင် ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ဖို့ တာဝန်တစ်ခု ထပ်ဆောင်းပေးလိုက်သလိုပဲ၊ ဒီတာဝန်ကိုမင်းတို့လက်ခံရင် တစ်နေ့နေ့ကျ မင်းကိုယ့်ကိုယ်ကိုယ်သတ်ပစ်ဖို့လိုအပ်လာလိမ့်မယ်၊ ဒါကြောင့်မို့ မင်းတို့ကို အခု လူကြီးအရာသွင်းတဲ့ အခမ်းအနားမှာ ဓားကိုင်နည်းကို ပြောပြရခြင်း ဖြစ်တယ်၊ ဒီ အဆုံးအဖြတ်မျိုး လုပ်ဖို့လိုတဲ့အခါ တကယ့်ယောကျ်ားစစ်မှန် ပီသမှုဟာ သိပ်အရေးကြီးတယ်၊ လူတစ်ယောက် ကိုယ့်ဘာသာ အဆုံးစီရင်ဖို့ ဓားကို နည်းစနစ်တကျ သုံးရတဲ့ 'ဂျီဂိုင်'ဆိုတဲ့ နည်းကိုလဲ ငါ ပြောပြဦးမယ်"

အီရှိုဂုရိုသည် ကြမ်းပေါ်၌ တင်ပျဉ်ခွေထိုင်လိုက်သည်။ အသွား ဆယ့်လေးလက်မခန့်ရှိ ဓားငယ်တစ်ချောင်းကို ကောက်ယူပြီး သူ့ဝမ်းဗိုက်ပေါ် တင်၍ ဘယ်မှညာသို့ ကန့်လန့်ဖြတ်ဆွဲလိုက်သည်။

"ဝေဒနာက ပြင်းထန်လိမ့်မယ်၊ ဒီဝေဒနာ ခံစားရင်း မင်းဟာ ကြိုးစား ခါးမတ်ပြီး ခေါင်းငုံ့ထားရမယ်၊ မင်းရဲ့ လက်ထောက်က မင်းလည်ပင်းကို ဓားနဲ့ ခုတ်ပြီး အဆုံးစီရင်ပေးပါလိမ့်မယ်"

လီက အသွား လက်မလေးဆယ်ရှည်လျားသော ဓားရှည်ကြီးကို ကိုင်ကာ အီရှိုဂုရိုဘေး၌ ရပ်၍ သရုပ်ပြသည်။

"လည်ပင်းကိုခုတ်တဲ့အခါ ခေါင်းပြတ်မကျဘဲ ခန္ဓာကိုယ်နဲ့ဆက်ပြီး တဲတဲကလေးကျန်လောက်အောင် ခုတ်တတ်ဖို့လိုတယ်"

အီရှိုဂုရိုက မော့ကြည့်ပြီး ပြုံးလိုက်သည်။

" အဲဒါ ဆက်ပုကုလို့ခေါ်တယ်၊ 'ဝမ်းဗိုက်ကို ခွဲထုတ်ခြင်း'ပေါ့ ဂုဏ် သရေရှိစွာ သေဆုံးခြင်းတဲ့၊ တခြားနည်းနဲ့သတ်သေတာအားလုံးကိုတော့ ဂျီဆာအိ လို့ခေါ်တယ်၊ သမားရိုးကျ အဆုံးစီရင်မှုပေါ့၊ ဘာဂုဏ်မှမရှိဘူး၊ ဒါဟာ ဂုဏ်သရေ ရှိတဲ့ ရှေးထုံးတမ်းစဉ်လာတစ်ခုပဲကွ၊ ဟောဒီခေတ်မှာမရှိတော့တဲ့ မြင့်မြတ်တဲ့ ယောကျ်ားပီသမှုရှိစေဖို့ သွတ်သွင်းနည်းပေါ့၊

"...မင်းတို့သင်ကြားရမယ့်ပညာမှာ ပကာသနမရှိဘူး၊ လျှို့ဝှက် ဆန်းကြယ်မှုမရှိဘူး၊ မင်းတို့ကို သတ်ဖြတ်နည်း သင်ပေးမှာ၊ မင်းတို့ ရှုံးနိမ့်တဲ့အခါ ဂုဏ်ရှိရှိနဲ့ သေပွဲဝင်နည်းကိုလဲ သင်ပေးလိုက်မယ်"

ကောင်လေးနှစ်ယောက် ကြက်သေသေနေကြလေသည်။

သင်တန်းနောက်ဆုံးနေ့တွင် အီရှိုဂုရိုက ၎င်းတို့အား နောက်ဆုံး





ဩဝါဒစကား ပြောကြားသည်။

"ဂျပန်သမိုင်းမှာ ရှေးနှစ်ပေါင်းများစွာကတည်းက တပ်မှူးတစ်ယောက် ဟာ သူ့တပည့်တွေရဲ့ ကြည်ညိုလေးစားမှုကို ခံရတယ်၊ သူဟာ မင်းတို့သမ္မတ လိုမျိုး အကြီးအကဲ တစ်ယောက်ဖြစ်တယ်၊ သူ့ကို ရှိုဂွန်လို့ ခေါ်တယ်၊ သူ့ လက်အောက်မှာ မင်းတို့ရဲ့ ပင်တဂွန်တို့ စီအိုင်အေတို့လို ကျွမ်းကျင်မှုအမျိုးမျိုး ရှိတဲ့သူတွေ အမှုထမ်းကြတယ်၊ အဲဒီ အမှုထမ်း အရာထမ်းတွေရဲ့လက်အောက် မှာရှိတဲ့သူတွေက ရှိုဂွန်ရဲ့ တပ်စခန်းမှာ တာဝန်ထမ်းဆောင်ကြရတဲ့ ယာတာမိုတို လို့ခေါ်တဲ့ ဆာမူရိုင်းစစ်သည်တွေပဲ၊

"... အရာရှိတွေက ကြားလူတွေ၊ သူတို့က ရှိုဂွန်အတွက် ဂုဏ်သိက္ခာ ကို ထိန်းပေးပြီး ဆာမူရိုင်းတွေအတွက် တရားမျှတမှုရယူပေးတယ်၊ ဆာမူရိုင်း တွေကလဲ ကျေးဇူးတရား ရဲစွမ်းသတ္တိနဲ့ တာဝန်ဝတ္တရားကို ကျေပွန်စွာပေးဆပ် ဖို့ ကတိပြုကြရတယ်၊ ဒီတာဝန်ကို 'ဂီရိ'လို့ခေါ်တယ်၊ ဆာမူရိုင်းတစ်ယောက် ဟာ ဘုန်းကြီးဝတ်ချင်တယ်၊ ဒါမှမဟုတ် အပြင်းအထန် ဒဏ်ရာရသွားမယ်ဆိုရင် ရှိုဂွန်က သူ့ကို စွန့်လွှတ်လိုက်တာပဲ၊

"... အရာရှိတစ်ယောက် သေသွားတဲ့အခါမှာလဲ ရှိုဂွန်က သူ့တပည့် ဆာမူရိုင်းကို အငြိမ်းစားပေးလိုက်တော့တယ်၊ အဲဒီ ဆာမူရိုင်းတွေဟာ နိုင်ငံ တစ်ဝန်း တစ်ယောက်တည်း လျှောက်သွားနေတတ်တယ်၊ သူတို့ဟာ အိမ်ထောင် ပြုချင်စိတ် မရှိဘူး၊ ဒါပေမယ့် သူတို့ရဲ့ ကျွမ်းကျင်မှုဟာ အင်မတန် ကြောက်စရာ ကောင်းပြီး တိကျထက်မြက်လွန်းတဲ့အတွက် မကြာခဏ သူတို့ရန်မှုခံကြရတယ်၊ စိန်ခေါ် ခံရတယ်၊ ဒီလို ဆာမူရိုင်းအများစုကတော့ အချင်းချင်းဂိုဏ်းဖွဲ့ထားကြ တယ်၊ တချို့လဲ ဓားပြဖြစ်သွားပြီး အတော်များများကတော့ ဘုန်းကြီး ဖြစ်သွား တယ်၊ သတ်ဖြတ်နိုင်တဲ့ စွမ်းအားကာ စစ်သည်တော်တစ်ဦးကို အများအားဖြင့် ဘုန်းကြီးဝတ်စေတဲ့အဖြစ်က မထူးဆန်းပေဘူးလား၊

"... ဒါပေမယ့် မင်းတို့ဆီမှာ သမ္မတဟာ ရှိုဂွန်မဟုတ်ဘူး၊ မင်းတို့ သမ္မတက အများမြှည်သူရဲ့ အကြိုက်ပေါ် မူတည်ပြီး အပြောင်းအလဲရှိကြ တယ်၊ မင်းတို့ရဲ့ရှိုဂွန်က အဲလီယော့ပဲ၊ မင်းတို့ကို သူကပဲ အငြိမ်းစားပေးလိမ့် မယ်၊ ဒါမှမဟုတ်လဲ သူသေသွားမှာပဲ၊ အေး ... ဒါပေမယ့် သူ မရှိရင် မင်းတို့ နှစ်ယောက်ဟာ မျက်စိသူငယ်နဲ့ ယောင်ချာချာဖြစ်နေကြမှာ သေချာတယ်"

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၄ )

တိုက်ခေါင်မိုးပေါ်သို့ မိုးစက်များ တဒိုင်းဒိုင်းကျနေဆဲ။

အပြင်ဘက်တွင် နံနက်ခင်းသည် ညနေကဲ့သို့ မှောင်မဲနေသည်။

အဲရစ်ကာက မယုံနိုင်စွာဖြင့် မျက်တောင်ခတ်လိုက်သည်။

ခရစ္စနှင့် ဆောလ်တို့က မိမိတို့အကြောင်းကို တစ်ယောက်တစ်လှည့်စီ ပြောပြသွားခဲ့ကြ၏။

"သိုင်းပညာကို ဘယ်လောက်သင်ခဲ့ရသလဲ"

အဲရစ်ကာက မေးသည်။

"တစ်နေ့ကို သုံးနာရီ၊ သုံးနှစ်လုံးလုံး သင်ခဲ့တယ်"

ဆောလ်က ဖြေသည်။

အဲရစ်ကာက သက်ပြင်းရှိုက်လိုက်၏။

"အဲဒီတုန်းက ရှင်တို့ကလေးတွေပဲရှိသေးတာ"

"ငယ်ငယ်ပဲရှိသေးတယ် ပြောစမ်းပါ၊ ကျွန်တော်တို့ကို ပုံစံသွင်းပေးပုံက ကလေးတွေနဲ့မှ မတူတာပဲ"

ခရစ္စက ပြောသည်။

"ကိုယ်တို့က အဲဒီသင်တန်းတက်ရတာ ပျော်တယ်၊ အဲလိယော့အဖို့ ဂုဏ်ယူစရာကောင်းအောင် ကိုယ်တို့ လုပ်ပြချင်တယ်လေ၊ သူ့ရဲ့ ချီးကျူးစကားကိုပဲ ကိုယ်တို့ကြားချင်တယ်"

ဆောလ်က ပြောသည်။

ခရစ္စက စားပွဲပေါ်မှ ကွန်ပျူတာစာရွက်များကို လက်ညှိုးထိုးပြပြီး

"ကျွန်တော့်အထင်ပြောရရင်တော့ ဟောဒီ စာရင်းထဲက ကျန်တဲ့ လူတွေလဲ ကျွန်တော်တို့နည်းတူ ကြီးပြင်းလာခဲ့ကြပုံပဲ"

"ပုံသွင်းခံခဲ့ကြရတယ်ဆိုပါစို့"





အဲရစ်ကာက ပြောသည်။

ဆောလ် မျက်လုံးများ အရေးရိပ်သန်းနေသည်။

"အဲလိယော့တို့ အကြံအောင်သွားတယ်၊ ကိုယ်တို့ အဲဒီကျောင်းက အထက်တန်းအောင်သွားတော့ အထူးတပ်ဖွဲ့နဲ့ အမှတ် (၈၂)လေတပ်က စစ်သားစုဆောင်းရေးအရာရှိတွေကို လွှတ်လိုက်တယ်၊ သူတို့က သူ့တပ်ပိုကောင်းတယ်၊ ငါ့တပ်ပိုကောင်းတယ်ဆိုပြီး အပြိုင်အဆိုင် စည်းရုံးရေးလုပ်ကြတယ်၊ ဖိုင်ဘီအမ်တို့ ဇာရောက်တို့လို စက်မှုကုမ္ပဏီကြီးတွေက ကောလိပ်ကျောင်းတွေ သွားပြီး စည်းရုံးတဲ့နည်းအတိုင်းပါပဲ၊

"...ကိုယ်တို့အတန်းက ကောင်လေးတွေဟာ တပ်ဖွဲ့တစ်ခုမဟုတ် တစ်ခုတော့ ဝင်လိုက်ကြတာပဲ၊ စစ်ဆာပ်ထဲမဝင်တဲ့လူရယ်လို့ တစ်ယောက်မှ မကျန်ဘူး၊ ဒါကြောင့် အစဉ်အလာတစ်ခုဖြစ်လာတော့တယ်၊ ဖရန့်ကလင်ကျောင်းက အောင်တဲ့ ကျောင်းသားမှန်သမျှ စစ်တပ်ထဲဝင်ရတဲ့ အစဉ်အလာပေါ့၊ ဒီကျောင်းသားတွေဟာ သူတို့ရဲ့သတ္တိကို သိပ်ပြချင်လွန်းတဲ့အတွက် နောက် ခြောက်နှစ်အကြာ ၁၉၆၈ ခုနှစ်၊ ဗီယက်နမ်စစ်ပွဲကာလ၊ တက်ပွဲတော် ထိုးစစ်ဆင်နွှဲချိန်မှာ ကိုယ်တို့နဲ့ တစ်နှစ်တည်းအောင်တဲ့ကျောင်းသားဦးရေရဲ့ ရှစ်ဆယ်ရာခိုင်နှုန်းဟာ တိုက်ပွဲမှာ ကျဆုံးခဲ့ကြတယ်"

"အို...ဖြစ်မှ ဖြစ်ရလေ"

ခရစ္စက ဆက်လက်၍

"ဒါပေမယ့် ကျွန်တော်တို့အဖို့ လုပ်ငန်းစဉ်က မပြီးသေးဘူး၊ အဲလိယော့ကတော့ အုတ်မြစ်ချတယ်လို့ခေါ်တယ်၊ ဖရန်ကလင်ကျောင်းတက်၊ သိုင်းပညာသင်၊ အထူးတပ်ဖွဲ့ထဲဝင်၊ ဗီယက်နမ်မှာ စစ်သွားတိုက်ပြီးတော့ ကျွန်တော်တို့ အစ္စရေးက ရှော့သ်ဘာ့ဂ်ရဲ့ သင်တန်းသွားတက်ခဲ့ရပြန်တယ်၊ အဲဒီက ပြီးတော့ စီအိုင်အေသင်တန်း တက်ရတယ်၊ အဲလိယော့က ကျွန်တော်တို့ကို အစောကြီးကတည်းက စည်းရုံးခဲ့ပြီးသား၊ တကယ်တော့ ကျွန်တော် ငါးနှစ်သားအရွယ်ကတည်းက သင်တန်းစတက်ခဲ့ကြရတာပဲ၊ အဲ...စီအိုင်အေ သင်တန်းဆင်းတော့ ကျွန်တော်တို့ သူ့အတွက် အမှုထမ်းဖို့ အသင့်ဖြစ်နေပြီ"

"သူက ရှင်တို့နှစ်ယောက်ကို အကောင်းဆုံးဖြစ်အောင်လုပ်ပေးခဲ့တာပဲ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဟောဒီ စာရင်းထဲက လူတွေလဲ ဒီလိုပဲ၊ ကျွန်တော်တို့အားလုံး သူ့ကို ဘဝတစ်ခုလုံး ပေးအပ်ထားချင်စိတ်ပေါက်အောင် သူက ပုံသွင်းခဲ့တာလေ"

ခရစ္စက ဒေါသသံဖြင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ခိုင်းတာလုပ်၊ ဘာမှ ပြန်မမေးနဲ့ဆိုတဲ့ပုံစံဘဲ၊ ဥပမာ ပါရာဒင် ဗုံးခွဲမှုမျိုး၊ ဘာလို့ အဲဒီကိစ္စလုပ်ခိုင်းသလဲဆိုတာ သူ့ကို ပြန်မေးဖို့ကို ယောင်လို့တောင် မစဉ်းစားမိဘူး၊ သူ အမိန့်ပေးရင် လုပ်ပေးလိုက်၊ ပြီးရော"

ဆောလ်က ပြောလိုက်သည်။

"ကျွန်တော်တို့ နုံလွန်း အလွန်းလို့ သူ ရယ်ချင်မှာပဲ၊ ကျောင်းက ခိုးထွက်ပြီး လမ်းသရဲတွေ ဝိုင်းရိုက်တာ ခံလိုက်ရတဲ့ညကကိစ္စကို ပြန်ကြည့်၊ ကျွန်တော် ခုမှ ရိပ်မိတယ်၊ သူတို့ကို ကျွန်တော်မသက်ာဘူး၊ ဘာမှန်းလဲ မပြောတတ်ဘူး၊ ဒီလမ်းသူရဲတွေဟာ သိပ်သားနားလွန်းတယ်၊ လူငယ်တွေနဲ့ သိပ်မတူဘူး၊ သူတို့ သားရေဂျာရင်တွေက အသစ်စက်စက်တွေ၊ ပြီးတော့ သူတို့မောင်းသွားတဲ့ ကားကလဲ သိပ်ဈေးကြီးတဲ့ အကောင်းစားကားကြီးဗျ၊ သူတို့ဟာ စီအိုင်အေအဖွဲ့ဝင်တွေပဲ ဖြစ်ရမယ်၊ ကျွန်တော်တို့ ကရာတေးတွေ ဘာတွေ သင်ချင်စိတ်ပေါက်လာအောင် သူက အဲဒီလူတွေ တမင်လွှတ်လိုက်တာပဲ ဖြစ်ရမယ်၊ အင်း . . . ကျွန်တော်တို့ကို တခြား ဘယ်နေရာတွေမှာ ဘယ်ပုံ ဘယ်နည်း ခြယ်လှယ်ခဲ့မှန်း မပြောတတ်တော့ပါဘူးဗျာ"

ခရစ္စက ကြက်သီးမွေးညှင်းထလျက် မကျေမချမ်း ပြောလိုက်၏။

"ဟို ဘေဘီရုသ် ချောကလက်တောင့်လေး တစ်တောင့်ကို ဒင်ဗာမှာ ငါ့ကိုသတ်ဖို့ သူအကွက်ဆင်ခါနီး ပေးခဲ့သေးသကွ"

"ဟုတ်တယ်၊ မင်းကိုလိုက်ရှာပေးဖို့ လာပြောတော့လဲ သူ ဒီလိုလုပ်ခဲ့သေးတယ်၊ တို့ဟာ ပါဗလော့ရဲ့ ခွေးတွေလိုပဲ၊ အဲဒီချောကလက်တောင့်လေးတွေဟာ သူနဲ့ သူတို့ရဲ့ ဆက်ဆံရေးသင်္ကေတတစ်ခုပေါ့၊ ဒါတွေကိုသုံးပြီး သူ့ကို တို့ချစ်အောင် လုပ်ခဲ့တာ၊ အတော်လွယ်သားပဲ၊ တို့အပေါ် ဘယ်သူကမှ မကောင်းခဲ့ဘူးလေ၊ အဘိုးကြီးတစ်ယောက်က ချာတိတ်တွေကို ချောကလက်ကျွေးပြီး ပေါင်းခဲ့တာ၊ ပိုင်လိုက်လေကွာ"

ခေါင်မိုးပေါ်သို့ မိုးစက်မိုးပေါက်များ ပိုကျလာသည်။

"ခုတော့ သူပြောခဲ့သမျှ အားလုံးဟာ တစ်လွဲစီဖြစ်နေတယ်ဆိုတာ ငါတို့သိရပြီ၊ လှည့်စားမှု၊ လိမ်လည်မှုတွေပဲ၊ သူဟာ တို့ကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး၊ သက်သက်အသုံးချခဲ့တာပဲ"

ဆောလ်က ပြောသည်။

"တို့ချည်း ဘယ်ဟုတ်ပါ့မလဲ၊ ဟောဒီ စာရင်းထဲက လူတွေကလဲ သူတို့ကို အဲလိုယော့ကချစ်တယ်လို့အောက်မေ့ကြမှာပဲ၊ သူဟာ လူတိုင်းကို လိမ်ညာခဲ့တယ်၊ တို့ဟာ တစ်အုပ်စုတည်းတစ်ဖွဲ့တည်းပဲ၊ တို့ဟာ သူ့အတွက်





ထူးခြားတဲ့ သီးသန့်ဖြစ်တဲ့ လူတွေရယ်လို့ ငါယူဆခဲ့မိရင်တော့ သူခိုင်းခဲ့သမျှ သူ လိမ်ညာခဲ့သမျှအားလုံးကို ငါခွင့်လွှတ်လို့ ရကောင်းပါရဲ့၊ ဒါပေမယ့် ဒီလိုမှ မဟုတ်ဘဲကွ၊ အဲဒါကြောင့် သူ့ကို ငါ သေအောင် သတ်မယ်"

အပြင်၌ မှန်တိုင်းကျနေသည်။

ဆောလ်အသံက မိုးချုန်းသံသဖွယ် တုန်လှုပ် ချောက်ချားစရာ ကောင်းလှသည်။

◆

www.burmeseclassic.com

# ဝိပါက

## (၁)

အရက်အတုရောင်းသည့်ဆိုင် စဖွင့်ပြီး နှစ်မိနစ်အကြာတွင် ဟာဒီသည် ဂျင်အင်း အရက်ပုလင်းနှစ်လုံးကို စက္ကူအိတ်ဖြင့်ပိုက်လျက် လမ်းမပေါ်သို့ ပြန်ထွက်လာသည်။ မနက်မိုးလင်းလင်းချင်း အရက် စသောက်ဖို့တွေးရင်း သူ တစ်ကိုယ်လုံး တုန်လာသည်။

အနီးအနားၡ ရဲတစ်ဦးဦး စောင့်ကြည့်နေလေမလားဟု ဘေးဘီ အကဲခတ်ပြီး နောက်ဖေးလမ်းကြားထဲဝင်ကာ အရေးပေါ် လှေကားအရိပ် အောက်သို့ သူ ဝင်သွားသည်။

လမ်းကြားထိပ်ဝ၌ မော်တော်ကားများ တဝူးဝူးနှင့် ပြေးလွှားလျက် ရှိသည်။

ဟာဒီသည် အိတ်ထဲလက်နှိုက်၍ အရက်ပုလင်းတစ်လုံးကို အဖုံးဖွင့်ကာ တစ်ကျိုက်မော့ချလိုက်သည်။

သူ့လည်မျိုမှ စီးဆင်းသွားသော ဘာဘွန်အရက်၏ပူနွေးမှုကို သူ အရသာခံနေမိသည်။

သူ့ အကြောအခြင်များ ပြေလျော့သွားသည်။ တုန်ခါမှုများ ရပ်စဲ သွားသည်။

သူ့ အနားကပ်လာသော ဆူညံကျယ်လောင်လှသည့် ဂီတသံကြောင့် သူ လန့်သွားသည်။

သူ မျက်လုံးဖွင့်ကြည့်လိုက်ရာ အလွန်အရပ်မြင့်သော ကျွန်းဘားလူမျိုး တစ်ယောက်ကို တွေ့ရလေသည်။ ၎င်းသည် ပြဒါးပါသော နေကာမျက်မှန် တစ်လက် တပ်ထားကာ ပြောင်ပြောင်လက်လက် ခရမ်းရောင်အကျီဝတ်လျက်





သူ့ပခုံးပေါ်လွယ်ထားသည့် ကက်ဆက်ကြီးထဲမှ သီချင်းစည်းချက်နှင့်အညီ လိုက်ကနေသည်။

ထိုကျွန်းဘားငနဲကြီးက ဟာဒီ့ရင်ဘတ်နားအထိ တိုးကပ်လာသည်။

သူ့နှုတ်ခမ်းများက ရက်စက်သည့်အသွင်ကို ဆောင်၏။

ဟာဒီကြောက်ပြီး ကတုန်ကယင်ဖြစ်လာသည်။

"ငါ့ကို ဘာမှ မလုပ်ပါနဲ့၊ ဝီစကီလဲ မယူသွားပါနဲ့၊ ငါ့မှာ ဆယ် ပေါ်လာပါတယ်"

ကျွန်းဘားငနဲက မျက်မှောင်ကုတ်ကာ

"ခင်ဗျား ဘာတွေ ပြောနေတာတုံး၊ ခင်ဗျားကို ငနဲတစ်ကောင်က ဟောဒါပေးခိုင်းလိုက်လို့"

ထိုလူက ဟာဒီ၏ စက္ကူအိတ်ထဲသို့ စာအိတ်တစ်လုံး ထိုးထည့်ကာ ထွက်သွားသည်။

"ဟေ့လူ နေဦး၊ အဲဒီလူက ဘယ်လိုပုံစံလဲ"

ကျွန်းဘားငနဲ ပခုံးတွန့်၍

"လူတစ်ယောက်ပဲဗျ၊ ဘာထူးလဲ၊ ခင်ဗျားတို့ အမေရိကန်တွေက တစ်ယောက်နဲ့တစ်ယောက် ရုပ်ချင်းခပ်ဆင်ဆင်တွေချည်းပဲ၊ သူက ကျုပ်ကို ဒေါ်လာနှစ်ဆယ်ပေးသွားတယ်၊ ကျုပ် အဲဒါပဲ စိတ်ဝင်စားတယ်"

ဟာဒီ မျက်စိ ပေကလတ် ပေကလတ်နှင့် ကျန်ရစ်ခဲ့သည်။

ကျွန်းဘားငနဲကား နောက်ဖေးလမ်းကြားထဲမှ ထွက်သွားလေပြီ။ သူ့ ကက်ဆက်မှ သီချင်းသံလည်း တဖြည်းဖြည်း တိုးသွား၏။

ဟာဒီက နှုတ်ခမ်းပေါ်မှ ပေကပ်ကျန်နေသည့် အရက်ကို လျှာနှင့် လျက်လိုက်သည်။

ကျွန်းဘားငနဲပေးသွားသည့် စာအိတ်ကို စိတ်လှုပ်ရှားစွာဖြင့် ကိုင် ကြည့်လိုက်သည်။ စာအိတ်ထဲ၌ ရှည်မျော်မျော ပစ္စည်းလေးတစ်ခုပါသည်။

ဟာဒီ စာအိတ်ကိုဖောက်ကြည့်ရာ သူ့လက်ဝါးပေါ် သော့လေး တစ်ချောင်း ကျလာသည်။

ကိုယ်ပိုင် မီးအာမခံသေတ္တာငယ်တစ်ခု၏ သော့နှင့်တူသည်။ သော့ ပေါ်မှာ '၁၁၃' ဟူသော နံပါတ်ပါသည်။ နောက်ပြီး ယူအက်စ်ပီအက်စ် (အမေရိကန်ဆက်သွယ်ရေးလုပ်ငန်း)ဟူသော စာလုံးများလည်း ပါသည်။

အတိုကောက်စာလုံးများကို သူ ချက်ချင်းသဘောမပေါက်။ ဟုတ်ပြီ။ စာတိုက်မှတစ်ဆင့် ပစ္စည်းပို့ခြင်းဖြစ်မည်။ ထို့ကြောင့် ဤသော့သည် စာတိုက်



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာနှသော့ ဖြစ်ရမည်။ ဟိုတုန်းကလိုပါဖဲ။

သည်အတွေးကြောင့် သူ စိတ်ရှုပ်သွား၏။

၁၉၇၃ ခုနှစ်ကတည်းက စီအိုင်အေအတွက် သူ အမှုမထမ်းခဲ့ရတော့ချေ။ ဝါးတားဂိတ် အရှုပ်တော်ပုံကြောင့် စီအိုင်အေမှာ ဖြုတ်ထုတ်သတ် စီမံချက်ဖြင့် ဝန်ထမ်းအများကြီး ထုတ်ပစ်ခဲ့သည်။

သူက ယစ်ထုပ်ကြီးဖြစ်သော်လည်း သူ့ကို တောင်အမေရိကန်နိုင်ငံများ စစ်ဆင်ရေးဌာနညွှန်မှူးအဖြစ် အငြိမ်းစားမယူမချင်း ဆက်ခန့်ထားလိမ့်မည်ဟု သူ မျှော်လင့်ခဲ့သည်။ သို့သော် ဝါးတားဂိတ် အရှုပ်တော်ပုံနောက်ပိုင်း၌ 'မားစားခံများ' လိုအပ်ပေရာ သူ့လို ယစ်ထုပ်တစ်ယောက်ကို စတေးလိုက်ကြသည်။

အသက် ခြောက်ဆယ့်နှစ်နှစ်အရွယ်တွင် သူ့အား ပင်စင်လစာခံစားခွင့်အပြည့်ပေးကာ နုတ်ထွက်နိုင်းလိုက်ကြသည်။ အရက်သမားပီပီ အအေးဓာတ်ကို မုန်းတီးသည့်အလျောက် ရာသီဥတုသာယာသည့် မိုင်ယာမီမြို့သို့ ပြောင်းခဲ့သည်။

အခု သူတို့က လာဆက်သွယ်ကြပြန်ပြီ။

ဒုက္ခပါပဲ၊ ငါက စားလို့ကောင်းတဲ့အရွယ်မဟုတ်တော့ဘူး။ စာတိုက်က ပစ္စည်းပို့လိုက်သတဲ့။ အတော်ဟုတ်တဲ့လူတွေ။ ပထမ သူတို့က ငါ့ကို ကန်ထုတ်တယ်။ ပြီးတော့ ငါ့ကိုခိုင်းစရာရှိတော့ လက်ဖြောက်တီးပြီး ခေါ်လိုက်တယ်။

သော့ကို စက္ကူအိတ်ကြီးထဲပြန်ထည့်ကာ နောက်ဖေး လမ်းကြားမှ သူ ထွက်သွားသည်။ သင်းတို့တွေ သေသေချာချာ စဉ်းစားကြစမ်းပါစေဦး။

လမ်းတစ်ဝက်လောက်အရောက်တွင် သူ ပြန်စဉ်းစားသည်။ ဒီသော့ စီအိုင်အေက ပို့လိုက်တာ မဟုတ်လျှင် ဘယ်လိုလုပ်ပါ့။ ဟိုဘက်ကလူတွေ ပို့လိုက်တာ ဆိုလျှင်တော့ . . .။ သူ ခေါင်းကိုက်လာသည်။

'ဟိုဘက်'ဆိုတာ ဘယ်သူတွေဖြစ်မလဲ။ ဘာကြောင့်လဲ။

နောက်ပြီး ငါလို ယစ်ထုပ်ကြီးကို ဘယ်သူက သုံးမှာလဲ။ အေး၊ ငါက အရက်ပြတ်ပြီပဲထားဦး၊ ငါ့လက်ရည်က ကျနေလောက်ပြီ။ အလေ့အကျင့်သိပ်မရှိတော့ဘူး။ ကိုးနှစ်လုံးလုံး နားနေခဲ့တာဆိုတော့ စီအိုင်အေရဲ့ ကိစ္စတွေကို ငါ ဘာမှ မသိတော့ဘူး။ ဘာတွေဖြစ်ကုန်ပြီလဲ။

ပူပြင်းသော နေရောင်ခြည်ကြောင့် ဖိုတိုဂရေး မျက်မှန်တပ်ထားသော်လည်း သူ မျက်ကြော ရှုံ့လိုက်မိသည်။

မိမိအား တစ်စုံတစ်ယောက်က လိုက်ချောင်းနေသည်ဟု ထင်ကာ သူ ကျောစိမ့်လာသည်။ သူ ဆတ်ခနဲ လှည့်ကြည့်၏။ မိုက်လိုက်ပါဘိ။ ဟုတ်



တယ်။ ငါ တကယ်ပဲ လက်ရည်ကျသွားပြီပဲ။ ဒါမျိုးများများလုပ်လို့ကတော့ သေလမ်း နီးတယ်။

သူ့တိုက်ခန်းရှိသည့် အဆောက်အအုံကြီး၏ဝင်ပေါက်ဝကို သူ မြင်ရသည်။ အခန်းခများများပေးရသော်လည်း အခန်းက ခပ်စုပ်စုပ်။ သူ့အခန်းမှာ ဆယ့်ငါးထပ်တွင်ရှိသည်။

တိုက်ရှေ့သို့ သူရောက်သွားသည်။ ကွဲနေသော မှန်တပ်ထားသည့် ဝင်ပေါက် တံခါးချပ်ရှေ့ရှိ လက်ဖောင်းပေါ်တွင် စင်ရော်အမွှေးအတောင်အချို့နှင့် စင်ရော်ချေးများ ရောထွေးပေရေနေသည်။

ဟာဒီသည် သူ၏တစ်နေ့တာဖြစ်စဉ်များကို ပြန်တွေးရင်း ဗိုက်ထဲဆာလာသည်။ ဝီစကီသောက်။ ရုပ်မြင်သံကြားမှ ဘေ့စ်ဘောပြိုင်ပွဲများ၊ နေ့ခင်းပိုင်း အိမ်ထောင်ရေး ဇာတ်လမ်းတွဲများထိုင်ကြည့်။ မအိပ်ချင်သေးလျှင် ညဉ့်နက်ပိုင်း ဇာစီအစဉ်များကြည့်ဖြစ်သည်။ ညဉ့်နက်သန်းခေါင်လောက်တွင် အိပ်မက်ဆိုး တွေမက်မည်။ မနက်သုံးနာရီလောက်တွင် ချွေးတွေသန်တွေနှင့် လန့်နိုးလာမည်။

ရုပ်မြင်သံကြားကို နောက်ဆုံးမှကြည့်တာပေါ့။ သူ အိမ်ထဲမဝင်ဘဲ ဆက်လျှောက်သွားသည်။

ခုထိ ငါ မိုက်တုန်းပါလား။ ကြည့်လေ စီအိုင်အေကို မုန်းတယ်၊ အန္တရာယ်လည်းရှိနိုင်တယ်ဆိုတာသိလျက်နဲ့ စပ်စုချင်တဲ့စိတ်ကို ဖျောက်ဖျက်လို့ကို မရဘူး။ မနှစ်က ဟာရီကိန်းမုန်တိုင်းကို ထိုင်ကြည့်ခဲ့ပြီးသည့်နောက် ယခုလောက် စိတ်ဝင်စားစရာကိစ္စ ပေါ်မလာခဲ့ပေ။

ဘယ်စာတိုက်များဖြစ်မလဲ။

စာတိုက်တစ်တိုက်ကစပြီး စုံစမ်းရမှာမို့ အနီးဆုံးစာတိုက်ကို သူ ရွေးချယ်လိုက်သည်။ နောက်ဖေးလမ်းကြား တစ်ခုပြီးတစ်ခုဝင်ကာ ဝီစကီမော့၍ သူသတ္တိကိုမွေးရသေးသည်။ စာတိုက်ထဲ သူဝင်သွားသည်။

စာဘူးများမှာ စကြံလမ်းတစ်လျှောက် တန်းစီနေသည်။ ညာဘက် အောက်ဆုံးအတန်းတွင် စာဘူးအမှတ် (၁၁၃)ကို သူ ရှာတွေ့သ

စာတိုက်တိုင်းမှာ စာဘူး(၁၁၃)တော့ ရှိကြမှာ သေချာသည်။

သူ့လက်ထဲမှ သော့နှင့်ဖွင့်လို့ရချင်မှရမည်။ သူက စက္ကူအိတ်ထဲမှ သော့ကိုယူပြီး စာဘူးသော့ပေါက်ထဲထိုး၍ ဖွင့်ကြည့်ရာ သော့ပွင့်သွားသည်။

စာဘူးက ကြမ်းပြင်နားကပ်နေသဖြင့် စာဘူးအတွင်းမှာ ဘာရှိသလဲဟု ဒူးထောက်ပြီး ကုန်းကြည့်ရ၏။

စာဘူးအရွယ်အစားအရ အထုပ်တစ်ထုပ်တော့ ရှိမည်ဟု သူ တွက်



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။

အထဲမှာ ဘာမျှမရှိ။

ဗလာနတ္ထိ။

သူ အရှုံးလုပ်ခံရသဖြင့် ဒေါသထွက်သွားသည်။

သို့သော် သူ အကြံတစ်ခုရသည်။

စာဘူးအတွင်း အပေါ် မျက်နှာပြင်ကို သူ လက်နှင့် စမ်းကြည့်လိုက်၏။ သံလိုက်နှင့် ကပ်ထားသကဲ့သို့ ပြားချပ်ချပ် ပလတ်စတစ်ဘူးကလေးတစ်ဘူးကို သူ စမ်းမိသည်။

ဟာဒီ ကုန်းကွက္ကဖြစ်နေသဖြင့် သူ့မျက်နှာကြီး နီရဲနေသည်။ သံလိုက်ကိုခွာယူပြီး မတ်တတ်ပြန်ထသည်။ စကြီလမ်းကို သူ အကဲခတ်သည်။ စိတ်ချရသည့် နေရာတစ်နေရာကို သွားမနေတော့ဘဲ ပလတ်စတစ်ဘူးလေး၏ အဖုံးကို ဆွဲဖွင့်လိုက်သည်။

အတွင်း၌ သော့တစ်ချောင်းသာပါ၏။

ကောင်းကွာ။

သို့သော် ဤသော့မှာ စာဘူးသော့မဟုတ်။ နံပါတ်တစ်ခုတော့ပါသည်။ (၃၆) တဲ့။

သော့ကို တစ်ဘက် လှန်ကြည့်လိုက်၏။

'အက်တာလန်တစ်ဟိုတယ်'ဟူသော စာတန်းကို တွေ့ရသည်။

◆

( ၂ )

သော့ဖွင့်သံကြားကြားချင်း ဆောလ် ငြိမ်သွားသည်။

ဘာရက်တာ ပစ္စတိုကိုဆုပ်ကိုင်ကာ ကုလားထိုင်နောက်တွင်ဝပ်လျက် တဖြည်းဖြည်း ပွင့်ဟလာသောတံခါးကို လှမ်းကြည့်နေသည်။

ခန်းဆီးအားလုံး ဆွဲစေ့ပြီး အခန်းကို မှောင်ချထားခဲ့သည်။ အပြင်ဘက် စကြီလမ်းမှမီးရောင်က ကြမ်းပြင်ပေါ်သို့ ထိုးကျလာကာ အလင်းရောင်ကလေးမှာ တဖြည်းဖြည်း ကျယ်ပြန့်လာသည်။

အရိပ်မည်းတစ်ခုက အလင်းရောင်ကို ပိတ်ဆို့လိုက်၏။

စက္ကူထုပ်ကိုပိုက်လျက် ကတုန်ကယင် ဖြစ်နေပုံရသော လူဝကြီး တစ်ယောက် အခန်းထဲသို့ ဖြည်းညှင်းစွာ ဝင်လာသည်။

"တံခါးပိတ်ပြီး သော့ခတ်လိုက်"

ဆောလ်က အမိန့်ပေးလိုက်သည်။

လူဝကြီးက အမိန့်အတိုင်း လိုက်နာသည်။

ဆောလ်က စားပွဲတင်မီးတိုင်ကို ခလုတ်ဖွင့်ကာ မီးခေါင်းကို လူဝကြီး ဘက်သို့ လှည့်ထိုးထားလိုက်သည်။

ယခုအခါ ဘာမျှ မသင်္ကာစရာမရှိ။

ဟာဒီကို ဆောလ်ကောင်းကောင်းမှတ်မိသည်။

ဟာဒီက သူ့မျက်မှန်ကိုချွတ်ပြီး မီးရောင်ကို လက်နှင့်ကာထားသည်။ သူ့ကို ဆောလ်မတွေ့ရတာ ဆယ့်သုံးနှစ် ရှိသွားပြီ။ ထိုစဉ်က ဟာဒီ့အခြေအနေက သိပ်မကောင်း။

ယခု အသက် ခုနစ်ဆယ့်နှစ်နှစ်အရွယ်မှာ ပိုဆိုးသေးသည်။ အသား အရေက ပွစိစိ။ ပါးရေနားရေတွန့်ပြီး အနီရောင် အစက်အပြောက်ကလေးများ ပြည့်နေသည်။ သူ့ဗိုက်ကြီးက စူထွက်နေ၏။ သူ့ဆံပင်က ဖြူပြီး ရှင်သန်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့။ သို့တစေ သူ့ခေါင်းဖြီးထား၏။ မုတ်ဆိတ်ပါးမြိုင်းမွေးများလည်း သု ရိတ်ထားသည်။ ဝီစကီနံ့မှအပ သူ့ကိုယ်နံ့မထွက်။

ပန်းပွင့်ရိုက် ရှပ်အင်္ကျီနှင့် အပြာရောင် ဘောင်းဘီရှည်တို့မှာလည်း သန့်ရှင်းသပ်ရပ်နေသည်။ သူ့ရှူးဖိနပ်အဖြူများမှာလည်း မကြာမီကမှ အရောင်တင်လာခဲ့ပုံရ၏။

ဟာဒီက အရက်သမားဖြစ်ပေမယ့် သူ့ကိုယ်သူတော့ သားနားအောင် ဂရုစိုက်သားပဲဟု ဆောလ်တွေးမိသည်။

"တွေ့ရတာ ဝမ်းသာတယ် ဟာဒီ၊ ခင်ဗျား ဘယ်ဘက်မှာ မီးခလုတ် ရှိတယ်"

"ဘယ်သူလဲကွ"

ဟာဒီက မီးခလုတ်ကို လိုက်စမ်းရင်း တုန်ယင်သော အသံနှင့် မေးလိုက်သည်။

မီးရှိုနှင့် ခုတင်ပေါ်မှ မီးလုံးများလင်းလာသည်။

ဟာဒီ မျက်စိကျိန်းသွား၏။

"ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးဆိုရင်တော့ စော်ကားရာ ရောက်လိမ့်မယ် ဟာဒီ"

ဟာဒီက မျက်မှောင်ကုတ်ထားဆဲ။

"ဆောလ် မဟုတ်လား"

သူ မျက်တောင်ခတ်လိုက်၏။

ဆောလ်က ဘာရက်တာကိုငှက်၍ကိုင်ကာ လက်ဆွဲနှုတ်ဆက်ရန် ဟာဒီ့ထံ ပြုံးချိုစွာ လက်ကမ်းပေးလိုက်သည်။

"ဘယ့်လိုလဲ၊ နေကောင်းတယ်မဟုတ်လား၊ ခင်ဗျား အိတ်ကြီးထဲမှာ ဘာပါသလဲ"

"ပစ္စည်း နည်းနည်းပါးပါးပါ။ စောစောစီးစီး လုပ်စရာတစ်ခုပေါ်လို့"

"အရက်ပုလင်းတွေ မဟုတ်လား"

"အဲ . . . အင်း . . .၊ ငါ့မိတ်ဆွေတစ်ချို့ကို ငါ့အိမ်လာဖို့ ဖိတ်ထားတယ်၊ ဒါပေမယ့် အရက်ဗီရိုဖွင့်ကြည့်မှ ပုလင်းတွေပြောင်နေမှန်း ငါသိတယ်ကွာ"

ဟာဒီက သူ့ပါးစပ်ကို လက်နှင့်သုတ်ရင်း ပြောသည်။

"အတော်လေးမှာပဲ၊ ကဲ . . . ကဲ . . . ဟို မှန်တင်ခုံပေါ် သွားတင်ထားလိုက်ပါလားဗျ၊ ခင်ဗျား လက်တွေ ညောင်းနေရောပေါ့"

ဟာဒီက ဆောလ်ပြောသည့်အတိုင်း လုပ်လိုက်သည်။





"ငါ . . . ဟို . . . အဲ . . . အခု မင်းဘာလုပ်မလို့လဲ၊ ဘာကိစ္စလဲကွ"

ဟာဒီ အူကြောင်ကြောင်ဖြစ်နေသည်။

ဆောလ်က ပခုံးတွန့်၍

"ခင်ဗျားနဲ့ကျွန်တော်နဲ့ မိတ်ဆုံပွဲလေးလုပ်မလို့ ဆိုပါတော့ဗျာ"

တယ်လီဖုန်းမြည်လာသည်။ ဟာဒီလန့်သွား၏။

တယ်လီဖုန်းက ဆက်မြည်နေဆဲ။

"မင်း မကိုင်ဘူးလား"

ဆောလ်က တုပ်တုပ်မလှုပ်။

တယ်လီဖုန်းမြည်သံ ရပ်သွား၏။

"ဘာတွေဖြစ်နေတာတုံးကွာ၊ ငါ့ကို ပြောစမ်းပါဦး၊ ဟို ကျူးဘားငနဲ..."

"အဲဒီကောင် အသုံးကျတယ်မဟုတ်လားဟင်၊ ဒီကောင့်ကိုတွေ့ဖို့ မနည်းလိုက်ရှာခဲ့ရတာ"

"ဘာလို့လဲ"

"ပြီးတော့ ရှင်းပြမယ်လေ၊ ခင်ဗျားမှာ လက်နက်တွေဘာတွေပါသလား"

"မေးမှ မေးတတ်ပလေတယ်၊ မိုင်ယာမီမှာ ကျူးဘားကလာတဲ့ ဗုက္ကသည်တွေ ဒီလောက်များနေမှတော့ ငါ့ သေနတ်မကိုင်ဘဲနေမလား"

ဆောလ်က ခေါင်းညိတ်လိုက်သည်။

ဟာဒီသည် အိမ်သာထဲအထိ သေနတ်ယူသွားလေ့ရှိသူဟု စီအိုင်အေ၌ ဇက္ကာရိဆန်ဆန် သတင်းမွှေးခဲ့သူဖြစ်၏။

"ခင်ဗျားသေနတ်ကို မှန်ထင်ခုံပေါ်က ခင်ဗျားအထုပ်ကြီးဘေးမှာ သွားချထားလိုက်"

"ဘာလို့လဲကွ"

ဆောလ်က ကုလားထိုင်နောက်မှ သူ့ဘာရက်တာပစ္စတိုကို ထောင်ပြလိုက်သည်။

"ကျွန်တော်ပြောတာ လုပ်စမ်းပါ"

"ဟာကွာ . . . မင်းကလဲ၊ အဲဒါကြီး မလိုပါဘူး"

ဟာဒီက ဆောလ် ကျီစယ်ရည်ထင်ကာ မချိပြုံး ပြုံးလိုက်သည်။ သူ့ရယ်သံက ဟက်ဟက်ပက်ပက်မရှိ။

ဆောလ်ကတော့ မရယ်ပါ။

ဟာဒီက နှုတ်ခမ်းစူပြီး သူ့ဘောင်းဘီညာဘက်ခြေထောက်စကို ဆွဲတင်၍ သပွတ်တိုင်တွင်ကပ်ထားသည့် သားရေအိတ်ထဲမှ ဒသမ ၃၈



www.burmeseclassic.com

www.burmeseclassic.com



မြောစ်းတို ကို့လ်သေနတ်လေးကို ပြလိုက်သည်။

"ခင်ဗျား ခုထိ အဲဒီခြောက်လုံးပြူ ကိုင်တုန်းပဲလား"

"ငါ့ကို သူတို့ ဘယ်လိုခေါ်ကြသလဲ၊ မင်းသိတယ်မဟုတ်လား"

"ရဲမှူးကြီးဝိုင်ယက်အော့ပ်လို့ခေါ်တယ်လေ၊ ကဲ တဲ ခင်ဗျား သေနတ်ကလေးကို လက်ချောင်းလေးနှစ်ချောင်းနဲ့ ဆွဲထုတ်နော်"

"ပြောစရာမလိုပါဘူးကွာ၊ ဒါတွေ ငါ ခုထိ မမေ့ပါဘူး"

ဟာဒီက သေနတ်ကို မှန်တင်ခုံပေါ် သွားတင်ပြီး

"ကဲ ကျေနပ်ပြီလား"

"သိပ် မကျေနပ်သေးဘူး၊ ခင်ဗျားကို ကျွန်တော်ရှာရဦးမယ်"

ဆောလ်က ဟာဒီ့သေနတ်ကို ကောက်သိမ်းလိုက်သည်။

"ဟာကွာ"

"ခင်ဗျားကို ကျွန်တော် ကလိမထိုးပါဘူး၊ စိတ်ချ"

ဆောလ်က ဟာဒီ့ကိုယ်ကို စမ်းသပ်ရှာဖွေပြီးနောက် ရင်း၏ အကျီကြယ်သီးများကို စိုက်ကြည့်နေသည်။

ဟာဒီမျက်နှာ သွေးဖျော့သွား၏။

"ဘာလဲကွ၊ ငါ့ကိုယ့်ပေါ် မှာ လျှို့ဝှက်အသံဖမ်းမိုက်ခွက်တွေ ပါလာမယ်လို့ မင်းထင်နေလား၊ ဘာဖြစ်လို့များ . . ."

"ကျွန်တော်တို့ ဟိုကျူးဘားငနဲကို သုံးရတဲ့ ရည်ရွယ်ချက်နဲ့အတူတူပဲ၊ ခင်ဗျားကို စောင့်ကြည့်နေတဲ့လူ ရှိချင် ရှိနိုင်တယ်လေ၊ ကျွန်တော်တို့ လျှော့တွက်လို့ မဖြစ်ဘူး"

"ငါ့ကို ဘာလုပ်ဖို့ စောင့်ကြည့်ရမှာလဲ၊ ဟာ...နေစမ်းပါဦး၊ ကျွန်တော်တို့ဆိုတာ ဘယ်သူတွေလဲ"

"ခရစ္စလဲ ကျွန်တော်နဲ့ တွဲလုပ်နေတယ်"

"ကီလ်မွန်းနီးလား"

"မှန်လိုက်လေ၊ ခင်ဗျား မှတ်ဉာဏ်ကောင်းတုန်းပဲ"

"မီလီမှာတုန်းက မင်းတို့နှစ်ယောက် ငါ့အတွက် ဘာတွေ လုပ်ပေးခဲ့တယ်ဆိုတာ ငါ ဘယ်တော့မှ မမေ့ဘူး၊ နေဦး သူ ဘယ်မှာလဲ"

"ခုန တယ်လီဖုန်းဆက်တာ ခရစ္စပေါ့၊ ညှော်ခန်းမထဲမှာ သူရှိတယ်၊ တယ်လီဖုန်းနှစ်ခါမြည်ရင် ခင်ဗျားနောက်က ရှုပ်ပါလာနိုင်တယ်လို့ ယူဆရမယ်၊ အန္တရာယ်ရှိမယ်ဆိုရင် သူက တစ်ခါပဲ အသံမြည်အောင် တယ်လီဖုန်းဆက် သတိပေးလိမ့်မယ်"





"ငါ့နောက်က ရှုပ်တွေမပါပါဘူးလို့ ငါပြောနိုင်သားပဲ၊ ဖြော် ငါ သဘောပေါက်သွားပြီ၊ ငါဟာ ရှုပ်တွေဘာတွေပါလာတာကို ရှာနိုင်တဲ့ အခြေအနေမရှိတော့ဘူးလို့ မင်းထင်ထားတယ် မဟုတ်လား"

ဟာဒီက မျက်နှာအိုစွာ ခေါင်းညိတ်လိုက်သည်။

"လူတစ်ဦးဟာ ဘာမှမလုပ်တဲ့အခါ သူ့ရဲ့ ကျွမ်းကျင်တဲ့ အရည်အသွေးတွေဟာ အသွားတုံးသွားတတ်တယ်လေ"

"ယစ်ထုပ်ကြီးဖြစ်နေရင် ပိုဆိုးမှာပေါ့ ဟုတ်လား"

"ကျွန်တော် အဲဒီစကား မပြောဘူးနော်"

"အေးပါ . . . အေးပါ. . .၊ ငါလာမယ်လို့မင်း ဘာကြောင့် ကျိန်းသေတွက်ထားသလဲ"

"ကျူးဘားငနဲက ခင်ဗျားကို သော့လာပေးတော့ ခင်ဗျားသော့ကို မြောင်းထဲလွှင့်ပစ်ရင် ရသားပဲ"

"ဆက်ပြောပါဦး"

"ခင်ဗျားကို ကျွန်တော်တို့ ပစ်ထားလို့ရတယ်၊ ခင်ဗျားအနေနဲ့ ကျွန်တော်တို့ချည်းမဟုတ်ဘဲ ဘယ်ကိစ္စမဆို ပါဝင်ပတ်သက်ဖို့ အသင့်ရှိတယ်ဆိုတာ သက်သေပြဖို့လိုတယ်၊ ခင်ဗျား အလုပ်လုပ်ချင်နေတယ်ဆိုတာ ပြရမယ်"

". . . ."

"မင်းတို့မှာ တခြားရည်ရွယ်ချက်တစ်ခု ရှိရဦးမယ်"

ဆောလ်က ခေါင်းခါ၍

"ဟို ကျူးဘားငနဲကို မင်းတို့ ဘာကြောင့် သုံးသလဲဆိုတာ ငါသိပြီးပြီ၊ သော့ကလေးပေးလိုက်တာ အဓိပ္ပာယ်ရှိတယ်"

"အဲဒီတော့ . . ."

"စာဘူးနဲ့ ဒုတိယသော့ပေးတဲ့ သဘောက"

"ကြိုတင်ကာကွယ်မှုတွေယူခဲ့တာ"

"မဟုတ်ဘူး၊ ငါ ရှောင်တိမ်းပြီး တယ်လီဖုန်းဆက်ချင်ဆက်လို့ရအောင် မင်းတို့ငါ့ကို အချိန်အများကြီး ပေးခဲ့တာပါ၊ အဲဒီလိုလုပ်တာ ခရစ္စတွေ့မှာပဲ၊ မင်းကို သူကဖုန်းဆက်ပြီး ထွက်ပြေးဖို့ ပြောမယ်၊ ကဲ ဆိုပါဦး၊ ငါက ဘယ်သူ့အတွက် အလုပ်လုပ်နေတယ် အောက်မေ့လို့တုံး"

ဟာဒီ ခံပြင်းပြ၏။

ဆောလ်က ချက်ချင်းမပြော၊ ချင့်ချိန်လိုက်သေးသည်။

ဟာဒီ့ကို အဲလိယော့တို့ ချဉ်းကပ်ပြီး ဖြစ်ချင်လည်း ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



သို့တစေ၊ ဆောလ်မှာ အားကိုးစရာ တခြားလူ မရှိတော့။ ဖြစ်နိုင်စရာများကို နှဆောလ် ထည့်တွက်သည်။ ချိန်ဆသည်။

ပြီးတော့ ဖြစ်ကြောင်းရယ်ကုန်စင် ဖွင့်ပြောလိုက်သည်။

ဟာဒီ ကြက်သေသေသွား၏။

ပထမတော့ သူ ဘာမှ နားမလည်သလို ဖြစ်နေသည်။

သူ့မျက်နှာကြီး နီရဲသွား၏။ သူ့လည်ပင်း သွေးကြောများထောင်လာသည်။

"ဘာ . . . အဲလိယော့. . . ဟုတ်လား၊ အဲလိယော့ဆိုတဲ့ ခွေးမသားနဲ့များ ငါက လက်တွဲပြီး လုပ်နေမယ်လို့ မင်းထင်တယ် ဟုတ်လား၊ အဲ . . .၊ ငါ့ကို ဒုက္ခပေးခဲ့တဲ့ကောင်ကို ငါက ကူညီမယ်များ မင်းထင်နေသလား"

"ကျွန်တော်တို့လဲ ကံသေကံမ ဘယ်ပြောနိုင်ပါ့မလဲ၊ နှစ်တွေ အတော်ကြာသွားပြီဆိုတော့ ခင်ဗျားစိတ်က ပြောင်းလဲချင် ပြောင်းလဲသွားနိုင်တယ်၊ တစ်ခါတစ်လေ လူဆိုတာ ဒေါသထွက်ဖို့ မေ့နေတတ်တယ်ဗျ"

မေ့နေတယ် ဟုတ်လား၊ ငါတစ်သက် မမေ့ဘူးဟေ့၊ ဒီမအေပေးက ငါ့ကို အလုပ်ပြုတ်အောင် ချောက်တွန်းခဲ့တာ၊ ဒီကောင်ကြီးကို ငါ လည်ပင်းညှစ်သတ်ချင်လိုက်တာကွာ၊ ဟင်း . . ."

"ခင်ဗျားပြောတဲ့အတိုင်း တကယ်လုပ်ချစ်သလား ပြော"

ဟာဒီ ရယ်လိုက်သည်။

◆

(၃)

ဆောလ် ရှင်းပြလို့ပြီးသွားပြီ။

ဟာဒီက စက်ဆုပ် မုန်းတီးမှုအပြည့် ဖုံးလွှမ်းလာသောကြောင့် ပို၍ နီရဲလာသော မျက်နှာကြီးဖြင့် နားထောင်နေသည်။

ထို့နောက် သူက ခေါင်းညိတ်ပြီး

"ဟုတ်တယ်ကွ၊ သူက မင်းအပေါ်လဲ သစ္စာဖောက်လိုက်တာပဲ၊ ငါ မအံ့သြပါဘူး၊ သူက လူတကာအပေါ် သစ္စာဖောက်ခဲ့တာပဲ၊ ဒါပေမယ့် ဒီလောက်အထိ သူဘာလို့ အချိန်ဆွဲခဲ့သလဲ ဆိုတာတော့ စဉ်းစားစရာပဲ၊ အဲဒါတော့ ငါ အံ့သြတယ်"

"ဆက်ပြောဦး"

"ငါ မပြောတတ်ဘူး"

"လူတစ်ယောက်ရဲ့ လျှို့ဝှက်ချက်တွေကို သိချင်ရင် သူ့ကို မုန်းတဲ့လူဆီသွားမေးကြည့်လို့ အဲလိယော့ ပြောလေ့ရှိတယ်"

"မင်းတို့က သူ့အကြောင်း သူများတွေထက် ပိုသိပါတယ်"

"အစကတော့ အဲဒီလိုပဲထင်ခဲ့တယ်၊ ကျွန်တော် မှားသွားတယ်၊ ခင်ဗျားက သူ့ရဲ့ပြိုင်ဘက်၊ ခင်ဗျားကိုယ်တိုင် သူ့ကို စုံစမ်းစစ်ဆေးမှု လုပ်ခဲ့တာလေ"

"မင်း အဲဒီကိစ္စ သိလား"

ဆောလ်က ပြန်မဖြေ။

ဟာဒီက မှန်တင်ခုံပေါ်မှ သူ့စက္ကူအိတ်ကြီးဘက် လှည့်ပြီး ဝီစကီတစ်ဝက်ကျန်သေးသည့် ပုလင်းကိုယူ၍ အဖုံးဖွင့်တာ မော့ချလိုက်သည်။ ရှုတ်တရက် ရပ်ပြီး လိပ်ပြာမလုံသလို ဟိုကြည့် သည်ကြည့်လုပ်ကာ

"မင်းမှာ ဖန်ခွက် ရှိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရေချိုးခန်းထဲမှာရှိတယ်၊ ဒါပေမယ့် ခင်ဗျားကို ကျွန်တော်တိုက်ချင်တာ တစ်ခုရှိတယ်"

ဆောလ်က ဟာဒီလက်ထဲမှပုလင်းကို လှမ်းယူလိုက်သည်။

"ဘာတိုက်မလို့လဲ"

"ဖန်ခွက် အရင်သွားယူစမ်းပါဗျာ"

ဟာဒီက ဖန်ခွက်တစ်လုံး ကိုင်လျက် ရေချိုးခန်းထဲမှ ပြန်ထွက်လာသည်။ အံဆွဲထဲမှ ဆောလ်ထုတ်ယူထားသည့် ပုလင်းများကို သူ ကြည့်ပြီး စိတ်ပျက်စွာဖြင့် တံတွေး မျိုချလိုက်သည်။

"ဟင့်အင်း"

"ခင်ဗျား အမူးပြေမှဖြစ်မယ်၊ ခင်ဗျား သောက်ချင်ရင် . . .။

"ဗားမောက်သောက် ဟုတ်လား၊ ငါ့ကို နောက်နေတာလား"

"ကျွန်တော် ရယ်နေလို့လား"

"အဲဒါ အတော် အော့နှလုံးနာစရာ ကောင်းတယ်"

"ခင်ဗျား အရက်သိပ်သောက်ဖြစ်ချင်မှ သောက်ဖြစ်တော့မှာပေါ့၊ မနေနိုင် မထိုင်နိုင်ဖြစ်လာရင်တော့ အဲဒါပဲ သောက်"

ဆောလ်က ဝီစကီပုလင်းများကို ရေချိုးခန်းထဲ ယူသွားပြီး လက်ဆေးခွက်ထဲ သွန်ချလိုက်သည်။

"အလိုလေး . . .၊ ငါ ဆယ့်ခြောက်ဒေါ်လာတောင် ပေးဝယ်ခဲ့ရတာကွ"

"ရော့ ဒေါ်လာ နှစ်ဆယ်ယူလိုက်၊ ပိုတာ ပြန်မအမ်းနဲ့တော့"

"လှူယုတ်မာ"

"ကျွန်တော်နဲ့ ခင်ဗျားနဲ့ကိစ္စ မြန်မြန်ပြီးတော့ ခင်ဗျား နောက်ထပ် ဝီစကီပုလင်းအသစ် မြန်မြန်သွားဝယ်လို့ရတာပေါ့ ဟုတ်ဘူးလား"

ဆောလ်က ဗီရိုဆီသွားကာ ဗားမောက် ပိုင်အဖြူနှင့် ပိုင်အနီ နှစ်လုံးကိုဖွင့်ပြီး ဟာဒီဖန်ခွက်ထဲ ရောစပ်ထည့်လိုက်သည်။

"ခင်ဗျားဗိုက်က ကျွန်တော်ထင်တာထက် ပိုခံနိုင်ရည် ရှိမယ်ထင်ပါရဲ့"

ဟာဒီ မျက်နှာကြီး သုန်မှုန်သွားသည်။

ဖန်ခွက်ဆီ လက်လှမ်းပြီး ဆတ်ခနဲ ပြန်ရုပ်လိုက်၏။ ပြီးတော့ ပြန်ယူကာ သုံးကျိုက်မော့၍ အပြတ်ရှင်းလိုက်သည်။ ခေါင်းတစ်ချက်ဆိုးကာ မှန်တင်ခုံကို ဖမ်းကိုင်ထားလိုက်ရ၏။

"ဘုရား . . . ဘုရား"





"အိုကေရဲ့လားဗျ"

"ဇီးဖျော်ရည်လိုပဲ၊ ခုလို လုပ်တဲ့အတွက် မင်းကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

သို့သော် ဟာဒီက ဖန်ခွက်ထဲအပြည့် ဗားမောက်ထပ်ငှဲ့လိုက်သည်။

"ဆိုစမ်းပါဦး၊ အဲလီယော့ကို ငါစုံစမ်းတာ မင်းဘယ်လိုသိလဲ"

"မသိပါဘူး"

"နို့ မင်းပဲ သိတယ်ဆို"

"ထင်တာကိုပြောတာ၊ သူ့အပေါ် ခင်ဗျားရဲ့ ခံစားချက်ကိုကြည့်ပြီး ကျွန်တော်ခန့်မှန်းကြည့်တာလေ၊ သိပ်တော့ မသေချာဘူး၊ ကျွန်တော်က တွဲစီးမေးရင် ခင်ဗျား လန့်ဖျပ်ပြီးငြင်းနေဦးမှာ၊ ဒီတော့ ခင်ဗျားခေါင်းညိတ်အောင် ကျွန်တော်က သိပြီးချင်ယောင်ဆောင်ပြောရတာ"

ဟာဒီက သက်ပြင်းချပြီး

"အိုကေ . . . မှန်တယ်၊ ဒါပေမယ့် ခုနတော့ ငါ လန့်သွားသကွ၊ ဒီကိစ္စကို ဘယ်သူမှ မသိသင့်ဘူး၊ ငါက သိပ်သတိထားတဲ့ကောင်၊ အဲဒီအလုပ်မျိုးလုပ်ရင် ငါက ဘယ်သူ့မှ မယုံလို့ အကူအညီမတောင်းဘူး၊ ကိုယ့်ဘာသာ ဟိုနား နည်းနည်း၊ ဒီနား နည်းနည်း လိုက်စုံစမ်းတာပဲ၊ သိသာပေါ်လွင်တဲ့ အဆင်ပုံစံကွက်မျိုး မပေါ်စေရဘူး၊ ဘယ်လောက် ကြာမယ်ဆိုတာလဲ ငါ တွက်လို့ မရဘူး၊

". . . ဝါးတားဂိတ် အရှုပ်တော်ပုံ ပေါ်လာတာ ငါ ကံဆိုးတာပဲ၊ တဲဒီမှာ ခိုးဝင်ပြီး အသံဖမ်းကြတဲ့အထဲ ငါ မပါဘူး၊ ဒါပေမယ့် အဲလီယော့နဲ့ ငါနဲ့ ပြိုင်ဘက်ဖြစ်ခဲ့တာ အတော်ကြာပြီ၊ သူက ညွှန်ချုပ်ကို သွားပြောတယ်၊ ငါ့ကို ထုတ်ပစ်လိုက်ပေါ့၊ စံပြအနေနဲ့ဆိုပါစို့၊ အေးလေ . . . ငါကလဲ အဲဒီတုန်းကလဲ အရက်သမား၊ ခုထိလဲ ဒီအတိုင်းပဲ၊ သူ့ရဲ့နောက်ဆုံးပိတ်အောင်ပွဲအတွက် အခွင့်အရေးရသွားတာကိုတော့ ငါ ဘယ်လိုမှ မကျေနပ်နိုင်ဘူး"

"သူ့အကြောင်း ခင်ဗျား စုံစမ်းနေတာ သူသိလား"

"ဘယ်သိမှာလဲ"

"သေချာရဲ့လား"

"သူ သိခဲ့ရင် ငါ့ကို သတ်ပစ်မှာပေါ့"

ဆောလ်က ဟာဒီအား စိုက်ကြည့်ပြီး

"ခင်ဗျား အဲဒီလောက်အထိ သိသလား"

"ငါ အကုန်လုံး စုံစမ်းလို့ ရခါနီးနေပြီကွ၊ တစ်ချက်လောက်ပဲ ကျန်



www.burmeseclassic.com

www.burmeseclassic.com



တော့တာလို့ ငါထင်တယ်၊ တောက် . . . တစ်ချက်လေးပါကွာ၊ အဲဒီဟာရရင် ကိစ္စပြတ်ပြီ၊ ဒါပေမယ့် သူနိုင်သွားတယ်၊ အဲ . . . ငါ အလုပ်ပြုတ်သွားတော့ ငါ့ စုံစမ်းမှုကို ဆက်လုပ်ဖို့ အဆက်အသွယ်တွေ မရှိတော့ဘူး၊ ဒါနဲ့ ငါလဲ ဘဝတစ်ခုလုံး အရက်ထဲ စိမ်ပစ် လိုက်တယ်၊ ဟော့ . . . မင်းဟာကြီးက အတော် နံတာပဲကွာ"

ဟာ့ဒီက ဖန်ခွက်ကို မြှောက်ပြလိုက်သည်။

"ဒါဖြင့် ခင်ဗျား ကော်ဖီသောက်မလား"

"အို . . . မလုပ်စမ်းပါနဲ့၊ ဘုရား . . . ဘုရား၊ ဗားမောက်ထက် ပိုဆိုးမယ်၊ တော်ပါပြီ၊ ငါစခဲ့တဲ့အလုပ်ကို ငါ ဘယ်လို အဆုံးသတ်ရပါ့မလဲ၊ ကွန်ပျူတာတွေ ငါ ကိုင်ခွင့်မရှိတော့ဘူး"

"ခင်ဗျား မသေချင်သေးဘူးမဟုတ်လား"

"ငါ တကယ်လဲ အလုပ်ထုတ်ခံသင့်တယ် ထင်ပါရဲ့၊ ငါ့မှာ သတ္တိရှိသေးရင် အဲလိယော့ကို ပြန်ချဖို့ ငါဆက်လုပ်ရမှာပေါ့၊ ဟော့ . . . မင်းအခန်းက အိုက်လိုက်တာ"

ဆောလ်က မတ်တတ်ထကာ ခန်းဆီးများနံဘေးရှိ လေအေးစက်ကို ခလုတ်ဖွင့်လိုက်သည်။ အခန်းထဲသို့ ညီစို့စို့ အနံ့ထွက်သော လေများ ဝင်လာသည်။

"ခင်ဗျား သူ့ကို ဘယ်လို အကြောင်းကြောင့်များ စုံစမ်းချင်စိတ်ပေါက်လာရတာလဲ"

"ကင်မ်ဖီလ်ဘီ ကြောင့်ပေါ့ကွာ"

ဟာဒီ စိတ်ပျက်စွာပြောပြီး ဗားမောက်တစ်ကျိုက် မော့ချလိုက်သည်။

◆

( ၄ )

၁၉၅၁ ခုနှစ်တွင် ကင်ဖီလ်ဘီသည် ဗြိတိသျှပြည်ပထောက်လှမ်းရေးအဖွဲ့ အမ်အိုင် (၆) ၌ အထက်တန်းအရာရှိတစ်ဦး ဖြစ်သည်။ ထိုကာလမတိုင်မီ ဒုတိယကမ္ဘာစစ်အတွင်းက အိုအက်စ်အက်စ်အမည်ရှိ အမေရိကန် သူလျှိုအဖွဲ့၏ အတွေ့အကြုံနည်းသော သူလျှိုအဖွဲ့သားအသစ်ကလေးများအား သင်တန်းပေးရာ၌ ၎င်းက ပါဝင်ကူညီခဲ့သည်။

၁၉၄၇ ခုနှစ်၌ အိုအက်စ်အဖွဲ့သည် စီအိုင်အေအဖွဲ့ကြီးဖြစ်လာသောအခါ ကင်မ်ဖီလ်ဘီက အကြံပေးပုဂ္ဂိုလ်အဖြစ်ကူညီရန် ကမ်းလှမ်းခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ၎င်းသည် ဝါရှင်တန်သို့လာရောက်ပြီး အများကြည်ညိုလေးစားမှု ရရှိထားသည့် ဗြိတိသျှသံတမန် ဒေါ်နယ်မက္ကလင်းမှာ ကွန်မြူနစ်သူလျှိုဖြစ်ကြောင်း ဖော်ထုတ်ခြင်းနှင့် ဆိုဗီယက်သူလျှိုအုပ်စုများကို စုံစမ်းရာ၌ အက်ဖ်ဘီအိုင်အား ကူညီခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

သို့သော် မက္ကလင်းအား အမေရိကန်အာဏာပိုင်တို့က မဖမ်းနိုင်မီ ရင်းကဲ့သို့ပင် ရုရှသူလျှိုဖြစ်သော ဗြိတိသျှသံတမန် ဂိုင်းဘားဂျက်က သတိပေးနှိုးဆော်လိုက်ပြီး ၎င်းတို့နှစ်ဦး ရုရှသို့အတူ ထွက်ပြေးလွတ်မြောက်သွားလေသည်။

အနောက်အုပ်စု ထောက်လှမ်းရေးလောကတစ်ခုလုံး ဆိုဗီယက်သူလျှိုများ ဤမျှပေါက်ရောက်အောင်စိမ့်ဝင်နိုင်ခဲ့သည့် သတင်းကြောင့် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။

မက္ကလင်းအား အမေရိကန်အစိုးရက မသင်္ကာဖြစ်ကြောင်း ဘားဂျက်သိရှိသွားခြင်းမှာလည်း ဘဝင်မကျစရာပြဿနာတစ်ခု ဖြစ်ခဲ့သည်။

ထိုစဉ်က စီအိုင်အေ၌ အငယ်တန်းအရာရှိ တစ်ဦးဖြစ်သော ဟာဒီသည် ဝါရှင်တန်မြို့ ကားရပ်စခန်း၌ ကားရပ်ကာ သူစားနေကျဆိုင်၌ နေ့လယ်စာစားရန် မိုးသည်းသဖြင့် ကားပေါ်၌ တုန်လှုပ်ဖွယ်အတွေးတစ်ခု ခေါင်းထဲ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာလေသည်။

နေ့လယ်စာကို ခဏာမေ့ထားပြီး ဒုတိယကမ္ဘာစစ်ကြီးပြီးကတည်းက ဝါရှင်တန်မြက်ခင်းပြင်ကြီးရှေ့တွင် ပြွတ်သိပ်စွာ တည်ရှိနေခဲ့သည့်အိမ်တန်းများသို့ ကားနှင့် ပြန်သွားသည်။

သူ့အိပ်ခန်းကျဉ်းကျဉ်းလေးထဲ ရောက်ရောက်ချင်း မိုးရေရွဲနေသည့် မိုးကာအင်္ကျီကြီးကို ကုလားထိုင်ပေါ် လွှားတင်ကာ ဖိုင်တွဲများကို လှန်လှော ရှာဖွေ၍ မှတ်စုများ ထုတ်ယူသည်။

ဘားဂျက်က မက္ကလင်းကို သတိပေးလိုက်သည်။ ဘားဂျက်သည် ဖီလ်ဘီနှင့်သိ၏။ ဖီလ်ဘီသည် မက္ကလင်းကို လက်ညှိုးထိုးပြခဲ့သူဖြစ်သည်။ တကယ်တော့ ဘားဂျက်သည် တစ်ချိန်က ဖီလ်ဘီအိမ်မှာ ဧည့်သည်အဖြစ် တည်းခဲ့ဖူးသည်။ မက္ကလင်းဒုက္ခတွေ့တော့မည်ဖြစ်ကြောင်း ဖီလ်ဘီက ဘားဂျက်ရှေ့မှာ လွှတ်ခနဲ ပြောမိလေသလား။

သိပ်တော့ အဓိပ္ပာယ်မရှိ။

ဖီလ်ဘီသည် မိမိစွပ်စွဲမည့် သူငယ်ချင်းတစ်ယောက်နှင့် ပတ်သက်၍ ဤမျှအရေးကြီးသည့် လျှို့ဝှက်ချက်ကို ဖွင့်ပြောမည့်သူမျိုးမဟုတ်။ သူသည် ဝါရှင့်သူလျှိုတစ်ဦး မဟုတ်လား။

ဒါဖြင့် သင်းတို့သုံးယောက် ဘယ်လိုဆက်စပ်မှုရှိမလဲ။

ကောင်းပြီ။ ဖီလ်ဘီသည် ကွန်မြူနစ်သူလျှိုဖြစ်ခဲ့လျှင် ဘယ့်နှယ်လုပ်ပါ့။ ဖီလ်ဘီက ဘားဂျက်ကို မက္ကလင်းအားသတိဖို့ စေလွှတ်ပြီးမှ စွဲချက်တင်ခဲ့သည်ဆိုလျှင်ရော . . .၊ မဖြစ်နိုင်ဘူးလား။

သူ ဘာကြောင့် ဒီလိုလုပ်သလဲ။

ဖီလ်ဘီသည် ရုရှသူလျှိုအချင်းချင်း ဘာကြောင့် ဖော်ကောင်လုပ်ရသလဲ။ ဟာဒီ တစ်ခုပဲစဉ်းစားလို့ရသည်။ မက္ကလင်းထက် ပိုအရေးပါသည့် ရုရှသူလျှိုတစ်ဦးအား ဖုံးကွယ်ထားပေးစေလိုသောကြောင့် ဖြစ်နိုင်သည်။

မက္ကလင်းထက် အရေးပါသောသူက ဘယ်သူဖြစ်မလဲ။

ဟာဒီ အသက်ရှူမြန်လာသည်။

ဖီလ်ဘီကိုယ်တိုင်ပဲလား။ မက္ကလင်းကို စွပ်စွဲခြင်းအားဖြင့် သူ့ကို မသင်္ကာမဖြစ်စေအောင် ကာကွယ်ချင်လို့လား။ အက်ဖ်ဘီအိုင်နှင့်လက်တွဲလုပ်ရင်း ၎င်းအား သူလျှိုအဖြစ် ဖော်ထုတ်မှာကို ရိပ်မိသွားလို့လည်း ဖြစ်ချင်ဖြစ်မည်။

ယူဆချက်တွေချည်းသာ လက်ထဲရှိသည်။

သက်သေအထောက်အထား ဘယ်မှာလဲ။





လွန်ခဲ့သော နှစ်အတော်ကြာကြာက ဗြိတိသျှသံတမန်များအနက် ဆိုဗီယက်သူလျှိုသုံးဦးရှိကြောင်း ဖွင့်ပြောခဲ့သည့် ကရီဗစ်စကီးဆိုသူ အရှေ့မှ အနောက်သို့ ဘက်ပြောင်းခဲ့သော ဆိုဗီယက်သူလျှိုတစ်ဦးအကြောင်း ဟာဒီ သတိရလာသည်။

ကရီဗစ်စကီးက 'ကင်း'ဆိုသော နာမည်နှင့် သူလျှိုတစ်ယောက်ကို သာ ဖော်ထုတ်လိုက်ရာ ၎င်းကို ဖမ်းမိခဲ့ကြသည်။

ကျန် သူလျှိုနှစ်ယောက်နှင့်ပတ်သက်၍ ကရီဗစ်စကီး အတိအကျ မပြောနိုင်။ ပာစ်ဦးမှာ ၁၉၃၀ ပြည့်နှစ်များအတွင်းက ကွန်မြူနစ်ဝါဒီကို စိတ်ဝင်စားသူ စကော့လူမျိုးတစ်ဦးဖြစ်ပြီး တစ်ဦးကား စပိန်ပြည်တွင်း စစ်ပွဲကာလက ဗြိတိသျှသတင်းစာဆရာတစ်ဦး ဖြစ်ခဲ့သည်။ စကော့လူမျိုး သူလျှိုမှာ မက္ကလင်း အဖြစ် ဆက်လက် ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်၏။ သို့ဆိုလျှင် ဗြိတိသျှသတင်းစာ ဆရာဆိုသူ ရုရှသူလျှိုကား မည်သူနည်း။

ဟာဒီသည် ဖီလ်ဘီ၏မှတ်တမ်းကို အသေးစိတ် စစ်ဆေးဖတ်ရှုပြီး သူ လိုချင်သောအချက်ကို ရှာတွေ့သောအခါ တစ်ယောက်တည်း တအော်ဟစ် ရယ်ချင်စိတ် ပေါက်သွားလေသည်။

ဖီလ်ဘီသည် စပိန်ပြည်တွင်းစစ်ပွဲ၌ သတင်းသွားယူသော ဗြိတိသျှ သတင်းစာဆရာတစ်ဦး ဖြစ်နေသောကြောင့်တည်း။ ရုတ်တရက် ကွင်းဆက် အားလုံးပေါ်လာသည်။ ဖီလ်ဘီနှင့် ဘားဂျက်တို့သည် ကိန်းဘရစ်တက္ကသိုလ်၌ ကျောင်းသားဘဝကတည်းက သူငယ်ချင်းများ ဖြစ်ခဲ့ကြသည်။

မက္ကလင်းလည်း ကိန်းဘရစ်သို့ တက်ခဲ့သည်။ ၁၉၃၀ ပြည့်လွန်နှစ်များအတွင်းက သူတို့ သုံးဦးစလုံး ကွန်မြူနစ်ဝါဒကို ထောက်ခံခဲ့ကြသော်လည်း တကြီးအကျယ် ပြောင်းလဲကာ အရင်းရှင်ဝါဒီများ ဖြစ်လာကြပြီး ဗြိတိသျှ သံတမန်များအဖြစ် အမှုထမ်းခဲ့ကြလေသည်။

ဟုတ်လိုက်လေ . . .။ သင်းတို့ကို သူလျှိုလုပ်ဖို့ ဆိုဗီယက်တွေက ချဉ်းကပ်စည်းရုံးတော့ သဘောတူကြောင်း ခေါင်းညိတ်ခဲ့ကြတာပေါ့ဟု ဟာဒီ တွေးမိလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၅ )

"အဲဒီမှာ ငါ နာမည်ကျော်သွားတယ်၊ ဒါပေမယ့် ဖီလ်ဘီကို ဖော်ထုတ်ပေးတဲ့လူဟာ ငါမှန်း လူတွေမသိကြတော့ဘူး၊ သူတို့ မေ့သွားတယ်"

ဟာဒီက ပြောလိုက်၏။

"အို၊ ဘယ်သူဘယ်ဝါက ဘယ်လို ကျော်ကြားတယ်ဆိုတာ ကျွန်တော်တို့ထဲက တစ်ချို့သိကြပါတယ်"

ဆောလ်က ပြောလိုက်သည်။

"ငါနဲ့ အဲလီယော့က စီအိုင်အေမှာ ရွှေမင်းသားလေးတွေပေါ့ကွာ၊ အဲလီယော့က စစ်ကြီးပြီးတော့ တို့အတွက်အမှုထမ်းရင်း သူတို့တာသာ သူ့လျှို့အဖွဲ့တွေ ပြန်ဖွဲ့စည်းတဲ့ နာဇီနဲ့ ဖက်ဆစ်ဝါဒီကောင်တွေကို ဖော်ထုတ်ခဲ့တယ်၊ ငါနဲ့သူနဲ့ လုပ်သမျှမှန်တယ်လို့ချည်း ထင်စရာကောင်းတယ်"

"သူ့နောက်ကြောင်းက ဘယ်လိုရှိသလဲ"

"မင်းတို့ကို သူ ပြောမပြဘူးလားကွ၊ သူက ဘော်စတန်ဇာတိ၊ သူ့မိဘတွေက အထက်တန်းလွှာတွေ၊ သူ့အဖေက ယေးလ်တက္ကသိုလ်က ဘွဲ့ရပြီးတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ အလုပ်ဝင်ခဲ့တယ်၊ ၁၉၁၅ ခုနှစ်မှာ အဲလီယော့ကို မွေးပြီး သိပ်မကြာခင်မှာ ဂျာမန်တွေက လူစီတာနီးယားသင်္ဘောကို မြှုပ်ပစ်လိုက်တော့ သူ့အဖေ ဆုံးသွားတယ်၊ သူ့အမေက ၁၉၁၈ခုနှစ်မှာ ကူးစက်တုပ်ကွေးရောဂါနဲ့ သေတယ်၊ ငါပြောတာ မင်း သဘောပေါက်ရဲ့လား"

"အဲလီယော့ဟာ မိဘမဲ့ဖြစ်သွားတာပေါ့"

ဆောလ် ကြက်သီး ထလာ၏။

"မင်းနဲ့ခရစ္စလိုပဲပေါ့၊ ဒါကြောင့် မင်းတို့ကို သူ ဂရုစိုက်တာလဲဖြစ်မယ်"

"သူရော မိဘမဲ့ကလေးဂေဟာမှာ နေခဲ့ဖူးသလား"

"ဟင့်အင်း၊ သူ့မှာ အဘိုးအဘွား ဦးလေးနဲ့ အဒေါ်တွေ တစ်ယောက်





မှမရှိဘူး၊ သူ့ကိုမွေးစားမယ့် ဆွေမျိုးတွေ ရှိချင်ရှိမယ်၊ သူရတဲ့အမွေတာ သူ့ကို ကျွေးမွေးထားဖို့ လုံလောက်သားပဲ၊ ဒါ ပြဿနာမဟုတ်ဘူး၊ ဒါပေမယ့် နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ဩဇာရှိတဲ့ သူ့အဖေရဲ့ မိတ်ဆွေကြီးတစ်ယောက်က သူ့ကို မွေးစားပါရစေလို့ ကမ်းလှမ်းခဲ့တယ်၊ အဲလီယော့ဆွေမျိုးအားလုံးက သဘောတူလိုက်တယ်၊ ဘာပဲပြောပြော အဲဒီလူကြီးဟာ အဲလီယော့ရဲ့အဖေ ဖြစ်စေချင်တဲ့အတိုင်း အဲလီယော့ကို ပျိုးထောင်ပေးနိုင်မယ်မဟုတ်လား၊ ဒီလူကြီးမှာ ဥစ္စာဓနရှိပြီး ဩဇာတိက္ကမလဲ ရှိတယ်"

"အဲဒီလူက ဘယ်သူလဲ"

"တက်ဒ်အော်တွန်တဲ့ကွ"

ဆောလ် မျက်လုံးပြူးသွား၏။

"ဟုတ်တယ်၊ သူဟာ အဲဘလတ်သဘောတူချက်ကို ရေးဆွဲခဲ့တဲ့အဖွဲ့ဝင်တစ်ဦးပဲ၊ ခေတ်မီသူလျှိုလုပ်ငန်းအတွက် အခြေခံစည်းမျဉ်းတွေ ပိုင်းဝန်းရေးဆွဲပေးခဲ့သူတစ်ဦးဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးအော်တွန်ဟာ အဲလီယော့ကို သင်တန်းပေးခဲ့တယ်၊ အဲလီယော့ဟာ မူလအစကတည်းက ပါဝင်ပတ်သက်ခဲ့တယ်ဆိုရင်လဲ မမှားဘူးပေါ့။

". . . ဒုတိယကမ္ဘာစစ်မတိုင်ခင်က အမေရိကန်မှာ သီးခြားထောက်လှမ်းရေးအဖွဲ့ရယ်လို့ မရှိခဲ့ဘူး၊ အဲဒီကိစ္စတွေကို စစ်တပ်နဲ့နိုင်ငံခြားရေးဌာနကပဲ လုပ်ခဲ့တာ၊ ပုလဲဆိပ်ကမ်း ဗုံးကြဲခံရပြီးတဲ့နောက်ပိုင်း 'အိုအက်စ်အက်စ်' အဖွဲ့ကို ထူထောင်ခဲ့တယ်၊ အော်တွန်က အဲလီယော့ကို အိုအက်စ်အက်စ်ထဲဝင်ဖို့ တိုက်တွန်းခဲ့တယ်၊

". . . အဲလီယော့ဟာ အင်္ဂလန်မှာ သင်တန်းသွားတက်ပြီး ပြင်သစ်မှာ ထိရောက်တဲ့စစ်ဆင်ရေးတွေ ဆင်နွှဲခဲ့တယ်၊ စစ်တိုက်ရတာ သူ ကြိုက်တယ်၊ ဒါကြောင့် စစ်ကြီးပြီးလို့ အိုအက်စ်အက်စ်ဟာ စီအိုင်အေဖြစ်လာတော့ သူလဲ လိုက်ပြောင်းခဲ့တယ်၊ အဲဒီအချိန်မှာ အော်တွန်က အငြိမ်းစားယူသွားပြီ၊ ဒါပေမယ့် အဲလီယော့က သူ့ဆီ မကြာမကြာသွားတွေ့ပြီး အကြံဉာဏ်တောင်းတတ်တယ်၊ အော်တွန်က သူ့ကို အရေးကြီးဆုံးအချက်အနေနဲ့ ဘာပြောလဲဆိုတော့ စီအိုင်အေအဖွဲ့ကြီးမှာ ထိပ်ဆုံးရာထူးရအောင် မကြိုးစားဖို့ဆိုတာပဲ"

"ဩော် . . . ဒီတော့ အဲလီယော့ဟာ အော်တွန်ရဲ့အကြံကို လိုက်နာခဲ့တယ်ပေါ့လေ"

ဟာဒီက ခေါင်းညိတ်၍

"အဲလီယော့က သူ တက်ရတဲ့ ရာထူးအထိ တက်ခဲ့တယ်၊ ထိပ်ဆုံးကို



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ မတာက်ဘူး၊ သမ္မတတစ်ယောက်လက်ထက်မှာ သူ့ကို ညွှန်ချုပ်ခန့်ဖို့ တောင် ကမ်းလှမ်းပေမယ့် သူ လက်မခံခဲ့ဘူး၊ သူက သူ့ရာထူးကိုပြအောင်ပဲ လုပ်ချင်တယ်၊ ဒါပေမယ့် သူဟာ အာဏာကို ပိုလိုချင်လာတယ်၊ ဒီတော့ သူဟာ အရှေ့ခြမ်း အနောက်ခြမ်း အထက်အောက်မကျန် သူ့အပေါ် သစ္စာခံကြရမယ့် သူလျှိုတွေ တိုးပွားအောင်လုပ်ပြီး သူ့အာဏာစက်ကို ဖြန့်ကြက်ခဲ့တယ်၊

"...သူ့ရဲ့ရာထူးက တန်ပြန်ထောက်လှမ်းရေးဌာန ဥက္ကဋ္ဌဖြစ်လာတယ်၊ အဲဒီရာထူးကို ၁၉၅၅ ခုနှစ်ကျမှ သူ ရခဲ့ပေမယ့် ၁၉၄၀ ပြည့်လွန်နှစ်တွေကတည်းက သူ အံတော် လက်စွမ်းထက်နေပြီ၊ အထက်လွှတ်တော်အမတ်တွေ အောက်လွှတ်တော်အမတ်တွေ သမ္မတတွေ အားလုံးဟာ ရွေးကောက်ပွဲအပေါ် အမှီသဟဲပြုနေရတယ်၊ အဲလီယော့ကတော့ ရွေးကောက်ပွဲတွေအတွက် ဘယ်တော့မှ စိတ်ပူစရာ မလိုဘူး၊ ဘယ်အခါမဆို တို့နိုင်ငံကို ဒီမိုကရက်တွေပဲ အုပ်ချုပ်သည်ဖြစ်စေ ရီပတ်ဘလစ်ကင်တွေပဲ အုပ်ချုပ်သည်ဖြစ်စေ အဲလီယော့ ကတော့ စီအိုင်အေမှာ နံပါတ် (၄)ရာထူးက မပြုတ်ဘူး၊ သူ့လိုပဲ အဲဒီလိုအကြာကြီး အာဏာမြဲအောင် ဆုပ်ကိုင်ထားနိုင်တဲ့လူဆိုလို့ တခြားတစ်ယောက်ပဲ ရှိတယ်"

"ဂျေ အက်ဂါဟူးဗား မဟုတ်လား"

"ဟုတ်တယ်၊ အခု ဟူးဗား မရှိတော့ဘူးဆိုတော့ ၁၉၄၀ ပြည့်လွန်နှစ်တွေကတည်းက ဒီနေ့အထိ အမေရိကန်အစိုးရအဖွဲ့အတွင်းမှာ ဆက်တိုက် ဩဇာလွှမ်းမိုးမှုအရှိဆုံး ပုဂ္ဂိုလ်ဟာ အဲလီယော့ပါပဲလို့ ပြောရင် လွန်အံ့မထင်ပေါ့ကွာ၊ ဒါပေမယ့် အဲလီယော့ဟာ သူ့လိုပဲ ရည်မှန်းချက် မြင့်မားပြီး သူ့ရာထူးကို လုယက်မယ့် လူတစ်ယောက် ပေါ်လာမှာကိုတော့ စိုးရိမ်ရတာပဲ၊

"...ဒီတော့ သူများထက် နှာတစ်ဖျားသာဖို့အတွက် သူ့ကို ခြိမ်းခြောက်နိုင်မယ့်သူ မှန်သမျှကို သူ စုံစမ်းဖော်ထုတ်တယ်၊ ဒီလူဟာ သမ္မတတစ်ယောက်ဖြစ်ချင်ဖြစ်မယ်၊ ဝန်ကြီးအဖွဲ့ဝင်တစ်ဦး ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် စီအိုင်အေရဲ့ ညွှန်ကြားရေးမှူးတွေလဲ ဖြစ်နိုင်တယ်၊ အဲဒီဗျူဟာနည်းကို သူက ဟူးဗားဆီက သင်ခန်းစာယူခဲ့သလား မပြောတတ်ဘူး၊

"...ဒါပေမယ့် သူ့လက်ထဲမှာ အရှက်တကွဲဖြစ်မယ့် မှတ်တမ်းတွေကို စုဆောင်းနိုင်ခဲ့တယ်၊ လိင်ကိစ္စတို့ အရက်စွဲ ဘိန်းစွဲတာတို့ ကြိုက်တာပြော မကောင်းမှုဒုစရိုက်မှန်သမျှ သူ စုံစမ်းလို့ရတာချည်းပဲ၊ အခွန်ရှောင်တိမ်းမှု၊ ဝိဝါဒကွဲပြားမှု၊ လာဘ်ပေးလာဘ်ယူ၊ ပွဲခပေးတာတွေ...၊ အစုံပဲကွာ၊

"...အဲလီယော့ဆီက အာဏာကို လုယူဖို့ ကြံရည်တဲ့ လူကို





အဲလီယော့က ဒီလူရဲ့မှတ်တမ်းကို ထုတ်ပြလိုက်တဲ့အခါ သူ အကြံပျက်သွားတော့တာပဲ၊ ဒါကြောင့်မို့ သူဟာ အငြိမ်းစားယူတဲ့အရွယ်ရောက်နေတာတောင် စီအိုင်အေမှာ ရှိနေသေးတာပေါ့၊ ဒါဟာ သူ့လက်ထဲမှာရှိတဲ့ အဲဒီဖိုင်တွဲတွေကြောင့်ပဲ"

"အဲဒီဖိုင်တွဲတွေ ဘယ်မှာထားလဲ"

"မသိဘူး၊ ဂျော်ဇတောင် ဘဏ်တိုက်တစ်ခုခုမှာ ထားချင်ထားမယ်၊ ဒါမှမဟုတ် ဗါရှင်တန်ကို ပိုင်အမ်စီအေမှာရှိတဲ့ သံဗီရိုတစ်လုံးထဲမှာ ရှိချင်ရှိမယ်၊ ပြောရခက်တယ်၊ အဲဒီဖိုင်တွဲတွေကို လိုက်ရှာတဲ့ လူတွေရှိတယ်ကွ၊ အဲလီယော့ကို ရှုံ့ချိုးလိုက်ကြပေမယ့် သူဟာ ခြေရာဖျောက် သိပ်တော်တယ်"

"သူ့ကို ခင်ဗျား ဘာကြောင့် စုံစမ်းသလဲဆိုတာ ခုထိ ကျွန်တော့်ကို မပြောသေးဘူး"

ဟာဒီက စဉ်းစားလိုက်၏။

"ငါ့စိတ်ထဲ မသင်္ကာဖြစ်လို့ကွ၊ ဖီလ်ဘီ၊ မက္ကလင်းနဲ့ ဘားဂျက်တို့ သုံးယောက်သာမကဘဲ တို့အမေရိကန်နဲ့ဗြိတိန်မှာ ထိပ်သီးဆိုဗီယက်သူလျှိုတွေ အစိုးရအဖွဲ့ထဲ စိမ့်ဝင်နေတယ်လို့ အဲလီယော့ပြောလေ့ရှိတာ မင်းမှတ်မိသေးလား၊ အထူးသဖြင့် ငါတို့ စီအိုင်အေမှာ ရုရှသူလျှိုတစ်ယောက်ရှိနေတယ်လို့ သူ အခိုင်အမာပြောခဲ့တယ်၊ ယူ-တူး သူလျှိုလေယာဉ်ပစ်ချခံရမှုကို သူက နမူနာပြတယ်၊ ဂေါ်ပင်လယ်အော်အရေးအခင်းနဲ့ သမ္မတကနေဒီလုပ်ကြံခံရမှုတွေကို သူ ဥပမာ ပေးတယ်၊

"...ငါတို့တွေကို စစ်ဆင်ရေးတစ်ခုလုပ်တိုင်း ရုရှတွေက ကြိုပြီး သိနေကြသလိုပဲ၊ အဲလီယော့ရဲ့ အဲဒီ သီဝရီဟာ သက်သက်အကြောက်လွန်တာလို့ ထင်ခဲ့ကြတယ်၊ ဟော အခုတော့ ယုံကြည်လက်ခံစရာကောင်းလာပြီ၊ စီအိုင်အေမှာ အချင်းချင်းအပြန်အလှန် စစ်ဆေးအကဲခတ်နေကြတယ်၊ ကိုယ်နောက်မှာ ဘယ်သူရှိသလဲ လှည့်နေရတာနဲ့ပဲ ငါတို့အလုပ်တွေ မပြီးဘူး၊

"...ရုရှသူလျှိုကိုလဲ တို့ လုံးလုံး ရှာမတွေ့ခဲ့ပါဘူးကွာ၊ ဒါက အကြောင်းမဟုတ်ပါဘူး၊ အဲလီယော့ရဲ့သီဝရီဟာ ရန်သူ သူလျှိုတစ်ယောက်လိုပဲ ဒုက္ခပေးခဲ့တယ်၊ တစ်နည်းအားဖြင့် သူဟာ စီအိုင်အေတစ်ဖွဲ့လုံးကို အကြောသေအောင် လုပ်ပစ်ခဲ့တယ်၊ အဲဒီမှာ ငါ စဉ်းစားမိတယ်၊ အဲလီယော့ဟာ ကန့်ကွက်မှု သိပ်လုပ်လွန်းသလား၊ ဒါမှမဟုတ် သူကိုယ်တိုင်က ရုရှသူလျှိုတစ်ဦး ဖြစ်နေလို့ စီအိုင်အေမှာ သူလျှိုရှိနေတယ်ဆိုပြီး သူများကို လက်ညှိုး ထိုးနေတာလား၊ ဒါဟာ ဖီလ်ဘီရဲ့ နည်းဗျူဟာမဟုတ်လားကွ၊ သူများကိုလက်ညှိုး



www.burmeseclassic.com

www.burmeseclassic.com



အောင် စွပ်စွဲပြလိုက်ရင် စွပ်စွဲတဲ့လူကို ဘယ်သူက မသက်သေဖြစ်ဦးမှာလဲ"

"ဒါပေမယ့် ခင်ဗျားက သူ့ကို မသင်္ကာဘူးမဟုတ်လား"

ဟာဒီက ပခုံးတွန့်၍

"ငါက သူ့ကို မနာလိုဘူးဆိုပါတော့ကွာ၊ ငါနဲ့သူနဲ့ အလုပ်အတူ ဝင်ခဲ့ကြတာ၊ ပထမတော့ သူနဲ့ငါနဲ့အရည်အချင်း ပြောင်မြောက်ပုံချင်းကလဲ အတူတူပဲ၊ ဒါပေမယ့် နောက်ပိုင်းကျတော့ သူက ငါ့ထက်ပိုပြီးအောင်မြင်မှုတွေ ရလာတယ်၊ ငါက ရာထူးမတက်ပေမယ့် သူက တဖြည်းဖြည်း မြင့်သထက် မြင့်သွားတယ်၊ အခြေအနေတွေသာ မပြောင်းလဲခဲ့ရင် ငါလဲ သူနဲ့ရင်ဘောင်တန်း လိုက်နိုင်မယ်ထင်ပါရဲ့"

ဟာ့ဒီက ဖန်ခွက်ကိုမြှောက်၍

"သူ့ကို ဆွဲချပြီး ငါကိုယ်တိုင် နန်းတက်ဖို့ ကြံစည်သလိုပဲ၊ ငါ့ရဲ့ ပထမဦးဆုံးအောင်ပွဲလို့ ငါမမေ့သေးဘူး၊ ငါ အဲဒီဥစ္စာကွက်တိ ပြန်လုပ်လို့ရ ဦးမယ်ထင်တာပဲကွာ၊ အဲလီယော့ဟာ စစ်အတွင်းက အိုအက်စ်အက်စ်မှာ အလုပ်ဝင်ဖို့ အင်္ဂလန်သွားပြီး သင်တန်းတက်ခဲ့တယ်လို့ မင်းကို ငါပြောပြီးပြီ နော်၊ ငါတို့က ဗြိတိသျှတွေလောက် သူလျှိုလုပ်ငန်း မကျွမ်းသေးဘူး၊ သူ့ကို မညာသင်ပေးလိုက်တဲ့ အမ်အိုင် (၆)ကလူ ဘယ်သူလဲဆိုတာ မင်းသိရင် သိပ်အံ့သြသွားမယ်"

ဆောလ်က စောင့်နေသည်။

ဟာဒီက ဖန်ခွက်ထဲမှ ဝိုင်ကို အပြတ်ရှင်းလိုက်ပြီး

"သူ့နာမည်က ကင်မ်ဖီလ်ဘီတဲ့"

ဟု ပြောလိုက်လေသည်။

◆

## (၆)

"အဲလီယော့ဟာ ပွေးကောင်သူလျှိုလား"

ဆောလ်အသက်ရှူတစ်ချက် မှားသွား၏။

"ဟော့ . . . ငါ အဲဒီလို မပြောဘူးနော်"

"အဲလီယော့ကို ခင်ဗျားက အဲဒီလို မစွပ်စွဲချင်ရင် ဘာလို့ ဖီလ်ဘီ အကြောင်း ထည့်ပြောလဲ"

"ငါ ထင်တာပြောတာ၊ ငါ့ယူဆချက်တွေပြောလို့ မရဘူးလား၊ ဒါတွေ ဟာ သက်သေမရှိရင် မလကားပဲ"

"ခင်ဗျားမှာ သက်သေမရှိဘူး"

"မင်းကို ငါ ပြောပြီးပြီကောကွာ၊ ငါ အဲဒီအထိ လုပ်ခွင့်မရလိုက်ပါဘူး လို့၊ ငါ့ကို အဲလီယော့က အလုပ်ထုတ်ပစ်တော့ ငါ့ရုံးခန်းကို ချိပ်ပိတ်လိုက်တယ်၊ ငါ့အိမ် ငါ့မော်တော်ကား ငါ့အာမခံဆေးတွွာတွေကို သူတို့ ရှာဖွေတယ်၊ ငါ့မှာရှိတဲ့ စီအိုင်အေနဲ့ ရိုးတိုးရိပ်တိတ်လောက် ဆက်စပ်ပတ်သက်မှုရှိတဲ့ စာရွက်စာတမ်း အပိုင်းအစမှန်သမျှကို သူတို့ယူသွားတယ်"

"ခင်ဗျား သုတေသနလုပ်ထားတာတွေ ပါသွားသေးလား"

"ငါ အဲဒါတွေ စာရွက်ပေါ် လုံးဝ ရေးမှတ်မထားလို့ တော်သေးတာ ပေါ့ကွာ၊ သူ့အကြောင်းရေးထားတဲ့ မှတ်တမ်းကို အဲလီယော့ တွေ့သွားမယ်၊ ငါဟာ အန္တရာယ်ရှိလိမ့်မယ်လို့ သူ ထင်ခဲ့လို့ကတော့ ငါ နှလုံးရောဂါနဲ့ ရုတ်တရက် သေမလား၊ တိုက်ပေါ်က လိမ့်ကျသေမလား မပြောတတ်ဘူး"

"ခင်ဗျား စုံစမ်းလို့ရခဲ့တာတွေကို မှတ်မိသေးရဲ့လား"

ဟာဒီက ခါးမတ်၍ ထိုင်လိုက်ပြီး

"မှတ်မိတာပေါ့ကွာ၊ ငါက . . . ၊ နေဦး . . . အဲလီယော့ဟာ အကျင့်ပါ နေတဲ့လူကွ၊ သူ့ရဲ့ပုံမှန်လုပ်ငန်းစဉ်တွေ အပြောင်းအလဲရှိတာ ငါ တွေ့ရတော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သက်တော့မလဲ၊ ၁၉၅၄ခုနှစ်မှာ သူဟာ ဥရောပကို အကျိုးအကြောင်း တင်မပြဘဲ ခရီးအကြိမ်ကြိမ်ထွက်ခဲ့တယ်၊ သူ့ရဲ့ ခရီးသွားပြေစာလက်မှတ်တွေဟာ အတော်စိတ်ဝင်စားစရာကောင်းတဲ့ ဖတ်လမ်းတစ်ပုဒ်ကို ဖော်ပြကြတယ်၊ ဩဂုတ်လမှာ သူဟာ ရက်သတ္တတစ်ပတ်လုံးလုံး ပျောက်သွားခဲ့ဖူးတယ်"

"သူ အပန်းဖြေခရီးသွားတာ မဖြစ်နိုင်ဘူးလား"

"အရေးရေပေါ် ကိစ္စရှိရင် သူ့ကို ဆက်သွယ်ဖို့ လိပ်စာဖြစ်ဖြစ် ဖုန်းနံပါတ်ဖြစ်ဖြစ် စီအိုင်အေကို သူ ပေးထားသင့်တယ်၊ ဘာမှ ပေးမသွားဘူး"

"ဟုတ်ပြီ၊ ကျွန်တော် သဘောပေါက်ပြီ"

"သူ ဘယ်လ်ဂျီယံနိုင်ငံသွားတဲ့အထိတော့ ငါ လိုက်လို့ရတယ်၊ အဲဒီနောက်ပိုင်းတော့ ငါ ဘာမှ မသိဘူး"

ဟာဒီက စီးကရက်တစ်လိပ် မီးညှိ၍ ဖွာလိုက်သည်။

"သူ ပျောက်သွားတာ ဘယ်သူကမှ မမေးဘူးလား"

"မမေးရုံတင်မကဘူး၊ နောက်နှစ်ကျတော့ သူ့ကို ရာထူးတိုးပေးလိုက်တယ်၊ ငါ့အထင်ပြောရရင် သူ့ကို တာဝန်တစ်ခုခုနဲ့ လွှတ်လိုက်ပြီး အောင်မြင်တဲ့အတွက် ရာထူးတိုးပေးလိုက်တာပဲဖြစ်မယ်၊ ဘာပဲပြောပြော အဲဒီခုနစ်ရက်လုံးလုံး သူပျောက်နေတာကတော့ ဖော်ထုတ်လို့မရခဲ့ဘူး"

"သူဟာ ရုရှသူလျှိုဖြစ်ခဲ့ရင် ကေဂျီဘီက သူ့ရဲ့ ထိန်းချုပ်ရေးအရာရှိနဲ့ သွားတွေ့တာ ဖြစ်မှာပေါ့"

"ငါလဲ အဲဒီလိုတော့ တွေးမိသေးတယ်၊ ဒါပေမယ့် သူ အဲဒီလောက်မညံ့ဘူး၊ ကေဂျီဘီအနေနဲ့ သူနဲ့ ချိန်းတွေ့ချင်ရင် ဒီထက် လျှို့ဝှက်ဆန်းကြယ်မှုနည်းတဲ့ နည်းလမ်းတွေရှိပါတယ်။ ခုလို သူ့ကို ကိုယ်ရောင်ဖျောက်ခိုင်းရင် သူများတွေ အာရုံစိုက်ချင်စရာ မဖြစ်နိုင်ဘူးလား၊ သူ ခုလို ပျောက်သွားတဲ့အကြောင်းရင်းက တခြားနည်းမရှိလို့ တကယ်လိုအပ်လို့ လုပ်လိုက်ရတာပဲဖြစ်မယ်"

ဆောလ် မျက်မှောင်ကုတ်သွား၏။

လေအေးစက်က တချောက်ချောက်နှင့် လှုပ်ခါနေသည်။

သို့သော် လေအေးစက်ကြောင့်မဟုတ်ဘဲ သူကျောစိမ့်သွားသည်။

"တစ်ခုရှိသေးတယ်၊ ၁၉၇၃ ခုနှစ်တုန်းကလဲ သူ အဲဒီလိုပဲ ပျောက်သွားသေးတယ်၊ ဇွန်လရဲ့ နောက်ဆုံးပိတ်သုံးရက်လုံးလုံး သူ ဘယ်ရောက်နေမှန်း မသိဘူး"

"ဘယ်ဂျီယံကို သွားတာပဲလား"





"ဂျပန်ကိုသွားတာ"

"ဒီတော့ ဘယ်လို ဆက်စပ်မှုရှိလဲ"

ဟာဒီက ပခုံးတွန့်၍

"အဲဒီလို ခရီးသွားတုန်း သူ ဘာတွေလုပ်မှန်း ငါလဲ မစဉ်းစားတတ်ဘူး၊ ဒါပေမယ့် ငါတော့ ပထမယူဆချက်ကိုပဲ အပ်တာလဲလဲ ပြန်တွေးမိတယ်၊ စစ်အတွင်းက သူ အင်္ဂလန်ကိုသွားတော့ သူဟာ ဖီလ်ဘီ၊ ဘားဂျက်၊ မက္ကလင်းတို့နဲ့အတူ နှစ်ဘက်လှ သူလျှိုလုပ်ဖို့ ပေါင်းစည်းခဲ့သလား မဆိုနိုင်ဘူး"

"ဒါမှ မဟုတ် သုံးဘက်ချွန် သူလျှိုလဲ ဖြစ်နိုင်တယ်"

"မပြောတတ်ဘူး၊ ငါတော့ အဲဒါမတွေးမိဘူး၊ အဲလိုယောက်ျားဟာ ဖီလ်ဘီနဲ့ လက်တွဲချင်ယောင်ဆောင်ပြီး အမေရိကန်နိုင်ငံအကျိုးအတွက် ဆိုဗီယက်တွေနဲ့ သူ့ရဲ့ဆက်ဆံရေးကို အသုံးချဖို့ ကြံစည်ခဲ့တာများလား၊ သူက ရှုပ်အောင်လုပ်တာ သိပ်ဝါသနာပါတယ်၊ သုံးဘက်ချွန် သူလျှိုဆိုတာ အရှုပ်ထွေးဆုံးပဲ၊ ခြားနားချက်က အတူတူပဲ၊

". . . နှစ်ဘက်လှ သူလျှိုပဲဖြစ်ဖြစ် သုံးဘက်ချွန် သူလျှိုပဲဖြစ်ဖြစ် သူဟာ ကေဂျီဘီနဲ့တော့ အဆက်အသွယ် ရှိရမယ်၊ သူ့ကို တစ်ယောက်က သတင်းသယ်လာပေးရမယ်၊ အဲဒီလူဟာ သူ့ရဲ့နေ့စဉ်ပုံမှန်လုပ်ငန်းတွေထဲမှာ ပါဝင်နေတဲ့လူဖြစ်တဲ့အတွက် သူတို့နှစ်ယောက် အမြဲတမ်း ပုံမှန်တွေ့ဆုံမှုကို တယ်သူကမှမသင်္ကာမဖြစ်နိုင်စေရဘူး၊အဲဒီလူဟာ ဥရောပအဆက်အသွယ်တွေနဲ့ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်ခွင့်ရှိရမယ်"

"သူ့ကို ခင်ဗျား ရှာတွေ့ခဲ့ပြီလား"

"နှင်းဆီတွေ"

"ဗျာ"

"အဲလိုယောက်ျားဟာ ရှုပ်ထွေးတာကြိုက်သလို နှင်းဆီပန်းစိုက်တာကိုလဲ ဝါသနာကြီးတယ်၊ သူဟာ တစ်နေ့တစ်နေ့ နှင်းဆီတွေနဲ့ အချိန်ဖြုန်းနေလေ့ရှိတယ်၊ ဝါသနာတူတွေနဲ့လဲ စာအပြန်အလှန် ရေးကြတယ်၊ ရှားပါးတဲ့ နှင်းဆီမျိုးတွေ အလဲအလှယ်လုပ်ကြတယ်"

ဆောလ် တုန်သွား၏။

"ပြီးတော့ ပန်းပြပွဲတွေသွားသေးတယ်"

"ဟုတ်တယ်၊ နှစ်စဉ် ဇူလိုင်လတိုင်း လန်ဒန်မှာလုပ်တဲ့ ပန်းပြပွဲကို သူ မလွတ်တမ်းသွားတယ်၊ စစ်ကြီးပြီးပြီးချင်း ၁၉၄၆ ခုနှစ်ကတည်းက စခဲ့တဲ့ပွဲ၊ အဲဒီပွဲကစပြီး သူနှစ်တိုင်း မပျက်မကွက်သွားတယ်၊ ဒါဟာ ချိန်းတွေ့ဖို့ အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးနေရာပဲ၊ လန်ဒန်မြို့နားမှာ ခြံနဲ့ဝင်းနဲ့နေတဲ့ သူ့မိတ်ဆွေကြီး ပါစီဗယ်လင်းဒစ်ရှ်ရဲ့ အိမ်မှာ သူ တည်းလေ့ရှိတယ်"

ဆောလ် သက်ပြင်းရှိုက်လိုက်၏။

"ဘာလဲ . . .၊ မင်း အဲဒီနာမည်ကို သိလို့လား"

ဟာဒီက မေးလိုက်သည်။

"သူ့အဖေက ၁၉၃၀ခုနှစ်က အဲဒဘလတ်အစည်းအဝေးကို ဖြတ်သွားတောက်လှမ်းရေးအဖွဲ့ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့တာပဲ"

"ဘယ်လောက် စိတ်ဝင်စားစရာကောင်းတဲ့ ပုံစံအကွက်လဲ တွေ့လား၊ အဲဒီအစည်းအဝေးကို တက်ခဲ့တဲ့ ဖော်တွန်လဲ လင်းဒစ်ရှ်အကြီးနဲ့မိတ်ဆွေဖြစ်ခဲ့သကွ၊ ဖော်တွန်ရဲ့ မွေးစားသားဖြစ်တဲ့ အဲလိယော့ဟာ လင်းဒစ်ရှ်အငယ်နဲ့ သူငယ်ချင်းဖြစ်ခဲ့ပြန်တယ်၊ ဩော် ဒါနဲ့ပြောရဦးမယ်၊ လင်းဒစ်ရှ်အကြီးဟာ ဖီလ်ဘီရဲ့ အထက်အရာရှိဆိုတာ မင်းသိလား"

"ဘုရားရေ . . ."

"ဒီတော့ ငါ စဉ်းစားမိတယ်၊ လင်းဒစ်ရှ် အကြီးကျနေရာ 'မွေးကောင်' များလားလို့ ပူးပေါင်း ကြံစည်မှုတစ်ခုကို ယုံကြည်တဲ့အခါ ပေါ်လာတဲ့ ပြဿနာကတော့ ကြာလာတော့ ကိုယ့်သိဝရီနဲ့ အံကိုက်ဖြစ်အောင် အစင်းဆွဲတွေးတဲ့အကျင့်ပါပဲ၊ ဟေ့ . . . ငါဟာ သိပ်စိတ်ကူးယဉ်တဲ့လူလို့ မင်းထင်သလား"

"ဒီမှာကြည့်၊ ဇာကယ်လို့ အဲလိယော့ဟာ ဆိုဗီယက်တွေအတွက် သူလျှိုလုပ်နေတယ်ဆိုရင် လင်းဒစ်ရှ်အငယ်ကို ဆက်သားအဖြစ် မသုံးသင့်ပေဘူးလား၊ သူဟာ အမ်အိုင် (၆)မှာ အဲလိယော့နေရာထူးတူ အမှုထမ်းနေတဲ့လူပဲ၊ သူကလဲ အဲလိယော့လိုပဲ သူတို့ဌာနမှာ သူလျှိုရှိနေတယ်လို့ ခဏခဏအော်နေသတဲ့၊ တကယ်လို့များ လင်းဒစ်ရှ်အကြီးဟာ ဆိုဗီယက်သူလျှိုဖြစ်ခဲ့ရင် သူ့သားက သူ့အဖေသေသွားတော့ ဒီအလုပ်ကို ဆက်လုပ်ချင် လုပ်ခဲ့မှာပေါ့"

"အခုကပြဿနာက အဲဒါတွေကို သက်သေပြနိုင်ဖို့ပဲ"

◆

(၃)

အဲရစ်ကာသည် လေယာဉ်ပျံအတွင်း မင်းလမ်းတစ်ဝက်အရောက်တွင် ရပ်လိုက်ပြီး ပြတင်းပေါက်ဘေး ထိုင်ခုံပေါ်၌ ထိုင်နေသော ခရီးသည်တစ်ဦးအနားသို့ ခါးကုန်းလျက်

"ကျေးဇူးပြု၍ ခါးပတ် ပတ်ထားပါရှင်"

ဟု ပြောလိုက်သည်။

သူမသည် အစ္စရေးနိုင်ငံအယ်လ်အဲလ် လေကြောင်းကုမ္ပဏီမှ လေယာဉ်မယ် ဝတ်စုံကို ဝတ်ထားသည်။

အချိန်လုပြီး စီစဉ်ခဲ့ရသဖြင့် သူမ လူစားလဲလို့ရမည့် လေယာဉ်မယ်ကို စိတ်တိုင်းကျ ရွေးနိုင်လောက်အောင် များများစားစားမရရှိခဲ့။ သူမ အရပ်အမောင်း၊ မျက်နှာ၊ ဆံပင်အရောင်စသည့်တို့မှာ ထွက်ခွာပျံသန်းတော့မည့် လေယာဉ်မယ်တစ်ဦးနှင့်အတော်လေး နီးစပ်မှုရှိ၏။ သို့သော် ထိုလေယာဉ်မယ်မှာ သူမထက် ကိုယ်လုံးအနည်းငယ် ညှက်သောကြောင့် ၎င်း၏ဝတ်စုံမှာ အဲရစ်ကာ ကိုယ်လုံးပေါ်၌ အနည်းငယ် ကျပ်နေသည်။ ထို့ကြောင့် သူမကိုယ်လုံးအလှကောက်ကြောင်းမျဉ်းတို့က ပို၍ ပီပြင်ပေါ်လွင်နေ၏။

လေယာဉ်ပေါ်မှအမျိုးသားများသည် သူမဝတ်စုံကျပ်နေကြောင်း သတိမထားမိဘဲ သူမအလှကိုသာ အရသာခံနေကြသည်။

သူမ လူစားလဲလိုက်သည့် လေယာဉ်မယ်အစစ်ကား လေကြောင်းကုမ္ပဏီမှ စရိတ်အကုန်ခံ၍ မိုင်ယာမီမြို့တောင်ဘက် ကီးဝက်စ်ကျွန်းသို့ ရုတ်တရက် အပန်းဖြေခရီးထွက်ခွင့်ပေးလိုက်သဖြင့် တစ်ယောက်တည်း ကားမောင်းသွားလေပြီ။

အဲရစ်ကာသည် မင်းလမ်းအတိုင်း ဆက်လျှောက်သွားကာ ခရီးသည်အားလုံး၏ ထိုင်ခုံ ခါးပတ်များကို လိုက်စစ်လျက် ရှိသည်။ ခရီးသည်အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး၏ လက်ကိုင်အိတ်ကြီးကို သူမရှေ့ခုံ ဖင်အောက်နေရာလွတ်တွင် ထိုးထည့်ထားရန်မေတ္တာရပ်ခံပြီး ခရီးသည်များကို သူမ သိမ်းကျုံးအကဲခတ်လိုက်သည်။

ဆေးလိပ်သောက်သူတစ်ဦးမျှမတွေ့။ ထိုင်ခုံအားလုံး မတ်မတ်အနေအထားတွင်ရှိနေပြီး ထိုင်ခုံနှင့်တွဲလျက်တပ်ဆင်ထားသည့် လင်ဗန်းများကိုလည်း ခေါက်သိမ်း၍ ချိတ်ချိတ်ပေးထားပြီးပြီ။

သူမ အခြားလေယာဉ်မယ်တစ်ဦးအား ခေါင်းညိတ်ပြပြီး လေယာဉ်ရှေ့ပိုင်းသို့ဆက်သွယ်ကာ ခရီးသည်များအား တစ်ခေါက်ထပ် အကဲခတ်လိုက်ပြန်သည်။

မိမိကိုကြည့်ပြီး ထူးဆန်းစွာတုံ့ပြန်သူ တစ်ဦးမျှမရှိဟု သူမ ယူဆ၏။

မိမိနှင့် အကြည့်ခြင်းဆုံသဖြင့် ကူနွေ့ပျက်သွားသည့် မျက်လုံးအစုံကို သူမမတွေ့မိ။ သူမအကြည့်ကို လွှဲရှောင်လိုသော ခရီးသည်လည်းမရှိ။

သို့သော် ဝါရင့်အေဂျင့်တစ်ဦးသည် ထိုအမှားမျိုးကို ဘယ်လုပ်မှာလဲ။ သို့တစေ သူမက လုပ်သင့်တာတွေအားလုံး တစ်ခုမကျန်လုပ်သည်။ လုပ်ရန်ပျက်ကွက်ပါက သူမ အမှားဖြစ်မည်။

အဲရစ်ကာသည် လေယာဉ်စက်ခန်းတံခါးကိုတစ်ချက်ခေါက်ပြီး ဖွင့်ကြည့်လိုက်သည်။

"ကော်ဖီ သောက်ကြဦးမလား"

လေယာဉ်မှူးက လှည့်ကြည့်ပြီး

"မသောက်တော့ဘူး၊ အဲလုပ်သမားတွေတော့ လေယာဉ်ပေါ် ကုန်တွေတင်ပြီးသွားပြီ၊ ပြေးလမ်းပေါ်သွားဖို့ ကျွန်တော်တို့ အသင့်ဖြစ်နေပြီ"

"ရာသီဥတုအခြေအနေ ဘယ်လိုလဲ"

"ကောင်းပါတယ်၊ ကောင်းကင် ကြည်လင်နေတယ်"

အဲရစ်ကာနံဘေးမှ ဆောလ်က ဖြေလိုက်သည်။

ဆောလ်နှင့် ခရစ္စတို့သည် လေယာဉ်မှူး ဝတ်စုံများဝတ်လျက် ဤခရီးစဉ်၏ ကြီးကြပ်ရေးမှူးများအဖြစ် သက်ဆိုင်ရာ၏ခွင့်ပြုချက်အမိန့်စာကို ကိုင်ဆောင်ထားကြသည်။ ၎င်းတို့နှစ်ဦးသည် လေယာဉ်မှူးများ၏ နောက်ဘက်စက်ခန်းနံရံကို ကျောကပ်၍ ထိုင်နေကြ၏။

လေယာဉ်မှူးတို့က ၎င်းတို့အား အယောင်ဆောင်များဖြစ်ကြောင်း လုံးဝမသင်္ကာမဖြစ်မိချေ။

သူတို့သုံးဦးသည် လေဆိပ်အဆောင်ထဲမဝင်ဘဲ အလုပ်သမားများသုံး





သည့် ဝင်ပေါက်မှတစ်ဆင့် လေယာဉ်ပေါ်သို့ ခရီးသည်တစ်ဦးမှမရောက်မီ တက်ရောက် နေရာယူထားခဲ့ကြသည်။ သူတို့လက်ထဲပါသည့် စာရွက်စာတမ်းအားလုံးကို အစ္စရေးသံရုံးမှ မိဈာပလက်ဇ်က အတုလုပ်ပေးလိုက်၏။

~~ဂျက်လေယာဉ်ပျံကြီးက လေထုကာအောက်မှ ထပ်၍ပျံလိုက်စဉ် အဲရစ်ကာက~~ ခရီးသည်များဘက်လှည့်ပြီး မိမိအား မှတ်မိသူ ရှိမရှိ ထပ်မံစစ်ဆေးသည်။

သူမ ကိုယ်လုံးအလှကို ငမ်းနေသည့် ယောကျ်ားတစ်ယောက်ကို သတိထားမိ၏။ လေယာဉ်ပျံတက်ခါနီး အနည်းငယ် စိုးရိမ်ထိတ်လန့်နေသော မိန်းမတစ်ယောက်ကိုလည်း တွေ့ရသည်။

၎င်းတို့အပါးမှ သူမ ဖြတ်လျှောက်သွားသည်။

ဘာမှစိုးရိမ်စရာမလို။ လေယာဉ် ရွေ့လျားနေပြီ ဖြစ်၍ ယခုကျမှ သုတ်သင်ရေးအဖွဲ့ လေယာဉ်ပေါ် ပြေးတက်လာလျှင်လည်း အကြောင်းမဟုတ်။ အယ်လ်အဲလ် လေကြောင်းကုမ္ပဏီသည် လုံခြုံရေးစနစ်နိုင်နင်းပြီးသားဖြစ်သည်။

လေယာဉ်၏ရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် နောက်ပိုင်းတွင်ပါလာသော ခရီးသည်သုံးဦးမှာ အရပ်ဝတ်နှင့် လေယာဉ်လုံခြုံရေးအဖွဲ့ဝင်များဖြစ်ကြသည်။

ဂျက်လေယာဉ်ပျံကြီး လေယာဉ်ပြေးလမ်းမပေါ် သို့ဦးတည်၍ ဘီးလိမ့်သွားနေစဉ် မော်တော်ကားကြီး နှစ်စီးသည် ရုတ်တရက် လေယာဉ်၏ ဘေးတစ်ဘက်စီမှ ခြံရံလျက် လိုက်လာကြသည်။

ထိုကားများပေါ်တွင် စက်သေနတ်များ ဝှက်၍ ကိုင်ထားသည့် လူထွားကြီးများပါလာသည်။

အကြမ်းဖက်သမားတို့ မကြာခဏ အနိုင်ကျင့်ခြင်းခံရသည့် ဤလေကြောင်း ကုမ္ပဏီအား ကာကွယ်စောင့်ရှောက်ပေးရန်တာဝန်ချပေးထားသူများဖြစ်ကြသည်။

လန်ဒန်၌ လေယာဉ် ဆိုက်သောအခါ၌လည်း အလားတူမော်တော်ကားနှစ်စီးက ဂျက်လေယာဉ်အား ပြေးလမ်းမှ လေဆိပ်အဆောင်သို့အရောက်လိုက်လံ စောင့်ရှောက် ပေးပေလိမ့်မည်။

လေဆိပ်အဆောက်အအုံအတွင်းရှိ အယ်လ်အဲလ် လေယာဉ်ရုံးခွဲပတ်ပတ်လည်၌လည်း ကင်းပုန်းများ ချထား၏။ ထို့ကြောင့် ဤအခြေအနေ၌ အဲရစ်ကာ၊ ဆောလ်နှင့် ခရစ္စတို့အား ရန်မူဖို့ မိုက်မဲစွာကြိုးစားသည့် သုတ်သင်ရေး အဖွဲ့မျိုးသည် ကိုယ့်သေတွင်းကိုယ်တူးသကဲ့သို့သာ ဖြစ်ပေလိမ့်မည်။

အဲရစ်ကာ သက်ပြင်းချလိုက်၏။

လေယာဉ်အမြီးပိုင်းရှိ စားနပ်ရိက္ခာ ကြောင်အိမ်များကို သော့ခတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မပြီး လိုက်စစ်ဆေးရင်း လေယာဉ်ခရီးတစ်လျှောက် ခရီးသည်များအား စားစရာသောက်စရာများ လိုက်ချပေးဖို့ လိုအပ်သလို ပြုစုယုယဖို့တာဝန် ရှိသေးပါလားဟု အဲရစ်ကာကတွေးမိလေသည်။

မင်္ဂလာရှိသော ညနေခင်းပါခင်ဗျား၊ အဲယ်လ်အဲလ်လေယာဉ် ခရီးစဉ်အမှတ် ၇၅၅ ကနှုတ်ခွန်းဆက်အပ်ပါတယ်'

အထက်တန်း လေယာဉ်မောင်က မိုက်ခွက်မှ ပြောလိုက်သည်။

လန်ဒန်မြို့။

ကောင်းကင်မှာ ပြာလဲ့ကြည်လင်နေမည်ဟု မိုးလေဝသဌာနမှ ပြောခဲ့သော်လည်း လန်ဒန်မြို့မှာ မိုးအုံ့နေ၏။

လေယာဉ်မယ် တာဝန်ထမ်းဆောင်ရင်း အလုပ်ရှုပ်နေသည့်ကြားမှ အဲရစ်ကာတစ်ယောက် မိမိ သိရှိခဲ့သမျှ အဖြစ်အပျက်များကို အစိပ္ပာယ်ဖော်ဖို့ အချိန်ရရှိပေသေးသည်။

ဆောလ်နှင့်ခရစ္စတို့ပြောပြသည့် ဖရန်ကလင်ကျောင်းနှင့်ပတ်သတ်၍ သူမ အတော် စိတ်အနှောင့်အယှက် ဖြစ်မိသည်။ သူမကိုယ်တိုင်ကလည်း အစ္စရေး ကီဘုဇ်အခန်းတွင် ကြီးပြင်းခဲ့ရပြီး ဆောလ်တို့နည်းတူ ပုံသွင်းခံခဲ့ရသည်။ ၎င်းတို့ ကဲ့သို့ပင်သူမသည် ကျွမ်းကျင်သောစစ်သည်နှင့် သူလျှိုတစ်ဦးဖြစ်သော်လည်း ခြားနားချက်တော့ရှိသည်။

သူမသည် မိဘနှင့်ခွဲထုတ်ကာ မွေးစားမိဘများနှင့် နေခဲ့ရ၏။ သို့တစေ ကီဘုဇ်မှာ နေထိုင်သူအားလုံးက သူမကို မေတ္တာပေးခဲ့ကြသည်။ အစ္စရေး လူမျိုးအားလုံးသည် သူမမိသားစု၊ သူမဆွေမျိုးတွေချည်းဖြစ်သည်။

ရန်သူများ မကြာခဏတိုက်ခိုက်ခြင်းခံရသဖြင့် ကလေးအများအပြား၏ မိဘရင်းနှင့် မွေးစားမိဘများ ဆုံးရှုံးခဲ့ရသော တိုင်းပြည်တစ်ပြည်တွင် အပိုနိုင်ငံသည်သာ တကယ့်မိဘအရင်းအချာသဖွယ်ဖြစ်လာသဖြင့် ဝမ်းနည်းကြေကွဲမှုကို ကလေးများကြံ့ကြံ့ခိုင်ခံနိုင်စွမ်း ရှိခဲ့ကြလေသည်။

သို့သော် ဆောလ်နှင့်ခရစ္စတို့အား အဲလိယော့တစ်ဦးတည်းကသာ ချစ်ခဲ့သည်။ ထိုအချစ်သည် အတုအယောင်မျှသာဖြစ်၏။ အဲရစ်ကာတို့ ကီဘုဇ်ရှိ ပတ်ဝန်းကျင်အသိုက်အဝန်းမှာလို မိသားစုစိတ်ဓာတ်မျိုးမရှိတဲ့ ခရစ္စတို့ငယ်စဉ်ဘဝမှာ စည်းကမ်းတင်းကျပ်မှု၊ မပြည့်ဝမှုများကို ကြုံတွေ့ခံစားခဲ့ရသည်။ ၎င်းတို့၏ အနစ်နာခံမှုသည် နိုင်ငံအတွက်မဟုတ်၊ သူတို့၏ ကျေးဇူးရှင်ဆိုသူ လူတစ်ဦး၏ လျှို့ဝှက်သော ရည်ရွယ်ချက်များ အတွက်သာ ဖြစ်ခဲ့သည်။





ဘယ်လိုလူမျိုးက သည်လိုစိတ်မျိုး မွေးနိုင်ပါလိမ့်။ အင်မတန်ယုတ်ညံ့၊ ကောက်ကျစ်သည့်စိတ်ပါပဲ။

ဆောလ်နှင့်ခရစ္စတို့ကဲ့သို့ပင် အဲရစ်ကာသည် လူသတ်နည်းသင်တန်းတက်ခဲ့ရ၏။

သို့သော် သူမ လူသတ်ခြင်းသည် မိမိတို့လူမျိုးအသက်ရှင်ရေးအတွက် နိုင်ငံအတွက်သာ ဖြစ်သည်။ ပြီးတော့ မိမိသတ်လိုက်ရသောရန်သူအတွက် အဲရစ်ကာ ဝမ်းနည်းတတ်သည်။

ဆောလ်နှင့် ခရစ္စတို့ကား ဘာခံစားချက်မျှမရှိ။ အဲလိယော့အမိန့်ပေးလျှင် လုပ်ကြရမည့် စက်ရုပ်များသာတည်း။ သူတို့ အဖော်ပြုလုပ်ခဲ့သော လုပ်ရပ်များမှာ တရားမျှတမှု လုံးဝမရှိပါချေ။

ယခုတော့ သူတို့ကို ပုံသွင်းမှုမှာ ပျက်ပြယ် သွားခဲ့ချေပြီ။ ဆောလ်တို့ ခရစ္စတို့နှင့် ပြန်ပေါင်းဆုံရခြင်းအတွက် အဲရစ်ကာ ဝမ်းသာသည်။ အထူးသဖြင့် ဆောလ်အား မိမိ၏နှစ်သက်စုံမက်မှုသည် နိဂုံးချုပ်သွားခဲ့ပြီဟု ထင်မှတ်ခဲ့သော်လည်း ယခုပို၍ ရှင်သန်လာခဲ့၏။ ထို့ကြောင့် ၎င်းတို့နှင့် ပူးပေါင်းကာ အခြေခံ ရည်မှန်းချက်တစ်ခုကို သူမ ချမှတ်လိုက်သည်။

ယင်းကား အစ္စရေးနိုင်ငံကို ကူညီပံ့ပိုးရန်နှင့် အမေရိကန်သမ္မတကြီး၏ မိတ်ဆွေကို လုပ်ကြံသတ်ဖြတ်ကာ အစ္စရေးကို အပြစ်ပုံချခြင်းအား ပြန်လည်ချေပရန် ဖြစ်သည်။

ဆောလ်နှင့်ခရစ္စတို့မှာတော့ သီးခြားရည်ရွယ်ချက်ရှိသည်။

ကိုယ်ရေးကိုယ်တာ ရည်ရွယ်ချက်နှင့် ခံစားချက်အရ ပေါ်ပေါက်လာသည့် ရည်ရွယ်ချက်တို့ ဖြစ်မည်။

သူတို့ရှေ့ဆက်၍ အသုံးချ ခံနိုင်စွမ်း မရှိကြတော့ပြီ။

သူတို့သစ္စာဖောက် ခံလိုက်ရ၏။

ယခု သူတို့ ကလဲ့စားချေလိုကြသည်။

လန်ဒန်လေဆိပ်တွင် သူတို့သုံးယောက် လေယာဉ်ဝန်ထမ်းများအတွက် သီးသန့်ယတ်မှတ်ထားသည့် အကောက်ခွန်ဌာနမှ ဖြတ်သန်းထွက်ခွာခွင့် ရရှိသည်။

ပလက်ဖ်စီစဉ်ပေးထားသည့်အစောင့်များသည် အကောက်ခွန်ဌာနရှေ့၌ ရပ်စောင့်နေကြသည်။ လေဆိပ် အဆောင်၏ လူရှုပ်သော ခရီးသည်ခန်းမကို မဝင်ဘဲ လေဆိပ်ဝန်ထမ်းများသုံးသည့် နောက်ဖေးပေါက်မှ သူတို့ထွက်ကြသည်။

အစောင့်များက အပြင်သို့အလျင်ထွက်၍စစ်ဆေးပြီး အဲရစ်ကာ၊ ခရစ္စ၊ ဆောလ်တို့ကို ဝန်းရံလျက် ကျည်ဆန်ပြီးသော မော်တော်ကားကြီးဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ် ထုတ်သွားကြသည်။

ဖွင့်ထားသည့် သံဂိတ်တံခါးနှင့် ချုံနွယ်ဆိပ်အစောင့် တစ်ယောက်ရှေ့မှဖြတ်သန်းကာ လန်ဒန်သို့ ဦးတည်သွားနေသည့် မော်တော်ကားများနှင့်အတူ ရောနှော လိုက်ပါသွားကြသည်။

ခရစ္စက လက်ပတ်နာရီကို ဗြိတိသျှစံတော်ချိန်နှင့် ညှိလိုက်သည်။ နံနက်ကောင်းကင်ပြင်က အုံ့မှိုင်းမှိုင်း။ သူ့ တစ်ကိုယ်လုံး စေးထိုင်းထိုင်းဖြစ်လာသည်။

ကားနောက်ပြတင်းပေါက်သို့ သူလှည့်ကြည့်လိုက်၏။

"နောက်က ရှုဒိုးလိုက်လာတယ်"

"နောက်က ပေတစ်ရာလောက်ခွာပြီးလိုက်လာတဲ့ ကားပြာလား၊ အဲဒါ ကျွန်တော်တို့လူတွေပါ။ ဒါပေမယ့် ကျွန်တော့်မသင်္ကာတာတစ်ခုရှိတယ်"

ယာဉ်မောင်းက ပြောလိုက်သည်။

"ဘာလဲ"

"ဝါရှင်တန်က မီရှာပေးလိုက်တဲ့အမိန့်ပေါ့"

"ဘာဖြစ်လဲ"

"နားမလည်ဘူး၊ ခင်ဗျားတို့ ချောချောမောမောရောက်ဖို့ ကျွန်တော်တို့ လုပ်ပေးရမယ်တဲ့၊ ပြီးရင် ကျွန်တော်တို့လစ်မနေတော့တဲ့၊ အဓိပ္ပာယ်မရှိလိုက်တာ၊ ခင်ဗျားတို့ ဘာပဲလုပ်လုပ် ခင်ဗျားတို့သုံးယောက်အတွက်အရန်အင်အားလိုမယ်၊ မီရှာတော့ တစ်ခုခုမှားပြီထင်တယ်"

"မမှားပါဘူး၊ ကျွန်တော်တို့က အဲဒီအတိုင်း တောင်းဆိုခဲ့တာပါ"

"ဒါပေမယ့် . . ."

"ကျွန်တော်တို့ ဒီအတိုင်းလုပ်ချင်တယ်"

ဆောလ်က ဝင်ပြောသည်။

ယာဉ်မောင်းက ပခုံးတွန့်၍

"ကောင်းပါပြီတဲ့ဗျာ၊ ခင်ဗျားတို့အတွက် လုံခြုံတဲ့တိုက်ခန်းတစ်ခန်း ရှာပေးခိုင်းတယ်၊ ခင်ဗျားတို့လိုချင်တဲ့ပစ္စည်းပစ္စယတွေ ကားနောက်အံဖုံးထဲမှာပါတယ်"

တိုက်ခန်းထဲ ရောက်ရောက်ချင်း အထုပ်အပိုး ဖြေချင်ယောင်ဆောင်နေလိုက်ပြီး အစောင့်များပြန်ထွက်သွားသည်နှင့် သူတို့ရပ်လိုက်ကြသည်။

ဆောလ်က ခရစ္စအား လှမ်းကြည့်သည်။ သူတို့သုံးယောက် အခန်းကို ပြိုင်တူ အကဲခတ်ကြသည်။ တိုက်ခန်းကလေးက အမေရိကန် အငှားတိုက်ခန်း





များနှင့်မတူ၊ အိမ်တစ်လုံးနှင့် ပိုတူသည်။ ပန်းအိုး၊ ခန်းဆီး၊ ဗီရို အစုံရှိသည်။ မော်တော်ကားကဲ့သို့ပင် စိုထိုင်းမှုရှိသည်။

အစောင့်များက ဤအခန်းလုံခြုံမှုရှိကြောင်း အာမခံချက်ပေးသော်လည်း ၎င်းတို့အား ဆောလ် သိပ်မယုံရဲသေး။

တစ်နည်းအားဖြင့် မယုံစရာတော့အကြောင်းမရှိ။ သို့တစေ၌ကိစ္စတွင် ပါဝင် ပတ်သက်သောလူတွေ ပိုများလာသည်။

ခရစ္စနှင့် အဲရစ်ကာက ခေါင်းညိတ်ပြသည်။

ဤအခန်းထဲ၌ လျှို့ဝှက်အသံဖမ်းမိုက်ခွက်များ တပ်ချင်တပ်ထားမည်။

ထို့ကြောင့် သူတို့ စကားတစ်လုံးမှမဟဘဲ ဝတ်စုံများချွတ်ကြသည်။

သမားရိုးကျ အဝတ်အစားများ ဝတ်ဆင်ပြီးနောက် လန်ဒန်မှ လူများ ပေးသွားသည့် လက်နက်များကို တစ်စစီဖြုတ်၍ စမ်းသပ်စစ်ဆေးပြီး ပြန်လည် တပ်ဆင်ကြသည်။ သူတို့တောင်းထားသည့် အခြားကိရိယာများမှာလည်း စိတ်တိုင်းကျဖြစ်သည်။

တိုက်ခန်းထဲ၌ ဘာမျှမထားရစ်ဘဲ မှိန်ရွဲနေသည့် နောက်ဖေးလှေကားမှ တိတ်တဆိတ်ဆင်းကြသည်။

လန်ဒန်မြို့၏မိုးရေအောက်တွင် သူတို့သုံးယောက် ရှုဒိုးလိုက်သူများအား မျက်ခြည်ဖြတ်ရန် ဝင်္ကပါဆန်သော နောက်ဖေးလမ်းကြားများမှ ကွေ့ပတ်ထွက်သွားကြသည်။ အင်္ဂလန်ကိုသူတို့ ဘာအတွက်လာမှန်း မီရှာပလက်ဗ်ပင် မသိသေးပါ။

ထို့ကြောင့် ယခု သူတို့သုံးယောက်သည် ကိုယ်ပျောက်များဖြစ်သွားကြပြန်လေပြီ။

သူတို့ဘယ်သွားမည်ဆိုတာကို မည်သူမျှစုံစမ်း၍ရနိုင်လိမ့်မည်မဟုတ်ပါ။

သိသူ တစ်ဦးတော့ရှိ၏။

၎င်းသည် မိမိတို့၏ 'သားကောင်'၏ပုံသဏ္ဌာန်နှင့် နေရပ်လိပ်စာတို့ကို ပြောပြလိုက်သောသူဖြစ်သည်ဟု ဆောလ်တွေးမိသည်။

မိမိတို့ကိုကာကွယ်ဖို့ ဟာဒီကို နှုတ်ပိတ်သင့်သည်။ သို့သော် မတရားရာကျမည်။

ဟာဒီက မိမိတို့ကိုကူညီခဲ့၏။ ဒီငနဲကြီးက အတော်ခင်စရာကောင်းသည် မဟုတ်လား။

သို့တစေ သံသယများရှိနေခြင်းအတွက် ဆောလ်ဘဝင်မကျနိုင်ပါ။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၁ )

သူတို့ စောင့်နေကြသည်။

သူ တိုက်ခန်းကို ရှောင်ရှားဖို့ သူ မစဉ်းစားခဲ့။ ဒီလိုအခြေခံအကျဆုံး ကြိုတင်ကာကွယ်မှုကို သူ အလေးမထားဖြစ်ခဲ့။

ထုံစံအတိုင်း သူအရက်မူးနေသည်။ ထို့ကြောင့် သူ့ကြွက်သားတုံ့ပြန်မှုက ထုံထိုင်းနေသည်။

သူအခန်းထဲဝင်ပြီး တံခါးကို သော့ပြန်ခတ်ဖို့ လှည့်လိုက်သည်။

သူ့ဆီ တစ်စုံတစ်ယောက် ပြေးဝင်လာ၏။ သူ ဘာမှလုပ်ချိန်မရလိုက်။

အကယ်၍ သူအရက် မမူးခဲ့လျှင်တော့ တံခါးကို ဆွဲဖွင့်ပြီး စင်္ကြံလမ်းအတိုင်း ပြေးထွက်သွားမည်ထင်သည်။ မတ်တတ်ဗီရိုကြီးထဲ၌ ပုန်းနေခဲ့သောလူက သူ့လက်မောင်းကို လိမ်ချိုးပြီး သူ့ကို နံရံဆီ ဆောင့်တွန်းကာ ခြေနှစ်ဘက်ကို အတင်းဖြဲကား၍ ရပ်စေသည်။

ဒုတိယလူသည်ရေချိုးခန်းထဲမှထွက်လာပြီး သူ့တစ်ကိုယ်လုံး ချောက်စမ်းသည်။

"သူ့ ညာဘက်ခြေချင်းမှာ ပြောင်းတိုဒဿမ ၃၈ ခြောက်လုံးပြူးလေး ရှိတယ်"

ထိုလူက သူ့အဖော်ကိုပြောရင်း သေနတ်ကိုသိမ်းလိုက်သည်။

"ဆိုဖာ"

ပထမလူက ဟာဒီအား ပြောသည်။

"ဘာလဲ"

ဟာဒီက ပြန်မေးသည်။

"ခိုင်းတာ လုပ်စမ်း"

နံရံနှင့်ဆောင့်မိသဖြင့် ဟာ့ဒီနဖူးနာသွားသည်။ ဆိုဖာပေါ် သူ





ထိုင်ချလိုက်သည်။

သူ့ရင်ခုန်သံက သိပ်မမှန်။ သို့သော် အံ့ဩလောက်အောင် သူ့စိတ်က တည်ငြိမ်နေသည်။ လမ်းထောင့်အရက်ဆိုင်မှာ တစ်နေ့လုံး အရက်ထိုင်သောက်ခဲ့ခြင်းကြောင့် ဖြစ်မည်။

တကယ်တော့ ဆောလ် ပြန်သွားကတည်းက သူ အရင်ကထက် ပို အရက်သောက်ဖြစ်သည်။

အရက်သမားဖြစ်ခြင်းကြောင့် သိက္ခာမကျစေရဟု သိန္နိဋ္ဌာန်ချခဲ့သော်လည်း ယခု သူ့ဘောင်းဘီတွန့်ကြေပြီး၊ သူ့ဖိနပ်လည်း ဆေးကွက်နေပြီ။ သူ့ပါ လိုက်ပါရစေဟု ဆောလ်ကို ခွင့်တောင်းသော်လည်း ဆောလ်က လက်မခံခဲ့။

"ခင်ဗျား ဒီလောက်ကူညီတာ လုံလောက်ပါတယ်"

ဟု ဆောလ်က ပြောသည်။

သို့သော် ဟာဒီသဘောမပေါက်ပါသည်။ သူက ငါ အိုပြီလို့ ထင်နေတာလေ။

ယစ်ထုပ်တစ်ယောက်ကို အားကိုးလို့မဖြစ်ဘူးလို့ သူ ထင်နေတယ်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက မိမိလုပ်သင့်သည့်အလုပ်ကို ယခု ဆောလ်က လုပ်နေခြင်းဖြစ်ကြောင်း သတိမထားခဲ့မိသဖြင့် ဟာဒီ အံ့အားသင့်သွားသည်။

ဟာဒီ့အိမ်ထဲ ရောက်နေသည့် လူနှစ်ယောက်မှာ အသက် သုံးဆယ် ကျော်ကျော်မျှသာ ရှိသေးသည်။ ၎င်းတို့ထံမှ မုတ်ဆိတ်ရိတ်ပြီး လိမ်းသော အမွှေးနံ့သာဆီများ မွှေးကြိုင်နေသည်။

သူတို့ ရုပ်ရည်ပုံသဏ္ဍာန်က အမေရိကန်နိုင်ငံသားဆန်လွန်းသည်။ သို့သော် အညတရအသွင်ဆောင်သည်။ ဆံပင်တိုတို၊ သပ်သပ်ရပ်ရပ် ညှပ်ထားပြီး ဘရွတ်ဘရားသားအထည်တိုက်မှ ဝတ်စုံများကို ဝတ်ထားကြ၏။

သူတို့ကို ဟာဒီမှတ်မိသည်။ ယခင်ကတွေ့ဖူးမြင်ဖူးခြင်းတော့ မဟုတ်။ သို့သော် သူ နုပျိုစဉ်က သူတို့လိုလူစားမျိုးကို သူ အသုံးပြုခဲ့ဖူးသည်။

သူတို့သည် ဂျီအက်စ်-၇ အဖွဲ့ဝင်များဖြစ်၏။ စီအိုင်အေ၏ လက်ပါးစေများတည်း။

သူတို့ရာထူးအဆင့်ကို သူ စက်ဆုပ်၏။ အရက်ရှိန်ကြောင့် သူ ဒေါသပိုဖြစ်သည်။

ကြည့်လေ။ မိမိထံ ပထမတန်း အေးဂျင့်များ စေလွှတ်ပြီး စစ်ဆေးခိုင်းရလောက်အောင် မိမိသည် အန္တရာယ်ပြုနိုင်စွမ်းမရှိတော့ဟု စီအိုင်အေက



www.burmeseclassic.com

www.burmeseclassic.com



ယူဆခဲ့ပုံရသည်။ သည် ပါမွားနှစ်ကောင်ကို လွှတ်လိုက်သဖြင့် သူ ခံပြင်း၏။

ဒေါသကို မျိုသိပ်ထားသော်လည်း ဝီစကီတန်ခိုးက သူ့အား သတ္တိ ရှိစေသည်။ ပထမ လူက

"ကဲ ကျုပ်တို့ အေးအေးဆေးဆေး ဇိမ်ယူပြီး . . ."

ဟု ပြောလိုက်စဉ်

"မင်းအပေါက်ပိတ်ထား"

ဟု ဒုတိယလူက ဝေါက်လိုက်သည်။

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်သည်။

"ဖုန်းဆက်လိုက်"

ပထမလူကပြောရာ ဒုတိယလူက တယ်လီဖုန်းကို မ,လိုက်သည်။ ဂဏန်း ဆယ့်တစ်လုံးနှိပ်လိုက်ကြောင်း ဟာဒီ မြင်လိုက်သည်။

"ဟေ့ . . . မင်းတို့ နယ်ကို ဆက်မလို့လား၊ ငါတော့ အဲဒီအတွက် ဖုန်းခသက်ခ မခံနိုင်ဘူး၊ မင်းတို့ခေါ်တဲ့လူကို ပေးခိုင်း"

"တော်တော် နောက်တဲ့အဘိုးကြီး"

ဒုတိယလူကပြောပြီး တယ်လီဖုန်းဖြင့် ဤသို့ပြောသည်။

"သူ့ကို မိထားပြီ၊ အလွယ်လေးပဲ၊ ဟုတ်ကဲ့ . . ."

သူက ဟာဒီ့ဘက်လှည့်ကြည့်ပြီး

"ခင်ဗျားနဲ့ စကားပြောချင်လို့တဲ့"

ဟာဒီက တယ်လီဖုန်းကို လှမ်းယူပြီး

"ဟဲလို . . ."

"ကျုပ်ရဲ့ အပေါင်းအသင်းတွေ ခင်ဗျားကို ကောင်းကောင်းပြုစုကြရဲ့လား"

တစ်ဘက်မှအသံက အသက်မဲ့ပြီး ခြောက်ကပ်ကပ်ကြီးဖြစ်နေသည်။

"ခင်ဗျား ဘယ်သူတုံး"

"ကျုပ်နဲ့ မကစားချင်စမ်းပါနဲ့ဗျာ"

"ဒီမယ် ဟေ့လူ ကျုပ် . . ."

"နေကောင်းပြီလေ၊ ကျုပ်ကို ပျော်အောင်လုပ်ချင်လဲလုပ်ပေါ့၊ ကျုပ် ခင်ဗျားနဲ့အတူ ကစားပါ့မယ်"

အသံရှင်၏ နာမည်ကိုသိရသောအခါ ဟာဒီ ဒေါသထောင်းခနဲ ထွက်သွားသည်။

"ခင်ဗျားအသံ ကျုပ် ဒီတစ်သက် ကြားရတော့မယ်လို့မထင်ခဲ့ဘူး သွေးစုပ်ဖုတ်ကောင်ကြီးရဲ့"





"ခင်ဗျား ကျုပ်ကို ဘယ်လိုခေါ်လိုက်တာလဲဗျာ၊ ခင်ဗျားအရင်ကလို မယဉ်ကျေးတော့ပါလား"

အဲလိယော့က ခနဲ့လိုက်သည်။

"ကျုပ် အလုပ်ပြုတ်ကတည်းက ကျုပ် အရိုင်းစိတ်ဝင်သွားပြီလေ သေနာကြီးရဲ့"

"ခင်ဗျားဆီ ဧည့်သည်တွေရောက်နေတယ်မဟုတ်လား"

အဲလိယော့က ရယ်၍ မေးသည်။

"အခုလာတဲ့ ငနဲနှစ်ကောင်က ကျုပ်ဧည့်သည်ပြီလား၊ ထပ်သရီး . . . ကျုပ်ဆီလာလည်ချင်တဲ့လူရှိလို့လား"

"ဒီကလေးနှစ်ယောက် သိပ်ဆော့တာဗျ"

"ကျုပ်မွေးထားတဲ့ သားနဲ့သမီးတောင် ကျုပ်ကို စကားမပြောကြဘူး"

"ကျုပ် ဆိုလိုတာက ဆောလ်နဲ့ ခရစ္စပါဗျ"

"သူတို့ကို ကျုပ်မတွေ့မိဘူး၊ တွေ့မိလဲ ခင်ဗျားကို ကျုပ် ဘယ်ပြောမလဲ"

"အဲဒါ ပြဿနာပေါ့ဗျာ၊ ဟုတ်တယ်မဟုတ်လား"

"ဟင့်အင်း၊ တစ်ခုရှိသေးတယ်၊ ဘာတွေဖြစ်ကုန်တာလဲ"

"ခင်ဗျား သိပ်တော်တယ်၊ မေးခွန်းကို မေးခွန်း ပြန်လုပ်တာဟာ အမှားတွေရှောင်နိုင်တာပေါ့"

"ကျုပ် စိတ်ပျက်တယ်၊ ဖုန်းချလိုက်တော့မယ်"

"နေပါဦး၊ ခင်ဗျားကို သူတို့ ဘာပြောသွားလဲ၊ သူတို့ ဒုက္ခရောက်နေရှာတယ်"

"ကျုပ်ကို သူတို့ ဘာမှပြောမသွားဘူး၊ သူတို့ ကျုပ် အိမ်ကိုလဲ မလာဘူး၊ ဒီမယ် ကိုယ့်လူ၊ ကျုပ် ပင်စင်စားဘဝမှာ အေးအေးနေပါရစေ၊ ခင်ဗျား ပါမွားနှစ်ကောင်ကို ပြန်ခေါ်လိုက်စမ်းပါ၊ ကျုပ်နဲ့ခင်ဗျား ဘာမှလာ မပတ်သက်နဲ့"

"ခင်ဗျား နားမလည်ပါလား၊ ခရစ္စက စည်းကမ်းချိုးဖောက်သွားလို့ဗျ၊ အဲဒါ ဆောလ်က သူလွတ်အောင်လို့ ဝိုင်းကူနေတယ်"

"အဲဒီတော့ သူတို့ ကျုပ်ဆီအရင်ဆုံးလာတွေ့မယ်ပေါ့ ဟုတ်လား၊ ကျုပ်အတွက် ဘာအကျိုးရှိမှာလဲ၊ ကျုပ်က ရှုရှုတွေနဲ့ ယှဉ်ရမှာလား၊ သွားစမ်းပါ"

ဟာဒီ မျက်နှာမဲ့သွား၏။

"ခင်ဗျားပြောတာမှန်နိုင်တယ်၊ ကဲ ကျုပ်တပည့်တစ်ယောက်နဲ့ စကား ပြောပါရစေဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟာဒီက ဘာမျှမပြောဘဲ တယ်လီဖုန်းကို ပထမလူအား ကမ်းပေးလိုက်သည်။

"ဘာလဲဆရာ၊ ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ်ဆရာ"

ထိုလူကတယ်လီဖုန်းကို ဟာဒီအားပြန်ပေးလိုက်သည်။

"ခင်ဗျားမှားသွားပြီ"

"ကျုပ်သိတယ်"

"ဒီအရင်ကတော့ ခင်ဗျားမဆိုးပါဘူး၊ နောက်ပြီး ခင်ဗျားဟာ အလေ့အကျင့်မရှိတော့ဘူး မဟုတ်လား"

"ကျုပ်မှာ ပကတိဉာဏ်တော့ရှိပါသေးတယ်"

"အကျင့်ဆိုတာက ပို စိတ်ချရတယ်၊ နေပါဦး. . . . ခင်ဗျားရုရှတွေကိုထည့်မပြောသလဲ၊ ခင်ဗျားသူတို့ထက်သာမှာပါ"

"ခင်ဗျားထင်သလောက် ကျုပ်မတော်ပါဘူး"

"ရုရှတွေက ခရုစ္စ စည်းကမ်းဖောက်တယ်လို့ ပြောတာကိုခင်ဗျားမသိဘဲနဲ့ ခင်ဗျား ရုရှတွေအကြောင်းပြောတာ မဟုတ်ဘူး၊ ခင်ဗျားနဲ့ကျုပ်နဲ့ သဘောချင်းမတိုက်ဆိုင်ကြပေမယ့် ခင်ဗျားကို့အလုပ်ပြုတ်အောင် ကျုပ်လုပ်လိုက်တာမှန်တယ်"

"ခရုစ္စတို့ ကျုပ်ဆီလာမယ်ဆိုတာ ခင်ဗျားဘယ်လိုသိသလဲ"

"ဟင့်အင်း၊ မသိပါဘူး၊ မနက်ကမှ ကျုပ် ခင်ဗျားကိုသတိရတာ၊ တခြား အဆက်အသွယ်အားလုံးကို စုံစမ်းကြည့်ပြီး နောက်ဆုံးမှ ခင်ဗျားကိုသုံးဖြစ်ခဲ့တာပါ"

ဒုတိယလူက ကော်ဖီစားပွဲပေါ် သို့လက်ဆွဲအိတ်ကိုတင်လိုက်သည်။ အိတ်ကိုဖွင့်ပြီး ဆေးထိုးအပ်တစ်ချောင်းနှင့် ထိုးဆေး တောင့်လေးကို ထုတ်ယူလိုက်သည်။

"နေဦးဟေ့. . . .၊ ဟောဟိုဗီရိုထဲက ဂျင်ဘင်း အရက်ပုလင်း ငါ့ဆီယူလာပေးစမ်းပါ"

ဟာဒီက အဲလိယော့တပည့် ယူပေးသည့် အရက်ပုလင်းကို လှမ်းယူ၍ အဖုံးဖွင့်က မော့ချလိုက်သည်။

"အဲလိယော့၊ ခင့်ဗျားနားထောင်နေလား"

"ခုန ဘာလုပ်တာလဲ"

"ကိုင်ထား"

ငါ့အသက် ခုနှစ်ဆယ့်နှစ်နှစ်ရှိပြီ၊ ငါ့အသည်း ဘာမှမဖြစ်သေးတာဘုရားမလို့ပဲ၊ ငါသေသင့်တာကြာပြီဟု ဟာဒီတွေးလိုက်သည်။ နာရီဝက်လောက် အကြာတွင် အဲလိယော့တပည့် နှစ်ယောက်ထိုးပေးသည့် ဆေးများကြောင့် ၎င်း သိလိုသမျှကို မိမိ ဖွင့်ပြောလိုက်မည်ဖြစ်ကြောင်း ဟာဒီ သိသည်။ ထိုအခါ ဆောလ်နှင့်ခရုစ္စတို့ အသတ်ခံရမည်။ အဲလိယော့ အနိုင်ရသွားဦးမည်။

ဒီခွေးသားကြီးပဲ အမြဲအနိုင်ရနေပါကလား။

ဒီတစ်ခါတော့ မနိုင်စေရဘူး။

ငါဟာ ယစ်ထုပ်ကြီးမို့ အဲလိယော့ဟာ ပါမွှားလေး နှစ်ကောင်ပဲ လွှတ်လိုက်တာပေါ့။ ဆောလ်ကလည်း ငါ့ကို အားမကိုးလောက်လို့ ထားရစ်ခဲ့တာပေါ့။

"ကျုပ်ခံဝန်ချက် ပေးချင်တယ်"

ဟာဒီက အဲလိယော့အား ပြောသည်။

"ကျုပ်တို့ကတော့ ဆေးထိုးမှာပဲ"

"မထူးပါဘူး၊ ဆောလ်ကျုပ်ဆီလာတွေ့တယ်၊ သူက ကျုပ်ကို မေးခွန်းတွေ မေးတယ်၊ ကျုပ်က ဖြေတယ်၊ သူဘယ်မှာလဲ ကျုပ်သိတယ်၊ ခင်ဗျား အဲဒါတော့ သတိထားစေချင်တယ်"

"ခင်ဗျား ဘာလို့တဲ့တိုးပြောလဲ၊ ကျုပ်ကခင်ဗျားနဲ့ အပေးအယူ လုပ်မလို့ဆိုတာ သိသားနဲ့"

"ဘာလဲ၊ ကျုပ်ကိုခင်ဗျား၊ သတ်မစ်မယ်လား"

"ကျုပ် ခင်ဗျား သက်သောင့်သက်သာဖြစ်အောင် လုပ်ပေးမှာပါ၊ အရပ်အဆိပ်တက်ပြီး သေတဲ့နည်းလေ"

"ခင်ဗျားဖုန်းမချနဲ့ဦး"

ဟာဒီက တယ်လီဖုန်းကို ကော်ဖီ စားပွဲပေါ် ချပြီး လူမိုက်နှစ်ယောက်၏နောက်ဘက်ရှိ ပြတင်းပေါက်ဆီလှမ်းကြည့်သည်။ သူ့ ကိုယ်အလေးချိန် ပေါင် ၂၂၀ ရှိသည်။ လူငယ်ဘဝက ယေးလ်တက္ကသိုလ်ဘောလုံးအသင်းမှာ တိုက်စစ်မှူးအဖြစ်ကစားခဲ့သည်။

သူ စူးစူးဝါးဝါးအော်ဟစ်ရင်း လူမိုက်နှစ်ကောင်ဆီ ထပြေးသွားသည်။

ဆွဲချထားသည် ယင်းလိပ်များကြောင့် သူ့အကြံမအောင်မှာ စိုးမိသည်။ သူ့တိုက်ခန်းထဲရှိ အခြားပစ္စည်းများလို အပေါစားဖြစ်လျှင်တော့ ကံစွမရှိဟု သူတဒင်္ဂမျှ တွေးမိသေးသည်။

သူ့ဦးခေါင်းက ပြတင်းမှန်ကို ခွဲထွက်သွားသည်။ သူ့ဗိုက်ကြီးကို မှန်ကွဲတွေစိုက်ပြီး သူ့ကိုယ်လုံးက ပြတင်းပေါက်၌ တစ်လစ်ကြီး ဖြစ်နေသည်။ လူမိုက်နှစ်ယောက်က သူ့ ခြေထောက်ကို ဝိုင်းဆွဲထားသည်။







www.burmeseclassic.com

www.burmeseclassic.com



သူခြေနှင့် နောက်ပြန်ကန်သည်။ ယင်းလိပ်က တချောက်ချောက် မြည်ပြီး လှုပ်ခါနေသည်။ မှန်ကွဲစများ သူ့ဗိုက်ထဲ ပိုစိုက်ဝင်သွား၏။

ခြေထောက်ကို လွတ်အောင် ရုန်းထွက်ကာ ရှေ့သို့ အားနှင့်တိုး လိုက်သည်။

လေဟာနယ်ထဲသို့ သူ ရုတ်တရက် ပြုတ်ကျသွားသည်။ သူနှင့်အတူ မှန်စတွေ ပါလာသည်။ နေရောင်ခြည် အောက်မှာ တဖိတ်ဖိတ်လက်နေ၏။

ကမ္ဘာမြေကြီး ဆွဲအားကြောင့် သူက မှန်ကွဲစများအရင် အောက်သို့ ပြုတ်ချသွားသည်။

အရာဝတ္ထုများသည် ထုထည်ချင်းတူလျှင် အရှိန်နှုန်း တူညီစွာဖြင့် ကျတတ်သည်။ ဟာဒီသည် မှန်စများထက် ထုထည် ပိုကြီးမားသူဖြစ်၏။

ဆယ့်ငါးထပ်တိုက် အောက်ဘက်လမ်းမပေါ်သို့ သူကအရှိန်ပိုမြန်စွာ ဖြင့် ပြုတ်ကျသွားလေသည်။

မြေကြီးနှင့် သူ မဆောင့်မိခင် သူ အမှောင်ကမ္ဘာထဲ ရောက်သွား၏။

မြေကြီးပေါ် ကျကျချင်း သူ့ထံမှ ရယ်သံလိုလိုအသံတစ်ခုကြားလိုက် ရကြောင်း နောက်တော့ မျက်မြင်သက်သေ တစ်ဦးက ပြောသည်။

◆

( ၁၂ )

ခြံဝင်းက အလွန်ကျယ်ဝန်းလှသည်။

ဆောလ်သည် မှောင်ရိပ်လွှမ်းသည့် သစ်တောနက်ရှိသည့် တောင်ကုန်း ပေါ်မှ ၎င်းအောက်ဘက်ရှိ တိုက်ကြီး၏ မီးရောင်များကို ငုံကြည့်နေသည်။

တိုက်ကြီးမှာ သုံးထပ်တိုက်ဖြစ်သော်လည်း ထောင့်မှန်စတုဂံဖြစ်ခြင်း ကြောင့် ပို၍ မြင့်မားသည်ဟု အောက်မေ့ရ၏။ ရှည်မျော့မျော့ တိုက်ကြီး အလယ်ပိုင်းမှာ ကြီးမားပြီး ဘယ်နှင့် ညာဘက်တွင် တောင်ပံသဖွယ် အဆောင် နှစ်ဆောင်ခွဲရံထားသည်။

ရှင်းလင်းဖြောင့်မတ်သော မျဉ်းဖြောင့်များ တစ်လျှောက် မြင့်မားသည့် ပြတင်းပေါက်များ ဖောက်ထားပြီး စွေစောင်းနေသော ခေါင်မိုးထိပ်၌ မီးခိုးခေါင်း တိုင်များ တပ်ထားရာ လရောင်အောက်၌ အတိုင်းသားပေါ်နေသည်။

ဆောလ်က ညကြည့်မှန်ပြောင်းဖြင့် ၎င်းခြံဝင်းကို ပတ်လည်ကာထား သည့် အုတ်တံတိုင်းဆီသို့ ချိန်ကြည့်လိုက်သည်။

မူလ ပထမက ၎င်း ညကြည့်မှန်ပြောင်းကို တီထွင်ရာ၌ ညအမှောင် အောက်တွင် အရာဝတ္ထုများကိုမြင်နိုင်ရန် မှန်ပြောင်းမှ အနီအောက်ရောင်ခြည် ကို ထုတ်လွှတ်ပေးသည့်နည်းကို အခြေခံထားသည်။

ထိုရောင်ခြည်ကို သာမန် မျက်စေ့ဖြင့် မြင်နိုင်စွမ်းမရှိ။ မှန်ပြောင်း တွင်တပ်ထားသည့် အထူးမှန်ဘီလူးဖြင့်သာ မြင်နိုင်သည်။ ထိုတစ္စေ မှန်ပြောင်း ထဲတွင်ပေါ်လာသော အရာဝတ္ထုအားလုံး အနီရောင်သန်းနေသည်။ ချွတ်ယွင်းချက် တစ်ခုကား ရန်သူက အလားတူ ညကြည့်မှန်ပြောင်းဖြင့် ပြန်ကြည့်သည့်အခါ မိမိမှန်ပြောင်းမှ ထုတ်လွှတ်သော ရောင်ခြည်တန်းကို တွေ့နိုင်ခြင်းဖြစ်သည်။

ထို့ကြောင့် ၁၉၆၀ ပြည့်လွန်နှစ်များကုန်ခါနီးတွင် ဗီယက်နမ်စစ်ပွဲ အရှိန်မြင့်လာစဉ် ရန်သူမသိနိုင်သည့် ညကြည့်မှန်ပြောင်းမျိုးကို ထပ်မံတီထွင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြရသည်။

'စတားလိုက်' ဟု ကာင်ပွန်းတပ်ထားသည့် ယင်းညကြည့် မှန်ပြောင်းသည် ဥပမာအားဖြင့် ကောင်းကင်မှ ကြယ်ရောင်ကဲ့သို့ အလင်းအား အနည်းဆုံးရှိပါက ထိုအလင်းကို အဆပေါင်းများစွာ ချဲ့ပေးနိုင်စွမ်းရှိသည်။ ဤ မှန်ပြောင်းမှ ရောင်ခြည်တန်း ထုတ်လွှတ်ခြင်းမရှိသဖြင့် ရန်သူ မည်သို့မျှ မသိနိုင် မမြင်တော့ပေ။

၁၉၇၀ ပြည့်လွန်နှစ်များအတွင်း၌ စတားလိုက် မှန်ပြောင်းများကို အားကစားပစ္စည်းဆိုင်များ၌ပင် ဝယ်ယူ၍ရသည်။ ယခုဆောလ်လည်း သူ့လက်ထဲရှိ မှန်ပြောင်းကို အလွယ်တကူ ဝယ်ယူခဲ့ပေသည်။

ဆောလ်သည် အလင်းအားချဲ့ပေးသည့် မှန်ပြောင်းဖြင့် မီးလင်းနေသော ပြတင်းပေါက်များကို ကြည့်နေပါလျှင် မျက်စေ့ကျိန်းနိုင်သည်။ သူ ကြည့်လိုသောအရာကား ပကတိမှောင်မည်းနေသည် အုတ်တံတိုင်းကြီးသာဖြစ်၏။

သူ့မှန်ပြောင်းထဲမှာတော့ တံတိုင်းကို နေရောင်အောက်မှာကဲ့သို့ လင်းလင်းရှင်းရှင်း မြင်ရသည်။ တံတိုင်းက ဆယ်နှစ်ပေမြင့်သည်။ အင်္ဂတေများနှင့် ကျောက်သားများမှာ နှစ်ကြာ၍ ဟောင်းနွမ်းနေကြပြီ။

သို့သော် သူ ဘဝင်မကျတာတစ်ခု တွေ့ရသည်။

ဤတံတိုင်းရှေ့၌ သူဒူးထောက်၍လေ့လာဖူးသလို အောက်မေ့မိသည် သူ သတိရပြီ။

ဗာဂျီးနီးယားပြည်နယ်က ခြံကြီးတစ်ခြံ။

အင်ဒရူးဘောဂျီနှင့် ဟိုရာဒင် အုပ်စု။

အိပ်မက်ဆိုး၏နိဒါန်း။

မဟုတ်သေး။

သည်တံတိုင်းနှင့်တူသော အခြားတံတိုင်းတစ်ခုရှိသေးသည်။ မိမိနေခဲ့ရသော မိဘမဲ့ကလေးများဂေဟာမှ တံတိုင်းကြီးမဟုတ်လား။ အဲဒီမှာအိပ်မက်ဆိုးကြီး စတင်ခဲ့တာပါပဲ။

ခရစ္စနှင့် မိမိတို့ တံတိုင်းပေါ် ကျော်တက်ခဲ့ပုံကို မျက်စေ့ထဲ သဲသဲကွဲကွဲ ပြန်မြင်ယောင်လာသည်။

ထိုညကို သူကောင်းကောင်း မှတ်မိသေးသည်။

ပုရစ်မအော်သံများ ရပ်သွား၏။

သစ်တောတစ်ခုလုံး ထူးထူးခြားခြား တိတ်ဆိတ် သွားပါကလား။

သူ ကြက်သီးမွေးညှင်းထလာသဖြင့် မြေကြီးပေါ် ဝပ်ချလိုက်သည်။





သူ၏ နက်မှောင်သော အဝတ်အစားများက အမှောင်ထုနှင့် ရောနေသည်။ သူ့ ဓားမြှောင်ကို ဆွဲထုတ်လိုက်၏။ အသက်အောင့်၍ မျက်နှာကို မြေကြီးပေါ် အပ်ချလျက်နားစွင့်နေသည်။

ငှက်အော်သံကြားရသည်။

သူ သက်ပြင်းချကာ မုဆိုးထိုင် ထိုင်လိုက်သည်။ ဝက်သစ်ချပင်တစ်ပင်ကို မှေးကပ်လျက် ငှက်အော်သံကို လိုက်တု၍ သူအော်လိုက်သည်။

အမှောင်ထဲမှ ခရစ္စထွက်လာသည်။

ခြုံဖုတ်ထဲမှ နောက် တစ်ယောက်ပါ ထွက်လာသည်။

အဲရစ်ကာဖြစ်၏။

သူမက ကုန်းလျှောအောက်သို့ လှည့်ကြည့်ပြီး ခရစ္စနှင့်ဆောလ်တို့နံဘေး၌ လာထိုင်သည်။

"သူတို့ လုံခြုံရေးစနစ်က ရှေးကျလွန်းတယ်"

ခရစ္စက ခပ်တိုးတိုးပြောသည်။

"ဟုတ်တယ်"

အဲရစ်ကာက ထောက်ခံသည်။

သူမနှင့် ခရစ္စတို့ ခြံစည်းရိုးတစ်လျှောက် စူးစမ်းလေ့လာခဲ့ပြီးပြီ။

တံတိုင်းကသိပ်မမြင့်လှပါဘူး၊ သူတို့ အနီးကပ်ရိုက်တဲ့ ရုပ်မြင်သံကြားကင်မရာတွေ တပ်ထားသင့်တယ်၊ တံတိုင်းထိပ်ပေါ်မှာ ဗျို့အားစစ်ဓာတ် လွှတ်ထားတဲ့ သံဆူးကြိုးလဲမရှိဘူး"

အဲဒါတွေမရှိလို့ မင်း ,ဝမ်းနည်းသွားသလား"

ဆောလ်က ရွှဲ့ပြောလိုက်သည်။

"လင်းဒစ်ရှ်လို လူတစ်ယောက်အနေနဲ့ သူ့ခြံကို ဘယ်လိုကာကွယ်ရမလဲဆိုတာ ကောင်းကောင်းသိမှာပါ"

"ဧကန္တ သူ့ခြံမှာ ဒီလိုကာကွယ်မှုတွေမရှိဘူးလို့ ထင်အောင် တမင်လုပ်ထားတာများလား"

ခရစ္စက ထင်ကြေးပေးသည်။

"သူ့မှာ ဖုံးကွယ်စရာ မရှိဘူးလို့ ပြချင်တဲ့သဘောလဲပါမယ်" သူမက ဖြည့်သည်။

"ဘာလဲ လုံခြုံရေးစနစ်က မင်းတို့ထင်သလို ရှေးကျချင်မှ ကျမယ် ဆိုတဲ့ သဘောလားကွ"

"မပြောတတ်ဘူး၊ ရှင်ဘယ်လိုမြင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



အဲရစ်ကာက ဆောလ်အားမေးလိုက်သည်။

"ခြံထဲကိုတော့ ကိုယ်ကြည့်ပြီးပြီ၊ အစောင့် တစ်ယောက်မှမတွေ့ဘူး။ တိုက်ထဲမှာရှိချင်ရှိမယ်၊ ဒါပေမယ့် ကိုယ်တို့ထင်တာ မှန်တယ်"

"အစောင့်ခွေးတွေရှိလား"

ဆောလ်က ခေါင်းညိတ်သည်။

"သုံးကောင်ရှိတယ်၊ ကိုယ် မတွေ့သေးတဲ့ခွေးတွေ ရှိချင်ရှိမယ်၊ သူတို့ကိုတော့ဘောမှဲ့ပေးထားတယ်"

"ခွေးက ဘာမျိုးလဲ"

"အားလုံး ဒိုဘာမင်းခွေးတွေ"

"မရိန်းတပ်သားတွေ အကြိုက်ပေါ့"

"လက်လျှော့ချင်သလား"

"ဟင့်အင်း"

အဲရစ်ကာက ငြင်းသည်။

ဆောလ်နှင့်ခရစ္စက ပြုံးလိုက်၏။

"ဒါမြင့်လုပ်ကြစို့၊ အချိန်ကိုက်ဖို့ပဲလိုတယ်၊ သူ့ကိုအမိန့်အရ ဘယ်လိုဖမ်းမလဲ၊ သူက တို့ပြဿနာကို အဖြေပေးချင် ပေးလိမ့်မယ်၊ ဟိုမှာကြည့်... မှန်လုံအိမ်ကိုတွေ့လား"

ဆောလ်က တိုက်နောက်ဘေးဘက်သို့ လက်ညှိုးထိုးပြသည်။

"မီးတွေ ထွန်းထားတယ်"

ရှည်မျောမျောမှန်လုံအိမ်မှာ မီးထိန်ထိန်လင်းနေ၏။

"အဲလိုယော့လိုပဲ သူလဲ နှင်းဆီစိုက်တာ ဝါသနာကြီးတယ်၊ အဲဒီအိမ်လေးထဲကို သူ့အိမ်စေတွေ အစောင့်တွေ ပေးဝင်ပါ့မလား၊ ဒါဟာ သူ့ရဲ့ အထွတ်အမြတ်နေရာ မဟုတ်လား၊ ငါတော့ သိပ်မထင်ဘူး၊ ဒီမှန်အိမ်ထဲကို သူ တစ်ယောက်တည်း ဝင်ခွင့်ရှိမယ်"

"ကေ့ထ့ သူ့ညှော်သည်တွေကို နှင်းဆီပန်းတွေလိုက်ပြနေတာလားမသိဘူး"

ခရစ္စက ပြောသည်။

"ဟုတ်ချင်မှလဲ ဟုတ်မယ်၊ ဟုတ်မဟုတ်ပြောနိုင်တဲ့နည်းက တစ်နည်းပဲရှိတယ်"

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ပြုံးပြလိုက်ကြ၏။

◆

( ၁၃ )

သူတို့သုံးယောက် မြူခိုးငွေ့များနှင့် သမန်းမြက်ပင်များကြားမှဖြတ်၍ ခြံဝင်းနောက်ဘက်သို့ ကုန်းလျှောအတိုင်း ဆင်းသွားကြသည်။ လကို တိမ်ကွယ်သွားသည်။ ညသည် အေးစက်၍စိုထိုင်းနေ၏။

ခရစ္စက တံတိုင်းကိုလက်နှင့်ထောက်ကာ ဒူးကွေး ပေးလိုက်သည်။ အဲရစ်ကာက သူ့ပခုံးပေါ် တက်နင်း၍ တံတိုင်းပေါ်သို့ ကုပ်တွယ်တက်သွားသည်။

ထို့နောက် ဆောလ်တက်သည်။ သို့သော် တံတိုင်းထိပ်ကို ဆုပ်ကိုင်၍ ကိုယ်ကို တွဲလောင်းချထားသည်။ ခရစ္စက သူ့ကိုယ့်ကို လှေကားလိုအသုံးပြုကာ တံတိုင်းပေါ် တက်သွားသည်။ တံတိုင်းပေါ်ရောက်သော် အဲရစ်ကာနှင့် ခရစ္စတို့က ဆောလ်အား ဆွဲတင်လိုက်ကြသည်။

တံတိုင်းပေါ်၌ ဝမ်လျားမှောက်ကာ ခြံဝင်းထဲကိုအကဲခတ်ကြသည်။

မီးတွေလင်းနေ၏။ သူတို့အောက်ဘက်တွင် မှောင်မည်းမည်း အရာဝတ္ထုများ တွေ့ရသည်။ ခရစ္စက ပြွန်ချောင်းကလေးတစ်ခုကို နှုတ်ခမ်းဝတေ့ပြီး မှုတ်လိုက်သည်။

ညက တိတ်ဆိတ်နေသော်လည်း အာလ်ထရာဆိုးနစ်အသံကို ဆောလ်အာရုံထဲမှန်းပြီး နားစွင့်ကြည့်မိသည်။ ၎င်းအသံကို လူသားတို့ မကြားနိုင်သော်လည်း ခွေးများ ကြားနိုင်သည်။ သို့သော် အကယ်၍ ယင်းအသံကို လျစ်လျူရှုရန် ၎င်းတို့အား လေ့ကျင့်ပေးထားလျှင် ဘယ်နှယ်လုပ်မလဲ။

တော်သေးသည်။

ဒိုဘာမင် ခွေးကြီးများက ခြေသံ မကြားစေဘဲ ပြေးထွက်လာကြသည်။ အကယ်၍ ဆောလ်က ကြိုတင်ပြင်ဆင်မထားလျှင် ခွေးများ၏ခြေသံကို ကြားမိမည်မဟုတ်။

ခွေးခြေထောက်များနှင့် မြက်ခင်း ထိတွေ့ဟန်မတူ။ ခွေးကြီးများ



www.burmeseclassic.com

www.burmeseclassic.com



သည် တံတိုင်းခြေရင်းသို့ ရုတ်တရက် စုပြုံရောက်လာကြသည်။

သို့တစေ ဖြူဖွေးလင်းလက်သည့် ၎င်းတို့၏ အစွယ်များကို ဆောလ် မြင်နေရပြီ။ ခွေးကြီးများသည် ကြောက်မက်ဖွယ်ကောင်းအောင် သွားဖြဲ မာန်ဖီနေကြသော်လည်း ဘာသံမှမထွက်ကြချေ။

အသံထွက်နိုင်စွမ်းလည်း မရှိပါ။

၎င်းတို့၏ လည်ချောင်းအတွင်းရှိ အသံထွက်စေသည့် အကြောအမျှင်များကို ဖြတ်ထားခံရခြင်းကြောင့် ဖြစ်သည်။

ဟောင်တတ်သောခွေးသည် ကာကွယ်ရေးအတွက် အသုံးမဝင်။

ခွေးမှာန်ဖီသံက ရန်သူအား ၎င်းကိုယ်ကိုယ် ခုခံကာကွယ်ရန် အခွင့်အလမ်းပေးရာရောက်၏။

ဤဗိုဘာမင် ခွေးကြီးများသည် သူခိုးဖမ်းသည့် အချက်ပေး ကိရိယာများမဟုတ်။

ကျူးကျော် ဝင်လာသူအား အငိုက်ဖမ်း၍ တိုက်ခိုက်ရန်အတွက် ၎င်းတို့ကို သီးသန့်မွေးထားခြင်း ဖြစ်သည်။

ပွဲချင်းပြီး ကိုက်သတ်မည့် ခွေးကြီးများပေတည်း။

အဲရစ်ကာက ကျောပိုးအိတ်ထဲမှ လက်သီးဆုပ်ခန့်ရှိသော သတ္တုဘူးတစ်လုံးကိုနှိုက်ယူကာ အဖုံးဖွင့်ပြီး ခွေးကြီးများကြားသို့ ပစ်ချလိုက်သည်။

သတ္တုဘူးက ရှဲခနဲအသံထွက်လာရာ ခွေးများက ဝိုင်းကိုက်ဖို့ကြံပြီး ချက်ချင်း နောက်ပြန်ဆုတ်လိုက်ကြသည်။ ထိုနောက် မျက်စေ့ပေကလပ်ပေကလပ်ဖြစ်သွားပြီး သတိလစ်ကာ ပုံလျက်သား ခွေလဲသွားကြလေသည်။

ဆောလ်က အသက်အောင့်ကာ တံတိုင်းပေါ်မှ ခုန်ချပြီးမြက်ခင်းပေါ်သို့ လေထီးခုန်သူကဲ့သို့ လိမ့်သွားသည်။

တတ်ငွေ့ အနီးများနှင့် လွတ်အောင် ခြုံတန်းတစ်ခုဆီသို့ ပြေးရှောင်ပြီး ခရစ္စနှင့် အဲရစ်ကာအား စောင့်ဆိုင်းနေသည်။ လရောင်ဖြင့် တိုက်ကြီးရှေ့ရှိ မြက်ခင်းပြင်ကို အကဲခတ်လိုက်သည်။ ခြုံဖုတ်များကို ဝိရမစ်၊ ကမ္ဘာလုံး၊ ကုပတုံးပုံ စသည်ဖြင့် ဂဲသြမေထရီပုံသဏ္ဍာန်များအဖြစ် ညှပ်ထားသည်။

"ဟိုဘက်မှာ"

ဆောလ်က လက်ညှိုးထိုးပြသည်။

ခရစ္စက သစ်ပင်တစ်ပင်ဆီ မေးဆတ်ပြကာ တိုးတိုးပြောသည်။

"လျှပ်စစ်မျက်လုံး တစ်လုံး အဲဒီမှာရှိတယ်"

"နောက်ထပ် ရှိဦးမယ်"





"ဒါပေမယ့် ခွေးတွေက ခြံထဲလျှောက်ပြေးနေခဲ့တာပဲ၊ သူတို့အဲဒီလျှပ်စစ်မျက်လုံးတွေရှေ့က ဖြတ်ပြေးတော့ အချက်ပေးသံတွေ မြည်မှာပေါ့"

"လျှပ်စစ်မျက်လုံးရဲ့ အလင်းတန်းက ခွေးတွေထက် ပိုမြင့်လိမ့်မယ်"

ဆောလ်သည် စိုစွတ်သော မျက်ခင်းပေါ် ဝမ်းလျားမှောက်ကာ မျက်လုံးဖြင့် မမြင်နိုင်သော ကိုယ်ပျောက် အလင်းတန်းအောက်မှ လျှိုဝင်သွားသည်။

သူ့ရှေ့ရှိ မှန်လုံအိမ်မှာ ကျောက်မျက်ရတနာ တစ်ခုလို တောက်ပလင်းလက်နေသည်။ ထို မှန်အိမ်ထဲရှိ အရောင်စုံ၊ အသွေးစုံ၊ အရွယ်စုံရှိသည့် နှင်းဆီပန်းများမှာ ရင်သပ် ရှုမောစရာကောင်းလှ၏။

နှင်းဆီပန်းအိုးများကြား၌ လျှောက်သွားနေသော ခါးကိုင်းကိုင်း၊ ပိန်သွယ်သွယ်၊ ကုတ်အင်္ကျီအဖြူနှင့် လူတစ်ယောက်ကို ဆောလ် ကြည့်နေသည်။

၎င်း၏မျက်နှာက ပါးချောင်နားချောင်ကျကာ အရေတွေ တွန့်ရှုံ့နေသဖြင့် ဟာဒီ၏ သရုပ်ဖော်ချက်အရ လင်းဒစ်ရှိဖြစ်ကြောင်း ဆောလ် သိလိုက်သည်။

"သူ့ရုပ်က အီဂျစ်က မာမီအလောင်းကောင်နဲ့ တူတယ်ကွ သူ့မှာ အသက်မရှိသလိုပဲ၊ ဒါပေမယ့် သူ့ဆံပင်တွေကတော့ ဆက်ပြီး ရှည်ထွက်နေသလားအောက်မေ့ရတယ်"

ဟု ဟာဒီက ပြောခဲ့သည်။

ဆောလ်သည် မှန်လုံအိမ်ဆီသို့ ကိုယ်ကိုဝပ်လျှပ် ချဉ်းကပ်သွားသည်။

ခရစ္စနှင့် အဲရစ်ကာတို့က တိုက်အိမ်နှင့် မှန်လုံအိမ်ကြားမှ လမ်းကလေး၏ ဘေး တစ်ဘက် တစ်ချက်ရှိ ခြုံဖုတ်များနောက်တွင် ကင်းစောင့်ရန် ပုန်းအောင်း နေရာယူလိုက်ကြသည်။

ဆောလ်က မတ်တတ်ထကာ မှန်လုံအိမ်ထဲသို့ ဝင်သွား၏။

◆

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

မီးရောင်များ ကြောင့် သူ မျက်စေ့ ကျိန်းစပ်သွားသည်။

နှင်းဆီပန်းနံ့များက သူ့နှာခေါင်းထဲ စူးရှစွာ တိုးဝင်လာကြသည်။

လင်းဒစ်ရှိသည် ဆောလ်အား ကျောပေးကာ စားပွဲရှေ့တွင်ရပ်၍ လင်ဗန်းထဲရှိသဲများနှင့် မျိုးစေ့များကို သမအောင်ရောမွှေပေးလျက်ရှိသည်။

တံခါးဖွင့်သံကြားသဖြင့် သူ နောက်လှည့်ကြည့်သည်။ သို့သော် အိမ်စေတစ်ယောက် ဝင်လာသည်ဟု ယူဆဟန်ဖြင့် သူက ဣန္ဒြေရရလေးလှည့်ခြင်း ဖြစ်သည်။

ဆောလ်ကိုမြင်သောအခါ သူ အံ့အားသင့်ကာ ပါးစပ်အဟောင်းသားနှင့် စားပွဲနောက်သို့ ဆုတ်လိုက်သည်။

ဆောလ်နှင့် လင်းဒစ်ရှိတို့ ဆယ်နပေသာကွာ၏။

လင်းဒစ်ရှိသည် အသည်းရောင် အသားဝါရောဂါ ဖြစ်နေသော လူမမာတစ်ဦးနှင့် တူနေသည်။ ထိတ်လန့်မှုပြယ်သွားသော်လည်း သူ့မျက်လုံးများက တောက်ပဝင်းလက်နေသည်။

"ညွှိသည်လာမယ်လို့ ငါထင်မထားဘူး"

သူက ဗြိတိသျှလူမျိုး ပီသသောလေသံနှင့် ပြောလိုက်သည်။

ဆောလ်က သူ့ကိုပစ္စတိုနှင့် ချိန်ထားသည်။

"မလှုပ်နဲ့၊ ခင်ဗျားလက်နဲ့ ခြေထောက်ကို ကျုပ် မြင်သာအောင် ထားစမ်း"

"မင်းကို ငါလို အဘိုးကြီးတစ်ယောက်က အန္တရာယ်ပေးမှာ ကြောက်လို့လားကွ"

"ဟင့်အင်း၊ ကျုပ်က ဟောဒီဟာကို ကြောက်တာ"

ဆောလ်က ကိုင်းဆက်၍ မျိုးစပ်ထားသည့် နှင်းဆီပန်းအိုးများ





တင်ထားသော စားပွဲအောက်ဘက်သို့ သွယ်တန်းထားသော ဝါယာကြိုးကို လက်ညှိုးထိုးပြပြီး အိတ်ထဲမှ ပလာယာကိုထုတ်၍ ထိုကြိုးကို ဖြတ်ပစ်လိုက်သည်။ စားပွဲအောက်ကို လက်နှင့်စမ်းကြည့်ကာ အချက်ပေးခလုတ်ကို ဆွဲဖြုတ်လိုက်သည်။

"မင်းကို ငါချီးကျူးပါတယ်ကွာ၊ မင်းက ဖော်ကျွမ်းဝိဇ္ဇာလား၊ ငါ့မှာ ပိုက်ဆံမပါဘူး၊ အဲ. . .အိမ်ထဲမှာတော့ ငွေထည်နဲ့ ဖန်ထည်ပစ္စည်းတွေရှိတယ်"

လင်းဒစ်ရှိက ဦးညွှတ်၍ ပြောလိုက်၏။

ဆောလ်က ခေါင်းခါပြသည်။

"ဘာလဲ၊ မင်းကငါ့ကို ပြန်ပေးဆွဲမလို့လား"

"ဟင့်အင်း"

"မင်းကြည့်ရတာ အကြမ်းဖက်သမားနဲ့လဲ မတူဘူး"

"ကျုပ် ခင်ဗျားကို မေးစရာရှိတယ်၊ ကျုပ် သတင်းလိုချင်လို့၊ ကျုပ်မှာ အချိန်မရှိဘူး၊ တစ်ခါပဲ မေးမယ်"

"မင်း. ဘယ်သူတုံး"

ဆောလ်က မဖြေ။

"ခင်ဗျားကို ဆေးထိုးသင့်မထိုးသင့် ကျုပ်တို့ ဆွေးနွေးခဲ့သေးတယ်"

"ကျုပ်တို့ဆိုတာ ဘယ်သူတွေလဲ"

"ဒါပေမယ့် ခင်ဗျားက အိုပြီ၊ မတော်မဆ သေသွားနိုင်တယ်"

"တော်သေးတာပေါ့"

"နှိပ်စက်ညှဥ်းပန်းရ ကောင်းမလားလို့လဲ စဉ်းစားသေးတယ်၊ သိပ်မထူးဘူး၊ ကျုပ်ဆို့သိချင်တာကို ခင်ဗျား ပြောမပြနိုင်ခင် သေသွားနိုင်တယ်"

"ဘာလို့ ဒီလောက်ဒုက္ခခံချင်ရတာလဲ၊ မင်းတို့သိချင်တာ ငါ ပြောင်ဖွင့်ပြောချင်ပြောမှာပေါ့"

ခင်ဗျား အမှန်ပြောမပြော ကျုပ်တို့ ဘယ်လိုသိမလဲ၊ ကျုပ်တို့ ခင်ဗျားကို တိုက်တွန်းဖို့ နည်းတစ်ခု ရှာလို့ရသွားတယ်"

ဆောလ်က ခုံတန်းလျားပေါ်မှ ကတ်ကြေးကြီးတစ်လက်ကို ကောက်ယူပြီး နှင်းဆီပန်းများရှိရာသို့ လျှောက်သွားသည်။ ပထမဆုဖဲပြားလေးများ တပ်ထားသည့် နှင်းဆီပန်းများကိုငုံ့ကြည့်ကာ အလွန်လှပသော "အဝါရောင် တိမ်ရှေ့မင်းသမီး" အမည်ရှိ နှင်းဆီပန်း၏အရိုးတံကို ကတ်ကြေးနှင့် ညှပ်ပစ်လိုက်သည်။ လင်းဒစ်ရှိ တစ်ချက်ညည်းပြီး ယိုင်နဲ့နဲ့ ဖြစ်သွားသည်။

"အဲဒီ နှင်းဆီပန်းဟာ. . . ."



www.burmeseclassic.com

www.burmeseclassic.com



"သိပ်အဖိုးတန်တယ်၊ ဟုတ်တယ်၊ ဒါပေမယ့် ခင်ဗျားမှာ အဲဒီ နှင်းဆီမျိုး နောက်ထပ် လေးပွင့်ရှိသေးတယ်၊ ဟောဒီက ကြက်သွေးရောင် 'မျက်ရည်ပွင့်' နှင်းဆီက ပိုရှားမှာပေါ့နော်"

"မလုပ်နဲ့"

ဆောလ်က ထိုနှင်းဆီကို ကတ်ကြေးနှင့် ညှပ်ပစ်လိုက်ပြန်သည်။

နှင်းဆီပွင့်လေးမှာ ဆုရခဲ့သော သတ္တုတံဆိပ်ပြားပေါ်သို့ ကြွေကျသွားသည်။

လင်းဒစ်ရှိက စားပွဲကိုဖမ်းဆုပ်ပြီး

"မင်းရူးနေလားကွ၊ မင်းဘာတွေလျှောက်လုပ် . . ."

"ဟောဒီက ခင်ဗျားရဲ့သားသမီးတွေကို ကျုပ်လိုက်သတ်နေတာလေ၊ နေဦး . . . ဒီပန်းနုရောင် အက်ဖရိုဒစ်တီနှင်းဆီလေးက တယ်လှပါလား၊ ဒီ နှင်းဆီပန်း ပွင့်အောင် ဘယ်လောက် အချိန်ယူ စိုက်ပျိုးခဲ့ရသလဲဗျ၊ နှစ်နှစ်လား . . . ငါးနှစ်လား"

ဆောလ်က နှင်းဆီပွင့်ကို ထက်ခြမ်းခွဲပစ်လိုက်သည်။

ပွင့်ဖတ်ပွင့်လွှာများမှာ ဆုဖလားပေါ်သို့ လွင့်ကျသွားလေသည်။

လင်းဒစ်ရှိ မျက်လုံး မျက်စံ ပြူးလျက် သွေးရင်ဘတ်ကို လက်နှင့်ဖိထားသည်။

"ခင်ဗျားကို တစ်ခါပဲ ငဲမေးမယ်လို့ ကျုပ် ပြောထားတယ်နော် အဲလိယော့ အကြောင်း ပြောစမ်း"

လင်းဒစ်ရှိသည် ပျက်စီးသွားသော သူ့ နှင်းဆီပန်းများကို မျက်ရည်ဝဲလျက် ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေသည်။

"အဲလိယော့အကြောင်း ဘာသိချင်လဲ"

"သူ ရုရှတွေအတွက် လုပ်ပေးနေတယ်"

"မင်း ဘာတွေ လာပြောနေတာလဲ"

ဆောလ်က 'ဘုရားသခင်၏ လက်ဆောင်မွန်' အမည်ရှိ ခရမ်းရောင် နှင်းဆီတစ်ပွင့်ကို ဖြတ်ချလိုက်သည်။

"တော်ပါတော့"

လင်းဒစ်ရှိ ငယ်သံပါအောင် အော်လိုက်သည်။

"အဲလိယော့က ရုရှတွေရဲ့ ပွေးကောင်၊ ခင်ဗျားက သူတို့ရဲ့ဆက်သား"

"ဟင့်အင်း . . . အဲ . . . ဟုတ်တယ်၊ ငါမသိဘူး"

"ခင်ဗျား ဘာ ဗျာလည်လည်လုပ်တာလဲ"



"ငါ သတင်းသယ်ပေးတာတော့ ဟုတ်တယ်၊ အဲဒါက လွန်ခဲ့တဲ့ ဆယ်နှစ်ကပါ၊ အဲလိယော့ဟာ ပွေးကောင်သူလျှိုဟုတ်မဟုတ် ငါအသေအချာ မသိဘူး . . ."

"ဒါဖြင့် ကေဂျီဘီက သူ့ကိုဘာလို့ ဆက်သွယ်တာလဲ"

"ငါ ဘာမှမသိ . . ."

ဆောလ်က လင်းဒစ်ရှိ၏ အရှားပါးဆုံး လက်ရာအမြောက်ဆုံး နှင်းဆီပွင့်ဆီ ချဉ်းကပ်သွားသည်။ "ပျော်ရွှင် ကြည်နူးမှုကို သယ်ဆောင်လာသူ"ဟုကင်ပွန်းတပ်ထားသည့် ထိုနှင်းဆီမှာ အပြာရောင်ဖြစ်၏။

"အဲလိယော့ပြောတာ မှားတယ်၊ သူနဲ့ ကျုပ်နဲ့ ဒင်တာမြို့မှာ တွေ့တုန်းက နှင်းဆီပြာဆိုတာ မရှိနိုင်ဘူးလို့ ပြောခဲ့တယ်"

"မလုပ်ပါနဲ့"

"ဆောလ်က နှင်းဆီရိုးတံကို ကတ်ကြေးအသွား နှစ်ခုကြားတွင် ထိရုံမျှ ညှပ်ထားလိုက်သည်။ အသွားများမှာ မီးရောင်အောက်တွင် တဖိတ်ဖိတ် ပြောင်လက်နေ၏။

"သူဟာ ပွေးကောင်မဟုတ်ရင် ဘာလဲ၊ ခင်ဗျား သူ့ဆီ ပို့ပေးတဲ့ သတင်းတွေထဲမှာ ဘာတွေပါလဲ"

"ငါ ဖတ်ကြည့်လေ့မရှိဘူး"

ဆောလ်က ကတ်ကြေးအပေါ် လက်ဖိအား ပိုပေးလိုက်သည်။

"တကယ်ပြောတာ"

"အမ်အိုင် (၆)ဟာ ဘယ်တုန်းက စီအိုင်အေအတွက် ဆက်သား ဖြစ်သွားခဲ့ပါလိမ့်"

"ငါက အဲလိယော့ကို ဆက်သက်ကူညီတာ၊ ငါကျိန်ရဲတယ်၊ သူက ရှ်ကို ကြားလူလုပ်ခိုင်းလို့"

လင်းဒစ်ရှိ ချောက်ချားစွာဖြင့် ဆောလ်နှင့် သူ့ နှင်းဆီကို တစ်လှည့်စီ ကြည့်ရင်း ပြောလိုက်သည်။

"ခင်ဗျား တိုးတိုးပြော"

လင်းဒစ်ရှိ တုန်သွားသည်။

"ငါပြောတာ နားထောင်စမ်းပါ၊ အဲဒီသတင်းတွေဟာ စီအိုင်အေမှ ရှိတဲ့ သူလျှိုကို ဖော်ထုတ်ပေးမှာလို့ အဲလိယော့က ပြောတယ်၊ ဒါပေမဲ့ သတင်းပေးသမားက ကြောက်လန့်ပြီး ကိုယ်တိုင် မပြောဘဲ သွယ်ဝိုက်ရမယ်၊ ကြားရ တစ်ယောက် ဆက်သားတစ်ယောက် တောင်းဆိုတယ်၊ အဲဒီဆက်သားကို ရ

www.burmeseclassic.com



သိပြီးသားမို့ ငါက တစ်ဆင့်ခံအဖြစ် တာဝန်ယူခဲ့ရတယ်"

"အဲဒါကို ခင်ဗျားယုံတယ်ပေါ့လေ"

"အဲလိယောဟာ ငါ့သူငယ်ချင်းပဲ၊ ငါတို့ရဲ့ အဖွဲ့အစည်းအချင်းချင်း ပူးတွဲ လုပ်ကိုင်လေ့ရှိတယ်၊ အဲဒီ သတင်းပို့ချက်ထဲမှာ ဘာတွေပါသလဲဆိုတာ သိချင်ရင် ငါ့ကို သတင်းလာပေးတဲ့ လူကို မင်း သွားမေးပေါ့"

"မော်စကိုကို လိုက်ရမှာလား"

"ဟင့်အင်း၊ အဲဒီလောက် မဝေးပါဘူး"

"ဘယ်မှာလဲ"

"ပါရီမှာ၊ သူက အဲဒီက ရုရှသံရုံးမှာလုပ်တယ်"

"ခင်ဗျား မညာနဲ့နော်"

ဆောလ် နှင်းဆီကိုင်းပေါ်မှ အရွက်တစ်ရွက်ကို ခြောက်ခနဲ ညှပ်ချလိုက်သည်။

"မညာပါဘူးကွ၊ ဟော့ . . . အဲဒီနှင်းဆီဟာ ဘယ်လောက်နုနယ်သလဲဆိုတာ မင်းသိလို့လား၊ အရွက်လေးတစ်ရွက် ထိခိုက်ဒဏ်ရာ ရသွားရုံနဲ့ . . ."

"ဒါဖြင့် ခင်ဗျား အမှန်ပြောတယ်ဆိုတာ ကျုပ်ယုံအောင် လုပ်ပေါ့၊ နို့မို့ရင် နောက်ထပ်တစ်ရွက် ထပ်ညှပ်ပစ်မှာ"

"ကမ္ဘာမှာ ဒီနှင်းဆီမျိုး ဒီတစ်ပင်ပဲရှိတယ်"

ဆောလ်က ပန်းညှပ်ကတ်ကြေးကြီးကိုကိုင်၍ စောင့်ဆိုင်းနေသည်။

"ဗစ်တာပက်ထရိုဗစ်ကို ချူဘေး"

"ဒီနာမည်က ကျုပ်အတွက် ဘာမှ အဓိပ္ပာယ်မရှိဘူး"

"သူက ပါရီမြို့ ဆိုဗီယက်သံရုံးက ယဉ်ကျေးမှုဌာနသံအရာရှိ၊ ပြင်သစ်ပြည်မှာ လာဖျော်ဖြေမယ့် ဆိုဗီယက် သံစုံတီးဝိုင်းကြီးတွေ၊ အကအဖွဲ့တွေရဲ့ ခရီးစဉ်အားလုံးကို သူက စီစဉ်ပေးရတယ်၊ သူကိုယ်တိုင်လဲ နာမည်ကျော် တယောပညာရှင်တစ်ယောက်ပဲ၊ တစ်ခါတလေ သူ ဂီတပွဲတွေမှာ ဝင်ဖျော်ဖြေတယ်၊ တစ်ခါတလေ သူ့ဘာသာ နယ်လှည့်ဖျော်ဖြေတယ်"

"သူဟာ ကေဂျီဘီအဖွဲ့ဝင်ပဲ မဟုတ်လား"

လင်းဒစ်ရှ်က လက်ဝါးနှစ်ဖက်ဖြန့်ပြပြီး

သူကတော့ ကေဂျီဘီကို စွန့်လွှတ်လိုက်ပြီလို့ ပြောတာပဲ၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က သူဟာ အနောက်ကမ္ဘာကို အပြီးအပိုင်ထွက်ဖို့ကြိုးစားတာနဲ့ အဖမ်းခံလိုက်ရတယ်၊ သူ နောက်ထပ်ကြိုးစားဦးမယ်ဆိုတာ သိတယ်၊ ဒါကြောင့်





အာဏာပိုင်တွေက သူ့ကို အမိနိုင်ငံတော်အတွက် သူ့အကျိုးပြုလုပ်ငန်းလုပ်ပေးရင် သူ့ကို ပါရီမှာ နေထိုင်ခွင့်ပြုမယ်ဆိုပြီး သဘောတူညီချက် လုပ်ခဲ့ကြတယ်၊ ဒါပေမယ့် သူ့ကလေးတွေတော့ မော်စကိုမှာ ထားရစ်ခဲ့ရတယ်၊ သူ့သားသမီးတွေရဲ့ အလုပ်အကိုင်နဲ့နေရေးထိုင်ရေး တိုးတက်ကောင်းမွန်ဖို့က သူ့ရဲ့ ပူးတွဲလုပ်ကိုင်မှုပေါ် အမှီက မူတည်နေတယ်"

"ကျုပ်မေးတာ ဖြေစမ်းပါ၊ သူက ကေဂျီဘီလား"

"ဟုတ်တယ်လေ၊ အနောက်ခြမ်းကို ထွက်ဖို့ ကြိုးစားတာ မအောင်မြင်ခဲ့ပေမယ့် သူ့ရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်ခဲ့တာပဲ၊ ဒီနေ့တော့ သူ့ရဲ့ အရေခြုံမှုက သိပ်ကောင်းသွားတာပေါ့"

"ခင်ဗျား ဂီတပွဲ အတော်များများ သွားခဲ့မှာပေါ့နော် ဟုတ်လား"

"အခုတော့ မသွားတာကြာပြီ၊ လွန်ခဲ့တဲ့ဆယ်နှစ်က သူနဲ့လူချင်း လွတ်လွတ်လပ်လပ်တွေ့ဖို့ သိပ်ခက်တာ၊ သူနဲ့ ရုရှဂီတ အကြောင်းဆွေးနွေးရင်း သူက အဲလိယော့ဆီပို့ရမယ့် သတင်းအချက်အလက်တွေ ငါ့ကိုပေးလိုက်တယ်၊ သူ့ကို ငါတစ်ခါပဲ သတင်းပြန်ပေးလိုက်ဖူးတယ်၊ စာအိတ်ကို ချိပ်နဲ့ပိတ်ထားတာ၊ ငါ လုံးဝဖောက်မဖတ်ပါဘူး၊ အထဲမှာ ဘာတွေပါသလဲ မင်းသိချင်ရင် ကိုချူဘေးကို သွားမေးပေါ့"

ဆောလ်သည် နှင်းဆီပြာအနားတွင် ကတ်ကြေးဖြင့် ရွယ်ထားရင်း လင်းဒစ်ရှ်အား အကဲခတ်လိုက်သည်။

"ငါသိသမျှ မင်းကို အကုန်ပြောပြီးပြီ၊ အဲလိယော့ကို ငါသတိပေးနိုင်အောင်လို့ မင်းငါ့ကို သတ်ပစ်ရမှာပဲ၊ ဒါပေမယ့် နောက်ထပ် နှင်းဆီပန်းတွေကို မဖျက်ဆီးပါနဲ့တော့လို့ ငါတောင်းပန်ပါရစေ"

"ခင်ဗျား အကုန်လုံး လိမ်ပြောတာဆိုရင် ဘယ်လိုလုပ်မလဲ"

"ငါက မင်းကို ဘယ်လိုအာမခံချက်ပေးနိုင်မှာလဲ"

"မပေးနိုင်ဘူး၊ ခင်ဗျားသေသွားရင်လဲ ကျုပ် ကလဲ့စားချေလို့ရမှာ မဟုတ်ဘူး၊ နှင်းဆီတွေ နောက်ထပ်ဖျက်ဆီးလို့ရော ဘာအဓိပ္ပာယ်ရှိဦးမှာလဲ၊ လူသေကောင်အတွက် ဘာအကြောင်းထူးဦးမှာလဲ"

"ဒါဖြင့် မင်းရောငါပါ မတိုးသာမဆုတ်သာ ဖြစ်နေပြီ"

"ဟင့်အင်း၊ ခင်ဗျား ကျုပ်တို့နဲ့လိုက်ခဲ့၊ ခင်ဗျား အလိမ်ပေါ်ရင်ပဟော ဒီတိမ်ကလေးကို မီးရှို့ပစ်မယ်၊ လမ်းမှာ ခင်ဗျားစဉ်းစားပေါ့၊ ခင်ဗျား အခုပြောတဲ့ ဇာတ်လမ်းကို ပြင်ပြောချင်ရင်လဲပြော"

"ငါ့ခြံထဲက အစောင့်တွေလက်က မင်းမလွတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိဘူး၊ ကျုပ်တို့ဝင်တဲ့လမ်းက ပြန်ထွက်မယ်၊ တံတိုင်းပေါ်ကျော်တက်ရုံပဲ"

"ငါ့ကို အားကစားသမား အောက်မေ့နေလား"

"ကျုပ်တို့ ခင်ဗျားကို ပင့်တင်ပါ့မယ်"

"ငါ့အရိုးတွေ မခိုင်တော့ဘူး၊ လက်တွေခြေတွေ ကျိုးကုန်ဦးမယ်"

"ကောင်းပြီ၊ ခင်ဗျားကို ပင့်တင်မပေးပါဘူး"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

ဆောလ်က မှန်လုံအိမ်နောက်ဘက်သို့ လက်ညှိုးထိုးပြပြီး

"လှေယ်လှေယ်ကလေး"

"ဘာ . . ."

"ဟောဟိုလှေကားနဲ့တက်တာပေါ့"

◆

( ၁၅ )

ဟောင်းလောင်းဖွင့်ထားသော ပြတင်းပေါက်မှ ခန်းဆီးများ တဖျပ်ဖျပ်လွင့်နေသည်။

ခရစ္စက မီးခိုးရောင်ကောင်ကင်ပြင်ကြီးကို မျက်ကြောရှုံ့ကြည့်လိုက်သည်။ စိုထိုင်းမှုကြောင့် သူလက်ပြင်ကျော ကုန်းထားသည်။ ဆားစာတ်ပါသောလေကို ရှူရှိုက်ရ၏။

တူးမြောင်းပေါ်မှလေက ခပ်ပြင်းပြင်း ဖြတ်သန်းတိုက်ခတ်လာသည်။

"မင်းနဲ့ငါ နေရာလဲရအောင်"

ခရစ္စက ဒေါသသံနှင့်ပြောလိုက်သည်။

"မလဲနိုင်ဘူး ငါပြောပြီးပြီ၊ တို့အားလုံး သဘောတူထားတာပဲ၊ နှစ်ယောက်က ကိုချူဘေးဆီသွားတုန်း တစ်ယောက်က ဒီမှာလင်းဒစ်ရှိနဲ့ နေခဲ့ရမယ်၊ ဘယ်သူက စွန့်စားမှုယူရမလဲဆိုတာ တို့သုံးယောက် ဖဲချပ်တွေနဲ့ မဲခွဲဆုံးဖြတ်ခဲ့တာပဲ၊ မင်းက ဒီမှာနေခဲ့ရမယ့်လူ"

ဆောလ်က ပြောလိုက်သည်။

"ငါ မနေခဲ့ချင်ဘူးကွာ"

"ဘာလဲကွ၊ မင်း လူစွမ်းကောင်း သိပ်လုပ်ချင်လို့လား"

"ဟင့်အင်း"

"ဒါဖြင့် ဘာကြောင့်လဲ၊ အဲရစ်ကာနဲ့ လိုက်သွားချင်လို့ ထင်တယ်၊ ရပါတယ်၊ ငါစိတ်မဆိုးပါဘူး"

ဆောလ်က လင်းဒစ်ရှိအား ကုလားထိုင်ပေါ်၌ ကြိုးတုပ်ထားနေသော အဲရစ်ကာဆီ လှမ်းကြည့်လိုက်သည်။

သူမက လျှာထုတ်ပြသည်။

ဆောလ်က ခရစ္စဘက်သို့ ပြန်လှည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဖြစ်နေလဲ"

ခရစ္စက ခေါင်းခါပြပြီး

"ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲကွ၊ ဘာမှန်းလဲမသိဘူး"

"ဘာနဲ့ပတ်သက်လဲ"

ခရစ္စက ပြတင်းပေါက်နားမှခွာလိုက်ပြီး

"ငါအကြားအမြင်ရတယ်လို့ပဲ ပြောမလား၊ မင်းတစ်ခုခုဖြစ်လိမ့်မယ်လို့ ငါထင်နေတယ်"

ဆောလ်က သူ့ကိုစေ့စေ့ကြည့်နေသည်။

မိမိရောခရစ္စပါ အယူသီးတတ်သူများမဟုတ်ပါ။ အယူသီးလို့လည်းမဖြစ်။

"ဘယ့်တုန်းက စဖြစ်တာလဲ"

"လင်းဒစ်ရှိခြံမှာ"

"ဘာလဲ . . . တံတိုင်းကြီးကိုမြင်ရတော့လား"

ခရစ္စက ခေါင်းညိတ်ပြသည်။

"မင်း ဘယ်လိုသိလဲ"

"ငါလဲမင်းလိုပဲ အာရုံရလို့"

"ဘာ . . ."

"ဖရန်ကလင်ကျောင်းမှာတုန်းက မင်းနဲ့ငါ တံတိုင်းပေါ်ကျော်ပြီး ခိုးထွက်တော့ ငါချော်လဲကျသွားတယ်၊ မင်းက ငါ့ကိုကူညီဖို့ ခုန်ချလိုက်တာ မင်းခေါင်းထိသွားတယ်၊ အဲဒီမှာ ဓာတ်ရထားဝင်လာတယ်၊ မှတ်မိလား"

"မင်း ငါ့အသက်ကို ကယ်လိုက်တယ်လေ"

"ဟုတ်တယ်၊ လင်းဒစ်ရှိခြံရောက်တော့ မင်းအတွက် ငါစိုးရိမ်တယ်၊ မင်းဒုက္ခတွေ့ရင် ငါ ကယ်တင်ရမယ်လို့ စိတ်ထဲက ထင်လာတယ်၊ မင်းလဲ အဲဒီလိုပဲ အာရုံရလာတယ် မဟုတ်လား"

"ဟုတ်တယ်၊ နှစ်ခါရှိပြီ"

ခရစ္စက ပြုံးစေ့စေ့နှင့်ပြောသည်။

"လင်းဒစ်ရှိခြံတံတိုင်းကြီးကိုတွေ့တော့ မင်းငါ့တို့ကယ်ချင်စိတ်ပေါက်လာပြန်ရော ဟုတ်လား၊ စိတ်အေးအေးထား၊ ဘာမှမဖြစ်ဘူး။ ပါရီကို အဲရစ်ကာနဲ့သွားပြီး ကိုချူဘေးကိုဝင်တွေ့မယ်၊ ဘာမှစိုးရိမ်စရာမရှိဘူး"

"အေး . . . ဘာမှမဖြစ်ရင်တော့ ကောင်းတာပေါ့"

"ထကယ်လို့ ငါ ဒုက္ခရောက်ရင် အဲရစ်ကာ မလုပ်ပေးနိုင်တာ ရှိဦးမှာလား"





အဲရစ်ကာက သူတို့အနားကပ်လာပြီး

"ကြည့်ဖြေနော်"

ခရစ္စက နှုတ်ဆိတ်နေ၏။

ဆောလ့်က အဲရစ်ကာဘက်လှည့်ပြီး

"အဆင်သင့်ပဲလား"

"ပါရီကို ရုပ်ချောတဲ့ အဖော်တစ်ယောက်နဲ့သွားရမှာ ပျော်စရာကြီး"

ခရစ္စကား မဖြေနိုင်သေး။

"ဆယ်နာရီထိုးခါနီးပြီ၊ မင်းတို့ ဒီည ပါရီရောက်သင့်တယ်၊ ညနေခြောက်နာရီကျ ငါ့ဆီဖုန်းဆက်ပြီးတော့ လေးနာရီခြား တစ်ခါထပ်ဆက်၊ ငါနဲ့ အဆက်အသွယ်မလုပ်ခင် ကိုချူဘေးကိုသွားမတွေ့နဲ့၊ လင်းဒစ်ရှိဟာ သူ့နှင်းဆီတွေအကြောင်းတွေးရင်းနဲ့ တို့ကိုပြောတဲ့အချက်တွေဟာ အမှားတွေပဲလို့ စိတ်ပြောင်းသွားနိုင်တယ်။

"ငါ အမှန်တွေချည်းပြောခဲ့တာ"

လင်းဒစ်ရှိက လှမ်းပြောသည်။

"ကမ္ဘာပေါ်မှာ တစ်ပွင့်တည်းရှိတဲ့ ခင်ဗျားရဲ့ နှင်းဆီပြာ အကြောင်းကိုသာ စဉ်းစားနေစမ်းပါဗျာ"

သူတို့သုံးယောက်သားလက်ဆွဲနှုတ်ဆက်ကြသည်။

ဆောလ်က သူ့အိတ်ကိုကောက်ယူပြီး

"ဘာမှမပူနဲ့၊ ငါသတိနဲ့လုပ်မှာပါ"

"ရှင့်အစ်ကိုကို ကျွန်မဂရုစိုက်ပါ့မယ် ခရစ္စ၊ ကျွန်မတို့ နှစ်ဦးစလုံးအတွက် ဂရုစိုက်မှာပါ"

သူမက ခရစ္စပါးကို ဖွဖွနမ်းလိုက်သည်။

ခရစ္စရင်မှာ စစ်ခနဲအောင့်သွား၏။

"ကံကောင်းကြပါစေကွာ"

သူတို့ ခွဲခွာလိုက်ကြသည်။

မအော်စတင်ကားပေါ်သို့ ဆောလ်နှင့် အဲရစ်ကာတို့ တက်ပြီးရေမှော်ပင်များဖုံးနေသည့် လမ်းကလေးအတိုင်း မောင်းထွက်သွားကြသည်ကို ခရစ္စက ရင်ထဲတင်းကျပ်စွာဖြင့်အိမ်ရှေ့တံခါးဝမှ ငေးကြည့်နေသည်။

မကြာမီ အော်စတင်ကားသည် သူ့မြင်ကွင်းမှ ပျောက်သွား၏။

ကားသံ လုံးဝမကြားရတော့သည့်အခါကျမှ မြက်ခင်းပြင်ပေါ်မှ ကျောက်တုံးကျောက်ခဲများကို စိုက်ကြည့်နေသည်။ ထိုနောက် အိမ်ထဲဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တံခါးပိတ်လိုက်သည်။

"သူတို့ ငါ့ကိုလိုက်ရှာနေပြီ"

လင်းဒစ်ရှ်က ပြောလိုက်သည်။

"ဒါပေမယ့် သူတို့ ဘယ်မှာလိုက်ရှာရမှန်း သိမှာမဟုတ်ဘူး၊ ကျုပ်တို့တွေ ခင်ဗျားမြို့နဲ့ မိုင်ခြောက်ဆယ်ဝေးတဲ့နေရာကို ရောက်နေတာ၊ ကြားမှာ လန်ဒန်ရှိတယ်၊ သူတို့ အဲဒီကိုသွားရှာလိမ့်မယ်"

လင်းဒစ်ရှ် လည်ပင်းငှဲ့စောင်း၍

"ဒီအိမ်က ချောက်ကမ်းပါးကြီးပေါ်မှာ မဟုတ်လား၊ အောက်က လှိုင်းပုတ်သံတွေကြားရတယ်"

"အခု ဗိုဗာရောက်နေတယ်လေ၊ ဒီအိမ်ကို တစ်ပတ်စာငှားထားတာ၊ ကျုပ် နားအေးပါးအေး အနားယူချင်လို့ပါလို့ အိမ်ရှင်ကိုပြောထားတယ်၊ သူက ဒီအိမ်အသင့်တော်ဆုံးလို့ပြောတယ်၊ ဒီအိမ်နဲ့အနီးဆုံးအိမ်က မိုင်ဝက်ဝေးတယ်၊ ခင်ဗျားအော်ရင် ဘယ်သူမှ မကြားဘူး"

"ငါ အော်နိုင်မယ်ထင်လို့လား"

"ခင်ဗျား နေသာ ထိုင်သာရှိအောင် ကျုပ် လုပ်ပေးပါ့မယ်၊ ခင်ဗျား မပျင်းရအောင်လို့ ခင်ဗျားနဲ့ကျုပ်နဲ့ နှင်းဆီတွေအကြောင်း ပြောကြရအောင်လား ဆောလ်တစ်ခုခု ဖြစ်သွားရင်တော့ ခင်ဗျားနာပြီသာမှတ်"

◆

( ၁၆ )

ဗိုဗာမြို့ကို သူတို့ရွေးချယ်ခဲ့ခြင်းမှာ ပြင်သစ်နိုင်ငံသို့ ရေကြောင်းခရီးဖြင့် အလွယ်တကူ သွားနိုင်သောကြောင့် ဖြစ်လေသည်။

လေဆိပ်အဆောက်အအုံနှင့်တူသည့် လူရှုပ်သော သင်္ဘောဆိပ်အဆောက်အအုံထဲ ရောက်သောအခါ ဆောလ်နှင့် အဲရစ်ကာတို့ မိနစ်အနည်းငယ်စီခြား၍ လက်မှတ်ဝယ်ကာ ဟိုဗာခရပ် (ရေပြင် မြေပြင် ရှပ်ပြေးယာဉ်)ပေါ်သို့ တက်ကြသည်။

ဆောလ်သည် စိတ်ထဲ စနိုးစနောင့်နှင့် ယာဉ်၏ပွဲပိုင်းရှိ ဧည့်ခန်းဆောင်ထဲဝင်ကာ လူအုပ်ကြားထဲ ရောနေလိုက်သည်။

ထင်ရှားသော လေဆိပ်များနှင့် ဘူတာရုံများနည်းတူ ဟိုဗာခရပ်ကိုလည်း အမ်အိုင် (၆)နှင့် အခြားထောက်လှမ်းရေးအဖွဲ့များမှ လူများ စောင့်ကြည့်နေမည် ဖြစ်ကြောင်း ဆောလ်သိထားသည်။

သိဝရီအားဖြင့်ပြောလျှင်တော့ ဆောလ် အမေရိကန်နိုင်ငံမှ ထွက်လာကြောင်း ရန်သူများ မသိကြသေးချေ၊ အမေရိကန်တစ်ဝန်း၌သာ သူ့အား သဲကြီးမဲကြီး လိုက်ရှာနေကြသောကြောင့် ရန်သူဘက်မှ တစ်ဦးဦးတွေ့သွားနိုင်စရာ အလားအလာသိပ်မရှိပေ။

သို့တစေ ဆောလ် သိပ်တော့ စိတ်မအေးနိုင်သေး။

အကယ်၍ မိမိအား ဟိုဗာခရပ်ယာဉ်ပေါ်၌ တစ်စုံတစ်ယောက်က မြင်သွားလျှင် ပုန်းစရာနေရာမရှိ။ ထိုသူနှင့် ရင်ဆိုင်တိုက်ခိုက်၍ မိမိ မသေရသည့်တိုင် ပြင်သစ်ဆိပ်ကမ်းသို့ ရောက်သည့်အခါ အသင့်စောင့်နေသော ရန်သူ သုတ်သင်ရေးအုပ်စုနှင့် ပက်ပင်းတိုးရဖွယ် ရှိသည်။

အခြား ပြေးပေါက်မရှိလျှင် အရေးပေါ် တံခါးကိုဖွင့်ကာ ရေထဲခုန်ချရပေလိမ့်မည်။ ဟိုဗာခရပ်ယာဉ်အောက်သို့ ပင်လယ်လှိုင်းလုံးများကြောင့် လိမ့်ဝင်မသွားခဲ့သည့်တိုင် တရားလွန်အေးစက်လှသည့် ပင်လယ်ရေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မိမိ အားေပးပက်ပြီး သေနိုင်သည်။

ကံကောင်းသဖြင့် ဆောလ် ထိုအဖြစ်သို့ မဆိုက်ရောက်ခဲ့ပါ။

ဟိုဗာခရပ်သည် ကာလေး ဆိပ်ကမ်းသို့ နှစ်ဆယ့် နှစ်မိနစ်အတွင်း ရောက်သွားသည်။ ရေပေါ်မှနေ၍ ကမ်းခြေရှိ ကွန်ကရစ်ကုန်းဘောင်ပေါ်သို့ တက်ကာ ကူးတို့ဆိပ် အဆောင်ဆီသို့ ချဉ်းကပ်သွား၏။

ဆောလ်လည်း အခြားခရီးသည်များနှင့်အတူယာဉ်ပေါ်မှ ရောနှော၍ ဆင်းသည်။ ပြင်သစ်စကားမပြောတာ နှစ်နှင့်ချီပြီး ကြာသွားခဲ့ပြီဖြစ်သော်လည်း သူများတွေပြောသမျှကို လည်းကောင်း၊ ဖတ်ရသမျှ ပြင်သစ်စာများကို လည်းကောင်း သူနားလည်သည်။ မိမိအား စောင့်ကြည့်နေသူ မတွေ့မိ။

အကောက်ခွန်ဌာန၏ အစစ်ဆေးခံ့ရတာ ချောချောမောမော ပြီးသွားသည်။

သူ့သေနတ်ကို ခရစ္စထံအပ်ထားခဲ့ရာ နောက်ထပ် သေနတ်တစ်လက် အစားမထိုးရသေးသမျှတော့ သူ စိတ်မအေးနိုင်သေး။

မူလက ကြိုတင် သဘောတူထားသည့်အတိုင်း အဲရစ်ကာအား ပဝ်လယ် ကမ်းခြေရှိ ကဖီးဆိုင်လေး၌ သူ သွားတွေ့သည်။ ထို့နောက် ၁၉၇၄ ခုနှစ်က အလုပ်တွဲလုပ်ခဲ့ဖူးသော လက်နက်မှောင်ခိုကုန်သည်တစ်ဦးထံသွားကာ လိုအပ်သော လက်နက်နှင့် ပစ္စည်းများ ဝယ်ယူကြသည်။

လက်နက်ကုန်သည်ကြီးအား ၂၀၀ ရာခိုင်းနှုန်း ပို့ပေးလိုက်ကြရ၏။

ထို့နောက် မော်တော်ကားတစ်စီးငှားရမ်းပြီး မိုင် ၁၃၀ ဝေးသည့် ပါရီမြို့သို့ အရှေ့တောင်စူးစူး လမ်းကြောင်း အတိုင်း မောင်းနှင်သွားကြသည်။

◆

( ၁၇ )

နှင်းဆီတွေအကြောင်းချည်း တို့ ထိုင်ပြောနေကြတာ အတော်ကို ငြီးငွေ့နေပြီကွာ၊ ဒါပေမယ့် လင်းဒစ်ရှိကတော့ သူ မင်းကိုပြောခဲ့တာ အမှန်တွေ ချည်းပဲလို့ ပြောနေတုန်းပဲ”

ခရစ္စက တယ်လီဖုန်းဖြင့် ပြောလိုက်သည်။

“ဒါဆို ငါတို့ဒီည ကိုချူဘေးကိုသွားဆွဲမယ်”

ဆောလ်၏အသံကို သဲသဲကွဲကွဲမကြားရ။

“မင်း စီစဉ်ပြီးပြီလား”

“အဲရစ်ကာ အဆက်အနွယ်တွေကို အကူအညီတောင်းရတာပေါ့”

“ကိုင်ထားဦး”

ခရစ္စက ကုလားထိုင်ပေါ် ကြိုးတုပ်ထားသော လင်းဒစ်ရှိဘက် လှည့် ကြည့်လိုက်သည်။

“ကဲ . . . ခင်ဗျားကို ကျုပ်တို့နောက်ဆုံးအခွင့်အရေးပေးမယ်၊ တစ်ခုခု ဖြစ်ရင်တော့ ခင်ဗျားကြီး နာဖြီမှတ်”

“မင်းကို ငါဘယ်နှစ်ခါ ပြောရမလဲ၊ ကိုချူဘေးက ငါ့ကိုတာဝတ်နဲ့ပဲ သတင်းပို့ခိုင်းတာပါလို့”

“ကောင်းပြီ”

ခရစ္စက ဆောလ်အား တယ်လီဖုန်းမှ ဆက်ပြောသည်။

“ကိုချူဘေးကို သွားဖမ်းချေ ဒါပေမယ့် သူ့ကိုဖမ်းလို့ ရတာနဲ့ ငါ့ဆီ သတင်းပို့ကွာ”

“နေထွက်ခါနီးပြီ”

“ငါ အိပ်ရေးပျက်မှာမပူနဲ့၊ နိုးသာနိုး၊ မင်းအတွက် စိတ်မချရသေးရွေ့ ငါအိပ်လို့ရမှာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"မင်းခုထိ စိတ်ထဲမှာ အဲဒီခံစားချက် ရှိတုန်းပဲလား"

"အခု ပိုဆိုးတယ်"

"အခုလုပ်မယ့်ကိစ္စက အလွယ်လေးပါ"

"ဟေ့ . . . မင်းကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးမနေနဲ့"

"မင်းစိတ်အေးအောင်ပြောရတာပါ၊ နေဦး . . . မင်းကို အဲရစ်ကာက ပြောစရာရှိလို့"

တယ်လီဖုန်းထဲမှ အနှောင့်အယှက်သံများကြားရသည်။ ပါရီနှင့် ဒိုဟာ အဝေးပြောဖုန်းလိုင်းက သိပ်မကောင်း။

အဲရစ်ကာ ခရစ္စကို ကျီစယ်သည်။

"ကျွန်မတို့ ဒီမှာ သိပ်ပျော်နေတယ်၊ အစားအစာ တွေလဲ သိပ်အရသာရှိတာ"

"တော်စမ်းပါ၊ ကျွန်တော်လဲ ဒီမှာ ခုပဲ ထောပတ်မြေပဲယိုနဲ့ ပေါင်မုန့်စားပြီးပြီ"

"ရှင့်အဖော် ဘယ့်နှယ့်နေလဲ"

"အဆင်ပြေပါတယ်၊ ကျွန်တော်နဲ့သူနဲ့ နှင်းဆီတွေအကြောင်း မပြောချင်တဲ့အခါ ဖဲရိုက်ကြတယ်၊ သူ့လက်တွေကြိုးတုပ်ထားတော့၊ ဘယ်ဖဲချပ် လှန်ရမလဲဆိုတာ သူ ပါးစပ်နဲ့ ပြောတာပေါ့"

"သူ့ဖဲလိမ်သေးလား"

"ဟင့်အင်း၊ ကျွန်တော်လိမ်တာ"

အဲရစ်ကာကရယ်၍

"ကဲ . . . ကျွန်မလစ်တော့မယ်၊ ဘာမှမပူနဲ့နော်၊ အဲဒါပြောမလို့၊ ဒီမှာတော့ အားလုံးအဆင်ပြေမယ်၊ ဆောလ်ကို ကျွန်မ ဂရုစိုက်ပါ့မယ်၊ စိတ်ချ"

"ခင်ဗျားကိုယ်ခင်ဗျားလဲ ဂရုစိုက်ဦး"

"ဟုတ်ကဲ့ပါရှင့်၊ နက်ဖြန်မှတွေ့ကြစို့"

အဲရစ်ကာက တယ်လီဖုန်း ချလိုက်သည်။

သူတို့နှစ်ယောက်ကို ခင်မင်တွယ်တာမှုကြောင့် သူ့ရင်မှာ လေးလံနေသည်။

ခရစ္စ တယ်လီဖုန်းချလိုက်စဉ် လေ့ကားဆီမှ ကျွီခနဲ အသံမြည်သွားသည်။

◆

( ၁၈ )

ခရစ္စ ငြိမ်နေလိုက်၏။

တံခါးအားလုံးသော့ခတ်ထားသည်။ ယင်းလိပ်တွေအားလုံး ဆွဲချထားသည်။ အမှောင်ထဲ၌ တားလမ်းမဆီမှ သူစိမ်းတစ်ရံဆီများ မြင်တွေ့နိုင်လောက်သည့် မီးရောင်လည်းမရှိ။

မိမိအား မိတ်ဆက်လိုသော အိမ်နီးနားချင်းတစ်ဦးသည် တံခါးလာခေါက်မည်သာ။ ယခုလို သူခိုးကျင့်သူခိုးကြံနှင့် လှေကားမှ တက်လာမည်တော့မဟုတ်။

မိမိကို သင်းတို့ရှာတွေ့သွားလေပြီ။

ဘယ်လိုရှာတွေ့လဲ။ ခရစ္စမသိပါ။ စဉ်းစားလို့လည်း မရ။ အချိန်မရှိ။

စားပွဲပေါ်မှ ရေဒီယို အသံလွှင့်စက် ကလေးကို ဆတ်ခနဲ ကောက်ယူကာ ကြမ်းပေါ် ဒိုင်ဗင်ထိုးပြီး ခလုတ်ကိုနှိပ်ချလိုက်သည်။

ပေါက်ကွဲမှုကြောင့် တစ်အိမ်လုံး သွက်သွက်ခါသွားသည်။ မိမိအိမ်သို့ တိတ်တဆိတ် ချဉ်းကပ်မည့်သူများ ပုန်းအောင်းနိုင်သည့် ဗျူဟာကျသောနေရာအချို့ကိုရှာဖွေကာ ဗုံးများထောင်ထားခဲ့သည်။ ဗုံးများက အသံကျယ်လောင်စွာ ပေါက်ကွဲပြီး မီးအားများသည့် ဗုံးမျိုးဖြစ်သည်။ မီးခိုးလည်း အထွက်များ၏။

ဗုံးများထောင်ခြင်းသည် အဲလီယော့၏ ဥပဒေကို လိုက်နာခြင်းဖြစ်သည်။

မိမိကိုယ်ကို မည်မျှလုံခြုံမှု ရရှိထားပြီဟုပင် ယူဆထားလင့်ကစား ကြိုတင်ကာကွယ်မှုလုပ်စရာတွေတော့ အမြဲကျန်ရှိနေတတ်၏။ ဤကား ခရစ္စ၏ ကောင်းသော အကျင့်တစ်ခုပေတည်း။

ခရစ္စက မော်ဇာသေနတ်ကို ဆွဲထုတ်လိုက်သည်။

တံခါးကို ဖောက်ထွင်း၍ ဗုံးတစ်လုံးဝင်လာသည်။ အငွေ့တထောင်းထောင်းထွက်နေသည့် မျက်ရည်ယိုဗုံးတစ်လုံး ကြမ်းပြင်ပေါ်သို့ ဖုတ်ခနဲ ပြုတ်ကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



သိပ်သည်းသော အဖြူရောင်မီးခိုးများကြား၌ သူချောင်းဆိုးသွားသည်။

တံခါးကို သေနတ်နှင့် လှမ်းပစ်သည်။

ရှေ့ဆက် ဘာဖြစ်မည်ကို သူသိသည်။

အိမ်ထဲ၌ မီးခိုးတွေပြည့်သွားသည်နှင့် တံခါးကိုချိုးဖျက်ကာ ရန်သူတွေဝင်လာကြမည်။

ခရစ္စက ပြတင်းပေါက်ကို သွားဖွင့်လိုက်သည်။ ညသည် မီးခိုးနှင့် မီးတောက် မီးလျှံများဖြင့် ပြည့်နေ၏။

မီးလောင်ခံရသော လူတစ်ယောက် အော်ဟစ်ရင်း မြေကြီးပေါ် လူးလှိမ့်နေသည်။

ယင်းလိပ် လှုပ်သွားတာကို လူတစ်ယောက်က မြင်သွားသည်။ ထိုလူက သေနတ်နှင့်ချိန်လိုက်စဉ် ခရစ္စက သူ့ရင်ဘတ်ကို ကျဉ်နှစ်တောင့် ပစ်သွင်းပေးလိုက်သည်။

အိမ်ရှေ့တံခါး ဝုန်းခနဲပွင့်ထွက်သွား၏။ ခရစ္စက လင်းဒစ်ရှ်ကို မီးခိုးဖြူများကြား၌ မမြင်ရသော်လည်း သေနတ်နှင့် ရမ်းသန်း၍ ချိန်လိုက်သည်။

လင်းဒစ်ရှ်က အကာအကွယ်ယူရန် ကုလားထိုင် နှင့် အတူကြမ်းပေါ် ဒုန်းခနဲ ပစ်လှဲချလိုက်သည်။

အိမ်ရှေ့လှေကားမှ ခြေသံများကြားရ၏။

အချိန်မရှိ။

ခရစ္စ ပြတင်းပေါက်မှ ဒိုင်ဗင်ထိုးထွက်လိုက်၏။ အိမ်လေးထဲ၌ ဒေါသတကြီး ပြောဆိုအော်ဟစ်သံများ ဆူညံနေသည်။

မှောင်ထဲ၌ ချောက်ကမ်းပါး ထိပ်သို့ ခရစ္စ သုတ်ခြေတင်ပြေးသွားသည်။ ဓာတ်ငွေ့ကာ မျက်နှာဖုံးနှင့် လူများသည် အိမ်ထဲ လျှောက်ရှာဖွေရာမှ ဟောင်းလောင်း ပွင့်နေသော ပြတင်းပေါက်ကို တွေ့သွားလိမ့်မည်။

ထိုအချိန်လောက်တွင် ခရစ်က အဝေးတစ်နေရာသို့ ရောက်နေလောက်ပြီ။

မှောင်ထဲ၌ မိမိ ဘယ်ဘက်သွားမှန်း ၎င်းတို့သိမည်မဟုတ်။

ဘယ်တော့မှ ရှာတွေ့မည်မဟုတ်။

မော်ဆာ ပစ္စတိုကြီးကို ဆုပ်ကိုင်လျက် အားကုန် သွန်၍ ပြေးနေဆဲ။ မျက်လုံးထဲ ချွေးတွေစီးကျလာသည်။

မီးတောက် မီးလျှံများနှင့် ဝေးရာသို့ ရောက်လာပြီမို့ သူ အနည်းငယ် စိတ်ပေါ့သွားသည်။





သို့သော် ညအမှောင်ထုအောက်၌ ခြေဦးတည့်ရာ ပြေးနေရဆဲ။

ဆောလ် ဘယ်သွားကြောင်းလင်းဒစ်ရှ်က ပြောပြလိမ့်မည်။

ဆောလ်ကို သတိပေးမှ။

ထိုအခိုက် နောက်မှ ခြေသံများကို ခရစ္စကြားရသည်။

ပို၍ မြန်ဆန်သော . . .

ပို၍ ကျယ်လောင်သော . . .

ပို၍ နီးကပ်လာသော . . . ခြေသံများ။

မိမိအား တစ်စုံတစ်ယောက်က ထက်ကြပ်မကွာ လိုက်နေပါကလား။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၉ )

"ငါ့လက်တွေ ကြိုးဖြေပေး"

လင်းဒစ်ရှိက အော်လိုက်သည်။

မျက်ရည်ယိုဗုံးကြောင့် သူ့ချောင်းတစ်ဟွပ်ဟွပ် ဆိုးနေသည်။

အနက်ရောင်ဝတ်စုံနှင့် လူတစ်ဦးက သူ့မျက်လုံးကိုဆေးရည်ဆွတ်ထားသည့် အဝတ်စနှင့် သုတ်ပေးသည်။

အခြားတစ်ယောက်က သူ့ကြိုးတွေကို ဆွဲဖြုတ်နေသည်။ ပြတင်းပေါက်အားလုံး ဖွင့်လိုက်ပြီ။

ကဲလားအားလုံးလည်း ဖွင့်ပြီးပြီ။

အခန်းထဲသို့ ပင်လယ်လေဝင်လာပြီး မီးခိုးများကို တွန်းထုတ်သွားလျက်ရှိသည်။

လင်းဒစ်ရှိက စားပွဲဆီ ဒယီးဒယိုင်သွားပြီး တယ်လီဖုန်း ကပျာကယာဆက်သည်။

စက္ကန့်အနည်းငယ် စောင့်ရသည်။ ဗာဂျီးနီးယားပြည်နယ်၊ ဖောလ်ချပ်မြို့မှ ဖုန်းနံပါတ်ကို အော်ပရေတာအား ရွတ်ပြလိုက်သည်။

လင်းဒစ်ရှိ ကတုန်ကယင်နှင့် လဲမကျအောင် စားပွဲကို ဖမ်းဆုပ်ကာ ကိုယ်ကို ထိန်းထားရသည်။ သူ့ ခါးပတ်နောက်တွင် တပ်ထားသော ငါးလက်မခန့်ရှည်သည့် အလူမီနမ်ပြားလေးကို လက်နှင့် စမ်းမိ၏။

ယင်းအလူမီနမ်ပြားလေးထဲတွင် သံလိုက်နည်းဖြင့် စကားဝှက်ထည့်သွင်းထားသည်။ လင်းဒစ်ရှိပျောက်ဆုံးသွားကြောင်း သိသိချင်း သူ့အစောင့်များကထို အလူမီနမ်ပြားအတွင်းရှိ စကားဝှက်ကို ခြေရာခံလိုက်နိုင်ရန် အီလက်ထရွန်းနစ် အာရုံခံကိရိယာများကို ခလုတ်ဖွင့်၍ လိုက်ရှာခဲ့ကြခြင်း ဖြစ်သည်။

ဓင်းကိရိယာများသည် ကုန်းပေါ်၌ အကွာအဝေး ကန့်သတ်ချက်ဖြင့်





သာ သုံး၍ရသည်။ သို့သော် အမ်-ဘိုင် (၆)က အမြဲ အဆင်သင့်ထားရှိသည့် ဂြိုလ်တုတစ်လုံး၊ သို့မဟုတ် ကင်းထောက် လေယာဉ်ပျံတစ်စီးကိုသုံးပါက အခြားဝေဟင်ထောက်လှမ်းရေး ကိရိယာများကဲ့သို့ပင် အားကိုးရသည်။

လင်းဒစ်ရှိ ပြန်ပေးဆွဲခံရပြီး ဆယ့်နှစ်နာရီအကြာတွင် ပြန်ပေးဆွဲသူများက ၎င်းအား ဘယ်နေရာမှာ ဖမ်းထားကြောင်း လုံခြုံရေးအဖွဲ့ဝင်များရှာတွေ့ခဲ့ပေလိမ့်မည်။ ထိုနောက် ကယ်ဆယ်ရေးအတွက် အစီအစဉ်များလုပ်ကြရမည်။

အိမ်ခန်းတစ်ခန်းလုံး လင်းဒစ်ရှိမျက်စိထဲမှာ ချာလပတ်လည်နေသည်။

တယ်လီဖုန်းက တစ်ဘက်တွင် မြည်နေဆဲ။

ခေါ်ပေးနေဆဲ။

အတန်ကြာမှ ထူးသံကြားရသည်။

"အဲလီယော့ . . . ဆယ့်ခုနှစ် အပေါင်းသုံး"

ဟု လင်းဒစ်ရှိက အဲလီယော့နှင့် တွေ့ခွင့် တောင်းလိုက်သည်။

အဲလီယော့ ရှိပါမလား။

"ဟုတ်ကဲ့၊ သူနဲ့ဆက်ပေးပါ့မယ်"

စက္ကန့် အနည်းငယ်သာကြာသော်လည်း မိနစ် အတော်ကြာသလိုစောက်မေ့ရသည်။

အဲလီယော့၏ ထူးသံကို သူကြားရ၏။

"ခင်ဗျားရဲ့ မဟူရာအိမ်ရှေ့မင်းသားတွေကို ကျုပ်ရှာတွေ့ပြီ"

"ဘယ်မှာလဲ"

ကျုပ်အိမ်ကို လာသွားတယ်"

"ဘုရားရေ . . ."

"သူတို့နဲ့အတူ မိန်းမတစ်ယောက်လဲပါတယ်"

"ကျုပ်သိတယ်၊ ဘာဖြစ်သေးလဲ"

"သူတို့က ကျုပ်ကို ပြန်ပေးဆွဲသွားတယ်"

ထိုနောက် လင်းဒစ်ရှိက အဖြစ်အပျက်အားလုံးကို အစီရင်ခံလိုက်သည်။

"ရီးမတ် လွတ်သွားတယ်၊ ကျုပ်တို့ သူ့ကို လိုက်ရှာတုန်းပဲ၊ ရိုးမြူးလပ်နဲ့ ဟိုမိန်းမတော့ ပါရီကိုသွားပြီ"

"ဘာလုပ်ဖို့လဲ"

လင်းဒစ်ရှိက ရှင်းပြသည်။

"ကိုချူးဘေးက ကော်ဂျဘီကပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ သူ့အတွက် ခင်ဗျား စိုးရိမ်သလား"

ဘယ်ဟုတ်မလဲ၊ ဗန်ကောက်ကအဲလတာတ်ဂေဟာမှာ ရုရှတစ်ယောက်ကို ရီးမတ်က သတ်ပစ်ခဲ့တယ်၊ ရုရှတွေက သူ့ကို သေဒဏ်ပေးထားတယ်၊ဒါကိစ္စမှာ ကျုပ်တို့ဝင်ပါစရာ မလိုဘူး၊ ရီးမတ်ကို ကူညီတဲ့ငနဲကိုဖမ်းဖို့ ကျုပ်တို့လမ်းညွှန်လိုက်ရင် သူတို့ ကျုပ်တို့ကို ကျေးဇူးတင်လို့ဆုံးမှာ မဟုတ်ဘူး"

◆

( ၂၀ )

ရေစွန်၏ပြိုင်ဘက်က သူ့ကိုမီလာသည်။

ချောက်ကမ်းပါးထိပ်ရှိ ကျောက်ခဲတုံးများပေါ် မှာ ပြေးရတာ ပိုခက်ခဲလာသည်။

ဝိန်းပိတ်အောင်မှောင်နေသဖြင့်ခရစ္စ ဘယ်သွားလို့သွားမှန်း မမြင်ရ၊ ခြေဦးတည့်ရာ စွတ်ပြေးနေရခြင်းဖြစ်သည်။

ရုတ်တရက်နောက်လှည့်ပြီး သေနတ်နှင့် ပစ်ချင်သော်လည်း ညအမှောင်ကြောင့် ပစ်မှတ်ကို သဲသဲကွဲကွဲ မြင်ရလိမ့်မည်မဟုတ်မှန်း သူသိသည်။

နောက်ပြီး မိမိသေနတ်မှ မီးပွင့်ကြောင်း ရန်သူက မိမိရှိသည့်နေရာကို သိသွားမည်ဖြစ်သလို၊ သေနတ်သံကိုလည်း အခြားသူများ ကြားသွားနိုင်သည်။

ခရစ္စ ရင်တွေပူလာသည်။

နှလုံးက တဒိန်းဒိန်းခုန်နေသည်။

မှန်မှန်နှင့်သွက်သွက် ပြေးလိုက်လာသောရန်သူကြောင့် သူ အမောမပြေအားဘဲ ရှေ့ဆက်ပြေးနေရရှာသည်။ ခြေတံများကို အစွမ်းကုန်ဆန့်ထုတ်၍ ပြေးနေရသဖြင့် ကြွက်သားတွေ ကိုက်ခဲ့လာသည်။ အဝတ်အစားတွေလည်း ရေလောင်းထားသလို ချွေးရွှဲနစ်နေပြီ။

နောက်က အရှိန်မြင့်စွာဖြင့် ချဉ်းကပ်လာသည့် ခြေသံများက ရန်သူနှင့် မိမိ မလွဲမသွေဆုံစည်းထိတွေ့ရတော့မည်ဖြစ်ကြောင်း ကြိုတင်သတိပေး ခြိမ်းခြောက်နေကြသလို ဖြစ်သည်။

သူ့မျက်လုံးတွေ ဝါးနေသော်လည်း ရှေ့နားမှ အဖြူကွက်တစ်ကွက်ကို မြင်ရသည်။ ညာဘက်ရှိ ချောက်ကမ်းပါးထဲသို့ လျှောဆင်းသွားသောအကွေ့ဖြစ်ပြီး မြေဖြူခဲလိုဖြူဖွေးနေ၏။ နံရံချိုင့်ခွက်တစ်ခု ဖြစ်သည်။ ထိုချိုင့်ခွက်ထဲသို့ သူဗိုင်းဗင်ထိုးချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်း၊ ခါးရိုးတို့နှင့်ဆောင့်မိသည်။

ကျောက်တုံးများကို ကုတ်တွယ်ကာ အောက်သို့ဆင်းသည်။

မြောင်းက ပို၍မတ်စောက်လာသည်။

ရုတ်တရက် လျှောမဆင်းဘဲ နံရံသုံးဘက်ရှိသည့် လေပြွန်ခေါင်းကြီး တစ်ခုလို မတ်မတ်ကြီးဖြစ်သွားသည်။ ကြမ်းတမ်းသည့် နံရံများပေါ်၌ လက်နှင့် ကုတ်တွယ်ပြီး ခြေနှင့်နင်းရန် ချိုင့်ခွက်များရှိနေသည်။

ထိုကျောက်နံရံမှ သူရှာယ်ဆင်းစဉ် ရန်သူခြေသံများကို ကြားရသည်။ မြေဖြူကျောက်များ သူ့ပခုံးနှင့်ငယ်ထိပ်ပေါ် ပွဲရွဲကျလာကြသည်။ အောက်သို့ ကပျာကယာဆက်ဆင်းရာ သူ့လက်ဖျော့ ပွန်းပဲ့ကာ သွေးထွက်လာသည်။

အောက်ခြေကို ရောက်နိုင်ပါဦးမလား။

လေတိုက်သဖြင့် သူ့ ဆံပင်ဖွာလန်ကြဲသွားသည်။

ကမ်းခြေမှ ပင်လယ်လှိုင်းလုံးများရိုက်ခတ်သံက ပိုကျယ်လာသည်။

သူ ခြေချော်ကျလုနီးပါး ဖြစ်သွားရာ ကျောက်သားတစ်ခုကြား ခြေထောက်ထိုးထည့်ပြီး ထိန်းထားလိုက်ရသည်။

ထို့နောက် ကျောက်ခဲပေါ်များလှသည့် ကမ်းခြေသို့ ကုန်းလျှောမှ ဆင်းချသွား၏။

ငါးပေမြင့်သည့် မြေဖြူကျောက်ပြားတစ်ချပ်နောက်တွင် အကာ အကွယ်ယူလို့ရသည်။

မော်ဆာကို အိတ်ထဲမှထုတ်ကာ အသံတိတ်ကိရိယာကိုတပ်လိုက်သည်။

ဟန်ချက်ကောင်းစေရန် ခြေနှစ်ဖက်ကား၍ ညာလက်ဖြင့် ဖြောင့် တန်းစွာ ချိန်ရွယ်ပြီး ဘယ်လက်ဖြင့် ညာလက်သီးဆုပ်ကို ပင့်မထားလိုက်သည်။

ဟောဟိုမှာတွေ့ပြီ။

ချိုင့်ခွက်အတိုင်း ဆင်းချလာသော အရိပ်သဏ္ဍာန်တစ်ခု။

ခရစ္စက ခလုတ်ဆွဲ၍ ပစ်လိုက်သည်။

လှိုင်းပုတ်သံကြောင့် အသံတိတ်ကိရိယာမှ ဒုတ်ခနဲ မြည်သံနှင့် ရန်သူကို ကျည်ဆန်ထိမှန်သံတို့ကို မည်သို့မျှ မကြားနိုင်။

မှောင်မည်းနေသဖြင့် ရန်သူကို ထိမထိလည်း မသိရ။

သေနတ်ချိန်ရတာလည်း မလွယ်။ ထို့ကြောင့် လိုရမည်ရသဘောဖြင့် မိမိမြင်လိုက်သော သဏ္ဍာန်၏ အထက်နှင့်အောက်နားဆီသို့ သေနတ်နှင့် တစ်ချက်စီ ထပ်ပစ်လိုက်သည်။

ဆက်ရွှေ့လျားမယ်။





ဒီနေရာမှာ ဆက်နေလျှင် ရန်သူက မိမိနေရာကို တွက်ဆဖို့ အချိန် ရသွားမည်။

မြေဖြူကျောက်ဆောင် တစ်ခုပြီးတစ်ခု အကာအကွယ်ယူကာ သူ ခါးကိုင်းလျက် ကမ်းခြေတစ်လျှောက် ပြေးသွားသည်။ တိုက်အိမ်ကလေးနှင့် ဝေးသည်ထက် ဝေးရာဆီသို့ ပြေးရမည်။

သူ့နောက်ဘက်တွင် ချောက်ကမ်းပါးထိပ်၌ မီးတောက်များကြောင့် ညသည် ထိန်လင်းနေ၏။

မိုးချုန်းသလို တစ်ဝုန်းဝုန်းမြည်ဟည်းနေသည့် ပင်လယ်လှိုင်းလုံးများ ရိုက်ခတ်သံများကြောင့် မိမိဆီ ပြေးလာမည့် ခြေသံများကို နားစွင့်လို့မရပါ။

ခရစ္စ နောက်လှည့်ကာ နောက်ပြန်ပြေးရင်း အဝေးမှ ကျောက်နံရံ ချိုင့်ခွက်ကို လှမ်းကြည့်သွားသည်။

မိမိက ယင်းချိုင့်ကို မမြင်ရတော့သဖြင့် ရန်သူလည်း မိမိကို မြင်နိုင် တော့မည် မဟုတ်ဟု ယူဆမိသည်။ ထို့ကြောင့် ရှေ့သို့လှည့်ပြီး ဆက်ပြေးသည်။

ကမ်းခြေမှာ လိုဏ်ခေါင်းကြီးနှင့် တူနေသည်။

မြေဖြူသားကျောက်ကမ်းပါးကြီးက ဘယ်ဘက်တွင် တစ်နံတစ်လျား ရှိနေပြီး ညာဘက်တွင် ပင်လယ်လှိုင်းခေါင်းဖြူများက တဝုန်းဝုန်းလှိမ့်ဝင်လာ လျက်ရှိသည်။

ဤလိုဏ်ခေါင်းကြီး၏ အဆုံးတွင် ရွာကလေး တစ်ရွာကို ရေးရေးမျှ မြင်ရသည်။

သူ အရှိန်မြှင့်၍ပြေး၏။

ထိုရွာ၌ မော်တော်ကားတစ်စီး ငှားလို့ရမလားမသိ။ ချောက်ကမ်းပါးက ပို၍ခွေပြီး နိမ့်ကျလာသည်။

ခရစ္စခေါင်းပေါ်မှ ကျည်ဆန်တစ်တောင့်ရှပ်ပြေးသွားသဖြင့် သူ ကျောက်တုံးတွေကြား ဒိုင်ဗင်ထိုးဝင်လိုက်ရသည်။

သူ့ အပေါ်ဘက် အမှောင်ထဲမှ လှမ်းပစ်လိုက်ခြင်းဖြစ်သည်။

အသံတိတ်ကိရိယာတပ်ပြီးပစ်သဖြင့် လှိုင်းပုတ်သံကိုသာကြားရ သည်။ သေနတ်ပြောင်းဝမှမီးပွင့်ကိုပင် လက်ခနဲမမြင်လိုက်ရ။

ခရစ္စ စိတ်ထဲက ကျိန်ဆဲလိုက်သည်။

ရန်သူသည် ခရစ္စဝင်ခိုခဲ့သည့် ချိုင့်ကြီးထဲသို့မဝင်ဘဲချောက်ကမ်းပါး ထိပ်ပိုင်း တစ်လျှောက်သာ ပြေးလိုက်ခဲ့သည်။ ခရစ္စ ထောင်ချောက်ဆင်ထား မည်ဟု ၎င်းတွက်ထားဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စသည် တိုက်အိမ်ကလေးနှင့် ဝေးရာ ကမ်းခြေ အတိုင်းထွက်ပြေးမည်ဟုသိသဖြင့် ခရစ္စကိုကြားဖြတ်တားဆီးရန် ရှေ့မှ ကြိုရောက်နိုင်မည့် အဆင်းလမ်းတစ်ခုကို ရှာဖွေခဲ့သည်။

ယခု ခရစ္စ ပိတ်မိပြီ။

ငါပြန်ဆုတ်လို့မရဘူး။ သူတို့တွေ ခုလောက်ဆို ကမ်းခြေဟိုဘက်စွန်းမှာ ရှာနေကြလောက်ပြီ။ သူတို့လူစုခွဲပြီး ချောက်ကမ်းပါးရဲ့ အပေါ်နဲ့အောက်မှာ လိုက်ရှာဦးမယ်။

တဖြည်းဖြည်းနဲ့ ဒီနေရာကို သူတို့ရောက်လာကြမှာပဲ။ ရန်သူပတ်လည်ဝိုင်းထား ပါရောလား။

မိမိဘေးတစ်ဘက်စီမှာလည်း ချောက်ကမ်းပါးနှင့် ပင်လယ်ရေပြင်တို့ ရှိနေသည်။

ရှေ့မှာရော နောက်မှာရော ရန်သူတွေညှပ်ထား၏။

တစ်စုံတစ်ခု လှုပ်သွားသည်။

ဖြူဖွေးသည့် ကျောက်သားကို နောက်ခံပြုပြီး ရွေ့လျားသွားသော အရိပ်သဏ္ဌာန်တစ်ခု။

ခရစ္စက ထိုအရိပ်ကို သေနတ်နှင့်လိုက်ချိန်ပြီး ဒိုင်းခနဲပစ်ကာ ကိုယ်ကို လှိမ့်ချလိုက်သည်။

သူ့နံဘေး ကျောက်ဆောင်ကို ကျည်ဆန် လာမှန်သည်။

ကျည်ဆန် ပြန်ကန်ပြီး ရေထဲကျသွား၏။

သူ ကိုယ်ကိုလှိမ့်လိုက်ပြန်သည်။ မျက်လုံးက ချောက်ကမ်းပါးဆီ ရောက်နေသည်။

သည်တစ်ခါ ရန်သူ့ ကျည်ဆန်က ကျောက်တုံးကိုထိမှန်ကာ ခွဲခြေပစ်လိုက်သဖြင့် သူ့ခေါင်းကို ကျောက်ခဲစများ လာမှန်သည်။ ပူခနဲ ခံစားလိုက်ရသည်။

ဒူးတစ်ဘက်ထောက်ကာ မိမိအားသေနတ်နှင့် လှမ်းချိန်နေသော ကုန်းကွကွသဏ္ဌာန်တစ်ခုကို သဲသဲကွဲကွဲမြင်ရ၏။

ခရစ္စက သူ့အရင် ပစ်ထည့်လိုက်သည်။

ထိုလူယိုင်ထွက်သွားပြီး နအော်သံတစ်ချက်ကြားလိုက်ရသည်။

မိမိ ဒီအောက်မှာ ဆက်နေလို့မဖြစ်။

ရန်သူတွေကို ဘယ်လောက်ကြာကြာ အရှောင်အတိမ်းဆက် လုပ်နိုင်မှာလဲ။





ရှာသမျှ စက္ကန့် အနည်းငယ်အတွင်း သူ ကျောက်တုံး များပေါ်မှ မာရသွန်ပြေးသည်။

ဝတ်စုံနက်နှင့် ဘယ်ဘက်လက်မောင်း ဖော်ရာ ရထားသော လူတစ်ယောက် ကျောက်ခဲများကြားမှ တစ်စုံတစ်ခုကိုလက်နှင့် လိုက်စမ်းနေသည်ကို တွေ့ရသည်။

ခရစ္စက ပြေးလာရာမှရပ်ပြီး မော်ဆာ ခလုတ်ကို ဆွဲလိုက်သည်။

ဘာမှမဖြစ်။

ကျည်ဆန် ရှစ်တောင့်စလုံး ကုန်သွားပြီ။

မော်ဆာကို လွှင့်ပစ်ပြီး ကုတ်အင်္ကျီဘယ်ဘက်လက်မောင်းစတွင် ဝှက်ထားသည့် ဓားအိမ်ထဲမှ ဓားမြှောင်ကို ဆွဲထုတ်ကာ ပြေးသွားသည်။ မြေကြီးပေါ်မှလူက သေနတ်ကို လှမ်းမဆွဲတော့ဘဲ မတ်တတ်ကုန်းထကာ ၎င်း၏ဓားမြှောင်ကို ထုတ်ကိုင်လိုက်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၁ )

ကြေးစားများသည်လည်း လမ်းသရဲဂိုဏ်းဝင်များ၏ ဓားမြှောင်ကိုင်နည်းအတိုင်း ကိုင်ကြပေသည်။ ဓားသွားကိုအပေါ် ထောင်၍ ကိုင်ဟန်ဖြစ်၏။

ထိုသို့ကိုင်ပြီး လျှောက်ခုန်မနေဘဲ ခြေနှစ်ဖက် ကား၍ဒူးကွေး ခါးကိုင်းကာ မြဲမြဲရပ်နေသည်။ လွတ်နေသော လက်မောင်းတစ်ဖက်ကို ဒိုင်းသဖွယ် ရင်ဘတ်ရှေ့က ခံထားသည်။ လက်ကောက်ဝတ်ကို မိမိဘက်သို့ ကွေးထားခြင်းဖြင့်အရေးကြီးသည့် သွေးကြောများ ထိခိုက်မှုကို ကာကွယ်နိုင်သည်။

ဓားကိုင်ထားသော လက်မောင်းက ရှေ့တည့်တည့်မှ ထိုး။ ဘေးသို့လည်း မဝိုက်။ ရန်သူ၏ရင်ဘတ်နှင့်ဝမ်းဗိုက်ကို လျစ်လျူရှုပြီး မျက်လုံးနှင့်လည်မျိုကိုသာ ထိုးဖို့ကြိုးစားရသည်။

ခရစ္စက ထိုအနေအထားအတိုင်း ရပ်လိုက်၏။ သူ့ ရန်သူကပါ သူပုံစံမျိုးလုပ်လိုက်သည်ကိုတွေ့ရသဖြင့် သူအံ့အားသင့်သွားသည်။

ဤတိုက်ခိုက်နည်းကို အစ္စရေးရှိရောသ်ဘာ့ဂ်၏သင်တန်းတွင်သူသင်ခဲ့ရ၏။ ဤနည်းသည် ထူးခြားသည်။ သီးသန့်ဖြစ်သည်။ ယခု မိမိရန်သူသည်လည်း ဤနည်းကို ထိုသင်တန်း၌တတ်မြောက်ခဲ့ခြင်း ဖြစ်မည်။

ခရစ္စ မယုံနိုင်အောင် ဖြစ်ရပြီ။

လင်းဒစ်ရှ်ရော. . . အဲလိယော့နည်းတူ ရောသ်ဘာ့ဂ်ထံ သူ့ကိုယ် ပိုင်ဓစ်သည်တော်တွေ စေလွှတ်ခဲ့ဖူးသလား။ ဘာအတွက်လဲ။ လင်းဒစ်ရှ်နဲ့ အဲလီယော့ဘယ်လိုဆက်စပ်နေသလဲ။ သူတို့ ဘာတွေများ ပူးပေါင်းလုပ်ကြခဲ့ကြသလဲ။ ဘယ်လိုပါဝင် ပတ်သက်ခဲ့သလဲ။

ခရစ္စက ဓားနှင့် လှမ်းထိုးသည်။

ရန်သူက လက်မောင်းနှင့် ခံလိုက်ရာ ဓားရှသွားသော်လည်း ၎င်းက မမှုဘဲ ခရစ္စကို ဓားနှင့်ပြန်ထိုးသည်။ ခရစ္စ လက်ကောက်ဝတ် ဓားထိပြီး သွေး





တွေပန်းထွက်လာသည်။

အချိန်ရလျှင်တော့ ဒဏ်ရာရသောလက်ကို ကုတ်အင်္ကျီချွတ်ပြီး ပတ်တီးသဖွယ် စည်းထားလိုက်မည်ဖြစ်သည်။ သို့သော်ယခု ထိုသို့ မလုပ်နိုင်။ သည်ဒဏ်ရာကို အောင့်ခံရမည်။

ကိုယ့်အသက်ထက် ဘယ်အရာမှ တန်ဖိုးမရှိနိုင်။

ခရစ္စက ရန်သူကို ဓားနှင့် ထပ်ထိုးသည်။ ရန်သူက လက်မောင်းနှင့် ထပ်ကာပြီး ခရစ္စကို ဓားနှင့် ထိုးပြန်သည်။ ခရစ္စ လက်မောင်း သွေးချင်းချင်းနီနေပြီ။ အရေပြားလန်သွားပြီ။

ခရစ္စကလည်း လက်မောင်းနှင့် ပြန်ကာသည်။ ရန်သူ့အားက ထက်လွန်း သွက်လွန်း၏။

မိမိလက်မောင်း ဓားထိမှန်းပင် မသိလိုက်။

အခြေအနေက သရေကျနေပြီ။

တစ်ဦးနှင့်တစ်ဦး လက်ရည်ချင်းတူနေ၏။

ခရစ္စက ကိုယ်ကိုဝပ်လျက် ခြေထောက်ကို ရဲရဲ ချနင်းကာ ရန်သူကို သတိနှင့် ဖြည်းညင်းစွာ လှည့်ပတ်ကြည့်သည်။ ရန်သူ့အားနည်းချက်ကို ရှာဖွေသည်။

ရန်သူကလည်း သူ့ကိုမျက်နှာချင်းဆိုင်ထားရန် ၎င်းကိုယ်ကို ပတ်ချာလှည့်နေသည်။ ခရစ္စအား ၎င်း နောက်ကျောသို့ အရောက်မခံ။

ခရစ္စက ရန်သူ့အားစက်ဝိုင်း၏ဗဟိုမှာသာရှိနေစေချင်သည်။ စက်ဝိုင်း၏စည်းပေါ်မှာပတ်ချာလှည့်နေသောမိမိသည် စက်ဝိုင်းဗဟို၌ ပတ်ချာလှည့်နေရသည့် ရန်သူလောက် ခေါင်းမူးမည်မဟုတ်။

သို့သော် ရန်သူက ခရစ္စအကြံကို ရိပ်မိ၏။ ထို့ကြောင့် ၎င်းက ခရစ္စနည်းအတိုင်း လိုက်လုပ်သည်။ ခရစ္စကို ပတ်ချာဝိုင်းသည်။ ထိုအခါသူတို့နှစ်ယောက်၏ စက်ဝိုင်းနှစ်ခုက အချင်းချင်းထိတွေ့ပိုင်းဖြတ်လျက်ရှိပြီး အင်္ဂလိပ်ဂဏန်း "ရှစ်" ပုံသဏ္ဌာန်ပေါ်လာသည်။

သရေဖြစ်သွားပြန်ပြီ။

လက်ရည်ချင်း တူနေပြန်ပြီ။

"ဆာမူရိုင်းဆိုတာ သေဖို့ မွေးဖွားလာသူပဲ၊ သေရေးရှင်ရေး အခြေအနေက ၅၀-၅၀ ရှိတဲ့အခါ လိုအပ်ရင် သေဖို့သာပြင်လိုက်၊ ဒါဘာမှ မခဲယဉ်းဘူး၊ ရင်ကော့ပြီးသာ အသေခံလိုက်"

ဟု သိုင်းဆရာအီရှီဂုရိုက ပြောခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ခရစ္စလည်း အီရှီဂုရိ ဩဝါဒကို လိုက်နာလျက်ရှိ၏။

မိမိ သေရေးရှင်ရေးကို ပဓာနမထားဘဲ လက်ရှိဗျူဟာဖြင့်သာ ဆက်တိုက်သည်။

ဓားနှင့်ထိုး၊ လက်မောင်းနှင့်ကာ၊ ပြီးတော့ ပတ်ချာလှည့်ကြည့်။

နောက်တစ်ခါက် ထပ်လုပ်ဦး။

ခရစ္စလက်မောင်းသွေးရဲပြီး စုတ်ပြတ်သတ်နေပြီ။ ဒဏ်ရာက နာကျင် ကိုက်ခဲနေ၏။ ထိုး . . . ကာ . . . ပတ်ချာလှည့်။

"အမှောင်ထဲမှာ သေမင်းကို ရင်ဆိုင်တိုက်ရတာလောက် ပင်ပန်းတာ မရှိဘူး"

ဟု ကရာတေးဆရာလီက လွန်ခဲ့သော နှစ်ပေါင်းများစွာက ပြောခဲ့ဖူး သည်။

"မြင်ဖက်နှစ်ဦးစလုံး လက်ရည်တူနေတဲ့အခါ အသိဉာဏ်ချင်းတူတဲ့ အခါ သက်လုံ ပိုကောင်းတဲ့လူက နိုင်မှာပဲ"

ဟုလည်း ရှော့ဘ်ဘွဂ်က ပြောခဲ့သည်။

ရန်သူမှာ အသက် ၂၉ နှစ်ခန့်သာ ရှိဦးမည်ဟု အသက် ၃၆ နှစ်ရှိ ခရစ္စက ခန့်မှန်းသည်။

ဓားထိုး တိုက်ခိုက်သည့်အခါ အရေးကြီးဆုံးအချက်မှာ ချောင်ပိတ် မခံရဖို့ပဲ ဖြစ်သည်။

ရန်သူက ခရစ္စအား တဖြည်းဖြည်းနှင့် ချောက်ကမ်းပါးနား ကပ်သွား အောင် မသိမသာ တွန်းပို့လျက်ရှိသည်။

ခရစ္စ ကျောက်ဆောင်ကျောက်သားများကြားတွင် ညပ်သွား၏။

သူ့သွေးရူးသွေးတန်းနှင့် လှမ်းထိုးသည်။ ရန်သူက ခေါင်းငုံ့ ရှောင်ပြီး ခရစ္စလက်မောင်းအောက်မှ ပင့်ထိုးသည်။

ဓားမြှောင်က ဓားရိုးအထိ စင်သွားသည်။

ခရစ္စ အသက်ရှူကျပ်သွားသည်။

လည်မျိုကွဲသွားသည်။

သွေးကြောတစ်မျှင် ပေါက်သွား၏။

ပါးစပ်ထဲ၌ သွေးတွေပြည့်လျှံသွားသည်။

အသက်ရှူကျပ်ပြီး ,သူ ဘာမှမသိတော့။

◆

( ၂၂ )

"သေချာရဲ့လား . . . ဟုတ်ရဲ့လား၊ တကယ်ပြောတာနော် . . . ၊ ဟုတ်လား"

အဲလိယော့က မှန်လုံအိမ်ထဲရှိတယ်လီဖုန်းကို ကိုင်လျက် အာလုပ်သံ ကြီးနှင့်ပြော့သည်။

"လုံးဝသေချာတယ်၊ အမှားအယွင်းမရှိဘူး၊ အလောင်းကို ကျုပ်ကိုယ် တိုင်စစ်ဆေးပြီးပြီ၊ ကျုပ်ရဲ့နှင်းဆီတွေကို ကူညီဖျက်ဆီးပေးခဲ့တဲ့ ရီးမတ်ဆိုတဲ့လူ သေသွားပြီ"

လင်းဒစ်ရှ်က လုံခြုံစိတ်ချရသည့် တယ်လီဖုန်းလိုင်းမှ ပြောသည်။

အဲလိယော့ ရင်ခေါင်းထဲ အေးစိမ့်သွားသည်။

သူ့အလုပ်ကိစ္စအကြောင်း အာရုံပြောင်းစဉ်းစားလိုက်၏။

"အဲဒီနေရာတစ်ဝိုက်ကို ရှင်းပြီးပြီလား"

"ပြီးသွားပြီ၊ သူတို့ရဲ့လက်ငွေ့ရာတွေကို ဖျောက်ဖျက်ဖို့ သူတို့အိမ်က လေးကိုပါ မီးရှို့ပစ်ခဲ့တယ်၊ အာဏာပိုင်တွေမလာခင် ကျုပ်တို့အဲဒီက လစ်ခဲ့ တယ်၊ အဲဒီမှာ ဘယ်သူတွေရှိနေခဲ့မှန်းသူတို့ ဘယ်နည်းနဲ့မှ မသိနိုင်တော့ဘူး"

"အလောင်းရော"

အဲလိယော့ တံတွေးမနည်းမျိုချရသည်။

"ကျုပ်ရဲ့လေယာဉ်ပျံပေါ် တင်ခိုင်းလိုက်တယ်၊ လေယာဉ်မှူးက အလောင်းကိုအလေးတွေနဲ့ချည်ပြီး ပင်လယ်ပြင်မှာ ပစ်ချခဲ့လိမ့်မယ်၊ ပင်လယ် လှိုင်းနဲ့ ကမ်းပေါ် မျောပါမလာစေရဘူး"

"ဟုတ်ပြီ၊ ခင်ဗျားအကွက်စေ့အောင်လုပ်နိုင်သားပဲ"

အဲလိယော့ မျက်မှောင်ကျုတ်လိုက်၏။

"ဘာဖြစ်နေလဲ၊ ခင်ဗျားအသံက တစ်မျိုးကြီး"

"ကျုပ်က အဲဒီလိုဖြစ်မယ်မထင် . . . အဲ . . . ဒို . . . ဘာမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး"

"ဘာလဲ"

"အရေးမကြီးပါဘူး"

"ရိုးမြူးလက်နဲ့ ဟိုမိန်းမကိစ္စ ကျုပ်တို့ ရှင်းရအုံးမယ်"

"ကျုပ် အစီအစဉ်တွေလုပ်ပြီးပြီ၊ ကျုပ် သတင်းရရချင်း ခင်ဗျားကို ဖုန်းဆက်ပါမယ်"

အဲလီယော့က လက်မောင်းတစ်ဘက်ထုံကျဉ်စွာဖြင့် တယ်လီဖုန်းကို ပြန်ချလိုက်သည်။

သူဘာတွေဖြစ်နေမှန်း သူဘာသာမသိ။ ပါရာဒင် လုပ်ကြံမှုကြီးဖြစ်ပွားပြီး လွန်ခဲ့သော ရက်သတ္တသုံးပတ်အတွင်း၌ သူ၏ရည်ရွယ်ချက်တစ်ခုမှာ ဆောလ်ကိုရှာဖွေပြီး ဖော်ကောင် မလုပ်နိုင်မီ နှုတ်ပိတ်ပစ်ဖို့ဖြစ်သည်။ သမ္မတကြီးသည် ၎င်း၏မိတ်ဆွေ ဘာကြောင့် အသတ်ခံရကြောင်းကို ဘယ်တော့မှ သိခွင့်ရမည်မဟုတ်။

ထိုကာလအတွင်း ခရစ္စကဒုက္ခပေးလာသော်လည်း ယခုတော့ ဖြေရှင်းနိုင်ခဲ့ပြီ။

တစ်ယောက် သေပြီး တစ်ယောက် ရှာတွေ့သွားပြီမို့ အဲလီယော့၏ ရည်မှန်းချက်ပန်းတိုင်ရောက်ခါနီးပြီ။ မိမိကိုယ်တို ကာကွယ်နိုင်တော့မည်။

သို့တစေ . . .၊ ဘာကြောင့် မိမိ နောင်တကြီးစွာ ရနေသလဲ။

ခရစ္စနှင့် ဆောလ်တို့အား ၁၉၅၂၊ အမေရိကန် အလုပ်သမားနေ့က ပထမဆုံးအကြိမ် တောစခန်းခရီးထွက်ဖို့ မိမိခေါ်ထုတ်သွားခဲ့ပုံကို ပြန်သတိရလာသည်။

ထိုစဉ်က ၎င်းတို့သည် အသက် ခုနစ်နှစ် အရွယ် ရောက်နေကြပြီး ဖရန်ကလင်ကျောင်း၌ ကျောင်းသား ဖြစ်ခဲ့သည်မှာ နှစ်နှစ်ရှိသွားချေပြီ။

သူတို့နှစ်ယောက်၏ တက်ကြွသော အပြစ် ကင်းစင်သည့် မျက်နှာများ၊ ခင်မင်မြတ်နိုးမှုကို တောင့်တမှု၊ မိမိကျေနပ်အောင်လုပ်ပေးလိုစိတ် စသည်တို့ကို အဲလီယော့ ပြန်မြင်ယောင်မိသည်။

မိမိ၏ မွေးစားသား များစွာအနက် သူတို့ နှစ်ယောက်ကို သူ အနှစ်သက်ဆုံးဖြစ်သည်။

ခရစ္စသည် သေဖို့အချိန် ဆွဲနိုင်ခဲ့ခြင်းအတွက် အဲလီယော့ကျေနပ်အားရမိသည်။ တကယ်တော့ မိမိအနေနှင့် ဝမ်းမသာသင့်။

သို့တစေ . . . သည်ကောင်းလေးကို သည်ပညာတွေ တတ်အောင်





မိမိပဲသင်ပေးခဲ့သည် မဟုတ်လား။ ထို့ကြောင့် ခရစ္စအတွက် မိမိ ဂုဏ်ယူသင့်သည်။ ဘုရားသခင် စောင့်ရှောက်ပါစေ . . .။

နှစ်ပေါင်းသုံးဆယ်ဆိုတာ ဒီလောက်ပဲ မြန်မြန်ဆန်ဆန် ကုန်လွန်သွားနိုင်ပါသလား။

ခရစ္စအတွက် ဝမ်းနည်းခြင်းလား။

မိမိအတွက် ဝမ်းနည်းခြင်းလား။

မကြာခင် ဆောလ်လည်းသေရတော့မည်။

ကေဂျီဘီကို သတိပေးလိုက်ပြီ။

၎င်းတို့ မြန်မြန် လုပ်နိုင်လျှင်တော့ ထောင့်ချောက်ကို ပိတ်နိုင်လိမ့်မည်။

အရေးအခင်းသည် နောက်ဆုံး၌ နိဂုံးချုပ်သွားမည်။ လျှို့ဝှက်ချက်လည်း ပေါက်ကြားတော့မည် မဟုတ်။

မိမိ မွေးစားသားများအနက် ယခု မှန်လုံအိမ်ကိုစောင့်ကြပ်ပေးနေကြသော ကာစတာနှင့် ပိုလပ်ဇ်တို့နှစ်ယောက်သာ ကျန်တော့သည်။

အခြားကလေးများမှာ တာဝန် ထမ်းဆောင်ရင်း ကျဆုံးသွားခဲ့ကြပြီ။

ငါ့သားတွေအားလုံး သေပေမယ့် ငါကတော့အသက်ရှင်ပြီး ကျန်ချင်ကျန်ခဲ့မှာပဲ။ ဆောလ်အပေါ် ချမှတ်ထားတဲ့ သေဒဏ်ကို ဆိုင်းငံ့ထားလိုက်ရလျှင် ကောင်းမလား။

လုံးဝမဖြစ်နိုင်။

အဲလီယော့ စိတ်အိုက်လာသည်။ ဆောလ် လွတ်သွားခဲ့လျှင် ဘယ်နှယ်လုပ်ပါ့။ လုံးဝ မတွေးဝံ့စရာ။

လွတ်သွားပြီပဲထား၊ ထိုအခါ ခရစ္စ သေဆုံးသည့်သတင်းကို သူကြားသွားမည်။ ငါ့ဆီကို သူလိုက်လာမယ်။ သူဘယ်တော့မှ ဖွဲလျှော့မှာ မဟုတ်ဘူး။

သူ့ကို ဘယ်သူကမှ တားလို့ မရနိုင်ဘူး။

◆

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၄)

# အဖြစ်အပျက်

www.burmeseclassic.com

www.burmeseclassic.com

## ဒေါသမှာန်

### ( ၁ )

ဆောလီသည် ရုပ်ကွက်အတွင်းရှိ ရုပ်ထားသောမော်တော်ကားတန်း၏ အလယ်တွင် ရောရှိ၍ရပ်ထားသည့် စစ်ထရန်အငှားကား၏ ရှေ့လေကာမှန်ချပ်မှ နေ၍ မြူခိုးဝေသောလမ်းကို စိုက်ကြည့်နေသည်။

သူနှင့်အဲရစ်ကာတို့သည် ရည်းစားစုံတွဲဟန်ဖြင့်ဖူးပူးကပ်ကပ် ထိုင်နေကြပြီး သူ့လက်မောင်းတစ်ဖက်ဖြင့် သူမအားဖက်ထားသည်။

သို့သော် သူမအားဖက်ထားရသည့်တိုင် သူ့အရသာ မခံနိုင်ရှာချေ။ တာရုံထွေပြားလို့မဖြစ်။

ယခုအလုပ်ပေါ်တွင် အရာများစွာ မူတည်နေသည် မဟုတ်လား။

"လင်းဒစ်ရှိပြောတာမှန်ရင်တော့ ကျွန်မတို့ တော်တြာကျအဖြေတွေ နည်းပါပါးရလိမ့်မယ်"

အဲရစ်ကာက ပြောလိုက်သည်။

ဗစ်တာပီထရိုဗစ် ကိုချူဘေးသည် ယနေ့ညဆိုဗီယက်သံရုံး၌ ပြင်သစ်ဆိုဗီယက် ပူးပေါင်းဆောင်ရွက်မှုကိစ္စအသစ်တစ်ရပ်ကို ဂုဏ်ပြုသည့် ညစာခံပွဲတွင် တယောတီး ဖြေဖျော်မည်ဖြစ်ကြောင်း အဲရစ်ကာ၏ မိုဆက်ဒ်အဖွဲ့မှ သတင်းသမားများက သတင်းပို့ထားခဲ့ပြီးဖြစ်သည်။

"ဒါပေမယ့် ကိုချူဘေးကို အဲဒီမှာ ဝင်ဖမ်းလို့တော့ မဖြစ်ဘူး၊ တခြား စထောက်လှမ်းရေးအဖွဲ့တွေက အဲဒီသံရုံးဝင်ပေါက်အားလုံးကို ရုပ်သံကင်မရာတွေနဲ့စောင့်ကြည့်နေကြတယ်၊ မသင်္ကာသူ တစ်ယောက်ကိုတွေ့ရင် ရဲကမ်းမှာပဲ၊ ဆိုဗီယက်တွေနဲ့ဆက်ဆံရေးပျက်ပြားအောင် ဘယ်သူမှ လုပ်ချင်မရှိဘူး၊ ပြင်သစ်နှင့် ရုရှတွေ ခုချိန်မှာအတော်တည့်နေကြတယ်၊ ရှုးဒီလေဗစ်လမ်းက

www.burmeseclassic.com



သူတိုက်ခန်းကိုပြန်လာမှာပဲ ပြန်ပေးဆွဲရင်ကောင်းလိမ့်မယ်"

တု အဆိုပါသတင်းပေးသမားကပြောခဲ့သည်။

"သူမှာ သက်တော်စောင့်တွေ မရှိဘူးလား"

ဆောလ်က မေးရာ

"တယောသမား တစ်ယောက်ဟာ ဘာလုပ်ဖို့ သက်တော်စောင့် လိုဦးမှာလဲ"

ဟု သတင်းပေးသမားက ပြန်ဖြေခဲ့သည်။

မနက်တစ်နာရီထိုးပြီး ရှစ်မိနစ်တွင် ကိုချူးဘေးသည် ၎င်း၏ ပူဂျိုကားလေးဖြင့် သံရုံးမှ ပြန်လာသည်။

အဲရစ်ကာက ကားပေါ်မှဆင်းပြီး ခြေကျင်လျှောက်သွား၏။ အသက် ငါးဆယ်ကျော်၊ အရပ်မြင့်မြင့်၊ ရုပ်ရည်ကြမ်းတမ်းသော်လည်းသိမ်မွေ့နူးညံ့ သော စိတ်ထားရှိပုံရသော ကိုချူးဘေးသည် ကားသော့ခတ်ပြီး တယောထည့် သည့် သားရေသေတ္တာကို ဂရုတစိုက်ဆွဲကိုင်လျက် သူ့ တိုက်ခန်းသို့ ချဉ်းကပ် သွားသည်။ "တပ်ဇီဒို" ခေါ် ပွဲထိုင်ဝတ်စုံကို ဝတ်ဆင်ထား၏။

တိုက်ရှေ့ တံခါးမနားသို့ ကိုချူးဘေး ရောက်သွားစဉ် အဲရစ်ကာက ၎င်းထံချဉ်းကပ်သွားသည်။

လမ်းပေါ်မှာ တိတ်ဆိတ်ခြောက်ကပ်နေ၏။

"မိန်းမသားတစ်ယောက်ဟာ ဒီလောက် ညဉ့်နက်ချိန်မှာ လမ်းပေါ် မှာ မရှိသင့်ဘူး၊ ကေန္တ . . . မင်း ကမ်းလှမ်းချင်တာရှိလို့ ထင်တယ်"

ကိုချူးဘေးက စပြောသည်။

"ရှင့်ပါးစပ် ပိတ်ထားစမ်း ဗစ်တာ၊ ကျွန်မလက်ကိုင်အိတ်ထဲမှာ ပါတဲ့ ပစ္စတိုနဲ့ ရှင့်ရဲ့ခွကြားကို ချိန်ထားတယ်သိလား၊ ကဲ . . . ပလက်ဖောင်းအစပ်မှာ သွားရပ်နေပါ၊ ရှင်အနားကို မော်တော်ကားတစ်စီး ရောက်လာလိမ့်မယ်"

အဲရစ်ကာက အမိန့်ပေးလိုက်သည်။

ကိုချူးဘေးက သူမအားစိုက်ကြည့်ပြီး ခိုင်းသည့်အတိုင်းလုပ်လိုက်သည်။

ဆောလ်က ကားကိုရပ်ပြီး ရှေ့ခုံမှ နောက်ခုံသို့ ခုကျော်ထိုင်ကာ နောက်ခုံပေါ် ဝင်ထိုင်လိုက်သော ကိုချူးဘေးကို စမ်းသပ်ရှာဖွေပြီး ၎င်း၏ တယောသေတ္တာကို ဆွဲယူလိုက်သည်။

"ဖြည်းဖြည်း၊ အဲဒါ စထရာဒီဗေရီး တယောဗျ"

"ဘာမှ မဖြစ်စေရဘူး စိတ်ချ"

"ဟုတ်တယ်၊ ကျွန်မတို့ကို ကူညီသမျှ ရှင့်တယောကို ကျွန်မတို့ ဘာမှ





မဖြစ်အောင် တာဝန်ယူပါ့မယ်"

အဲရစ်ကာက ကားမောင်းသွားသည်။

"ခင်ဗျားတို့ကို ကူညီရမယ်ဟုတ်လား၊ ဘယ်လိုကူညီရမှာလဲ"

ခင်ဗျားတို့ ဘာလိုချင်မှန်းတောင် ကျုပ်မသိဘူး"

ကိုချူးဘေး စိတ်ချောက်ချားစွာဖြင့် ပါးစပ် ဖွင့်ချည်ပိတ်ချည်ဖြစ်နေသည်။

"သတင်းပို့ချက်တွေ"

"ဘာ . . ."

"လင်းဒစ်ရှိဆီ ပို့ပေးတဲ့ သတင်းတွေလေ"

"အဲလိယော့ဆီ လက်ဆင့်ကမ်းခိုင်းတာ၊ မှတ်မိတယ်နော်"

အဲရစ်ကာက ဝင်ထောက်သည်။

"ခင်ဗျားတို့ နှစ်ယောက် ရူးနေလား၊ ဘာတွေလာပြောနေတာလဲ"

ဆောလ်က ခေါင်းခါပြီး ပြတင်းမှန်ချပ်ဖွင့်ကာ တယောသေတ္တာကြီး ကို ပြတင်းပေါက်ဘောင်ပေါ်တွင် အလယ်ကျကျတင်လိုက်သည်။

"ကျုပ် တယောကျိုးသွားရင် ပြန်ပြင်လို့မရတော့ဘူး"

"နောက်တစ်လက် ထပ်ဝယ်ပေါ့"

"ရူးနေလား၊ ဒါမျိုး ကျုပ် ဘယ်မှာထပ်ရှာလို့ရမှာလဲ"

ဆောလ်က တယောသေတ္တာကြီးကို လက်လွှတ်လိုက်ရာ သေတ္တာမှာ ပြတင်းပေါက်မှ ထွက်ကျလုလုဖြစ်သွားစဉ် ကိုချူးဘေး အလန့်တကြားအော်ပြီး ဖမ်းဆွဲထားလိုက်၏။

ဆောလ်က ၎င်းကို ဆောင့်တွန်းပြီး သေတ္တာကို ပြန်လုယူလိုက်သည်။

"သတင်းပို့ချက်တွေပြော"

"အဲဒီမှာ ဘာတွေပါမှန်း ကျုပ် လုံးလုံးမသိဘူး၊ ကျုပ်က သတင်း သယ်ပို့တဲ့လူ သက်သက်ပဲ၊ ကျုပ်စာအိတ်ကို ဖောက်ဖတ်ရင် အသတ်ခံရမှာ သိသားနဲ့ လုပ်ပါ့မလား"

"ခင်ဗျားကို အဲဒီသတင်းတွေ ဘယ်သူပေးသလဲ"

ဆောလ်က သေတ္တာကို ပြတင်းပေါက် အပြင်ထုတ်၍ လေးလေး ကိုင်ထားသည်။

"ကေဂျီဘီ ဥက္ကဋ္ဌ"

"ဘယ်သူလဲ"

"အလက်ဇီဂိုလီဆင်"

ကိုချူးဘေးက တုန်ယင်နေသော လက်ချောင်းများဖြင့် တယော



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာကို လှမ်းဆွဲသည်။

"ကျုပ်မယုံဘူး၊ ဂိုလီဆင်ကို ၁၉၇၃ ခုနှစ်က သစ္စာဖောက်မှုနဲ့ ပစ်သတ်ခဲ့တာပဲ"

"သူ သတင်းပို့နိုင်းတာလဲ အဲဒီနှစ်ကပဲ"

"၁၉၇၃ ဟုတ်လား"

ဆောလ် မျက်မှောင်ကုတ်သွား၏။

အဲလိယောသည် ၁၉၅၄ တွင်တစ်ကြိမ်၊ ၁၉၇၃ တွင် တစ်ကြိမ် ကိုယ်ရောင်ပျောက်သွားခဲ့ဖူးကြောင်း ဟာဒီက ပြောခဲ့သည်။ အဲလိယော ပျောက်ခြင်းနှင့် သစ္စာဖောက်မှုအတွက် ပစ်သတ်ခံရသော ကေဂျီဘီအရာရှိကို ဘယ်လိုပတ်သက်ခဲ့သလဲ။

၁၉၇၃ မှာ ဘာတွေဖြစ်ခဲ့သလဲ။

"ကျုပ် အမှန်ပြောတာ"

"ဟုတ်ချင်လဲ ဟုတ်မှာပေါ့"

"ကျုပ်တယောပြန်ပေးပါ၊ တောင်းပန်ပါတယ်"

ဆောလ်က ပြတင်းပေါက်ဘောင်ပေါ် တင်ထားလိုက်ပြန်သည်။ လမ်းပေါ်၌ အခြားမော်တော်ကားများ တစီစီပြေးနေကြသည်။ ဆောလ်က တစ်စုံတစ်ခု စဉ်းစားပြီး . . .

"ဒီဟာ အဓိပ္ပာယ်မရှိဘူး၊ ခင်ဗျား တယောကြီးကို ကျုပ်လွှတ်ချလိုက်လဲ ခင်ဗျားက ဆက်လိမ်လို့ရတာပဲ၊ အမ်မယ်တယ်လ်ဆေးထိုးပေးမှ ခင်ဗျားဆီက အမှန်ကိုရမယ်"

ဆောလ်က တယောသေတ္တာကို ကြမ်းပေါ် ပြန်ချထားလိုက်သည်။

ဘုရားသခင် ကျေးဇူးပါပဲ"

"ကျုပ်ကို ကျေးဇူးတင်ရမှာ"

( ၂ )

သူတို့ ပါရီမှ ကားမောင်းလာကြသည်။

"ခင်ဗျားက ဘယ်သူ့ အတွက်လုပ်နေတာလဲ"

"ဘယ်သူ့အတွက်မှ မဟုတ်ဘူး"

"ကျုပ်ကို ဘယ်ခေါ်သွားမလို့လဲ"

"ဗွန်နားစ်ကို"

"ဗြော် . . ."

ကိုချိုဘေး ရုတ်တရက် အမူအရာ ပြောင်းသွားသဖြင့် ဆောလ် ဘဝင်မကျ ဖြစ်မိသည်။

လိုက်ယွန်မြို့၏ မြောက်ဘက် ကီလိုမီတာ ငါးဆယ်ခန့်အကွာရှိ မြို့ငယ်လေးဖြစ်သော ဗွန်နားစ်သို့ သွားရမည့်အတွက် ရင်းသနတော့ကျနေ၏။

"လေရှိဟားဘလန့်ဆိုင်မှာ ကျုပ်ကို စားသောက်ခွင့်ပြုနိုင်မလား"

"အဲဒီအတွက် ကျုပ်တို့ အသုံးစရိတ်ထုတ်မပေးထားဘူး"

ကိုချိုဘေး မျက်နှာမဲ့သွားပြီး

"ခင်ဗျားတို့ အမေရိကန်တွေဟာ ကပ်စေးနဲ့တွေပဲ၊ မူသားဖော်ဆေးရည်ကြည်ဟာ ခံတွင်းပျက်စေတတ်တယ်ဗျ၊ ကျုပ်တို့ ဗွန်နားစ်ကိုရောက်ဖို့ သုံးနာရီလောက်လိုသေးတယ်၊ ခင်ဗျားဘယ်သူဘယ်ဝါဆိုတာ ဖွင့်မပြောလဲ ကျုပ်အကြောင်း ကျုပ်ပြောချင်တယ်"

ဆောလ် စိတ်ညစ်သွားသည်။ ရှေ့ဆက် ဘာဖြစ်မည်ကိုတော့ သူ သိ၏။ ကိုချိုဘေးကို စိတ်ငြိမ်ဆေးထိုးပေးခဲ့လျှင် အကောင်းသား။

သို့သော် မူသားဖော်ဆေးရည်ကြည် အမ်မယ်တယ်လ်၏ အာနိသင်ကို ထိခိုက်နိုင်၏။

ကိုချိုဘေးက အကျည်းတန်စွာပြုံးရင်း ထိုင်ခုံကို ကျောမှီလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ဇင်း၏ကြီးမားသော ဦးခေါင်းပေါ်မှ ဆံပင်ဖြူများမှာ ၁၈ ရာစုက တေးရေးဆရာနှင့် ဂီတပညာရှင်တို့၏ ပုံစံများဖြစ်သည်။

သူက လည်စည်းကို ဖြေလျှော့ပြီး လက်နှစ်ဖက်ကို ရင်ဘတ်ပေါ် ယှက်တင်ထားလိုက်၏။

"ကျုပ်ရဲ့ ဂီတပွဲကို ခင်ဗျားတို့ လာနားမထောင်ဘူး ထင်တယ်"

"ကျုပ်တို့ကို ဘယ်သူကမှ မဖိတ်ဘဲ"

"စိတ်မကောင်းစရာပဲ၊ ခင်ဗျားတို့ကို ဆိုဗီယက် စိတ်ကူးချိုဖရဲ့ သင်ခန်းစာတစ်ခု ပေးသင့်တယ်၊ ချိုက်ကော့စကီးနဲ့ လီနင်က အတော်လေးတွေကြတာ၊ သူ့ရဲ့ တယောကွန်ရှယ်ဟိုးမှာ ပေါ်လွင်နေတယ်၊ ချိုက်ကော့စကီးဟာ လီနင်လိုပဲခေါင်းထဲမှာ ရည်ရွယ်ချက်တစ်ခုခုထားပြီးမှ သီချင်းတွေ ရေးစပ်တာ၊ ကျုပ်တို့နိုင်ငံဟာ ခြောက်ဆယ့်ငါးနှစ်ကြာတဲ့ ခရီးကို ဖြတ်သန်းခဲ့ပေမယ့် ပန်းတိုင်ကို မရောက်သေးပါဘူး"

"ခင်ဗျား အတော်စည်းစနစ်ကျတဲ့ လူပဲ"

"ဆောလ်နွမ်းနယ်လာပြီ။အိပ်ချင်စိတ်ကို မနည်းအောင့်ထားရသည်။

ကိုချူတေးက ဆက်ပြောနေဆဲ။

အဲရစ်ကာသည် လိုင်ယွန်မြို့သို့ ဒေါ်တိုရှဒ္ဒဆတ် အဝေးပြေးလမ်းမကြီးအတိုင်း ကားကို မောင်းနှင်သွားလျက် ရှိသည်။

လိုင်ယွန်မြို့သို့ရောက်ခါနီး မိနစ်လေးဆယ်အလိုတွင် လာမည့်နှစ်ဦး ဂျီနီဗာ-မေကွန် အဝေးပြေးလမ်းမကြီး၏ လမ်းသွယ်တစ်ခု ဖြစ်လာမည့် ကျောက်စရစ်ခဲခင်း လမ်းထဲသို့ ကွေ့ဝင်လိုက်သည်။

ထိုလမ်းဘေးတွင် လမ်းဖောက်လုပ်ရေး ယန္တရားနှင့် ကိရိယာများကို ရပ်ထား၏။

ကား၏ဝမ်းဗိုက်ကို လွှင့်စဉ်ထိမှန်သည့် ကျောက်စရစ်ခဲများကြောင့် ဆောလ် စိုးရိမ်စိတ်ဝင်လာသည်။

စစ်ထရန်ကား၏ ရှေ့မီးတန်းတွင် မြင်နေရသော ခာတ်ဆီတားကြီး၏ ဆီတိုင်ကီကို သူငေးကြည့်နေစဉ် ကားကြီးက လမ်းပိတ်ရပ်လိုက်သည်။

ထိုကားကြီးနောက်မှ ဗင်ကားများထွက်လာပြီး စစ်ထရန်ကားကို ဝဲယာဝိုင်းညှပ်လိုက်ကြသည်။ မှောင်ထဲ၌ မီးဆလိုက်များ ဖွင့်လိုက်ကြသည်။

"မျက်စိ ကျိန်းလိုက်တာ"

အဲရစ်ကာ မျက်လုံးကို လက်နှင့်ဆတ်ခနဲကာပြီး ထရပ်ကားကြီးကို လွတ်အောင်ရှောင်၍ ဘရိတ်အုပ်လိုက်သည်။





စစ်ထရန်ကားမှာ ဘီးချော်သွားပြီး ဘူဇိုကာတစ်စီးကို ဝင်ဆောင့်မိသည်။ သူမရှေ့သို့လွင့်သွား၏။

နဖူးနှင့်လက်ကိုင်ဘီး ဆောင့်မိသဖြင့် သွေးတွေပန်းထွက်လာသည်။

ကားတိုက်မှုကြောင့်ဆောလ်ထိုင်ခုံပေါ်မှပြုတ်ကျသွား၏၊ သူက ကုန်းရုန်းထပြီး အဲရစ်ကာအားလှမ်းကြည့်သည်။ သူမသတိလစ်ကာ ညည်းညူနေ၏။

သူမကိုပွေ့ပြီး ထွက်ပြေးဖို့မဖြစ်နိုင်။ ဗင်ကားပေါ်မှလူများကို တစ်နေရာရာသို့ မျှားခေါ်သွားပြီး ခြေရာဖျောက်ကာ သူမကို ပြန်လာခေါ်ရမည်။

ကိုချူဘေး ကုတ်အကျီရင်ဘတ်စကို ဆောင့်ဆွဲရင်း ကားတံခါးကို ဖွင့်သည်။ အကျီစ ပြဲထွက်သွားသည်။

ဆောလ်တစ်ယောက်တည်း ကားပေါ်မှ ခုန်ဆင်းကာ ဘူဇိုကာဘေးမှ ကွေ့ပတ်၍ ဆလိုက်မီးတန်းများကို ရှောင်တိမ်းပြေးသည်။

ဗင်ကားများမှ တံခါးဖွင့်သံ ပိတ်သံများ တရှိန်ရှိန်မြည်သွား၏။

ကားလမ်းပေါ်၌ မော်တော်ကားတစ်စီး အရှိန်ပြင်းစွာဖြင့် မောင်းဝင်လာပြီး ရုတ်တရက် ဘရိတ်အုပ်ရပ်လိုက်သည်။

လူအော်သံများ၊ကျောက်စရစ်ပေါ်မှခြေသံများကို ဆောလ်ကြားရသည်။

ဆောလ် နောက်သို့ ဆလိုက်မီးများဖြင့် လိုက်ထိုးလျက်ရှိသည်။ ရှိ ထူသည့်ကွင်းပေါ်၌ သူအရှိပ်မည်းကြီးကျနေသည်။

သူခလုတ်တိုက်လဲသွားသည်၊ ဆလိုက်မီးရောင်များမမီသည့် မှောင်မည်းမည်းသစ်ပင်ကြီးများဆီ အမြန်ဆုံးရောက်လိုဇောနှင့် ပြေးသည်။

ချွင်ခနဲမြည်သံတစ်ခု၊

အားပြင်းသောကျည်ဆန်တစ်တောင့် ထိမှန်ခံရဖို့ သူအသင့်ပြင်လိုက်သည်။

သို့သော် သူ့လည်ကုပ်ပေါ် အပ်နှင့်အစိုက်ခံလိုက်ရ၏။

ကျည်ဆန်မဟုတ်။ မြားငယ်တစ်စင်း။

ပြီးတော့ နောက် မြားတစ်စင်းက သူ့တင်ပါးကို လာစိုက်သည်။ ပြင်းထန်သော နာကျင်မှုကြောင့် သူရှုံ့မဲ့သွား၏။

အမြင်အာရုံတွေ ဝါးတားတား ဖြစ်လာသည်။

အမိဝမ်းတွင်းမှ သန္ဓေသားကဲ့သို့ ကွေးကွေးလေး လဲကျသွားသည်။ အကြောတွေ တဆတ်ဆတ်တုန်နေ၏။

ထိုနောက် သူ ဘာမျှမသိတော့။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၃ )

သူသတိရလာသောအခါ မျက်လုံးမှိတ်ပြီး နားစွင့်ထားသင့်ကြောင်း သူသဘော ပေါက်သွားသည်။

မှုန်ဝါးနောက်နောက်ဖြစ်လျက် သူ ပျဉ်းခင်းကြမ်းပြင်ပေါ်မှာ လဲလျောင်း လျက်ရှိနေသည်။ ဘယ်ဘက်လက်မောင်းပေါ်မှ နာကျင်မှုသည် ဆေးထိုးခံခဲ့ရခြင်း ကြောင့်ဖြစ်မည်။ မိမိခန္ဓာကိုယ်အတွင်း၌ ဘရိဇိုက်ကာယ်ဆေး လုံလောက်စွာ ရောက်ရှိနေခဲ့သဖြင့် နာရီပေါင်း အတော်ကြာကြာ မိမိ သတိမေ့မြောနေခဲ့မှာ သေချာသည်။

အခန်းထဲမှ တစ်စုံတစ်ယောက်အား ကိုချူဘေးက အော်ဟစ်အမိန့်ပေး သံကြောင့်သာ လန့်နိုးခဲ့ခြင်းဖြစ်သည်။

ဆောလ် လက်နောက်ပြန် လက်ထိတ်ခတ်ထားခံရသည်။ လက်ထိတ် က အေးစက်နေဆဲ။

မိမိအား ဤအခန်းသို့ မကြာခင်လေးကမှ ဘယ်ယူလာပြီး လက်ထိတ် ခတ်ပေးခဲ့ဟန်တူသည်။

ကိုချူဘေးကား အော်ဟစ်နေဆဲ။

"သူတို့ ဘာလိုချင်လို့ လိုက်နေတာလဲ၊ မင်းတို့ ဘာလို့ ငါ့ကို ကောင်း ကောင်း၊ မစောင့်ရှောက်ခဲ့ကြသလဲ၊ ငါ့မှာ အန္တရာယ်ရှိတယ်ဆိုတာ မင်းတို့ သိသားနဲ့"

"ရဲဘော် ကိုချူဘေး၊ ဘယ်လက်နဲ့ ညာလက်ဟာ ဘယ်နည်းနဲ့မှ မတူနိုင်ဘူး၊ ခင်ဗျားစန္ဒရားတီးဖူးရင် သိလိမ့်မယ်၊ ကျုပ်ရည်ရွယ်ချက်ကို ခင်ဗျား သိခဲ့ရင် ရိုးမြူးလပ်ဟာ ခင်ဗျားကို ယုံမှာမဟုတ်ဘူး၊ သူ့ရဲ့အမိပ္ပာယ် ကောက်လွဲမှု ဟာ ထောင်ချောက်ထဲဝင်ဖို့ သိပ်အရေးပါလှတယ်၊ ကဲကဲ . . . ခင်ဗျားမအော် ပါနဲ့တော့ဗျာ၊ နို့မို့ရင် ခင်ဗျား ယိမင်နိုင်ငံမှာ တဲယောထိုး သွားကျင့်နေရဦးမယ်"





ဆောလ်က မျက်လုံးကို မှေးဖွင့်ကြည့်ရာ ကိုချူဘေး မျက်နှာကြီး ဖြူရော်ရော်ဖြစ်သွားပုံကို မြင်လိုက်ရ၏။

"မကြောက်ပါနဲ့ ဗစ်တာ၊ ခင်ဗျားကို ကျုပ် အိုဗာကုတ်တစ်ထည် ဝွပ်ပေးပြီး ပါရီကို အမြန်ရထားနဲ့ ပြန်ပို့ပေးမှာပါ"

အမည်မသိ ပညာရှင်က ခနဲ့လိုက်သည်။

ထိုလူက ကိုချူဘေးအား စကားပြောနေစဉ် ကော်လန်ထောင်ဝတ် ထားသော အစိမ်းရောင် ကုတ်အင်္ကျီနှင့် အနက်ရောင် သားရေဦးထုပ်ပျော့တို့ ကြားမှ ၎င်း၏မျက်နှာကို ဆောလ် မှတ်မိသွားသည်။

၎င်းကား ပါရီမြို့၊ ကေဂျီဘီဌာနခွဲဥက္ကဋ္ဌနှင့် ဂျီအာရ်ယူ ဗိုလ်မှူးကြီး တစ်ဦးဖြစ်သော ဘောရစ်ဇလာဘိုင်ဂါအော်လစ် ဖြစ်လေသည်။

အော်လစ်သည် သတင်းလိမ်များ လက်ဆင့်ကမ်းခြင်း၊ လူသတ်ခြင်း၊ သို့မဟုတ် လျှို့ဝှက်ချက်များ ခိုးယူခြင်းတို့ကို ကိုယ်တိုင်လုပ်လေ့မရှိဟု ဂုဏ်ယူစွာ ပြောလေ့ရှိသူဖြစ်သည်။ တကယ်တော့ သူသည်ဒုတိယကမ္ဘာစစ်အတွင်းကဂျပန် တို့ကို ဆန့်ကျင်တိုက်ခိုက်ရာ၌ ကျော်ကြားခဲ့သော ဆိုဗီယက်သူလျှိုရစ်ချတ်ဆော်ဂီ ကို ရင်ပေါင်တန်းနိုင်သည့် သီအိုရီသမား၊ နည်းပညာသမား ဖြစ်လေသည်။

၁၉၅၂ မှ ၁၉၅၈ အတွင်း၌ ဂျီအာရ်ယူ ဒု-ဗိုလ်မှူးကြီး ယူရီပိုပေါ့ဗ် သည် စီအိုင်အေအတွက် သူလျှိုလုပ်ပေးခဲ့ကြောင်းနှင့် ၁၉၆၂ ခုနှစ်၌ အမ်အိုင် (၆) အတွက် ဂျီအာရ်ယူဗိုလ်မှူးကြီး အိုလက်မင်ကော့စကီးက သူလျှိုလုပ် ခဲ့ကြောင်းကို ဖော်ထုတ်ခဲ့သူကား အော်လစ်ပင် ဖြစ်ပေသည်။

ကိုချူဘေးထွက်သွားသောအခါ ဆောလ် မျက်စေ့ပြန်မှိတ်သော် လည်း နောက်ကျသွားသည်။

"ရိုးမြူးလပ် နိုးနေပြီကိုး၊ ကျုပ် အော်ကျယ် အော်ကျယ် စကား ပြောတာ ခွင့်လွှတ်ဗျာ၊ တစ်ခါတလေတော့ ကိုချူဘေးလိုလူစားမျိုးကို အဲဒီလို ပြောမှဖြစ်တယ်ဗျ၊ ဟဲဟဲ . . ."

ဆောလ်သည် အိပ်ချင်ယောင်ဆောင်လို့မရတော့ပေ။ လှဲနေရာမှ ကြိုးစား၍ ထထိုင်ကာ အခန်းကို အကဲခတ်လိုက်၏။

ပျဉ်ချပ်များကာထားသည့် နံရံများ၊ ဟောင်းနွမ်းဆွေးမြည့်နေသော ပန်းချီကားများနှင့် မီးလင်းဖိုတစ်ခုရှိသည့် အခန်းငယ်တစ်ခန်းဖြစ်သည်။

"ကျုပ် ဘယ်ရောက်နေလဲ"

"လိုင်ယွန်မြို့နားမှာ၊ စစ်ဆေးမေးမြန်းမှုလုပ်ဖို့ တစ်ခါတလေ ကျုပ် ဟသုံးပြုတဲ့ ရဲတိုက်တစ်လုံးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲရစ်ကာရော"

"ဟိုဘက်နားမှာ ရှိတယ်၊ ဘာမှမပူနဲ့၊ သူ့ကို ဆရာဝန်တစ်ယောက် ကြည့်ပေးနေတယ်၊ သူဘာမှမဖြစ်ဘူး၊ ခေါင်းတော့ကိုက်နေတယ်"

ဆောလ်လည်း ခေါင်းကိုက်နေ၏။ ထို့ကြောင့် ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

အတွေးတွေ ချာချာလည်နေသည်။

"ကျုပ်တို့ကို ခင်ဗျား ဘယ်လိုရှာတွေ့လဲ"

"နိုင်ငံတကာဘာသာစကားအရ ရှာတွေ့တာပေါ့"

"ကျုပ် နားမလည် . . ."

"ဂီတဟာ နိုင်ငံတကာ ဘာသာစကားပေါ့ အဲ . . . ကိုချူဘေးရဲ့ တယောသေတ္တာကြီးထဲမှာ လျှို့ဝှက်အသံဖမ်းမိုက်ခွက်တစ်ခုနဲ့ ခြေရာခံကိရိယာ တစ်ခုပါတယ်"

ဆောလ် စိတ်ပျက်စွာညည်းညူလိုက်သည်။

"ကိုချူဘေးကို ကျုပ်ယုံလို့ အဲဒါကြီးကိုမရှာမိဘူး"

"ခင်ဗျား အဲဒီသေတ္တာကို ပြတင်းပေါက်က လွှင့်ပစ်ဦးမလို့ပဲ၊ အဲဒီတုန်းက ကျုပ် အတော်လန့်သွားသဗျ"

"ကျုပ်မေးတာဖြေဦး၊ ကိုချူဘေးကို ပြန်ပေးဆွဲမယ်ဆိုတာ ခင်ဗျား ဘယ်လိုသိလဲ"

"စီအိုင်အေကပြောလို့"

"မဖြစ်နိုင်ဘူး"

"သတင်း အတိအကျပေးတာ၊ ဇန်ကောက်မှာ ရီးမတ်က ကျုပ်တို့ လူကို သတ်ခဲ့တာပဲ၊ ဒီတော့ ခင်ဗျားကိုသတ်ဖို့ ခင်ဗျားဆရာသမားတွေက ကျုပ်တို့ကို အခွင့်အရေး ပေးလိုက်တာပေါ့"

"အဲလိုဆိုယော့ လက်ချက်ကိုး"

"ကျုပ်လဲ အဲဒီလိုထင်တယ်"

"ဒါပေမယ့် . . . ဘယ်လို . . ."

"ပြောမယ်လေ၊ ဖြည်းဖြည်းပေါ့ ကိုယ့်လူရဲ့၊ ဇာတ်ခုံကိုအရင် ပြင်ဆင်ပါရစေဦး၊ ဟိုမှာကြည့်၊ နေထွက်တော့မယ်၊ ခင်ဗျားထွက်ပြေးဖို့ စဉ်းစားမယ်ဆိုတာကတော့ မဆန်းဘူး၊ ဒါပေမယ့် ခင်ဗျားရင်ဆိုင်ရမယ့် အခက်အခဲတွေကို ကြည့်ဦး၊ အခု ခင်ဗျားရောက်နေတဲ့နေရာက ပီလားဒေသပန်းဥယျာဉ်ရဲ့ အစွန်အဖျားမှာ၊





. . . ဒီအရပ်ရဲ့ တောင်ဘက်မှာ ဇဲရန်းဆိုတဲ့မြို့နဲ့ မြောက်ဘက်မှာ ပဲလူဆင်းဆိုတဲ့ မြို့တွေရှိတယ်၊ ကျုပ်တို့မှာ အစောင့်ခွေးတွေရှိမယ်လို့တော့ ခင်ဗျားတွက်ထားမှာပါ။ ဒီတော့ ခင်ဗျား ဇဲရန်းမြို့ရှိတဲ့ဘက်ကို သစ်တောရှိတဲ့ ကုန်းမြင့်ပေါ်ကတက်မယ်၊ ဒါပေမယ့် အဲဒီရောက်ရင် ခင်ဗျားမြို့ထဲဝင်လို့ မဖြစ်ဘူး၊ ညကျရင်တော့ ခင်ဗျား သချိုင်းဖြစ်ဖြစ် လယ်ကွင်းပြင်ထဲမှာဖြစ်ဖြစ် ပုန်းနေရမယ်၊

". . . ခင်ဗျား ဘယ်နေရာ ရောက်ရောက် ကျုပ်တို့ အမီလိုက်လာမှာပဲ၊ ခင်ဗျားကို ကျုပ်တို့ရဲ့ မြားလေးတစ်စင်းက ခေါင်းကိုက်ဝေဒနာထပ်ပေးဦးမယ်၊ အဲဒီအခါကျ ကျုပ်တို့တွေ တစ်ကပြန်စရမယ်၊ သချိုင်းထဲမှာ ကျုပ်တို့ ထိပ်တိုက်တွေ့ရင်တော့ အတော်ကြည့်ကောင်းမယ်၊ ဒါပေမယ့် အခု မိုးလင်းခါနီးပြီဗျာ၊ ကျုပ်တို့ စကားပြောရအောင်၊ ခင်ဗျားကို ဘေဘီးရှူသ် ချောကလက် မပေးနိုင်တာတော့ ဝမ်းနည်းပါတယ်"

ဆောလ်က မျက်မှောင်ကုတ်လိုက်သည်။

"ခင်ဗျား သတင်းအတော်စုံသားပဲ"

"အခြေအနေအရပေါ့လေ၊ ကဲ . . . ခင်ဗျား မနက်စာလေးဘာလေး စားဦးမလား၊ ကျုပ် စားစရာထဲ ဘာဆေးမှမခတ်ထားပါဘူး၊ စိတ်ချ ဒီနည်းက အလုပ်မဖြစ်တာ များတယ်"

ဆောလ် ရယ်လိုက်၏။

"ကောင်းပြီ၊ ခင်ဗျားနဲ့ကျုပ်နဲ့ ခင်မင်ရင်းနှီးစွာ နေကြရအောင်"

အော်လစ်က လက်ထိတ် ဖြုတ်ပေးလိုက်သည်။

ဆောလ်က လက်ကောက်ဝတ်နှစ်ဘက်ကို ပွတ်သပ်နေတုန်း အော်လစ်က ကော်ဖီတစ်ခွက် ငှဲ့ပေးသဖြင့် ယူသောက်လိုက်သည်။

"ဒါဆို အဲလိယော့ရဲ့မွေးစားသားတွေအကြောင်း ခင်ဗျားသိတယ်ပေါ့"

"မျိုးချစ်ဝါဒဆိုတဲ့ စကားလုံးဟာ 'ဖခင်' ဆိုတဲ့ လက်တင်စေါ်ဟာ ရကဆင်းသက်ခဲ့တာဗျ၊ လူတွေဟာ ကိုယ်ရဲ့ဖခင်ကို ကိုယ့်တိုင်းပြည်ရဲ့ အဆက်အနွယ်တစ်ခုအဖြစ် မြင်ကြတယ်၊ နိုင်ငံကိုကာကွယ်ဖို့ ခင်ဗျားတို့ကို အဲလိယော့က လေ့ကျင့်ပေးခဲ့တယ်၊ ခင်ဗျားတို့ဟာ သူခိုင်းတာအကုန်လုပ်တယ်၊ သူ့အပေါ် သစ္စာခံထားတာကို သတိမထားမိဘဲ အစိုးရအပေါ် သစ္စာခံပြီးလုပ်နေတာလို့ ခင်ဗျားတို့ ထင်ခဲ့ကြတယ်၊ သူ့ရဲ့အကြံအစည်က သိပ်ပြောင်မြောက်လွန်းတော့ သူများတွေကပါ လိုက်အတုခိုးကြတယ်"

ဆောလ် ကော်ဖီသောက်နေရာမှရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူများတွေ . . . ၊ ဟုတ်လား"

အော်လစ်က သူ့ကိုစေ့စေ့ကြည့်ပြီး

"ခင်ဗျား မသိဘူးလားဟင်၊ လင်းဒစ်ရှိုကို ခင်ဗျားတို့ ဘာလို့ သွားဖမ်းသလဲ"

"တခြားလူတွေဆိုတာ ဘယ်သူတွေတုံး"

အော်လစ် မျက်မှောင်ကုတ်သွား၏။

"ခင်ဗျား တကယ်မသိဘူးလား၊ ခင်ဗျားနဲ့ကျုပ်နဲ့ ကောက်ချက်ဆွဲတာ အတူတူပဲ ဖြစ်မယ်လို့ ကျုပ် ထင်ထားတာ၊ ၁၉၃၈ . . . "

"နည်းနည်းတော့ အဓိပ္ပာယ်ပေါ်လာပြီ၊ ဒါပေမယ့် အဲဒီနှစ်တုန်းက အဲလိယော့ အစိုးရအလုပ် မလုပ်ရသေးဘူး၊ ၁၉၅၄ ခုနှစ်မှာတော့ သူ ပျောက်သွားတယ်"

"၁၉၇၃ မှာ သူ ပျောက်သွားပြန်တယ်"

"ဒါပေမယ့် အဲဒီတုန်းက ခင်ဗျားလူ . . . ရိုလစ်ဘင် . . . "

"ဘယ်က ကျုပ်လူဟုတ်ရမလဲ၊ သူက ကေဂျီဘီကဗျ"

"အဲ . . . ရိုလစ်ဘင်ဟာ အဲလိယော့နဲ့ ပတ်သက်ခဲ့တယ်၊ ဒါပေမယ့် သူ့ကို သစ္စာဖောက်မှုနဲ့ ပစ်သတ်ခဲ့ကြတယ်"

"ဒါဆို ခင်ဗျား အခြေအနေ အတော်တိုးတက်ခဲ့ပြီပဲ"

"ဘုရားရေ . . . "

"ခင်ဗျား စိတ်ရှည်ရှည်ထားဗျာ၊ ကျုပ် ခင်ဗျားကို ပြောပြနိုင်မယ့်ကိစ္စလေးတွေရှိတယ်၊ ခင်ဗျားကို ကျုပ် ဘယ်တော့မှဖွင့်ပြောဖြစ်မယ်လို့ မထင်ခဲ့ဘူး"

"ဒါဖြင့် ပြောလေဗျာ၊ ဘာတွေဖြစ်နေလဲ"

"၁၉၃၈ ဟာ ခင်ဗျားအတွက် ဘယ်လိုထူးခြားမှုရှိလဲ"

"အဲဒီနှစ်ဟာ ဟစ်တလာနဲ့ မြူးနစ်မြို့နဲ့ ပတ်သက်မယ်၊ ဒါမှမဟုတ်လဲ အဲဘလတ် သဘောတူခွင့်ပြုချက်နဲ့ ဆိုင်ချင်ဆိုင်မယ်"

"ဟုတ်ပါ့၊ အဲဒါဆို ကျုပ်တို့ အဲဒီက စကြရအောင်"

◆

## ( ၄ )

"အဲဒီအချိန်မှာ ဂျာမန်ထောက်လှမ်းရေး အရာရှိတချို့ဟာ ဗြိတိသျှတွေနဲ့ ပူးပေါင်း လုပ်ကိုင်နေကြတယ်ဆိုတာ ကျုပ်တို့ သိတယ်၊ ဒီဂျာမန်တွေကပဲ ဟစ်တလာကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားခဲ့တာ၊ သူတို့ထောင်တဲ့ထုံးက ဟစ်တလာကို အသေမသတ်နိုင်ခဲ့ပေမယ့် သူတို့အားလုံး ကွပ်မျက်ခံလိုက်ရတယ်"

အော်လစ်က ပြောသည်။

"အဆင်ပုံစံကွက်တစ်ခု ရှိတယ်လို့ ခင်ဗျား ပြောချင်တာလား"

"ခင်ဗျားကို ကျုပ်ပြောတာ အမှန်ပဲ၊ ကျုပ် ဆက်ပြောမှာက ကျုပ်ရဲ့ ထင်မြင်ယူဆချက်တွေပဲ၊ အဲဘလတ် အစည်းအဝေးကိုတက်ခဲ့တဲ့ လူတစ်စုဟာ သူတို့ရဲ့အစိုးရအဖွဲ့တွေကို စောင့်ကြည့်မယ့် အစောင့်ခွေးတွေလုပ်ဖို့ တရားမဝင်ဘဲ သဘောတူခဲ့ကြတာ၊ အပြည်ပြည်ဆိုင်ရာ ယှဉ်ပြိုင်မှုကို လက်ခံနိုင်တဲ့ စည်းမျဉ်းဘောင်အတွင်းမှာပဲ ရှိနေစေချင်တယ်၊

" . . . အဲဒီကာလမှာ စတာလင်ဟာ ဖြတ်ထုတ်သတ် လုပ်နေပြီ၊ ကျုပ်တို့ နိုင်ငံသား လာဇင်ဆိုကော့ဗ်ဟာ အဲဘလတ်အစည်းအဝေးက ပြန်ရောက်ပြီး သိပ်မကြာခင်မှာ ကွပ်မျက်ခံလိုက်ရတယ်၊ အဲဘလတ်အကြောင်း စတာလင်သိသွားလို့လား၊ သူတို့ ဘာတွေသဘောတူခဲ့တယ်ဆိုတာရော သူ သိသွားသလား၊ ဘယ်သူမှ မပြောနိုင်ဘူး၊

" . . . ဒါပေမယ့် လာဇင်ဆိုကော့ဗ် ကွပ်မျက်မှုနဲ့ ဟစ်တလာရဲ့ လုပ်ကြံရေးသမားတွေကို ကွပ်မျက်မှုတွေ မရှေးမနှောင်းပေါ်လာတာကြောင့် နိုင်ငံတကာ လုံခြုံရေးလောကကို စောင့်ကြည့်နေတဲ့ အစောင့်ခွေးကြီးတွေဟာ ပိုပြီးဆင်ခြင်သတိထားလာကြရတယ်၊ သူတို့ရဲ့ တာဝန်နဲ့ဝတ္တရားတွေကို ဆက်ထမ်းဆောင်မယ့်ကိုယ်စားလှယ်တွေကို သေသေချာချာရွေးချယ်ခဲ့ကြတယ်၊

" . . . ဥပမာ . . . အဲဘလတ် အစည်းအဝေးကို တက်ခဲ့တဲ့ အမေရိကန်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စားလှယ် တက်ဇ်အော်တွန်က သူ့ရဲ့မွေးစားသား အဲလီယော့ကို ရွေးခဲ့သလို ပါစီဗယ်လင်းဒစ်ရှ်ကတော့ သူ့ရဲ့ သားအရင်းကို ရွေးခဲ့တယ်၊ ပြင်သစ်နဲ့ ဂျာမန် ကိုယ်စားလှယ်တွေကလဲ ဒီလိုပဲလုပ်ခဲ့ကြတယ်၊ အဲ... ကျုပ်အထင်ပြောရရင် လာဇင် ဆိုကော့ဇ်ဟာ သူ အသတ်ခံရမှာကြိုမြင်လို့ အစီအစဉ်တွေ ကြိုတင်လုပ်ခဲ့ပုံပဲ"

"ရှိုလစ်ဘင်ကို သူမွေးခဲ့တယ်မဟုတ်လား"

"ခင်ဗျားတော်သားပဲ၊ ရှိုလစ်ဘင်ဟာ ၁၉၇၃ ခုနှစ်မှာ အသတ်မခံရခင် အဲလီယော့၊ လင်းဒစ်ရှ်နဲ့ ပြင်သစ်-ဂျာမန် ဆောက်လုပ်ရေးက လူနှစ်ယောက်နဲ့ လျှို့ဝှက်ကိစ္စတွေ လုပ်ခဲ့တယ်"

"၁၉၅၄ နဲ့ ၁၉၇၃ မှာ အဲလီယော့ ပျောက်သွားတာကရော"

"သူတို့ရဲ့ ဆက်ဆံရေးခိုင်မြဲအောင်လို့၊ သူတို့ရဲ့ ရည်ရွယ်ချက်တွေ လမ်းမချော်အောင်လို့ သူတို့အားလုံး ချိန်းတွေ့ပြီး အစည်းအဝေးလုပ်ကြတာ၊ သူတို့ရဲ့ လုပ်ဆောင်ချက်တွေကို အချင်းချင်းညှိနှိုင်းဆွေးနွေးဖို့ လိုအပ်တယ်၊ သူတို့ သိပ်မဆုံးဖြတ်ကြပေမယ့် လိုအပ်ရင်လိုအပ်သလိုတော့ တိတ်တဆိတ်ချိန်းတွေ့ ကြတာပဲ"

"ခင်ဗျား သီဝရီမှာ ပြဿနာတစ်ခုရှိတယ်"

"ဆိုပါဦး"

"ဒီအလုပ်အားလုံးကို သူတို့ တစ်ဦးတစ်ယောက်တည်းစီတော့ မလုပ်နိုင်ဘူး၊ လက်အောက်ငယ်သားတွေနဲ့ ငွေအရင်းအနှီးလိုမယ်"

"ဟုတ်တယ်၊ ခင်ဗျားတို့ စီအိုင်ဧမှာ မှတ်တမ်းမတင်ဘဲ အကန့်အသတ်မရှိ အသုံးစရိတ်ထုတ်ပေးထားတယ်၊ ငွေတယ်လောတ်ဝင်လဲ၊ ဘယ်စရိတ်က ဘယ်ကိစ္စအတွက်သုံးသလဲ၊ ဘယ်သူမှ မသိဘူး၊ ဒီဟာတွေကို စာရင်းဖယားလုပ်ထားရင် လျှို့ဝှက်ချက်ပေါက်ကြားသွားမှာပေါ့၊ ပုဂ္ဂလိကလုပ်ငန်းတစ်ခုအတွက် ရန်ပုံငွေခွဲဝေထုတ်ပေးတာ ဘာမှမခဲယဉ်းဘူး၊ တခြားသူလျှို့အဖွဲ့အစည်းတွေလဲ ဒီအတိုင်းပဲ"

"အဲလီယော့နဲ့သူ့လူတွေ အကူအညီတော့ လိုမှာပဲဗျ၊ သူတို့ရဲ့ ဩဇာအာဏာကို ဖွဲ့ပေးရမှာပဲ၊ ဒီတော့ တစ်ယောက် မဟုတ်တစ်ယောက်က အာမချောင်ဘဲ မနေဘူး"

"မဖြစ်နိုင်ဘူး၊ ခင်ဗျားစဉ်းစားကြည့်"

ဆောလ်စိတ်ညစ်သွား၏။

"ခင်ဗျားနဲ့ရီးမတ် နှုတ်လုံသားပဲ၊ အဲလီယော့ရဲ့ တခြားမွေးစားသားတွေလဲ ဒီအတိုင်းပေါ့၊ ဒီအကြံက အော်တွန်ရဲ့အကြံဖြစ်မယ်၊ အတော်ပြောင်မြောက်တဲ့





အကြံပဲ၊ ခင်ဗျားတို့ဟာ နှစ်ပေါင်းအတော်ကြာကြာ အဲလီယော့ရဲ့ ညွှန်ကြားချက်တွေကို လိုက်နာခဲ့ကြတယ်၊ အဲလီယော့ကိုယ်တိုင်ကလဲ သူ့မွေးစားအဖေအော်တွန်ရဲ့အမိန့်ကို နာခံခဲ့တာ မဟုတ်လား"

"ကျုပ်ကို သူ ဖျက်ဆီးခိုင်းတဲ့ ပါရာဒင်းဖောင်ဒေးရှင်းကိစ္စကရော"

"သူက အဲဒါလုပ်သင့်တယ်ထင်လို့ လုပ်ခိုင်းတာဖြစ်မယ်၊ အဲဒီအတွက် ကျုပ်တို့ရော အစ္စရေးတွေပါ စွပ်စွဲခံခဲ့ရတယ်၊ ကျုပ်တို့ နှစ်နိုင်ငံလုံးဟာနေနဲ့ အာရပ်တွေနဲ့ အမေရိကန်တွေ ပူးပေါင်းတာ ဘယ်လိုလားမှာလဲ၊ သူ ဘာလို့ချင်လို့ ဒီလိုလုပ်တာလဲဆိုတာ ကျုပ်စဉ်းစားလို့မရဘူး"

"ဒါ အကြောင်းမဟုတ်ဘူး၊ ကျုပ်ကို သူဘာကြောင့် လုပ်ခိုင်းသလဲ၊ ပြီးတော့ ဘာကြောင့် ကျုပ်ကိုသတ်ဖို့ ကြံစည်သလဲဆိုတာ သိချင်တယ်"

"ခင်ဗျား သူ့ကို သွားမေးပေါ့"

"ကျုပ် သူ့ကိုတွေ့တာနဲ့ သတ်မိမှာ၊ အင်း . . . သူတို့အားလုံးမှာ မွေးစားသားတွေ ရှိခဲ့ပါကလား"

"လင်းဒစ်ရှ် ရှိုလစ်ဘင်နဲ့ အပေါင်းပါတွေဟာ သူတို့အပေါ် သစ္စာခံမယ့် မိဘမဲ့ကလေးတွေကို ဂေဟာတွေမှာလိုက်ရှာပြီး စည်းရုံးသိမ်းသွင်းခဲ့ကြတယ်၊ လိုအပ်ရင် ကိုယ့်သားအရင်းတွေကို စတေးခံစေခဲ့တယ်၊ ဒါဟာ နောက်ဆုံး မျဉ်းပြိုင်ပဲ"

"ပိုပြီး စက်ဆုပ်စရာ ကောင်းလာပြီဗျာ၊ ကျုပ် စိတ်ရှိတိုင်းသာ လုပ်ရရင် . . ."

အဲဒါကြောင့်မို့ ခင်ဗျား မသေသေးတာပေါ့"

ဆောလ်က မျက်ထောက်နီကြီးနှင့် အော်လစ်အား ကြည့်လိုက်သည်။

"လိုရင်းကိုပြောစမ်း"

"ရှိုလစ်ဘင်ဟာ လာဇင်ဆိုကော့ဇ်လိုပဲ သူ ကွပ်မျက်ခံရမှာ ကြိုသိလို့ သူ့အရိုက်အရာ ဆက်ခံမယ့်သူတစ်ဦးကို ရွေးထားခဲ့ပြီးသား၊ ဘယ်သူလဲဆိုတာ ကျုပ်သိတယ်၊ ဒါပေမယ့် ကျုပ်ရဲ့ကြိုးပမ်းမှုကို အဲဒီလူ သိသွားပြီထင်ပါရဲ့၊ ဒီလူဟာ ဉာဏ်ကောင်းပြီး ဩဇာရှိတယ်၊ ကျုပ်ဟာ သူ့ကို သိပ်အန္တရာယ်ပေးနိုင်မယ်ဆိုရင် သူက ကျုပ်ကို ချောက်ချလို့ရတယ်၊ ဒါကြောင့်မို့ တခြားဆောက်လုပ်ရေးအဖွဲ့တွေမှာ အမွေဆက်ခံတဲ့လူတွေကို ကျုပ် ဆက်ပြီး စုံစမ်းခဲ့တယ်"

"ဘာလို့လဲ၊ သူတို့ရဲ့ သူလျှိုအဖွဲ့တွေကို ဖျက်ဆီးရင် ခင်ဗျားကိုကူညီသလိုဖြစ်မှာပေါ့"

"ကျုပ်က သူတို့အားလုံးကိုဖျက်ဆီးမှာ၊ အခုလဲ ခင်ဗျားကို ပြန်ပေးဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီး သတ်ဖို့အမိန့်ရတော့ ကျုပ် ကံကောင်းတာ အံ့ဩမိတယ်"

"ဘာလဲ . . . ခင်ဗျားက အဲဒီလူတွေကိုသတ်ဖို့ လွှတ်မလို့လား၊ ဒါမှ ခင်ဗျားအတွက် ဘေးကင်း ရန်ကင်းဖြစ်မှာလား"

အော်လစ်က ခေါင်းညိတ်သည်။

"ကျုပ်က အဲလိယော့ကိုပဲတိုက်ချင်တာ၊ ကျုပ်ဒီကလွှတ်ဖို့ ခင်ဗျားနဲ့ညှိရမှာ လိုမယ်၊ ဒါပေမယ့် ခင်ဗျားကိုကူညီဖို့ ခင်ဗျားဆီက အာမခံချက် ဒီထက်လိုမယ်"

"မလိုဘူး၊ ကျုပ်လက်ထဲမှာအဲရစ်ကာရှိတယ်၊ သူ့ကို ခင်ဗျား အသေမခံ နိုင်ဘူးလေ၊ ဒါပေမယ့် တစ်ခုရှိသေးတယ်"

ဆောလ်က မျက်မှောင်ကုတ်သွား၏။

"ခင်ဗျားက အဲလိယော့ကို တိုက်ခိုက်ချင်တယ်ဆို၊ အဲဒါမှားတယ်၊ ခင်ဗျားတိုက်ရမယ့်လူတစ်ယောက် ရှိသေးတယ်"

"ဘယ်သူလဲ"

"ပါ့ရီကို ခင်ဗျားလာတာ အဲလိယော့ ဘယ်လိုသိတယ်ထင်သလဲ"

"ပြောစမ်းဗျာ"

"ခရစ္စသေသွားပြီ၊ သူ့ကို လင်းဒစ်ရှ် သတ်လိုက်တာ"

◆

(၅)

အဲရစ်ကာ ရှိုက်ငိုလိုက်သည်။

အိပ်ခန်းမှာ ပြတင်းပေါက်မရှိ။

ဆောလ်က အော်ဟစ်ပြီး နံရံတွေကို ထုခွဲပစ်လိုက်ချင်သည်။ သူ ဒေါသအရမ်းထွက်နေသည်။ တကိုယ်လုံး ယမ်းပုံမီးကျဖြစ်နေသည်။

ဝမ်းနည်းခြင်းကြောင့် သူ့ကြွက်သားတွေ တဆတ်ဆတ်ခါနေသည်။

"ခရစ္စအစား ကိုယ်သေရမှာ"

အဲရစ်ကာ ညည်းလိုက်၏။

"ကိုယ်က လင်းဒစ်ရှ်ကို စောင့်ကြည့်တုန်း သူက မင်းနဲ့ပါရီကိုလိုက်ပြီး ကိုချူဘေးကို သွားဖမ်းချင်တာ၊ ကိုယ်အသတ်ခံရ လိမ့်မယ်လို့ သူ့စိတ်ထဲမှာ ထင်နေလို့တဲ့၊ ဒါပေမယ့် ကိုယ်က လက်မခံဘူး"

ဆောလ် အသက်ကို မနည်းရှူနေရသည်။

"ပြောမနေပါနဲ့"

"ကိုယ်က သူ့စကားနားမထောင်ဘူး"

"အဲဒါ ရှင့်အပြစ်မဟုတ်ဘူး၊ ဖဲချပ်နဲ့ မဲခွဲဆုံးဖြတ်ခဲ့ကြတာပဲ၊ သူ့အစားရှင်ဝင်လိုက်ရင် . . ."

"သူမသေဘဲ ကိုယ်သေမှာပေါ့၊ သူ အသက်ပြန်ရှင်အောင် လုပ်လို့ရမယ်ဆိုရင် ကိုယ်သေဖို့ ဝန်မလေးပါဘူး"

"သူက အဲဒီလို ဖြစ်စေချင်တာမှ မဟုတ်ပဲ"

အဲရစ်ကာက ခေါင်းပေါ် မှပတ်တီးကို လက်နှင့်စမ်းကြည့်လိုက်သည်။

"ရှင်မသေရအောင်လို့ သူက နေရာချင်းလဲခိုင်းတာမဟုတ်ဘူး၊ ရှင့်အသက်ကို သူကယ်နိုင်မယ်လို့ သူထင်ခဲ့တာ ရှင့်အပြစ်မဟုတ်ဘူး၊ သူ ရှင့်အတွက်လုပ်ပေးခဲ့တာကို လက်ခံလိုက်စမ်းပါ၊ သနားစရာကောင်းတဲ့ ခရစ္စပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူတာမှ ဂုယနဏ မသိခဲ့ရှာဘူး၊ သူ့တစ်သက်မှာ . . .”

“ငြိမ်းချမ်းမှုဆိုတာ လုံးဝမရရှိခဲ့ဘူး မဟုတ်လား”

ဆောလ်က ဖြည့်ပြောရင်း ခေါင်းညိတ်လိုက်သည်။ မိမိနှင့် ခရစ္စတို့သည် အဲလိယော့အား ချစ်မြတ်နိုးခြင်းနှင့် မိမိတို့ အချင်းချင်း အားကိုးခြင်းမှ လွဲ၍ မည်သည့်ခံစားချက်မှမထားရန် လေ့ကျင့်ခဲ့ကြရပေသည်။

မိမိသည် အဲလိယော့ဆန္ဒကို ဖြည့်ဝစေခဲ့၏။ အဲလိယော့ခိုင်းလျှင် လုပ်ပေးလိုက်သည်ချည်း ဖြစ်သည်။ ဘယ်လိုမှ စိတ်အနှောင့်အယှက်မဖြစ်၊

သို့သော် ခရစ္စကတော့ . . .။

ဆောလ်လည်းမျိုက ကိုက်ခဲလာသည်။

ခရစ္စသည် မိမိနှင့်မတူ။

၎င်းအား ပုံသွင်းမှုမှာ ရာနှုန်းပြည့်မအောင်မြင်ခဲ့။ သတ်ဖြတ်ခြင်းကြောင့် သူ စိတ်ဝေဒနာ ခံစားခဲ့ရသည်။ အဲလိယော့ကျေနပ်အောင် ကြိုးစားလုပ်ကိုင်ရင်း မိမိ၏ အသိစိတ်ကိုပယ်ဖျက်ခဲ့ရသည်မှာ သူ့အဖို့ ငရဲခံရသကဲ့သို့ ဖြစ်မည်။

ဘုန်းကြီးသွားဝတ်သော်လည်း ခရစ္စအဖို့အကြောင်းမထူးခဲ့။

ဆော်လ် မျက်ရည်ကျလာ၏။

မျက်လုံးတွေ ပူစပ်လာသည်။ ဖရန်ကလင် ကျောင်းသားဘဝက ငါးနှစ်သားအရွယ်ကတည်းက သူတစ်ခါမှ မငိုခဲ့ဖူးပါ။

အဲရစ်ကာကို သူဖက်ထားလိုက်သည်။

နောက်ဆုံး၌ မိမိအား ပုံသွင်းမှုသည်လည်း အောင်မြင်မှုမရှိတော့ချေ။

“ခွေးသားကြီး အဲလိယော့၊ ခင်ဗျားကြီး ကျုပ်တို့ကို ချော့ကလက်တွေ ပေးပြီး လိမ်ခဲ့သမျှ ဒုက္ခရောက်ပြီသာမှတ်”

ဆောလ်က အံကြိတ်၍ ကြိမ်းဝါးလိုက်သည်။

“ဟုတ်တယ် ဆောလ်၊ တကယ်အပြစ်ရှိတဲ့လူက ရှင်မဟုတ်ဘူး၊ အခု ဖြစ်ပျက်သမျှအားလုံးဟာ အဲလိုယော့ကြောင့်၊ သူရယ် လင်းဒစ်ရှိရယ် ကျန်တဲ့ အမျိုးယုတ်တွေရယ် အတူတူပဲ”

အဲရစ်ကာက တုန်ယင်သောအသံနှင့် ပြောလိုက်သည်။

ဆောလ်က အမျက်ထောင်းထောင်းထွက်လျက် ခေါင်းညိတ်လိုက်သည်။

သို့တစေ . . . သူသဘောပေါက်သွားပြီ။

ခရစ္စအတွက် မိမိ ကလဲ့စားချေရမည်။

တံခါးခေါက်သံပြင်းပြင်းကြောင့် သူလန့်သွား၏။





သော့ဖွင့်သံကြားရသည်။

ယုန်လိုက် မြွေပါ၏ မျက်နှာနှင့်တူသော အော်လစ်၏ မျက်နှာကြီးကို အစောင့်တစ်ယောက်နှင့်အတူ တံခါးဝ၌မြင်ရသည်။

“ဆယ့်ငါးမိနစ်ပဲ လိုတော့တယ်”

“ကျုပ် အဆင်သင့်ပဲ၊ အားလုံးအသင့်ပြင်ထားလိုက်”

ဆောလ်က ပြောသည်။

“ပြင်ပြီးပြီ၊ ကဲ . . . ခင်ဗျား အခုသွားတော့၊ အဲရစ်ကာကိုတော့ အာမခံသဘောနဲ့ ကျုပ်လက်ထဲ ထားခဲ့ရမယ်”

“သူ့ကို ခင်ဗျား ဘာမှမလုပ်ရဘူး”

“ကျုပ်က ကျုပ်အလုပ်မှာ ကျွမ်းကျင်သလို လူကြီး လူကောင်း တစ်ယောက်လည်း ဖြစ်ပါတယ်”

“အာမခံ . . . ဟုတ်လား”

အဲရစ်ကာက မျက်မှောင်ကုတ်၍ မေးလိုက်သည်။

“မက်လုံးတစ်ခုဆိုပါစို့”

“ကျုပ်အဖို့ မက်လုံး အလုံအလောက် ရှိပြီးသားဆိုတာ ခင်ဗျား သဘောမပေါက်သေးပါကလား”

“အဲဒါက ခင်ဗျားသဘောအတိုင်း လုပ်ဖို့တော့ ဟုတ်တာပေါ့၊ ကျုပ်သဘောအတိုင်း ကျုပ်က လုပ်စေချင်တာ၊ ကျုပ်ရဲ့ ရန်သူက အပြစ်ပုံချရမယ့် လူတစ်ယောက်လိုချင်တဲ့အခါ အဲဒီလူဟာ ကျုပ်ကိုယ်စား ခင်ဗျားဖြစ်ရမယ်၊ ခင်ဗျား စိတ်ငြိမ်ဆေးထိုးထားတာ အခု ကောင်းသွားပြီမဟုတ်လား”

“ဘာဖြစ်လို့လဲ”

“ခင်ဗျားဟာ အံ့မခန်းထွက်ပြေးမှုကြီးတစ်ခုကို လုပ်ပြရတော့မှာမို့ပါ”

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၆ )

ဆောလ်သည် တောင်ကြောထိပ်သို့ ကမန်းကတန်းပြေးတက်ကာ အမောဖြေရင်း တောတောင်သဘာဝရှုခင်းကို အကဲခတ်လိုက်သည်။ သူ့နောက်တွင် မြူမှိုင်းဝေနေသည့် တောင်ကြားဒေသရှိ၏။ ရှေ့တည့်တည့်တွင်ကား ထူထပ်သည့် ထင်းရှူးပင်များ။

ဆောလ် ထင်းရှူးတောဆီသို့ ပြေးသွား၏။ နောက်မှလိုက်လာသော ခွေးဟောင်သံများကို ကြားနေရသည်။ စောစောက ချုံတောကို ဖြတ်ကျော်လာတတည်းက ခွေးဟောင်သံတွေက ပိုကျယ်လာသည်။

စမ်းချောင်းတစ်ခုကိုရှာပြီး မိမိကိုယ်နံ့ ပျောက်သွားအောင် စမ်းချောင်းတစ်လျှောက်ပြေးသွားဖို့ စိတ်ကူးမိလေသည်။ သို့သော် သူ ကံမကောင်းသေး။

သူ့ရင်ဘတ်မှာ ချွေးတွေရွှဲနစ်ရနေသောရှပ်အင်္ကျီ တွယ်ကပ်နေ၏။

အော်လစ်မောက်ကိန်းထုတ်လိုက်တာ မှန်နေသည်။ ခွေးတွေလက်မှလွတ်လိုလျှင် သစ်တောရှိသည့် ကုန်းမြင့်ရှိရာ မြောက်စူးစူးသို့သာ ဆောလ်သွားရမည်။ ခွေးတွေ ခုန်မတက်နိုင်လောက်သော ချောက်ကမ်းပါးတစ်ခုကို တွေ့အောင်ရှာရမည်။

ဤနေရာတွင်လည်း သူ ကံခေနေပြန်၏။

ညနေစောင်းအချိန်၌ သစ်တောက စိုစွတ်စွတ်ဖြစ်နေသည်။ ခွေးတွေက ကိုယ်ပေါ်မှာ ရေလောင်းထားသလို ရွှဲနေ၏။ သူက ချုံဖုတ်များကြားမှ တိုးဝင်သွားလျက်ရှိသည်။ ခွေးဟောင်သံက ပိုနီးလာ၏။

ညာဘက်လမ်းကြောင်းထိပ်ဝ၌မြို့၏မီးရောင်မှိန်ပွင့်လေးများကို မြင်ရသော်လည်း အရဲစွန့်ပြီး မသွားဝံ့သေး။ မြို့အဝင်ဝမှာ အစောင့်တွေချချင်ချထားမည်၊ အကောင်းဆုံးလမ်းကြောင်းက မြောက်ဘက်ကို ခပ်ဝေးဝေးဆက်ပြေးဖို့သာဖြစ်သည်။





မြင့်မားသော တောင်ကုန်းများနှင့် သစ်တောများရှိသည့် နယ်မြေကို ဖြတ်သန်းရမည်။ ဩဇာကောင်းသော မြေဆီနံ့က သူ့နှာခေါင်းထဲတိုးဝင်လာသည်။ ထိုအနံ့ကို သူ ကြိုက်၏။

သစ်ကိုင်း သစ်ခက်ကြီးများနှင့် ပွတ်တိုက်မိရသဖြင့် သူ့အဝတ်အစားတွေ စုတ်ပြဲကုန်ပြီ။ သူ့အရေပြားပေါ်မှာ ခြစ်ရာရှရာတွေ ဖြစ်ကုန်သည်။

သို့တဲစေ သူ အတော်အားတက်နေသည်။

ဇာက်ပါတစ်ခု၏အပြင်သို့ ထွက်နိုင်ခဲ့သလို သူ ပီတိဖြစ်နေသည်။ သူ အနိုင်ရသွားပြီ။ ခွေးတွေပြဿနာက မအေးသေး။ ခွေးများသည် ချုံဖုတ်များကို အတင်းတိုး၍ သဲကြီးမဲကြီး ပြေးလိုက်လာကြသည်။

နီးသထက်နီးလာ၏။

မှောင်ရိပ်ကျသည့် ကုန်းလျှောတစ်ခုဆီ သူ ပြေးတက်သွားသည်။ တောတွင်းတိရစ္ဆာန်အချို့ ဖရိုဖရဲထွက်ပြေးသံကို ကြားလိုက်ရသည်။

သားရဲတိရစ္ဆာန်များ အသုံးပြုသည့် လမ်းကြောင်းတစ်ခုအတိုင်း ပြေးလွှားကာ ကျောက်လုံးကြီးတစ်လုံးဘေးမှ ပတ်၍လွင်ပြင် တစ်ခုဆီသို့ ဦးတည် သွားသည်။

အော်လစ်ပြောထားသည့်သချိုင်းကုန်းထဲရောက်လာသည်။ သချိုင်းဗုတ်ဂူမှတ်တိုင်များ၊ တမန်တော်နတ်သား ကျောက်ရုပ်တုများကို တွေ့ရသည်။

နေဝင်ဆည်းဆာကို နောက်ခံပြုထားသည့် ထိုအရာများမှာ ရောင်ခြည်ဖြာသလိုဖြစ်နေသည်။

ဗုတ်ဂူများကြား သူ လျှောက်ပြေးသည်။

လွမ်းသူပန်းခွေတစ်ခုနှင့် ပန်းတစ်ပွင့်ကို သူမြင်သွားသည်။ နောက်ဘက်နားမှ လက်သည်းချွန်များဖြင့်ကုတ်ခြစ်သံကို ကြားလိုက်၏။ ချုံဖုတ်ဘက်ကိုလှည့်ကြည့်ပြီး အိတ်ထဲလက်နှိုက်လိုက်သည်။

အော်လစ်က မလိုအပ်ဘဲ မသုံးနှင့်ဟု မှာလိုက်သည်။

ယခု လိုအပ်နေပြီ။

အဖုံးကိုဖွင့်ပြီး အလွန်အနံ့ဆိုးသည့် ဓာတုဆေးမှုန့်တစ်မျိုးကို လတ်လတ်ဆတ်ဆတ်မြေကြီးဖြည့်ထားသည့် မြေပုံပေါ်သို့ ဖြူးချလိုက်သည်။

ထိုနောက် ချုံဘေးသစ်တောအတွင်းဝင်ကာ ကိုယ်ယောင်ဖျောက်လိုက်သည်။

ပန်းများမှာ မသာစော်နံ့နေ၏။

အော်လစ်၏ရဲတိုက်မှ မိမိ လက်ဖနောင့်နှင့် ရိုက်ပစ်ခဲ့သော အစောင့်



www.burmeseclassic.com

www.burmeseclassic.com



များကတော့ မသာပေါ်မည်မဟုတ်။ မလိုအပ်၍ မသတ်ပစ်ခဲ့ခြင်းဖြစ်သည်။

အော်လစ်သည် ၎င်း၏တပည့်များကို စတေးမခံစေရဘဲနှင့် ယုတ္တိရှိရှိ ထွက်ပြေးမှုကို လုပ်စေချင်သည်။

ဆောလ် နောက်ဘက်တွင် ဒေါ်သတကြီးနှင့် ဟောင်နေကြသည့် ခွေးကြီးများ၏အသံများကို ကြားရသည်။ သို့သော် ၎င်းတို့၏နှာခေါင်းမှာ အသုံးမဝင်တော့။ သွေးညှီနံ့က ဓာတုဆေးမှုန့်နံ့ကို ဖုံးလွှမ်းသွားသည်အထိ ၎င်းတို့ဘာသာ မျက်နှာကို ကုတ်ခြစ်ကြလိမ့်မည်။

သို့သော် သူတို့သည် ဆောလ်နောက်သို့ ဆက်လိုက်လာကြတော့မည်မဟုတ်ပေ။

ဈာပနအခမ်းအနားတစ်ခုတော့ ရှိလိမ့်ဦးမည်။

မိမိဈာပန မဟုတ်။

သိပ်တော့ မကြာနိုင်။

ဆောလ်ရင်ထဲမှာ မုန်းတီးစိတ်တွေ ပြည့်လျှံနေ၏။

◆

( ၂ )

မော်တော်ကားကို အော်လစ်ပြောပြလိုက်သည့် နေရာ၌ပင် ဂုက်ထားကြောင်း တွေ့ရသည်။ လိုင်ယွန်မြို့ပြင်ဘက် လမ်းသွယ်တစ်ခုပေါ်ရှိ ဓာတ်ဆီဆိုင်အဟောင်း၏နောက်တွင် ဖြစ်သည်။ လွန်ခဲ့သော သုံးနှစ်ကထုတ်လုပ်ခဲ့သည့် မီးခိုးရောင် ရေနော့ကားသည် ညအမှောင်ထုနှင့် ရောနေသည်။

ဆောလ်သည် ရေနော့ကားဆီသို့ သတိထား၍ ချဉ်းကပ်သွားသည်။ ကားလမ်းမကြီးနှင့် ဓာတ်ဆီဆိုင်ပတ်လည်ရှိ သစ်ပင်များကို အကဲခတ်စစ်ဆေးပြီးမှ ပုန်းနေသည့် ခြုံတောထဲမှသူ တိတ်တဆိတ်ထွက်လာသည်။

အိုရစ်ရဲတိုက်ရှိ အစောင့်တစ်ယောက်၏လက်ထဲမှ ပြင်သစ်ပြည်လုပ် ဟမ်အောဘီ (၉)မမ ပစ္စတိုတစ်လက်ကို ဆောလ်လုယူခဲ့၏။

ယခု ထိုသေနတ်ဖြင့် မော်တော်ကားပြတင်းပေါက်မှကားနောက်ခန်းကြမ်းပြင်ကို ချိန်ထားလိုက်သည်။ ကားထဲ၌မည်သူမျှမရှိ။

တံခါးဖွင့်ဝင်လိုက်ပြီး အော်လစ်ကတိပေးထားသည့်အတိုင်း ကားရှေ့ခန်းကြမ်းခင်း ဖျာချပ်အောက်တွင် ဂုက်ထားသည့်ကားသော့ကို ရှာတွေ့သည်။

မော်တော်ကားကို ဗုံးထောင်ချောက်ဆင်ထားခြင်းရှိမရှိ မီးခြစ်ခြစ်၍ ကားအင်ဂျင်၊ ဒက်ရှ်ဘုတ်အောက်နှင့် ကားဝမ်းဗိုက်အောက် လိုက်စစ်ဆေးရသေးသည်။

ကား နောက်အံဖုံးကို ဖွင့်ကြည့်ရာ အော်လစ်ထည့်ပေးလိုက်သည့် အဝတ်အစားများနှင့် ပစ္စည်းပစ္စယများကို တွေ့ရသည်။

ဆောလ်သည် အခြားနိုင်ငံများတွင် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ငွေနှင့် သက်သေခံစာရွက်စာတမ်းများကို အသီးသီးဂုက်ထားပြီးသားဖြစ်သော်လည်း ယခု အော်လစ်က သူ့ကတိအတိုင်းလုပ်ပေးခြင်းအတွက် စိတ်အေးသွားသည်။ အော်လစ်သည် သူ့ ဘက်ကအကောင်းဆုံးဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့ ရည်ရွယ်ထားပုံရ၏။

သို့တစေ . . . အဲရစ်ကာ့ကို မလွှတ်ပေးခြင်းအတွက် ဆောလ် စိတ်ညစ်ရသည်။ သို့သော် အော်လစ်လုပ်တာ ယုတ္တိရှိကြောင်းသူ နားလည်သည်။

အော်လစ်သည် ဆောလ်အား ထွက်ပြေးခွင့်ပြုလိုက်ခြင်းအားဖြင့် ၎င်းကိုယ်တိုင် မသင်္ကာဖြစ်ခံရဖွယ်ရှိသည်။ အဲရစ်ကာပါ ထွက်မပြေးနိုင်ခြင်းကြောင့် နည်းနည်းယုတ္တိပိုတန်လိမ့်မည်။ သူမကို ဓားစာခံလုပ်ပြီး ဆောလ်အား အော်လစ်ကြိုက်တာလုပ်ခိုင်းလို့ရမည်မဟုတ်လား။

သို့သော် အော်လစ်မှာ အခြားရည်ရွယ်ချက် တစ်ခုခုတော့ရှိဦးမည်ဟု ဆောလ် သံသယဖြစ်မိသည်။ ဤကိစ္စပြီးသောအခါ အော်လစ်သည် ဆောလ်အား အဲရစ်ကာနှင့် မျှားခေါ်ပြီး မိမိတို့နှစ်ယောက်လုံးကိုသတ်ပစ်ကာ ဆောလ်လုပ်ခဲ့သည့်ကိစ္စနှင့် ပတ်သတ်၍ အာဝန်ကင်းစေရန် မိမိတို့အား ဆုဖလားများအဖြစ် ပွဲထုတ်ပြသလိုက်မည်ဆိုလျှင် ဘယ်လိုလုပ်မလဲ။

ရှုပ်ထွေးမှုများသည် ဆောလ်အား နန်းအိုင်ကြီးလိုဆွဲနှစ်လျက်ရှိသည်။

ခြေချာတာတစ်ခုတော့ ရှိသည်။

အော်လစ်သည် သူ့ကိစ္စမပြီးမချင်းတော့ မိမိတို့အပေါ် သစ္စာဖောက်မည်မဟုတ်။

ထိုကာလအတွင်း ဆောလ်၏ဦးတည်ချက်က ရှင်းလင်း ရိုးစင်းနေ၏။

ခရစ္စသေသွားပြီ။

သည်အတွက် သင်းတို့တွေအကြီးအကျယ်ပေးဆပ်ကြရတော့မည်။

ဆောလ်က ကားစက်နှိုးလိုက်သည်။ ကားစက်သံက ညက်သည်။ မကြာမီလေးကမှ ပြုပြင်ပေးခဲ့ပုံရသည်။ ဓာတ်ဆီလည်း အပြည့်ပါသည်။

ဆောလ်က ကားကို လမ်းမပေါ်သို့ မောင်းသွားသည်။ အမှောင်ထုကို ကားရှေ့မီးတန်းက ထွင်းဖောက်သွားသည်။

လမ်းသွယ်နှစ်ခုကိုဆက်တိုက်ချိုးဝင်သွားသည်။ မိမိနောက်မှ ရှဲဒိုးကားရှိမရှိ နောက်ကြည့်မှန်မှ စစ်ဆေးသွားသည်။

ရှဲဒိုးလိုက်သည့်ကား တစ်စီးမှမတွေ့သဖြင့် နောက်လမ်းမကြီး တစ်ခုပေါ်ပြန်ရောက်ပြီး သတ်မှတ်မိုင်နှုန်းထက် မကျော်အောင် သတိထားမောင်းရင်း အနောက်စူးစူးသို့ ဦးတည် သွားရသည်။

အော်လစ်သည် ပစ်မှတ်ငါးခုကို ရွေးပေးလိုက်သည်။ ၎င်းတို့က မူလပထမ အဲဘလတ်အုပ်စုဝင်များထံမှ ဆင်းသက်လာခဲ့သူများ ဖြစ်သည်။

သို့သော် ဘယ်သူ့ကို အရင်ရှင်းရမည်ဆိုတာ အော်လစ်အရေးမစိုက်။





ဆောလ်က ဤကားကို တတ်နိုင်သမျှ မြန်မြန်စွန့်ပစ်ခဲ့ချင်သည်။ ကားတစ်စီးကို ရှာဖွေစစ်ဆေးခဲ့သည့်တိုင် ခပ်ဝေးဝေးမှနေ၍ လိုက်လာနိုင်သော ရှဲဒိုးကားအား မိမိကားရှိရာနေရာကို အချက်ပြနေမည့် အသံလွှင့်စက်ငယ်ကလေးတစ်ခုကို မိမိမျက်စေ့လျှမ်းချင်လည်း လျှမ်းသွားခဲ့မည်။

ဒါတွေက အကြောင်းမဟုတ်။

ဘယ်ဟာမှ အကြောင်းမထူးတော့ပြီ။

ကလဲ့စားချေဖို့ပဲ အရေးကြီးသည်။

ဖခင်ဖြစ်သူသင်ပေးခဲ့သည့် ကျွမ်းကျင်မှုအတတ်ပညာများသည် ၎င်းအား သုတ်သင်ရန်အတွက် လက်နက်များဖြစ်လာတော့မည်ဖြစ်ကြောင်းတွေးရင်း ဆောလ် ပီတိဖြစ်နေသည်။

အဘိုးကြီးရေ . . . ကျုပ်လာနေပြီဗျို့။

ဆောလ်သည် လက်ကိုင်ဘီးကို တင်းတင်းဆုပ်ထားမိသဖြင့် သူ့လက်ချောင်းများပင် ထုံကျဉ်လာသည်။

ထိုညက ခရစ္စသည် တစ်ခါတစ်ရံ ဆောလ်နံဘေး၌ ရောက်နေသည်။ သူ့မျက်နှာက အရိုးငေါငေါ။ မျက်လုံးတွေက အသက်မဲ့နေပြီး စွန့်စားခန်းတစ်ခု စတင်ကြတော့မည့် ချာတိတ်လေးနှစ်ယောက်အလား ပြုံးဖြဲဖြဲလေးလုပ်နေသည်။

သည်စွန့်စားခန်းကတော့ အကောင်းဆုံး စွန့်စားခန်းပါပဲ။ လက်တွဲပြန်ပွဲပေါ့။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၈ )

"ဘာပြောတယ် . . . ၊ နေဦး မင်းပြောတာ ငါ မကြားလိုက်ဘူး"

အဲလီယော့က ပြောလိုက်သည်။

စာကြည့်ခန်းအတွင်းရှိ စားပွဲတွင်ထိုင်ရင်းအရေးကြီးသော စာရွက်စာတမ်းများကို အာရုံစူးစိုက်နေသကဲ့သို့ ကုန်းကြည့်နေသည်။ သို့သော် စားပွဲပေါ်မှာ ဘာစာရွက်မျှမရှိ။ စားပွဲတင် မီးတိုင်အားလုံးမှိတ်ကာ ခန်းဆီးတွေလည်း ဆွဲစေ့ထားသည်။

အဲလီယော့က ဖွင့်ထားသော တံခါးဝမှလူကို မျက်ကြောရှုံ့ ကြည့်လိုက်သည်။

အပြင်ဘက်စင်္ကြံလမ်းအတွင်းရှိ မီးရောင်ကို နောက်ခံပြုထားသော ထိုလူ၏သဏ္ဌာန်က ထွားကျိုင်းသည်။ ၎င်းသည် ခြေနှစ်ချောင်းကားရပ်နေသည်။ လက်မောင်းနှစ်ဖက်ကိုလည်း အနည်းငယ်ကားထားသည်။ ၎င်း၏အရပ်ကမြင့်ပြီး မျက်နှာက လေးထောင့်စပ်စပ်။

အဲလီယော့ မျက်မှောင်ကုတ်လိုက်၏။

ပထမတော့ ထိုလူကို သူ မမှတ်မိသလိုလို မှတ်မိသလိုလို။

ခရစ္စနှင့်တူသည်။

ခရစ္စမသေလို့ မိမိထံလိုက်လာတာလား၊ မဖြစ်နိုင်။ ခရစ္စသေပြီဟု လင်းဒစ်ရှိက အာမခံခဲ့ပြီးပြီ။

အလင်းရောင်ကို ကျောပေးထားသည့် မည်းမည်းသဏ္ဌာန်သည် လူသေကောင်လား။ မဖြစ်နိုင်။

ဒါဖြင့် မိမိသက်တော်စောင့်များကို လွတ်အောင်ရှောင်ပြီး မိမိကိုလာရှင်ဆိုင်သော ဆောလ်များလား။

မဟုတ်သေး။ သိပ်မြန်လွန်းသည်။





သို့သော် မိမိ၏မွေးစားသား ဆယ့်ရှစ်ယောက်အနက် ဤလူသည် ဆောလ် သို့မဟုတ် ခရစ္စတစ်ဦးဦးသာ ဖြစ်မည်ဟု ယူဆမိခြင်းကြောင့် သူ စိတ်ရှုပ်သွားသည်။

သူတို့ကို မိမိချစ်ခဲ့၏။ သူတို့အကြောင်း စဉ်းစားမိတိုင်း မိမိရင်မှာ နင့်ခနဲဖြစ်ရသည်မဟုတ်လား၊ မိမိ ဝမ်းနည်းဆွေးမြည့်ခြင်းသည် မိမိ ကြင်နာကင်းမဲ့စွာပြုမူခဲ့ခြင်းမဟုတ်ကြောင်း သက်သေအထောက်အထားပင် မဟုတ်လား။ ၎င်းတို့အား စတေးခံခိုင်းခြင်းကြောင့် ခံစားရသောဝေဒနာသည် မိမိ၏ တာဝန်ဝတ္တရားကို သူ့ရဲကောင်း ပိုဆန်စေသည်။

ယခုအထိ မိမိ၏မွေးစားသား ဆယ့်ငါးယောက်သေဆုံးသွားခဲ့ပြီ။ အကယ်၍ ဆောလ် သိပ်ဆန္ဒပြင်းပြလွန်းလျှင် တစ်ယောက် ထပ်တိုးလာလိမ့်မည်။

သို့သော် ဆောလ်က သည်လိုလုပ်မည်မထင်။

အဆင်ပုံစံကွက်က ကြိုတင်ရေးဆွဲ စီစဉ်ခဲ့သလို ဖြစ်မနေသည်။ အဲလီယော့က ကံကိုယုံသူမဟုတ်။ ကျွမ်းကျင်မှုအပေါ်သာ ယုံကြည်မှုထားရှိသည်။ တံခါးဝမှလူကိုကြည့်နေစဉ် သေဆုံးသွားသော မိမိ၏ ကလေးများ၏ ပုံရိပ်သဏ္ဌာန်များတစ်ခုပေါ် တစ်ခု ထပ်သလို လှုံ့ဆော်မဲ့အာရုံများမှုကို တဒင်္ဂ ခံစားလိုက်ရသည်။

အဲလီယော့ ကြက်သီးထသွား၏။

၎င်းတို့၏နာမည်ဝှက်များကို ဂရိနှင့်ရောမဒဏ္ဍာရီများမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်၊ မိမိနှစ်ခြိုက်တတ်သောရှုပ်ထွေးမှုကို ရောထည့်ပေးခြင်းလည်းဖြစ်၏။

ယခု ဒဏ္ဍာရီထဲမှ အရာတစ်ခုကို သတိရလာသည်။

"ဒေါသမာန်များ" တဲ့။ လက်စားချေသည့် "အရိပ်များ" တဲ့။

အဲလီယော့က လည်ချောင်းရှင်းကာ ထပ်ပြောလိုက်သည်။

"မင်းပြောတာ ငါမကြားဘူး"

"အဖေ ဘာဖြစ်လို့လဲ၊ နေကောင်းရဲ့လား"

ပိုလပ်ဇ်က ရှေ့တိုးလာသည်။

"ငါ့ကို မင်းက ဘာလို့ နေမကောင်းဘူးထင်ရတာတုံးကွ"

"ဒီအခန်းထဲမှာ အဖေတစ်ယောက်တည်း စကားပြောနေတာ ကြားလိုက်လို့"

မိမိ ယင်းသို့ပြောမိကြောင်း မမှတ်မိတော့။ အဲလီယော့ စိတ်ညစ်သွား၏။

"အဖေ ဘယ်သူနဲ့မျှ စကား ပြောနေပါလိမ့်မယ်၊ ကျွန်တော်ဒီမှာနေလျက်နဲ့ ဘယ်သူမှတော့ ဝင်မသွားတာသေချာတယ်၊ ပြီးတော့ တယ်လီဖုန်းကို စင်္ကြံလမ်းထဲကနေ လှမ်းကြည့်လိုက်တော့လဲ ပုခက်ပေါ်မှာတင်လျက်သားပဲ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတယ်"

ပိုလပ်ဇ်က ဆက်ပြော၏။

"ငါနေကောင်းတယ်၊ ဘာမှမဖြစ်ဘူး၊ ငါ့စိတ်ထဲတွေးမိတာကို ပါးစပ်က လွှတ်ခနဲ ထွက်သွားတယ်ထင်ပါရဲ့၊ မင်း ဘာမှမပူနဲ့"

"ကျွန်တော် ဘာယူပေးရမလဲ"

"နေပါစေ"

"ကိုကိုးပူပူလေး ဖျော်ပေးရမလား"

အဲလိယော့ ပြုံးလိုက်၏။

"မင်းနဲ့ ကာစတာတို့ငယ်ငယ်က ငါလာလည်တိုင်း မင်းတို့ အတွက် ငါ ကိုကိုးတွေယူလာတာ မှတ်မိသေးလား၊ မင်း အိပ်ခါနီးတိုင်း ငါကိုကိုးတိုက်ခဲ့တယ်လေ"

"ဘယ်မေ့မှာလဲဗျာ"

"အဲဒီတုန်းက မင်းတို့နဲ့ငါနဲ့ အနေအထားက ပြောင်းပြန်လိုပဲ၊ အခု ငါ အဘိုးကြီးဖြစ်ရင် မင်းတို့စောင့်ရှောက်ကြမှာလား"

"အို . . . အဖေ့အတွက်ဆို ကျွန်တော် ဘာပဲလုပ်ရလုပ်ရ"

အဲလိယော့ရင်ထဲ နာကျင်စွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

အခြား ဆယ့်ငါးယောက်တော့ မိမိလိုချင်သမျှ အားလုံးကို ပေးခဲ့ကြပြီးလေပြီ။

"အေးပါ၊ ငါသိပါတယ်၊ အခု ငါ နေကောင်းပါတယ်ကွာ၊ ငါ့ဘာသာ တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်သေးတယ်၊ မင်းကို ငါ ချစ်တယ်၊ မင်း ဘာစားပြီးပြီလဲ"

"တော်ကြာမှစားမယ်"

"စားဖြစ်အောင် စားနော် မင်းအစ်ကိုရော"

"သူက နောက်ဘေးမှာ စောင့်နေတယ်"

"တော်ကြာကျမှ ငါ မင်းတို့ဆီလာခဲ့ဦးမယ်၊ တို့တွေ ရှေးဟောင်းနှောင်းဖြစ်တွေ စားမြုံ့ပြန်ကြရအောင်"

ပိုလပ်ဇ်ထွက်သွားသည်။

အဲလိယော့သည် နုံးချည်စွာဖြင့် ကုလားထိုင်ကို ကျောမှီချကာ ၁၉၇၄ ခုနှစ် နွေရာသီက ကာစတာနှင့် ပိုလပ်ဇ်တို့အား ရဲလိုးစတုန်း ဥယျာဉ်သို့ ခေါ်သွားခဲ့ပုံကို ပြန်တွေးမိသည်။

နှစ်တွေ အကုန်မြန်လှပါဘိ။





တစ်ခါတစ်ရံ မိမိမှတ်ဉာဏ်က သိပ်မကောင်းချင်တော့။ ရဲလိုးစတုန်း မဟုတ်ဘဲ ဂရင်းကင်ယွန်တောင်ကြားဒေသသို့ ခေါ်သွားခဲ့တာလည်း ဖြစ်ချင်ဖြစ်မည်။ ဟင့်အင်း။ အဲဒါက ၁၉၅၆ ခုနှစ်ကျမှသွားတာ။ ကာစတာဟာ. . .။

အဲလိယော့ ကိုယ့်အမှားကိုယ်သိသဖြင့် တစ်ကိုယ်လုံးတုန်သွားသည်။

အဲဒါ ကာစတာနှင့် ပိုလပ်ဇ်မဟုတ်။ အခြားတစ်တွဲဖြစ်သည်။

ဘယ်အတွဲပါလိမ့်။

အဲလိယော့ မမှတ်မိသဖြင့် ငိုချင်လာသည်။

ခရစ္စနဲ့ ဆောလ်တို့များလား။

မိမိ၏ ဒေါသမာန်များက တဖြည်းဖြည်း ဝန်းရံချဉ်းကပ်လာကြ၏။

အဲလိယော့ရင်ထဲ ပို၍တက်လာသည်။

နေ့ခင်းက သူ့လက်ထောက်က သတင်းလာပြောပြီးပြီးချင်း ရုံးမှ ပြန်လာခဲ့သည်။

"ရိုးမြူးလပ် လွတ်သွားတယ် ဟုတ်လား၊ အားလုံး စီစဉ်ထားရက်နဲ့ ထောင်ချောက်လဲ ဆင်ထားပြီးပြီ၊ ကေဂျီဘီက သူ့ကို မိထားပြီဆို"

"ဟုတ်တယ်၊ ဟိုမိန်းမလဲ သူတို့လက်ထဲမှာ ရှိတယ်၊ ဒါပေမယ့် သူကတော့ ထွက်ပြေးသွားတယ်တဲ့"

အဲလိယော့ လက်ထောက်က မဝံ့မရဲပြောလိုက်သည်။

"ဘယ်လိုလုပ် လစ်သွားတာလဲ"

"သူ့ကို လိုင်ယွန်မြို့နားမှာ သူတို့ ဖမ်းမိတာ၊ သူ့ကိုကွပ်မျက်မယ့် ရဲတိုက်မှာ ဖမ်းထားတုန်း ထွက်ပြေးသွားတာတဲ့"

"သူ့ကို တွေ့တွေ့ချင်း သတ်ပစ်ရမှာကွ"

"သူတို့က သူ့ကိုမသတ်ခင် အရင် စစ်ဆေးချင်လို့နေမှာပေါ့"

"တို့နဲ့ သဘောတူထားတာ အဲဒီလို မဟုတ်ဘူး၊ သူ ဘာတွေ လုပ်သွားသေးလဲ၊ အစောင့် ဘယ်နှစ်ယောက်လောက် သတ်သွားလဲ"

"တစ်ယောက်မှ မသတ်ဘူး၊ သူက သန့်သန့်လေး လုပ်သွားတာ"

အဲလိယော့ စိတ်ညစ်သွား၏။

"ဟိုမိန်းမကို သူတို့သတ်လိုက်ပြီလား"

"ဟင့်အင်း၊ သူဘယ်သွားလဲဆိုရအောင် အဲဒီမိန်းမကို သူတို့မေးတုန်းပဲ"

အဲလိယော့ခေါင်းခါလိုက်၏။

"မှားနေပြီ"

"သူတို့ပြောတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"မှားနေပြီကွ၊ သူတို့ညာပြောတာ၊ သက်သက်လှည့်စားတာ"

"ဘာလို့လဲ"

"သူ့ကို တစ်ယောက်ယောက်က တမင်လွှတ်ပေးလိုက်တာ"

"ဘာရည်ရွယ်ချက်နဲ့လဲ"

"ရှင်းရှင်းလေးပဲ၊ ငါ့ဆီလာဖို့ပေါ့"

အဲလီယော့တပည့် မျက်မှောင်ကုတ်သွား၏။

မိမိအား လက်တောက်အရာရှိက အကြောက်လွန်လွန်းသည်ဟု ထင်မြင်ယူဆမှန်းရိပ်မိသောကြောင့် အဲလီယော့သည် တာစတာနှင့် ပိုလပ်စ်တို့အားခေါ်ကာ ရုံးမှပြန်လာခဲ့သည်။

အိမ်ပြန်ရောက်ကတည်းက မှောင်ရိပ်လွှမ်းသည့် ဧည့်ခန်းထဲတွင် ထိုင်နေခဲ့သည်။

မိမိအနီးတွင် သစ္စာရှိသောနောက်ဆုံးသားနှစ်ယောက်နှင့် အိမ်ပတ်လည်၌ ရှိနေသော အစောင့်များ၏ ကာကွယ်စောင့်ရှောက်မှုကို ရယူထားဆဲဖြစ်သည်။

သို့သော် ဤအတိုင်း မိမိတစ်သက်လုံး နေလို့မဖြစ်။ စောင့်လည်း မစောင့်နိုင်။

ကလဲ့စားချေသော အရိပ်များက ခြောက်လှန့်နေသည့်တိုင် ကံတရားကို သူအယုံအကြည်မရှိချေ။

ငါဟာ ကျွမ်းကျင်မှုကိုပဲ အားကိုးအားထားပြုလေ့ရှိခဲ့တယ်။ ပြီးတော့ လှည့်စားတတ်တယ်ဟု အဲလီယော့ စိတ်ထဲက ရေရွတ်လိုက်သည်။

သူ့ကို ငါပညာသင်ပေးခဲ့တာ။ သူ့ထက် ငါက ခြေတစ်လှမ်းသာတယ်။ သူဘာတွေးမလဲ ငါကြိုတွက်လို့ရတယ်။

အခုနေ ငါသာ ဆောလ်ဖြစ်ခဲ့ရင် ဘာလုပ်မလဲ။

အဖြေက ဒိုင်းခနဲ ပေါ်လာသည်။

မိမိအတွက် အခွင့်အရေးတစ်ခုထပ်ရမည်မို့ ရင်ဖိုလာသည်။ သို့သော် မြန်မြန်လုပ်ဖို့တော့ လိုသည်။

လင်းဒစ်ရှ်ကို ဆက်သွယ်မှပဲ။

ဆောလ်သည် ထိတ်လန့်တုန်လှုပ်မှုများ တိုးပွားလာအောင် လုပ်မည်။ ကလဲ့စားချေခြင်းကို ၎င်းက အရသာခံလိမ့်မည်။

လင်းဒစ်ရှ်သည် ဆောလ်၏ ပထမဆုံးပစ်မှတ်ဖြစ်သည်။

ငါနဲ့ လင်းဒစ်ရှ်နဲ့ပေါင်းပြီး ထောင်ချောက်ဆင်လို့ရသားပဲ။

◆

## (၉)

ဤနေရာကို မိမိရောက်ဖူးသည်ဟု အောက်မေ့မိပြန်သည်။ ဖရန်ကလင်ကျောင်းမှ တံတိုင်းကြီး များကိုသာ မြင်ယောင်မိခြင်းမဟုတ်။ အင်ဒရူးဆော့ဂျ်၏ခြံမှ တံတိုင်းကြီးများကိုပါသတိရလာသည်။ အားလုံးရုပ်လုံးပေါ်လာချေပြီ။ အဲလီယော့သည် ဖရန်ကလင်ကျောင်းကို အသုံးပြု၍ မိမိအား လှည့်စားခဲ့သည်။ ယင်း၏အကျိုးဆက်တစ်ခုကား "ပါရာဒင်" လုပ်ကြံမှုကြီးဖြစ်၏။

အဖြစ်အပျက် အားလုံးကို အစပျိုးခဲ့သည့် နေရာသို့ မိမိ ပြန်သွားရသည်ဟု ခံစားမိသဖြင့် ဆောလ်စိတ်ထဲက ကြည်နူးလန်းဆန်းလာသည်။

အင်ဒရူးဆော့ဂျ်၏ တိုက်ကြီးကို ဗုံးနှင့်ခွဲခဲ့စဉ်က သူ ဘယ်လိုမှ မခံစားခဲ့ရပါ။ ဤကား အလုပ်တစ်ခုမျှသာ။ အဲလီယော့အတွက် လုပ်ပေးရခြင်း ဖြစ်သည်။ အခုတော့ ခြားနားသွားပြီ။

အခု ပထမဦးဆုံးအကြိမ်သတိဖြတ်ဖို့ အာသီသ ပြင်းပြနေ၏။

အင်ဒရူးဆော့ဂျ်နှင့် လင်းဒစ်ရှ်တို့၏ ခြံဝင်းတံတိုင်းများကို စိတ်ထဲက နှိုင်းယှဉ်ကြည့်ရင်း မိမိပြောင်းလဲမှုကို သတိထားမိလာသည်။

ဆောလ် လူသတ်ချင်နေသည်။ ဆော့ဂျ်ကို သတ်သည့်နည်းကို ထပ်မံအသုံးပြုဖို့ ရွေးချယ်ခဲ့ခြင်းကြောင့် သူကျေနပ်နေ၏။ ရယ်စရာတော့ အကောင်းသား။ အဲလီယော့ သင်ပေးလိုက်သည့် တိုက်နည်းခိုက်နည်းတွေကို သုံးကာ ၎င်းအား ပြန်တိုက်ရမည် မဟုတ်လား။

ခင်ဗျားကြီး လိမ်ပြောလျှင် ကျုပ် ဘယ်လိုလုပ်မလဲဆိုတာ ပြောထားတယ်မဟုတ်လား လင်းဒစ်ရှ်ရဲ့။

ကြည့်စမ်း။ အခု ကျုပ်ညီတော်မောင် သေသွားပြီလေ။

လင်းဒစ်ရှ်၏ တံတိုင်းကြီးအစား ဖရန်ကလင်ကျောင်းမှ တံတိုင်းကြီးကို ဆောလ်မျက်စိထဲ မြင်လာသဖြင့် သူ မျက်ရည်ဝဲလာသည်။ သူ့လက်နက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူလိုက်၏။ ရိုက်ဖယ်လ်တစ်လက်ယူလာပြီး လင်းဒစ်ရှိကို အဝေးမှ လှမ်းပစ်လို့ရမည်။ သို့သော် မိမိကျေနပ်နိုင်မည် မဟုတ်၊ ပြီးပြည့်စုံခြင်းမရှိနိုင်။ မိမိခြိမ်းခြောက်မှုပြည့်ဝအောင်လုပ်ဖို့လိုသည်။ လင်းဒစ်ရှိကို တခြားနည်းနှင့် သတ်ရမည်။ သို့သော် ဆောလ်၏ စိတ်ပြတ်သားမှုက ပြဿနာတစ်ခုပေါ်လာစေသည်။

လင်းဒစ်ရှိသည် ဆောလ် ထွက်ပြေးကြောင်း သိရသောကြောင့်လား၊ သတိပိုထားနေခြင်းလား မသိ၊ သူ့ ခြံထဲမှာ လုံခြုံရေးအင်အား သုံးဆတိုးထားသည်။ အစောင့်တွေ အလုံးအရင်းနှင့် ကင်းလှည့်နေကြသည်။ ဧည့်သည်များအား သက်သေခံ စာရွက်စာတမ်းများ ထုတ်ပြခိုင်းပြီး တစ်ကိုယ်လုံး ရှာဖွေပြီးမှ ဝင်ခွင့်ပြုသည်။ တံတိုင်းများပေါ်တွင် အနီးကပ်ရိုက်သည့် ရုပ်သံကင်မရာများ တပ်ထားလိုက်ပြီ။

ယခင်တစ်ခေါက်ကလို ခြံထဲခိုးဝင်ဖို့ မလွယ်တော့။ ဘယ်လိုလုပ် ဗုံးတွေသွားထောင်ရပါ့မလဲ။ လင်းဒစ်ရှိ တစ်ယောက်တည်းသာမက သူ့ သိပ်ချစ်သည့်နှင်းဆီပန်းတွေကိုပါ ဗုံးဖောက်ဖျက်ဆီးဖို့ ဘယ်လိုကြံရမလဲ။ ကျုပ်မုန်းတဲ့ အရာတွေကို ခင်ဗျားကြီးရဲ့နှင်းဆီတွေက ကိုယ်စားပြုနေတယ်လို့ ကျုပ် ပြောခဲ့တယ် မဟုတ်လား လင်းဒစ်ရှိရဲ့။

ဆောလ်ဝယ်ခဲ့သော လက်နက်ကား အဝေးထိန်းစနစ်ဖြင့် မောင်းနှင်သည့် အကြီးမားဆုံး လေယာဉ်ပျံလေးဖြစ်သည်။ သည်လေယာဉ်ပျံကို လန်ဒန်မြို့ရှိ ဆိုင်ပေါင်းတစ်ဒါဇင်မှ ခဲရာခဲဆစ် လိုက်ရှာခဲ့ရသည်။ စပစ်ဖိုင်းယား လေယာဉ်ပုံစံငယ်ဖြစ်ပြီး တောင်ပံက သုံးပေရှည်ကာ မိုင်ဝက်အထိ ပျံသန်းနိုင်သည်။ ဤလေယာဉ်ကား ဆောလ်၏တိုက်ချင်းပစ်ဒုံးပျံတည်း။

ဆောလ်သည် အခိုးဝေနေသည့် မျက်လုံးများကိုပွတ်ပြီး ပြုံးရွှင်စွာဖြင့် လေယာဉ်အား လိုအပ်သလို ညှိနှိုင်းမှုများပြုလုပ်သည်။ တကယ်တော့ ကလေးကစားစရာ လေယာဉ်ကလေးပါပဲ။ ခရစ္စသာအနားမှာရှိခဲ့လျှင် သူ့ရယ်လိမ့်မည်။

ကြည့်နေလေ။ အကျင့်ပျက်နေသည့် ကလေးငယ်က သူ့ အမေကို လက်စားချေဖို့ ကစားစရာအရုပ်တစ်ရုပ်ကို အသုံးပြုတော့မည်မဟုတ်လား။

လေယာဉ်လေးကို ဓာတ်ဆီထည့်ထားပြီးပြီ။ ၎င်းအား အခြားတစ်နေရာ၌ စမ်းသပ်ကြည့်ခဲ့ပြီးပြီ။ လေယာဉ်က အသံလွှင့်စက်မှ ပို့လွှတ်လိုက်သည့် ရေဒီယို ဆစ်ဂနယ်များကို လက်ခံတုန့်ပြန်သည့် အလျှောက် အသံလွှင့်စက်မှထိန်းတံဖြင့် ဝေဟင်၌ မိမိကြိုက်သလို ပျံသန်းခိုင်းလို့ရသည်။

အပေါ်ပျံတက်မလား။ ဘေးတိမ်းမလား။ ကျွမ်းထိုးရမလား။ ကြိုက်





သလို လုပ်နိုင်သည်။

သို့သော် လေယာဉ်ငယ်ပေါ်တွင် ကုန်စည်ပါသေးသည်။ အလေးချိန် ငါးပေါင်ရှိသည့် ဗုံးများကို လေယာဉ်၏ ကိုယ်ထည်ပေါ်တွင် အလေးချိန် မျှတအောင် နေရာခွဲ၍ တိပ်နှင့် ပတ်ထားသည်။

ထို့ကြောင့် လေယာဉ်က နဂိုအတိုင်းလောက် မြေ့ပါးသွက်လက်စွာ ပျံသန်းနိုင်ခြင်းမရှိ။ တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်ချင်သည်။

သိပ်တော့အကြောင်းမဟုတ်။ ဖောက်ခွဲရေး စနက်တံပြုလုပ်ရန် ဓာတ်လက်ထရွန်နစ်ပစ္စည်းဆိုင် တစ်ဆိုင်သို့သွားပြီး လိုအပ်သော ပစ္စည်းအစိတ်အပိုင်းများကို ဝယ်ယူခဲ့ရသည်။ ၎င်း စနက်တံကိရိယာကို လေယာဉ်ဝမ်းဗိုက်တွင် ကပ်ပေးထားသည်။ စနက်တံအတွက် သီးခြားအသံလွှင့်စက်ငယ်ဖြင့် ထိန်းချုပ်ရသည်။

လေယာဉ်ပျံနှင့် စနက်တံတို့ကို ထိန်းချုပ်ရာတွင် ရေဒီယိုလှိုင်းများ သီးခြားစီရွေးချယ်ခဲ့ရ၏။

သို့မဟုတ်ပါက လေယာဉ်မောင်းနှင်ဖို့ အသံလွှင့်စက်ခလုတ်နှိပ်လိုက်သည်နှင့် ဗုံးပေါက်ကွဲသွားလိမ့်မည်။

ဆောလ် စောင့်နေဆဲ။

အရုဏ်ဦး ရောင်ခြည်သန်းလာပြီ။

သို့သော် အနွေးဓာတ်ကိုမရရှိသေး။

ဆောလ် ချမ်းနေသော်လည်း သူ့ရင်ထဲမှာ မုန်းတီးစိတ်ကြောင့် ပူလောင်နေသည်။

လင်းဒစ်ရှိမှာ တခြားပုန်းစရာနေရာမရှိမှန်း ဆောလ်သိသည်။ သူ့နှင်းဆီတွေက သိပ်အရေးကြီးသည်။ နှင်းဆီတွေ တစ်ခုခုဖြစ်မှာ သူ သိပ်စိုးရိမ်သည်။ နှင်းဆီတွေအနားက သူခွာလို့မဖြစ်။

စောင့်ဆိုင်းရင်း ခရစ္စကို သတိရလာသည်။ မကြာမီ မိမိ ကျေနပ်မှု ရရှိတော့မည်။

ခုနှစ်နာရီထိုးသောအခါ ဆံပင်ဖြူနှင့်လူတစ်ယောက် အစောင့်နှစ်ယောက် ခြံရုံလျက် တိုက်နောက်ဖေးမှထွက်ကာ မှန်လုံအိမ်သို့ လျှောက်လာသည်ကို ဆောလ်တွေ့ရသည်။

လင်းဒစ်ရှိ အယောင်ဆောင်ထားသည့် လူတစ်ယောက်ဖြစ်နေလေမလား။ သို့သော် မှန်ပြောင်းနှင့် ကြည့်လိုက်ရာ လင်းဒစ်ရှိအစစ် ဖြစ်နေကြောင်း သိရသည်။ လူမှားစရာ အကြောင်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ၡင်း ကုတ်အင်္ကျီကြီးက ပွယောင်းယောင်း ဖြစ်နေသည်။

အင်္ကျီအောက်မှာ ကျည်ကာအင်္ကျီ ခံဝတ်ထားခြင်းကြောင့် ဖြစ်မည်။

လုပ်မနေစမ်းပါနဲ့ ခွေးသားကြီးရယ်။

လင်းဒစ်ရှုနှင့် အစောင့်နှစ်ယောက် မှန်လုံအိမ်ထဲ ဝင်သွားသည်နှင့် ဆောလ်က သစ်ပင်များကြားသို့ ပြန်ဝင်သွားသည်။

လေယာဉ်ပျံလေးကို လက်တစ်ဖက်ဖြင့်ကိုင်၊ အသံလွှင့်စက်များကို ကျောပိုးအိတ်ထဲထည့်ကာ လေယာဉ်ပျံကွင်းအဖြစ်သုံး၍ မရနိုင်လောက်အောင် စိုစွတ်နေသည့် မြက်တောပေါ်မှ ဖြတ်လျှောက်သွားသည်။

ကားလမ်းတစ်ခုကို လေယာဉ်ပြေးလမ်းအဖြစ် ဆောလ် ရွေးချယ်လိုက်၏။ ကားလမ်းပေါ်၌ ကားများမရှိ။

လေယာဉ်ငယ်ကို ကတ္တရာလမ်းပေါ်ချပြီး အဝေးထိန်းစနစ်ဖြင့်အရှိန်ယူကာ လေထဲသို့ ပျံတက်သွားစေသည်။ လေယာဉ်စက်က တဝီဝီမြည်နေ၏။

သစ်တောအုပ်ပေါ်မှ လွတ်လွတ်ကင်းကင်း ဖြတ်ပျံနိုင်လောက်သည့် အမြင့်ပေသို့ လေယာဉ်ရောက်သွားသောအခါ ဆောလ်က လေယာဉ်ကို မျက်ခြည်ပြတ်မခံ မော်ကြည့်ရင်း စောစောက မြက်တောကိုဖြတ်၍ လင်းဒစ်ရှု ခြံကို စီးမြင်နိုင်သော တောင်ကုန်းပေါ်သို့ ပြေးတက်သွားသည်။

စိုစွတ်သော မြက်တောကြားမှ ဖြတ်ခဲ့ရသဖြင့် သူ့ဘောင်းဘီ အောက်နားစများ စိုရွှဲကုန်သည်။ ခြေသလုံးနှင့် ဘောင်းဘီခြေအိုးကပ်နေ၏။

ငှက်ကလေးတွေ တေးဆိုနေကြသည်။ နံနက်စောစောလေက လတ်ဆတ်နေသည်။

သူ မရရှိခဲ့ဖူးသော၊ မဖြစ်ခဲ့ရဖူးသော ကလေးဘဝသို့ ပြန်ရောက်သွင် စိတ် ပေါက်နေ၏။

ခြောက်ကပ်သွားသော မျက်ရည်စက်များကြောင့် ပါးနှစ်ဘက်မှာ အနည်းငယ် အကြောတင်းနေသည်။

ဆောလ်သည် လေယာဉ်ပျံလေးကို အမြင့်ဆုံးပျံတက်နိုင်စွမ်းရှိသမျှ ပျံတက်သွားစေသည်။ အပြာရောင်ဖျော့ဖျော့ကောင်းကင်ပြင်၌ အဖြူရောင် အစက်ကလေး တစ်စက်ဖြစ်သွား၏။ လေယာဉ်ဦးတည်ရာအရပ်ကား လင်း ဒစ်ရှု၏ခြံ ဖြစ်လေသည်။

တဝီဝီမြည်သံကြောင့် အစောင့်များ လှည့်ကြည့်ကြသည်။ အချို့သည် လည်ပင်းငုံ့စောင်းကာ နားစွင့်ကြသည်။ ခွေးနှင့် အစောင့်တစ်ယောက်က မိုးပေါ် လက်ညှိုးထိုးပြသည်။





ဆောလ်သည် မိမိအား ၎င်းတို့ မမြင်နိုင်မှန်းသိသော်လည်း ချုံဖုတ် တစ်ခုထဲ၌ပုန်းကာ လေယာဉ်ပျံကို ထိန်းကျောင်းမောင်းနှင်လျက်ရှိသည်။

လေယာဉ်ပျံလေး ခြံဝင်းပေါ်သို့ ဝဲဆင်းသွားစဉ် သူ့သွေးခုန်နှုန်း ပို မြန်လာသည်။

အစောင့်များ ကြောင်နေကြ၏။

ပြီးမှ ရုတ်တရက် အန္တရာယ်ရှိကြောင်း သိပ်မိကာ ပြူးပြူးပျာပျာ ဖြစ်ကုန်ကြသည်။

ဘယ်လိုအန္တရာယ်မှန်း သူတို့ အသေအချာမသိသေး။

ဆောလ်က လေယာဉ်ကို အမြင့်ဆုံးပြန်တက်ခိုင်းကာ ကျွမ်းထိုး ချလိုက်သည်။

လေယာဉ်ပျံလေး၏ စက်သံက ပိုမို ကျယ်လောင်လာပြီး မှန်လုံအိမ် ထဲသို့ ဦးတည်ဆင်းချလာစဉ် အစောင့်အချို့လည်း မှန်လုံအိမ်ဆီသို့ ပြေးသွား ကြသည်။

အချို့က အော်ဟစ်နေကြသည်။ အချို့က ရိုင်ဖယ်များဖြင့် လှမ်း ချိန် ကြသည်။

သေနတ်ပစ်သံများ ကြားရသည်။

ဆောလ်က ထိန်းတံကိုကိုင်၍ လေယာဉ်ပျံကို ကျည်ဆန်မထိအောင် ဘယ်ယိမ်းညာယိမ်း မှောက်ချည်လှန်ချည်လုပ်ကာ ရှောင်ရှားစေသည်။

ပြီးတော့ ကျွမ်းထိုးချလိုက်၏။

အစောင့်အချို့က လေယာဉ်ပျံလေးကို သေနတ်နှင့် ဝိုင်းပစ်ကြသည်။

မှန်လုံအိမ်ကို ဆောလ် ကြည့်လိုက်၏။

မှန်လုံအိမ်၏ မှန်ချပ်နောက်ကွယ်၌ အပြင်မှ ရုတ်ရုတ်သဲသဲ ဖြစ်မှုကို လှည့်ကြည့်လိုက်သော ကုတ်အင်္ကျီ အဖြူနှင့်လူကို မြင်ရသည်။

လင်းဒစ်ရှုတစ်ယောက်သာ အဖြူဝတ်ထား၏။

၎င်းသည် နှင်းဆီပန်းအိုးများထားသည့် တန်းများကြား၌ မတ်တတ် ရပ်နေဆဲ။ ဆောလ်က လေယာဉ်ငယ်ကို လင်းဒစ်ရှုရှိရာသို့ တည့်တည့် ချိန် လိုက်သည်။ ရိုင်ဖယ်သံများက ဆက်တိုက်ဖြစ်နေသဖြင့် စက်မှုသေနတ်ပစ်နေ သလား အောက်မေ့ရသည်။

လေယာဉ်က တဲ့ဆိုင်းတဲ့ဆိုင်း ဖြစ်နေသည်။

လေယာဉ်လေး ကျည်ဆန် မှန်သွားပြီလား။

မဟုတ်သေး။ ပုံးအရွေးချိန်က လေယာဉ်ကျွမ်းထိုးမှုကို အနှောင့်



www.burmeseclassic.com

www.burmeseclassic.com



အယှက်ပေးသလို ဖြစ်နေသည်။

ထိုကြောင့် ဆောလ်က လေယာဉ်အရှိန်ကို အနည်းငယ်လျှော့လိုက်သည်။ မှန်ချပ်ကို လေယာဉ်ပျံဖင်တိုက်သောအခါ လင်းဒစ်ရှ် ပါးစပ်အဟောင်းသား ဖြစ်သွားမှာ မြင်ယောင်မိသေးသည်။

ဆောလ်က ဒုတိယ အသံလွှင့်စက်ခလုတ်ကို နှိပ်လိုက်သည်။

မှန်လုံအိမ်ကလေး ဒိုင်းခံနဲ့ပေါက်ကွဲပြီး အစိတ်စိတ်အမွှာမွှာ ဖြစ်သွားသည်။ မှန်ကွဲစများ တဖိတ်ဖိတ်တလက်လက်နှင့် မိုးပေါ် မြောက်တက်သွားသည်။

အစောင့်များ မြေကြီးပေါ် မှောက်ချလိုက်ကြသည်။ မီးလျှံနှင့် မီးခိုးများက ၎င်းတို့အားဖုံးကွယ်လိုက်သည်။

တောင်ကြားဒေသ၌ မိုးချုန်းသံလို အသံကြီး တုန်ခါမြည်ဟည်းသွားစဉ် လင်းဒစ်ရှ်၏သွေးများကို စုပ်ယူနေမည့် နှင်းဆီ ပွင့်ဖတ်ပွင့်လွှာလေးများကို စိတ်ထဲပုံဖော်ကြည့်ရင်း ဆောလ် ထိုနေရာမှ ထွက်ပြေးသွားလေသည်။

◆

( ၁၀ )

တယ်လီဖုန်းသံကြောင့် အဲလိယော့မျက်နှာ ရှုံ့မဲ့သွားသည်။

စိတ်ကိုနိုင်အောင်ထိန်းရင်း တယ်လီဖုန်း နောက်တစ်ကြိမ် ထပ်မြည်ပြီးမှ ကောက်ကိုင်လိုက်သည်။

"ဟဲလို . . ."

ဆောလ်၏ အောင်ပွဲခံသံ၊ ခြိမ်းခြောက်ရေရွတ်သံကို ကြားရမလားမသိ။ အဲလိယော့ သတိထား၍ထူးလိုက်သည်။ ဆောလ်ကို ထောင်ချောက်ထဲ မျှားခေါ်ဖို့ မိမိနှင့်လာတွေ့ဖို့ အယုံသွင်းရလိမ့်မည်။ ဖုန်းဆက်သူကား မိမိလက်ထောက်ဖြစ်သည်။

"မကောင်းသတင်း ပြောမလို့ပါဆရာ၊ အမ်အိုင် (၆) က အရေးပေါ်ကြေးနန်းတစ်စောင်ရောက်လာလို့"

"လင်းဒစ်ရှ်ဆီကလား၊ သူ ဘာများဖြစ်လို့လဲ"

"ဟုတ်ပါတယ်ဆရာ၊ ဆရာ ဘယ်လိုသိလဲ"

"မင်းပြောမှာသာ ပြောစမ်း"

"သူ့ရဲ့မှန်လုံအိမ်ထဲမှာ သူ့ကို တစ်ယောက်ယောက်က ဗုံးခွဲသတ်ပစ်လိုက်သတဲ့၊ သူ့မှာ အစောင့်အကြပ်တွေ အများကြီး ချထားရက်နဲ့"

"ဘုရားရေ . . ."

ဗုံးကို မည်သည့်နည်းနှင့် ဖောက်ခွဲခဲ့ကြောင်း ထပ်မံ သိရှိရသောအခါ အဲလိယော့ နှလုံးခုန် တစ်ချက်ရပ်သွားလေသည်။

လင်းဒစ်ရှ်သည် ဆောလ်ကို မဟန့်တားနိုင်ခဲ့ချေ။

ဆောလ် လက်ချက်ပါပဲ။

သူဘယ်လောက်တော်သလဲဆိုတာ ငါသိအောင်လုပ်ပြလိုက်တာလေ။

ငါ ဘယ်မှာရှိရှိ ဘယ်လိုကာကွယ်မှုတွေ လုပ်ထားထား၊ ငါ့ဆီ သူလာ

www.burmeseclassic.com



လို့ရတာယ်ဆိုတာ အသိပေးလိုက်တာပဲ။ အဲလိယော့ အုံ့အားသင့်စွာဖြင့် ခေါင်းခါလိုက်သည်။

ငါ ဘာလို့အံ့အားသင့်ရမှာလဲ။ သူ့ကို ပညာသင်ပေးခဲ့တာ ငါပဲ။

"ကျေးဇူးပဲကွာ"

ဟု တယ်လီဖုန်းထဲသို့ မပွင့်တပွင့် ပြောလိုက်သည်။

မှောင်ထဲ၌ သူ့ စိတ်ကို ငြိမ်အောင်လုပ်နေရသည်။ ဦးနှောက်ကြည်အောင်လည်း လုပ်ရသည်။ မိမိအခွင့်အလမ်းများကို ပြန်လည် ဆန်းစစ်ရဦးမည်။

ဒုတိယကမ္ဘာစစ်အတွင်းက ပြင်သစ်ပြည်၌ သူလျှိုသွားလုပ်ခဲ့ပြီး နောက်ပိုင်း မိမိတစ်ခါမှ အန္တရာယ်နှင့်မကြုံရသေးကြောင်း တွေးမိသဖြင့် သူ ကြက်သီးတဖျန်းဖျန်းထလာသည်။

ထိုအချိန်ကတည်းက မိမိရာထူးက ထိပ်ပိုင်းသို့ ရောက်လာခဲ့ရာ နိုင်ငံရေးအရ စွန့်စားမှုသာလျှင် ကြုံတွေ့ခဲ့ရပေသည်။ တခြား ဘာအန္တရာယ်မျှမရှိခဲ့။

နိုင်ငံတော်သစ္စာဖောက်မှုကြောင့် မည်သည့် ထောက်လှမ်းရေးအရာရှိတစ်ဦးမျှ ကွပ်မျက်ခြင်းမခံခဲ့ရသေး။

လက်တွေ့ကွင်းဆင်း စစ်ဆေးရေးလုပ်ရသော သူလျှိုများသာလျှင် သေမင်းကို ရင်ဆိုင်ကြရ၏။ ယုတ်စွအဆုံး မိမိအနေနှင့် ထောင်ဒဏ်လောက်သာ အစီရင်ခံရမည်။

သို့တစေ လူသိရှင်ကြား မဖြစ်စေရအောင် ထိပ်တန်းသစ္စာဖောက်များအား အလုပ်ထုတ်ပစ်ရုံမျှသာ အရေးယူလေ့ ရှိကြသည်။ ထိုနည်းအားဖြင့် ထောက်လှမ်းရေးအဖွဲ့အစည်းအား ၎င်းတို့ အန္တရာယ်ပြုနိုင်စွမ်းမှာ နိဂုံးချုပ်သွားသည်။ မိမိလက်ထဲမှာ စုဆောင်းထားသည့် အရုပ်တကွဲ အကျိုးနည်းရာ အတွင်းရေး မှတ်တမ်းများဖြင့် အကျပ်ကိုင်မည်ဆိုလျှင် မိမိ အလုပ်ပြုတ်သည့်တိုင် ပင်စင်လစာတော့ ထုတ်ယူခွင့် ရနိုင်ပေသေးသည်။

အဲလိယော့ အကြောက်ဆုံးအရာကား မိမိလျှို့ဝှက်ချက်ကို သူများတွေ သိရှိသွားမည်အဖြစ်ပင်တည်း။

ဘယ်တော့မှ အရေးမနိမ့်ရဟု သူ သန္နိဋ္ဌာန်ချထားသလို မာနလည်း ကြီးလွန်းသောကြောင့်ဖြစ်၏။

သို့သော် ယခု သူ့စိုးရိမ်ထိတ်လန့်မှုက အတော်ဆိုးရွား ကြမ်းတမ်းလှသည်။ အသိဉာဏ်နှင့်မဆိုင် ပကတိဉာဏ်နှင့်ဆိုင်၏။

တုံ့ပြန်ချက်အရ ထိတ်လန့်ခြင်း။

ပြင်သစ်နိုင်ငံ ရေမြောင်းတစ်ခုထဲ၌ ဂျာမန် အစောင့်စစ်သား





တစ်ယောက်က မိမိအား ခါးနှင့်ထိုးဖို့ကြံသည့် ညတုန်းကသာ ယခုကဲ့သို့ ထိတ်လန့် ချောက်ချားခဲ့ဖူးပေသည်။

အဲလိယော့ရင်မှာ တင်းကျပ်နေသည်။

နှစ်ပေါင်းများစွာ သောက်ခဲ့သော စီကရက်များကြောင့် သူ့ အဆုတ်တွေက ပါးလှပ်နေပြီ။

သို့တစေ သူ့ရင်ဘတ်မှာ မာန်ပြင်းပြင်းနှင့် ဝိန်လိုက်ဖောင်းလိုက်ဖြစ်နေဆဲ။

ငါ လက်မလျှော့နိုင်ဘူး။

ငါဟာ အစဉ်အမြဲ အနိုင်ရခဲ့သူဖြစ်တယ်။

နှစ်ပေါင်းလေးဆယ်အကြာ၌ အစစ်အမှန်ကို ထပ်မံရင်ဆိုင်ရပြန်ချေပြီ။ သည်တစ်ခါလည်း သူ အရှုံးမပေးလို။

အဖေနဲ့သား။ ဆရာနဲ့တပည့်။ ရင်ဆိုင်ရမယ့်ပွဲတဲ့လား။ကောင်းပြီလေ။ လာခဲ့စမ်းပါ။ ခရစ္စသေသွားတာ ငါ ဝမ်းနည်းပါတယ်ကွာ၊ ဒါပေမယ့် မင်းကို ငါ အရှုံးမပေးဘူး။

ငါဟာ ခုချိန်အထိ မင်းထက် သာတုန်းပဲ။သူ ခေါင်းညိတ်လိုက်သည်။ စည်းကမ်းချက်တွေပြန်ကြည့်။ ကိုယ်က ရန်သူဆီမသွားနဲ့၊ ရန်သူကိုယ့်ဆီလာပါစေ။ ကိုယ့်ရဲ့ ပိုင်နက်ထဲမှာ ရန်သူကို တိုက်ခိုက်ရေးရမယ်။ ဖန်တီးရမယ်။

ကိုယ့်စိတ်တိုင်းကျ ရင်ဆိုင်စေရမယ်။

အဲလိယော့မှာ နည်းလမ်းရှိသည်။ မိမိဘယ်မှာရှိရှိ၊ ဘယ်လိုပင် အစောင့်ချထားထား နိုင်အောင်တိုက်မည်ဟု ဆောလ်ထင်နေခြင်းမှာ မှား၏။

နေရာတစ်နေရာရှိသည်။

ထိုနေရာ၌ ကာကွယ်မှုအပြည့်အဝ ရရှိနိုင်၏။ နောက်ပြီး ထိုနေရာ၏ အကောင်းဆုံး အကျိုးကျေးဇူးကား စည်းကမ်းချက်များကို လိုက်နာရခြင်းဖြစ်သည်။

အဲလိယော့ မတ်တတ်ထကာ စကြံလမ်းသို့ လျှောက်သွားသည်။ ဝိုလပ်ဇ်က ခါးမတ်၊ ရင်ကော့၍ ရပ်လိုက်သည်။

အဲလိယော့က ပြုံးပြပြီး လှေကားထိပ်၌ ခဏရပ်ရင်း

"မင်းအစ်ကို ကိုသွားခေါ်စမ်း၊ ငါတို့အထုပ်အပိုးပြင်ရအောင် တို့တွေ ခရီးမထွက်တာ အတော်ကြာပြီမဟုတ်လား" ဟု ပြောလိုက်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၁ )

လန်ဒန်တွင် ဆောလ်သည် ပြတင်းပေါက်ကို လာပက်နေသော မိုးရေစက်များကို လျစ်လျူရှုထားမိသည်။ ခန်းဆီးတွေကို ဆွဲထား၏။ သို့တစေ တယ်လီဖုန်းဒိုင်ခွက်ပေါ်မှ နံပါတ်များကို မြင်နိုင်လောက်အောင်တော့ မီးထွန်းထားရသည်။

မှောင်ထဲရှိခုတင်ပေါ် လှဲကာ တစ်ဘက်မှ ထူးသံကို နားစွင့် နေသည်။

တစ်အောင့်လောက်ကြာလျှင် ရေချိုး၊ အဝတ်လဲကာ ငါးကင်နှင့် အာလူးကြော်တို့ကိုစားရမည်။ ထို့နောက် တစ်နာရီကြာမျှသာ အသုံးပြုခဲ့သည့် ဤအခန်းအတွက် အခန်းခများကို ရှင်းပေးပြီး ရွှေ့ ခရီးဆက်ရဦးမည်။ လမ်းကျမှအိပ်တာပေါ့။ လုပ်စရာတွေ အများကြီး ရှိသေးသည်။

"ဟုတ်ကဲ့"

တစ်ဘက်မှ ထူးသံကြားရသည်။

အော်လစ်အသံနှင့်တူသည်။ သေချာအောင်လုပ်မှဖြစ်မည်။

"ဘေဘီရှယ်"

"...နဲ့ နှင်းဆီပန်းတွေ"

အော်လစ် ဟုတ်၏။

၎င်းက ဆောလ်အား လက်ခံစကားပြောနိုင်မည့် အများသုံးတယ်လီဖုန်းနံပါတ်များ၊ နေ့ရက်နှင့်အချိန်များကို ကြိုပေးလိုက်ပြီးသား။

"ကျုပ်တို့ရဲ့မိတ်ဆွေ အင်္ဂလိပ်ကြီးရဲ့ ကြော်ငြာသတင်းတွေကို ကြားပြီးရောပေါ့"

ဆောလ်က ပြောသည်။

"ကြားပြီးပြီ၊ ဖြုန်းစားကြီးပါလားဗျ၊ အခု သူ့ရဲ့အပေါင်းပါတွေ အတော်လှုပ်ရှားနေကြတယ်၊ ကြည့်ရတာတော့ သူတို့လဲ သူ့နောက်လိုက်ကြရမှာ စိုးရိမ်နေပုံရတယ်"





အော်လစ်က ပြောသည်။

"သူတို့ ကြိုတင်ကာကွယ်မှုတွေ လုပ်ထားကြပြီလား"

"ဘာလို့လဲ၊ ခင်ဗျားအတွက် အနှောင့်အယှက် ဖြစ်နိုင်လား"

"သူတို့ကို ကျုပ်ရှာလို့ရသမျှတော့ ကိစ္စမရှိပါဘူး"

"ခရီးသွားရတာ စိတ်ကြည်လင်စေတယ်မဟုတ်လား"

"ကျုပ် ဘယ်သွားရရင်ကောင်းမလဲ ... ညွှန်ပါဦးဗျာ"

"အများကြီးရှိပါတယ်၊ မြင်သစ်နိုင်ငံ၊ ဘော်ဒိုပြည်နယ်က ဗိုင်အရက်ချက်စက်ရုံ တစ်ခုရှိတယ်၊ နောက်ပြီး ဂျာမနီနိုင်ငံ မဟူရာသစ်တောထဲက တောင်ပေါ် အပန်းဖြေစခန်းတစ်ခုလဲရှိတယ်၊ ဆိုဗီယက်ယူနီယံကို သွားချင်ရင်တော့ ကက်စပီယံပင်လယ်နဲ့ ဖော်လ်ဂါမြစ်ဝအနားမှာ ဗိုလ်တဲတစ်လုံးရှိတယ်"

"သုံးနေရာတည်းလားဗျ၊ လေးနေရာမှတ်လို့"

"ခင်ဗျားစတုတ္ထနေရာကို တန်းသွားရင် ခင်ဗျား ကျန်တဲ့ဟာတွေကို စိတ်ဝင်စားတော့မှာ မဟုတ်ဘူး"

အော်လစ်က ပြောလိုက်သည်။

"ကျုပ်အနေနဲ့ အဲဒီ စတုတ္ထနေရာကို သွားချင်လွန်းတော့ ကျန်တဲ့နေရာတွေကို အာရုံစိုက်လို့ရမယ်မထင်ပါဘူး"

"ခင်ဗျား ပြန်လာနိုင်ဖို့အတွက် ခင်ဗျားခရီးစဉ် မြန်မြန်ပြီးဆုံးစေချင်လှတဲ့ ခင်ဗျားမိတ်ဆွေတစ်ယောက် ကျုပ်နဲ့ အတူရှိနေတယ်။ ခင်ဗျား ကျုပ်လမ်းညွှန်တဲ့အတိုင်း လုပ်ရမယ်နော်၊ ကျုပ်လိုချင်တာ ခင်ဗျားမလုပ်ရင် ခင်ဗျားကို ကျုပ် ကူညီတာ ဘာထူးဦးမှာလဲ။ ကျုပ်အထင်ပြောရရင် ခင်ဗျား ဆိုဗီယက်ယူနီယံက ကျုပ်ရဲ့လုပ်ဖော်ကိုင်ဘက်တစ်ယောက်ဆီကိုသွားမယ် မဟုတ်လား"

"ခင်ဗျား အသက်ရှူချောင်အောင် လုပ်ပေးစေချင်လို့လား၊ စဉ်းစားပါဦး၊ သူ့ကို ကျုပ် တာဝန်ယူပါ့မယ်ဆိုလို့သာ ခင်ဗျားကူညီနေတာမဟုတ်လား၊ ဒါမှလဲ ခင်ဗျားအမြစ်လွတ်အောင် ကျုပ်ကို အပြစ်ပုံချလို့ရမှာပေါ့"

"ဟုတ်ပါ့ ဟုတ်ပါ့"

"ခင်ဗျားအတွက် အန္တရာယ်ကင်းပြီဆိုတာနဲ့ ကျန်တဲ့လူတွေကို ခင်ဗျားဘာသာ ခင်ဗျားကြည့်ရှင်းဖို့ ဆုံးဖြတ်နိုင်တယ်၊ ကျုပ်ကို သတ်ခိုင်းပြီး ဒီကိစ္စတစ်ခုလုံးနဲ့ပတ်သက်လို့ နောက်ပိတ်ဆုံး ခင်ဗျားပဲ အောင်ပွဲခံနိုင်တယ်"

"ကျုပ်ကို ခင်ဗျားသံသယရှိတာ ကျုပ်စိတ်မကောင်းဘူး"

"ကျုပ်ကတော့ ဒီကိစ္စလုပ်နေတာ ရည်ရွယ်ချက်တစ်ခုတည်းရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကတော့ အဲလီယော့ပေါ့၊ ကျန်တဲ့လူတွေတော့ နောက်မှကြည့်ရှင်းမယ်၊ သူတို့အားလုံးကိုရှင်းဖို့ ကျုပ် အာမခံချက်မပေးနိုင်ဘူး၊ ကျန်တဲ့လူတွေကို မရှင်းနိုင်ခင် ကျုပ်အမှားလုပ်မိလို့ သေချင် သေသွားနိုင်တယ်၊ ခင်ဗျား လုပ်စေချင်တဲ့ အစီအစဉ်အတိုင်း ကျုပ်လုပ်ပေးရမယ်ဆိုရင် ကျုပ် အဲလီယော့ဆီ မရောက်မှာလဲ စိုးရိမ်ရတယ်"

"ဒီတော့ ခင်ဗျား သတိ သိပ်ထားသင့်တာအမှန်ပေါ့"

"မဟုတ်ဘူး၊ ခင်ဗျား သေသေချာချာ နားထောင်စမ်းပါ၊ ကျုပ် မေးစရာတစ်ခုရှိတယ်၊ ခင်ဗျား တလွဲတချော်ဖြေရင် ကျုပ် တယ်လီဖုန်း ချပစ်လိုက်မယ်၊ အဲလီယော့ဆီ ကျုပ်ဘာသာကျုပ် သွားမယ်၊ အဲရစ်ကာတစ်ခုခု ဖြစ်သွားရင် အဲလီယော့ကိုလုပ်သလို ခင်ဗျားကို ကျုပ်လုပ်ပစ်ရလိမ့်မယ်"

"ဒါမျိုးကို ပူးပေါင်းဆောင်ရွက်တယ်လို့ ခေါ်သလား"

"ကဲ ကျုပ်မေးမယ်၊ လင်းဒစ်ရဲ့ ဘာဖြစ်သလဲဆိုတာရယ် ကျုပ် ထွက်ပြေးသွားတာရယ် သူသိမှာပဲ၊ သူ့ဆီ ကျုပ်လာမယ်လို့ တွက်ထားလိမ့်မယ်၊ ဒီတော့ သူ့ အစီအစဉ်တွေ လုပ်လိမ့်မယ်၊ ကျုပ်သာ သူ့နေရာမှာဆိုရင် အိမ်ထဲမှာ မနေတော့ဘူး၊ အကောင်းဆုံး ကာကွယ်စောင့်ရှောက်မှုရှိမယ့်အလုံခြုံဆုံးနေရာကို ပြောင်းနေမယ်၊ ကဲ. . . သူ့ကို ကျုပ် ဘယ်မှာရှာရမလဲ"

ပြတင်းပေါက်မှန်ချပ်ပေါ်သို့ မိုးရေစက်တွေတဖွဲဖွဲပက်နေဆဲ။

ဆောလ်သည် တမှောင်ထဲ၌ ဖောဲလစ်၏အဖြေကို စောင့်နေရင်း တယ်လီဖုန်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

"ကျုပ်ကို ခြိမ်းခြောက်တာ မကြိုက်ဘူး"

"ဒီအဖြေ မှားနေတယ်"

"နေဦး . . . နေဦး . . . ခင်ဗျား ဘာဖြစ်နေလဲ၊ ကျုပ် ဖြေပါ့မယ်၊ အဲလီယော့ရှိမယ့်နေရာ ,ဟုတ်လား၊ ဒါဖြင့်အဲရစ်ကာနဲ့ ကျန်တဲ့လူတွေ လဲ မလား"

"သူ့ကို ခင်ဗျား ထောင်ချောက်အဖြစ် သုံးနေတာလား"

"ကျုပ် ကတိပေးပါတယ်"

"အဖြေပေးစမ်းပါ"

ဖောဲလစ် သက်ပြင်းတစ်ချက်ချပြီး အဖြေကို ပြောလိုက်သည်။

ဆောလ်က တယ်လီဖုန်းချလိုက်၏။

သူ့နှလုံး အရမ်းခုန်လာသည်။ ဖောဲလစ်ပြောပြသည့် နေရာကား အလွန်ကောင်း၏။ တခြား ဒီထက်ကောင်းတဲ့နေရာ ရှိသေးလို့လား။ အဲလီယော့ကို





မုန်းသော်လည်း ၎င်း၏ ရွေးချယ်တော်မူရောက်နေပုံကိုတော့ ဆောလ် အံ့ကျူးမိပါသည်။

ထိုနေရာကား အကောင်းဆုံးနှင့် ထိန်းချုပ်မှုအရှိဆုံးသော အားကစားကွင်းပြင်ကြီး တစ်ခုပေတည်း။

ခရစ္စသာ အသက်ရှိသေးလျှင် နားလည်သဘောပေါက်နိုင်ပေလိမ့်မည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၂ )

လယ်တဲအိမ်ရှေ့၌ အနက်ရောင် ဗင်ကားကြီးတစ်စီး ရပ်ထားသည်။ ထိုကား အနီးသို့ ချဉ်းကပ်လာရင်း အော်လစ် မျက်မှောင်ကုတ်လိုက်၏။ သူမောင်းလာသော စစ်ထရန်ကားကို လာလမ်းအတိုင်း ဦးပြန်လှည့်ကာ မမြင်ဖူးသော ဗင်ကားနှင့် ခပ်လှမ်းလှမ်း ခွာရပ်လိုက်သည်။ ကားမီးပိတ်၊ စက်သက်ပြီး သော့တန်းလန်းထားကာ ကားပေါ်မှ သတိထားဆင်းသည်။ ညအမှောင်ထု အောက်မှ ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။

ဗင်ကားကို ခပ်ဝေးဝေးကတည်းက မိမိမြင်မိပါက ကားရပ်ကာ အိမ်ကို တစ်ပတ်ပတ်၍ စစ်ဆေးကြည့်ဖြစ်ပေလိမ့်မည်။ သို့သော် မိမိ လမ်းလေးကို ချိုးဝင်လိုက်မှ မြင်နိုင်မည့်နေရာ၌ရှေ့၍ ဗင်ကားကို ရပ်ထားခြင်း ဖြစ်သည်။

ထို့ကြောင့် ဧည့်သည်များအား သတိမပေးဘဲနှင့် နောက်ဆုတ်ပြေးလို့ မရနိုင်တော့ပြီ။ မိမိအစောင့်များအပြင် ဧည့်သည်များ၏ အစောင့်များသည် မှောင်ထဲ၌ ပုန်းနေကြဖွယ်ရှိ၏။

သို့ဖြစ်၍ အိမ်ထဲသို့ ဣန္ဒြေမပျက် အေးအေးဆေးဆေး ဝင်သွားရန် မှတစ်ပါး အခြားမရှိ။

ပြတင်းပေါက်များမှ မီးရောင်မြင်ရသည်။

အိမ်အနားကပ်သွားစဉ် ညာဘက်ထောင့်မှ အရိပ်တစ်ခုကို သတိထား မိသည်။ မီးရောင်၏အစပ်တွင် နေရာယူထားသည့် လူသည် ၎င်းအား ရိပ်ခနဲမျှသာ မြင်နိုင်စေရန် ရည်ရွယ်ထားပုံရ၏။

ဘယ်ဘက်တွင် ပုရစ်အော်သံများ ရုတ်တရက်တိတ်သွားသည်။ ဘယ်ဘက်ခြမ်းတွင်လည်း တစ်ယောက်ယောက်ရှိနေပြီး ပုန်းနေသော အစောင့်များသည် ၎င်းတို့ရှိနေကြောင်း အော်လစ်သိအောင် အချက်ပြလိုက်ကြခြင်း ဖြစ်မည်။





ငါ ဘယ်လိုတုံ့ပြန်မလဲဆိုတာ သူတို့ကြည့်နေတယ်။ ငါ မဟုတ်တာ ဘာမှမလုပ်ခဲ့ရင် ငါကြောက်စရာမလိုဘူး။ သူတို့မသင်္ကာဖြစ်တဲ့အတိုင်း ငါ တစ်ခုခု လုပ်ခဲ့လျှင် ငါထွက်ပြေးဖို့ကြိုးစားတာနဲ့ သူတို့ထင်တာ အမှန်ဖြစ်သွားလိမ့်မယ်။

သူတို့ ဘယ်သူတွေမှန်း အော်လစ်သိသည်။

လိုင်ယွန်မြို့ပြင်ဘက်ရှိ ရဲတိုက်မှ ဆော်လ် ထွက်ပြေးသွားပြီးနောက် ၎င်းက အဲဘောတ့်ထားသည့်ကိစ္စကို ပြီးအောင်သွားမလုပ်ဘဲ အဲရစ်ကာဆီ ပြန်လာပြီး ကယ်တင်ခြင်းမပြုနိုင်စေရန် အော်လစ်က သူမအား ဘာဂျီညွန်မြို့အနီး တောင်ပိုင်းရှိ လယ်ကွင်းတစ်ခုနား၌ လာဝှက်ထားခဲ့ရသည်။

သည်နေရာကို ဆောလ် ဘယ်နည်းနဲ့မှ ရှာလို့မရနိုင်။ ဘာတွေ ဖြစ်နေမှန်း ပြင်သစ်အာဏာပိုင်များ မသိ။ သည်တော့ ဘယ်သူကျန်သေးလဲ။ ဘယ်သူတွေ ပါဝင်ပတ်သက်နေပြီး မိမိရှိရာ ဤနေရာအထိ ခြေရာခံလိုက်နိုင်စွမ်း ရှိသူများမှာ ဘယ်သူတွေ ဖြစ်နိုင်မလဲ။

ကောက်ချက်နှစ်ခုဆွဲလို့ရသည်။

နံပါတ်တစ်အချက်။ ဆောလ်ထွက်ပြေးမှုကို သင်္ကာမကင်း ဖြစ်သော မိမိလက်အောက်ငယ်သား တစ်ဦးဦးက မိမိအားသစ္စာဖောက်ကာ သတင်းပေး လိုက်ခြင်းကြောင့်ဖြစ်မည်။ နံပါတ်နှစ်။ ယခုလာသူများမှာ အော်လစ်အား စစ်ဆေးမည့် အထက်အရာရှိကြီးများ ဖြစ်နိုင်သည်။

"ဟော့ . . . ညာဘက်ကကောင်၊ မင်းနောက်ဆုတ်ရင် သတိထား၊ မင်းနောက်မှာ စည်ပိုင်းကြီးရှိတယ်၊ အဖုံးက မင်းကိုယ်အလေးချိန်ကို ခံနိုင်မှာ မဟုတ်ဘူး"

အော်လစ်က ရုရှားဘာသာဖြင့် လှမ်းပြောလိုက်သည်။

ဘာမှပြန်ပြောသံ မကြားရ။

သူပြုံးပြီး ရှေ့ဆက်လှမ်းလိုက်သည်။

အိမ်ရှေ့တံခါးမကြီးဆီမသွားဘဲ ညာဘက်နားရှိ ဝင်ပေါက်သို့ သွားသည်။

အိမ်ထဲဝင်လိုက်သည်နှင့် သိုးသားဟင်းနှင့် မှိုဟင်းရနံ့တို့က သူ့ နှာခေါင်းထဲ ဝင်လာသည်။

ဧည့်ခန်းမီးရောင်များဆီသို့ မီးဖိုခန်းမှ ကျော်၍သွားရသည့် စင်္ကြံလမ်း ကျဉ်းကျဉ်းတစ်ခု ရှိသည်။

သော့ခလောက်နှင့် ခတ်ထားသော တံခါးရှေ့၌ ဗလတောင့်တောင့် အစောင့်တစ်ဦး မတ်တတ်ရပ်နေသည်။

"တံခါးဖွင့်စမ်း၊ သူ့ကို ငါ မေးစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



အော်လစ်က အမိန့်ပေးလိုက်သည်။

အစောင့်က မျက်နှာရှုပုပ်လျက်

"သူတို့ကြိုက်မယ် မထင်ဘူး"

အော်လစ်က မျက်ခုံး ပင့်ကြည့်လိုက်သည်။

"ခင်ဗျားကို စောင့်နေကြတယ်"

အစောင့်က ဓာကြီးလမ်းအဆုံးသို့ လက်ညှိုးထိုးပြသည်။

ဂျဲကို ဘယ်သူသစ္စာဖောက်လိုက်သလဲ ငါသိပြီ။ သူဟာ နေရာကောင်း ရထားတဲ့လူပဲ၊ သင်းတော့ ငါ့အကြောင်း သိရစေမယ်ဟု အော်လစ်စိတ်ထဲ ကြုံးဝါးလိုက်သည်။

"သူတို့ စောင့်ပါစေ၊ မင်းကို ငါ တံခါးဖွင့်ခိုင်းနေတယ်"

အစောင့်က မျက်မှောင်ကုတ်၍

"ဒါပေမယ့် . . ."

"မင်းနားပင်းနေလား"

အစောင့်က မျက်နှာ သုန်မှုန်စွာဖြင့် သော့ဖွင့် ပေးလိုက်သည်။

အော်လစ် ဝင်သွား၏။

အဲရစ်ကာအနေနှင့် လက်နက်အဖြစ် အသုံးမပြုနိုင်စေရန် အခန်းထဲ ရှိ ပရိဘောဂပစ္စည်းအားလုံးကို ဖယ်ရှားထားသည်။

သူမအား ဂျင်းန်ဘောင်းဘီနှင့် ဖလန်နယ်ရှပ်အကျီတို့ကို လဲဝတ်ခွင့် ပေးထားသော်လည်း ထွက်မပြေးနိုင်စေရန် ရှူးဖိနပ်များကိုတော့ စီးခွင့်မပြု ခဲ့ချေ။ သူမ၏ လက်နက်တစ်ခု ဖြစ်နိုင်ဖွယ်ရှိသော သူမ ခါးပတ်ကိုလည်း သိမ်းဆည်းခဲ့ပြီးပြီ။ အဲရစ်ကာက အခန်းထောင့်ကြမ်းပြင်ပေါ် တွင် ထိုင်နေရာမှ အော်လစ်အား စူးရဲစွာ မော့ကြည့်လိုက်သည်။

"ခင်ဗျား နိုးနေပြီကိုး၊ ကောင်းတယ် ကောင်းတယ်"

အော်လစ်က ပြောလိုက်သည်။

"ဒီမိုးတွေ ထွန်းထားတာ ကျွန်မ ဘယ်လိုအိပ်လို့ရမှာလဲ"

"ကျုပ် ခင်ဗျားကို မေးစရာရှိတယ်"

အော်လစ်က အပြင်မှအစောင့်အား ခေါင်းဆတ်ပြကာ တံခါးပြန်ပိတ် လိုက်သည်။ ထို့နောက် အဲရစ်ကာ့ဆီ လျှောက်သွားသည်။

မှန်ထောင်တော မျက်နှာထားနှင့် သူ့ကုတ်အကျီခါးကြားမှ ဆိုဗီယက်ဖြစ် ၉ မမ မာကာရော့ဗ် ပစ္စတိုကို ဆွဲထုတ်လိုက်သည်။

အဲရစ်ကာက မျက်နှာတစ်ချက်မရှုံ့။





သူက သူမအား ဘုကြည့်ကြည့်နေသည်။

"အချိန်ကျပြီလား"

သူမမျက်လုံးများက မီးသွေးခဲလို နက်မှောင်နေ၏။

ယခုလုပ်မည့် ကိစ္စကို ညှော်ခန်းထဲ၌ ဖတ်တိုက်ခဲ့ပြီးသား။ အော်လစ် ခေါင်းညိတ်ပြီး သူမအား ပစ္စတိုကို လှမ်းပေးလိုက်သည်။

"ဟုတ်တယ်၊ အချိန်ကျပြီ"

သူမ မျက်စေ့သူငယ်အိမ် ကျယ်သွား၏။

သူမအနားကုန်းလိုက်သောအခါ သူမဆံပင်မှ မွှေးကြိုင်သော အနံ့က သူ့နှာခေါင်းထဲသို့ ပျံ့လွင့်လာသည်။

သူက သူမအား တိုးတိုးကပ်ပြောလိုက်သည်။

ထို့နောက် ခါးပြန်မတ်လိုက်၏။

"ခင်ဗျား ကျုပ်ကို ဆန့်မရှိဘဲ ကူညီတဲ့အတွက် ကျုပ် မြေသိမ့် နိုင်ပါတယ်"

သူက သူမပါးကို နမ်းလိုက်၏။

ညီမလေးတစ်ယောက်ကို အစ်ကိုဖြစ်သူက နမ်းသည့်ဟန်မျိုးဖြစ်သည်။

ထို့နောက် သူအခန်းထဲမှ ပြန်ထွက်သွား၏။

အစောင့်ကား စိတ်တိုနေပြီ။

"သူတို့ ငါ့ကိုစောင့်နေမှန်း ငါသိပါတယ်"

အော်လစ် စင်္ကြံအတိုင်း လျှောက်သွားသည်။ ညှော်ခန်းနှင့် နီးလာလေ ပို၍ လင်းလာလေ ဖြစ်၏။

ညှော်ခန်းက ရိုးရိုးရှင်းရှင်းနှင့် ကျယ်ဝန်းသည်။ မီးလင်းဖိုတစ်ခု၊ ဆိုဖာ ဟောင်းကြီး တစ်လုံးနှင့် ရှေ့တိုးနောက်ငင်လှုပ်၍ ထိုင်နိုင်သော ကုလားထိုင် တစ်လုံးတို့သာရှိသည်။

ထိုကုလားထိုင်ပေါ်မှ မျက်နှာတည်တည်နှင့် အရိုးအဆစ်ကြီးကြီး လူတစ်ယောက်က သူ့ကို လှမ်းအကဲခတ်နေသည်။ အော်လစ် အံ့ဩသော် လည်း မျက်နှာထားမပျက်အောင် ထိန်းထားလိုက်သည်။

မိမိ၏အထက်အရာရှိ သို့မဟုတ် အလွန်ဆုံး ဥရောပဆိုင်ရာဌာနခွဲ၏ ညွှန်ချုပ်ကိုတွေ့ရလိမ့်မည် ထင်ထားသည်။

သို့သော် ယခု သူ့ကို မျက်နှာချင်းဆိုင်၍ ထိုင်နေသူကား သူ့ကို ယုန်လိုက်မြွေပါမျက်နှာမျိုးနှင့် ပါးချိုင့်ချိုင့် လူတစ်ယောက်ဖြစ်သည်။ ထိုလူ ကား သူလိုက်နေသည့် သားကောင်ဖြစ်၏။ တစ်နည်းအားဖြင့် အဲဘလတ်



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုကို အမွေဆက်ခံခဲ့ပြီး အဲလိယော့နှင့် ရာထူးအဆင့်ချင်း ညီမျှသည့် ဆိုဗီယက် ကေဂျီဘီအဖွဲ့အစည်းမှ ပုဂ္ဂိုလ်ကြီးပင် ဖြစ်လေသည်။

ဗင်း၏နာမည်မှာ ကိုဗ်ရှုပ်ဖြစ်၏။ ဗင်းသည် တစ်ကိုယ်လုံး အနက်ရောင်ဝတ်ဆင်ထား၏။ ကုလားထိုင်ကို ရှေ့တိုးနောက်ငင် လှုပ်နေရာမှ ရပ်ပြီး ဗင်းက ရှုရှုလိုသံပြတ်နှင့် ပြောလိုက်သည်။ မှုန်တေတေနှင့် ခပ်မိုက်မိုက် အစောင့်များက သူ့ဘေးနှစ်ဘက်တွင် ခြံရံစောင့်ကြပ်လျက်ရှိသည်။

"ငါရှင်းရှင်းပဲပြောမယ်၊ ဟိုအမေရိကန်ကိုသတ်ဖို့ မင်းကို ညွှန်ကြားထားပြီးသား၊ မင်း မလိုက်နာဘူး၊ သူ့ထွက်ပြေးဖို့ မင်းစီစဉ်ပေးလိုက်တာ၊ ငါ့ကို သတ်ဖို့ လွှတ်ပေးလိုက်တာ မဟုတ်လား"

အော်လစ်က ခေါင်းခါလိုက်၏။

"ကျွန်တော် ဘာမှမသိဘူး၊ ကျွန်တော် ဆရာ့ကိုတွေ့ရတာ ဝမ်းသာတယ်၊ ဂုဏ်ယူတယ်၊ ဒါပေမယ့် ကျွန်တော်နားမလည်ဘူး၊ အရည်အချင်းမပြည့်တဲ့ တပည့်လက်သားတွေအတွက် ကျွန်တော် တာဝန်မခံနိုင်ဘူး၊ သူတို့ ဒီလောက် ကချော်ကချွတ်နိုင်ရင် . . ."

"လုပ်မနေနဲ့၊ အချိန်မရှိဘူး"

ကိုဗ်ရှုပ်က အစောင့်တစ်ယောက်ဘက်လှည့်ပြီး

"ဟိုမိန်းမကို ခေါ်ခဲ့စမ်း၊ မင်းကြိုက်တဲ့နည်းကိုသုံး၊ သူ ဘာသိလဲ ရအောင်မေး၊ သူတို့ရဲ့ ရာဇဝတ်ပြစ်မှုတွေကို မှတ်တမ်းရေးပြီး နှစ်ယောက်စလုံး သတ်ပစ်လိုက်"

"ကျွန်တော်ပြောပါရစေဦး"

"မင်း ကြားဝင်မရှုပ်နဲ့၊ မင်းကို ငါ ခုချက်ချင်း သတ်ပစ်လိုက်မယ်၊ အမေရိကန်ကောင် ဘယ်သွားလဲ ငါ သိချင်တယ်"

ကိုဗ်ရှုပ်က အော်လစ်အားငေါက်လိုက်ပြီး အစောင့်ဘက်လှည့်ကာ

"ဟေ့ . . . ဟိုမိန်းမကိုခေါ်ခဲ့လို့ မင်းကို ငါ အမိန့်ပေးထားတယ်"

အော်လစ်က အစောင့်ထွက်သွားသည်ကို ငေးကြည့်နေ၏။

"ဆရာမှားနေပြီ၊ ကျွန်တော်လဲ ဆရာ့လိုပဲ အမေရိကန်ကောင်ကို ဖမ်းချင်တာပါပဲ"

"ဟေ့ . . . မင်း ငါ့ကိုမစော်ကားနဲ့"

အော်လစ်၏ ခံစားမှု အသိအာရုံများက လျှင်မြန်စွာ လှုပ်ရှား တုံ့ပြန်ကြသည်။ သူ့မှာ သေနတ် အပိုတစ်လက် ပါသေးသည်။

တခြားနည်းလမ်းမရှိတော့သဖြင့် ထိုသေနတ်ကို သူ ဆွဲထုတ်လိုက်





သည်။ ကျန်အစောင့်အား ပစ်သတ်ပြီးမှ ကိုဗ်ရှုပ်ကို သတ်မည်ဆိုလျှင် . . .

သို့သော် ကိုဗ်ရှုပ်က ကြိုတွက်ထားပြီးသား။

သူ့သေနတ်ကို ထုတ်ပြီး ပစ်ထည့်လိုက်၏။

အော်လစ်ရင်ဘတ် ကျည်ဆန် မှန်သွားသည်။

ကျည်ဆန် တွန်းကန်အားကြောင့် သူ မျက်လုံးပြူးလျက် နောက်သို့ လဲကျသွားသည်။ သူ့ပါးစပ်ထဲမှ သွေးတွေ ထွက်လာသော်လည်း သူကြိုးစား၍ ပြုံးလိုက်၏။

သူ ရှုံးသွားပြီ။

သို့သော် သူနိုင်၏။

အကြောင်းကား စကြိုလမ်းထဲမှ မာကာရော့ဗ် ပစ္စတိုဖြင့် ပစ်သံများကို သူကြားရသောကြောင့် ဖြစ်သည်။ မိမိ၏ သစ္စာဖောက် လက်ထောက်နှင့် ကိုဗ်ရှုပ်၏ သူ့က်တော်စောင့်တို့ သေသွားပြီဟု တစ်ထစ်ချ သူယုံကြည်သည်။

အဲရစ်ကာဆိုသော မိန်းမသည် အလွန် စွဲမက်စရာကောင်းသလို အရည်အချင်းလည်း ရှိသောကြောင့် ဖြစ်သည်။

တံခါးတစ်ချပ် ဒိန်းခနဲ ပွင့်သွားသည်။

အော်လစ် အာရုံများ မှေးမှိန်လျော့ပါးသွားပြီ။

သို့တစေ မာကာရော့ဗ်ပစ္စတိုပစ်သံတစ်ချက် ထွက်လာပြန်သည်။ အိမ်အပြင်ဘက်၌ရှိသည့် ကိုဗ်ရှုပ်၏ အစောင့်နှင့် ဘယ်သူ ဘယ်နေရာမှာရှိကြောင်း သူမအား သူ ကြိုတင်သတိပေး ပြောပြခဲ့၏။

ညအမှောင်ထဲ၌ သူမပြေးသွားပုံကို သူ စိတ်ထဲ မှန်းကြည့်သည်။

သူက ကိုဗ်ရှုပ်အား ပြုံးပြသည်။

ဝူးခနဲမြည်သော စစ်ထရန် ကားစက်သံကို ကြားရသည်။

မာကာရော့ဗ် ပစ္စတိုပစ်သံတစ်ချက် မြည်သွားပြန်၏။

ပြီးတော့ သူ အသက်ထွက်သွားသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၃ )

ဖိနပ်မပါသော အဲရစ်ကာ၏ ခြေဖဝါး နှစ်ဘက်မှာ သွေးတွေနှင့် ချော်တိုက်ဖြစ်နေသည်။ အိမ်ထဲမှ ထွက်ကာ အော်လစ်၏ ကားဆီသို့ ကျောက်စရစ်ခင်းလမ်းအတိုင်း ပြေးသွားစဉ် ခြေဖဝါးတွေ ကွဲကုန်သည်။

စစ်ထရန်ကားမှာ အော်လစ် ကတိပေးထားသည့်အတိုင်း ကားသော့တန်းလန်းတပ်ထား၏။ ကလပ်နှင့်လီဗာကို နင်းသောအခါ သွေးရွှဲနေသော ခြေဖဝါးတွေ ဘေးချော်ထွက်ကုန်သည်။

သူမ ဖေါနှင့်မောနှင့် တအားဖိနင်းကာ စက်ရှိန်မြှင့်ပြီး ဂီယာပြောင်းထိုး၍ ကားဖင်ယမ်းခါသွားအောင် တရကြမ်း မောင်းထွက်သွားလေသည်။ သူမရှေ့တွင် ညသည် တံတိုင်းကြီးတစ်ခုသဖွယ် ကာဆီးထား၏။

ရှေ့မီးကြီးများကို ဘာ့ မဖွင့်ရဲသေး။

မမြင်ရသော လမ်းကွေ့တစ်ခု၌ ဘေးချော်ကျသွားနိုင်မှန်း သိသော်လည်း မီမီ၏ကားမီးများကြောင့် ပစ်မှတ် အဖြစ်မခံနိုင်ချေ။

သို့တစေ ကျယ်လောင်သော ကားစက်သံသည်ပင် ပစ်မှတ်တစ်ခုအဖြစ် ပေါ်လွင်နေသည်။ ကားနောက်မှန်ပြတင်း ခွမ်းခနဲ ကွဲသွားသည်။ အော်တိုမက်တစ် လက်နက်များဖြင့် အဆက်မပြတ် ပစ်ခတ်သံများကို သူမကြားရသည်။ မော်တော်ကားမှာ တဆတ်ဆတ်ခုန်သွား၏။

နောက်ကြည့်မှန်ထဲတွင် ဆပ်မရှင်းဂန်း၏ ပြောင်းဝများမှ မီးပွင့်များကို လက်ခနဲလက်ခနဲ မြင်နေရသည်။

အူဇီစက်သေနတ်တွေပါလား။ တခြားသေနတ်နှင့် မှားစရာအကြောင်းမရှိ။ သူမက သည်သေနတ်တွေ ကောင်းကောင်းကိုင်ဖူးသည်။ အာကာလန်တစ်စီးတီးမှာတုန်းက ဆောလ်ဘာယ်လိုရင်ဆိုင်ခဲ့ရမလဲဆိုတာ သူမ ကိုယ်ချင်းစာကြည့်မိသည်။





အနားရောက်မှတွေ့ရသော လမ်းကွေ့တွင် ကားကဘီးချော်သွားသည်။

သူမအတွေးများက သူမ၏ ပကတိဉာဏ် စိုးမိုးနေသည်။ ရုရှတွေက ဘာလို့အစ္စရေးလုပ် လက်နက်တွေကိုမှ ကြိုက်နေရသလဲ။

အချိန်မရှိ။

ကလပ်ပေါ်ရှိ ခြေဖဝါးမှ သွေးများစီးကျနေ၏။ ဂီယာကို အဆုံးထိုးလိုက်သည်။

အိမ်နှင့်ဝေးလာလေ ပို၍ မှောင်မည်းလာလေ ဖြစ်သည်။ ကားက သစ်ပင်ကို ဝင်ပွတ်သွား၏။ သူမ အချိန်ထပ်ဆွဲလို့ မဖြစ်တော့။

ရှေ့မီးများဖွင့်ပြီး မြူတောထဲမှ ဖွားခနဲ ထွက်လာ သည့်ရောမအရိပ်မည်းကြီးတစ်ခုကို သူမ စူးစိုက်ကြည့်သည်။

ဗင်ကားတစ်စီးဖြစ်၏။

သူမက လက်ကိုင်ဘီးကို ဘယ်ဘက်သို့ ဆတ်ခနဲ ဆွဲလှည့်ကာ လီဗာကို ဖိနင်းလိုက်သည်။

စစ်ထရန်ကားသည် ဗင်ကားနှင့် ခေါင်းချင်းဆိုင် မတိုက်တော့ဘဲ ဘေးချင်း ပွတ်သွားသည်။ ကားဖင်က သစ်ငုတ်တိုတစ်ခုကို ဝင်ရိုက်သွားသည်။ နောက်မီးလုံးကွဲသွား၏။

သို့သော် ဘီးများက ကျောက်စရစ်ခဲ များပေါ်တွင် မှုတ်နေအောင် လည်ပတ်ကာ ဘီးယက်အား ပိုကောင်း လာသဖြင့် မော်တော်ကားလည်း ဒုံးမျှလို ရှုတ်ခနဲ ရှေ့သို့ ထိုးထွက်သွားသည်။

သူမက လမ်းပိတ်ထားသည့် အတားအဆီးများကြားမှ ဖြတ်မောင်းသွားသည်။ သစ်ပင်များနှင့် ခြုံဖုတ်များ၏ အဆုံးစွန်းတွင် တောလမ်းတစ်ခုက သူမအား လက်ရပ်ခေါ်နေ၏။

အခြား အူဇီစက်သေနတ်သံများ ပေါ်ထွက်လာပြန်သည်။

သူမ ကားနောက်မီးလုံးတစ်လုံး ထပ်ကွဲသွားသည်။ ကောင်းတယ်။ သူတို့ပစ်မှတ်ကို လမ်းလွဲလို့ ရတာပေါ့။

သူမ ဂီယာပြောင်းပြီး ကျောက်စရစ်လမ်းမှ ကတ္တရာခင်း တောလမ်းမပေါ်သို့ ဘီးတကျွီကျွီမြည်လျက် ဘယ်ဘက်သို့ ချိုးလိုက်သည်။ ဖြောင့်တန်းနေသည့် ဤလမ်းပေါ်ရောက်သည်နှင့် သူမ တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ ကျော်အထိ မောင်းသွားတော့သည်။

မိုင်ကုန် တင်မောင်းသည်ပဲ ဆိုပါစို့။

မီမီနောက်မှ ထက်ကြပ်မကွာလိုက်လာမှန်း သူမ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ထရန်ကား၏ ကိုယ်ထည်မှာ ထိခိုက်ပျက်စီးသွားသကဲ့သို့ တဆတ်ဆတ် တုန်ခါနေပြီ။ နေပါစေ။

မော်တော်ကား တစ်စီး ပြုတ်ထွက်ကုန်သည်အထိ သူမ ပြေးရဦးမည်။ သို့မဟုတ်လည်း ပိုကောင်းသော ကားတစ်စီးရှာမတွေ့မချင်း ပြေးရမည်။

သို့သော် သူမရှေ့တွင် လမ်းပွင့်နေ၏။

သူမ ရည်ရွယ်ချက်က ထင်ရှားပြတ်သားသည်။

အော်လစ် တိုးတိုးပြောလိုက်သော သတိပေးချက်ကလည်း ကွက်ကွက် ကွင်းကွင်း ရှိလှသည်။ ၎င်း စစ်ဆေးမေးမြန်းခံရမည့်ကိစ္စ၊ အဲရစ်ကာနှင့် ၎င်းတို့နှစ်ဦးစလုံး ရင်ဆိုင်ရမည့် ခြိမ်းခြောက်မှု၊ သူမအား သေဘေးမှ ရှောင်ရှားခွင့်ပြုလိုက်ခြင်းတို့ပင်ဖြစ်သည်။

ကြိုတင်ပြင်ဆင်ထားပြီးဖြစ်၍ သူမအား လာခေါ်သောလူနှင့် စကြိလမ်းထဲမှအစောင့်ကို သူမ ပစ်သတ်လိုက်သည်။ ပြီးတော့ အိမ်အပြင်ဘက်၌ စောင့်ကြပ်နေသော အစောင့်များကိုလည်း ပစ်သတ်လိုက်သည်။

ဖိနပ်မပါသော သူမ ခြေဖဝါးနှစ်ဘက်မှာ သွေးရွှဲ၍ နာကျင်နေပြီ၊ ကျောက်ခဲများ စူးဝင်နေသော်လည်း သူမ စိတ်ထဲမှာ ပေါ့ပါးလန်းဆန်းနေသည်။ သူမ အနှောင်အဖွဲ့မှလွတ်သွားပြီ။ သူမမှာ ရည်မှန်းချက်ပန်းတိုင်တစ်ခုလည်း ရှိနေပြီ။

မိမိအား ဆောလ် လိုအပ်နေသည်။

သူ ဘယ်မှာရှိကြောင်း သူမအား အော်လစ်က ဖွင့်ပြောလိုက်၏။

သို့သော် ညကြီးမင်းကြီး မော်တော်ကား တရကြမ်းမောင်းပြေးရင်း၊ မိမိနောက်မှ ရန်သူများလိုက်ပါလာရင်း၊ နံဘေးရှိပစ္စတိုပေါ် လက်တင်ထားရင်း စောစောက သူမခေါင်းထဲ ပေါ်လာခဲ့သည့် အတွေးတစ်ခုကို ဖယ်ထုတ်၍ မရနိုင်အောင် ဖြစ်နေရှာသည်။

အဒ္ဓစိစက်သေနတ်များတိစ္ဆ။

ရုရှတွေ ဘာကြောင့်အစွရေးလုပ်လက်နက်တွေကိုမှ ပိုကြိုက်နေရသလဲ။

ထိုမေးခွန်းအတွက် အဖြေကို သူမ ဘဝဝိမကျ။

အော်လစ်အား အိမ်ထဲ၌လာစောင့်နေခဲ့သော လူသည် အဲလိယော့နှင့် ရာထူးအဆင့်တူသော ရုရှတစ်ယောက်ဖြစ်၏။

ထိုပုဂ္ဂိုလ်ကြီး၏ အစောင့်များသည်လည်း အဲလိယော့၏ အစောင့်များကဲ့သို့ပင် သတ်ဖြတ်နည်း သင်တန်းတက်ခဲ့ပြီးသား ဖြစ်သည်။ ၎င်းတို့အား အစွရေးများကဲ့သို့ တိုက်ခိုက်အောင် သင်ပေးခဲ့၏။





အကျိုးဆက်များအတွက် အပြစ်ပုံချရမည့် သူသည်ကား အစွရေး နိုင်ငံပေတည်း။

အဲရစ်ကာ၊ အံတင်းထားလိုက်မိသည်။

လယ်တောများနှင့် သစ်ပင်အုပ်များအပါးမှ သူမဖြတ်ကျော်သွားသည်။

နောက်မှလိုက်လာသည့် မော်တော်ကားက မိမိအား မီလာလျှင် မိမိကားကိုအရဲစွန့်၍ လမ်းပိတ်ရပ်ပြီး ရန်သူများအား ငရဲသို့ အရောက်ပို့ပေးရုံသာရှိသည်။

စစ်ထရန်ကားက တဂျုံးဂျုံးနှင့် သွက်သွက်ခါနေသော်လည်း ရန်သူကား လိုက်မမီအောင် ရှေ့မှပြေးနိုင်ဆဲဖြစ်သည်။

အော်လစ် တိုးတိုးပြောလိုက်သည့် နောက်ဆုံးစကားကို သူမ နားထဲ၌ ထပ်မံကြားယောင်မိသည်။

"ဆောလ်ဟာ အဲလိယော့ဆီကို သွားပြီး၊ အဘိုးကြီးက အကောင်းဆုံး ဒေသမဲ့မှုတာကို ရွေးချယ်လိုက်တယ်၊ အဲဒါဟာ ထောင်ချောက်ပဲ"

ဘယ်သူ့အတွက် ထောင်ချောက်လဲ။

ဆောလ်အတွက်လား။

အဲလိယော့အတွက်လား။

အော်လစ်ဖွင့်ပြောလိုက်သဖြင့် သူမ သိရှိထားသမျှသည်ကား ယင်း "ဒေသမဲ့တော"သည် ကနေဒါနိုင်ငံ၊ တောင်ကြားဒေသရှိ မြို့ကြီးတစ်မြို့ ဖြစ်ကြောင်းပေတည်း။

ထိုအရပ်သို့ မိမိအရောက် သွားရပေလိမ့်မည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## အပန်းဖြေစခန်းများ ကွင်းဆင်းခြင်း

( ၁ )

အဝေးပြေး ကားလမ်းမကြီးက ပို၍ မတ်စောင့်လာသဖြင့် ဆောလ်က [illegible] စတေရှင်ဝက်ဂွန်းကား၏ဂီယာကို နံပါတ်တစ်မှ နှစ်သို့ပြောင်းလိုက်သည်။

ဤကားမှာ ဂီယာလေးလုံးယက်အား ပါရှိသောကြောင့် သူ ရွှေချယ်[illegible] ခြင်းဖြစ်သည်။ နောက်ပြီး မိမိကားကြောင့် သိပ်ပြီး ထင်ပေါ်တာမျိုးလည်း မဖြစ်စေချင်။

သို့သော် မိမိ သွားမည့်နေရာသို့ မရောက်မီ ပထစီမြေပြင် အနေ[illegible] က မည်မျှ ပိုကြမ်းတမ်းလာမည်ဆိုတာ ကြိုမသိနိုင်ချေ။

ယခုပင်ခရီးလမ်းကြောင်း မြေအနေထားက ကြမ်းတမ်းစပြုလာ[illegible]

လမ်း၏မတ်စောင့်မှုကြောင့်သာမကဘဲ အခြားအကြောင်းများကြော[illegible] လည်း ကားမောင်းရတာ ပိုခက်နေသည်။ မတ်စောင့်မှုကြောင့် မော်တော်ကား[illegible] မှာ နှေးကွေးသွားရသည်။ အပေါ်ဘက်ရှိ ယာဉ်တန်း၏ ထိပ်ဆုံးမှ အိပ်[illegible] မီးခိုးငွေ့တလူလူထွက်နေသည့် ရောမနောက်တွဲယာဉ်တပ် ထရပ်ကား[illegible] ကြောင့် မိမိရှေ့မှ အခြားကားများမှာလည်း တအိအိရွေ့လျားနေကြရလေသည်[illegible]

လိပ်တစ်ကောင်ကမှ မိမိကားထက် မြန်ဦးမည်ဟုဆောလ်တွေးမိသည်[illegible]

ကထ်သီးကတ်သတ်မောင်းရသည့် ပစောက်ပုံ လမ်းကွေ့လမ်းချိုး[illegible] ကြောင့်လည်း ဆောလ်မှာ လက်ကိုင်ဘီးကို ရုတ်တရက် ဘယ်လှည့်လိုက် ညာပြန်လှည့်လိုက်နှင့်ဖြစ်နေရှာသည်။ အီးဂဲလ်ကားကြီးရပ်မသွားအော[illegible] မနည်း ထိန်းနေရသည်။

ပေ ၁၀,၀၀၀ မြင့်သည့် တောင်တန်းကြီးများ၏ နှင်းခဲအတိ ဖုံး[illegible] သည့် တောင်ထွတ်များမှာ နေရောင်အောက်တွင် ဖြူဖွေး တောက်ပနေကြ[illegible]



သည်။ ထင်းရှူးပင်များ အပြည့်ပေါက်နေသော လိပ်သည်းကျောက် တောင်ကျောများမှာ ဘီလူးကြီးတစ်ကောင်က လက်သည်းချွန်ကြီးများဖြင့် ကုတ်ခြစ်ထားသလို အကြောင်းလိုက် အကြောင်းလိုက် ပေါ်နေသည်။

ဤတောင်တန်းမှာ "ကနေဒါရော့ကီးတောင်တန်း" ဟုခေါ်သော်လည်း တကယ်တော့ ဤအစိတ်အပိုင်းမှာ ကွဲ့စ်တောင်တန်းသာဖြစ်ကြောင်း၊ ကုန်းတွင်း ပိုင်းကျသော ရော့ကီးတောင်တန်း၏ အစွယ်အပွားဖြစ်ကြောင်း ဆောလ် သိထားပေသည်။

ဗြိတိသျှ ကိုလံဘီယာပြည်နယ်ရှိ ထိုတောင်တန်းနှစ်ခု ပေါင်းစပ်လိုက် သောအခါ မိမိနှင့် ရင်းနှီးပြီးသားဖြစ်သော ကော်လိုရာဒိုတောင်တန်းကြီးမှာ ဝိစိကွေးလေး ဖြစ်သွားမည်ဟုလည်း ဆောလ်ထင်မိ၏။ ဤ တောင်တန်းကား ကြီးမားသလောက် မျက်နှာပြင်ကလည်း ကြမ်းတမ်းလှသည်။

မိမိအောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သော လွင်ပြင်ကြီးကား တစ်မျိုးတစ်ဖုံ ရှုမငြီးဖွယ် ကောင်းနေသည်။

သစ်တောများရှိသည့် တောင်ကုန်းလျှောမှာ မြက်ခင်းလွင်ပြင်ကြီး ဆီသို့နိမ့်ဆင်းသွားပြီး ကြီးမားကျယ်ပြန့်လှသော ဗင်ကူဗာမြို့နှင့် တစ်ဆက် တစ်စပ်တည်း ဖြစ်သွားသည်။

ခန့်ညားထည်ဝါလှသည့် "ဖြေသော်မုန်ဦး" ကြိုးတံတားကြီးသည် ဘူးရတ် ရေလက်ကြားကိုဖြတ်၍ မြို့ကြီးနှစ်ခုကို ဆက်သွယ်ပေါင်းကူး ပေးထားသည်။

ဤကား နေရောင်အောက်မှ သုခဘုံတည်း။

ပင်လယ်လေက အပူရှိန်ကို ဖယ်ရှားပေးလိုက်သည်။ အနောက် ဘက်တွင် ရေလက်ကြားအတွင်း၌ ရွက်လွှင့်နေသော ရွက်လှေလေးများမှာ ဖွေးဖွေးလှုပ်နေကြသည်။

ရေလက်ကြား၏ နောက်ကွယ်တွင်ကား ဝမ်ဒီပွးကား ရေလက် ဘက်ဆီသို့ ပစိဖိတ်သမုဒ္ဒရာဖရတ္တိ စီးဝင်နေပြီး၊ ဗင်ကူဗာကျွန်း၏ တောင်ကုန်း ကြီးများက သမုဒ္ဒရာဘက်မှဝင်လာမည့် လေမုန်တိုင်းများအန္တရာယ်မှ အကာ အကွယ်ပေးထားကြလေသည်။

ရာသီဥတုနှင့် သဘာဝရှုခင်းတို့၏ အကောင်းဆုံး တွဲစပ်ပေါင်းဖက် မှု သာဓကတစ်ခုပေတည်း။

ဆောလ်သည် မုန်းတီးနာကြည်းမှုဖြင့် မျက်ကြောရှုံ့လိုက်သည်။ အပန်းဖြေဂေဟာတစ်လုံး ထားရှိရန် အသင့်တော်ဆုံးနေရာပါပဲ။

www.burmeseclassic.com



အဲလီယော့သည် သူတိုက်ခိုက်ဖို့ "စစ်တလင်း" ကို စိတ်ကြိုက် ရွေးချယ်ခဲ့ခြင်းဖြစ်၏။ ခွေးသားကြီး။

တောင်ထိပ်လမ်းပေါ်သို့ မြန်မြန်ရောက်ချင်ကာမှ မော်တော်ကား တွေကလည်း နှေးကွေးစွာ ရွေ့လျားနေသဖြင့် ဆောလ်ကျွဲမြီးတိုနေ၏။

အဲလီယော့ဆီ ရောက်ချင်လှပြီ။

အဖေ့ကို ကျေးဇူးဆပ်ချင်လှပြီ။

တော်ပါသေးရဲ့။ ကားလမ်းက တစ်ပြေးညီ ပြန်ဖြစ်သွားသည်။

ထင်းရှူးပင်များရှိသည့် ကုန်းလျှောများကြားတွင် ထရပ်ကားကြီးသည် ကျောက်တုံး ကျောက်ခဲပုံများကြားသို့ဝင်၍ လမ်းဖယ်ပေးလိုက်သဖြင့် ၎င်း နောက်မှ မော်တော်ကားများအတွက် လမ်းပွင့်သွားသည်။

ဆောလ်က သူ့ကားကို ဂီယာနံပါတ်နှစ်ထိုးကာ စက်ရှိန်ကို တိုးမြှင့်၍ မောင်းသွားတော့သည်။ ပြတင်းပေါက်မှ လေတဝူးဝူး တိုးဝင်လာ၏။

တစ်နာရီ ကီလိုမီတာ ၈၀ ထက် ပိုမမောင်းရဟု သတိပေးထားသည့် ဆိုင်းဘုတ်တစ်ခုကို တွေ့ရသည်။ ဆောလ်က ထိုမိုင်နှုန်းထက် မကျော်စေရန် ထိန်း၍ မောင်းသွားသည်။

အန္တရာယ်ရှိသော လမ်းကွေ့များရှိကြောင်း ပြင်သစ်နှင့် အင်္ဂလိပ် ဘာသာတို့ဖြင့် ရေးထားသော ဆိုင်းဘုတ်တစ်ခုကို ထပ်မံတွေ့ရ၏။

ကုန်းလျှောများမှာ ဗွီပုံသဏ္ဌာန်ဖြစ်နေသဖြင့် ဆောလ်က ရှိုင်ဖယ် မှန်ပြောင်းဖြင့် ချိန်ရွယ်သကဲ့သို့ မြင့်မားလှသော တောင်ထိပ်ကို စူးစိုက်ကြည့် လိုက်သည်။ ဝက်အူရစ်နှင့်တူသော လမ်းကွေ့ လမ်းကောက်များကြားမှ ဆောလ် စိတ်ရှည်ရှည်ထားပြီး ထိန်းသိမ်းမောင်းနှင် သွားရသည်။

သိပ်မလိုတော့။ အေးအေးဆေးဆေးလုပ်။

မင်း ဆန္ဒစောပြီး အမှားတွေ လုပ်မိပါစေလို့ အဲလီယော့က ဆုတောင်းနေမှာ။

ဆောလ် ကိုယ့်ဘာသာ သတိပေးသည်။

ကွေ့ကောက်သည့်လမ်းမှ သစ်တောအုပ်ရှိသည့် တောင်ကြားသို့ ဆင်းချလာသည်။

ဘယ်ဘက်တွင် စိန်တုံးတစ်တုံးလို ပြာလဲ့နေသည့် ရေခဲပြင်ဖုံးထား သည့် ရေကန်ကြီးတစ်ကန်ရှိ၏။ ညာဘက်တွင် နောက်တွဲယာဉ်အိမ်များဖြင့် ပြည့်ကျပ်နေပြီး ခြေကျင်ခရီးထွက်ခြင်း၊ မြင်းစီးခြင်းတို့ ပြုလုပ်နိုင်ကြောင်း ကြော်ငြာဆိုင်းဘုတ်များ ချိတ်ထားသည့် တောစခန်းတစ်ခုကို တွေ့ရသည်။





သေက ပူနွေး၍ ခြောက်ကပ်သည်။

ဤတောင်တန်းမှာ အလာတူ တောင်ကြားဒေသများဖြင့် ပြည့်နှက် နေသည်။

ဆောလ်က ကားမောင်းရင်း မြေပုံကို ဖျတ်ခနဲ ငုံ့ကြည့်လိုက်သည်။

ယခုအချိန်ထိ အော်လစ်၏ လမ်းညွှန်ချက်များမှာ တိကျမှန်ကန် နေဆဲ။ ဗင်ကူဗာမြို့၏ အရှေ့မြောက်ဘက် မိုင်သုံးဆယ်အကွာသို့ ရောက်လာခဲ့ လေပြီ။ ဤနေရာမှစတင်၍ မိမိတစ်ဝက်တစ်ပျက် မှတ်မိသည့် ကောလာ ဟာလစကားများကိုသာ အားကိုးရတော့မည်။

စဉ်းစားကြည့်လေ၊ မိမိငယ်ရွယ်စဉ်က တစ်နေ့နေ့၌ ဤသို့ အပန်းဖြေ ဂေဟာတစ်ခုကို လိုအပ်လာမည်ဟု ဘာကြောင့်တွေးမိရမှာလဲ။ လုံခြုံဂေဟာ တစ်လုံးဆိုလျှင်တော့ နည်းနည်းဖြစ်နိုင်သေးသည်။

ဟော . . .၊ မြေပုံပေါ်မှာရှာတွေ့ပြီ။ တောင်ကြောနှစ်ခုကို ဖြတ်ပြီး လျှင် 'တောရတောင်ကြား' သို့ ရောက်မည်။

"မင်းအဲမြဲမှတ်ထား၊ မင်းအတွက် အနားယူဖို့နေရာ အသည်းအသန် လိုအပ်လာတဲ့အခါကျရင် 'ရသေ့ကျောင်း' မှာ သွားနေဖို့စဉ်းစားလိုက်၊ အဲဒီ တောင်ကြားကိုသွား၊ ဆိုင်းဘုတ်တစ်ခုကို လိုက်ရှာ၊ 'ရသေ့ကျောင်း' လို့ ရေး ထားလိမ့်မယ်"

ဟု အဲလီယော့ ပြောခဲ့ဖူးသည်။

ဆောလ်သည် သတ်မှတ်မိုင်နှုန်းကိုကျော်၍ မောင်းချင်စိတ်ပေါက် လာသော်လည်း မနည်း စိတ်ထိန်းထားလိုက်ရသည်။ တံတားတစ်ခုပေါ်၌ ငါးမျှားနေရာမှ ခဏရပ်ပြီး ဘီယာပုလင်းကို ကောက်မော့နေသော တံငါသည် ကြီးတစ်ဦးကို ဆောလ်မြင်လိုက်ရသည်။

ဤအရပ်သည် 'တောရတောင်ကြား' ဖြစ်နေသည်ဆိုလျှင် ထိုလူကြီးမှာ အစောင့်တစ်ဦးဖြစ်ဖို့ မြေကြီးလက်ခတ်မလွဲပေ။

သို့တစေ ယခု မြင်တွေ့ရသည့် မြင်ကွင်းကတော့ အပြစ်ကင်းစင်မှု ရှိနေဆဲ။

နေက ခေါင်းပေါ်တည့်တည့် ရောက်လာသဖြင့် ဆောလ် ပိုလာရွိုက် နေကာမျက်မှန်ကို ကောက်တပ်လိုက်သည်။ ပတ်ချာဝိုင်းနေသည့် တောင်ထိပ် များကြောင့် ဤအရပ်တွင် မိမိအဖို့ ခါတိုင်းထက် နေဝင်စောလိမ့်မည် ဖြစ်ကြောင်း ဆောလ်သဘောပေါက်မိသည်။

သူတ်ခြေတင်၍ မဖြစ်သည့်တိုင် အချိန်ဆွဲနေလို့လည်း မဖြစ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ချိန်သားကိုက်ဖို့ သိပ်အရေးကြီးသည်။

နေမဝင်ခင် ရောက်သွားဖို့လိုသည်။

မြေပုံကတော့ တိကျ၏။

တီပိုသဂျာန် လမ်းဆုံသို့ရောက်သောခါ ညာဘက်ချိုးပြီး သစ်လုံးများဖြင့် ဆောက်လုပ်ထားသည့် ဗိုလ်တဲတစ်လုံးရှေ့မှ ဖြတ်သွားရသည်။ ကားလမ်းဘေးတွင် စမ်းချောင်းတစ်ခုရှိ၏။ ရေစီးသံကိုကြားရသည်။

တောင်ကြောပေါ်သို့ ဦးမော့၍ တက်သွားသောအခါ ထင်းရှူးပင်များက နေရောင်ခြည်ကို ဝိတ်ဆို့ ဖုံးကွယ်လိုက်ကြသည်။

ဆောလ် ကျိန်ဆဲလိုက်၏။

မိမိညီငယ် ခရစ္စတစ်ယောက် အေးမြသည့် အရိပ်များ၏ အရသာကို ဘယ်တော့မှ ခိုလှုံခံစားခွင့် ရတော့မည် မဟုတ်ပါလား။

◆

(၂)

လုံခြုံဂေဟာများနှင့် အပန်းဖြေစခန်းများ။

အဲဘာလတ်စီမံကိန်းကို ရေးဆွဲခဲ့ကြသူများသည် နှစ်ရှည်ရှည်မှန်းချက်ပန်းတိုင်များသာမကဘဲ နှစ်တိုရှည်မှန်းချက်များကိုပါ နားလည်သဘောပေါက်ကြသည့် ပညာရှိကြီးများဖြစ်ကြပေသည်။ အန္တရာယ်နှင့် ရင်ဆိုင်ရသဖြင့် ထွက်ပြေးနေရသော အေးဂျင့်တစ်ယောက်သည် မျှော်လင့်ချက်တစ်ခု လိုအပ်၏။

မျှော်လင့်ချက်ဆိုတာမရှိဘဲ ဒီအလုပ်ကို ဘာအတွက် စွဲစွဲမြဲမြဲ လုပ်ရမှာလဲ။

သို့သော် လုံခြုံဂေဟာသည် သာမန်အေးဂျင့်များနှင့် လူငှားများအတွက် ယာယီသဘောဖန်တီး ထားရှိပေးခြင်း ဖြစ်သည်။

အကယ်၍ မိမိသည် ထိပ်ဆုံးသို့ ရောက်ရှိလာခဲ့ပြီး လုံခြုံဂေဟာမှ မထွက်ရဲလောက်အောင် ရန်သူတွေ ဝိုင်းဝိုင်းလည်နေပြီဆိုလျှင် မည်သို့ လုပ်မည်နည်း။ မိမိထွက်မလာမချင်း အပြင်ကရန်သူတွေ စောင့်ဆိုင်းနေရလောက်အောင်ပင် လူမုန်းခံနေရလျှင် မည်သို့လုပ်မည်နည်း။ အပြင်ထွက်သည့်အခါ မိမိမှာ ကိုယ်ရံတော်တွေ ဘယ်နှစ်ယောက်ပဲပါပါ မိမိသေဘေးမှ ပြေးမလွတ်နိုင်။

မိတယ်တစ်ခုထက် ပို၍လုံခြုံမှုရှိသော နေရာတစ်ခုတော့ လိုအပ်နေသည်ကား သေချာသည်။ အခန်းလေး တစ်ခန်းထဲမှာတစ်ယောက်တည်း နေရင်း ဘယ်လောက်ကြာကြာ အညှောင်းပြေ လမ်းလျှောက်နေနိုင်မှာလဲ။ ဓာတ်ပြား၊ ဘယ်နှစ်ချပ် နားထောင်နိုင်မလဲ။ ရုပ်မြင်သံကြား ဘယ်လောက်ကြာကြာ ထိုင်ကြည့်နိုင်မလဲ။

ယင်းကိစ္စများကို နိစ္စဓူဝလုပ်နေရသည့်အခါ လုံခြုံဂေဟာသည် အကျဉ်းထောင်နှင့် တူလာချေမည်။ ပျင်းရိငြီးငွေ့မှုကို ခံနိုင်ရည်ရှိတော့မည် မဟုတ်။ မွန်းကျပ် လှောင်ပိတ်လာမည်။



www.burmeseclassic.com

www.burmeseclassic.com



'မုဆိုး' တွေ ဝိုင်းနေသည့်ကြားမှ ခိုးထွက်ချင်စိတ် ပေါက်လာမည်။

သို့မဟုတ်လည်း သူတို့တွေ ဝင့်ကြွတ်သွားအောင် မိမိဘာသာ ပါးစပ်ထဲ သေနတ်ပြောင်းတေ့ပြီး အဆုံးစီရင်လိုက်ရကောင်းမလား။ ခုနစ်ရက်တစ်ပတ် လုံခြုံမှုသည် သိပ်ကောင်းပါ၏။ တစ်လပဲထားဦး။ တစ်နှစ်လောက် သည်အတိုင်း နေရမည်ဆိုလျှင် ဘယ်လိုလုပ်မလဲ။ သို့မဟုတ် ဆယ်နှစ်လောက် ဆိုလျှင်ကော...။

လစန္ဒာဘုရားကျောင်းလို နေရာမျိုး၌မင် လုံခြုံမှုသည် ကျိန်စာသင့်သည်နှင့် အတူတူဖြစ်လာနိုင်သည်။

ပိုမို ကောင်းမွန်ပြည့်စုံသော နေရာတစ်ခု လိုအပ်နေပြီ။

အဲဘာလတ် ဖန်တီးရှင်များသည် ဉာဏ်အမြော်အမြင် ကြီးမားသည့် အလျောက် လုံခြုံဂေဟာထက် ပိုကောင်းသောအရာကိုလည်း စိတ်ကူးထုတ်ကာ ဖန်ဆင်းခဲ့ကြ၏။

ယင်းကား အပန်းဖြေ စခန်းများပင်တည်း။

၎င်းတို့သည် ထာဝရ ခေ...မှတောများဖြစ်၏။ ကျေနပ်မှု အပြည့်အဝ ရရှိနိုင်၏။ လိုလေသေး မရှိသော သဘာဝ ပတ်ဝန်းကျင်ဖြင့် ဝန်းရံထား၏။

အဲဘာလတ်လုံခြုံဂေဟာ စုစုပေါင်း ခုနစ်လုံးရှိသည်။

သို့သော် အပန်းဖြေစခန်းများကတော့ ပို၍ ရှုပ်ထွေးသည်။ ကျယ်ပြန့်သည်။

ကြီးမားသည်။ ပြည့်စုံသည်။

အပန်းဖြေစခန်း သုံးခုသာရှိ၏။

ထိုစခန်းများကို အသုံးပြုမည့်သူများမှာ အသက်အရွယ်ကြီးရင့်သူများ ပိုများသဖြင့် ရာသီဥတုမှာ သော့ချက်ကျ၏။ မပူလွန်း၊ မအေးလွန်းသော ဥတုမျိုး လိုအပ်သည်။ မခြောက်သွေ့လွန်း၊ မစိုထိုင်းလွန်းရ။ ဤကား သုခဘုံ တွေထဲကအကောင်းဆုံး သုခဘုံဖြစ်၏။

ကာလရှည်လုံခြုံမှုကို လိုအပ်သောကြောင့် ထိုစခန်းများကို နိုင်ငံရေး တည်ငြိမ်မှုရှိပြီး ရှေးရိုးအစဉ်အလာအရ ဘက်လိုက်မှုကင်းသည့်နိုင်ငံများ ဖြစ်ကြသော ဟောင်ကောင်၊ ဆွစ်ဇာလန်နှင့် ကနေဒါနိုင်ငံတို့တွင် တည် ဆောက်ထားရှိပေသည်။

ယခု အခန်းကား ကနေဒါနိုင်ငံ၊ ဗြိတိသျှ ကိုလံဘီယာပြည်နယ်ရှိ တောရတောင်ကြားတွင် တည်ရှိ၏။

'ရသေ့ကျောင်း'ဟု အမည်တွင်၏။

အဲလိယော့သည် ဤအရပ်တွင် လာရောက်အနားယူကာ ဆောင်





အား ယောင်ချောက်ထဲမှားခေါ် ဖို့မျှော်လင့်နေသည်။

ဆောလ်သည် ကားကို စောင်ပေါ် မောင်းတက်သွားရင်း နှင်းခဲ ထုများကိုဖြတ်ကျော်၍ သစ်တောစပ်သို့ရောက်လာသည်။ ခရစ္စအကြောင်း တွေးနေစဉ် နောက်တောင်ကြား တစ်ခုသို့ စတင်ဆင်းတော့မည်။

"ဘဲင်န်းမအတွက် ကောင်းတယ်ဆိုရင် ဘဲင်န်းဖိုအတွက်လဲ ကောင်း တာပါပဲ"

ဟု သူ အံတင်း၍ ရေရွတ်လိုက်သည်။

ထောင်ချောက်ဆိုတာ အနေအထား ပြောင်းရွှေ့လုပ်လို့ရပါသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## (၃)

လမ်းခွဲဆုံသို့ရောက်လာသောအခါ ကားကို ခဏရပ်ပြီး မြေပုံကို ပြန်လေ့လာသည်။ ညာဘက်ကိုချိုးလျှင် တောင်ကုန်းလျှောတစ်ခုပေါ်မှတက်ကာ ကျဉ်းမြောင်းသည့် တောင်ကြားလမ်းမှ ဖြတ်ဝင်ရမည်။ ထိုနောက် အောက်သို့ ခေါ်း စိုက်ဆင်းချသွားလျှင် တောရတောင်ကြောသို့ ရောက်မည်။ 'ရသေ့ကျောင်း' ဟု ရေးထားသည့် ဆိုင်းဘုတ်ကိုတွေ့မှာ သေချာသည်။

ရသေ့ကျောင်းဆိုတာ တော်ရုံတန်ရုံ ခရီးသွားတစ်ဦးအနေနှင့် သိနိုင်လိမ့်မည်မဟုတ်။ သစ်ပင်များက ရသေ့ကျောင်းပရိဝုဏ်ကို ဖုံးကွယ်ထားကြလိမ့်မည်။ စပ်စုလိုသူများ မဝင်နိုင်ရန်သော့ခလောက်ဖြင့် ခတ်ထားသည့် ဂိတ်တံခါးနှင့် ဗွင်းနက်များဖောက်ထားသည့် ကားလမ်းသွယ်လေးတို့လည်း ရှိနိုင်သည်။

နောက်ပြီး မဆိုင်သူများအား နောက်ပြန်လှည့်နိုင်းဖို့အတွက် ထိုလမ်းတစ်လျှောက်၌ အစောင့်များလည်း ချထားပေလိမ့်မည်။ တောရ တောင်ကြား၏ ဝင်ပေါက်အားလုံးကို ကင်းစောင့်နေကြမှာ သေချာသည်။

စတိုးဆိုင်လေးတစ်ဆိုင်သည် ကင်းထောက်စခန်းတစ်ခု ဖြစ်နိုင်သည်။ ဓာတ်ဆီဆိုင်တစ်ဆိုင်၌ အစောင့်များကို အလုပ်သမားများ အယောင်ဆောင်ခိုင်းထားနိုင်သည်။ သည်တစ်ခါတွေ့ရမည့် ဘီယာမော့နေသော တံငါသည်ကြီးတစ်ယောက် ကျောပိုးအိတ်ထဲမှာ ဝေါ်ကီတော်ကီ စက်တစ်လုံးပါချင်လည်း ပါမည်။

တောင်ကြားမှဖြတ်ထွက်လိုက်သည်နှင့် မိမိ၏ လှုပ်ရှားမှုအားလုံးကို အဆက်မပြတ် သတင်းပို့ကြပေတော့မည်။

ယင်းသို့ ကြိုတင်ကာကွယ်မှုပြုလုပ်ခြင်းကို ဆောလ် သိပ်မမှုပါ။ တကယ်တော့လည်း အပန်းဖြေစခန်းအတွက် လုံခြုံရေး လိုအပ်သည်မဟုတ်လား။ အုပ်ချုပ်ရေးအဖွဲ့ဝင်များသည် ပထမတန်းစား လုပ်ထုံးလုပ်နည်းများကို







သုံးစွဲနေသည့် လုပ်ငန်းကျွမ်းကျင်သူ ပုဂ္ဂိုလ်များဖြစ်ကြလိမ့်မည်။

ကားလမ်းတစ်လျှောက်ရှိ အစောင့်အချို့မှာ ဤစခန်းမှ မဟုတ်ဘဲ တဲလီယော့၏လူများ ဖြစ်နေမှာကိုသာ ဆောလ် စိုးရိမ်မိသည်။

ဟုတ်တယ်။ သူ ဒီနည်းမျိုးလုပ်မှာပဲ။

တောင်ကြားထဲကို သုတ်သင်ရေးအုပ်စုတစ်စု ဖြန့်ကြက်ချထားပြီး အပန်းဖြေစခန်းကို မရောက်ခင် ငါ့ကို တွေ့တွေ့ချင်း သတ်ပစ်ဖို့ သူ အမိန့်ပေးထားလိမ့်မည်။ စည်းမျဉ်းတွေအရ ဘက်မလိုက်နယ်မြေပေါ် ရောက်သွားတဲ့အခါ ငါ့ကို အန္တရာယ်အယှက်ပေးလို့မရပေမယ့် လမ်းခုလတ်မှာ မသတ်ရဘူးလို့ တားမြစ်ချက် ထုတ်မထားဘူးလေ။

သည်တောင်ကြားဒေသတစ်ခုလုံးကို သူတို့ စောင့်ရှောက်နေကြတာ မဟုတ်ဘူး။ ရသေ့ကျောင်း အပန်းဖြေစခန်းရဲ့ ပိုင်နက်ကိုသာ သူတို့ အကာအကွယ်ပေးထားကြတာ။ တောင်ကြားထဲကဖြတ်မောင်းရင် ငါ မိုက်မဲရာကျလိမ့်မည်ဟု ဆောလ်တွေးမိသည်။

အခြားလမ်းတစ်ခုကို ဆောလ်သိ၏။

တောင်ကြားလမ်းသို့ တန်းရောက်သော ညာဘက်လမ်းထဲမချိုးဘဲ တည့်တည့်ဆက်မောင်းသွားသည်။ စမ်းချောင်းတစ်ဘက်ခြမ်းရှိ စားကျက်မြက်ခင်းပေါ်၌ သမင်ကြီးသုံးကောင်မြက်စားနေကြသည်။ ရစ်ငှက်တစ်ကောင် ကားလမ်းပေါ်မှ ဖြတ်ပျံသွားသည်။

ဆောလ်က ညာဘက်ရှိ ပေါ်ပလာ မျိုးနွယ်သစ်ပင်တန်း တစ်တန်းကို ကြည့်ပြီး မြေပုံနှင့်တိုက်ကြည့်လိုက်သည်။

သူရှာဖွေသည့်နေရာကား သိပ်မဝေးတော့။

လေပြည်တစ်ချက်တိုက်သဖြင့် သစ်ရွက်များလှုပ်ခါပြီး နေရောင်အောက်မှ ရောင်ပြန်လက်သွားသည်။ ထို့ကြောင့် နေစောင်းသွားပြီဖြစ်ကြောင်း သူ သတိပြုမိ၏။ ညနေသုံးနာရီထိုးပြီ။

ကျန်ရှိသမျှ အလင်းရောင်ကို အားကိုးပြီး ညနေငါးနာရီလောက်တွင် မိမိအသင့်ဖြစ်အောင် လုပ်ရပေလိမ့်မည်။

ကီလိုမီတာဝက်ခန့် ဆက်သွားသောအခါ သစ်ပင်ချုံပင်များဖြင့် ဖုံးကွယ်နေသည့် လမ်းကြောင်းကလေးကို တွေ့ရသည်။ မြေပုံထဲ၌ ကြိုတင်ရှာမကြည့်ခဲ့ပါက ထိုလမ်းကို သတိထားမိမည် မဟုတ်ချေ။

ရှေ့မှာ ကားတစ်စီးမျှမရှိ။ နောက်ကြည့်မှန်ထဲမှာလည်း ကားတစ်စီးမျှမတွေ့။ ကားကိုရပ်ပြီး လက်ကိုင်ဘီး၏ ဘယ်ဘက်ခြမ်းရှိ ခလုတ်ကိုဖွင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဘီးဂဲလ်ကားကိုဘီးလေးဘီးလုံး ယက်အားဖြင့်မောင်းရန် အသင့်ပြင်လိုက်သည်။

ထိုနောက် ချုံနွယ်ပိတ်ပေါင်းများကို တက်ကြိတ်ကာ တိုးဝင်သွား၏။

လမ်းကလေးက ချိုင့်တွေ ဘုတွေများပြီး ကျဉ်းမြောင်းရုံမက၊ သစ်ပင်များက ပေါင်းမိုးလို မိုးတားသေးသည်။

ကိုက်တစ်ရာခန့်အရောက်တွင် ဘရိတ်အုပ်လိုက်၏။ ကားပေါ်မှ ဆင်းကာ ခြင်များကို လက်နှင့်မောင်းထုတ်ရင်း လာလမ်းအတိုင်း ပြန်လျှောက်သွားသည်။

လမ်းထိပ်ဝမှ ချုံနွယ်များမှာ ကားကြိတ်ခံရသဖြင့် လမ်းကို ဖုံးကွယ်ပေးနိုင်လောက်အောင် ပြန်မမတ်နိုင်ကြတော့ချေ။ သီဝရီအရမပြောရလျှင် ဤတောင်ကြားၵ္ဍ မည်သူကမျှ ဂရုစိုက်မည်တော့မဟုတ်။ သီဝရီအရပေါ့လေ။

ဆောလ်က လမ်းဝ၌ ကန့်လန့်ဖြတ်လဲကျနေသော သစ်ကိုင်းကြီး တစ်ကိုင်းကိုဆွဲယူကာ ချုံများ၏နောက်မှ ကျားကန်ပေးထားလိုက်သည်။ ခပ်လှမ်းလှမ်းမှကြည့်လျှင် ချုံနွယ်ပင်များကျိုးနေကြောင်း ဘယ်သူမှမသိနိုင်။ သေသေချာချာ အနီးကပ်ကြည့်မှသာ မြင်ရလိမ့်မည်။ ရက် အတော်ကြာလာသောအခါ အရွက်များ ကြွေကျကုန်မည် ဖြစ်သော်လည်း ဤလမ်းကို တစ်စုံတစ်ယောက် အသုံးပြုမပြုဆိုသည့်အချက်မှာ သိပ် အကြောင်းမဟုတ်တော့ပါချေ။

ဆောလ်အဖို့ အရေးကြီးသည်မှာ ယနေ့ညနှင့် နက်ဖြန်သာ ဖြစ်၏။ နောက်ထပ် ချုံနွယ်တစ်တန်း ထပ်ဖြည့်ပြီး ပြန်လည် စစ်ဆေးလိုက်သည်။ သဘာဝကျကျဖြစ်သွားပြီဟု သူ ဆုံးဖြတ်လိုက်၏။

လမ်းအတိုင်း ကားကိုဆက်မောင်းသွားသည်။ ကားနံဘေးနှင့် သစ်ကိုင်းသစ်ခက်များ ပွတ်တိုက်သွား၏။ ကားဝမ်းဗိုက်နှင့် ချုံနွယ်များ ခြစ်မိကုန်သည်။ မြောင်းငယ်များကြောင့် ကားက လှုပ်ခါသွားသည်။

သစ်ကိုင်းကျိုးကြီးတစ်ခုက ကန့်လန့်ဖြတ်ခံနေသည့် နေရာအရောက်တွင် ကား ဆက်မောင်းလို့မရသဖြင့် ကားကိုရပ်ကာ အောက်သို့ဆင်းပြီး သစ်ကိုင်းကြီးကို ဖယ်ရှားရသည်။ ထို့နောက်ကားကို ရှေ့တိုးပြီး သစ်ကိုင်းကို မူလနေရာ၌ ပြန်ထားလိုက်သည်။ ရှေ့ဆက်သွားသောအခါ စမ်းချောင်း တစ်ခုကို ဖြတ်ရသည်။ ဘရိတ်များရေစိုပြီး ပျော့မသွားပါစေနှင့်ဟု သူ ဆုတောင်းသည်။ ကျောက်တုံးတစ်ခုနှင့် ကားအိပ်ဇောပိုက် ဆောင့်မိသွားသဖြင့် သူ မျက်မှောင်ကုတ်သွားသည်။

သို့သော် ဘီးဂဲလ်စတေရှင်ဝက်ဂွန်းသည် ဖရိန်မြင့်သော ကားဖြစ်သည်။





ဘီးလေးလုံးယက်အားကြောင့် ခက်ခဲကြမ်းတမ်းလှသော မြေမျက်နှာပြင်ပေါ်၌ ချောချောမောမော မောင်းနှင်ရွေ့လျားနိုင်သည်။

မြေပုံအရ ရှေ့နားတွင် အဆောက်အအုံတစ်ခုမျှ မရှိဟုသိရသည်။ ဆောလ်တွေဝေသွား၏။

သည်လမ်းလေးကိုဘယ်သူကဘာအတွက်ဖောက်ခဲ့ပါလိမ့်။ သစ်ခုတ်သမားတွေ လက်ချက်လား။ သို့မဟုတ် တောင်ပေါ်မှ လျှပ်စစ်ဓာတ်အား တိုင်ကြီးများကို သယ်ယူလိုသည့် ရေအားလျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အလုပ်သမားများလား။ သို့မဟုတ် ဤနေရာတစ်ဝိုက်ကို ပိုင်ဆိုင်ထားပြီး အမဲလိုက်လျှင် အသုံးပြုလိုသော သူ တစ်ဦးလား။

အဖြေကိုမသိဘဲနေရလျှင် ပိုကောင်းမည်ဟု ဆောလ်ဆုံးဖြတ်လိုက်လေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

လမ်းက ကုန်းမြင့်ဗိုင်း မြက်ခင်းပေါ်ရှိ ဒူးဆစ်ခန့်မြင့်သည့် မြက်ပင်များကြား ထဲတွင် ပျောက်ကွယ်သွားသဖြင့် ဆောလ် စိတ်ပျက်သွားလေသည်။

ဂိတ်ဆုံးပြီ။

သည်မြက်တောထဲက မြတ်မမောင်းရဲ။ မော်တော်ကားဘီးရာများကို ကောင်းကာင်းမှမြင်နိုင်သည်။ ရဓသ့ကျောင်းတွင် ကင်းထောက်ရဟတ်ယာဉ်များ အသုံးပြုကြသည်ဟု ယူဆရသည်။ ရှင်းရှင်းပြောရလျှင် ရဓသ့ကျောင်းမှ အစောင့်များအာနေနှင့် အပန်းဖြေစခန်းပတ်လည်ရှိ တောင်ကြားဒေသ တစ်ဝိုက် ကို လိုက်စစ်ဆေးစရာ အကြောင်းမရှိသော်လည်း အဲလိယော့၏ လူများကတော့ ထိုသို့ပြုလုပ်ကြပေလိမ့်မည်။

ဆောလ်လာနေပြီဖြစ်ကြောင်း ၎င်းတို့ သိထားသည့်အလျောက် ၎င်းတို့ ခါတိုင်းထက် ပိုသတိထားကြမှာ သေချာသည်။

ဆောလ်က လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။

ညနေ လေးနာရီခွဲပြီ။ တောင်စွယ်မှာ နေကွယ်လုပြီ။

တော်ကြာဆို မှောင်စပျိုးတော့မည်။

လှုပ်ရှားမှပဲ။

ဆောလ်သည် ကားကိုမြေပြင်ပေါ်မှာရော၊ ဝေဟင်မှပါ မမြင်နိုင် အောင် လမ်းနံဘေး ခြုံတောများကြား၌ ဝှက်ထားလိုက်သည်။ ကားနောက်ဖုံးကို ဖွင့်၍ မိမိပစ္စည်းကိရိယာများကို ထုတ်ယူသည်။

၎င်းပစ္စည်းအားလုံးကို ကယ်လ်တီ ကျောပိုးအိတ်ကြီးထဲ၌ ကွမ်းကျွမ်းကျင်ကျင် စနစ်တကျ စုပြုံထည့်ယူလာခဲ့ခြင်း ဖြစ်သည်။ ချက်ပြုတ်စားစရာမလိုသော သစ်သီးခြောက်များ၊ မြေပဲဆွေး၊ အမဲသား၊ မုံးစိုလျှင် အခြောက်မြန်သည့် သိုးမွေး ထည်များ၊ အလားတူ အခြောက်မြန်သည့် ဒေကရွန်သားဖြင့် ပြုလုပ်ထားသည့်





မွေ့ရာအိတ်ကြီးတစ်ခု၊ နိုင်လွန်ကြိုး ကိုက်ငါးဆယ်၊ ဓားမြှောင်တစ်ချောင်း၊ ရှေးဦးသူနာပြုကိရိယာ သေတ္တာငယ်၊ ရေဘူးတို့ပါသည်။

တောင်ပေါ်စမ်းရေများကို မသောက်ရဲသဖြင့် ရေအပြည့်ဖြည့်ယူလာ၏။ ကျောပိုးအိတ်ကြီး၏ အလေးချိန်နှင့် မိမိကိုယ်အလေးချိန်ကို ခံနိုင်စွမ်းရှိမည့် အောက်ခံသားရေပြားထူထူ တောင်တက်ဘွတ်ဖိနပ်ကြီးများကိုလည်းစီးထားသည်။

ကျောပိုးအိတ်နှင့်တွဲလျက်ပါသော သတ္တုဘောင်ကို ပခုံးပေါ် ချိတ်ပြီး သိုင်းကြိုးများကို တင်းတင်းပတ်ကာ ခါးပတ်နှင့် တွဲချိတ်လိုက်သည်။ တစ်ဒင် အကြာ၌ ဆောလ်သည် တိုးလာသည့်အလေးချိန်ကို ဟန်ချက်ရအောင်ပြင်ဆင် ပြီးသားဖြစ်သွားသည်။

ပစ္စတိုကိုခါးကြားထိုးပြီး ကားကိုသော့ခတ်ကာ ခြေကျင်လျှောက်သည်။

စားကျက် မြက်ခင်းပြင်ကြီးကို ဖြတ်မဝင်ဘဲ ဘေးမှပတ်သွားသည်။ ခြေရာမကျန်ခဲ့စေဖို့ သတိထားရသည်။ တောင်ပေါ်ပန်းများကို ရှောင်ရှားရင်း တောင်ကုန်းငယ်များပေါ်မှ ဆက်လက်တက်သွားရာ တဖြည်းဖြည်း ပိုမတ်စောက် လာပြီး ပိုခက်ခဲလာသည်။

ရှပ်အင်္ကျီတစ်ထည်လုံး ချွေးရွှဲနေပြီ။

ပထမတော့ လားရာကို မျက်လုံးအမြင်ဖြင့်သာ တွက်ဆ၍သွားသည်။ သူသွားချင်သော တောင်ကြားတည်ရာကို သိပြီးသား။

သို့သော် တောင်ကမ်းပါးကြီးများက ကန့်လန့်ခံနေတတ်ပြီး သစ်ပင်များ က မြင်ကွင်းကို ပိတ်ဆို့နေသဖြင့် မြေပုံနှင့် လမ်းညွှန်အိမ်မြှောင်တို့ကို အားကိုး လာရတော့သည်။

ရံဖန်ရံခါ၌ သစ်ပင်ကျဲကျဲသာရှိသည့် ကုန်းလျှောပေါ်မှ မိမိသွား လိုရာသို့ အလွယ်တကူ တက်သွားလို့ရမှန်း သိသော်လည်း မြေပုံထဲတွင် ထို လမ်းကိုမသုံးရန် သတိပေးထားသည်။ ကျောက်လုံးကြီးများ ပြွတ်သိပ်နေသည့် မြောင်းကြားထဲမှသွားလျှင်လည်း ဒုက္ခရောက်သွားနိုင်သည်။ မကြာမီ ထိုမြောင်းက တဖြည်းဖြည်းမြင့်တက်သွားကြောင်း မြေပုံထဲ၌ဖော်ပြထားသောကြောင့်ဖြစ်သည်။

နောက်တောင်ကုန်း၏နောက်ကွယ်၌ ချောက်ကမ်းပါးတစ်ခုရှိကြောင်း ကြိုတင်သတိပေးထားသဖြင့် ဆောလ်သည် မိမိလမ်းကြောင်းမှ နှစ်ဖာလုံခန့် လမ်းလွှဲပြီး စမ်းချောင်းတစ်ခုသို့ အရောက်သွားရန် မတ်စောက်သည့် ကျဉ်း မြောင်းသည့် ဘောင်ကမ်းပါးကြီးတစ်ခုပေါ်သို့ တွယ်တက်ရလေသည်။

စမ်းချောင်းနားရောက်သောအခါ ခဏရပ်ပြီး ရေသောက်သည်။ အမြင့်တွင် လူ့ခန္ဓာကိုယ်မှာ ပို၍ ကြမ်းတမ်းစွာလှုပ်ရှားရသဖြင့် ချွေးက



www.burmeseclassic.com

www.burmeseclassic.com



တရပေါ ထွက်နေသည်။ ခြောက်သွေ့သည့်လေကြောင့် နှုတ်ခမ်းများ လျှင်မြန်စွာ အငွေ့ပြန်သွားရာ တောင်တက်သမားတစ်ဦးသည် ကိုယ်တွင်း ရေဓာတ်ခန်းခြောက်မှုကို သတိမထားမိနိုင်သေး။ ထိုင်းမှိုင်းတွေဝေပြီးနောက် သတိလစ် မေ့မျောသွားနိုင်၏။ ရေသောက်ရုံနှင့် မရတော့။

ရေကိုထိန်းထားနိုင်ရန် ဆားဓာတ်လိုအပ်သည်။ သို့သော် ရေသောက်သောအခါ သွေးလျှာမှာ ဆားငန်ဓာတ်အရသာကို မရသဖြင့် ဆားဓာတ်လိုအပ်နေမှန်းသိလိုက်သည်။ ရေဘူးကို ကျောပိုးအိပ်ထဲပြန်ထည့်ပြီး မိမိတက်ခဲ့သည့် ကမ်းပါးကို ငုံ့ကြည့်လိုက်သည်။ စမ်းရေစီးသံကို ကြားနေရသည်။ အပေါ်ဘက်ရှိ တောင်ကုန်းများကို မော့ကြည့်လိုက်၏။

အရိပ်များ ရှည်ထွက်လာပြီ။

သစ်တောသည် မှန်တိုင်းကျခါနီး တောရိုင်းမြေ၊ သို့မဟုတ် တိမ်စိုင်တိမ်ခဲများကဲသို့ အစိမ်းရင့်ရောင် ပြောင်းနေသည်။

ဆောလ်ရင်ထဲမှာ ခံစားချက်တွေ ပြည့်နေ၏။

ခြေလှမ်းတွေက ပိုကြမ်း၊ ပိုသွက်လာသည်။

တောရိုင်းမြေကိုတွေးမိသဖြင့် ဗီယက်နမ်၌ ခရစ္စနှင့် မိမိတို့ တိုက်ခိုက်ခဲ့သည့်တိုက်ပွဲများကို ပြန်သတိရလာသည်။ တိုက်ပွဲအတွေ့အကြုံရစေလိုသောကြောင့် အဲလိယော့က ၎င်းတို့အား ဗီယက်နမ်သို့ လွှတ်လိုက်ခြင်းဖြစ်သည်။

အဲလိယော့သည် မိမိတို့အပေါ် သစ္စာဖောက်ကာ ကော်လိုရာဒိုသို့ ရဟတ်ယာဉ်များ လွှတ်လိုက်သဖြင့် မိမိတို့အသက်ကို ဖက်နှင့်ထုပ်၍ ထွက်ပြေးခဲ့ကြရပုံမှာ မျက်စိထဲက မပျောက်နိုင်သေး။

ခရစ္စရေ . . .၊ တို့ကို အဲလိယော့က မိန်းပြည်နယ်ကို နွေရာသီတောစခန်းထွက်ဖို့ခေါ်သွားတာ မှတ်မိသေးလားကွ။ အဲဒါ ငါ့ဘဝမှာ ပျော်စရာအကောင်းဆုံး ခုနှစ်ရက်တာပေါ့။ ဘာကြောင့်များ ဒီလိုအခြေအနေဆိုးတွေ ဖြစ်လာရပါလိမ့်။

မြေသြဇာကောင်းသည့် မြက်ခင်းပြင်က ပိုမြင့်လာသည်။

သစ်ပင် ကွက်လပ်ကြားမှ သူ သွားဖို့ ရည်ရွယ်ထားသည့် တောင်ကြားလမ်းကို မြင်ရ၏။ ၎င်းမှာ တောင်ထွတ်နှစ်ခုကြားမှ မြင်းကုန်းနှီးလို တောင်ကြောဖြစ်သည်။

တောင်ကြားလမ်းပေါ်သို့ ဆည်းဆာ၏ ရောင်ခြည်တန်းများထိုးကျနေသည်။ ဆောလ်က လိပ်သည်း ကျောက်ပြားချပ်ကြီးများပေါ်မှ ကျော်တက်သွားသည်။ တောင်ကြားလမ်းဝသို့ ရောက်လာသည်။





ယခုအခါ သူ့စိတ်က ပြတ်သားခိုင်မာနေပြီ။ ကျောကုန်းပေါ်မှ ကျောပိုးအိတ်ကြီး၏ အလေးချိန်ကို သတိမထားမိနိုင်လောက်အောင် သူ့စိတ်တက်ကြွလွန်းနေ၏။ အရိပ်ကျနေသည့် ကျောက်တုံးကြီး တစ်တုံးဆီသွားပြီး အောက်ဘက်ရှိ တောင်ကြားကို ငုံ့ကြည့်လိုက်သည်။

နောက်ဘက်၌ကျန်ရစ်ခဲ့သည့်တောင်ကြားနှင့် သိပ်ကွာခြားမှုမရှိ။ တောင်ထိပ်များနှင့် သစ်တောတို့သည်လည်း အတူတူပင်၊ မြစ်တစ်စင်းက ဖြတ်ဆင်းနေသည်။

မြေပုံအရ နောက်တောင်ကြားတစ်ခုမှာ ရွှေနားရွက်ကျေးရွာဥယျာဉ်တွင်ရှိကြောင်း သိရသည်။

သို့သော် မှေးမှိန်ပျောက်ကွယ်လုလု ဆည်းဆာရောင်ခြည် ဖြာလက်နေသည့် ရှုခင်းကိုစိုက်ကြည့်ရင်း အရေးပါသည့် ခြားနားမှုများကို မြင်တွေ့လာသည်။

တောင်ကြားကို အကြမ်းဖျင်းအားဖြင့် အရှေ့မှအနောက်သို့ မော်တော်ကားလမ်းတစ်ခုက ထပ်ပိုင်းထားပြီး အနောက်ဘက် ဥယျာဉ်ဆီသို့ ဦးတည်နေသည်။

သို့သော် အနောက်မြောက်ပိုင်းတွင် သစ်ပင်များ ရှင်းလင်းနေသည့် နယ်မြေတစ်ခု တွေ့ရသည်။ ထိုနေရာ၌ မြက်ခင်းမှာ ဧကရာနှင့်ချီ၍ ကျယ်ပြန့်နေမည်ဟုထင်သည်။

ဆောလ် မှန်ပြောင်းနှင့်ကြည့်ရာ မြင်းစောင်းများ၊ ရေကူးကန်တစ်ကန်၊ အပြေးကျင့်သည့်လမ်း၊ ဂေါက်ကွင်း တစ်ကွင်းတို့ကို မြင်ရလေသည်။ ထိုအရာအားလုံး၏ အလယ်ဗဟိုတွင်ကား တစ်ခါက မိမိနှင့်ခရစ္စတို့အား အဲလိယော့ ခေါ်သွားသည့် ယဲလိုးစတုန်း ဥယျာဉ်မှ နေရာတစ်ခုနှင့်တူသည့် ရောမ တည်းခိုခန်းကြီးတစ်ခု တည်ရှိနေသည်။

ယင်းကား . . . အပန်းဖြေစခန်း။

ခိုလှုံစရာ နေရာ။

မရိုဏ်း ယောက်ချောက်တည်း။

www.burmeseclassic.com

www.burmeseclassic.com

# ( ၅ )

ညရောက်သောအခါ မိုးရွာချလာသည်။

ဆောလ်မှာ မိုးတဲ့ နိုင်လွန်ရွက်ကြီး တစ်ထည် ပါသည်။ ထိုနိုင်လွန်ရွက်ကို ကျောက်လုံးကြီးနှစ်ခုကြားတွင် ယာယီအမိုး လေးလုပ်လိုက်သည်။ ထူထဲသော သိုးမွေးအထည်များ ဝတ်ဆင်လျက် အနီး၌ မွေ့ရာအိတ်ကြီးကို ချထားကာ မြေပဲနှင့် အမဲသားတို့ကို အရသာမခံဘဲ ကုပ်ကုပ်လေးထိုင်စားနေသည်။

သူ့မျက်လုံးက အမှောင်ကို စူးစိုက် ကြည့်နေ၏။ မိုးက သည်းလွန်းသဖြင့် နိုင်လွန်အမိုးရှေ့ခြမ်းမှ မိုးရေတွေ စီးကျလာသည်။ သူ့ပါးတွေ စိုစွတ်လာ၏။

သူ့နည်းနည်း ချမ်းလာသည်။

ခရစ္စီအကြောင်း တွေးနေသဖြင့် သူအိပ်မပျော်။

မိုးလင်းသောအခါ မိုးတိတ်သွားသော်လည်း မြူမိုးတွေ ဝေနေသည်။ အိပ်ရာမှထပြီး ကျောက်တုံးတွေ ကြားထဲ၌ အပေါ့သွားသည်။ အနီးရှိစမ်းချောင်းရေဖြင့် ကိုယ်လက်သန့်စင်၊ မုတ်ဆိတ်ရိတ်ပြီး ခေါင်းလျှော်ပစ်လိုက်သည်။

တောင်ပေါ်၌ တစ်ကိုယ်ရေသန့်ရှင်းမှု အထူးလိုအပ်ပေသည်။ ဖျားနာလို့မဖြစ်။ နောက်ပြီး ညစ်တီးညစ်ပတ်နေလျှင် စိတ်မှာ ညစ်ညူးထိုင်းမှိုင်းလာနိုင်သည်။ ထိုအခါ အတွေးမမှန်ဘဲ အဲလီယော့ အလိုကျဖြစ်သွားမည်။ အဲလီယော့က မိမိ အမှားလုပ်ဖို့ ချောင်းနေတာ မဟုတ်လား။

မနေ့က သွေးတွေကို ဆေးကြောပြီးပြီမို့ ခန္ဓာကိုယ်အရေပြား သန့်စင်ကာ အားအင်ပြည့်ဖြိုးလာသည်။ အအေးဓာတ်ကြောင့် ကြက်သီးမွေးညှင်းလေးများ ထသွားသည်။

ကလေးတားချေလိုစိတ်က ဝိုပြင်းထန်လာသည်။ အမှုက်ဒေါသတွေ တဖြောင်းဖြောင်း ထွက်လာသည်။

သူအ[illegible] ဖြစ်နေပါပြီ။





အဝတ်အစားများမှာ ခဏမျှသာ စိုထိုင်းနေခဲ့သည်။ ခန္ဓာကိုယ်၏ အပူရှိန်က အစိုဓာတ်ကို အငွေ့ပျံသွားစေသည်။ ပစ္စည်းများ ပြန်သိမ်းပြီး ကျောပိုးအိတ်ကိုလွယ်ကာ တောင်ပေါ်မှ ဆင်းသွားသည်။

ရသေ့ ကျောင်းစခန်းနှင့် အတော်ဝေးသေးသဖြင့် အစောင့်များနှင့် တိုးမှာ မစိုးရိမ်လှပါ။

ဤနေရာ၌ မြေကြမ်းသည်။ တောစ်ကြားသို့ဝင်ရန် တောင်ကြားလမ်း အတော်များများရှိသဖြင့် ထိုလမ်းပေါက်အားလုံးကို စောင့်ကြည့်ဖို့ လူအင်အားအများကြီးလိုမည်။

အရေးကြီးတာက လမ်းပေါ်မှာ လက်ဖြောင့် သေနတ်သမားနှင့် ကင်းထောက်များကို လွတ်အောင် ရှောင်နိုင်ဖို့ ဖြစ်သည်။

တောင်ကြားဒေသ၏ အနောက်မြောက်ဘက်ရှိ အပန်းဖြေစခန်းတည်ရာနှင့် နီးလာလေ အစောင့်များနှင့် ပက်ပင်းတိုးဖို့ နီးစပ်လာလေဖြစ်သည်။

သူမြန်မြန် ရောက်ချင်သော်လည်း သတိထား၍ ဖြည်းဖြည်းဆင်းသည်။ မတော်တဆ ခြေသပွတ်တိုင် လည်သွားလျှင် ခက်မည်။

မွန်းတည့်ချိန်၌ နေပူရှိန်က ပြင်းလာသည်။

တောင်တာမ်းပါးကြီးက အတော်ရှည်လျား ကျယ်ပြန့်လာသဖြင့် ကျောပိုးအိတ်ကို ကြိုးနှင့်ချည်၍ အရင်အောက်ချပေးပြီးမှ ဆင်းသည်။

မွန်းလွဲသုံးနာရီခန့်တွင် သူချိုင့်ဝှမ်းကြီးထဲရောက်သွားသည်။ ထိုအခါ သူတွက်ဆရပြန်သည်။

အကယ်၍ လက်ဖြောင့်သေနတ်သမားများသည် လမ်းကို စောင့်ကြည့်နေခဲ့လျှင် သေနတ်နှင့် လွတ်လွတ်ကင်းကင်း ပစ်နိုင်မည့် ပစ်ကွင်းကို လိုချင်ပေလိမ့်မည်။ သို့ဆိုလျှင် ၎င်းတို့သည် ကားလမ်းပေါ်မှ မောင်းသွားသည့် မော်တော်ကားတစ်စီးအား ရိုပ်ခနဲမြင်ခွင့်ရမည့် သစ်ပင်များကြား၌ ပုန်းနေလို့မဖြစ်။ မိုင် အတော်ဝေးဝေးအထိ မြင်နိုင်မည့် သစ်ပင်များအပေါ်ဘက်မှ တောင်ကုန်းတစ်ခုပေါ်တွင် နေရာယူကြဖွယ် ရှိပေသည်။

ဆောလ်သည် ကျောက်လုံးကြီးတစ်ခုကို အကာအကွယ်ယူကာ အောက်ပိုင်းတောင်ကြားများဆီ ဘယ်ပြန်ညာပြန်ကြည့်၍ စစ်ဆေးလိုက်သည်။

တစ်နာရီခန့်အကြာတွင် ကားလမ်း၏ အစွန်းနှစ်ဘက်ကို မိုင်ဝက်ခြား၍ နေရာယူကာ စောင့်ကြည့်နေသော အစောင့်နှစ်ဦးအား သူ ရှာတွေ့သွားသည်။ ၎င်းတို့သည် တောင်ကမ်းပါးပေါ်ရှိ မြက်တောထဲတွင် ကိုယ်ရောင်ဖျောက်၍ လွယ်သော အစိမ်းနှင့်အညို ရောင်စုံဝတ်စုံများဝတ်၍ ဝမ်းလျား



www.burmeseclassic.com

www.burmeseclassic.com



မှောက်ကာ အဝေးကြည့်မှန်ပြောင်းတပ် ရိုင်ဖယ်များ ကိုင်ထားကြသည်။

၎င်းတို့နှစ်ယောက်စလုံး ဖြည်းညှင်း ညင်သာစွာ လှုပ်ရှားတတ်သူများ ဖြစ်သည်။ တစ်ယောက်က ရေဘူးကို ယူလိုက်ပြီး အခြားတစ်ယောက်က ဝေါ်ကီတော်ကီစက်ကို လှမ်းယူလိုက်သဖြင့်သာ ၎င်းတို့အား ဆောလ် သတိထားမိလိုက်ခြင်း ဖြစ်သည်။

လမ်း၏ ဟိုမှာဘက်တွင်ကား ၎င်းတို့ နှစ်ဦးနှင့် အကွာအဝေး အညီအမျှဖြစ်သော ခြံစည်းရိုး ဂိတ်ဝတစ်ခုရှိသည်။ ရသေ့ကျောင်း အပန်းဖြေစခန်း၏ဝင်ပေါက်ဖြစ်မည်။

လုပ်ထုံးလုပ်နည်းက အရေးကြီး၏။ အပန်းဖြေ စခန်း၏ ပြင်ပတွင် လူသတ်ခြင်းသည် တရားမျှတမှုရှိ၏။ လက်ဖြောင့်သေနတ်သမားများသည် အဲ့ဘလတ် စည်းကမ်းချက်ကို ချိုးဖောက်ရာ ရောက်သဖြင့် မည်သူကမျှ ၎င်းတို့အားဒဏ်ခတ်မည်မဟုတ်။

ဂိတ်ဝရှေ့ တည့်တည့်တွင် သတ်ဖြတ်မည် ဆိုလျှင်ကော. . .။ ခိုလှုံဖို့ ပြေးလာသူတစ်ဦးအား ဂိတ်ဝရှေ့၌ ပစ်သတ်လိုက်လျှင် ဘယ်လိုလုပ်မလဲ။ အထဲကိုမဝင်သမျှ အပန်းဖြေစခန်းသည် ဘာမျှ အားမကိုးလောက်ပေ။ ဤစခန်းပရိဝုဏ်ပတ်လည်တွင် ကြားခံနယ်တစ်ခုခုတော့ ရှိလိမ့်မည်။

ကာကွယ်မှုရှိသည်၊ မရှိသည်ဟူ၍ အတတ်မပြောနိုင်။

လက်မနှိုင့် လူသတ်သမားသည် အပန်းဖြေစခန်း၏ ရှေ့တွင်အရဲစွန့်ပြီး သတ်ဖြတ်မည်တော့မထင်။ စစ်ဆေး မေးမြန်းခြင်းခံရလိမ့်မည်။ ၎င်းအား အပြစ်မှခွင့်မလွှတ်မီ စုံစမ်းစစ်ဆေးရေးတော့ လုပ်ကြဦးမည်။

ဒီဟာဖြစ်စရာကောင်းသည့်အဖြစ်က ဆောလ်အတွက် အကျိုးရှိနိုင်သည်။ ခြံရှေ့ရောက်ဖို့ လူမြင်ကွင်းထဲ ငါထွက်ရလိမ့်မယ်။ ကားလမ်းပေါ် တစ်မိုင်လောက်လျှောက်မိတာနဲ့ ငါ့ကို သူတို့တွေ့သွားမှာပဲ။

ဂိတ်ဝရှေ့ တည့်တည့်ရောက်သွားလျှင်ကော . . .။ သူတို့ စည်းကမ်းတွေ ပြန်စဉ်းစားချင့်ချိန်ရင်း လက်တွန့်နေကြဦးမလား။

ငါသာ သူတို့နေရာမှာဆိုလျှင် ပစ်ထည့်လိုက်မှာပဲ။

ဒါပေမယ့် ငါကငါ၊ သူတို့ကသူတို့ပဲဟု ဆောလ်တွေးနေသည်။

ကျောက်လုံးကြီးနောက်မှ သူ အသာပြန်ဆုတ်ပြီး ချုံဖုတ်များကြားသို့ဝင်ကာ အောက်ဘက်သို့ ဆင်းသည်။ ဆောလ်သည် မြေပုံကို အားထားနေရ၏။ ပြွတ်သိပ်နေသည့် သစ်ပင်များကြားမှနေ၍ သေနတ်သမားများရှိသည့် ချောက်ကမ်းပါးများကို လှမ်းမမြင်နိုင်။





မြေပုံနှင့်လမ်းညွှန်အိမ်မြှောင်မပါခဲ့လျှင် သူတို့ပစ်ကွင်းထဲ မိမိ ဘာမသိဘာမသိ ဝင်သွားနိုင်၏။ သို့သော် ယခု မြေပုံပေါ်၌ ၎င်းတို့၏ တည်နေရာများကို မှတ်သားပြီး ကွန်တိုမျဉ်းများကို လေ့လာကာ ဂိတ်ဝသို့သွားရန် ကြမ်းတမ်းသည့် မြေပြင်မှ ဖြတ်ရမည့် အလယ်လမ်းကြောင်းတစ်ခုကို ရွေးချယ်လိုက်သည်။

ခရီးက သိပ်မတွင်လှပါ။ ဂိတ်ဝကို စောင့်ကြည့်နေသည့် နောက်ထပ် လက်ဖြောင့်သမားတစ်ဦး ရှိလိုရှိငြား မိမိရှေ့တည့်တည့် မလှမ်းမကမ်းမှ ချုံတောများကိုလည်း စစ်ဆေးနေရသည်။

သူ ရပ်လိုက်သည်။

ထူထပ်သည့် ချုံပင်များနှင့် သစ်ပင်များကာခြားထားသည့် ကားလမ်းမှ ကိုက်ငါးဆယ်အကွာရှိ သဘာဝမြောင်းတစ်ခုထဲ သူရောက်နေကြောင်း မြေပုံအရ သိရသည်။ ဒီတော့ သူလုပ်စရာတစ်ခုပဲရှိသည်။

ယင်းကား ဘာမျှ မလုပ်ရန်သာဖြစ်၏။

နေက ချစ်ချစ်တောက်ပူနေဆဲ။ မိမိအား ပစ်မှတ်အဖြစ် သဲသဲကွဲကွဲ မြင်စေနိုင်သည်။ နေဝင်ရီသရောအချိန်ကျမှ လှုပ်ရှားရမည်။ မိမိအတွက် အလင်းရောင်လုံလောက်သော်လည်း အဝေးမှ သေနတ်သမားများအနေနှင့် မိမိအား ပြတ်ပြတ်သားသားမမြင် နိုင်တော့။

ကျောပိုးအိတ်ကြီးကိုဖြုတ်၍ မြေကြီးပေါ် အသာချကာ ပခုံးနှစ်ဖက်ကို နှိပ်နယ်ပေးလိုက်သည်။ ဗိုက်ထဲက အောင့်လာသည်။ ယခုထိတော့ စိတ်ကို ရှည်ရှည်ထားနိုင်ဆဲ။ မိမိ ရည်မှန်းချက် ပန်းတိုင်က ဝေးသေးသည်။

လုပ်စရာတွေ အများကြီးရှိသည်။

အပန်းဖြေစခန်းမှာ ကိုက်ငါးဆယ်အကွာ၌ရှိပြီး အဲလိယော့အား မိမိလက်ဖြင့် အသာလေးဖမ်းဆုပ်လို့ပင် ရခါနီးနေပြီမို့ သူ့ စိတ်တွေ တင်းမာလာသည်။ အကြောအခြင်တွေ တောင့်တင်းလာသည်။ ဓစောင့်ဆိုင်းခြင်းသည် ဝေဒနာတစ်မျိုး ဖြစ်၏။

နီးကြားမှုရှိနေစေရန် ဆေးပတ်ဝန်းကျင်ကို လျှောက်ကြည့်နေသည်။

သစ်ကိုင်းပေါ်မှ ရှဉ့်လေးတစ်ကောင် ပြေးသွားသည်။ သစ်တောက်ငှက်တစ်ကောင်က သစ်ပင်တစ်ပင်ကို နှုတ်သီးနှင့် ထိုးနေသည်။ သစ်တောက်ငှက်ဆီမှ တတောက်တောက်မြည်သံ ရပ်သွား၏။

ရှဉ့်လေးက အမြီးထောင်၍ ခွီးခနဲအော်ကာ ငြိမ်နေလိုက်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၆ )

ဆောလ်တစ်ကိုယ်လုံး ကြက်သီးထသွား၏။

ဂစ္စတိုကိုဆွဲထုတ်ပြီး ကိုယ်ကိုဝပ်လျက်ဘေးဘီလှည့်ကြည့်ရင်း အသံတိတ် ကိရိယာကို ကမန်းကတန်း တပ်လိုက်သည်။ သစ်တောက်ငှက်တစ်ကောင်တည်း ရုတ်တရက် အသံတိတ်သွားတာ ဘာမှမဆန်းပါ။ သို့သော် ရှဥ့်ကလေး၏ အပြုအမူကပါ ပြောင်းလဲသွားသဖြင့် မသင်္ကာစရာ ကောင်းလာသည်။

မိမိအနားကို တစ်စုံတစ်ယောက် ရောက်လာခဲ့လေသလား . . .။

သူ့ အနေအထားက အန္တရာယ်များလွန်းနေသည်။ မိမိခုခံ ကာကွယ်ရမည့် ဟင်းလင်းပြင်မှာ ၃၆၀ ဒီဂရီ ရှိနေသည်။ အန္တရာယ်က ဘယ်အရပ်က ထွက်ပေါ်လာမလဲ မသိ။

အန္တရာယ်ရှိခဲ့သည်ဆိုလျှင်ပေါ့လေ။

သည်လိုပဲ တွက်ထားရမည်။

စဉ်းစားစမ်း။

လက်ဖြောင့် သေနတ်သမားတစ်ဦး ရှိနေသည်ဆိုလျှင် ၎င်းသည် မိမိနောက်ဘက်၌နေရာယူလိမ့်မည်။ သို့မဟုတ်ပါက မိမိသည် ၎င်းရှေ့မှဖြတ်ကျော်လာခဲ့ပြီး ဖြစ်မည်။ ယခုလောက်ဆို ၎င်းကလှုပ်ရှားပေတော့မည်။

သို့ဆိုလျှင် ၎င်းသည် မိမိရှေ့မှာလား၊ နံဘေးမှာလား။

ဆောလ်သည် မိမိ ဖက်တီးဥက်ကို အားကိုး၍ ကားလမ်းနံဘေးတစ်လျှောက်ရှိ ရေမြောင်း၏အပေါ်ဘက်ရှိ သစ်ပင်များကို မော့ကြည့်လိုက်သည်။

သူက ငါလာတဲ့အသံကိုကြားလို့ စောင့်နေတာဖြစ်မယ်။ ငါရပ်လိုက်တော့ သူ နားကြားလွဲသလားလို့ ပြန်စဉ်းစားနေလိမ့်မယ်။

သူဟာ သစ်တောထဲမှာအတွေ့အကြုံ သိပ်မရှိလို့ သူကြားတဲ့ အသံကို တိရစ္ဆာန်တစ်ကောင်ရဲ့အသံလို့ ထင်ချင်လည်းထင်မယ်။





ဒါပေမယ့် သူ့ပေါ့ပေါ့တန်တန်လုပ်လို့မဖြစ်ဘူး။ လက်တွေ့စစ်ဆေးဖို့ လိုမယ်။

ဒါမှမဟုတ်၊ မှားတဲ့လူက ငါများလား။ ရှဥ့်ကလေးဟာ ငါ့ကြောင့် လန့်သွားတာလည်းဖြစ်နိုင်တယ်။ ဆောလ် ခေါင်းခါလိုက်၏။

မဟုတ်ဘူး။ ရှဥ့်ကလေးက ငါ့ကိုမြင်တော့ ဆက်ပြီး ပြေးသွားတာပဲ။ တစ်စုံတစ်ခုကြောင့် သူပြေးရာက ရပ်သွားခဲ့တာ။

ဆောလ်မျက်လုံးပေါ် ချွေးစက်တွေ စီးကျလာသည်။ 'သူ' ဘယ်မှာလဲ။

ဆောလ်ဘယ်ဘက်တွင် အစိမ်းရောင်အကွက်တစ်ကွက် ဖြည်းညင်းစွာ ရွေ့သွားသည်။ ကျောပိုးအိတ်ကြီးကို သူ့နံဘေး၌ ထောင်ထားသည်။ ဆောလ်က အာရုံလမ်းလွဲသည့် သဘောဖြင့် အိတ်ကြီးကို ဘယ်ဘက်သို့ တွန်းလှဲချလိုက်သည်။ မိမိ ဒိုက်ဗင်ထိုးလိုက်ဟု ရန်သူကထင်မည်။

သို့သော် သူက ညာဘက်သို့လှည့်ပြီး အစိမ်းရောင် အကွက်ကလေးကို သေနတ်နှင့်ချိန်လျက် ချုံဖုတ်နောက်မှ ကပ်သွားသွားသည်။

အစိမ်းနှင့် အညိုကွက်ကျားဝတ်စုံနှင့်လူသည် ကျောပိုးအိတ်ကြီး လဲကျရာသို့ ရိုင်ဖယ်နှင့် လိုက်ချိန်နေဆဲ။

ဆောလ်က အသံတိတ်ကိရိယာ တပ်ထားသည့် ပစ္စတိုဖြင့် ထိုလူ၏ မျက်နှာ၊ လည်မျိုတို့ကို သုံးချက် ဆက်တိုက်ပစ်ထည့်လိုက်သည်။ သို့သော် သူ နည်းနည်းလေးနောက်ကျသွားသည်။ ရန်သူက ကျည်ဆန်မှန်ပြီး ဘေးသို့ လိမ့်ထွက်မသွားမီ ရိုင်ဖယ်ခလုတ်ကို ဆွဲလိုက်သည်။

၎င်း၏ ရိုင်ဖယ်သံက သစ်တောအတွင်း၌ ပဲ့တင်ထပ်သွားပြီး ကျောပိုးအိတ်ကြီးကို ကျည်ဆန်တစ်တောင့်က ဝင်ဆောင့်လိုက်သည်။

ဆောလ်သည် သူ့ပစ္စည်းတွေကို ပြန်ယူမနေတော့။ ထိုလူ သေမသေလည်း ငုံ့မကြည့်အား။

သူ့မှာ အချိန်မရှိ။

မြောင်းနှုတ်ခမ်းပေါ် တိုန်းတက်ပြီး ချုံတောထဲသို့ပြေးဝင်သွားသည်။

မိမိရှေ့မှာ ရန်သူ ရှိမရှိ မစစ်ဆေးနိုင်။ ရိုင်ဖယ် ပစ်သံတစ်ချက်သည် ၎င်းတို့အားလုံးအား တပ်လှန့် လိုက်သလို ဖြစ်သွားပြီ။

၎င်းတို့သည် သစ်တောဘက်သို့ သေနတ်များ ပြောင်းဦးလှည့်၍ ဝိုင်းကြည့်နေကြတော့မည်။

၎င်းတို့၏ တွဲဖက်ဖြစ်သူအား ဝေါ်ကီတော်ကီဖြင့် လှမ်းခေါ်၍ မရသောအခါ . . .။



www.burmeseclassic.com

www.burmeseclassic.com



ငါ ဒီရောက်နေပြီဆိုတာ သူတို့ သိသွားလိမ့်မယ်။ သူတို့က ရေဒီယို စက်နဲ့ စစ်ကူတောင်းလိမ့်မယ်။ ကဲ. . .အခုလုပ်ရင်လုပ်၊ မလုပ်ရင်တော့ သွားပြီ

သူ့မျက်နှာ သစ်တိုင်းများနှင့် ရိုက်မိသည်။ သစ်ငုတ်တိုတစ်ခု အေးမှ ဖြတ်ပြေးသွား၏။ သစ်ပင်များကြားမှ မြှုန်းခနဲ တိုးထွက်လိုက်ရာ ကားလမ်းမ ကို မျက်နှာမှလျက်သား ဖြစ်သွားသည်။

ခြံစည်းရိုးက အတော်မြင့်သည်။ သံဆူးကြိုးများဖြင့် ဖွဲ့စည်းထား ခြင်း ဖြစ်၏။

ကောင်းကွာ။

ဆောလ် အချိန်မလျှော့ဘဲ ဂိတ်ဝသို့ ပြေးသွားသည်။ ဂိတ်ဝက နည်းနည်းနိမ့်လို့ တော်သေးသည်။

သူ့နောက်နား ကတ္တရာလမ်းပေါ်မှ ဖောက်ခနဲ မြည်သံကြားလိုက် ရသည်။ ကမ်းပါးဆီမှ သေနတ်ပစ်သံတစ်ချက်။ သူမြွေလိမ်မြွေကောက်ပြေး သွားသည်။

သူ့ရှေ့ ကတ္တရာလမ်းပေါ် ကျည်တစ်တောင့် စိုက်ဝင်သွားပြန်သည်။ ခြံစည်းရိုးကို သူ ပြေးကုပ်လိုက်ရာ သူ့လက်တွေ ပေါက်ပြဲပြီး အဝတ်အစားများပါ စုတ်ပြဲသွားသည်။ သူ လှမ်းဆွဲထားသည့် သံဆူးကြိုးကို တတိယ ကျည်ဆန်က ဖြတ်တောက်ပစ်လိုက်သည်။ ကြိုးနှင့် သူ့မျက်နှာရိုက်မိပြီး ပါးမှသွေးတွေ ထွက်လာသည်။

ခြံစည်းရိုးပေါ်သို့ သူ ခုန်တက်လိုက်ပြီး တစ်ဘက်သို့ ခုန်ချလိုက် သည်။ မြေကြီးပေါ် အကျတွင် ဒူးကွေး၍ ကိုယ်ကိုလှိမ့်ချလိုက်သည်။

သူ ဆက်လှိမ့်လို့မရအောင် တစ်စုံတစ်ခုက ဟန့်တားလိုက်သည်။

တွတ်ဖိနပ်နှင့် အပြာရောင်ဂျင်းန်ဘောင်းဘီတို့ကိုဝတ်လျက် သူ့ရင်ဘတ် ကို မဂ္ဂနမ်ခြောက်လုံးပြူးနှင့် ချိန်ထားသော လူတစ်ယောက်ကိုတွေ့ရ၏။

ငှင်းနံဘေးသို့ မုဆိုးများဝတ်လေ့ရှိသော အညိုရောင် ကျားကွက် ရှပ် အကျႌနှင့်လူတစ်ယောက် ရောက်လာကာ တောင်ကုန်းများဆီသို့ ရိုင်ဖယ်နှင့် လှမ်းချိန်နေသည်။

အပစ်အခတ် ချက်ချင်းရပ်သွား၏။

အပန်းဖြေစခန်းထဲသို့ မိမိရောက်သွားပြီ မဟုတ်လား။ မိမိအား သူတို့ ပစ်မသတ်ဝံ့တော့ပါ။

"ခင်ဗျားဒီလိုဝင်လာတာ ခိုင်လုံတဲ့ အကြောင်းပြချက်တော့ ရှိရမယ်"

ဆောလ်က မော်ဆာသေနတ်ကိုလွှတ်ချပြီး လက်မြှောက်လိုက်သည်။





"ကျုပ်မှာ လက်နက်ဆိုလို့ ဒီဟာပဲပါတယ်၊ မယုံရင် ရှာကြည့်၊ ကျုပ် ဒီသေနတ် အသုံးမလိုတော့ပါဘူး၊ ဒီကိုလာတဲ့ အကြောင်းကတော့ အဲဒါလတ်နဲ့ ပတ်သက်တယ်ဗျာ"

ဆောလ် လက်ဝါးတွေ ဖြူလာသော်လည်း သူက ရယ်ကျဲကျဲနှင့် ပြော လိုက်သည်။

ရသေ့ကျောင်း အပန်းဖြေစခန်းမှာ ခိုလှုံခွင့်ရရှိရေးအတွက် ဤမျှ ပြောနိုင်လျှင် လုံလောက်ပေတည်း။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၇ )

သူတို့က သူ့ကို သစ်ပင်အုပ်ကြားသို့ အတင်းဝင်နိုင်းပြီး ကိုယ်တုံးလုံးချွတ်၍ ရှာကြသည်။

"ကျုပ်မှာ မော်ဆာတစ်လက်ပဲပါတယ်လို့ ပြောသားပဲ"

သူတို့က သူ့အဝတ်အစားများကို စမ်းသပ် စစ်ဆေးကြပြန်သည်။

"ခင်ဗျား ရှပ်အင်္ကျီထဲမှာ တိပ်နဲ့ ကပ်ထားတဲ့ အထုပ်က ဘာလဲ"

အစောင့်တစ်ယောက်ကမေးလိုက်စဉ် အခြားတစ်ယောက်က ဆောလ်၏ အဖြေကို မစောင့်ဘဲ ပလက်စတစ် အထုပ်ကလေးကို ဖောက်ကြည့်လိုက်သည်။

"စာရွက်တွေပဲ"

ဟု မှဲ့ရွဲ့ပြောကာ အထုပ်ကို ဆောလ်အဝတ်အစားများပေါ် သို့ ပစ်ချလိုက်သည်။

"ကဲ . . . အဝတ်တွေပြန်ဝတ်"

"ခင်ဗျားကို ဘယ်သူက သေနတ်နဲ့ပစ်တာလဲ"

အခြားအစောင့်က မေးသည်။

"အစောင့်တွေလို့ထင်တာပဲ"

"ပေါက်ကရ . . .၊ ကျုပ်တို့က ဧည့်သည်တွေကို ပစ်လေ့မရှိပါဘူး။ ကျုပ်တို့အလုပ်က ကာကွယ်စောင့်ရှောက်ဖို့"

"လောလောဆယ် ကျုပ်က ခင်ဗျားတို့ဧည့်သည်မှ မဖြစ်သေးဘဲ၊ ရန်ပြုဖို့လာတယ်မှတ်ပြီး ကျုပ်ကို ခင်ဗျားတို့ လူတစ်ချို့က ဝိုင်းပစ်ကြတာ . . . သား မသိဘူး"

"ဟုတ်ပဲ့၊ ခင်ဗျားတစ်ယောက်နဲ့ ဒီစခန်းကို ဘယ်လိုတိုက်လို့ရမလဲ၊ ယုတ္တိရှိရှိပြောစမ်းပါ ကိုယ့်လူရာ၊ ကဲ ခင်ဗျားကိုပစ်တာ ဘယ်သူလဲ"

"ကျုပ်ကို မုန်းတဲ့လူ မရှိဘူးဆိုရင် ကျုပ် ဒီကို လာစရာ လိုဦးမလား"





ဆောလ်တံသို့ ချဉ်းကပ်လာသော မော်တော်ကားစက်သံ တစ်ခုကို ကြားရသည်။

"အေးလေ တော်ကြာမှ ကျုပ်တို့ စုံစမ်းကြည့်မှာပေါ့"

သစ်ပင်များကြားမှ ထွက်လာကာ လူသွားလမ်းကွေ့ ကလေးပေါ်၌ ကွေ့ဝင်လာကြသော ဗင်ကားနှစ်စီးကို ဆောလ်မြင်ရသည်။ အရှိန်ခပ်ပြင်းပြင်းနှင့် မောင်းလာရာမှ ဘရိတ်အုပ်၍ ပြိုင်တူ ရပ်လိုက်ကြသည်။ ကားမရပ်မီပင် ကားပေါ်မှ လူတွေ ခုန်ဆင်းလာသည်။

၎င်းတို့လည်း ဤအစောင့်နှစ်ဦးကဲ့သို့ပင် တောပစ်လျှင်ဝတ်လေ့ရှိသည့် အဝတ်အစားများကို ဝတ်ဆင်ထားပြီး တချို့က ရိုင်ဖယ်၊ တချို့က ခြောက်လုံးပြူးများ ကိုင်လျက် ဝေါကီတော်ကီစက်များ ပခုံးပေါ် လွယ်ထားကြသည်။ ၎င်းတို့အားလုံး အေးစက်သောမျက်လုံး လေးဒေါင့်စပ်စပ် မျက်နှာနှင့် ဂင်တိုတိုလူများ ဖြစ်ကြသည်။

"သေနတ်တွေက ဟောဟိုဘက်ကပစ်တာ"

ပထမအစောင့်က ကားလမ်း၏တစ်ဖက်ခြမ်းရှိ ချောက်ကမ်းပါးများဆီသို့ လက်ညှိုးထိုးပြလိုက်သည်။ ဒုတိယအစောင့်က ဂိတ်တံခါးကို ဖွင့်ပေးလိုက်ရာ ကားနှင့်လိုက်သောလူများ ရှေ့သို့ ချီတက်သွားကြသည်။

"ခင်ဗျားတို့ ငါးမိနစ်လောက် နောက်ကျသွားတယ်"

ပထမလူက ပြောသည်။

"ကားလမ်းတွေ ပိတ်ထားလို့"

ဘဲမြီးဆံပင်နှင့်လူက ဂိတ်ပေါက်မှထွက်ရင်းပြောသွားသည်။ ပခုံးပေါ် လွယ်ထားသော သူ့ဝေါကီတော်ကီစက်က လှုပ်ခါနေ၏။

"တစ်ယောက်က ကားလမ်းရဲ့ဟိုဘက်မှာ၊ သစ်ပင်တွေကြားက ကိုက်ငါးဆယ်လောက် အကွာမှာရှိမယ်"

ဆောလ်က လမ်းညွှန်လိုက်သည်။

"ခုလောက်ဆို အဲဒီနေ့ လစ်ရောပေါ့"

ကိုယ်လုံးတုတ်တုတ်နှင့်လူတစ်ယောက်က ပြောသည်။

"သူ သေနေပြီဗျ"

ဆောလ်က ပြောလိုက်ရာ သူတို့လှည့်၍ ထွက်ပြေးသွားရင်း သူ့ကို စုကြည့်ကြည့်သွားကြသည်။

စက္ကန့်နှစ်ဆယ်အတွင်း သူတို့အားလုံး မြင်ကွင်းထဲမှပျောက်သွားသည်။

ကျားကွက် အင်္ကျီနှင့်လူက ဂိတ်ကို သော့ပြန်ခတ်လိုက်သည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



အပေါ်က ဆောလ်တို့ ရှုရှုရဲရဲကြည့်ပြီး

"ခင်ဗျား ကျုပ်နဲ့လိုက်ခဲ့"

ဆောလ်က ခြံစည်းရိုးကို လက်ညှိုးထိုးပြကာ

"ဒီမှာ ဘယ်သူစောင့်မလဲ"

ဗင်ကားနှစ်စီးမှ ယာဉ်မောင်းနှစ်ယောက်သည် ပစ္စတိုများဆွဲထုတ်ရင်း ချဉ်းကပ်လာကြသည်။

"ကောင်းတာပေါ့"

ဆောလ်က ပြောလိုက်၏။

အပန်းဖြေစခန်းမှ လုံခြုံရေးသည် ပထမတန်းအဆင့်ရှိလျှင် ယခုမိမိအား ရှာတွေ့ခဲ့သည့် အစောင့်နှစ်ယောက်အား သက်တော်စောင့်အဖြစ် ငှားထားသင့်သည်ဟု ဆောလ်တွေးမိလေသည်။ သူတို့သည် မိမိအကြောင်းဘာမှမသိသေး။

သို့တစေ သူများတွေထက်တော့ သူတို့က နည်းနည်း ပိုသိထား၏။

သူတို့က သူ့ကို လူသွားလမ်းကလေးမှ ခေါ်သွားကြသည်။

ဂျစ်ကား သို့မဟုတ် ဗင်ကား တစ်စီးစီးဖြစ်မည်ဟု သူထင်သော်လည်း ကားကိုယ်ထည်ကို မြှင့်ထားပြီး သာမန်ထက် ပိုကြီးမားသည့် ဘီးများတပ်ထားသော ပွန်တီးယက် ကားတစ်စီးဖြစ်သည်။ သစ်တောထဲမောင်းဝင်မလား၊ ရွှံ့ဗွက်တွေပေါ် ဖြတ်မောင်းမလား၊ ကြိုက်သလိုမောင်းနိုင်မည့် ကားမျိုးဖြစ်၏။

ဆောလ်က သဘောကျစွာဖြင့် ခေါင်း တစ်ချက် ညိတ်ပြီး နောက်ခန်းသို့ တက်လိုက်သည်။

ရှေ့ခန်းနှင့်နောက်ခန်းကို သံဆန်ကာဖြင့် အခိုင်အခံ့ကာခြားထားသည်။

ယာဉ်မောင်းက ဘရိတ်တံအနီးရှိ မောင်းတံတစ်ခုကိုဆွဲ၍ နောက်ခန်းတံခါးများကို သော့ခတ် ပိတ်လိုက်သည်။

သစ်ပင်များကြားမှ ပွန်တီးယက်ကားကြီး ထွက်လာစဉ် ဒုတိယအစောင့်က ထိုင်ခုံပေါ် သေနတ်ချကာ ဆောလ်အား သံဆန်ကာနောက်မှ စေ့စေ့ကြည့်နေသည်။

"ကျုပ် နာဇီအကျဉ်းစခန်းထဲ မှားဝင်ခဲ့ပြီထင်တယ်"

"ခင်ဗျား အနားယူချင်တာ ယူရမှာပေါ့ ဒါပေမယ့် ပထမဆုံး ခင်ဗျားမှာ အရည်အချင်း ပြည့်မပြည့် အစစ်ခံရဦးမယ်"

"ဘယ်လိုစစ်မှာလဲ၊ သွေးဖောက်ကြည့်မှာလား"

"စိတ်ချအေးအေးထားစမ်းပါ၊ ခင်ဗျားကို တရားဝင် မှတ်ပုံတင်ပြီးရင် ကျုပ်က အရက်တစ်ခွက်လောက် ဝယ်တိုက်ချင်တိုက်ဦးမှာ"





"ဒီမှာ အရက် အလကားမရဘူးလား"

"ဒီစခန်းကို လူမှုဝန်ထမ်းဌာနက ဖွင့်ထားတာ မဟုတ်ဘူး"

"သုခဘုံလဲ မဟုတ်တာတော့ သေချာတယ်"

"ခင်ဗျား အဲဒါတော့ မှားသွားပြီ ရဲဘော်"

ပွန်တီးယက်ကားသည် လမ်းကလေးအတိုင်း တရွေ့ရွေ့ပြေးနေသည်။ ဆောလ်က ထိုင်ခုံကို ဆုပ်ကိုင်ထားကာ ပြတင်းပေါက်သို့ ငေးကြည့်နေသည်။

သစ်ပင်များတွင် တပ်ဆင်ထားသည့် သတ္တုဘူးကလေးများကို တွေ့ရသဖြင့် -

"လျှပ်စစ်မျက်လုံးတွေလား"

ဟု မေးလိုက်သည်။

"အသံဖမ်းကိရိယာတွေလဲ ရှိတယ်"

"ဟော့ကောင်၊ မင်းပါးစပ်ပိတ်ထား၊ မင်းကိုယ်မင်း ကမ္ဘာလှည့်ခရီးသည် လမ်းညွှန်များမှတ်နေလား"

ယာဉ်မောင်းသူက သူ့အဖော်ကို ငေါက်လိုက်သည်။ ဒုတိယ အစောင့်က ဆောလ်အား မျက်မှောင်ကုတ်၍ စိုက်ကြည့်နေလိုက်သည်။

သစ်တောထဲမှ ထွက်လာကြပြီ။

မြဝင်းကြီးကို မြင်လိုက်ရသည်နှင့် ဆောလ်သဘောပေါက်သွားသည်။ မြက်ခင်းပြင်က အဆုံးအစမရှိအောင် ကျယ်ပြန့်ကြီးမားလှသည်။ ဘယ်ဘက်ရှိ ကတ္တရာလမ်းက ရေကန်တစ်ကန်ဆီသို့ ဦးတည်နေသည်။ ညာဘက်တွင် ပန်းခြံလေးများ၊ ခုံတန်းလျားများနှင့် ရေပန်းများရှိသည့် အဖြူရောင် ကျောက်ခင်းလမ်းကလေးပေါ်၌ လမ်းလျှောက်နေကြသော ဧည့်သည်များကို တွေ့ရသည်။

ဤကား အပန်းဖြေတောစခန်းတစ်ခု။

ပန်းဥယျာဉ်တစ်ခုနှင့်မခြား ဖြစ်လေသည်။

ကားလမ်းက တည်းခိုခန်းကြီးသို့ တန်းနေသည်။ နောက်ဘက်ရှိ စောင်ထွတ်များကိုမြင်သောအခါ ယဲလိုးစတုံးဥယျာဉ်ကို ပြန်သတိရလာသည်။

ရဟတ်ယာဉ်တစ်စင်း ပျံတက်သွား၏။

ဆောလ် အာရုံမလွင့်အောင် သတိထားနေရသည်။

ဤစခန်းကြီးကိုသာ အာရုံစိုက်ထားရင်း မိမိကြိုတင် ပြင်ဆင်ထားရမည်။ ဘာအတွက် ပြင်ဆင်ရမှာလဲ။

သူဘာသာ သူမသိ။

ပွန်းတီးယက်ကား ဘရိတ်အုပ်ရပ်လိုက်သည်။ ယာဉ်မောင်းက



www.burmeseclassic.com

www.burmeseclassic.com



ဆောလ်အတွက်တံခါးလော့ဖွင့်ပေးပြီး ထားပေါ်မှ ဆင်းသည်။ [illegible]
ဆောလ်တို့လည်း ဆင်းလိုက်ကြသည်။

သူတို့နှစ်ဦးက ဆောလ်အား ဝဲယာခြံရံလျက် တည်းခိုခန်း အဆောက်အအုံကြီး၏ အလျားတစ်လျှောက်ရှိသည့် ခွေးကတက်ပေါ် သို့ အုတ်လှေကားမှ တက်သွားကြသည်။

ခွေးကတက်ကို အနံ့မွှေးသည့် သစ်တစ်မျိုးဖြင့် ပြုလုပ်ထားခြင်း ဖြစ်ကြောင်း ဆောလ်သတိထားမိသည်။ တိုက်ကြီး၏ ဘေးတစ်ဘက်ဘက်ခြမ်းတွင် တင်းနစ်ကွင်း၏အစပ်ကို ရိပ်ခနဲ မြင်ရပြီး တင်းနစ်ရိုက်သံများကို ကြားရသည်။

ဆောလ် မမြင်ရသော တင်းနစ်သမားတစ်ဦး၏ ရယ်သံကိုလည်း ကြားလိုက်ရ၏။

နေဝင်ပြီဖို့ သူတို့ပွဲသိမ်းရတော့မည်။

ထိုအခိုက် တင်းနစ်ကွင်းပတ်လည်မှ ဆလိုက် မီးမောင်းကြီးများကို ဆောလ် သတိထားမိသွားသည်။

အစောင့်တွေရော . . . ။

မြတ်ရိတ်နေသော မာလီတစ်ယောက်၊ တင်းနစ်ကွင်းထဲသို့ မျက်နှာသုတ်ပဝါများကိုင်လျက်ပြေးဝင်လာသည့် အဖြူရောင်ကုတ်အင်္ကျီနှင့် လူတစ်ယောက်၊ ပြီးတော့ ပြတင်းပေါက်တစ်ခု၌ မှန်ချပ်တပ်နေသည့် ပြင်ဆင်ရေး အလုပ်သမားတစ်ဦး တို့ကိုတွေ့ရသည်။

၎င်းတို့သည် မိမိတို့အလုပ်ထက် ဆောလ်ကိုပို၍ စိတ်ဝင်စားသလို ရှိနေသည်။

ကောင်းပြီလေ။

အစောင့်နှစ်ယောက်က တံခါးမကြီးနှစ်ချပ်ကို တွန်းဖွင့်၍ သူ့ကိုဟတွင်းသို့ ခေါ်သွားကြသည်။

ဘယ်ဘက်တွင် ဆေးလိပ်နှင့် မဂ္ဂဇင်းများ ရောင်းသည့် ကောင်တာတစ်ခုနှင့် ညာဘက်တွင် အားကစား ပစ္စည်းဆိုင် တစ်ဆိုင်ရှိသည်။ အထည်ဆိုင်၊ ဓာတ်ပြားဆိုင်၊ ဆေးဆိုင်တို့ ရှေ့မှဖြတ်ပြီး ဖန်မီးပန်းဆိုင်းကြီးများ ဆွဲထားသည့် မျက်နှာကြက် မြင့်သော ဧည့်ခန်းကြီးထဲသို့ ရောက်လာသည်။

ကြမ်းပြင်မှာ သစ်မာသားခင်းပြီး တဖိတ်ဖိတ် ပြောင်လက်နေသည်။ ကောင်တာတစ်ခုနှင့် ၎င်းနောက်ရှိ သော့တွဲများထားသည့် အပေါက်ကလေးများကြောင့် ဟိုတယ်တစ်ခုနှင့်တူသည်ဟု ထင်ရသည်။

စားပွဲနောက်မှစာရေးက ခပ်သွက်သွက် ပြောလိုက်သည်။



"သူ စောင့်နေတယ်၊ ဝင်သွား ဝင်သွား"

၎င်းက 'သီးသန့်'ဟူသောစာရေးထားသော အခန်းတံခါးသို့ ဆတ်ခနဲ လက်ညှိုးထိုးပြလိုက်သည်။

အစောင့်နှစ်ယောက်က ဆောလ်အား ရှေ့မှသွားနှင့်စေသည်။ တံခါးဖွင့်ဝင်ပြီး စင်္ကြံလမ်းကျဉ်းကျဉ်းထဲမှ ဖြတ်၍ အမှတ်အသားမရှိသော ဒုတိယတံခါးဆီသို့ လျှောက်သွားကြရသည်။ ကျားကွက်အင်္ကျီနှင့်အစောင့်က တံခါးခေါက်မည်အပြု တီခနဲအသံမြည်ကာ လျှပ်စစ်ခလုတ်နှိပ်၍ အထဲမှ တံခါးဖွင့်ပေးလိုက်သည်။

ဆောလ်က နောက်လှည့်ကြည့်ရာ ပထမ တံခါးဘောင်ပေါ်၌ အနီးကပ်ရုပ်သံကင်မရာတစ်လုံး တပ်ဆင်ထားကြောင်း တွေ့ရသည်။

သူက ပခုံးတစ်ချက်တွန့်ပြီး အထဲဝင်သွားသည်။

အတွင်းရှိရုံးခန်းမှာ သူထင်ထားသည်ထက် ပိုကျယ်ဝန်းသည်။ သားနားလှပစွာ မွမ်းမံ ပြင်ဆင်ထားသည်။

သားရေ ခရိုမီယံ၊ ဖန်တို့ဖြင့် ဖွဲ့စည်းထား၏။ မျက်နှာချင်းဆိုင်နံရံမှာ မျက်နှာကြက်မှကြမ်းပြင်အထိ မှန်ချပ်အပြည့်တပ်ထားသည့် ဧရာမပြတင်းပေါက်ကြီးဖြစ်သည်။ ရေကူးနေသော လူများရှိနေသည့် ရေကူးကန်တစ်ကန်နှင့် ကဖီးဆိုင် တစ်ဆိုင်တို့ကို မြင်နေရသည်။

ဆောလ်၏ရှေ့တည့်တည့် အကောင်းစားကြမ်းခင်းကော်ဇောချပ်ကြီး၏ နောက်ရှိစားပွဲတွင် လူတစ်ယောက်ထိုင်လျက် စာလုံးတွေ ပြွတ်သိပ်နေသည့် လက်နှိပ်စက်စာမျက်နှာ၏ နံဘေးတွင် တစ်စုံတစ်ခုရေးခြစ်နေသည်ကို တွေ့ရသည်။

"ကြွပါ . . . ကြွပါ"

လူကြီးက စာကုန်းရေးနေရာမှ တစ်ချက်မော့မကြည့်ဘဲ ပြောသည်။ ဆောလ်က ရှေ့တိုးသွားသည်။ အစောင့်များက သူ့နောက်မှကပ်လိုက်သွားသည်။

"နေပါစေ၊ သူ့ကိုထားခဲ့ပြီး မင်းတို့အပြင်ကစောင့်နေကြ၊ မင်းတို့ကို ငါအသုံးလိုချင်လိုလိမ့်မယ်"

လူကြီးက မော့ကြည့်ပြီး အစောင့်များအား ပြောသည်။

၎င်းတို့ အခန်းထဲမှပြန်ထွက်ကာ တံခါးပိတ်လိုက်ကြသည်။

ဆောလ်က လူကြီးကိုအကဲခတ်နေသည်။ ၎င်းအသက်က လေးဆယ်ကျော်ကျော် ရှိမည်။ မျက်နှာက စိုင်းစက်၍ ပြည့်နေသည်။ ဆံပင်ကို နားရွက်များဖုံးစေသည့် ပုံစံမျိုး ညှပ်ထားသည်။

သူ့ရင်ဘတ်ကြီးက မှိုမောက် ဖောင်းအစ်နေသလို သူ့ မင်္ဂလာဝတ်

www.burmeseclassic.com

www.burmeseclassic.com



ရပ်သောအခါ သူ့ဝမ်းဗိုက်ကြီးက စူထွက်နေကြောင်းတွေ့ရသည်။ အနီရောင် ဘလေဇာကုတ်နှင့်အပြာနုရောင် ဘောင်းဘီရှည်တို့ကို ဝတ်ထားသည်။

စားပွဲနောက်မှထွက်လာသောအခါ ၎င်းသည် အဖြူရောင်ဖိနပ်များ စီးထားကြောင်း ဆောလ်သတိထားမိသည်။ လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်း ပေးသောအခါ ခလုတ်များစွာပါသော ဒစ်ဂျစ်တယ်လက်ပတ်နာရီကိုတွေ့ ရသည်။ ၎င်း၏မျက်လုံးများက အလွန် ဖျတ်လတ်နိုးကြားမှုရှိပေသည်။

၎င်းသည် အဲရောင်းဈေးသည်တစ်ဦးတော့ မဟုတ်။ အမန်းဖြေစခန်း ၏ ညွှန်မှူးဖြစ်ပြီး ဧည့်သည်များမကြောက်စေရန် ဤသို့ တောက်ပြောင်စွာ ဝတ်စားဆင်ယင်ထားခြင်းမျှသာ ဖြစ်မည်ဟု ဆောလ် ယူဆသည်။

"လူတစ်ယောက်လာမယ်လို့ ကျုပ်တို့ မထင်ထားဘူး"

ဆောလ်နှင့် လက်ဆွဲနှုတ်ဆက်ပြီး ၎င်း၏ လက်ဖဝါးတွင် ပေသွား သည့် သွေးများကို မြင်သောအခါ လူကြီးမျက်နှာမှ အပြုံးပြယ်သွား၏။

"ကျွန်တော် ဒီဝင်းထဲဝင်ရတာ နည်းနည်း ဒုက္ခတွေ့တယ်"

ဆောလ်က ပခုံးတွန့်၍ ပြောလိုက်သည်။

"ခင်ဗျား ဒဏ်ရာရလာတယ်လို့ ကျုပ်ကို ဘယ်သူမှ မပြောထားဘူး။ ခင်ဗျားပါးမှာလဲ ဒဏ်ရာနဲ့ပါလား၊ ဆရာဝန်ကြည့်ခိုင်းဦးမှပဲ၊ ဒီလိုမဖြစ်သင့်ဘူး ဗျာ၊ ကျုပ် စိတ်မကောင်းပါဘူး၊ တကယ်ပါ"

ညွှန်မှူးဖြစ်သည့်လူကြီးက စိုးရိမ်တကြီး ပြောလိုက်သည်။

"ခင်ဗျားအပြစ်မဟုတ်ပါဘူး"

"ဒီမှာဖြစ်သမျှ ကျုပ်မှာ တာဝန်ရှိတယ်၊ မသိဘူးလား၊ ခင်ဗျား အတွက် ကျုပ် တာဝန်ယူထားရပြီ၊ ကဲကဲ . . . ထိုင်ပြီး အမောဖြေစမ်းပါဦး၊ ခင်ဗျားဘာသောက်ဦးမလဲ"

"ကျွန်တော် အရက်မသောက်ဘူး"

"ဒါဖြင့် ပယ်ရီယေး သဘာဝရေ သောက်မလား"

ဆောလ်က ခေါင်းညိတ်သည်။

လူကြီးသည် လိုရာဆုတောင်း အားလုံးပြည့်သွားသည့်နှယ် မျက်နှာ ကြီး ဝင်းသွားသည်။

တံခါးဗှက်ဖြစ်သည့် စာအုပ်စင်တစ်ခုကို ဖွင့်လိုက်ပြီး ရေခဲသေတ္တာထဲ မှ ပယ်ရီယေး ရေပုလင်းအဖုံးကိုဖွင့်၍ ရေခဲထည့်ထားသည့် ဖန်ခွက်အပြည့် ငှဲ့ထည့်လိုက်သည်။

ထိုနောက် ဆောလ်အား ဖန်ခွက်နှင့် လက်သုတ်ပဝါတစ်ထည် ကမ်း





ပေးသည်။

ပယ်ရီယေးကို သောက်ရင်း မိမိ ရေအတော်ငတ်နေမှန်း ဆောလ် သတိထားဖြစ်သည်။

လူကြီးက သဘောကျသွား၏။

၎င်းက လက်ဝါး နှစ်ဖက်ပွတ်ရင်း သူ့စားပွဲ၌ သွားပြန်ထိုင်သည်။

"ဘာစားဦးမလဲ"

"အခု မစားသေးဘူး"

"စားချင်တဲ့ အချိန်ပြော အဆင်သင့်ပဲ၊ ခင်ဗျား ဒီအထဲကို တောင် တွေပေါ်ကဖြတ်ပြီး ဆင်းလာခဲ့တာထင်တယ်"

လူကြီးသည် ခါးလျှောချ၍ထိုင်ကာ မှက်ခုံးကို လက်နှင့်ကုတ်ရင်း ပြောလိုက်သည်။

သူစလုပ်ပြီ။ အတော် သိမ်မွေ့တာပဲ။ ဒါပေမယ့် သူလုပ်နေတာက စစ်ဆေးမေးမြန်းနည်း တစ်မျိုးပါပဲဟု ဆောလ်တွေးလိုက်သည်။

"ကျွန်တော်က သစ်တောတွေထဲ သွားရတာ ကြိုက်တယ်"

"ခင်ဗျားလိုပဲ သစ်တောထဲဝင်ချင်တဲ့လူလဲ ရှိသေးတယ်၊ သေနတ်ပစ် မှု ဖြစ်ခဲ့တယ်နော်"

"မှဆိုးတွေပါ"

"အင်း ၊ သူတို့ ဘာကောင်ကို လိုက်ပစ်နေကြတာပါလိမ့်"

ဆောလ်က အလိမ်ပေါ်သွားသော ကလေးငယ်တစ်ယောက်လို ပခုံးတွန့်ပြသည်။

"ခင်ဗျားကို သူတို့ဘာလို့ လိုက်ရှာနေကြတာလဲ"

"မပြောပါရစေနဲ့"

"ဘာလဲ၊ ခင်ဗျားကို ကျုပ်တို့ လက်မခံမှာ စိုးလို့လား၊ မဆိုင်ပါဘူး၊ ခင်ဗျား အပြင်မှာ ဘာပဲလုပ်ခဲ့လုပ်ခဲ့ ကျုပ်တို့ကတော့ ခင်ဗျားကို အကာကွယ် ပေးဖို့ တာဝန်ရှိပါတယ်"

"ကျွန်တော် လျှို့ဝှက်ချက်တွေကို သိမ်းထားချင်လို့ပါ"

"ကျုပ် နားလည်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့ဘက်ကကြည့်ဦး၊ ခင်ဗျားကို သတ်ဖို့ ကြံစည်နေတဲ့လူကို ကျုပ်တို့ သိထားရင် ကျုပ်တို့အနေနဲ့ ခင်ဗျားကိုပိုပြီး လုံခြုံအောင် ကာကွယ်စောင့်ရှောက်ပေးနိုင်တာပေါ့"

"သတင်းပြန့်သွားရင် ဒီမှာ ကျွန်တော့်ကို သိပ်လက်ခံချင်ကြတော့မှာ မဟုတ်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တခြားညှော်သည်တွေကို ပြောတာလား"

ဆောလ်က ခေါင်းညိတ်ပြသည်။

"ခင်ဗျားပြောတာ ကျုပ် လက်ခံတယ်၊ ဒါပေမယ့် ကျုပ်ဟာ ခရစ်ယာန် ဘုန်းကြီးတစ်ပါးလိုပါပဲ၊ ကျုပ်ကြားသမျှ ခင်ဗျားကို ဘယ်တော့မှ ပြန်မပြောဘူး"

"အခု ချောင်းနားထောင်နေတဲ့ဟာ ရှိရင်ကော"

"အို ဒီစခန်းမှာ လျှို့ဝှက်မိုက်ခွက်တွေ လုံးဝမရှိဘူး"

ဆောလ်က လူကြီးကို စိုက်ကြည့်နေ၏။

"ဒီစခန်းမှာ ဌာနတစ်ခုနဲ့တစ်ခု ဆက်သွယ်ရေး လုပ်မထားဘူး၊ တကယ်လို့ ကျုပ် ဗုက္ခတွေ့ရင်တော့ ပဟာဒီခလုတ်ကို နှိပ်လိုက်ရုံပဲ၊ ဒါပေမယ့် အခု ခလုတ်ပိတ်ထားပါတယ်"

လူကြီးက စားပွဲအံဆွဲထဲမှ ခလုတ်ကိုဖွင့်ပြသည်။

"ကျွန်တော် မှားသွားပြီ ထင်ပါရဲ့"

ဆောလ်က ကုလားထိုင်မှ ထလိုက်သည်။

လူကြီးက ခေါင်းခါလေးကိုနှင့်

"မဟုတ်ပါဘူး၊ ကျုပ် ခင်ဗျားကို အတင်းအဓမ္မ မလုပ်ချင်ပါဘူး၊ ကျုပ်က ခင်ဗျားကို သက်သက် ကူညီချင်တာ"

ဆောလ် သဘောပေါက်သွား၏။

အကယ်၍ ဧည့်သည်တစ်ယောက်သည် အပန်းဖြေစခန်း၏ ကာကွယ် စောင့်ရှောက်မှုကို ငြင်းဆန်ခဲ့ပါက ၎င်းစခန်းမှ ညွှန်မှူးသည် ထိုသို့ ငြင်းပယ် ခံရခြင်းနှင့် ပတ်သက်၍ အထက်လူကြီးများထံ ရှင်းလင်းပြရန် တာဝန်ရှိပေသည်။

ဆောလ် ပြန်ထိုင်ပြီး ပယ်ရီယေးကို ဆက်သောက်သည်။

"ကျုပ်တို့ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းတွေ ရှိနေတယ်ဗျာ"

လူကြီးကပြောသည်။

"ဟုတ်တာပေါ့"

"ကျုပ်ကိုယ်ကျုပ် မိတ်ဆက်ပေးဖို့မေ့နေတယ်၊ ကျုပ်နာမည် ဒွန်လို့ ခေါ်ပါတယ်"

ခင်ဗျားကြီးသိပ်တော်တယ်။ ကဲ အခု ကျုပ်အလှည့်ရောက်ပြီမှာ ဆောလ်က စိတ်ထဲက ခနဲ့တဲ့တဲ့ ပြောလိုက်မိသည်။

"ကျွန်တော်က ဆောလ်ပါ"

"အစောင့်တွေကို ခင်ဗျား စကားဝှက်ပြောခဲ့သလား"





"ပြောခဲ့တာပေါ့ဗျာ"

"အဲဒါ ဘာလဲ"

"အဲဘာလတ် ပေါ့"

သတိထားဦး၊ သာမန် လူတစ်ယောက်တောင် အဲဒါကို လွယ်လွယ် လေးနဲ့ သိနိုင်တယ်ဗျ၊ ၁၉၃၈ ခုနှစ် ကတည်းက ဒီစကားဝှက်ကိုပဲ သုံးခဲ့တယ်၊ သတင်းဆိုတာ နေရာအနှံ့ပျံ့နှံ့တတ်တာ၊ ဒီမှာ ဧည့်ဂျင့်တွေကိုပဲ အကာ အကွယ်ပေးတယ်ဆိုတာ သိတယ်နော"

"ကျွန်တော်ကလဲ အကာအကွယ်လိုချင်လို့ ဒီကိုလာခဲ့တာပေါ့"

ဆောလ်က ရှပ်ကာကျီအောက်တွင် တိပ်နှင့် ကပ်ထားသော ပလတ် စတစ်အထုပ်ကို ဆွဲခွာပြီး စာရွက်စာတမ်းအများအပြားကြားမှ ပတ်စ်ပို့ကို ဒွန် အား လှမ်းပေးလိုက်သည်။

"ဒါ ကျွန်တော့်နာမည်အမှန်ပဲ၊ ခင်ဗျား စစ်ဆေးဦးမယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ခင်ဗျားရဲ့ နာမည်ဝှက်ကရော"

ဒွန်က ပတ်စ်ပို့ကို စားပွဲပေါ် ဖြန့်ခနဲ ပစ်ချကာ

"ခင်ဗျားကိုယ်ခင်ဗျား ဘာကောင်များ မှတ်နေလဲ"

"ခင်ဗျား ညွှန်မှူးအစစ်မှ တော်ပါသေးရဲ့ဗျာ၊ စောစောက ကျွန်တော် က ခင်ဗျားကို အာမခံစာချုပ်ရောင်းတဲ့လူ အောက်မေ့လို့"

"ဟုတ်တယ်၊ ခင်ဗျား အဲဒီစာချုပ်လိုတယ်၊ ခင်ဗျားဒီကို လှည့်စားပြီး ဝင်လာလို့ရမယ် ထင်တယ်ပေါ့လေ၊ ပြီးတော့ . . ."

"ဘယ်က လှည့်စားရမှာလဲဗျာ၊ ကျွန်တော့်ကို တစ်ယောက်ယောက် က သေနတ်နဲ့ လိုက်ပစ်နေတာပဲ"

"ကြေးစားတွေဖြစ်မယ်"

"ကျွန်တော့် လူတွေမဟုတ်ဘူး၊ ကျွန်တော် ကံကောင်းလို့ မသေတာ၊ အဲဒီလောက် အဝေးကြီးကနေ လက်ဖြောင့်သေနတ်သမားတစ်ယောက်ကို ကျွန်တော်က အရဲစွန့်ငှားပြီး သေနတ်နဲ့ လှမ်းပစ်ခိုင်းပါ့မလား၊ ကျွန်တော့် လက်တွေကိုကြည့်ဦး၊ အပြင်က ခင်ဗျား တပည့်တွေကို သွားမေးကြည့်၊ ကျည် ဆန်တွေ ဘယ်နားအထိရောက်လာသလဲဆိုတာ၊ ကျွန်တော် ဒီစခန်းမှာ ခိုလှုံခွင့် ရှိတယ်၊ အရည်အချင်းပြည့်တယ်၊ စကားဝှက်ကို ပြောပြီးပြီ၊ ကျွန်တော်ဒီမှာ ခိုလှုံမယ်၊ ဒါပဲ"

"ဘာဖြစ်လို့လဲ"

"သမ္မတကြီးက ကျွန်တော့်ကို သတ်မိန့်ထုတ်ထားလို့ ပါရာဒင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံမှုကြီးတုန်းက သူ့ရဲ့အခင်ဆုံးမိတ်ဆွေကို ကျွန်တော် သတ်ပစ်လိုက်လို့"

ဒွန်က သက်ပြင်းရှိုက်ကာ ကတုန်ကယင် ဖြစ်လာသည်။

"ခင်ဗျား' အဖေရော"

"ဗျာ . . . ဘာလဲ"

"ခင်ဗျားရဲ့ မွေးစားအဖေပဲပြောပြော ခင်ဗျားကြိုက်သလိုခေါ်၊ အဲဒီလူ ဒီမှာရောက်နေတာ ခင်ဗျား မသိသေးဘူးထင်တယ်"

"ကျွန်တော့် အဖေ ဒီကို ရောက်နေခဲ့ရင် ဘာထူးမှာလဲ"

"သူ့ကို ခင်ဗျားသတ်ဖို့ကြံနေတယ်လို့ ကျုပ်ကို သူပြောတယ်"

"ဒါဆို သူဟာ ကျွန်တော့်အဖေ မဖြစ်နိုင်ဘူး၊ သူ့ကို ကျွန်တော် သတ်မလို့ဟုတ်လား၊ ရူးနေလား၊ အဲဒီလူ ဘယ်မှာလဲ၊ ကျွန်တော် . . ."

"ထပ်သရီး"

ဒွန်က စားပွဲကို လက်သီးနှင့် ဒုန်းခနဲ ထုလိုက်သည်။

အခန်းတံခါးဝုန်းခနဲပွင့်လာပြီး အစောင့်များဝင်လာသည်။

"မင်းတို့ ထွက်သွားကြစမ်း"

ဒွန်က အော်လိုက်သည်။

"မသိဘူးလေ၊ အထဲမှာ ဘာများဖြစ်လဲလို့"

"တံခါးပြန်ပိတ်သွား"

အစောင့်နှစ်ယောက် ပြန်ထွက်သွား၏။

ပြတင်းပေါက်အပြင်ဘက်၌ မှောင်စပြုပြီ။

ဆလိုက်မီးများ ရုတ်တရက်လင်းလာပြီး ရေကူးကန်မှာ ရောင်ပြန်လင်းလက်နေ၏။

ဒွန်က စားပွဲကိုလက်နှင့်ဖိထားပြီး

"အဲလိယော့က ခင်ဗျားသူ့ကိုသတ်မယ်ဆိုတာနဲ့ပတ်သက်လို့ ကျုပ်ယုံကြည်လောက်အောင် အတော်အေး ပြောပြထားပြီးပြီ"

"ဒါ အမိကမဟုတ်ဘူး"

"ဘယ်ဟာ အမိကကျလဲ"

"ကျွန်တော့်ကို သတ်မိန့်ထုတ်ထားတဲ့ကိစ္စ အဲဒါတရားဝင်ဗျ၊ ကျွန်တော် ဒီကထွက်ရင် သေမှာပဲ၊ ခင်ဗျားသိကွာဘယ်လောက်ကျသွားမလဲဆိုတာစဉ်းစား၊ အရည်အချင်းပြည့်မီတဲ့ ဧည့်သည်တစ်ယောက်ကို အကာအကွယ်ပေးဖို့ ငြင်းဆန်လိုက်တဲ့ အပန်းဖြေစခန်းရဲ့ ညွှန်မှူးဆိုလို့ ခင်ဗျား တစ်ယောက်တည်းဖြစ်နေမယ်၊ ခင်ဗျားကို အဲဒီကိစ္စစစ်ဆေးပြီး ကွပ်မျက်တဲ့သတင်းကြားရရင် ကျွန်တော်





ဝမ်းသာမှာပါ၊ ဒါပေမယ့် ကျွန်တော် လှမ်းမြင်မှာ မရှိနိုင်တော့ဘူး"

"ခင်ဗျားမေ့နေတာရှိတယ်"

"ဘာလဲ"

"ခင်ဗျား မြိုင်ပွဲမှာဆုရလို့ ဒီကိုရောက်လာတာ မဟုတ်ဘူး၊ ဒီမှာ စရိတ်ကြီးတယ်"

"ကျွန်တော်ထင်သားပဲ"

"ဒီဥစ္စာ သီးသန့်သဟာယအသင်းလိုပဲ"

"ဝင်ကြေးပေးရလား"

"ဒေါ်လာ နှစ်သိန်း"

"များလှချည်လား"

"ကျုပ်တို့ဧည့်သည်တွေက တကယ့်အဆင့်အတန်းရှိတဲ့ သီးသန့်ပုဂ္ဂိုလ်တွေလေ၊ သူတို့က ပြဿနာတွေ့ရင်မဆိုင်ချင်လို့ ဒီမှာ ပိုက်ဆံပေးပြီးနေကြတာ"

"ကျွန်တော် အဲဒီနည်းကြိုက်တယ်၊ ကျွန်တော်လဲ အဆင့်အတန်းရှိပါသဗျာ"

ဆောလ်သည် သူ့အထုပ်ကလေးထဲမှ စာရွက်သုံးရွက်ကို ဆွဲထုတ်ပြီး ဒွန့်အား လှမ်းပေးလိုက်သည်။

"ဒါတွေ ဘာတွေလဲ"

"ငွေလက်မှတ်တွေလေ၊ ဒေါ်လာ နှစ်သိန်းမက တန်တယ်၊ ခင်ဗျား ကျွန်တော့်ကိုတောင် ချီးမွမ်းသင့်တယ်"

"ဘယ်လို ရခဲ့လဲ"

"သူများတွေလိုပဲပေါ့"

ဆောလ် ရှင်းပြစရာမလိုပါ။

ခေါင်းပုံဖြတ်ခြင်းဖြင့် မြူလုပ်နိုင်သည်။

စီအိုင်အေ၌ အကန့်အသတ်မရှိ ရန်ပုံငွေများရှိသည်။ လုံခြုံရေးအရ စာရင်းဇယားမှတ်တမ်းများ မထားရှိချေ။ အုပ်ချုပ်ရေးမှူးတစ်ဦးသည် စစ်ဆင်ရေးတစ်ခုအတွက် ကုန်ကျစရိတ်၏ တစ်ဆယ်ရာခိုင်နှုန်းကို ဖုက်ထားခွင့်ရှိသည်။ ဆွစ်ဇာလန်ဘဏ်၌ စာရင်းဖွင့်အပ်နှံခြင်းအားဖြင့် အကောင်းဆုံး အာမခံချက်တစ်ခု ရယူထားနိုင်သည်။

အကယ်၍ အမှားများလုပ်မိလျှင်၊ သို့မဟုတ် နိုင်ငံရေးအန္တရာယ်များလာသည့်အခါ အုပ်ချုပ်ရေးမှူးသည် မိမိအကာအကွယ်ယူရန် ထိုအပ်ငွေများကို အသုံးပြုနိုင်သည်။ အကယ်၍ အသက်အန္တရာယ် ခိုးရိမ်လာ



www.burmeseclassic.com

www.burmeseclassic.com



ရသောအခါ အပန်းဖြေစခန်း၌ သွားခိုလှုံရသာရှိလေသည်။

ဆောလ်သည် ဤလှည့်ကွက်ကို အဲလီရှေ့ထံမှသိရှိခဲ့ပြီး မိမိစစ်ဆေးရေးတစ်ခုလုပ်တိုင်း ကုန်ကျစားရိတ်အချို့အဝက်ကို နှုတ်ယူ၍ စုဆောင်းထားခဲ့သည်။ ဤနေရာတွင်လည်း ဖခင်၏ နည်းဗျူဟာများကိုသုံး၍ ရင်းအား ပြန်တိုက်ခိုက်ခြင်းဖြစ်လေသည်။

"နှစ်သိန်းက ဝင်ကြေးပဲရှိသေးတယ်၊ ခင်ဗျားခုနက ဖြတ်ကျော်လာခဲ့တဲ့ ဈေးဆိုင်တွေ၊ တင်းနစ်ကွင်းတွေ၊ ရေကူးကန်နဲ့ ဂေါက်ကွင်းတွေအတွက် ထပ်ပေးရဦးမယ်ကိုယ့်လူရဲ့"

"အဲဒီနေရာတွေ ကျွန်တော် မသွားပါဘူး"

ရုပ်ရှင်ရုံတွေရှိတယ်၊ ခင်ဗျား စားဖို့သောက်ဖို့ ရှိသေးတယ်၊ ရုပ်မြင်သံကြားရော ခင်ဗျား မကြိုက်ဘူးလား၊ ဒီမှာ ဂြိုဟ်တုဆက်သွယ်ရေး ရုပ်မြင်သံကြားစနစ်ရှိတယ်၊ စပိန်ပြည်က နွားရိုင်းသတ်ပွဲတောင် ကြည့်လို့ရတယ်၊ အလကားတော့မရဘူး။ စာအုပ်ဖတ်မလား၊ ဓာတ်ပြား နားထောင်မလား၊ ကာမဂုဏ်ခံစားမလား၊ လိုတာပြော အကုန်ရစေရမယ်၊ ဒီမှာ မရှိရင်လဲ ရအောင်ရှာပေးတယ်၊ ဒါပေမယ့် ခင်ဗျား အကုန်အကျတော့ များမယ်မိတ်ဆွေ၊ ခင်ဗျား ငွေမရှင်းနိုင်ရင် ကျုပ် ဒီက ကန်ထုတ်ပစ်မယ်မှတ်"

"ကျွန်တော် အစုရှယ်ယာလက်မှတ်တွေ ဝယ်ရကောင်းမလားမသိဘူး"

"အူလည်လည် လာလုပ်မနေနဲ့"

ဆောလ်က စာရွက်လေးနှစ်ရွက် ထပ်ပေးလိုက်ပြန်သည်။

"ကဲ ရော့၊ ဟောဒီမှာ နောက်ထပ် ဒေါ်လာ ငါးသောင်း၊ ဟမ်ဘာဂါတစ်လုံးဟာ အဲဒီလောက် ဈေးမကြီးသင့်ဘူး၊ ဒါဆို ကျွန်တော် ဒီမှာ ခြောက်လလောက် နေလို့ရမယ်လို့ ကြားဖူးတယ်၊ ရုပ်ရှင်လဲကြည့်လို့ရတယ်နော် ဟုတ်လား"

ဗွန် အသားတဆတ်ဆတ်တုန်လာ၏။

"ခင်ဗျား . . . ခင်ဗျား"

"ခင်ဗျား သိပ်စိတ်မတိုနဲ့၊ ကျွန်တော် စံချိန်မီတယ်မဟုတ်လား"

ဗွန် တရှူးရှူး တရှဲရှဲဖြစ်နေသည်။

"ခင်ဗျား တစ်ကွက်မှားလို့ကတော့ နာပြီ"

"ကျွန်တော် သိသားပဲ၊ တစ်ခါတည်းသေမှာ၊ ကျွန်တော့် အဖေကို အဲဒါပြောလိုက်၊ သူလဲ ကျွန်တော့်လို ဖြစ်မှာပဲ"

"ဒါဖြင့် ခင်ဗျားဝန်ခံ"

"ခင်ဗျား ဘာကို ဆိုလိုသလဲ ကျွန်တော်မသိဘူး၊ဒါပေမယ့်ကျွန်တော်



ကတော့ ကျွန်တော့်အဖေနဲ့ ဟန်းတူကာကွယ်စောင့်ရှောက်မှုတွေလိုချင်တယ်"

"ကောင်းကွာ"

ဆောလ်က ပခုံးတွန့်၍

"ခင်ဗျားအတွက်တော့ အဲဒါ ပြဿနာမပေါ့၊ ကျွန်တော် ကိုယ်ချင်းစာပါတယ်"

"ခင်ဗျားကို ကျုပ်တို့ မျက်ခြည်မပြတ် ကြည့်နေလိမ့်မယ်"

"ခင်ဗျားတို့စခန်းဟာ သုခဘုံပဲ ခင်ဗျားတို့ဆီက ဟမ်ဘာဂါဟာ ဒေါ်လာနှစ်သိန်းခွဲ တန်မတန် မြည်းကြည့်ရဦးမယ်"

ဆောလ်က တံခါးဆီထသွားပြီး

"ဪ၊ ကျွန်တော်တစ်ခုသတိရလို့"

"ဘာလဲ"

"ကျွန်တော်က ဂျူးသွေးပါတယ်ဗျ၊ ဘာသာရေး ဖြန့်ကိုင်းရှိုင်းချင်ကိုင်းရှိုင်းဦးမှာ၊ ခင်ဗျားတို့ရောင်းတဲ့ဟမ်ဘာဂါတွေထဲမှာ ဝက်သားတော့ မပါစေနဲ့နော်"

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၈ )

အစောင့်များဘေးမှ ဆောလ် ဖြတ်ကျော်သွားစဉ် ရုံးခန်းထဲမှ ဗွန်က ၎င်းတို့အား ဒေါနှင့်မောနှင့် အော်ခေါ်သံကို ကြားလိုက်ရသည်။ ၎င်းတို့အထဲဝင်သွားမှ ဆောလ် ပြုံးလိုက်မိသည်။

သူ့မျက်လုံးတွေ ပူစပ်နေသည်။ စင်္ကြံလမ်းထဲမှ ထွက်ကာ စားပွဲသို့ ချဉ်းကပ်သွားသည်။

"ကျုပ် ဒီမှာ နေတော့မလို့"

သူ့ အသံက ခံစားချက်ကြောင့် အက်ကွဲနေသည်။

ဆောလ် မှတ်ပုံတင်စာရွက်ကိုဖြည့်လိုက်သည်။ အစောင့်နှစ်ယောက် ပြန်ထွက်လာပြီး အခန်းထောင့်၌ရပ်၍ သူ့ကိုကြည့်နေကြ၏။ တင်းနစ်ဝတ်စုံနှင့် ဧည့်သည်များ သူ့ရှေ့မှ ဖြတ်လျှောက်သွားရင်း သူ့ကိုလှည့်ကြည့်သွားကြသည်။

ဧည့်ခန်းဆောင်နှင့် မျက်နှာချင်းဆိုင်ရှိ စားသောက်ခန်းမမှ ညနေခင်း ဝတ်စုံများနှင့် ဧည့်သည်အချို့ထွက်လာပြီး အရောင်တင်ဆီပြောင်အောင်တိုက်ထားသည့် လှေကားကြီးပေါ်မှ တက်သွားစဉ် သူ့ကို မျက်မှောင်ကုတ်၍ ကြည့်သွားကြသည်။

သူတို့ ဘယ်လိုထင်ကြမလဲဟု ဆောလ် မှန်းကြည့်သည်။ မိမိ ဘယ်သူလဲ၊ ဘယ်ကလာသလဲ။ သူတို့အဝတ်အစားများနှင့် မိမိ ကိုယ်ပေါ်မှ သွေးစက်တွေပေနေသည့် စုတ်တီးစုတ်ဖတ် အဝတ်အစားများမှာ တခြားစီဖြစ်နေသည် မဟုတ်လား။

အပေါင်းအသင်းတို့ရေ ပြဿနာကောင်တစ်ကောင်ရောက်လာပြီလေ။

အမျိုးသမီးအချို့ကိုလည်း တွေ့ရသည်။ ဤလုပ်ငန်းမှ အထက်အရာရှိကြီးများသည် ထုံးတမ်းစဉ်လာအရ မင်းမျိုးမင်းနွယ်ဆန်ဆန် သီးသန့်အမျိုးသားသဟာယအသင်းအဖြစ် မူလက တည်ထောင်ခဲ့ကြခြင်းဖြစ်ပေသည်။





၎င်းတို့အား 'သူလျှိုအဘိုးကြီးများပိုက်ကွန်'ဟု ခေါ်လေ့ရှိသည်။

၎င်းတို့အနက် အများစုမှာ အငြိမ်းစားယူသည့် အရွယ်ရောက်နေကြပြီ။ အချို့ပုဂ္ဂိုလ်ကြီးများအား ဆောလ် မှတ်မိသည်။ ရှားဘုရင် နန်းကျစဉ်က အီရန်၌ ရှိနေခဲ့သည့် စီအိုင်အေဌာနခွဲအကြီးအကဲ၊ အာဖဂန်နိုင်ငံသို့ ကျူးကျော်တိုက်ခိုက်စဉ်က ပြောက်ကျားများ၏ အင်အားကို လျှော့တွက်မိသဖြင့် ဘရက်ဇနက်၏ပြစ်တင်ခြင်းခံခဲ့ရသည့် ဆိုဗီယက်သူလျှိုတစ်ဦး၊ ဖောက်ကလန်ကျွန်းစစ်ပွဲရှုံးရခြင်းအတွက် အပြစ်ပုံချခံခဲ့ရသော အာဂျင်တီးနားစစ်ဘက် ထောက်လှမ်းရေးညွှန်ကြားရေးမှူးတို့ ဖြစ်ကြသည်။

ထူးခြားသည့် အဆင်ပုံစံကွက်တစ်ခုကို ဆောလ် သတိထားမိသည်။ ခြွင်းချက်အနည်းငယ်ရှိသည်မှအပ သူလျှိုအဖွဲ့ တစ်ခုတည်းမှ သူလျှိုအချင်းချင်း အပေါင်းအသင်းမလုပ်ဘဲ ခပ်ကင်းကင်းနေကြခြင်းဖြစ်သည်။

ဆောလ်အား လက်ခံလိုက်ခြင်းကြောင့် စာရေးမှာ အံ့အားသင့်နေပုံရသည်။

"ရော့ ခင်ဗျားအခန်းသော့၊ ခုတင်ဘေးမှာ ဒီစခန်းမှာရရှိနိုင်တဲ့ ဆောင်ရွက်မှုတွေကို ဖော်ပြထားတဲ့ စာရင်းစာရွက်တွေ့ လိမ့်မယ်၊ အောက်ထပ်မှာ ဆေးရုံရှိတယ်"

"ကျုပ် ဒဏ်ရာတွေက ကျုပ်ဘာသာ ဆေးထည့်ပါ့မယ်"

ဆောလ်သည် အထည်ဆိုင်နှင့် ဆေးဆိုင်သို့ လျှောက်သွားသည်။ အစောင့်နှစ်ယောက်က သူ့နောက်မှ ခပ်ခွာခွာလိုက်လာကြသည်။ အပေါ်ထပ် တက်သွားသောအခါ ၎င်းတို့လည်း တက်လိုက်လာကြသည်။ အသံ သိပ်မထွက်နိုင်သော စင်္ကြံလမ်းထဲသို့ ရောက်သွားပြီး တတိယထပ်ရှိ ဆောလ်အခန်းရှေ့၌ ၎င်းတို့အား စောင့်နေကြသည်။

ဆောလ်က အခန်းတံခါး သော့ခတ် ပိတ်လိုက်သည်။ အခန်းကို အတော်သဘောကျသွား၏။ ဧည့်သည်များသည် ပေးရသည့် ငွေနှင့်ထိုက်တန်သော ကာကွယ်မှုကို ရရှိကြလေသည်။

ဆောလ်၏အခန်းမှာ ပုံမှန်အခန်းထက် နှစ်ဆကျယ်ပြီး သားနားသည်။ စာအုပ်စင်ဖြင့် အိပ်ခန်းနှင့်ဧည့်ခန်းကို ခြားပေးထားသည်။ ကက်ဆက်ဒက်နှင့် မာတီစက်၊ စက္ကူရင်ကြီးကြီးနှင့် ရုပ်မြင်သံကြားစက်တစ်လုံး၊ အိမ်သုံးကွန်ပျူတာတစ်လုံး၊ တယ်လီဖုန်းတစ်လုံးကို အသုံးပြု၍ 'ဇာစ်မြစ်' အမည်ရှိ သတင်းပြန်ကြားရေးဌာနမှ သတင်းအချက်အလက်တောင်းခံနိုင်သည့် မိုးဒမ်းကိရိယာတစ်ခုကိုတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နယူးယောက်တိုင်းမ်သတင်းစာမှအစ ခေါင်းကျိုးစ် စတော့ရှယ်ယာ ဈေးကွက်အညွှန်း ကိန်းဂဏန်းများကို မိုးဗမ်းသုံး၍ တောင်းပါက စက္ကူနိုင်ငံ အတွင်း ကွန်ပျူတာဖန်ချပ်ပေါ်၌ ပေါ်ထွက်လာမည်ဖြစ်၏။

ဝေါလ်လမ်းမှ စတော့ရှယ်ယာ ဈေးနှုန်းသတင်းများသည် အတော် အရေးကြီးပေလိမ့်မည်။ ဤစခန်းတွင် ခိုလှုံနေသော ဧည့်သည်အများစုသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို အခါမလပ် စစ်ဆေးကြည့်ရှုနေကြရမယ်ရှိ ပေသည်။ အပန်းဖြေစခန်းမှ စရိတ်စကပေးချေရမည့်အချိန်၌ ၎င်းတို့မှာပေးနိုင် စွမ်းမရှိလျှင် အခက်တွေ့နိုင်၏။

အခန်းမွမ်းမံပြင်ဆင်မှုမှာ အကောင်းစားချည်း ဖြစ်သည်။ ရေမိုးခန်း ကျယ်ကြီးထဲ၌ ရုပ်မြင်သံကြားစက်တစ်လုံး၊ တယ်လီဖုန်းတစ်လုံး၊ ရေဝဲကတော့ ပြုလုပ်ပေးသည့် ကိရိယာ၊ နေရောင်ခြည်အတုလွှတ်သည့် မီးလုံး၊ ရေချိုးကန်နှင့် ရေပန်းစသည်တို့ကိုလည်းတွေ့ရသည်။ ဝရမ်းပြေးတစ်ယောက်အဖို့ လိုလေ သေးမရှိ စီစဉ်ထား၏။

တစ်ခုပဲလိုသည်။

ယဝ်းကား 'လွတ်လပ်မှု'ပေတည်း။

ဆောလ်သည် အဝတ်အစားချွတ်ပြီး ဝဲကတော့ ပြုလုပ်ပေးသည့် ရေကန်ထဲ၌ စိမ်လိုက်သည်။ အကြောများ ပြေလျော့သွား၏။ အကြောနှိပ်နယ်ခံ ရသလိုခံစားရသဖြင့် အဲရစ်ကာအား သတိရလာကာ၊ မီမီ အသက်ရှင်ကျန်ရစ် အောင်ကြိုးပမ်းဖို့ အာသီသ ပိုပြင်းပြလာသည်။

သို့သော် အာရုံပျက်ပြားလို့မဖြစ်။

ခရစ္စကို မမေ့နှင့်။

ဤတာဝန်ကိုသာ အာရုံစိုက်နေရမည်။ ခရစ္စအတွက် ကလဲ့စားချေရ မည်။ အဲလိယော့ . . . ။

ရေဝဲဖြစ်ပေါ်နေသည့် ရေကန်ထဲတွင် စိမ်နေသော်လည်း ငြိမ်မခံနိုင်။ အရသာအားလုံးကို မေ့ထားလိုက်သည်။

ရေကန်ထဲမှ ဒေါသထွက်လျက် ပြန်ထွက်လာသည်။

မေးခိုင်ရောဂါကာကွယ်ဆေးကို ကြိုတင်ထိုးထားသဖြင့် စိုးရိမ်စရာမလို။ သို့တစေ၊ သံဆူးကြိုးကြောင့် ပေါက်ပြဲသွားသော ဒဏ်ရာများကို ပိုး မဝင်အောင် ဆေးထည့်ပေးရမည်။

ဆေးဆိုင်မှ ဝယ်ယူခဲ့သည့် ပါရောက်ဆိုက်ဆေးက အတော်စပ်သည်။ အနာကို ပတ်တီးစည်းပြီးနောက် ဘောင်းဘီနှင့် ခေါင်းစွပ်ဆွယ်တာ လက်ရှည်





အသစ်တို့ကို လဲဝတ်လိုက်သည်။ ယင်း အဝတ်အစားများကို ဆောလ် အရသာ မတွေ့ချေ။

မီးတွေမှိတ်ပြီး ခန်းဆီးများဖွင့်ကာ တင်းနစ်ကွင်းများကို ငုံ့ကြည့်လိုက် သည်။ မီးတွေထွန်းထားသော်လည်း တင်းနစ်ကွင်းကိုအသုံးပြုသူမရှိချေ။ ခပ်ရွရွ လေးပြေးနေသော လူတစ်ဦးသည် ကွင်းအစပ်မှပတ်၍ ပြေးလျက်ရှိသည်။

တောင်တန်းကြီးများကို ကွယ်ထားသည့်အမှောင်ထုနောက်ဘက်ဆီ သို့ ဆောလ် လှမ်းကြည့်လိုက်သည်။

'သူခဘုံ'ဆိုသောဝေါဟာရက သူ့အာရုံထဲ၌ ထပ်တလဲလဲ ပေါ်နေသည်။

သူ့အောင်မြင်သွားပြီ။

ဒီကိုရောက်အောင် လာဖို့က အဓိကမဟုတ်။

အဲလိယော့နဲ့တွေ့ဖို့သာ အဓိကဖြစ်သည်။ ဒွန်အား ခပ်ပြတ်ပြတ် ပြောနိုင်ခဲ့သော်လည်း မီမီဘာမှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်နိုင်သေး။

တဲ အထဲတော့ရောက်ပြီ။ ဘာလုပ်မလဲ။

ဒွန် အလကား ပြောခြင်းမဟုတ်။ အခန်းအပြင်ဘက်မှ အစောင့်များ က မီမီအား စောင့်ကြည့်နေကြမည်။ အဲလိယော့အခန်းထဲ အတင်းဝင်ပြီး သတ်လိုက်လျှင် ပြီးရောလား။ သူ့ဆီမရောက်ခင် မီမီအား ပစ်သတ်လိုက်ကြမှာ သေချာသည်။ အကယ်၍ အဲလိယော့ကို အောင်မြင်စွာသတ်ဖြတ်နိုင်ခဲ့သည်ပဲ ထားဦး၊ မီမီခြံထဲက အရှင်မထွက်နိုင်။

ဒီလိုတော့လည်း မဖြစ်သေး။

မအေပေးကြီးကို သတ်ပြီးနောက် မီမီအသက်ရှင်မှဖြစ်မည်။

www.burmeseclassic.com

## ( ၉ )

"သူ ဘာဖြစ်တယ်၊ ဘာ သူဒီကိုရောက်နေပြီ ဟုတ်လား၊ သူ ဒီတိုက်ထဲမှာလား"

အဲလိယော့က ခုတင်ပေါ်၌ အလန့်တကြားငေါက်ခနဲထထိုင်လိုက်သည်။

"ဒါတင်မကဘူး၊ သူက ဒီမှာ ခိုလှုံခွင့်ပေးပါ တောင်းထားတယ်၊ သူ မှတ်ပုံတင်ပြီး သူအခန်းထဲဝင်သွားပြီ"

ကာစတာက ပြောလိုက်သည်။

"သူက ခိုလှုံခွင့် လျှောက်ခဲ့သလား၊ မဖြစ်နိုင်လိုက်တာ၊ ငါ ဒီကို လာတာ ဆောလ်ကြောင့်ပဲဆိုတာ မန်နေဂျာသိသားနဲ့၊ သူ ဒီကောင့်ကို သတ်ပစ် သင့်တယ်၊ ဘာဖြစ်လို့များ သူက ဆောလ်ကို ဝင်ခွင့်ပေးလိုက်ပါလိမ့်"

အဲလိယော့တအံ့တသြနှင့် မျက်တောင်ပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။

"သူ့ကို သတ်မိန့် ထုတ်ထားလို့တဲ့"

"ဘာ"

"သူ့ကို သမ္မတကြီးက သတ်ပစ်ခိုင်းထားတယ်၊ မန်နေဂျာအနေနဲ့ အန္တရာယ်တွေ့နေတဲ့ ဧည့်သည်တစ်ဦးကို ငြင်းခွင့်မရှိဘူး"

အဲလိယော့ တရှူးရှူး တရှဲရှဲဖြစ်နေသည်။

အမှန်က ဒီအခြေအနေမျိုး ဖြစ်လာစရာအကြောင်းမရှိ။ မြို့ဝင်းအပြင် ဘက်ရှိ လက်ဖြောင့်သေနတ်သမားများသည် တောင်ကြားသို့ ဆောလ် ရောက် လာကတည်းက ပစ်သတ်ခဲ့သင့်ပေသည်။

အကယ်၍ ဆောလ်က ၎င်းတို့အား ရှောင်ရှားနိုင်ခဲ့လျှင် အပန်းဖြေ စခန်း၏ စည်းမျဉ်း စည်းကမ်းများမှာ အကျုံးဝင် လာပေလိမ့်မည်။ ဧည့်သည် တစ်ဦးအား ခြိမ်းခြောက် ရန်ပြုသူမှန်သမျှ ကွပ်မျက်ခံရမည်။ ဤကား ဥပဒေ ဖြစ်၏။

သူ ဒီဝင်းထဲကိုရောက်အောင် ဝင်လာနိုင်မယ်မှန်း သိခဲ့ရင် ငါ ဒီ





နေရာကို မရွေးပါဘူး။

ကံတရား၏ အရွဲ့တိုက်မှုကို အဲလိယော့ အံ့သြလို့မဆုံးပါ။ ယခုဖြစ် ပျက်သမျှအားလုံးကို အစပျိုးခဲ့သည့် ပါရာဒင်ကိစ္စ၏ ရလဒ်ကား ဤနေရာ၌ မိမိကာကွယ်မှု လာယူခြင်း ပေတည်း။ ဆောလ်သည် ပါရာဒင်ကိစ္စ၏ နောက် ပိုင်းအခြေအနေကို အကြောင်းပြကာ မန်နေဂျာအား ဝင်ခွင့်ပြုအောင် သွယ်ဝိုက် ၍ တိုက်တွန်းခဲ့ရလေသည်။

အဲဘလတ်သဘောတူညီချက်ကို ငါက လက်နက်အဖြစ်သုံးဖို့ကြံထား ခဲ့တယ်။ ငါ့ကို သူက ဒီလက်နက်နဲ့ ပြန်တိုက်လိမ့်လို့ ငါ မထင်ထားဘူး။

စကြံထဲမှာ ပိုလပ်ဇ်ရှိတယ်၊ တံခါးဝမှာသူစောင့်နေပါတယ်"

ကာစတာက ပြောသည်။

"ဆောလ်က ထင်ထင်ပေါ်ပေါ်ကြီး လာမှာမဟုတ်ဘူးကွ၊ တို့ လုံးဝ မထင်ထားတဲ့နည်းနဲ့ သူ တိုက်ခိုက်လိမ့်မယ်"

"ဒါကတော့ သူ့အတွက် အခွင့်လုံးဝ မသာမှပါ"

"ငါတော့ မပြောတတ်ဘူး"

"ကျွန်တော် သူ့ကို အရင်သတ်ပစ်လို့ရရင် ပြီးပြီ"

"စည်းကမ်းဖောက်မှုနဲ့ မင်းလဲ အသတ်ခံရမှာပေါ့"

"ထွက်ပြေးဖို့ ကျွန်တော် စီစဉ်ထားတယ်"

"မင်းကို မတွေ့မချင်း သူတို့လိုက်ရှာကြလိမ့်မယ်၊ ဘာထူးမှာလဲ၊ မင်းဟာ ငါရဲ့ အဖော်မှန်း သူတို့သိသားပဲ၊ သူ့ကိုသတ်ဖို့ မင်းကိုငါ အမိန့်ပေး တာလို့ သူတို့ယူဆလိမ့်မယ်၊ ငါ့ကိုအပြစ်တင်မယ်၊ ပြီးတော့ ငါ့ကိုပါ သတ်ပစ် ကြမှာပဲ"

"ဒါဖြင့် ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

အဲလိယော့စိတ်ချောက်ချားစွာဖြင့် ခေါင်းခါပြလိုက်သည်။

ပြဿနာအတွက် အဖြေမရှိနိုင်ဟု အောက်မေ့ရသည်။ အခြေအနေ အရ စည်းကမ်းများအတိုင်းလိုက်နာရမည်ဆိုလျှင် နှစ်ဦးနှစ်ဘက်စလုံး တိုက် ခိုက်လို့မရသော်လည်း မိမိတို့ကိုယ် မိမိတို့ ခုခံကာကွယ်ခွင့်တော့ ရှိသည်။

မိမိထင်သည်ထက် ဆောလ်က ပိုတော်နေသဖြင့် ၎င်းအား ချီးကျူး မိသည်။ ယခုဤအံရပ်၌ မိမိနှင့်ဆောလ်သည် သရေကျနေကြပြီ။ လက်ရုံးရည် နှလုံးရည်ချင်း တူညီနေပြီ။

မိအားတွေက ပိုတိုးလာသည်။

ဘယ်သူအရင်စပြီး လှုပ်ရှားမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့အရင်စပြီး မှားသွားမလဲ။

အဲလိယော့ ကြောက်နေသော်လည်း စိတ်တက်ကြွလာသဖြင့် ကိုယ့်ဘာသာ အံ့ဩသွားမိသည်။

"ဘာမှမလုပ်ဘဲ နေကြတာပေါ့ကွာ"

ဟု ကာစတာ့အား ပြောလိုက်သည်။

ကာစတာ မျက်မှောင်ကုတ်သွား၏။

"တို့ကိုယ်စား တည်ဆဲစနစ်က သူ့ဘာသာ လုပ်ပေးပါလိမ့်မယ်"

ဟု အဲလိယော့က ထပ်ပြောလိုက်သည်။

◆

(၁၀)

ဒွန်က တံခါးကို နှစ်ချက်ခေါက်၊ ခဏရပ်ပြီး နောက်နှစ်ချက် ထပ်ခေါက်လိုက်သည်။ တံခါးပေါ်ရှိ ချောင်းကြည့်ပေါက်မှ သူ့ကို ချောင်းကြည့်ပြီးမှ အစောင့်က တံခါး ဖွင့်ပေးသည်။

ဒွန်သည် စကြိုလမ်း၏ဝဲယာသို့ ဖျတ်ခနဲအကဲခတ်ပြီး လူရှုပ်နေသည့် အခန်းထဲသို့ ဝင်လိုက်သည်။ စကြိုလမ်းမှာ လူရှင်းနေပြီး ၎င်းအား မည်သူကမျှ သတိမထားမိ။ အစောင့် နှစ်ယောက်၊ ဆရာဝန်တစ်ယောက် သူနာပြု ဆရာမ သုံးယောက်၊ အိမ်စေမလေးတစ်ယောက်တို့ကို သူတွေ့ရ သည်။ ၎င်းတို့အား ကျော်ကြည့်သော်လည်း သူလာတွေ့ရသည့် အရာကိုမမြင် ရသေး။

"ရေချိုးခန်းထဲမှာ"

တံခါးဝမှအစောင့်က ပြောလိုက်သည်။

ဒွန်က ခေါင်းညိတ်လိုက်သည်။

ဘုရား၊ ဘုရား၊ နောက်ထပ် သွေးထွက် သံယိုမှု ဖြစ်ပြန်ပြီလား။

ရေချိုးခန်းသို့ သူ လျှောက်သွားစဉ် အစောင့်ကတံခါးပြန် ပိတ်လိုက် သံကို သူကြားလိုက်ရ၏။

သို့သော် အလောင်းက ရေချိုးခန်း ကန်ထဲမှာမဟုတ်။

ရေချိုးဝတ်ရုံကြီးပတ်ပြီး ညဝတ်အင်္ကျီဘောင်းဘီတို့ကိုဝတ်လျက် စိမ်းပြာရောင် ကြွေပြားကြမ်းပြင်ပေါ်၌ ရှပ်ပျက် ဆင်းပျက် ပက်လက်လန်ကျနေသည်။ သွေးခြည်ပ် ဖိနပ်တစ်ဘက်က ကျွတ်နေ၏။ ညဝတ်အင်္ကျီရော၊ ရေချိုးဝတ်ရုံကြီးပါ ရင်ဘတ်ပေါင်းလောင်း ပွင့်နေသည်။

ငါထင်တာ မှားသွားလို့ တော်ပါသေးရဲ့။ သွေးတွေဘာတွေ လုံးဝမရှိဘူးဟု ဒွန်တွေးလိုက်၏။

ဒွန်ရပ်နေသည့်ဘက်နှင့် သေဆုံးသူ၏ ယော်ထိပ်မှာ တူလျှသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းထဲဝင်သွားပြီး ဘေးလှည့်ကြည့်မှ အလောင်းမျက်နှာကို မြင်ရသည်။ သို့တစေ ၎င်းအခန်းကို မည်သူ့အား နေရာချပေးခဲ့ကြောင်း မှတ်တမ်းများလှန်၍ စစ်ဆေးခဲ့ပြီးပြီမို့ တံခါးပေါ်မှ အခန်းနံပါတ်ကို မြင်လိုက်ကတည်းက ဘယ်သူ ဘယ်ဝါမှန်း သူ သိပြီးသား။

အီဂျစ်သမ္မတ ဆဒတ် လုပ်ကြံခံရသည့်နေ့က တာဝန်ကျခဲ့သည့် ဆောက်လုပ်ရေးအရာရှိတစ်ဦး ဖြစ်သည်။ သို့သော် မျက်နှာက အတော့်ကို တွန့်လိမ်ရှုံ့မဲ့နေသဖြင့် အခန်းပိုင်ရှင် မည်သူမှန်း ကြိုတင်သိမထားခဲ့လျှင် ဒွန် အနေနှင့် ၎င်းအားမြင်ရုံနှင့် မှတ်မိနိုင်မည် မဟုတ်ပါ။

အလောင်း၏ ပါးနှစ်ဘက်မှာ အကျည်းတန်စွာ ပြုံးပြနေသကဲ့သို့ တွန့်လိမ်နေသည်။

နဂိုအသားရေက ညိုမှောင်သော်လည်း ပြာနှမ်းနှမ်း ဖြစ်နေပြီ။

"သူ့ အသားရေကြည့်ရတာ ဆိုင်ယာနိုက် အဆိပ်မိလို့များလား"

ဒွန်က ဆရာဝန်အား မေးလိုက်သည်။

ပိန်ပိန်သွယ်သွယ် ဆရာဝန်က ပခုံးတွန့်ပြပြီး

"ဖြစ်နိုင်တယ်၊ ဆိုင်ယာနိုက်အဆိပ်ဟာ ဆဲလ်တွေဆီ အောက်ဆီဂျင် မရောက်အောင် ဟန့်တားနိုင်တယ်၊ ဒါကြောင့်မို့ သူ့အရေပြားက အပြာရောင် ဖြစ်သွားတာ၊ ဒါပေမယ့် ရင်ခွဲ စစ်ဆေးပြီးမှပဲ အသေအချာ သိမယ်"

ဒွန်က အံ့အားသင့်စွာဖြင့် မျက်နှာရှုံ့မဲ့ပြီး

"ဒါပေမယ့် သူ့ မျက်နှာကြည့်ရတာ ဝေဒနာအတော်ခံစားခဲ့ရပုံပဲ၊ နို့ဆိုင်ယာနိုက်အဆိပ်မိတဲ့အခါ . . ."

"သက်သောင့်သက်သာ သေတတ်သတဲ့လား"

"အင်း အိပ်ပျော်သွားသလိုပဲတဲ့"

"ကောင်း ဒီလူ အိမ်မက်ဆိုးမက်ရင်း သေတာဖြစ်မှာပေါ့"

အစောင့်က ဝင်ပြောသည်။

ဒွန်က ဒေါသထောင်းခနဲထွက်ပြီး နောက်လှည့် ကြည့်လိုက်သည်။ အစောင့်သည် သက်သက်ဝင်နှောက်ခြင်း ဟုတ်မဟုတ် မိမိမသိ။

သို့သော် အစောင့်သည် အဆိပ်၏ အကျိုးသက်ရောက်မှုနှင့် ပတ်သက်၍ အမှန်တကယ် စိတ်ဝင်စားမှု ရှိနေပုံရပေသည်။

"အမှန်တော့ သူအတော်လေး ခံစားရလိမ့်မယ်၊ အိမ်သာကမုတ်ဆီ သွားပြီးအန်ဖို့လုပ်တုန်း မှောက်လျက်လဲကျသွားခဲ့တာ၊ ကျုပ်တို့က သူ့ကို ပက်လက်လှန်ထားတာပါ၊ သူသေသွားတာ အတော့်ကို ကြာသွားပြီ၊ သူ့ပါး





ပေါ်က ဖိနှိပ်အားကို ကြည့်ခြင်းအားဖြင့် သူ့ပါးကြီးရွဲ့နေတဲ့ အကြောင်းရင်းကို သိနိုင်တယ်၊ သူဟာ အဆိပ်ကြောင့်မသေတောင်မှ ခေါင်းကွဲပြီး သေတာလဲဖြစ်နိုင်တယ်၊ ဒါမှမဟုတ်လဲ သူ့အန်ဖတ်ဆို့ပြီး သေချင်သေမယ်၊ ဘယ်လိုပဲ သေသေ၊ ခင်ဗျားပြောသလို သက်သောင့်သက်သာသေရတာတော့ မဖြစ်နိုင်ဘူး"

ဆရာဝန်က ရှင်းပြသည်။

"နာရီအတော်ကြာကြာက သေသွားတာလား"

"ဟုတ်တယ် ဆိုပါတော့၊ ကျွန်တော်က လုပ်ရိုးလုပ်စဉ်အရတွေကို အသက်ရှင်အောင် ပြန်လုပ်ပေးပါသေးတယ်၊ နှလုံးကို ရှော့ရိုက်ပေးတယ်၊ သူ့ ရင်ဘတ်မှာ ရှော့ရိုက်ထားတဲ့ အရာ သူတွေ့လား"

"သူ့ ဗိုက်ကိုရော ပိုက်နဲ့ စုပ်ထုတ်သေးလား"

"လုပ်စရာရှိတာအကုန်လုပ်ပါတယ်၊ အကြောင်းသိပ်မထူးဘူး"

ဆရာဝန်က ဧည့်ခန်းထဲရှိလူများဆီ လက်ယမ်းပြပြီး

"သေမှုသေခင်း စစ်ဆေးကြားနာတဲ့အခါ ခင်ဗျားအတွက် မျက်မြင် သက်သေတွေ အများကြီးရှိတယ်၊ ဒီနေရာမှာမေးစရာရှိတဲ့အချက်က သူ့ကို ကျွန်တော် အောက်ထပ်ကဆေးခန်းကို ဘာလို့ အမြန်ဆုံးခေါ် မသွားလဲဆိုတာပဲ၊ ကျွန်တော့်ရဲ့ လုပ်ငန်းကျွမ်းကျင်မှုအရ သူ့ကို တစ်နေရာက တစ် နေရာရွှေ့ပေးရင် အချိန်လင့်သွားမှာ စိုးရလောက်အောင် သူ့အခြေအနေက အတော်ဆိုးရွားနေပြီဆိုတာ မြင်လိုက်ရလို့ပါပဲ၊

". . . နောက်ပြီး ဒီလို အောက်ထပ်မသယ်ဘဲ ထားခြင်းအားဖြင့် ဒီကိစ္စကို လျှို့ဝှက်ထားနိုင်တယ်၊ ဒီအဖြစ်မျိုးဟာ ကျန်တဲ့ ဧည့်သည်တွေအတွက် စိတ်အနှောင့်အယှက် အများကြီး ဖြစ်စေနိုင်ပါတယ်၊ ကျွန်တော် တကယ်ပြောတာပါ၊ ဘာမှမထူးပါဘူး– သူသေနေပြီပဲ"

"သူ့ကို ဘယ်သူ အလျှင်ဆုံး တွေ့လဲ"

"ကျွန်မပါ"

ရှပ်ချောချော ကိုယ်လုံးသွယ်သွယ်နှင့် ယူနီဖောင်းဝတ်ထားသည့် အိမ်စေမလေးက ပြောသည်။

ဒွန်က လက်ပတ်နာရီကို ကြည့်လိုက်ပြီး

"ညဆယ့်တစ်နာရီမှာ တွေ့တာလား၊ ဒီမှာ အခန်းသန့်ရှင်းရေး ဒီအချိန်ကြီးဘယ်တုန်းက လုပ်ဖူးလို့လဲ"

"ကျွန်မတို့မှာ အဲဒီလိုစီစဉ်မထားပါဘူး"

"ကိစ္စမရှိပါဘူး တားမြစ်ချက်မှ ထုတ်မထားတာ၊ ဒါပေမယ့် အမှုစစ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါ သူတို့က အဲဒါမေးလိမ့်မယ်"

အိမ်ရှေ့မလေးသည် အနည်းငယ်စိတ်လှုပ်ရှားစွာဖြင့် အတွေးများကို စုစည်းပြီး . . .

"သူမသေခင် တစ်ရက်နှစ်ရက်လောက်က သူကြည့်ရတာ စိတ်ဓာတ် အတော်ကျနေသလိုပဲရှင့်၊ ဘာမှန်းလဲမသိဘူး၊ သူ့ မီးဖိုဆီကလာတဲ့ ဓာတ်ခေါင်နဲ့ ပတ်သက်တယ်ဆိုလားပဲ၊ မနက်တုန်းက သူ့ အခန်းတံခါးမှာ 'မနှောက်ယှက်ပါနဲ့' ဆိုတဲ့ ဆိုင်းဘုတ်ကလေး ချိတ်ထားတယ်၊ သူအိပ်ရာထ နောက်ကျမယ်လို့ထင်တာနဲ့ ကျွန်မလဲ နေ့လယ်စာစားပြီးမှ တစ်ခေါက်ပြန်လာတယ်၊ ဒါပေမယ့် ဆိုင်းဘုတ်ကို ချိတ်ထားတုန်းပဲ၊

". . . အဲဒီနောက် ကျွန်မလဲ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာနဲ့ သူ့ကို ခဏမေ့နေတယ်၊ နောက်တော့ ကျွန်မသတိရပြီး သူ့ တံခါးကို သွားကြည့်တယ်၊ ဆိုင်းဘုတ်လေး မဖြုတ်သေးဘူး၊ ကျွန်မစိတ်ပူတာနဲ့ တံခါးခေါက်ကြည့်တယ်၊ ဘယ်လောက်ပဲ ခေါက်ခေါက် အခန်းထဲကထူးသံမကြားရဘူး၊ ဒါနဲ့ ကျွန်မမှာ ရှိတဲ့ သော့တူနဲ့ ဖွင့်ဝင်လိုက်တယ်"

"ဒါနဲ့ သူ့အလောင်းကိုတွေ့ပြီး လုံခြုံရေးကို အလျင်ခေါ်သတဲ့တယ်"

"ကျွန်မအထင်မှားရင် ရှက်စရာကြီး"

ဒွန်က သူမစကားကိုသုံးသပ်ပြီး

"မင်းလုပ်တာမှန်တယ်၊ စစ်ဆေးတဲ့လူတွေကို အခု ငါ့ကို မင်းပြောတဲ့အတိုင်းပြောလိုက်၊ မင်း ဘာမှဒုက္ခမရောက်နိုင်ဘူး"

ဒွန်က အခြားလူများဘက်လှည့်ပြီး

"ကဲ ကျွန်မတော်တို့မကျေလည်တဲ့ကိစ္စတွေ ကျန်သေးလား"

မည်သူမျှ ပါးစပ်မဟ။

"ကောင်းပြီ၊ ဒီမှာဓာတ်ခေါင်နေကြ၊ တစ်ခုရှိသေးတယ်၊ အဆိပ်ကို သူက ဘယ်ကရသလဲ"

ဆရာဝန်က စိတ်ကုန်သည့်ဟန်ဖြင့်

"ဒါ ဘာခက်လဲ၊ ဒီလူတွေအားလုံးဟာ ဆေးကုန်သည်တွေ ကျနေတာပဲ၊ ဒီမှာ ကျွန်တော်ပေးတဲ့ ဆေးတွေကတော့ သိပ်အရေးမကြီးဘူး၊ သူတို့အများစုက ကိုယ့်ဆေးနဲ့ကိုယ် လာကြတာ၊ သူတို့ ကိုယ့်ဘာသာသတ်သေဖို့ နည်းပေါင်းတစ်ထောင်လောက်သိနေကြတာပဲ၊ တစ်နည်းနဲ့မသေရင် နောက်တစ်နည်းသုံးရုံပဲ"

"ဓာတ်ပုံရိုက်ထားလား"

"ဘက်စုံထောင့်စုံက ရိုက်ယူထားပြီးပြီ"





"သိပ် ကောင်းတယ်၊ ပျော်စရာ အလုပ်တစ်ခုပေါ့၊ ဟုတ်လား"

ဒွန်က ခေါင်းခါရင်းပြောသည်။

"ကျွန်တော်ဒီရောက်တာ ဆယ့်တစ်လရှိပြီ၊ ကျွန်တော် ဒီမှာ တာဝန်ထမ်းတာ နှစ်ခေါက်ပဲရှိနိုင်သေးရဲ့"

"ခင်ဗျား ကံကောင်းတာပေါ့၊ ကဲ သူ့ကို ညဆယ်နှစ်နာရီထိုးမှရွှေ့ကြ၊ အဲဒီအချိန်ကျမှ စင်္ကြံလမ်းထဲမှာ လူခြေတိတ်လောက်ရှိတာ၊ ဟော့ မင်းတို့နှစ်ယောက် အလောင်းရွှေ့ခါနီးကျရင် ဓာတ်လှေကားထဲမှာ လူရှင်းအောင် လုပ်ထားကြဦး"

ဒွန်က အစောင့်များအားအမိန့်ပေးလိုက်သည်။

"ဘယ်လိုလုပ်ရမလဲဆိုတာ မင်းတို့ သိပါတယ်၊ လိုအပ်တဲ့ အစီအစဉ်တွေ ငါလုပ်လိုက်မယ်၊ မင်းတို့ ညနက်ပိုင်း တာဝန်ကျတာမို့ နက်ဖြန်မွန်းတည့်မှ သတင်းပို့ကြရမယ်၊ ဒါပေမယ့် အဲဒီအချိန်ကျရင် မင်းတို့လက်မှတ်ထိုးထားတဲ့ အစီရင်ခံစာတွေ ငါလိုချင်တယ်၊ နောက်ပြီး ယောဒီကိစ္စမျိုး လုပ်ရတဲ့အတွက် တို့ ကြိုတင်သဘောတူထားတဲ့အတိုင်း မင်းတို့ အပိုဆုကြေးရဦးမှာပါ၊

". . . ထုံးစံအတိုင်းသာ ရှင်းပြလိုက်ကြ၊ ဒိဝနဲ့ဟာ ဒီနေ့ည ငါတို့ အပန်းဖြေစခန်းက ထွက်ခွာဖို့ အဓိမေးတာကြီးဆုံးဖြတ်ခဲ့တယ်ပေါ့ကွာ၊ သူ ဘယ်ထွက်သွားမှန်း ဘယ်သူမှမသိဘူး"

ဟု ဒွန်က သူ့ တပည့်များအား ညွှန်ကြားလိုက်ပြီး ဆရာဝန်ဘက် လှည့်ကာ . . .

"ဒီနေ့ည ရင်ခွဲစစ်ဆေးမှု အပြီးလုပ်ပေးစေချင်တယ်"

"အဲဒါမျိုးက ကြာတတ်တယ်ဗျ"

"ဒါဖြင့် နက်ဖြန် မွန်းတည့် ဆယ့်နှစ်နာရီအပြီးလုပ်ပေါ့၊ စုံစမ်းရေးအဖွဲ့တွေ ရောက်ကြလာကြလိမ့်မယ်၊ အဲဒီအခါ သဘောတူစည်းကမ်းတွေ ချိုးဖောက်မှုမရှိဘူးဆိုတာ ကျုပ်တို့ သက်သေပြဖို့လိုမယ်၊ သေကြောင်းကြံစည်မှု ဟုတ်မဟုတ် ကျုပ်တို့ဘက်က ကျိန်းသေသိထားမှဖြစ်မယ်"

◆

www.burmeseclassic.com

www.burmeseclassic.com

( ၁၁ )

ဒွန်သည် ရုံးခန်းထဲ ပြန်ရောက်သောအခါ တံခါးကို မှီရပ်နေလိုက်သည်။ သူ့နဖူးမှ ချွေးတွေစိုနေသည်။ စောစောက အောက်ထပ်၌ သူ့စိတ်ကို မနည်းထိန်းခဲ့ရသည်။ ဘာမှ မဖြစ်သည့်ဟန်ဖြင့် ဧည့်ခန်းမကြီးထဲရှိ ဧည့်သည် အဝေတ်များများနှင့်လည်း စကားစမြည်ပြောနိုင်ခဲ့၏။

ယခု မိမိတစ်ယောက်တည်း တသီးတသန့်ဖြစ်မှ စိတ်တွေ လှုပ်ရှားချောက်ချား လာတော့သည်။

ဘာဘွန်ဝီစကီ လက်နှစ်ဆစ်ခန့် ဖန်ခွက်ထဲငှဲ့၍ မော့ချလိုက်၏။ မျက်နှာသုတ်ပဝါကိုရေဆွတ်ပြီး မျက်နှာကို လိုက်ပွတ်ပေးလိုက်သည်။

ဆယ့်တစ်လရှိသွားပြီတဲ့လား။ ဆရာဝန်က ထိုသို့ ပြောသွားသည် မဟုတ်လား။ နောက်တစ်လဆိုလျှင် နှစ်ဇေ့ပြီမို့ ၎င်းသည် ဤစခန်းမှပြန်ရတော့မည်လား။

ဆရာဝန်ကို ဒွန် မနာလိုဖြစ်မိသည်။

ဒွန်၏ တာဝန်က လွန်ခဲ့သောခြောက်လက စတင်ခဲ့ခြင်းဖြစ်သည်။

နောက် နှစ်ဝက်လုံးလုံးလိုသေးသည်။ နှစ်ဇေ့အောင်မှနေနိုင်ပါ့မလားဟု တစ်ခါတစ်ရံ သူတွေးမိသည်။

ဒီအလုပ်ကို စတင်လက်ခံစဉ်တုန်းကတော့ သူ နည်းနည်းပျော်သလိုရှိသည်။ သုခဘုံမှာ တစ်နှစ်နေရမည်ဖြစ်ရာ နည်းလွန်းသည်ဟုပင် ထင်မိသည်။ တစ်နှစ်အတွက် စုစုပေါင်းလစာငွေ ဒေါ်လာတစ်သိန်းအပြင် လိုချင်တာအားလုံး အရလကားရဦးမည်။

ဒုက္ခပေးမည့်အလုပ်မို့သာ ဤသို့အခွင့်အရေးများပေးခြင်း ဖြစ်မည်ဟု သူ သံသယဖြစ်မိသည်။

သို့သော် သူသည်ထောက်လှမ်းရေးအလုပ်ကို အနှစ်နှစ်ဆယ်လုပ်ခဲ့





ဖူးသူဖြစ်သည်။ အကြီးမားဆုံး စစ်ဆင်ရေးအချို့ကိုလည်း စီမံကြီးကြပ်ခဲ့ဖူးသည်။ သူက စနစ်တကျလုပ်ရာမှာ ကျွမ်းသည်။ ဤအပန်းဖြေစခန်းသည် ရှုပ်ထွေးမှုရှိသော်လည်း သူ သိပ်မမှု။ သိမ်မွေ့စွာ ကိုင်တွယ်တတ်ဖို့လိုသည်။ ဒါလည်း ပူစရာမလို။

သူသည် ပြည်သူ့ဆက်ဆံရေးအလုပ်တွင် ဗါရဂူတစ်ယောက် မဟုတ်လား။

သို့သော် ဤစခန်း၏ အနေအထားနှင့် ပတ်သက်၍ သူ့ကို မည်သူကမျှ ကြိုတင်မပြောပြလိုက်ကြပါ။ သေကြေမှုတွေ ဤမျှ များပြားစွာရှိမည်ဟု မည်သူကမျှ သတိမပေးလိုက်ကြပါ။

ဘယ်ပြောကြမှာလဲ။

ဒီမှာ ဘာတွေ ဖြစ်ပျက်သည်ဆိုတာ မန်နေဂျာဟောင်းများနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များပါဝင်သည့် လက်တစ်ဆုပ်စာ လူအချို့သာလျှင် သိခွင့်ရှိပြီး ၎င်းတို့အား သတင်းမပေါက်ကြားစေရန်တားမြစ်ပိတ်ပင်ထားပြီးဖြစ်သည်။

အကယ်၍ ဤသို့အမင်္ဂလာသတင်းမျိုး ပေါက်ကြားသွားခဲ့လျှင်လည်း ဘယ် ငမိုက်သားက ဤစခန်းသို့ လာပါဦးမလဲ။

အနားယူအပန်းဖြေစခန်းတွင် ခိုလှုံခွင့်၊ နားခွင့်ရှိသည်ဟု မက်လုံးမပေးနိုင်ခဲ့လျှင် မည်သူကရော မိမိဘဝတစ်ခုလုံးကို သူလျှိုလုပ်ငန်းအတွက် မြှုပ်နှံထားဦးမှာလဲ။

လူတိုင်း အမှားတော့ လုပ်တတ်ကြစမြဲ။

လူတိုင်း သုခဘုံသို့ သွားချင်ကြစမြဲ။

သို့သော် မိမိယခုရောက်နေသည့် အရပ်ကား ငရဲပြည်တည်း။

ဒွန်သည် လက်တွေ့ကွင်းဆင်းရသည့် သူလျှိုတစ်ဦးမဟုတ်။ သုတ်သင်ရေးအဖွဲ့၊ လျှို့ဝှက်ထောက်လှမ်းရေးဌာနခွဲတို့တွင် သူတစ်ခါမှ မပါဝင်ခဲ့ဖူးချေ။ သူ့အလုပ်က ရုံးအလုပ်သက်သက်။ ကော်လန်ဖြူလုပ်သားတစ်ဦးမျှသာ။

ဤစခန်းသို့မလာမီက လူသေအလောင်းသုံးလောင်းသာ သူ မြင်ဖူးသည်။ သွေးရိုးသားရိုးသေဆုံးသော မိတ်ဆွေတစ်ယောက်နှင့် ဆွေမျိုးနှစ်ယောက်၏ အလောင်းများ ဖြစ်၏။ ၎င်းတို့အား အဲအေးတိုက်ထဲ၌ သွားကြည့်ခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်က သူကြက်သီးထခဲ့မိသေးသည်။

ဤကား အတိတ်မှာကျန်ခဲ့ပြီ။ ယခုကျတော့သူတစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာသည်။

တကယ်ဆို မိမိကြိုတင် မှန်းကြည့်နိုင်ခဲ့ဖို့ ကောင်းသည်။ အပန်းဖြေ



www.burmeseclassic.com

www.burmeseclassic.com



စခန်းသည် ရည်မှန်းချက်ကြီးလွန်းသည့်လူများ အရေးနိမ့်သည့်အခါ ခိုလှုံရန် အတွက် ဖန်တီး ထားခြင်းဖြစ်၏။

ပိုက်ဆံပေးနိုင်လျှင် လိုချင်တာအားလုံးရမည်။ လုံခြုံရေး အတွက် အာမခံချက်ပေးထားသည်။ သူတို့က ဤသို့ ကတိပေးကြသည်။ ကောပေါ်(င်) တစ်ရာကျော်သည့် သုခဘုံတစ်ခုပါပဲ။ သို့သော် ပျော်ရွှင်မှုကိုတော့ ဘယ်သူမှ အာမမခံကြ။

တစ်ခါက ဒွန်သည် ရသေ့ကျောင်းမှ ဗင်ကူဗားသို့ ခိုးသွားရင်း တစ် ဘာဂါဆိုင်တစ်ဆိုင်ရှေ့၌ ခရီးတစ်ထောက်နားခဲ့ဖူးသည်။ ညဥ့်နက်သန်းခေါင်၌ လှုပ်ရှပ်သည့် ရောမကုန်တိုက်ကြီးထဲ လမ်းလျှောက်ဖို့ သူစိတ်ကူးယဥ်ဖူးသည်။ ကေတစ်ရာကျယ်သည့်အနားယူစခန်းကြီးနှင့် ပတ်သက်၍ တစ်ခါတစ်ရံ တစ် လက်မမကျန် သူမရောက်ဖူးသောနေရာမရှိဟု စိတ်ထဲကထင်မိသည်။

သို့သော် ဤစခန်းသို့ နှစ်အတော်ကြာကတည်းကပင် ရောက်ရှိခဲ့နေ ကြပြီး တစ်သက်လုံး ဆက်နေကြရမည့်သူများကတော့ ကျဥ်းမြောင်းသည့် နေရာ၌မနေရဲသည့် စိတ်ရောဂါမျိုးကို ပို၍ပင် ခံစားကြရဖွယ် ရှိပေလိမ့်မည်။

ထိုဝေဒနာမှ သက်သာရာရလိုရငြား ၎င်းတို့သည် အရက်၊ မူးယစ်ဆေး နှင့် ကာမဂုဏ်တို့ဖြင့် အစားထိုး ပျော်မွေ့ကြ၏။ အရသာအလွန်ရှိသော ခဲဖွယ်ဘောဇဥ်တို့ကို မြိန်ယှက်စွာ သုံးဆောင်ကြ၏။ ထိုသို့ မည်မျှကြာကြာ နေနိုင်မည်နည်း။ ကေတစ်ရာ အကျယ်ဝန်းသည် စက္ကန့်တိုင်း စက္ကန့်တိုင်း ကျုံ့ဝင်လာလျက်ရှိ၏။

တစ်ရက်နှင့်တစ်ရက် အတူတူလိုဖြစ်လာသည်။

မဆိုစလောက် ပြောင်းလဲခြားနားမှုများသာရှိသည်။

ဒွန်သည် တွေးတောဆင်ခြင်နေခြင်း မဟုတ်။

သို့တစေ၊ ရုပ်ပိုင်းကို ပဓာနမထားသည့် အရှုံးသမားများသာလျှင် ဤအရပ်၌ ကျေနပ်မှုကိုရရှိကြောင်း သူ သတိပြုမိသည်။

စာကြည့်တိုက်ထဲ ဝင်စစ်ဆေးသောအခါ ၎င်းတို့သည် လောကုတ္တရာနှင့် ပတ်သက်သည့် စာအုပ်စာတမ်းများကို နှစ်ခြိုက်တတ်ကြောင်းတွေ့ရသည်။ ဓိန့်ဩဂတ်စတင်း။ ဗုဒ္ဓ၏ တရားဓမ္မများ။ ဘိုးသီးယပ်နှင့် ကံကြမ္မာစက်ဝိုင်း စသည့် အကြောင်းအရာများ။

လှုပ်ရှားမှုဖြင့် အသက်မွေးခဲ့ရာမှ အသက်ရှင်ကျန်ရစ်ခဲ့သော ဤ ပုဂ္ဂိုလ်များက သမထကျင့်စဥ်နှင့် ဘာသာရေးလိုက်စားမှုများ ပြုလုပ်နေကြခြင်း ကြောင့် ဒွန်အဖို့ အထူးအဆန်းဖြစ်ရလေသည်။





လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ချိန်ဆမှု မလုပ်နိုင်သည့် သူများ ကျတော့ ဘယ်လို လုပ်ကြမလဲ။

အဆိပ်သောက်သေကြ၏။ မူးယစ်ဆေးလွန်ကဲစွာ သောက်ကြ၏။ သို့မဟုတ် နားထင်ကို သေနတ်နှင့် ပစ်ထည့်ကြ၏။ ၎င်းတို့ အချင်းချင်း အကြံ ဉာဏ်ပေး၊ နည်းလမ်းတွေ ညွှန်ကြသလားမသိ။

ရေနွေးငွေ့ရေချိုးခန်းထဲ၌ ကိုယ်တွင်းရေဓာတ် ခန်းခြောက်၍ သေသည့် တိုင် တစ်မေ့တစ်မော ထိုင်သူများလည်းရှိသည်။ တချို့ကျတော့လည်း ရေနွေး ကန်ထဲ၌ အောက်ဆီဂျင်ဓာတ်ပြတ်တောက်သွားသည့်အထိ ဝိုင်အရက်ကို ထိုင် သောက်ကြသည်။ သို့သော် များသောအားဖြင့် ၎င်းတို့ သတိလစ်သွားသည်နှင့် ရေနစ်သေသွားကြလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၂ )

ဆောလ်သည် အစောင့်နှစ်ယောက်ကို ဂရုမစိုက်ဘဲ အခန်းပြင်သို့ ထွက်လာသည်။ ယခုနှစ်ယောက်မှာ ညတုန်းက လူများမဟုတ်တော့။ လူလဲလိုက်ပြီ။

ခင်ဗျားကို စောင့်ကြည့်နေမယ်ဟု ဒွန်ပြောခဲ့ခြင်းမှာ အတည်ဖြစ်၏။ မကြာခင်၌ နောက်နှစ်ယောက်က အစားဝင်ဦးမှာ သေချာသည်။

သူတို့အားလုံးနှစ်ဆယ့်လေးနာရီပတ်လုံး အဆိုင်းခွဲ၍ လိုက်ကြည့်နေကြပေမည်။ ဒေါ်လာနှစ်သိန်းပေးရုံနှင့် ကာကွယ်စောင့်ရှောက်မှုကို လိုသည်ထက် ပိုရနေပါကလားဟု ဆောလ်တွေးမိသည်။

ဆောလ် လှေကားမှဆင်းသွားရာ အစောင့်နှစ်ယောက်လည်း နောက်က လိုက်လာကြသည်။

အဲလိယော့၏ အခန်းနံပါတ်ကို စုံစမ်းဖို့ ခဲယဉ်းမည်မဟုတ်ဟု ထင်သည်။ သို့သော် ဘာထူးမှာလဲ။ မိမိ အစောင့်များ မသိစေဘဲ ၎င်း၏အခန်းအနီးသို့ ကပ်လို့ ရမည်မဟုတ်။ ၎င်းတို့အား မျက်ခြည်ပြတ်လျှင်လည်း ပိုပြီး ဆိုးမည်။

နောက်ပြီး ထွက်ပြေးဖို့လည်း မစဉ်းစားရသေး။ မိမိရည်ရွယ်ချက်ကို ဖြစ်အောင် လုပ်နိုင်ရေးမှာ စဉ်းစာလေ ပိုခက်လေ ဖြစ်နေသည်။

ခရစ္စအတွက် ကလဲ့စားချေဖို့ အဲလိယော့ကို သတ်ပစ်ရမည်။ သို့သော် မိမိ အသက်ရှင်ဖို့အတွက် ၎င်းကို သတ်လို့မဖြစ်။ ဝိရောဓိတွေကြောင့် ဆောလ် ဦးနှောက်ခြောက်သွား၏။

နည်းလမ်းတစ်ခုတော့ ရှိရမည်။

ရသေ့ကျောင်းနှင့် ပတ်သက်၍ သိထားသင့်တာတွေ အများကြီး ကျန်သေးသည်မို့ သိလျှောက်လေ့လာသည်။

ဧည့်ခန်းမကြီးထဲ ယောင်ပေ ယောင်ပေ လျှောက်သွားသည်။ ဘိုးဆိုင်နှင့်စားသောက်ခန်းများ၊ ဆေးကုခန်းတို့ကို အကဲခတ်ပြီး တိုက်အပြင်





သို့ထွက်ကာ လေ့ကျင့်ခန်းလုပ်သည့်နေရာ ပန်းဥယျာဉ်များနှင့် ခြံဝင်းမြက်ခင်းများကို လျှောက်စစ်ဆေးသည်။

အစောင့်နှစ်ယောက်ကလည်း သူ့နောက်မှ ကပ်ပြီးလိုက်နေကြသည်။ ပြဿနာပေါ်မည်ဟု ရိပ်မိသည့်ဧည့်သည်များကား ဆောလ်နှင့်ဝေးရာသို့ ရှောင်သွားကြသည်။ ၎င်းတို့၏ စိုးရိမ်သောမျက်လုံးအကြည့်များကို မြင်ရသောအခါ ၎င်းတို့၏ တုန်လှုပ်ချောက်ချားမှုကို မိမိကိုယ်ကျိုးအတွက် ဘယ်လိုအသုံးချရကောင်းမလဲဟု ဆောလ်တွေးမိသည်။

ရေကူးကန်နှင့် ဂေါက်ကွင်းတို့ကို သူသွားကြည့် ပြန်သည်။ ငါ ဒီကိုရောက်နေတာ အဲလိယော့ကို သတင်းပို့ပြီးကြရောပေါ့။ ဒီတော့ သူဘာလုပ်မလဲ၊ အကောင်းဆုံးက သူ့အခန်းထဲအောင်းနေဖို့ပဲ။ အဲဒီကို ငါလာရဲမှာ မဟုတ်ဘူးဆိုတာ သူသိတယ်။ သူဘယ်လောက်ကြာကြာ အခန်းအောင်းနိုင်မှာလဲ။ ငါဒီက ပြန်ထွက်ဦးမှာ မဟုတ်ဘူးဆိုတာ သူသိတယ်။ သူ တစ်သက်လုံးတော့ ပုန်းမနေနိုင်ပါဘူး။

ငါ့အပေါ် သူတုံ့ပြန်မယ့်အစား သူက ငါ့ကို အတင်းအဓမ္မတုံ့ပြန်လှုပ်ရှားစေလိမ့်မယ်။

သူ ဘယ်လိုလုပ်မလဲ။ဘာပဲဖြစ်ဖြစ် မကြာခင်မှာ ဖြစ်လာတော့မှာပါ။

သူဟာ တစ်ချိန်မဟုတ် တစ်ချိန်မှာ လူလုံးထွက်ပြရတော့မှာမို့ သူဆက်ပြီး စောင့်နိုင်တော့မှာ မဟုတ်ဘူး။

မလွှဲမရှောင်နိုင်တဲ့အချက်ကို သူလက်ခံပြီး သရေပွဲကို ဖျက်ပစ်မှာပဲ။

ဘယ်မှာလဲ။

အဘိုးကြီးဟာ ဘိုးလင်းနဲ့ တင်းနစ်မကစားနိုင်လောက်အောင် အိုမင်းရင့်ရော်နေပြီ။

ဒါပေမယ့် သူဟာ တုံ့ပြန်ချက်ကိုတော့ တောင့်တနေလေရဲ့။ သူဘယ်လိုများလုပ်မလဲ။

တခြားနည်းတော့မရှိနိုင်ပြီ။

ဆောလ်သည် ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်ပြီး တည်းခိုခန်း၏ နောက်ဖေးဘက်၊ အပြေးလမ်းအနီး၌ ဆောက်လုပ်နေဆဲ ဖန်လုံအိမ်ဆီသို့ လျှောက်လာလေသည်။

၎င်းဖန်လုံအိမ်ကို အသုံးချရန်နည်းလမ်းများ စိတ်ကူးယဉ်ကြည့်သည်။ သို့သော် ဖန်လုံအိမ်ဆောက်လုပ်မှုမပြီးမီ အဘိုးကြီး ဘယ်ကိုသွားမလဲ။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၃ )

"ခင်ဗျား ငါးမျှားဝါသနာပါမှန်း ကျွန်တော်မသိဘူး"

အသံကြားသဖြင့် အဲလိယော့ နောက်လှည့်ကြည့်လိုက်သည်။ သူရပ်နေသောနေရာမှာ မြစ်ကမ်းစပ်တစ်နေရာဖြစ်၏။ ၎င်းမြစ်ပေါ်၌ သံစ်ပင်များနှင့် ချုပင်များဖုံးအုပ်နေသည်။ မြက်တောဖြစ်နေသည့် ကုန်းလျှောကလေး၏ အောက်ခြေတွင် ရေက ကြည်လင်နေသည်။ မြစ်ရေနံ့က သင်းပျံ့သော်လည်း ရံဖန်ရံခါ လေနှင့်အတူ ပုပ်သိုးသော ဟင်းသီးဟင်းရွက်အနံ့ ရောပါလာတတ်သည်။

မြစ်ကမ်းနဖူးပေါ်မှလူသည် နေကို ကျောပေးရပ်လျက်ရှိသည်။ နေရောင်က အဲလိယော့အားမျက်စိကျိန်းစပ်စေသဖြင့် ၎င်းကလက်နှင့်ကာပြီး မော့ကြည့်လိုက်သည်။ ထိုသူကို မှတ်မိသဖြင့် သူ ခေါင်းညိတ်လိုက်၏။

"ငါတို့ ငါးမျှားထွက်ခဲ့ကြတာတွေ မင်းမေ့သွားပြီလားကွ၊ အေး ငါတော့ ငါးမျှားရတာပျော်တယ်၊ ဒါပေမယ့် ငါ သိပ်စွဲစွဲလမ်းလမ်း မလုပ်ပါဘူး၊ အခု ငါ အငြိမ်းစား ယူလိုက်ပြီဆိုတော့လဲ. . ."

သူကပြုံး၍ ကြိုဆိုလိုက်ပြီး ငါးမျှားတံကို ကန်ဘောင်ပေါ် ချထားလိုက်သည်။

"သိပ်မှတ်မိတာပေါ့ဗျာ"

ဆောလ်၏ အသံက ဒေါသကြောင့် အက်ကွဲကြမ်းတမ်းနေသည်။

သူ့လည်မျိုမှာ တစ်ဆို့ဆို့ကြီးဖြစ်နေ၏။ သူက ကန်ဘောင်ပေါ်သို့ ဆင်းချလာသည်။

"ခင်ဗျားရယ်၊ ကျွန်တော်ရယ် ပြီးတော့ ခရစ္စရယ် ငါးမျှားထွက်ခဲ့ကြတာလေ"

အဲလိယော့၏ မြက်ဦးထုပ်၊ အနီရောင် ကျားကွက်ရှပ်အင်္ကျီ၊ မာ





တောင့်နေသော ဂျင်းန်ဘောင်းဘီအသစ်နှင့် ရော်ဘာ ဘွတ်ဖိနပ်များကို ဆောလ်က စူးစူးရဲရဲကြည့်ပြီး

"အခုကျတော့ အနက်ရောင်ဝတ်စုံနဲ့ ဝေစ်ကုတ် မဝတ်တော့ပါလား" ဟု ပြောလိုက်သည်။

"ငါးမျှားတဲ့အခါ ဝတ်ဖို့ ဘယ်လိုမလဲကွ၊ ဟား ဟား ဟား၊ ရုံးဝတ်စုံကို ငါအမြဲအချိန်ပြည့်မဝတ်ပါဘူးကွာ၊ မင်းနဲ့ ခရစ္စကို တောစခန်းထွက်ဖို့ ငါလာခေါ်တိုင်း ငါဘယ်လို ဝတ်ဆင်ထားသလဲဆိုတာ မင်း မေ့သွားပြီနော်"

အဲလိယော့က ရယ်၍ပြောလိုက်သည်။

"ဘယ်အကြောင်းပြောပြော ကျွန်တော်တို့ရဲ့ခရစ္စအကြောင်းမပါရင် မပြီးပါလားဗျာ"

ဆောလ်က လက်သီးနှစ်ဘက်ဆုပ်ရင်း ရှေ့တိုးလာသည်။

အဲလိယော့က သူ့ကိုဂရုမစိုက်ဘဲ ငါးမျှားပစ္စည်းထည့်သည့် သေတ္တာလေးထဲ ကုန်း၍ လက်နှိုက်လိုက်သည်။

"အဲဒီထဲမှာ ချော့ကလက်ပြားတော့ မရှိနိုင်ဘူး"

ဆောလ်က သေနတ်နှင့်ချိန်သလို လက်ညှိုးငေါက်ခနဲထိုး၍ ပြောလိုက်သည်။

"အေး၊ ဒေဘီရှယ် ချော့ကလက်တွေ ပါမလားဘူးကွ၊ ငါ့ကို ခွင့်လွှတ်နော်၊ အဲဒီ ချော့ကလက်တစ်ပြားလောက်တော့ အလွမ်းပြေသဘောနဲ့ ငါ ထည့်ယူလာသင့်သားပဲ၊ အခု ငါက မျှားစာ လဲတပ်မလို့ပါကွာ"

အလျား တစ်ပေခန့်ရှိသည့် ငါးသလောက် ယောက်ဖတစ်ကောင် ရေထဲမှခုန်ထွက်ပြီး ရေမျက်နှာပြင်ပေါ်မှ ပိုးကောင်တစ်ကောင်အား ဟပ်လိုက်သည်။

"ဟိုမှာတွေ့လား၊ ငါလက်လွှတ်သွားတဲ့ငါးကြီး"

"ခင်ဗျားမှာ သက်တော်စောင့်နှစ်ယောက် ပါတယ်ဆို"

ဆောလ်က လေသံမာမာနှင့်မေးလိုက်သည်။

"ငါ့အဖော်တွေပါကွ၊ ဟုတ်တယ်၊ ကာစတာနဲ့ ပိုလင်စ်ကီတို့"

"မက်အယ်လ်ရှိုင်းနဲ့ ကွန်လင်းကိုပြောတာ မဟုတ်လား"

"မှန်လိုက်လေ၊ မင်း သိပ်တော်တယ်၊ နို့မို့ မင်း စာမရေးျလို့ ငါစိတ်ပျက်သွားမှာ"

အဲလိယော့က ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားလိမ်ခဲ့တဲ့ တခြားမိဘမဲ့ ကလေးနှစ်ယောက် ဘယ်မှာလဲ"

ဆောလ်က ဘေးဘီလှည့်ကြည့်ရင်း ဒေါနှင့်မောနှင့် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တင်းနစ် သွားရိုက်နေတယ် ထင်ပါရဲ့၊ သူတို့က ငါနဲ့ နေရာတကာ မလိုက်တတ်ပါဘူး"

အဲလိယော့က နောက် ငါးမျှားတံတစ်ချောင်းကို ကောက်ယူလိုက်သည်။

"ခင်ဗျားတစ်ယောက်တည်း ဒီမှာလာနေရတာ မကြောက်ဘူးလား"

"အပန်းဖြေစခန်းမှာ ငါ ဘာကြောက်စရာရှိလဲ၊ ငါ့အတွက် သူတို့ကာကွယ်စောင့်ရှောက်ပေးနေတာပဲ"

ဆောလ်က ရှေ့တစ်လှမ်း ထပ်တိုးသွားသည်။

"ဘယ်ဟုတ်မလဲ၊ ခင်ဗျားမှားနေပြီ"

"မှားတာကမင်းကွ၊ မင်းရှုံးသွားပြီဆိုတာ ဝန်ခံလိုက်စမ်းပါ။ မင်း ငါ့ကို သတ်ရင် မင်းလဲ သေရမှာပဲ၊ မင်းနဲ့ငါနဲ့ ပေါင်းသင်းခဲ့တာ ဒီလောက်နှစ်ကြာမှတော့ မင်း ဘယ်လိုစဉ်းစားမလဲဆိုတာ ငါသိတယ်၊ မင်းအကြံမအောင်သမျှ မင်း မကျေနပ်နိုင်ဘူး၊ အေး ဒီတစ်ခါတော့ မင်း ဘာမှလုပ်လို့မရပါဘူးကွာ"

အဲလိယော့က ငါးမျှားတံကို ဒေါသတကြီး လွှင့်ပစ်လိုက်သည်။

"ဟုတ်ချင်လဲဟုတ်မှာပေါ့"

"ဒါလောက်နဲ့ မလုံလောက်သေးဘူး၊ မင်းက သေချာမှ ကြိုက်တဲ့ကောင်၊ ဒါကြောင့်မို့ ငါ ဒီနေ့ဒီနေရာကို လာခဲ့တာ၊ ငါအခန်းထဲအောင်းနေလို့ရသားပဲ၊ ဒါပေမယ့် ငါအိုပြီ၊ အချိန်ဖြုန်းနေလဲ အပိုပဲ၊ ဒီနေရာက သိပ်မကောင်းလှဘူး၊ ဒီက အခြေအနေကို မင်းရိပ်မိရောပေါ့၊ တကယ်တော့ ဒီမှာရှိနေတဲ့ ဧည့်သည်တွေအားလုံး သေလူတွေပဲ၊ သူတို့ အေးအေး ဆေးဆေး နားရကောင်းမှန်း မသိသေးဘူး"

"ခင်ဗျား ကိုယ့်သင်္ချိုင်းကိုယ် ရှာပြီးပြီပေါ့"

"မရှာပေါင်၊ ငါ့နှင်းဆီတွေနဲ့ ငါမကြာခင် ပြန်တွေ့ရတော့မယ်၊ နောက်ပြီး ငါ့မှာ ဟောဒါလဲရှိတယ်"

အဲလိယော့က ရင်ကော့၍ပြောရင်း ငါးမျှားတံကို လက်ညှိုးထိုးပြလိုက်သည်။

"ကဲ မင်းအတွက် အကောင်းဆုံးအခွင့်အရေးရပြီ၊ ငါ မင်းရှေ့တည့်တည့်မှာလေ၊ ငါ့ကို အခုသတ်ပစ်ပြီး မြစ်တစ်ဘက်ကမ်းကို ကူးသွားပါလား၊ မင်းလွတ်ချင်လဲ လွတ်သွားမှာပေါ့၊ ဒါမှမဟုတ်ရင် မင်းနဲ့ငါနဲ့ သင်ပုန်းချေရမယ်။ မင်း ငါ့နားက ထွက်သွားစမ်းပါကွာ၊ ငါနဲ့မင်းနဲ့ အရင်က အတော်အဆင်ပြေခဲ့ကြသားပဲ"

ဆောလ်က မြစ်ရေပြင်ကိုစိုက်ကြည့်ရင်း တံတွေးမျိုချလိုက်သည်။





ဒေါသအဟုန်က သူ့ကို အားပျော့သွားစေသည်။

"လွယ်မယ်မထင်ဘူး၊ ခင်ဗျား ကျွန်တော့်ကို တစ်ခုရှင်းပြဖို့ ရှိသေးတယ်"

"ဘာလို့လဲ၊ ဘာထူးမှာလဲ၊ ကာစတာနဲ့ပိုလပ်ဝ်အကြောင်း မင်းသိနေမှတော့ တခြားကိစ္စတွေလဲ . . ."

"မူလ အဲဘာလတ်အုပ်စုဝင်တွေရဲ့ အရိုက်အရာကို ဆက်ခံခဲ့တဲ့ ခင်ဗျားတို့ငါးယောက်ရှိတယ်၊ ခင်ဗျားတို့တစ်ဦးစီမှာ သိပ်ကို သစ္စာရှိလွန်းတဲ့ မွေးစားသား မိဘမဲ့ကလေးတွေရှိတယ်၊ ကျွန်တော်နဲ့ ရေစ္စလို ကောင်လေးတွေ၊ ခင်ဗျားမကြိုက်တဲ့ စစ်ဆင်ရေးတွေကိုဖျက်ဆီးဖို့ ကျွန်တော်တို့ကို အသုံးချခဲ့တယ်၊ ကဲ ရှင်းစမ်းပျာ"

ဆောလ်က စိတ်မရှည်စွာ ပြောလိုက်၏။

"မင်း ဒါတွေ အကုန်သိပြီးပြီလား"

အဲလိယော့က အံ့ဩတုန်လှုပ်စွာဖြင့် မျက်တောင် ပုတ်ခတ်ပုတ်ခတ်ဖြစ်သွားသည်။

"ခင်ဗျားပဲ ကျွန်တော့်ကို သင်ပေးခဲ့တာ"

ဆောလ်အား အမြင်တစ်မျိုးဖြင့် ပြောင်းလဲအကဲခတ်ရင်း အဲလီယော့သည် ကန်ဘောင်ပေါ်၌ ဖြည်းညင်းစွာ ထိုင်ချလိုက်သည်။ သူ၏ရှုံ့တွနေသော အရေပြားမှာ ပို၍တွန့်လာကြသည်။ သူ့ အသားအရေက ပို၍ညှိမှောင်လာသည်။

"ရှင်းပြရမယ် ဟုတ်လား"

အဲလိယော့ ဦးနှောက်ခြောက်နေ၏။ တဒင်္ဂမျှ သူမလှုပ်နိုင်။ အသက်ပင်မရှူနိုင်။

"ကောင်းပြီ၊ မင်းကို ငါရှင်းပြသင့်ပါတယ်၊ ငါ ငယ်ငယ်တုန်းက ဒီအလုပ်ထဲ စဝင်ခါစက ဘာကြောင့်အဓိပ္ပာယ်မရှိတဲ့ မိုက်မဲတဲ့ဆုံးဖြတ်ချက်တွေ လုပ်ခဲ့ရပါလိမ့်လို့ အမြဲစဉ်းစားလေ့ ရှိခဲ့ဖူးတယ်၊ မိုက်မဲရုံမကဘူး၊ အင်မတန်ထိခိုက်နစ်နာစရာကောင်းတဲ့ ဆုံးဖြတ်ချက်တွေကွ၊ ရက်စက်ရာလဲကျတယ်၊ အဲဒီဆုံးဖြတ်ချက် အမှားတွေကြောင့် လူ့အသက်တွေ အများကြီး ဆုံးရှုံးရလေ့ရှိတယ်၊ အဲဒါကို ငါ့ရဲ့ မွေးစားအဖေကို မေးကြည့်မိတယ်"

"အော်တွန် မဟုတ်လား"

"မင်း အဲဒါလဲသိသကိုး"

ဆောလ်က ပြန်မဖြေဘဲ စိုက်ကြည့်နေသည်။

"သူလဲ ငါ့အရွယ်က အဲဒီလိုမျိုးတွေးခဲ့ဖူးတယ်လို့ ပြန်ပြောတယ်၊ သူရာထူးတက်လာတော့ ထိပ်တန်းနိုင်ငံရေးသမားကြီးတွေနဲ့ လက်တွဲလုပ်လာ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ အဓိပ္ပာယ်မရှိတဲ့ ဆုံးဖြတ်ချက်တွေချတာ အဲဒီလူတွေမှန်း သူ မျက်ဝါး ထင်ထင် တွေ့လာရတယ်၊ ငါလဲ သူ့ နေရာရောက်လာတော့ အဲဒါတွေကို ထပ်တွေ့ရပြန်တယ်၊

"... နိုင်ငံခြားရေးဝန်ကြီးက ကာကွယ်ရေးဝန်ကြီးကိုစကားမပြော ဘူး၊ အစည်းအဝေးမှာ မကျေနပ်ပေးထိုင်တတ်တယ်၊ ကလေးတွေလိုပဲ နေရာ လုကြ၊ ငြင်းကြ ခုန်ကြတယ်၊ တစ်ချိန်တည်းမှာ တို့ရဲ့နိုင်ငံတော် လုံခြုံရေးကို အကြောင်းပြပြီး ဒေါ်လာတွေ ကုဋေကဋာအကုန်ခံပြီး သူများနိုင်ငံမှာ ဝင်ရှုပ် ကြတယ်၊

"... တကယ်တော့ အဲဒီနိုင်ငံတွေရဲ့ ဆိုရှယ်လစ် အုပ်စုတွေက အရင်းရှင်စီးပွားရေး လုပ်ငန်းကြီးတွေကို အန္တရာယ်ပြုလာတဲ့ အတွက်ကြောင့်ပါ ပဲ၊ အီကွေဒေါ၊ ဘရာဇီး၊ ဂိုင်ယာ၊ အင်ဒိုနီးရှားနဲ့ ဆိုမာလီယာနိုင်ငံတွေမှာ ငါတို့လုပ်ခဲ့တဲ့ လုပ်ရပ်တွေ ကြည့်ရုံနဲ့ ငါတော့ အော့နှလုံးနာတယ်၊

"... ရှင်းရှင်းပြောရရင် ငါတို့ဝင်ရှုပ်လို့ လူတွေ သန်းနဲ့ချီပြီး သေခဲ့ ရတယ်၊ နောက်ပြီး ရာထူးအဆင့်အတန်း လှည့်စားမှုတွေ ရှိသေးတယ်၊ လက်ရှိ နိုင်ငံရေးသဘောထားတွေနဲ့ လိုက်လျော ညီထွေမှုမရှိပေမယ့် တိကျမှန်ကန်တဲ့ အစီရင်ခံစာတင်သွင်းတဲ့အေးဂျင့်တွေကိုဥပေက္ခာပြုထားတတ်တယ်၊ အလုပ်က ဖြုတ်ပစ်တယ်၊ ဒီအစီရင်ခံစာတွေကို ရုံးထိုင်ရတဲ့အရာရှိတွေက, အစိုးရအဖွဲ့ အကြိုက်ကိုလိုက်ပြီး ပြုပြင်ရေးသားတင်ပြကြတယ်၊ ငါတို့ဟာ အမှန်တရားကို မစုစည်းကြဘူး၊ မုသားတွေကို ဖြန့်ဝေခဲ့ကြတယ်၊

"... အော်တွန်က အဲဒီလက်အုပ်စုရဲ့ အမွေစား အမွေခံအဖြစ် တာဝန်ယူဖို့ ကမ်းလှမ်းတော့ ငါလဲ မဆိုင်းမတွ လက်ခံလိုက်တယ်၊ ချိန်ခွင်လျှာ မျှတမှုနဲ့ စိတ်ထားမှန်ကန်မှုရရှိအောင် ကြိုးစားဖို့၊ တာဝန်သိသိဆောင်ရွက်ဖို့ လူတစ်ယောက် လိုအပ်တယ်ကွ"

"ပါရာဒင် လုပ်ကြံမှုကြီးကရောဗျာ"

"အေး၊ အဲဒါပြောကြရအောင်၊ တို့နိုင်ငံမှာ စွမ်းအင်ပြဿနာပေါ် နေတယ်၊ တို့ဘာလုပ်ကြမလဲ၊ အစ္စရေးတွေနဲ့ သဘောတူထားတဲ့ကိစ္စတွေကို ရုပ်စဲပြီး အာရပ်တွေဆီက ရေနံကို ဈေးချိုချိုနဲ့ဝယ်ဖို့ သဘောတူကြတယ်၊ ဒီကိစ္စအားလုံး တရားဝင်မဟုတ်ဘူး၊ အစိုးရရဲ့ သဘောတူခွင့်ပြုချက်အရ အမေရိကန်သန်းကြွယ်သူဌေးကြီးတွေက ညှိနှိုင်းမှုတွေလုပ်ပေးခဲ့ကြတာ၊ ရလဒ် ကဘာလဲဆိုတော့ အစ္စရေးနိုင်ငံ ပျောက်ကွယ်သွားချိန်မှာ ငါတို့တွေ ဆီစားတဲ့ မော်တော်ကားကြီးတွေ တဝီဝီမောင်းနေလို့ရပြီ၊ အာရပ်အုပ်စုတွေရဲ့ တောင်းဆို





ချက်တွေကို ငါမငြင်းပါဘူး၊ အရှေ့အလယ်ပိုင်းဒေသ အခြေအနေက အတော် ရှုပ်ထွေးတာ၊ ဒါပေမယ့် အစ္စရေးနိုင်ငံက တည်ရှိနေတယ်၊ ဒီနိုင်ငံလေးကို ငါတို့က ဖျက်ဆီးပစ်ရမယ်"

"ဒါကြောင့် ညှိနှိုင်းရေး အဖွဲ့ဝင်တွေကိုသတ်ဖို့ ကျွန်တော့်ကို တာဝန်ပေးလိုက်တာလား"

"နိုင်ငံတစ်ခုပျက်စီးမယ့်အစား လူတစ်စုကိုပဲ စတေးခံခိုင်းလိုက်တယ်၊ နောက်ထပ် ဒါမျိုးမလုပ်နဲ့လို့ သတိပေးလိုက်တာပဲ၊ ရှင်းရှင်းလေးပါ"

"အဲဒါပြီးတော့ ခင်ဗျားက ကျွန်တော့်ကိုသတ်ဖို့ ကြိုးစားတယ်"

သမ္မတကြီးက သူ့ရဲ့ အချစ်ဆုံးသူငယ်ချင်းအတွက် ကာလှဲ့စားချေချင် တယ်လေ၊ ပါရာဒင်လုပ်ကြံမှုကို သမ္မတရဲ့ အရိုန်အဝါနဲ့ စုံစမ်းထောက်လှမ်းကြ တဲ့အခါ မင်းကို ဖမ်းမိသွားမှာပဲ"

"ကျွန်တော် ခင်ဗျားအပေါ် ဘယ်လိုသဘောထားလဲ သိသားနဲ့၊ ကျွန်တော်ဖွင့်ပြောပါ့မလား"

"မင်းသဘောနဲ့မင်း ဘယ်ပြောမလဲ၊ ဒါပေမယ့် ဆေးတွေဘာတွေ ထိုးပြီးစစ်ဆေးတဲ့အခါ မင်းငါ့ကို လက်ညှိုးထိုးချင်ထိုးလိုက်မှာပေါ့၊ အဲဒီအခါ ငါလဲ ဓာတုဆေးဝါးတွေရဲ့ အာနိသင်ကြောင့် ကျန်တဲ့အုပ်စုဝင်တွေဆီ လမ်း ညွှန်လိုက်မိလိမ့်မယ်၊ အဲဒါတော့ ငါအဖြစ်မခံနိုင်ဘူး"

"အဲဒါ သိပ်ယုတ္တိမရှိဘူးဗျ"

"ဘာလို့လဲ"

"ဘာလို့ဆိုတော့ ခင်ဗျားအကာအကွယ်ပေးချင်တဲ့ အစ္စရေးနိုင်ငံဟာ ပါရာဒင်လုပ်ကြံမှုအတွက် စွပ်စွဲခံရတဲ့နိုင်ငံ ဖြစ်နေလို့ပဲ"

"အဲဒါကယာယီပါ၊ မင်းကိုသတ်ပြီးတဲ့အခါ ဒီကိစ္စကို မင်းတစ်ယောက် တည်း ကိုယ့်သဘောနဲ့ကိုယ် လုပ်ခဲ့တယ်လို့ ငါက သက်သေပြဖို့ စီစဉ်ထားပြီး သား၊ မင်းဟာ ကိုယ့်နိုင်ငံကိုကာကွယ်ဖို့ သန္နိဋ္ဌာန်ချထားတဲ့ ဂျူးတစ်ယောက် ဖြစ်တယ်၊ ဒီအရင်က မင်းရဲ့အလုပ်တချို့ မအောင်မြင်အောင်လို့ ငါ တမင် တကာ စီစဉ်ထားခဲ့တာ၊ မင်းစိတ်ဖောက်မှုမှန်တော့ဘူးဆိုတာ သက်သေပြနိုင် အောင်လို့ပေါ့၊ အစ္စရေးလဲ အပြစ်လွတ်သွားမှာပါ"

"ဟုတ်တာပေါ့၊ ကျွန်တော်လဲ သေမှာပဲ၊ ခင်ဗျား ကျွန်တော့်ကို ချစ်တယ်ဆိုတာ ဒါလားဗျာ"

"ဒါတွေကို ငါ လွယ်လွယ်ကူကူလုပ်လို့ရတယ်များ မှတ်နေလား၊ ငါ အိပ်မက်ဆိုးတွေမက်ခဲ့တယ်၊ ငါဘာသာ လိပ်ပြာမသန့်ဘူး၊ ငါ့ရဲ့ ကြေကွဲ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းမှုဟာ ငါ မလုပ်ချင်ဘဲ လုပ်ရတယ်ဆိုတာ သက်သေပြမနေဘူးလား"

အဲလိယော့၏အသံက အက်ကွဲလာသည်။

ဆောလ် ခံပြင်းစွာဖြင့် အသားဆတ်ဆတ်တုန်လာသည်။

"ခင်ဗျားအပြောကတော့ သိပ်ပိုင်တာပဲ၊ အခု ကာစတာ၊ ပိုလပ်ဝ်နဲ့ ကျွန်တော်ပဲ ရှိတော့တယ်၊ ကျန်တဲ့လူတွေရော ဘာဖြစ်ကုန်လဲ၊ ခရစ္စမပါရင် အားလုံးမိဘမဲ့ ကလေးဆယ့်လေးယောက်ရှိရမယ်"

"သေကုန်ပြီ"

"ဒီလို စစ်ဆင်ရေးမျိုးတွေကြောင့်လား"

အဲလိယော့ရင်မှာ ဆို့နင့်လာ၏။

"ငါ သတ်ခိုင်းတာမဟုတ်ဘူး၊ တာဝန်ထမ်းရင်း ကျဆုံးခဲ့ကြတာ"

"အဲဒါနဲ့ ပြီးရောလား"

"ဟိုနိုင်ငံရေးသမားတွေအတွက် သူတို့ စတေးခံခဲ့ကြတယ်လို့ မင်း ပြောချင်သလား၊ သူတို့ဟာ စစ်သားတွေပါကွာ"

"စက်ရုပ်တွေပါဗျ"

"ဒါပေမယ့် သူတို့ဟာ အစိုးရထက်ပိုပြီး တန်ဖိုးရှိတဲ့လူတွေအတွက် အမှုထမ်းခဲ့ကြရတာပါ"

"တန်ဖိုး . . . ဟုတ်လား၊ ဒီမယ် မှတ်ထား၊ ကိုယ်ချစ်တဲ့လူအပေါ် ဘယ်တော့မှ သစ္စာမဖောက်ရဘူးဗျ"

ဆောလ်ရင်ထဲမှာ အတော့်ကိုတင်းကျပ်နေသည်။ တစ်ကိုယ်လုံး တုန်ခါနေသည်။ အသားတွေ ပူလောင်နေသည်။

"ခင်ဗျားကို ကျွန်တော်တို့ယုံခဲ့တယ်၊ ခင်ဗျားနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို ဒီလောက်ခံနိုင်ရည်ရှိခဲ့တာ ဘာကြောင့်လို့ ထင်သလဲ၊ ခင်ဗျားဆီက မြင့်မြတ်တဲ့ ထင်မြင်ချက်တွေကို ကျွန်တော်တို့ လိုချင်ကြတယ်၊ ခင်ဗျား ချစ်တယ်ဆိုတာ ဘာလဲ၊ ခင်ဗျားဟာ ဘဝမြင့် မာနထောင်ရတာကို မွေးရာပါ အခွင့်အရေးလို့ ထင်နေသလား၊ ခင်ဗျားက ကမ္ဘာကြီးကို ကယ်တင်ချင်လို့သာ ကျွန်တော်တို့အားလုံး သေသွားပေမယ့် ဟိုအခန်းကြီးထဲမှာတော့ နလပိန်းတုံး တွေရှိနေဦးမှာပဲ၊ ကျွန်တော်တို့တစ်ယောက်မှ အရေးမပါတော့ဘူး၊ အချင်းချင်း နှစ်သိမ့် ဖျောင်းဖျရုံပဲရှိတယ်"

"မင်းမှားသွားပြီ၊ မင်းတို့လို သားတွေမွေးပြီး မင်းတို့ကိုငါ ဖွက်ဆီး ခိုင်းခဲ့တဲ့စစ်ဆင်ရေးတွေကြောင့် အပြစ်မဲ့တဲ့ လူ အသက်ပေါင်း မရေမတွက် နိုင်လောက်အောင် ငါ တစ်ဘက်တစ်လမ်းက ကယ်တင်နိုင်ခဲ့ပါတယ်ကွ"





"ဒါပေမယ့် ခရစ္စသေသွားပြီဗျ၊ ကျွန်တော့်ဘက်က ကြည့်ရင်တော့ ဒါဟာ မမျှတတဲ့လဲလှယ်မှုပဲ၊ ကျန်တဲ့ ခင်ဗျားမွေးစားသားတွေကို ကျွန်တော် မသိဘူး၊ သူတို့ကို ကျွန်တော် သဘောကျမယ်လဲ မထင်ဘူး"

ဆောလ်သည် မျက်လုံးမီးဝင်းဝင်းတောက်လျက် အဲလိယော့အား ကြည့်ရင်း စိတ်ကိုမနည်းထိန်းနေရာမှ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းတွင်တွင် ခါရင်း ကန်ဘောင်ပေါ် သို့တက်သွားသည်။

"နေဦး၊ မင်း ငါ့ကို ပစ်မသွားပါနဲ့၊ ငါပြောလို့ မပြီးသေးဘူး"

ဆောလ်က ဆက်လျှောက်သွားဆဲ။

"ပြန်လာခဲ့စမ်း၊ မင်းဘယ်သွားမလို့တုံး၊ မင်းကို ငါသွားခွင့်မပြုနိုင်ဘူး"

ဆောလ်သည် ကမ်းနဖူးအရောက်တွင် နောက်သို့ချာခနဲလှည့်ပြီး

"ကျွန်တော် ခင်ဗျားအမိန့်ကို ဆက်ပြီးနာခံစရာမရှိတော့ဘူး၊ တကယ် တော့ သားတစ်ယောက်အနေနဲ့ အိုမင်းနေတဲ့ ဖခင်ကိုပြုစုယုယသင့်တယ်၊ ကျွန်တော်ကတော့ ခင်ဗျားကြီးကို မသေခင်ကတည်းက ငရဲပြည်ပို့ လိုက်မယ်"

"ဟေ့၊ ငါ့ကို မင်းဒီမှာသတ်ရင် မင်းရှုံးမယ်၊ မင်းပါ သေရမယ်"

"သားဖြစ်သူဟာ ကြီးလာတဲ့အခါ. . ."

". . . . . ."

"ဖအေကိုအနိုင်ယူနိုင်လောက်အောင် ဉာဏ်လဲပိုကောင်းလာတတ် တယ်၊ ခင်ဗျား ထည့်မတွက်ထားတဲ့အချက်က ခင်ဗျားထက် ခရစ္စကို ကျွန်တော် ပိုချစ်တယ်ဆိုတာပဲ"

ဆောလ်က စက်ဆုပ်ရွံမုန်းစွာဖြင့် အဲလိယော့အား နောက်ဆုံး တစ်ကြိမ် စူးစိုက်ကြည့်ပြီး ဆတ်ခနဲ ကျောခိုင်းကာ မြစ်ကမ်းနဖူးမှ ဆောင့်ဆောင့် အောင့်အောင့်နှင့် ထွက်သွားလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၄ )

မြစ်ရေက တသွင်သွင်စီးနေသည်။

အဲလီယော့ မတ်တတ်ထဖို့ ကြိုးစားသည်။ သို့သော် သူ့မှာ ခွန်အား မရှိတော့။ ဒူးတွေချောင်နေသဖြင့် ကန့်ဘောင်ပေါ် ထိုင်ချလိုက်ရသည်။

ဆောလ်နှင့် အငြင်းပွားနေစဉ် မြစ်ကမ်းတစ်ဘက်ရှိ သစ်ပင်အုပ်များ ရှိသည့် ကမ်းပါးဆီသို့ ငုံးမကြည့်မိအောင် မနည်းသတိထားနေခဲ့ရပေသည်။

ယခုမှ သူစိတ်ရှုပ်စွာဖြင့် ထိုနေရာသို့ လှမ်းကြည့်မိသည်။ ကာစတာ နှင့်ပိုလပ်ဖ်တို့ရှိ၏။ ထို့ပြင် အပန်းဖြေစခန်း၏ မန်နေဂျာ၊ သေကြောင်းကြံမှု တစ်ခုကို စစ်ဆေးကြားနာရန်အတွက် ရောက်လာသောအဖွဲ့တွင် ပါလာသော စစ်ဆေးရေး အရာရှိတစ်ဦးနှင့် လက်ဖြောင့်သေနတ်သမားတစ်ဦးတို့လည်း ၎င်းတို့နှစ်ဦးနှင့်အတူ ရှိနေကြ၏။

အဲလီယော့သည် အချက်အလက်အားလုံးကို တွက်ချက်ခဲ့ပြီးသား ဖြစ်သည်။

ဆောလ်မှာ ရွေးစရာနှစ်လမ်းရှိ၏။

ဆင်ခြင် တွေးတောဖို့ နားထောင်မလား။ လူ့ အသက်တောင်ပေါင်း များစွာကို ကယ်တင်ခဲ့ခြင်း အကြောင်းပြချက်သည် ဆောလ်အား တိုက်တွန်းရာ ရောက်သည် မဟုတ်လား။ ထို့အတွက် ခရစ္စဆိုသော လူတစ်ယောက်၏ အသက်တစ်ချောင်းသည် စတေးခံရကျိုးနပ်သည် မဟုတ်လား။

သို့မဟုတ် ဆောလ်သည် မိမိအားသတ်ဖို့ ကြိုးစားပါ့မလား။

အကယ်၍ ဆောလ်သည် ပထမနည်းကို ရွေးချယ်ခဲ့ပါက မိမိသည် မသေမီ အေးချမ်းစွာ နေသွားရမည်။ အဆင်ပြေလျှင် မိမိအလုပ်ကို ပြန်လုပ် ပြီး နောက်ထပ်လူ့အသက်များစွာကို ကယ်တင်နိုင်ဦးမည်။

အကယ်၍ ဆောလ်သည် ဒုတိယနည်းကို ရွေးလိုက်လျှင်ကော။





မိမိအား သတ်ဖို့ကြံသည်နှင့် ၎င်းပစ်သတ်ခံရလိမ့်မည်။ မျက်မြင် သက်သေများရှိသဖြင့် မိမိ အပြစ်လွတ်မည်။ နိဂုံးကတော့ အတူတူပင်ဖြစ်မည်။

သို့သော် တစ်ခုခုတော့ လွဲသွားပြီ။

ဆောလ်သည် ဘယ်နည်းကိုမှ မရွေးခဲ့။ မထင်ထားတာကို လုပ်လိုက် ခြင်းဖြစ်၏။ သူ့ကို အယုံသွင်းလို့မရ။ သို့သော် မိမိအားသတ်ဖို့လည်း သူ မကြိုးစားခဲ့။

ဘာမှ အပြောင်းအလဲမရှိ။

သို့တစေ. . .

သူကြည့်ရတာ ပိုင်ပိုင်နိုင်နိုင်ရှိနေပုံရသည်။ သူ့လှုပ်ရှားမှုများကို သတိထား ချိန်ဆခဲ့သည်။ မိမိအနားသို့ ဆိပ်ကပ်မလာခဲ့။

သူ သိနေလို့လား။

သူ့ကို မိမိတာတ်ထားသမျှထက် ပိုတော်အောင် သင်ပေးခဲ့မိလေ သလား။ မိမိ၏ စိတ်ကူးများကို သူ သိနိုင်ပါသလား။

သိပ်တော့မဖြစ်နိုင်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၅ )

"ခင်ဗျား သူတို့နဲ့ အတူတူ ရှိနေတယ်"

ဆောလ်က ဏာည်ခိုခန်း လှေကားထိပ်၌ ထိုင်စောင့်ရင်း မျက်ကြော ရှုံ့၍ ပြောလိုက်သည်။

"ဟင်၊ ဘာလဲ"

ဒွန်က အုံ့အားသင့်စွာဖြင့် ရပ်လိုက်ပြီး ရွှံ့ပေနေသည့် ရှူးဖိနပ်အဖြူ တစ်ဖက်ဖြင့် အောက်ဆုံးလှေကားထစ်ပေါ် နင်းလိုက်သည်။

"ခင်ဗျား အဝတ်အစားတွေနဲ့ပတ်သက်ပြီး တစ်ခုခုတော့လုပ်သင့်တယ်"

ဒူးပြနေသည့် အနီရောင် ဘောင်းဘီကို ဒွန် ငုံ့ကြည့်လိုက်သည်။ ပြီးတော့ အပြာနုရောင် တလေဇာ ကုတ်အင်္ကျီပေါ်မှ ဆူးကလေးများကို ဆွဲနုတ်လိုက်သည်။

"ကျုပ် အညောင်းပြေလမ်းလျှောက်ထွက်တာပါ"

"သစ်တောထဲမှာ မဟုတ်လား၊ သူတို့နဲ့လေ၊ ကျွန်တော်သိပါတယ်"

ဆောလ်က တင်းနစ်ကွင်း၏တစ်ဘက်ရှိ ကာစတာပိုလပ်ဇ် မနက်က ရဟတ်ယာဉ်နှင့် ရောက်လာသော စစ်ဆေးရေးအရာရှိတစ်ဦးနှင့် ဘိလိယက် ထိုးတံ သို့မဟုတ် စနိုက်ပါ ရိုင်ဖယ်တစ်လက်ပါနိုင်ဖွယ်ရှိသည့် ရှည်မျောမျော လက်ဆွဲသေတ္တာတစ်လုံး ကိုင်ထားသော မျက်ပေါက်ကျဉ်းကျဉ်းနှင့် လူတစ်ဦး တို့ဆီ လက်ညှိုးထိုးပြလာသည်။

အဲလီယော့သည် ငါးမျှားတံများနှင့် ငါးမျှားကိရိယာ သေတ္တာလေးကို ဆွဲလျက် မြစ်ဘက်မှထွက်လာသည်။

"ကျွတ် ကျွတ်၊ သူငါးတစ်ကောင်မှမရခဲ့ပါလား"

"ကျုပ် သူတို့နဲ့ လိုက်သွားတယ်ဆိုတာ ခင်ဗျား ဘာသဘောနဲ့ ပြောတာလဲ"





ဒွန်က မေးလိုက်သည်။

"ကျွန်တော် ဒီကိုရောက်တာတော့ ခင်ဗျားကကျွန်တော့်ကို ညွှဲသည် တစ်ယောက်ကို သတ်ဖို့ကြံစည်နေပါတယ်လို့ ခရီးရောက်မဆိုက် စွပ်စွဲခဲ့တယ်၊ နေ့ခက်ရောတော့ အစောင့်တွေ ရုတ်တရက် ပျောက်သွားတယ်၊ ကျွန်တော်လဲ အဘိုးကြီးရှိတဲ့ မြစ်ကမ်းစပ်အထိ လိုက်သွားတယ်၊ သူက ကျွန်တော့်ကို သတ်ခွင့် ပေးတယ်၊

". . . ဒါပေမယ့် ကျွန်တော်က သူ့ကိုသတ်ဖို့ အစကတည်းက ရည်ရွယ်မထားတော့ သူဘာတွေပြောမှန်းမသိဘူး၊ တကယ်တော့လဲ ကျွန်တော့် အဖေမဟုတ်လား၊ ကျွန်တော်က သူ့ကို တွေ့ချင်လို့လာခဲ့တာ၊ ဒါပေမယ့် သူက ရူးပေါပေါစကားတွေ လျှောက်ပြောနေတာနဲ့ ကျွန်တော်လဲ သူ့အနားက ထွက်လာခဲ့တယ်၊ အဲဒီမှာ ကျွန်တော့်ကိုယ်ရံတော်နှစ်ယောက် ဘွားခနဲ ပြန်ပေါ် လာကြပါလေရောဗျား၊ ကဲ ခင်ဗျား ဘာပြောဦးမလဲ"

ဆောလ်က ဂုဏ်းနှင့် မလှမ်းမကမ်းရှိ မြက်ခင်းပြင်ပေါ်၌ကုလားထိုင်ဖြင့် ထိုင်နေကြသော လူနှစ်ယောက်အား လက်ညှိုးထိုးပြလိုက်သည်။

"ကျုပ် . . ."

"ကြည့်ရတာတော့ အဘိုးကြီးက တမင်အကွက်ဆင်ထားခဲ့ပုံရတယ်၊ သူ့ကို ကျွန်တော် လက်ဖျားနဲ့တို့တာနဲ့ ကျွန်တော်သေမှာပဲ၊ နောက်ပြီး တရားဝင် ဖြစ်အောင်လို့ မျက်မြင်သက်သေတွေလဲ ထားထားမှာပေါ့၊ ကြည့်စမ်း ဒွန်၊ ခင်ဗျား ကျွန်တော့် လုံခြုံရေးအတွက် တာဝန်ယူထားတာ ပေါ့ဆမနေဘူးလားဗျာ"

မန်နေဂျာ ဒွန်၏ရင်ဘတ်ကြီး ဖောင်းလိုက် ပိန်လိုက် ဖြစ်သွား၏။ တစ်စုံတစ်ခုစောဒကတက်ဖို့ ကြံပြီးမှ လက်လျှော့လိုက်သည်။

"ကျုပ် သူတို့နဲ့မလိုက်မဖြစ်လို့ လိုက်သွားရတာ၊ အဘိုးကြီးက ခင်ဗျား သူ့ကိုသတ်မယ်လို့ချည်း ပြောနေတယ်"

"ဘာအထောက်အထားမှမရှိဘဲနဲ့ ခင်ဗျားက သူပြောတာယုံသလား"

"အို သူက စုံစမ်းစစ်ဆေးရေးအဖွဲ့နဲ့ သွားတွေ့တယ်၊ ကျုပ်ငြင်းလိုက်ရင် ကျုပ်တာဝန်မကျေဘူးလို့ သူတို့ ထင်သွားမယ်၊ အခုဟာ စမ်းသပ်မှု လုပ်ကြည့် တာပါ၊ ဒါပါပဲ၊ ခင်ဗျားကဘာမှ မလုပ်ဘူးဆိုရင် ခင်ဗျားလဲ ဘာမှမဖြစ်စေ ရဘူး၊ တကယ်လို့ ခင်ဗျားက သူ့ကိုသတ်ဖို့ကြံရင်တော့ . . ."

"ကျွန်တော် မကြံပါဘူး၊ ကျွန်တော်က ခင်ဗျားတို့ ဆီက အကာ အကွယ်လိုချင်လို့ ပိုက်ဆံတွေအများကြီး ပေးထားတယ်၊ ဒါပေမယ့် ကျွန်တော် မြိမ်းခြောက်ခံနေရတယ်၊ အားလုံးပြောင်းပြန်တွေဖြစ်နေတယ်၊ အဘိုးကြီးက

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ဆက်ချင်နေတယ်ဆိုတာ အခုနပဲ သက်သေပြလိုက်တယ်၊ ကျွန်တော်လဲ သူနဲ့ တန်းတူအခွင့်အရေးရသင့်တယ်၊ ရဖို့တောင်းဆိုတယ်ဗျာ"

"ခင်ဗျားဘာတွေ လာပြောနေတာလဲ၊ ခင်ဗျား အတွက် အစောင့်တွေ ရှိနေပြီပဲ"

"ဘယ်ဟုတ်မလဲ၊ ကျွန်တော်အုကျယ်ချုပ်မိနေတာ၊ သူတို့ကကာကွယ်စောင့်ရှောက်နေကြတာမဟုတ်ဘူး၊ စောင့်ကြည့်နေကြတာ၊ ဒီကာလအတွင်းမှာ အဲလိယော့ဟာ လုပ်ချင်တာ လုပ်လို့ရတယ်၊ ဒါတော့ ဘယ်တရားမလဲ၊ သူ့ကိုလဲ အစောင့်ချထားရမယ်၊ ဒါပေမယ့် သူခေါ်လာတဲ့ ကောင်နှစ်ကောင်တော့ မစောင့်ပါစေနဲ့၊ ခင်ဗျားလူတွေထည့်ပေးလိုက်၊ သူဟာ မိုက်ရူးရဲဆန်တဲ့ အလုပ်တွေ လုပ်မိလောက်အောင် အကြောက်လွန်နေပြီ"

"မဖြစ်နိုင်လိုက်တာ"

"တကယ်လို့ အဲဒီလိုဖြစ်လာရင် ခင်ဗျား နောင်တရမိလိမ့်မယ်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့က ခင်ဗျားကိုမြို့ပြင်မှာပဲ၊ သူ ရူးနေပြီဗျ၊ တကယ်ပြောတာ၊ နောက်ပြီး သူနဲ့ပါလာတဲ့ ဟိုလူမိုက်နှစ်ကောင်ကိုလဲ ခင်ဗျားတို့ မျက်ခြည်မပြတ်ကြည့်နေစေချင်တယ်"

"ကျုပ်မှာ လူအင်အား မလုံလောက်ဘူး"

"နောက်ထပ် အစောင့် ခြောက်ယောက်လောက် မရနိုင်ဘူးလား"

"သုံးယောက်စီ အဆိုင်းခွဲပြီး ချပေးရမှာလား၊ ခင်ဗျားရဲ့ အစောင့်နှစ်ယောက်ပါ ထည့်တွက်ရင် အားလုံးနှစ်ဆယ့်လေးယောက်လိုမယ်၊ ဒီလူတွေကို ကျုပ် တခြားနေရာတွေမှာ အသုံးလိုသေးတယ်ဗျ၊ ဒါက လောလောဆယ်ပြောတာ၊ တခြားဧည့်သည်တွေ တဖြည်းဖြည်းရိပ်မိသွားရင် ဘယ်လိုလုပ်မလဲ၊ သူတို့လဲ အကာအကွယ်လိုချင်ကြမှာပဲ၊ သူတို့အများစုဟာ အငြိမ်းစားမယူခင်က ရန်သူတွေဖြစ်ခဲ့ကြတယ်၊ သူတို့ဟာ ဒီအပန်းဖြေစခန်းအပေါ် ယုံကြည်စိတ်ချမှုရှိလို့သာ ညကျ အိပ်လို့ပျော်ကြတာ၊

"... တကယ်လို့ အပန်းဖြေစခန်းရဲ့ ဘာက်မလိုက်မှုဟာ ထိပါးချိုးဖောက်ခံလိုက်ရပြီလို့ သူတို့ယူဆကြတဲ့အခါ ဘယ်လိုဖြစ်ကုန်မလဲ၊ ဧည့်သည်အားလုံး သွားလေရာကို အစောင့်တွေက တကောက်ကောက် လိုက်နေရမှာလား သက်တော်စောင့်တွေ ခြေချင်းလိမ်နေမှာပေါ့၊ အပန်းဖြေစခန်းဆိုတာ ထိတ်ဆိတ် အေးချမ်းမှုရှိနေရမယ်"

"ကျွန်တော့်ကို စောင့်ကြည့်ဖို့ ခင်ဗျားလူတွေကို တာဝန်ပေးထားမှန်း တခြား ဧည့်သည်တွေ သတိမထားမိဘူးများ ထင်နေသလား၊ မနက်တုန်းက





ကျွန်တော် စားသောက်ခန်းထဲမှာ မနက်စာ သွားစားတော့ အဲဒီမှာရှိနေတဲ့ ဧည့်သည်အားလုံးက ကျွန်တော့်အစောင့်တွေကို တစ်ချက်ကြည့်ပြီး ထပြောင်းကုန်ကြတော့တာပဲ"

"ခင်ဗျားဒီကိုရောက်တာမှ နှစ်ရက်တည်း ရှိသေးတယ်"

"အဲဒါ ဘာဖြစ်လဲ"

"အနှစ်လေးဆယ်လုံးလုံးကျင့်သုံးခဲ့တဲ့ထုံးတမ်းစဉ်လာတွေကို ခင်ဗျားက စော်ကားလာပြီ"

"အဲဒါ ကျွန်တော်မဟုတ်ဘူး၊ အဲလိယော့နဲ့ ခင်ဗျားပါ၊ ဟိုအစောင့်ခွေးတွေကို ကျွန်တော် တောင်းခဲ့သလား၊ အဲလိယော့နဲ့ ကျွန်တော်နဲ့ တစ်ပြေးညီဖြစ်ရမယ်၊ ကျွန်တော့်နောက်က ရှုပ်ဒိုးလိုက်ရင် သူ့ကိုလဲ ရှုပ်ဒိုးလိုက်ရမယ်၊ ဒါပဲ"

"သူ့ကို ကျုပ်အစောင့်တွေမချပေးနိုင်ဘူး၊ ဒီရှုသွပ်မှုဟာ အရှိန်မြင့်လာလို့ မဖြစ်သေးဘူး"

"ခင်ဗျားရွေးစရာ တစ်လမ်းပဲရှိတယ်"

"ဘာလဲ"

"ပြောင်းပြန်လုပ်လိုက်၊ ခင်ဗျား အစောင့်ခွေးတွေ ပြန်ရုပ်သိမ်းလိုက်'

www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

အဲလိယော့သည် ကာစတာနှင့်ပိုလပ်ဇ်တို့ခြံရံလျက် ဖန်လုံအိမ်ထဲသို့ ဝင်လာသည်။

ဖန်လုံအိမ် ဆောက်လုပ်မှု အပြီးသတ်ဖို့ သူ စိုးရိမ်တကြီး စောင့်နေခဲ့ရ၏။ သူ့နှင်းဆီများဆီသို့ ချစ်သူနှင့် လာတွေ့သလို ရင်ခုန်စွာဖြင့် သူချဉ်းကပ်သွားသည်။ သို့သော် ဖန်လုံအိမ်ထဲ၌ လူတစ်ယောက် ရောက်နေသည်။

ဖန်လုံအိမ်၏ အဆုံးဘက်တွင် စားပွဲခုံအောက်မှ မတ်တတ်ထရပ်လိုက်သော လူသည် ရုတ်တရက် နောက်ပေါက်သို့ ကုပ်ကုပ်ကလေး ပြေးထွက်သွားသည်။

အဲလိယော့ မျက်မှောင်ကုတ်ပြီး

"ဟေ့ နေဦး၊ မင်းဘာလာလုပ်. . ."

အဲလိယော့ တံခါးပြေးဖွင့် ကြည့်လိုက်ရာ တည်းခိုဆောင်ကြီးဆီသို့ ပြေးလမ်းအတိုင်း ရှရှပြေးသွားလျက်ရှိသည့် ဆောလ်အား မြင်ရသည်။

"ပြန်လာခဲ့စမ်း"

ဆောလ်က အရှိန်မြှင့်၍ ပြေးသည်။

"သူ ဘာလာလုပ်ပါလိမ့်၊ ဟော့ စားပွဲအောက်ကို ရှာကြည့်စမ်း"

အဲလိယော့က ကာစတာနှင့် ပိုလပ်ဇ်တို့အား လှည့်ပြောလိုက်သည်။

ကာစတာက ဒူးထောက်ပြီး စားပွဲအောက် လှမ်းနိုက်ကြည့်သည်။

"ဝါယာကြိုးတွေ"

ဟု မတိုးမကျယ်ပြောလိုက်၏။

"ဟော. . ."

အဲလိယော့လန့်သွားပြီး စားပွဲအောက်သို့ ငုံ့ကြည့်သည်။

နှင်းဆီ စိုက်ခင်းဆီသို့ စားပွဲအပေါက်မှ သွယ်တန်းထားသော အနီနှင့် အနက် ဝါယာကြိုးနှစ်ချောင်းကို တန်းလန်းတွေ့ရ၏။





"ဘုရားသခင်"

"ဗုံးတော့မဟုတ်ဘူး၊ ဒီနေရာမှာ မရှိဘူး"

ပိုလပ်ဇ်က ပြောလိုက်သည်။

"လင်းဒစ်ရှ်ကို သူ ဒီနည်းနဲ့ သတ်ပစ်ခဲ့တာကွ၊ လုံခြုံရေးကို ခေါ်လိုက်စမ်း၊ သူ ဒီခြံကထွက်သွားရင် တားခိုင်းလိုက်၊ ကဲ ငါဒီကောင့်ကိုမိပြီကွ၊ ငါ့ကို သူသတ်ဖို့ကြံတာ သက်သေပြနိုင်ပြီ"

အဲလိယော့က မတ်တတ်ပြန်ရပ်ပြီး အားရဝမ်းသာ ပြောလိုက်သည်။ သူ့မျက်လုံးတွေတောက်ပနေ၏။

ကာစတာက တယ်လီဖုန်းဆီ ပြေးသွားသည်။

"သူက ငါ့ကိုယှဉ်လို့ရမယ် ထင်နေတာ၊ ကြည့်စမ်း၊ သူလုပ်လို့ မပြီးခင် ငါရောက်လာပေလို့ပေါ့၊ ဟား ဟား ဟား ငါနိုင်သွားပြီ၊ မန်နေဂျာကို ဒီကိုခေါ် လိုက်စမ်း"

အဲလိယော့က တယ်လီဖုန်း ဆက်နေသော ကာစတာ့အား အမိန့်ပေးလိုက်သည်။

"ဗုံးတွေ သူဘယ်ကရမလဲ"

ပိုလပ်ဇ်က မေးသည်။

"မင်းယူမယ့်နေရာကပဲပေါ့ကွ၊ မင်း ဘေးဘီ ကြည့်ပါလား၊ ဒီထဲက မြေဩဇာတွေ၊ ရေညှိ တွေကိုသုံးပြီး ဆေးဆိုင်က ဓာတုပစ္စည်းတချို့ရောစပ်ပြီး ဗုံးလုပ်ရင် ရတာပေါ့၊ သူ့အတွက် ဓာတ်ခဲတွေရရင် လုံလောက်ပြီ၊ ကဲ ဓာတ်ခဲတွေဝိုင်း ရှာပေးကြစမ်း"

အဲလိယော့က နှင်းဆီပင် စိုက်ထားသည့် မြေကြီးထဲသို့ လက်ထိုးနှိုက်လိုက်သည်။

ပိုလ်ဇ်သည် အူကြောင်ကြောင် ငေးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၇ )

ဒွန်ရောက်လာသောအခါ ပါးစပ်အဟောင်းသားဖြစ်သွား၏။

ဖန်လုံအိမ်ကို အဲလီယော့စိတ်တိုင်းကျ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ အကောင်းစားပစ္စည်းတွေချည်း သုံးခဲ့သည်။ ရှားပါးသည့် နှင်းဆီမျိုးများ စိုက်ပေးခဲ့သည်။ ယခု အားလုံးပျက်စီးသွားပြီ။ အဲလီယော့သည်ဝါယာကြိုးများ စတွေ့သည့် စိုက်ခင်းကိုနှိုက်ကြည့်ပြီး ဝါယာကြိုးသွယ်ထားသည့် လမ်းကြောင်းတစ်လျှောက် ဆက်လက်၍ ဖော်ထုတ်ခဲ့သည်။ နှင်းဆီစိုက်ခင်းတစ်ခုပြီးတစ်ခု မြေလှန်ဖွယ် ပစ်လိုက်ရသည်။

သူတစ်ကိုယ်လုံး သဲတွေဖုန်တွေ ပေရေပြီး နှင်းဆီပန်းတွေလည်း ပြန့်ကျဲသွားသည်။

သူ ဖုံးထောင်သွားတယ်၊ ဘယ်မှာရှိမလဲ၊ ငါတွေ့အောင်ရှာမှဖြစ်မယ်”

မြေကြီးများကို ယက်ထုတ်ရင်း နံရံမှန်ချပ်ကို သူ ဝင်တိုက်မိသည်။

ကာစတာနှင့် ပိုလပ်ဇ်က သူ့ကိုပြေးပြီး ထိန်းကြသည်။

“သူ့ ဘယ်မှာ ထားသွားလဲ”

အဲလီယော့က သူ့သားနှစ်ယောက်ကို တွန်းထုတ်ပြီး ဝါယာကြိုးကို အားကုန်ဆောင့်ဆွဲလိုက်ရာ ကြိုးပြတ်ထွက်လာသဖြင့် သူနောက်သို့ယိုင်သွားသည်။

ကြိုးထိပ်စမှာ ဘာမှမရှိ။

“ဘုရားရေ၊ လက်စသတ်တော့ သူဘာမှ ထားမသွားပါလား၊ ခွေးမသား လူလည်”

အဘိုးကြီး အဲလီယော့ ငိုသံပါနှင့် ရေရွတ်ရင်း ကြမ်းပြင်ပေါ်သို့ ဖင်လျှောချလိုက်သည်။

◆

## ( ၁၈ )

ငါတော့ သည်းမခံနိုင်တော့ဘူး၊ ဒီလိုစတန့်မျိုးတော့ တော်ပါပြီ။ သူ ဒီလိုပဲ ဆက်ပြီး ဒုက္ခပေးဦးမှာပဲဟု ဒွန်တွေးလိုက်သည်။ ဖန်လုံအိမ်၌ နောက်ပိုင်းဖြစ်ပျက်ခဲ့သမျှ စိတ်ညစ်စရာ ကိစ္စများကို သူ တစ်နာရီလောက် အချိန်ကုန်ခံ ဖြေရှင်းခဲ့ရသည်။

အဲလီယော့အား ဆရာဝန်က စစ်ဆေးပြီး အခန်းသို့ ပြန်ပို့ပေးလိုက်ကြသည်။ ဖန်လုံအိမ်ထဲမှာ ဗုံးရှိမရှိသေချာအောင် ဗုံးရှာဖွေရေး ကျွမ်းကျင်သူများက စစ်ဆေးပေးခဲ့ရသည်။ ယခုမှ သူ လွတ်ရာကျွတ်ရာသို့ ထွက်လာနိုင်ခဲ့၏။ အားလာစားရုံသို့ တန်းသွားပြီး အစောင့်အားပြောလိုက်သည်။

“ဒီမှာ ဂရစ္စမင်းရှိတယ်ဆို”

“သူ ဒီကပြန်သွားတာ တစ်မိနစ်လောက်ရှိသွားပြီ”

ဒွန်က တံခါးပြန်ပိတ်လိုက်သည်။ ဓာတ်လှေခါးကို မစောင့်နိုင် သဖြင့် ရိုးရိုးလှေခါးက ပြေးတက်သွားသည်။

ဒီမှာ ဂရစ္စမင်း အဝတ်လဲဦးမည်။

ဒွန် ချွေးပြန်လာသဖြင့် လေ့ကျင့်ခန်းပြန်လုပ်ဖို့ သတိရလာသည်။

တတိယထပ်သို့ ရောက်ရောက်ချင်း ဆောလ်ဂရစ္စမင်း သူ့ အခန်းထဲ ဝင်သွားတာ ရိပ်ခနဲ တွေ့လိုက်ရသည်။

“ဟေ့ ရပ်လိုက်စမ်း၊ ခင်ဗျားနဲ့ကျုပ် စကားပြောစရာ ရှိတယ်”

သို့သော် ဂရစ္စမင်းမကြားပေ။

သူ အခန်းတံခါးကို ပြန်ပိတ်လိုက်၏။

“ခွေးမသား”

ဒွန်က စင်္ကြံလမ်းအတိုင်း လျှောက်သွားသည်။

ဆောလ်၏အခန်းသို့ မရောက်မီ နှစ်ခန်းအလိုတွင် ဝုန်းခနဲပေါက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com



မှကြောင့် သူလေထဲသို့ မြောက်တက်သွားသည်။ သူ့ နားတွေအူနေစဉ် ဆောလ်အခန်းတံခါးမှာ ဝုန်းခနဲပွင့်ထွက်သွားသည်။

ဒွန်က တံခါးပေါက်သို့ လေးဖက်ထောက်သွားသည်။

စည့်သည်များတံခါးဖွင့်ထွက်လာသော်လည်း သူ ဂရုမစိုက်အားပေ။

"ဂရုစွမင်း"

ကန့်ခာတ်အနံ့ကို ရှူရှိုက်ရင်း ဆောလ်အခန်းထဲ သူဝင်သွားသည်။ တစ်ခန်းလုံး ပျက်စီးသွားပြီ။

ခာတ်စက်၊ တီဗွီနှင့်ကွန်ပျူတာတို့ ကြေမွသွား၏။ နံရံများ မည်းသွားသည်။ ခုတင်ပေါ်မှာ ရဲတောက်နေသည့် မီးသွေးခဲများ။ မီးဘေးအချက်ပေးကိရိယာက အသံမြည်နေသည်။

"ဂရုစွမင်း"

ဒွန်က အော်ခေါ်ရင်း ရေချိုးခန်းထဲ ချောင်း တဟွပ်ဟွပ် ဆိုးလျက်ပြေးဝင်သွားသည်။

ကြမ်းပြင်ပေါ်မှာ ဆောလ်လဲကျနေ၏။

အသက်ရှူနေဆဲပို့ တော်ပါသေးရဲ့။

◆

( ၁၉ )

"ခင်ဗျားတကယ်ပြောနေတာလား၊ ကျုပ်လက်ချက်လို့ ခင်ဗျား ထင်နေ. . ."

"ခင်ဗျားမဟုတ်ရင် သူတို့ဖြစ်မှာပေါ့"

ဒွန်က ကာစတာနှင့်ပိုလပ်ဇ်တို့အား လက်ညှိုးနှင့် ထိုးပြလိုက်သည်။

"ဗုံးကို သူ့ ဘာသာသူလုပ်တာ"

အဲလီယော့က ပြောသည်။

"ပြီးတော့ သူ့ဘာသာဖောက်ခွဲလိုက်တယ်ပေါ့၊ ပေါက်ကရ ကံကောင်းလို့ သူ မသေတာယ်"

"ဟုတ်လား၊ ဒီဥစ္စာ ကစားနေတယ်များ မှတ်လား၊ ဗုံးမဖောက်ခင် ရေချိုးခန်းထဲ ဝင်ပုန်းနေခဲ့တာ၊ ရှင်းနေတာပဲ"

"ဘာလို့ သူ့ဘာသာ ဗုံးဖောက် လုပ်ကြံရမှာလဲ"

"ကျုပ်ကို အပြစ်လွှဲချချင်လို့ပေါ့ဗျ၊ ဖန်လုံအိမ်ထဲမှာ ဝါယာကြိုးတွေ မြုပ်ခဲ့တာက သူ့ကို ကျုပ်သတ်ချင်စိတ်ပေါက်လာအောင် တမင်သက်သက် ကလိန်စေ့ငြမ်းဆင်တာ"

"ဒါမှမဟုတ် အဲဒီဝါယာကြိုးတွေကို ခင်ဗျားဘာသာ မြုပ်တာလဲ ဖြစ်နိုင်တာပဲ၊ အထင်လွဲအောင်လုပ်ဖို့လေ၊ သူ ဗုံးတွေနဲ့ လျှောက်ဆော့ နေပါတယ်လို့ မသင်္ကာဖြစ်အောင်လုပ်ပြပြီး' တစ်လုံးက တကယ်ပေါက်သွားတဲ့ သဘောပေါ့"

"ခင်ဗျား တုံးလှချည်လား၊ ကျုပ်ထောင်ထားတဲ့ ဗုံးထိရင် သူ မသေနိုင်ဘူးများမှတ်နေလား"

"ဒီက စည်းကမ်းချက်တွေအရ တကယ်လို့ ဧည့်သည်တစ်ဦးဟာ ဒုက္ခသိပ်ပေးလာခဲ့ရင် ကျုပ်ငွေပြန်အမ်းလို့ရတယ်၊ အခုဗုံးပေါက်မှုကို စစ်ဆေးကြားနာဖို့ အမိန့်ပေးလိုက်ပြီ၊ ဘယ်သူ အပြစ်လဲ ကျုပ်မသိဘူး၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဆန္ဒကတော့ ခင်ဗျားတို့ သားအဖနှစ်ယောက်က ကိုယ့်ပြဿနာကိုယ် တခြားတစ်နေရာရာမှာ သွားရှင်းကြရင် ကောင်းမယ်ဗျာ"

◆

( ၂၀ )

ဆောလ်သည် ဧည့်ခန်းဆောင်ကြီးထဲ၌ ယောင်ပေပေလုပ်ရင်း ဓာတ်လှေကား နှင့် ရိုးရိုးလှေကားဆီသို့ ငေးကြည့်နေသည်။

ဗုံးပေါက်စဉ်က အရှိန်အဟုန်ကြောင့် သူ့အသားတွေပူစပ်ပူလောင် ဖြစ်နေသော်လည်း သူ ဂရုမစိုက်အား။ သူ့ စိတ်တွေ သိပ်လှုပ်ရှားနေသည်။ အပြေးဖိနပ်များ ပြသထားသည့် မှန်ပြတင်းကြီးရှေ့တွင်ရပ်ကာ ဖိနပ်များကို ငေးကြည့်ချင်ယောင်ဆောင်ရင်း စားသောက်ခန်း၏ ဝင်ပေါက်ကို မှန်ချပ်ထဲမှ တစ်ဆင့် အကဲခတ်နေသည်။

ခုနှစ်နာရီထိုးသောအခါ သူ စောင့်ရကျိုးနပ်သွား၏။ အဲလိယော့ သည် ကာစတာနှင့် ပုလပ်ဇ်တို့ ခြံရံလျက် လှေကားမှ ဆင်းလာပြီး စားသောက် ခန်းကြီးထဲ ဝင်သွားကြသည်။

ဆောလ်က တစ်မိနစ်စောင့်ပြီး ဝင်လိုက်သွားသည်။

စားသောက်နေကြသည့် ဧည့်သည်များသည် သူတို့လေးယောက်ကို မြင်မြင်ချင်း ကြွေပျက်ကုန်ကြသည်။ ဧည့်သည်အတော်များများက ငွေရှင်းပြီး ထပြန်သွားကြသည်။ တင်းမာနေသည့် အခြေအနေကိုရိပ်မိသောကြောင့်ဖြစ် ၏။ အချို့က အထဲဝင်လာပြီးမှ စားသောက်ခန်းအတွင်းကို တစ်ချက်အကဲခတ် ပြီး ဧည့်ခန်းသို့ ပြန်ထွက်သွားကြသည်။ အခန်းကြီးမှာ အပ်ကျသံကြားရ လောက်အောင် တိတ်ဆိတ်သွား၏။

အဲလိယော့သည် ဝင်ပေါက်ကိုမျက်နှာမူ၍ထိုင်ရင်း ဆောလ်ကို မျက်စိလွှဲထားကာ ဟင်းလျာစာရင်းကတ်ပြားကို ဖတ်နေသည်။ ကာစတာနှင့် ပုလပ်ဇ်ကိုလည်း ဟန်မပျက်စကားပြောနေသေးသည်။

"ဟောဟိုစားပွဲမှာ ကျွန်တော်ထိုင်ချင်တယ်"

ဆောလ်က စားပွဲထိုးဦးစီးကို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဟိုထောင့်က စားပွဲမှာ ထိုင်ပါလားဆရာ"

"ဟင့်အင်း၊ ဟိုအဘိုးကြီးနဲ့တည့်တည့်စားပွဲကို ကျွန်တော်ကြိုက်တယ်"

ဆောလ်က စားပွဲထိုးဦးစီးအား စာဒကတက်ခွင့် မပေးတော့ဘဲ အဲလိယော့နှင့် ခြောက်ပေသာကွာသည့် စားပွဲ၌ဝင်ထိုင်ကာ ၎င်းအား စိုက်ကြည့်နေလိုက်သည်။

အဲလိယော့က သူ့ကို ဂရုမစိုက်။ အခြားဧည့်သည်များ ထသွားသည်။ သူတို့ပတ်လည်မှာ စားပွဲခုံလွတ်တွေချည်း ကျန်တော့သည်။

ဆောလ်က အဲလိယော့ကို ကြည့်နေဆဲ။

အဲလိယော့ ရေသောက်လိုက်သည်။

ဆောလ်လည်းရေသောက်သည်။

အဲလိယော့က ပေါင်မုန့်ကို ဖဲ့လိုက်သည်။

ဆောလ်လည်း သူ့ ပေါင်မုန့်ကို ဖဲ့လိုက်သည်။

နှစ်ယောက်စလုံး ပေါင်မုန့်ကို ငြိုင်တူဝါးကြသည်။

အဲလိယော့က ပါးစပ်ကို လက်သုတ်ပဝါနှင့် သုတ်လိုက်သည်။ ဆောလ်လည်း သူ့အတိုင်းလိုက်လုပ်သည်။ မျက်လုံးတွေက အဲလိယော့ဆီမှမခွာ။

အဲလိယော့အား ခရစ္စ၏ လှည့်ကွက်တစ်ခုသုံး၍ ပြိုင်ဆိုင်နေရခြင်းအတွက် ဆောလ်ပျော်နေသည်။

ခရစ္စသည် ဆောလ်အား သူဘုန်းကြီးဝတ်ခဲ့သည့် ဘုန်းကြီးကျောင်းမှ အတွေ့အကြုံတစ်ခုကို ပြောပြခဲ့ဖူးသည်။

"အဲဒီမှာတချို့က ဘုန်းကြီးဆက်ဝတ်ချင်ပေမယ့် တချို့က လူထွက်ချင်တယ်၊ ဒါပေမယ့် သူတို့ဖွင့်ပြောဖို့ သတ္တိမရှိဘူး၊ ဒီတော့ သူများတွေကို အနှောက်အယှက်ပေးကြတယ်၊ အကောင်းဆုံးနည်းကတော့ ညစာစားတဲ့အခါ ကိုယ့်အဖော်ကို ပြောင်လှောင်ကြတဲ့နည်းပဲ၊ ကိုယ့်အဖော်နဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး သူလုပ်သမျှအားလုံး ပုံတူလိုက်လုပ်ရတယ်၊ အဖော်က ဘာမှလုပ်လို့မရဘူး၊

". . . ကိုယ်က ထပ်တူထပ်မျှ အတုခိုးလုပ်ပြနေတဲ့အတွက် ပြိုင်ဘက်ဟာ ချောင်ပိတ်မိရော၊ ကိုယ်က သူ့နောက်ကလိုက်ရင် သူကလဲ ကိုယ့်နောက်ကလိုက်လာရုံပဲ၊ ဒီပုံစံကို သူမဖျက်ရဲဘူး၊ ကြာတော့ သူရူးချင်လာရော၊ ဒါနဲ့သူက ကျောင်းထိုင်ဆရာတော်ဘုန်းကြီးတွေကို သွားတိုင်မယ်၊ ခက်တာက ကိုယ်က ပြဿနာရှာသူလား၊ ဒါမှမဟုတ် အဲဒီလူကပဲ စိတ်ကူးယဉ်တာလားဆိုတာ ကျောင်းထိုင်ဆရာတော်ကြီးက မခွဲခြားတတ်ဘူးကွ"

ဆောလ်သည် အဲလိယော့ လှုပ်ရှားမှုအားလုံးကို လိုက်လုပ်နေသည်။





မေးစေ့ကို လက်နှင့်ပွတ်သည်။

မျက်ခုံးတစ်ဖက်ကို လက်သည်းနှင့်ကုတ်သည်။

စိတ်ပျက်စွာ သက်ပြင်းချသည်။

ဆယ်မိနစ်ကြာသွား၏။

အဲလိယော့သည် လက်သုတ်ပဝါကို ရုတ်တရက်ပစ်ချပြီး ကာစတာ၊ ပိုလပ်စ်တို့နှင့်အတူ ဧည့်ခန်းမဆီသို့ ဆောင့်ဆောင့်အောင့်အောင့်နှင့်ထွက်သွားလေသည်။

"သူ ဘာများစားမိလို့ပါလိမ့်"

ဟု ဆောလ်က လူတစ်ယောက်မျှမရှိသော စားသောက်ခန်းကြီးထဲ၌ တစ်ယောက်တည်းပြောလိုက်သည်။

◆

www.burmeseclassic.com

## ( ၂၁ )။

ညသည်လာသည်ဆိုသဖြင့် သူညနေခင်းမသို့ ဆင်းလာသည်။ ဘယ်သူများပါလိမ့်။ လိုအပ်သည့်စာရွက်စာတမ်းများ ထုတ်ပြနိုင်ပြီး လက်နက်သယ်ဆောင်လာခြင်း မရှိသည့် ညသည်များအား ဤစခန်းသို့ ဝင်ခွင့်ပြုထားပေသည်။ သို့သော် မိမိအား လာတွေ့လိုသူ ဘယ်သူရှိလို့လဲ။

အဲလိုဆိုယော့ လက်တုံ့ပြန်ခြင်းလား။

ညသည်ကို တွေ့ရသောအခါ သူ့ရင်ထဲမှာ ဆို့နင့်နင့် ဖြစ်သွား၏။

"အဲရစ်ကာ၊ မင်း . . . ဘယ်က ဘယ်လို. . ."

အရောင်မှိုင်းမှိုင်းစကာ့တ်နှင့် အဝါရောင်စွပ်ကျယ်တို့ကို ဝတ်ထားသည့် အဲရစ်ကာသည် ပြုံးပြရင်း သူ့ဆီ လျှောက်လာပြီး သိုင်းဖက်လိုက်သည်။

"ရှင်မသေသေးလို့ တော်ပါသေးရဲ့"

သူမ၏ လက်မောင်းနှစ်ဖက်ကြား၌ ရောက်နေသဖြင့် သူ အသက်ရှူကျပ်သွားသည်။

နာရီများလည်း ရပ်တန့်သွား၏။

"မင်း ဒီကိုလိုက်လာတာ ကိုယ်ဖြင့် ယုံတောင် မယုံဘူး၊ အော်လစ်တစ်ယောက်ကော ဘယ်လိုဖြစ်. . ."

သူက တုန်ခါလျက် စိတ်ရှုပ်စွာဖြင့် နောက်သို့ ပြန်ဖိထားလိုက်သည်။

"သူ သေသွားပြီ၊ သူအသတ်မခံရခင် ကျွန်မကို သူ လွတ်အောင် လုပ်ပေးခဲ့တယ်၊ ရှင်ဘယ်သွားလဲဆိုတာ သူ ပြောပြလိုက်တယ်၊ ကျွန်မ နောက်မှ အဲဒါတွေရှင်းပြမယ်နော်၊ နေပါဦး၊ ရှင် ဘယ်လိုဖြစ်တာလဲ"

အဲရစ်ကာက ဆောလ်မျက်နှာကို မျက်မှောင်ကုတ်၍ကြည့်ကာ စိုးရိမ်တကြီး မေးလိုက်သည်။

"အပူဟပ်ခံရတဲ့ ဒဏ်ရာတွေလေ၊ တော်ကြာကျမှ ကိုယ်ရှင်းပြမယ်ကွာ"





ဆောလ်က သူ့ ပါးစပ်နှစ်ဖက်ကို လက်နှင့်စမ်းကြည့်ပြီး ညနေခင်းကို မျက်စိကစားကာ ရယ်ကျဲကျဲနှင့် ပြောလိုက်သည်။

သို့သော် သူမက ခေါင်းခါပြီး မျက်မှောင် ပိုကုတ်သွားသည်။

"အပူဟပ်ရုံတင်မကဘူး"

ဘာရှိသေးလို့လဲ"

"ရှင့်မျက်လုံးတွေကြည့်ရတာ တစ်မျိုးပဲ၊ ကျွန်မ ဘယ်လိုပြောရမှန်းတောင်မသိဘူး"

"ပြောချင်သလိုသာပြော"

"ရှင့်မျက်လုံးတွေက ရင့်ရော်သွားသလိုပဲ"

ဓာတ်လိုက်ခံရသလို သူ့မျက်နှာရှုံ့သွား၏။ သူ စိတ်ညစ်သွားသဖြင့် စကားလမ်းကြောင်းပြောင်းချင်စိတ် ပေါက်လာသည်။

"ကဲ သွားစို့၊ မင်းကို ခြံထဲလိုက်ပြဦးမယ်"

သူက ဣန္ဒြေမပျက် ပြောလိုက်သည်။

နေက ခပ်ပြင်းပြင်းပူနေသည်။

ရေပန်းနံဘေးရှိ ကျောက်ပြားဖြူဖြူခင်းထားသည့် လမ်းကလေးပေါ်မှ လျှောက်သွားစဉ် သူ ခေါင်းကိုက်နေသည်။

သို့သော် သူမ စကားကို သူ မမေ့လို့မရ။

"ကိုယ် ဆိပ်အိပ်မပျော်လို့ပါ"

သူမက သူ့ကို စိတ်ပူသောမျက်နှာထားနှင့် ရင်ဆိုင်လိုက်ပြီး

"ရှင့်ပါးတွေ ဘယ်လိုဖြစ်တာလဲ"

"ဘာဖြစ်လို့လဲ"

"ကြမ်းတော်တော်ကြီးဖြစ်နေတယ်၊ ရှင် ပိန်ကျသွားတယ်၊ အသားကလဲ ဖြူရော်ရော်နဲ့၊ ရှင် နေမကောင်းရဲ့လားဟင်"

"ကိုယ် ဟိုဒင်း. . . အဲ. . ."

"ဘာလဲ"

"သူ့ကို ကိုယ်အနိုင်ရတော့မလို့ နည်းနည်းလိုသွားတယ်ကွာ"

သူ့ မျက်လုံးတွေ လင်းလက်လာသည်။ သို့တစေ အရောင်က မညီးနက်နေဆဲ။

သူမက သူ့ကိုအံ့အားသင့်စွာဖြင့် စိုက်ကြည့်နေသည်။

"နက်ဖြန် အမှုစစ်ဆေးကြားနာကြလိမ့်မယ်၊ ကိုယ်တို့ကို ဒီနေရာကနှင်ထုတ်ဖို့ သင့်မသင့် ဆုံးဖြတ်ကြလိမ့်မယ်၊ အဲလိုယော့ ခြံပြင်ကိုရောက်တား



www.burmeseclassic.com

www.burmeseclassic.com



နဲ့. . ."

"ရှင် ခံစားရတဲ့ဒုက္ခတွေနဲ့မတန်ဘူး၊ လုပ်ရကျိုးမနပ်ပါဘူး၊ ရှင်ပြောင်းလဲသွားပြီ၊ တောင်းပန်ပါတယ်၊ ရှင်ဒီက ထွက်သွားပါတော့၊ ကျွန်မမှားပါတယ်၊ ကျွန်မတို့တွေ. . ."

"ဟင့်အင်း ကိစ္စ မပြတ်မချင်း ကိုယ်မပြန်ဘူး"

"ဘယ်တော့မှ ပြတ်မှာ မဟုတ်ဘူး၊ ကျွန်မပြောတာ နားထောင်၊ ကလဲ့စားချေဖို့ ကျွန်မရှင့်ကိုပြောခဲ့တယ်၊ ကျွန်မ မှားသွားတယ်"

"အို မင်းမမှားနိုင်ပါဘူး"

"ရှင် ရှုံးမှာပဲ"

"ကိုယ်မသေရင် ဘယ်ရှုံးမှာလဲ"

"ဘာပဲဖြစ်ဖြစ် မထူးပါဘူး၊ အခုလုပ်နေတာက အလုပ် သဘောမဟုတ်ဘူး၊ ကိုယ်ရေးကိုယ်တာ၊ ဒါမျိုးလုပ်ဖို့ ရှင်စိတ်မခိုင်ဘူး၊ တစ်သက်ခံစားလို့ဆုံးမှာမဟုတ်ဘူး"

"ကိုယ့် ညီအတွက် ကလဲ့စားချေမိတဲ့အတွက်လား"

"မဟုတ်ဘူး၊ ရှင့်အဖေကို သတ်ပစ်တဲ့အတွက်၊ ရှင့်ကိုပုံသွင်းခဲ့တာက သိပ်ကောင်းလွန်းနေတယ်လေ"

"အေး သူကလဲ အဲဒါကိုထည့်တွက်ထားတာ၊ ဒါပေမယ့် ကိုယ် သူ့ကိုနိုင်နေပြီ"

သူ့ အသံက မုန်းတီးမှုဖြင့်ခက်ထန်နေသည်။

မိမိ ဤနေရာမှ ထွက်ခွာမှုဖြစ်မည်ဟု အဲရစ်ကာ ရုတ်တရက် သဘောပေါက်သွားသည်။ ဤစခန်းသည် သချိုင်းနှင့်တူလာပြီ။ သူမ တစ်ခါမှ ဤသို့စိတ်ပျက်ရွံမုန်းမှုမျိုး မဖြစ်ခဲ့ဖူးပါ။

မိမိနှင့် အတူလိုက်ဖြစ်အောင် သူ့ကိုစည်းရုံးချင်သည်။

မူလက တစ်ညအိပ်ဖို့ မှန်းထားသော်လည်း ယခုတော့ နေ့ချင်းပြန်ရတော့မည်။

နှစ်ယောက်သား ခွဲခွာခဲ့ပြီးနောက် ဘာတွေ ဖြစ်ပျက်ခဲ့ကြောင်း တစ်ယောက်တစ်လှည့်စီ ပြန်ပြောပြကြသည်။ တည်းခိုခန်းသို့ပြန်သွားပြီး ဆောလ်၏အခန်းသို့ တက်သွားကြသည်။ ကာမဂုဏ်ခံစားဖို့ကိစ္စကို သူမ သိပ်စိတ်မဝင်စား။

သူ့ ဝိညာဉ်ကို ကယ်တင်ဖို့ သူ့ကိုသိမ်းသွင်းဖို့ပဲ ဆန္ဒရှိသည်။

အိပ်ရာပေါ်၌ တစ်ဦးကိုတစ်ဦးဖက်ထားရင်း သူ ရုတ်တရက်လန့်ပြီး





တစ်ကိုယ်လုံး တုန်ခါလာသည်။

မဖြစ်နိုင်မှန်း သူသိ၏။

သို့သော် သူ့ဘေးမှာ ခရစ္စလာလှဲနေပါကလား။

အသက်မဲ့သည့် ခရစ္စ၏ မျက်လုံးများက သူ့ကို အပြစ်တင်သလို စိုက်ကြည့်နေကြသည်။ ဆောလ် လိပ်ပြာမလုံတော့။

ငါဒီမှာ မရှိသင့်ဘူး။ အဲလိယော့နောက် လိုက်ချောင်းနေရမယ်။

သို့သော် အထီးကျန်မှုက သူ့ကို စိုးမိုးနေဆဲ။ အဲရစ်ကာနှင့်အတူ ခုတင်ပေါ်၌ချစ်ပြုဟာခင်းနေသူကား မိမိတစ်ယောက်တည်း မဟုတ်ချေ။ ခရစ္စလည်း ပါသည်ဟု သူ အောက်မေ့မိသည်။

"သိပ်ချစ်တယ်ကွယ်"

ဟု သူ ရေရွတ်လိုက်၏။

ချောက်ချားတုန်လှုပ်ဖွယ် ကောင်းသော အရာတစ်ခုခု ဖြစ်သွားပြီဟု သိလိုက်သော အဲရစ်ကာအဖို့ ဆောလ်ကို မိမိ လက်လွှတ် ဆုံးရှုံးသွားရပြီဟုလည်း နားလည် သဘောပေါက်သွားလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



သူမ ကားပေါ်တက်ပြီး မျက်ရည်သုတ်လိုက်သည်။

"ကျွန်မ ထင်ထားတာ မှားသွားခဲ့ရင်ပေါ့လေ၊ ကျွန်မကို ရှာချင်ရင် ကျွန်မတို့သံရုံးကို သွားမေးပါ"

"ဂရိနိုင်ငံမှာ ပြာလွဲ့လွဲ့ ပင်လယ်ရေတွေ ဝိုင်းနေတဲ့နေရာလေး တစ်ခု ရှိတယ်"

"ကျွန်မ သိပါတယ်၊ လှိုင်းတွေက ဖွေးလို့၊ ရေကူးလို့လဲ သိပ်ကောင်းတာ၊ တစ်ခုပြောရဦးမယ်၊ သိလား၊ ကျွန်မ အလုပ်ထွက်တော့မလို့ စဉ်းစားနေတယ်၊ ကဲ သွားမယ် အချစ်ရယ်၊ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်"

သူမက ဆို့နင့်စွာပြောပြီး ကားကို စက်နှိုး၍ မောင်းထွက်သွားသည်။

◆

( ၂၂ )

"ညစာ စားမသွားတော့ဘူးလား"

သူမက တည်းခိုခန်းဆီ လှည့်ကြည့်ပြီး

"ကျွန်မ သွားမှဖြစ်မယ်"

"ကိုယ်က မင်းကို. . ."

"ရှင့်ကို ကူညီဖို့လား၊ ဟင့်အင်း၊ မဖြစ်ဘူး၊ ဒီနေရာဟာ. . .၊ ကို ကျွန်မနဲ့သာ လိုက်ခဲ့စမ်းပါ"

သူက ခေါင်းခါ၍

"ကိုယ်အလုပ်မှ မပြီးသေးဘဲ"

"သူ့ကို ရှင်သတ်လိုက်လဲ ဘာထူးမှာလဲ၊ စဉ်းစားကြည့် အခု သူနိုင်သွားပြီ၊ သူက ရှင့်ကို ဖျက်ဆီးလိုက်တာ၊ လွန်ခဲ့တဲ့ ဆယ်နှစ်က ကျွန်မရှင့်ကို လက်လွှတ်ခဲ့ရတယ်၊ အခုတစ်ခါ လက်လွှတ်လိုက်ရပြန်ပြီ၊ ကျွန်မ ရှင့်ကို လွမ်းနေမှာပါ"

သူမ မျက်ရည်ကျလာသည်။ သူ့ကိုနမ်းလိုက်ပြီး ဝမ်းနည်းကြေကွဲစွာဖြင့် ခေါင်းကိုခါနေ၏။

"တစ်ပတ်အတွင်းမှာ ကိုယ်လိုချင်တာ ရမှာပဲ၊ အဲဒီအခါကျမှ မင်းနဲ့ကိုယ် ပြန်ဆုံကြမယ်"

ဟင့်အင်း"

"အာလဲ မလာရဘူးလား"

"လာစေချင်တယ်၊ ဒါပေမယ့် ရှင်က လာမှာမှ မဟုတ်ဘဲ"

"ကိုယ် နားရှုပ်သွားပြီ"

"ကျွန်မ သိတယ်၊ အဲဒါ ခက်တာပေါ့"

သူမက သူ့ကိုနမ်းလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ( ၂၄ )

တောင်ကြားလမ်းသို့ ဦးတည်သွားသည့် အဲရစ်ကာ၏ကားလေး သစ်ပင်များကြားသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်အထိ ဆောလ် ရင်ဖို့စွာဖြင့် ငေးကြည့်နေမိသည်။ သူ့ဦးနှောက်က ချာချာလည်လာသည်။ တွေးဆမှုတို့ ယိုင်နဲ့လာသည်။ ငါဘာတွေဖြစ်နေလဲ။

သူ စိတ်ရှုပ်စွာဖြင့် တည်းခိုခန်း လှေကားထစ်များ ဆီသို့ ပြန်လျှောက်သွားရင်း သူမစကားကို ရုတ်တရက် သဘောပေါက်လာသည်။ အဘိုးကြီးကို ဗဏ်ခတ်ပြီးတဲ့အထိ ငါဒီမှာဆက်နေရင် အဲရစ်ကာနဲ့ ဘယ်တော့မှပြန်ဆုံတော့မှာ မဟုတ်ဘူး။

• အဲဒီအခါကျ သိပ်နောက်ကျသွားပြီ။

သူမကိုယ် သူမ မိမိအားပေးအပ်လာခဲ့သည်။ မိမိက သူမ အစားဖခင်ဖြစ်သူ အဲလိယော့ကိုသာ ရွေးလိုက်၏။

ဒီလိုလုပ်ပြီးမှ သူမ မိမိကို ဘယ်လိုလက်ခံနိုင်ပါဦးမလဲ။

အပန်းဖြေစခန်းနှင့်ပတ်သက်၍ စိတ်ထဲ စနိုးစနောင့်ကြီးဖြစ်နေခြင်းကို သတိရကာ မိမိကိုယ်ကို ကျိန်စာသင့်အောင် ပြုလုပ်လိုက်မိချေပြီလားဟု တွေးမိပြန်သည်။

လှေကားပေါ်မှ ခုန်ဆင်းပြီး မော်တော်ကားနောက် ပြေးသွားချင်စိတ်ပေါက်လာသေးသည်။

• သူမနှင့်အတူ လိုက်ခဲ့မည်ဟု သွားပြောမလို့လား။

အဲလိယော့နှင့် ပတ်သက်သည့် အတွေးများ ခေါင်းထဲ၌ပေါ်လာ၏။ လှေကားပေါ်၌မလှုပ်မရှက်ရပ်ရင်း သစ်ပင်များကြားရှိ ကားလမ်းဆီသို့ သူ ကဲကြည့်နေမိသည်။ ရင်ထဲမှာ ဖိအားတွေများလာသည်။ စိတ်ထဲမှာ မချိကောင်းကဲ ဖြစ်လာသည်။ ချီတုံချတုံဖြစ်နေသည်။





ဘာလုပ်ရမလဲ။

ဘယ်သူ့ကို ရွေးမရမလဲ. . .။

မိမိရှေ့၌ အပြစ်တင် စွပ်စွဲသော မျက်လုံးများနှင့် ခရစ္စ လာရပ်နေသလိုလို အာရုံထဲ မြင်ယောင်မိသည်။

အကြောတုံ့ဆိုင်းမှုသည် ပျော့ပျောင်း ပြေလျော့သွားလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

( ၂၄ )

ဒွန်သည် လူးလာခေါက်တုံ့ လမ်းလျှောက်ရင်း ဂုဏ်၏ အခန်းပြတင်းပေါက် အပြင်ဘက်ရှိ ရေကူးကန်သို့ ဒေါနှင့် မောနှင့် လက်ဝှေ့ ယမ်းပြလျက်ရှိသည်။ နေပူသည့် နေ့ခင်းဖြစ်သော်လည်း ရေကူးကန်မှာ ရေကူးသူ မရှိ။

"ခင်ဗျားလုပ်တဲ့စတန့်တွေကြောင့် ဒီကဧည့်သည်တွေ အခန်းထဲကတောင် မထွက်ရဲကြတော့ဘူး၊ စားသောက်ခန်းမှာလဲ လူရှင်းနေပြီ၊ မြို့ထဲမှာလဲ ဘာရွှေခြောက်သလိုပဲ၊ ခင်ဗျားတို့ရဲ့ သဘောကွဲလွဲမှုက သတင်းပြန့်သွားပြီ၊ ပိုက်ဆံရှိတဲ့ လူတွေဟာ ဒီစခန်းကိုရှောင်ပြီး ဆွစ်ဇာလန်နဲ့ ဟောင်ကောင်က စခန်းတွေကိုသွားဖို့ စိတ်ကူးနေကြပြီ၊ ခင်ဗျားတို့တစ်စုဟာ တကယ့်ပြဿနာကောင်တွေပဲဗျာ"

ဒွန် ရည်ညွှန်းသူများကား အဲလီယော့၊ ကာစတာ၊ ပိုလပ်စီနှင့် ဆောလ်တို့ ဖြစ်လေသည်။ အဲလီယော့တို့ သုံးယောက်နှင့် ဆောလ်တို့အား အစောင့်များချထားကာ လူခွဲ၍ထိုင်ခိုင်းထားကြသည်။

ဒွန်က ဆက်ပြော ပြန်သည်။

"ကဲ ဒီတော့ အခြေအနေကို ကျုပ်ပြောပြမယ်၊ အပန်းဖြေစခန်းရဲ့ စည်းကမ်းချက်အရ ဖောက်ဂျင့်ကစ်ဦးဟာကျသင့်တဲ့ အဖိုးအခကို ပေးနိုင်ရင် ခိုနားခွင့်ပြုရတာယ်၊ ဒါပေမယ့် အနှောင့်အယှက်ပေးတဲ့ ဧည့်သည်တွေကို ဒီက ညွှန်ကြားရေးမှူး တစ်ဦးအနေနဲ့ သည်းခံပြီး လက်ခံထားရမယ်လို့ အမိန့်ထုတ်မထားဘူး၊

". . . ကျုပ်အထက်အရာရှိကို ဒီက ပြဿနာတွေ အကြောင်းတင်ပြပြီးပြီ၊ ကြီးကြပ်ရေး အဖွဲ့ကိုလဲ အကြောင်း ကြားထားတယ်၊ စစ်ဆေးကြားနာမှုလုပ်ဖို့ ကျုပ်မေတ္တာရပ်ခံလိုက်တော့ သူတို့ဆုံးဖြတ်ချက်ချလိုက်တယ်၊ အဲဒါလတ် သဘောတူချက်ရဲ့ စည်းကမ်းဥပဒေတွေအရ ညွှန်မှူးတစ်ဦးအနေနဲ့





နိုင်လုံတဲ့ အကြောင်းပြချက်ရှိရင် ဧည့်သည်တစ်ယောက်ကို ပြန်နှင့်ထုတ်ခွင့်ရှိသတဲ့၊ ကျုပ်ဆီမှာ နိုင်လုံတဲ့အကြောင်းပြချက်တွေ သိပ်ရှိသပေါ့ဗျာ"

ဒွန်က တံခါးပေါက်သို့ လက်ညှိုးထိုးပြလိုက်သည်။

အဲလီယော့က ဒေါသထွက်လျက် ခါးမတ် ထိုင်လိုက်၏။

"ဒီခြံထဲက ကျုပ်ထွက်ထွက်ချင်း ဟောဒီလူက ကျုပ်ကိုသတ်ပစ်တာ ခေါင်းငုံ့ခံရမှာလားဗျာ"

"အို ခင်ဗျားကိုသတ်ဖို့ သူ့ကို ကျုပ် ခွင့်ပြုလိုက်တယ် ပြောလို့လား၊ ကျုပ်တို့ဟာ တိရစ္ဆာန်တွေ မဟုတ်ပါဘူး၊ ကြီးကြပ်ရေးအဖွဲ့က မျှမျှတတလုပ်ပေးဖို့ ပြင်ဆင်ထားပါတယ်၊ ခင်ဗျားတို့ မလိုအပ်တဲ့ ဆောင်ရွက်မှုတွေအတွက် ကြိုတင်ငွေ သွင်းထားတာတွေကို ပြန်အမ်းပါ့မယ်၊ ရော့ ချက်လက်မှတ် ဒီဟာ မျှတပါတယ်၊ ခင်ဗျားဟာဒီလုပ်ငန်းအတွက် ဘဝကိုမြှုပ်နှံခဲ့သူပါ၊ ခင်ဗျားကို အခွင့်အရေးပေးသင့်တာပေါ့၊

". . . ဒီတော့ ခင်ဗျားကို ကျုပ်တို့ နှစ်ဆယ့်လေးနာရီ အချိန်ပေးမယ်၊ ခင်ဗျားလို အတွေ့အကြုံများတဲ့ လူတစ်ယောက်အဖို့ အဲဒီအချိန်က ပိုတောင်ပိုနေဦးမယ်၊ ခင်ဗျားမှာအဆက်အသွယ်တွေ ရှိတဲ့အတွက် ခင်ဗျားလုံးဝ ခြေရာဖျောက်လို့ရတယ်၊ တစ်ညလုံး နားလိုက်ဦး၊ မနက်ဖြန်မနက် ရှစ်နာရီကျရင်တော့ ခင်ဗျားလစ်ပေတော့၊ နောက်နေ့ကျတော့ ဂရစ္စမင်းလဲ ထွက်ရမယ်၊ အဲဒီတော့မှပဲ တခြားဧည့်သည်တွေလဲ စိတ်ချမ်းသာမယ်"

အဲလီယော့က ဆောလ်အား ဝါးစားမတတ် လှည့်ကြည့်လိုက်သည်။

ဆောလ်က မချိုမြှုံးလေး ပြုံးပြီး ပခုံး တစ်ချက် တွန့်ပြလိုက်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၅ )

တောင်တန်းများနောက်သို့ နေလုံးကြီးက တဖြည်းဖြည်း ငုပ်လျှိုးသွားလျက်ရှိသည်။

အဲလိယော့ အခန်းပြတင်းပေါက်မှ နီစွေးစွေးရောင်ခြည်တန်းများ ထိုးကျနေဆဲ။

"ဘာမှမထူးဘူး၊ လူ ဘယ်နှစ်ယောက်ပဲလိုလို၊ ငွေ ဘယ်လောက်ပဲကုန်ကုန် ငါမမှုပါဘူး၊ ဟောဒီ တောင်ကြားဒေသတစ်ခုလုံးကို နက်ဖြန် ပိတ်ဆို့ထားစေချင်တယ်၊ ဒီခြံထဲက သူ ထွက်တာနဲ့ သတ်ပစ်လိုက်ပေတော့၊ ငါပြောတာ မင်းသဘောမပေါက်ပါလား၊ သူ ဒီထဲကိုဝင်ခါနီးတုန်းက ဝိုင်းပြီးဟန့်တားတဲ့အုပ်စု မလိုချင်ဘူး၊ မင်းဘာဖြစ်နေလဲ၊ ဟေ့ 'အသုံးမကျတဲ့ကောင်တွေကို ငါတော်တော်စိတ်ကုန်နေပြီကွ၊ အတော်ဆုံးမှ လိုချင်တယ်လို့ ငါပြောနေတယ်"

တယ်လီဖုန်းကိုဆုပ်ကိုင်ထားသော အဲလိယော့၏ လက်များ ထုံလာသည်။

"ဂရစ္စမင်းထက် တော်တဲ့လူမရှိဘူး၊ ဟုတ်လား၊ ရှိတယ် ရှိတယ်၊ အဲဒီလူက ငါပဲ၊ ကဲ ငါပြောသလို လုပ်စမ်း"

အဲလိယော့က တယ်လီဖုန်းကိုဆောင့်ချပြီး ကာစတာအားလှည့်ကြည့်လိုက်သည်။

ဝိုလပ်ဇ်ကား အခန်းအပြင်ဘက် စင်္ကြံလမ်းထဲ၌ ရှိသည်။ အဲလိယော့နှင့်ရင်းတို့နှစ်ဦးအား အကျယ်ချုပ် ဖမ်းထားသဖြင့် ဒွန်၏ အစောင့်များလည်း စင်္ကြံလမ်းထဲ၌ စောင့်ကြပ်နေကြသည်။

"လက်မှတ်တွေ ကြိုတင်ဝယ်ပြီးပြီလားဟေ့"

ကာစတာက ခေါင်းညိတ်၍

"ဩစတြေးလျကို ဗင်ကူဗာမြို့က ထွက်ခွာမယ့် ကုန်နေ့ဒါလေကြောင်း





လေယာဉ်လက်မှတ် ဝယ်ပြီးပါပြီ၊ မနက်ဖြန်ည ခုနှစ်နာရီထွက်မယ်"

"ဒါဆို တို့အတွက် အချိန်အများကြီးရတာပေါ့"

ကာစတာက ပခုံးတွန့်၍

"ရချင်မှလဲ ရမယ်ဆရာ၊ ရိုးမြူးလပ်ဟာ ကျွန်တော်တို့ထက် နှစ်ဆယ့်လေးနာရီ နောက်ကျနေပြီးမှလိုက်ရရင် ဘယ်တော့မှ ရှာမတွေ့နိုင်ဘူးဆိုတာ သိမှာပါ၊ ဒီတော့ အဲဒီမတိုင်ခင် သူ ဒီခြံထဲကထွက်ဖြစ်ဖို့ အလားအလာရှိတယ်"

"အေး ဖြစ်နိုင်တယ်၊ ငါလဲ အဲဒါ စဉ်းစားထားတယ်၊ ငါ့နောက်ကို သူတတ်နိုင်သမျှ အမြန်ဆုံးလိုက်ချင်မှာပဲ၊ အဲဒါ ငါ့ဘက်က တစ်ပန်းသာတယ်"

ကာစတာက မျက်မှောင်ကုတ်၍

"ကျွန်တော် သဘောမပေါက်ဘူး"

"ခုန နလဗိန်းတုံးကို တယ်လီဖုန်းနဲ့ငါပြောလိုက်တာ အမှန်ပဲ၊ ရိုးမြူးလပ်ထက်ပိုတော်တဲ့လူဟာ ငါရယ် မင်းတို့နှစ်ယောက်ရယ်၊ ဒါပဲရှိတယ်၊ သူ့ကို ငါကကြီးကြပ်လေ့ကျင့်ပေးခဲ့တာပဲ၊ သူ့ ခြေလှမ်းကို ငါကြိုတွက်လို့ရတယ်၊ အစပထမပိုင်းမှာ ငါမှားသွားတာက ငါ့အလုပ်ကို သူများတွေ တာဝန်ပေးမိလို့ပဲ"

"ဒီ့၊ ဘာဖြစ်လို့ ဒီတောင်ကြားကိုပိတ်ဖို့ အဖွဲ့တစ်ဖွဲ့ကို တာဝန်ပေးလိုက်သလဲ"

အဲလိယော့က ခေါင်းညိတ်၍

"ငါဒီလိုလုပ်မယ်လို့ ရိုးမြူးလပ်က တွက်ထားမှာပဲ၊ သူ့အာရုံကို လမ်းလွှဲဖို့မလုပ်ရင် သူက ပိုပြီးကြီးမားတဲ့ ထောင်ချောက်ရှိဦးမယ်ဆိုတာ ရိပ်မိသွားနိုင်တယ်၊ ဟိုအုပ်စုက ကံကောင်းရင်လဲ သူ့ကိုပစ်သတ်လို့ရမှာပေါ့၊ သိပ်တော့မထင်ဘူး၊ ဒီတောတောင် ရေမြေတွေဟာ သူ့အိမ်လိုပဲ သူဝင်လာတဲ့လမ်းအတိုင်းပြန်ထွက်ရင် ဟောဒီတောင်တန်းပေါ်က ထွက်ပေါက်အားလုံးကို လူတစ်ထောင်လောက် ဝိုင်းပိတ်ဆို့လို့လဲ အောင်မြင်မှာ မဟုတ်ဘူး"

အဲလိယော့က နှုတ်ခမ်းကို တွန့်လိုက်၏။

ကာစတာ မျက်နှာဝင်းသွားသည်။

"အဲဒါဆို ကျွန်တော်တို့ အကာအကွယ်ရတာပေါ့၊ တောင်ပေါ်က မြတ်ရတာ အချိန်ကြာမယ်၊ ကျွန်တော်တို့ကို သူ မျက်ခြည်ပြတ်ကျန်ခဲ့မှာပဲ"

"အဲဒါကြောင့် သူ တခြားလမ်းကြောင်း တစ်ခုခုကို ရွေးရလိမ့်မယ်"

ကာစတာမျက်နှာ အနည်းငယ် ပြန်ညှိုးသွား၏။

"ဘယ်လမ်းဖြစ်မလဲ၊ သူ့ကိုကျွန်တော်တို့ ဘယ်လိုတားမလဲ"

"မင်းသာ သူ့နေရာမှာဆိုရင် ဘာလုပ်မလဲ စဉ်းစားကြည့်ပါလား၊



www.burmeseclassic.com

www.burmeseclassic.com



သိပ်မခဲယဉ်းပါဘူးကွာ၊ သူ ခရီးစရာ တစ်လမ်းပဲ ရှိတယ်"

"ကျွန်တော်တော့ မပြောတတ်တော့ဘူး"

အဲလိယော့က ရှင်းပြလိုက်ရာ ကာစတာ ခေါင်းညိတ်လိုက်သည်။

ယုံကြည်မှုပြန်ရှိလာပြီး အဲလိယော့အကြံကိုလည်း သဘောကျသွားလေသည်။

◆

## ( ၂၆ )

နေဝင်ခါနီးပြီ။

တောင်ကြားတစ်လျှောက် အရိပ်တွေ ဝိုရှည်လာသည်။ အရိပ်များသည် မထမ ခရမ်းရောင်၊ ပြီးတော့ မီးခိုးရောင်။ နောက်ဆုံး၌ အနက်ရောင်ဖြစ်လာသည်။

ဒါတွေကို ဆောလ် သတိမထားနိုင်။

အမှောင်ချထားသည့် သူ့အခန်းထဲ၌ တင်ပျဉ်ခွေ ထိုင်ကာ ဦးနှောက်ကြည်အောင် ကမ္မဋ္ဌာန်း ထိုင်နေသည်။ ကြိုတင်ပြင်ဆင်နေသည်။

ဤအခန်း၌ အဲလိယော့ရှိနေစဉ် ၎င်းအား မိမိရန်မပြုနိုင်စေရန် အခန်းအပြင်ဘက်၌ အစောင့်တွေချထားကြောင်း ဆောလ်သိသည်။

အဲလိယော့နှင့် သူ့အဖော်နှစ်ယောက်လည်း အလားတူဖြစ်မည်ထင်သည်။

ကိစ္စမရှိ။

အဲလိယော့ကို ဒီခြံထဲမှာ သတ်လို့မဖြစ်တော့ပါ။ ဤအခန်းကို ရောက်ခါစတုန်းကတော့ ခရစ္စအတွက် လက်စားချေပြီး မိမိအသက်ရှင် ကျန်ရစ်ကာ ကျေနပ်ပီတိဖြစ်မှုကို အရသာခံနိုင်ဖို့ ရည်ရွယ်ထားခဲ့သည်။

သူ့ညီတော်မောင် ခရစ္စ။

သူ ဒေါသထောင်းခနဲ ထွက်သွားသည်။

ဒေါသကို ထိန်းထား။ ပန်းတိုင်ရောက်ခါနီးပြီးပဲ။

အာရုံမပျက်ပြားအောင် လုပ်ရမည်။

ဆာမူရိုင်း အစစ်အမှန်တစ်ဦးအဖြစ်သို့ ရောက်ရှိဖို့ အဲလိယော့ပေးထားသည့် ကျွမ်းကျင်သူ ဖြစ်ကြောင်း သက်သေ ထူဖို့ကြိုးစားရမည်။

အာရုံ ထွေပြားခဲ့လျှင် ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်သင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂါထာမန္တရားတွေကို သူ ထပ်တစ်လဲလဲ ရွတ်ရင်း ပကတိတိတ်ဆိတ် ငြိမ်သက်မှုကို ရယူသည်။

ခရစ္စ၏ဝိညာဉ်က သူ့ခန္ဓာကိုယ်ထဲသို့ပူးဝင်လာကြောင်း သူ ခံစား သိရှိမိသည်။

ခရစ္စ. . . ခရစ္စ

ခရစ္စ. . . ခရစ္စ

ခရစ္စ. . .။

◆

( ၂၃ )

နံနက်ခင်းမှာ ကြည်လင်နေသည်။

တိမ်များ နိမ့်ကျနေပြီး လေကစိုထိုင်းကာ မိုးရွာတော့မည့် ဟန်ကြောင့် အေးစက်နေသည်။

တည်းခိုခန်းကြီးရှေ့ရှိ ကျောက်စရစ်ခင်း လမ်းကလေးပေါ်၌ အာရုံ ဆွဲဆောင်မှုမရှိသည့် နက်ပြာရောင် ရှက်ဗီ (ရှက်ဗရိုလေ) စတေရှင်ဝက်ဂွန်း ကားတစ်စီးရပ်ထားသည်။

အစေခံနှစ်ယောက်သည် လက်ဆွဲသေတ္တာများနှင့် အဝတ်အစား အိတ်များကို ကားနောက်ခန်းသို့တင်ပြီး အံဖုံးတံခါးကို ပြန်ပိတ်ကာ ခပ်လှမ်း လှမ်း၌ ရပ်စောင့်နေကြသည်။

ရှစ်နာရီတိတိတွင် တည်းခိုခန်းရှေ့ တံခါးပွင့်လာပြီး အဲလီယော၊ ကာစတာနှင့် ပိုလစ်ဇ်တို့သည် အစောင့်များခြံရံလျက်ထွက်လာကြသည်။

၎င်းတို့နောက်မှ ဗွန်လည်းပါလာသည်။

အဲလီယောသည် သူဝတ်နေကျအနက်ရောင်ဝတ်စုံကိုဝတ်ပြီး ဦးထုပ် ဆောင်းထားသည်။ ကားကို မြင်သောအခါ အဲလီယော ခြေလှမ်း တုံ့ သွားပြီး ညာဘက်သို့ လှည့်လိုက်ရာ အခြား အစောင့်များ စောင့်ကြပ်လျက် ရှိသည့် ဆောလ်အား ခွေးကတက်၏ တစ်ဘက်စွန်းတွင် တွေ့လိုက်ရလေသည်။

မြူခိုးများ ဝေလာသည်။

အဲလီယော မကျေမချမ်းနှင့် နှာခေါင်း ပွစိပွစိဖြစ်နေသည်။ တခြေ တနေ့ တင်းမာသော အခိုက်အတန့်လေးက ရှည်ကြာသွားသည်။

အဘိုးကြီး အဲလီယောသည် ဆတ်ခနဲပြန်လှည့်ကာလက်ရန်းကို ဆုပ်ကိုင်လျက် လှေကားထစ်များပေါ်မှ ညင်သာစွာဆင်းလိုက်သည်။ ကာစတာက နောက်ခန်းတံခါး ဖွင့်ပေးပြီး အဲလီယောအား ဝင်ထိုင်စေသည်။ ၎င်းနောက်



www.burmeseclassic.com

www.burmeseclassic.com



တံခါး ပြန်ပိတ်၍ ရှေ့ခန်း၌ ပိုလပ်လ်နံဘေး ဝင်ထိုင်လိုက်သည်။

ကားစက်က အားကောင်းစွာဖြင့် နိုးသွားသည်။

ရုတ်ဗီ စတေရှင်ဝပ်ဂွန်းကား ထွက်ခွာသွား၏။ ဆောလ်က ထိုကားကို မျက်စိတဆုံး ငေးကြည့်နေသည်။ ကားနောက်မှန်ပြတင်းရှေ့ရှိ အဲလီယော့၏ ဦးခေါင်းနှင့် ဦးထုပ်ကလေးကို သူ စူးစိုက်ကြည့်နေမိ၏။

အဘိုးကြီးက သူ့ကို တစ်ချက်ပင်လှည့်မကြည့်။

ရုတ်ဗီ ကားက အရှိန်ပိုမြန်စွာဖြင့် ရွေ့လျားသွားသည်။

ကားစက်သံကြီး တဖြည်းဖြည်း တိုးသွား၏။

မကြာမီ၌ နက်ပြာရောင်ကားသည် အစိမ်းရောင်သစ်တောနှင့် ရောထွေးသွားသည်။

မြစ်ကွင်းထဲမှ ပျောက်သွားပုံကိုကြည့်ရင်း ဆောလ်ရင်တွေခုန်နေ၏။

သူ့ အနားသို့ ဒွန်ရောက်လာပြီး

"နောက် နှစ်ဆယ့်လေးနာရီပြည့်ဖို့ အကြာကြီး စောင့်ရဦးမယ်နော်၊ ဟုတ်လား၊ ခင်ဗျား ကားဂိုဒေါင်က ကားတစ်စီးကို ပြေးယူပြီး သူ့နောက်လိုက်သွားချင်လှပြီမဟုတ်လား"

ဆောလ်က သစ်ပင်များကြားမှ ကားလမ်းကိုသာ စိုက်ကြည့်နေသည်။

"ဒါမှမဟုတ် တိုက်နောက်ဖေးက ရဟတ်ယာဉ်ကြီးနဲ့ မလိုက်ချင်ဘူးလား၊ ခင်ဗျားစိတ်ကို မနည်းထိန်းထားရမှာပဲနော်"

ဆောလ်က ဒွန်အား နက်မှောင်သော မျက်လုံးအစုံဖြင့် လှည့်ကြည့်လိုက်သည်။

"စမ်းကြည့်ပါလား၊ သွားလေ၊ ဒါကြောင့်မို့ ခင်ဗျားကို ဒီမနက် ကျုပ်က အခန်းထဲက ထွက်ခွင့်ပေးခဲ့တာပဲ၊ အဘိုးကြီးကားနဲ့လစ်သွားတာ ကြည့်ပြီး ခင်ဗျား စိတ်မထိန်းနိုင်ဖြစ်မလားဆိုတာ ကျုပ်မြင်ချင်လို့လေ၊ လုပ်လိုက်စမ်းပါ၊ သူ့နောက်ကို ပြေးလိုက်သွားလေ၊ ခင်ဗျား ဒီရောက်ကတည်းက ကျုပ်ကို အတော်ဒုက္ခပေးခဲ့တာပဲ၊ ဒီက အုပ်ချုပ်ရေးအဖွဲ့ရဲ့အမိန့်ကို ဖီဆန်မှုနဲ့ ခင်ဗျားကို အစိတ်စိတ်အမွှာမွှာ ဖြစ်သွားအောင် ပစ်သတ်တာ ကျုပ် မြင်စမ်းချင်တယ်"

သို့တစေ ဆောလ်က ဘာမှပြန်မပြောပဲ ဣန္ဒြေရစွာဖြင့် ဒွန်၏ ရှေ့မှ ဖြတ်ကာ တိုက်ထဲသို့ ပြန်ဝင်သွားသည်။

"မလိုက်တော့ဘူးလား၊ ဘာလဲ ဒီနေ့ ခင်ဗျားပြဿနာမရှာချင်လို့လား။ ခုလို အပြောင်းအလဲလုပ်တာ ကောင်းပါတယ်လေ"

အစောင့်များက ဆောလ်ဘေးမှ လိုက်သွားကြသည်။





"ကိုင်း၊ ဒါဆိုလဲ ကိုယ့်အခန်းကိုယ်ပြန်ပြီး အထုပ်အပိုးပြင်ပြီး အဲဒီမှာပဲ စောင့်နေ၊ နှစ်ဆယ့်လေးနာရီမပြည့်မချင်း မထွက်နဲ့၊ အဲဒီလို သဘောတူထားကြတာနော်၊ နက်ဖြန် မနက်ကျတော့ ခင်ဗျား သူ့နောက် လိုက်ချင်သပဆိုရင် လိုက်နိုင်ပြီး သူ့ကို ရှာတွေ့မယ်ဆိုရင်ပေါ့လေ"

ဒွန်က လေသံမာမာဖြင့် ပြောလိုက်သည်။

ဆောလ်က သူ့ကို ခပ်တည်တည် တစ်ချက် လှမ်းကြည့်ပြီး တိုက်ထဲဝင်သွားသည်။

မနေ့ညက တစ်ညလုံး သူ သေသေချာချာစဉ်းစားခဲ့ပြီးပြီ။ အကြံအစည် အမျိုးမျိုးကို ဆန်းစစ်ခဲ့ပြီးပြီ။

အားလုံးကို ချင့်ချိန် သုံးသပ်ပြီးသောအခါ ရွေးချယ်စရာနည်းလမ်း တစ်ခုသာ ကျန်ရှိပေတော့သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

( ၂၈ )

ဒွန် မျက်လုံးကို ပွတ်လိုက်၏။

သူ့ မျက်လုံးထဲ ထင်ယောင်ထင်မှား ဖြစ်တာများလား။ သိပ်တော့ မဖြစ်နိုင်။

မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း ဂရစ္စမင်းသည် တိုက်ထဲ ဝင်မည်အပြု သူ့ တံတောင်ဆစ်နှစ်ဘက်ဖြင့် တစ်စုံတစ်ခုလုပ်လိုက်ရာ အစောင့်များ နောက်သို့ယိုင်ထွက်ပြီး အားလုံး ပက်လက်လဲကျကုန်သည်။ ထို့နောက် ဂရစ္စမင်းက တံခါးကိုဆောင့်ပိတ်ပြီး ချက်ကို အသေထိုးလိုက်၏။

"ဘာဖြစ်တာလဲ၊ ဘုရားရေ"

အစောင့်များ ကုန်းရုန်းထပြီး ဆဲဆိုရေရွတ်လျက် တံခါးကို အတင်းဆွဲဖွင့်ကြသည်။ လက်သီးနှင့်ထုကြသည်။

ဒွန်လည်း အံ့အားသင့်လျက် ကြက်သေ သေနေသည်။

လုံးဝ မဖြစ်နိုင်။

ဂရစ္စမင်းကို ထိကပါးရိကပါးပြောလိုက်စဉ် မိမိဘက်က အပိုင် တွက်ထားပြီးသား ဖြစ်နေသည်။ ဂရစ္စမင်းတစ်ယောက် အမြီးကုပ်သွားပြီပေါ့။

ဘုရားရေ၊ ဒီဥစ္စာ လုံးဝမဖြစ်နိုင်။

ဂရစ္စမင်း တကယ် ထွက်ပြေးသွားပါရောလား။

"ကားဂိုဒေါင်နဲ့ရဟတ်ယာဉ်ဆီကို သွားကြဟေ့၊ ငတုံးတွေ၊ အဲဒီတံခါးကို ထုမနေနဲ့တော့၊ သူ့ အရင်ရောက်အောင် ပြေးထား"

ဒွန်က အော်လိုက်သည်။

သူကိုယ်တိုင်လည်း လှေကားမှ ပြေးဆင်းပြီး တိုက်ကြီး၏ နံဘေးဆီသို့ ချိုးကွေ့သွားသည်။

◆

( ၂၉ )

သိပ်ရှုပ်ထွေးမှုမရှိလှပါ။

ယုတ္တိတန်သည့် ဗျူဟာနည်းတစ်ခုကို ရွေးချယ်ပြီးသော အကောင်းဆုံးအခွင့်အရေးကို အကောင်အထည်ဖော်ရန်အတွက် အကောင်းဆုံး အခွင့်အရေးကို ခန့်မှန်းတွက်ဆရသည်။ ဖာတ်လမ်းဖြစ်စဉ်အမျိုးမျိုးကို စိတ်ကူးယဉ်ကြည့်ရသည်။

ပထမဦးဆုံး အခွင့်သာသည့် အခိုက်အတန့်၌ လှုပ်ရှားခဲ့၏။

ကြည့်လေ။

အဲလိယော့တစ်ယောက် ဝေးဝေးလံလံ မရောက်သေးခင်၊ ဒွန်နှင့် အစောင့်တွေအများကြီး ရှိနေပါလျက်၊ လူမြင်ကွင်းထဲရှိ ခွေးကတက်ပေါ်မှာ ဆောလ်တစ်ယောက် ဒီလောက် မြန်မြန်ဆန်ဆန် ပြဿနာလုပ်လိမ့်မည်ဟု မည်သူကထင်မှာလဲ။ ယင်းသို့ မထင်ထားသူတွေကတော့ ဒွန်နှင့် သူ့ အစောင့်များပင် ဖြစ်သည်။

သူတို့၏ ယုံကြည်မှုသည် ဆောလ်အတွက် အကျိုးတစ်ခုပင် ဖြစ်၏။

အစောင့်တွေကုန်းထပြီး တံခါးကိုပြေးထုနေခိုက်၌ ဆောလ်တစ်ယောက် ဧည့်ခန်းဆောင်ထဲမှ ဖြတ်ပြေးသွားလျက်ရှိသည်။ ဧည့်သည်တွေ မရှိသော်လည်း ဝန်ထမ်းများက သူ့ကို ပါးစပ်အဟောင်းသားနှင့် ငိုင်းကြည့်လိုက်ကြသည်။ တယ်လီဖုန်းဆီ လက်လှမ်းလိုက်သည့် စာရေးကိုလည်း ဆောလ် ရိုပ်ခနဲ မြင်လိုက်သည်။

နောက်ဘက်တွင်ကား အစောင့်များ၏ တံခါးထုသံကို ကြားနေရသည်။

လှေကားကြီးနံဘေးရှိ စင်္ကြံလမ်းဆီ ပြေးသွားစဉ် မိမိညာဘက်မှ အစောင့်တစ်ယောက် ပစ္စတိုဆွဲထုတ်လျက် ဘွားခနဲ ထွက်လာသည်။

ဧည့်ခန်းတွင်းရှိ စင်္ကြံလမ်းအတွင်း၌ သေနတ်သံများက ဂျွမ်းလောင်



www.burmeseclassic.com

www.burmeseclassic.com



လွန်းသည်။

ဆောလ်ကား စကြိုလမ်းထဲရောက်သွားပြီ။

လှေကားကြီးနောက်ဘက်၊ နံရံချိုင့်ခွက်တွင် ဖောက်ထားသည့် တံခါးတစ်ချပ်ဆီသို့ သူဆက်ပြေးသွားသည်။

ထိုတံခါးကို သူဆွဲဖွင့်လိုက်ရာ တံခါးဖွင့်ရန် လက်လှမ်းနေဆဲဖြစ်သည့် အစောင့်တစ်ဦးနှင့် ပက်ပင်းတိုးသည်။ ထိုလူသည် သေနတ်သံများကြားသဖြင့် စုံစမ်းရန် ပြေးလာခဲ့ခြင်းဖြစ်မည်။

ဆောလ်က ၎င်း၏နံရိုးစုကို လက်ဖနောင့်နှင့် ဆောင့်ရိုက်ထည့်လိုက်ရာ အွန့်ခနဲအော်ပြီး ခွေကျသွားသည်။ ဆောလ်က ၎င်းလက်ထဲမှ အူဇီစက်သေနတ်ကို လုယူပြီး စကြိုလမ်းထဲသို့ လှည့်ပစ်ထည့်လိုက်သည်။

ပစ္စတိုနှင့်လှမ်းပစ်ခဲ့သော အစောင့်လည်း အကာအကွယ်ယူရန် ကမန်းကတန်း ဝပ်ချလိုက်ရသည်။

ဆောလ် စောင့်မနေတော့။

အချိန်မရှိ။

လဲကျနေသော အစောင့်ကို ကျော်လွှားကာ လှေကားငယ်တစ်ခုမှ ပြေးဆင်းပြီး မျက်နှာကြက်အထိမြင့်သော သတ္တုဗီရိုတံခါးကိုဆွဲချလိုက်သည်။

မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ ရေဗိုမ်သုံး စက္ကူများ၊ စင်ပေါ်မှ ဖေါခနဲပြုတ်ကျပြီး စကြိုလမ်းကျဉ်းကျဉ်းကို သတ္တု ဗီရိုကြီးက ကန့်လန့်ဖြတ် ပိတ်ဆို့လိုက်လေသည်။

ညာဘက်ရှိ ပေါင်းလောင်းဖွင့်ထားသော တံခါးပေါက်မှ အစေခံမလေးတစ်ယောက်ထွက်လာပြီး ဆောလ်ကို မြင်သည်နှင့် ကြောက်အားလန့်အားနှင့် ဝပ်ချလိုက်သည်။

ဆောလ်က နောက်မှလိုက်လာသောအစောင့်အား သတိပေးသည့်သဘောဖြင့် အူဇီနှင့် ဝပ်ချလိုက်သည်။

ဤခန်းသို့စတင်ရောက်ရှိစဉ်ကပင် အဲလီယော့၏စည်းကမ်းတစ်ခုကို လိုက်နာလျက် သားကောင်လိုက်ရမည့်တောကို ကင်းထောက်ခဲ့ပေသည်။ ပထဝီမြေအနေအထားနှင့် အကျွမ်းတဝင်ဖြစ်အောင် လေ့လာမှတ်သားခဲ့ရ၏။

ယခု အပြင်သို့ ဝုန်းခနဲ ပြေးထွက်လိုက်သည်နှင့် သူ သွားချင်သည့် ကွန်ကရစ်လှေကားတစ်များကို တွေ့ရသည်။

လှေကားနှစ်ထစ်စီကျော်၍ သူပြေးတက်သွား၏။ တိမ်တွေညိုမည်း၍ အုံဆိုင်းနေသည်။ မြဲဝင်းနှင့် မြေပြင်မှာ သူ့ ရှေ့၌ကျယ်ပြန့်စွာရှိနေပြီး





ညာဘက်၌ ကားရပ်စခန်းနှင့် ဘယ်ဘက်၌ ရဟတ်ယာဉ်ကွင်းငယ်တို့ကိုတွေ့ရသည်။

ချွေးတွေရွှဲ၍ တစ်ကိုယ်လုံး ပူနေသော်လည်း သူ့ပါးပေါ် ကျလာသည့် နှင်းစက်နှင်းပွင့်လေးများက အေးစက်နေ၏။

မိမိ သွားမည့်နေရာ၊ မိမိ လုပ်မည့်အလုပ်ကို အတိအကျ ရွေးချယ်ဆုံးဖြတ်ထားပြီးပြီ။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၃၀ )

တည်းခိုခန်း၏ ဘေးမှပတ်ကာ နောက်ဖေးသို့ ရောက်အောင် ဒရောသောပါးပြေးသွားရင်း ဒွန် အမောဆို့နေသည်။

"ဟေ့ ကောင်တွေ လူစုခွဲလိုက်၊ သူ့အရင် ရှေ့ကရောက်အောင်ပြေးကြ၊ ဟောဟဲ. . . ဟောဟဲ၊ ရဟတ်ယာဉ်နဲ့ ကားရပ်စခန်းဘက်ကိုသွားကြ၊ ဟောဟဲ. . . ဟောဟဲ"

ဒွန်က အစောင့်များအား အော်ဟစ် အမိန့်ပေးလျက်ရှိ၏။

အစောင့်များ သူ့အမိန့်အတိုင်း လိုက်နာကြသည်။

အမော နည်းနည်းပြေသည်နှင့် တိုက်နောက်ဖေးသို့ ဒွန်ဆက်ပြေးပြန်သည်။ အစောင့်တစ်ယောက် ပစ္စတိုကိုင်လျက် နောက်ဘက်မှ ထွက်လာသည်။

"သူ ဘယ်မှာလဲ"

ဒွန်က အော်မေးလိုက်သည်။

"သူ ဟောဒီတံခါးက ထွက်သွားတာပဲ၊ ဆရာဝပ်နေ၊ သူပစ်လိုက်ရင် ကျည်ဆန် မှန်သွားဦးမယ်"

အစောင့်က ကွန်ကရစ်လှေကားနောက်၌ဝပ်လျက် လှမ်းသတိပေးသည်။

"သူ့မှာ သေနတ်မပါဘူး"

"ရှေးရဲ့ အူဇီကို သူလုယူသွားပြီ"

"ဒါဖြင့် ခုန ဟိုနားကသေနတ်သံက ဂရစ္စမင်းပစ်တာလား၊ ငါက ထိုးဒင်းမှတ်လို့၊ ဘုရား . . . ဘုရား"

ဒွန် ကျောစိမ့်သွား၏။

စိုစွတ်သည့်မြက်ခင်းပေါ် သူ ဒိုင်ဗင်ထိုးချလိုက်သည်။ သူ့ ဘောင်းဘီနှင့် ကုတ်အင်္ကျီ ရေစိုသွား၏။

"ဒီကောင် ဘယ်မှာလဲ"





အစောင့်ကား ကုန်းကုန်းကွကွနှင့် သေနတ်ပြောင်းကို အရပ်ရှစ်မျက်နှာ လှည့်ချိန်နေဆဲ။

ဒွန်က အစောင့်နားလိမ့်၍ကပ်သွားပြီး ကွန်ကရစ် လှေကားအောက်ဘက်ရှိ တံခါးအနီး၌ သွားဝပ်နေပြန်သည်။

"ဟေ့၊ မင်း ဝေါကီတော်ကီ ငါ့ပေးစမ်း"

အစောင့်က ကွင်းပတ်ပတ်လည်ကို မလွတ်တမ်းကြည့်ရင်း သူ့ခါးပေါ် ချိတ်ထားသည့် ဝေါကီတော်ကီစက်ကို ဒွန့်အား လှမ်းပေးလိုက်သည်။

ဒွန်က စကားပြောခလုတ်ကိုနှိပ်ပြီး

"ခုပြောတာ ညွှန်မှူးပါ၊ ကားရပ်စခန်းက အကြောင်းပြန်ပါ"

ခလုတ်ကို ပြန်လွှတ်လိုက်ရာ လျှပ်စစ်အသံများ ထွက်လာသည်။

"သူ့ကိုမတွေ့သေးဘူး၊ ရှာနေတုန်းပဲ"

"ရဟတ်ယာဉ်ကွင်းက အကြောင်းပြန်ပါ"

ဒွန်က ပြောလိုက်၏။

"မတွေ့သေးဘူး၊ ရဟတ်ယာဉ်ပတ်လည်မှာ ကျွန်တော်တို့ နေရာယူထားတယ်၊ ရဟတ်ယာဉ်ကို ခိုးဖို့ကြံရင် သူရှုံးနေလို့ ဖြစ်ရမယ်"

နောက်မှတံခါး ဝုန်းခနဲပွင့်လာသဖြင့် ဒွန် လန့်သွားသည်။ အစောင့်တစ်ဦး ထွက်လာသည်။

"ရှေးကို ဆရာဝန်နဲ့ ထားရစ်ခဲ့ပြီ"

ထိုအစောင့်က ပြောသည်။

"သူ မသေဘူးလားကွ"

ဒွန် ကျောချမ်းနေဆဲ။

"ဂရစ္စမင်းက သူ့နံရိုးတွေ ချိုးပစ်လိုက်တယ်၊ မသေနိုင်ဘူးလို့တော့ ဆရာဝန်ကပြောတာပဲ"

"ဂရစ္စမင်းဟာ ဒီလိုအမှားမျိုး မလုပ်တတ်ဘူး၊ သိပ်တော်တဲ့ကောင်ကွ ငါတော့ စဉ်းစားလို့မရဘူး၊ သူ ခုလိုမှားသွားတာ ငါဖြင့် မယုံနိုင်ဘူး"

"မှားတာ ဟုတ်ပါ့မလား

"ဘာလဲ၊ ဂရစ္စမင်းက ရှေးကို တမင်တကာ မသတ်ဘဲထားခဲ့တယ်လို့ မင်းဆိုလိုသလား"

"ဟုတ်တယ်၊ သူ သတ်ချင် အသေသတ်လို့ရအောင်ပဲ၊ နည်းနည်းအားပိုစိုက်ပြီး ဆော်ထည့်လိုက်ရုံပဲ"

"နို့ သူဘာလို့ မသတ်လဲ၊ သူ ဘာကြံထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သိမလဲ၊ ကျွန်တော်တို့စိတ်ဆိုးအောင် သူ မလုပ်ချင်လို့များ လားမှ မသိတာ"

အစောင့် ရယ်ကျဲကျဲပြောသည်။

ဝေါကီတော်ကီမှ ရှတ်တရက် အသံထွက်လာသည်။

"တွေ့ပြီ၊ ဟိုမှာ၊ ဟိုမှာ"

"ဘယ်မှာလဲ၊ ကားရပ်စခန်းကလားတော့"

ဒွန်က ဝေါကီတော်ကီစက်ကလေးကို ပါးစပ်နားတေ့ပြီး အော်မေး လိုက်သည်။

"မဟုတ်ဘူး၊ မအေပေးက ပြေးလမ်းနဲ့ ဖန်လုံအိမ်ကို ကျော်သွားပြီ"

"ဟော"

"သူကွင်းထဲက ဖြတ်ပြေးနေတယ်၊ သူ မြစ်ဘက်ကိုဦးတည် ပြေးသွားပြီ"

ဒွန် ခုန်ထလိုက်ရာ လဲကျမတတ်ယိမ်းယိုင်သွားပြီး ဖန်လုံအိမ်ဆီသို့ ပြေးသွားသည်။

အစောင့်နှစ်ယောက်က သူ့ကို ကျော်တက်သွားကြ၏။

အခြားအစောင့်များလည်း အလျှိုလျှို ထွက်လာကြပြီး တစ်စုတစ်ဝေး ပြေးလိုက်ကြသည်။

◆

( ၃၁ )

ဆောလ်သည် အုဇီသေနတ်ကို ဆုပ်ကိုင်လျက် ဝိုသည်းလာသော မိုးရေစက်များအောက်မှ တင်ပါးနှင့်ဖဝါးတစ်သားတည်းကျအောင် ပြေးသွား သည်။ နောက်ဘက်မှ အော်သံများကို ဗလုံးဗထွေးကြားနေရသည်။ အော်သံ များက ပိုကျယ်လောင်လာသည်။

ဆောလ်ခြေလှမ်း ပိုသွက်လာသည်။

သူ့ ဘယ်ဘက်၌ အရိပ်တစ်ခုပေါ်လာသည်။ ဘေးသို့မျက်လုံးစွေ ကြည့်လိုက်၏။ ထင်ယောင်ထင်မှားဖြစ်ခြင်းလား။

သို့တစေ ခရစ္စကို မြင်လိုက်ရကြောင်း သူ ကျိန်ပြောရဲပါသည်။ သူနှင့် ခရစ္စ နှစ်ယောက်အတူ တက်ညီလက်ညီ ပြေးနေကြပြီ။

ခရစ္စက သူ့ကို မီလာသည်။ မင်း ငါ့ထက် မြန်အောင် မပြေးနိုင်ပါဘူး ခရစ္စရယ်။ စိတ်တက်ကြွမှုကြောင့် သူပြုံးချင်သည်။ မင်းက ငါ့ထက် ဉာဏ်ပို ကောင်းပေမယ့် ငါက မင်းထက် ပိုအားသန်တယ်ကွ၊ ဘာလဲ မင်းက ငါ့ကို ကျော်တက်လို့ရမယ်ထင်နေသလား။

မင်းမှားနေပြီ ငါ့ညီ။

ဆောလ်နောက်မှ ရိုင်ဖယ်သံ တစ်ချက်ပဲ ပဲတင်ထပ် မြည်ဟည်းသွား၏။ ဆောလ်သည် ခရစ္စကိုမီအောင် အသာကုန်းပြေးနေဆဲ။ အဝေးမှအုဇီနှင့် ပစ်သံ ကြားရသည်။

ခရစ္စနှင့်ဆောလ် ရင်ဘောင်တန်းပြေးနေကြပြီ ဆောလ်၏ ခြေထောက် များမှာ အားဝိုစိုက်၍ လှုပ်ရှားနေရသည်။

အော်သံများ နီးကပ်လာ၏။

ခရစ္စ ပျောက်သွားသည်။

မိုးရွာထဲ၌ မြစ်ရေပြင်ကို ဆောလ်တွေ့ရ၏။ အဲလီယောနှင့် ပြင်းနှံ့ ခဲ့သည့် ကမ်းနဖူးဆီသို့ သူ ပြေးသွားသည်။ ကုန်းလျှောပေါ်ရှိ ချုံတောများကြားမှ တိုးဝင်ကာဆင်းချသွားသည်၊ ကျောက်တုံးအငူစွန်းကြီးတစ်ခုအနား ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗိုင်ဗင် ထိုးချလိုက်သည်။

အေးစက်သောရေကြောင့် ချက်ချင်း ထုံချဉ်သွား၏။ ဗိုင်ဗင်ထိုးချသည့်အရှိန် ပြင်းသဖြင့် ရေလွှာပြင်အောက်အမှောင်ထုထဲသို့ တန်းရောက်သွားသည်။ ရေစီးနှင့် သူ မျောပါသွားသည်။

ရေအောက်မှ လူးလွန့်ရင်း ရေမျက်နှာပြင် အထက်သို့ ပြန်တက်ရန် ကြိုးစားနေရသည်။ လေကိုဝဝရှူလို့ မရချင်တော့။ သူ့အဆုတ်တွေက ခံနိုင်ရည် သိပ်မရှိတော့ပါ။ နောက်ဘက်မှ ဝေါခနဲမြည်သံကြီးတစ်ခုပေါ် ထွက်လာစဉ် သူ ရုန်းကန်၍ ရေမျက်နှာပြင်ပေါ်သို့ တစ်ရှိန်ထိုး ခုန်ထွက်လိုက်သည်။ အသက်မနည်း ရှူနေရသည်။

သို့သော် သေနတ်သံ ကြားကြားချင်း ရေအောက် ပြန်ငုပ်လိုက်ရပြန်သည်။ ရေထဲသို့ ကျည်ဆန်တွေ ကျလာသည်။

ရေစီးအားက အံ့ဩစရာကောင်းလှသည်။ အဲလိယော့နှင့်မိမိ စကားများစဉ်က ရပ်နေခဲ့သော နေရာမှာတော့ ရေကငြိမ်သည်။ သို့သော် ထိုနေရာမှာ ပင်လယ်ကွေ့ငယ်တစ်ခုလို ဖြစ်နေသည်။ မြစ်ရေစီးကြောင်းနှင့် နည်းနည်းအလှမ်းကွာသည်။

ယခု ဤနေရာမှာတော့ အားကောင်းလှသောလက်ချောင်းကြီးများဖြင့် ဆွဲလှည့်ခံရသလို၊ ဆောင့်ဆွဲခံရသလိုဖြစ်နေသည်။

လေရှူချင်လွန်းသဖြင့် ရေ မျက်နှာပြင်ပေါ် ခေါင်းဖော်၍ အသက်ရှူလိုက်ရပြန်သည်။

သေနတ်သံများ ကြားရသဖြင့် သူ အချိန်မီ ရေငုပ်ချလိုက်သည်။ သို့သော် ရေစီးက သူ့ကို ဘယ်အထိ ဆွဲခေါ်သွားမှန်း သူ မသိနိုင်တော့။

အစောင့်တွေကို ထားပစ်နိုင်ခဲ့ပြီမို့ သူ စိတ် ပေါ့သွားသည်။ ယခု မြစ်ရေစီးသည်သာ မိမိ၏ ရန်သူဖြစ်သည်။ ဟိုဘက်ကမ်းကို အရောက်ကူးရမည်။ မိမိလက်ထဲ၌ အူဇီစက်သေနတ် ပါမလာတော့မှန်း သတိရသောအခါ ၎င်းဟာသာ အံ့ဩမဆုံး ဖြစ်သွားရှာသည်။

သို့သော် မိမိအသက်ရှင်ဆဲ။ မိမိအစီအစဉ်၏ ပထမအဆင့်အောင်မြင်သွားပြီ။ ရေမျက်နှာပြင်ပေါ် ခေါင်းဖော်၍ အသက်ပြင်းပြင်းရှူပြီး၊ တစ်ဖက်ကမ်းကိုက်တစ်ရာခန့်အကွာရှိ ရေမြုပ်နေသည့် သစ်ပင်ကြီးတစ်ပင်ဆီသို့ ဦးတည်ကူးခတ်သွားသည်။

◆

( ၃၂ )

ဒွန်ကား စိတ်ဓာတ် အကြီးအကျယ်ကျစွာဖြင့် မြစ်ကြီးကိုစိုက်ကြည့်ရင်း သူ့နဖူးပေါ်မှ မိုးရေ စိုရွှဲနေသော ဆံပင်များကို လက်နှင့်သပ်လိုက်သည်။ သူ့ နှလုံးက တဒိန်းဒိန်းခုန်နေ၏။

မဲ့အေးပေး ဂရစ္စမင်း။

သူ့ နောက်လိုက်ရတာ ငါ ကံကောင်းလို့ နှလုံးရောဂါနဲ့ မသေတာယ်ဟု ဒွန်က ရေရွတ်လိုက်သည်။

"တွေ့လား ဟေ့"

သူက တပည့်များအား အော်မေးလိုက်သည်။

အစောင့်တစ်ယောက်က ခေါင်းခါပြပြီး

"ဟိုတစ်ဖွဲ့ဆီက ခုထိသတင်းမရသေးဘူးဆရာ"

ဒွန်က ခေါင်းညိတ်လိုက်၏။

ဆောလ် ဂရစ္စမင်း၏အကြံကို ရိပ်မိသည်နှင့်မြစ်ကြောင်း တစ်လျှောက် ခပ်ဝေးဝေးသွားပြီးနေရာယူထားကြရန် သူကခေါ် ကီတော်ကီဖြင့်ညွှန်ကြားခဲ့သည်။

"သူ ရေထဲက တက်မလာလို့မရဘူး၊ ရေက သိပ်အေးတော့ သူ ကြာကြာမနေနိုင်ပါဘူး၊ သူ လေရှူဖို့လဲ လိုတယ်"

အစောင့်များသည် မြစ်ရေပြင်ကိုသာ လိုက်စစ်ဆေးလျက် ရှိကြသည်။

"တို့ ကံကောင်းချင်လဲ ကောင်းမှာကွ၊ ပြောလို့ မရဘူး၊ ဒါမှမဟုတ် ခွေးမသား ရေနစ်ပြီးသေပြီလားမသိဘူး"

ဒွန်က မိုးရေစို၍ ပေါင်နှင့်ကပ်နေသည့် ဘောင်းဘီစကို လက်နှင့်ဆွဲခွာလိုက်သည်။

အစောင့်နှစ်ယောက်က သူ့ကို သိပ်မယုံသလို မျက်မှောင်ကုတ်လျက် လှည့်ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ သူ ရေနစ်မသေနိုင်သေးပါဘူး၊ ငါ သိပါတယ်"

ဝေါ်ကီတော်ကီစက်မှ 'ဂျစ် ဂျစ် ဂျစ်'ဟူ၍ အသံမြည်လာသည်။

"သူနဲ့ သီသီလေး လွဲသွားတယ်"

အစောင့်တစ်ဦးအသံကို ကြားရသည်။

"ပြန်ပြောစမ်းပါ"

"ဆရာတို့နေရာနဲ့ နှစ်ဖာလုံလောက်အကွာမှာ သူ့ကို တွေ့လိုက်တယ်၊ ကျွန်တော်တို့လဲ ရောက်ရော၊ သူ ဟိုဘက်ကမ်းပေါ် တက်ပြီး ချုံတောထဲဝင်သွားတယ်"

"သေနတ်သံတွေ ငါမကြားပါလား"

"သေနတ်နဲ့ပစ်ဖို့ အချိန်မရလိုက်ဘူး ဆရာ၊ ကျွန်တော်တို့ မြစ်ကို ဖြတ်ကူးပြီး သူ့နောက် လိုက်သွားရမလား"

ဒွန်က မိမိ၏တုံ့ပြန်မှုကို အကဲခတ်နေကြသော အစောင့်နှစ်ဦးအား ပြန်ကြည့်နေသည်။

သူက တဒင်္ဂဆိုင်းကာ ညိုးမည်းနေသည့် မိုးကောင်းကင်ပြင်ကြီးကို မော့ကြည့်လိုက်သည်။

"ခဏနေဦးကွာ"

သူက ရေဒီယိုစက်ဖြင့်ပြောပြီး သူ့ အစောင့်နှစ်ဦးကို လှမ်းမေးလိုက်သည်။

"ဟေ့၊ မင်းတို့သာ အဲဒီနေရာမှာရှိရင် ဘယ်လိုလုပ်မလဲ"

"သူက ရေးကို အသေသတ်မသွားဘူး၊ သတ်ရင် ရလျက်သားနဲ့ သူ မသတ်ဘဲထားသွားတာ"

"ဘာလဲ၊ မင်းတို့က သူ့ကို လွှတ်လိုက်ချင်သလား"

"ရေးကို သူမသတ်ဘူးလို့ပဲ ကျွန်တော် ပြောတာပါ"

ဒွန်က ထိုအချက်ကို စဉ်းစားပြီးနောက် ခေါင်းညိတ်လိုက်သည်။

ပြီး စကားပြောခလုတ်ကိုနှိပ်ကာ

"မင်းတို့ ဌာနချုပ်ကိုပြန်လာခဲ့ကြ။

"သေချာအောင် တစ်ခေါက် ထပ်ပြောပါဆရာ"

"တို့ပိုင်နက်ထဲမှာ သူမရှိတော့ဘူး၊ တို့နဲ့မဆိုင်တော့ဘူး၊ မင်းတို့ တည်းခိုခန်းကို ပြန်လာခဲ့"

"ကောင်းပါပြီ"

ဒွန်က ဝေါ်ကီတော်ကီကို ပြန်ချလိုက်သည်။ အစောင့်နှစ်ယောက်က သူ့ကိုအကဲခတ်နေဆဲ။





"ဂရစ္စမင်း ဒီလိုလုပ်ခဲ့ရင် ဟန့်တားဖို့ အဘိုးကြီးက သူ့ အဖွဲ့တွေနဲ့ ထွက်ပေါက်တွေကို စောင့်ကြည့်ခိုင်းထားမယ်လို့ ငါ ထင်တယ်ကွာ၊ ဒီတော့ ဒီကောင် ဖောက်ကြာကျ လက်ဖြောင့်သေနတ်သမားတွေနဲ့ ပက်ပင်းတိုးမှာပဲ၊ သူတို့ ပစ်ကွင်းထဲ မင်းတို့ ဝင်မသွားစေချင်ဘူး"

ဒွန်က မိမိအား တပည့်များ၏ ယုံကြည်မှုရှိရန် သွယ်ဝိုက်၍ စည်းရုံးလိုက်သည်။

"ကောင်းသားပဲ၊ ကျွန်တော်ကလဲ ဂရစ္စမင်းကို သူ့ ပိုင်နက်ထဲမှာ လိုက်မရှာချင်ဘူး၊ သူက သစ်တောတွေထဲမှာ ဆော်ပြီးလစ်တဲ့အလုပ်မျိုး ကျွမ်းကျင်တယ်လေ"

အစောင့်တစ်ဦးက ပြောလိုက်သည်။

"အေး၊ အခုတော့ အဲဒါ အဲလိယော့ရဲ့ ပြဿနာဖြစ်သွားပြီ"

ဒွန်က ပြောလိုက်သည်။

ပြဿနာတစ်ခု အဆုံးသတ်သွားပြီမို့ သူ ဒေါသထွက်နေသော်လည်း စိတ်ပေါ့သွားသည်။

"တို့အစွမ်းကုန်လုပ်ခဲ့တာပဲ၊ ဂရစ္စမင်းဟာ ဒီခြံထဲကို မဝင်ခင် အပြင်ဘက် တစ်နေရာရာမှာ သူ့ မော်တော်ကားကို ထားရစ်ခဲ့ရမှာပဲကွ၊ ဒါပေမယ့် အဲဒီတောက သိပ်နက်လွန်းတော့ သူ့အနေနဲ့ သူ့ကားဆီ ပြန်ရောက်ဖို့ အချိန်တော်တော်ကို ကြာလိမ့်မယ်၊ အဲဒီအချိန်လောက်ဆို အဲလိယော့လဲ ဒီနိုင်ငံမှာ မရှိနိုင်တော့ဘူး၊ ဘာမှတော့ မထူးပါဘူး၊ ဒီမှာ နှစ်ဆယ့်လေးနာရီပြည့်တဲ့အထိ ဂရစ္စမင်းနေမလား၊ တောနက်ထဲ ပျောက်ပြီးသွားမလား၊ အတူတူပဲ၊ သူ ဘာပဲလုပ်လုပ် အဖိုးကြီးက သူ့ထက် ခြေလှမ်းတစ်လှမ်း သာနေတယ်"

ဒွန်က တည်းခိုခန်းသို့ ပြန်သွားရန် ခြေဦးလှည့်လိုက်သည်။ သူ့ခြေထောက်တွေ ညောင်းနေပြီ။

သူ့ လည်ကုပ်ပေါ်မှ မိုးရေစက်များ လိမ့်ဆင်းလျက်ရှိ၏။

သို့တစေ ရုတ်တရက် သူရယ်ချင်စိတ်ပေါက်လာသည်။

"တော်တော် ရယ်စရာ ကောင်းတယ်ကွ၊ တစ်ခါတစ်လေကျတော့ အေးဂျင့်တစ်ဦးဟာ အပန်းဖြေစခန်းထဲကို အတင်းအဓမ္မ ဝင်လာတာပါပဲ တယ်။ ဒါပေမယ့် အဲဒီက အတင်းအဓမ္မထွက်ပြေးတာမျိုးတော့ ရှားလွန်းတယ်"

ဒွန်က သူ့နံဘေးမှ ပါလာသော အစောင့်အား ပြောလိုက်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

( ၃၃ )

အစီအစဉ်လုပ်စရာတွေ ရှိသေးသည်။

ဖြစ်ပျက်ခဲ့သမျှကို အထက်အရာရှိထံ အစီရင်ခံရမည်။ ထို့ကြောင့် ဒွန်တစ်ယောက် ရေစိုအဝတ်များပင် မလဲအားဘဲ ချက်ချင်း တယ်လီဖုန်း ကောက်ဆက်သည်။

ဖုန်းဆက်ရင်း သူ့ရုံးခန်းရှိ ရေမပြတင်းပေါက်ကြီးကို ကျော်၍ ရေကူးကန်ပေါ် မိုးရေစက်များကျနေပုံကို ငေးကြည့်နေမိသည်။ သူ နှာချေ လိုက်၏။ တစ်ကိုယ်လုံးရွှဲနစ်ကာ ကြွက်စုတ်လို ဖြစ်နေသဖြင့် သူချမ်းနေပြီး အသံတွေ တုန်နေသည်။ သို့တစေ သူက ဣန္ဒြေမပျက်အောင်တော့ ထိန်းထား နိုင်သည်။

အစီရင်ခံပြီးသောအခါ သူ့အခန်းသို့ပြန်ပြီး အဝတ်အစားလဲသည်။ မီးပူ လတ်လတ်ဆတ်ဆတ် တိုက်ထားသည့် အစိမ်းရောင် ဘောင်းဘီ၊ အဝါ ရောင်ရှပ်အင်္ကျီနှင့် ကျားကွက်အဆင်ပါသော စပို့ကုတ်အင်္ကျီတို့ကို ရွေးချယ် လိုက်သည်။ ဘာတွန် တစ်ကျိုက်ထပ်မော့လိုက်ပြီး လှုက်နစ်ဖက်ဆန့်ထုတ်ကာ စိတ်ကို ဖြေလျှော့လိုက်သည်။

ထို့နောက် ရုံးခန်းသို့ပြန်ဆင်းကာ စားပွဲပေါ် ခြေထောက်တင်၍ထိုင် ပြီး ကက်ဆက်အသံဖမ်းခလုတ်နှိပ်၍ အစီရင်ခံစာကို နှုတ်တိုက်ပြောလိုက်သည်။

သူ့ကျောဘက်ရှိ ပြတင်းမှန်ချပ် လှုပ်ခါသွားစေသည့် အင်ဂျင်စက် သံကြီးတစ်ခုကြောင့် သူမျက်မှောင်ကုတ်သွား၏။

ဘာဖြစ်ပြန်ပြီလဲ။

သူ နှလုံးခုန် တစ်ချက်ရပ်သွားသည်။

ကြောက်မက်ဖွယ် အတိတ်နိမိတ်တစ်ခု သူ့အာရုံထဲ ပေါ် လာသဖြင့် သောက်ထားသည့် အရက်များပင် အန်ထွက်မတတ်ဖြစ်သွားသည်။





တယ်လီဖုန်းကိုမပြီး ခလုတ်သုံးခုကို နှိပ်လိုက်သည်။

ဖုန်းဆက်စရာ မလိုတော့။

သူ့တံခါးကို လက်သီးနှင့်ထုသံ ကြားရသည်။

ဝင်ခဲ့ဟုပင် မပြောရသေးမီ အစောင့်အဖွဲ့ခေါင်းဆောင်က တံခါးကို ဝုန်းခနဲ တွန်းဖွင့်လိုက်သည်။

"ဟိုခွေးသား ဂရစ္စမင်း"

"ဘာဖြစ်လို့လဲ"

"ရေကူးပြီး ဟိုဘက်ကမ်းကိုတက်သွားတယ်ဆို"

"ပြောစမ်းပါဦး"

"သူ ကျွန်တော်တို့ကို အရူးလုပ်တာ၊ ရဟတ်ယာဉ်နားမှာ ကျွန်တော်တို့ စောင့်ကြည့်တဲ့ လူ့အင်အားကို လျှော့ချလိုက်တာနဲ့ သူပြန်ရောက်လာပါလေ ရော၊ သူ ရဟတ်ယာဉ်ကို ခိုးပြေးသွားပြီ မိုးပေါ်ရောက်သွားပြီ ဟိုမှာကြည့်လိုက်"

"ကောင်းကွာ"

အပန်းဖြေစခန်း ကြီးကြပ်ရေးအဖွဲ့သည် မိမိအား အသက်ချမ်းသာခွင့် ပေးကြပါဦးမည်လားဟု ဒွန် တွေးလိုက်မိလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၃၄ )

မိုးရေစိုရွှဲနေသည့် သိုးမွေးထည်များကို ဝတ်ဆင်ထားသော ဆောလ်တစ်ယောက် ခိုက်ခိုက်တုန်အောင် ချမ်းနေသည်။ အနိုင်ရသဖြင့် အားရဝမ်းသာ အော်ဟစ် လိုက်ချင်သည်။

ရဟတ်ယာဉ်ကို စောင့်ကြည့်နေသော အစောင့်နှစ်ဦးမှာ အေးအေး ဆေးဆေး ရှိလွန်းလှသောကြောင့် မိမိဖန်လုံအိမ်သို့ လေးဖက်ထောက်သွားပြီး ပြေးလမ်းမှ ရေပန်းဆီချဉ်းကပ်ကာ၊ နောက်ဆုံး ပန်းခြံနှင့် ခုံတန်းလျားတို့ အနီးမှ ပတ်၍ ၎င်းတို့ထံရောက်ရှိလာခဲ့ပုံကို လုံးဝမမြင်လိုက်ကြရှာချေ။

ဆောလ်သည် ၎င်းတို့နှစ်ယောက်ကို ဒဏ်ရာရရုံမျှသာ တိုက်ခိုက်ပစ် လိုက်၏။ မသတ်ပစ်မိဖို့ သိပ်အရေးကြီးသည်။ အကယ်၍ အပန်းဖြေစခန်း၌ လူသတ်လိုက်လျှင် ထောက်လှမ်းရေးသမား အများအပြားက မိမိအား အလုံး အရင်းနှင့် လိုက်သတ်ကြပေလိမ့်မည်။

သို့ဖြစ်ပါက မိမိသည် အဲလီယော့ကို ဘယ်တော့မှ ဖမ်းမိတော့မှာ မဟုတ်သလို ကလေးနှစ်ဦးအား ချေမှုကိုလည်း အရသာခံနိုင်တော့မည် မဟုတ်ချေ။

လိုအပ်လာလျှင် ကမ္ဘာ့ထောက်လှမ်းရေး အသိုက်အဝန်းတစ်ခုလုံးက အပန်းဖြေစခန်း၏ လုံခြုံအေးချမ်းမှုကိုထိပါးခြင်းအတွက် ဒဏ်ခတ်သည့် အနေနှင့် တိုက်ချင်းပစ် ဒုံးပျံများသုံး၍ မိမိကိုလိုက်ရှာချင် ရှာကြပေဦးမည်။

ယခုနည်းအရမူ မိမိကျူးလွန်သည့် အကြီးကျယ်ဆုံး ပြစ်မှုကား ရဟတ်ယာဉ်တစ်စီး ခိုးပြေးခြင်းနှင့် ဝန်ထမ်းများကို အနှောင့်အယှက်ပေးခြင်း တို့မျှသာ ဖြစ်ပေတော့သည်။ အဲဒါလတ် သဘောတူချက်စည်းမျဉ်းချိုးဖောက် ခြင်းနှင့် နှိုင်းယှဉ်ပါက ယခုမိမိလုပ်ရပ်များမှာ ရန်ဖြစ် ထိုးကြိတ်ခြင်းနှင့် ရဟတ် ယာဉ်ခိုးပြေးခြင်းလောက်သာရှိပေသည်။ အုပ်ချုပ်ရေးအဖွဲ့သည် မိမိ၏လုပ်ရပ် နှင့်ပတ်သက်၍ နားလည်သဘောပေါက်နိုင်ဖွယ်ရှိ၏။





အဖွဲ့အစည်း သို့မဟုတ် စနစ်တစ်ရပ်ကို တိုက်ခိုက်နေခြင်းမဟုတ်။ အဲလီယော့ကို လက်စားချေခြင်းသာ ဖြစ်၏။ မိမိကိစ္စသည် နိုင်ငံရေးမဟုတ် ကိုယ်ရေးကိုယ်တာမျှသာ ဖြစ်သည်။ ယင်းသို့ နားလည်လာသည့်အခါ မိမိအား ၎င်းတို့က ခွင့်လွှတ်ကောင်း ခွင့်လွှတ်ကြပေလိမ့်မည်။

ဆောလ် ဤသို့မျှော်လင့်မိသည်။

ခရစ္စက မိမိလုပ်ရပ်များကို အားပေးမည်ဟုတွေးရင်းပီတိဖြစ်နေသည်။ မိမိနံဘေးမှာ ခရစ္စထိုင်ရင်း မိမိအား တိုက်တွန်းနှိုးဆော်လျက်ရှိသလို အောက်မေ့ ရသည်။ ခရစ္စ ပြုံးပြသဖြင့် ဆောလ်လည်း ပြန်ပြုံးပြသည်။

သူ ရဟတ်ယာဉ်မမောင်းတာ ခုနစ်နှစ်ရှိသွားပြီ။ သို့သော် အဲလီယော့က ရဟတ်ယာဉ် မောင်းနည်း သေသေချာချာ သင်ပေးခဲ့၏။ စက်ခလုတ်များကို အထာကျအောင်ကိုင်တွယ်မောင်းနှင်နိုင်ဖို့ တစ်မိနစ်လောက်ပဲ အချိန်ယူရမည်။

ရဟတ်ယာဉ်ကို ကွင်းပေါ်မှပျံတက်စေကာ တည်ခိုခန်းရှေ့မှဖြတ်သန်း ၍ ခြံဝင်းတစ်လျှောက်ရှိ သစ်ပင်များ ထိပ်ဖျားမှ ရှပ်၍ မောင်းနှင်သွားသည်။

သူ့နံဘေးထိုင်ခုံလွတ်ပေါ် တွင်ကား အစောင့်တစ်ယောက်ထံမှ ချွတ် ယူခဲ့သည့် ကုတ်အင်္ကျီနှင့် အုဇီသေနတ်နှစ်လက်အပြင် ကျည်ဆန်အပြည့်ပါ သည့် ကျည်ကပ်များကို တင်ထားလေသည်။

ရဟတ်ယာဉ်နှင့်အတူ သူ့ ရင်ကလည်း ပေါ့ပါးလာသည်။

အဲလီယော့မှာ ခွေးစရာတစ်လမ်းပဲရှိသည်။

၎င်းသည် ဤနယ်မြေမှ ထွက်ခွာချင်ယောင်ဆောင်ပြီး မိမိဖြတ် လာသည်အထိ ပုန်း၍စောင့်နေချင်လည်းရသည်။ သို့သော် အဲလီယော့က မိမိ ထက် ခြေလှမ်းသာနေသဖြင့် ကားကို တရကြမ်းမောင်းပြီး ဗင်ကူဗာမြို့သို့သွား ကာ ကမ္ဘာ့ အစွန်အဖျားအထိ လေယာဉ်ဖြင့် ထွက်ပြေးသွားနိုင်သည်။ သို့ဖြစ် လျှင် မိမိဘယ်လိုမှ လိုက်ရှာလို့မရနိုင်တော့ပြီ။

သို့မဟုတ်လည်း အဲလီယော့သည် သူ့ တပည့်များအားတည်းခိုခန်း ကို စောင့်ကြည့်ခိုင်းထားပြီး မိမိထွက်လာသည်နှင့် ပစ်သတ်ခိုင်းလို့ရသေးသည်။

ထို့ကြောင့် မိမိသည် မော်တော်ကားတစ်စီးအစား ရဟတ်ယာဉ်ကို သာ ခိုးယူခဲ့ရသည်။

ဆောလ်အဖို့ အများကြီးအကျိုးရှိသည်။ နယ်မြေ တစ်ခုလုံးက တော တောင် ထွေချည်း။ ဤဒေသ၌ မော်တော်ကားလမ်း သိပ်မရှိ၊ အပန်းဖြေစခန်း သို့သွားစဉ်က သုံးခဲ့သည့် လမ်းကြောင်းကို မှတ်မိသေးသည်။ လမ်းက ရှုပ်ထွေး မှုမရှိ။ နောက်ပြန်သွားလျှင် ဗင်ကူဗာသို့ အနောက်စူးစူး ဦးတည်သည့်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းအတိုင်း သွားရုံသာရှိသည်။ ဘယ်နည်းနှင့်မှ လမ်းမလွဲနိုင်။

အဲလိယော့က မိမိထက် နှစ်နာရီ အကျော ရသွားသည်။

သို့သော် အဲလိယော့သည် ရှုပ်ထွေးသည့် တောင်ပေါ်လမ်းများတစ်လျှောက် မြွေလိမ်မြွေကောက်သွားရမည်ဖြစ်ပြီး မိမိက ရဟတ်ယာဉ်ဖြင့် ကျိုးကန်းတစ်ကောင် ပျံသလို နောက်က လိုက်သွားလို့ရသည်။ နောက်ပြီး ရဟတ်ယာဉ်သည် မော်တော်ကားထက် မြန်သည်မဟုတ်လား။

နောက် မိနစ်လေးဆယ်ဆို ကိစ္စပြတ်မှာပါ။

ခရစ္စသာ ရှိခဲ့လျှင် လက်ခုပ်တီး ဩဘာပေးလိမ့်မည်။

◆

( ၃၅ )

မိုးက ပိုသည်းလာပြန်သည်။

ဆောလ် ထွက်ပြေးခါစတုန်းက ရာသီဥတုသည် အကြောင်းမဟုတ်ခဲ့ပါ။ ယခုလိုမိုးသည်းလွန်းမြန်တော့ ရဟတ်ယာဉ်မောင်းရတာ မြင်ကွင်းမသဲကွဲဘဲ ငြိမ်အောင် ထိန်းဖို့လည်း ခက်နေသည်။

မိမိအောက်ဘက်ရှိ ကားလမ်းသို့ ငုံ့ကြည့်သွားရင်း ကြိုတင်မမြင်ရသော သစ်ပင်၊ တောင်ကမ်းပါး သို့မဟုတ် ခပ်နိမ့်နိမ့်တိမ်များ ဖုံးကွယ်ထားသည့် လျှပ်စစ်ဓာတ်အားတိုင်ကြီးတစ်ခုခုနှင့် မတော်တဆ ဝင်တိုက်မှာ စိုးရိမ်ရသည်။

ပထဝီမြေအနေအထား ရုတ်တရက်ပြောင်းလဲမှုကို မျက်ခြည်မပြတ်ကြည့်နေရာမှ

မိုးတွေအုံ့မှိုင်းနေခြင်းကြောင့် ခရီးသွားသူ မရှိခြင်းအတွက်တော့ ဝမ်းသာရသည်။ ကားလမ်းပေါ်မှာ ယာဉ်အသွားအလာ အတော်ကျဲနေ၏။ မင်ကားများနှင့် အိမ်အဖြစ်သုံးသည့် နောက်တွဲယာဉ်များသာ တွေ့ရသည်။ ဆောလ်တွေ့ရသည့် ကားအချို့မှာလည်း အမျိုးအစား ခွဲခြားလို့ရသည်။

ဖို့ဒ်တစ်စီး၊ ဘောက်စ်ဝက်ဂွန်း ဆီရောင်ကို တစ်စီး၊ ပွန်းတီးယက် ဖိုင်းယားဘတ် တစ်စီး။

ရုက်ဗီ စတေရှင် ဝက်ဂွန်း တစ်စီးမျှ မတွေ့ရသေး။

အဲလိယော့တို့နောက် လိုက်လာခါစတုန်းကတော့ ဆောလ် သိပ်မပူခဲ့။ အဲလိယော့တစ်ယောက် တောင်ကြားလမ်းအတော်များများမှ ဖြတ်ကျော်သွားပြီးလောက်ပြီမဟုတ်လား။

မိမိအနေနှင့် စေ့စပ်တိကျဖို့လိုသဖြင့် သေသေချာချာ လိုက်ရှာသော်လည်း အဲလိယော့တို့ကားကို အစအနပင် မမြင်ရသေး။

မိနစ်အတော်ကြာသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိနစ်သုံးဆယ်မှ သုံးဆယ့်ငါး။ မိနစ်လေးဆယ်။

မိုးက ပိုသည်းလာလေ ရဟတ်ယာဉ်ကလည်း ထိန်းရလွယ်လေ ဖြစ်လာသဖြင့် မိမိအတွက်များလေပြီလားဟု ဆောလ်တွေးပူမိပြန်သည်။

အဲလီယော့သည် မိမိတို့ပြန်ချက်ကိုကြိုတွက်ကာ ကမ်းရိုးတန်းသို့ မသွားဘဲ ကုန်းတွင်းပိုင်းသို့ဦးတည်သွားနှင့်ပြီလား။ သို့မဟုတ် ၎င်းအားကျော်တက်ပြီး ဗင်ကူဗာသို့သွားဖြစ်အောင် ပုန်းအောင်းနေပြီလား။

အပြန်ပြန် အလှန်လှန် စစ်ဆေးစမ်း။

ဖြစ်နိုင်သည့်အလားအလာတွေက အတော်များသည်။ ဘယ်တော့မှ ရှာမတွေ့နိုင်သည့် ဝက်ပါထွက်ပေါက်များလိုပေါ့။

အာရုံမထွေပြားစေနှင့်။

မိမိရွေးခဲ့သည့်လမ်းနှင့်ပတ်သက်၍ သံသယ ဖြစ်စရာမလို စိတ်ရှည်ရှည်ထား။

မိမိရေးဆွဲထားသည့်အစီအစဉ်အတိုင်းသာလုပ်ရမည်။ ခုချိန်မှာတခြားလမ်းမရှိတော့။

ငါးမိနစ်အကြာ၌ ဆောလ်သည် စိတ်ပြတ်သားခိုင်မာမှု၏ အကျိုးကို ခံစားရလေသည်။

အောက်ဘက်တွင် သစ်တောနံဘေး လမ်းကွေ့အတိုင်း ချိုးကွေ့ကာ အနောက်တောင်သို့ ဦးတည်မောင်းနှင် သွားလျက်ရှိသော နက်ပြာရောင်စတေရှင် ဝက်ဂွန်းကားလေးကို သူမြင်ရသောကြောင့် ဖြစ်သည်။

ဆောလ် အာခေါင်ခြောက်ခြောက်... အသက်ရှူသံပြင်းလာသည်။

သို့သော် စိတ်တက်ကြွ လှုပ်ရှားမှုကို ဖိနှိပ်ထားလိုက်၏။ အရောင်နှင့် ပုံစံကတော့ တစ်ထပ်တည်းပါပဲ။ သို့သော် တိုက်ဆိုင်တာလည်း ဖြစ်နိုင်သည်။

သူက အနီးကပ်ကြည့်ရန် ရဟတ်ယာဉ်ကို အောက်သို့ဆင်းချလိုက်သည်။ ခရိုမီယံသတ္တုနှင့် အဖြူရောင်ကိုယ်ထည် လုံးဝမရှိ။ ဟုတ်ပြီ . . . ဟုတ်ပြီ။

ရဟတ်ယာဉ်ကို အောက်သို့ ထပ်မံနှိမ့်ချလိုက်ပြန်သည်။ ကားထဲ၌ ခရီးသည် သုံးဦးပါသည်။ ရှေ့မှာ နှစ်ယောက်။ နောက်မှာ တစ်ယောက်။ ၎င်းတို့ နောက်မှ ရဟတ်ယာဉ်စက်သံ ဆူညံနေသော်လည်း နောက်လှည့်မကြည့်ပါကလား။ ထူးဆန်းပါပေ့။

သူတို့သည် ဖောက်ပြားများဖြစ်ပုံရ၏။ နောက်ခန်းမှလူက ဦးထုပ် ဆောင်းထားသည်။ ဟုတ်ပြီ ပိုသေချာလာပြီ။ တစ်ခဏအကြာ၌ ကားနံပါတ်ပြားကို ဆောလ်က မှန်ပြောင်းနှင့် ဖတ်ကြည့်သည်။ အပန်းဖြေစခန်းထဲ၌



တွေ့ခဲ့သည့် ကားနံပါတ်နှင့် အတူတူပါပဲ။

ဆောလ် ဒေါသထွက်လာပြီး ရဟတ်ယာဉ်ကိုအရှိန်မြှင့်ကာ မော်တော်ကားနောက်မှ ဝဲပျံ၍လိုက်လာသည်။

ရှေ့ညာဘက်နားတွင် စက်ဝိုင်းခြမ်းပုံ ကွက်လပ်ရှိပြီး မိုးစိုနေသည့် ကျောက်စရစ်ခင်း ကားရပ်စခန်း၏ ပတ်လည်၌ ပျော်ပွဲစားထွက်သူများသုံးသည့် စားပွဲခုံများဖြင့် ဝန်းရံထားသည်။

သို့သော် ထိုနေရာ၌ လူတစ်ယောက်မျှမရှိ။

သေရေး ရှင်ရေးကြုံလာတဲ့အခါ ပြဿနာကို ရိုးရိုးစင်းစင်း ရင်ဆိုင်ဖြေရှင်းလိုက်။ လိုအပ်လျှင် အသေခံဖို့ ပြင်ဆင်ထားလိုက်။

ဒါဟာ ဘာမှ မဆန်းဘူး။ ရင်ကော့ပြီးတော့သာ ဆက်လုပ်သွား။

လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ဆောလ်၏ သိုင်းနည်းပြဆရာ အီရှိဖုရိုက ဒိုဂျိုထဲ၌ ထိုသို့ မိန့်ကြားခဲ့ဖူးပေသည်။

ထို့ကြောင့် ဆောလ်မာန်တင်းပြီး ဆက်လက်လုပ်လျက်ရှိသည့် ချက်ချင်းဆုံးဖြတ်သည်။ သို့သော် သူသေဖို့မရည်ရွယ်သေး။

ကားလမ်းပေါ်မှ ရုတ်ခနဲ ပျံသန်းသွားပြီး ရှက်ဗီကားထဲ တဖြည်းဖြည်း ချဉ်းကပ်သွားသည်။

အဲ့ဖြစ်အပျက်များစွာတို့ တစ်ချိန်တည်း တစ်ပြိုင်တည်း ဖြစ်ပျက်ကုန်၏။

လက်ကိုင်ဘီးနောက်မှ လန့်ဖျပ်သွားသည့် ကာစတာ၏ မျက်နှာကို ဆောလ်မြင်လိုက်ရသည်။

အကယ်၍ ကာစတာသည် ကားလမ်းပေါ်၌သာ ဆက်လက် မောင်းနှင်နေခဲ့ပြီး ရဟတ်ယာဉ်၏ ခြေထောက်များကလည်း စတေရှင်ဝက်ဂွန်းကားနှင့် ထိခိုက်မည်ဆိုပါက ရဟတ်ယာဉ်မှာ ဟန်ချက်ပျက်ကာ ကားပေါ်လဲကျပြီး ယာဉ်နှစ်စင်းစလုံး မီးလောင်ပျက်စီးသွားပေလိမ့်မည်။ ထိုအခါ အဲလီယော့ သေသွားမှာသေချာသည်။ သို့သော် ဆောလ်ကတော့ ၎င်းနှင့်အတူရောပြီး လိုက်မသေချင်သေးပါ။

ကာစတာက ဆောလ်ထင်သည့်အတိုင်း တုံ့ပြန်လိုက်သည်။ ကားကို ဘေးဆွဲကွေ့ပြီး သစ်ပင်များနှင့် စားပွဲခုံများရှိသည့် ကားရပ်စခန်းဆီသို့ ခေါင်းတည့်ဝင်သွားလေသည်။

ဆောလ်ကလည်း ၎င်းနည်းတူလိုက်လုပ်သည်။ ကာစတာ၏ ရှေ့မှ ကားနှင့်အပြိုင်မောင်းကာ ၎င်းအားရပ်ခွင့်မပေးဘဲ သစ်ပင်များဆီသို့ တွန်းပို့ပေးလျက်ရှိ၏။ သစ်ပင်နှင့် ဝင်တိုက်ခါနီး သီသီလေးအလိုတွင် ဆောလ်က



www.burmeseclassic.com

www.burmeseclassic.com



ရဟတ်ယာဉ်ကို သစ်ပင်ထိပ်ဖျားသို့ ပင့်တင်လိုက်သည်။ ရဟတ်ယာဉ် စက်ခန်းအတွင်း၌ ပန်ကာဒလက်ကြီးများ၏မြည်သံကြောင့် နားတွေအူနေသော်လည်း မိမိအောက်မှ ဗိုင်းခနဲအသံကြီးကိုတော့ ကြားလိုက်ရသည်ဟု သူထင်မိသည်။

နားကြားလွဲတာလားမသိ။ မည်သို့ဖြစ်စေ၊ သူကျေနပ်သွားသည်။

ရဟတ်ယာဉ်ကို ဆတ်ခနဲ ဆွဲလှည့်ပြီး ကားရပ်စခန်းသို့ ပြန်ကွေ့သွားရာ သစ်ပင်နှစ်ပင်ကြားရှိ ကျောက်တုံးကြီး တစ်ခုနှင့်ဝင်တိုက်မိသော ရှက်ဗီကားလေးကို တွေ့ရသည်။

ရဟတ်ယာဉ်ဖြင့် မြေပြင်သို့ ကပျာကယာဆင်းပြီး စက်ကိုမသတ်ဘဲ အူဇီနှစ်လက်နှင့် ကျည်ကတ်များကိုဆွဲယူပြီး မိုးရေစိုနေသည့် ကျောက်စရစ်ခင်းလမ်းပေါ်သို့ ခုန်ဆင်းလိုက်သည်။

သူ့မျက်နှာကို မိုးတွေတဖွဲဖွဲပက်နေ၏။

ပန်ကာ ဒလက်ကြီးများနှင့် တိုက်မိပြီး ခေါင်းပြတ်မသွားအောင် ခါးကိုင်း ထားရသော်လည်း ရှက်ဗီကားကို အူဇီဖြင့် လှမ်းပစ်ရင်း ချဉ်းကပ်သွားသည်။ ကား၏ စက်ခေါင်းမှ ရေနွေးငွေ့တွေထွက်နေပြီ၊

သို့သော် မသက်ာစရာတွေ့ရ၏။

ကားပြတင်းမှန်များ ကွဲမသွားသလို မိမိ၏ပစ်ခတ်မှုကြောင့် တံခါးတွေလည်း ပြုတ်မထွက်သေး။

သူမျက်နှာမဲ့သွား၏။

ရှက်ဗီကားသည် ကျဉ်ဆန်ပြီးသော ကားဖြစ်သည်။ သူ့က်ရေအိုင်ကလေးများပေါ် ဖြတ်ပြေးရင်း စက်သေနတ်နှင့် ထပ်ပစ်ပြန်သည်။ ကားဘီးအကာများနှင့် တံခါးများကို ကျည်ဆန်ထိသော်လည်း အပျက်အစီးသိပ်မရှိ။

ကားထဲ၌ မည်သူမျှမလှုပ်။

သတိထား၍ ပြေးကပ်ပြီး မိုးရွှဲနေသည့် ပြတင်းနပါက်မှ အတွင်းသို့ ချောင်းကြည့်လိုက်ရာ ကျိုးနေသည့် လက်ကိုင်ဘီးပေါ် နဖူးမှ သွေးများစီးလျက်မှောက်လျက် လဲကျနေသော ကာစတာ့အား တွေ့ရသည်။

ရှင်းဘေးတွင် ပိုလပ်ဇ်သည်. . .

ကော်ပတ်ရုပ်ကြီး ဖြစ်နေ၏။ ဟုတ်သည်။ ပုလပ်ဇ်၏ ဂျင်းနဲ့ဂျာကင်ဝတ်ပေးထားသည့် အရုပ်ကြီးတစ်ရုပ်။

အဲလီယော့ရော။

နောက်ခန်းတွင် အဲလီယော့၏အနက်ရောင်ဝတ်စုံ ဝတ်ထားသည့် တကယ့်လူအရွယ် ကော်ပတ်ရုပ်ကြီးတစ်ရုပ် ဘေးစောင်းလဲကျနေသည်။





ဦးထုပ်က ကြမ်းပေါ်မှာ။

ထိုကြောင့်ရဟတ်ယာဉ်သံကြားသော်လည်း ၎င်းတို့နောက်လှည့်မကြည့်ခဲ့ကြခြင်းဖြစ်သည်။

မော်တော်ကား ဒက်ရှ်ဘုတ်အောက်ရှိ ရေဒီယိုစကားပြောစက်တစ်လုံးကို မြင်မြင်ချင်း မိမိအတွက် အလွန်အန္တရာယ်ရှိနေမှန်း ဆောလ်သိလိုက်၏။

သူ ချက်ချင်း လှုပ်ရှားသည်။

သစ်ပင်များဆီ ပြန်ပြေးသွားစဉ် သူ့ လက်မောင်းကို ကျည်ဆန်ရှပ်မှန်သွား၏။ နောက်ကျည်တစ်တောင့်က အနီးရှိ သစ်ပင်တစ်ပင်၏ ပင်စည်ကို ဖဲ့ထုတ်ပစ်လိုက်သည်။ သစ်သားစက သူ့ မေးစေ့ကို လာမှန်သည်။

သစ်ပင်နောက်တွင် အကာအကွယ်ယူကာ ရန်သူကိုပြန်မပစ်အား။ မိမိအားပစ်နေတာ ဘယ်သူလဲ။ ကားထဲကို အရုပ်တွေ ဘယ်လိုထည့်ပေးလိုက်လဲဆိုတာ သူ မစဉ်းစားအား။

သစ်ပင်များကြား၌ သူ ဒရောသောပါး တိုးဝင် ပြေးလွှားနေဆဲ။ အရှိန်ပိုရလာဆဲ။ စဉ်းစားဖို့ အချိန်သိပ်မရ။

ရေဒီယိုစက်သည် မိမိအတွက်အဖြေတည်း။

တောက်။ ငါစောစောက ဒါကိုဘာကြောင့် မတွေးမိပါလိမ့်။

တော်တော်တုံးတဲ့ ငါပဲ။

အဲလီယော့သည် ခြံထဲမှ စထွက်ကတည်းက တည်းခိုခန်းနှင့် အဆက်အသွယ်လုပ်နေခဲ့ပေလိမ့်မည်။ ရဟတ်ယာဉ်ကို မိမိခိုးယူကြောင်း ၎င်းချက်ချင်းသိလိမ့်မည်။ ဒါကိုလည်း ၎င်းထည့်တွက်ထားပြီးသား ဖြစ်မည်။

ခြံထဲမှ သူ ထွက်ခွာကတည်းက ကော်ပတ်ရုပ်ကြီးတွေက ကားထဲပါသွားမည်။

အင်း၊ **အဘိုးကြီးဟာ** ငါ့ခြေလှမ်းတွေကို တစ်ချိန်လုံး ကြိုတွက်နိုင်ခဲ့ပါကလား။

ယခု မိမိအား ချောင်းမြောင်း ပစ်ခတ်နေသော သေနတ်သမားကရော ဘယ်သူလဲ။ ပိုလပ်ဇ်ပဲ ဖြစ်ရမည်။ ၎င်းသည် ကာစတာ့၏ ကားနောက်မှ လိုက်လာခဲ့ဟန်တူသည်။

အကယ်၍သာ ဆောလ်သည် ရေဒီယိုစက်နှင့် ကော်ပတ်ရုပ်နှစ်ရုပ်ကို မတွေ့ခဲ့ဘဲ ထောင်ချောက် ဆင်ထားမှန်း သိသိချင်း သစ်တောထဲ ပြေးဝင်ခဲ့လျှင် ပိုလပ်ဇ်က အသေပစ်သတ်လိုက်မှာ သေချာသည်။

ထိုအခါ အဲလီယော့ အနိုင်ရသွားမည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာယ်ရမလဲ။ သူ့ကို အရှုံးမပေးနိုင်ဘူး။

ခရစ္စအတွက် ဒီလူကြီးကို လက်စားချေရမယ်။

မိုးရွာထဲ၌ သစ်ပင်များကြားမှ သူ ဆက်ပြေးနေဆဲ။

ပိုလပ်ဇ် မမြင်နိုင်တော့ဟု သူတွက်ပြီး လမ်းကြောင်းပြောင်းသည်။

ကားလမ်းပေါ် ပြန်သွားမှပဲ။

ပိုလပ်ဇ်သည်ချုံတိုးသံ၊ သစ်ကိုင်းကျိုးသံများကြားရသည့်အက်သို့ သေနတ်ပြောင်းချိန်လျက် နောက်က လိုက်လာလိမ့်မည်။ ထို့ကြောင့် ဆောလ်က ထိုအသံများမြည်အောင် တမင်ပင် လျှောက်လုပ်သွားသည်။ သစ်တောထဲသို့ ပိုလပ်ဇ်ကို မျှားခေါ်ရမည်။

ပိုလပ်ဇ်တစ်ယောက် မော်တော်ကားလမ်းနှင့် အလှမ်းဝေးရာသို့ ရောက်လာသည်နှင့် ဆောလ်က တိတ်ဆိတ်မှုကိုအားကိုးကာ ပိုလပ်ဇ်ကို မျက်စိလည်အောင်လုပ်ပြီး ကားလမ်းဆီသို့ တိတ်တဆိတ်ပြန်သွားရန် ကြံစည်ထားပေသည်။

ပိုလပ်ဇ်က အကြောင်းမဟုတ်။ အဲလီယော့သာ အရေးကြီး၏။

မိုးကြောင့် ဆောလ်ခိုက်ခိုက်တုန် ချမ်းလာသည်။ အဘိုးကြီးသည် မလိုအပ်ဘဲနှင့် ဤမျှဆိုးရွားသည့် ရာသီဥတု အခြေအနေ၌ လူလုံးထွက်ပြဝံ့ပါ့မည်လား။

ကာစတာကိုတည်ကြက်လုပ်ပြီး ပိုလပ်ဇ်က ဆော်နောက်မှ အလစ်ဝင်တိုက်ခိုက်ဖို့ အဲလီယော့စီစဉ်ထားခဲ့ပေသည်။ သတ်ပုတ်ကြ၊ ပစ်ခတ်ကြဦးမည်ဟု အဲလီယော့ ထည့်စဉ်းစားထားရမည်။ သူ့အနားမှာ သက်တော်စောင့်တစ်ယောက်မှမရှိဘဲ ဒုတိယ မော်တော်ကားထဲ၌ သူထိုင်စောင့်နေရဲပါ့မလား။

သို့မဟုတ် သစ်တောထဲ၌ မိုးစိုခံပြီး သူပုန်းနေမလား။

အဘိုးကြီးသည် လုံခြုံ၍ နွေးထွေးသော နေရာတစ်ခုကိုသာ ရွေးချယ်ပေလိမ့်မည်။

အဘိုးကြီးသည် ယခုမိမိလိုက်ခဲ့သည့် ကားလမ်းတစ်နေရာရာ၌ ရှိနိုင်သည်။

တဲအိမ်တစ်လုံး သို့မဟုတ် ဟိုတယ်စခန်း၊ သို့မဟုတ် တည်းခိုစခန်းတစ်ခုခုတွင် ခိုလှုံလျက်ရှိမည်။

အကယ်၍ သူ လေယာဉ်ပျံစီးဖို့ ကြံစည်ထားခဲ့လျှင်လည်း လေဆိပ်မှာတော့ သူဘယ်လိုမှ ထိုင်စောင့်နေမည်မဟုတ်။

ဟော်တယ်အဲတော်များများ၏ အပေါ်မှ ရဟတ်ယာဉ်ဖြင့် ဆောလ်





ဖြတ်ပျံခဲ့ပြီးပြီ။ အချိန်ရသမျှ ထိုဟိုတယ်များကို ပြန်စစ်ဆေးလို့ရသည်။

ခက်တာက မိမိမှာ အချိန်လုံးဝမရှိ။

ပိုလပ်ဇ်က မိမိအား လိုက်မရှာဘဲမနေ။ ကျေးလက်ရဲစခန်းက ယာဉ်တိုက်မှုကို လာစုံစမ်း စစ်ဆေးကြဦးမည်။

ထို့ကြောင့် မိမိ၏နေရာမှ ထွက်ပြေးမှ ဖြစ်တော့မည်။

မိနစ်နှစ်ဆယ်အကြာတွင် မိုးစိုရွှဲနေသော်လည်း သူချွေးပြန်လျက် ကားတိုက်သည့်နေရာမှ မိုင်ဝက်ခန့်အကွာရှိ လမ်းကွေ့တစ်ခုသို့ ရောက်လာသည်။

သတိထားပြီး တိတ်တဆိတ် ရွေ့လျားနေရင်း မိမိကျောဖြင့်သို့ ပိုလပ်ဇ်၏ ကျည်ဆန်လာမှန်မှာ စိုးရိမ်သဖြင့် လက်ပြင်ကြောမှာ ယားကျိကျိဖြစ်နေသည်။

အဲလီယော့ကို တွေ့အောင်ရှာမှ။

တွေ့အောင်ရှာမှ. . .။

လမ်းကွေ့သို့ ချဉ်းကပ်လာသော မော်တော်ကားတစ်စီး၏ အသံကို ကြားရသည်။ ရဲကားမဖြစ်ပါစေနဲ့။

ဗင်ကား အပေါင်းတစ်စီးကိုတွေ့ရသဖြင့် ဆောလ် သစ်ပင်ကြားမှ ပြေးထွက်ပြီး လက်ပြ၍တားသည်။

ဆံပင်ရှည်ရှည် ကောင်လေးက သူ့ကိုရှောင်၍ မောင်းသွားမည်အပြုသူက အူဇီဖြင့်လှမ်းချိန်ထားလိုက်သည်။ ကောင်လေးလန့်ပြီး တရိတ်အုပ်ရပ်ကာ ကားပေါ်မှ လက်မြှောက်လျက်သား ဆင်းလာသည်။

"ကျွန်တော့်ကိုမပစ်ပါနဲ့"

ကောင်လေးက နောက်ပြန်ဆုတ်သွားပြီး တစ်ချိုးတည်း ထွက်ပြေးသွားသည်။

ပျော်ပွဲစားထွက်သည့်နေရာတွင် ပန်ကာများ အဆက်မပြတ်လည်နေသည့် ရဟတ်ယာဉ်ကြီးကို တွေ့ရသည်။

ရှက်ဗီကား တံခါးပွင့်နေသည်။

ကားပေါ်မှ ကာစတာတစ်ယောက် သူ့ဗိုက်ကိုနှိပ်လျက် ယိမ်းယိုင်ဆင်းလာ၏။ ဗင်ကားသံကိုကြားသဖြင့် ၎င်းက မော့ကြည့်လိုက်ရာ ကားမောင်းလာသော ဆောလ်အား မြင်သွားသည်။

ကာစတာ ကိုယ့်မျက်လုံး ကိုယ် မယုံသလိုဖြစ်သွားပြီး မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ခေါင်းခါလိုက်၏။ ၎င်းက မျက်မှောင်ကြုတ်လျက် ဆတ်ခနဲ ခါးမတ်ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့နဖူးမှ သွေးတွေ စီးကျနေဆဲ။

ပိုလပ်စ်ကိုသွားပြောရန် သစ်တောဆီသို့ ပြေးသွားသည်။

ကိစ္စမရှိ။

ဆောလ်က ထိုနေရာမှ ခွန်းခွာသွားသည်။

မကြာမီ၌ ကာစတာနောက် လိုက်ရန်အတွက် ပိုလပ်စ်အသုံးပြုခဲ့သည့်ကား ဖြစ်ဟန်တူသော အစိမ်းရောင်ဖို့ဒ်ကားကြီးကို လမ်းပေါ်တွေ့ရသည်။

ဆောလ်က သေချာစေရန် ကားရပ်ပြီးဆင်းကာ ထိုကားကို သေနတ်ဖြင့်လှမ်းချိန်လျက် သွားစစ်ဆေးသည်။ ကားထဲမှာဘယ်သူမှမရှိ။ ကား၏ ဟိုဘက်ခြမ်းတွင်လည်း သစ်တောထဲ၌ ပုန်းရန် ဝင်သွားဖွယ်ရှိသော အဘိုးကြီးတစ်ယောက်၏ ခြေရာများကို မြေကြီးပေါ်၌ မတွေ့ရချေ။

ဆောလ် ခေါင်းညိတ်လိုက်၏။

မိမိ၏ မသင်္ကာဖြစ်မှုသည် ပို၍သေချာလာပြီ။

ပျော်ပွဲစားထွက်သည့် တွက်လပ်သို့ သူ လှည့်ကြည့်လိုက်၏။ ပိုလပ်စ်သည် မိမိထံပြေးလာလျက်ရှိ၏။ ကာစတာက သူ့နောက်မှ ခြေထော့နင်းလျက် လိုက်လာသည်။

ပိုလပ်စ်သည် ဆောလ်အား မြင်မြင်ချင်း အပြေး ရပ်ပြီးပစ္စတိုကို အပေါ်ပင့်လိုက်သည်။

ဆောလ်က ဗင်ကားပေါ် ခုန်တက်လိုက်၏။ ကားနောက်ဖုံးကို ကျည်ဆန်မှန်သွားသည်။ ဆောလ် စိတ်ပေါ့ပြီး မောင်းထွက်သွားသည်။

သိပ် မလိုတော့ပါ။

လမ်းကွေ့နှစ်ခုကို ထပ်ကွေ့ပြီးနောက် ပိုလပ်စ်တို့ မမြင်နိုင်တော့ဟု ယူဆပြီး ဘယ်ဘက်ရှိ ကျောက်စရစ်ခင်းလမ်းသွယ်လေးထဲ ချိုးဝင်ကာ ဘယ်ဘက်သို့ ထပ်ကွေ့လိုက်သည်။

ထူထပ်သည့် သစ်ပင် အုပ်ကြား၌ ဗင်ကားကိုရပ်ပြီး ကားပေါ်မှ ခုန်ဆင်းလိုက်သည်။

မော်တော်ကား လမ်းအစပ်ရှိ ခြုံဖုတ် ထူထူများကြားတွင် ပုန်းအောင်းကာ သူ စောင့်ဆိုင်းနေသည်။

စောင့်ကြည့်နေသည်။

တစ်မိနစ် ကြာသွား၏။

သူ့ဆန္ဒပြည့်သွားသဖြင့် သူ ကျေနပ်သွားသည်။

သူ့အကြံ အောင်ပြီ။





အစိမ်းရောင် ဖို့ဒ်ကားကြီး ရွှတ်ခနဲ ဖြတ်သွား၏။ ပိုလပ်စ်သည် ဖောက်ပစ်ရွာဖြင့် ကား မောင်းနေပုံရသည်။ သူ့ ဘေးတွင်ပါလာသော ကာစတာကတော့ ဆောလ်၏ ဗင်ကားကို ပြတင်းပေါက်မှ ခေါင်းပြူ၍ လိုက်ရှာနေသည်။

ဤဖို့ဒ်ကားကြီးသည် ရှက်ဗီကားလို ကျည်ဆန်ပြီးချင်မှပြီးမည်။ သင်းတို့ နှစ်ယောက်ကို မိမိ လှမ်းပစ် လိုက်လို့ ရသည်။ သို့သော် ဘာအကျိုးထူးမှာလဲ။ ၎င်းတို့သည် ဆောလ်၏ပစ်မှတ်မဟုတ်။

မိမိ ပစ်မှတ်ကား အဲလီယော့ပင်တည်း။

ယခု သူ့ သားနှစ်ယောက်ဖြစ်ကြသော ပိုလပ်စ်နှင့်ကာစတာတို့က သူတို့အဖေကို ကာကွယ်ဖို့ပြေးသွားကြပြီ။

သင်းတို့က မိမိအား အဲလီယော့ဆီ ခေါ်သွားကြလိမ့်မည်။

နီးသည်ထက် နီးလာပြီ။

ဆောလ်က ဗင်ကားဆီသို့ ပြန်ပြေးသွားသည်။

နိဂုံးချုပ်ခါနီးပြီ။

ဆောလ် အသွေးထဲအသားထဲက ပြင်းပြင်းထန်ထန် ခံစားသိရှိနေ၏။

သိပ်မကြာတော့။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၃၆ )

သို့သော် . . .

သူတို့နောက်မှ မိမိလိုက်လာကြောင်း အသိခံလို့မဖြစ်။ သူတို့ ကွယ်ရာမှခွာ၍လိုက်ရမည်။ မိမိသာ သူတို့နေရာမှာဆိုလျှင် အကျင့်အတိုင်း နောက်ကြည့်မှန်ကို မကြာမကြာကြည့်၍ ရှုဒိုးလိုက်သူရှိမရှိ စစ်ဆေးနေမည်သာတည်း။

ပိုလပ်ဇ်တို့ လုပ်မလုပ်တော့ ဆောလ်မသိ။ သူကိုယ်တိုင်ကတော့ ရှုဒိုးလိုက်သူကို ယင်းသို့ စစ်ဆေးလျက် ရှိ၏။ ဥပမာ၊ ရဲကားတွေ ဘာတွေပါလာလျှင် ဘယ့်နှယ်လုပ်ပါ့။ ဤသို့ကြိုတင်ကာကွယ်မှုလုပ်ခြင်းမှာ အားနည်းချက်တွေရှိ၏။

မိမိအား ကာစတာနှင့် ပိုလပ်ဇ်တို့ မမြင်စေချင်လျှင် မိမိက ၎င်းတို့အား ဘယ်လိုလုပ်မြင်နိုင်မှာလဲ။ ယခုတော့ နီးရာဟိုတယ် သို့မဟုတ် ဗိုလ်တဲတစ်လုံးတွေ့သည်နှင့် အကာအကွယ်ယူပြီး ၎င်းတို့ကို ခိုးခိုးကြည့်နေရသည်။

ဤသို့ ရှုဒိုးလိုက်သည့်နည်းကပင်ပန်းပြီး စိတ်ညစ်စရာသိပ်ကောင်းသည်။

စတုတ္ထတည်းခိုခန်းကို စစ်ဆေးပြီးသောအခါ ဖို့ဒ် ကားကို မျက်ခြည်ပြတ်သွားမှာ စိုးရိမ်မိသည်။ ယခုလောက်ဆို ရဲများသည် ကားတိုက်မှုဖြစ်ပွားရာသို့ ရောက်နေကြလောက်ပေပြီ။ ဆံပင်ရှည်နှင့် ကောင်လေးကလည်း သူ့ကားအခိုးခံရကြောင်း တိုင်ကြားလိုက်လိမ့်မည်။ ရဲများက မိမိအား လိုက်ရှာကြတော့မည်။

အပန်းဖြေစခန်းမှ အစောင့်များကလည်း လိုက်ရှာကြဦးမည်။ ၎င်းတို့က အကူအညီတောင်းကြမည်။ သူတို့စခန်းမှာ ရဟတ်ယာဉ်အပိုတစ်စီးမရှိသဖြင့် တော်သေးသည်။

၎င်းတို့က မိမိအား ကားဖြင့်သာ လိုက်ရှာလို့ရမည်။ မည်သို့ဖြစ်စေ ၎င်းတို့သည် ဤလမ်းမှပင် မောင်းလာကြလိမ့်မည်။





မိမိလွတ်မြောက်ရေးကို ဦးစားပေးရမလား။ အဲလိယော့အား ဖော်ခတ်ရေးကို ဦးစားပေးရမလား။ ဆောလ် စိတ်က မတင်မကျဖြစ်နေ၏။

အဲလိယော့နောက်ကို မလိုက်နဲ့တော့။ ရဲများနှင့် အစောင့်များရောက်မလာခင် အတိုးကြီးကို မင်းရှာတွေ့မှာ မဟုတ်ဘူး။ မင်းကြိုးစားသားပဲ။ ဒါပေမယ့် မင်းအတွက် အခြေအနေတွေက သိပ်မကောင်းဘူး။ တခြား အခွင့်အရေးတွေ ပေါ်လာဦးမှာပါ။

အသံကြီးတစ်ခုက သူ့ နားထဲမှာလာသတိပေးသည်။

မရဘူး။

ဒီလူကြီးကို ငါလက်လွှတ်လိုက်ရင် နောက် ဘယ်တော့မှ သူ့ကို ရှာလို့ရတော့မှာမဟုတ်ဘူး။ သူ့ ခြေရာ ကျန်ခဲ့မှာလည်း မဟုတ်ဘူး။ အခုတစ်ခါတည်း အပြတ်ရှင်းမှ။

နောက်ထပ် အခွင့်အရေးရတော့မှာမဟုတ်ဘူး။

နာရီဝက်အကြာတွင် သတ္တမမြောက်မိုတယ်ကို ဝင်စစ်ဆေးသည်။ အလယ်၌ ကားရပ်စရာနေရာလွတ်များရှိသည့် မျဉ်းပြိုင်ကျကျ တည်ဆောက်ထားသော တည်းခိုခန်းနှစ်တန်းဖြစ်သည်။ အစိမ်းရင့်ရောင်ဖို့ဒ်ကားကြီးကို တွေ့ပါပြီ။

ရုံးခန်း ရှေ့ မျက်နှာစာတွင် 'ရော့ကီ တောင်တန်းတည်းခိုခန်း' ဟူ၍ နီယွန် မီးဆိုင်းဘုတ်ကြီး ချိတ်ထား၏။

မှိုးသည်းသည်းအောက်၌ ဆိုင်းဘုတ်မီးလွှန်းထားသည်။ ဖို့ဒ်ကားသည် အလယ်ကောင်တည်းခိုခန်းတစ်လုံးကို ဖင်ပေးလျက် နောက်အဲဖုံးဖွင့်ကာ ရပ်ထားသည်။

ဆောလ်က ဗင်ကားကို ကားလမ်းပေါ်၌ ခပ်ခွာခွာထားရစ်ခဲ့ပြီး သစ်ပင်များကြားမှဖြတ်၍ ခြုံဖုတ်ထူသော တောင်ကုန်းပေါ်တက်ကာ ဖို့ဒ် ကားနောက်ဘက်ရှိ တည်းခိုခန်းကို ချောင်းကြည့်လိုက်၏။ တည်းခိုခန်းတံခါး ဖြေးညှင်းစွာပွင့်လာပြီး ပိုလက်ဇ်က အပြင်သို့ထွက်ကြည့်ကာ ကားနောက်ဖုံးထဲသို့ လက်ဆွဲသေတ္တာတစ်လုံးထည့်၍ အဖုံးပိတ်လိုက်သည်။

ပြီး တည်းခိုခန်းထဲသို့ ပြန်ဝင်သွား၏။

ဆောလ် မျက်ကြောရှုံ့လိုက်၏။

ငါအချိန်မီရောက်လာလို့ တော်ပါသေးရဲ့။ သူတို့ လစ်ကြတော့မယ်။

ဆောလ် အံတင်းလိုက်သည်။

လျင်မြန်စွာတွက်ချက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအကွာအဝေးမှ အုဋ္ဌီနှင့်လှမ်းပစ်လျှင် ပစ်မှတ်ကို တည့်တည့်ထိဖို့ သိပ်မသေချာ။

အကယ်၍ ဖို့ဒ်ကားရှေ့ တည့်တည့်ရှိ တည်းခိုခန်းနောက်ကွယ်မှ နေရာယူမည်ဆိုလျှင်ကား အဲလီယော့ ထွက်အလာ၌ ပစ်ထည့်လိုက်လို့ရမည်။

သို့သော် မိမိအောက်သို့ မြန်မြန်ဆင်းဖို့တော့ လိုသည်။

ထို့ကြောင့်တည်းခိုခန်းများရှိရာသို့ ကုန်းလျှောတစ်ခုပေါ်မှ ပြေးဆင်းသွားပြီး ဖို့ဒ်ကားနှင့်မျက်နှာချင်းဆိုင် အလယ်ကောင်မှ တည်းခိုခန်း၏နောက်ကွယ်၌ နေရာယူလိုက်သည်။

မိုးက ပိုသည်း၊ ပိုမည်း၊ ပိုအေးလာသည်။

ကား စက်နှိုးသံကိုနားစွင့်၍ ပုန်းအောင်း စောင့်ဆိုင်းရင်း ဆောလ် စိတ်ထဲမှာ ဒွိဟတွေဖြစ်လာပြန်သည်။

သိပ်လွယ်လွန်းနေပါကလား။

ထောင်ချောက်ဆင်ထားတာနှင့်တူသည်။

အဲလီယော့သည် ၎င်း၏တည်းခိုခန်း ရှေ့တည့်တည့်၌ သူ့တပည့်များအား ကားရပ်ပြီး ပစ္စည်းတင်ခိုင်းမည့်လူစားမဟုတ်။

ဒီနားမှာပါရှိမှန်း သူသိတယ်။

သူတို့က မော်တော်ကားကြီးကို တည်ကြက်လုပ်ထားတာ။

ဒီနေရာမှာ အဲလီယော့ရှိရမယ်။

ဤအချက်ကိုတော့ ဆောလ်အကြွင်းမဲ့ ယုံသည်။

ဘယ်အိမ်ထဲမှာ ရှိမလဲ။

တောင်ကုန်းပေါ်မှ တွေ့ခဲ့ရသည့် မြင်ကွင်းကို အာရုံထဲ ပြန်ဖော်ကြည့်သည်။

တည်းခိုခန်း အလုံးနှစ်ဆယ်။ ဆယ်လုံးစီနှစ်တန်းခွဲ၍ ဆောက်ထား၏။

မိုးရွာသောကြောင့် ခရီးသည်များသည် အခန်းအောင်းနေကြဖွယ်ရှိသည်။ ထို့ကြောင့်သာ တည်းခိုခန်း ဆယ့်လေးခန်း ရှေ့၌ မော်တော်ကားများ ရပ်ထားကြခြင်းဖြစ်မည်။

ကွက်လပ်ခြောက်ခုအနက်၊ ဖို့ဒ် ကားရှေ့ရှိ တည်းခိုခန်း၏ ဘေးနှစ်ဘက်တွင် ကားတစ်စီးစီရပ်ထားသည်။ ရုံးခန်းဘေးတွင် တတိယကွက်လပ်ရှိပြီး စတုတ္ထကွက်လပ်မှာ ညာဘက် နောက်ဘက် ခြမ်းတွင်ဖြစ်သည်။

ထိုကွက်လပ်မှာ သစ်တောစပ်တွင်ဖြစ်ပြီး ကျန်ကွက်လပ်နှစ်ခုကား မိမိရှိသည့် အခြမ်းတွင် ဖြစ်သည်။





မည်သည့်တည်းခိုခန်းအတွင်း၌ အဲလီယော့ရှိပါသလဲ။ ကားလမ်းမ ရှုံးခန်းတို့နှင့်နီးကပ်နေသည့် အခန်းကို ရွေးမလား။ သိပ်တော့ မဖြစ်နိုင်။

အဲလီယော့ကအကောင်းဆုံးကာကွယ်မှုကိုလိုချင်သူဖြစ်သည်။

အလယ်ကောင်က အခန်းလား။

သို့သော် သစ်တောနှင့် အနီးဆုံး အခန်းမှာရော သူ မရှိနိုင်ဘူးလား။

သိပ် မဖြစ်နိုင်။

အရေးတကြီးထွက်ပြေးချင်လျှင် ကားလမ်းနှင့် အလှမ်းဝေးနေလိမ့်မည်။ သို့တစေ သူများတွေနှင့်ဝေးပြီး တစ်သီး တသန့်ဖြစ်နေခြင်းကြောင့် တိုက်ခိုက်သည့်အခါ အသံဗလံများကို လူတိုင်း ကြားနိုင်လိမ့်မည်မဟုတ်။

မိမိအတွက် အဟန့်အတားတွေ ရှိနေဆဲပါလား။

ဖို့ဒ်ကားရပ်ထားသည့် အခန်း၏ဘေးချင်းကပ်အခန်း နှစ်ခန်းမှာရော သူ ရှိမလား။

သိပ် သိသာလွန်းသည်။

ဒီနှစ်ခန်းကို ဆောလ် ထည့်မတွက်တော့။

သို့သော် အကယ်၍ အဲလီယော့က တမင်တကာ သိသာထင်ရှားသည့် အခန်း၌ ဝင်ပုန်းနေခဲ့လျှင်ကော. . .။

ဆောလ် ဦးနှောက် ခြောက်လာသည်။

ဒီတစ်ပွဲလည်း သရေကျနေပြန်ပြီ။

အဲလီယော့သည် လုံခြုံမှုရှိမှသာထွက်လာလိမ့်မည်။ ဆောလ်ကလည်း ထောင်ချောက်မရှိမှန်း သေချာမှသာလှုပ်ရှားရဲသည်။

သို့သော် ယာဉ်တိုက်မှုကို စစ်ဆေးပြီး အနိုးခံရသော ကားကို လိုက်ရှာသည့်ရဲများ ရောက်လာတော့မည် ဖြစ်ကြောင်း ဆောလ် သိသလို အဲလီယော့လည်း သိနေသည်။

ရဲများနည်းတူ အပန်းဖြေစခန်းမှ အစောင့်များ လည်းမကြာမီရောက်လာကြဦးမည်။

လိပ်ခဲတည်းလည်း ဖြစ်မှုကို ပျက်ပြယ်အောင် တစ်ခုခုတော့လုပ်ရမည်။

တစ်ယောက်ယောက်က အလျှော့လှုပ်ရှားရမည်။

ဆောလ် ဆုံးဖြတ်လိုက်သည်။

တကယ်လို့ ငါသာ အဲလီယော့ဆိုရင် ဘယ်မှာပုန်းမလဲ။ မိုလင်ရှိတဲ့ ဟောဟိုအခန်းနဲ့ ခပ်ဝေးဝေးမှာ ပုန်းမှာပေါ့။ ဘာတွေဖြစ်နေသလဲဆိုတာ ငါမြင်ချင် ကြည့်ချင်သေးတယ်။ ဖို့ဒ်ကားကြီးနဲ့ ဝေးရာမှာလုံလုံခြုံခြုံပုန်းနေမယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါသာ အဲလိယော့ဖြစ်ခဲ့ရင် ဟောဒီတည်းခိုခန်းမှာ တည်းမယ်လေ။

သီ၀ရီအရ ဖြစ်နိုင်ချေများက လျော့နည်းသွားသည်။

မိုးရေအောက်၌ လူမရှိဟန် တူသော ၎င်း၏ ဘယ်ဘက်မှ အခန်းလွတ် နှစ်ခန်းဆီ ချဉ်းကပ်သွားသည်။

"မင်း ထွက်တတ်သားပဲ"

အိုမင်းရင့်ရော်သည့်အသံကြောင့် ဆောလ် လန့်သွား၏။

ဆတ်ခနဲလှည့်ပြီး တည်းခိုခန်းနှစ်ခုကြား ကွက်လပ်ကို သေနတ်နှင့် ချိန်လိုက်သည်။

အဲလိယော့ကို မြင်သောအခါ သူ တုန်လှုပ်သွား၏။

အဘိုးကြီးသည် အခန်းလွတ်ရှေ့ဘက် မိမိကွယ်ရာ၌ ရပ်နေခဲ့ပေသည်။

ယခုမှ သူ ထွက်လာသည်။

မိုးတွေ ရွှဲနေ၏။

အဲလိယော့အား ယခုကဲ့သို့ ခြေကုန်လက်ပန်းကျကာ အသားအရေတွေ ရှုံ့တွနေပုံမျိုး ဆောလ် တစ်ခါမျှ မမြင့်ခဲ့ဖူးသေး။

အဘိုးကြီးက ဓခုံးတွန့်ပြီး

"ကဲ မင်း ဘာစောင့်နေတာလဲ၊ ပစ်လိုက်ပါလား"

ဆောလ်က သေနတ်နှင့် ပစ်ထည့်ချင်သော်လည်း သူ့ ဘာသာ အံ့ဩရလောက်အောင် သူ့ လက်ညှိုးဖြင့် မောင်းခလုတ်ကို ကွေးညွှတ်၍ မရကြောင်း သိရသည်။

"ဘာဖြစ်လို့လဲ၊ မင်းလုပ်ချင်တာ ဒါပဲမဟုတ်လား။ မင်းကိုငါ ချီးကျူးပါတယ်၊ မင်းနိုင်သွားပြီ"

သူ့ အဖေက ပြောသည်။

ဆောလ် အောပစ်လိုက်ချင်သည်။

သို့သော် သူ့လည်မျိုမှာ တစ်ဆို့ပြီး အသက်ရှူ ကျပ်လာသည်။ သူ့ရင်ထဲမှာလည်း ကျဲ့ဝင်လာပြီး သူ့အဆုတ်တွေ ကြေမွကုန်ပြီဟု အောက်မေ့မိသည်။

"မင်း စဉ်းစားလို့ရသားပဲ၊ ကောင်းပါ့ကွာ၊ မင်းကို ငါသေသေချာချာ ပညာသင်ပေးခဲ့တာကိုး၊ ကိုယ့်ရန်သူ ဘာလုပ်မလဲသိချင်ရင် သူ့နေရာမှာ ကိုယ်စားဝင်ကြည့်ဖို့ ငါ အမြဲပြောခဲ့တယ်၊ အခု မင်း အဲဒီနည်းသုံးပြီး ခန့်မှန်းကြည့်ခဲ့တာ မဟုတ်လား၊ ဒီဘက်ခြမ်းက တည်းခိုခန်းထဲမှာ ငါ ရှိမှာပဲလို့ မင်း တွက်လိုက်တယ်လေ"

မိုးက သည်းလွန်းသဖြင့် မိမိပါးပြင်ပေါ်မှ ရေစက်များမှာ မျက်ရည်





လား မိုးရေလား ဆောလ် ခွဲခြားမရတော့ပါ။

"အယုတ်တမာကြီး"

"မင်းကရော မယုတ်မာဘူးလား၊ ကဲ လုပ်လေကွာ၊ မင်းနိုင်တယ်လို့ ငါဝန်ခံပြီးပြီ၊ ပစ်ထည့်လိုက်စမ်းပါ"

"ဘာလို့လဲဗျာ"

ဆောလ် အက်ကွဲသံကြီးနှင့် ဆို့ဆို့နင့်နင့် မေးလိုက်သည်။

"မင်း မသိဘူးလား၊ ငါအိုပြီ၊ ငါပင်ပန်းလှပြီ"

"ခင်ဗျားမှာ အခွင့်အရေးရှိပါသေးတယ်"

"ဘာအတွက်လဲ၊ သေဖို့လား၊ ဒါမှမဟုတ် ငါ့ရဲ့ကလေးတွေ သေတာကို ကြည့်ဖို့လား၊ ငါ စိတ်ကုန်သွားပြီ၊ ငါ့မှာ တစ္ဆေတွေအများကြီး၊ မြွေဆိုးမာန်တွေ အများကြီး၊ ငါ ငါးမျှားနေတုန်း မြစ်ကမ်းဘေးမှာ ငါ့ကို မင်းလာတွေ့တော့ မင်းငါ့ကို အပြစ်တင်ခဲ့တဲ့ကိစ္စတွေနဲ့ တခြားကိစ္စတွေကို ငါ ဘာကြောင့်လုပ်ရသလဲဆိုတာ ရှင်းပြခဲ့ပြီးပြီ"

"ခရစ္စကို သတ်တဲ့အတွက် ခင်ဗျားကို ကျွန်တော် ခွင့်မလွှတ်နိုင်ဘူး"

"မင်းကို ငါမေးမိတာမှားတယ်၊ ကဲ ငါ့ကို ပစ်ထည့်လိုက်စမ်းပါ၊ ဘာလို့ဆိုင်းနေတာလဲ၊ မင်းစိတ်က ကြေးစား မဆန်လိုက်တာကွာ၊ ဒီမယ် မင်းအဖေက သူ့ကို ပစ်သတ်ဖို့ မင်းကို အမိန့်ပေးနေတယ်လေ"

အဲလိယော့နဖူးပေါ်၌ မိုးစိုနေသည့် ဆံပင်ဖြူများ တွယ်ကပ်နေသည်။ ၎င်း၏အနက်ရောင် ဝတ်စုံက စွတ်စွတ်စိုကာ ခန္ဓာကိုယ်ပေါ်မှာ ကပ်နေ၏။

ဆောလ်က ခေါင်းခါ၍ ပြောလိုက်သည်။

"ဟုတ်တယ်၊ ဓါ နားလည်ပါတယ်၊ ကိုယ် မုန်းတီးတဲ့လူကပြန် မခုခံတဲ့အခါ ကလဲ့စားချေရတာ အရသာမရှိနိုင်ဘူး၊ ကောင်းပြီ၊ ဒီအတိုင်းဆိုရင် မင်း ရွေးချယ်တာ မှားသွားပြီပေါ့"

ဆောလ်နှင့်အဲလိယော့တို့ တစ်ယောက်မျက်နှာတစ်ယောက်စိုက်ကြည့်နေကြသည်။

"မင်းနဲ့ငါ ပြန်စေ့စပ်ဖို့ကို ငါမပြောတော့ပါဘူး၊ ဒါပေမယ့် တစ်ခုတော့ လက်ခံစေချင်တယ်၊ ငါဟာ မင်းရဲ့ အဖေပါ၊ မင်းငါ့ကို ဘယ်လောက် မုန်းမုန်း၊ မင်းနဲ့ငါ သံယောဇဉ်ရှိနေတယ်၊ ငါ့ကို မင်းချစ်ခဲ့တာတောက်ထားသောအားဖြင့် ငါမသေခင် တာလအပိုင်းအတွင်းမှာ ငါအေးအေးချမ်းချမ်းနေသွားပါရစေလား"

အဲလိယော့ဆန္ဒမပြည့်ဝစေရန် ဆောလ်က ချက်ချင်းပစ်သတ် ချင်စိတ် ပေါက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် မိမိသည် အဲလိယော့နှင့်ရုပ်စကားပြောနေတာ အချိန်အတော်ကြာသွားခဲ့ချေပြီ။ အဲလိယော့အားပစ်သတ်ဖို့ ဆိုင်းငံ့နေစဉ် ကာစတာသို့မဟုတ် ဝိုလပ်ဝင်က မိမိအား ပစ်ထည့်လိုက်လို့ ရပေသည်။

အဲလိယော့သည် အမှန်တကယ် အညံ့ခံ အရှုံးပေးလိုက်ပါရောလား။ သို့သော် ဆောလ် ပစ်လို့မရ။

အဖြေက ခုခံတိုက်ခိုက်လိုစိတ်မရှိဘဲနှင့်တော့ မိမိက မျက်နှာချင်းဆိုင်ပြီး ဘယ်လိုပစ်သတ်ရမှာလဲ။

"ခင်ဗျား ကျွန်တော့်ကို ပညာတွေ အများကြီး သင်ပေးခဲ့ပေမယ့် ကျွန်တော်ညံ့သွားတယ်"

အဘိုးကြီးက သူ့ကိုနားမလည်စွာ၊ ဝမ်းနည်းစွာဖြင့် မျက်နှုံးပင့်ကြည့်လိုက်သည်။

"ဒါမှမဟုတ်လဲ ခင်ဗျား ကျွန်တော့်ကို သေသေချာချာ ပညာမသင်ပေးခဲ့လို့ဖြစ်မယ်၊ အဲဒါကမဲ့ ခပ်ကောင်းကောင်းလို့ ပြောရမလို ဖြစ်နေတယ်၊ ကျွန်တော် အလုပ်ထွက်တော့မယ်၊ စီအိုင်အေရော ခင်ဗျားရော သွားသေကြ၊ ကျွန်တော့်အသိ အမျိုးသမီးတစ်ယောက်နဲ့ လိုက်သွားမိရင် အကောင်းသား၊ ခင်ဗျားနဲ့ လိုက်တမ်းပြေးတမ်း ကစားမိတာ မှားသွားတယ်"

ဆောလ်က စက်သေနတ်ကို အောက်သို့နှိမ့်ချရင်းပြောလိုက်သည်။

အဲလိယော့က သူ့ကို မှုန်ကုပ်ကုပ်ကြည့်နေသည်။

"မင်းကို ငါ မပြောပြရသေးတာ တစ်ခုရှိတယ်၊ ၁၉၅၁ ခုနှစ်တုန်းက ကိစ္စပေါ့၊ ငါဘာလို့ အိမ်ထောင်မပြုသလဲဆိုတာ မင်း စဉ်းစားမိမှာပေါ့၊ ငါ့အနေနဲ့ တစ်ခုရွေးခဲ့ရတယ်၊ စီအိုင်အေနဲ့ အိမ်ထောင်ရေး ကြိုက်ရာတစ်ခုပေါ့၊ အဲဒါလဲ အရွေးမှားသွားတယ် ထင်ပါရဲ့ကွာ"

မိုးချုန်းသံကြားလိုက်ရသည်။

အဲလိယော့က မိုးသားများကို မော့ကြည့်လိုက်၏။

"အဲဒီမိန်းကလေး ဒီနေ့ ဘယ်ရောက်နေလဲ၊ ဘာလုပ်နေလဲ၊ ငါ အမြဲတွေးမိတယ်၊ မင်းနဲ့ငါကတော့ အတော်အဆန်းသား၊ ကြည့်စမ်း နှစ်ယောက်သား မိုးရေထဲမှာ ရပ်နေကြတာ၊ အင်း မင်းလို လူငယ်တစ်ယောက် မိုးစိုတာ ဘာမှုစရာလိုမလဲ၊ ငါ့လို အဘိုးကြီးကတော့. . ."

အဲလိယော့ ခစ်ခနဲ ရယ်လိုက်သည်။

"ဒီကိစ္စပြီးသွားပေလို့ တော်သေးတယ်၊ ငါ့သေတ္တာထဲမှာ ကြက်ဆင်ရှိုင်း ဝီစကီတစ်လုံးပါတယ်၊ မင်းနဲ့ငါ နောက်ဆုံးခွဲခွာ နှုတ်ဆက်ပွဲအဖြစ် အမှတ်





တရသောက်ကြရအောင် အချမ်းသက်သာတာပေါ့"

အဲလိယော့က တုန်နေသော လက်တစ်ဖက်ကို ကမ်းပေးသည်။

ကျွန်တော်တို့ကို အရက်မသောက်နဲ့၊ ဦးနှောက်နဲ့ အာရုံကို ထိုင်းမှိုင်းစေတတ်တယ်လို့ ခင်ဗျားအမြဲ ပြောခဲ့ဖူးတယ်"

"မင်းငါနဲ့ အရက်သောက်မယ်လို့ မမျှော်လင့်ထားပါဘူး၊ ဒါပေမယ့် မင်းက အလုပ်ထွက်လိုက်ပြီဆိုတော့ ဘာထူးဦးမှာလဲ"

"ငယ်ငယ်ကအကျင့် သေတောင်မပျောက်ဘူးနော်"

"အေးဟုတ်တယ်၊ ငါ့ကို ခွင့်လွှတ်ပါ၊ မင်းဘယ်လောက်ပဲ ကြိုးစားကြိုးစား မင်းဟာ နဂိုအတိုင်း ပြန်မဖြစ်နိုင်တော့ပါဘူး။ အဲဒီအတွက် ငါ့အပြစ် ချောက်ချားစရာ ဖြစ်နိုင်တယ်"

အဲလိယော့သည် လေးလံထိုင်းမှိုင်းစွာဖြင့် ခေါင်းလှည့်ပြီး တည်းခိုခန်း၏ ခွေးကတက်ပေါ်သို့ တက်လိုက်သည်။ တံစက်မြိတ်အောက်ရောက်သွားသဖြင့် မိုးလွတ်သွား၏။ သူက ဖို့ဒ်ကား နောက်ဘက်ရှိ တည်းခိုခန်းဆီ လက်ညှိုး ထိုးပြလိုက်သည်။

ထို တည်းခိုခန်း၏ တံခါးဝတွင် ဝိုလပ်ဝင်သည် စိတ်ဂနာမငြိမ်စွာရပ်နေသည်။ အဲလိယော့ အချက်ပြသည်ကို မြင်သဖြင့် သူ သက်ပြင်းချလိုက်၏။ တစ်ခဏချင်းအတွင်း အိမ်ကလေးထဲသို့ ပြန်ဝင်ပြီး တံခါးပိတ်လိုက်သည်။

ဆောလ်က အဲလိယော့ထံ ချဉ်းကပ်သွားသည်။

"မင်းနဲ့ ငါနဲ့ နောက်ဘယ်တော့မှ ပြန်တွေ့ရတော့မှာ မဟုတ်လို့ မင်းကို ငါလျှို့ဝှက်ချက်တစ်ခု ဖွင့်ပြောချင်တယ်ကွာ"

"ဘာများပါလိမ့်"

"ခရစ္စအကြောင်းနဲ့ သူဘုန်းကြီးဝတ်ခဲ့တဲ့ကိစ္စ၊ အဲဒီမှာ သူဘာဖြစ်ခဲ့သလဲဆိုတာ မင်းသိထားရင် ပိုကောင်းမယ်လို့ ငါထင်တယ်"

အဘိုးကြီးသည် ၎င်း၏ တည်းခိုခန်းထဲ ပြန်ဝင်သွားပြီး လက်ဆွဲသေတ္တာထဲမှ ကြက်ဆင်ရှိုင်း ဝီစကီပုလင်းကို ထုတ်လိုက်သည်။

"ဖန်ခွက်ဘယ်ရောက်နေပါလိမ့်၊ မင်း ငါနဲ့ သောက်မယ်မဟုတ်လား"

အဲလိယော့က ဖန်ခွက်ရှာပြီး ဝီစကီ အနည်းငယ် ငှဲ့လိုက်သည်။

ဆောလ်က စိတ်မရှည်စွာ ၎င်းအနားတိုးသွား၏။

"ခရစ္စဘာဖြစ်လဲ၊ ဘုန်းကြီးကျောင်းမှာ သူဘာတွေ လုပ်ခဲ့သလဲ"

သူ့နောက်ဘက်မှ ကျွိခနဲ တံခါးဖွင့်သံကြားရ၏။

သူ ရှေ့သို့ကုန်းလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်က မြန်ဆန်လွန်း၏။

ရှုတ်ခနဲမြည်သံ၊ အင်္ကျီလှုပ်ခါသံကြားလိုက်ရပြီး သူ့ လည်မျိုပေါ် သို့ စန္ဒရားခလုတ်ကြိုးတစ်ချောင်းဖြင့် ရစ်ပတ်ခြင်း ခံလိုက်ရသည်။

ယင်းကား လူသတ်လက်နက် ဝါယာကြိုးတစ်ချောင်း ပင်တည်း။

ထုံးစံအားဖြင့် ထိုကြိုးကို ရှပ်အင်္ကျီကော်လန်ထဲ၌ ဝှက်ထားလေ့ရှိကြသည်။ လူသတ်သမား၏ လက်ချောင်းများပါ မပြတ်စေရန် သစ်သားလက်ကိုင်နှစ်ခုပါရှိပြီး ရှပ်အင်္ကျီအိတ်၌ ထည့်ထားရသည်။

ဆောလ်က လည်မျို အညှစ်မခံရစေရန် ကြိုးကို လက်နှစ်ဖက်ဖြင့် ခံထားလိုက်သည်။ သူ မှားသွားပြီ။

လည်မျိုကို ကာကွယ်ဖို့ လက်တစ်ဖက်တည်း သုံးပါ။ ကျန်တဲ့တစ်ဖက်နဲ့ ပြန်တိုက်ခိုက်။ လက်နှစ်ဖက်စလုံး ဝါယာကြိုးကို ဆုပ်ထားမိလျှင် မင်းတို့ သေမှာပဲဟု အင်ဒရေးရှော့သ်ဘာ့ဂ်က ညွှန်ကြားခဲ့သည်မဟုတ်လား။

ဆောလ်က ဘယ်ဘက်လက်ကို အချိန်မီ ပြန်ရုပ်လိုက်သည်။ လည်မျိုကို ခုခံကာကွယ် ပေးမည့် ညာလက်ဖဝါးမှာ ဝါယာကြိုးဖြင့် ဖိညှစ်ခံလိုက်ရ၏။

ဖွင့်ထားသော တံခါးနောက်ကွယ်၌ ပုန်းနေခဲ့သော ကာစတာ့သည် သူ့ နောက်မှနေ၍ ဝါယာကြိုးပေါ် သို့ ဖိအားတိုးမြှင့်ပေးလျက်ရှိသည်။

အဲလီယော့၏ အသံကို ဆောလ် ခပ်တိုးတိုးသာ ကြားနေရသည်။

ဝမ်းနည်းပါတယ်ကွာ၊ ဒါပေမယ့် မင်းကိုငါယုံလို့မှမဖြစ်ဘဲ၊ နက်ဖြန်ကျ မင်းအိပ်ရာကနိုးမှ ငါ့ကိုသတ်ချင်စိတ်ပေါက်လာရင် ဘယ်လိုလုပ်မလဲ၊ ဒီနည်းက ပိုကောင်းပါတယ်၊ သေနတ်သံလဲ မကြားရဘူး၊ ခရီးသည်တွေလဲ မလန့်ဘူး၊ ရဲလဲဖုန်းဆက်ခေါ်စရာ မလိုဘူး၊ ငါတို့ လစ်ဖို့လဲ အချိန်ရတယ်၊ မင်းကိုငါ လှည့်စားရတာတော့ စိတ်မကောင်းပါဘူး၊ အေးလေ၊ ဘာပဲပြောပြော မင်း အပေါ် ငါ အချစ်မပြယ်သေးပါဘူး"

အဲလီယော့က တံခါးပိတ်လိုက်၏။

ဝါယာကြိုးဖြင့် သတ်နည်းနှစ်မျိုးရှိသည်။ လက်ပင်းညှစ်သတ်မလား သို့မဟုတ် လည်ပင်းကို လှီးဖြတ်၍ သတ်မလား။ တကယ်တော့လည်း စန္ဒရား ခလုတ်ကြိုးတစ်မျှင်မျှသာ ဖြစ်၏။

သို့သော် အချို့က ပိုပြီးကောင်းအောင်၊ စက်မှုလုပ်ငန်းသုံး ဝိန်ကို ရောထည့်၍ ကြိုးမျှင်တစ်ချောင်းမက ကျစ်ထားကြသည်။ ဖိအားကို ပိုခံနိုင်ရည် ရှိသည်။

ထို့ကြောင့် အကယ်၍ အသတ်ခံရမည့်သူက လည်မျိုပေါ် ကြိုး





မရောက်အောင် လက်ဖြင့် ခုခံမည်ဆိုလျှင် သတ်မည့် သူက ဖိနှိပ်သွားဖြင့် ၎င်း လက်ကို ဖြတ်ပစ်နိုင်၏။

ယခု ထိုအတိုင်း ဖြစ်နေလေပြီ။

ဆောလ်က ရုန်းကန်နေစဉ် သူ့လည်မျိုကို အကာအကွယ်ပေးထားသည့် သူ့ လက်ချောင်းများကို ပိုလပ်ဇ်က ဝါယာကြိုးဖြင့် လွှတိုက်သလိုဆွဲ၍ဖြတ်ဖို့ ကြိုးစားနေသည်။ ဆောလ်အသားတွေ၊ အရိုးတွေ တိုက်စားခံနေရလေပြီ။

လက်မောင်းပေါ် မှာ သွေးတွေစီးကျလာ၏။

လက်တစ်ဖက်ခံထားသည့်တိုင် ဝါယာကြိုး ဖိအားကြောင့် သူ့ အသက်ရှုကျပ်လာသည်။

တံခါးပွင့်လာပြီး ပိုလပ်ဇ် ဝင်လာသည်။

ကာစတာ စတ္တန့်ပိုင်းမှ အာရုံပျက်သွား၏။

ဆောလ်အတွက် အချိန်ရသွားသည်။

အောက်ဆီဂျင်ဝဝ မရှူရသဖြင့် ခေါင်းကမူးနောက်နောက် ဖြစ်နေသော်လည်း လွတ်နေသော လက်တစ်ဖက်ကို ရှေ့သို့ဆန့်ကာ လက်သီးဆုပ်၍ အားကုန်နောက်ပြန် ဆောင့်ရိုက်ထည့်လိုက်သည်။

ကာစတာ့ရင်ဘတ်ကို ထိသွား၏။

ရှော့သ်ဘာ့ဂ်သည် ဆောလ်အား သေသေချာချာသင်ပေးထားပေသည်။ ကာစတာ၏ နံရိုးများကျိုးပြီး အဆုတ်တစ်ခြမ်းထဲ စိုက်ဝင်သွားသည်။

ကာစတာ ညည်းညူရင်း ဝါယာကြိုးကိုလွှတ်ကာ နောက်သို့ ယိုင်ထွက်သွားသည်။

ဆောလ်က ဝါယာကြိုးကို လွှတ်ပစ်လိုက်သည်။

ကာစတာ ခွေလဲကျသွားစဉ် ဆောလ် နောက်လှည့်လိုက်သည်။ သူ့တံတောင်ဆစ်က ကျဉ်တက်သွားသဖြင့် အရိုးအက်သွားမှန်း သိလိုက်သည်။ ကိစ္စမရှိ။

ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းအချို့သည် ထိခိုက်သွားသည့်တိုင် လက်နက်အဖြစ် အသုံးပြု၍ ရနိုင်သေးသည်ဟူသော သီဝရီကို အမြွက်၍ ရှော့သ်ဘာ့ဂ်က သင်ကြားခဲ့ခြင်း ဖြစ်ပေသည်။

တံတောင်ဆစ်သည် ထိုသို့သော အင်္ဂါအစိတ်အပိုင်း တစ်ခုဖြစ်သည်။ ဆောလ်သည် ခေါနောက်ကို လျှစ်လျူရှုကာ လက်မောင်းကိုဆန့်ပြီး ကိုယ်တစ်ပတ် လှည့်လိုက်သည်။ မာတောင့်သန်စွမ်းလှသည့် သူ့လက်မောင်း၊ တံတောင်က ကာစတာ၏နောင်တော် ပိုလပ်ဇ်၏ လည်မျိုကို ရိုက်ထည့်လိုက်သည်။

www.burmeseclassic.com



ပိုလပ်ဇ်သည် ဆန့်ငင်ဆန့်ငင်ဖြစ်ပြီး လဲကျသွားသည်။

ကာစတာကား နံရိုးတွေ ကျိုးကုန်သော်လည်း လဲကျမသွားသေး။

အံ့ဩစရာကောင်း၏။

ဆောလ်က ထိုနေရာကို လက်ဝါးဖြင့် ဆောင့်ရိုက်ထည့်လိုက်ရာ ဗုန်းခနဲ လဲကျသွားလေတော့သည်။

ဆောလ်သည် ဝါယာကြိုးကို ဆွဲဖယ်ရင်း အဲလိယော့ဘက်လှည့်လိုက်သည်။

"ကျွန်တော် စောစောတုန်းက တကယ်ပြောခဲ့တာ၊ ခင်ဗျားကို သတ်ကို မသတ်ရက်ဘူး"

အဲလိယော့ မျက်နှာမဲ့သွား၏။

"ငါဝေဒနာခံပါတယ်၊ မလုပ်ပါနဲ့ကွာ"

ဆောလ်က သတ်ပုတ်စဉ်က လွတ်ကျသွားခဲ့သည့် အူဇီကို ကုန်းကောက်လိုက်သည်။

"ကဲ ကဲ"

သူက အဲလိယော့ကို လှမ်းဖက်လိုက်သည်။

ဒဏ်ရာရထားသည့်လက်မောင်းဖြင့် ဖက်ထားသော်လည်း အူဇီကိုင်ထားသည့်လက်ဖြင့် သေနတ်ပြောင်းကို အဲလိယော့ရင်ဘက်ကို တေ့ထားလိုက်သည်။

အဲလိယော့ တွန့်သွား၏။

ဆောလ်က တင်းတင်းဖက်ပြီး ခလုတ်ဆွဲလိုက်သည်။

အူဇီကိုဖိထား၏။

စက်သေနတ်သံက အပ်ချုပ်စက်နင်းသံလောက်သာ မြည်သည်။

ကျည်ဆန်များမှာ အဲလိယော့ နှလုံးသားထဲသို့ ဖောက်ဝင်သွားကြ၏။

"ခင်ဗျားမှာ အရင်ကတည်းက နှလုံးသားမှ မရှိခဲ့ဘဲ၊ ခရစ္စအတွက် ကျုပ်သတ်ရတာပါ"

အဲလိယော့ ခန္ဓာကိုယ်ကြီး အောက်သို့ လျှောကျသွားသည်။ ဆောလ်ကိုယ်မှာ သွေးတွေရွှဲသွားပြီ။

သူငိုနေသည်။

သွေးထွက်နေသည့်လက်မောင်းများကို လက်ကိုင်ပဝါနှင့် စည်းလိုက်သည်။

စိုးရိမ်စရာမရှိ။

သို့သော် နာကျင်မှုက ပြင်းထန်လွန်းသည်။

သိကုဏ္ဍာနာစာအုပ်တိုက်



မိုးရေနှင့် သွေးများစိုနေသည့်အဝတ်အစားများကို ချွတ်ကာ ပိုလပ်ဇ်၏ ခြောက်ကပ်သော ဂျင်းနီဘောင်းဘီနှင့် ဂျင်းရှပ်တို့ကို လဲဝတ်လိုက်၏။

လုပ်စရာတွေ အတော်ကျန်သေးသည်။

ရဲများနှင့် အစောင့်များ ရောက်လာကြတော့မည်။

ခိုးထားသည့်ဗင်ကားကြီးကို ဆက်ပြီးသုံးလို့ မဖြစ်။ ဖို့ဒ်ကားကြီးကိုပဲ ယူသွားရမည်။ သို့သော် သေနတ်သံကြား၍ ထွက်ကြည့်သည့် ဧည့်သည်များသည် ဖို့ဒ်ကားမောင်းသွားသော မိမိအား မြင်လိုက်ကြပေလိမ့်မည်။

ကားသော့ကို ပိုလပ်ဇ်ထံမှ ရှာတွေ့သည်။

စိတ်ချရအောင် မကြာခင် ဖို့ဒ်ကားကိုလည်း လမ်းမှာထားရစ်ခဲ့ရလိမ့်မည်။

ဗင်ကူဗာမြို့ကိုရောက်လျှင် ခြေရာဖျောက်လို့ရပြီ။

ပြီးတော့ရော. . .

ရဲတွေမှာ သဲလွန်စမရှိ။

မိမိအား ထောက်လှမ်းရေးအဖွဲ့များက လိုက်ရှာကြဦးမှာလား။

မိမိ လွတ်လပ်ခွင့်မရသေးသမျှ အဲရစ်ကာနှင့် ပေါင်းလို့ မဖြစ်ပါ။

တံခါးဖွင့်၍ထွက်လိုက်ရာ မိုးရေတွေအိမ်ထဲဝင်လာသည်။

အဲလိယော့အလောင်းကို သူတစ်ချက်လှည့်ကြည့်လိုက်သည်။

ခရစ္စအတွက် လုပ်ရတာပါဟု သူပြောခဲ့၏။

"ကျုပ်အတွက်လဲပါတယ်"

ဟု သူက အက်ကွဲကွဲအသံနှင့် ရေရွတ်လိုက်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

# အဲဘာလက်သဘောတူညီချက်
# ၏
# နောက်ပိုင်းအကျိုးဆက်

www.burmeseclassic.com

www.burmeseclassic.com

# အဲဘလတ်နှင့် ဟဲလိုဝီ

ပြင်သစ်နိုင်ငံ၊ ခရစ်နှစ် အေဒီ (၁၁၃၈)

နော်တာဒိမ်းဘုရားရှိခိုးကျောင်းတော်ကြီးမှ နာမည်ကျော်စာသင်ဘုန်းတော်ကြီး ပီတာအဲဘလတ်သည် တပည့်မလေး ဟဲလိုဝီအားချစ်မိသဖြင့် သိက္ခာတော်ကျဆင်းသွားခဲ့ရလေသည်။

ဟဲလိုဝီကိုယ်ဝန်ရခြင်းကြောင့် အလွန်ဒေါသဖြစ်သွားသည့် သူမ၏ ဦးရီးတော်က အဲဘလတ်အားသင်းကွပ်၍ ဒဏ်ခတ်လိုက်ပြီး ၎င်းအားမနာလိုသောရန်သူများကလည်း ၎င်းအရှက်ကွဲခြင်းကို အခွင့်ကောင်းယူကာ လိုက်ရန်မူနေကြသဖြင့် အဲဘလတ်သည် ပါရာကလိ အမည်ရှိ လုံခြုံဂေဟာတစ်ခုကို တည်ထောင်ပြီး သီလရှင်ဘဝပြောင်းသွားသော ဟဲလိုဝီအား ထိုအရပ်ရှိ သီလရှင်ကျောင်းကိုအုပ်ချုပ်ရန် ဖိတ်ခေါ်လိုက်သည်။

ယောကျ်ားဘဝတုံးသွားခဲ့ပြီဖြစ်သော်ကြောင့် အဲဘလတ်သည် ဟဲလိုဝီနှင့် ချစ်သူအဖြစ် ပေါင်းသင်းခွင့်မရတော့သည့်တိုင် မောင်နှမသဖွယ် မေတ္တာထားဆက်ဆံကြပြီး ၎င်းတို့နှစ်ဦး၏ ကြေကွဲဝမ်းနည်းဖွယ် အချစ်ဒဏ္ဍာရီအတွက် အခြေခံဖြစ်လာမည့် မှတ်တမ်းများကို ရေးဖွဲ့ကြလေသည်။

ယင်းမှတ်တမ်းများတွင် အဲဘလတ်၏ဒုက္ခများနှင့် ဟဲလိုဝီ၏ရည်းစားစာများ ပါဝင်ကြ၏။ အဲဘလတ်သည် မူလဂုဏ်အရှိန်အဝါကိုပြန်ရယူဖို့ အကြိမ်ကြိမ် ကြိုးစားသော်လည်း စိတ်ပျက်ညှိုးငယ်ပြီး ပင်ပမ်းနွမ်းနယ်စွာဖြင့် ကွယ်လွန်ရှာလေသည်။ အချို့ကတော့ အသည်းကွဲ၍သေသည်ဟုပြောကြသည်။

၎င်း၏ရုပ်ကလာပ်ကို စိန့်မာစယ်ကျောင်းမှနေ၍ ပါရာကလိရှိ ဟဲလိုဝီထံ တိတ်တဆိတ် ပို့ပေးလိုက်ကြရာ သူမလည်း နှစ်ပေါင်းနှစ်ဆယ်လုံးလုံးလွမ်းဆွတ်ကြေကွဲပြီးနောက် သေဆုံးသွားသောအခါ အဲဘလတ်၏နံဘေးတွင်မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြလေသည်။

သီဟရတနာစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့၏ ရုပ်ကြွင်းများကို နောင်ရာစု နှစ်များအတွင်း၌ အကြိမ်ကြိမ် နေရာရွှေ့ပြောင်းမြှုပ်နှံခဲ့ကြပြီး နောက်ဆုံးကျမှ ပါရီမြို့ ပီထဲ-လာရှေး သုသာန်၌ ၎င်းတို့၏နာမည်များကမ္ပည်းထိုးထားသည့် သချိုင်းအုတ်ဂူများတွင် မြှုပ်နှံခဲ့ကြသည်။

ထိုနေရာ ထိုအခါကျမှသာ ၎င်းတို့နှစ်ဦးသည် ထာဝရလုံခြုံအေးချမ်းမှုကို ရရှိသွားကြလေသတည်း။

◆

## နှင်းဆီပွင့်အောက်မှာ

ဝေါလ်ချုပ်မြို့၊ တာဂိုးနီးယားပြည်နယ်။ (အေပီ သတင်းဌာနမှ သတင်း)

ယမန်နေ့ညက စီအိုင်အေ၏ တန်ပြန်ထောက်လှမ်းရေးဌာနခွဲ၏ အကြီးအကဲဟောင်း ဖြစ်သူ အက်ဗွပ်ဖရန်စစ္စကာပ် အဲလိယော့၏ အိမ်နောက်ဖေးရှိ ဖန်လုံအိမ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည်။

နှင်းဆီပန်း စိုက်ပျိုးရေး ဝါသနာရှင်ဖြစ်သူ အဲလိယော့သည် လွန်ခဲ့သော ခြောက်ရက်က ဗြိတိသျှ ကိုလံဘီယာပြည်နယ်၌ အပန်းသွားဖြေနေစဉ် လုပ်ကြံသတ်ဖြတ်ခံလိုက်ရသည်။

အင်္ဂါနေ့က ဝါရှင်တန်၌ ၎င်း၏ဈာပနကျင်းပရာ အတင်ကာရ အမေရိကန်နိုင်ငံသားတစ်ဦး ဆုံးရှုံးမှုအဖြစ်သဘောထားပြီး ဒီမိုကရက်နှင့် ရီပတ်ဘလစ်ကင် ဥပဒေပြုအမတ်များက ဿက်တွဲညီစွာဖြင့် အသုဘရှု တက်ရောက်ခဲ့ကြသည်။

"သူဟာ နိုင်ငံအတွက် အနှစ်နှစ်ဆယ်လုံးလုံး ကိုယ်ကျိုးမငဲ့တဲ့ဆောင်ရွက်ခဲ့သူဖြစ်တယ်၊ သူ့ကို ကျွန်တော်တို့ နှမြောတသလို့ ဆုံးမှာမဟုတ်ပါဘူး"

ဟု သမ္မတကြီးက ပြောကြားသည်။

ယမန်နေ့ညက ဗုံးပေါက်ကွဲမှုမှာ အလွန် အရွယ်ပမာဏကြီးမားသည့်အပူငွေ့သုံးဗုံးတစ်လုံးဖြစ်ကြောင်း စုံစမ်းစစ်ဆေးသူများက ပြောသည်။

"အပူရှိန်က မယုံနိုင်လောက်အောင် ပြင်းထန်လှပါတယ်၊ ဒီဗုံးကြောင့် ပိုးမလောင်နိုင်တဲ့ ပစ္စည်းတွေဟာ အရည်ပျော်သွားတယ်၊ ဖန်လုံအိမ်နေရာကို ကျွန်တော်တို့ တော်တော်နဲ့ကပ်လို့မရဘူး၊ ဒီအိမ်ကလေးကို ဘယ်သူက ဘာ့ကြောင့် ဖျက်ဆီးပစ်ချင် ရပါလိမ့်ဗျာ၊ အဲဒီထဲက နှင်းဆီပန်းတွေက အမတော်လှတယ်လို့ ပြောကြတယ်၊ တချို့ အပွင့်တွေကသိပ်ရှားတယ်ဆိုပဲ၊ အခုတော့ ဘာမှပြာယ်မရှိတဲ့ လုပ်ရပ်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မီးသတ်အရာရှိတစ်ဦးက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ဖန်လုံအိမ်၏ အောက်ခြေ၌ သော့ခတ်ထားသည့် သံမဏိ မီးခံတိုက်ကြီးတစ်လုံးကို အပျက်အစီးများကြား၌ မီးသတ် တပ်ဖွဲ့ဝင်များ တွေ့ရှိသွားသောအခါ ဗုံးပေါက်မှုမှာ ပို၍လျှို့ဝှက်ဆန်းကြယ်လာသည်။စီအိုင်အေအဖွဲ့ဝင်များက အက်ဖ်ဘီအိုင်၏ ပူးပေါင်းကူညီမှုဖြင့် ထိုနေရာကို တားမြစ်ပိတ်ပင်ထားလိုက်သည်။

"ကျွန်တော်တို့ တစ်ညလုံး အဲဒီမီးခံတိုက်ကို ဖွင့်ယူရတယ်၊ အပူငွေ့ဒဏ်က သော့တွေကို ဖျက်ဆီး ပစ်လိုက်တယ်၊ နောက်ဆုံး ကျွန်တော်တို့တံခါးကို ဖြတ်တောက်ပစ်ရတယ်၊ ဒီမီးခံတိုက်ထဲမှာ မှတ်တမ်းတွေ သိမ်းထားခဲ့တယ်လို့ သိရတယ်၊ ဒါပေမယ့် မှတ်ကျမ်းတွေထဲမှာ ဘာကိစ္စတွေရေးထည့်ထားမှန်း ပြောရခက်တယ်၊ အပူငွေ့က မီးခံတိုက်ရဲ့ နံရံတွေထဲက စိမ့်ဝင်သွားတဲ့အတွက် မှတ်တမ်းအားလုံး ဖုန်မှုန့်ဖြစ်သွားတယ်"

ဟု ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောသည်။

◆

## ပြန်လည်ပေးဆပ်ခြင်း

ဆောလ်သည် မြောင်းနူတ်ခမ်းပေါ်သို့ ဂေါ်ပြားဖြင့်မြေကြီးခဲများကို ပစ်တင်လျှက် ရှိသည်။

သူ မြောင်းတူးနေသည်မှာ နာရီအတော်ကြာသွားခဲ့ပြီ။ ရိုးသားသန့်စင်သော ချွေးစက်များ စီးကျခြင်း၊ ကြွက်သားများ တင်းမာလာခြင်းကို သူ အရသာတွေ့နေ၏။

အဲရစ်ကာလည်း သူ့ဘေးမှာ မြောင်းဖော်ရာ၌ ဝင်ကူခဲ့သေးသည်။ သို့သော် အိမ်ထဲမှ ကလေးငိုသံကြားသဖြင့် သူမအိမ်ထဲပြန်ပြေးသွားရရှာ၏။ ကလေးကို နို့တိုက်ရဦးမည်လေ။ ပြီးလျှင် သူမသည် ဥပုသ်နေ့၌စားရန် ပေါင်မုန့် ဖုတ်လိမ့်မည်။

ဤစခန်းရှိ အခြားအိမ်များနှင့် ပုံစံတူ၊ အဖြူရောင် ကွန်ကရစ်တုံးများဖြင့် ဆောက်လုပ် ထားသည့် အိမ်ကလေးဆီသို့ သူမ လှမ်းလျှောက်သွားပုံကို ငေးကြည့်ရင်း သူမ၏ ညင်သာပျော့ပျောင်းမှု၊ ဂုဏ်သိက္ခာနှင့် ခွန်အားတို့ကို ဆောလ်ရင်ထဲက ကျိတ်၍ချီးမွမ်းရင်း ပြုံးလိုက်မိလေသည်။

ကောင်းကင်မှာ စိမ်းပြာရောင်ဖြစ်ပြီး နေက ဖြူဖွေးနေ၏။ ဆောလ်သည် မျက်နှုံးကိုလက်နှင့်ပွတ်ပြီး အလုပ်ဆက်လုပ်သည်။ ရေသွယ်မြောင်းများ တူးဖော်ပြီးသည့်အခါ ဟင်းသီးဟင်းရွက်မျိုးစေ့များချ၍ စပျစ်ပင်များလည်း စိုက်ရပေဦးမည်။

ထို့နောက် ဘုရားသခင်က မိုးရွာအောင်လုပ်ပေးမလားဆိုတာ သူ စောင့်ကြည့်ရုံသာရှိ၏။

သူနှင့်အဲရစ်ကာတို့သည် ကလေးမွေးရန် ခြောက်လအလိုက ဘီယာ ရှီးဘားမြို့နှင့် သဲကန္တာရ ဒေသ၏ မြောက်ဘက်ရှိ ဤရွာကလေးသို့ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂင်းတို့သည် အစွရေးနိုင်ငံ၏နယ်နိမိတ် တိုးချဲ့ရေးအတွက် တစ်တပ်တစ်အားပါဝင် ကူညီချင်ခဲ့သော်လည်း နိုင်ငံတကာပြိုင်ဆိုင်မှုများအပေါ် ဒွိဟဖြစ်ပြီး အာရှလူမျိုးတို့ ပြန်တောင်းခံနေသည့် ဒေသများကို ရှောင်ရှားကာ နယ်စွန်နယ်ဖျား ဖွံ့ဖြိုးတိုးတက်ရေးထက် ပြည်တွင်းပိုင်း ဖွံ့ဖြိုးရေးကိုသာ ဦးစားပေးရန် ဆုံးဖြတ်ခဲ့ကြပေသည်။

သို့သော် နယ်စပ်ဆိုသည်မှာ မိမိတို့နှင့် ဘယ်တော့မှ ဝေးကွာမနေပါ။ မမျှော်လင့်သည့် တိုက်ခိုက်မှုမျိုးကို အချိန်မရွေး ကြုံတွေ့နိုင်သည်။ ထို့ကြောင့် ဆောလ်သည် သွားလေရာ လက်နက်ပါ၏။

ယခုလည်း မြောင်းဘေးတွင် အားကောင်းသည့် ရိုင်ဖယ်တစ်လက်ကို ချထားလေသည်။

အဲဘလတ် သဘောတူညီချက်နှင့် ပတ်သက်၍မူ မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းရှိသည်ဟု ထင်နေသည်။ သိဝရီအရ ပြောရလျှင်တော့ ထောက်လှမ်းရေးအဖွဲ့များသည် မိမိအား လိုက်ရှာနေကြဆဲဖြစ်မည်။ သို့သော် အဲလိယော့အား ဒဏ်ခတ်ပြီးနောက် အမ်အိုင် (၆)နှင့် ကေဂျီဘီမှ ကိုယ်စားလှယ်များနှင့်တကွ စီအိုင်အေသို့ ဆက်သွယ်ခဲ့သည်။

မူလ အဲဘလတ်အုပ်စုဝင်များ၏ အရိုက်အရာကို ဆက်ခံသူများ၏ ပူးပေါင်းကြံစည်မှုကြီးကို ဖော်ထုတ်တင်ပြနိုင်ခဲ့သဖြင့် သူ့ကို သက်ညှာခဲ့ကြပြန်သည်။ ၎င်းတို့၏ စစ်ဆင်ရေးများကို အတွင်းမှ အဖျက်လုပ်ငန်း လုပ်နေကြောင်း သံသယ ရှိခဲ့ခြင်းမှာ မှန်ကန်ကြောင်း သိရှိရခြင်းအတွက် ခံပြင်းသော်လည်း ကျေနပ်သွားကြသည်။

အဲလိယော့တို့အုပ်စုက ကြားဝင်ရှုပ်သဖြင့် ထိခိုက်နစ်နာခဲ့ရသည့် ကိစ္စများကို ပြုပြင်ရန်အတွက် ကမ္ဘာ့တင်းမာမှုများကို သဘာဝအတိုင်းသာ လွှတ်ထားဖို့ ဆုံးဖြတ်ချက်ချလိုက်ကြသည်။

ဆောလ်အား အပြစ်ပုံချထားခြင်းကိုပြန်ရုပ်သိမ်းရန်အတွက် ၎င်း၏အဖွဲ့အစည်းအနေဖြင့် နောက်ထပ်ယုံကြည်မှု ရှိစေမည့် အထောက်အထားများကို လိုအပ်ပေသည်။

မှတ်တမ်းများပေးပါမည်ဟု ဆောလ်က ပြောသည်။

အဲလိယော့ စုဆောင်းထားသည့် သိက္ခာကျစရာ၊ အရှက်ကွဲစရာ ကိစ္စများပါဝင်သည့် မှတ်တမ်းများဖြစ်သည်။

အဲလိယော့ ရာထူးမြဲရေး၊ ဩဇာရှိရေးအတွက် အသုံးပြုခဲ့သည့် အကျပ်ကိုင်ရေး လက်နက်များဆိုပါဆို့။





"အဲဒီမှတ်တမ်းတွေ ဘယ်မှာရှိမှန်း ဘယ်သူမှမသိဘူး"

စီအိုင်အေက ဆောလ်အား ပြော၏။

"ကျွန်တော်သိတယ်"

ဆောလ်က ပြန်ပြောသည်။

ထိုမှတ်တမ်းများအကြောင်းကို ဟာဒီက မိမိနှင့် ခရစ္စတို့အား ဖွင့်ပြောပြခဲ့ပြီးကတည်းက မိမိခေါင်းထဲမှာ စွဲနေသည်။

အဲလိယော့ ဘယ်မှာ ဝှက်ထားမလဲ. . .။ ကဲ မိမိသည် အဲလိယော့ဖြစ်ခဲ့လျှင် ဘယ်လိုနေရာမျိုးကိုရွေးမလဲ။ စကားပရိယာယ်ကြွယ်လှသည့် အဲလိယော့။ နှင်းဆီပွင့် အောက်မှ နှုတ်လုံရန် ကျမ်းသစ္စာဆိုသည့် ရှေးဓလေ့ကို အခြေခံ၍ ဘာဝကိုတည်ထောင်လာခဲ့သူ။

နှင်းဆီပွင့်အောက်မှာ. . . တဲ့လား။

အဘိုးကြီးမှာ သည့်ထက် ကောင်းတဲ့နေရာမရှိနိုင်။

၎င်းမှတ်တမ်းများ မသမာသူတစ်ဦး၏ လက်ထဲရောက်သွားလျှင် ကိုယ်ကျိုးရှာဦးမည့် အန္တရာယ်ကို စိုးရိမ်ရသည်။ ထို့ကြောင့် မှတ်တမ်းကို ပေးအပ်ရန် ငြင်းဆိုပြီး ဖန်လုံအိမ်ကို ဖုံးနှင့်ခွဲကာ ၎င်းမှတ်တမ်းများကို တစ်ပါတည်း ဖျက်ဆီးပစ်ဖို့ အကြံပြုတင်ပြခဲ့သည်။

သမ္မတကြီးသည် အများပြည်သူရှေ့၌ အဲလိယော့ကွယ်လွန်စဉ်က ချီးမွမ်းထောမနာပြုခဲ့သော်လည်း ဆောလ်၏ အကြံကို လက်ခံလိုက်သည်။

သို့သော် အဲဘလတ် သဘောတူချက်၏ စည်းမျဉ်းများကို တိတိကျကျ လိုက်နာကြရမည်သာ။

ဆောလ် အနေနှင့် တရားမဝင်သော ကင်းလွတ်ခွင့်ကိုသာ ရရှိခဲ့၏။

"ကျုပ်တို့ သဘောတူလိုက်တာက မျက်စိလွှဲထားဖို့ပဲ၊ မောင်ရင် လုံလုံအောင်ပုန်းပြီး ခေါင်းမဖော်ဘဲ နေနိုင်သမျှတော့ ကျုပ်တို့ မောင်ရင်ကို လိုက်ရှာမှာ မဟုတ်ဘူး၊ စိတ်ချ"

ဟု အထက်တန်း ထောက်လှမ်းရေး အရာရှိကြီး တစ်ဦးက ဆောလ်အား ပြောခဲ့သည်။

ဆောလ်အဖို့ ဤမျှနှင့် အတော်လေး လုံလောက်ပါသည်။

ပန်းဥယျာဉ်အတွင်းမှ ကဲစ်ဗိုက် ကဲ့သို့ပင် ဆောလ်ကလည်း၊ မိမိကမ္ဘာကို ကျဉ်းပစ်လိုက်သည်။ ရေသွယ်မြောင်းကို တူးရင်းပင်ပန်းမှု၏ အရသာကို ခံစားနေသည်။

ပနားမားနိုင်ငံမှာ ခရစ္စသေတွင်းတူးခဲ့ပုံကို စဉ်းစားကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု မြေကြီးတွေတူးဖော်ခြင်းသည် သေဖို့မဟုတ်၊ ရှင်သန်ဖို့သာတည်း။

သို့သော် ငယ်ငယ်က အကျင့်တွေ ဖျောက်ဖို့မလွယ်သေး။

အဲရစ်ကာ၊ မိမိနှင့် သားငယ်တို့အတွက် သာယာသောအိမ်ထောင်တစ်ခုကို ထူထောင်ရေးကိစ္စများ မလုပ်ရသည့် အခါများတွင် မိမိတို့ ရွာကလေးရန်သူတို့ တိုက်ခိုက်ခြင်းခံရလျှင် ခုခံကာကွယ်နိုင်ရန် ရွာထဲမှ လူငယ်များအား တိုက်နည်းခိုက်နည်းများ သင်ကြားပေးလျက်ရှိပေသည်။

မည်သို့ဆိုစေ သူသည် ပင်ကိုအားဖြင့် စစ်သည်တော်တစ်ဦးဖြစ်၏။ ဤအလုပ်ကိုစွန့်လွှတ်ခဲ့ပြီး ဖြစ်သော်လည်း သူ၏အရည်အချင်းများကို အကျိုးပြု လုပ်ငန်းအတွက် အသုံးချလို့ ရပေသေးသည်။

သူ သင်တန်းပေးနေရသော လူငယ်အများစုမှာ သူတို့ရွာမှ မွေးစားထားခဲ့သော မိဘမဲ့ကလေးများဖြစ်နေခြင်းကား ကံတရား၏ ငေါ်လုံးဖြစ်သည်ဟု သူ တွေးမိသည်။

သို့သော် ယခုတစ်ခါတော့ မိမိလုပ်ရပ်သည် တရားမျှတမှုရှိပါသည်။

အဲလိယော့ကလည်း သူ့ဘာသာတော့ တရားမျှတသည်ဟုပင် အောက်မေ့ခဲ့လိမ့်မည်ဟုလည်း သူတွေးမိပြန်လေသည်။

ကလဲစားချေမှုမှာ ကျေနပ်စရာကောင်းမည်ဟု သူမျှော်လင့်ထားခဲ့၏။ သို့သော် လက်တွေ့ကျတော့ သူ့စိတ်ထဲ၌ သံသယမကင်းဖြစ်ရသည်။ သူ ချောက်ချားရသည်။

တစ်သက်တာထားရှိခဲ့သော မေတ္တာသည် မည်သို့ပင် လမ်းမှားသွားခဲ့သည်ဖြစ်စေ ခရစ္စနှင့် အဲရစ်ကာ၏အပေါ် ထားရှိခဲ့သည့် မေတ္တာကဲ့သို့ပင် ဖယ်ရှား စွန့်ပစ်၍ မရနိုင်ချေ။

အဖြစ်အပျက်များသည် တစ်မျိုးတစ်ဖုံခြားနားခဲ့လျှင် မည်မျှ ကောင်းလိုက်လေမလဲ။

စိတ်လေးလံ ထိုင်းမှိုင်းနေသည့် အခါများ၌ ဆောလ်သည် သူ့ဘာသာ တစ်ယောက်တည်း ငြင်းခုံနေတတ်၏။ အပန်းဖြေ စခန်းကြီးအတွင်းမှတင်းမာမှုကို ထာဝရရှိနေစေလိုသော ဆန္ဒရှိနေသောကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။

ဖြစ်ဖော်ကား ကြာရှည်၏။

အဲလိယော့နှင့် မိမိသည် အချစ်နှင့် အမုန်း တို့ကြောင့် ထိုရပ်၌ ထာဝရ ပိတ်မိနေကြလေသည်။

သို့တစေ ဆောလ်၏စိတ်အခြေအနေက ရုတ်တရက်ပြောင်းလဲကာ ပေါ့ပါး လန်းဆန်းသွားတတ်၏။





နွေးထွေးသည့် မီးကောင်းကင်ပြင်ကြီးကို မော့ကြည့်ရင်း မိုးနံ့ လေးကို သူရှူရှိုက်မိသည်။ အိမ်ထဲမှ သားငယ်နှင့်စကားပြောနေသော အဲရစ်ကာ၏ အသံကို သူ နားစွင့်လိုက်သည်။

ထိုအခါ သူသည် အဲလိယော့ ဖန်ဆင်းခဲ့သည့် မှုမမှန်သည့် သဘာဝနှင့် ဆန့်ကျင်သည့် နှစ်ခြိုက်စွဲလမ်းမှုမျိုးနှင့် မတူသော စစ်မှန်သည့် နှစ်ခြိုက်စွဲလမ်းမှုများ ရင်းတွင်း၌ ရိုက်ခတ်လာလေသည်။

အဲလိယော့များကြောင်း သူ သဘောပေါက်သွား၏။

"မင်း ဘယ်လောက်ပဲ ကြိုးစားကြိုးစား၊ မင်း ဘယ်တော့မှ ပုံမှန်ပြန်မဖြစ်နိုင်တော့ဘူး"

ဟု ရင်းက မိမိအား မသေခင်က ပြောခဲ့ဖူးသည်မဟုတ်လား။

ခင်ဗျား မှားသွားပြီ ခွေးသားကြီးရဲ့ သိရဲ့လား။

မိမိကိုယ်ကို မိဘမဲ့ တစ်ဦးမှန်း အမြဲသိနေခဲ့သော ဆောလ်သည် ယခု ကိုယ်တိုင်ကလေးအဖေဖြစ်နေရခြင်းအတွက် အလွန်ကြည်နူးမိလေသည်။ ဝေါ်ပြားကို အောက်ချလိုက်၏။

သူ ရေငတ်နေသည်။

အမြင့်ဆုံး နေပူရှိန်အောက်မှ ရှောင်ခွာရင်း ရိုင်ဖယ်ကို ကောက်ကိုင်ကာ အိမ်သို့ ပြန်လျှောက်သွားသည်။

အိမ်ရိပ်အောက်အရောက်တွင် နက်ဖြန်အတွက် ဖုတ်ထားသည့် ပေါင်မုန့်နံ့ကိုရှူရှိုက်ပြီး အဲရစ်ကာဆီသွား၍ သူမအား နမ်းလိုက်သည်။

သူမကိုယ်မှာ သကြား၊ ဂျုံ ဆားနှင့် တဆေးနံ့တို့ ရောထွေးပျံလွှင့်နေ၏။

လူတစ်ယောက်ကို စက္ကန့်ပိုင်းအတွင်း အသေသတ်နိုင်စွမ်းရှိသော သူမ၏ သန်မာသော လက်မောင်းများဖြင့် သူ့ကို သိုင်းဖက်ထားလိုက်သည်။

သူ့ရင်မှာဆို့သွား၏။

အေးစက်သော ရွှံ့အိုးထဲမှရေကိုခပ်သောက်ကာ နှုတ်ခမ်းကိုသုတ်၍ အခန်းတစ်ဖက်သို့ ဖြတ်ပြီး ပုခတ်ထဲ၌ စောင့်ခြုံအိပ်နေသော သားငယ်အား ငုံ့ကြည့်လိုက်သည်။

ရွာထဲမှာ မိတ်ဆွေများက သူ့သားနာမည်နှင့် ပတ်သက်၍ တလိုင်ချ မှတ်ချက်ပေးခဲ့ကြဖူးသည်။

"ဘာဖြစ်လို့လဲ၊ ဒီနာမည်ကောင်းတယ်ထင်တာပဲဗျာ"

ဆောလ်က ပြန်ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခရစ္စတိုဖာ အဲလိယော့ တနီးစတိုင်း-ဂရစ္စမင်း" တဲ့လား"

"အဲဒီတော့. . ."

"ခရစ်ယာန်တစ်ဝက်၊ ဂျူးတစ်ဝက် ဖြစ်မနေဘူးလား"

"ခရစ္စတိုဖာဟာ ကျွန်တော့် သူငယ်ချင်း တစ်ယောက်ရဲ့ နာမည်ပါ၊ တကယ်တော့ ကျွန်တော့်ညီလို့ပြောရင်လဲရတယ်"

"ဟုတ်လား၊ ကောင်းတာပေါ့ 'ခရစ္စ ဂရစ္စမင်း' လို့ခေါ်ကြမှာပေါ့၊ သူကျောင်းတက်တဲ့အခါ သူ့နာမည်ကိုတော့ သူ့ငယ်ချင်းတွေအကြိုက်တွေ့လိမ့်မယ်၊ အဲလိယော့ဆိုတာကရော"

"အလျင်ကတော့ အဲလိယော့ကို ကျွန်တော့် အဖေလို အောက်မေ့ခဲ့တယ်၊ ခုတော့လဲ သူဘယ်သူမှန်း ကျွန်တော်အသေအချာမသိတော့ဘူး၊ သိပ်တော့ အကြောင်းမဟုတ်ပါဘူး ကျွန်တော့်ကို သူ ဖန်ဆင်းခဲ့တာပါ'

ဆောလ် မိတ်ဆွေများသည် သူ့စကားကိုအဓိပ္ပာယ်မပေါက်ကြချေ။

သို့သော် ဆောလ် ကိုယ်တိုင်လည်း နားမလည်သဖြင့် ရင်မှာ နာကျင်ရပါ၏။ ကလေး၏နာမည်ထက် ပို၍ထူးခြားဆန်းကြယ်သည့် အရာတစ်ခုကိုလည်း ဆောလ်တို့ အိုမ်အပြင် ဘက်၌ သူ့မိတ်ဆွေများ တွေ့ရှိကြရလေသည်။

ဘုရားတန်ခိုးတော်ပြခြင်းဖြစ်မည်ဟု သူတို့က်ပြောကြသည်။

ဤရွာ၊ ဤစခန်းကို ဘုရားသခင်က ကောင်းချီးသြဘာ ချီးမြှင့်သည့် သင်္ကေတ လက္ခဏာတစ်ခု ဖြစ်သည်ဟုဆို၏။ အခြားနည်းလမ်းဖြင့်လည်း ရှင်းမပြနိုင်ကြပေ။

တစ်သက်လုံး ဘာပင်မှ မစိုက်ပျိုးခဲ့ဖူးသော လူတစ်ယောက်ဖြစ်သည့် ဆောလ်၏ အိမ်ရှေ့ရှိ မာဆတ်လွန်းသည့်မြေပြင်ပေါ်၌ ပန်းတစ်ပွင့် ပွင့်လာ၏။

ထိုပန်းသည် အနက်ရောင် နှင်းဆီပွင့်ကြီးတစ်ပွင့် ဖြစ်လေသည်။

စိုးသိုက်း

မတ်လ ၂၇၊ ၁၉၉၀။

www.burmeseclassic.com